စာပေလောက ဘာသာရေးစာအုပ်
http://www.dhammadownload.com

ညီတော်အာနန္ဒာ ၏ တစ်သက်တာဖုတ်တမ်း

ဇူဆာသီရိ

ပထမတွဲ



ညီတော်အာနန္ဒာ၏ တစ်သက်တာဖုတ်တမ်း ပထမတွဲ ○ ပြင်ဆင်း

http://www.dhammadownload.com

ညီတော်အာနန္ဒာ
၏
တစ်သက်တာမှတ်တမ်း

ဇွေသိရိ

ပန်းချီဆံကိုး



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်
ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ
နိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.dhammadownload.com

http://www.dhammadownload.com

စာပေလောကစာအုပ် အမှတ် ၂၃၅-၃

ညီတော်အာနန္ဒာ၏တစ်သက်တာမှတ်တမ်း

(ပထမတွဲ)

ဝဏ္ဏသီရိ

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း-၂၈၅၁၆၆]

http://www.dhammadownload.com

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြုအမှတ်
[၁၉/၂၀၀၁ (၁)]
စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြုအမှတ်
[၄၀/၉၆ (၄)]



မျက်နှာဖုံး
စံတိုး

ပုံနှိပ်ခြင်း
သတ္တမအကြိမ်
(၁၀၀၀)

ထုတ်ဝေခြင်း
ဖေဖော်ဝါရီ၊ ၂၀၀၂

စာအုပ်ချုပ်
ကိုမြင့်



ဦးအောင်ခန့် (၀၃၁၈၅)၊ အင်ကြင်းရိပ်စာပေ
ထန်းတောအောင်ရတနာရပ်၊ ပုံရွာမြို့
စစ်ကိုင်းတိုင်းမှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြို ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

http://www.dhammadownload.com

မာတိကာ

– ကန်တော့ပန်း	–
– စကားဦး	က
– သတ္တမအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ	–
အရပ်တော်နှောက်က အရိပ်	၁
သကျတို့၏ ကျက်သရေဆောင်များ	၅
ရွှေစိတ်ငြင်ငြို သံဝေပိုက	၁၁
ဝါဆိုလပြည့် ကျားမင်းနေ့ဝယ်	၁၅
ရာဇဂြိုဟ်တွင် ဆွမ်းခံဝင်	၂၂
အိုဘယ့် ယသော်ဓရာ	၂၄
ခမည်းတော်ကြီး၏ အလွမ်းဖြေစကား	၂၆
ဟောရပ်မြို့ငပေါ် ခြောက်နှစ်ပျော်၍	၂၇
ခါတော်တစ်ပုံ ပွင့်ချိန်ကြုံက	၃၁
ဘုရားဖြစ်ခါ မိဂဒါသို့	၃၆
တရားဦး ဓမ္မစကြာ	၄၁
သာသနာပြု မိန့်ခွန်းတော်ကြီး	၄၇
ဝေဠုဝန်ကျောင်းတော်	၅၀
လာခြင်းကောင်းသော အဂ္ဂသာဝကများ	၅၆
နေပြည်တော်က မျှော်ကြပြီ	၆၁
အရှင်ကာဠုဒါယီ၏ တောလားကဗျာများ	၆၅
နေပြည်တော်တွင် ဆွမ်းခံဝင်	၆၉
ယသော်ဓရာ ခန်းဆောင်သို့	၇၇
ညီတော်နန္ဒ၏ မင်္ဂလာပွဲ	၈၀
ယသော်ဓရာ၏ စစ်မျက်နှာသစ်	၈၃
အမွေရသူ ရာဟုလာ	၈၆

http://www.dhammadownload.com

ဆတ္တာသည်နှင့် မင်းညီမင်းသားများ ၈၉
ကျွန်ုပ်၏ အကျွတ်တရား ၉၃
ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ ၁၀၀
ကျွန်ုပ်၏ တရားပြဆရာ ၁၀၆
အရှင်ဘဒ္ဒိယ၏ ချမ်းသာခြင်း ၁၀၉
အရှင်အနုရုဒ္ဓါ၏ တရားအမြင် ၁၁၁
စိတ်တူကိုယ်တူလှမ်းခဲ့ကြသူများ ၁၁၄
ဧတဝဝန်ကျောင်းတော် ၁၁၇
အရှင်မဟာသာရိပုတ္တရာ၏ ကျေးဇူးသိစိတ် ၁၂၇
သူမတူသော သည်းခံစိတ်ဓာတ် ၁၃၁
ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံး ၁၃၇
ညာလက်ရုံးကြီး ဆန့်လိုက်ပြီ ၁၄၃
ပြောရ်မကုန် ဆိုရ်မခန်း ၁၄၇
ဝါးတိုင်ထိပ်က စန္ဒကူးသပိတ် ၁၄၈
အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးပြာဋိဟာ ၁၅၁
ဗုဒ္ဓမြတ်စွာ၏ ကိုယ်စားလှယ် ၁၅၆
ညီတော်နန္ဒနှင့် နတ်သမီးများ ၁၆၃
အောင်နိုင်သူ အရှင်သင်္ဂါမဓီ ၁၇၁
အရှင်ရဋ္ဌပါလ၏ တရားလေးပုဒ် ၁၇၃
အာဇာနည် အရှင်ပုဏ္ဏ ၁၇၈
အရှင်တိဿနှင့် ပတ္တမြားခိုးမှု ၁၈၁
ရတနာစစ် ရတနာမှန် ၁၈၅
ခမည်းတော်ကြီးအား နှုတ်ဆက်ခြင်း ၁၈၇
ရောဟိနီ အရေးတော်ပုံ ၁၉၄
သားတော်ရာဟုလာ ၁၉၈
ကောသလမင်းကြီး၏ သဒ္ဓါတရား ၂၀၈
ကျွန်ုပ်၏ သူငယ်ချင်း ၂၁၄
ဆွေမျိုးရင်းချာ ဆေးဆရာ ၂၂၀
မယ်တော်ကြီး ဂေါတမီ ၂၃၀
သမီးတော်ဂေါတမီ ၂၄၃
ပုဂ္ဂိုလ်မင်၍ တရားမြင်သည် ၂၄၈
အလှတွင် အယဉ်ဆင့်လေပြီ ၂၅၇
မည်သို့နမ်းသည့် ပန်းကြာညို ၂၇၂

http://www.dhammadownload.com

တရားအလှူ ပေးဝေသူ	၂၇၉
ဘုရားပေးသော မသေဆေး	၂၈၈
ကံဆိုးမလေး သွားလေရာ	၂၉၆
လွမ်းဓာတ်သိမ်းချိန် မိုးလင်းချိန်	၃၀၄
ကန်တော့ခန်းမှ ဓာတ်ပေါင်းခန်းသို့	၃၁၀
ရာဟုလာတို့ သားအမိ	၃၁၃
လူမှုရေး ပညတ်တော်များ	၃၁၇
ဝိသာခါ၏ ဆုရှစ်မျိုး	၃၂၃
သံယာ့အကျိုးတော်ဆောင်	၃၃၀
သံယာချင်း ဆက်ဆံရေး	၃၄၁
သံယာနှင့် ဒါယကာ ဒါယိကာမ	၃၅၃
ကောသမ္ဗီအရေးတော်ပုံ	၃၆၇
ပါလိလေယျဆင်ကြီး	၃၇၅
ကောသမ္ဗီအရေးတော်ပုံ ပြီးဆုံးခြင်း	၃၇၉
ဆေးစာမှားသူများ	၃၈၂
ရာဟုလာတို့ သားအဖ	၃၈၇
ညီတော်တိဿ	၃၉၃
နောင်တော်ကြီး မဟာနာမ်	၄၀၂
အာနန္ဒာဗောဓိ	၄၁၂
ပုဗ္ဗာရုံကျောင်းတော်	၄၁၆
အပြင်အပက ရဟန်းများ	၄၂၂
နိဂဏ္ဌ ဆရာတပည့်များ	၄၂၆
အပါယ်ဘေးက ဝေးလိုလျှင်	၄၃၂
မလုပ်ဝါဒနှင့် အလုပ်ဝါဒ	၄၃၈
အမှားလမ်းမှ အမှန်လမ်းသို့	၄၄၃
အမျိုးခြောက်ပါး ခွဲခြားရာတွင်	၄၄၉
အကျင့်ထဲမှာ အသိပါပါစေ	၄၅၅
မဆုံးနိုင်သော စစ်ပွဲများ	၄၆၂
အမှောင်ခွင်း၍ အလင်းဆောင်သည်	၄၇၂
အမြတ်ဆုံးတရားနှစ်ပါး	၄၇၇
နမောတဿကို မကြားချင်သူ	၄၈၃
တရားသောစစ်ပွဲများ	၄၉၈
အကွရာစဉ် အညွှန်း	၅၀၉

http://www.dhammadownload.com

ကန်တော့ပန်း

ပရိယတ်၊ ပဋိပတ် နယ်ပယ် နှစ်ရပ်တို့က ကျွန်ုပ်၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအား ဤစာအုပ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

ဝဏ္ဏသီရီ

http://www.dhammadownload.com

စကားဦး

ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်းကို အုပ်တွဲကလေးများဖြင့် ငါးတွဲ စတင် ထုတ်ဝေပြီးမှ အုပ်တွဲကြီး နှစ်တွဲဖြင့် စုပေါင်း၍ ထုတ်ဝေခဲ့ပါသည်။ အုပ်တွဲလေးများဖြင့် တစ်ကြိမ်၊ အုပ်တွဲကြီးများဖြင့် သုံးကြိမ် ရိုက်နှိပ်ခဲ့ရပြီးပါပြီ။ သို့ဖြစ်၍ ယခုရိုက်နှိပ်ခြင်းသည် ငါးကြိမ်မြောက် ဖြစ်ပါသည်။

အုပ်တွဲလေး ငါးတွဲ ထုတ်ဝေစဉ်တုန်းက ပထမတွဲတွင် ဤမှတ်တမ်းကြီး တစ်ခုလုံးအတွက် စကားဦးသန်းထားသင့်သော အချက်များကို ရေးသားခဲ့ပါသည်။ နောက်တွဲများမှာမူ သက်ဆိုင်ရာအတွဲပါ အကြောင်းအရာများအတွက် မိတ်ဆက် သဘောလောက်သာ ရေးထည့်ခဲ့ပါသည်။ အုပ်တွဲကြီးနှစ်တွဲ ရိုက်နှိပ်သောအခါ အုပ်တွဲလေး ပထမအုပ်မှ အမှာစကားတို့ကို အုပ်တွဲကြီး ပထမတွဲ မှာ ယူငင်အသုံးပြု၍ အုပ်တွဲလေး ပဉ္စမအုပ်မှ အမှာစကားတို့ကို အုပ်တွဲကြီး ဒုတိယအုပ်မှာ ယူငင်၍ ဖော်ပြခဲ့ပါသည်။ ယခု ပဉ္စမအကြိမ်ရိုက်တွင် အုပ်တွဲကြီး နှစ်တွဲမှာပါခဲ့သည့် အမှာစကားများအားလုံးကို တစ်ပေါင်းတည်း ခြုံငုံ သုံးသပ် ထည့်သွင်းကာ အသစ်ထပ်မံ၍ ရေးသားလိုက်ပါသည်။ (ဤကား စကားဦး၏ စကားဦးဖြစ်ပါသည်။)

ဗုဒ္ဓဘုရားရှင်၏ ဖြစ်စဉ်တော်များနှင့်တကွ သာဝကကြီး၊ သာဝကငယ် အသီးသီးတို့၏ အတ္ထုပ္ပတ္တိများ၊ သက်ဆိုင်သည့် အကြောင်းခြင်းရာများကို ညီတော် အာနန္ဒာက တစ်ဆင့်ပြောပြသော ပုံစံဖြင့် ဤစာအုပ်ကို ရေးသားထားပါသည်။ ဤသို့ ရေးသားရခြင်းမှာ ရတနာမြတ်သုံးပါး တို့ကို အနီးကပ်ဖူးမြင်၍ ကြည်ညိုနိုင်ကြရန် ဖြစ်ပါသည်။

ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်းဟု ဘောင်ခတ်ထားသည့်အတိုင်း ဤစာအုပ်သည် ညီတော်အာနန္ဒာ၏ တစ်သက်တာ အတွေ့အကြုံများ၊ ခံစားချက်များနှင့် ရှုမြင် သုံးသပ်ချက်များကို အဓိကထား၍ တင်ပြပါသည်။

စာရှုသူတို့အား တစ်ခု သတိပေးလိုပါသည်။ ဘုရားရှင်နှင့်တကွ သာဝကများ၏ ဖြစ်စဉ်များကို ဖော်ပြရာတွင် တရားသဘောများလည်း နေရာ အနှံ့အပြားမှာ ပါဝင်နေကြပါသည်။ ဘုရားရှင်နှင့်တကွ သာဝကအသီးသီးတို့ ဟောကြားခဲ့၊ ဆွေးနွေးခဲ့သော

http://www.dhammadownload.com

တရားသဘောများကို အကွက်ဆိုက်လျှင် ဆိုက်သလို ရေးထည့်ခဲ့ပါသည်။ ထို့ကြောင့် တစ်သက်တာမှတ်တမ်းသည် တစ်နည်းအားဖြင့် ဓမ္မမှတ်တမ်းလည်း ဖြစ်နေသည်ကို တွေ့ကြရပါလိမ့်မည်။

စာရေးသူဘက်ကတင်ပြရသော် ဤသို့ဖြစ်ရခြင်းမှာ သဘာဝကူသည်ဟု ဆိုရပါမည်။ ဤကမ္ဘာမြေပြင်၌ ဘုရားတစ်ဆူ ပွင့်တော်မူခြင်းဟူသည်မှာ တရားသဘောများကို ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းပင် ဖြစ်ပါသည်။ ထို့နောက် လေးဆယ့်ငါးဝါတိုင်တိုင် သာသနာတော် ပြုတော်မူခဲ့ခြင်းမှာလည်း မိမိကိုယ်တိုင် သိမြင်ထားသော တရားသဘောတို့ကို ဆင့်ကူဆင့်ကမ်း ဉာဏ်လက်လှမ်း၍ ပေးတော်မူခြင်းသာ ဖြစ်ပါသည်။

အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော သာဝကကြီးများသည် လှမ်းလင့်သော ထိုလက်တော်ကို မိမိရရကိုင်ဆွဲကာ ဘုရားရှင်နှင့် အတူတကွ ခေမာသောင်တစ်ဖက်ကမ်းသို့ တက်လှမ်းတော်မူခဲ့ကြပါသည်။

ဤသို့အားဖြင့် ဗုဒ္ဓသည် ဓမ္မနှင့် ဆက်စပ်နေပါသည်။ ထို့အတူပင် သံဃာသည်လည်း ဓမ္မနှင့် မကင်းကွာပါ။ ဓမ္မနှင့် မကင်းကွာသော သံဃာသည် ဗုဒ္ဓနှင့်လည်း အကြောင်းဆက်လျက်သာ ရှိပါသည်။ အမှန်အားဖြင့် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတို့သည် အတူတကွ တွဲဖက်သီကုံးထားသည့် ရတနာပုလဲလုံးများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓသံဃာတို့ ဖြစ်ရပ်ဇာတ်လမ်းများနှင့် အတူ တရားသဘောများ ပါဝင်နေခြင်း ဖြစ်ပါသည်။

ဤသို့သော သဘောကို အခြေပြုကာ သံဃာတို့၏ ဖြစ်စဉ်များကိုလည်း ဗုဒ္ဓဖြစ်စဉ်တော်ထဲမှာ ဆိုင်ရာဆိုင်ရာက သွတ်သွင်း၍ ဆက်စပ်၍ ရေးသားလိုက်ပါသည်။ ဗုဒ္ဓဖြစ်စဉ်တော်တည်းဟူသော ကျောရိုးနှင့် လိုက်လျော ညီထွေဖြစ်စေရန် သံဃာ့ဖြစ်စဉ်များကို ရှေ့ပိုင်း နောက်ပိုင်း ခွဲခြား၍ နေရာချထားပေးပါသည်။ သို့ရာတွင် အချို့ဖြစ်စဉ်များကို တစ်ခန်းတည်းနှင့် အပြည့်အစုံ ရေးသားရန် လိုအပ်သဖြင့် အချိန်ကာလ ခုန်ကျော်မှုများ ရှိလာရပါသည်။

ဤမှတ်တမ်းကြီး၌ အခန်းပေါင်းများစွာ ဖွဲ့စည်းရာတွင် အချို့အခန်းများမှာ ပုဂ္ဂိုလ်တစ်ပါးချင်း၏ ဖြစ်စဉ်ကို အဓိကထားကာ ထိုဖြစ်စဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဌာပနာသွင်း၍ ထားပါသည်။ အချို့အခန်းများမှာမူ အကြောင်းအရာကို အဓိကထား၍ ထိုအကြောင်းအရာများထဲမှာ အကြိုးဝင်လာသော ပုဂ္ဂိုလ်များ၊ ဖြစ်စဉ်များကို တစ်ပေါင်းတည်း စုစည်း၍ တင်ပြထားပါသည်။

http://www.dhammadownload.com

ဤသို့ သူ့အခန်းနှင့်သူ အစုလိုက် အစည်းလိုက် ဖော်ပြနိုင်ရန် စာရေးသူသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းပေါင်း များစွာတို့၌ ဟိုတစ်စ သည်တစ်စ ပါရှိနေသော ပုဂ္ဂိုလ်ရေးဖြစ်စဉ်နှင့် အကြောင်းအရာတို့ကို တစ်ခုချင်း၊ တစ်ခုချင်း ရှာဖွေစုဆောင်းရပါသည်။ စုဆောင်းရရှိထားသော ပုဂ္ဂိုလ်ရေးဖြစ်စဉ်နှင့် အကြောင်းအရာများကိုမှ တစ်ဖန် အကြောင်းအကျိုး ဆက်စပ်မှု၊ ရှေ့နောက် ညီညွတ်မှုရှိစေရန် အစီအစဉ် ချမှတ်ကာ အနုသန္ဓေ ဆက်စပ်အောင် ရေးသားရပါသည်။ အချို့နေရာများ၌ သရုပ်သဏ္ဌာန် ပေါ်လွင်ထင်ရှားစေရန်၊ စာပေရသ အပြည့်အဝ ခံစားနိုင်ကြစေရန် အခြယ်အမှုန်းများ ထည့်ပေးထားရပါသည်။

စာပေသဘောအရ အခြယ်အမှုန်းများထည့်ပေးထားရသော်ငြား လည်းကျမ်းရင်း အဆိုအမိန့်များနှင့် ဆန့်ကျင်မသွားစေရန်ကား အထူးသတိထားပါသည်။ ကျမ်းရင်းလာ အဆိုအမိန့်များ အချင်းချင်းကိုသာ အနုသန္ဓေ ဆက်စပ်မိအောင် ကြိုးစားထားပါသည်။

ဤစာအုပ်များကို ဖတ်ရှုရာမှ သက်ဆိုင်ရာ မူရင်းကျမ်းဂန်များကို လေ့လာလိုသူများ၊ သို့မဟုတ် တိုက်ဆိုင်ကြည့်လိုသူများအတွက် အကြောင်းရပ် တစ်ခု တစ်ခုပြီးတိုင်း ကျမ်းညွှန်း ထည့်ပေးထားပါသည်။

ကျမ်းညွှန်းဖော်ပြရာတွင်လည်း လက်ရင်းကျသည့် သင်္ဂါယနာတင် ကျမ်းကြီးများကိုသာ ကိုးကား ထားပါသည်။ သင်္ဂါယနာဝင်မဟုတ်သော ကျမ်းများကို မကိုးကားပါ။

အုပ်တွဲလေး ပထမတွဲကို ၁၉၇၇ ခု၊ အောက်တိုဘာလက ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် ၁၇ နှစ် ကျော်သွားပါပြီ။ ရိုက်နှိပ် ထုတ်ဝေသည့် အကြိမ်ကလည်း လေးကြိမ် ရှိသွားပါပြီ။ သို့ဖြစ်၍ ညီတော်အာနန္ဒာ စာအုပ်များမှာ နိုင်ငံတော်အနှံ့ အပြားက ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် တော်တော်များများထံ ပျံ့နှံ့နေလောက်ပါပြီ။

ထို့ကြောင့်လည်း ရတနာမြတ်သုံးပါးနှင့် ပတ်သက်၍ ရေးသားကြသော ကလောင်ရှင်အချို့က ညီတော်အာနန္ဒာ စာအုပ်များကို ကိုးကား၍ ရေးသားကြောင်း ဖော်ပြလာကြပါသည်။ ဤသို့ ဖော်ပြခြင်းခံရသည်ကို ဝမ်းမြောက်မိပါသည်။ ဂုဏ်ယူပါသည်။ ထိုအထဲက အချို့ကလောင်ရှင်များမှာမူ စာရေးသူကိုယ်တိုင်က လေးလေးစားစား သဘောထားခဲ့ရသူများဖြစ်၍ ပိုမို၍နှစ်သက် ကြည်နူးမိပါသည်။

ဤသို့ နှစ်သိမ့်ကြည်နူးရင်းကပင် "တော်သေးတယ်၊ တော်သေးတယ်၊ ငါက ကျမ်းကို ပြခဲ့မိပေလို့။ ဒီလိုမှမဟုတ်ရင် ငါကိုယ်တိုင်က အကိုးအကားခံ ဖြစ်နေတော့မှာ" ဟု တိုးတိုးတိတ်တိတ် ရေရွတ်ခဲ့ရပါသည်။

http://www.dhammadownload.com

ဤသို့ ကိုးကားရန် ကျမ်းစာအုပ်ကြီးများကို စားပွဲနှင့်အပြည့် ဖြန့်ချထားပြီးမှ ရေးသားသည့်ကြားကပင် အမှတ်တမဲ့ ရေးသားမိ၍ မှားယွင်းခဲ့ရပါသေးသည်။ သင်္ဂါယနာပွဲတော် စတင်ကျင်းပသည့် ရက်စွဲ ဖြစ်ပါသည်။ ဝါဆိုပြီးပြီးချင်း သင်္ဂါယနာတင်ပွဲကြီး စတင် ကျင်းပပုံဖြင့် လေးကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ယခု ဆဋ္ဌမအကြိမ်ကျခါမှ ရက်စွဲအမှန်ကို ပြင်နိုင်ပါတော့သည်။ ပထမ သင်္ဂါယနာအကြောင်း စာတစ်အုပ်ရေးရင်း မူရင်းကျမ်းကြီးများကို စေ့စေ့စပ်စပ် ပြန်ကြည့်မိရာမှ ကိုယ့်အမှားကို ပြန်မြင်လာခြင်း ဖြစ်ပါသည်။

အားကိုးလောက်သည့် ကျမ်းဂန်အကိုးအကားများဖြင့် ရေးသားလာသည့်ကြားက မလွှဲသာ မရှောင်သာ အကိုးအကားမရှိသော အကြောင်းအရာကိုလည်း ရေးထည့်လိုက်ရပါသည်။ ယင်းမှာ ညီတော်နန္ဒ ပရိနိဗ္ဗာန်ပြုခန်းပင် ဖြစ်ပါသည်။

စာရေးသူ လက်လှမ်းမီသမျှ လေ့လာကြည့်ရာတွင် အရှင်နန္ဒ ပရိနိဗ္ဗာန်ပြုပုံကို မတွေ့ရသေးပါ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာတွင် ထင်ရှားကျော်ကြားသည့် အခြားမထေရ်ကြီးများ အနီးအပါးမှာ ရှိနေပါလျက် အရှင်နန္ဒ ပျောက်နေပါသည်။ ဤသို့ ဖြစ်ရသည်မှာ ပရိနိဗ္ဗာန်စံပြီး၍သာ ဖြစ်ရမည်ဟု တွေးတောမှန်းဆကာ အရှင်ရာဟုလာ ပရိနိဗ္ဗာန်ပြုခန်းနှင့် ဆက်စပ်ပြီး ရေးသားလိုက်ရပါသည်။

ထို့အတူပင် ညီတော်အာနန္ဒာက ဘုရားရှင်၏ မိုးရေခံသက်နံးကို ခြေဖြင့်နင်း၍ ချုပ်ပုံကိုလည်း ဘယ်နေရာ ဘယ်အချိန်ဖြစ်ကြောင်း အထောက်အထား မတွေ့ရသေးပါ။ သင်္ဂါယနာပွဲပြီးမှာ မထေရ်ကြီးများ၏ ပြောပြချက် အဖြစ်သာ တွေ့ရှိရပါသည်။ ထို့ကြောင့် ထိုပြောပြချက်ကို အနုသန္ဓေ ဆက်စပ်မိစေရန် ဝေဋ္ဌုဝရွာ၌ နောက်ဆုံး ဝါကပ်စဉ်က ချုပ်ခဲ့ပုံကို မိမိစိတ်ကူးဖြင့် ရေးသားလိုက်ရပါသည်။

ထို့ပြင် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ လိစ္ဆဝီတို့ကို တိုက်ခိုက် ချေမှုန်းရေးအတွက် ဘုရားရှင်ထံ စနည်းနာပြီးနောက် မကြာမီမှာပင် ဝဿကာရအမတ်ကြီး လိစ္ဆဝီနယ်မြေဘက်သို့ သွေးခွဲရန် ကူးသွားသကဲ့သို့ ဖော်ပြထားပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် သင်္ဂါယနာတင်ရန် ညီတော်အာနန္ဒာ ရာဇဂြိုဟ်မြို့တော်သို့ ပြန်ရောက်ခါမှ ပေါ်ပေါက်လာသည့် ဂေါပကမောဂ္ဂလာန သုတ်တွင်မူ ဝဿကာရအမတ်ကြီးနှင့် ညီတော်အာနန္ဒာ စကားပြောပုံများ ဖော်ပြထားပါသည်။ ထို့ကြောင့် နေရစ်တော့ဝေသာလီ အခန်းက လိစ္ဆဝီတို့၏ ပျက်စီးကြောင်းအစကို လိစ္ဆဝီတို့နှင့် ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော သုတ္တန်တစ်ပုဒ်နှင့် အနုသန္ဓေ ဆက်စပ်ပေးလိုက်ရပါသည်။

ထိုထိုပါဠိတော်ကြီးများ၌ လက်ဝဲရံ အရှင်မြတ်ကြီးကိုသာ မဟာတပ်ထား၍ လက်ျာရံအရှင်မြတ်ကြီးကိုကား မဟာ တပ်လေ့မရှိပါ။ ဤစာအုပ်တွင်မူ အရှင်မြတ်

http://www.dhammadownload.com

ကြီးနှစ်ပါးကို ထပ်တူထပ်မျှ လေးစားသောအားဖြင့် အရှင်မဟာသာရိပုတ္တရာ ဟု ရေးသားလိုက်ပါသည်။

ဘုရားရှင်၏ ဖြစ်တော်စဉ်များတွင် တောမထွက်မီအပိုင်းသည် ညီတော် အာနန္ဒာနှင့် သက်ဆိုင်ပါသည်။ ဘုရားဖြစ်တော်မူပြီးနောက် ကပိလဝတ်ဖြို့တော်သို့ ပြန်ကြွလာသည့်အပိုင်းမှစ၍ တစ်လျှောက်လုံးပင် ညီတော်အာနန္ဒာနှင့် တစ်ကြောင်း မဆက် တစ်ကြောင်း ဆက်နေသည်သာ ဖြစ်ပါသည်။ တောထွက်ခန်းမှစ၍ နေပြည်တော်သို့ ပြန်ကြွလာသည့်အထိ ဘုရားရှင်၏ ဖြစ်စဉ်တော်များသည်ကား ညီတော် အာနန္ဒာနှင့် မပတ်သက်ပါ။ ထိုဖြစ်စဉ်များကို ချန်လှပ်ထားခဲ့ပြီး ရေးသား၍လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ညီတော်အာနန္ဒာက မိမိ သင်ယူ ကျက်မှတ်ထားသော ဒေသနာတော်များဖြင့် တစ်ဆင့်ခံ တင်ပြပုံကို အသုံးပြုလိုက်ရပါသည်။ အခြားနေရာများမှာလည်း ဤပုံစံမျိုး တွေ့ကြရပါဦးမည်။

အလောင်းတော်မင်းသား ဗွာမြင်ခန်းမှစ၍ တရိပ်ရိပ် တရှိန်ရှိန် ဆွဲဆောင် ရေးသားလာခဲ့သော ဤဇာတ်လမ်းရှည်ကြီး၏ အထွတ်အထိပ်သည်ကား သင်္ဂီယနာပွဲ အပြီးတွင် ညီတော်အာနန္ဒာနှင့် မထေရ်ကြီးများ ထိပ်တိုက်တိုးကြရပုံ ဖြစ်ပါသည်။ ဝတ္ထု စာပေသဘောအရဆိုလျှင် ဤအပိုင်းသည် ဇာတ်ထွတ်- ဝါ- ဇာတ်ရှိန် အမြင့်ဆုံးဟု ဆိုရပါလိမ့်မည်။ ဇာတ်ရှိန် အမြင့်ဆုံးအပိုင်းမှာ ညီတော်အာနန္ဒာ၏ အမြင့်မြတ်ဆုံး ဂုဏ်ကျေးဇူးကို ပီပီပြင်ပြင် ဖော်ကျူးလိုက်ရသဖြင့် အားရကျေနပ်မိပါသည်။

ဤမှတ်တမ်းကြီး နိဂုံးပိုင်းက သင်္ဂီယနာခန်းများ ရေးသားနေဆဲမှာပင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပပုံကို ရေဒီယိုမှကြားနာရပါသည်။ မကြုံစဖူး ထူးထူးခြားခြား တညီတညွတ်တည်း စုပေါင်းမိကြသော သံဃသမ္မတိရ ဆရာတော်ကြီးများ၏ ဆောင်ရွက်ပုံများကို ကြားနာရလေ ညီတော်အာနန္ဒာ၏ သည်းခံစိတ်ကို ကြည်ညိုလာလေ။ ထို့ကြောင့်လည်း ဤအခန်းကို အားပါးတရ ရေးလိုက်ရပါသည်။

ကိုယ်ပိုင်အမြင် ကိုယ်ပိုင်အယူအဆဖြင့် မည်မျှပင် ခိုင်မာနေပါစေ။ သံဃာ့ အဖွဲ့အစည်းကြီး တစ်ခုလုံး၏ သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် မိမိဘက်က အလျှော့ပေးခြင်းသည် ညီတော်အာနန္ဒာလက်ထက်က ဆင်းသက်လာခဲ့သည့် စံနမူနာ ဖြစ်ပါသည်။ ဤစံနမူနာကို သတိမူမိကြ၍သာလျှင် ဤသို့ သံဃာထုတစ်ရပ်လုံး စုစည်းမိလာသည်ဟု ယုံကြည်ပါသည်။ အနာဂတ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် တည်ဆောက်နေသည့် အဆောက်အအုံကြီးတွင် ဤစာအုပ်က သဲဖြူတုံစ်ဆုပ်၊ ရေတစ်မှုတ်မျှ ဖြစ်စေ ပါဝင်နိုင်မည်ဟု မျှော်လင့်ပါသည်။

http://www.dhammadownload.com

စာဖတ်ပရိသတ်များ၏ စိတ်ဝင်စားမှု၊ စာအုပ်ဈေးနှုန်း ကြီးမြင့်မှုတို့ကို ထောက်ထားရသဖြင့် ညီတော်အာနန္ဒာ၏ ဝတ်စသက်တာ မှတ်တမ်းကြီးကို အုပ်တွဲလေး (၅)တွဲ၊ အုပ်တွဲကြီး (၂) တွဲဖြင့်သာ အဆုံးသတ်လိုက်ရပါသည်။ ရေးခွင့်ရသမျှ စာမျက်နှာများတွင် စာဖတ်သူများအတွက် သင်ခန်းစာရနိုင်သည့် ဇာတ်လမ်းများ၊ လက်ငင်းလက်တွေ့ လိုက်နာကျင့်သုံးနိုင်သည့် တရားသဘောများနှင့် ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏခွန်အား တိုးပွားစေနိုင်သည့် အချက်အလက်များကို အတတ်နိုင်ဆုံး ရွေးချယ်၍ တင်ပြထားပါသည်။

ဤသို့ အတိုင်းအတာ ကန့်သတ်ချက်ရှိနေသဖြင့် ကျမ်းဂန်များမှာ ပါရှိသည့် အချို့ အချက်အလက်များ ကျန်နေခဲ့ရပါသည်။ တကယ်တော့ဖြင့် ပါဠိတော် အဋ္ဌကထာ၊ ဋီကာသင်္ဂါယနာတင် ကျမ်းဂန်အားလုံးသည် ရတနာမြတ်သုံးပါး အကြောင်း သိကောင်းစရာများချည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤမှတ်တမ်းကြီးမှ သဲလွန်စရယူကာ သင်္ဂါယနာတင်ကျမ်းကြီးများကို ဆက်လက်၍ လေ့လာဖတ်ရှုသော အားဖြင့် ဗဟုသုတအဖုံဖုံ ပြည့်စုံလာကြပါလိမ့်မည်။

ဤကား ယခင် ရိုက်နှိပ်ပြီး စာအုပ်များက အမှာစကားများကို ပေါင်းရုံး တင်ပြချက် ဖြစ်ပါသည်။ ယခု ပဥ္စမအကြိမ်ရိုက် စာအုပ်တွင် အထူးတလည် ဖော်ပြလိုသည်မှာ ဤစာအုပ်ကြီးများ ဖြစ်ပေါ်လာရေးအတွက် အဖက်ဖက်က ဝိုင်းဝန်း ကူညီပေးကြသော ကျေးဇူးရှင်များ ဖြစ်ပါသည်။

ဤရွေ့ဤမျှ ထူထဲလှသော စာအုပ်ကြီး ရေးဖြစ်လာအောင် ရေးချင်လာအောင် အစဖော်ပေးလိုက်သည့် စာအုပ်မှာ ဆရာပါရဂူ ဘာသာပြန်သည့် ဗုဒ္ဓဒိုင်ယာရီစာအုပ် ဖြစ်ပါသည်။

ဗုဒ္ဓဒိုင်ယာရီမှာ ဘုရားရှင်ကိုယ်တော်တိုင်က မိမိ၏ အတွေ့အကြုံများကို ဒိုင်ယာရီ ရေးသားထားသည့် ပုံစံဖြင့် ရေးဖွဲ့ထားပါသည်။ သို့ရာတွင် စာရေးသူမှာကား မူရင်းစာရေးဆရာကြီးကဲ့သို့ ဘုရားရှင်၏ နေရာက ဝင်၍ တွေးတောခံစားရန်၊ ရေးဖွဲ့ရန် မစဉ်းပါ။ မိမိ၏စိတ်ဓာတ်နှင့် အလွန်အလွန် အလှမ်းကွာလွန်းသော ဘုရားရှင်၏ ကိုယ်စား စဉ်းစား တွေးတောရန် မလွယ်ကူပါ။ ထို့ကြောင့် သောတာပန် အဆင့်မျှသာရှိသေးသော အရှင်အာနန္ဒာ၏ နေရာကို ယူလိုက်ရပါသည်။

အရှင်အာနန္ဒာနှင့် ပတ်သက်၍ စာတစ်စောင် ပေတစ်ဖွဲ့ ရေးဖြစ်စေရန် လှုံ့ဆော်ချက်ကား အမျိုးသမီးများကို ငဲ့ညှာထောက်ထားသော စိတ်ဓာတ်ပင်ဖြစ်ပါ သည်။ ထို့ပြင် တွေ့ကြုံဆုံဆည်းလာသူတိုင်းအား စေတနာ မေတ္တာထား၍ အကူအညီပေးတတ်သည့် အလေ့အထကလည်း ကောင်းကောင်းကြီး အထောက်အကူပြုခဲ့ပါသည်။

http://www.dhammadownload.com

ထိုမှတစ်ဖန် ကောင်းဆိုးနှစ်တန် လောကခံနှင့် ကြုံလေတိုင်း ဝမ်းသာတတ်၊ ဝမ်းနည်းတတ်၊ မျက်ရည်လွယ်တတ်သော စိတ်ဓာတ်ကလည်း ကလောင်သမား တို့၏ အကြိုက် ဖြစ်နေပါသည်။

ထိုနေရာ သည်နေရာ တစ်စစီ ပြန့်ကြဲနေသော အချက်အလက်များကို ဇာတ်ကွက် ဇာတ်လမ်း ပီပြင်လာအောင် အခန်းများကို အစီအစဉ်ချပြီးမှ ရေးသားပါသည်။ ထိုသို့ရေးသားရာတွင် ရှေ့အခန်းဆုံးသွားသည်နှင့်တစ်ပြိုင်နက် နောက်အခန်းအတွက် သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ပို့ပေးထားလိုက်ပါသည်။ ဤနမူနာကို ဆရာကြီးဦးအေးမောင်၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ စာအုပ်များမှ ရရှိကြောင်း ကျေးဇူးတင်စွာ ဖော်ပြပါသည်။ ထည့်သွင်းရေးသားရန် အကြောင်းရပ်ရွေးချယ်ရေးမှာလည်း ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒစာအုပ်များ၏ သြဇာမကင်းကြောင်း ဝန်ခံပါသည်။

စာရေးသူသည် စောစောပိုင်းတုန်းက မြဝတီ၊ ငွေတာရီမဂ္ဂဇင်းများ၌ ဖုန်းဖုန်း အမည်ဖြင့် ပင်ကိုယ်ရေး ဝတ္ထုတိုများ ရေးသားခဲ့ပါသည်။ ထိုသို့ ရေးသားနိုင်ခြင်းကို အခြေခံ၍ ဘုရားရှင်နှင့်ပတ်သက်သော ဇာတ်ကွက် ဇာတ်လမ်းများကို ရေးချင်လှပါသည်။ သို့ရာတွင် ဇာတ်ကွက်ဇာတ်လမ်းချည်း ရှိနေသည် မဟုတ်။ ဇာတ်ကွက် ဇာတ်လမ်းနှင့်အတူ တရားသဘောတွေကလည်း ပါနေသဖြင့် လက်ရွံ့နေခဲ့ရပါသည်။

တကယ်တော့ဖြင့် ဤမှတ်တမ်းကြီးတွင်ပါဝင်သည့် ဇာတ်ကွက် ဇာတ်လမ်းများကို ရှေးရှေးက သင်္ဂါယနာတင် အရှင်မြတ်ကြီးများ မှတ်တမ်းတင်ထားခြင်းမှာ ဝတ္ထုဇာတ်လမ်းကို အသားပေးရန် မဟုတ်ပါ။ ဘုရားရှင်နှင့်တကွ တပည့်သာဝက အသီးသီးတို့ ဟောကြားသည့် တရားဒေသနာတော်များ၏ နိဒါန်းအဖြစ်ဖြင့် မှတ်တမ်းတင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဤတရား ဒေသနာတော်ကို မည်သူက မည်သည့်နေရာ မည်သည့်အချိန်တွင် မည်သူ့ကို အကြောင်းပြု၍ ဟောကြားခဲ့ကြောင်း သက်သေထူသော သဘောသာ ဖြစ်ပါသည်။

ထို့ကြောင့်သာပင် ဝတ္ထုဇာတ်လမ်းတိုင်းသည် တရားဒေသနာတော် တစ်ခုခုနှင့် ဆက်စပ်လျက်သာ ရှိနေပါသည်။ ဤတွင် ရေးလက်စ ကလောင် အတွေ့အကြုံဖြင့် ဝတ္ထုဇာတ်လမ်းကို ရေးရန် မကြောက်သော်ငြားလည်း တရားသဘောတွေ ဖြဖြန့်ပြီး ရေးရမှာကိုတော့ လက်မရဲပါ။

ဤအခက်အခဲကို ဖြေရှင်းပေးခဲ့ကြသည့် ကျေးဇူးရှင်များမှာ ကျောက်ဆည်မြို့ ငြိမ်းချမ်းရေးကျောင်းဆရာတော် ဦးဝိသုဒ္ဓနှင့် မန္တလေးမြို့ ငြိမ်းချမ်းရေးကျောင်း ဆရာတော် ဦးနန္ဒိယတို့ ဖြစ်ပါသည်။

သာသနာ့ဘောင်မှာရှိစဉ်တုန်းက စာရေးသူသည် ထိုဆရာတော်များနှင့် ရေစက်ဆုံကာ ထိုဆရာတော်များ၏ နည်းနိဿယကို ခံယူ၍ နယ်လှည့် တရားပွဲများသို့ လိုက်ပါ၍ ဟောပြောခဲ့ပါသည်။

http://www.dhammadownload.com

ထိုသို့ ဟောပြောရင်းက ဩမ်းချမ်းရေး ဆရာတော်များ၏ သစ္စာ လေးပါးကို လက်ကိုင်ထား၍ တရားသဘောများ ရှင်းလင်း ဟောပြပုံကို သဘောကျလာပါသည်။ သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိဟူ၍ အဆိုအမိန့် ရှိသည့်အတိုင်း ဇာတ်ကွက် ဇာတ်လမ်း အားလျော်စွာ အကြောင်း ဆိုက်လာသည့် တရားသဘောတို့ကို သစ္စာလေးပါးကို မူတည်၍ ဖြေရှင်း ဟောပြောလိုက်သည့်အခါ ဟောသူဘက်ကလည်း အားပါးတရ ရှိလှပါသည်။ နာကြားသူကလည်း သဘောပေါက် နားလည်ကာ အားတက်ရွှင်လန်းကြပါသည်။

ထို့ကြောင့်လည်း ဒေသနာတော်အဝဝကို သစ္စာလေးပါးကို မူတည်ဖြေရှင်းသည့် နည်းစနစ်ဖြင့် ဤမှတ်တမ်းကြီးကို အောင်မြင်စွာ ရေးဖြစ်သွားပါသည်။ ဆရာတော် ဦးဝိသုဒ္ဓနှင့် ဆရာတော် ဦးနန္ဒိယတို့သည် ဤမှတ်တမ်းကြီး ထမြောက် အောင်မြင်စေရန် အကျိုးဆောင်ပေးသည့် ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

ထို့ပြင် ဤမှတ်တမ်းကြီးကို ပြီးစီးအောင်ရေးဖြစ်ရန် အတိုင်းအရှည် မယုတ်မလွန်ဖြစ်စေရန် ပဲ့ကိုင်ပေးခဲ့သည့် ဆရာသမားတစ်ဦးလည်း ရှိသေးသည်။ ဌေတာရီ အယ်ဒီတာ ဦးလေးမြိုင်ပင် ဖြစ်ပါသည်။

ထိုစဉ်က စာရေးသူသည် ဝတ္ထုတိုများ ရေးပို့ရင်း ရန်ကုန်ရောက်လျှင် မြဝတီတိုက်သို့ ဝင်နေကျဖြစ်ပါသည်။ ဤသို့ ဝင်ရင်း ထွက်ရင်း အယ်ဒီတာ ဦးလေးမြိုင်နှင့် ခင်မင်ရင်းနှီးလာပါသည်။ ထို့ကြောင့်ပင် အရှင်ဝဏ္ဏသီရိ အမည်ဖြင့် ပထမဦးစွာ ထုတ်ဝေခဲ့သည့် ဝိမုတ္တိသာသနာစာအုပ်ကို ဦးလေးမြိုင်ကပင် စာအုပ်ဖြစ်အောင် အစအဆုံး ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ညီတော်အာနန္ဒာ စာအုပ်များ ရေးသားနေသည့် အချိန်ကလည်း မြဝတီတိုက်သို့ ဝင်မိတိုင်း အစအဆုံး ပြီးစီးအောင် ရေးဖြစ်ရန် ငါးအုပ်လောက်နှင့် အစအဆုံး ခြေဆုံမိအောင် ရေးသားရန် တိုက်တွန်းပါသည်။ "စာတစ်အုပ် စာတစ်ပုဒ်ရဲ့ အသက်ဟာ နိဂုံးကောင်းတဲ့အပေါ်မှာ တည်တယ်၊ နိဂုံးချုပ်တတ်ဖို့လိုတယ်၊ နိဂုံးကောင်းမှ စာအုပ်တစ်အုပ်လုံး ကောင်းမယ်" ဟု လမ်းညွှန်စကား ပြောကြားခဲ့ပါသည်။ ထို့ကြောင့်လည်း နိဂုံးအပိုင်းကို အထူးကြိုးစားပြီး ရေးသားရပါသည်။

ထို့ပြင် မယ်ခေမာချုတ်ခန်း၌ ပါရှိသော ပါဠိဂါထာများကို မြန်မာကဗျာအဖြစ်ဖြင့် ဖွဲ့ဆိုပေး၍ ကျေးဇူးပြုသော ပုဂ္ဂိုလ်ကိုလည်း ရှိသေလေးမြတ်စွာ ဖော်ပြရပါဦးမည်။ ထိုပုဂ္ဂိုလ်သည်ကား ရဝေထွန်း ကလောင်အမည်ခံ ဆရာတော် အရှင် တိလောကသာရ ဖြစ်ပါသည်။

ဤသို့ တစ်သက်တာမှတ်တမ်းကြီးရေးသားဖြစ်အောင် အကျိုးဆောင်ပေးခဲ့သည့် ကျေးဇူးရှင်ကြီးများကို ဖော်ပြပြီးနောက် စာအုပ်ဖြစ်မြောက်ရေးအတွက်

http://www.dhammadownload.com

ထောက်ပံ့ကူညီခဲ့သော ကျေးဇူးရှင်ကြီးများကိုလည်း ဖော်ပြလိုပါသေးသည်။ ဝိမုတ္တိသာသနာစာအုပ်မှ စတင်ကာ ညီတော်အာနန္ဒာ ငါးလုံးတွဲ ပြီးသည်အထိ ငွေရင်းနှိုက်ထုတ်၍ ကူညီခဲ့သူများမှာ မုံရွာမြို့ ပွဲစားကြီး ဦးသန်းညွှန့်၊ ဒေါ်ဟန်တင်တို့ ဖြစ်ကြပါသည်။ ဦးသန်းညွှန့်၊ ဒေါ်ဟန်းတင် တို့သည် စာရေးသူ သာသနာ့ဘောင်မှ လူ့ဘောင်သို့ ဆင်းလာသည့်တိုင်အောင် အရေးကြုံတိုင်း ကူညီစောင်မခဲ့ကြသူများ ဖြစ်ပါသည်။

စာရေးသူအပေါ် စေတနာ မေတ္တာထား၍ ကူညီစောင်မကြပေသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အပေါင်းအား ကျေးဇူးတင်ပါသည်။

ထို့ပြင် ညီတော်အာနန္ဒာ စာအုပ်များ၌ လိုအပ်ချက်များကိုထောက်ပြခြင်း၊ အားပေးစကား ပြောကြားခြင်းဖြင့် ချီးမြှင့်ခဲ့ကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စာပေပညာရှင်ကြီးများကိုလည်း ကျေးဇူးတင်ပါသည်။

ဝဏ္ဏသီရိ

ခေတ္တ၊ ရန်ကုန်မြို့။
၁၆၊ ၉၊ ၁၉၉၄။

http://www.dhammadownload.com

သတ္တမအကြိမ် ပုနှိပ်ခြင်းအတွက်
အမှာ

ဤစာအုပ်နှစ်တွဲလုံးနှင့် ပတ်သက်၍ စကားဦးသန်းထားသင့်သည့် အကြောင်းအရာများကို ပဌမအကြိမ်ရိုက်မှ စတင်၍ တော်တော်ကြီး ပြည့်စုံအောင် ဖော်ပြထားပါသည်။

ယခု သတ္တမအကြိမ်ပုံနှိပ်ခြင်း ဒုတိယတွဲအတွက် ဖြည့်စွက်ဖော်ပြရန် ရှိသည်မှာ သဒ္ဒါနည်းကျဖြစ်စေရန် မြန်မာဝိဘတ်များကို ပြုပြင်ပေးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မလိုအပ်ဘဲ တော်တော်များများ သုံးထားခဲ့မိသော (မှ) ဝိဘတ်ကို ဖြစ်သင့်ဖြစ်ထိုက်သည့် အခြားဝိဘတ်တို့နှင့် ပြောင်းလဲပေးလိုက်ခြင်း ဖြစ်ပါသည်။

ဤသို့ ပြောင်းလဲပေးရန် လမ်းစဖော်ပေးခဲ့သည့် စာပေပညာရှင်မှာ ဌေးလွင် (ဆားလင်းကြီး) ကလောင်အမည်ခံ ဆားလင်းကြီးမြို့၊ တောင်ပေါ် ကျောင်းဆရာတော်၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ အာဒိစ္စဝံသ ဖြစ်ပါသည်။

ထိုပြင် အာဏာစက်နှင့် ဓမ္မစက် အခန်းတွင် သင်္ဂါယနာတင်မဏ္ဍပ်ကြီးအတွင်း၌ ထေရာသနပလ္လင်နှင့် ဓမ္မာသနပလ္လင်များ ခင်းကျင်းထားပုံကို ဖော်ပြထားခဲ့ပါသည်။ ၁၉၈၁ ခုနှစ်၊ မတ်လတွင် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သော အုပ်တွဲလေး ပဌမတွဲမှ စတင်၍ ဆဋ္ဌမအကြိမ်ရိုက်အထိ ဓမ္မာသနပလ္လင်ကို ထေရာသနပလ္လင်နည်းတူ မြောက်အရပ်သို့ မျက်နှာမူထားကြောင်း ဖော်ပြလာခဲ့မိပါသည်။

ယခု သတ္တမအကြိမ်ရိုက်အတွက် ပြန်လည်တည်းဖြတ်ရာတွင် ဓမ္မသနပလ္လင်၏ မျက်နှာမူရာနှင့် ပတ်သက်၍ သံသယရှိလာသဖြင့် ပါရာဓိကကဏ္ဍ အဋ္ဌကထာ၊ ပထမသင်္ဂါယနာ အခန်းနှင့် ပြန်လည်တိုက်ဆိုင်ကြည့်ရှုရာ ထေရာသနပလ္လင်အတွက် (ဥတ္တရာဘိမုခံ) ဟူ၍လည်းကောင်း၊ ဓမ္မာသနပလ္လင် အတွက် (ပုရာတ္ထာဘိမုခံ) ဟူ၍လည်းကောင်း အထင်အရှား တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ယခု သတ္တမအကြိမ်ရိုက်မှ စတင်၍ ဝိသုဒ္ဓိကအရှင်ဖြတ်၏ ဓမ္မာသနပလ္လင်ကို အရှေ့အရပ်သို့ မျက်နှာမူထားကြောင်း ပြင်ဆင်ဖော်ပြလိုက်ပါသည်။

အခါအခွင့်သင့်ခိုက်တွင် အခြား ပြုပြင်သင့်၊ ဖြည့်စွက်သင့်သည့်အချက်များကိုလည်း ပြုပြင်၍ ဖြည့်စွက် ဖော်ပြလိုက်ပါသည်။

ဝဏ္ဏဆီရီ

မုံရွာမြို့
၁၂၊ ၆၊ ၂၀၀၀။

http://www.dhammadownload.com

အရပ်တော်နောက်က အရိပ်

လောကဌ် အရပ်ရှိလျှင် အရိပ်ထွက်မြဲဖြစ်၏။ အရပ်၏ အတိုင်းအတာ ပမာဏကို လိုက်၍ အရိပ်မှာလည်း တို ရှည် ကြီးငယ်၊ သွယ်သွယ်ဝဝ၊ အရွယ်ပမာဏ အမျိုးမျိုး ရှိနိုင်ပေသည်။

ဤကမ္ဘာမြေပြင်၌ ဂေါတမဟူသော ဘွဲ့နာမံတော်ဖြင့် သမ္မာသမ္ဗုဒ္ဓ တစ်ဆူ ပွင့်ထွန်းတော်မူခဲ့၏။ ငြိမ်းအေးခြင်း၊ ချမ်းသာခြင်းကို လက်ငင်း လက်တွေ့ ခံစားနိုင်၊ မျက်မှောက်ပြုနိုင်သော တရားတော်များကို ဟောကြားတော်မူခဲ့၏။ထိုတရားတော်များကို ဆင့်ကူး ဆင့်ကမ်း ဉာဏ်လက်လှမ်း၍ ပေးသွားနိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်တော်မူခဲ့၏။ တရားလမ်းစဉ် ကြည်လင် ထင်ရှားရေးနှင့် သံဃာ့အဖွဲ့အစည်းကြီး ကြီးပွား ခိုင်မာရေးအတွက် လေးဆယ့်ငါး၀ါ ကာလ ပတ်လုံး ကြီးမြတ်သော လုံ့လဥဿာဟဖြင့် သာသနာပြုတော်မူခဲ့၏။

ထိုသမ္မာသမ္ဗုဒ္ဓ ဂေါတမ အရှင်မြတ်ကြီး၏ အရပ်ဒေတာ်သည် မည်ရွေ့ မည်မျှ ရှိလေသနည်း။ ဤကမ္ဘာ လောကဓာတ်အတွင်း၌ ဘုရားရှင်၏ အရပ်တော်ကို တိုင်းတာရန် ဝတ္ထုပစ္စည်း တစ်စုံတစ်ခုမျှ မရှိပါ။ ကမ္ဘာ လောကဓာတ်၏ အပြင်ဘက်မှာလည်း မရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်တို့မည်သည် အတိုင်းအတာ ပမာဏပြု၍ မရနိုင်သောကြောင့် ဖြစ်ပေသည်။

ဤသို့အားဖြင့် ဘုရားရှင်၏ အရပ်တော်ကို ဤရွေ့ ဤမျှ ရှိ၏ ဟု တိုင်းတာ၍ မရနိုင်ပါ။ တိုင်းတာစရာ ဝတ္ထုပစ္စည်းကို ရှာ၍ မရနိုင်ပါ။ သို့ရာတွင် အတိုင်းအတာ ပမာဏပြု၍ မရနိုင်လောက်အောင် ကြီးကျယ်မြင့်မြတ်လှပေသော ထိုအရပ်တော်၏ အရိပ်ကိုကား ကျွန်ုပ် ရဲရဲဝံ့ဝံ့ တိုင်းတာနိုင်ပါသည်။ အရိပ်ကို တိုင်းတာရာ၌ ကျွန်ုပ်အဖို့ အားနာပါးနာ ဖြစ်နေစရာမရှိပါ။ ဟုတ်မှ ဟုတ်ပါမည် လောဟု တွေးတောနေစရာ မရှိပါ။ ပတ်ဝန်းကျင်၏ ထင်မြင်ချက်ကို တောင်းဆို

http://www.dhammadownload.com

နေစရာလည်း မလိုပါ။ ဤသို့ မလိုခြင်း၊ မရှိခြင်း၏ ,အကြောင်းကား အခြား မဟုတ်ပေ။ မနှိုင်းယှဉ်အပ်သော အရပ်တော်၏ အရိပ်မှာ ကျွန်ုပ် အာနန္ဒာ ကိုယ်တိုင်ပင် ဖြစ်နေသောကြောင့်ပါတည်း။

မှန်ပါသည်။ ကျွန်ုပ်၏ စိတ်နှလုံးကို ပွားစေတတ်သော သီတင်းသုံးဖော် သံဃာတော်များက ကျွန်ုပ်ကို ဘုရားရှင်၏ အရိပ်ဟု တင်စား၍ ပြောဆိုကြ ပါသည်။ အရိပ်ဟု တင်စားရလောက်အောင် ကျွန်ုပ်ကလည်း ဘုရားရှင်နှင့် မကွေမကွာ နေလာခဲ့ပါသည်။ အမြဲတမ်း အလုပ်အကျွေးတာဝန်ကို ရလာခဲ့သည့် အချိန်မှစ၍ ဘုရားရှင် သွားလေရာ ပါခဲ့သည်။ ဘုရားရှင်၏ သပိတ် သင်္ကန်းကို လက်လှမ်း၍ ယူလာခဲ့သည်။ တစ်နေရာရာမှာ ရပ်နားလျှင် ဦးစွာပထမ နေစရာ ထိုင်စရာ ခင်းပေးခဲ့သည်။ ရေပူရေချမ်း ကမ်းလှမ်းခဲ့သည်။ ခြေဆုပ် လက်နယ် ပြုခဲ့သည်။ တစ်ပါးတည်း အေးချမ်းစွာ နေသည့်အခါ 'အာနန္ဒာ' ဟု ခေါ်လျှင် ချက်ချင်းကြားနိုင်ဖို့ အနီးအပါးမှ နှားစွင့်၍ နေခဲ့သည်။ ဘုရားရှင်နှင့် ပတ်သက် လေသမျှ ကျွန်ုပ်၏ ကာယက၊ ဝစီက၊ မနောက်တို့သည် မေတ္တာဓာတ် လွှမ်းခြုံ လျက်သာ ရှိခဲ့ကြပါသည်။

ပစ္ဆိမဇောဓိဟု ဆိုအပ်သော နောက်ပိုင်း ၂၅ ဝါ ကာလတွင် ဤတာဝန် ကို တောက်လျှောက် ထမ်းဆောင်လာခဲ့ရာမှ နောက်ဆုံးအချိန်အထိ တစ်စုံတစ်ရာ ပျက်ကွက်မှုမရှိခဲ့ပါ။ ဘက်ပေါင်းစုံမှ ကျေပွန်ခဲ့သော တာဝန်များကို အသိ အမှတ်ပြုတော်မူသောအားဖြင့် ရွှေပန်းထိမ်သည်၏သား စုန္ဒ လှူဒါန်းသောသင်္ကန်း အစုံမှ တစ်ထည်ကို ဘုရားရှင် ပေးစွန့်တော်မူခဲ့၏။ အလုပ်အကျွေး တာဝန် ယူခဲ့သည့်နေ့က ကျွန်ုပ် ပယ်ခဲ့သည့်အထဲတွင် ဤလို သင်္ကန်းပေးခြင်းလည်း ပါခဲ့ ၏။ သို့ရာတွင် ယနေ့ကား ပြုစုလုပ်ကျွေးမှု အစုစု၏ အထွတ်အထိပ်သို့ ရောက်ချေပြီ။ နောက်တစ်ခုက ကျွန်ုပ်အပေါ် ဘုရားရှင် ကျေနပ်နှစ်သိမ့်တော် မူသည်ကို သီတင်းသုံးဖော်တို့က သိပါစေတော့ဟု ကျွန်ုပ် ဤသင်္ကန်းကို လက်ခံ ခဲ့ပေသည်။

ယခုတော့ ဤသို့ ပေးတော်မူခဲ့သည့် ဘုရားရှင် မရှိတော့ပြီ။ ကုသိန္နာရုံ ရုံသာမော အင်ကြင်းတောဝယ် သင်္ကေတ် ရှစ်ဆယ်တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ လေပြီ။ ကျွန်ုပ် ကိုယ်တိုင်မှာလည်း (ဘုရားရှင်လက်ထက် အသက်လေးဆယ် စွန်း၍ ယခု အသက်အရွယ် တစ်ရာနှစ်ဆယ် ရှိခဲ့ပေပြီ) နေခွင့်ရှိသေးသည့် အသက် အပိုင်းအခြားကို ကြည့်လိုက်ပြန်တော့ သည်ကနေ့မှ နောက် ခုနစ်ရက် မြောက်မှာ ခန္ဓာဓာတ်သိမ်းဖို့ ရှိနေပေပြီ။

သင်္ကြိုးရွယ်အို အဖြစ်ဖြင့် ကျွန်ုပ် အခြေတကျ နေခဲ့သည့် ဤရောဟိနီ မြစ်နားဝယ် တပည့် ဒါယကာ၊ ဒါယိကာမတို့ ပေါများလှပါ၏။ သူတို့ ကိုးကွယ်ရာ

http://www.dhammadownload.com

ဆရာသမား ပရိနိဗ္ဗာန် ပြုတော်မူတော့မည်ဟု ကြားသိကြသည်နှင့် ရောဟိနီမြစ်ဝဲယာမှ ဒါယကာ၊ ဒါယိကာမများ အလုပ်များကြတော့သည်။ နှစ်ဖက်စလုံးက မိမိတို့ဘက်မှာသာ ပရိနိဗ္ဗာန် ပြုစေချင်ကြသည်။ နှစ်ဖက်စလုံးက ဒါယကာ ဒါယိကာမများမှာ ကျွန်ုပ်နှင့်တကွ သာသနာတော်ကြီးအား ကျေးဇူးများသူချည်း ဖြစ်သည်မို့ သူတို့အားလုံး စိတ်ကျေနပ်စေမည့် နည်းကို သုံးရပါလိမ့်မည်။

ကောင်းပါပြီ။ နှစ်ဖက်စလုံးက တပည့် ဒါယကာ ဒါယိကာမများ ကျေနပ်စေမည့်နည်းကို စဉ်းစား၍ ရပြီးပါပြီ။ ခုနစ်ရက်စေ့မြောက် အချိန်ရောက်ခါမှ ထပ်တူထပ်မျှ ငဲ့ညှာတတ်၊ ချီးမြှောက်တတ်သော ဆရာသမားများ၏ စိတ်ဓာတ်ကို သူတို့ဘာသာ သဘောပေါက်၍ လာကြပါလိမ့်မည်။

စိတ်သွားရာ ကိုယ်မပါနိုင်တော့သည့် အိုးမင်းရွတ်တွဲ အချိန်ပိုင်းတွင် ပူဆာငြိမ်းရာ မြတ်ချမ်းသာ တရားကြီးကို လက်ဆုပ်လက်ကိုင် ရရှိထား၍သာ တော်တော့သည်။ ဤတရားကြီးကို မျက်မှောက်ပြု၍ အေးငြိမ်းချမ်းသာသည့် အရသာကို ခံစားရလေလေ၊ ဤချမ်းသာကို ပေးတော်မူခဲ့သည့် ကျေးဇူးရှင်ကြီးကို သတိရလေလေ။

စောစောက ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် ဘုရားရှင်၏ အရိပ်ဖြစ်ပါ၏။ အရိပ်သည် အရပ်မှာ အကြောင်းရင်း ခံလာခဲ့သဖြင့် အရပ်နှင့် မကင်းနိုင်ပါ။ ထို့အတူ အရပ်ကိုလည်း အရိပ်မပါဘဲ တသီးတခြား ထုတ်ယူ၍ မဖြစ်နိုင်ပါ။ အကြောင်းမှာ အရပ်သွားရာ အရိပ်က ထပ်ကြပ်မကွာ ပါနေသောကြောင့် ဖြစ်ပါသည်။

ဘုရားရှင် ဝါ ၂၀ ကျော်မှ ကျွန်ုပ် အမြဲတစေ လုပ်ကျွေးခဲ့ရသည် မှန်ပါ၏။ သို့သော် ဝါနှစ်ဆယ် အတောအတွင်းမှာလည်း ဘုရားရှင်နှင့် အတူနေ အများဆုံးမှာ ကျွန်ုပ်ပင် ဖြစ်ပါသည်။ ကျွန်ုပ်နှင့် အတူရှိနေစဉ် ပေါ်ပေါက်လာခဲ့သော အတ္ထုပ္ပတ္တိများ၊ ဟောကြားခဲ့သော ဒေသနာတော်များ အမြောက်အမြား ရှိခဲ့ပါသည်။ အမြဲတမ်း လုပ်ကျွေးလာခဲ့သည်တွင်လည်း ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာစသော မထေရ်ကြီးများကတစ်ဆင့် ပြန်လည်ဟောပြခဲ့သဖြင့် ကျွန်ုပ် မျက်ကွယ်က ဖြစ်တော်စဉ်နှင့် တရားတော်များမှာလည်း ကျွန်ုပ်မျက်မှောက် ရောက်လာကြပေသည်။

ထို့ကြောင့် ကျေးဇူးရှင်ကြီး၏ ဖြစ်တော်စဉ်ကို တင်ပြလျှင် အရိပ်တည်းဟူသော ကျွန်ုပ် အာနန္ဒာ ပါပါမည်။ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်တိုင်း၏ နောက်ခံကားပေါ်တွင် ကျွန်ုပ်၏ ရုပ်သွင်ကို တွေ့မြင်ကြရလိမ့်မည်။ ထိုအခါ ကျွန်ုပ်နှင့်အတူ ကျေးဇူးရှင်ကြီး၏ ထံတော်ပါး၌ နားနေခိုလှုံခဲ့ကြသော သာဝက အသီးသီးတို့၏ ရုပ်သွင်များကိုပါ ရှုမြင်ကြရပါလိမ့်မည်။

http://www.dhammadownload.com

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်၊ နှစ်သိမ့်စေတတ်သော အို သူတော်သူမြတ်အပေါင်းတို့၊ လာခြင်းကောင်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် တကွ တပည့်သာဝကအပေါင်း၏ ကောင်းသောလာခြင်း၊ ကောင်းသတင်း အဖုံဖုံကို ယခု ကျွန်ုပ်က ဇာတ်စုံခင်း၍ ပြပါတော့မည်။

သဒ္ဓိနှေ့၊ ပညိနှေ့ နှစ်ထွေနှစ်ဝ မျှတသော စိတ်ထားဖြင့် နားသောတ ဆင်ကြပါကုန်လော့။

(မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ ရွှေပန်းထိမ်သည်၏ သား စုန္ဒဝတ္ထု၊ ဓမ္မပဒ အဋ္ဌကထာ၊ တောကျောင်းနေ တိဿ သာမဏေဝတ္ထု၊ အာနန္ဒထေရဂါထာ)

**

http://www.dhammadownload.com

သက္ကတို့၏ ဂုဏ်ကျက်သရေဆောင်များ

ဖြစ်ပေါ်လာလေသမျှသော ခြင်းရာကိစ္စ ဟူဟူသမျှကို ပတ်ဝန်းကျင်အကြောင်းတရားများနှင့်ကင်း၍ သူ့ဘာသာ တသီးတခြားအလိုအလျောက် ပေါ်ပေါက်လာသည်ဟု ဆိုလျှင် အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူခဲ့၏။

ထို့ကြောင့် ကျွန်ုပ်၏ ရှေးဟောင်းနောင်းဖြစ်ကို ပြန်ပြောင်း၍ တင်ပြခွင့်ကြုံလာခိုက်မှာ ပတ်ဝန်းကျင် အကြောင်းတရားများနှင့်တကွ ဖော်ပြရပေလိမ့်မည်။

ဘုရားရှင်၏ သာသနာတော်တွင်းသို့ ရှင်ရဟန်းပြုလာသူတိုင်းကို (သက္ကပုတ္တိယ) သက္ကမျိုးနွယ်ဟု ခေါ်ဝေါ်ကြ၏။ မျိုးရိုးဇာတိအားဖြင့် သက္ကမျိုးနွယ်မဟုတ်စေကာမူ သက္ကတို့၏ အထွတ်အမြတ် ဘုရားရှင်နှင့် ပတ်သက်လာကြ၍ ဤအမည်ကို ခံယူနိုင်ခွင့်ရှိလာကြ၏။ ကျွန်ုပ်ကား သက္ကမျိုးနွယ် နှစ်ထပ်ကွမ်းဖြစ်ပေသည်။ အများနည်းတူ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တစ်ပါး အဖြစ်ဖြင့် သက္ကမျိုးနွယ် ဖြစ်ရုံမက မျိုးရိုးဇာတိကပါ သက္ကမျိုးနွယ် ဖြစ်ခဲ့ရပေသည်။

မဂဓ၊ ကောသလစသော နိုင်ငံကြီးများမှာကဲ့သို့ ကျွန်ုပ်တို့ သက္ကနိုင်ငံတွင် ဘုရင်စကရာဇ်ဟူ၍ မရှိပါ။ တစ်နိုင်ငံလုံး၏ အချုပ်အခြာ အာဏာကို တစ်ဦးတစ်ယောက်တည်းက မပိုင်ပါ။ သက္ကမျိုးနွယ်အားလုံးက စုပေါင်း၍ ပိုင်ဆိုင်ကြ၏။ သက္ကအမျိုးသား၊ အမျိုးသမီးဟူသမျှ နယ်မြေပိုင်စိုးသည့် မင်းမျိုး မင်းနွယ်များသာ ဖြစ်ကြပေသည်။

ဤအမျိုးအနွယ်အတွက် ကျွန်ုပ်တို့၏ လူကြီးမိဘများ ဂုဏ်ယူမဆုံးနိုင်အောင် ရှိခဲ့ကြ၏။ ဤအမျိုးအနွယ်၏ ဂုဏ်ကို သားစဉ်မြေးဆက် အမွမ်းတင်၍ လာခဲ့ကြ၏။ ကမ္ဘာတည်စ၊ မဟာသမ္မတမင်းကြီးလက်ထက်ကပင် ဤအမျိုးအနွယ် စတင်ခဲ့သည်ဟု ဆိုရိုးပြုခဲ့ကြ၏။ သို့ရာတွင် သက္ကဟူသော သီးခြားနာမည်ဖြင့် ထင်ရှားလာခဲ့ကြသည်ကား ဩက္ကာကမင်းကြီး လက်ထက်မှာမှ စတင်ခဲ့သည်ဟု ဆိုကြပေသည်။ ဩက္ကာက မင်းဆက်တွင် မင်းဆက် သုံးဆက်ရှိခဲ့ရာ ထိုမင်းကြီးသည် နောက်ဆုံးဖြစ်၏။ သူ စကားပြောသောအခါ အာခံတွင်းမှ ဥက္ကာပျံသကဲ့သို့ အရောင်အဝါများ ထွက်လာသဖြင့် ထိုအမည်တွင်ခဲ့သည်ဟု ဆိုကြပေသည်။

http://www.dhammadownload.com

ထိုသြက္ကာက မင်းကြီးတွင် မိဖုရား ငါးယောက်ရှိခဲ့၏။ မိဖုရားခေါင်ကြီးသည် သားတော် လေးယောက်နှင့် သမီးတော် ငါးယောက် ဖွားမြင်ပြီးလျှင် ကွယ်လွန်ခဲ့၏။ ထို့နောက် သြက္ကာကမင်းကြီးသည် အခြားအမျိုးသမီးတစ်ယောက်ကို မိဖုရားခေါင်ကြီး အရာထား၍ မြှောက်စား၏။ ထိုအမျိုးသမီးသည် အရွယ်နုပျိုး၏။ အဆင်းသဏ္ဌာန် လှပတင့်တယ်၏။ ထိုမိဖုရားခေါင်ကြီးမှ သားတော်လေးတစ်ပါး ဖွားမြင်လာရာ သြက္ကာက မင်းကြီးသည် သားတော်လေးကို ချစ်မြတ်နိုးလှသဖြင့် 'သားတော်အတွက် လိုသောဆုကို တောင်းစေ' ဟု၍ အလျင်စလို ဆုပေးခဲ့၏။ မိဖုရားခေါင်ကြီးသည် ဆွေမျိုးများနှင့် တိုင်ပင်ပြီးလျှင် သားတော်လေးအတွက် ထီးနန်းစည်းစိမ်ကို အမွေ ဆက်ခံခွင့်ပြုရန် တောင်းဆို၏။ ဤတွင်မှ သြက္ကာကမင်းကြီးသည် မိမိ အလျင်စလို ပြောဆိုခဲ့မိသည်ကို နောင်တကြီးစွာ ရလာ၏။ "ဟယ် သူယုတ်မ၊ သင်သည် ငါ့သားတော်ကြီးများကို အကောက်မကြဲနှင့်"ဟု ခြိမ်းခြောက် ရ၏။ သို့ရာတွင် မိဖုရားခေါင်ကြီးကား လက်မလျှော့ပေ။ အခါအခွင့်သင့်တိုင်း ပေးထားပြီးသော ကတိစကားအတိုင်း တောင်းဆို၍သာ နေ၏။ ဤထွင် သြက္ကာက မင်းကြီးသည် သားတော်ကြီးများကို တိုင်းပြည်မှ နှင်ထုတ်ရတော့၏။ ဆင်၊ မြင်း၊ ရထား နှင့် အမတ်များကို ပေးအပ်ကာ ခမည်းတော် နတ်ရွာစံခါမှ လာရောက်၍ ထီးမွေနန်းမွေ ဆက်ခံကြပေတော့ဟု မှာကြားလိုက်ရ၏။

မင်းသားတို့သည် ခမည်းတော်မင်းကြီးနှင့်တကွ မိဖုရားများကို ကန်တော့ပြီးလျှင် တိုင်းပြည်မှ ထွက်ခွာလာခဲ့ကြ၏။ သူတို့နှင့်အတူ နွမတော် ငါးယောက်တို့လည်း လိုက်ပါလာခဲ့ကြ၏။ မင်းသားတို့ကို အလုပ်အကျွေးပြုရန် လူပေါင်းများစွာလည်း ပါလာကြ၏။ မင်းသားတို့သည် ထိုလူသူ ပရိသတ်အားကိုးဖြင့် အခြားမင်းတို့၏ နယ်မြေကို မထိပါးမူ၍ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ် တိုင်းပြည်တည်ထောင်ရန် ဟိမဝန္တာတောင်ဆီသို့ ရှေးရှုလာခဲ့ကြ၏။

ထိုအချိန်တွင် ကပိလမည်သော ရသေ့ကြီးသည် ဟိမဝန္တာတောင်ခြေရှိ ရေကန်ပေါင်တွင် ကျောင်းသခန်းကလေး ဆောက်လုပ်၍ နေထိုင်လျက်ရှိ၏။ ကပိလ ရသေ့ကြီးသည် ဘုမ္မဇာလဟူသော အတတ်ပညာဖြင့် မြေတို့၏ အကျိုးအပြစ်ကို သိမြင်၏။ သို့ဖြစ်၍ မြို့တည်ရန် နေရာရှာဖွေနေကြသော မင်းသားများအား ဤသို့ တိုက်တွန်း၏။

"မင်းသားတို့၊ ခြင်္သေ့များ၊ ကျားများရန်ကြောင့် အသက်ဆုံးဖျား ပြေးလာကြရသော သမင်များ၊ ဝက်များသည် ဤနေရာရောက်လျှင် ခြင်္သေ့များ ကျားများကို ပြန်၍ မာန်ဖိနှိုင်ကြ၏။ မြွေကြီးများ၊ ကြောင်ကြီးများလိုက်၍ အမောတကော ပြေးလာကြသော ဖားများ၊ ကြွက်များသည် ဤမြေပေါ်ရောက်လျှင် မြွေကြီးများ

http://www.dhammadownload.com

ကြောင်ကြီးများကို ပြန်၍ ခြိမ်းခြောက်နိုင်ကြ၏။ ထို့ကြောင့် သင်တို့လည်း ဤကျောင်းသခ်ိမ်းနေရာ၌ပင် မြို့တည်ကြကုန်လော့"

ဤသို့ ကပိလ ရသေ့ကြီးက ညွှန်ကြားသည့်အတိုင်း ကပိလရသေ့ကြီး၏ ကျောင်းသခ်ိမ်းနေရာတွင် မြို့တည်ကြရသဖြင့် ထိုမြို့ကို ကပိလဝတ်(ကပိလဝတ္ထု) ဟူ၍ သမုတ်ကြရပေသည်။

မြို့ပြအိမ်ရာများ တည်ထောင်ကြပြီးနောက် အတူပါလာသော အမတ်တို့သည် မင်းသားတို့အတွက် အိမ်ထောင်ဖက် ရှာရေးကို တင်လျှောက်ကြ၏။ ဤတွင် မင်းသားတို့က "အမတ်တို့၊ ငါတို့နှင့် မျိုးရိုးတူသော မင်းသမီးများလည်း ရှာမတွေ့ပေ။ နှမတော်နှင့် မျိုးရိုးတူသော မင်းသားများလည်း မရောက်လာကြပေ။ မျိုးရိုးချင်း မတူသူများနှင့် အိမ်ထောင်ဖက်မိ၍ သားသမီးများ ပေါက်ပွားလာလျှင် အမိဘက် အဖဘက် တစ်ဘက်ဘက်မှ မစင်မကြယ်ဖြစ်လာပေလိမ့်မည်။ မျိုးရိုးပါ တိမ်ကော ပျက်စီး၍ သွားပေလိမ့်မည်။ ထို့ကြောင့် ငါတို့သည် နှမတော်များနှင့် အိမ်ထောင်ဖက် လိုကြကုန်၏"ဟု ဆိုကြ၏။ ဤသို့ မင်းသားတို့သည် မျိုးရိုး ပျက်စီးမည့်အရေးကို ဟွေးတော ကြောက်ရွံ့ကြသဖြင့် မောင်တော် နှမတော် လေးယောက်စီ စုံဖက်ကြကုန်၏။ အကြီးဆုံး နှမတော်ကို အမိအရာထား၍ လေးစားစွာ ဆက်ဆံကြကုန်၏။

ထိုအကြောင်းကို သြက္ကာကမင်းကြီး ကြားသိရသောအခါ (သက္ကာဝတဘောကုမာရာ) "အချင်းတို့ မင်းသားတို့သည် မျိုးရိုး မပျက်စီးအောင် စွမ်းဆောင်နိုင်ကုန်စွတကား"ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်ခဲ့၏။ ဤသို့ ကျူးရင့်ခဲ့သော စကားကို အစွဲပြု၍ သက္ကမျိုးနွယ် ပေါ်ပေါက်လာခဲ့ရပေသည်။

(ဒီဃနိကာယ်၊ အမဋ္ဌသုတ်ဝါဠိတော်နှင့် အဋ္ဌကထာ)

နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို အသုံးပြုရာ၌ သက္ကတို့သည် သန္ဆဂါရခေါ် လွတ်တော်၏ အဆုံးအဖြတ်အတိုင်း လိုက်နာကြရ၏။ သက္ကမျိုးနွယ် အရွယ်ရောက်သည့် ယောကျ်ားတိုင်း လွတ်တော်သို့ တက်ခွင့်ရကြ၏။ နိုင်ငံ၏ အရေးအခင်းများနှင့် ပတ်သက်၍ မိမိတို့ သဘောဆန္ဒကို လွတ်လပ်စွာ တင်ပြခွင့်ရကြ၏။ ဤသို့တင်ပြ၍ အများထောက်ခံချက်ကိုရကာ ဥပဒေအရာမြောက်လာသည့် အဆိုများ ရှိသကဲ့သို့ အချို့ အဆိုများကား အများ၏ ထောက်ခံချက် မရသဖြင့် တိမ်မြုပ်၍ သွားကြရပေသည်။ မိမိ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အများဆုံးဖြတ်ရာနာခံ၍ အတူတကွ လက်တွဲ လာနိုင်ခဲ့ခြင်းမှာ ကျွန်ုပ်တို့ သက္က အမျိုးသားများ၏ ဂုဏ်ကျက်သရေပင် ဖြစ်ပေသည်။

လွတ်တော် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်၍ တိုင်းပြည် အုပ်ချုပ်ရေး ကိစ္စအရပ်ရပ် ဆောင်ရွက်နေရသော ပုဂ္ဂိုလ်များမှာ

http://www.dhammadownload.com

'ရာဇာ' အမည် ခံယူကြရ၏။ အခြားသော သူများမှာ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း စသည့် ကိုယ်ပိုင် လုပ်ငန်းဆောင်တာများ ရှိနေကြ၏။ ဤနေရာ၌ သက္ကများသည် မလွှများနှင့် ခပ်ဆင်ဆင် ဖြစ်ကြ၏။ မလွှတို့သည် မိမိတို့တိုင်းပြည်ကို အလှည့်ကျ အုပ်ချုပ်ကြရ၏။ အုပ်ချုပ်နေစဉ်ကာလမှာ ရာဇာဟု အမည်ခံကြရ၏။ အလှည့်မကျသော သူများမှာ ရပ်တကာ နယ်တကာ လှည့်၍ ကုန်သွယ်နေတတ်ကြပေသည်။

(မ၌မနိကာယ်၊ သေခသုတ်၊ အဋ္ဌကထာ)

မလွှများထက် ကျွန်ုပ်တို့ သက္ကမျိုးနွယ်တို့က တစ်ခုတော့ ထူးခြား၏။ ကျွန်ုပ်၏ ဘကြီးတော် သုဒ္ဓါဒနသည် လွတ်တော်သဘာပတိ တာဝန်နှင့် အုပ်ချုပ်ရေး အာဏာများကို လက်ခံဆောင်ရွက်ခဲ့ရာတွင် သက္ကမျိုးနွယ်အားလုံး၏ တခဲနက်ထောက်ခံမှုကို အစဉ်ထာဝရ ရရှိခဲ့၏။ ထို့ကြောင့် သူ့ကို အထူးဝိသေသပြုကာ 'မဟာရာဇာ'ဟု ဂုဏ်ပြုကြရ၏။ ကျွန်ုပ်နှင့်အတူ ရဟန်းပြုလာသော ဘဒ္ဒိယသည်လည်း သုဒ္ဓါဒန မဟာရာဇာ၏ လက်အောက်၌ အုပ်ချုပ်ရေးတာဝန်များ ထမ်းဆောင်နေရသည့် ရာဇာတစ်ဦးပင် ဖြစ်ခဲ့ပေသည်။

(ဝိနည်း၊ မူဋ္ဌဝဂ်၊ သံဃဘေဒက ခန္ဓက၊ ဆသက္ကပဉ္စမ္ဘာကထာ)

ကျွန်ုပ်၏ သွေးချင်းသားချင်းများအကြောင်းကို ဖော်ပြရာတွင် ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဂိုဏ်းဝင် ဖြစ်သွားလေမလားဟု ဧတွေးမိပါ၏။ သို့ရာတွင် သည်ဆွေသိုက်၊ မျိုးသိုက်ထဲမှာ ဘုရားရှင် ကိုယ်တော်တိုင် ပါဝင်နေသဖြင့် ရှိသည့် ဂုဏ်ကို ဟုတ်မှန်တိုင်း ဖော်ပြခွင့်ကား ရှိနေပါသည်။

သက္ကတို့သည် ဗြာဟ္မဏတို့၏ အမျိုးဇာတ်ကို ဦးမည့်တ်ကြ။ ဗြာဟ္မဏတို့၏ ဝေဒကျမ်းဂန်များကို မကိုးကွယ်။ သူတို့ ကိုးကွယ်သည်မှာ သူတို့၏ ထုံးတမ်းစဉ်လာများပင် ဖြစ်၏။ သူတို့အားလုံး အလေးတမူ အရေးယူကြသည်မှာ သက္ကတို့၏ မဟာရာဇာများပင် ဖြစ်၏။

သက္ကအမျိုးသားအားလုံး၏ ဦးညွှတ်ခြင်းကိုခံယူကာ တစ်မျိုး တစ်နွယ်လုံး၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သူများမှာ သြဒန ညီအစ်ကိုများပင် ဖြစ်ပေသည်။ နောင်တော်အကြီးဆုံးမှာ သုဒ္ဓါဒနဖြစ်၍ သူ့အောက် သုက္ကောဒန၊ သက္ကောဒန၊ ဓောတောဒန၊ အမိတောဒန ဟူ၍ အစဉ်အတိုင်း ပေါ်ထွန်းကြကာ နောက်ဆုံး ညီမထွေးကား အမိတာ ဖြစ်ပေသည်။

သုဒ္ဓါဒန မဟာရာဇာသည် အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် နန္ဒမင်းသားတို့၏ ခမည်းတော် ဖြစ်ပေသည်။ သိဒ္ဓတ္ထမင်းသားကို မဟာမာယာဒေဝီက ဖွားမြင်၍ နန္ဒ မင်းသားကိုကား ညီမတော် မဟာပဇာပတိ ဂေါတမီက

http://www.dhammadownload.com

ဖွားမြင်ခဲ့ပေသည်။ အလောင်းတော်မင်းသား ဖွားမြင်ပြီးနောက် ခုနစ်ရက်အရောက်တွင် မဟာမာယာဒေဝီ ကွယ်လွန်ခဲ့သဖြင့် မိထွေးတော်ဂေါတမီက တူတော်မင်းသား အား နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရပေသည်။

ဒုတိယဖြစ်သည့် သုက္ကောဒနသက္ကသည် မဟာနာမ်နှင့် အနုရုဒ္ဓါတို့ညီအစ်ကို ၏ ဖခင်ဖြစ်၏။ ကျွန်ုပ်ကား ငါးယောက်မြောက် အမိတော၀ဒန၏ သားဖြစ်ပေသည်။ သာသနာတော်ကြီး စည်ကားလာသည့်အချိန်တွင် သီတင်းသုံးဖော် များနှင့် မတည့်၍ ခဏတိုင်း ပြဿနာဖြစ်ရသော တိဿမှာ ညီမထွေး အမိတာ၏ သားဖြစ်ပေသည်။

ကျွန်ုပ်တို့ တစ်ဝမ်းကွဲ ညီအစ်ကိုများ၌ မဟာနာမ်သည် သိဒ္ဓတ္ထထက် ကြီး၏။ နန္ဒ၊ အနုရုဒ္ဓါ၊ တိဿနှင့် ကျွန်ုပ်တို့ကား သူ၏ ညီများ ဖြစ်ကြပေသည်။

(မူလပဏ္ဏာသ၊ စူဠဒုက္ခက္ခန္ဓသုတ် အဋ္ဌကထာ)

ကျွန်ုပ်တို့ သာသနာ့နယ်မြေတွင် နာမည်ကျော်ကြား လူသိများသည့် အမျိုးသမီးကြီးများ ရှိခဲ့ကြပါသည်။ စေတနာ သဒ္ဓါတရားထက်သန်ခြင်း၊ တရား မြင်လွယ်ခြင်း စသဖြင့် အရာဌာန အားလျော်စွာ စံနမူနာပြုကြရသော တပည့်မကြီး များလည်း ရှိကြပါ၏။ မဟာပဇာပတီ ဂေါတမီကား ထိုကဲ့သို့ နာမည်ကျော်ကြား လူသိများရုံမျှသာမဟုတ်ပါ။ အရာဌာန တစ်ခုခုမှာသာ စံနမူနာ အပြုခံရသူ မဟုတ် ပါ။ ဘက်ပေါင်းစုံမှာ စံပြထိုက်သော အမျိုးသမီးကြီး ဖြစ်ပါ၏။ သာသနာတော်ကြီး တစ်ရပ်လုံးက အလေးအမြတ်ပြုအပ်သော သာသနာ့ မိခင်ကြီးပင် ဖြစ်ပေသည်။

သူ့ကို မိထွေးတော်ဟု ခေါ်ကြရခြင်းမှာ အလောင်းတော် သိဒ္ဓတ္ထ အဖြစ် ဖြင့် မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်ဝယ် ကိန်းအောင်းနေရသည့်အချိန်များနှင့်သာ သင့်လျော်၏။ အမိဝမ်းမှ ဖွားမြောက်ပြီးသည့် အချိန်များမှာကား မိခင်ရင်းပင် ဖြစ်လာတော့သည်။ အစ်မတော်ဘုရား မျက်နှာလွှဲ၍ ထားရစ်ခဲ့သော သားသည်းချာကို သူကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူခဲ့၏။ မှက် ခြင် ယင်မှ မသန်းရအောင် စောင့်ရှောက်ခဲ့၏။ တစ်နေ့ တစ်နေ့တွင် ရေမိုးသန့်စင်၍ အမွေးနုံ့သာ လိမ်းပေး ရသည်က နှစ်ခါ သုံးခါ။ စားနိုင် သောက်နိုင်သည့်အရွယ် ရောက်ပြန်တော့လည်း အထိန်းတော် အချီတော်များနှင့်ချည်း စိတ်ချ မထားနိုင်။ ကောင်းနိုးရာရာကို ကိုယ်တိုင်ကိုယ်ကြပ် ကျွေးရမှ ကျေနပ်၏။ တစ်စ တစ်စနှင့် ကြီးထွား၍ လူလား မြောက်လာသည့် အချိန်တိုင်အောင်ပင် သည်မိခင်ကြီး၏ မေတ္တာစမ်းရေများက မခမ်းနိုင်၊ မခြောက်နိုင်ပါ။ အသက် နှစ်ဆယ့်ကိုးနှစ် ရှိလာသည်တိုင်အောင်ပင် သူ့စိတ်ထဲမှာတော့ သားငယ်ရွေသွေး ပုလုကွေးဟု ထင်နေဆဲ ဖြစ်၏။ သားသည် မိခင်အဖြစ်ဖြင့် ပြုစု၍ ယုယ၍ နေဆဲသာ ဖြစ်ပါသည်။

(ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ)

http://www.dhammadownload.com

မိဘတို့၏ အနန္တ မေတ္တာဂုဏ်ဖြင့် သားတော်ကြီး သိဒ္ဓတ္ထကို သားတော်ငယ် နန္ဒနှင့် ထပ်တူထပ်မျှ ချစ်မြတ်နိုးမည်ကို ယုံမှားစရာ မရှိပါ။ သစ်သီးတစ်လုံး မုန့်တစ်ခုမှစ၍ သားတော်နှစ်ပါးကို အညီအမျှပေးခဲ့ ကျေးခဲ့ကြမည်သာ ဖြစ်၏။ သို့သော် နောင်တော်ကြီး သိဒ္ဓတ္ထအနေနှင့် ညီတော်နန္ဒထက် တစ်ခုသာလွန်သည်ကား ရှိပေသည်။ သားတည်းဟူသော ချစ်ခြင်းမေတ္တာအပေါ်ဝယ် မိတဆိုးလေးပါကလား ဟူသော အသိဖြင့် မိဘနှစ်ပါးတို့ ကရုဏာပိုကြရခြင်း ဖြစ်ပေသည်။ ကရုဏာပိုလာသည့်အလျောက် ပြုစုရာ အလိုလိုက်ရာ၌လည်း သားတော်ငယ်ထက် သာကြပေတော့သည်။

ထို့ကြောင့်ပင် ကျွန်ုပ်၏နောင်တော် သိဒ္ဓတ္ထသည် လောကီစည်းစိမ်ချမ်းသာကို သူတကာတို့ထက် ထူးကဲစွာ ခံစားခဲ့ရ၏။ အလိုရှိအပ် မြတ်နိုးအပ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ကာမဂုဏ်ငါးပါးဟု ဆိုကြကုန်၏။ ထိုကာမဂုဏ် ငါးပါးတို့ကို နောင်တော်မြတ်သည် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ကြီး ခံစားခဲ့ရ၏။

သူ့အပေါ် မေတ္တာမိုးရော ကရုဏာမိုးပါ ရွာသွန်းခဲ့ကြသော ခမည်းတော် မယ်တော်တို့က သူ့အတွက် ရမ္မ၊ သုဘ၊ သုရမ္မဟူသော ပြာသာဒ်သုံးဆောင် ဆောက်လုပ်ပေးကြ၏။ နွေ၊ မိုး၊ ဆောင်း ဟူသော ဥတုသုံးလိ အားလျော်စွာ လှည့်လည် စံပျော်ရန် ဖြစ်၏။ စည်းစိမ်ရှင် သိဒ္ဓတ္ထသည် ထိုပြာသာဒ်သုံးဆောင်တွင် ယသော်ဓရာ အမှူးပြုသော ' မောင်းမပေါင်း မြောက်များစွာနှင့်အတူ မွေ့လျော်ပျော်စံ၏။ ယောကျ်ားဟူ၍ လုံးဝ မနှောသည့် မိန်းမတောဝယ် သာယာငြိမ့်ညောင်း လှစွာသော တူရိယာသံတို့ကို နာခံ စံပျော်လျက်ရှိ၏။ မိုးဥတု လေးလတာတို့ ကာလပတ်လုံး ပြာသာဒ်ထက်မှ လုံးဝ မဆင်းခဲ့ပါချေ။

(မန္တိမပဏ္ဏာသ၊ မာဂဏ္ဍိယသုတ်)

ကျွန်ုပ်တို့ နောင်တော်မှာ ပြတ်ချင်တော့လည်း ရှင်းရှင်းလင်းလင်း။ မပြတ်ခင်တုန်းကလည်း ကျပ်ပြည့်တင်းပြည့် ခံစားခဲ့သူပင် ဖြစ်ပါ၏။ သို့သော် ဤခေတ် ဤအချိန်အခါ၌ ဤသို့သာ လောကီစည်းစိမ် ခံစားခွင့်ရသူမှာ ကျွန်ုပ်တို့ နောင်တော် တစ်ပါးတည်း မဟုတ်ပါ။ အခြားတိုင်းပြည်များက မင်းညီမင်းသားများ၊ သူဌေးသူကြွယ်သားများလည်း ဤသို့ပင် ခံစားနိုင်ကြပေသည်။

ဤခေတ် ဤကာလကား ကာမဂုဏ်ခံစားသူတို့ကလည်း မီးကုန် ယမ်းကုန် တံခါးပိတ်၍ ခံစားနေကြ၏။ လောကထဲက လွတ်မြောက်ရာကို ရှာကြံကြသူတို့ကလည်း မိမိတို့ကိုယ်ခန္ဓာကို မီးကုန်ယမ်းကုန် နှိပ်စက် ညှဉ်းပန်း၍ နေကြ၏။ အစွန်းနှစ်ဖက်သို့ အရှိန်ပြင်းစွာ ပြေးသွားနေကြသော အချိန်ကာလပင် ဖြစ်ပါ၏။

http://www.dhammadownload.com

နောင်တော် သိဒ္ဓတ္ထကဲ့သို့ တခမ်းတနား မခံစားခဲ့ရသော်လည်း အရှိန်အဝါကြီးသော သက္ကျ မိဘများ၏ သားအဖြစ် ကျွန်ုပ်တို့၏ ဘဝနံနက်ခင်းပိုင်းသည်လည်း ပျော်စရာ ကျေနပ်စရာပင် ကုန်လွန်လာခဲ့၏။

အချိန်တန်အရွယ်ရောက်လာသည့်အခါ မင်းသားတို့တတ်အပ်သည့်တိုင်းပြည် ကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေးပညာရပ်များ သင်ကြားကြရ၏။ ကျွန်ုပ်ကားအချို့သော မင်းသားများနည်းတူ ကုန်သွယ်ရေး ပညာရပ်များကိုပါ ဝါသနာအလျောက် သင်ကြားခဲ့၏။ သည်ပညာကို တတ်မြောက်လာသဖြင့် ကျွန်ုပ်သည် အိမ်မှာ အမြဲအစွဲမနေနိုင်တော့ပါ။ ကပိလဝတ်၏ နယ်နိမိတ်ကို ကျော်ကာ အခြား တိုင်းပြည်များသို့ ရောက်ခဲ့ရ၏။ နိုင်ငံရပ်ခြား တိုင်းပြည်များထဲတွင် အရောက်အပေါက် အများဆုံးမှာ မလ္လတိုင်း ဖြစ်ပေသည်။ မလ္လတိုင်းသည် ကျွန်ုပ်တို့ သက္ကတိုင်းနှင့် အနေအထား ဆင်တူသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အရင်းနှီးဆုံး မိတ်ဆွေ မလ္လမင်းသား ရောဇလည်း ရှိနေသည် မဟုတ်ပါလား။

(ဝိနည်း မဟာဝဂ်၊ ဘေသဇ္ဇခန္ဓက)

ရွှေစိတ်ငြင်ငှို သံဝေဂိက

မိဘများ၏စီးပွားရေးလုပ်ငန်းကို လက်လွှဲယူငင်ကာ နိုင်ငံတကာလျှောက် သွားနေရ၍ ကပိလဝတ်မြို့တော်က အရေးအခင်းများကိုပင် တစ်ခါတစ်ခါ မျက်ခြည်ပြတ်ခဲ့ရ၏။ နိုင်ငံရပ်ခြားမှ ကောင်းပေဆိုသော အစားအစာများ၊ အဆင်ဆန်း၍ အဖိုးထိုက်တန်သော ပိုးထည်များ၊ လူသုံးကုန်ပစ္စည်း အသစ်အဆန်းများ ပေါလေတိုင်း ကျွန်ုပ်ချစ်သော နောင်တော် သိဒ္ဓတ္ထအတွက် သယ်ဆောင်လာခဲ့၏။ စောစောပိုင်းတုန်းကမူ နောင်တော် သိဒ္ဓတ္ထသည် ဤလက်ဆောင်များကို လိုလိုချင်ချင် လက်ခံခဲ့၏။ ထိုစဉ်က ယသော်ဓရာနှင့် လက်ထပ်ပြီးခါစမို့ အထည်သစ်၊ အသုံးအဆောင်သစ် ရလာတိုင်း သူတို့နှစ်ဦးလုံး ပျော်တပြိုးပြိုး ရှိခဲ့ကြ၏။

ယခုနောက်ပိုင်းမှာတော့ တစ်စနှင့်တစ်စ နောင်တော်၏ အမှုအရာများက ထူးခြား၍ လာတော့သည်။ ကျွန်ုပ် ယူလာသော လက်ဆောင်ကို ခါတိုင်းလို ပြိုးပြိုးရွှင်ရွှင် လက်ခံသော်လည်း အမြတ်တနိုးဝတ်ဆင်ခြင်း၊ အသုံးပြုခြင်းကား မရှိတော့ပါ။

လိုအပ်သမျှ လောကစည်းစိမ်တွေ ပုံပေးထားပါလျက် မရွှင်ရုပ်ပေါ်နေသော သားတော်အတွက် ခမည်းတော်နှင့် မယ်တော်ကြီးတို့မှာ ဗျာများ၍ နေကြရ၏။ ဒေဝဒဟပြည်မှ တစ်မျက်နှာ တစ်ကမ္ဘာပြု၍ လိုက်လာရသည့် ယသော်ဓရာမှာ အနိုင်နိုင် ဟန်ဆောင်၍ နေရရှာ၏။ ဘကြီးတော်ဘုရားက နောင်တော် သိဒ္ဓတ္ထ စိတ်လက်ရွှင်ပျလာစေရန် အတူလာနေဖို့ ကျွန်ုပ်ကို ပြောဖူးပါ၏။ အကယ်၍သာ

http://www.dhammadownload.com

နောင်တော်ကိုယ်တိုင်ကပါ သဘောတူလျှင် နေနိုင်ပါ၏။ သို့သော် နောင်တော်က ဤအစီအမံကို လုံးဝ လက်မခံပါချေ။

ကျွန်ုပ်တို့မှာ ညီအစ်ကိုရင်းများက ပေါက်ဖွား၍ လာကြသော်လည်း သဘောထားက တစ်မျိုးစီ။ ကျွန်ုပ်မှာ ကုန်သွယ်နေရသူဖြစ်၍ လူပေါင်းစုံနှင့် ဆက်ဆံနေရ၏။ ဆက်ဆံရသမျှ လူတန်းစားပေါင်းစုံကို ကျေနပ်အောင်ပြောဆို လုပ်ကိုင်ရ၏။ စောစောပိုင်းတုန်းကတော့ တာဝန်တစ်ခုဖြစ်နေ၍သာ လူကြားထဲ တိုးခဲ့ရ၏။ ကိုယ့်ကိုယ်ကို မင်းသား၊ ခတ္တိယမျိုးနွယ်ဟူသော အသိက ပေါ်ပေါက်လာသဖြင့် ထောင့်မကျိုးချင်။ နောက်တော့ အလုပ်ကပင် သင်ကြားပေးသဖြင့် လူတန်းစားပေါင်းစုံ၏ ခင်မင်မှုကို ရယူနိုင်ခဲ့ပေသည်။

နောင်တော် သိဒ္ဓတ္ထမှာလည်း လူတန်းစားပေါင်းစုံ၏ ခင်မင်မှု ရှိနေပါသည်။ သို့သော် ကျွန်ုပ်ကဲ့သို့ တမင်တကာ လိုက်လဲသိမ်းသွင်းနေရသည် မဟုတ်ပါ။ မြင်သူတိုင်းက ချစ်စရာ ခင်စရာ သူ့ရုပ်သွင်လက္ခဏာ၊ တည်တည်ငြိမ်ငြိမ်လှုပ်ရှား ရလေသော သူ့အမူအရာ၊ ဆက်ဆံရသူ လူအပေါင်းကို မေတ္တာစိတ်ဓာတ် ဖြန့်ကျက်ထားသည့် သူ့မျက်နှာထား။ ဤလက္ခဏာ၊ ဤအမူအရာ၊ ဤမျက်နှာထားများကြောင့် သူ့ကို အလိုလို ညွှတ်လာကြပေသည်။ ခင်မင်မှုထက် လေးစားမှုက ပိုသည်ဟု ဆိုရပါလိမ့်မည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့ ညီတော်နောင်တော် နှစ်ဦးသားမှာ သဘောချင်း တစ်မျိုးစီ ဖြစ်ကြရ၏။ ကျွန်ုပ်က လူပေါင်းစုံနှင့် ရောရောနှောနှော နေရမှ ကျေနပ်၏။ ကျွန်ုပ်ရှိရာတွင် လူပေါင်းစုံ တရုန်းရုန်းရှိနေ၏။ နောင်တော်ကတော့ တစ်ဦးတည်းနေတတ်သူ။ အားလုံးအပေါ် မေတ္တာထားပါလျက် ပတ်ဝန်းကျင်ကို သူက မေ့ချင်ချင် ဖြစ်၏။ တွေးမိတွေးရာ ငေးမိငေးရာနှင့် အချိန်ဖြုန်းတတ်၏။ နောင်တော်၏ နေပုံထိုင်ပုံကို အားမရသဖြင့် ကျွန်ုပ် တစ်ခါက ပြောကြည့်ခဲ့ဖူးပါ၏။ သို့သော် အကြောင်းကား မထူးခဲ့ပါ။

ညီတော် နောင်တော်တစ်သိုက် ရှိကြသည့်အနက် နောင်တော် သိဒ္ဓတ္ထကို ကျွန်ုပ် ထူးထူးခြားခြား ချစ်ခင်ပါ၏။ ကျွန်ုပ်အပေါ် ထားရှိသော နောင်တော်၏ ချစ်မေတ္တာသည်လည်း ထို့ထက် မလျော့နိုင်ပါ။ သို့သော် နောင်တော်ကား ကျွန်ုပ်ကို အထင်မကြီးပါချေ။ ညီတော်တစ်ယောက်အဖြစ် ချစ်ရုံသာ ချစ်၍ ဤသို့ အထင်ကြီးမခံရခြင်းမှာ ကျွန်ုပ်၏ ချို့တဲ့ချက်၊ ပျော့ညံ့ချက်များကြောင့်ပင် ဖြစ်ပါလိမ့်မည်။

နောင်တော်က အထင်မကြီးလှသော်လည်း ကျွန်ုပ်ကတော့ စိတ်မပျက်ပါ။ ကပိလဝတ်မှာ ရှိနေစဉ်အချိန်များ၌ နောင်တော်နှင့် သွားအတူလာအတူဖြစ်အောင် နေလာခဲ့၏။ နောင်တော်၏ စိတ်နှလုံး ရွှင်ပြုံးလာလေမည်လား ဟု ကြိုးစားခဲ့ပါ၏။

http://www.dhammadownload.com

သို့သော် နောင်တော်၏ အမှုအရာများကား ထူးခြား၍မလာပေ။ ကျွမ်းထိုးမှောက်ခုန် အဟုန်ပြင်းစွာစီးဆင်းနေသော ရေလျှံကြီးအတွက် စိတ်မသက်မသာ ဖြစ်၍သာ နေရပေသည်။

အမှန်အားဖြင့် ကျွန်ုပ်တို့အပါအဝင် သက်ရှိသတ္တဝါများအားလုံးသည် ဘဝတစ်ခု အစပြုသည်မှစ၍ အဟုန်ပြင်းသည့် သည်ရေလျှံမှာ မျောပါနေကြရ၏။ သို့သော် ကျွန်ုပ်တို့က ဤအဖြစ်မျိုးလောက်တော့ ထိမထင်ပေ။ ငယ်စဉ်တောင်ကျေးကလေးဘဝကလည်း ပျော်ရွှင်စွာနေလာခဲ့၏။ တစ်စတစ်စနှင့် ကလေးငယ်ဘဝမှ လူပျိုလူရွယ် ဖြစ်လာခဲ့သည်။ ကိုယ်အားစိတ်အား နှစ်ပါးစုံ ပြည့်ဖြိုးလာသည့် အချိန်တွင် မိဘများ၏ တာဝန်ကို ပခုံးပြောင်း၍ ထမ်းဆောင်ရ၏။ ထို့နောက် တဖြည်းဖြည်းနှင့် ကျလှ ဖြစ်လာမည်။ အိုပြီဆိုမှတော့ တစ်နေ့ရွေ့၊ တစ်နေ့ငွေ့ ဆိုသလို ဖြစ်ရတော့မည်။ ရောဂါအထူးအထွေ မရှိဘူးဆိုတောင်မှ အနည်းဆုံး အိုနာ အိုရောဂါတော့ တွေ့ဦးမည်။ အိုလို့နာလို့ အားရတော့ သွားပေတော့ သုသာန်မြေ။

ကိုယ့်ရှေ့မှ ဖြစ်နေကျ ပျက်နေကျ။ မျက်ဝါးထင်ထင် မမြင်ချင်အဆုံး ဖြစ်နေသည့်ကိစ္စများ။ သည်ကိစ္စများအတွက် ကျွန်ုပ်တို့အဖို့ စိတ်ညစ်နေစရာ အချိန်မရှိပါ။ အချိန်အရွယ်ရှိခိုက်မှာ သူများနည်းတူ ပျော်မည်၊ ပါးမည်၊ ရသမျှ အခွင့်အရေးကို ယူမည်။ ပစ္စည်းဥစ္စာ စုဆောင်းမည်၊ သူများထက် မသာသော်ရှိစေ၊ တန်းတူရည်တူတော့ လိုက်နိုင်ရမည်။ နေရသည့် တစ်သက်တာတွင် ဂုဏ်သရေရှိစွာ မကြောင့်မကြ မတောင့်တဘဲ နေသွားမည်။ ကိုယ့်ဝန်းကျင် အများစုကြီး၏ ရည်မှန်းချက်က ဤအတိုင်းရှိနေရာ ကျွန်ုပ်က သူတို့ထက် ဘာများ ထူးထူးခြားခြား အတွေးခေါင်နေဖို့ လိုသနည်း။ အများတကာထက် ထူးထူးခြားခြား အတွေးအခေါ်မျိုး မရှိ၍လည်း ကျွန်ုပ်တစ်သက်တာတွင် ချစ်သူခင်သူ ကြည်ညိုသူတွေ ပေါများခဲ့လေသလား မဆိုနိုင်ပါ။ သို့သော် အတွေးသမား သိဒ္ဓတ္ထမှာလည်း ကျွန်ုပ်နှင့် မနှိုင်းယှဉ်လောက်အောင် ချစ်သူခင်သူတွေ ပေါများသည်ကို သတိမမေ့ပါ။ လူတစ်ကိုယ် စိတ်တစ်မျိုးဖြစ်ကြောင်းကို ဖော်ပြလိုရင်းသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့တွေ ပရမ်းပတာ ရေလျှံထဲမှာ တေးတကြော်ကြော်နှင့် မျောပါနေချိန်တွင် နောင်တော် သိဒ္ဓတ္ထမှာ တွေးလျက်၊ မှိုင်လျက်၊ ငေးလျက်၊ ငိုင်လျက်။ စိတ်သက်သာရာလေးများ ရမလားဟု ဥယျာဉ်တော်သို့ ပျော်ပွဲစား ထွက်လာပြန်တော့လည်း ပါလာသမျှ အခြွေအရံများကသာ ပျော်နိုင်ပါ၊ နိုင်ကြသည်။ သူကတော့ သူ့မှုနှင့်သူ။ အတွင်းအဇ္ဈတ္တသန္တာန်မှာ အခြေတည်၍ တစ်စတစ်စ ပွားစီးခိုင်မာလာသော စိတ်ဓာတ်ကို ပြင်ပအာရုံဖြင့် ပြုပြင်ပြောင်းလဲပေး၍ မလွယ်အောင် ဖြစ်နေပုံရပေသည်။ တစ်ကမ္ဘာလုံးကို ဖြန့်ကျက်၍ ကိုယ်စီ ကိုယ်ငှ

http://www.dhammadownload.com

ရရှိနေကြသော အို နာ သေ ဆင်းရဲ ဒုက္ခအားလုံးကို သူတစ်ယောက်တည်းက စုပြုံခံစားနေရသည်ဟု ယူဆနေသလား မဆိုနိုင်ပါ။ ထို့ကြောင့်ပင် ထင်ပါ၏။ ဥယျာဉ်တော်က တစ်ခေါက်ပြန်လာတိုင်း သူ့မျက်နှာ မကြည်သာမှုက တိုး၍သာ လာခဲ့၏။ သူ့မျက်နှာ မကြည်သာလျှင် ခမည်းတော်ကြီးမနေတတ်ပြီ။ မယ်တော်ကြီး ဂေါတမီ စားမဝင်ပြီ။ သက်ထားကြင်လျာ ယသော်ဓရာမှာလည်း ပန်းနုံသာ လိမ်းခြယ်၍ မရတော့ပြီ။

မိသားစုတစ်ခုလုံး မိမိအတွက် စိတ်မသက်မသာ ဖြစ်နေရသည်ကိုနောင်တော် သိဒ္ဓတ္ထ မသိဘဲ မနေနိုင်ပါ။ သို့သော် ကျွန်ုပ်၏ နောင်တော်ကား ဟန်ဆောင် တတ်သူ မဟုတ်ပါချေ။ ပရိယာယ်မာယာသုံးသော အလုပ်များကို သူကိုယ်တိုင် မလုပ်သလို သူ့ကို သူတစ်ပါးက လုပ်၍လည်း မရပါ။ သူ့စိတ်တွင်းအခြေအနေ ကို သူ့အမှုအရာ သူ့မျက်နှာထားများတွင် ဖုံးကွယ်မှုမရှိ၊ ပကတိအတိုင်းသာ ဖော်ပြလာခဲ့ပေသည်။

(ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဂေါတမ ဗုဒ္ဓဝင်၊
အပဒါန် အဋ္ဌကထာ၊ အဝိဒူရေ နိဒါန်း)

⁂

http://www.dhammadownload.com

ဝါဆိုလပြည့် ကျားမင်းနေ့ဝယ်

သာသနာ့သမိုင်းစဉ်တွင် အရေးပါ အရာရောက်ဆုံးဖြစ်သော ဤနေ့ ဤရက်ကိုတော့ ခုနှစ် သက္ကရာဇ်နှင့်တကွ အတိအကျ မှတ်တမ်းတင်ရပါလိမ့်မည်။ ကျွန်ုပ်တို့ ဘိုးတော် အဋ္ဌနမင်းကြီး၏ ဖြိုကြွင်းသက္ကရာဇ် ၂-ခုမှ ဆက်လက်၍ ရေတွက်လာခဲ့သော မဟာသက္ကရာဇ်အားဖြင့် ၉၇ ခုနှစ်၊ လကား ဝါဆို၊ ရက်ကား, လပြည့်၊ နေ့အကုန် ညအကူး မှတ်သုန်လေတဖြူးဖြူး တိုက်ခိုက်နေသော ထိုအချိန်တွင် နောင်တော် သိဒ္ဓတ္ထသည် ဥယျာဉ်တော်မှ ပြန်လာခဲ့ပေသည်။

ဤနေ့ ဤရက်တွင်မှ ကပိလဝတ်မြို့တော် ပြန်ရောက်လာခဲ့၍ ကျွန်ုပ်တစ်သက်တာတွင် မေ့ပျောက်၍ မရနိုင်သော ဤဖြစ်ရပ်များကို မျက်ဝါးထင်ထင် မြင်ခွင့်ရခဲ့၏။ ဖြစ်ပြီးလျှင် ပြီးချင်း ရှိုက်ကြီးတငင် ငိုကြွေးသံများကို ကြားခဲ့ရ၏။ ကျွန်ုပ် ချစ်မြတ်နိုးလှသော နောင်တော်မြတ်နှင့် ကွေကွင်းရသဖြင့် ကျွန်ုပ်ကိုယ်တိုင်လည်း မျက်ရည်လည်ရွဲ ငိုပွဲကြီးဆင်ခဲ့ရပါ၏။ ထို့ကြောင့် ကျွန်ုပ်ကိုယ် ကျွန်ုပ်ကဲကောင်းသည်ဟု ဆိုရပါမည်လား။ ကဲဆိုးသည်ဟု ဆိုရပါမည်လား။ ထိုစဉ်က ခွဲခြား၍ မရနိုင်ခဲ့ပါ။ သို့သော် သာသနာတော်၏ အရိပ်အာဝါသကို ခိုလှုံလာခဲ့သည်မှစ၍ ဤဖြစ်ရပ်များအတွက် ကုသိုလ်ကောင်းသည်ဟု တစ်ထစ်ချ ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ငိုသံ ကြွေးသံ သောသောညံခဲ့ကြရသော ဤဖြစ်ရပ်ကို ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာ ဖော်ပြရပါတော့မည်။

မကြာမကြာရွာချထားသော မိုးများကြောင့် ကပိလဝတ်၏ မင်းလမ်းမကြီးမှာ ဖုန်သိပ်၍ နေ၏။ မင်းလမ်းမကြီး၏ ဝဲ ယာတစ်ခွင်ရှိ ဥယျာဉ်ပန်းမန်များသည် ရွှန်းရွှန်းစိုနေကြ၏။ အနောက်ဘက်မှာ ကြည့်လိုက်တော့ နေမင်း၏ဆည်းဆာရောင်ခြည် အကြွင်းအကျန်များ၊ အရှေ့ဘက်မှာတော့ ထွက်ပြူခါစ ငွေလဝန်းကြီး၊ ထိုငွေလဝန်းကြီးနှင့်အတူ ပူဆာမရှိ ပကတိ အေးမြကြည်လင်သော ကျက်သရေဖြင့် ထွန်းတင့်နေသည်ကား သိဒ္ဓတ္ထမင်းသား၏ မျက်နှာပင် ဖြစ်ပေသည်။

ဥယျာဉ်တော်ကအပြန် ယခင်အခေါက်များတုန်းက ဤမျက်နှာသည်မရွှင်မပျဖြစ်ခဲ့ရ၏။ ယခုတော့ ထိုအခေါက်များနှင့် ပြောင်းပြန်။ ဟိုတုန်းက ညှိုးခဲ့လေသမျှ မျက်နှာတို့ကို ပုံတူထုကာ စုဆောင်းထားသည်ဆိုပါတော့။ ထိုမျက်နှာ၊ ထိုမျက်နှာ

http://www.dhammadownload.com

အားလုံး၏ အလေးချိန်သည် ယနေ့ ကြည်လင်ရွှင်ပျသည့် မျက်နှာ၏ အလေးချိန်ကို မိလိမ့်မည် မဟုတ်ပါ။

ယနေ့ကား နောင်တော် သိဒ္ဓတ္ထနှင့်တကွ ကျွန်ုပ်တို့ အားလုံးအတွက် နေ့ကောင်းရက်သာ ဖြစ်ပါ၏။ ဘယ်နေ့ ဘယ်ရက်မျှနှင့် မတူအောင်ထူးခြားသည့် ရက်လည်းဖြစ်၏။ ဤနေ့ ဤရက် ဥယျာဉ်တော်အသွားတွင် ထူးခြားသော ကောင်းမြတ်သော ရုပ်သွင်ကို နောင်တော် သိဒ္ဓတ္ထ မြင်ခဲ့ရ၍ ဖြစ်ပေသည်။

သည်ပုဂ္ဂိုလ်မှာ ယာဉ်ရထားမရှိ။ ပကတိသော ခြေထောက်များဖြင့် မင်းလမ်းမ၌ ကွန်ရေရာ လှမ်းကြွနေ၏။ အဖိုးထိုက် အဖိုးတန် ဝတ်စားတန်ဆာမပါ။ ဖန်ရေဆိုးသော အဝတ်တစ်စုံသာလျှင် သူ့ကိုယ်ပေါ် လွှမ်းခြုံလျက် ရှိ၏။ သူ အရေးတယူ ကိုင်စွဲလာခဲ့သည်ကား စိန်မဟုတ်၊ ရွှေမဟုတ်၊ ဖန်မဟုတ်၊ မြမဟုတ်။ မည်းပုပ်ပုပ် ညစ်ထေးထေး နှုတ်ခမ်းမပါသည့် မြေအိုးတစ်လုံး။ တွေ့ဖူးလေသမျှ မနုဿလူသားများထဲတွင် အမွဲဆုံး၊ အချာဆုံး၊ အနုတ်ဆုံး လူသားတစ်ယောက်ပါတကား။

သို့သော် အမွဲချာဆုံးအဆင့်ရောက်နေသော ဤပုဂ္ဂိုလ်သည် အပြည့်စုံဆုံး၊ အကြွယ်ဝဆုံး မဟာရာဇာ၏ သားတော်ကို အလေးပြုခြင်းမရှိ။ ဦးညွှတ်ခြင်းမရှိ။ အပြည့်စုံဆုံး အကြွယ်ဝဆုံး ပုဂ္ဂိုလ်ကသာလျှင် သူသွားလေရာသို့ မျက်ခြည်မပြတ် လိုက်၍ ကြည့်နေရ၏။ ကြည့်ရင်းကြည့်ရင်းက လောကမှာ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတို့၏ သဘောကို ကျွန်ုပ်၏ နောင်တော်မြတ် ရိပ်မိလာဟန် တူပေသည်။

မင်းပျိုမင်းလွင် တစ်ယောက်အတွက် လိုအပ်သမျှ စည်းစိမ်ဥစ္စာများ၊ လင့်အလိုကိုလိုက်၍ အကြိုက်ဆောင်တတ်သည့် ဇနီးမယား၊ အရှင့်မျက်နှာကိုထာဝစဉ်ရှု၍ အရှင့်စိတ်တိုင်းကျ ဆောင်ရွက်ပေးကြသော အခြွေအရံများ၊ ဤသို့အားဖြင့် လူသာမန်တို့၏ စိတ်ကူးရုံမျှ မဝံ့လောက်သော စည်းစိမ်ကြီးပေါ်က ပုဂ္ဂိုလ်မှာ မပြည့်စုံမှုကြောင့် ကိုယ်ရောစိတ်ပါ ညှိုးနွမ်းခဲ့ရ၏။ အောက်ထစ်ဆုံးလူသားထက်ပင် နံချာ မွဲညစ်လှသော ဤပုဂ္ဂိုလ်မှာကား လိုအပ်သမှု အားလုံးပြည့်စုံ၍နေဘို၏။ တောင့်တမှု ကြောင့်ကြမှုမပါသော သူ့မျက်နှာသည် ပကတိ ကြည်လင်အေးမြ၍ နေဘို၏။

ရွှေပုံ ငွေပုံပေါ်က ပုဂ္ဂိုလ်မှာ သတ္တဝါတိုင်းကို မလွတ်တမ်း ဖမ်းစား၍ နေကြသော အို နာ သေ ဘီလူးကြီးများကြောင့် တအုံနွေးနွေး ဖြစ်ခဲ့ရ၏။ ဤပုဂ္ဂိုလ်သည်ကား အိုမှုကြောင့်လည်း ပူဟန်မရှိ။ နာမှုကိုလည်း ငြူစူပုံမပေါ်။ သေမည့်ဘေးကို တွေးပြီလည်း ဆွေးနေဟန်မရှိ။

"သူများနှင့်မတူ တစ်မူထူးခြားသည့် လူသားပါကလား'

နောင်တော်၏ နှုတ်မှ အံ့သြသံ ထွက်ပေါ်လာခဲ့၏။

http://www.dhammadownload.com

"မှန်ပါ။ ဤလိုပုဂ္ဂိုလ်ကို ရဟန်းဟု ခေါ်ကြပါသည်။ ဤကမ္ဘာမြေပြင်ပေါ်၌ အတားအဆီးမရှိ လွတ်လပ်စွာ သွားလာနိုင်သူတစ်ဦးပင် ဖြစ်ပါသည်။ ငှက်များ၏ ဥစ္စာသည် သွားလေရာပါသော အတောင်သာ ဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ်ပိုင်ဆိုင်သော ပစ္စည်းများမှာလည်း ကိုယ်နှင့်မကွာ အတူပါလာသော ပရိက္ခရာများပင်ဖြစ်ပါသည်"

"ဩော် ကောင်းလေစွ ကောင်းလေစွ"

ရဟန်း၏ ရုပ်သွင်ကို ရှုမြင်ရသည်မှစ၍ နောင်တော်၏ မျက်နှာသည် လမ်းတစ်လျှောက်လုံး ကြည်လင်ရွှင်ပျလာခဲ့၏။ သည်မျက်နှာမျိုးကို ကြာတောင့်ကြာရှည် တောင့်တနေခဲ့ကြရသော ကျွန်ုပ်တို့အဖို့ နေ့ကြောင်တောင် လမင်းကြီး ထွက်ပြုလာခြင်းပင်ဖြစ်ပေသည်။ သို့သော် ထိုလမင်းကြီးမှာဥယျာဉ်တော်ဆီရောက်၍ မကြာမီပင် ရာဟု ဖမ်းစားခြင်း ခံရပါတော့သည်။

မှန်ပါသည်။ ယသော်ဓရာ မိဖုရားက သားတော်လေး ဖွားမြင်ကြောင်း သတင်းကောင်းပါးလာသည်နှင့် နောင်တော် သိဒ္ဓတ္ထ၏ နှုတ်ဖျားမှ "ဩော် ငါ့ကိုဖမ်းမည့် ရာဟုပါကလား" ဟု ရေရွတ်သံ ကြားရပေတော့သည်။ ဤသို့ ရေရွတ်လိုက်ခြင်းကပင်လျှင် သားတော်လေးအတွက် ရာဟုလာဟု အမည်ရွေးပြီး ဖြစ်သွားစေပေသည်။

ရာဟုဖမ်းစား၍ ကြည်လင်ရွှင်ပျခြင်း ကင်းသွားခဲ့ရသော လမင်းကြီးသည် ဥယျာဉ်တော်၏ ချောင်ကြို ချောင်ကြားများ၌ လူးလာ တုံ့ပြန်လျက် ရှိနေ၏။ သစ်ပင်ရိပ်မှာ တစ်ခါတစ်ခါ ရပ်နား၏။ ရေကန်ထဲသို့ ဆင်းသည်လည်းရှိ၏။ ကျွန်ုပ်နှင့်တကွ ပါလာသမျှသော အခြွေအရံများမှာ ခပ်လှမ်းလှမ်းကသာ သူ့အရိပ်အခြေကို ကြည့်နေကြရပေသည်။

အနောက်ဘက်ကောင်းကင်မှာ နေလုံးကြီး ပျောက်ကွယ်သွားပါပြီ။ သူ၏ ကိုယ်စား ရောင်ခြည်မျှင်များ ထားခဲ့သေးသော်လည်း ထိုရောင်ခြည်မျှင်များကလည်း သူတို့ ဖခင်ကြီးနှင့် အကြာအရှည် ခွဲနေရစ်ချင်ဟန် မတူပါ။ သူတို့ဖခင်ကြီး သွားလေရာနောက်သို့ တကောက်ကောက်လိုက်ပါ၍ နေကြပေသည်။ ဥယျာဉ်တော်မှ ပြန်ချိန် ရောက်လာပါသော်လည်း နောင်တော် သိဒ္ဓတ္ထက မည်သို့မျှ မလှုပ်ရှားသေးပါ။ သည်ကနေ့အဖို့မှာတော့ ညီတော်ဖြစ်သည့် ကျွန်ုပ်ကပင် နောင်တော်ကိုခေါ်ငင်ရန် မဝံ့မရဲ ဖြစ်နေလေရာ အခြား အခြွေအရံများမှာ ဆိုဖွယ်ရာ မရှိပြီ။

သို့နှင့် အရှေ့လောကဓာတ်၌ လမင်းကြီးသည် တိမ်တိုက်ကြားမှဘွားခနဲ ပေါ်လာ၏။ ထိုအတူပင် မဟာပထဝီ မြေပြင်ထက်မှာလည်း ငွေလဝန်းကြီးတစ်ဆူ ထွန်းလင်း၍လာပါပြီ။ ကန်ရေစပ်မှ ပြန်တက်လာသော နောင်တော်၏ မျက်နှာမှာ ညစ်ကြေးမတင်သော ကြည်လင်ခြင်းဖြင့် ထက်ကောင်းကင်က လမင်းကြီးကို စေ့စေ့ကြည့်၍ နေပါသည်။ ရာဟုဖမ်းစားရာက လွတ်လာ၍ပင် ဖြစ်ပါလိမ့်မည်။

http://www.dhammadownload.com

ရာဟုခံတွင်းက ရှင်းရှင်းကျွတ်ကျွတ် လွတ်လာခဲ့သော လမင်းကြီးသည် ရထားဆီသို့ ဖြည်းညင်းသာယာ ချဉ်းကပ်၍ လာခဲ့၏။ သူ့အလာကို အရံသင့် စောင့်ကြို၍နေကြသော ကျွန်ုပ်တို့တစ်တွေက ရထားပေါ် နေရာတကျထိုင်မိသည်နှင့် တစ်ပြိုင်နက် ဥယျာဉ်မှ ထွက်ခွာလာခဲ့ကြပေသည်။

ကျွန်ုပ်တို့ အပြန်ခရီးမှာ မြင်းခွာသံ၊ ရထားဘီးသံများသာ မင်းမှုန်နေကြ၏။ ရထားပေါ် ပါလာသူများအားလုံး နှုတ်ဆိတ်နေကြ၏။ နောင်တော်သိဒ္ဓတ္ထ ကိုယ်တိုင်က ရွှန်းရွှန်းပပသာ၍နေသော လရောင်တွင် အေးချမ်းငြိမ်သက်သည့် အရသာကိုခံစားရင်း လိုက်ပါ၍ နေသည်ဖြစ်ရာ ကျွန်ုပ်တို့ကလည်း အလိုက်သိစွာ နေကြရ၏။ ရထားမှူးဆန္နအား ရထားကို ခပ်ဖြည်းဖြည်းလေးမောင်းဖို့အချက်ပေးရ၏။ အခွေအရံများကား ခြေကျင်သမားများပေမို့ နောက်မှာ ကျန်ရစ်ကြပေသည်။

အေးချမ်းသာယာသည့် လရောင်အောက်တွင် ညင်ညင်သာသာ တိတ်တိတ်ဆိတ်ဆိတ် မောင်းနှင်၍လာခဲ့သော ရထားသည် တစ်ခုသော ပန်းဥယျာဉ်ရှေ့မှာ ရပ်တန့်၍သွားခဲ့၏။ ထိုဥယျာဉ်သည် ခုံညားထည်ဝါသော တိုက်ကြီးတစ်ခု၏ ဆင်ဝင်ရှေ့မှာဖြစ်၏။ ထိုတိုက်ကြီး၏ ဆင်ဝင်ရှေ့၌ ပွင့်ဟနေသော လေသာပြတင်းတွင် သက္ကမင်းသမီးတစ်ဦးက ကဗျာတစ်ပုဒ်ကိုရွတ်ခြည်းသီကုံးကာ အသံသာသာဖြင့် ရွတ်ဆို၍ နေပေသည်။ ထိုကဗျာရှင်ထံသို့ နောင်တော်၏ မျက်နှာ စောင်းငဲ့သွားသည်ဖြစ်၍ ကျွန်ုပ်တို့က အလိုက်သင့် ရပ်၍ ပေးလိုက်ရပေသည်။

(သုတ်မဟာဝဂ်၊ မဟာပဒါနသုတ်နှင့် ဗုဒ္ဓဝင် အဋ္ဌကထာ ဂေါတမဗုဒ္ဓဝင်။ အပဒါန် အဋ္ဌကထာ အဝိဒူရေ နိဒါန်း)

သည်မင်းသမီးလေးကို ကျွန်ုပ် ကောင်းကောင်းသိပါသည်။ သူတို့အိမ်သည် ကျွန်ုပ်တို့အိမ်နှင့် မဝေးလှပါ။ သူ၏ဖခင်မှာ သုဒ္ဓေါဒန မဟာရာဇာ၏ ညာလက်ရုံး အမတ်ကြီး ဖြစ်ပါသည်။ တစ်ဦးတည်းသော သမီးပေမို့ သူဝါသနာပါသည့် တေးဂီတနှင့် ကဗျာ လက်ာများကို လွတ်လပ်စွာ လေ့လာလိုက်စားခွင့်ရထားပေသည်။ သူ့အမည်ရင်းက ဂေါတမီ။ ကျွန်ုပ်တို့ သက္ကမြို့ရိုး၏ အမည်ကို မိန်းမသားများနှင့် လျောက်ပတ်အောင် ပြုပြင်ကာ အမြတ်တနိုး မှည့်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူသည့် နောက်ဝယ် အယူအဆမတူမျှ ကြသော တိတ္ထိများ၊ ဗြာဟ္မဏများ၊ ပရိဗိုဇ်များက အနွယ်အမည်အတိုင်း 'ဂေါတမ' ဟု တရင်းတနှီး ခေါ်ကြပေသည်။ ကျွန်ုပ်တို့ တပည့် သာဝကများကတော့ 'ဘဂဝါ'ဟု တရိုတသေ ခေါ်ဝေါ်ကြရ၏။ 'ဘဂဝါ' ဟူသည်မှာ လေးစားအပ်သော ဆရာဟု အဓိပ္ပာယ်ရှိပေသည်။

ဂေါတမအနွယ်မို့ ဂေါတမီအမည်မှည့်ထားသော သည်မင်းသမီးလေးမှာ ကိုယ်ခန္ဓာ ပါးပါးလျလျ ဖြစ်၏။ ထို့ကြောင့် သူ့ကိုယ်ခန္ဓာနှင့်လည်း လိုက်လျောစေ၊

http://www.dhammadownload.com

မဟာပဇာပတိ ဂေါတမီနှင့်လည်း ကွဲပြားစေဟူ၍ ရင်းနှီးသူများက ကိသာတစ်လုံးတိုး၍ ခေါ်ဝေါ်ကြရ၏။ ထို့ကြောင့် ဂေါတမီမှ ကိသာဂေါတမီ ဖြစ်လာပေသည်။ သားသေကို အသက်သွင်းရန် လူမသေဘူးသောအိမ်က မုန်ညင်းစေ့ရှာခဲ့ဆိုသော ကိသာဂေါတမီနှင့် တခြားစီ ဖြစ်ပေသည်။

ကိသာဂေါတမီ အမည်တွင်သည့် သည်မင်းသမီးလေးသည် ကိုယ်ခန္ဓာ ပါးပါးလျလျ ဖြစ်သော်လည်း သူ့အထိုက်အလျောက် ကြည့်ပျော်ရှုပျော်ကား ရှိပါ၏။ ပြည့်စုံကုံလုံသော မိဘများကြောင့် စိတ်တိုင်းကျ ပြင်ဆင်နိုင်ပါ၏။ ကောင်းပေ ညွှန့်ပေ ယဉ်ပေဆိုသော အဝတ်တန်ဆာများကို ဝတ်ဆင်နိုင်ပါ၏။ သို့သော် သူ၏ ဂုဏ်သတင်း ကျော်စောခြင်းမှာ ဤအကြောင်းများကြောင့်သာ မဟုတ်ပါ။ ကဗျာ လင်္ကာ သီကုံးဖွဲ့နွဲ့ခြင်း၊ တေးဂီတ သီဆိုတီးခတ်ခြင်းတို့တွင် ဂုဏ်မြောက်အောင် စွမ်းဆောင်နိုင်မှုများက အဓိကအကြောင်းများ ဖြစ်ကြပေသည်။

ဂုဏ်သတင်းကျော်စောသည့် မင်းသမီးဖြစ်သည့်အတိုင်း သက်တူရွယ်တူ ဂုဏ်ရည်တူ မင်းညီမင်းသားများက ချဉ်းကပ်ကြပါ၏။ မေတ္တာလွှာများ ပေးဆက်ကြပါ၏။ သို့ပါလျက် ကိသာဂေါတမီဆိုသည့် သည်မိန်းကလေး၏ မေတ္တာရေစင်က ဘယ်သူ့ပေါ်မှာမှ ယိုဖိတ်၍ မလာချေ။ ကမ်းလင့်လာသူများကို ငြင်းပယ်ရာ၌လည်း တစ်စုံတစ်ရာ တိကျပြတ်သားသော အကြောင်းပြချက်များ မပါချေ။ "မောင်မောင်တို့ မေတ္တာကို မတုံ့ပြန်နိုင်သောကြောင့်"ဟုသာ ချေငံစွာ ပြန်ကြားခဲ့၏။ ကမ်းလင့်လာသူတို့၏ မေတ္တာကို ဤသို့ မတုံ့ပြန်နိုင်ဆို၍လည်း ဤမိန်းကလေးသည် လူ့ဘောင်လောကမှာ ငြီးငွေ့နေသည်လည်း မဟုတ်။ ဝတ်စားဆင်ယင် အလှပြင်၍ ကောင်းတုန်း။ တေးကဗျာ တူရိယာတွေနှင့် တီးခတ်သီဆို၍ ကောင်းတုန်း ဖြစ်၏။ ထို့ကြောင့် သည်မိန်းကလေး၏ အတွင်းစိတ်ဓာတ်ကို တစ်မျိုးစီ တစ်ဖုံစီ အတွေးကြွယ်၍ နေကြရ၏။ တွေးလိုက်တိုင်း အသိရခက်လှသော ပဟေဠိ တစ်ပုဒ်ပါပေ။

ဤနေ့တော့ သည်ပဟေဠိသည် သူ့အလိုအလျောက် အဖြေထွက်လာချေပြီ။ သို့သော် ဤအဖြေကိုမတင်ပြမီ သူကလေး၏ သန္တရသကဗျာကို ဦးစွာဖော်ပြပါရစေ။

ဟင်းလင်းပွင့်ထားသော လေသာပြတင်းမှ မုတ်သုန်လေသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိ၏။ လရောင် ရွှန်းရွှန်းထွန်းလင်းနေသည့်အောက်ဝယ် ဥယျာဉ်ထဲရှိ ပန်းမျိုးစုံက ဖူးပွင့်ဝေဆာ၍ နေကြ၏။ ထိုဥယျာဉ်ရှေ့မှာကား ဖုန်သိပ်နေသည့် မင်းလမ်းမကြီး။ ထိုမင်းလမ်းမကြီးပေါ်မှာလည်း လမင်းတစ်ဆူထွက်ပြူ၍နေဘိ၏။

ကိသာဂေါတမီ၏ ကဗျာသည် ဤပတ်ဝန်းကျင်အခြေအနေနှင့်တကွ သူ၏ စိတ်တွင်းမှာ ရှိလာခဲ့သော ခံစားချက်များကြောင့် ပွင့်အံ့ထွက်ကျလာ၏။ စိမ်းလန်းစိုပြည် ခက်လက်ဝေဆာသော သစ်ပင်ထက်သို့ တေးသီတတ်သောငှက်ကလေး ဝင်နားလိုက်သကဲ့သို့ ဖြစ်ပေသည်။ ဤကဗျာ၏ဦးတည်ချက်မှာ ကျွန်ုပ်တို့

http://www.dhammadownload.com

ရထားပေါ်က လမင်းကြီးပင် ဖြစ်၏။ သို့သော် ဤကဗျာ၏ အရသာကို ကျွန်ုပ်တို့ ဘေးလူများပါ ဝေစုခံ၍ ရရှိနိုင်ပေသည်။

သန္တ ရသကဗျာ

ကောင်းကင်မိုးထက်
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ သားရွှေစင်ကို
ရှုမြင်ရပါ၊ မိမာတာသည်
ပူဆာသိမ်း၍ ငြိမ်းပေလိမ့်။ ။

ကောင်းကင်မိုးထက်
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ သားရွှေစင်ကို
ရှုမြင်ရပါ၊ ဖပိတာသည်
ပူဆာသိမ်း၍ ငြိမ်းပေလိမ့်။ ။

ကောင်းကင်မိုးထက်
ရွှန်းလက်ကြည်သာ၊ စန်းသော်တာသို့
ဤမှာမြေပြင်၊ ရွှေရုပ်သွင်ကို
ရှုမြင်သမူ၊ အိမ်နေသူသည်
"ပူဆာသိမ်း၍ ငြိမ်းပေလိမ့်"
"ပူဆာသိမ်း၍ ငြိမ်းပေလိမ့်"

ကျွန်ုပ်တို့အားလုံးက ကဗျာအချပိုဒ်ကို တညီတညွတ်တည်း လိုက်ဆိုမိကြ၏။ ကဗျာ နာကြားသူများကိုယ်တိုင်က လိုက်မဆိုဘဲ မနေနိုင်အောင်ကောင်းလှသော ကဗျာတစ်ပုဒ်ပါတကား။

အချိန်အခါနှင့်လည်း ညီညွတ်သည်။ ပတ်ဝန်းကျင် အခြေအနေနှင့်လည်း ဟပ်မိသည်။ ကဗျာရွတ်သူ၊ ကဗျာနာကြားသူတို့၏ ထိုစဉ် တစ်ခဏ ရရှိထားသည့် ငြိမ်းအေးမှုကိုလည်း ထိထိမိမိ ဖော်ကျူး၍ ထားပေသည်။

"ဆန္ဒ၊ ဟောသည်လည်ဆွဲရတနာကို ကဗျာရှင်မလေးဆီသွားပေးလိုက်ပါဘိ"

အဖိုးအနှုတ်ထိုက်တန်သော လည်ဆွဲရတနာကို နောင်တော် သိဒ္ဓတ္ထက သန္တ ရသကဗျာတစ်ပုဒ်အတွက် ဆုအဖြစ်ပေးအပ်လိုက်၏။ ဆန္ဒပြန်ဆင်းလာသည်နှင့် ကျွန်ုပ်တို့ ဆက်လက်ထွက်ခွာခဲ့ကြပေသည်။

(ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဇာတကမဟာဝဂ်၊ အပဒါန်
အဋ္ဌကထာ၊ အဝိဒူရေ နိဒါန်း)

http://www.dhammadownload.com

ဤနေ့ ဤရက်တွင်မှ ကပိလဝတ်သို့ ပြန်ရောက်လာသဖြင့် ကိုယ့်ကိုယ်ကို ကံဆိုးလေသလား၊ ကံကောင်းလေသလား မခွဲခြားနိုင်ကြောင်း စောစောက တင်ပြခဲ့ဖူး၏။

ယခုအခါ တရားသဘောဖြင့် ရှုမြင်၍ ဝမ်းသာစရာဖြစ်ခဲ့သော အဖြစ်အပျက်များမှာ ထိုစဉ်တုန်းကမူ ယူကျုံးမရ ကံဆိုးလှသည်ဟု ထင်စရာဖြစ်ခဲ့ရပါသည်။ ကိုယ့်နောင်တော် တစ်ယောက်ဟူသော အစွဲအလမ်းဖြင့် ကျွန်ုပ်တို့က သူ့ကို သည်အသိုက်အဝန်းထဲမှာပင် ထာဝစဉ် နေသွားစေချင်သည်။ သို့သော် သူကား ကျွန်ုပ်တို့နှင့်တကွ ရှိရှိသမျှ ဆွေတော်မျိုးတော်အားလုံး၏ လိုလားချက်ကို မဖြည့်စွက်ပါ။ အကာလ ညသန်းခေါင်ယံဝယ် ကဏ္ဍကမြင်းကိုစီးလျက် ဆန္ဒတစ်ယောက်တည်း နောက်ပါခေါ်ကာ တိတ်တဆိတ် ထွက်သွားပါချေပြီ။

ဤအဖြစ်မှန်ကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် တစ်ဆွေလုံး တစ်မျိုးလုံး အုတ်အုတ်ကျက်ကျက် ငိုကြကြောင်းကို အထူးဖော်ပြနေရန် မရှိပါ။ သို့သော် စောစောက စကားကြွေးကလေး ရှိခဲ့သည်ကိုကား အခွင့်သင့်ခိုက် ပေးရဆပ်ရပါဦးမည်။

ကိသာဂေါတမီ မင်းသမီးလေးသည် ချဉ်းကပ်လာလာသမျှ သကျ မင်းညီမင်းသားတို့ကို မေတ္တာမတုံ့ပြန်ခဲ့။ သို့သော် လောကီလူ့ဘောင်ကို ရွံမုန်းနေသူလည်း မဟုတ်သဖြင့် သူ့အတွက် ပဟေဠိဖြစ်ခဲ့ရကြောင်း စောစောက တင်ပြခဲ့၏။ သိဒ္ဓတ္ထမင်းသားကို ပို့၍ ပြန်အလာတွင်ကား ဤပဟေဠိ၏အဖြေမှန်က အရပ်ထဲမှာ ပျံ့နှံ့၍ လာပါတော့သည်။

နောင်တော် သိဒ္ဓတ္ထသည် သန္တ ရသ ကဗျာတစ်ပုဒ်အတွက် ထိုက်တန်သော ဆုကို ပေးခဲ့၏။ ဤသို့ပေးရ၍ ငြိမ်းချမ်းသာယာ၍နေသော အချိန်ကာလတွင် ငြိမ်းချမ်းသာယာသော ကဗျာကလေးကို ကြားရကာ စိတ်နှလုံး ကြည်လင်အေးမြလှသဖြင့် ကျေးဇူးသိတတ်စွာ ပေးခဲ့ခြင်းသာ ဖြစ်၏။ သည်ထက်ပို၍ ဘာအဓိပ္ပာယ်မျှ မရှိပါချေ။

သို့သော် ဤအပြုအမူသည် ကိသာဂေါတမီ အဖို့မှာကား အဓိပ္ပာယ်တစ်မျိုး ရှိနေပါသတဲ့။ သိဒ္ဓတ္ထ၏ ဇနီးကြင်ယာ ယသော်ဓရာသည် ယခု သားတစ်ယောက် ဖွားမြောက်ပြီးပေပြီ။ သားသည်အမေ ဖြစ်လာပြီမို့ သူ့ဆီမှာ မက်မောစရာ ဂုဏ်အင်္ဂါတွေ မရှိနိုင်တော့ပြီ။ သည်တော့ လက်ရှိဇနီးကို စိတ်ကုန်နေသည့် မင်းသား သိဒ္ဓတ္ထသည် ပျိုပျိုလွင်လွင် သူ့ရုပ်သွင်ကို စိတ်ဝင်စား၍ သွားချေပြီတဲ့။ အုံ့ပုန်းချစ် မိန်းကလေးတစ်ယောက်၏ အတွေးခေါင်မှ တစ်ခုပါတကား။

နောင်တော် သိဒ္ဓတ္ထအပေါ် အုံ့ပုန်းချစ် ချစ်လာခဲ့သဖြင့် ချဉ်းကပ်လာခဲ့သမျှ သက်တူရွယ်တူ ဂုဏ်ရည်တူ မင်းညီ မင်းသားများကို ပယ်လှန်ခဲ့ပြီ။ ယခုတော့ သူအုံ့ပုန်းချစ် ချစ်ခဲ့ရသူကိုယ်တိုင်က တစ်မျိုးတစ်ဆွေလုံးကို စွန့်ပစ်၍ သွားလေပြီ။

http://www.dhammadownload.com

ငိုပေဦးတော့ ကိသာဂေါတမီ၊ သူများတွေထက် နှစ်ဆတိုးပြီး ငိုချင်းကြီးသာ ငိုလိုက်ပေတော့။

(ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝင်တောထွက်ခန်း။
အပဒါန် အဋ္ဌကထာ၊ အဝိဒူရေနိဒါန်း)

ရာဇဂြိုဟ်တွင် ဆွမ်းခံဝင်

နောင်တော် သိဒ္ဓတ္ထနှင့် မြင်းထိန်းအမတ် ဆန္နတို့သည် တစ်ညတာကာလ အတွင်းမှာပင် အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်သွားကြသည် ဆို၏။ အနော်မာ ဟူသည်မှာ ယုတ်ညံ့မှုမရှိ၊ မြင့်မြတ်သောအနက်သဘောကို ဆောင်၏။ မြင့်မြတ်သော မြစ်မင်း အနော်မာ၏ ငွေရောင်လက်သည့် သဲသောင်ခုံထက်ဝယ် ကျွန်ုပ်တို့ နောင်တော် သိဒ္ဓတ္ထ၏ ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်ခဲ့သည်ဟု ဆိုပါ၏။

"ပြန်ပေတော့ ဆန္န၊ ကဏ္ဌကမြင်းနှင့်တကွ တိုင်းတော် ပြည်တော်ကို ပြန်ပေတော့"

ရဟန်းပြုပြီးသည်နှင့် တစ်ပြိုင်နက် အရှင်မြတ် နှုတ်တော်မှ အမိန့်တစ်ခု ထွက်ပေါ်လာပေသည်။

တစ်ချက်လွတ် အမိန့်တော်ဖြင့် နှင်ထုတ်လိုက်ပြီမို့ ဆန္နမှာ မည်သို့မျှ ပြန်၍ မလျှောက်သာ။ ရောင်းရင်းကြီး ကဏ္ဌကနှင့်အတူ မလှမ်းချင် လှမ်းချင်နှင့် ပြန်လာကြရ၏။ သည်အထဲတွင် ကဏ္ဌက မြင်းက အနော်မာ သဲသောင်ခုံမှာပင် သေလွန်ခဲ့ပြန်သဖြင့် တစ်ပူပေါ် နှစ်ပူဆင့်၍ လာရပေသည်။

ဤသည်မှာ ဆန္နအမတ်၏ ပြန်လည်တင်ပြချက်များမှ အချို့အဝက် ဖြစ်ပေသည်။

ဆန္နအမတ်၏မျက်မြင်ကိုယ်တွေ့ တင်ပြချက်များကို ကျွန်ုပ်ကြားနာမှတ်သား ရသမျှ သုတစကားတို့ဖြင့် ဖြည့်စွက် တင်ပြရပါဦးမည်။

အနော်မာမြစ်မင်း၏ ငွေသဲသောင်ခုံထက်ဝယ် ရဟန်းအသွင်ခံယူခဲ့သော အရှင်မြတ်သည် အနုပိယ အမည်ရသော သရက်တောခွ ရဟန်းတို့၏ စည်းစိမ်ကို အေးချမ်းငြိမ်သက်စွာ ခံစား၍ နေခဲ့၏။ ထို့နောက် တစ်စ တစ်စနှင့် ခရီးနှင်ကာ မာဂဓတိုင်း၏ မြို့တော် ရာဇဂြိုဟ်သို့ ဆိုက်ရောက်လာတော့သည်။

(ဗုဒ္ဓဝင် အဋ္ဌကထာ ဂေါတမဗုဒ္ဓဝင်၊
အပဒါန်အဋ္ဌကထာ၊ အဝိဒူရေ နိဒါန်း)

တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ် မြို့တော်တွင်းဝယ် အလောင်းတော် ရဟန်းသည် အိမ်ပေါက်စေ့ ဆွမ်းခံဝင်၍ နေပေသည်။ ငြိမ်သက်သော ဣန္ဒြေဖြင့်

http://www.dhammadownload.com

ကြည်ညိုဖွယ် ဆွမ်းခံနေသော ရဟန်းတော်ကို မဂဓတိုင်းကြီးရှင် ဘုရင် ဗိမ္ဗိသာရသည် နန်းပြာသာဒ်ထက်မှ မမှိတ်မသုန်ဖူးမြော်၍နေပေသည်။ သည်ပုဂ္ဂိုလ်၏ဦးဆောင်မှုဖြင့် မြင့်မြတ်သော သာသနာတော်ကြီးကို နောင်အခါ ပြုရတော့မည်ဟု သူ့စိတ်က သိနှင့်လေသလား မဆိုနိုင်ပါ။

သည်ရဟန်းမှာ မိမိနှင့် အသက်အရွယ် သိပ်ကွာလှမည် မဟုတ်ပေ။ အလွန်ဆုံးဖြစ်နိုင်လျှင် မိမိထက် ငါးနှစ်လောက်သာ ကြီးပေလိမ့်မည်။ ကြည့်ရင်းကြည့်ရင်းနှင့် သည်ရဟန်းတော်၏အပေါ်ဝယ် သူ့စိတ်များက ညွှတ်၍ ညွှတ်၍ ဝင်လာကြ၏။ သို့သော် သူ့အဖို့ သာမန် တိုင်းသူပြည်သားများကဲ့သို့ အလွယ်တကူ မဆုံးဖြတ်သာ။ ကျယ်ဝန်းလှစွာသော တိုင်းနိုင်ငံကြီးကို ဦးဆောင်ဦးရွက် ပြုနေရသည်မို့ ကိစ္စဟူသမျှကို ချင့်ချင့်ချိန်ချိန်သာ လုပ်ရပေလိမ့်မည်။ ထို့ကြောင့် ရဟန်းတော်ရှိရာ ချက်ချင်းလက်ငင်း မသွားသေးဘဲ အမှုထမ်းသုံးဦးကို လွှတ်လိုက်ရ၏။

"အချင်းတို့၊ ဤရဟန်းကို လိုက်ပြီး စုံစမ်းကြ။ ဤရဟန်းသည် ရူပနိကာယ် သဗ္ဗာယ်လှ၏။ အလုံးအရပ် ဖွဲ့ထွားမြင့်မား၏။ ကိုယ်နေကိုယ်ထား သပ်ရပ်သန့်ရှင်း၏။ အကျင့်သိက္ခာနှင့်လည်း ပြည့်စုံ၏။ တောင်မြောက် ဝဲ ယာအရပ်လေးမျက်နှာကို လေးတောင်ခန့်မျှသာ ကြည့်၏။ မျက်လွှာချ၍ သွားခြင်းက မာန်မာနကင်းခြင်းကို ဖော်ပြလျက်ရှိ၏။ သွားချေကြ မောင်မင်းတို့။ ဤရဟန်းကို ကိုယ်တိုင်သိအောင် စုံစမ်းချေကြ"

ဗိမ္ဗိသာရမင်းက စိတ်ရှည်လက်ရှည် အမိန့်ပေး၏။ ကိုယ် နှုတ် နှလုံး သုံးပါးစုံ စောင့်စည်းလျက် ဆွမ်းခံ၍နေသော အလောင်းတော်၏ သပိတ်တွင် မကြာခင် ဆွမ်းများပြည့်လာ၏။ ရလေသမျှ ဆွမ်းများကို သယ်ဆောင်ကာ အလောင်းတော် ရဟန်းသည် ပဏ္ဏဝတောင်ခြေသို့ လှမ်းကြွလာခဲ့၏။

တောင်ခြေရှိ ရေအိုင်တစ်ခုအနီးဝယ် ရလာသမျှ ဆွမ်းများကို မျှတစွာ ဘဉ်းပေးပြီးလျှင် ဗိမ္ဗိသာရမင်းကြီး၏ ရထားသံကို ကြားလိုက်ရ၏။ အလောင်းတော် လှမ်းမြင်ရသောနေရာမှာပင် ရထားကိုရပ်ကာ ဗိမ္ဗိသာရမင်းကြီးသည် ခြေကျင်လျှောက်လာခဲ့၏။ မင်းမှူထမ်းများ၏ စုံစမ်းချက်အရ ဤသူမှာ အယောင်ဆောင်သူတော်ကောင်း မဟုတ်။ ပရိယေသန ဝမ်းစာရေးကြောင့် ရဟန်းပြုလာသူလည်း မဟုတ်။ ဤသူ၏ သွားပုံ လာပုံ ကြည့်ပုံ ရှုပုံတို့ ကလေးရလှသည်ကိုထောက်၍ အောက်တန်းစားလည်း မဖြစ်နိုင်။ ဤသို့ ပြည့်စုံတိကျစွာ သိရသဖြင့် အဆောတလျင် လိုက်လာရခြင်း ဖြစ်ပေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ရဟန်းတော်၏ အထံသို့ ရိုသေစွာချဉ်းကပ်၍ နှုတ်ဆက်စကားများပြောဆိုကာ ရိုသေစွာ လျှောက်ထား၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ အရှင်ဘုရားသည် ပို့မြစ်နုနယ် ပထမအရွယ်မျှသာရှိပါသေး သည်။ အသားအရေ လှပတင့်တယ်ရုံမက လုံးရပ်သဏ္ဌာန်လည်း ပြည့်စုံသူဖြစ် ပါသည်။ ခတ္တိယမျိုးနွယ်ထဲကနှင့် တူပါသည်။ အရှင်ဘုရား ခံစားနိုင်ဖို့ တပည့် တော်က စည်းစိမ်ဥစ္စာများ ပေးအပ်ပါ၏။ အမျိုးအနွယ်ကို အမိန့်ရှိပါဦး အရှင် ဘုရား"

အထက်တန်းစားမိသားစုမှ ဆင်းသက်လာသူမှန်းတော့ သိပြီး ဖြစ်ပါ၏။ သည်အထဲက ဘယ်အမျိုး ဘယ်အနွယ်ဖြစ်ကြောင်း အတိအကျသိလိုသဖြင့် မေးလျှောက် ခြင်း ဖြစ်ပေသည်။

သိလိုရေးနှင့် မေးလျှောက်သည်ကို အလောင်းတော်ကလည်း အပြည့်အစုံ ဖြေကြားပါ၏။ သို့သော် ကမ်းလင့်လာသော စည်းစိမ်များကိုကား လက်မခံပါချေ။

"မင်းကြီး၊ ငါကား ကာမဂုဏ်ကို အလိုမရှိ။ ကာမဂုဏ်မှ လွတ်မြောက်ရေး အတွက်သာလျှင် ရဟန်းပြုလာခဲ့၏။ ကာမဂုဏ်မှ ထွက်မြောက်ရာကို မျက်မှောက်ပြု နိုင်သော ဤအကျင့်၌ ငါ မွေ့လျော် ပျော်ပိုက်၍ နေပေပြီ"

"ကောင်းလှပါပြီ အရှင်ဘုရား၊ အရှင်ဘုရား အလိုရှိရာ ပန်းတိုင်သို့ ရောက်သည့်အခါမှာသာ တပည့်တော်တို့ တိုင်းပြည်သို့ ကြွလာတော်မူပါ"

သမဏဘောင် ရောက်လာချိန်တွင် ပထမဦးစွာ လျှောက်လာသော ဒါယကာတစ်ဦးအား အလောင်းတော်က ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံကတိပေး လိုက်ပြီး ဖြစ်ပေသည်။

(သုတ္တနိပါတ်၊ မဟာဝဂ်၊ ပဗ္ဗဇ္ဇာသုတ်)

အိုဘယ် ယသော်ဓရာ

ရဟန်းတော် သိဒ္ဓတ္ထသည် မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရ၏ ကမ်းလှမ်းချက် ကိုပင် ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ချေပြီ။ ဤသတင်းကို ကြားရသဖြင့် နောင်တော်သိဒ္ဓတ္ထ နောက်ကြောင်းတစ်ဖန် ပြန်လာလေဦးမလားဟူသော မျှော်လင့် ချက်များ ဆုံးခန်းတိုင်သွားကြပြီ ဖြစ်ပေသည်။

သုဒ္ဓေါဒန မဟာရာဇာနှင့် မဟာပဇာပတိ ဂေါတမီတို့သည် သားတော် အတွက် ကျမျက်ရည်ကို အနိုင်နိုင်သိမ်းဆည်းကာ နိုင်ငံတော်၏ တာဝန်များကို ဣန္ဒြေမပျက် ဆက်လက်ထမ်းဆောင်ကြရ၏။ သည်လိုနေရင်းက သားတော်၏ သတင်းစကားများကို နားစွင့်၍ နေကြရ၏။ ဘုရင် ဗိမ္ဗိသာရ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်စဉ်က မိမိတို့မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရသည်မို့ ဝမ်းနည်းရသည် မှန်ပါ၏။ သို့သော် သက္ကတို့၏ နိုင်ငံငယ်မှ မင်းသားတစ်ပါးသည် အဝှမ်းကျယ်စွာ

http://www.dhammadownload.com

သော တိုင်းပြည်ကြီး၏ ကမ်းလှမ်းချက်ကိုလည်း လက်မခံပါဖေ။ ဤသည်မှာ မိမိတို့နိုင်ငံနှင့် လူမျိုးကို ဂုဏ်တင်ပေးရာရောက်သဖြင့် မျက်ရည်စက်လက်နှင့် ကျေနပ်ကြရ၏။ သားတော်အတွက် မျက်ရည်ကြားက ဂုဏ်ယူရသကဲ့သို့ ချွေးမတော် ယသော်ဓရာအတွက်လည်း ကျမျက်ရည် တွေတွေစီးလျက်ပင်ဂုဏ်ယူကြရပါလေ၏။

လင်ပစ်မလေးတစ်ယောက်အဖြစ် မျက်နှာမငယ်ပါစေနှင့်တော့ဟု ဒေဝဒဟရှိ မိဘဆွေမျိုးများက မိဘရပ်ထံပြန်လာဖို့ ကမ်းလှမ်းကြပါ၏။ လူကိုယ်တိုင်လာ၍ ခေါ်ကြပါ၏။ ယသော်ဓရာကား၊ ကပိလဝတ်က လုံးဝ မခွာလို။ မောင်တော် သိဒ္ဓတ္ထက မိမိနှင့်တကွ သားတော်လေးကိုပါ မတွယ်မတာ စွန့်ခွာသွားခဲ့သော်လည်း မိမိကိုယ်ကိုကား မောင်တော် သိဒ္ဓတ္ထ ပိုင်ဆိုင်သူတစ်ယောက် ဟူ၍သာ သတ်မှတ်ထား၏။

တစ်ဦးသောသူက မပိုင်ချင် မဆိုင်ချင်တော့၍ လွတ်ရာ ကျွတ်ရာသို့ မျက်နှာလွှဲ၍ သွားခဲ့ပါ၏။ တစ်ယောက်သောသူကတော့ ထိုသူရှိရာသို့ မျက်နှာမူကာ ထိုသူနှင့် တစ်စုံတစ်ရာ ပတ်သက်နေသေးသကဲ့သို့ မှတ်ယူနေဘိ၏။

အလောင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ်စွန့်ကာ ဖန်ရည်ဆိုး အဝတ်များ ဝတ်ဆင်ပြီဟု ကြားသိချိန်မှစ၍ သူကလည်း ဖန်ရည်ဆိုးအဝတ်များကို ဝတ်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမစား၊ နံနက်စာတစ်ထပ်တည်းသာ စားတော့ကြောင်း သိရသည်တွင် သူကလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲ၍နေခဲ့၏။

အလောင်းမင်းသားက ခုတင်ညောင်စောင်းမပါ၊ မြေပေါ်မှာအိပ်နေတော့သည် ဆိုသဖြင့် သူကလည်း ကြမ်းပေါ်မှာ အိပ်ခဲ့၏။

အလောင်းတော်မင်းသားသည် ပန်းနံ့သာ လိမ်းကျံခြင်း မရှိတော့သဖြင့် သူကလည်း မိန်းမသားတို့၏ သည်းခြေကြိုက် လိမ်းစရာ ခြယ်စရာများကို ပယ်စွန့်၍ ထားလိုက်၏။

မျက်ရည်ကြားက ဂုဏ်ယူရသည့် ယသော်ဓရာ။ သည်လို ဂုဏ်ယူစရာ လင်အပေါ် တွယ်တာလှသော ယသော်ဓရာကြောင့်ပင်လျှင် လူကြီးမိဘများ ရင်ထုမနာ ဖြစ်ကြရပေသည်။

သူ့အတုကိုလိုက်ပြီး ယခုလို အဆင်းရဲ အပင်ပန်းခံခြင်းဖြင့် သူနှင့် တစ်စုံတစ်ရာ အဆက်အသွယ်ရှိနေသေးသည်ဟု ထင်နေဟန်ရှိပါ၏။ သည်အထင်ဖြင့်

http://www.dhammadownload.com

ကိုယ့်စိတ်ကို ဖြေနေဟန်ရှိပါ၏။ စွန့်ခွာသူက ဥရဝေလတောကြီးတွင် ယခု သဲကြီးမဲကြီး ကြိုးစားအားထုတ်၍ နေချေပြီ။ ဤသို့ ကြိုးစားခြင်းမှာ သင်နှင့်တကွ လောကကြီးတစ်ခုလုံးကို အပြီးအပိုင် ပယ်စွန့်နိုင်ရန် ဖြစ်၏။

အိုဘယ့် ယသော်ဓရာ၊ အိုဘယ့် လွမ်းဆွတ်သူ။ ဤအချက်မှာတော့ သင် အတူလိုက်၍ ကျင့်နိုင်ပါဦးမည်လော။

(အပဒါန် အဋ္ဌကထာ၊ သန္တိကေ နိဒါန်း။
ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဂေါတမ ဗုဒ္ဓဝင်)

ခမည်းတော်၏ အလွမ်းဖြေစကား

ဥရဝေလတောကြီးသို့ အလောင်းတော်ဝင်သွားပြီးနောက် ရံဖန်ရံခါမှသာ သတင်းများရောက်လာပါတော့သည်။ အချို့သတင်းများမှာ အလောင်းတော် စကြဲဦးမှာ အားပြတ်၍ လဲနေသည်ဟု ဆိုကြ၏။ အချို့သတင်းများကတော့ လဲနေခြင်းမဟုတ်။ ရဟန္တာဖြစ်သွား၍ မလှုပ်မယှက် နေသည်ဟု ဆို၏။ အချို့ သတင်းများကတော့ လဲရာက ပြန်မထတော့ဘဲ သေဆုံးပြီဟု ဆို၏။

ခမည်းတော် သုဒ္ဓေါဒန မဟာရာဇာကတော့ ရည်မှန်းထားသည့်ပန်းတိုင် မရောက်မချင်း သူ့သားတော် မသေနိုင်ဟု ယုံကြည်ထား၏။ သို့ရာတွင် သားတော် သေလုမျောပါး အခြေအနေထိအောင် အပြင်းအထန် ဒုက္ခခံ၍ကျင့်နေ ကြောင်းကား ပေါ်လွင်၍ နေပါပြီ။

ကပိလဝတ်မှာ ကျန်ရစ်ကြသော ကျွန်ုပ်တို့ ညီတော်နောင်တော်များမှာ အလောင်းတော်ဆီ လိုက်သွားဖို့ တကဲကဲ ဖြစ်နေကြ၏။ တောထဲ တောင်ထဲမှာ ဆွေမရှိ၊ မျိုးမရှိ အတီဒုက္ခခံစားနေရမည့် မိမိတို့နောင်တော်၊ မိမိတို့ညီတော်အား ဝိုင်းဝန်း ပြုစုနေကြဖို့ စိမံကြ၏။

ဤသို့ စိမံလိုက်တိုင်းပင် သုဒ္ဓေါဒန မဟာရာဇာက တားမြစ်ခဲ့ပေသည်။

"ငါ၏ တူတော် သားတော်တို့၊ သားတော်သိဒ္ဓတ္ထ တစ်ဦးတည်း ထွက်ခွာ သွားခြင်းမှာ လွတ်လပ်စွာ တရားရှာလို၍ပင် ဖြစ်သည်။ တရားပေါက်ပိုင် သိမြင် နိုင်ရေးကို အလေးထားသောကြောင့်သာလျှင် ဆွေမျိုးမိဘများနှင့် ဝေးရာသို့ သွားခဲ့ခြင်း ဖြစ်သည်။ တိုင်းပြည်မြို့ရွာ သံယောဇဉ်ကင်းရာသို့ တမင်တကာ ရွေးချယ်၍ သွားခဲ့ခြင်း ဖြစ်သည်။ သည်က သွေးချင်းသားချင်း သံယောဇဉ် မကင်းသူများက သွား၍ ပြုစုကြလျှင် သူ့စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်နိုင်သည်။ သည်တော့ သည်အသိုက်အဝန်းက လူဆိုလျှင် သူ လုံးဝ လက်ခံမည် မထင်။ မောင်ဆန်ကို အမိန့်သံပြင်းပြင်းနှင့် နှင်ထုတ်ခဲ့ပြီ မဟုတ်ပါလား။

http://www.dhammadownload.com

"သို့သော်လဲ တူတော် သားတော်တို့၊ သင်တို့နောင်တော်၊ သင်တို့ညီတော် အတွက် စိတ်သက်သာစရာတစ်ခု ပြောပြနိုင်ပါပြီ။ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ ဟူသော ပုဏ္ဏား ငါးယောက်တို့သည် ငါတို့၏ ကပိလဝတ် နန်းတော်ကို စွန့်ခွာ၍ ဥရုဝေလတောသို့ လိုက်ပါကာ ရဟန်းပြုကြလေပြီ။ ထို ပဉ္စဝဂ္ဂီရဟန်းများက သားတော်ရဟန်းနှင့် အတူရှိနေကြောင်း သတင်းကောင်းတစ်ခု ရောက်၍ လာပါပြီ။ ပဉ္စဝဂ္ဂီရဟန်းများက သားတော်ကို ဆွမ်းခံ၍ ကျွေးကြသည်။ ရေပူရေချမ်း ကမ်းလှမ်းကြသည်။ ခြေဆုပ်လက်နယ်ပြုကြသည်။ ဆွေမတော် မျိုးမဆက် တရားနာရန် မျှော်လင့်ချက်ဖြင့် ပြုစုနေကြခြင်း ဖြစ်ပေသည်။

"ငါတို့ အသိုက်အဝန်းကို သူ စွန့်ခွာသွားသည့်အခါ ငါတို့မှာ ဟာလာ ဟင်းလင်း ဖြစ်နေရစ်ကြ၏။ စွန့်ခွာသူ ကိုယ်တိုင်မှာတော့ သံယောဇဉ်မဖက်သည့် အသိုက်အဝန်းက ရှိမြဲပင့် ရှိနေပေသည်။ သည်တော့ ခမည်းတော်ကိုယ်တိုင်လည်း သားတော်အပေါ် သဘောပေါက်လာပြီ။ နားလည်လာပြီ တူတော် သားတော်များ။

"ငါ၏သားတော် သိဒ္ဓတ္ထသည် ငါတို့ သကျများအတွက် သက်သက် မဟုတ်။ ငါတို့၏ အမျိုးအနွယ် နယ်နိမိတ်ကို ကျော်လွန်၍ သွားချေပြီ။ ကမ္ဘာ မြေပြင်ပေါ်ရှိ လူသားမျိုးနွယ်အားလုံးအတွက် ဖြစ်နေချေပြီ။ ယခုလက်ရှိ လူသား မျိုးနွယ်များ၊ လာလတ္တံ့သော လူသားမျိုးနွယ်များအတွက် အဖိုးမဖြတ်နိုင်သည့် ကျောက်မျက်ရတနာတစ်ဆူကို ငါတို့များ ပေးလိုက်ကြရပေပြီ"

"သည့်အတွက် ငါတို့သကျများ ဂုဏ်ယူကြပါစို့။ သားတော်၏ သတင်းများ ကို နားစွင့်၍ နေကြပါစို့"

(မရှိမပဏ္ဍာသ၊ ဗောဓိရာဇကုမာရသုတ်)

တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍

ဥရုဝေလတောကြီးသို့ ကျွန်ုပ်တို့တစ်တွေ လိုက်ပါခွင့် မရှိခဲ့ပြီ။ ထိုအရပ် ထိုနယ်မြေမှာလည်း ကျွန်ုပ်တို့၏ မိတ်ဆွေရင်းချာများ မရှိပြီ။ ထို့ကြောင့် နောင်တော်ဘုရား တရားကျင့်ပုံ၊ အတိဒုက္ခခံစားရပုံများကို ကျွန်ုပ်တို့ ကပိလဝတ် မြို့တော်မှ တိကျခိုင်လုံသော သတင်းများ မရနိုင်တော့ပါ။ ဘုရားအဖြစ် ရောက် တော်မူပြီးနောက် ဗောဓိမင်းသား၏ အိမ်တက်မင်္ဂလာတွင် ဘုရားရှင် ကိုယ်တော် တိုင်က ဇာတ်ကြောင်းပြန် ဟောကြားတော်မူခါမှ ကျွန်ုပ်တို့ ပြည့်ပြည့်စုံစုံ သိခွင့် ရကြပေသည်။ ဗောဓိမင်းသားအား ဘုရားရှင်က ဤသို့ ဟောကြားတော်မူပေ သည်။

"မင်းသား၊ တောထွက်လာစဉ်က ငါ၏ အသက်အရွယ် ငယ်ငယ်သာရှိသေး ၏။ ငါ၏ ဆံပင်များသည် ဖြူ နီ ကြောင် ကျား မရှိ၊ နက်မှောင်၍ နေကြ၏။

http://www.dhammadownload.com

တစ်သက်တာ၏ ပထမပိုင်းအချိန်အရွယ် ကောင်းတုန်းဝယ် မျက်ရည်ဧက်လက် ရှိနေကြသော မိဘ ဆွေမျိုးများကို စွန့်ခွာ၍ လာခဲ့၏။ ဆံမုတ်ဆိတ်ကို ပယ်ကာ ဖန်ရည်ဆိုးသည့် အဝတ်သင်္ကန်းများ ဝတ်ဆင်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

"လူ့ဘောင်စွန့်ခွာ လွတ်ကြောင်းရှာ၍ လာခဲ့သော ငါသည် ပထမဦးစွာ အာဠာရ ကာလာမထံ ချဉ်းကပ်ခဲ့၏။ သူ၏ တရားလမ်းစဉ်အတိုင်း ကျင့်သုံးခွင့်ပြု ပါရန် ပန်ကြားခဲ့၏။ အာဠာရ ကာလာမက ငါ့ကို လိုလိုချင်ချင် ဖိတ်ခေါ်ကာ သူ၏ တရားလမ်းစဉ်များကို သင်ကြားစေ၏။ အတန်အသင့် သင်ကြားရုံမျှဖြင့်ပင် အာဠာရ ကာလာမသည် အပြောမဟုတ်၊ ဤတရားလမ်းစဉ်ကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်ထားသူဖြစ်ကြောင်း ငါ ယုံကြည်စိတ်ချခဲ့၏။

"အာဠာရကာလာမ၏ အထွတ်မြတ်ဆုံးတရားသည် အကိဉ္စညာယတနစျာန် ဖြစ်၏။ အရူပစျာန် လေးပါးမှ တတိယစျာန် ဖြစ်၏။ ဤစျာန်သို့ ဆရာဖြစ်သူနှင့် ထပ်တူထပ်မျှ ရောက်ရှိလာသော ငါသည် ဆရာဖြစ်သူထံ ဤအကြောင်းကို ပြောကြားခဲ့၏။ အာဠာရ ကာလာမ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေသည်။

'ငါ့ရှင်၊ ငါ့မှာ အရတော်လေစွ၊ သီတင်းသုံးဖော်တစ်ဦးကို အရထူးလေစွ။ ငါသိသောတရားကို သင်သိ၏။ သင်သိသောတရားကို ငါသိ၏။ ငါသည် သင်နှင့် တူဘိ၏။ သင်သည်လည်း ငါနှင့် တူဘိ၏။ ကောင်းပြီ။ သည်အချိန်မှစ၍ သည်တပည့် ပရိသတ်ကို ငါတို့နှစ်ပါး အတူပေါင်းပြီး ဦးဆောင်ကြပါစို့'

"မင်းသား၊ ထိုသို့ ဦးစားပေးခဲ့ငြားလည်း အာဠာရ ကာလာမထံမှ ငါသည် စွန့်ခွာ၍လာခဲ့၏။ ငါရှာနေသည့် တရားက ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရား။ သည်မှာ အလွန်ဆုံးရနိုင်လျှင် အာကိဉ္စညာယတနစျာန်မျှသာ။ ထိုစျာန်မျှဖြင့် အားမရ မတင်းတိမ်၍ တရားရှာ ထွက်လာခဲ့ပြန်လျှင် ဥဒက ရာမပုတ္တနှင့် တွေ့ရပြန်၏။

"မင်းသား၊ ဥဒက ရာမပုတ္တထံမှလည်း ငါသည် နေဝသညာ နာသညာယတန စျာန်ကို ရခဲ့ပြန်၏။ အရူပစျာန်လေးပါးမှ နောက်ဆုံးစျာန်ဖြစ်၏။ လောကီစျာန် ဟူသမျှတို့၏ အထွတ်အထိပ်လည်း ဖြစ်၏။ သို့ရာတွင် ချုပ်ငြိမ်းရာတရားကို ရှာလိုသေးသဖြင့် ဥဒက ရာမပုတ္တကိုလည်း စွန့်ခွာ၍ လာခဲ့၏။

"ဟိုမှာသည်မှာ တရားရှာ၍ တွေ့လိမ့်နိုးနိုးဖြင့် ငါသည် မဂဓတိုင်းတစ်ခွင် လှည့်လည်၍နေရာ တစ်နေ့သောအခါ ဥရုဝေလတောအုပ်သို့ ဆိုက်ရောက်လာ၏။ သေနာနိဂုံးသို့ ချဉ်းကပ်လာ၏။ သည်အရပ် သည်မြေ အနေအထားသည် မွေ့လျော်ဖွယ်ရှိ၏။ တောအုပ်ကလည်း တင့်တောင်းတင့်တယ်ရှိ၏။ ငြိမ့်ငြိမ့်သာသာ စီးဆင်းနေသော မြစ်ငယ်တွင် ရေသည် သန့်ရှင်းကြည်လင်၏။ ဆိပ်ကမ်းသည်

http://www.dhammadownload.com

ပြေပြေလျော်လျော်ရှိ၏။ ပတ်ဝန်းကျင် တစ်ဝိုက်မှာလည်း ဆွမ်းခံရွာများရှိနေကြ၏။ သည်နေရာကား တရားအားထုတ်ဖို့ အကောင်းဆုံးပေတည်း။

"မင်းသား၊ ဤသို့တရားအလုပ် အားထုတ်စဉ်ဝယ် ဥပမာသုံးမျိုး ထင်မြင်လာကြ၏။ ရှေးယခင်က တစ်ကြိမ် တစ်ခါမျှ မထင်လာခဲ့ဖူးသော ဥပမာများဖြစ်ကြ၏။

"မင်းသား၊ သင့်ကို ဥပမာတစ်ခု ပေးပါရစေ။ လူတစ်ယောက်သည် စိုလည်းစို၍ ရေထဲမှာနှစ်ထားခဲ့သော ထင်းချောင်း၌ ပွတ်ကျည်ကို တင်၍ ပွတ်လျှင် မီးထွက်လာမည်လား"

"မလာနိုင်ပါဘုရား။ ပင်ပန်းရုံသာ ဖြစ်ပါလိမ့်မည်"

"မင်းသား၊ အကြောင်းမည်သို့ ရှိသနည်း"

"အရှင်ဘုရား၊ သူ မီးပွတ်သော ထင်းချောင်းသည် စိုလည်း စိုပါ၏။ ရေထဲမှာလည်းနှစ်ထားခဲ့ပါ၏။ ထိုအကြောင်း နှစ်ပါးစုံကြောင့် ဖြစ်ပါသည် ဘုရား"

"မင်းသား၊ များလှစွာသော သမဏဗြာဟ္မဏတို့သည် ထို့အတူသာပင် ဖြစ်ကုန်၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ်မှာ ကပ်ငြိနေကြ၏။ကာမဂုဏ်အာရုံ ဆာလောင်မွတ်သိပ်ခြင်းတို့ကိုလည်း ကိုယ်ပိုင် အသိဉာဏ်ဖြင့် မပယ်နိုင်၊ မငြိမ်းနိုင် ဖြစ်နေကြ၏။ ထိုသူတို့သည် ပြင်းထန်စွာ ကြိုးစားကြ၍ ဒုက္ခကြီးစွာ ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာ အသိဉာဏ်ကို မရနိုင်။

"မင်းသား၊ နောက်ဥပမာတစ်ခု ပေးပါရစေ။ လူတစ်ယောက်သည် ရေထဲမှာနှစ်မထားခဲ့သော ထင်းစိုစိုကို ပွတ်ကျည်တွင်တင်၍ မီးပွတ်လျှင်ကော မီးထွက်လာမည်လား"

"မလာနိုင်ပါ ဘုရား။ ပင်ပန်းရုံသာ ရှိပါလိမ့်မည်"

"မင်းသား၊ အကြောင်းမည်သို့ ရှိသနည်း"

"အရှင်ဘုရား၊ သူ မီးပွတ်သော ထင်းချောင်းသည် ရေထဲမှာနှစ်မထားခဲ့သည်ကား မှန်ပါ၏။ သို့သော် ထင်းစိုဖြစ်၍ နေပါသည်။ ထိုအကြောင်းကြောင့် ဖြစ်ပါသည် ဘုရား"

"မင်းသား၊ များစွာသော သမဏ ဗြာဟ္မဏတို့သည် ထို့အတူသာလျှင် ဖြစ်ကုန်၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ်တို့မှ ခွာရှဲ၍ နေကြ၏။ သို့သော် ကာမဂုဏ်အာရုံ ဆာလောင်မွတ်သိပ်ခြင်းတို့ကိုမူ ကိုယ်ပိုင် အသိဉာဏ်ဖြင့် မပယ်နိုင်၊ မငြိမ်းနိုင် ဖြစ်နေကြ၏။ ထိုသူတို့သည် ပြင်းထန်စွာ ကြိုးစား၍ ဒုက္ခကြီးစွာ ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာ အသိဉာဏ်ကို မရနိုင်။

http://www.dhammadownload.com

"မင်းသား၊ နောက်ဥပမာတစ်ခု ပေးပါရစေ။ လူတစ်ယောက်သည် ရေမစိုသော ထင်းခြောက်ပေါ်တွင် ပွတ်ကျည်ကို တင်၍ မီးပွတ်လျှင် မီးထွက်လာမည်လား"

"မှန်ပါ။ ထွက်လာပါလိမ့်မည် ဘုရား"

"မင်းသား၊ အကြောင်းမည်သို့ ရှိသနည်း"

"အရှင်ဘုရား၊ သူမီးပွတ်သော ထင်းချောင်းသည် ခြောက်လည်းခြောက်သွေ့နေပါသည်။ ရေနှင့် လွတ်ရာ ဝေးရာမှာလည်း ထားခဲ့ပါသည်။ ထိုအကြောင်းနှစ်ပါးစုံကြောင့် ဖြစ်ပါသည် ဘုရား"

"မင်းသား၊ ထို့အတူသာဖြစ်သော သမဏ ဗြာဟ္မဏတို့သည် မြောက်မြားစွာ ရှိကြ၏။ သူတို့သည် ကိုယ်ရောစိတ်ပါ ကာမဂုဏ်တို့မှ ခွာရှဲ၍လည်း နေကြ၏။ ကာမဂုဏ်အာရုံ ဆာလောင်မွတ်သိပ်ခြင်းတို့ကိုလည်း ကိုယ်ပိုင် အသိဉာဏ်ဖြင့် ပယ်ပြီး ငြိမ်းပြီး ဖြစ်ကြ၏။ ထိုသူတို့သည် ပြင်းထန်စွာ ကြိုးစား၍ ဒုက္ခကြီးစွာ ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာ အသိဉာဏ်ကိုရနိုင်ကြ၏။

"မင်းသား၊ ထိုသို့စဉ်းစားခဲ့ပြီးနောက် ငါသည် သွားကို သွားနှင့်ကြိတ်ကာ အာခေါင်ကို လျှာဖျားထာက်လျက် အကုသိုလ်စိတ်များကို ဖိနှိပ်ကြိတ်ချေခဲ့၏။ အကုသိုလ်များခြောက်ခန်းသွားအောင် ကြိုးစားခဲ့၏။ ထိုအခါ အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်က အားမရှိသောယောကျ်ားတစ်ယောက်ကို ဖိနှိပ်ကြိတ်ချေပူလောင်စေသကဲ့သို့ ဝေဒနာပြင်းစွာ ခံစားရ၏။ ချိုင်းကြားမှ ချွေးများထွက်လာ၏။

"မင်းသား၊ ထို့နောက် ငါသည် အသက်မရှူဘဲ ချုပ်တည်း၍ နေခဲ့၏။ ထွက်လေ ဝင်လေများ မထွက်မဝင့်နိုင်အောင် ပါးစပ်ရော နှာခေါင်းပါ ပိတ်ပင်ထားခဲ့၏။ ထိုအခါ ဖားဖိုကြီးမှ ကြီးစွာသော လေသံ ထွက်လာသကဲ့သို့ နားထဲမှ အသံကြီးစွာ ထွက်ပေါ်လာ၏။

"မင်းသား၊ ငါသည် ထိုအကျင့်ကိုပင် ဆက်လက်၍ ကျင့်ခဲ့၏။ ပါးစပ်နှင့် နှာခေါင်းသာမက နားကိုပါ ပိတ်ပင်၍ ထားလိုက်၏။ ထိုအခါ ဆောက်သွားထက်ထက်ဖြင့် ဦးခေါင်းကို ထိုးဆွဘိသကဲ့သို့ အတွင်းလေတို့က ဦးခေါင်းကို ထိုးဆွလာကြ၏။

"မင်းသား၊ ငါသည် ထိုအကျင့်ကိုပင် ဇွဲလုံ့လကြီးစွာ ဆက်လက်ကျင့်ခဲ့၏။ ပါးစပ် နှာခေါင်းနှင့် နားများကို ပိတ်မြဲတိုင်း ပိတ်၍ ထားခဲ့၏။ ထိုအခါ အားကောင်းမောင်းသန်ယောကျ်ားတစ်ယောက်က အခြားတစ်ယောက်၏ ခေါင်းတွင် သားရေကြိုးဖြင့် အလွန်အမင်း တင်းကျပ်စွာ ချည်နှောင် ရစ်ပတ်သကဲ့သို့ဦးခေါင်း ဝေဒနာများ ခံစားလာရ၏။

http://www.dhammadownload.com

"မင်းသား ငါသည် ထိုမျှနှင့်ပင် အလျှော့မပေးသေးဘဲ ဤအကျင့်ကို ဆက်လက်၍ ကျင့်ခဲ့၏။ လေထွက်ပေါက်များကို ပိတ်မြဲတိုင်း ပိတ်ပင်ထားခဲ့၏။ ထိုအခါ နွားသတ်သမား၏ ဓားထက်ထက်သည် ဝမ်းတွင်းသားများတို့ကို လှီးဖြတ်ဘိသကဲ့သို့ အတွင်းလေတို့က ဝမ်းဗိုက်ကို ထိုးကျင့်ကြကုန်၏။

"မင်းသား၊ ထိုမျှဖြင့် မဆုတ်မနစ်သော ငါသည် ဤအကျင့်ကို ဆက်လက်ကျင့်ခဲ့၏။ လေထွက်ပေါက်များကို ပိတ်မြဲတိုင်း ပိတ်ပင်ထားခဲ့၏။ ထိုအခါ အားကောင်းမောင်းသန် ယောကျ်ားနှစ်ယောက်က အားသေးသော ယောကျ်ားတစ်ယောက်ကို လက်မောင်းမှ ကိုင်ဆွဲကာ မီးကျီးတွင်းရဲရဲမှာ ကင်ကြဘိသကဲ့သို့ ငါ၏ တစ်ကိုယ်လုံး အလွန်အမင်း ပူလောင်၍ နေပေသည်။

"မင်းသား၊ ငါသည် ထိုမျှဖြင့် အားမရသေးဘဲ အစားအစာကို လျှော့၍ လျှော့၍ စားလာခဲ့၏။ ပဲပြုတ်ရည်၊ ဟင်းရွက်ပြုတ်ရည် လက်တစ်ခုပ်စာမျှသာ စားသုံး၏။ ထိုသို့ အစားအစာနည်းပါးစွာ စားသုံးလာသဖြင့် ငါ၏ ခန္ဓာကိုယ်သည် အလွန်အလွန် ပင်ပန်းလှ၏။ ငါ၏ အင်္ဂါကြီးငယ်တို့သည် နွယ်ပုတ်နွယ်ငန်း၏ အဆစ်ကဲ့သို့ ဖြစ်ကုန်၏။ ငါ၏ တင်ပါးတို့သည် ကုလားအုပ်ခြေထောက်ကဲ့သို့ တွန့်လိမ် ရှုံ့တွနေကြ၏။ ငါ၏ခါးရိုးဆစ်တို့သည် ပုတီးလုံးများကဲ့သို့ နိမ့်မြင့်မညီ ရှိနေကြ၏။ ငါ၏ နံရိုးတို့သည် ဇရပ်ပျက်၏ အခြင်ရနယ်များကဲ့သို့ ဖရိုဖရဲ ဖြစ်နေကြ၏။ ငါ၏ မျက်လုံးတို့သည် ရေတွင်းထဲက ကြယ်တာရာအရိပ်ကဲ့သို့ လွန်မင်းစွာ နက်ရှိုင်း၍ နေကြ၏။ ငါ၏ ဦးခေါင်းသည် နေခြောက်လှန်းထားသော ဘူးသီးနုကဲ့သို့ မြင်မကောင်း ရှုမကောင်း ဖြစ်နေ၏။

"မင်းသား၊ ထိုမျှလောက် အပြင်းအထန် လေ့ကျင့်ခဲ့သော ငါသည် ဝမ်းဗိုက်ရေဟူ၍ သုံးသပ်သည့်အခါ ခါးရိုးကို သုံးသပ်မိ၏။ ခါးရိုးဟူ၍ သုံးသပ်သည့်အခါ ဝမ်းဗိုက်ရေကို သုံးသပ်မိ၏။ ဝမ်းဗိုက်ရေသည် ခါးရိုးမှာ ကပ်၍ နေချေပြီ။ ကျင်ကြီးကျင်ငယ် စွန့်မည်ပြုသောအခါ ထိုနေရာမှာပင် မှောက်လျက် လဲကျလေတော့သည်။ ထိုမှ မိမိဘာသာ သက်သာအောင်ပြု၍ ကိုယ်ပေါ်မှာ လက်နှင့်စမ်းလိုက်သောအခါ အမြစ်ဆွေးနေသော အမွေးများ ကျွတ်ပါလာကြလေတော့သည်"

(မရှိမပဏ္ဍာသ၊ ဗောဓိရာဇကုမာရသုတ်)

ခါတော်တစ်ဖုံ ပွင့်ချိန်ကြုံက

ခန္ဓာကိုယ်တစ်ခုလုံး ညက်ညက်ကြေ၍ သေလုမျောပါးခံစားခဲ့ရသော ဒုက္ခဝေဒနာများမှာ ထိုစဉ်က အထင်မှားခဲ့မှု၏ ရလဒ်ဖြစ်ပေသည်။ ချမ်းသာသည့်

http://www.dhammadownload.com

အကျိုးတရားကို ချမ်းသာသောအကျင့်ဖြင့် မရနိုင်။ ဆင်းရဲပင်ပန်းစွာ ပင်ပန်းခြင်း တကာတို့ထက် လက်လှမ်းမမိနိုင်လောက်အောင် အဆင်းရဲ အပင်ပန်းခံနိုင်မှ ရနိုင်မည်ဟု ထင်မှတ်မှားခဲ့၍ ဖြစ်ပေသည်။

ဤအမှားလမ်းစဉ်ကြီးကို ခြောက်နှစ်တိုင်တိုင် ကျင့်မိခဲ့သဖြင့် ဤအခြေအနေ သို့ ရောက်လာခဲ့၏။ သည်ထက်သည်တိုး၍ ကျင့်လိုက်လျှင်တော့ တရားမမြင်ဘဲ သေပွဲဝင်ရုံသာ ရှိတော့သည်။ ရှေ့သို့ အသေခံကာ ဇွတ်မှိတ်၍ တိုးမည်လော။

အလောင်းတော်အတွက်ရော ကမ္ဘာလောကကြီးအတွက်ပါ ကုသိုလ်ကံထောက်မလိုက်သည်ဟု ဆိုရပါတော့မည်။ အဆင်းရဲ အပင်ပန်းခံသည့်လမ်းစဉ်မှားကြီးကို လက်စွမ်းကုန်ကျင့်ခဲ့ပြီး၍ မသေရုံတစ်မည်ကျန်နေသော အလောင်းတော်သည် ထိုနေ့တွင် ထိုရက်တွင် စိုက်လိုက်မတ်တတ် ကျင့်လာခဲ့သော အကျင့်များကို ပြန်လည် သုံးသပ်မိပေသည်။

ဤအထဲက မှတ်သားစရာကောင်းသည်မှာ ပဉ္စဝဂ္ဂိငါးဦးတို့၏ သဘောထား ပင် ဖြစ်ပါ၏။ အစတုန်းက ပဉ္စဝဂ္ဂိငါးဦးတို့သည် အလောင်းတော်ကို ဝိုင်းဝန်း၍ ပြုစုခဲ့ကြ၏။ ဒုက္ကရစရိယာ ကျင့်စဉ်များကို စံချိန်တိုး၍ တိုး၍ ကျင့်လေတိုင်း တရားပေါက်ခါနီးပြီထင်ကာ ကျေနပ်အားရ၍ နေကြ၏။ သို့သော် အလောင်းတော်က မိမိအမှားကို မိမိဘာသာသဘောပေါက်၍ လမ်းစဉ် ပြောင်းလိုက်သောအခါတွင်ကား သူတို့ငါးဦးသည် အလောင်းတော်ကို ကျောခိုင်း၍ သွားကြလေတော့သည်။ ဤအကြောင်းများကို ဘုရားရှင်က ဗောဓိမင်းသားအား ဤသို့ ဆက်လက်၍ ဟောတော်မူပေသည်။

"မင်းသား၊ ထိုသို့ မသေရုံတစ်မည်ကျန်ခဲ့သော ငါသည် ဤသို့ စဉ်းစားမိ၏။ 'အတိတ်ကာလက မိမိဘာသာလုံ့လပြု၍ ဒုက္ခဝေဒနာကြီးကျယ်စွာ ခံစားခဲ့ကြရသော သမဏ ဗြာဟ္မာတို့သည် ယခု ငါခံစားခဲ့ရသလောက်သာ ခံစားနိုင်ကုန်ရာ၏။ အနာဂတ်ကာလမှာလည်း ဤမျှလောက်သာ။ ယခု လောလောဆယ်မှာလည်း သည်ထက်မပိုနိုင်။ သို့ပါလျက် ဆင်းရဲပင်ပန်းလှသော ဤအကျင့်ဖြင့် လောကုတ္တရာတရားထူးကို မရနိုင်ခဲ့။ သည်တော့ တခြားလမ်းများ ရှိပါသေးလေသလား'

"မင်းသား၊ ဤလို ငါ စဉ်းစားလိုက်သောအခါ ငါသည် ခမည်းတော်လယ်ထွန်မင်္ဂလာကျင်းပစဉ်က အဖြစ်တစ်ခုကို သတိရလိုက်မိ၏။ ထိုစဉ်က ငါသည် သပြေပင်ရိပ်ဝယ် နေထိုင်ရင်း ပထမစျာန်ကို ဝင်စား၍နေခဲ့၏။ သည်စျာန်သည် လောကုတ္တရာဉာဏ် ရရေးအတွက် လမ်းကြောင်းများဖြစ်လေမလားဟု တွေးလိုက်မိ၏။ ဤစျာန်ကို အခြေခံသော လမ်းသာလျှင် အမှန်ဖြစ်ကြောင်း ငါ ဆက်လက်သိမြင်လာ၏။ ထို့နောက် ငါသည် သည်စျာန်ချမ်းသာကို ကြောက်များ

http://www.dhammadownload.com

နေသလားဟု ကိုယ့်ကိုယ်ကို ပြန်၍ မေးလိုက်မိ၏။ 'မကြောက်ပါ' ဟု ငါ့ဘာသာ ပြန်၍ ဖြေလိုက်၏။

"မင်းသား၊ ဤသို့ အမေးအဖြေလုပ်ပြီးနောက် ငါ့ခန္ဓာကိုယ်၏အခြေအနေကို ငါ ပြန်၍ သုံးသပ်မိ၏။ ဤတွင် 'မတန်တဆ ဒုက္ခခံစား၍ လာခဲ့ရသော ဤခန္ဓာကိုယ်ဖြင့် ထိုစျာန်ချမ်းသာကို ခံစား၍ မရနိုင်' ဟု သဘောပေါက်လာ၏။ ထို့ကြောင့် ငါသည် ဆွမ်းနှင့် မုန့်များ စားသောက်ကာ ခန္ဓာကိုယ်၏ အားအင်ကို တစ်စတစ်စ မွေးယူရ၏။

"မင်းသား၊ ထိုစဉ်က ပဉ္စဝဂ္ဂီငါးပါးတို့သည် ငါ့ကို ပြုစုလုပ်ကျွေး၍နေကြ၏။ 'ရဟန်းဂေါတမ တရားထူးရလျှင် ငါတို့ကို ပြောကြားလိမ့်မည်' ဟု သူတို့ မျှော်လင့်ထားခဲ့ကြ၏။ ယခုကဲ့သို့ အစားအစာ စားသောက်လိုက်သောအခါမှာကား ပဉ္စဝဂ္ဂီရဟန်းများက ငါ့ကို စွန့်ခွာ သွားကြလေတော့သည်။ 'ရဟန်း ဂေါတမသည် တရားအကျင့်က ထွက်လာခဲ့ပြီ။ လာဘ်လာဘပေါများဖို့ ရွာတကာ ရပ်တကာ လှည့်နေပြီဟု' သူတို့ ယူဆ၍ သွားကြပေပြီ။

"မင်းသား၊ အစားအစာ စားသောက်၍ ခန္ဓာကိုယ်၏ အားအင်ကို မွေးမြူယူပြီးနောက် ငါသည် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို ဝင်စား၏။

"ထိုနောက် ထိုညဉ့်၏ ပထမယံတွင် ပုဗ္ဗေနိဝါသညာဏ်ကိုရခဲ့၏။ ဘဝများစွာ ကျင်လည်ခဲ့ရသမျှကို ပြန်၍ အောက်မေ့နိုင်လေပြီ။ ထိုညဉ့်၏ မချိမယံတွင် ဒိဗ္ဗစက္ခုဉာဏ်ကို ရခဲ့၏။ သတ္တဝါ အနန္တတို့၏ ထိုထိုဘဝသို့ ကံအားလျော်စွာ လားရာ ရောက်ရပုံများကို မျက်ဝါးထင်ထင် သိမြင်နိုင်လေပြီ။

"ဤသို့ လောကီစျာန်များကို အခြေပြုကာ စိတ်သည် တည်ကြည်၏။ စင်ကြယ်၏။ ဖြူစင်၏။ ပူပန်ခြင်း၊ နှောင့်ယှက်ခြင်း ကင်း၏။ နူးညံ့၏။ အမှုဋ္ဌခန့်၏။ တည်ငြိမ်၏။ တုန်လှုပ်ခြင်းမရှိသည့် အဆင့်သို့ရောက်၏။ ထိုအခါ ငါသည် အာသဝတို့၏ ကုန်ရာ ဉာဏ်အလို့ငှာ စိတ်ကို ညွှတ်ပေးလိုက်၏။ ငါသည် ဤကား ဒုက္ခတည်းဟူ၍ ဟုတ်တိုင်းမှန်စွာသိခဲ့လေပြီ။ ဤကား ဒုက္ခ၏ အကြောင်းတည်းဟူ၍ ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။ ဤကား ဒုက္ခချုပ်ရာတည်းဟု ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။ ဤကား ဒုက္ခ ချုပ်ရာချုပ်ကြောင်းလမ်းကြောင်းတည်း ဟူ၍ ဟုတ်တိုင်းမှန်စွာ သိခဲ့လေပြီ။

"ဤသို့သိသော၊ ဤသို့မြင်သော ငါ၏ စိတ်သည် ကာမာသဝမှလည်း လွတ်ခဲ့လေပြီ။ ဘဝါသဝမှလည်း လွတ်ခဲ့လေပြီ။ အဝိဇ္ဇာသဝမှလည်း လွတ်ခဲ့လေပြီ။ လွတ်မြောက်ရာတရား၌ လွတ်မြောက်ပြီဟူ၍ အသိဉာဏ် ဖြစ်ခဲ့လေပြီ။

http://www.dhammadownload.com

"ဇာတိကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုအပ်သော ကိစ္စကို ပြုပြီးခဲ့ပြီ။ ဤနိဗ္ဗာန်ကို ရရေးအတွက် နောက်ထပ် ကျင့်စရာ ပြုစရာမရှိတော့ပြီ။ ဤသို့ ကိုယ်ပိုင် ကိုယ်တိုင် သိခဲ့လေပြီ။

"မင်းသား ဝိဇ္ဇာဉာဏ် သုံးပါးရှိသည့်အနက် တတိယဖြစ်သောဤဝိဇ္ဇာဉာဏ်ကို ထိုညဉ့်၏ ပစ္ဆိမယံတွင် ရရှိခဲ့၏။ အဝိဇ္ဇာကို ပယ်ခဲ့ပြီး ဝိဇ္ဇာဖြစ်ပေါ်လာပြီ။ အမိုက်မှောင်ကို ပယ်ခဲ့ပြီ။ အလင်းရောင်ထွက်ပေါ်လာပြီ။ ဤကား မမေ့မလျော့ လုံ့လကြိုးကုတ် ဟုတ်တိုင်းမှန်စွာ ကျင့်သုံးမှု၏ အကျိုးတရားပေတည်း"

ကမ္ဘာလောကကြီးတစ်ခုလုံးအတွက် ဦးစွာပထမ ထွန်းညှိတော်မူခဲ့သော ဆီမီးတန်ဆောင်ကို ဘုရားရှင်က ဤသို့ ပြည့်ပြည့်စုံစုံ ဟောကြားတော်မူလိုက်ပေသည်။

(မန္ဒိမပဏ္ဏာသ၊ ဟောဓိရာဇကုမာရသုတ်)

"ထိုညဉ့်၏" ဟူ၍ ဘုရားရှင် ရည်ညွှန်းတော်မူသည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ပင် ဖြစ်ပါသတည်း။

ကျွန်ုပ်တို့ သာသနာ့ထုံးတမ်းစဉ်လာအရ နေ့ကူးပြောင်းမှုမှာ အရုဏ်တက်ချိန်တွင် ဖြစ်ပါသည်။ လောကီအသုံးများကဲ့သို့ သန်းခေါင်ဖြင့် မသတ်မှတ်ရပါ။ ထို့ကြောင့် ထိုည၏ နောက်ဆုံးအချိန် အရုဏ်မတက်သေးမီကာလကို ကဆုန်လပြည့် နေ့ထဲမှာပင် ထည့်သွင်းရေတွက်ရပေသည်။

ထိုနေ့နံနက်က သေနာနီဂုံးသူ သူဌေးသမီး သုဇာတာ၏ အစေခံမသည် ဘုရားအလောင်းတော်ထိုင်နေရာ ဗောဓိညောင်ပင်အောက်သို့ စောစောစီးစီး ဝင်လာသည် ဆို၏။ ညောင်ပင်အောက်တွင် အမှိုက်သလင်း လှည်းကျင်းရင်း ဘုရားအလောင်းတော်ကိုမြင်ကာ အိမ်သို့ ကမန်းကတန်းပြန်သွား၏။ မကြာမီ သူ့သခင်မ သုဇာတာပါ နှစ်ယောက်သား ပေါ်လာပြန်၏။ သုဇာတာသည် အမွှန်မြတ်ဆုံးသော အစီအရင်တို့ဖြင့်ချက်ထားသော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ဘုရားအလောင်းတော်သို့ ကပ်လှူလိုက်သည် ဟူပါ၏။

မိမိကပ်လှူသည့် ဆွမ်းဘောဇဉ်ကို ဘဉ်းပေးကာ အတုမရှိ မြတ်လှစွာသော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကို ရတော်မူကြောင်း သတင်းကောင်းကို ကြားရလျှင် သူ မည်မျှ ဝမ်းမြောက်ပေမည်နည်း။

"အာနန္ဒာ၊ အတုမရှိ မြတ်လှစွာသော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကို ရသောနေ့၊ အနုပါဒိသေသ နိဗ္ဗာန် စံဝင်သောနေ့၊ ဤနေ့ နှစ်နေ့၌ လူဒါန်းအပ်သော ဆွမ်းနှစ်မျိုးတို့သည် တူညီမျှတသော အကျိုးကျေးဇူး ရှိကြပေကုန်၏။ အခြားတစ်ပါးသော ဆွမ်းတို့ထက် ထူးကဲသာလွန်သော အကျိုးကျေးဇူးရှိကြပေကုန်၏"

http://www.dhammadownload.com

ဤသို့ တစ်သက်တာ၏ နောက်ဆုံးနေ့၌ အမှတ်တရ ဘုရားရှင်မိန့်မှာတော်မူခဲ့သည်ကား သုဇာတာ၏ ဤဃနာနို့ဆွမ်းပင် ဖြစ်ပါသတည်း။

(မဟာပရိနိဗ္ဗာနသုတ်၊ စုန္ဒကမ္မာရပုတ္တ ဝတ္ထု၊
အဗဒါန် အဋ္ဌကထာ၊ အဝိဒူရေ နိဒါန်း)



http://www.dhammadownload.com

ဘုရားဖြစ်ခါ မိဂဒါသို့

ဗုဒ္ဓမြတ်စွာ ဖြစ်စဉ်တော်များ၌ ဘုရားဖြစ်တော်မူခန်းသည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့ ဓမ္မစကြာတရား ဟောတော်မူခန်းသည်လည်း ထပ်တူထပ်မျှ အရေးကြီးလှ၏။ ထို့ကြောင့် ဘုရားရှင် ကိုယ်တော်တိုင်က ဗောဓိမင်းသားကို ထိုအကြောင်းများ ဆက်လက်၍ ဟောတော်မူခဲ့ပေသည်။

အကယ်၍ လောကီစွာန်အရာ၌ ဆရာဖြစ်ခဲ့ကြသော အာဠာရ၊ ဥဒက ရသေ့ကြီးများ သက်ရှိထင်ရှား ရှိနေကြသေးလျှင် ဤဒေသနာကို သူတို့သာလျှင် ဦးစွာ နာကြားရမည် ဖြစ်ပါ၏။ သို့သော် သူတို့ကား တော့်လွဲလွဲ၍သွားကြရပေသည်။ အာဠာရမှာ လွန်ခဲ့သော ခုနစ်ရက်က ကွယ်လွန်ခဲ့၏။ ဥဒက ကွယ်လွန်ခဲ့သည်ကား ယမန်နေ့ ညဦးပိုင်းတွင်မှ ဖြစ်၏။ သူတို့နှစ်ဦးအတွက် ဘုရားရှင်က 'သြော် အရှုံးကြီးရှုံးလေစွ"ဟု ရေရွတ်တော် မူခဲ့ရပေသည်။

ဗောဓိမင်းသားအားဟောကြား၍ ကျွန်ုပ်တို့ကိုယ်တိုင် နာကြားခဲ့ရသော ဖြစ်စဉ်တော်များကို ဆက်လက်တင်ပြပါဦးမည်။

"မင်းသား၊ အာဠာရ ဥဒကတို့ ကွယ်လွန်သွားကြောင်း သိရသောအခါ 'ငါသည် ဘယ်သူ့အား ဦးစွာပထမ တရားဟောရပါမည်နည်း။ ဤတရားကို ဘယ်သူသည် လျင်မြန်စွာ သိနိုင်မည်နည်း'ဟု စဉ်းစားမိ၏။ ထို့နောက် 'ပဉ္စဝဂ္ဂီ ရဟန်းတို့သည် ငါ့အပေါ် ကျေးဇူးများခဲ့ကြ၏။ ပဉ္စဝဂ္ဂီရဟန်းတို့အား ပထမဦးစွာ တရားဟောရသော် ကောင်းလေစွ'ဟု တွေးမိ၏။ ထို့ကြောင့် ပဉ္စဝဂ္ဂိတို့ရှိရာ ဗာရာဏသီအနီး ဣသိပတနအမည်ရသော မိဂဒါဝုန်တောသို့ ငါ ကြွချီလာခဲ့၏။

"မင်းသား၊ ဥပက အမည်ရှိသော အာဇီဝကသည် ဂယာနှင့် ဗောဓိပင်အကြား ခရီးသွားလာနေစဉ် ငါနှင့်တွေ့သဖြင့် 'ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် အထူးကြည်လင်ကုန်၏။ အရေးအဆင်းသည် သန့်ရှင်းစင်ကြယ်ပါပေ၏။ သင်သည် မည်သူ့ကို ရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ ဆရာသည် မည်သူပါနည်း။ မည်သူ၏ တရားကို သင်နှစ်သက်ပါသနည်း'ဟု မေးမြန်း၏။

http://www.dhammadownload.com

"ထိုအခါ ငါက ပြန်ပြောရ၏။

'ဥပက၊ ငါသည် အလုံးစုံကို သိခဲ့ပြီးပြီ။ အလုံးစုံကို စွန့်ခဲ့ပြီးပြီ။ တဏှာ၏ ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ကိလေသာမှ လွတ်မြောက်ခဲ့ပေပြီ။ ကိုယ်တိုင် အထူးသိမြင်ပြီးဖြစ်၍ ဘယ်သူကို ဆရာဟူ၍ ညွှန်ရပါအံ့နည်း။

'ဥပက၊ ငါ့အား ဆရာမရှိ။ လောကဌ် ငါသည် ရဟန္တာတည်း။ အလုံးစုံသော တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသော တစ်ဆူတည်းသော ဘုရားတည်း။ ကိလေသာမီး ငြိမ်းသည်ဖြစ်၍ ချမ်းမြေ၏။ ငါသည် ဓမ္မစက္ကာတရား ဟောရန် ကာသိတိုင်း ဗာရာဏသီသို့သွား၏။ လောကဌ် တရားတည်းဟူသော အမြိုက်ဆေားကြီးကို တိုက်ကျွေးပေအံ့။

"ယင်းသို့ငါက ဆိုသောအခါ ဥပကဇိဝကက မေးခွန်းထုတ်လာပြန်ပေသည်။

'ငါ့ရှင်၊ သင်ဝန်ခံသည့်အတိုင်း သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ဘုရားဖြစ်ထိုက်ပါသလား'

'ဥပက၊ အာသဝတရားတို့၏ ကုန်ခြင်းသို့ ရောက်ကုန်သော ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် စင်စစ်ဖိနမည်ကုန်၏။ ငါသည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို အောင်ခဲ့ပြီး ဖြစ်သောကြောင့် ဖိနမည်ပေ၏'

"ယင်းသို့ ငါက ဆိုလိုက်သောအခါ ဥပက အာဇီဝကသည် 'ဟုတ်ကောင်းဟုတ်ပေရာ၏'ဟု ခေါင်းတညိတ်ညိတ်နှင့် ပြောဆို၏။ ထို့နောက်ရင်ဆိုင်တွေ့နေရသော ငါ့ကို ကွေ့ရှောင်ကာ ခရီးဆက်လက် ထွက်ခွာသွားပေသည်။

"မင်းသား၊ ငါသည် ခရီးစဉ်အတိုင်း မိဂဒါဝုန်သို့ ရောက်ခဲ့၏။ ပဉ္စဝဂ္ဂီရဟန်းများရှိရာ ချဉ်းကပ်လာခဲ့၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် အဝေးမှ ငါ့ကို လှမ်းမြင်ကြသည်တွင် 'ရဟန်းဂေါတမ ငါတို့ဆီ လိုက်လာပြီ။ သူသည် တရားအလုပ်အားထုတ်ခြင်းက ထွက်ခွာလာခဲ့၏။ လာဘ်လာဘပေါများရန် ရွာတကာ ရပ်တကာ လှည့်လည်နေဘိ၏။ သူ့ကို ငါတို့များ ရှိမခိုးကြစတမ်း။ ခရီးဦးမကြိုဆိုကြစတမ်း။ သူ့သပိတ် သင်္ကန်းကို လှမ်းမယူကြစတမ်း။ နေရာကိုကား ခင်းထားသင့်၏။ သူထိုင်ချင်လျှင် ထိုင်ပေလိမ့်မည်' ဟု အချင်းချင်းတိုင်ပင်ကာ ကတိပြုထားခဲ့ကြ၏။

"မင်းသား၊ ထိုသို့ ကတိပြုခဲ့ကြသော်လည်း ငါရောက်သွားသောအခါတွင် မူကား မိမိတို့ပြုထားခဲ့သော ကတိအတိုင်း မတည်နိုင်ကြပေ။ တချို့က ငါ့ကို ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းများ လှမ်းယူကြ၏။ တချို့က နေရာခင်းပေးကြ၏။ တချို့က ခြေဆေးရေ ခပ်ပေးကြ၏။ သို့ရာတွင် အခေါ်အဝေါ်ကား မပြောင်းကြသေးပေ။ ယခင်က နှုတ်ကျိုးနေကြသည့်အတိုင်း 'ရဟန်းဂေါတမ'ဟုခေါ်သည့်အခါ ခေါ်ကြ၏။ 'ငါ့ရှင်' ဟူ၍ ခေါ်ချင်လည်း ခေါ်ကြ၏။ တန်းတူရည်တူ ခေါ်ဝေါ်

http://www.dhammadownload.com

ဆက်ဆံခဲ့ကြသည့် အရှိန်က ယခုအချိန်အထိ ရိုက်ခတ်နေခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ငါက ပြောင်းလဲလာသည့် အခြေအနေကို အမှန်အတိုင်း ဖွင့်ဟ၍ ပြောရပေတော့သည်။

'ရဟန်းတို့၊ ငါဘုရားကို ရှေးက ခေါ်ဝေါ်ခဲ့သော အမည်ဖြင့်လည်းကောင်း၊ 'ငါ့ရှင်' ဟူ၍ လည်းကောင်း မခေါ်ကြနှင့်တော့။ ရဟန်းတို့၊ ငါဘုရားသည် ကိလေသာအား လုံးမှ ဝေးကွာခဲ့ပြီ ဖြစ်၏။ မိမိအလိုကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိခဲ့၏။ ရဟန်းတို့၊ နားစိုက်၍ ထားကြလော့။ ငါကိုယ်တိုင် သိမြင်ပေါက်ပိုင် ထားခဲ့သော 'အမတ' တရားကို ငါဆုံးမမည်။ ငါ တရားဟောမည်။ ငါ ဆုံးမ သွန်သင်သည့်အတိုင်း လိုက်နာကျင့်သုံးကြပါလျှင် သင်တို့သည် မကြာမီမှာပင် အမျိုးကောင်းသား တို့၏ ရဟန်းပြုရကျိုး နပ်ပါလိမ့်မည်။ တရားကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာတရားကို ကိုယ်တိုင်ကိုယ်ကြပ် မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်'

"မင်းသား၊ ငါက ဤသို့ ဖိတ်ခေါ်လိုက်သောအခါ ပဋ္ဌဝဂ္ဂိရဟန်းများက

'ငါ့ရှင် ဂေါတမ၊ ဒုက္ကရစရိယာ အကျင့် ကျင့်စဉ်ကပင် လောကုတ္တရာ တရားထူးကို မရခဲ့။ ယခုလို တရားအကျင့်က ထွက်ခွာလာခါမှ လာဘ်လာဘ ပေါများဖို့ ရွာတကာ ရပ်တကာ လှည့်လည်နေခါမှ ဘယ်မှာ ရနိုင်လိမ့်မည်နည်း' ဟု ဆိုကြ၏။

"မင်းသား၊ ငါက သူတို့ထင်သည့်အတိုင်း မဟုတ်ကြောင်း ရှင်းပြကာ ဒုတိယအကြိမ်ထပ်မံ၍ ဖိတ်ရ၏။ ဒုတိယအကြိမ် ဖိတ်ခေါ်သည်ကိုလည်း ထပ်မံငြင်းဆန်နေပြန်သဖြင့် တတိယအကြိမ် ထပ်မံ၍ ရှင်းပြန်၏။ ဤတွင် ငါက သူတို့ကို ပြန်၍ မေးရပေတော့သည်။

"ရဟန်းတို့၊ ရှေးအခါများတုန်းက ငါဘုရားသည် ဤသို့သော စကားများ ပြောကြားခဲ့ဖူးပါသလား။ သင်တို့ သတိများ ထားခဲ့မိကြပါသလား"

'မကြားခဲ့မိပါဘုရား၊ သတိမထားခဲ့မိကြပါ'

"သည်မေးခွန်းကိုတော့ ဟုတ်တိုင်းမှန်ရာ ဖြေကြားကြပေသည်။ ဤတွင်မှ ပဋ္ဌဝဂ္ဂိရဟန်းတို့ စိတ်ချယုံကြည် လာကြပေတော့သည်။

"မင်းသား၊ ဓမ္မစကြာတရားတော်ကို နေ့စဉ်ရက်ဆက် ရှင်းလင်းဝေဖန်၍ ဟောကြားခဲ့ရာ ရဟန်းနှစ်ပါး တရားနာနေကြလျှင် အခြား ရဟန်းသုံးပါးဆွမ်းခံသွားကြရ၏။ ရဟန်းသုံးပါး တရားနာနေကြလျှင် အခြား ရဟန်းနှစ်ပါး ဆွမ်းခံကြွကြရ၏။ ဤသို့အားဖြင့် ခြောက်ပါးသော ငါတို့သည် တင်းတိမ်စွာ စားသောက်ကြ၍ နေကြရပေသည်။

http://www.dhammadownload.com

"မင်းသား၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ၏ အဆုံးအမကို ခံယူရသဖြင့် အမျိုးကောင်းသားတို့၏ ရဟန်းပြုရကျိုး နပ်ကြကုန်၏။ တရားကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာတရားကို ကိုယ်တိုင် ကိုယ်ကြပ် မျက်မှောက်ပြုနိုင်ကြကုန်၏"

အမှားကို အမှန်ထင်ခဲ့တုန်းက ပင်ပန်းကြီးစွာခံစားခဲ့ရပုံ၊ အမှားလမ်းကို စွန့်ခွာကာ မှန်ကန်သည့် လမ်းစဉ်အတိုင်း လိုက်လာပြီးနောက် မိမိကိုယ်တိုင် တရားပေါက်လာပုံ၊ ပေါက်လာသောတရားကို ပထမဦးစွာ ပဉ္စဝဂ္ဂီတို့အားဟောကြားပုံ အပြည့်အစုံကို ဘုရားရှင်က ဆွမ်းဒါယကာ ဗောဓိမင်းသားအား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဘုရားရှင်ထံမှ အဆုံးမသြဝါဒကို ခံယူရသဖြင့် ပဉ္စဝဂ္ဂီတို့ တရားထူးရသွားကြပုံကို ဗောဓိမင်းသား ကျေနပ်သွားပါ၏။ သို့သော် ဤသို့သော တရားပေါက်သွားစေရန် ရက်ပေါင်း လပေါင်း မည်မျှကြာအောင် ဟောကြားနေရသည်ကိုကား ဘုရားရှင်က အတိအလင်း ဟောတော်မမူ၍ မသိရသေးပေ။ တစ်နည်းဆိုလျှင် ဘုရားရှင်၏ စွမ်းအားသတ္တိနှင့် တရားတော်ကို ယုံကြည်ပါသော်လည်း ပဉ္စဝဂ္ဂီတို့အတွက် ဝေဖန်ရခက်နေပုံရပါသည်။ ဤရွေ့ဤမျှ နက်နဲသိမ်မွေ့လှသော လောကုတ္တရာ တရားထူးကို နေ့ရက် အနည်းငယ်နာရီမျှဖြင့် ရသွားခြင်းကို ယုံရခက်ခက် ဖြစ်နေပုံရပါသည်။ ထို့ကြောင့်-

"အရှင်ဘုရား၊ ဦးဆောင်ညွှန်ပြသည့် ဘုရားရှင်ထံ ဆည်းကပ်နာကြားရသော် မည်မျှကြာမှ အမျိုးကောင်းသားတို့၏ရဟန်းပြုရကျိုး နပ်ပါသနည်း၊ ကျင့်သုံးခြင်း၏ အဆုံးဖြစ်သော လောကုတ္တရာ တရားထူးကို ရပါသနည်း"ဟု မင်းသားက ထုတ်ဖော် လျှောက်ထား၏။ အရည်အချင်းထက် အချိန်ကို အဓိကထားနေကြောင်း သူ့မေးခွန်းမှာ ပေါ်လွင်နေပေသည်။

ဤတွင် ဘုရားရှင်က မင်းသားထံ ဆင်အတတ်သင်လာကြသူများ၌ ရှိသင့် ရှိထိုက်သော အရည်အချင်းများကို နမူနာထားကာ အရည်အချင်းနှင့် ပြည့်စုံပါက အချိန်အနည်းအများသည် ပဓာန မဟုတ်ကြောင်း၊ လွယ်ကူစွာ သိမြင်နိုင်ကြောင်း ဟောတော်မူပေသည်။

လောကုတ္တရာ တရားထူးကို လွယ်လင့်တကူ သိမြင်နိုင်ရေးအတွက် ဘုရားရှင် ဟောတော်မူခဲ့သော အရည်အချင်းများကို ပဓာနိယင်္ဂ တရားငါးပါးဟု ခေါ်ပေသည်။ ပဓာနိယ = သိရေး မြင်ရေး လုံ့လပြုသူ၏ အင်္ဂ = အစိတ်အပိုင်း၊ ဝါ၊ အရည်အချင်းများပင် ဖြစ်ပေသည်။

http://www.dhammadownload.com

ပဓာနိယင်္ဂတရား ငါးပါးတို့ကား

၁။ သဒ္ဓါလက်ကိုင် ခိုင်မြဲရမည်။
၂။ ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်။
၃။ မာယာမနှောဟုတ်တိုင်းပြောရမည်။
၄။ မပျင်းမရိ လုံ့လရှိရမည်။
၅။ ကိုယ်ပိုင်အသိဉာဏ် ထက်သန်ရမည်။

(မရှိမပဏ္ဍာသ၊ ဗောဓိရာဇ ကုမာရသုတ်)

⁂

http://www.dhammadownload.com

တရားဦး ဓမ္မစကြာ

ဘုရားရှင်၏ တရားဘဏ္ဍာတော်များကို ထိန်းသိမ်းရသော ပုဂ္ဂိုလ်တစ်ပါး အဖြစ်ဖြင့် ရာသက်ပန် ထိန်းသိမ်းလာခဲ့ရသော တရားရတနာများတွင် ဤဓမ္မစကြာ ဒေသနာတော်လည်း အပါအဝင် ဖြစ်ပါ၏။ ဘုရားရှင်၏ တရားဦးဖြစ်၍ ကျွန်ုပ်တို့ သာဝကများ အထူးလေးစားရသော ဒေသနာတော်ဖြစ်ပါ၏။ ထို့ကြောင့် သည်ဒေသနာတော်က သစ္စာလေးပါးနှင့် ပတ်သက်သော အချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"ရဟန်းတို့၊ ရဟန်းသည် အယုတ်တရားနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၏ အဘယ်နှစ်ပါးတို့နည်း။ ဟူမူကား-

"ယုတ်ညံ့လှစွာ ရွာသူတို့၏ ဥစ္စာဖြစ်သော၊ ပုထုဇဉ်တို့၏ အလေ့အကျက် ဖြစ်သော အရိယာတို့၏ ဥစ္စာမဟုတ်သော၊ စီးပွားချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော ကာမဂုဏ်ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းသည် တစ်ခုသော အယုတ်တရားဖြစ်၏။ ဆင်းရဲကြီးစွာ အရိယာတို့၏ ဥစ္စာမဟုတ်သော စီးပွားချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော မိမိကိုယ်ကို ပင်ပန်းအောင် အဖန်တလဲလဲ နှိပ်စက်ခြင်းသည် တစ်ခုသော အယုတ်တရားဖြစ်၏။ ဤတရား နှစ်ခုစလုံးကို အယုတ်တရားဟု ခေါ်ပေသည်"

ဓမ္မစကြာ ဒေသနာတော်ကို စလျှောင်စခြင်း အယုတ်တရား၊ အမှားလမ်းစဉ် နှစ်ခုကို ထုတ်ဖော်တော်မူလိုက်ပေသည်။ ဤသို့ ထုတ်ဖော်ခြင်းမှာ ဘုရားရှင်၏ ဖြစ်စဉ်တော်များနှင့် အလွန် အံကိုက်လှပါသည်။ မင်းသားတစ်ပါး အဖြစ်ဖြင့် ကာမဂုဏ် အာရုံတွေကို တဝကြီးခံစားခဲ့သည်။ သို့သော် အကျိုးတရားတစ်စုံတစ်ရာ မရခဲ့။ မရှိခဲ့။ တစ်ဖန် လူတကာတို့ ကျင့်နိုင်ခဲသော ဆင်းရဲခံ အကျင့်များကို ကျင့်ပြန်ပါတော့လည်း တရားသရေ ပေါက်ပိုင်ရေးနှင့် တခြားစီသာ ဖြစ်ခဲ့၏။ အချိန်မီ သတိတရားလေး ရလိုက်၍သာ တော်တော့သည်။ ဤသို့အားဖြင့် လောကုတ္တရာ အသိဉာဏ်ရရေးအတွက် နှမ်းစေ့ခန့်မျှ အကျိုးကျေးဇူး မပြုနိုင်သော အယုတ်တရားနှစ်ပါးကို ထုတ်ဖော်တော်မူပြီးနောက် ဆက်လက်၍-

http://www.dhammadownload.com

"ရဟန်းတို့ အယုတ်တရားနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် မဇ္ဈိမပဋိပဒါအကျင့်ကို ထိုးထွင်း၍ သိတော်မူခဲ့၏။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဧကန် သိတော်မူခဲ့၏။ ထိုအကျင့်သည် ပူဆာသိမ်း၍ ငြိမ်းခြင်းငှာ၊ ထူးသောဉာဏ်ဖြင့် ကောင်းစွာသိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်၏။ ထိုမဇ္ဈိမပဋိပဒါသည် အဘယ်နည်း–

သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း။
သမ္မာသင်္ကပ္ပ ကောင်းစွာကြံခြင်း။
သမ္မာဝါစာ ကောင်းစွာဆိုခြင်း။
သမ္မာကမ္မန္တ ကောင်းစွာပြုခြင်း။
သမ္မာအာဇီဝ ကောင်းစွာအသက်မွေးခြင်း။
သမ္မာဝါယာမ ကောင်းစွာအားထုတ်ခြင်း။
သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်း။
သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း။

ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော အရိယာမဂ်သာလျှင် ဖြစ်ပေသည်"

ရှစ်ပါးသော ဤမဂ္ဂင်များကို သီလ၊ သမာဓိ၊ ပညာဟူ၍ သိက္ခာသုံးပါးဖြင့် စုပေါင်းပေးနိုင်ပါသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် သီလမဂ္ဂင်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမ္မာသမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့ကား ပညာမဂ္ဂင် ဖြစ်ကြပေသည်။

သီလမဂ္ဂင် သုံးပါးတို့၌ သမ္မာဝါစာကို ကောင်းစွာဆိုခြင်းဟု အဓိပ္ပာယ်ဖွင့်ကြရ၏။ သို့သော် ကောင်းသောစကားကို နှုတ်မှ ထုတ်ဟ၍ ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ မကောင်းသောစကားများ ပြောဆိုခြင်းမှ ရှောင်ကြဉ်လျှင် မဂ္ဂင်ထိုက်သည်သာ ဖြစ်၏။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့မှာလည်း ထို့အတူသာ ဖြစ်၏။ သီလဟူသည် မကျူးလွန်ခြင်း အနက်ရှိ၍ ဖြစ်ပေသည်။

သမာဓိ မဂ္ဂင်သုံးပါးတို့၌ သမ္မာဝါယာမသည် မဆုတ်မနစ် အားသစ်ခြင်း ကိစ္စရှိ၏။ သမ္မာသတိသည် မမေ့မလျော့သောအားဖြင့် တရားသဘောသက်ဝင်ကြည်လင်ရန် အထောက်အကူပြု၏။ သမ္မာသမာဓိကား တရားအသိအမြင် တည်ကြည်ခိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ပညာမဂ္ဂင်နှစ်ပါးတို့၌ သမ္မာသင်္ကပ္ပကား သမာဒိဋ္ဌိနှင့် ထပ်တူထပ်မျှဖြစ်၏။ ကောင်းစွာကြံခြင်းဟူသည်မှာ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်စရာမကောင်းသော အတွေးအကြံတို့မှ လွတ်ကင်းရာအာရုံကို အာရုံပြုနေသောသဘောပင် ဖြစ်ပေသည်။

အသီးအခြားရှစ်ပါးအပြားအားဖြင့်လည်းကောင်း၊ သိက္ခာသုံးပါးမှာ ထည့်သွင်းရေတွက်၍လည်းကောင်း၊ မည်ကဲ့သို့ ဖော်ပြသည်ဖြစ်စေ နောက်ပိုင်း မဂ္ဂင်ခုနစ်ပါးသည် သမ္မာဒိဋ္ဌိတည်း ဟူသော မဂ္ဂင်နှင့် အတူတကွ ပေါင်းစပ်ရသော ကြောင့်

http://www.dhammadownload.com

သာလျှင် သူတို့ပါ မဂ္ဂင်ထိုက်လာကြရပေသည်။ သူတို့ချည်းသန့်သန့် ဆိုလျှင် မဂ္ဂင်မထိုက်နိုင်ပေ။

သို့ဖြစ်လျှင် သမ္မာဒိဋ္ဌိကား အဘယ်နည်း။

နိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်ပင် ဖြစ်၏။

နိဗ္ဗာန်သည် မည်သို့ဟုတ်၍ မည်သို့မှန်သနည်း။

ဒုက္ခချုပ်ရာအားဖြင့် ဟုတ်၏။ ဒုက္ခချုပ်ရာအားဖြင့် မှန်၏၊ ထို့ကြောင့် နိရောဓသစ္စာဟု တစ်နည်းအားဖြင့် ခေါ်ဝေါ်ရပေသည်။

နိရောဓသစ္စာ အမှန်တရားကြီး ထင်ရှားစွာရှိနေပါလျက် အမှန်အတိုင်းမသိမြင်နိုင်ကြခြင်းမှာ ဒုက္ခကို ဒုက္ခဟူ၍ မသိကြသောကြောင့်ဖြစ်၏။ ဒုက္ခကိုအနိစ္စဟူ၍ မသိကြသောကြောင့် ဖြစ်၏။ ဒုက္ခကို အနတ္တဟူ၍ မသိကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် လက္ခဏာသုံးတန်ဆက်ဆံ၍နေသော ဒုက္ခသစ္စာကို ရှုးဦးစွာ ဟောတော်မူလေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့ သိအပ်သော ဒုက္ခသစ္စာဖြစ်၏။

"အသစ်တစ်ဖန် ဖြစ်ပေါ်ရခြင်းသည် ဆင်းရဲ၏။

"အိုခြင်းသည် ဆင်းရဲ၏။

"နာခြင်းသည် ဆင်းရဲ၏။

"မချစ်ခင် မနှစ်သက်သော သက်ရှိ သက်မဲ့ သခါရတို့နှင့် ပေါင်းယှဉ်ရခြင်းသည် ဆင်းရဲ၏။

"ချစ်ခင် နှစ်သက်အပ်သော သက်ရှိ သက်မဲ့ သခါရများနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။

"တောင့်တတိုင်း မပြည့်စုံခြင်းသည် ဆင်းရဲ၏။

"အကျဉ်းအားဖြင့် ဥပဒါနက္ခန္ဓာ ငါးပါးတို့သည် ဆင်းရဲကုန်၏"

ဘုရားရှင် ဝေဖန်ပြတော်မူသောဆင်းရဲဒုက္ခတရားများဖြစ်ပါ၏။ အခြားအခြားသော နေရာများ၌ အကျယ်တဝင့် ပြဆိုချက်များ ရှိသော်လည်း ဤ ဒေသနာတော်မှာမူ လိုရင်းမျှသာ တင်ပြပေသည်။ ကမ္ဘာအနှံ့ ဖြန့်ကျက်၍ အတောမသတ်နိုင်အောင် များပြားလှသော ဒုက္ခတရားများသည် ဤအခန်းငယ်မှာ အားလုံး ပါဝင်နိုင်ပေသည်။

ဒုက္ခသစ္စာခန်းမှာ ပြဆိုခဲ့သော ဤဒုက္ခတရားတို့တွင် ကိုယ်နှင့်ပတ်သက်သော ကာယိကဒုက္ခများလည်း ပါ၏။ စိတ်နှင့်ပတ်သက်သော စေတသိက ဒုက္ခများလည်း ပါ၏။ ထိုတွင် သမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်၍ လက်ငင်း လက်တွေ့ လွတ်နိုင်သော ဒုက္ခသည် အဘယ်နည်း။ ဤမေးခွန်း၏ အဖြေသည် နိရောဓ သစ္စာခန်းမှာ ပါလာပါလိမ့်မည်။

http://www.dhammadownload.com

ယခုပြဆိုခဲ့သော ဒုက္ခတို့သည် အကြောင်းနှင့်ကင်း၍ သူ့အလိုအလျောက် ဖြစ်ပေါ်မလာနိုင်ကြပေ။ အကြောင်းတရားတို့ဖြင့် ပြုပြင်ပေး၍သာဖြစ်ပေါ်လာကြရ၏။ ထို့ကြောင့် ဒုက္ခ၏အကြောင်း သမုဒယသစ္စာကို ဆက်လက်၍ ဟောကြားတော်မူပေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့ သိအပ်သော ဒုက္ခသမုဒယသစ္စာ ဖြစ်၏။

"ဤတဏှာသည် အသစ် အသစ်သော ဘဝတို့ကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ ကာမဂုဏ်တို့၌ခုံမင်တတ်၏။ ဤတဏှာသည် အဘယ်မျှ ရှိသနည်း။

"ကာမတဏှာ = အဆင်း၊ အသံ အစရှိသော ပြင်ပအာရုံများကို တပ်မက်တတ်သော တဏှာ၊ ဘဝတဏှာ = စိတ်ဝိဉာဏ်အစဉ်အဆက် ခိုင်မြဲသည်ဟု စွဲလန်းခြင်းနှင့် ယှဉ်သော တဏှာ။ ဝိဘဝတဏှာ = သေလျှင် ကိစ္စတုံးသည်ဟု စွဲလန်းခြင်းနှင့် ယှဉ်သောတဏှာ။ ဤသို့အားဖြင့် သုံးပါးရှိပေသည်"

ကမ္ဘာမြေပြင်နှင့်အမျှ ဒုက္ခတွေဟူသမျှ များပြား၍နေသော်လည်း ထိုဒုက္ခတို့၏ အရင်းခံအကြောင်းမှာ ဤတဏှာသုံးပါးသာ ဖြစ်ပေသည်။ ဤတဏှာအကြောင်းများကို ပယ်နိုင်လျှင် အတိုင်းမသိ များပြားလှသော ဆင်းရဲ ဒုက္ခတို့ ချုပ်ငြိမ်း၍ သွားကြပေလိမ့်မည်။ ထို့ကြောင့် သမုဒယသစ္စာအပြီးတွင် နိရောဓသစ္စာကို ဆက်လက်၍ ဟောတော်မူပေသည်။

"ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် အရိယာတို့ သိအပ်သော ဒုက္ခနိရောဓသစ္စာ ဖြစ်ပေသည်။

"ထိုဒုက္ခ၏ အကြောင်းရင်းဖြစ်သော တဏှာ၏သာလျှင် အကြွင်းမဲ့ တပ်ခြင်းကင်း၍ ချုပ်ငြိမ်းရာ၊ စွန့်ရာ၊ လွတ်ရာ၊ လွတ်မြောက်ရာ ကပ်ငြိခြင်းကင်းရာ ဖြစ်သော ဒုက္ခနိရောဓသစ္စာ ဖြစ်ပေသည်"

ဒုက္ခချုပ်ရာ နိရောဓသစ္စာကို ဟောတော်မူရာ၌ အကြောင်း သမုဒယ၏ ချုပ်ငြိမ်းခြင်းဖြင့် ဟောတော်မူခြင်းကို သတိပြုသင့်ပေသည်။

ဒုက္ခသစ္စာအခန်း၌ ပြဆိုခဲ့သော ဒုက္ခတရားများတွင် ကာယိကဒုက္ခများသည် ဘုရားရဟန္တာ အရိယာများသော်မှ ဤဘဝခန္ဓာကြီး ရှိနေသေးသော အခိုက်တွင် မလွတ်နိုင်ပေ။ စေတသိက ဒုက္ခများသည်ကား အကြောင်းသမုဒယသစ္စာနှင့် တစ်နည်းနည်း ဆက်စပ်လျက်သာ ရှိ၏။ ထို့ကြောင့် သမုဒယကို ပယ်လျှင် ထိုစေတသိက ဒုက္ခများပါ ငြိမ်းပြီးသား ဖြစ်ကြ၏။

ဤဒေသနာတော်နောက်ပိုင်းမှာ လာသည့်အတိုင်း ဒုက္ခချုပ်ရာ ဤနိရောဓ ဒုက္ခသစ္စာကို သစ္ဆိကရဏကိစ္စဖြင့် မျက်မှောက်ပြုရမည် ဖြစ်၏။ ဤသို့ မျက်မှောက်ပြုခြင်းကိစ္စ ဆောင်ရွက်နိုင်ခြင်းမှာလည်း သက်ရှိထင်ရှား ရှိနေဆဲတွင်သာ

http://www.dhammadownload.com

ဖြစ်၏။ သက်ရှိထင်ရှား ရှိနေသူတိုင်းအဖို့ ကာယိကဒုက္ခကား ရှိမြဲ ရှိနေမည်သာ။ ဘုရား ရဟန္တာများသော်မှ ရှောင်လွှဲ၍ မရနိုင်သော ထိုဒုက္ခများအတွက် သောက ပရိဒေဝတို့ မဖြစ်လာမူ၍ ပူပန်မှု ဟူသမျှတို့နှင့် တစ်ရံတစ်ဆစ်မျှ မဆက်ဆံဘဲ ဧကန်မုချ အေးမြနေသော သဘောအားဖြင့် လက်ငင်းလက်တွေ့ မျက်မှောက်ပြုနိုင်သော နိရောဓသစ္စာကို ဟောတော်မူလိုရင်း ဖြစ်ပေသည်။

ဤသို့ နိရောဓသစ္စာ၏ သဘောကို ဟုတ်တိုင်းမှန်စွာ သိသောအခါ ထိုအသိများတွင် မဇ္ဈိမပဋိပဒါ လမ်းမှန်အတိုင်း ကျင့်သုံးခြင်းကိစ္စများ ပါလာကြပြီး ဖြစ်၏။ ထို့ကြောင့် နိရောဓသစ္စာ အပြီးတွင် မဂ္ဂသစ္စာကို ဆက်လက်၍ ဟောတော်မူ၏။ မဇ္ဈိမပဋိပဒါ ဖော်ပြစဉ်က ၎င်းတို့ကို ရှင်းလင်းတင်ပြပြီးပေပြီ။

ဤသို့ သစ္စာလေးပါးကို သူ့အခန်းနှင့်သူ ဝေဖန်တော်မူပြီးနောက် သစ္စာလေးပါးလုံးကို ပေါင်း၍ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ ဉာဏ်သုံးပါးဖြင့် ဝေဖန်တော်မူပြန်သည်။

သစ္စာဉာဏ် ဆိုသည်မှာ သစ္စာလေးပါး တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် ဖြစ်၏။ ကိစ္စဉာဏ်မှာ သစ္စာလေးပါးအပေါ် ပြုအပ်သည့် ပြုရမည့် ကိစ္စများသာ သိသောဉာဏ်ဖြစ်၍ ကတဉာဏ်မှာ ပြုပြီးဖြစ်သည်ကို သိသောဉာဏ် ဖြစ်၏။ ကိစ္စဉာဏ်နှင့် ကတဉာဏ်တို့မှာ သဘောအားဖြင့် မထူးခြားပါ။ အချိန်ပိုင်းအခြား ကွာခြားရုံသာ ရှိပါသည်။ သစ္စာလေးပါးတို့အပေါ် ပြုရမည့် ကိစ္စများမှာ

ဒုက္ခသစ္စာ၊ ပရိညာကိစ္စ = ပိုင်းခြားသိရန်။
သမုဒယသစ္စာ၊ ပဟာနကိစ္စ = ပယ်စွန့်ရန်။
နိရောဓသစ္စာ၊ သစ္ဆိကရဏကိစ္စ = မျက်မှောက်ပြုရန်။
မဂ္ဂသစ္စာ၊ ဘာဝနာကိစ္စ = ပွားများရန်။

ဤသို့ သူ့သစ္စာနှင့် သူ့ကိစ္စ အသီးသီးတွဲလျက် ရှိကြပေသည်။

ဤကိစ္စလေးပါးတွင် လိုရင်းမှာ နိဗ္ဗာန်ကို သစ္ဆိကရဏကိစ္စဖြင့် မျက်မှောက်ပြုခြင်းသာ ဖြစ်၏။ ထိုကိစ္စကို ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ကျန်သောကိစ္စသုံးပါးတို့လည်း ထပ်တူထပ်မျှ ပြုပြီးသား ဖြစ်ကြ၏။ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုသည်မှာ နိရောဓသစ္စာတစ်ပါးမျှသာ၊ ကျန်သော သစ္စာများက ပြုရမည့် ကိစ္စများသည် ပြုပြီးသော သဘောဖြင့် အကျုံးဝင်လာကြခြင်း ဖြစ်ပေသည်။

သစ္စာလေးပါးကို ဤဉာဏ်သုံးပါးဖြင့် သုံးပြန် သုံးခါ ပွားယူသည်တွင် ခြင်းရာ ၁၂ ပါး ဖြစ်လာကြပေသည်။ ဤခြင်းရာ ၁၂ ပါးသည် လည်းကောင်း၊ သစ္စာလေးပါးသည် လည်းကောင်း နိရောဓသစ္စာကို မျက်မှောက်ပြုသော သမ္မာဒိဋ္ဌိနှင့် ဆက်စပ်၍ နေပေသည်။ ထို့ကြောင့် ဘုရားရှင်က ဤဓမ္မစကြာ ဒေသနာတော်လာ

http://www.dhammadownload.com

ဘုရားစင်စစ် ဧကန်ဖြစ်ကြောင်း ဝန်ခံတော်မူခန်းတွင် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။

"ရဟန်းတို့၊ အကြင်အခါ၌ ဤသစ္စာလေးပါးတို့၌ဉာဏ်သုံးပါး၊ အခြင်းအရာတစ်ဆယ့်နှစ်ပါးရှိသော ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်သည် ငါဘုရားအားကောင်းစွာစင်ကြယ်၏။ ထိုအခါတွင်မှ ငါသည် လောကတစ်လွှားဌ ဘုရားဖြစ်ကြောင်း လူသိ နတ်ကြား ဝန်ခံခဲ့ပေသည်။

"ငါ့အား ပြန်လည်သုံးသပ်သော ပစ္စဝေက္ခဏာဉာဏ်သည် ထင်ရှားခဲ့ပြီ။ ငါ၏ အရဟတ္တဖိုလ်ကို ဆန့်ကျင်ဘက် တရားတို့က ဖျက်ဆီး၍ မရနိုင်ပြီ။ ဤကိုယ်၌ အဖြစ်သည် နောက်ဆုံးဖြစ်၏။ နောက်ထပ်တစ်ဖန် ဖြစ်စရာမရှိတော့ပြီ။ ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင် ထင်ရှား၍ လာပြီတည်း"

⁂

http://www.dhammadownload.com

သာသနာပြုမိန့်ခွန်းတော်ကြီး

ဒီယနိုကာယ်မှာ ပါရှိသော သုတ္တန် ဒေသနာတော်ကြီးများနှင့် နှိုင်းစာလျှင် ဤမမ္မစကြာသုတ်မှာ အရွယ်ပမာဏအားဖြင့် အငယ်စားထဲက ဖြစ်၏။ သို့ရာတွင် ဤသုတ်ကလေး၏ တရားသဘောများသည် ပိဋကတ်သုံးပုံအကုန်လုံးကို လွှမ်းခြုံ၍ ထားကြ၏။ ထို့ကြောင့် ဤဒေသနာတော်ကို ကြေကြေညက်ညက် နားလည်သဘောပေါက်ရန်နှင့် ငါးရက်တိုင်တိုင် ဘုရားရှင်ဟောကြားတော်မူရ၏။

တစ်ရက်တာကာလတွင် ညကျိန်းစက်ချိန် အနည်းငယ်ကို ချန်လှပ်ကာ ကျန်သမျှ အချိန်များတွင် ဤတရားသဘောများကိုသာ အပြန်အလှန် ဝေဖန်ဆွေးနွေး၍ နေကြရ၏။ နံနက်ခင်း ဆွမ်းခံဝင်ချိန်မှာပင် သူတို့၏ ဆွေးနွေးပွဲက ရပ်ဆိုင်းခြင်း မရှိပေ။ ရဟန်းနှစ်ပါး ဆွမ်းခံကြွလျှင် ဘုရားရှင်သည် ကျန်သုံးပါးနှင့် ဆွေးနွေးတော်မူ၏။ ရဟန်းသုံးပါး ဆွမ်းခံကြွလျှင် ကျန်နှစ်ပါးနှင့် ဆွေးနွေးတော်မူ၏။

ဤဒေသနာတော်ကို ဝါဆိုလပြည့်နေ့က စ၍ ဟောခဲ့ရာ လပြည့်ကျော် လေးရက်အရောက်တွင် အားလုံးက ကျေနပ်စွာ လက်ခံကြ၏။ လပြည့်ကျော် ငါးရက်တွင်ကား ထိုရဟန်းတို့အား အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူ၏။ သခ်ၤတနယ်ပယ်မှာ ရှိရှိသမျှ ငါးဝသောခန္ဓာတို့တွင် အတ္တဟူ၍ စွဲစရာ မရှိပုံကို ဝေဖန်ဟောကြားသော တရားတော် ဖြစ်ပေသည်။

ဤသာသနာတော်၌ ဥပက ဓိဝကကြီးသည် ပဉ္စဝဂ္ဂိတို့ထက် စောစီးစွာ ဘုရားရှင်ကို ဖူးမြင်ခွင့်ရခဲ့ပါ၏။ သို့သော် သူကား ဦးစွာ ကျွတ်တမ်းဝင်ရန် အခွင့်မသာခဲ့။ ဘုရားရှင်အပေါ် မယုံကြည်စိတ်၊ အထင်သေးစိတ်များက ထိုအခွင့်အရေးကို တားဆီးပိတ်ပင်ထားကြ၏။ ပဉ္စဝဂ္ဂိတို့၏ ထိုကဲ့သို့သော အတားအဆီးများကို ဘုရားရှင်သည် စိတ်ရှည်လက်ရှည် ပယ်ရှားပေး၍ ပေးတော်မူခဲ့ရ၏။ ဤသို့ပေးတော်မူခဲ့သဖြင့် ပဉ္စဝဂ္ဂိငါးဦးတို့သည် ဤသာသနာဝင် စာရင်းတော်ကြီးထဲမှာ ဦးစွာပထမ ပါဝင်ခွင့်ရခဲ့ကြ၏။ သူတို့အထဲက ဦးစွာ သဘောပေါက်သူကား အရှင်ကောဏ္ဍည ဖြစ်ပေသည်။

http://www.dhammadownload.com

(အညာသိကောဏ္ဍည) "ကောဏ္ဍည သဘောပေါက်ပေပြီ" ဟု ဘုရားရှင် ဥဒါန်းကျူးရင့်တော်မူသည်ကို အကြောင်းပြု၍ အရှင်ကောဏ္ဍညဟူသော ဘွဲ့အမည်ရှေ့မှာ 'အညာသိ' ဟူသော နာမဝိသေသပုဒ် တိုး၍လာပေသည်။

အရှင်အညာသိကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂိတို့ ကျွတ်တမ်းဝင်ပြီးနောက် ဒုတိယအသုတ် လိုက်ပါခွင့်ရသူများမှာ ဗာရာဏသီ သူဌေးသား ယသ၊ သူ၏ ဖခင် သူဌေးကြီး၊ ယသ၏ သူငယ်ချင်းများဖြစ်ကြသော သမဂ်၊ သုဗာဟု၊ပုဏ္ဏဇိ၊ ဂဝံပတိ ဟူ၍ သူဌေးသားလေးယောက် ထို့နောက် ဗာရာဏသီ ပတ်ဝန်းကျင်က ယသ၏ သူငယ်ချင်း ဂါးဆယ်၊ ပေါင်းဂါးဆယ့်ဂါးယောက်တိတိ ရဟန္တာအဆင့်ဖြင့် သာသနာတော်ကို ထမ်းဆောင်ခွင့် ရကြပေသည်။ ပဉ္စဝဂ္ဂီ ဂါးပါးနှင့် ပေါင်းသော် ရဟန္တာခြောက်ဆယ် ရှိခဲ့ပေပြီ။

လောကဋ္ဌ ဘုရားဟူ၍ ပွင့်တော်မူခဲ့ပေပြီ။ တရားတော်လည်း ထင်ရှားခဲ့ပြီ။ သံဃာတော်များလည်း အပါးခြောက်ဆယ် ရှိလာခဲ့ပြီ။ ကမ္ဘာမြေပြင်ဝယ်မည်သည့် ရတနာနှင့်မျှ တိုင်းတာ၍ မရနိုင်အောင် အဖိုးထိုက်တန်သည့် ရတနာမြတ်သုံးပါးတို့ ပေါ်ထွန်း၍နေကြပြီ။ ထိုရတနာမြတ်သုံးပါးလုံးကိုဦးစွာပထမ ကိုးကွယ်ဆည်းကပ်ခွင့် ရသူကား ယသ၏ဖခင် သူဌေးကြီးပင် ဖြစ်ပေသည်။

ဤသို့ ရတနာသုံးပါး စုံစေ့လာသောနေ့၊ သာသနာပြု ရဟန္တာပုဂ္ဂိုလ် ခြောက်ဆယ် ရရှိလာသောနေ့တွင် ဘုရားရှင် ကိုယ်တော်မြတ်သည် သာသနာပြု မိန့်ခွန်းတော်ကြီးကို မြွက်ကြားတော်မူပေသည်။

"ရဟန်းတို့၊ နတ်နှောင်ကြိုး၊ လူ့နှောင်ကြိုးတို့မှ ငါဘုရား လွတ်ခဲ့လေပြီ။ သင်တို့လည်း ထိုနှောင်ကြိုးမှ လွတ်ကြလေပြီ။ လူအများစု၏ အကျိုးစီးပွားအလို့ငှာ၊ လူအများစု၏ ချမ်းသာသုခအလို့ငှာ၊ လောကကို သနားခြင်းငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့။ လမ်းကြောင်းတစ်ခုတည်းဖြင့် ရဟန်းနှစ်ပါး မသွားကြကုန်လင့်။ စ, လယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့်ပြည့်စုံသော တရားကို ဟောချေကြ။ ဃဘောတရားနှင့် အပြောစကား နှစ်ပါးလုံးပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော သာသနာတော်ကို ထင်ရှားအောင်ပြချေကြ။ ငါဘုရားကိုယ်တိုင်လည်း ဥရုဝေလတော သေနာနိဂုံးသို့ တရားဟောရန် ကြွတော့မည်။

"ကောင်းပါပြီ အရှင်ဘုရား"

သာသနာပြု အမိန့်တော်မြတ်ကြီးကို ဦးထိပ်ရွက် ပန်ဆင်၍ သာသနာပြု အရှင်မြတ်များ ဒေသစာရီ ကြွချီသွားကြ၏။ ရွာကြီးရွာငယ် မြို့နယ်မရွေး ရောက်လေရာအရပ်ဝယ် သာသနာ့အသီး၊ သာသနာ့အမြင်၊ သာသနာ့ယဉ်ကျေးမှုများကို ဖြန့်ဝေပေးကြ၏။ သာသနာပြုအရှင်မြတ်များ၏ ကြီးစားပမ်းစားဆောင်ရွက်မှုများကြောင့် သာသနာတော်ကြီး၏ အဆုံးအမကို ခံယူကြရ၍ ထိုထိုအရပ်ဒေသများမှ သာသနာ့ဘောင်သို့ ဝင်လိုသူများ ပေါ်ပေါက်လာကြပေသည်။

http://www.dhammadownload.com

ထိုစဉ်က ရဟန်းပြုလိုသူ၊ ပြုထိုက်သူများကို ဘုရားရှင် ကိုယ်တော်တိုင် ရဟန်းပြု၍ ပေးတော်မူသည်။

"ဧဟိဘိက္ခု၊ လာလော့ရဟန်း။ ဆင်းရဲဒုက္ခ၏ အဆုံးသတ်ရေးအတွက် မြတ်သောအကျင့်ကို ကောင်းမွန်စွာ ကျင့်လော့"

ဤသို့ မိန့်မြွက်တော်မူသော စကားများဖြင့်ပင် ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်ခဲ့ကြ၏။ အရှင်အညာသိကောဏ္ဍည အစရှိသော ရှေးဦး သာဝကများ၏ ရဟန်းခံပွဲ အခမ်းအနားမှာ ဤစကားတော်များသာ ဖြစ်ဘိ၏။ ဤပုဂ္ဂိုလ်တို့မှာ ဤသို့သော အခမ်းအနားဖြင့် ရဟန်းပြုပေးထိုက်သော အကြောင်းများ ရှိခဲ့သောကြောင့် ဖြစ်ပေသည်။

ဤကဲ့သို့သော အခမ်းအနားဖြင့် ဘုရားရှင်ထံတော်ပါ၀ယ် ရဟန်းအဖြစ် ခံယူနိုင်ရန် ထိုထိုအရပ်ဒေသများမှ ရဟန်းလောင်း ရှင်လောင်းများကို ခေါ်ဆောင်၍ လာကြရ၏။ လမ်းကြောင်းတစ်ခုတွင် ရဟန်းနှစ်ပါး မသွားကြနှင့်ဟု မိန့်တော်မူထားသည့်အတိုင်း သာသနာပြုပုဂ္ဂိုလ်များမှာ တခြားစီတစ်နယ်စီ သာသနာပြုကြရ၏။ ကိုယ်သာသနာပြုရာအရပ်မှ ရရှိလာသော ရှင်လောင်း ရဟန်းလောင်းများပါ ခေါ်ယူကာ ဘုရားရှင်ထံတော်သို့ အားခဲ၍ လာကြရ၏။ လာခဲ့၍ ဘုရားရှင်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရသော် တော်ပါသေး၏။ ဘုရားရှင်နှင့် လွဲရသော်ကား သတင်းနာခံ၍ လိုက်ပေဦးတော့။ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း သည်တုန်းက ကြုံရာမှာ ဆွမ်းခံကာ ဖြစ်သလို နေထိုင်ရင်း သာသနာ့အုတ်မြစ်များ လိုက်လံချပေးနေရဆဲ ဖြစ်ပေသည်။

ရဟန်းဘ၀ ခံယူနိုင်ရေးအတွက် မိမိ၏ တပည့်များ ခရီးပန်း၍ မရွှင်မလန်း ဖြစ်ရဖန်များလာချေပြီ။ ရှေ့မှာ သည့်ထက်ပင် များလာစရာ ရှိပေသည်။ ဤသို့တွေးတောတော်မူပြီးလျှင် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့၊ ယခုအခါမှစ၍ ထိုထိုအရပ်မျက်နှာ၊ ထိုထို မြို့ရွာ ဒေသတို့၌ သင်တို့ဘာသာ ရှင်ပြုပေးကြရန် ရဟန်းပြုပေးကြရန် ငါ ဘုရားခွင့်ပြုတော်မူ၏"

မိမိဆီမှာသာ ရှိနေခဲ့သော အာဏာတော်ကို သာ၀ကများအား ခွဲ၀ေပေးတော်မူခြင်း ဖြစ်ပေသည်။ ပင်ပန်းခြင်း၊ နှောင့်နှေးခြင်း မရှိဘဲ သာသနာတော်ကြီး တိုးတက် စည်ပင်စေဖို့ ဖြစ်ပေသည်။

ဤသို့ အာဏာတော်ကို ခွဲ၀ေအပ်နှံပြီးလျှင် ဆက်လက်၍

"ရဟန်းတို့၊ ရှင်ပြုရန်၊ ရဟန်းပြုရန်အစီအစဉ်မှာ ဤသို့ဖြစ်၏။ ရှင်လောင်း ရဟန်းလောင်းများအား ရှေးဦးစွာ ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်ပေးရမည်။ သင်္ကန်းများ ၀တ်ဆင်ပေး၍ ရဟန်းတို့၏ ခြေရင်းမှာ ရှိခိုးစေရမည်။ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီစေကာ သရဏဂုံသုံးပါးကို လိုက်ဆိုစေရမည်။

http://www.dhammadownload.com

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

"ဤသရဏဂုံ သုံးပါးကို သုံးကြိမ်တိတိ လိုက်ဆိုစေရမည်။

"ရဟန်းတို့၊ သရဏဂုံသုံးပါးကို ချပေးခြင်း၊ လိုက်ဆိုခြင်းဖြင့် ရှင်ပြုပေးရန်၊ ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏"

ရှင်ပြုရဟန်းခ အစီအစဉ်များနှင့်တကွ ပြုပေးရမည့် ဝိနည်း ပညတ်တော်ကိုပါ ထုတ်ဆင့်၍ ပေးတော်မူလိုက်ပေသည်။ ပထမဦးစွာ ခွဲဝေပေးတော်မူသောအာဏာနှင့် ပထမဦးစွာ ထုတ်ဆင့်တော်မူသော ဝိနည်း ပညတ်ချက်ပင် ဖြစ်ပေသည်။

သာသနာတော်ကြီးတစ်ခုလုံး၏ အရင်းအမြစ်ကို စိစစ်ကြည့်လျှင် ဓမ္မနှင့် ဝိနယကိုသာ တွေ့ကြရမည်ဖြစ်၏။ တစ်သက်တာကာလတွင် ဆက်ကာဆက်ကာ ဟောတော်မူရမည့် ဓမ္မတို့ကို မိဂဒါဝုန်တွင် အခြေခိုင်ခိုင်ချ၍ ပေးတော်မူခဲ့ပြီး ဖြစ်၏။ ယခု ပထမဆုံးသော ဝိနည်းပညတ်ချက်ကို ထုတ်ဆင့်တော် မူလိုက်လေပြီ။

ဤဓမ္မနှင့် ဝိနယသည် ကမ္ဘာပတ်လုံး တည်ပါစေသတည်း။

(မန္ဓိမပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်၊ ဝိနည်း မဟာဝဂ်၊ မဟာခန္ဓက၊ ပဥ္စဝဂ္ဂိယကထာ၊ ပဗ္ဗဇ္ဇာကထာ)

ဝေဠုဝန်ကျောင်းတော်

ဝေဠုဝန်ကျောင်းတော်ကား ဘုရားရှင်၏ ပထမကျောင်းတော်ဖြစ်၏။ ကျွန်ုပ် တစ်သက်တာတွင် မေ့ပျောက်၍ မရနိုင်သော ဌာနများတွင် ထိပ်ဆုံးက ပါဝင်ပေသည်။ နောက်ပိုင်းအချိန်များ၌ ကျွန်ုပ်တို့ စိတ်နှလုံး ထိခိုက်ရသော အရေးအခင်းများ ပေါ်ပေါက်လာရခြင်းမှာလည်း သည်ကျောင်းတော်မှာပင်ဖြစ်သည်။ ထို့ကြောင့် ယခုက ကြိုတင်ကာ ဤကျောင်းတော်၏ အကြောင်းခြင်းရာကို ကျွန်ုပ် ကြားနာမှတ်သားမိသမျှ တင်ပြရပါဦးမည်။

မဂဓဘုရင် ဗိမ္ဗိသာရ၏ ကြိုတင်လျှောက်ထားချက်အတိုင်း ဘုရားရှင် ကြွတော်မူလာစဉ်က ဤကျောင်းကို မဆောက်ရသေးပေ။ ထို့ကြောင့် ဘုရားရှင်နှင့် တကွ နောက်ပါ ရဟန်းတော်တစ်ထောင်ကျော်မှာ ထန်းတောဥယျာဉ်၌ ခိုဝင် နေကြရ၏။ အရိပ်ကောင်းရာ သစ်ပင်များကို ကျောင်းအမှတ်ပြုကာ သီတင်းသုံးတော် မူကြရ၏။

နောက်တော်ပါ ရဟန်းတော်တစ်ထောင်မှာ အားလုံး ရသေ့ဘဝမှ လာခဲ့ကြ သူချည်း ဖြစ်သည်။ ပွေလိမ်ရှုပ်ထွေးသည့် ဆံပင် ဆံကျစ်၊ ထမ်းပိုး၊ မီးမွေး

http://www.dhammadownload.com

ယောက်မ အစရှိသော ရသေ့တို့၏ ပရိက္ခရာများကို နေရဠရာမြစ်ထဲသို့ မျှောကာ ရဟန်းပြုလာကြသူများဖြစ်၏။

သည်ရဟန်းများမှာ အစက မီးကို အလုပ်အကျွေးပြုလာကြသူများဖြစ်၏။ မီးကို အမြတ်တနိုး ပူဇော်လာသူများ ဖြစ်ကြ၏။ ဤသို့ ပူဇော်သောအားဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှ ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏။ ထိုသို့ မျှော်လင့်ခဲ့ကြသည့်အတိုင်း ရခဲ့သည်လည်း မှန်ပါ၏။ မီးပူဇော်ခြင်းဖြင့် လိုအင်ဆန္ဒဟူသမျှ ပြည့်စုံနိုင်သည်ဟု အယူအစွဲရှိနေသော လောကအလယ်တွင်သူတို့တစ်တွေ မျက်နှာပွင့်ခဲ့ကြပါ၏။ လူသူတန်းသူတွေ ပေါများခဲ့ပါ၏။ ဤသို့ပေါလေ မီးကို တိုး၍ ပူဇော်လေ။ သူတို့၏ အကြီးအမှူး ဥရုဝေလကဿပကြီးသည် သည်နယ် တစ်ဝိုက်တွင် နေတစ်ဆူ၊ လတစ်ဆူပါပေတည်း။

ယခုတော့ ဤကဲ့သို့သော လာဘ်လာဘတို့ထက် ရာထောင်မက အဆသာသည့် ဆုလာဘ်ကြီးများ ရရှိထားကြပေပြီ။ ဆုတော် လာဘ်တော် ပေးသနားတော်မူခဲ့သည့် ကျေးဇူးရှင်ကြီး၏ နောက်တော်ပါးဌ ဦမ်သက်စွာ ထိုင်နေကြပေပြီ။

မကြာမီ ထိုဥယျာဉ်သို့ ဗိမ္ဗိသာရမင်းကြီး ဆိုက်ရောက်လာ၏။ သူသည် လိုအပ်သည့်ပန်းတိုင် ရောက်သည့်အခါ ရာဇဂြိုဟ်သို့ ကြွဖြစ်အောင် ကြွခဲ့ပါဟု လျှောက်ထားခဲ့၏။ ယခု သည်အရှင် ကြွတော်မူလာပြီ။ သည်အရှင်၏ ကြည်လင်အေးမြသော မျက်နှာတော်ကို ရှုရခြင်းဖြင့် လိုအပ်သော ပန်းတိုင်ရောက်ခဲ့ကြောင်း အကဲခတ်နိုင်ပါပြီ။ မိမိ လိုအင်ဆန္ဒရှိခဲ့လေသမျှ သည်တစ်ခါ တစ်လုံးတစ်ဝတည်း ပြည့်တော့မည့် ဖြစ်အင်ကို ကြိုတင်မြင်ယောင်၍ နေပေပြီ။

မိမိထက် ငါးနှစ်သာကြီးသော ဘုရားရှင်အား ဗိမ္ဗိသာရမင်းက အားပါးတရ ဖူးမြော်၍ နေ၏။ ဘုရားရှင်နှင့် ပတ်သက်၍ ပေါပေါက်လာသမျှသော သူ့စိတ်ကူးများကို သူ့ဘာသာကြည်နူး၍ နေပေသည်။

ကိုယ်ရံတော် တပ်မှူး ဗိုလ်ပါများ၊ မဂဓ တိုင်းသူပြည်သားများကတော့ သူတို့ အရှင်သခင်ကဲ့သို့ မဟုတ်ချေ။ ဘုရားရှင့်မျက်နှာတစ်ခုတည်းကိုသာ မဟုတ်ဘဲ ဥရုဝေလကဿပရဟန်းကြီးဆီသို့လည်း ထပ်တူထပ်မျှ အာရုံစိုက်မိကြ၏။ သည်ကိုယ်တော်ကြီးသည် သည်နယ်မှာ နေတစ်ဆူ၊ လတစ်ဆူ မဟုတ်ပါလား။ နှစ်ပေါင်းများစွာ ကိုးကွယ်ဆည်းကပ်လာခဲ့သည့် ဆရာဟောင်း သမားဟောင်း မဟုတ်ပါလား။

"ယခု လောလောဆယ်မှ ဟိုးလေးတကျော် ဖြစ်လာသူက မဟာသမဏ ဂေါတမ။ မိမိတို့ နှစ်ပေါင်းများစွာ ကိုးကွယ်လာခဲ့သူက ဥရုဝေလကဿပ။ နာမည်ကြီး ပုဂ္ဂိုလ်နှစ်ဦး ယခုလို ကြုံတောင့် ကြုံခဲ၊ ဆုံတောင့်ဆုံခဲ ကြုံ၍ ဆုံ၍ လာခိုက်ဝယ် မည်သူ့ကိုအရေးထား၍ လေးစားရမည်နည်း။ မည်သူက မည်သူ့ဆီက

http://www.dhammadownload.com

နည်းနိဿယခံယူ၍ ကျင့်သုံးရလေသနည်း။ မည်သူသည် ဆရာဖြစ်၍ မည်သူက တပည့် ဖြစ်လေသနည်း"

ရောက်လာသူအပေါင်းတို့က သို့လော သို့လော တွေးနေကြ၏။ တီးတိုးတီးတိုး မေးမြန်းနေကြ၏။ ထိုစဉ်အခိုက်တွင် ဘုရားရှင်၏ မိန့်ကြားသံ ထွက်ပေါ်လာပေသည်။

"ဥရုဝေလတောမှာ နေလေ့ရှိခဲ့သော ကဿပ၊ ရှေးယခင်က သင်သည် ရသေ့တို့ လမ်းစဉ်အတိုင်း မီးကို လုပ်ကျွေးပူဇော်ခဲ့သူ ဖြစ်၏။ ယခု ဘယ်တရားကို မြင်၍ မီးလုပ်ကျွေးမှု၊ ပူဇော်မှုကို စွန့်လွှတ်ဘိသနည်း"

မာဂဓပရိသတ်၏ သံသယလည်း ပြေပျောက်စေရန် တပည့်ကြီး တစ်ပါး၏ အသိအမြင်ပြောင်းလဲနေခြင်းကိုလည်း သိသာထင်ရှားစေရန် မေးတော်မူလိုက်ခြင်း ဖြစ်ပေသည်။

အရှင်ဥရုဝေလ ကဿပသည် သက်နှံးများကို ပြုပြင်ကိုင်ယမ်းကာ ရှေ့တော် မှောက်ဝယ် ရှိသေစွာ လက်အုပ်ချီလျက် ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား၊ ယဇ်ပူဇော်ခြင်းကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာတို့ကိုလည်းကောင်း၊ မိန်းမတို့ကိုလည်းကောင်း ရနိုင်သည်။ ပြည့်စုံနိုင်သည်ဟု ဆိုကြပါကုန်၏။ ထိုကာမဂုဏ်တို့သည် ခန္ဓာဟူသော ဥပဓိ၌ အညစ်အကြေးတို့သာတည်းဟု တပည့်တော် သိမြင်ပါ၏။ ထို့ကြောင့် ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းတို့၌ တပည့်တော် မမွေ့လျော်တော့ပါ ဘုရား"

"ကဿပ၊ သင်၏ စိတ်နှလုံးသည် ထိုထိုအာရုံ ကာမဂုဏ်တို့၌ မမွေ့လျော်သည်ရှိသော် အဘယ်မည်သော လူ့ပြည်၊ နတ်ပြည်၌ မွေ့လျော်ပါသနည်း"

နောက်ထပ် မေးခွန်းတစ်ခုကိုလည်း အရှင်ဥရုဝေလကဿပက အချက်ကျကျ ဖြေဆိုပေသည်။

"အရှင်ဘုရား၊ အကြင်နိဗ္ဗာန်သည် ငြိမ်သက်၏၊ ခန္ဓာစသော ဥပဓိလည်း မရှိ၊ ရာဂ စသော ကြောင့်ကြမှုလည်း မရှိ၊ ကာမဂုဏ်တို့၌လည်း မကပ်ငြို၊ ပဋိသန္ဓေ တည်နေဖြစ်ပွားရခြင်း၊ အိုရ၊ နာရ၊ သေရခြင်းဟူသော ဖောက်ပြန်မှုလည်း မရှိ၊ မဂ်မှ တစ်ပါး အခြားသော တရားဖြင့်လည်း မသိနိုင်၊ ထိုနိဗ္ဗာန်ကိုသိမြင်ပြီး ဖြစ်သောကြောင့် တပည့်တော်၏ စိတ်သည် ယဇ်ကြီး ယဇ်ငယ် ပူဇော်ခြင်းတို့၌ မမွေ့လျော်တော့ပါ ဘုရား"

ထို့နောက် အရှင်ဥရုဝေလကဿပသည် မြတ်စွာဘုရား၏ ခြေတော်အစုံ၌ ဦးခိုက်ရှိခိုးလျက်–

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်ကား မြတ်စွာဘုရား၏ တပည့်ပါတည်း"

http://www.dhammadownload.com

နှစ်ကြိမ်နှစ်ခါ ရိုသေစွာ လျှောက်ထား၏။ ဤတွင်မှ ပရိသတ်ကြီး၏ တီးတိုး တီးတိုးသံများ ပျောက်ကွယ်၍ သွားကြပေသည်။

ထို့နောက် ဘုရားရှင်သည် ဒါနကထာ၊ သီလကထာမှစ၍ သိသင့်သိထိုက်သော တရားစကားများ ဟောကြားတော်မူကာ တရားနာသူတို့၏ စိတ်နလုံးများ နူးညံ့သိမ်မွေ့၍ ငြိမ်သက်တည်ကြည်လာသောအခါ သစ္စာလေးပါး တရားကို ဟောတော်မူပေသည်။

သစ္စာလေးပါးတရားသည်ကား အခြားဘာသာရေးခေါင်းဆောင်များထံမှ ဆင့်ကူးလာသော တရားမဟုတ်။ ဘုရားရှင်တို့ ကိုယ်တော်တိုင် အသိုးအခြား ထုတ်ဆောင်အပ်သော တရားဖြစ်၏။ ဘုရားရှင်တို့၏ လက်ရင်းတရား၊ လက်ငင်းတရားဖြစ်၏။ လက်ငင်းလက်တွေ့ ကြုံနေရသည့်အပေါ်တွင် အခြေခံ၍ ဝေဖန်ဉာဏ် ထွက်စေသော တရားလည်း ဖြစ်ပေသည်။ ထို့ကြောင့် တရားနာပရိသတ်များနှင့်တကွ ဗိမ္မိသာရမင်းသည် ထိုတစ်ထိုင်တည်းဖြင့် အရိယာဉာဏ်စဉ် သက်ဝင်လာပေသည်။ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လာပေသည်။

အရိယာဉာဏ်စဉ်ဖြင့် အမှန်မြင်၍ အမှန်ကို ကြည်ညိုတတ်ပြီဖြစ်သော ဗိမ္မိသာရမင်းသည် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

'အရှင်ဘုရား၊ တပည့်တော် အိမ်နီမှစ် မင်းသားဘဝတုန်းက တောင့်တမှုကြီး ငါးမျိုး ဖြစ်ပေါ်ခဲ့ပါသည်။ တောင့်တမှုကြီး ငါးမျိုးမှာ ဤသို့ ဖြစ်ပါသည်။

"ငါသည် မင်းဧကရာဇ်အဖြစ်ကိုရ၍ အဘိသိက်ရေစင် သွန်းလောင်းခြင်း ခံရလျှင် ကောင်းလေစွ။

"ငါသည် မင်းအဖြစ်သို့ ရောက်သောအခါ ငါ၏ တိုင်းနိုင်ငံသို့ မြတ်စွာဘုရား ကြွတော်မူလာလျှင် ကောင်းလေစွ။

"ငါသည် ကြွလာတော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ခွင့်ရလျှင် ကောင်းလေစွ။

"ထိုမြတ်စွာဘုရားသည် ငါ့အား တရားဟောလျှင် ကောင်းလေစွ။

"ဟောကြားအပ်သော တရားကို သိနားလည်ရလျှင် ကောင်းလေစွဟူ၍ ဖြစ်ပါသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့ ကြံစည်ခဲ့၊ တောင့်တခဲ့ပါသည်။ ယခုအခါ တပည့်တော်၏ကြံစည်မှု၊ တောင့်တမှု အားလုံးပြည့်စုံခဲ့ပါပြီ။ မြတ်စွာဘုရား၏ တရားတော်သည် အလွန် နှစ်သက်ဖွယ် ရှိပါပေသည်။ တပည့်တော်ကို အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ တပည့်ရင်းဟု အသိအမှတ်ပြုတော်မူပါ

http://www.dhammadownload.com

ဘုရား။ နက်ဖြန်နံနက် နောက်ပါ ရဟန်းအပေါင်းနှင့်တကွ တပည့်တော်၏ ဆွမ်းအလှူကို ခံယူတော်မူပါ ဘုရား"

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်ပေသည်။

နောက်တစ်နေ့နံနက်၌ အတင့်အတယ် ဖွယ်ဖွယ်ရာရာ ခင်းကျင်းပြင်ဆင်ထားအပ်သော နန်းတော်ထက်တွင် ဘုရားအမှူးရှိသော ရဟန်းများကို ဖူးတွေ့ကြရ၏။ မွန်မြတ်သော ဆွမ်းခဖွယ်များကို ဘုဉ်းပေးပြီးကြ၍ မိမိနေရာထက်တွင် ငြိမ်ငြိမ်သက်သက် ထိုင်နေတော်မူကြသော မြတ်စွာဘုရားနှင့် ရဟန်းတော်တို့အား ဗိမ္မိသာရမင်းသည် ကြည်ညိုသဒ္ဓါ တစိမ့်စိမ့်ဖြာလျက်ရှိရာမှ "မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် မည်သည့်နေရာ၌ အစဉ်သဖြင့် သီတင်းသုံးသင့်သနည်း" ဟု တွေးတောမိ၏။

ဤသို့သော အရှင်မြတ်များ၏ နေရာဌာနသည် လူတွေ ယူတွေနှင့် ရောထွေးယှက်ထင် မဖြစ်သင့်ပေ။ ဘုရားဖူးလိုသူ၊ တရားနာလိုသူတို့ လွယ်လင့်တကူ သွားနိုင်ဖို့လည်း လို၏။ သွားလမ်းလာလမ်း ကောင်းမွန်သင့်၏။ နေ့မှာ လူတွေနှင့် မရောယှက်၊ ညမှာ အသံဗလ နှောင့်ယှက်မှုကင်းသော နေရာလည်းဖြစ်သင့်၏။ ဤနေရာမျိုးကို ဘယ်မှာ ရှာရမည်နည်း။

ဤသို့ မိမိဘာသာ မေးခွန်းထုတ်ပြီး၍ တစ်ခဏအကြာတွင် "ညောင် ငါ၏ ဝေဠုဝန် ဥယျာဉ်သည် ဤအင်္ဂါရုပ်များနှင့် ပြည့်စုံနေပါပကော" ဟု အဖြေထွက်လာ၏။

သံဃာတော်များအတွက် သင့်တင့်လျောက်ပတ်သော ကျောင်းရာမြေကို ရှာဖွေတွေ့သည်နှင့် တစ်ပြိုင်နက်-

"အရှင်ဘုရား၊ ရဟန်းသံဃာတော်တို့ သီတင်းသုံးရန် သင့်လျော်သော ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်အား တပည့်တော် လှူဒါန်းပါ၏ ဘုရား"

ဗိမ္မိသာရမင်းက ရွှေကရားဖြင့် ရေစက်သွန်းချ၍ လှူဒါန်းလိုက်ပေသည်။

ဘုရားရှင်သည် ပထမဆုံး ကျောင်းရာမြေ ဒါယကာအား တရားစကားများ ချီးမြှောက်တော်မူပြီးလျှင် သံဃာတော်များနှင့်တကွ ဝေဠုဝန်ဥယျာဉ်သို့ ကြွတော်မူ၏။

ယခင်က ဤဥယျာဉ်သည် မင်းညီမင်းသား မင်းမိဖုရားတို့၏ ပျော်မြူးရာဖြစ်၏။ ကာမဂုဏ် အာရုံတို့ဖြင့် မူးရစ်ရာဌာနဖြစ်၏။ ယခုသော်ကား သံဃာတော်များ၏ ကျောင်းရာမြေ ဖြစ်လာချေပြီ။ ကာမဂုဏ်အာရုံတို့ကို ပယ်စွန့်ရာဌာန ဖြစ်လာချေပြီ။ ဤကျောင်းရာမြေကို အစပြုကာ အခြားကျောင်းရာမြေများလည်း သာသနာတော်တွင်းသို့ တစ်ခုပြီး တစ်ခု သက်ဝင်၍ လာကြပေတော့မည်။ ထို့ကြောင့် ဘုရားရှင်က-

http://www.dhammadownload.com

"ရဟန်းတို့၊ ကျောင်းရာမြေ အလှူခံခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏" ဟု ဝိနည်းပညတ်တစ်ခုကို ထုတ်ပြန်တော်မူလိုက်ပေသည်။

ပထမဆုံးသော ဝိနည်းပညတ်ချက်မှာ ရဟန်းများကို ကိုယ်တိုင် တာဝန်ယူ၍ ရဟန်းပြုပေးနိုင်သော အခွင့်အာဏာတော် ခွဲဝေပေးခြင်း ဖြစ်သည်။ ယခုအခါ ထိုရဟန်းများအားလုံး၏ နေစရာ ကျောင်းရာမြေကို ခွင့်ပြုတော်မူရပေပြီ။

သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင် ဖွဲ့စည်းထားပြီမို့ လိုအပ်သမျှ ဝိနည်း ပညတ်များကို အဆက်မပြတ် ထုတ်ပြန်တော်မူရပါတော့မည်။

သို့ရာတွင် ဤသို့သော ဝိနည်းပညတ်ချက်တွေကို အဆက်မပြတ် ထုတ်ပြန်ရုံသက်သက်ဖြင့် သံဃာ့အဖွဲ့အစည်းကြီးအတွက် စိတ်ချဖွယ်မရှိသေးပါ။ လက်ရုံးနှစ်ဖက်ကဲ့သို့ အားကိုးအားထားပြုလောက်သော သာဝကကြီးများ လိုအပ်နေပေသည်။ ထိုသာဝကကြီးများက မိမိနှင့်အတူ ဝိုင်းကူစောင့်ရှောက်ပေးပါမှ ဤအဖွဲ့အစည်းကြီးသည် အရှည်တည်တံ့ပါလိမ့်မည်။

ယခုရှိပြီးသော သာဝကရဟန်းများတွင် တရားအမြင်စင်ကြယ်ပြီးသူ၊ ရဟန်းကိစ္စ ပြီးပြည့်စုံပြီးသူတွေ ပေါလှပါ၏။ သို့သော် သံဃာ့အဖွဲ့အစည်းကြီးကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်သူက မရှိသေးပေ။ တစ်နေ့သောအခါ အထောက်အကူ ပြုလာနိုင်လိမ့်မည်ဟု မျှော်လင့်စရာလည်း မရှိသေးပေ။ ဤသို့ဖြင့် လက်ရှိပုဂ္ဂိုလ်များကို မျှော်လင့်၍ မဖြစ်နိုင်လျှင် လာလတ္တံ့သော ပုဂ္ဂိုလ်များကို မျှော်လင့်ရပါတော့မည်။

(ဝိန်းမဟာဝဂ်၊ မဟာခန္ဓက၊ သာရိပုတ္တမောဂ္ဂလာနကထာ)

⁂

http://www.dhammadownload.com

လာခြင်းကောင်းသော အဂ္ဂသာဝကများ

မျော်တုန်းမျော်ဆဲတွင် အရံသင့်ဆိုက်ရောက်လာကြသော အရှင်မြတ်ကြီး နှစ်ပါး အနက် တစ်ပါးမှာ ဘုရားရှင်၏ လက်ယာတော်ရံ၊ ပညာအရာ၌ (ဧတဒဂ်) အထူးမြတ်ဆုံး ဂုဏ်ထူးတော်ဆောင် ပုဂ္ဂိုလ်ဖြစ်၏။ နောက်တစ်ပါးမှာ လက်ဝဲတော်ရံ၊ တန်ခိုးအရာ၌ (ဧတဒဂ်) အထူးအမြတ်ဆုံး ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ဖြစ်၏။

ပညာဂုဏ်ထူးဆောင်ပုဂ္ဂိုလ်၏ ငယ်နာမည်မှာ ဥပတိဿဖြစ်၏။ ရာဇဂြိုဟ် အနီးက ဥပတိဿရွာတွင် ဖွားမြင်ခဲ့၏။ တန်ခိုးဂုဏ်ထူးဆောင် ပုဂ္ဂိုလ်၏ ငယ်နာမည်မှာ ကောလိတဖြစ်၏။ သူ ဖွားမြင်ရာရွာမှာလည်း သူနှင့် နာမည်တူပင် ဖြစ်၍ ရာဇဂြိုဟ်အနီးတစ်ဝိုက်မှာ ရှိပေသည်။

ဥပတိဿ၊ ကောလိတ သူငယ်ချင်းနှစ်ယောက်တို့သည် သွားအတူလာအတူ ဖြစ်ကြ၏။ တစ်နေ့သ၌ အခြွေအရံများနှင့်အတူ တောင်ထိပ်သဘင်ပွဲဆင်နွှဲခဲ့ကြရာက "ယခု ပွဲသဘင်မှာ အပျော်ကြီးပျော်၍ နေကြသူများသည် နောင်နှစ်တစ်ရာကြာလျှင် အားလုံး ဘစ်ယောက်မျှ ရှိကြတော့မည် မဟုတ်တော့ပါတကား" ဟူသော အတွေးဆန်းတစ်ခု ပေါ်ပေါက်လာခဲ့၏။ ထိုအတွေးဆန်းကြောင့် သူငယ်ချင်း နှစ်ယောက်မှာ သူများပျော်သလို မပျော်နိုင်။ သူများရယ်သလို မရယ်နိုင်ကြတော့ပေ။ လူသူကင်းသည့် တစ်နေရာရာတွင် ထိုအတွေးဆန်းကိုပင် အခြေပြုကာ နှစ်ယောက်သား ဆက်လက် တိုင်ပင်နေကြရ၏။

"သူငယ်ချင်း အဓိပ္ပါယ်က ဖွားလာသူမှန်သမျှ သေကြရမည် မှန်၏။ သို့သော် သေသော သဘောတရား ရှိသလို မသေသော သဘောတရားကော မရှိတော့ပြီလား"

"ရှိနိုင်ပါသည် သူငယ်ချင်း"

"ရှိနိုင်သည့်အရာကို ငါတို့များ ရှာကြပါစို့"

http://www.dhammadownload.com

"မသေသော သဘောတရားကို ဦးစွာရသောသူက ကျန်တစ်ယောက်ကို ပြန်ပြောရမည်။ ဤကတိကို ပြုနိုင်ပါမည်လား"

"ပြုနိုင်ပါသည် သူငယ်ချင်း၊ သည်တရားကို ရှာရာတွင် လောကလူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်တက်ပြီး ရှာလျှင် ပို၍ လွယ်ကူလိမ့်မည်"

"ကောင်းပြီ၊ ငါတို့များ ရဟန်းပြုကြစို့"

ဥပတိဿနှင့် ကောလိတမှာ သူတို့ရပ်ရွာ သူတို့နယ်ပယ်တွင် ထင်ရှားသူ၊ ကျော်ကြားသူများ ဖြစ်ကြလေရာ သူတို့နှစ်ဦး ရဟန်းပြုလျှင်ပင် ငါးရာသော သတို့သားတို့သည်လည်း ရဟန်းပြုလာကြကုန်၏။ သို့သော် သူတို့သည် သာသနာတော်တွင်းသား ရဟန်းများ မဟုတ်ကြသေး။ သိဥ္ဆည်း ဆရာကြီး၏ အဆုံးအမခံ ပရိဗိုဇ်ရဟန်းမျိုးသာ ဖြစ်ကြပေသည်။ ပရိဗိုဇ်ရဟန်း အမျိုးမျိုး ရှိသည့်အနက် သူတို့ဆရာကြီးမှာ အဝတ်ဝတ်သော အမျိုးအစားထဲက ဖြစ်၍ တော်သေးသည်ဟု ဆိုရပါမည်။

ဉာဏ်ပညာ ထက်မြက်ကြသူများဖြစ်၍ သူငယ်ချင်းနှစ်ပါးတို့သည် မကြာမီမှာ ပင် သိဥ္ဆည်းဆရာကြီး၏ အဆုံးအမအားလုံးကို နှုတ်ငုံကြရ၏။ ခွဲခြမ်းစိတ်ဖြာ၍ ဝေဖန်နိုင်ကြ၏။ သို့သော် သူတို့ရှာဖွေသော မသေတရားက အရိပ်အရောင်မျှ မပါရှိသေး။ မတွေ့ရသေးချေ။

သို့နှင့် ဆရာသမားအထံမှာ မတွေ့ရလျှင် အခြားက ရှာမည်ဟု မျက်စိကို ဖွင့်၍ နားကို စွင့်နေကြ၏။ တွေ့သမျှ ပုဂ္ဂိုလ်များကို မသေတရားပေးနိုင်လောက်၊ မပေးနိုင်လောက် အကဲခတ်၍ နေကြ၏။

သူတို့အတွက် ကုသိုလ်ကောင်းရုံမက သာသနာတော်ကြီး တစ်ခုလုံးအတွက် လည်း ကံကောင်းသည်ဟု ဆိုရပါမည်။ သူတို့ မသေတရား ရှာနေစဉ်မှာပင် ပဥ္ဇဝဂ္ဂီငါးဦးတို့တွင် အပါအဝင်ဖြစ်သော အရှင် အဿဇိသည် ဘုရားရှင်ရှိရာသို့ ပြန်လာခိုက်နှင့် ကြုံနေ၏။ သာသနာပြုရာအရပ်မှ ခေတ္တပြန်ကြွလာခြင်းဖြစ်ပေသည်။

ရာဇဂြိုဟ်မြို့တော်တွင်းဝယ် ကြည်ညိုဖွယ်ရာ ကြွလှမ်းကာ မျက်လွှာချလျက် ဆွမ်းခံ၍နေသော အရှင်အဿဇိအား ဥပတိဿပရိဗိုဇ်ရဟန်းက ဦးစွာဖူးတွေ့ရ၏။ အရှင်အဿဇိကို ကြည်ညိုစွာ ဖူးမြင်ရင်း အကဲခတ်၍ နေ၏။

'လောကလူ့ပြည်ဝယ် ရှိရှိသမျှ ရဟန္တာပုဂ္ဂိုလ်တို့တွင် ဤပုဂ္ဂိုလ်တစ်ပါးသည် အပါအဝင်ဖြစ်နိုင်၏။ သည်ပုဂ္ဂိုလ်ကို ချဉ်းကပ်ပြီး သူ့ဆရာ၏ အမည်နာမနှင့် တရားသဘောကို မေးရလျှင် ကောင်းလိမ့်မည်ထင်၏။ သို့သော် ယခု မေး၍ မတော်သေးချေ။ အိမ်ပေါက်စေ့မျှ ဆွမ်းခံနေဆဲဖြစ်သည်။ သည်ရဟန်း၏ နောက်တော်ပါးက ထပ်ကြပ်မကွာ လိုက်ပါသွားမှ ဖြစ်ချိမ့်မည်။ ဤသို့လိုက်ပါခြင်းမှာ ဧကန်မုချရှိနေသော မသေတရားကို ရှာခြင်းပင် ဖြစ်ပေသည်တကား'

http://www.dhammadownload.com

ဤသို့စဉ်းစားရင်း အရှင်အဿဇိ နောက်ပါးက လိုက်လာခဲ့ရာ ရာဇဂြိုဟ်မြို့ပြင် သို့ရောက်လာခဲ့၏။ ဤတွင် ဥပတိဿပရိဗိုဇ်က အရှင်အဿဇိအား နှုတ်ဆက်စကား ဆိုလိုက်လေသည်။

"ငါ့ရှင်၊ သင်၏ မျက်နှာသည် ကြည်လင်လေစွ။ သင်၏ အဆင်းရောင်သည် ဝင်းပြောင်လေစွ။ သင်သည် မည်သည့်ဆရာကို ရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ ဆရာသည် မည်သူပါနည်း။ မည်သည့်ဆရာ၏ တရားကို သင်နှစ်သက်ပါသနည်း"

ဥပတိဿ၏ အမေးကို အရှင်အဿဇိက အဖြေပေးလေသည်။

"ငါ့ရှင်၊ သကျမျိုးနွယ်မှ ရဟန်းပြုလာသော မဟာသမဏ ဂေါတမဘုရားရှင်ကို ရည်စူး၍ ငါ ရဟန်းပြုလာခဲ့၏။ ထိုဘုရားရှင်သည် ငါ၏ဆရာဖြစ်၏။ ထိုဘုရားရှင်၏ တရားကို ငါ နှစ်သက်၏"

"သို့ဖြစ်လျှင် တဆိတ် အမိန့်ရှိပါဦး ငါ့ရှင်။ ငါ့ရှင်၏ ဆရာသည်မည်သို့ မည်ပုံ မိန့်ဆိုလေ့ရှိပါသလဲ"

"ငါ့ရှင်၊ ငါရဟန်းပြုသည်ကား မကြာသေးချေ။ မကြာမီကမှ သာသနာတော်တွင်း ရောက်ခဲ့ရ၏။ သို့ဖြစ်၍ သင့်အား အကျယ်တဝင့် မဟောကြားနိုင်ပါ။ အကျဉ်းချုပ်မျှသာ ဟောနိုင်ပါမည်"

"ရှိပါစေတော့ ငါ့ရှင်၊ အကျဉ်းဖြစ်စေ၊ အကျယ်ဖြစ်စေ ဟောသာ ဟောပါ၊ ဟောချင်း ဟောလျှင် သဘောအဓိပ္ပာယ်ကိုသာ ဟောပါ။ သဘောအဓိပ္ပာယ်ကိုသာ အလိုရှိပါသည်။ စကားလုံးတွေ များနေ၍ ဘာအသုံးကျမည်နည်း"

"သို့ဖြစ်လျှင် နာလေတော့ ငါ့ရှင်"

ဤသို့ စကားခံကာ မသေတရားရှာနေသော ဥပတိဿပရိဗိုဇ်အား အရှင်အဿဇိက သာသနာတော်ကြီး တည်တံ့နေသည်နှင့်အမျှ ဥဒါန်းတွင်ရစ်မည့် ဤဂါထာကို ဟောကြားလိုက်လေသည်။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

"အကြင်တရားတို့သည် အကြောင်းလျှင် အမွှန်အစ ရှိကြကုန်၏။ (အကြောင်းကြောင့် ဖြစ်ကြကုန်၏။)

"ထိုအကျိုးတရားတို့၏ အကြောင်းကို မြတ်စွာဘုရား ဟောတော်မူ၏။

"ထိုအကျိုးအကြောင်း နှစ်ပါးပေါင်း၏ ချုပ်ငြိမ်းရာကိုလည်း ဟောတော်မူ၏။

http://www.dhammadownload.com

"ငါတို့ဆရာ မဟာသမဏသည် ဤသို့ ဟောတော်မူလေ့ရှိပေသည်"

ပထမပိုဒ်၌ အကြောင်းပြုပေး၍ ပေါ်လာခဲ့ကြသော ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရားတို့ကို ပြဆိုထား၏။ ဒုတိယပိုဒ်မှာကား အကျိုးတရားတို့ပေါ်ပေါက်လာအောင် အကြောင်းပြုပေးသော သမုဒယသစ္စာကို ပြဆိုပေသည်။ တတိယအပိုဒ်ကား ကြောင်းကျိုးချုပ်ငြိမ်းရာ နိရောဓသစ္စာကို ပြဆို၏။ မဂ္ဂသစ္စာကို တိုက်ရိုက်ပြဆိုသော စကား၊ မပါသော်ငြားလည်း သဘောအားဖြင့် နိရောဓသစ္စာ အတူပါပြီးဖြစ်ပေသည်။ နိရောဓသစ္စာ နိဗ္ဗာန်တရားသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာ မျက်မှောက်ပြုရသော တရားဖြစ်ရာ အာရုံပြုအပ်သော နိဗ္ဗာန်ကို ဖော်ပြသည်နှင့် အာရုံပြုတတ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်များပါ မကင်းရာမကင်းကြောင်း အဖြစ်ဖြင့် ပါပြီးဖြစ်ရပေသည်။

သစ္စာလေးပါး အကျဉ်းချုပ်တရားကို နာလိုက်ရသဖြင့် ထိုတစ်ခဏမှာပင် ဥပတိဿပရိဗိုဇ်သည် အရိယသစ္စာဉာဏ်ကို ရရှိသွားလေသည်။ ထို့နောက် အရှင်အဿဇိအား ရိုသေစွာ ရှိခိုးဦးတင်ကာ–

"တပည့်တော် သဘောပေါက်ပါပြီ ဘုရား။ အရှင်ဘုရား၏ ကျေးဇူးကား ကြီးမားလှပါပေသည်။ ယခု အရှင်ဘုရား၊ ဘုရားကိုယ်တော်မြတ်ဆီ ကြွတော်မူနှင့်ပါ။ တပည့်တော်မှာ သူငယ်ချင်းတစ်ယောက် ရှိပါသေးသည်။ သူ့ကိုပါ ခေါ်လာခဲ့ပါမည် ဘုရား"

အရှင်အဿဇိ ဟောကြားလိုက်သော ဂါထာကို ဝမ်းသာအားရ အထပ်ထပ် အခါခါ ရွတ်ရင်း ဥပတိဿသည် သူငယ်ချင်း ပရိဗိုဇ်ထံသို့ ပြန်လာခဲ့၏။ သူ၏ မျက်နှာ အထူးကြည်လင် ရွှင်ပျနေသည်ကို မြင်ကတည်းက ကောလိတကလည်း ရိပ်မိနေပေပြီ။

"သူငယ်ချင်း မသေတရားကို သည်ကနေ့ ရခဲ့ပြီ မဟုတ်လား"

"ရခဲ့ပြီ သူငယ်ချင်း။ ရခဲ့ပြီ"

ဥပတိဿက အရှင်အဿဇိနှင့် တွေ့ရပုံ၊ တရားနာခဲ့ပုံ အားလုံးကို ပြန်ပြောပြလိုက်၏။ ဤသို့ပြောပြလိုက်ခြင်းဖြင့် ဥပတိဿ ရရှိခဲ့သော အသိဉာဏ်သည် ကောလိတထံသို့ပါ ကူးစက်သွားလေတော့သည်။ မသေတရားကို ရှာဖွေကြသော သူငယ်ချင်းနှစ်ယောက် ရှာရကျိုးနပ်ခဲ့ကြလေပြီ။

သူငယ်ချင်းနှစ်ယောက်မှာ အသွင်အပြင်အားဖြင့် ပရိဗိုဇ်တို့၏ အဝတ်အဆင်။ သို့သော် အတွင်းသန္တာန်မှာမူကား ဘုရားရှင်၏ တပည့်သား ဖြစ်နေကြချေပြီ။ အတွင်းသန္တာန်မှာ ရှိနေသည့်အတိုင်း အပြင်အပကလည်း ပြောင်းလဲကြရပေတော့မည်။ မသေတရားကို စတင်ဟောပြသည့် ဆရာသခင် ကျေးဇူးရှင်ထံ တပည့်ခံဝင်ကြမှ ဖြစ်တော့မည်။ ဤအရေးကို သူငယ်ချင်းနှစ်ယောက်စလုံးက သဘောတူကြပါ၏။ သို့သော် သူတို့၏ အခြေအရံ ပရိဗိုဇ်များက ရှိကြပေသေးသည်။

http://www.dhammadownload.com

"သူတို့ကို ပထမဦးစွာ အကြောင်းကြားကြစို့။ အကြောင်းကြားပြီးသည့်အခါ သူတို့ သဘောကျရာ ပြုကြပါစေ"

"သည်အတိုင်း ကောင်းပါ၏ သူငယ်ချင်း"

နှစ်ယောက်သား တိုင်ပင်ထားကြသည့်အတိုင်း ပြောပြကြရာ တပည့် ပရိဗိုဇ်များကလည်း ခေါင်းဆောင်များသွားရာ လိုက်မည်ဟု ဆိုကြ၏။ စကတည်းက သူတို့မျက်နှာဖြင့် ဝင်လာခဲ့ကြသည် မဟုတ်ပါလား။

နောက်ဆုံး သိဥည်းဆရာကြီးထံ ခွင့်ပန်ဖို့သာ ရှိတော့သည်။

"ဆရာကြီးထံ ပန်ကြားပါသည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ထံ သွားကြပါတော့မည်။ ဘုရားရှင်သည် ယခု ကျွန်ုပ်တို့၏ ဆရာ ဖြစ်နေပါပြီ"

ဥပတိဿ၊ ကောလိတတို့က တပည့်တို့ ဝတ္တရားရှိသည့်အတိုင်း ရှိသေစွာ ပန်ကြားကြပေသည်။

"မတော်ဘူး တပည့်တို့။ မသွားကြနှင့်။ ငါတို့ သုံးဦးလုံး သည်ဂိုဏ်းကြီးကို ညီတူညီမျှ ဦးဆောင်ကြပါစို့"

ဆရာကြီးက တား၍ ဆီး၍ ရဦးမည်လားဟု မိမိနှင့်ထပ်တူနေရာပေးပါ၏။ သို့ရာတွင် သူ့တပည့်ဟောင်းများက ဤနေရာကို မမက်မောကြတော့ပေ။ ထင်ရှားကျော်ကြားသော ဂိုဏ်းဆရာကြီးတစ်ဆူနှင့် ပခုံးချင်းယှဉ်၍နေရမည့် အခွင့်ထူးကို ဘုရားရှင့်ခြေတော်ရင်း၌ ဝပ်စင်းရခြင်းလောက် တန်ဖိုးမထားနိုင်ကြတော့ပေ။ ထို့ကြောင့် သုံးကြိမ်တိုင်တိုင် တားမြစ်နေသော သိဥည်းဆရာကြီးကို ခွဲခွာကာ ဘုရားရှင်ရှိရာသို့ လျှောက်လာကြပေတော့သည်။ ကိုယ့်နည်းနှင့်ကိုယ် တွင်ကျယ်၍ နေခဲ့ကြသော ပရိဗိုဇ်ဂိုဏ်းဂဏများ ပြိုကွဲခန်းသည် ဤနေ့ဤအချိန်တွင် အစပြုခဲ့ပေသတည်း။

"ရဟန်းတို့၊ ရှုကြလော့။ ဥပတိဿ၊ ကောလိတတို့ သူငယ်ချင်းနှစ်ယောက် လာခဲ့ကြပြီ။ သူတို့နှစ်ယောက်သည် ငါ၏ သံဝကအစုံ ဖြစ်လာလတ္တံ့တည်း"

အဝေးကလာသည်ကို မြင်လျှင်ပင် ဘုရားရှင်က ကြိုတင်၍ မိန့်တော်မူလိုက်ပါချေသည်။

ဘုရားရှင့် ခြေတော်ရင်းသို့ ခိုဝင်မိသည်နှင့်တစ်ပြိုင်နက် သူတို့၏ ငယ်နာမည်များ ပျောက်ကာ သာသနာ့အမည်များဖြင့် ခေါ်တွင်လာကြပေသည်။

တစ်ပါးကား အရှင်သာရီပုတ္တံရာ။

ကျန်တစ်ပါးကား အရှင်မဟာမောဂ္ဂလာန်။

(ဝိနည်း မဟာဝဂ်၊ မဟာခန္ဓက၊ သာရီပုတ္တ
မောဂ္ဂလာနကထာ ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

နေပြည်တော်က မျှော်ကြပြီ

"အာနန္ဒာ၊ သင့်နောင်တော်က တို့များဆီ လာမှ လာပါဦးမလား"

နန်းတော်သို့ အခစားရောက်လာသည့်အခါတိုင်း ဘကြီးတော်မဟာရာဇာက ဤမေးခွန်းများဖြင့် ဆီးကြိုနှုတ်ဆက်တတ်ပါ၏။ နောင်တော်ဘုရား၏ ခမည်းတော်ကြီးမှာ အသက်အရွယ်အိုမင်း၍ နေပါပြီ။ မဟာရာဇာ စိတ်ဓာတ်ဖြင့် တိုင်းပြည်၏ တာဝန်များကို ထမ်းဆောင်နေခဲ့သော်လည်း ယခုတော့ သူ့စိတ်ဓာတ်များ ကျချင်သလိုလို ဖြစ်လာရပေပြီ။

အရွယ်အိုပိုင်း ဝင်လာခါမှ သူအချစ်ဆုံး၊ သူအမြတ်နိုးဆုံး သားတော်က သူ့ကို ကျောခိုင်းကာ ထွက်သွားခဲ့၏။ မင့်မကွက်လုပ်ရက်လေခြင်းဟု ရုတ်တရက် ထွက်ပေါ်မိခဲ့သော နာကျည်းစိတ်များနှင့် သားတော်အပေါ် ထားရှိခဲ့သော မေတ္တာစိတ်များ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၏။ သားတော်၏ မွန်မြတ်သော ရည်ရွယ်ချက်ကို သဘောပေါက်လာသဖြင့် မေတ္တာဘက်က အနိုင်ရရှိပါ၏။ သားတော်အပေါ် ထားရှိမြဲ ထားခဲ့သော မေတ္တာဖြင့် သားတော်၏ ရည်ရွယ်ချက်များ မြန်မြန်ကြီး အောင်မြင်ပါစေဟု ဆုတောင်းပတ္ထနာ ပြုခဲ့ရ၏။ ဤမေတ္တာဤပတ္ထနာများဖြင့်ပင် မိမိ၏ စိတ်ဓာတ်များ ကျဆင်းမသွားစေရန် ကျားကန်၍ ထားခဲ့ရပေသည်။

ယခုတော့ ခမည်းတော်ကြီး၏ ဆုတောင်းပတ္ထနာများ ပြည့်ဝကြပါပြီ။ သားတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များက အားရဖွယ်ရာ အောင်မြင်လာကြပါပြီ။ သမ္ဘာရင့်ပြီးသော ဂိုဏ်းခေါင်းဆောင်ကြီးများထက်ပင် ကျော်လွန်ကာ သူ့ဂုဏ်သတင်းများက အရှိန်အဟုန်ပြင်းစွာ ပျံ့နှံ့လာကြပါပြီ။

ဤသို့အားဖြင့် ဘက်ပေါင်းစုံ၌ အမျိုးဂုဏ်ကို ဆောင်ခဲ့သော သားတော်ကြီးအတွက် အားတက်သရောဖြစ်ရမည့်အခါတွင်မှ ခမည်းတော်ကြီး၏ စိတ်ဓာတ်များက

http://www.dhammadownload.com

ကျဆင်း၍လာရ၏။ ထိုအခါ စိတ်ဖြင့် ထောက်ကူထားရသော ကိုယ်ခန္ဓာကြီးလည်း ယိုင်နဲ့၍ လာရတော့မည်သာ။

"သူ့သာသနာကို သူနှင့်အတူ ပြုနိုင်မည့် ပုဂ္ဂိုလ်များစာရင်းမှာ တို့တစ်မျိုးလုံး တစ်ဆွေလုံး စာရင်းသွင်းခံရသေးဟန် မတူပါကလား အာနန္ဒာ"

နို့တိုက်မယ်တော် မာဟာပဇာပတိ ဂေါတမီကလည်း ဝမ်းနည်းစကား ဆိုဘိ၏။ ဆိုသင့်၍ ဆိုသောစကားပင် ဖြစ်ပါပေသည်။

မနှိုင်းယှဉ်အပ် မြတ်လှစွာသော အသရေတော်ကို ဆောင်လျက် တစ်လောကလုံးဝယ် တရားစည်မောင်း ရိုက်ညောင်းတုန်ဟည်း၍နေစေသော သားတော်သည် ကပိလဝတ်ကိုကား ရှောင်မြဲတိုင်းပင် ရှောင်၍ နေပေသည်။ မိဂဒါဝုန်ဝယ် ဝါကပ်သည်ဆိုတုန်းကလည်း ဝါကျွတ်တော့ ကြွလာလိမ့်မည် ထင်ခဲ့ကြ၏။ ဝေဠုဝန်ကျောင်းကြီးသာ ပေါ်ထွန်းလာသည်။ ကပိလဝတ်နှင့်ကား ဝေးမြဲဝေးလျက် ရှိသေး၏။ တစ်ဖန် ဝေဠုဝန်မှာ သီတင်းဝါလ ကျွတ်ပြန်တော့လည်း ကပိလဝတ်ကို စကားစပ်၍မျှ မိန့်တော်မူသေးဟန် မတူပေ။

မတုန်မလှုပ်သော 'တာဒီ' ဂုဏ်ရှင်က သည်ကဲ့သို့နေနိုင်ခဲ့သော်လည်း ခမည်းတော် မယ်တော်ကြီးများကတော့ အောင့်အည်း၍ မနေနိုင်ကြတော့ပါ။ ယခုအခြေအနေမှာ သူတို့လို သက်ကြီးရွယ်ကြီးများ အောင့်အည်းနိုင်သည့်အဆင့်ကို ကျော်လွန်နေချေပြီ။ ထို့ကြောင့် သားတော်မြတ်စွာ ကြွလာတော်မူစေကြောင်းဖြင့် အမတ်တစ်ယောက်ကို လွှတ်ခဲ့ပါ၏။ ထိုအမတ်သည်ကား သွားလမ်းကိုသာသိ၍ ပြန်လမ်းကိုကား သတိမမူတော့ပေ။ အခြွေအရံများကလည်း တစ်ယောက်တလေမျှ ပေါ်မလာကြတော့ပေ။ ဘုရားရှင်ထံတော်ပါးဝယ် ရဟန္တာအရှင်မြတ်များ ဖြစ်ကုန်ကြပြီမို့ နောက်ပိုင်းက လူမှုရေးရာ၊ မင်းမှုရေးရာများကို အရေးတယူ လုပ်မနေကြတော့ပေ။ ဤသို့ချည်း ကိုးကြိမ်တိုင်တိုင် စေလွှတ်ပါလျက် ခမည်းတော် မယ်တော်များ၏ တောင့်တချက်ကို ရွေနှားတော်ရောက် ပေါက်ကြားအောင် လျှောက်ပေးသူက မပေါ်လာသေး။ သည်တော့ ဇရာဖီလာသည့် မဟာရာဇာသည် ကိုယ်ရောစိတ်ပါ နွမ်းရိလှည်းခွေ၍ လာရတော့သည်။ မယ်တော်ကြီးမှာ အားလျော့စကားများကိုချည်း ပြောနေရတော့သည်။

"အားလျော့တော် မမှုပါနှင့် ဘကြီးတော် ဘုရား။ ရွေနှားတော်ကြား လျှောက်ထားရေးအတွက် ကာဠဒါယိတစ်ယောက် ရှိပါသေး၊သည်။ သူက သားတော်ဘုရားနှင့်လည်း အကျွမ်းတဝင် ရှိပါသည်။ သားတော်ဘုရား မကြွချင် ကြွချင်လာအောင် သူ နှားသွင်းနိုင်ပါလိမ့်မည်"

နောက်ဆုံး မျှော်လင့်ချက်တစ်ခုရှိနေကြောင်း ကျန်ပ် လျှောက်တင်ရ၏။ ကာဠဒါယိအမတ်သည် ကျန်ပ်တို့ ဦးရီးတော်ဘုရား၏ နှန်းတော်အမှုထမ်းများ၌ အရေးအပါဆုံးပင် ဖြစ်၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ငယ်ဘဝတုန်းက

http://www.dhammadownload.com

အတူတကွ မြေမှုန့်ကစားဖက်ဖြစ်ကာ လူလားမြောက်လာကြတော့လည်း အကျွမ်းတဝင် ဖြစ်မြဲ ဖြစ်ခဲ့ကြ၏။ သားတော်နှင့် ရင်းနှီးကျွမ်းဝင်မှုကို အကြောင်းပြုလျက် သုဒ္ဓါဒန မဟာရာဇာ၏ ညာလက်ရုံးတစ်ဆူဖြစ်လာခဲ့၏။ အတွင်းရေး ကိစ္စများ အတွက် စိတ်အချရဆုံးသော မင်းတိုင်ပင် အမတ်ပါပေ။

"ကာဠဒါယီအမတ်ကို လွှတ်လိုက်ရလျှင် တစ်နန်းတော်လုံးခြောက်သွေ့ဆွတ်တော့မည် အာနန္ဒာ။ သည်နန်းတော်က အမှုထမ်းတွေကို သူကပင် ကြီးကြပ်စီမံနေရသည်။ သို့သော်လည်း သူ့ကို မလွှတ်လျှင်လည်း ငါတို့များ သားတော်ကို ငါတို့ ဖူးရမည် မထင်။ သည်တော့ ကာဠဒါယီကိုသာ ခေါ်ခဲ့ကြပါတော့"

မဟာရာဇာ၏ အမိန့်ဖြင့် အမတ် ကာဠဒါယီ ရှေ့တော်မှောက်ရောက်၍ လာပေသည်။ ဤအမိန့်တော်ကို စောစောကတည်းက မျှော်လင့်ထားကြောင်း သူ့မျက်နှာမှာ ဖော်ပြလျက်ရှိ၏။ မင်းမိန့်ဖြင့် သွားရခြင်းထက် သူ့ကိုယ်ပိုင် စိတ်ဆန္ဒဖြင့် ဝမ်းသာအားရ သွားလိုခြင်းက ပို၍ ပေါ်လွင်နေပေသည်။

ကာဠဒါယီသည် သုဒ္ဓါဒန မဟာရာဇာ၏ မိန့်မှာချက်များကို ရိုသေစွာ မှတ်သားနာယူကာ–

"ခိုင်းစေသည့်တာဝန်ကို ထမ်းရွက်ရန် အသင့်ပါ ဘုရား။ ဘုရားကျွန်တော် ဤအမှုတော် ထမ်းရွက်ရခြင်းအတွက် ဆုတစ်ဆုကိုသာ ချီးမြှင့်တော်မူပါ"

ကာဠဒါယီ၏ မျက်နှာကို ကျွန်ုပ် လှမ်း၍ ကြည့်မိ၏။ ကာဠဒါယီ၏ မျက်လုံးများကတော့ ကျွန်ုပ်ထံမှာ မရှိပါ။ သုဒ္ဓါဒန မဟာရာဇာထံမှာသာ စူးစိုက်လျက် ရှိနေကြ၏။ မဟာရာဇာ မိန့်တော်မူမည့် စကားများအတွက် အရန်သင့် နားစိုက်၍ ထားလင့်၏။

သည်နန်းတော်တွင် သူမရှိလျှင် မဖြစ်သလောက်မို့ ကျွန်ုပ်က သူ့တောင်းဆိုချက်ကို တားဆီးမည် ကြံမိပါသေး၏။ သို့သော် ဦးရီးတော် မဟာရာဇာက နှုတ်မြွက်တော် မူချေပြီ။

"သားတော်ကိုသာ ဖူးတွေ့ပါရစေ ကာဠဒါယီ။ တခြားကိစ္စများတွင် အမောင် ကာဠဒါယီ စိတ်တိုင်းကျ ဖြစ်ပါစေ"

ကာဠဒါယီ၏ မျက်နှာသည် တိမ်စင်လကဲ့သို့ ကြည်လင်ဝင်းပ၍ သွားပေသည်။

"ဝမ်းမြောက်လှပါသည် ဘုရား။ ဘုရားကျွန်တော် ရလိုသောဆုကား အခြားမဟုတ်ပါ။ ရှင်တော်ဗုဒ္ဓ ရှေ့တော်မှောက်ရောက်သောအခါ ရဟန်းပြုခွင့်သာ ဖြစ်ပါသည်"

သူကလည်း ရှေ့သွားပုဂ္ဂိုလ်များ လမ်းကြောင်းအတိုင်း တန်းတန်းမတ်မတ် လိုက်တော့မှာပါတကား။ သည်အလားအလာကို စောစောကပင် တွေးတောပြီးသားမို့ မဟာရာဇာသည် သူ့တောင်းဆိုချက်ကြောင့် မတုန်လှုပ်ပါပြီ။

http://www.dhammadownload.com

"သားတော်ထံ ရဟန်းပြုသည့်ကိစ္စကို ငါက ငါ့အကျိုးအတွက် ငဲ့ကွက်ပြီး မတားလိုပါ ကာဠဒါယီ။ သို့သော်လည်း ခမည်းတော်၏ တောင့်တချက်ကိုတော့ လျှောက်ဖြစ်အောင် လျှောက်ထားမိပါစေ"

"စိတ်ချသာ နေတော်မူကြပါတော့ ဘုရား"

အခြွေအရံပေါင်း မြောက်မြားစွာနှင့်အတူ ကာဠဒါယီလည်း ထွက်ခွာ၍ သွားခဲ့ပြန်ချေပြီ။

ကာဠဒါယီက စိတ်ချနေတော်မူပါဟု ဆို၏။ သူကတော့ သူ့အစွမ်းသတ္တိကို ယုံကြည်ပြီးဖြစ်၍ ဆိုခြင်းဖြစ်၏။ သုဒ္ဓါဒန မဟာရာဇာကလည်း သူ့အစွမ်းသတ္တိကို ယုံကြည်ပြီးဖြစ်၍ အတိုင်ပင်ခံအရာမှာ ထားခဲ့၏။ သို့သော် ယခုလောလောဆယ် မှာကား သားတော်ကို ဖူးတွေ့လိုစိတ်များသာ ကြီးစိုး၍ နေကြရာ ကာဠဒါယီ၏ အစွမ်းသတ္တိများကိုပင် သံသယ ဝင်ချင်လာကြ၏။ ကာဠဒါယီ ထွက်ခွာသွားသော နေ့ရက်ကို လက်ချိုးရေတွက်၍ နေကြရ၏။

ရာဟုလာမယ်တော် ယသော်ဓရာမှာကား လူကြီးများနှင့်စာလျှင်တော်သေး သည်ဟု ဆိုရပါမည်။ မောင်တော် သိဒ္ဓတ္ထ ထွက်ခွာသွားခါစက အလွမ်းရော အပူပါ ဝေဒနာနှစ်မျိုးစလုံး စုပြုံခံစားခဲ့ရ၏။ သည်ဝေဒနာများ၏ ဒဏ်ချက်ကို သည်က လူကြီးမိဘများ၏ ကရုဏာဆေး၊ ဆွေတော်မျိုးတော်များ၏ မေတ္တာဆေးဖြင့် တဖြည်းဖြည်း ကုစားလာခဲ့ရ၏။ ယခုတော့ သားတော်လေး ရာဟုလာပင် ခုနစ်နှစ်ကျော်၍ လာခဲ့ပါပြီ။

သူကဇေး၏ ကိုယ်ခန္ဓာသည် တစ်နှစ်ဆိုလျှင် တစ်နှစ်မှန်းသိသိ မယ်တော်၏ လက်ပေါ်ဝယ် တနင့်တပိုးကြီး တိုး၍လာ၏။ သူ့ဖခင်၏ အသွင်အပြင်ဖြင့် ပြိုးရွှင်ကြည်လင်၍နေသော သူ့မျက်နှာသည် မယ်တော်သို့ပါ ကူးစက်လာ၏။ ခန္ဓာကိုယ်တည်ဆောက်စမှာမို့ သူကလေးက အစားမက်သည်။ အစားစုံသည်။ ဘိုးအေဆီမှာ ဘွားအေဆီမှာ အစားမျိုးစုံစားသောက်ရင်း စကားမျိုးစုံအောင်လည်း ပြောတတ်လှပေပြီ။

သားတော်ရွှေသွေး လူကလေး၏ ဆည်းလည်းသံများကို နာခံရင်း ယသော်ဓရာသည် သည်ကလေး၏ နောင်ရေးကို တွေးတော၍ နေမိ၏။ ကလေး၏ နောင်ရေးကို တွေးမိသည်ဆိုလျှင်ပင် သူ့ဖခင်ကိုလည်း ချန်ထား၍ မဖြစ်နိုင်တော့ပါ။

လူကြီးမိဘများကတော့ သူတို့၏ သားတော် လာမှ လာပါ့မလားဟု တကြောင့်ကြကြ ရှိနေကြရ၏။ ယသော်ဓရာမှာကား သူ့တွက်ကိန်းနှင့်သူ မူသေ တွက်ထားပြီး ဖြစ်ပေသည်။

သူ၏ အရှင်သခင် လင်ယောကျ်ားဘဝမှ အထွတ်အမြတ်ဆုံးနေရာ ရောက်ရှိ လာခဲ့သော ထိုပုဂ္ဂိုလ်သည် သိဒ္ဓတ္ထမင်းသား ဘဝကိုကား သတိမရဘဲ မနေနိုင်။ ထိုအခါတွင် ထိုအရှင်သခင်အပေါ် ထားရှိခဲ့သော၊ ပြုစုဆောင်ရွက်ပေးခဲ့သော မေတ္တာ

http://www.dhammadownload.com

ကာယက်၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံတို့ကို ထိုအရှင်သခင် ကိုယ်တိုင်တွေ့မြင်လာရပေလိမ့်မည်။ သည်ဂုဏ်ကျေးဇူးများကို အသိအမှတ်ပြုသောအားဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပူးတွေ့ခွင့် ပေးလာရချိမ့်မည်။ မိမိဂုဏ်ကျေးဇူးနှင့် အရှင်သခင်ကို ထပ်တူထပ်မျှ လေးစားသော ယုံကြည်သော မိန်းမသားတစ်ယောက်၏ တွက်ကိန်းများပင် ဖြစ်ပေသည်။

ထိုနှစ် ကဆုန်လပြည့်နေ့တွင် ထိုမိန်းမသား၏ တွက်ကိန်း မှန်သည်၊ မမှန်သည်ကို ကျွန်ုပ်တို့ သိကြရပါတော့မည်။

(အပဒါန်အဋ္ဌကထာ၊ သန္တိကေ နိဒါန်း)

အရှင်ကာဠုဒါယီ၏ တောလားကဗျာများ

"လူ့ဘုံသုံးပါး၊ အထွတ်ထား၍၊ တရားရသာ၊ မြိုက်သြဇာဖြင့်၊ သတ္တဝါလူ၊ ခပ်သိမ်းသူကို၊ ဆယ်ယူကယ်နိုင်၊ ရွှေပြည်ခိုင်သို့၊ တိုင်တိုင်ဘေးလွတ်၊ ပို့ပေးတတ်သည်၊ လူနတ်ဆရာ၊ ရတနာဟု၊ မဟာဝီရ၊ လုံလအခေါင်၊ ဗောဓိညောင်၌၊ ခြောက်ရောင်လျှံဝါ၊ ဉာဏ်စကြာနှင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်၊ အံ့အဲမနိုင်၊ ဆွယ်ပြိုင်နိုင်းဘော်၊ တုမမျှော်သည်၊ ဘုန်းတော်ထွန်းသစ်၊ တို့ရှင်ချစ်"

လျှောက်တင်ရန်စကားများကို နားစိုက်တော်မူပါရန် မြတ်စွာဘုရားကို ရှိခိုးဦးတင်လျက် ထွက်ကျလာသော အာလုပ်စကားများဖြစ်ပေသည်။

သည်အာလုပ်စကားများ လျှောက်ထားသူကား ကာဠုဒါယီ မထေရ်။ အချိန်ကား ထိုသည့်နှစ် တပေါင်းလပြည့်နေ့။

သုဒ္ဓေါဒနမင်းကြီး၏ တမန်တော် ကာဠုဒါယီအမတ်ဘဝမှ ဘုရားရှင်၏ တပည့်သား ရဟန်းတော် အရှင်ကာဠုဒါယီဟူ၍ တစ်ဖြစ်လဲလာခဲ့သည်မှာ ရက်အတန်ကြာခဲ့ပါပြီ။ နောက်လိုက်နောက်ပါ ခြွေရံများစွာနှင့်တကွ အရဟတ္တဖိုလ်၏ တံခွန်သဖွယ် တင့်တယ်သော အဝတ်သင်္ကန်းတို့ကို တပျော်တပါးကြီး ဆင်မြန်းကာ လောကီ ကာမဂုဏ်စည်းစိမ်များနှင့် မနှိုင်းသာ မယှဉ်သာ အေးချမ်းငြိမ်သက်လှစွာသော သမဏစည်းစိမ်ကြီးကို ကိုယ်စီကိုယ်ငှ ခံစား၍ လာခဲ့ကြပါပြီ။ သည်အရှင်တို့သည် ရှေးက သွားလေသူ နောင်တော့် နောင်တော်များနည်းတူပင် လူ့ဘောင်လောက၏ အနောင်အဖွဲ့များကို အပြီးအပိုင် ဖြတ်တောက်၍ ထားခဲ့ကြပါပြီ။ သုဒ္ဓေါဒနတည်းဟူသော မဟာရာဇာကြီးတစ်ပါး၏ မိန့်မှာစကားကို မလိုက်နာ မဆောင်ရွက်ရ၍လည်း ဟစ်စုံတစ်ရာ ထိခိုက်စရာ မရှိတော့ပါပြီ။ သို့ရာတွင် အရှင်ကာဠုဒါယီမှာ နောင်တော်များနှင့် အတန်ငယ် ကွာခြားမှုရှိ၍ နေပေသည်။

http://www.dhammadownload.com

အခြားသော အမတ်များသည် သုဒ္ဓေါဒန မဟာရာဇာ၏ အမှုတော်များကို အပြင်အပမှာသာ ထမ်းဆောင်ခဲ့ကြရ၏။ ထို့ကြောင့် အရှင်သခင် မိသားစုတို့၏ အတွင်းရေးကိစ္စများကို သေချာဂဏ မသိနိုင်၊ မမြင်နိုင်ကြပေ။ သားတော်သိဒ္ဓတ္ထ လူ့ပြည်ငြိုး၍ တောကြီးခိုသွားသည်တွင် သူတို့တစ်တွေမှာ ရာဇသွေး ရာဇမာန်က တစ်ရွေးသားမျှ မလျော့သေး။ သားတစ်ယောက်လုံးက ရက်စက်မည်မှာ စွန့်လွှာခြင်း ခံရပြီးသည့်နောက်မှာပင် သည်သွေး သည်မာန်များက ပြည့်လျှံမို့မောက်နေကြဆဲ ဖြစ်၏။ ထို့ကြောင့် အပြင်လူ အမှုထမ်းများ၏ ရှေ့မှာဆိုလျှင် သူတို့မျက်နှာများက ရာဇဓိန္ဓေဖြင့် ခပ်တည်တည်၊ ခပ်တင်းတင်းသာနေကြ၏။ ဤသို့ တည်တည်တင်းတင်း နေကြသည်ကြားမှပင် စွန့်ရက်လေသူ လွှာရက်လေသူအတွက် မျက်ရည်ကျချင်ချင် ဖြစ်ကြရ၏။ အပြင်လူများ ရှေ့မှောက်ဝယ် မာန်တင်းကာထိန်း၍ ထားခဲ့လေသမျှ သည်မျက်ရည်များသည် ကာဠဒါယီနှင့်ကျခါမှ တွေတွေဒီးဒီး စီးဆင်းခွင့်ရကြပေသည်။

သည်မိသားစု၏ မာန်မာန၊ သည်မိသားစု၏ သောက ပရိဒေဝအဆောက်အအုံကို ကာဠဒါယီတစ်ဦးသာ လုံးဝဥဿုံ သိနိုင်ခွင့်ရှိ၏။ သည်မိသားစု၏ ရင်ထဲက ဝေဒနာကို အညီအမျှခွဲဝေ၍ ခံစားခဲ့ရသူမှာလည်း ကာဠဒါယီတစ်ဦးသာ ရှိ၏။ သူလိုငါလို လူများအတွက် ဆိုပါလျှင် ချုံးချကာ ငိုကြွေးလိုက်ရလျှင် ရင်ထဲကဝေဒနာဒဏ် အတန်ငယ် သက်သာခွင့်ရနိုင်၏။ ရာဇဂုဏ်သိန်၊ ရာဇလွှန်မြေဖြင့် ငိုချင်တိုင်းငို၍ မဖြစ်နိုင်သော သူတို့မိသားစု၏ စိတ်ဝေဒနာများက လူတကာတွေထက် အခံရခက်လှပေလိမ့်မည်။ ယခုအခါတွင် သူတို့အပေါ် အရှင်သခင် အဖြစ်ဖြင့် ရှိသေကိုင်းညွှတ်နေစရာ မလိုတော့သော်လည်း ဤဒုက္ခသည်များ အပေါ်ဝယ် ကရုဏာစေတသိက်တို့ကား စိမ့်စမ်းသဖွယ် စီးဆင်း၍နေကြရပေသည်။

ဤဒုက္ခသည်တို့၏ ဤသို့သော ဒုက္ခဝေဒနာတို့ကို အကင်းအရှင်းကုစား၍ ပေးနိုင်မည့်သူမှာ ဘုရားရှင်တစ်ပါးသာ ရှိတော့သည်။ သူကိုယ်တိုင်က စွန့်လွှာထားခဲ့၍ ဖြစ်ပွားခဲ့ရသော ဒုက္ခဝေဒနာတို့ကို သူ့ဘာသာ တာဝန်ယူ၍ ကုစားရပေလိမ့်မည်။ ကုစားရန်အတွက် ခရီးဆက်ရမည့် အချိန်အခါကလည်း ရောက်၍နေပါပြီ။ ထို့ကြောင့်–

"အဖြစ်ကြောင်းလျား၊ မှာစကားကို၊ ဦးဖျားထိပ်ထက်၊လျှောက်ကြားဆက်အုံ"

ဤသို့သော ပဋိညာဉ်စကားဖြင့် ရှိသေစွာခွင့်ပန်ကာ သည်ခရီး သည်ရာသီကို စာပန်းချီ ခြယ်မှုန်းလျက် တင်ဆက်လိုက်ပေတော့သည်။

"ဖွားချက်မြုပ်ထွေ၊ ဇာတိနေသား၊ အောင်မြေမည်မ၊ ကပိလတွင်၊ မွေးဘ သုဒ္ဓေါ၊ တကာတော်နှင့်၊ ယသော်ဓရာ၊ ဗိမ္ဘာမြောက်သား၊ သည်းခံရာဟု၊

http://www.dhammadownload.com

မျှော်ကာရှုလျက်၊ တစ်စုတစ်ရုံး၊ ပန်းနယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြက်ကြင်နာသော်၊ ဖူးပါလှချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းထိထိ၊ မျှော်ချင်ဘိဟု၊ ကြားသိတုန်လို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန်ကိုနောက်ဆင့်၊ ချိပင့်ရာလှာ၊ ဤအခါကား၊ ဟောမာချမ်းဆောင်း၊ ကြွလှပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနဟု၊ သာလှပျော်မှု၊ သည်ရတုဌ်၊ ညွှန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွရောင်တိချည်း၊ ဖြင်ပေါပည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါကာလ တန်ပြီတည်း။

"ပျော်မှုပျော်မှု၊ မျှော်ကြည့်ရှု၍၊ ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသာ၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကျူး၊ မင်းလွင်မြူးသား၊ နွေဦးသရစ်၊ အခါဖြစ်၍၊ ရှင်ချစ်ဘုရား၊ သုံးလူ့ဗျာလျှင်၊ ဖဝါးစက်တော်၊ ချီတုန်သော်လည်း၊ ထော်လော်စုန့်လုန့်၊ မြေမှုန့်မြေကြမ်း၊ ခရီးလမ်း၌၊ သာချမ်းညဲ့စေ၊ လွဲဖယ်လေလျက်၊ ပရမေထွန်းပေါ်၊ မြတ်နုဘော်ဖြင့်၊ ရှင်တော်မှန်စင်၊ ငါ့သခင်ကို၊ စက်ရှင်မြူတော၊ ကြွသာစေ ဟု၊ ဝေးမြေတစ်ပါး၊ ဖဲနှင့်ရှား၍၊ ပြန်သွားမငြီး၊ သဲမွေးနှီးသည်၊ ခရီးသာစွမွန်ပြီတည်း။

"ပေါ်လု ပေါ်လု၊ ညွှန့်သစ်နုနှင့်၊ ရတုသာထွေ၊ နွေကားရောက်ပြီး၊ ဆောင်အမြီးဟု၊ ခရီးလမ်းလျှင်၊ ခက်ချင်းယှဉ်သား၊ ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူး၍၊ ငုံမူးစီစို့၊ တစ်ချို့ကားပွင့်၊ ကင်းနှင့်မည်၊ မီးလျှံသဖွယ်၊ ဝင်းဝင်းကယ်မျှ၊ မြိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်ဖူးညှောက်လူလူ၊ ထွက်စပြုလျက်၊ ပုံ့ကြူအေးအေး၊ လေညင်းသွေးသော်၊ မွေးမွေးရဂုံ၊ သင်းနံ့ထုံသို့၊ ပြောစုံခန့်ချူး၊ ပွင့်ရောင်ဖုံးသည်၊ တောလုံးညွှန့်သစ် လှန်ပြီတည်း။

"ယော်နယော်နု၊ ရွက်သစ်ပြုလျက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်၍၊ အလိုက်ငုံဖူး၊ ဖြူးရရူးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုဆမ်း၊ ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာသောတိ၊ ကြွဖွယ်ရှိစွ၊ ခရီးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတုံ့၊ သစ်ကိုင်းညွှန့်လန်း၊ ဂနိုင်ပန်းတိ၊ ထက်ဝန်းပြင်မှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည့်ရွှန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဖော်နှော၊ ရဂုံတောဝယ်၊ ဥသြကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟသ်ပဲထွေး၊ သဲလေးကျူးဆင့်၊ ကြွေးရင့်မည့်၊ ခုန်ပျံပြေးသွား၊ တစ်ပင်နှားလျက်၊ ပင်ဖျားပင်ခြေ၊ မွမ်းမွမ်းထွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေမျှားပေါင်းသည်၊ ဥဒေါင်းမောရတွန်ပြီတည်း"

http://www.dhammadownload.com

ကဗျာပါရဂူ အရှင်ကာဠုဒါယီအထံမှ တစ်ဆင့်ကြားရသော ဤတောလား ကဗျာတို့ကို နှစ်သက်ကြည်နူးမိသည့်အတွက် ကျွန်ုပ်တို့ လွန်အံ့မထင်ပါ။ သုံးလူ့ထွတ်ထား ဘုရားရှင် ကိုယ်တော်တိုင်ကပင်လျှင် ဤတောလားကဗျာတို့ကို ကြားနာတော်မူပြီးသည်နှင့် ခရီးထွက်ရန် အမိန့်သံ ပေးတော်မူခဲ့ရသည် မဟုတ်ပါလော။

(ဆေရအပဒါန် အဋ္ဌကထာ၊ ကာဠုဒါယီ ဆေရာပဒါန် အဖွင့်ဂါထာများအလိုက် ဖွဲ့ဆိုထားသော တောင်တွင်း စာဆို ရှင်အုန်းညိုဏ်၏ ဂါထာခြောက်ဆယ်ပျို့မှ ထုတ်နုတ်ချက်။)

⁂

http://www.dhammadownload.com

နေပြည်တော်တွင် ဆွမ်းခံဝင်

ယမန်နေ့က နိဂြောဓဥယျာဉ်ဝယ် ပန်းမျိုးစုံတို့ မကြိုစဖူး ပွင့်လန်းဝေစည်ခဲ့ကြ၏။ နံ့သာမျိုးစုံ အခိုးအထုံတို့ကလည်း ဥယျာဉ်တစ်ခုလုံးကို လွှမ်းခြုံ၍ ထားခဲ့ကြ၏။

ဥယျာဉ်အတွင်း၌ စနစ်တကျစိုက်ပျိုးထားသော ပန်းမျိုးစုံ။ ကြိုဆိုလာသူတို့၏ ပန်းမျိုးစုံ။

ဥယျာဉ်အတွင်းရှိ ပန်းမျိုးစုံတို့၏ ရနံ့မျိုးစုံ။ ကြိုဆိုလာသူတို့၏အမွေးအထုံ။

ထိုနေ့က သည်ဥယျာဉ်ဝယ် ရနံ့မျိုးစုံ၊ ပန်းမျိုးစုံ၊ လူကြီး လူငယ် အရွယ်မျိုးစုံ စုပြုံရောက်ရှိခဲ့ကြ၏။ သက္ကအမျိုးသားတို့၏ နှစ်သက်ခြင်းကို ပွားစေတတ်သော ဘုရားရှင်ကို သက္ကန္တယ်ဝင် ဆွေတော်မျိုးတော်များက ဝမ်းပန်းတသာကြိုဆိုကြခြင်းပင် ဖြစ်ပေသည်။ တစ်ခန်းတစ်နား ပူဇော်ကြခြင်းပင် ဖြစ်ပေသည်။

ယနေ့ နံနက်ခင်းမှာတော့ ဥယျာဉ်တစ်ခုလုံး လူရှင်း၍နေပေပြီ။ ယမန်နေ့ညနေက သောသောအုတ်အုတ်ရှိခဲ့သည်နှင့်အမျှ ယနေ့ နံနက်ခင်းမှာကား တိတ်တိတ်ဆိတ်ဆိတ် ရှိနေပေသည်။

ကျိန်းစက်ရာမှ ထလာကြသော ရဟန်းတို့ကား ရှိကြပါ၏။ သို့သော် ထို ရဟန်းတို့ထံမှလည်း အသံဗလံ တစ်စုံတစ်ရာ မထွက်လာ။ အချို့က ပန်းချဲများကြားမှာ စကြံကြွလျက် ရှိကြ၏။ တချို့က ကျိန်းစက်ခဲ့သော နေရာမှာပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြ၏။ ငြိမ်သက်ဟန်ဆောင် တရားကို လက်ဝယ်ပိုင်ပိုင် ရရှိထားပြီးသူများချည်းဖြစ်၍ ဥယျာဉ်တစ်ခုလုံး ငြိမ်သက်နေခြင်း ဖြစ်ပေသည်။ နံနက်စောစော အရုဏ်မုတက်မီကတည်းက ဤအတိုင်းနေလာခဲ့ကြရာတွင် နေဝန်းကြီးပေါ်သည်အထိ ဖြစ်၏။ နေဝန်းကြီး ပေါ်လာတော့လည်း ဘုရားရှင်က တဲကျောင်းထဲမှ ထွက်တော်မမူလာသေး။ ထို့ကြောင့် ရဟန်းများမှာ နေမြဲတိုင်းပင်

http://www.dhammadownload.com

နေကြပြန်၏။ ဆွမ်းခံစရာ သပိတ်များကိုကား အိပ်ရာမှထကတည်းက အသစ်တစ်ဖန် ဆေးကြောပြီး ဖြစ်ပေသည်။

ရာဇဂြိုဟ်က ဝေဠုဝန် ကျောင်းတော်မှာဆိုလျှင် ဤအချိန်တွင် နွားနို့နှင့်သော်လည်းကောင်း၊ အသားများ ပြွန်း၍သော်လည်းကောင်း ယာဂုတစ်မျိုးမျိုးသောတ်၍ ပြီးကြပြီ ဖြစ်၏။ ယမန်နေ့ကပင် ဖိတ်ကြားပြီးသော ဆွမ်းဒကာ ဆွမ်းအမများ အိမ်သို့ကြွရန် အသင့်ပြင်ဆင်နေကြပြီ ဖြစ်၏။ ထိုသို့ကြွရာ၌ တစ်ခါတစ်ရံ သံဃာကုန်။ သံဃာကုန် မပင့်နိုင်လျှင်ကား စာရေးတံမဲကျရာ ပုဂ္ဂိုလ်များလိုက်ပါ ဘုဉ်းပေးကြကာ ကျန်ပုဂ္ဂိုလ်များမှာ ခါတိုင်းလိုပင် ဆွမ်းခံဝင်၍ မျှတကြပေသည်။

ဘုရားရှင်၏ ဇာတိမြို့တော်၊ သည်ဥယျာဉ်ထဲ ရောက်လာချိန်မှာတော့ စားကောင်းသောက်ဖွယ် ကပ်လာသူ လုံးဝမရှိ။ ယမန်နေ့ကလည်း ကြိတ်ကြိတ်တိုးမျှလာ၍ ကြိုဆိုပူဇော်ကာ အချိန်တန်၍သာ ပြန်သွားကြ၏။ "နက်ဖြန်နံနက် ဘုရားတပည့်တော်များအိမ်သို့ ဆွမ်းဘုဉ်းပေးကြတော်မူပါ။ ဆွမ်းအလှူခံကြွတော်မူပါ" ဟူ၍ တစ်စုံတစ်ယောက်ကမျှ ဖိတ်ကြားမသွားကြ။ အခြား ဆွေတော်မျိုးတော်များကို ထားဘိဦး။ ခမည်းတော် သုဒ္ဓါဒနမင်းကြီးနှင့် နို့တိုက်မယ်တော် မဟာပဇာပတိဂေါတမီတို့ကပင် ဖိတ်ကြားခြင်း မပြုခဲ့ကြချေ။

အင်္ဂတိုင်း၊ မဂဓတိုင်းသား ရဟန်းများအနေဖြင့် ဤဖြစ်ရပ်ကို ထူးဆန်းသည်ဟု ထင်ကောင်းထင်စရာ ရှိပါ၏။ သို့သော် ကျွန်ုပ်တို့ မိတ်ဆွေဟောင်း အရှင်ကာဠုဒဲယိကတော့ ဤဖြစ်ရပ်ကို ကောင်းကောင်း သဘောပေါက်ထားသည်ဟု ဆိုပါ၏။

မှန်ပါသည်။ ကျွန်ုပ်တို့နည်းတူ လူ့ဘောင်လောကမှာ နေခဲ့စဉ်ကလည်း နောင်တော် သိဒ္ဓတ္ထသည် မည်သည့် ဆွေတော်မျိုးတော်အိမ်ကိုမှ သွား၍ စားသောက်ရိုးထုံးစံ မရှိခဲ့ပေ။ ထိပ်ဆုံးတန်းနေရာမှာ နေခဲ့ရသူဖြစ်၍ သူကသာ သူများကို ဖိတ်ကြား၍ ကျေးချင် ကျေးပေမည်။ သူ့ကိုကား မည်သူကမျှ မဖိတ်ကြားရဲပေ။ ထိုအရှိန်အဝါက ယခု သပိတ်လက်စွဲ၍ ဆွမ်းခံစားနေရသည့် တိုင်အောင် လိုက်ပါ၍ နေပေသည်။

ဤအရှိန်အဝါကို ယခုတိုင် လက်ခံနေသူများတွင် ခမည်းတော်ကြီးများလည်း အပါအဝင် ဖြစ်ပေသည်။ ဘုရားရှင်ကို သူတို့၏ သားတစ်ယောက်ဟူ၍ သတ်မှတ်ထားသလို သားဖြစ်သူကလည်း စားချိန် သောက်ချိန်ရောက်လျှင် မိမိနန်းတော်သို့ ကြွလာလိမ့်မည် ထင်ခဲ့ကြ၏။ သည်နန်းတော်ထက်ဝယ် ဖွယ်ဖွယ်ရာရာ စားသောက်၍ ကြီးထွားလာခဲ့ပြီးသော သားတော်သည် အခြား မည်သူ့အိမ်ကိုမျှ ကြွဖွယ်ရာမရှိဟု သဘောထားခဲ့ကြ၏။ ထို့ကြောင့် ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်များအတွက် ဆွမ်းခံဖွယ်များကို စီစဉ်ချက်ပြုတ်၍ကား ထားခဲ့ကြပါ၏။

http://www.dhammadownload.com

သို့ရာတွင် အပင့်သော်လည်းကောင်း၊ အထောက်သော်လည်းကောင်း တစ်ယောက်မျှ မလွတ်မိပေ။ သည်သဘောကိုလည်း သည်နှန်းတော်မှာ အတွင်းကျကျနေလာခဲ့သည့် အရှင်ကာဠဒါယီလို ပုဂ္ဂိုလ်မျိုးသာ အလွယ်တကူ နားလည်ကြပေလိမ့်မည်။

ဤအကြောင်းနှင့် ဆက်စပ်၍ ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိလာပုံ၊ ရဟန်းပြုပြီးနောက် ဂါထာခြောက်ဆယ် ဖွဲ့ဆိုလျှောက်ထားပုံ၊ တစ်နေ့လျှင် တစ်ယူဇနာကျဖြင့် သက်သောင့်သက်သာ လာတော်မူပုံများနှင့် ယနေ့နံနက်ခင်း အတွေ့အကြုံများကိုပါ ထိုအရှင်မြတ်၏ မိန့်ဆိုချက်အရ ကျွန်ုပ် တင်ပြနိုင်ခြင်း ဖြစ်ပေသည်။

ထိုနေ့ နံနက်ခင်း၏ အတွေ့အကြုံကို အရှင်ကာဠဒါယီက ဆက်လက် မိန့်ဆိုပါသေးသည်။ နေရောင်ခြည် တော်တော်ရင့်လာသောအခါ ဘုရားရှင်သည် တစ်ပါးတည်း ကျိန်းစက်ရာမှ ထွက်ကြွတော်မူလာ၏။ သပိတ်သင်္ကန်းများ အရန်သင့် ပြင်ဆင်ဝတ်ရုံကာ ဆွမ်းခံရန် ကြွတော်မူလာခြင်း ဖြစ်ပေသည်။ နောက်ပါ ရဟန်းတော်များသည် အကြောင်းသင့်ရာမှ တန်းစီကာ နေရာယူနေကြ၏။

ဘုရားရှင်သည် ရဟန်း သံဃာတော်များကို ဦးဆောင်လျက် ဥယျာဉ်မှ ထွက်တော်မူလာခဲ့၏။ မကြို့စဖူး ထူးကဲသော အသွင်အပြင်ဖြင့် တစ်သိုတစ်တန်းကြီး ကြွတော်မူလာကြသော သံဃာတော်များကို မြို့သူမြို့သားများက တအံ့တသြ လှမ်းကြည့်နေကြ၏။ သို့ရာတွင် မည်သူ တစ်ဦးတစ်ယောက်မျှ ဘုရားရှင်၏ သပိတ်တော်ကို လာမယူ။ ဘယ်ဆွေ ဘယ်မျိုးကမျှမှလည်း လာ၍ ကြိုဆိုခြင်း၊ ဖိတ်ကြားခြင်း မရှိ။ သို့နှင့် ဘုရားရှင်လည်း ကပိလဝတ်မြို့နားသို့ ဆိုက်ရောက်တော်မူလာပေသည်။

မြို့တံခါးဝတွင် ဘုရားရှင်သည် ခေတ္တမျှ ရပ်တော်မူ၏။ ဇာတိချက်ကြွေ နေပြည်တော်သို့ ဆွမ်းခံဝင်ရာတွင် "ရွေးရွေးသော ဘုရားရှင် ကိုယ်တော်မြတ်များသည် မည်သို့မည်ပုံ ဆွမ်းခံကြွတော် မူခဲ့ကြသနည်း။ အိမ်စဉ်အတိုင်းမဟုတ်ဘဲ တန်ခိုးညြဇာကြီးမားသော အိမ်များကို ရွေးချယ်၍ ဆွမ်းခံတော်မူကြသလား။ သို့တည်းမဟုတ် ဆူကြွဲ နိမ့်မြင့်မရွေး အိမ်စဉ်အတိုင်း မခြွင်းမချန် ဆွမ်းခံကြလေသလား" ဟု စဉ်းစားတော်မူဟန် ရှိပါသည်။

ထို့နောက် အစွန်အဖျားအိမ်မှ စတင်ကာ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူ၏။ ရွေးရွေးသော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ လမ်းစဉ်အတိုင်းလိုက်ကာ နောင်လာ နောက်သား တပည့်များအတွက်ပါ နမူနာကောင်းတစ်ခုကို ပြခဲ့ခြင်းလည်း ဖြစ်ပေသည်။

မြို့တော်သူ မြို့တော်သားများမှာ ဆွမ်းလောင်းသူထက် တအံ့တသြ ငေးမောနေမိသူက ပို၍ များပြားနေပေသည်။ မြို့တော်အတွင်းပိုင်းသို့ဝင်လာမိသည် နှင့်အမျှ မြို့သူမြို့သားများ၏ အံ့သြစိတ်များက ပို၍ ပို၍ အရှိန်မြင့်လာကြ၏။

http://www.dhammadownload.com

ဟိုစဉ်တုန်းက ဘယ်ဆွေမျိုး ဘယ်မင်း ဘယ်ခိုးအိမ်မှာမှ လိုက်၍ မစားသောက်ခဲ့ဖူးသူ၊ သူ့နန်းတော်ထက်၌ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ပြီးခါမှ အရှန်သင့်ဝင်၍ စားလာခဲ့သူ။ ယခု ဤပုဂ္ဂိုလ်က ထမင်းတစ်လုတ်အတွက် အိမ်ပေါက်စေ့လိုက်၍ တောင်းနေရချေပြီ။ ငေးရင်း မောရင်းက အတွေးချင်းဖလှယ်သူများလည်း ရှိကြပေသည်။

တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် ဘုရားရှင်နှင့် သံဃာတော်များသည် နန်းတော်ဆီသို့ ရှေ့ရှုကြွတော်မူလာကြ၏။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ဤသတင်းကို ကြားထားပြီးပြီမို့ ရာဟုလာမယ်တော် ယသောဓရာသည် လေသာပြတင်းကို ဖွင့်ကာ စောင့်မျှော်၍နေခဲ့၏။ သူကိုယ်တိုင် မဖူးမမြင်ရသေးသော ကိုယ်တော်မြတ်၏ ရုပ်သွင်ကို အမျိုးမျိုးအဖုံဖုံ ပုံဖော်၍ ကြည့်နေမိပေသည်။

"ဟိုးယခင်က အရှင့်သားသည် မည်းနက် တောက်ပြောင်သော ဥသျှောင်တော်ကို ရတနာမျိုးစုံဖြင့် ပြိုးပြိုးပြက်မျှ ခြယ်လှယ်ခဲ့၏။ ယခု သည်ဥသျှောင်တော်ကြီး မရှိတော့ပြီဟု ဆိုကြ၏။ ဦးပြည်းခေါင်းတုံးနှင့် အရှင့်သားသည် ယခင်ကလို နှစ်လိုဖွယ်မှ ကောင်းပါဦးမည်လား။

"ဟိုးယခင်က သိဒ္ဓတ္ထ မောင်တော်သည် အဖိုးထိုက်တန်သည့် ပိုးဖကတ္တိပါ အဝတ်တန်ဆာတို့ကို ဝတ်ဆင်ခဲ့၏။ ယခုတော့ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ရုံ၍ နေလေပြီဟု ဆိုကြ၏။ သင်္ကန်းဝါဝါနှင့် အရှင့်သားသည် ယခင်ကလို ကြည်ညိုဖွယ်မှ ကောင်းပါဦးမည်လား။

"ဟိုးယခင်က မောင်မောင်ဘုရားသည် ဟိုနား သည်နား ခရီးထွက်လျှင် ရထားသော်လည်းကောင်း၊ ဝေါသော်လည်းကောင်း၊ မြင်းသော်လည်းကောင်း စီး၍ သွားနေကျဖြစ်၏။ ယခု မြေအပြင် ခြေတင်လျက် ကြွလာပြီဟု ဆိုကြ၏။ ဝေါမပါ၊ ယာဉ်မပါသော အရှင့်သားသည် ယခင်ကဲ့သို့ တန်ခိုးရှိန်ဝါ ရှိပါဦးမည်လား။

"ဟိုယခင်က မိမိ၏ အရှင်သခင်သည် အရန်သင့်ပြင်ဆင်ထားပြီးသော ခဲဖွယ်ဘောဇဉ်များကို စိတ်တိုင်းကျ စားသောက်ခဲ့ရ၏။ ယခု ထမင်းတစ်လုတ်အတွက် အိမ်ပေါက်စေ့မျှ လှည့်လည်၍ တောင်းနေရချေပြီဟု ဆိုကြ၏။ တစ်လုတ်တစ်ခဲ သူတကာ့ခွန့်ကြိမ့် စားရသောအရှင့်သားသည် ယခင်ကလို ဂုဏ်ကျက်သရေ ရှိပါဦးမည်လား"

သူတကာတွေလို ကိုယ်တိုင်ပြေးလွှား၍ မကြည့်နိုင်သည်မို့ အတွေးနယ်ချဲ့၍သာ နေရတော့သည်။ ဟိုယခင် သိဒ္ဓတ္ထမင်းသားဘဝက လှပတင့်တယ်ရှုချင်ဖွယ်ရှိခဲ့သော အရိပ်နိမိတ်များက သူ့စိတ်အစဉ်ကို ဖမ်းစား၍ နေကြ၏။ ထိုအရိပ် နိမိတ်များကို ယခုလက်ရှိ ကိုယ်တော်မြတ်၏ ကြည်ညိုဖွယ်ရာ သာသနာ့အသွင်အပြင်တို့ဖြင့် အစားထိုးရန် ရည်သန်ပါသော်လည်း ကိုယ်တော်တိုင်ကို မဖူးမမြင်ရသေးသမျှ စိတ်ဒွိဟ ပွားနေဦးမည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com

ဟော၊ ယခုတော့ စိတ်ဒွိဟတွေ ကင်းစင်၍ သွားပါချေပြီ။ နေသာလျှင် နှင်းပျောက်၍ အလင်းပေါက်ရာဘိသကဲ့သို့ ဘုရားရှင်တည်းဟူသော နေမင်းကြီး ထွန်းလင်းတော်မူလာသဖြင့် ယသော်ခရာ၏ သံသယနှင်းမြူတို့ လွင့်ပျောက်၍ သွားကြရပေတော့သည်။ အမှောင်ခွင်း၍ အလင်းသို့ ရောက်လာကြပေပြီတည်း။

ဟိုယခင်အလှက တဏှာရာဂ မာန်မာနနှင့် ယှဉ်သောအလှ။ ပြုန်ပြင်ပြင်နိုင် ဝတ်ဆင်နိုင်မှသာ လှသော အလှ။

ယခုအလှက ကိလေသာမယှဉ်၊ ကြည်လင်အေးမြ ဘေးမခသည့် ကျက်သရေတော်။ မပြုမပြင် ပင်ကိုအားဖြင့် ရှုချင့်စဖွယ် တင့်တယ်၍ နေပေသည်။

နဖူးတော်မှသည် ခြေဖျားသို့၊ ခြေဖျားမှသည် နဖူးတော်သို့ အပြန်ပြန် အလှန်လှန်၊ ကြိမ်ဖန်များစွာ သုံးသပ်ပါလျက် အားရတင်းတိမ်ခြင်း မရှိနိုင်။ ကိုယ်တော်မြတ်ရုပ်သွင်က တိုက်အိမ်တစ်လုံးအကွယ် ရောက်သွား၍သာနေရာက ထလာရ၏။ နန်းတော်အနီးမှ လွန်မသွားသေးမီ နန်းတော်ထက်သို့ ပင့်ဆောင်နိုင် စေရန် ခမည်းတော်ကြီးထံ အကြောင်းကြားလိုက်ရ၏။

တစ်မျိုးတစ်ဆွေလုံး၏ ဂုဏ်သရေကို အကြွင်းမဲ့ ဖျက်ဆီးရာရောက်နေသဖြင့် ဤကိစ္စကြီးကို ရွေးနှားတော်ကြား လျှောက်တင်ရဲသူ တစ်ယောက်မှ မရှိခဲ့။ ကိုယ်တော်မြတ်၏ ကျက်သရေတော်ကို ကိုယ်တိုင်သာ မဖူးမမြင်ခဲ့ရလျှင် ယသော်ခရာလည်း လျှောက်တင်ရဲလိမ့်မည် မထင်။ ယခု သည်ကျက်သရေတော်၏ အရှိန်အဝါကြောင့် မရဲ့မကြောက် လျှောက်တင်လိုက်မိပြီ ဖြစ်ပေသည်။

"ခမည်းတော်အရှက်ကို ခွဲရက်သည့် သားတော်ပါကလား"

ဟုတ်တိုင်းမှန်ရာ လျှောက်တင်လိုက်မိသည်နှင့် တစ်ပြိုင်နက် သုဒ္ဓါဒန မဟာရာဇာ၏ စိတ်တွင် အကြီးအကျယ် ထိခိုက်သွားရပေသည်။ ခမည်းတော်ကြီး ကိုယ်တိုင် ရှိနေပါလျက်နှင့် သူတစ်ပါး အိမ်ပေါက်စေ့ အောက်ကျနောက်ကျ လျှောက်တောင်းနေရမည်လား။ သကျအမျိုးသားတို့၏ အစဉ်အလာကိုမှ သဲတိမထား လေရော့သလား။

ကရဏာနောက်မှ ပါလာသော မာန၊ မာနနှင့်အတူ ပေါ်လာသော ဒေါသ။ သည်ဒေါသ၊ သည်မာန၊ သည်ကရဏာတို့က သူ့စိတ်အစဉ်တွင် တစ်ကျော့စီ တစ်ပြန်စီ မင်းမူ၍ နေကြ၏။

တိုင်းသူပြည်သား၊ ဆွေတော်မျိုးတော်များအပေါ် မင်းမူလာခဲ့သော မဟာရာဇာသည် မင်းထက်မင်းဖြစ်သော ထိုစေတသိက်တို့၏ အမိန့်ကို လုံးဝ တော်လှန်ခြင်း၊ ငြင်းဆန်ခြင်း မပြုနိုင်။ သူတို့တစ်တွေ၏ အမိန့်အာဏာအတိုင်း

http://www.dhammadownload.com

နန်းတော်ထက်မှ ဒရောသောပါး ပြေးဆင်းသွားရ၏။ ပါလာသော အဝတ်အစားများကိုသော်မှ မနိုင့်တနိုင်သိမ်း၍ ကိုင်လာခဲ့ရ၏။

"အရှင်ဘုရား၊ တပည့်တော်တို့ကို အရှက်ရအောင်ပြုပါသလား။ သည်လောက်များပြားသည့် ရဟန်းတော်များအတွက် တပည့်တော်ဆီမှာ ဆွမ်းမရနိုင်ဟုများထင်မှတ်တော်မူနေပါသလား"

ဘုရားရှင်ရှေ့တော်မှောက် အရောက်သွားကာ အမောတကောလျှောက်တင်လိုက်လေသည်။

"မင်းကြီး၊ နားဆင်လေလော့။ ဤသို့အိမ်စဉ်တွေ့သမျှ မခြွင်းမချန် ဆွမ်းခံစားခြင်းမှာ အသင်မင်းကြီးတို့ကို အရှက်ရစေရန်မဟုတ်ပေ။ အသင်မင်းကြီးနန်းတော်တွင် ဤရဟန်းများအတွက် ဆွမ်းမပြည့်နိုင်ဟု ထင်သောကြောင့်လည်းမဟုတ်ပေ။ ဤသို့ အိမ်စဉ်တွေ့သမျှ မခြွင်းမချန် ဆွမ်းခံခြင်းမှာ အမျိုးအနွယ်၏ကျင့်ဝတ်ပင် ဖြစ်ပေသည်"

ခမည်းတော်ကြီး တုန်လှုပ်ချောက်ချားနေသည်နှင့်အမျှ မြတ်စွာဘုရားကတည်ငြိမ်စွာပင် မိန့်တော်မူပေသည်။ လူ့လောက၏ သံယောဇဉ်ဟူသမျှ ဖြတ်တောက်ပြီးပြီမို့ သုဒ္ဓါဒနမင်းကြီးကိုပင် ခမည်းတော်ဟု ခေါ်တော်မမူပြီ။ ဆွေမတော်မျိုးမစပ် ဗိမ္မိသာရမင်းနှင့် ထပ်တူထပ်မျှသာ သုံးသပ်တော်မူပေပြီ။

ကျွန်ုပ်တို့ သီတင်းသုံးဖော်များက ကျွန်ုပ်တို့ကို ဘုရားရှင်နှင့် ဆွေမျိုးစပ်ကာ ညီတော် အာနန္ဒာဟူ၍လည်းကောင်း၊ ညီတော်နန္ဒ ဟူ၍လည်းကောင်း၊ သားတော် ရာဟုလာ၊ မိထွေးတော် ဂေါတမီ ဟူ၍လည်းကောင်း ချီးချီးမြှောက်မြှောက်ခေါ်ဆိုတတ်ကြ၏။ ဘုရားရှင် ကိုယ်တော်တိုင်မူကား မိသားစု အခေါ်အဝေါ်များကို လုံးဝ အသုံးပြုတော်မမူပါ။ ကျွန်ုပ်ကို ညီတော်ဟူ၍ လုံးဝ မခေါ်ပါ။ အမည်ရင်းအတိုင်းသာ ခေါ်တော်မူပါသည်။ တွေ့လာ ကြုံလာရလေသမျှ ပုဂ္ဂိုလ်များအပေါ် ညီတူညီမျှ သဘောထားတော်မူသည်ကို ယခု ခမည်းတော်ကြီးကို ခေါ်လိုက်ခြင်းက သက်သေခံ၍ နေပေပြီ။

သံယောဇဉ် မရှိတော့သူက အသိတရားသက်သက်ဖြင့် မိန့်ဆိုတော်မူခဲ့၏။ သို့သော် အသိတရား မကိန်းလာသေးသော ခမည်းတော်ကြီးက သဘောမပေါက်ရှာ။ ဘုရားရှင်၏ အမျိုးအနွယ်ဟူသော အဆိုအမိန့်ကို အဓိပ္ပာယ်ကောက်အယူလွဲကာ–

"အရှင်ဘုရား၊ တပည့်တော်တို့၏ အမျိုးအနွယ်ထဲမှာ ခတ္တိယ အမျိုးအနွယ်ထဲမှာ ယခုလို အိမ်ပေါက်စေ့ တောင်းစားသူဟူ၍ ရှိခဲ့ဖူးပါသလား"

ဆွေမျိုးမာန် အတ္တအစွဲသန်သန်ဖြင့် မေးလျှောက်လိုက်ခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com

"မင်းကြီး၊ ဤခတ္တိယ အမျိုးအနွယ်ဟူသည်ကား သင်မင်းကြီးတို့၏ အမျိုးအနွယ် ဖြစ်ပေသည်။ ငါတို့၏ အမျိုးအနွယ်ဟူသည်ကား ရှေးရှေးက ပွင့်တော်မူခဲ့ကြသော ဘုရားရှင်ကိုယ်တော်မြတ်များ၏ အမျိုးအနွယ်သာလျှင် ဖြစ်ပေသည်။ ရှေးရှေးက ဘုရားရှင် ကိုယ်တော်မြတ်များမှာလည်း ဤကဲ့သို့ အိမ်ပေါက်စေမျှ ဆွမ်းခံ၍ အသက်မွေးတော်မူခဲ့ကြပေသည်။

ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရားဟူ၍ တစ်ငါတည်း ငါ၍နေခဲ့သော ခမည်းတော်ကြီး၏ အတ္တစွဲကို ချေခွတ်တော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ မိမိက ငါ့အမျိုး၊ ငါ့အနွယ်၊ ငါ့သား၊ ငါ့ဘုရားဟူ၍ မည်မျှပင် စွဲလမ်း၍နေပါသော်လည်း သားတော်ဘုရား ကိုယ်တော်တိုင်က အစွဲအလမ်း မခံတော့ပါကလား။ ဤသို့သော အသိဉာဏ်ကို ပေးတော်မူလိုက်ခြင်းဖြစ်ပေသည်။

ဤသို့ အယူအစွဲမခံရာ၌ ဘုရားရှင်ကိုယ်တော်မြတ် တစ်ပါးတည်း မဟုတ်ပေ။ မြင်မြင်သမျှ သခါရဟူသမျှသည် စွဲ၍မရ။ ယူ၍ မရသော တရားတို့သာ ဖြစ်ကုန်၏။ မိမိ၏ ရုပ်နာမ် ခန္ဓာတို့သော်မှ ယူစွဲ၍ မရပေ။ မိမိက ငါဟူ၍ ငါ့ဟာဟူ၍ မည်သို့ပင်စွဲယူနေပါစေ။ သည်ခန္ဓာကိုယ်ကြီးကမူ နေစဉ်နှင့်အမျှ နာရီ စက္ကန့်နှင့်အမျှ သူ့လမ်း သူသွားနေသည်သာ ဖြစ်၏။

ငါအဖြစ်ဖြင့် ငါ့ဟာ အဖြစ်ဖြင့် မအိုစေချင်သော်လည်း သူက အိုလမ်း အတိုင်း သွားနေ၏။ မနာကျင်စေရန် မည်သို့ပင် တောင့်တနေပါစေ၊ သူကတော့ နာကျင်ဖို့ အရန်သင့် ရှိနေသည်သာ ဖြစ်၏။ သေရမည့်ဘေးကို တွေး၍ ကြောက်နေစေကာမူ တစ်နေ့လျှင် မရဏ ရှင်သေမင်း၏ လက်တွင်းသို့သက်ဆင်း ရမည်သာ ဖြစ်၏။

လူ့ဘုံလောကဝယ် မီးကြီးလောင်သောအခါ၊ ရေဘေးကြီး သင့်သောအခါ သားသမီးကလည်း အမိအဘကို ကယ်တင်နိုင်၏။ အမိအဘကလည်း သားသမီးကို ဘေးလွတ်ရာ ဆောင်ယူနိုင်၏။ အိုအေး၊ နာဘေး၊ သေဘေးကြီးများနှင့် ကြုံလာရသော အခါတွင်မူကား သားသမီးကလည်း မိဘကို မကယ်နိုင်ပြီ။ မိဘများကလည်း သားသမီးကိုဘေးလွတ်အောင် မသယ်ဆောင်နိုင်ပြီ။ ခေါင်းချင်းဆိုင် လက်မှီင်ချကာ ငိုညည်း တမ်းတရုံသာ တတ်နိုင်ကြတော့သည်။

အနတ္တသဘာဝအတိုင်း သူ့သဘော သူဆောင်၍နေသော သခါရ တရား အပေါ်ဝယ် မိမိက ငါဟူ၍ စွဲယူသဖြင့်၊ ငါ့ဟာဟူ၍ စွဲယူသဖြင့် ထိုသခါရတို့ ဖောက်ပြန် ပျက်စီးသောအခါ စိုးရိမ်ပူဆွေး ငိုကြွေးကြရ၏။ ငါဟူ၍လည်းကောင်း၊ ငါ့ဟာဟူ၍လည်းကောင်း မစွဲယူပါမူကား သခါရတရားတို့သဘောလက္ခဏာအတိုင်း ဖောက်ပြန် ပျက်စီးသော်လည်း စိုးရိမ်ပူဆွေး ငိုကြွေးစရာ မလိုပြီ။ ဆင်းရဲဒုက္ခ ခံစားနေစရာ မလိုပြီ။ ဤတွင် ဒုက္ခချုပ်ရာလမ်းစကို တွေ့ရှိခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

ကိုယ်တော်မြတ်၏ စိတ်အစဉ်တွင် ငါ၏ ခမည်းတော်ဟူသော အစွဲအယူတို့ ကင်းစင်လျက်ရှိ၏။ သို့သော် ဖခင်တို့ မေတ္တာ အနုန္တဖြင့် မိမိအပေါ် ပြုစုခဲ့ စောင့်ရှောက်ခဲ့သော ဂုဏ်ကျေးဇူးကိုကား သတိရတော်မူပေသည်။ အနုန္တ မေတ္တာဖြင့် မွမ်းထုံအပ်သော အနုန္တ ဂုဏ်ကို လေးစားစိတ် ရှိတော်မူပေသည်။ အနုန္တ မေတ္တာရှင်၏ အနုန္တ ကျေးဇူးဂုဏ်ကို ယခု အနုန္တ အေးငြိမ်းရာ တရားကြီးဖြင့် ကျေးဇူးဆပ်တော် မူလိုက်လေပြီ။

သေကွပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အစွဲအယူလွတ်ရာ နိဗ္ဗာန် တရားတော်ကြီးကို မျက်မှောက်ပြုနိုင်ခဲ့ပြီဖြစ်သော သုဒ္ဓါဒန မဟာရာဇသည် အနုန္တ ကျေးဇူးရှင် ဖြစ်တော်မူသော သားတော်မြတ်အား နောက်ပါ သံဃာတော် များနှင့်တကွ နန်းတော်ထက်သို့ ပင့်ဆောင်ခဲ့ပေသည်။

(ဝိနည်းမဟာဝဂ် အဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလာဝတ္ထု)

**

http://www.dhammadownload.com

ယသော်ဓရာ ခန်းမဆောင်သို့

ဘုရားအမျှးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရာသို့ နန်းတော်သူ နန်းတော်သားအားလုံး ရောက်လာကြ၏။ ကျွမ်းကျင်သူ ငယ်ရွယ်သူများက လိုအပ်သမျှ လိုက်လံဆပ်ကပ်ကာ ကျန်လူများက တစ်နေရာမှ ငြိမ်သက်စွာ ကြည်ညိုနေကြ၏။ ထိုအထဲတွင် ယသော်ဓရာတို့ သားအမိကား မပါဝင်ချေ။

နန်းတော်ထက်သို့ ဘုရားရှင် ရောက်တော်မူသည်နှင့် အခြွေအရံများက အဆောင်ကထွက်၍ ပူဇော်ကန်တော့ရန် တိုက်တွန်းကြပါ၏။ သို့သော် ယသော်ဓရာကတော့ သူ့တွက်ကိန်းနှင့် သူသာလျှင် ဖြစ်ပေသည်။ ယခင် တွက်ကိန်းတစ်ခုမှန်ကန်နေပြီမို့ ယခု တွက်ကိန်းကိုလည်း စိတ်ချလက်ချ ယုံကြည်၍ ထားပေသည်။

ဤသို့သော ယုံကြည်စိတ်ဖြင့် သူ့ကိုယ်သူ ထိန်းထားနိုင်သည်ကား မှန်ပါ၏။ သို့သော် သူ့စိတ်ကိုကား မနိုင်ပါချေ။ မိမိခန်းမဆောင်ထဲဝယ် သည်ကိုယ်ခန္ဓာက ရှင်းလင်းသုတ်သင် ပြုပြင်လျက်ရှိ၏။ စိတ်ခန္ဓာကမူ ဘုရားရှင်ရှိရာ ရောက်နေပေပြီ။ ခန်းဆောင်ထဲက ကိုယ်ခန္ဓာသည် အခြွေအရံများနှင့်အတူ ဖန်ရေစွန်းသည့် အဝတ်များကို ဝတ်ဆင်လျက် ရှိနေ၏။ စိတ်ခန္ဓာမှာတော့ ရှေ့တော်မှောက်သို့ ရောက်ရှိကာ တောထွက်သွားသည့် ညမှစ၍ လွမ်းရလေသမျှ၊ဆွေးရလေသမျှ ဖြစ်ပျက်သမျှ အလုံးစုံအကုန်ဖွင့်ဟကာ အားပါးတရကြီး ကန်တော့၍နေမိ၏။ ကြိမ်ဖန်များစွာ အလေ့အလာ ပြုပြီးပြီမို့ ဘုရားရှင်ကိုယ်တော်တိုင် ကရုဏာသက်၍ မျက်ရည်ကျလောက်အောင် မွဲ.မွဲ.နွဲ.နွဲ.လျှောက်ထား၍ နေပေပြီ။

သို့နှင့် ဘုရားရှင်ကိုယ်တော်တိုင် ခန်းမဆောင်သို့ကြွချီတော် မူလာပေပြီ။ ခမည်းတော်ကြီးသည် သပိတ်ကိုပိုက်လျက်၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် လက်ယာ လက်ဝဲမှ ခြံရံလျက် လိုက်ပါလာကြ၏။ ထိုအရှင်မြတ်နှစ်ပါးတို့အား ဘုရားရှင်က ဤသို့ မှာကြား၍ ထားတော်မူပေသည်။

"ယသော်ဓရာ မင်းသမီးသည် သူနှစ်သက်သလို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါစေ။ သူ့ကို ဘယ်သူမှ မတားမြစ်ကြကုန်လင့်"

http://www.dhammadownload.com

မေတ္တာနှင့် ကရုဏာ စေတသိက်နှစ်ပါးတို့ ပူးပေါင်းထုတ်လွှင့်လိုက်သော မိန့်တော်သံပင် ဖြစ်ပေသည်။

ယသော်ဓရာနှင့် ပတ်သက်၍ ဘုရားရှင်၏ စိတ်သန္တာန်တော်ဝယ် မျှော်လင့်ချက် တစ်စုံတစ်ရာ မရှိနိုင်တော့ပါချေ။ သို့သော် မိမိအပေါ် ဟိုယခင်က ပြုစုခဲ့ဖူးသော မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာ မနောကံတို့ကိုကား မေ့ပျောက်ပစ်ပယ်ခြင်း ပြုတော်မမူပါချေ။ မိမိအပေါ် ထားရှိခဲ့သော မေတ္တာကို ထို့ထက် သာလွန်သော၊ ထို့ထက် မြင့်မားသော မေတ္တာဓာတ်ဖြင့် လက်ခံနိုင်သော ယောကျ်ားမြတ် ဖြစ်တော်မူပေသည်။

ထိုယောကျ်ားမြတ်၏ စိတ်သန္တာန်တွင် ထိုမေတ္တာနှင့် ယှဉ်လျက် သနားကြင်နာတတ်သော ကရုဏာစေတသိက်လည်း ရှိနေသည်သာ။ လင်၏ အပစ်ပယ်ခံမိန်းမသားတစ်ယောက်၏ ဝမ်းနည်းကြေကွဲခြင်း၊ လွမ်းဆွတ်တသခြင်း၊ စိတ်အားငယ်ခြင်းတို့ကို စာနာထောက်ထားတော်မူသည်မှာ ထိုစေတသိက်ပင် ဖြစ်ပါ၏။ သို့ရာတွင် ထိုစေတသိက်၏ နောက်ပါးဝယ် စိတ်ထိခိုက်စရာ ကြေကွဲစရာ ခံစားမှုတို့ကား လိုက်ပါ၍ မလာနိုင်ကြတော့ပါ။

သာမန်လူသားတို့၏ မေတ္တာမှာ ဥပေက္ခာမကပ်သဖြင့် တဏှာရာဂ ပူးယှဉ်တတ်၏။ ဥပေက္ခာဖြင့် ထာဝစဉ် ယှဉ်တွဲ၍ထားသော ကိုယ်တော်မြတ်၏ မေတ္တာဓာတ်တွင်ကား ထိုအယောင်ဆောင် အမြှောင်တရားတို့ မကပ်လာနိုင်တော့ပါ။

ဥပေက္ခာဟူသည်မှာ သာယာစရာ၊ မုန်းထားစရာ၊ ပူစရာ၊ ဆွေးစရာ မဟုတ်သော သဘောမှန်ကို အမှန်အတိုင်း ကြည့်တတ်၊ ရှုတတ်၊ သိမြင်တတ်သော ဉာဏ်ပညာပင်ဖြစ်၏။ ကြံ့လာလေသမျှ လောကဓံတရားကို အလယ်အလတ် နေရာမှ ခံယူတတ်သော သဘောဖြစ်၏။ ထိုဥပေက္ခာနှင့် ယှဉ်ထားသဖြင့် ဘုရားရှင်၏ ကရုဏာတော်ဝယ် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းတို့ ပါမလာနိုင်တော့ပါ။

ယခု မြွက်ဟလိုက်သော မိန့်တော်သံကို ထောက်သောအားဖြင့် ဝမ်းနည်းကြေကွဲခြင်းမရှိသော ကရုဏာဝယ် ထောက်ထားစာနာမှု ရှိနေကြောင်းကို ကျွန်ုပ်တို့ နားလည်ကြရပေသည်။ လင့်အပစ်ပယ်ခံ မိန်းမသားတစ်ယောက်၏ ဝမ်းနည်းကြေကွဲရခြင်း၊ လွမ်းဆွတ်တသရခြင်း၊ စိတ်အားငယ်ရခြင်းတို့အတွက် တာဝန်ရှိသူ ပုဂ္ဂိုလ်တစ်ဦး အဖြစ်ဖြင့် ကရုဏာသက်တော် မူရပေလိမ့်မည်။

ကျွန်ုပ်တို့၏ တစ်သက်တာ၌ နောင်တော်ဘုရား၏ မိန်းမသားတို့အပေါ် ဤကဲ့သို့ ထောက်ထားစာနာတတ်သော အပြုအမူများကို မကြာမကြာ တွေ့ခဲ့ရပေသည်။

သို့ဖြင့် ဘုရားရှင်ကိုယ်တော်မြတ်သည် ခန်းမဆောင်တွင်းသို့ ရောက်ရှိတော်မူလာပါပြီ။ ခင်းထားအပ်သောနေရာထက်ဝယ် ငြိမ်သက်စွာ ထိုင်နေတော်မူပါပြီ။ ထိုနေရာသို့ ယသော်ဓရာသည် သော့သော့လျင်လျင် လှမ်းလင့်၍လာပါပြီ။

http://www.dhammadownload.com

ကျွန်ုပ်တို့အားလုံး၏ မျက်လုံးများက ယသော်ဓရာဆီသို့ရှေ့ရှု၍ သွားကြရ၏။ ကျွန်ုပ်တို့ နားများက ယသော်ဓရာ၏ စကားသံများကိုခံယူရန် အသင့်ရှိနေကြ၏။ ခန်းမဆောင်တစ်ခုလုံး အသက် အသံဟူသမျှ တိတ်ဆိတ်၍ နေပေသည်။

ယခင်ရက်များက မမြင်ရသော ရုပ်သွင်ကို မှန်းဆ၍ လွမ်းဆွတ်ခဲ့ရသည်။ တမ်းတခဲ့ရသည်။ ယခု ထိုရုပ်သွင်၏ အရှင်သခင်သည် မိမိ၏ ရှေ့မှောက်သို့ ရောက်၍ နေချေပြီ။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ ခံစား၍လာခဲ့ရသော ဝေဒနာများကို မည်သို့သော စကားဝါကျဖြင့် သူလျှောက်တင်ရပေမည်နည်း။

ယသော်ဓရာ၊ အိုဘယ့် ယသော်ဓရာ။

ယသော်ဓရာ၏ စကားဝါကျတို့ကို ကျွန်ုပ်တို့နားဖြင့် မကြားကြရပါ။ မျက်စိဖြင့်သာ မြင်ကြရပါ၏။ ဖြူစင်ပြည့်ဖြိုးသည့် ခြေဖမိုးတော်ထက်ဝယ် မဆည်နိုင်၊ မတန့်နိုင် ဖြိုင်ဖြိုင်ကျဆင်း၍ လာကြသော မျက်ရည်ပေါက်များသည်ပင် အပြည့်အစုံ ထုတ်ဖော်လျှောက်ကြားလိုက်သော စကားလုံးများ ဖြစ်ပါချေသည်။

ဝိလိုက်ပေတော့ ယသော်ဓရာ၊ အားရပါးရကြီးသာ ဝိလိုက်ပေတော့။

အပြစ်မကင်းသည့် ချစ်ခြင်းကို မပယ်နိုင်၊ မစွန့်နိုင်သေးသမျှ ဆက်၍ ဆက်၍ ဝိရပါဦးမည်။

(ဝိနည်းမဟာဝဂ် အဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလာဝတ္ထု)

⁂

http://www.dhammadownload.com

ညီတော်နန္ဒ၏ မင်္ဂလာပွဲ

သွားပြန်ချေပြီ။ သည်နန်းတော်၏ အညွှန့်အဖူးများကတော့ တစ်ညွှန့်ပြီး တစ်ညွှန့် စွန့်၍ ခွာ၍သာ နေကြချေပြီ။ ကြာလျှင် နန်းတော်ထဲမှာ လူတွေ သူတွေမှ ကျန်ပါဦးမည်လား။

လောလောလတ်လတ် ကြုံကြိုက်ရသော ကိစ္စအတွက် မည်သူ့ကို အပြစ်တင်ရချိမ့်မည်နည်း။ စိတ်ဓာတ်အင်အားကြီးမားတော်မူလွန်းလှသောသားတော်ကြီးကိုလား။ စိတ်ဓာတ်အင်အားသေးငယ်တတ်သော သားတော်ငယ် နန္ဒမင်းသားကိုလား။ အခြားသူများ၏ စိတ်သဘောထား မည်သို့ပင်ရှိပါစေ၊ သုဒ္ဓါဒန မဟာရာဇာအဖို့ သားတော်ကြီးကိုကား အပြစ်တင်၍ မရတော့ပါ။ သားတော်ကြီး၏ သာသနာတော်တွင် အရိယာသာဝကတစ်ဦးအဖြစ် ခိုဝင်ခွင့်ရထားပြီဖြစ်၍ မိမိထက် သာလွန်မြင့်မြတ်သည့် အတိဇာတ သားကြီးရတနာကို အပြစ်ဆိုရန် မဝံ့တော့ပါ။ အပြစ်ဆိုခြင်းဆိုလျှင် ရရှိထားသော အရိယာဉာဏ်ဖြင့် ထာဝစဉ်တွဲ၍ မနေနိုင်သေးသော မိမိကိုယ်ကိုသာ အပြစ်တင်စရာရှိပေသည်။ စိတ်ဓာတ်အင်အားပျော့ညံ့လွန်းလှသော နန္ဒမင်းသားကိုသာ အပြစ်တင်ဖို့ ကောင်းတော့သည်။

သည်သာသနာတော်ကြီးသည် မည်သူ၏သာသနာတော်ကြီးနည်း။ သားတော်ကြီး ဘုရား၏ သာသနာတော်ပင် ဖြစ်၏။ သည်သာသနာ၏ အဆုံးအမသည် မည်သို့သော အကျိုးကျေးဇူးရှိပါသနည်း။ မိမိကိုယ်တိုင် သန္တိသုခ အရသာကို ခံစားလိုက်ရဖူးပေပြီ။

သို့ဖြစ်၍ သည်သာသနာတော်ကြီး တိုးတက်ကြီးပွားမည့်အရေးကို ခမည်းတော်ကြီးဖြစ်သူက မကျေနပ်စရာ မရှိပါ။ သားတော်ကြီး ဘုရား၏ သာသနာတော် တိုးတက်လေလေ၊ သူဝမ်းသာဖို့ကောင်းလေ။ သားတော်ကြီးဘုရား၏ သာသနာတော်ကြီး မျက်နှာပွင့်လေ သူ့မှာ ဂုဏ်ကျက်သရေတိုးလေ။

အရိယာဉာဏ် အမြင်မှန်ရရှိထားသော သူတိုင်းသည် သာသနာတော်ကြီး တိုးတက်စေရန်၊ သာသနာတော်ကြီး ပွင့်လင်းစေရန် ရည်သန်ခြင်း ရှိကြရ၏။

http://www.dhammadownload.com

အရိယာသာဝက စာရင်းဝင်ဖြစ်သော ခမည်းတော်ကြီးမှာလည်း ဤသို့သော ရည်သန်ခြင်း ရှိနေသည်သာ။ သို့သော် ယခုလိုသာသနာ့ဘောင်အတွင်းပိုင်းသို့ ဝင်မှသာလျှင် သာသနာပြုရာရောက်သည် မဟုတ်ပေ။ အပြင်အပမှ လိုအပ်သမျှ ထောက်ပံ့လှူဒါန်းခြင်းဖြင့်လည်း သာသနာပြုနိုင်မည်ဟု သဘောပေါက်ထား၏။

သားတော်ကြီး ဘုရားသည် လောကလူ့ရွာသို့ ပြန်လာဖို့ လုံးဝ မရှိတော့ပြီ။ သို့ဖြစ်၍ သားတော်နန္ဒမင်းသားက ခမည်းတော်အရိုက်အရာ ဆက်ခံ။ သက္ကတို့၏ ဦးစီးဦးကိုင်လုပ်မြဲလုပ်။ ဆွေဂုဏ်မျိုးဂုဏ်ဆောင်သည့် နောင်တော်ကြီးဘုရားအား ဆွေသား မျိုးသားနှင့် သိုက်သိုက်ဝန်းဝန်း လှူဒါန်းပူဇော်၍ နေရလျှင် မည်မျှ ကောင်းချီမ့်မည်နည်း။

ဤသို့သော ရည်ရွယ်ချက်ဖြင့် ဤယနေ့ နံနက်တွင် ထူးခြားလှသော မင်္ဂလာပွဲကြီးကို တစ်နန်းတော်လုံး အုန်းအုန်းကျွက်မျှ ဆင်နွှဲခဲ့ကြ၏။ ခမည်းတော်၏ အရိုက်အရာ ဆက်ခံမည့် နန္ဒမင်းသားအား ဇနပဒကလျာဏီ မင်းသမီးနှင့် လက်ထပ်ပေးသည့်ပွဲ၊ ဥည္သျောင်ထုံးသည့်ပွဲ၊ နဖူးသင်းကျစ် ဝတ်ဆင်သည့်ပွဲ၊ အိမ်တက်မင်္ဂလာပွဲ၊ အခွင့်အာဏာအပ်နှင်းသော သဘောဖြင့် ရွှေထီးဆောင်းပေးသောပွဲ။

ဤမင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲမျှ ကျင်းပရာနေရာ မင်္ဂလာမဏ္ဍပ်သို့ ဘုရားရှင် ကိုယ်တော်မြတ် ကြွတော်မူလာဘိ၏။ မင်္ဂလာပွဲများ ကျင်းပနေစဉ်တွင် အတိုင်းထက် အလွန် မင်္ဂလာကျက်သရေ တိုးတက်လာအောင် ဆောင်ရွက်ပေးရာ ရောက်သဖြင့် ခမည်းတော်ကြီးမှာ အားရဝမ်းသာဖြစ်ရ၏။ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် မင်္ဂလာမဏ္ဍပ်အတွင်းမှာပင် ဆက်ကပ်၏။ ဆွေတော်မျိုးတော်အားလုံးမှာ ဤဖြစ်ရပ်အတွက် တအံ့တသြကြီး ဖြစ်နေကြရ၏။

ဘုရားရှင်တို့မည်သည် သာသနာတော်ကြီး တစ်ခုလုံး၏ ဦးဧ်ဦးကိုင် အာဏာပိုင် ဖြစ်တော်မူကြ၏။ သည်မှာ ဆောင်ရွက်နေကြရသည့် ကိစ္စများက သာသနာတော်နှင့် လုံးဝမဆိုင်။ သာသနာတော်နှင့် လုံးဝ မပတ်သက်။ ကမ္ဘာတည် ကတည်းက ဆင်နွှဲလာခဲ့ကြသော လူမှုရေးကိစ္စများသာ ဖြစ်ပေသည်။

မည်သူမျှ မမျှော်လင့်ဘဲ အခန့်သင့်ဆွမ်းကပ်ရသဖြင့် သုဒ္ဓါဒနမင်းကြီး ဝမ်းသာရပါ၏။ ကြည်နူးရပါ၏။ ဆွေတော်မျိုးတော်များ အလယ်မှာ မျက်နှာပွင့်လန်းလှပါ၏။ သို့သော် နေရာမှ ထတော်မူလျှင်ကား အားလုံး ကြက်သေသေ၍ သွားကြရပေတော့သည်။

"နန္ဒ၊ သပိတ်ကို ယူခဲ့လော့"

ဆွမ်းဘုဉ်းပေးပြီး၍ စင်ကြယ်စွာ ဆေးကြောထားပြီးသော သပိတ်ကို ညီတော် နန္ဒလက်ထဲ ထည့်လိုက်၏။ တစ်လျှောက်လုံးက ကြောက်ရွံ့ ရိုသေလာခဲ့ရသော

http://www.dhammadownload.com

ညီတော်နန္ဒကလည်း မငြင်းမပယ်ယူလိုက်ရ၏။ ညီတော်နန္ဒ၏လက်ထဲ သို့သပိတ်တော်ကို ပေးအပ်ကာ ဘုရားရှင်သည် နေရာမှထ၍ ကြွတော်မူ၏။ ဤတွင် နန္ဒမင်းသားခမျာ သည်အတိုင်း မနေဝံ့သဖြင့် နောင်တော်ဘုရားနောက်က ထက်ကြပ်မကွာ လိုက်ပါရတော့၏။ ထမ်းထားရသော သပိတ်တော်ကို ဘုရားရှင် ထံလည်းပြန်မအပ်ဝံ့။ တစ်ယောက်ယောက်ကို လူစားထိုးနိုင်ရန်ကလည်း မဖြစ်နိုင်။ ဟိုနေရာကျလျှင် ယူနိုးနိုး၊ သည်နေရာကျလျှင် ယူနိုးနိုးဖြင့် လိုက်ပါမြဲ လိုက်ပါသွားရ၏။ ဘုရားရှင်ကမူသူ့ကို ပြန်၍မျှ ကြည့်တော်မမူပါချေ။

နန္ဒမင်းသားမှာ နောင်တော်အာဏာ မပယ်ရှားဝံ့၍သာ လိုက်ပါလာရ၏။ လိုက်ပါရာတွင် သူ့ကိုယ်သာပါ၍ စိတ်မပါဟု ဆိုရပေလိမ့်မည်။ သူ့စိတ်သည် သူ့ခန္ဓာကိုယ်မှ ခွဲနေကာ ဇနပဒကလျာဏီထံမှာ နေရစ်ခဲ့၏။ "နောင်တော်နန္ဒမင်းသားအား နောင်တော်ဘုရားက သပိတ်ထမ်းခေါ်သွားချေပြီ"ဟုကြားသိရသည်နှင့် တစ်ပြိုင်နက် ဇနပဒကလျာဏီသည် လေသာပြတင်းမှလှမ်းကြည့်၍ "မောင်တော်ဘုရား၊ မြန်မြန်ကြီးသာ ပြန်ကြွတော်မူခဲ့ပါ"ဟု အမောတကော လှမ်း၍ မှာလိုက်ပေသည်။

သည်ဟန်နှင့် သည်အသံသည် သူ့စိတ်ထဲမှာ ပါလာကြလေသလား။ သို့မဟုတ် သူ့စိတ်များကပင် သည်ဟန်နှင့် သည်အသံနားမှာ ရစ်ဝဲ၍ နေရစ်ခဲ့လေသလား။

မိန်းမသားတစ်ယောက်၏ အစွမ်းထက်သော လက်နက်ဖြင့် အချက်ကျကျ ပစ်ခတ်လိုက်သည်ကားမှန်ပါ၏။ ထိုလက်နက်ကြောင့် နန္ဒမင်းသားခမျာ မရှုနိုင် မရှိက်နိုင် ဖြစ်ရသည်လည်း မှန်ပါ၏။ သို့သော် ထိုလက်နက်များမှာ ဘုရားရှင်၏ အရှိန်အဝါကိုကား အံတုနိုင်ခြင်းမရှိပါချေ။ ထို့ကြောင့် ညီတော်နန္ဒခမျာ နိုကြောဓဉယျာဉ်ကျောင်းထိအောင် သည်အတိုင်းပါ၍ လာရပေသည်။

"နန္ဒ၊ သင် ရဟန်းပြုနိုင်မည်လော"

ကျောင်းတော်ကို ရောက်ခါမှ ဘုရားရှင်က စကားစ၍ ပြောတော်မူ၏။ ညီတော် နောင်တော် ဆုံမိခိုက်မို့ အထိုက်အလျောက်စကားပြောသည်ဆိုလျှင်တော်ပါသေး၏။ ယခုတော့ တိုက်ရိုက်ကြီးပင် မေးတော်မူလိုက်ချေပြီ။ ညီတော်နန္ဒမည်သို့ဖြေရပါမည်နည်း။

သူ့အာရုံထဲတွင် ဘုရားရှင်၏ အမေးနှင့် ဇနပဒကလျာဏီ၏ မှာကြားသံတို့ ရောထွေးယှက်တင်၍နေကြ၏။ တစ်ခါတစ်ရံ ဘုရားရှင်၏ အသံတော်ကကျယ်လာ၏။ တစ်ခါတစ်ရံ ဇနပဒကလျာဏီ၏ အသံက ဖုံးလွှမ်းသွား၏။

"နန္ဒ၊ သင် ရဟန်းပြုနိုင်မည်လော"

http://www.dhammadownload.com

ဒုတိယအကြိမ် မေးတော်မူလိုက်ပြန်ပေသည်။ ညီတော်နန္ဒအကြပ်ရိုက်၍ နေပါတော့သည်။ နောင်တော်ဘုရားက မိမိ၏ စိတ်သဘောထားကို မေးသည်ကား မှန်ပါ၏။ သို့သော် ထိုအမေးထဲမှာ အမိန့်သံတစ်မျိုးက ကပ်ပါနေပေသည်။ တစ်လျှောက်လုံးက ချစ်ကြောက်ရိုသေလာခဲ့ရသော နောင်တော်ကြီးဘုရား၏ အမိန့်ကို ညီတော်နန္ဒ လွန်ဆန်ရဲပါဦးမည်လော။

"မှန်ပါ၊ ပြုနိုင်ပါသည် ဘုရား။ တပည့်တော် ရဟန်းပြုနိုင်ပါသည်"

နှလုံးနှစ်ခွ စိတ်ဒွိဟဖြစ်နေဆဲမှာပင် သူ့နှုတ်က ဝန်ခံပြီးသား ဖြစ်သွားရပေတော့သည်။ အိုဘယ့် ဇနပဒကလျာဏီ၊ မျှော်ရင်းသာဦ၊ ငိုရင်းသာ မျှော်နေပေတော့။ မျှော်နေပေတော့။

(အပဒါန် အဋ္ဌကထာ၊ သန္တိကေ နိဒါန်း)

ယသော်ဓရာ၏ စစ်မျက်နှာသစ်

သာသနာ့ဘောင် မပျော်ပိုက်၍ နန္ဒမင်းသား ပြန်လာမည် မလာမည်ကို အပထား။ ယခုလောလောဆယ်တွင် နန်းတော်ကြီးတစ်ခုလုံး ဟာသွားသည်က သိသာလှပေသည်။ နန်းတော်ရှိအဆောင်ပေါင်းစုံအောင် ပြေးလွှားဆော့ကစားနေခဲ့သည့် ရာဟုလာသည်ပင် ယနေ့အငြိမ်သက်ကြီး ငြိမ်သက်၍ နေ၏။ ဘိုးတော် ဘွားတော်များထဲ တိတိတာတာပြောနေကျ စကားသံလေးများ တိတ်ဆိတ်၍ နေကြ၏။ လောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်တစ်ဦး၏ သားဖြစ်ကြောင်း သူ့ကိုယ်သူ မသိရှာသေးပေ။ ယသော်ဓရာမှာမူ သားတော်ကလေး၏ နဖူးဆံစများကို ပွတ်သပ်ရင်းအတွေးတစ်ခု ကွန့်မြူးလျက်ရှိပေသည်။

ဤကလေး၏ခမည်းတော်သည် မိမိအပေါ် မေတ္တာရှိသည် ကရုဏာရှိသည် မှန်ပါ၏။ သို့ရာတွင် ငြိတွယ်မှုကားမရှိတော့ပါချေ။ ခြေဖမိုးတော်ဝယ် မျက်ရည်မိုးရွာချနေစဉ်ကတည်းက ဤအကြောင်းကို ကောင်းကောင်းကြီး သိလိုက်ရပေပြီ။ ဓနိုးဟောင်းတစ်ယောက်အဖြစ်ဖြင့် ဤခြေဖမိုးရှင်၏ စိတ်နှလုံးကို တုန်လှုပ်စေရန် မစွမ်းနိုင်ပါချေ။

ဤသို့ဆိုလျှင် ဤကလေး၏ ခမည်းတော်နှင့် ပတ်သက်၍ မိမိ၏ မျှော်လင့်ချက် အားလုံးကို စွန့်လွှတ်လိုက်ရတော့မည်လော။ မစွန့်နိုင်သေးပါ။ မလွှတ်နိုင်သေးပါ။ ခတ္တိယသွေး ခတ္တိယစိတ်ဓာတ်ဖြင့် မိမိမေးခွန်းကို မိမိဘာသာ ငြင်းချက်ထုတ်လိုက်၏။ မိဘမောင်ဖွားများ လာခေါ်စဉ်က ငြင်းပယ်လိုက်သည်မှာလည်း ဤသွေးနှင့် ဤစိတ်ဓာတ်တို့ကြောင့်ပင် မဟုတ်ပါလော။

http://www.dhammadownload.com

ဤသွေးနှင့် ဤစိတ်ဓာတ်တို့ကို အခြေပြု၍ ယောကျ်မမိဘများ၏ နန်းတော်ထက်ဝယ် ဣန္ဒြေမပျက် ဆက်လက်နေလာခဲ့သော ယသော်ဓရာ။ ဤအရှင် ဤသခင်ကြွရောက်လာသည့်နေ့ကတည်းက အများနည်းတူသွား၍ ဖူးမြော်ကန်တော့ချင်ပါလျက် မိမိခန်းဆောင် မရောက်မချင်း အောင့်အည်းနေနိုင်ခဲ့သော ယသော်ဓရာ။ ထိုယသော်ဓရာသည် မိမိဘက်က စစ်မျက်နှာတစ်ခု ဆုံးရှုံးရုံမျှဖြင့် လုံးဝ လက်မြှောက်တော့မည်လော။ မိမိစစ်မျက်နှာက လုံးဝ ဥဿုံ အရှုံးပေးလိုက်ရသော်ငြား လည်း အခြား စစ်မျက်နှာတစ်ခုဖြင့် ထိုအရှုံးကို ကောင်းကောင်းကြီး မထေနိုင်တော့ပြီလော။

သည်စစ်မျက်နှာသစ်ကို ဖွင့်ကြစို့ဆိုလျှင် ဤကလေး၏ ဖခမည်းတော်သည် မည်သူမည်ဝါဖြစ်ကြောင်းကို ဖွင့်ဟပြောဆိုရပေတော့မည်။ ကလေး၏ စိတ်နလုံးထဲမှာ ဖခင်ဟူသော သံယောဇဉ်ကလေးများ ပျိုး၍ ပေးရပေတော့မည်။ သံယောဇဉ် စိတ်ဓာတ်များ နိုးကြားလာစေမည့် စကားဝါကျများ သင်ကြားပေးရပါတော့မည်။ မယားစစ်မျက်နှာ၌ အောင်ပွဲလှလှကြီးဆင်ခဲ့သော သည်သခင် သည်အရှင်ကို သားစစ်မျက်နှာဖွင့်၍ အကဲစမ်းရပါဦးမည်။

သည်တစ်ခါ အားစမ်းပွဲမှာလည်း သူတို့တစ်တွေသာ ရှုံးမည်ဖြစ်ကြောင်း ကျွန်ုပ်ရိပ်စားမိထားပါ၏။ တောမထွက်မီကလည်း နောင်တော်ဘုရားကို ကျွန်ုပ် ကောင်းကောင်းအကဲခတ်ခဲ့၏။ ယခုလည်းနောင်တော်ဘုရား၏ စေ့စပ်သေချာသော၊ သိပ်သည်းလှသော အပြုအမူများကို အထူးသတိထား၍နေရ၏။ တရားအသိ ရှိရှိရေးအတွက် တောထွက်မည် ပြုစဉ်ကလည်း ဤသို့ပင် သိုသိုသိပ်သိပ် ရှိခဲ့ပေသည်။ ယခု သည်မြို့တော်သို့ ကြွတော်မူလလာခြင်းမှာလည်း အရှင်ကာဠဒါယီ အလျှောက်အထားကောင်းသော အကြောင်းတစ်ခုတည်းကြောင့် မဟုတ်နိုင်ရာ။ ဆွေတော်မျိုးတော်တို့၏ အဖူးအမြော် အကန်တော့ခံရုံသက်သက် မဟုတ်နိုင်ရာ။ သာသနာတော်ကြီးအတွက် ရည်ရွယ်ချက်တစ်ခု ရှိ၍သာ ဖြစ်ပေလိမ့်မည်။ ဟိုတစ်နေ့ကပင် ရည်ရွယ်ချက်ကြီးတစ်ခု အောင်မြင်သွားခဲ့ပြီ။ ယခု မည်သူ၏ အလှည့်ပေနည်း။

ညီတော်နန္ဒကို ရဟန်းပြုပေးလိုက်သောနေ့က ကျွန်ုပ်သည် အရှင်မဟာသာရိပုတ္တရာ မိန့်တော်မူဖူးသော ဖြစ်တော်စဉ်တစ်ခုကို ပြေး၍ သတိရလိုက်မိ၏။ သိဒ္ဓည်းဆရာကြီး၏ တပည့်များဖြစ်ကြသော သူတို့နှစ်ပါး ရဟန်းဘောင် ဝင်လာကြသောအခါ မာဂဓတိုင်းတစ်ခွင်နှင့် ရာဇဂြိုဟ်မြို့တော်တွင်းက ထင်ရှားကျော်ကြားသော အမျိုးသားများသည် သူ့ထက်ငါ ဆိုရလောက်အောင် သာသနာတော်တွင်းသို့ ဝင်ရောက်လာကြ၏။ ဘုရားရှင်၏သာသနာ့ခရီးစဉ်တစ်လျှောက်ဝယ် ဤအချိန်မှစ၍ အနောင့်အယှက်များ ပေါပေါက်၍ လာခဲ့ပေသည်။

http://www.dhammadownload.com

ရဟန်းပြုလာသူများ၏ ကျန်ရစ်သောမိသားစု၊ ယခင် ရှိရင်းစွဲဖြစ်သော အယူဝါဒ မတူမျှကြသည့် တိတ္ထိအသင်းအပင်းများ၊ ၎င်းတို့၏ သာဝကများ၊ ဤသူဤသူများသည် ရဟန်းများကိုမြင်ရလေတိုင်း–

"မဂဓ တိုင်းသူပြည်သားတို့၏ တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ် မြို့တော်သို့ ရဟန်းဂေါတမ ကြွရောက်လာချေပြီ။ သို့ဉာဏ်းဆရာကြီး၏ တပည့် အားလုံးကို သူ့လက်အောက်ရောက်အောင် သိမ်းသွင်းယူလိုက်ပြီ။ ယခုအခါ မည်သူ့လင် မည်သူ့သားကို ဆွဲခေါ်၍သွားပေဦးမည်နည်း"

ဤသို့ စောင်းကြ၊ မြောင်းကြ၊ သိဆိုကြ၏။ ဤတွင်ရဟန်းများကလည်း နှုတ်တုံ့ပြန်၍ ချေပကြရပေသည်။

"ကြီးမြတ်သော လုံ့လရှိတော်မူကြသော ဘုရားရှင်ကိုယ်တော်မြတ်တို့သည် စင်စစ်အားဖြင့် တရားသဖြင့် ဆောင်ယူကြပေသည်။ တရားသဖြင့် ဆောင်ယူတော် မူကြကုန်သော အထူးသိမြင်၊ ဉာဏ်စင်ကြယ်ပြီး ဖြစ်တော်မူကုန်သော ဘုရားရှင် ကိုယ်တော်မြတ်တို့အား စောင်းမြောင်းဆဲဆို သဝန်တိုနေကြခြင်းဖြင့် ဘာအကျိုးရှိပေ လိမ့်မည်နည်း"

ဤသို့ ချေပလိုက်ကြသဖြင့် အများပြည်သူတို့ သဘောပေါက်သွားကာ မကြာမီ ခုနစ်ရက်အတွင်းမှာပင် ထိုအသံများ ပြေပျောက်၍ သွားရပေသည်။

ရာဇဂြိုဟ်မှာတုန်းက ကြုံခဲ့ရသော ဤအဖြစ်မျိုးသည် နေရာသစ်ပြောင်း လေတိုင်း ထပ်ကာ ထပ်ကာ ပေါ်ပေါက်၍ လာဦးမည်သာဖြစ်၏။ ဤအဖြစ်မျိုးကို မတွေ့မကြုံလိုသဖြင့် ဘုရားရှင်က မိမိ၏ သာသနာ့အသိုက်အအုံကြီး ခိုင်မာကြီးထွား လာရေးကို မပြုစုဘဲနေတော်မူမည် မဟုတ်ပေ။ သို့ဖြစ်လျှင် သည်အသံများကို အနည်းပါးဆုံးရင်ဆိုင်၍ သာသနာ့အင်အားများစုစည်းရန်မည်သို့ ပြုရပါမည်နည်း။ ဆွေတော်မျိုးတော်များထဲမှ နန္ဒမင်းသားကို အမိန့်သံအာဏာသဖြင့် ရဟန်းပြုပေး လိုက်ခြင်းမှာ ဤပြဿနာ၏ အဖြေပင် ဖြစ်ပါလိမ့်မည်။

(အပဒါန်အဋ္ဌကထာ၊ သင်္ဂီကေနိဒါန်း၊ ဝိနည်းမဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဟုလာဝတ္ထု၊ သာရီပုတ္တမောဂ္ဂလာနဝတ္ထု)

***

http://www.dhammadownload.com

အမွေရသူ ရာဟုလာ

သာသနာတော်ကြီး တစ်ရပ်လုံး၏ ပြဿနာကို တစ်ဖက်က အဖြေပေးနေဆဲတွင် သည်ဘက်က မိသားစုကလည်း သူတို့တွက်ကိန်းနှင့်သူတို့ ကျေနပ်၍ နေကြပေသည်။ သူတို့ဘာသာ တွက်ချက်၍ ရထားသောအဖြေနှင့် ပြောင်းပြန် ဖြစ်နေပုံကို တွေ့ရ လျှင်ကား ငိုပွဲကြီး ဆင်ကြရပေဦးမည်။ ဤအခြေအနေကို ကြိုတင်မြင်နေပါလျက် ကျွန်ုပ် တားမြစ်ခြင်း မပြုနိုင်ပါ။ တစ်လျှောက်လုံးက လေးစားလာခဲ့ရသော နောင်တော်ဘုရားကို ကျွန်ုပ် ဆန့်ကျင်ဘက် မပြုရဲပါ။ သာသနာ့မျိုးစေ့လေးတစ်စေ့ကို ကျွန်ုပ် မဖျက်ဆီးရက်ပါ။

သို့နှင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့၏။ ထိုနေ့ကား ကပိလဝတ် မြို့တော်သို့ ဘုရားရှင် ရောက်တော်မူသည့် ခုနစ်ရက်မြောက် ဖြစ်ပေသည်။ အစစအရာရာ ကြိုတင်ပြင်ဆင် ထားခဲ့ကြသည့်အတိုင်း ယသော်ဓရာသည် သားတော်ရာဟုလာကို ဝတ်စားတန်ဆာ အတင့်အတယ် ဝတ်ဆင်ပေးကာ ဘုရားရှင် ထံ စေလွှတ်လိုက်ပေသည်။

နန်းတော်သို့ ဘုရားရှင်ကြွလာတိုင်း လူကြီးများက ဖွင့်ပြောပြထားသဖြင့် ရာဟုလာသည် မိမိ၏ ခမည်းတော်ကို ကောင်းကောင်းကြီးသိ၍ နေပါပြီ။ ထို အသိနှင့် ယှဉ်သော သဲယောဇဉ်ကလေးကလည်း ငြိတွယ်၍ လာပါပြီ။

ရာဟုလာသည် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်လာ၏။ ဘုရားရှင်၏ မျက်နှာတော်ကို ပြုံးချိုစွာ ကြည့်၍နေ၏။ ထို့နောက် သင်ကြားထားသော စကားအချို့ကို သတိရကာ

"အရှင်ဘုရား၊ အရှင်ဘုရား၏ အရိပ်သည် ချမ်းသာလှပါ၏"

ဖခင် ဟူသော ချစ်ခြင်းဖြင့် အကျွမ်းတဝင် လျှောက်ထားလိုက်ပေသည်။ ဘုရားရှင်သည် သားတော် ရာဟုလာကို မည်သို့မျှ မိန့်တော်မမူဘဲ နေရာမှ ထ၍ ကြွတော်မူ၏။ သားတော်ရာဟုလာကလည်း သင်္ကန်းစကိုဆွဲလျက် နောက်တော်ပါးမှ လိုက်ပါလာခဲ့၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ တပည့်တော်ကို အမွေပေးပါ။ အရှင်ဘုရား တပည့်တော်ကို အမွေပေးပါ"

တကောက်ကောက်လိုက်လာရင်းက တတွတ်တွတ်ပြောဆိုလျက်လည်းရှိပေသည်။ သည်ခမည်းတော်နှင့်သည်သားတော်တို့ ဤကဲ့သို့အကြောင်းဆုံဆည်းလာပုံကို နောက်ပါရဟန်းများ တအံ့တသြ ဖြစ်နေကြရ၏။ ဘုရားရှင်အပေါ် ရိုသေသော ဂါရဝစိတ်ဓာတ်ဖြင့် မည်သူမျှ မတားမိ၊ မဆီးမိကြချေ။ သို့နှင့် နိဂြောဓရုံကျောင်းတော်သို့ ရောက်ရှိလာပေပြီ။

"သာရိပုတ္တရာ"

ကျိန်းစက်ရာ ကျောင်းအတွင်းသို့ ဝင်ခါနီးတွင် ဘုရားရှင်က ခေါ်တော်မူလိုက်၏။

"အရှင်ဘုရား"

ရိုသေစွာပြန်ထူးလျက် အရှင်မဟာသာရိပုတ္တရာ ရှေ့တော်မှောက်ရောက်လာပေသည်။

"ဤကလေးသည် ဖခင်၏ အမွေကို တောင်းနေ၏။ သူတောင်းသည့်အတိုင်း ဖခင်၏ အမွေကို ရနိုင်စေရန် သူ့ကို ရှင်ပြုပေးလိုက်ပါ"

သားတော်ရာဟုလာကို အရှင်သာရိပုတ္တရာလက်သို့ လွှဲအပ်လိုက်ပေသည်။ ဝဋ်သုံးပါးသို့အစဉ်ကပ်လျက် ဆင်းရဲခြင်း၊ ပင်ပန်းခြင်းနှင့်တကွဖြစ်သော လောကီအမွေကို ခမည်းတော်က မပေးလို။ ဝဋ်မှ လွတ်မြောက်၍ ချမ်းသာသုခ အစစ်အမှန်ဖြစ်သော လောကုတ္တရာ အမွေတော်ကြီးကို ပေးတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ သားတစ်ယောက်၏ အပေါ်တွင် ယခုထက်ပို၍ ချစ်သော ဖခင်ဟူ၍ ရှိနိုင်ပါဦးမည်လား။

အရှင်မဟာသာရိပုတ္တရာသည် ဘုရားရှင်၏ နောက်တော်ပါးဝယ် ခိုကပ်နေသော ရာဟုလာကို မိမိဆီသို့ ခေါ်ယူလိုက်၏။ ဆံပင်များ ရိတ်ပယ်ရန် ရေကန်ဆီသို့ သွားမည်အပြုတွင် တစ်စုံတစ်ခုကို သတိရ၍–

"အရှင်ဘုရား၊ ရာဟုလာကို မည်သို့ ရှင်ပြုပေးရပါအံ့နည်း"

ဘုရားရှင်ထံ မေးလျှောက်ရ၏။ ဗာရာဏသီ အနီးတစ်ဝိုက်မှာတုန်းက သရဏဂုံသုံးပါးဖြင့်ပင် ရှင်ပြုပေးရန် ခွင့်ပြုတော်မူခဲ့၏။ နောက် ရာဓ ပုဏ္ဏားဖြစ်ခဲ့ရာ ရဟန်းခံကိစ္စတွင် သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးခြင်းကို ပယ်နှုတ်တော်မူကာ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ပညတ်တော်မူခဲ့၏။ ရှင်ပြုကိစ္စကိုကား သရဏဂုံသုံးပါးဖြင့်ပင် ဆက်လက်ပြုလုပ်ရမည်ဟု ပညတ်ချက် ထုတ်တော်မမူသေးပေ။ သို့ဖြစ်၍ သရဏဂုံ သုံးပါးဖြင့် ရှင်ပြုပေးရန် သင့်သလော။ မသင့်သလောဟု နောင်လာနောက်သားတို့ တွေးတောယုံမှားဖွယ်ရာ ရှိနေပေသည်။ အရှင်မဟာ

http://www.dhammadownload.com

သာရိပုတ္တရာ၏ မေးလျှောက်မှုမှာ ဤသို့သော အနာဂတ်အရေးကို မျှော်တွေးမိ၍ ဖြစ်ပေသည်။

"ရဟန်းတို့၊ သုံးပါးသော သရဏဂုံတို့ဖြင့် ရှင်ပြုပေးရန် ငါ ဘုရားခွင့်ပြုတော်မူ၏"

အရှင်မဟာသာရိပုတ္တရာ မေးလျှောက်သော ပြဿနာကို ဖြေဆိုတော်မူရာတွင် ရဟန်းအားလုံးနှင့် ပတ်သက်နေသဖြင့် 'ရဟန်းတို့' ဟု ခေါ်တော်မူလိုက်ရပေသည်။

ဘုရားရှင်၏ အမိန့်တော်ကို နာခံပြီးနောက် အရှင်မဟာ သာရိပုတ္တရာသည် ရေတွင်းဆိပ်သို့ လျှောက်လာ၏။ ရာဟုလာ၏ ရှင်ပြုပွဲမှာ လောကီဘက်က ပကာသနကိစ္စများ လုံးဝမပါ။ ဗျာမပါ၊ စည်မပါ။ ဆင်တွေ မြင်းတွေ ဝေါတွေမပါ။ သားချင်း ဆွေမျိုးတစ်ယောက်မျှပင် မပါ။ သို့ရာတွင် သာသနာတော်ဝယ် နေလိုလလို ထင်ရှားတော်မူကြသော မထေရ်ကြီးများ၏ တညီတညွတ်တည်း ဝိုင်းဝန်းချီးမြှောက်မှုကိုကား ခံယူရပေသည်။

အရှင်မဟာ မောဂ္ဂလာန်သည် မောင်ရင်လောင်း ရာဟုလာကို ခေါင်းရိတ်ပေး၏။ သင်္ကန်းများ ဝတ်ဆင်ပေး၏။ သရဏဂုံသုံးပါးကို ဌာန်ကရိဏ်းကျနစွာ ချ၍ ပေး၏။ ရာဟုလာကလည်း ပီပီသသ လိုက်ဆိုသဖြင့် ရှင်သာမဏေဘဝသို့ ချောမောစွာ ရောက်ရှိကာ အရှင်မဟာကဿပထံတော်တွင် အဆုံးအမများခံယူရပေသည်။ အရှင်သာရိပုတ္တရာကား ရှင်ရာဟုလာ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပေသည်။ အပြစ်ကြီး အပြစ်ငယ်ကို ကပ်ရှကာ အပြစ်အနာ ကင်းစေကြောင်းဖြင့် ကောင်းမွန်စွာ ဆုံးမတတ်သူ ဖြစ်ပေသည်။

မကြုံစဖူး ထူးမြတ်လှသော အခမ်းအနားဖြင့် ရှင်ပြုပွဲကြီး ပြီးစီးချိန်တွင်မှ ဘိုးတော် သုဒ္ဓေါဒန မဟာရာဇာ ရောက်လာ၏။ မသွက်လက်သောခြေလှမ်း၊ မရွှင်ပျသော မျက်နှာတို့ဖြင့် ဘုရားရှင်ထံတော်သို့ တန်းတန်းမတ်မတ် ဝင်၍ သွား၏။ သူလာမည်ကို ကြိုတင်၍ သိထားပြီးသော မြတ်စွာဘုရားက တံခါးများ အရုန်သင့် ဖွင့်ပေးထားပေသည်။

သုဒ္ဓေါဒန မဟာရာဇာသည် သားတော်မြတ်ကို ရိုသေစွာ ရှိခိုးဦးချပြီးလျှင်

"အရှင်ဘုရား၊ တပည့်တော် ဆုတစ်ဆု တောင်းပါရစေ"ဟု လျှောက်၏။

"မင်းကြီး၊ ဘုရားရှင်တို့မည်သည် ဆုပေးခြင်းမှ လွန်မြောက်ကြကုန်၏"

ဘုရားရှင်နှင့်တကွသော ရဟန်းတို့မှာ မိမိ၏ တစ်ဝမ်းတစ်ခါးအတွက်ပင် သူတစ်ပါးအိမ်ပေါက်သို့ သွား၍ ရပ်ကြရ၏။ ထို့ကြောင့် မိမိမှာ ပေးစရာဆုမရှိပါကြောင်း ခမည်းတော်ကြီးအား မိန့်တော်မူလိုက်ရပေသည်။

"အရှင်ဘုရား၊ အပ်စပ်သောဆု၊ အပြစ်ကင်းစင်သောဆုများကိုတောင်းခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ခမည်းတော်ကြီးကလည်း ပစ္စည်းဥစ္စာ ရတနာရွှေငွေစသော ဆုမျှားမဟုတ်ပါကြောင်း ပြန်လည်လျှောက်ထားလေရာ–

"မင်းကြီး၊ လိုအပ်သောဆုကို ဆိုလော့"ဟု ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့်–

"အရှင်ဘုရား၊ အရှင်ဘုရား တောထွက်ကာ ရဟန်းပြုတော်မူသဖြင့် တပည့်တော်မှာ ဆင်းရဲကြီးစွာ ခံစားခဲ့ရပါသည်။ သားတော်နန္ဒ ရဟန်းပြုတော့လည်း ထို့အတူသာ ဖြစ်ပါသည်။ ယခု မြေးတော်ရာဟုလာ ရှင်ပြုသည့်အခါတွင်ကား ပို၍ စိတ်ဆင်းရဲရပါသေးသည်။

"အရှင်ဘုရား၊ သားကိုချစ်သည့် အချစ်သည် အရေအထူအပါး အသားတွေကိုပါ ဖောက်ထွင်း၍ ရိုးတွင်းချဉ်ဆီအထိ ပေါက်ရောက်ပါသည်။ မိဘများ ခွင့်မပြုသောသားကို ရှင်ရဟန်းပြုပေးတော်မမူပါရန် တောင်းပန်ပါသည် ဘုရား"

တရားသိမြင်ထားသူဖြစ်ပါလျက် သည်ဘိုးအေကြီး သည်းလွန်းရန်ကောဟု ထင်စရာရှိပါသည်။ သို့သော် သူ့ဘက်ကကြည့်ပြန်တော့လည်း အပြစ်မတင်သာပေ။ ရတနာသုံးပါးကို သက်ဝင်ကြည်ညိုပြီးဖြစ်သော မိမိလို ပုဂ္ဂိုလ်မှာပင် သားများမြေးများနှင့် ကွေကွင်းလိုက်ရသည့်အခါ သည်းမခံနိုင်အောင် ဖြစ်ရသေး၏။ ရတနာသုံးပါး မကြည်ညိုသေးသူများအတွက်မူကား ဆိုစရာ မရှိပြီ။ ဤသို့သော ကိုယ်ချင်းစာနာစိတ်ဖြင့် သားရှင် မြေးရှင်များအတွက် ဆုတောင်းရခြင်းသာ ဖြစ်ပေသည်။

ခမည်းတော်ကြီး လျှောက်တင်ချက်မှာ ရေရှည်အကျိုးစီးပွားအတွက် ဖြစ်သည့်ပြင် အလိုအပ်ဆုံး၊ အရင်းချာဆုံး ဆွေမျိုးနှစ်ယောက်ကိုလည်း သိမ်းသွင်းပြီးပြီမို့ ဘုရားရှင်က လိုက်လျော၍ ပေးတော်မူလိုက်ပေသည်။

"ရဟန်းတို့၊ အမိအဖတို့က ခွင့်မပြုသော သားကို ရှင်မပြုပေးအပ်၊ ရှင်ပြုပေးသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"

ချက်ချင်းပင် ပညတ်ချက်တစ်ခု ထုတ်ဆင့်တော်မူရပေသည်။ သာသနာတော်ကြီး တည်နေသည်နှင့်အမျှ သည်ပညတ်ချက်နှင့် သည်အမည်များကို အတူတွဲလျက် ကြားနာနေကြရပေမည်တည်း။

(အပဒါန် အဋ္ဌကထာ၊ သန္တိကေနိဒါန်း၊ ဝိနည်းမဟာဝဂ်၊
မဟာခန္ဓက၊ သာရိပုတ္တမောဂ္ဂလာနဝတ္ထု၊
ရာဟုလာဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာ)

ဆတ္တာသည်နှင့် မင်းညီမင်းသားများ

ကျွန်ုပ် အာနန္ဒာတည်းဟူသော အရိပ်၏ မူလဘူတဖြစ်၍ မနှိုင်းယှဉ်အပ်သော အရပ်တော်၏ အကြောင်းကို တော်တော်တင်ပြ၍ ပြီးခဲ့ပါပြီ။ သာသနာတော်ကြီးမှာလည်း အရှိန်အဝါရလာပြီမို့ တစ်နေ့ထက် တစ်နေ့ တရိပ်ရိပ် တိုးတက်လျက်

http://www.dhammadownload.com

ရှိနေပါပြီ။ သို့ရာတွင်ထိုသို့ တိုးတက်လာသည့်အထဲ၌ ကျွန်ုပ်မပါခဲ့သေးပါ။ ယခုအချိန်အထိ ကျွန်ုပ် သာသနာ့ဘောင် မဝင်ရသေးပါ။ ထို့ကြောင့် ဇာတ်ကွက်လည်ရုံမျှ တင်ပြလာခဲ့သော အကြောင်းခြင်းရာများမှာ သုတတစ်ဝက်၊ ဒိဋ္ဌတစ်ဝက်ဟု ဆိုရပါတော့မည်။ သည်ကရှေ့မှာမူ ကျွန်ုပ်ကိုယ်တိုင် နောင်တော့်ထံပါးသို့ လိုက်ပါတော့မည်ဖြစ်၍ ဒိဋ္ဌကြောင်းခြင်းရာများကို အဓိကဦးစားပေး၍ တင်ပြနိုင်ပါတော့မည်။ သာသနာ့ဘောင်အတွင်း၌ ကျွန်ုပ် တွေ့ကြုံ ခံစားရလေသမျှကို ကြားနာကြရပါတော့မည်။

ရာဇဂြိဟ်မှာကြုံခဲ့ရသောအရေးအခင်းများကိုအကြောင်းပြု၍ ညီတော်နှင့် သားတော်တို့ကို သာသနာ့ဘောင်သို့ မရောက်ရောက်အောင် ခေါ်ဆောင်တော်မူ၏။ ဘဝတစ်သက်တာအတွက် သူတို့ တူဝရီးနှစ်ဦးတို့၏ မျှော်လင့်ချက်ဟူသမျှကို ချေမှုန်းဖျက်ဆီးကာ သာသနာတော်ကြီး၏ အရေးကိုသာ အလေးပြုတော်မူခဲ့၏။ ညီတော်အရင်းအချာ၊ သားတော်အရင်းအချာဖြစ်၍လည်း ထိုကဲ့သို့ တစ်ဖက်သတ်သဘောဖြင့် ပိုင်စိုးပိုင်နင်း စီမံတော်မူလိုက်ဟန် ရှိပါသည်။

အရင်းအချာမဟုတ် တစ်ဝမ်းကွဲမျှသာဖြစ်သော ကျွန်ုပ်တို့တစ်တွေကိုကား ဤကဲ့သို့ တမင်တကာ သိမ်းသွင်းတော်မမူခဲ့ပါ။ မိမိတို့ ဘဝတစ်သက်တာအရေးကို မိမိဘာသာဆုံးဖြတ်ရန် ခွင့်ပြုသည့်သဘောဖြင့် ကပိလဝတ်မြို့တော်မှ ထွက်ခွာတော်မူခဲ့၏။

နောင်တော်ကြီး၏ အရှိန်အဝါဖြင့် သိမ်းသွင်းခြင်းမခံရသော်လည်း ကျွန်ုပ်တို့တစ်တွေ ရပ်တည်၍ မနေနိုင်တော့ပါ။ ဘဝတစ်သက်တာ မျှော်လင့်ချက် တသိတတန်းကြီးကို စွန့်လွှတ်ကာ ရဟန်းဘောင်သို့ ဝင်သွားခဲ့ကြသော သက္ကျ မင်းညီမင်းသားများ နောက်သို့ ကျွန်ုပ်တို့ မလိုက်ဘဲ မနေနိုင်ကြတော့ပါ။ သူတို့တစ်တွေ ရဟန်းပြုစဉ်က ကျွန်ုပ်တို့ကို အဖော်မညှိခဲ့ကြပေ။ သို့သော် တိကျပြတ်သားလှသော နောင်တော် ညီတော်များ၏ စံနမူနာများက ကျွန်ုပ်တို့အား လိုက်ခဲ့ပါခေါ်သည်ထက် ဆွဲငင်အား ကောင်း၍ နေပေသည်။ အဖော်မညှိရဲဘဲ အတူလိုက်လာအောင် ဆွဲဆောင်၍ နေကြပေတော့သည်။

ကပိလဝတ်မြို့တော်တွင် ဘုရားရှင် ရှိတော်မူစဉ်က ဇဝေဇဝါ မရေမရာဖြစ်နေကြရသော ကျွန်ုပ်တို့သည် ဘုရားရှင်နှင့်တကွ တပည့်ဟောင်း တပည့်သစ် ရဟန်းများ ကြွသွားကြခါမှ စိတ်နှလုံး တုံးတုံးချမိကြတော့သည်။ ဘုရားရှင် ရှိတော်မူရာ မလွှတိုင်း၊ အနုပိယမြို့ဆီသို့ ထွက်ခွာလာခဲ့ကြ၏။ ကျွန်ုပ်တို့ ရဟန်းလောင်းများအဖွဲ့တွင် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်ဟူ၍ သက္ကျ မင်းညီမင်းသားခြောက်ယောက်ပါဝင်ကြ၏။ ဥပါလိ ဆတ္တာသည်ကား ကျွန်ုပ်တို့ လက်သုံးတော်အဖြစ် လိုက်ပါလာခဲ့ရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

ညီတော်နန္ဒနှင့် သားတော်ရာဟုလာကလွဲလျှင် ကျွန်ုပ်တို့သည် ဘုရားရှင်နှင့် အနီးစပ်ဆုံး ဆွေမျိုးများဖြစ်ကြပါ၏။ ကျွန်ုပ်အနေနှင့်ဆိုလျှင် ဟိုယခင် လူ့ဘဝတုန်းကပင် နောင်တော်ရင်းချာကဲ့သို့ ချစ်ကြောက်ရိုသေခဲ့ရ၏။ လူတွင်ထင်ရှား ဘုရားဟူ၍ ဖြစ်တော်မူလာခဲ့သော ယခုအချိန်မှာကား အချစ်အပေါ်တွင် အားရကြည်ညိုနှစ်လိုဝမ်းမြောက်မှုများ ပွားစီး၍ လာခဲ့ရပေသည်။

သာသနာ့အဖွဲ့အစည်းကြီးတစ်ခုကို အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်၍ တရားစည်မောင်းရိုက်ညောင်းကြွေးကြော်တော်မူလျက်ရှိသော နောင်တော်ကြီးအတွက် အားရ ကြည်ညိုခြင်းက တစ်ဌာန။ နှစ်လိုဝမ်းမြောက်တာက တစ်ဘာသာ။ ထို စေတသိက်တို့ နောက်ကွယ်တွင် အခြားတစ်ဖက်မှ မရုန်းနိုင်၊ မခွာနိုင်အောင် ဆွဲဆောင်၍နေကြသော အရာများက ရှိပေသေးသည်။ ထိုအရာများကား ကျူးရုံသဖွယ် အချင်းချင်းယှက်နွယ်၍ နေခဲ့ကြသော သားချင်းဆွေမျိုးများ၊ စည်းစိမ်ဥစ္စာနှင့် တန်ခိုးအာဏာများ ဖြစ်ကြ၏။ အခြားသော သက္ကမင်းညီမင်းသားများထက် သာသနာ့ဘောင် အရောက်နောက်ကျ နေကြရခြင်း အကြောင်းကို ရိုးသားစွာ တင်ပြရသော် ထိုမင်းညီမင်းသားများထက် ကျွန်ုပ်ကို့တစ်တွေက အစစအရာရာ သာလွန်နေ၍သာ ဖြစ်ပေသည်။

ဤနေရာတွင် တစ်စုံတစ်ယောက်က စောဒကလုပ်၍ ဝင်လာစရာရှိပါ၏။ သူများထက်သာသော ဆွေမျိုးဉာတကာ၊ အာဏာစည်းစိမ်တို့ကြောင့် ရဟန်းအပြု နောက်ကျသည်ဆိုလျှင် သင်တို့နောင်တော် သိဒ္ဓတ္ထမင်းသားအတွက် မည်သို့ဆိုမည်နည်းဟု မေးစရာရှိပါ၏။ နောင်တော်ဘုရား၏ စိတ်ဓာတ်နှင့် ကျွန်ုပ်၏ ဝါသနာတူညီစွာ မရှိခဲ့ကြောင်း တင်ပြခဲ့ပုံကို သတိရလျှင် ဤမေးခွန်းအတွက် အဖြေရပြီးဖြစ်ပါလိမ့်မည်။

နောင်တော်ဘုရားလောက် ခိုင်မာခြင်း ထက်မြက်ခြင်းမရှိသော ကျွန်ုပ်တို့၏ စိတ်ဓာတ်အင်အားဖြင့် တိုင်းတာရပါသော် ကျွန်ုပ်တို့ စွန့်ခွာလာခဲ့ရသော ဆွေမျိုးဉာတကာ၊ အာဏာစည်းစိမ်တို့မှာ နည်းနည်းနောနော မဟုတ်ပါ။ အနုရုဒ္ဓါဆိုလျှင် ခမည်းတော်၊ မယ်တော်များနှင့်တကွ နောင်တော်ကြီး မဟာနာမ်ကပါ ဖူးဖူးမွှတ်ထားရသူဖြစ်၏။ သားထွေး တစ်ယောက်အပေါ် မရှိဟူသောစကား မကြားရလောက်အောင်ပင် အလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြရ၏။ ဘဒ္ဒိယကား ကျွန်ုပ်တို့ တစ်မျိုးသားလုံး၏ အရေးကိစ္စကို စီမံပိုင်ခွင့် ရှိနေပြီမို့ ရာဇာဟုပင် ခေါ်နေကြရပါပြီ။

နောင်တော်ဘုရား ဖွားမြင်တော်မူစဉ်ကပင် အရွယ်တော်သီသီဟိုင်း၍ နေခဲ့သော ခမည်းတော်ကြီးမှာ ယခုသော် ရှစ်ဆယ်ကျော်ကိုးဆယ်တွင်းမို့ အိုမင်းမစွမ်းဖြစ်နေပါပြီ။ ထို့ကြောင့် တိုင်ရေးပြည်ရာ ကိစ္စများကို ကိုယ်ဘိုင် စီမံခန့်ခွဲ၍ မနေတော့ဘဲ တူတော်တစ်ဦးဖြစ်သူ ဘဒ္ဒိယထံ လွှဲအပ်ထားရ၏။ ဘဒ္ဒိယကား

http://www.dhammadownload.com

သုဒ္ဓါဒန မဟာရာဇာကို တာဝန်ခံ၍ အုပ်ချုပ်စီမံရသော ရာဇာတစ်ဦးပင် ဖြစ်ပေသည်။

ခိုင်မာသော ဆုံးဖြတ်ချက်ကိုယ်စီဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အာဏာပိုင်စိုးရာ နယ်နိမိတ်ကို ဖြတ်ကျော်လာခဲ့ကြ၏။ မလွှာမင်းတို့၏ နယ်နိမိတ်အပေါ် ခြေချမိကြ၏။ ဤတွင် ကျွန်ုပ်တို့ ဝတ်ဆင်လာခဲ့သော အဖိုးထိုက် အဖိုးတန် လက်ဝတ်တန်ဆာများကို ချွတ်ပြီးလျှင် တဘက်တစ်ထည်တည်း၌စုကာ ထည့်လျက် ဆတ္တာသည် ဥပါလိထံ ကမ်းလှင့်လိုက်၏။

"ပြန်ပေတော့ ဥပါလိ။ သည်နေရာက ကိုယ့်ရုပ်ကိုယ့်ရွာ ပြန်သွားပေတော့။ သည်ဥစ္စာများဖြင့် အသက်မွေးလောက်ပါပြီ"

မင်းညီမင်းသားများ အဖြစ်ဖြင့် ပြုစုလုပ်ကျွေးရမည့် အစေအပါးတွေ မလိုတော့ပြီမို့ ဆတ္တာသည် ဥပါလိကို ပြန်လွှတ်လိုက်ကြ၏။

အရှင်သခင်များက လွှတ်လပ်ခွင့်ပေးလိုက်သဖြင့် ဥပါလိသည် ဘဏ္ဍာထုပ်ကို ထမ်းကာ လာလမ်းအတိုင်း ပြန်၍ သွား၏။ သို့သော် မကြာမီမှာပင် ကျွန်ုပ်တို့ နောက်သို့ အမောတကော လိုက်၍လာပေသည်။

"အသို့နည်း ဥပါလိ။ အဘယ့်ကြောင့် အမောတကော ပြန်လိုက်လာရဘိသနည်း"

ကျွန်ုပ်တို့က ခရီးရောက်မဆိုက် မေးလိုက်ကြရ၏။

"အရှင့်သားတို့၊ အရှင့်သားတို့၏ သကျမျိုးနွယ်ထဲမှာ စိတ်ကြမ်းကိုယ်ကြမ်း ပုဂ္ဂိုလ်များ ရှိကြပါသည်။ အရှင့်သားတို့မပါဘဲ ကျွန်ုပ်တစ်ယောက်တည်း သည် ဘဏ္ဍာထုပ်ကြီးနှင့် ပြန်သွားလျှင် သူတို့က ချမ်းသာပေးမည် မဟုတ်ပါ။ ဒီဥစ္စာ ဘဏ္ဍာများ ရရှိရေးအတွက် မင်းသားများကို တိုင်းပြည်က ထွက်ခွာအောင် သွေးဆောင်ဖြားယောင်းသည်ဟု ဆိုကြပါလိမ့်မည်။ သူတို့ စိတ်မထင်လျှင် သက်ဦးဆံပိုင် အရှင်သခင်များမို့ သတ်၍ပင် ပစ်ကြပါလိမ့်မည်"

အဆင့်အတန်းခွဲခြားသော ဤလူ့ဘောင်တွင် အစေအပါးတစ်ယောက်ဖြစ်နေခဲ့ရသော ဥပါလိသည် စဉ်းစားဉာဏ်အရာတွင်ကား ကျွန်ုပ်တို့ အရှင်သခင်များထက် မနိမ့်ကျပါချေ။ နောက်နောင်တွင် ကျွန်ုပ်ထက် သာသွားပုံများကိုပင် ကြားနာကြရပါဦးမည်။

"ကောင်းပြီ ဥပါလိ။ သူတို့ဆီ မပြန်လိုလျှင် ငါတို့နှင့်အတူ လိုက်ခဲ့ပေတော့။ ငါ၏ မိတ်ဆွေရင်းချာ ရာဇမင်းထံ အပ်နှံပေးပါမည်"

ကျွန်ုပ်က ဥပါလိကို ဖျောင်းဖျစကား ဆိုလိုက်ရ၏။ နှစ်ပေါင်းမြောက်မြားစွာ ပြုစုလုပ်ကျွေးလာခဲ့သူ တစ်ဦးမို့ စိတ်ချလက်ချ ခိုလှုံရမည့် နေရာတစ်ခုကို ရစေလိုသော စေတနာအရ ဖြစ်ပေသည်။ သို့သော် ဥပါလိက ကျွန်ုပ်၏ စေတနာကို လက်မခံပါချေ။

http://www.dhammadownload.com

"အရှင်သား တို့ကဲ့သို့ ဆွေမျိုးညာတကာ၊ အာဏာစည်းစိမ်၊ ဂုဏ်သိမ်မြင့်မှား သည့် ပုဂ္ဂိုလ်များသော်မှ ရဟန်းပြုနိုင်ကြပေသေးသည်။ ကျွန်ုပ်လို အစေအပါးက ဘာများ တွယ်တာနေစရာ ရှိပါသေးသနည်း။ သည်တော့ သည်ဘဏ္ဍာထုပ်ကို ဟောသည်သစ်ကိုင်းမှာ ချိတ်ထားလိုက်ပါပြီ။ မြင်သောသူ ယူသွားပါစေတော့။ ကျွန်ုပ်လည်း အရှင်မင်းသား တို့နှင့်အတူ ရဟန်းပြုပါတော့မည်။

"ကောင်းလေစွ ဥပါလိ၊ ကောင်းလေစွ"

လာခြင်းကောင်းသော ဥပါလိနှင့်အတူတကွ ကျွန်ုပ်တို့ခုနစ်ယောက်ဘုရားရှင် ရှေ့တော်မှောက် ဆိုက်ရောက်လာခဲ့ကြ၏။ ရဟန်းဘဝခံယူရန် ပန်ကြားကြရ၏။

"အရှင်ဘုရား တပည့်တော်တို့ သက္ကမျိုးနွယ်များသည် မာန်မာနခက်ထန် သူများဖြစ်ကြပါသည်။ သို့ဖြစ်၍ တပည့်တော်တို့ကို နှစ်ပေါင်းများစွာ ပြုစုလာခဲ့သော ဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ တပည့်တော်တို့သည် သူ၏ နောက်မှ ရဟန်းပြု၍ သူ့ကိုဦးညွှတ်ကြပါမည်။ ခရီးဦးကြိုဆိုကြပါမည်။ လက်အုပ်ချီမိုး ရှိခိုးကြပါမည်။ ရိုရိုသေသေ ဆက်ဆံပြုမူကြပါမည်။ ဤသို့အားဖြင့် တပည့်တော်တို့ သက္ကမျိုးနွယ်တို့၏ မာန်မာနအစိုင်အခဲများ ပျက်ပြယ်သွားစရာရှိပါသည် ဘုရား"

ကောင်းမြတ်သော ဂုဏ်ရွယ်ချက်၊ ကောင်းမြတ်သော အစီအစဉ်ဖြင့် ကျွန်ုပ်တို့ တစ်တွေ ရဟန်းဘောင် ဝင်ရောက်ခဲ့ကြပေသည်။

(စူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက)

ကျွန်ုပ်၏ အကျွတ်တရား

လူ့ဘောင်လောကမှာရှိကြစဉ်က နောင်တော်ဘုရားနှင့် ကျွန်ုပ်တို့နှစ်ဦး အကျွမ်းတဝင် ခင်မင်ခဲ့ကြပုံကို စောစောက တင်ပြခဲ့ပြီး ဖြစ်၏။ ယခု ကျွန်ုပ် ကိုယ်တိုင် ရဟန်းတစ်ပါးအဖြစ်ဖြင့် ဝင်ရောက်လာခဲ့ပေပြီ။ ဘဝချင်းခြားနေစဉ်က ခပ်ကွာကွာဖြစ်နေခဲ့ရသော ကျွန်ုပ်တို့ ညီတော်နောင်တော်နှစ်ပါး ဘဝချင်းတူ၍ လာခဲ့ကြပေပြီ။ သည်တော့ ဟိုယခင် လူ့ဘဝက အစပြုလာခဲ့သော အကျွမ်းတဝင် ဆက်ဆံမှုများက ပြန်လည်၍ အသက်ဝင်လာကြပေတော့သည်။

အကျွမ်းတဝင်ဆိုရာ၌ အမှန်စင်စစ် ကျွန်ုပ်ဘက်က ဆက်ဆံမှုများကိုသာ ဆိုလိုပါသည်။ ကျောက်စာတိုင်ကဲ့သို့ ခိုင်မာတည့်မတ်သော စိတ်ဓာတ်အရှင်ကတော့ တပည့်သာဝကအားလုံးကို ဗြဟ္မစိုရ်လေးပါးဘောင်အတွင်းက ချစ်ခင်ကြင်နာ မုဒိတာ ပွားတော်မူသည်သာ ဖြစ်ပါ၏။ တရားသဘောဖြင့် ရှုမြင်သုံးသပ်တော်မူ သည်သာ ဖြစ်ပါ၏။ တစ်ခုတော့ ဆိုစရာရှိပါ၏။ ကျွန်ုပ်ကိုယ်တိုင်က ကိုယ်ရေး ကိုယ်တာကို မငဲ့ကွက်ဘဲ နောင်တော်ဘုရားအပေါ်မှာ အားလုံးကုန်စုပုံ၍ ထားခဲ့သော မေတ္တာစေတနာ အထုအထည်ဖြင့် မကွေမကွာ ပြုစုလုပ်ကျွေး၍ လာခဲ့သောအခါ

http://www.dhammadownload.com

ရှင်တော်မြတ်ဘုရားကလည်း ကျွန်ုပ်တို့အပေါ် ပြန်လည် ငဲ့ညှာမှုများ ပြုတော်မူလာရပေသည်။ ဤသို့ ငဲ့ညှာမှုကို အခွင့်အရေးယူကာ ဘုရားရှင်ကိုယ်တော်တိုင် ပိတ်ထားခဲ့သော တံခါးတစ်ရွက်ကို ကျွန်ုပ် ဖွတ်တရွတ် ဖွင့်ယူခဲ့ဖူးပါ၏။ ဤအကြောင်းကို သက်ဆိုင်ရာ အခန်းကျမှ အကျယ်တဝင့် တင်ပြပါမည်။

ဤကဲ့သို့ လူ့ဘဝက အစပြုလာခဲ့သော ခင်မင်မှုဖြင့် ဘုရားရှင်နှင့် အကျွမ်းတဝင် ဆက်ဆံခဲ့ရာတွင် သင့်တင့်လျောက်ပတ်သော စကားများပါသကဲ့သို့ တစ်ခါတစ်ရံ မသင့်လျော်သော စကားများလည်းပါခဲ့ပေသည်။ သတိရွတ်ချော်၍ မသင့်မတော် တင်လျောက်မိသော စကားတစ်ခွန်းကို ယခု တင်ပြလိုပါသည်။

ကျွန်ုပ်တို့ မွေးမိဘနယ်ပယ်ဖြစ်သော သက္ကတိုင်း နဂရက အမည်ရသော ရွာကြီးမှာ ဆိုက်ရောက်တော်မူစဉ်က ဖြစ်၏။

"အရှင်ဘုရား၊ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းခြင်းသည် သာသနာတော်ကြီး၏ တစ်ဝက်ခရီး ဖြစ်ပါသည် ဘုရား"

သူတော်ကောင်းနှင့် ပေါင်းမိကာ သာသနာတော်တွင်းသို့ ဝင်ရောက်လာပြီး နောက် မဂ်တရား ဖိုလ်တရား မရသေးသော်ငြားလည်း ကိုယ်အမှုအရာ နှုတ်အမှုအရာ တည်ငြိမ်၍ ကျက်သရေရရ နေနိုင်လာကြသော ရဟန်းများကို အကြောင်းပြု၍ လျှောက်ထားမိခြင်း ဖြစ်ပေသည်။ အမှန်အားဖြင့် ကျွန်ုပ်သည် တစ်ဝက်ဟူ၍ မဆို ထိုက်သော အရာတွင် ဆိုလိုက်မိခြင်း ဖြစ်၏။ ထို့ကြောင့်ပင်-

"အာနန္ဒာ၊ ဤသို့မဆိုလင့်၊ အာနန္ဒာ၊ ဤသို့မဆိုလင့်"

ကျွန်ုပ်၏ စကားကို ဘုရားရှင်က ချက်ချင်း တားမြစ်တော်မူကာ ဆက်လက်၍-

"မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် သာသနာ့ခရီး တစ်လျှောက်၌ အပြီးတိုင် အဆုံးတိုင်ရောက်ခြင်းသာဖြစ်ပေသည်။ သူတော်ကောင်းနှင့် ပေါင်းသင်းမိသော ရဟန်းသည်သာလျှင် မဂ္ဂင်ရှစ်ပါးကို ပွားများနိုင်ပေလိမ့်မည်။ ငါ ဘုရားတည်းဟူသော မိတ်ဆွေကောင်းကို ပေါင်းသင်းမိခြင်းအားဖြင့် သတ္တဝါ အနန္တ သာဝကတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့ကြရပေသည်"

(သဂါထာဝဂ်၊ ကောသလသံယုတ်၊ ကလျာဏမိတ္တသုတ်)

ဤစကားများကို မိန့်ကြားတော်မူစဉ်က ဘုရားရှင်၏ လေသံမှာသာယာညင်းပျောင်းစွာပင် ဖြစ်၏။ ဘုရားရှင်၏ ဟန်ပန်ကလည်း ခါတိုင်းလိုပင် တည်ငြိမ်အေးဆေးစွာပင် ဖြစ်၏။ မျက်နှာတော် ငွေလဝန်းမှာလည်း တင်းမာခက်ထန်သည့် အမှုအရာ လုံးဝမရှိ။ အသိဉာဏ် အဆင့်မမီနိုင်သေးသည့် ညီငယ်

http://www.dhammadownload.com

ကို မျက်တောင်စင်းစင်းဖြင့် ကြည့်ရှုကာ ကရဏာ အင်္ဂေ့အသက်များကိုသာ ထုတ်လွှင့်၍ နေတော်မူပေသည်။

သို့ရာတွင် နောင်တော်ဘုရား၏ ကရဏာမျက်လုံးများသည် ကျွန်ုပ်အဖို့ ရွက်အားပိုစေရန်သာ ဖြစ်ဘိ၏။ တည်ငြိမ်အေးဆေးသော ကျွန်ုတော်ကလည်း ကျွန်ုပ်၏ အားငယ်စိတ်ကို ငယ်သည်ထက် ငယ်သွားအောင် ဖိနှိပ်၍သာနေဘိ၏။ သာယာညင်းပျောင်းသော လေသံကလည်း ကျွန်ုပ်၏ စိတ်နှလုံးကိုအားကုန်ဆွဲရမ်း၍ လှုပ်ခါလိုက်ခြင်းသာ ဖြစ်ဘိ၏။

ကြီးမြတ်သော ကရဏာရှင်က တရားသဖြင့် သင့်တင့်လျောက်ပတ်စွာ မိန့်ကြားတော်မူခဲ့သော ဤစကားဖြင့် ကျွန်ုပ် အဘယ်ကြောင့် တုန်လှုပ်ခဲ့ရပါသနည်း။ ထိုစဉ်တုန်းက ကျွန်ုပ်သည် ဘုရားရှင်တည်းဟူသော သူတော်ကောင်းနှင့် ပေါင်းသင်းကာ သာသနာတော်တွင်းသို့ ဝင်ရောက်လာခဲ့သော်လည်း မဂ္ဂင်ရှစ်ပါးကို မပွားနိုင်သေးသောကြောင့် ဖြစ်ပါ၏။ အိုနာသေရေး ဒုက္ခဘေးတို့မှလွတ်မြောက်ရာ တရားကို မရနိုင်သေးသောကြောင့် ဖြစ်ပါ၏။

သာသနာ့အရေတော်ကို ခြိုထားပါလျက် သာသနာ့ အရသာကို မမြည်းမစမ်း ရသေးသော ကျွန်ုပ်သည် ကိုယ့်စကားနှင့်ကိုယ် ရွက်အားပိုကာ ရှေ့တော်မှောက်မှ ထွက်ခွာလာခဲ့ရပါ၏။

ကိုယ့်ဘာသာကိုယ် အရွက်စိတ်မွန်၍ ထွက်လာခဲ့တာတော့ ဟုတ်ပါပြီ။ ထွက်လာပြီးတော့ ဘယ်ကိုသွားမည်နည်း။ ဘယ်တော ဘယ်တောင်၊ ဘယ် လိုဏ်ချောင်ကို သွား၍ တရားအားထုတ်ရပါမည်နည်း။ နောင်တော်ဘုရားအပေါ် ချစ်ခင်သောစိတ်နှင့်တကွ အများတကာ့ကို အားကျ၍သာ ရဟန်းဝတ်၍ လာခဲ့သည်။ မိမိမှာ ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လက်ဆုပ်လက်ကိုင်ပြုစရာ ဘာမှ မရှိသေး။ စောစောက စကားစပ်ဖြင့် ဟောကြားတော်မူလိုက်သော တရားများမှာလည်း မိမိနှင့် ဘာမှ မဆိုင်သလိုပင်။ မဂ္ဂင်ရှစ်ပါး ပွားများခြင်းသည် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းခြင်းကြောင့်ဟု မိန့်တော်မူ၏။ ထိုသို့ဖြစ်လျှင် မဂ္ဂင်ရှစ်ပါးကို မည်သို့မည်ပုံ ပွားများရပါမည်နည်း။ ရုပ်သွင် ရဟန်းအဖြစ်မှ အဟုတ်မြင်သော ရဟန်းအဖြစ်သို့ မည်သို့မည်ပုံ ကူးပြောင်းရပါမည်နည်း။

အကယ်၍ မိမိကသာ ဤကဲ့သို့ ဖွင့်ဟ လျှောက်ထားမိလျှင် ရှင်တော်ဘုရား ကလည်း သိလွယ်မြင်လွယ်သော နည်းတစ်မျိုးမျိုးဖြင့် ဟောတော်မူမည်သာ ဖြစ်၏။ ယခုတော့ မိမိမှာ စစ်မရောက်ခင်က မြားကုန်ခဲ့ချေပြီ။ အဟုတ်မြင်ရဟန်း မဖြစ်သေးသမျှ သည်မျက်နှာတော်ကို ဖူးမြော်ရန် မဝံ့တော့ပါချေ။

ကျွန်ုပ်၏ တစ်သက်တာတွင် ယူကြုံးမရ ဝမ်းနည်းကြေကွဲရသော ကိစ္စများ သုံးကြိမ်သုံးခါ ကြုံခဲ့ရ၏။ မဟာပဇာပတိဂေါတမီ ပရိနိဗ္ဗာန်ပြုစဉ်က တစ်ကြိမ်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူစဉ်က တစ်ကြိမ်။ တစ်သက်တာကာလ၌ ပထမဦးစွာ

http://www.dhammadownload.com

ကြုံခဲ့ရသော ဤအကြိမ်မှာကား မည်သူတစ်ဦးတစ်ယောက်မျှ ရွေ့လျား ပျက်စီးခြင်း မရှိခဲ့။ သောင်မတင် ရေမကျဖြစ်နေရသော မိမိဘဝအတွက်သာ ဖြစ်ပေသည်။

သာသနာ့ဘောင် ဝင်လာခဲ့စဉ်တုန်းက ဆွေရောမျိုးရော တိုင်းရောပြည်ပါ ဆိုတာလို အကျော်တစောဖြစ်ခဲ့၏။ ယခု သာသနာ့ဘောင် ဝင်ရောက်ပြီးချိန်မှာတော့ ထောက်ရာ တည်ရာလေးမှ မရနိုင်။ မရနိုင်၍ လူ့ဘောင်ပြန်ဆင်းသွားရမှာကလည်း ရှက်စရာ။ လူ့ဘောင်ဆင်းရမှာရှက်၍ ရဟန်းဝတ်နှင့် နေဖို့ကလည်း ခပ်ခက်ခက်။ တရားမသိသေးသမျှတော့ သည်အခက်ကြီးများက ပြေလည်မည် မဟုတ်ပါချေ။

တရားသိမြင်ရေးအတွက် ကြိုးစားမရဖြစ်နေသော ကျွန်ုပ်သည် ရောက်တတ် ရာရာ လျှောက်၍လာခဲ့၏။ ထောက်ရာတည်ရာ တရားကိုယ်စီဖြင့် ရွှင်ရွှင်ပျပျ ဖြစ်နေကြသော ရဟန်းပရိသတ်မှ လွတ်ရာကျွတ်ရာ လျှောက်လာခဲ့၏။ သူတို့နှင့် မတွေ့ချင် မဆုံချင်၍ တမင်တကာ ရှောင်လာခဲ့ပါမှတစ်ပါးသော ပုဂ္ဂိုလ်နှင့်ဆုံမိအောင် ဆုံလိုက်ရချေသည်။

"အာနန္ဒာ၊ ဘယ်ကိုများ လျှောက်သွားမည်နည်း။ သင့်မျက်နှာကလည်း မသာမယာလှပါကလား"

သိက္ခာကြီးသော ရဟန်းတစ်ပါးက အရေးတယူ နှုတ်ဆက်လာသဖြင့် ကျွန်ုပ်ကလည်း ဦးချုးချ ပြုလိုက်ရပေသည်။

ကိုယ့်ဒုက္ခနှင့်ကိုယ် ဗျာများနေချိန်မို့ ဝတ္တရားကျေရုံသာ အရှိအသေ ပြုလိုက်ရ၏။ ယခင်ယခင် အချိန်များက ဤအရှင်နှင့် ဆုံမိသည်ဆုံလျှင် ကျွန်ုပ်၏ စိတ်နှလုံးတို့ ရွှင်ပြုံးခဲ့ရသည်ချည်း ဖြစ်ပါ၏။ မန္တာနီပုဏ္ဏေးမ၏သားဖြစ်သော ဤအရှင်ပုဏ္ဏသည် ဓမ္မကထိကအကျော်အမော်ပုဂ္ဂိုလ်တစ်ပါးပင် မဟုတ်ပါလော။

"ဘယ်ကို လျှောက်သွားရမည် မသိပါဘုရား။ မသာယာသော မျက်နှာကို ထောက်ခြင်းအားဖြင့် တပည့်တော်စိတ်ထဲက ဒုက္ခတရားကို ရှုမြင်တော်မူဖို့ပါ ဘုရား"

မရှောင်သာသည်မို့ အလိုက်သင့် လျှောက်ထားလိုက်ရပေသည်။

"အာနန္ဒာ၊ ဆင်းရဲဒုက္ခဟူသမျှ၏ အရင်းခံသည် ငါစွဲသာဖြစ်ချေ၏။ ငါချောသည်၊ ငါလှသည်၊ ငါဥစ္စာရှိသည်၊ ငါတန်ခိုးအာဏာရှိသည် စသည်ဖြင့် ငါစွဲတွေ မြောက်မြားစွာ ရှိကြ၏။ ထိုငါစွဲများက လောကရေးရာမှာ ဖြစ်သဖြင့် အသိရ အမြင်ရ လွယ်ကူလှ၏။ တရားဓမ္မရေးရာမှာ ဖြစ်ပေါ်လာကြသော ငါစွဲတို့ မှာမူ ထိုကဲ့သို့ သိလွယ် မြင်လွယ်သည် မဟုတ်ကြပေ။ ပညာတည်းဟူသော မျက်စိကို သိမ်သိမ်မွေ့မွေ့ ဖုံးအုပ်မြေးယှက်ထားသော တိမ်သလာတို့သာ ဖြစ်ကြပေသည်"

"တိမ်သလာတို့ ဖုံးအုပ်နေပုံကို မိန့်ကြားတော်မူပါဦး အရှင်ဘုရား"

http://www.dhammadownload.com

ရဟန်းသံဃာ မရှိရာ ရှာလိုစိတ်ဖြင့် ထွက်ခွာလာခဲ့သော ကျွန်ုပ်သည် အရှင်ပုဏ္ဏ၏ တရားစကားများ ဆွဲဆောင်ရာသို့ လိုက်ပါလာခဲ့မိပေပြီ။

"တိမ်သလာတွေ ဖုံးနေ၍ပင် မျက်နှာမသာမယာဖြစ်နေရသည် မဟုတ်ပါလား အာနန္ဒာ"

"အရှင်ဘုရား၊ မျက်စိဝေဒနာရှင်များသည် မိမိတို့ တိမ်သလာကို မိမိဘာသာ မမြင်နိုင်စွမ်းကြပါဘုရား"

"မိမိဘာသာ မမြင်စွမ်းလျှင်ဖြင့် ကုးစား၍ ရနိုင်မည် မဟုတ်ပေ"

"တပည့်တော်အား သနားသောအားဖြင့် ဖြစ်သည့်နည်းဖြင့် ကုစားတော်မူပါဘုရား"

"ကောင်းပြီ အာနန္ဒာ၊ သတိလက်ကိုင် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲ၍ထားပေတော့။ သင့်မျက်နှာကို မသာမယာဖြစ်အောင် ပြုစားထားသည်မှာ ငါစွဲသာလျှင်ဖြစ်၏။ သူများတွေကတော့ ထောက်ရာတည်ရာ တရားတွေကိုယ်စီကိုယ်ငှ ရကုန်ကြပြီ။ ငါမှာတော့ ဘာတရားမှ မရသေး။ ဤသို့ ငါ သူတစ်ပါး ခွဲခြားသောစိတ်ဖြင့် တစ်ပါးတည်း ထွက်လာခဲ့ရသည် မဟုတ်ပါလား"

"ဟုတ်ပါသည် အရှင်ဘုရား"

"ကောင်းပြီ အာနန္ဒာ၊ ဆက်လက်၍ နားစိုက်ပေဦးလော့။ အာနန္ဒာဟူ၍ ခေါ်ဆိုပညတ်၊ သမုတ်ရုံမျှ သမုတ်၍ထားအပ်သော ဤခန္ဓာကိုယ်ကို ရှုစမ်းလော့။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်ဟူ၍ ခန္ဓာငါးပါး တရားအစုသာ ရှိသည် မဟုတ်ပါလော။

"မှန်ပါ၊ ခန္ဓာငါးပါး တရားအစုမျှသာ ရှိပါသည်ဘုရား"

"ခန္ဓာငါးပါး တရားအစုသည် နိစ္စလော၊ အနိစ္စလော"

"အနိစ္စသာ ဖြစ်ပါသည်ဘုရား"

"အနိစ္စဖြစ်သော ဤတရားသည် သုခလော၊ ဒုက္ခလော"

"ဒုက္ခသာ ဖြစ်ပါသည်ဘုရား"

"ဖောက်လွဲဖောက်ပြန် ပျက်စီးတတ်၍ အနိစ္စ၊ ဒုက္ခသာလျှင် ဖြစ်သော ဤခန္ဓာငါးပါး တရားအစုအပေါ်တွင် 'ငါ' ဟူ၍ ရှုထိုက်ပါသလော"

"မရှုထိုက်ပါ ဘုရား"

"ကောင်းပြီ အာနန္ဒာ၊ ဆက်လက်၍ နားစိုက်ပေဦးတော့။ ဤခန္ဓာငါးပါး တရားအစုပေါ်တွင် 'ငါ' ဟူ၍ မရှုထိုက်။ ဤခန္ဓာငါးပါး တရားအစုသည် 'ငါ'နှင့် ဘာမှ မဆိုင်။ သို့သော် 'ငါ' ဟူသော အစွဲသာလျှင်ကား ဤခန္ဓာငါးပါးနှင့် မကင်းနိုင်ပေ။ ဤခန္ဓာငါးပါးကို အကြောင်းပြု၍သာလျှင် 'ငါ' ဟူသော အစွဲပေါ်ပေါက်လာရပေသည်။

http://www.dhammadownload.com

"လောက ဥပမာအားဖြင့် မြင်သာအောင် ဟောရပေဦးမည်။ ဝတ်စားတန်ဆာဆင်ယင်လိုသော လူလင်ယျိ မိန်းမယျိုများသည် မိမိ၏ မျက်နှာရိုပ်ကို မှန်ထဲမှာသော်လည်း ကြည့်ကြ၏။ ကြည်လင်သော ရေခွက်ထဲမှာလည်း ကြည့်ကြ၏။ မှန်မှာ ရေမှာပေါ်လာသော မျက်နှာရိုပ်သည် မှန်နှင့် ရေတို့၏ ကျေးဇူးမဟုတ်သော်လည်း မှန်လည်း မဟုတ်။ ရေလည်း မဟုတ်။ မှန်နှင့် ရေတို့ကလည်း မျက်နှာရိုပ် မဟုတ်။

"ထို့အတူသာပင် အာနန္ဒာဟူ၍ ခေါ်ဆိုပညတ် သမုတ်ရုံမျှ သမုတ်၍ ထားအပ်သော ဤခန္ဓာငါးပါးကို အကြောင်းပြုကာ ငါဟူသောအစွဲ ပေါ်လာရ၏။ သို့ရာတွင် ထို 'ငါ'သည် ခန္ဓာငါးပါး မဟုတ်။ ခန္ဓာငါးပါးသည်လည်း 'ငါ' မဟုတ်။

"ဤသို့အားဖြင့် 'သူ' မပါ 'ငါ' မနှော သဘောသက်သက်မျှသာ ရှိပါကလားဟူ၍ မသိတတ်ကြသဖြင့် 'ငါ' မဟုတ်သော ခန္ဓာငါးပါးကို 'ငါ' ဟု စွဲကြ၏။ ထို 'ငါ'ဖြင့် တရားရချင် တရားသိချင် တရားပေါက်ချင်လာကြ၏။ 'ငါ' မဟုတ်သော တရားကို 'ငါ' ရှေ့ထားကာ ရှာလေသမျှ ဒုက္ခနှင့် တွေ့ကြုံကြရပေလိမ့်မည် အာနန္ဒာ"

"မှန်ပါ၊ တပည့်တော် သဘောပေါက်ပါပြီ ဘုရား"

'ငါ'စွဲ တိမ်သလာကို ကိုယ့်ဘာသာ မြင်အောင်ပြုလျက် ကုစားတော်မူပေသော ဆရာသခင် ကျေးဇူးရှင်ကို ဦးသုံးကြိမ် ချလိုက်ရပေတော့သည်။

'ငါ'ကို အရှိထား၍ လမ်းမှားကိုလိုက်ခဲ့မိသော ကျွန်ုပ်သည် ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်းကို အမှီပြုလျက် လမ်းမှန်ထက်သို့ ရောက်ရှိလာပါပြီ။ လမ်းမှန်ပေါ် ရောက်ရှိလာရေးအတွက် 'ငါ'၏ စွမ်းအင်ဟူ၍ ဘာမျှ မလိုပါ။ 'ငါ'၏ စွမ်းအင် တစ်ခုမျှ မပါဝင်ပါ။ 'ငါ'ကို အရှိထား၍ လျှောက်သွားခဲ့မိသော လမ်းမှားကို ဆက်လက်၍ မလျှောက်တော့ဘဲ 'ငါ'ဟူ၍ မရှိပါကလားဟူသော အသိတရားကို ပွားများလိုက်ခြင်းသာ ရှိပါသည်။

'ငါ' ဟူ၍ စွဲလမ်းစရာ ဘာတစ်ခုမျှမရှိသော လောကကြီးထဲတွင် အသက်ရှင်နေရသေးသည့်အခိုက် 'ငါ' တရားမရသေးပါကလားဟု စိတ်ပူနေစရာ မလိုတော့ပေ။ ပူဆာမရှိ ပကတိ အေးငြိမ်းလှစွာသော ရဟန်းတို့ချမ်းသာကို 'ငါ' မဟုတ်သော အသိတရားဖြင့် ခံစားလိုက်ရပါပြီ။

"ဒဿနဉာဏ် အမြင်နောက်မှာ ဘာဝနာ ယှဉ်ပေတော့ အာနန္ဒာ"

http://www.dhammadownload.com

ကျွန်ုပ်၏ လက်အုပ်ကြာပဒုံရှေ့မှ အရှင်ပုဏ္ဏကြွချီ၍ သွားပါချေပြီ။ ကျွန်ုပ်လည်း ရရှိထားသော တရားအမြင်ကို ဘာဝနာယုဉ်လျက် သံဃာ့ဘောင်သို့ သက်ဝင်ရပါဦးမည်။ ရှက်စိတ်မွန်ကာ ကျောခိုင်း၍ ထွက်လာခဲ့သော ရွှေမျက်နှာတော်ကို ပြန်၍ ဖူးမြင်ရပါဦးမည်။

"မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရခြင်းသည် သာသနာခရီး၏ အပြီးအဆုံး အကုန်လုံးဖြစ်ပုံ ကိုယ်တွေ့ဉာဏ်မြင် ဖြစ်ပါပြီဘုရား" ဟု အားရဝမ်းသာ လျှောက်ထားရပါဦးမည်။

(ဓန္ဓသံယုတ်၊ အာနန္ဒသုတ်)

**

http://www.dhammadownload.com

ကျန်ပ်၏ ဥပဇ္ဈာယ်ဆရာ

"အို အရှင်ဂေါတမ၊ ဤနိဗ္ဗာန်တရားကို အရှင်ဂေါတမ တစ်ပါးတည်းသာသိမြင်၍ ရဟန်းများ မသိမြင်သေးလျှင် ဤသို့မသိသူရှိနေသေးခြင်းကြောင့် ဤသာသနာတော်ကြီးသည် မပြည့်စုံသေးသည် ဖြစ်ရာ၏။ ယခုသော်ကား ဤနိဗ္ဗာန်တရားကို အရှင်ဂေါတမလည်း သိတော်မူ၍ ရဟန်းများလည်း သိကြပေပြီ။ ဤသို့ သိကြသဖြင့် ဤသာသနာတော်ကြီးသည် ပြည့်စုံ၍ နေပါပေပြီ"

ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဝစ္ဆဂေါတ္တပရိဗိုဇ် လာရောက်၍ လျှောက်ထားခဲ့သော စကားများ ဖြစ်ပါ၏။ ဤစကားမှ ဆက်လက်၍ ရဟန်းမများ၊ ဒါယကာ ဒါယိကာမများပါ တရားသိမြင်ကြကုန်သဖြင့် သာသနာတော်ကြီး အတိုင်းထက်အလွန် ပြည့်စုံလာပုံကို လျှောက်ထားခဲ့ပေသည်။ ထို့နောက် ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ရဟန်းဘောင် ဝင်ရောက်ကာ သာသနာ့ခရီးကို အဆုံးတိုင် ကြွရောက်နိုင်ပေသည်။

(မရွှီမပဏ္ဍာသ၊ မဟာဝစ္ဆသုတ်)

အရှင်ဝစ္ဆဂေါတ္တ၏ စကားသည် မှန်ကန်လှပေသည်။ ကျွန်ုပ်၏ တစ်သက်တာ မှတ်တမ်းကြီးမှာလည်း သာဝကကြီးတွေ မပါဘဲ ဘုရားရှင်တစ်ပါးတည်းကိုသာ ကွက်၍ ဖော်ပြလျှင် မပြည့်စုံသော မှတ်တမ်းတစ်ခု ဖြစ်ပေလိမ့်မည်။ ငွေစန္ဒာ လဝန်းကြီးကို မည်မျှပင် ဂုဏ်တင်နေပါစေ၊ ကြယ်တာရာ အခြံအရံများ မပါသေးပါက ဂုဏ်မြောက်သောတင်ပြချက် ဖြစ်မည် မဟုတ်ပါ။ ပြည့်စုံကုံလုံသော သာသနာတော်ကြီးကို ချီးကျူးရာရောက်မည် မဟုတ်ပါ။ ထို့ကြောင့် ငွေစန္ဒာ လဝန်းကြီး၏ ဖြစ်တော်မူစဉ်များတွင် ကြယ်တာရာတို့၏ အတ္ထုပ္ပတ္တိများကိုလည်း ကြားညှပ်၍ဖော်ပြရပါဦးမည်။

ကြယ်တာရာ အစုအဝေးကြီးအတွင်းသို့ ကျွန်ုပ်ကိုယ်တိုင် ဝင်ရောက်လာမိချိန်တွင် ကြယ်တာရာပေါင်းစုတို့နှင့် အကျွမ်းတဝင် ဖြစ်ခဲ့ရ၏။ အကြီး၊ အငယ်

http://www.dhammadownload.com

အရွယ်အလတ် အရောင်မျိုးစုံသော ကြယ်တာရာတို့နှင့် တွေ့ဆုံခဲ့ရ၏။ ထို ကြယ်တာရာများထဲတွင် ကျွန်ုပ်နှင့် ပထမဦးစွာ အကြောင်းဆက်လာသော ကျေးဇူးရှင် ကြီးများကို အထူးအစီအစဉ်ဖြင့် ရှေးဦးစွာတင်ပြရပါတော့မည်။

ရဟန်းတို့၏သပိတ်ကို သေသေချာချာကြည့်ပါ။ သံနှင့်မြေ သည်နှစ်မျိုးကိုသာ ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် တစ်မျိုးမျိုးကို အိုးနားတိုသဖွယ် ပြုပြင်ဖန်တီးကာ မည်းတုံးတာဖြစ်အောင် မီးဖုတ်ထားသော ခွက်မည်းကြီးတစ်ခုသာ ဖြစ်ပါ၏။ ဝမ်းရေးကိစ္စအတွက် သုံးရုံသာသုံးကာ အစွဲအလမ်း ဖြစ်မလာအောင် ဖန်တီးထားခြင်း သာ ဖြစ်ပါ၏။

ထိုအိုးနားတို့၊ ထိုခွက်မည်းကြီးသည် ဆရာနှင့် သမားနှင့် နေလာခဲ့ရသော သူများအဖို့ အင်မတန်မှ အသုံးတည့်လှ၏။ သို့သော် ဆရာကောင်းထံ နည်းမခံခဲ့ရသူ များမှာကား ထိုခွက်မည်းကြီးကြောင့်ပင် ပြဿနာ ပေါ်ကြရပေတော့သည်။

အစွဲအလမ်းကင်းကွာပြီးသော ရဟန်းများအတွက် အသုံးတည့်လှသော ထိုခွက်မည်းကြီးသည် အစွဲအလမ်းပြင်းထန်သော လူသားများအတွက် စက်ဆုပ်ဖွယ်ရာ ဖြစ်ပေတော့သည်။ အရောင်မရှိ၊ အဆင်းမရှိ၊ အနှံးမပါ၊ အရေးအကြောင်းမပါ။ အင်မတန် ကျက်သရေတုံးလှသော အိုးနားတိုကြီးများ။

သည်အိုးနားတိုကြီးများကြောင့် သူတို့ခမျာ အစားပျက် အသောက်ပျက် ဖြစ်ရပေါင်း များလှလေပြီ။

အဖိုးထိုက် အဖိုးတန် ရွှေပန်းကန် ငွေပန်းကန်တို့ဖြင့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသဖြင့် ကျက်သရေမင်္ဂလာအပေါင်း ခညောင်း၍ နေသော စားပွဲ သောက်ပွဲများအပေါ်ဝယ် သည်အိုးနားတို့၊ သည်ခွက်မည်းကြီးများက လာ၍ လာ၍ ဝဲကြဘိ၏။ တစ်လုံးလည်း မဟုတ်၊ နှစ်လုံးလည်း မဟုတ်၊ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ အလုံးပေါင်းများစွာ၊ ရက်ပေါင်း များစွာ။

တချို့က ဤလိုခွက်မည်းကြီးများ ဝဲရုံမျှဖြင့် အားမရဘဲ တစာစာ အော်၍ ပင် တောင်းကြသေး၏။ ဆွမ်းခံပြန်၍ ဆွမ်းစားကျောင်းမှာ ဆုံမိကြတော့လည်း ပြောသံ ဆိုသံ သောသောညံမျှ။

ထိုပုဂ္ဂိုလ်တို့မှာ သင်္ကန်းဝတ်ထားသဖြင့် ရဟန်းဟုတော့ ခေါ်ကြရ၏။ ရဟန်းတို့၏ ကြည်ညိုဖွယ်ရာ ဂုဏ်သိက္ခာများကား မရှိရှာကြပါပေ။ သင်္ကန်းဝတ်ပုံ၊ သင်္ကန်းရုံပုံက အချိုးမကျ။ သွားပုံ လာပုံ၊ နေထိုင်ပုံများက ကိုးရိုးကားယား။ ပြောဆိုရာကျတော့လည်း ယဉ်ကျေးသိမ်မွေ့ခြင်း မရှိ။ ဤသို့ ဤသို့ဖြစ်ရခြင်း၏ အရင်းခံ အကြောင်းကား ဥပဇ္ဈာယ်ဆရာ မရှိ၍ပင် ဖြစ်ပေသည်။

http://www.dhammadownload.com

ထို့ကြောင့် ဘုရားရှင်က ဤကိစ္စအတွက် ဝိနည်းပညတ်ချက် တစ်ခုကို ထုတ်ပြန်တော်မူရပေသည်။

"ရဟန်းတို့၊ ရဟန်းဘောင် ဝင်ရောက်လာသူတိုင်းအတွက် ဥပဇ္ဈာယ်ဆရာ ရှာထားကြဲရန် ငါဘုရား ခွင့်ပြုတော်မူ၏။ ဥပဇ္ဈာယ်ဆရာသည် သားအပေါ် ထားရှိသော စိတ်မျိုးဖြင့် တပည့်ကို စောင့်ရှောက်ပေလိမ့်မည်။ တပည့်ကလည်း ဖခင်အပေါ် ရိုသေလေးစားသော စိတ်ထားမျိုးဖြင့် ဥပဇ္ဈာယ်ဆရာကို ပြုစုပေလိမ့်မည်။ ဤသို့အားဖြင့် ဆရာတပည့် နှစ်ဦးသားတို့သည် အချင်းချင်း ရိုသေလေးစားကြကုန်လျက် အကျင့်သီလ တူမျှစွာ နေကြလျှင် ဤသာသနာတော်အတွင်း၌ အကျင့်သိက္ခာနှင့် အသိပညာ နှစ်ပါးစုံ တိုးတက်ဖွံ့ဖြိုး လာကြပေမည်တည်း"

ဤသို့သော မိန့်တော်မူချက်ဖြင့် ဆရာနှင့် တပည့်၊ တပည့်နှင့် ဆရာ အပြန်အလှန် ပြုစုစောင့်ရှောက်၍ လာခဲ့ကြရာ ကျွန်ုပ် သာသနာ့ဘောင် ဝင်လာချိန်တွင် အရှိန်ကောင်းကောင်းကြီး ရနေပါပြီ။

ဥပဇ္ဈာယ်ဆရာဟူသည် တပည့်နှင့် နီးနီးကပ်ကပ်နေကာ အပြစ်ကြီး အပြစ်ငယ်များကို ဂရုတစိုက်ကြည့်ရှုလျက် အပြစ်ကင်းကင်းဖြင့် နေထိုင် ကျင့်သုံး တတ်စေရန် နည်းမှန် လမ်းကျအဆုံးအမပေးတတ်သော ဆရာတစ်ဆူပင် ဖြစ်၏။ သာသနာတော်တွင်းသို့ အသစ်အသစ် ဝင်ရောက်လာသူတိုင်းသည် ထိုဥပဇ္ဈာယ် ဆရာများထံ ချဉ်းကပ်ကြရ၏။ ရိုသေစွာ ဂါရဝဖြင့် မိမိထံချဉ်းကပ်လာသော တပည့်များအား ဥပဇ္ဈာယ်ဆရာက ဘုရားရှင်၏ မုခပါဌ် ဒေသနာတော်များကို သင်ပေးရ၏။ ထိုဒေသနာတော်တို့၏ သဘောအဓိပ္ပာယ်ကို ဝေဖန်ရှင်းလင်းပေးရ၏။ နေထိုင်ကျင့်သုံးရေး ကိစ္စအဝဝအတွက် ဆုံးမသွန်သင်ရ၏။ တပည့်ဖြစ်သူမှာ သင်္ကန်းစသော ပရိက္ခရာ ချို့တဲ့နေပါက မိမိမှာ အပိုရှိလျှင် ခွဲဝေ၍ ပေးရ၏။ မိမိမှာ အပိုမရှိလျှင် ရနိုင်မည့် နည်းလမ်းကို ရှာကြံ၍ ပေးရ၏။

ဆရာနှင့် တပည့် အပြန်ပြန်အလှန်လှန် ဆက်ဆံကြရာတွင် ဆရာက ဤသို့သောတာဝန်များ တစ်ဖက်သတ်သဘောဖြင့် ထမ်းဆောင်ရ၏။ ဤသို့ တာဝန်အပို ယူထားရသဖြင့် ဆရာသည် တပည့်အပေါ်မှာ အခွင့်ထူးခံစားစရာ မရှိပါ။ ဆရာ့အပေါ် တပည့်က ပြုစုအပ်သော ဝတ္တရားနှင့် ထပ်တူပင် ဆရာကလည်း တပည့်ကို ထပ်တူထပ်မျှ ပြုစုရပေသည်။ ဘုရားရှင် ပညတ်တော်မူသည့် အတိုင်း အချင်းချင်း လက်တွဲကာ ခိုင်မြဲစွာ ရပ်တည်နေကြသူများပင် ဖြစ်ပေသည်။

(ဝိနည်း မဟာဝဂ်၊ မဟာခန္ဓက၊ ဥပဇ္ဈာယဝတ္ထုကထာ)

သာသနာ့ဘောင်သို့ ဝင်ရောက်လာစဉ်က ကျွန်ုပ်အား လက်တစ်ဖက်ကမ်းခဲ့သူမှာ အရှင်ဗေလဋ္ဌသီသ ဖြစ်ပါ၏။ ရဟန်းသစ်ဖြစ်သော ကျွန်ုပ်အား ဝိနည်းတော်

http://www.dhammadownload.com

အရ နေထိုင်ကျင့်သုံးတတ်ရန် ညွှန်ကြားပြသပြီးနောက် ထိုအရှင်မြတ်ကြီးသည် တောကျောင်းသို့တစ်ပါးတည်း ပြောင်းကြွသွားပေသည်။

သံဃာ့ပရိသတ်ကို စွန့်ခွာ၍ ဤသို့တစ်ပါးတည်း ထွက်ခွာသွားခြင်းမှာ သူ့ရည်ရွယ်ချက်နှင့် သူပင် ဖြစ်ပါ၏။ နေ့စဉ် ဆွမ်းခံဝင်၍ ဆွမ်းကိစ္စများ ပြီးစီးသည်ဆိုလျှင် ထိုရည်ရွယ်ချက်ကို အကောင်အထည် ဖော်လေတော့သည်။ ပြောစရာ ဆိုစရာ ဆုံးမစရာမရှိ။ သူတစ်ပါးတည်းရှိသော ထိုကျောင်းကလေးဝယ် ရဟန်းတို့၏ အမြိုက်ချမ်းသာကို တစ်ချိန်လုံးခံစား၍ နေတော့သည်။

ပူဆာမရှိ၊ ပကတိအေးငြိမ်းလှသော အမြိုက်ချမ်းသာကို ခံစားမိလေ၊ နေ့စဉ်နှင့်အမျှ ပြုလုပ်ရသော အမှုကိစ္စများကို ငြီးငွေ့လာလေ။ ထို့ကြောင့် တစ်ခါ ဆွမ်းခံပြီးလျှင် ရက်ကြာကြာ ဆွမ်းခံမသွားဘဲနေထိုင်စေရန် သူအကြံထုတ်ရတော့သည်။ လိုအင်ဆန္ဒ နည်းပါးလှသော ထိုပုဂ္ဂိုလ်ကြီးအတွက် ဤနည်းလမ်းကို အရှည်အဝေး တွေးနေစရာ မလိုပါ။ နေ့စဉ်ဆွမ်းခံရာမှ စား၍ ပိုလျှံနေသော ဆွမ်းများကို အခြောက်လှမ်းလိုက်ရုံသာ ရှိတော့သည်။

ယခုတော့ အရှင်မြတ်ကြီးမှာ စိတ်ရောကိုယ်ပါ ချမ်းသာလှပေသည်။ အချိန်ရှိသမျှ အမြိုက်ချမ်းသာကို ခံစားကာ အချိန်တန်၍ ဝမ်းဗိုက်က အစာ တောင်းလာလျှင် ဆွမ်းခြောက်ကို ရေနှုံး၍ ဘုဉ်းပေးလိုက်၏။ ဤသို့ တစ်ခါ ဆွမ်းခံထားလျှင် ရက်ကြာကြာ အနားယူ၍ ရနေပေသည်။

အရှင်မြတ်ကြီးဘက်က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဤသို့ ချမ်းချမ်းသာသာ နေခဲ့သည် မှန်ပါ၏။ သို့သော် သံဃာ့ပရိသတ်ကြီး တစ်ခုလုံးအတွက် ဆိုပါမူကား ပြောစရာ ဆိုစရာရှိလာပေသည်။ ရဟန်းတို့မည်သည် တစ်နေ့ရသော ဆွမ်းဘောဇဉ်ကို တစ်နေ့သာ စားသုံးရ၏။ နောက်တစ်နေ့အတွက် သိုမှီးသိမ်းဆည်းခွင့် မရှိပေ။ အရှင်မြတ်ကြီးအနေနှင့် လိုအင်ဆန္ဒ နည်းပါးသော သဘောဖြင့် ဤသို့ နေလာခဲ့သည်တွင် နောင်လာ နောက်သားတို့က ကောင်းသည့်ဘက်ကိုသာ အတု မယူချင် ရှိမည်၊ နေ့ဖို့ညစာထား၍ စားမှုကိုကား အလွယ်တကူ အတုယူကြတော့မည် ဖြစ်၏။

တရားသဘောအရ အပြစ်တင်စရာမရှိသော ဤအမှုမှာ ဝိနည်းကြောင်းအရ အပြစ်တင်ဖွယ်ရှိနေပြီမို့ သီတင်းသုံးဖော်များက ကဲ့ရဲ့ရှုတ်ချကာ ဘုရားရှင်ထံ သတင်းပို့ကြရတော့သည်။ ဘုရားရှင်ကလည်း သံဃာ့ပရိသတ် တစ်ခုလုံး၏ နောင်ရေးကို မျှော်တွေးတော်မူကာ သိက္ခာပုဒ်ကို ပညတ်တော်မူရပေသည်။

"အကြင်ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ ခဲဖွယ်ကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း စားငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်စေ"

http://www.dhammadownload.com

သာသနာတော်ကြီး၏ နောင်ရေးကို မျှော်တွေး ပညတ်တော်မူလိုက်ရသော ဤသိက္ခာပုဒ်ဖြင့် ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာမှာ အာပတ် မသင့်နိုင်ပါ။ ဦးစွာ ပထမပြုလုပ်ခဲ့သော ပုဂ္ဂိုလ်အား ခြွင်းချက်ထားရသော ဝိနည်းထုံးစံအရ ဖြစ်ပေသည်။

(ပါဒိတ်၊ သန္နိဓိကာရသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ)

ဤသိက္ခာပုဒ်ကို ထုတ်ပြန်တော်မူပြီးသည်မှ စ၍ နေ့ဖို့ညစာ မထားတော့ပါ။ နေ့စဉ်နေ့တိုင်း ဆွမ်းခံ ဘဉ်းပေးရတော့သည်ဖြစ်၍ ဆောင်းဥတု နွေဥတုများသာ တောရ ဆောက်တည်ပါတော့သည်။ မိုးဥတုမှာကား ခြေခင်းလက်ခင်း မသာယာသဖြင့် ကျွန်ုပ်နှင့်အတူ မြို့နားရွာနား ကျောင်းများမှာ ဝါဆိုပေသည်။

အတူတကွနေခွင့်ရသည့်အခိုက် ဥပဇ္ဈာယ်ဆရာအပေါ် ကျွန်ုပ်ပြုစုခဲ့ရသည့်ထဲမှ ဝိနည်းပညတ်ချက်တစ်ခု ထုတ်ပြန်ရသောအကြောင်းတစ်ခုကို တင်ပြရပါဦးမည်။

တစ်ခုသောဝါတွင်းဌ အရှင်မြတ်ကြီး၏ ကိုယ်ပေါ်တွင် ဝဲကြီးနာ စွဲကပ်ခဲ့၏။ ဝဲကြီးနာတို့၏ ထုံးစံအတိုင်း ယားလေကုတ်လေ၊ ကုတ်လေဆိုးလေ။ တစ်စတစ်စနှင့် ဝဲကြီးနာများ တစ်ကိုယ်လုံး ပျံ့နှံ့သွားတော့သည်။ အနာမှ သွေးများ အစေးများဖြင့် သူ့သင်္ကန်းများ ကပ်နေသဖြင့် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့က ရေဆွတ်၍ ခွာပေးနေကြရ၏။ အကယ်၍ ဝဲကြီးနာပျောက်စေသော ဆေးမှန့်ကို ဘုရားရှင် ခွင့်ပြုထားခဲ့ပြီးဖြစ်လျှင် သည်ဝဲကြီးနာကို ကျွန်ုပ်တို့ ကုစားပေးနိုင်ကြပါ၏။ သို့သော် ခွင့်ပြုချက် မရှိသေးသော ကိစ္စအတွက် အပ်လေသလော၊ မအပ်လေသလောဟု နှလုံးနှစ်ခွဖြစ်ကာ ဝေဒနာများသာ တိုး၍ လာကြရတော့သည်။

ကာရန်သင့်ချင်သော တစ်နေ့မှာတော့ သင်္ကန်းများ ရေဆွတ်ခွာနေတုန်းမှာ ဘုရားရှင် ကြွရောက်တော်မူလာ၏။ အတိဒုက္ခရောက်နေသော တပည့်ရဟန်းတစ်ပါး အတွက် လိုအပ်ချက်ကို သတိရတော်မူသဖြင့်

"ရဟန်းတို့၊ အကြင်ရဟန်းအား ယားနာ၊ အိုင်းအနာ၊ အရည်တရွဲရွဲယိုသော အနာ၊ ဝဲကြီးနာသော်လည်း ပေါက်ငြားအံ့။ ကိုယ်နှံ့မှုလည်း မကောင်းငြားအံ့။ ထိုရဟန်းအား သင့်တင့်လျောက်ပတ်သော ဆေးမှန့်ကို ငါဘုရား ခွင့်ပြုတော်မူ၏"

ဤဝိနည်းပညတ်ချက်နှင့် တစ်ဆက်တည်းပင် အနာမရှိသော ရဟန်းများ ရေချိုးရာတွင် ရေချိုး ကသယ်မှုန့်အဖြစ်အသုံးပြုရန် နွားချေးခြောက်၊ မြေသင်းခဲနှင့် ဆိုးရေကျိုထားသော သစ်ခေါက်ဖတ်များကို ခွင့်ပြုတော်မူခဲ့ပေသည်။

ဘုရားရှင် ခွင့်ပြုတော်မူသော ဆေးမှန့်ဖြင့် ဝဲကြီးနာများ ပျောက်ကင်း သွားချိန်တွင် ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ အရှင်မြတ်ကြီးသည် ဤသို့ မကြာမကြာ ဥဒါန်းကျူးတော်မူတတ်ပေသည်။

http://www.dhammadownload.com

"စိတ်သဘောထားကောင်း၍ ဦးချိုရှိသော နွားလားဥသဘသည် လယ်ထွန်ရာ လမ်းကြောင်းတွင် မြက်ဖုတ်များ၊ သစ်ပင်များနှင့် တွေ့ပါသော်လည်း မကြောက်မရွံ့ နောက်မတွန့်ဘဲ လွယ်လင့်တကူ တွန်းထိုး ဖြတ်ကျော်လာနိုင်သကဲ့သို့ နေ့နှင့် ညတို့ကလည်း ငါ့ကို လွယ်လင့်တကူ ဖြတ်ကျော်သွားကြလေကုန်၏။ ဤသို့ နေ့ရောညပါ ချမ်းသာစွာဖြင့် ဖြတ်ကျော်သွားကြခြင်း၏ အကြောင်းကား ကာမဂုဏ် အာရုံတို့နှင့် မရောမယှက် ငြိမ်သက်မွန်မြတ်လှသော အမြိုက်ချမ်းသာကို ရရှိထား သောကြောင့်ပေတည်း"

(ဗေလဋ္ဌသီသထေရဂါထာ ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

ကျွန်ုပ်၏ တရားပြဆရာ

ဝိနည်းဒေသနာတော်အရ ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာတော်သည် တောရဝုဂ္ဂိုလ် အရှင်ဗေလဋ္ဌသီသ ဖြစ်ပါ၏။ ဘုရားရှင် ပညတ်တော်မူသော အာဏာဒေသနာတော် အရ သင့်လာစရာရှိလေသမျှ အပြစ်အာပတ်ကြီးငယ်များကို မသင့်စေရအောင် စောင့်ရှောက် သွန်သင်တော်မူသဖြင့် ထိုအရှင်မြတ်ကြီး၏ ကျေးဇူးဂုဏ် အနန္တကို ကျွန်ုပ် ဘဝတစ်သက်တာလုံး မေ့ပျောက်၍ မရနိုင်ပါ။

ထို့ပြင်တစ်ဝ၊ ဥပဇ္ဈာယ်ဆရာတော်နှင့် ထပ်တူထပ်မျှ ကျေးဇူးဂုဏ် ကြီးမြတ်လှပေသော ဆရာတစ်ဆူမှာကား အရှင်ပုဏ္ဏပင် ဖြစ်ပေသည်။

ကျွန်ုပ်၏ တရားသိမြင်ရေးအတွက် ကျေးဇူးပြုခဲ့ပေသော ထိုဆရာသခင်၏ ဂုဏ်ကို တိုတိုတုတ်တုတ် ထုတ်ဖော်ရပါလျှင် ဓမ္မကထိက ဧတဒဂ်ဘွဲ့ရဟု ဆိုရပါလိမ့်မည်။

ထိုသို့ တရားဓမ္မ ဟောဖော်ညွှန်ပြသောအရာတွင် အထူးချွန်ဆုံး ပုဂ္ဂိုလ်နှင့် ဆုံဆည်းခွင့်ရသည့်အတွက် ကျွန်ုပ် ကုသိုလ်ကံ ကောင်းလှသည်ဟုဆိုရပါလိမ့်မည်။

ဓမ္မကထိက အကျော်အမော် ကျွန်ုပ်၏ ဆရာတော်သည် အဟောအပြော ကောင်းရုံမျှသာ မဟုတ်ပါ။ သူတစ်ပါးကို သိအောင် မြင်အောင် အဟောကောင်း အပြောကောင်းသည်နှင့်အမျှ သူကိုယ်တိုင် ကျင့်သုံးသော ပုဂ္ဂိုလ်လည်းဖြစ်ပေသည်။ ထိုဆရာသခင် အရှင်မြတ်ကြီးသည်ကား

၁။ အလိုလောဘ မရှိခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း အလိုလောဘ မရှိ။

၂။ ကောင်းဆိုးယုတ်မြတ် ရတတ်သမျှဖြင့် ရောင့်ရဲလွယ်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ရောင့်ရဲလွယ်၏။

၃။ ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်၏။

http://www.dhammadownload.com

၄။ လူသူလေးပါးတို့နှင့် ရောက်တတ်ရာရာ ပြောကာ ရောနှောမနေခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ရောနှောခြင်း မရှိ။

၅။ မဆုတ်မနစ် အားသစ်သောစိတ်ဓာတ်၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း မဆုတ်မနစ် အားသစ်သော စိတ်ဓာတ်ရှိ၏။

၆။ သီလ၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း သီလနှင့် ပြည့်စုံ၏။

၇။ မှန်ကန်သော သမာဓိတရား၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း မှန်ကန်သော သမာဓိနှင့် ပြည့်စုံ၏။

၈။ တရားသဘောကို ဟုတ်တိုင်းမှန်စွာ သိမြင်သော ပညာ၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ပညာနှင့် ပြည့်စုံ၏။

၉။ ကိလေသာတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သော ဖိုလ်နှင့်ပြည့်စုံ၏။

၁၀။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြန်၍ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်၏ ဂုဏ်ကျေးဇူးကို ဟောပြောတတ်၏။ ကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံ၏။

(မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ရထဝိနီတသုတ်)

ကျွန်ုပ်နှင့်တကွ သီတင်းငယ် ပုဂ္ဂိုလ်များ၏ ဆရာတစ်ဆူဖြစ်ပေသော အရှင်ပုဏ္ဏဉ်၌ ဤသို့သော ဂုဏ်ကျေးဇူးများ ထင်ရှားရမြင်းမှာ သူ့ဆရာ၏ အရိုန်အဝါနှင့်မကင်းပါချေ။ အရိုန်အဝါကြီးလှသော ထိုဆရာသခင်သည် သူ၏ ဦးရီးတော်လည်း ဖြစ်နေပါ၏။ သက်တော်ရှည် ဧတဒဂ်ဘွဲ့တော်ရ အရှင် အညာသိကောဏ္ဍည မထေရ်မြတ်ကြီးပင် ဖြစ်ပါ၏။

ဘုရားရှင်၏ တပည့်သာဝကအပေါင်းတွင် သက်တော်ဝါတော်အကြီးရင့်ဆုံး ဖြစ်သည်နှင့်အမျှ တရားသိမြင်ရာမှာလည်း ပထမဦးဆုံး ဖြစ်ဘိ၏။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ နောက်ဝယ် ကမ္ဘာမြေပြင်၌ ဒုတိယအကြိမ်မြောက် တရားပေါက်သော ပုဂ္ဂိုလ်ထူးကြီးအဖြစ် ရဟန်းပရိသတ် လူပရိသတ်များက ထူးထူးမြတ်မြတ် ကြည်ညိုကြ၏။ မြတ်နိုးကော်ရော် ပူဇော်ကြ၏။

ပူဇော်သင့် ပူဇော်ထိုက်၍ ပူဇော်လာကြသည်ကို အရှင်မြတ်ကြီးလည်း အသိပင် ဖြစ်ပါ၏။ ဤသို့ ပူဇော်လာကြသူများတွင် အပြစ်ဟူ၍ မြူတစ်ခြမ်းမျှ ရှာစရာ မရှိပါ။ ကောင်းမြတ်သော စိတ်စေတနာ သဒ္ဓါပသန္နတရားတို့ဖြင့် ပူဇော်လာကြခြင်းသာ ဖြစ်ဘိ၏။

ပူဇော်လာကြသော ပုဂ္ဂိုလ်တို့၌ ပူဆာမရှိ၊ ပကတိကြည်လင်အေးမြသော စိတ်စေတနာရှိကြသည် မှန်ပါ၏။ သို့သော် ဤသို့သော စိတ်စေတနာကို ခံယူနေ

http://www.dhammadownload.com

ရသောအရှင်မြတ်ကြီးမှာကား ဒုက္ခနှင့် မကင်းပါချေ။ မကင်းနိုင်သော ထိုဒုက္ခသည် စိတ်၏ ဒုက္ခမဟုတ်ပါ။ စိတ်နှင့်ပတ်သက်သော ဒုက္ခဟူသမျှကို မိဂဒါဝုန်တောမှာ အပြီးအပြတ် ပယ်စွန့်ခဲ့ပါပြီ။ သို့ဖြစ်၍ ယခုရရှိနေသေးသော ဒုက္ခကား ခန္ဓာကိုယ်ကြီးနှင့် ပတ်သက်သော ဒုက္ခဖြစ်ပေသည်။ အိုမင်းရွတ်တွ အထအထိုင် မခိုင်မာတော့သော ခန္ဓာကိုယ်ကြီးအတွက်သာ ဖြစ်ပေသည်။

ပူဇော်လာကြသူများက ဝင်လာမစဲ တသဲသဲ ဖြစ်နေကြရာတွင် အပူဇော်ခံ ပုဂ္ဂိုလ်ကြီးကလည်း အိုကြီးအိုမနှင့် ထ၍ ထ၍ ဧည့်ခံရ၏။ သင့်တင့်လျောက်ပတ်ရာ တရားစကားများဖြင့် ချီးမြှင့်ထောက်ပံ့နေရ၏။ အရှင်မြတ်ကြီးသည် ဟိုတစ်ချိန် တုန်းက အလောင်းတော်မြတ်၏ ဝေယျာဝစ္စဟူသမျှကို မညည်းမညူတမ်း လုပ်နိုင်ခဲ့၏။ ခြောက်နှစ်တိုင်တိုင်ကြာခဲ့သော ထိုကာလတစ်လျှောက်တွင် တာဝန်ဝတ္တရားတစ်ခုကိုမျှ မချွတ်မယွင်းစေခဲ့ပေ။ ယခုတော့ အသက်အရွယ်က စကားပြော၍ လာချေပြီ။ လေတစ်ချက်အလှုပ်တွင် ဖြုတ်ခနဲ ကြွေလေမည့် သစ်သီးမှည့်ကဲ့သို့ ဖြစ်၍ နေချေပြီ။

အို, နာ, သေ လွတ်မြောက်ရာတရားကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်ခံစားရပြီးပြီမို့ ခန္ဓာကိုယ်ကြီးနှင့်သာ ပတ်သက်နေသော ထို အို နာ သေ ဓမ္မတာ ကိစ္စများအတွက် အရှင်မြတ်ကြီးအဖို့ တုန်လှုပ်ရန် မရှိပါ။ သို့သော် မသေမီ၊ မကြွေမီကာလလေးတွင်တော့ ကိုယ့်တရားနှင့်ကိုယ် အေးဆေးသက်သာ နေချင်ပေသည်။ အားအင်ကောင်းကောင်း၊ အရွယ်ကောင်းဖြစ်သည့် ဆရာတစ်ဆူ၏ ထံတော်ပါးတွင် တပည့်သာဝကအပေါင်းနှင့် ပြည့်စုံနေပြီမို့ သာသနာတော်ကြီးအတွက် ဥပေက္ခာထားကာ ကိုယ့်ဘာသာ တစ်ပါးတည်းနေချင်လှပေပြီ။

တစ်ပါးတည်းနေချင်တာတော့ ဟုတ်ပါ၏။ သာသနာတော်ကြီးအတွက် ဥပေက္ခာထားချင်တာတော့မှန်ပါ၏။ ဘုရားရှင်ကိုယ်တော်မြတ်ကိုကား သည်အတိုင်း မျက်နှာလွှဲ၍ မထားနိုင်ခဲ့ပါ။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ တစ်ဖက်ကမ်းသို့ မရောက်ရောက်အောင် ပို့ပေးခဲ့သော ကျေးဇူးရှင်။ မိမိတို့က ပစ်ပစ်ခါခါ စွန့်ခွာလာခဲ့ကြပါလျက် မိမိတို့ရှိရာ တန်းတန်းမတ်မတ် လိုက်လာတော်မူခဲ့သော ကရုဏာရှင်။ သည်ကျေးဇူးရှင် သည်ကရုဏာရှင်၏ ဂုဏ်ကျေးဇူးကို ရာသက်ပန် ဆပ်၍လာခဲ့၏။ ရေပူရေချမ်း ကမ်းလှမ်းခဲ့၏။ ခြေဆုပ်လက်နယ် ပြုစုပေးခဲ့၏။ အရိယာဇာတ် မြင့်မြတ်သောဘဝဖြင့် ဖွားမြင်၍ ပေးခဲ့သော ဖခင်ကြီးအပေါ် သားလိမ္မာတို့ပြုစုရမည့် ဝတ္တရားကို မပြတ်မလပ် ဆောင်ရွက်၍လာခဲ့၏။ ယခုလို ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင်ဖြစ်နေသော ကာလမှာပင် တစ်ခါတစ်ခါ ဆောင်ရွက်မိသေး၏။

ဤသို့အားဖြင့် တစ်ဖက်က ချစ်မြတ်နိုးအပ်သော ကျေးဇူးရှင်နှင့် တာဝန်ဝတ္တရားများ၊ တစ်ဖက်က နေနေရသမျှ ကာလလေးမှာ အေးဆေးသက်သာစွာ

http://www.dhammadownload.com

နေခွင့်ရရေး။ ဤအရေးနှင့် ဤဝတ္ထုရား နှစ်ပါးပြည့်စုံအောင် မည်သို့ ဆောင်ရွက်ရပါမည်နည်း။ အရှင် အညာသိကောဏ္ဍည ကိုယ်တော်တိုင်ကတော့ ဆောင်ရွက်၍ မဖြစ်နိုင်တော့ပါ။ သူ့ကိုယ်စားလှယ်အဖြစ် တစ်ပါးပါးကို ထားခဲ့မှ တော်ပေမည်။ သူနှင့် ထပ်တူထပ်မျှ စိတ်ချရသော ကိုယ်စားလှယ်မှာကား သူ၏ နှမ မန္တာနီ ပုဏ္ဏေးမ၏သား ပုဏ္ဏလုလင်ပင် ဖြစ်ပေသည်။ ယခု ကျွန်ုပ်၏ ဆရာသခင် အရှင်ပုဏ္ဏပင် ဖြစ်ပေသည်။

အရှင်ပုဏ္ဏအား မိမိ၏ကိုယ်စား ဘုရားရှင်တော်ထံပါးမှာ ထားခဲ့ပြီးလျှင် ထိုအရှင်မြတ်ကြီးသည် ရဟန်း ရှင် လူပရိသတ်ကင်းဝေးရာသို့ ထွက်ခွာတော်မူခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့ ကပိလဝတ်မြို့တော်သို့ပင် ဘုရားရှင် ကြွတော်မူစဉ်က ထိုအရှင်မြတ်ကြီး မပါလာခဲ့ခြင်း ဖြစ်ပေသည်။

(ပုဏ္ဏမန္တာနီပုတ္တ ထေရာပဒါန် အဋ္ဌကထာ၊ သဂါထာဝဂ်၊ ဝဂ်ီသသံယုတ်၊ ကောဏ္ဍညသုတ် အဋ္ဌကထာ)

အရှင်ဘဒ္ဒိယ၏ ချမ်းသာခြင်း

ကျွန်ုပ်၏ တရားမျက်စိကို ဖွင့်ပေးခဲ့သော အရှင်ပုဏ္ဏ မထေရ်မြတ်နှင့် ဆက်စပ်၍ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိများကို တင်ပြခဲ့ပါပြီ။ ယခု ကျွန်ုပ်နှင့် အတူတကွ သာသနာ့ဘောင်ဝင်ခဲ့သော သီတင်းသုံးဖော်များကို တင်ပြရပါဦးမည်။

မင်းသားခြောက်ယောက်၊ ဆတ္တာသည် တစ်ယောက်အားဖြင့် ကျွန်ုပ်တို့ ခုနစ်ယောက် အတူတကွ ရဟန်းပြုရန် လာခဲ့ကြရာတွင် ပထမဦးစွာ ရဟန်းကိစ္စပြီးစီးသူမှာ အရှင်ဘဒ္ဒိယ ဖြစ်၏။ ထို့ကြောင့် ထိုအရှင်၏ အကြောင်းကို ပထမဦးစွာ ဖော်ပြရပါမည်။

ထိုအရှင်သည် ရဟန်းပြုရာဌာန အနုပိယ သရက်တောမှာ ရှိကြစဉ်တွင် လူသူမနီး တောကြီးထဲသို့လည်း ကြသွားတတ်၏။ သစ်တစ်ပင်ရင်း ဝါးတစ်ရုံ အောက်တွင်လည်းတစ်ပါးတည်းနေထိုင်တတ်၏။ လူသံသူသံ ဆိတ်ငြိမ်သော နေရာ၌ ငြိမ်ငြိမ်ကလေး ထိုင်နေတတ်၏။ ထိုသို့နေရင်းကပင် "သြော်.... ချမ်းသာလေစွ၊ သြော်....ချမ်းသာလေစွ"ဟု တဖွဖွရွတ်ဆို၍ နေတတ်ပေသည်။

ထိုအရှင်သည် လူ့ဘဝမှာတုန်းက ကျွန်ုပ်တို့ သက္ယနိုင်ငံတော်၏ ရာဇာတစ်ဦးဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ 'ရာဇာ'တစ်ဦး၏ အလုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်နှင့်အမျှ ရာဇာတို့၏ တန်ခိုးအာဏာ အရှိန်အဝါတို့ကိုလည်း ပိုင်ဆိုင်ခဲ့ပေသည်။ ထိုတန်ခိုးအာဏာတို့နောက်ဝယ် စည်းစိမ်ဥစ္စာများထက်ကြပ်မကွာ ပါလာသည်ကိုကား အထူးပြောရန် လိုမည် မထင်ပါ။

http://www.dhammadownload.com

အခြားတစ်ပါးသော ပုဂ္ဂိုလ်များက 'ချမ်းသာလေစွ' ဟု တဖွဖွရွတ်လျှင် အတွေးခေါင်စရာ လုံးဝ မရှိပေ။ သာသနာတော်ကြီး၏ အရိပ်အာဝါသအောက်က ချမ်းသာခြင်းသာဖြစ်ကြောင်း အလွယ်တကူ ရိပ်မိနိုင်ကြ၏။ ယခု အရှင်ဘဒ္ဒိယလို ပုဂ္ဂိုလ်မျိုးကိုကား အတွေးနှစ်ခု ဖြစ်ကြရတော့သည်။

"သည်ကိုယ်တော်သည် သာသနာ့ဘောင်မှာ မပျော်တော့ပြီလော။ လူ့ဘဝ တုန်းက ခံစားခဲ့ရသည့် စည်းစိမ်များကို ပြန်လည်အောက်မေ့နေလေသလော"

အတွေးနောက်က အပြောက ပါလာတတ်စမြဲပင် ဖြစ်၏။ ရွှေနားတော် ထိအောင် ပေါက်ကြားလာခဲ့သော ထိုအပြောများကြောင့် အရှင်ဘဒ္ဒိယမှာ ရှေ့တော်မှောက်သို့ ဝင်ရောက်လာရတော့သည်။ သံသယမြူမှုန်များ ကင်းစင် လွင့်ပျောက်ရေးအတွက် မေးတော်မူသမျှကို ဖြေကြားရပေတော့သည်။

"ဘဒ္ဒိယ၊ သြော်.... ချမ်းသာလေစွ၊ သြော်.... ချမ်းသာလေစွဟု တဖွဖွ ရွတ်ဆိုခဲ့သည် မှန်သလော"

"မှန်ပါသည် အရှင်ဘုရား"

"မည်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ရည်မှန်း၍ ထိုသို့ရွတ်ဆိုနေပါသနည်း"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် လူ့ဘဝမှာတုန်းက နိုင်ငံတော်ကို စိမံ အုပ်ချုပ်ခဲ့ရပါသည်။ နိုင်ငံတော်၏ အာဏာကို လက်ဝယ် ပိုင်ဆိုင်ထားနိုင်ရေး အတွက် အစောင့်အမျိုးမျိုးကို ခန့်ထားခဲ့ရပါသည်။ နန်းတွင်း နန်းပြင် မြို့တွင်း မြို့ပြင်မှစ၍ ဓနပုဒ်နယ်ပယ်များပါမကျန် အစောင့်များအထပ်ထပ်ချထားခဲ့ရပါသည်။ ထိုသို့ အစောင့်များ အထပ်ထပ်ချထားသည့်ကြားမှပင် ဘုရားတပည့်တော်မှာ ကြောက်ကြောက်ရွံ့ရွံ့ နေလာခဲ့ရပါသည်။ သင်္ကာမကင်းဖြစ်ခဲ့ရပါသည်။

"ထိုစည်းစိမ်ဥစ္စာတွေ၊ တန်ခိုးအာဏာတွေကို စွန့်ပြီး ယခုလို ရဟန်းဝတ် လာသည်တွင်ကား တောထဲတောင်ထဲသို့ သွားလိုသွား၊ သစ်တစ်ပင်ရင်း ဝါးတစ်ရုံ အောက်မှာ နေလိုနေ၊ လူသံသူသံ ကင်းဆိတ်ရာကို ကပ်ချင်ကပ်၊ ကြောက်စရာ ရွံ့စရာ မလိုတော့ပါ။ သင်္ကာမကင်းဖြစ်စရာ မရှိတော့ပါ။ ကြက်သီးထစရာ မရှိတော့ပါ။ သူတစ်ပါး ပေးစာကမ်းစာဖြင့် ချမ်းသာစွာနေတတ်လာပါပြီ။ လူသူ ကင်းသည့် တောတောင်အတွင်းဝယ် သားသမင်များလွတ်လပ်စွာပျော်မြူးကြသကဲ့သို့ တပည့်တော်၏ စိတ်မှာလည်း ကြောက်စရာ၊ ရွံ့စရာ၊ မယုံသင်္ကာဖြစ်စရာ အားလုံးမှ လွတ်လပ်နေပါပြီ။ ထို့ကြောင့် "သြော် ချမ်းသာလေစွ၊ သြော် ချမ်းသာလေစွ'ဟု တပည့်တော် တဖွဖွ ရွတ်ဆိုနေခြင်း ဖြစ်ပါသည် ဘုရား"

ဤကား အမျိုးမြတ်သောအရာတွင် ဧတဒဂ်ဂုဏ်ထူးရ အရှင် ဘဒ္ဒိယ၏ ဖော်ကျူးချက်များပင် ဖြစ်ပါ၏။

(ဥဒါန်းပါဠိတော်၊ ဘဒ္ဒိယသုတ်)

http://www.dhammadownload.com

အရှင်အနုရုဒ္ဓါ၏ တရားအမြင်

ကျွန်ုပ်တို့ညီတော် အနုရုဒ္ဓါသည် လူ့ဘဝမှာတုန်းက မရှိဆိုသော စကားကို နားမလည်လောက်အောင် အကျိုးပေးကောင်းခဲ့သူဖြစ်၏။ ယခု ရဟန်းဘဝရောက် လာပြန်တော့လည်း သူ့အကျိုးပေးက ကောင်းမြဲ ကောင်းလျက်သာ ရှိပေသည်။ ဘုရားရှင်၏ တစ်ဝမ်းကွဲညီတော် ဖြစ်ရုံမျှမက သူ့ကိုယ်ပိုင်အရည်အချင်းကလည်း ကောင်းလှသဖြင့် လျှမ်းလျှမ်းတောက်ကျော်ကြားပါပေသည်။ ရဟန်းပြု၍ မကြာမီပင် ဒိဗ္ဗစက္ခု အဘိညာဉ်ကြီးကို ရခဲ့သောကြောင့်ဖြစ်ပါ၏။ သာမန်ပုဂ္ဂိုလ်တို့ ရနိုင်ခဲသော ဆုမြတ်ကြီးပါပေတည်း။

ဒိဗ္ဗစက္ခုရှင် ကျွန်ုပ်၏ ညီတော်သည် ရရှိသော အဘိညာဉ်ကို အစွမ်းထက် သည်ထက် ထက်အောင် အားထုတ်၍နေ၏။ အရှိန်ကောင်းသည်ထက်ကောင်းအောင် ဝင်စား၍ နေ၏။ ဆွမ်းစားချိန်ကို ချန်လှပ်၍ ရတတ်သမျှ အချိန်များတွင် ဈာန် အဘိညာဉ် ဝင်စား၍သာ နေပေသည်။ သာမန်ပုဂ္ဂိုလ်များ မသိမမြင်နိုင်သော အာရုံများကိုသာ ထပ်ကာတလဲလဲ ကြည့်ရှု၍ နေပေသည်။

စောစောကတော့ လောကီဈာန်အရာတွင် ထိပ်တန်းက အဘိညာဉ်ကြီး ရရှိထားလျှင် တရားသိမြင်ဖို့ လွယ်မည်ထင်ခဲ့၏။ သာမန်ပုဂ္ဂိုလ်တို့ တစ်လကြာမှ မြင်မည့်တရားကို သူ့လို ဉာဏ်ထက်မြက်သူက တစ်နေ့တည်းနှင့် မြင်နိုင်သည်ဟု မျှော်မှန်းခဲ့၏။ သို့သော် မှန်းချက်နှင့် နှမ်းထွက်ကား မကိုက်လာချေပြီ။

သာသနာတော်ကြီး၏ အချက်အချာ နိဗ္ဗာန်တရားတော်ကြီးကို ဘွားခနဲ သိလိုက်လေမလားဟု သူသည် အဘိညာဉ်ကြီးကို အချိန်ရှိတိုင်း ပွားများလာခဲ့၏။ ပွားများလာခဲ့သည့်အတိုင်း မိမိအဘိညာဉ် မြင်နိုင်စွမ်းက ထက်မြက်ခဲ့ပါ၏။ စူးရှခဲ့ပါ၏။ ကြည်လင်ခဲ့ပါ၏။ သို့သော် သည်အမြင်က နိဗ္ဗာန်ကိုကား မရောက်နိုင် မပေါက်နိုင်ပါပေ။ မသိနိုင် မမြင်နိုင်ပါပေ။

တစ်ရက်တည်း တစ်ချိန်တည်း ရဟန်းပြုလာခဲ့သော အရှင် ဘဒ္ဒိယသည် ဈာန်အဘိညာဉ်တန်ခိုးကို အားမကိုးဘဲ ရိုးရိုးကလေးဖြင့် တရားရခဲ့၏။ တရားလက် ကိုင် ခိုင်ခိုင်စွဲလျက် ဥဒါန်းစကားများ ကျူးရင့်၍ နေနိုင်၏။ သူ့မှာတော့ ကျူးရင့်စရာ ဘာမျှ မရှိသေး။ တရားသိမြင်ရေးအတွက် ကိုယ့်အဘိညာဉ်တန်ခိုးကြီးကို အားကိုး၍ မရမှန်းသိသောအခါတွင်ကား ကျွန်ုပ်၏ ညီတော်သည် အရှင်မဟာ သာရိပုတ္တရာထံ ချဉ်းကပ်ရလေတော့သည်။

"အရှင်သာရိပုတ္တရာ ဘုရား၊ တပည့်တော်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်တို့၏ မျက်စိနှင့် တူသော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်ပါ၏။ မတွန့်မဆုတ်သော လုံ့လကိုလည်း အားထုတ်လျက် ရှိပါ၏။ မေ့လျော့ခြင်း မရှိမူ၍ သတိသည်

http://www.dhammadownload.com

ထင်ပါ၏။ ကိုယ်ခန္ဓာသည် ပူပန်ခြင်း မရှိ၊ ငြိမ်းအေး၍ နေပါ၏။ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ပါ၏။ ထိုသို့ပင်ဖြစ်ပါသော်လည်း တပည့်တော်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတို့မှ မလွတ်သေးပါ ဘုရား"

အနုရုဒ္ဓါ၏ လျှောက်ထားချက်အရ အရှင်မဟာသာရိပုတ္တရာ မိန့်ကြားသည်မှာ-

"ငါ့ရှင် အနုရုဒ္ဓါ၊ 'ငါသည် အထူးသဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်၏'ဟု ဤသို့အတွေးအကြံ ဖြစ်ခြင်းသည်ပင် သင့်အား မာန ဖြစ်နေ၏။

"ငါ့ရှင် အနုရုဒ္ဓါ၊ 'ငါသည် မတွန့်မဆုတ်သောလုံ့လကို အားထုတ်၍ မေ့လျော့ခြင်းမရှိမူ၍ သတိသည်ထင်၏။ ကိုယ်ခန္ဓာသည် ပူပင်ခြင်းမရှိ၊ ငြိမ်းအေး၍ နေ၏။ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်၏' ဤသို့ အတွေးအကြံ ဖြစ်နေခြင်းသည်ပင် စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ဖြစ်နေ၏။

'ငါ့ရှင် အနုရုဒ္ဓါ၊ 'ထိုသို့ပင်ဖြစ်ပါသော်လည်း ငါ၏ စိတ်သည် တဏှာဒိဋ္ဌိဖြင့် မစွဲလမ်းမူ၍ အာသဝတရားတို့မှ မလွတ်ကင်းသေးပါ၊ ဤသို့ အတွေးအကြံ ဖြစ်နေခြင်းသည်ပင် သင့်အား သံသယ ကုက္ကုစ္စ ဖြစ်နေ၏။

"ငါ့ရှင် အနုရုဒ္ဓါ၊ သင့်ကို ငါတိုက်တွန်း၏။ ဤတရား သုံးမျိုးတို့ကို ပယ်စွန့်၍ ဤတရား သုံးမျိုးတို့ကို နှလုံးမသွင်းမူ၍ အမြိုက်နိဗ္ဗာန်သို့ စိတ်ကို ပို့ဆောင်ပါလော့"

ဤသို့သော ဆုံးမစကားကိုကြားနာပြီးနောက် အနုရုဒ္ဓါသည် ဤတရားသုံးမျိုးကို နှလုံးမသွင်းဘဲ နေခြင်းအားဖြင့် ပယ်စွန့်ကာ မဆုတ်မနစ် အားသစ်သော သမ္မာဝါယာမတွင် သမ္မာသတိချဉ်းကပ်လျက် နိဗ္ဗာန်သို့ပို့ဆောင်နိုင်သော ဝိပဿနာလမ်းစဉ်ကို တည့်မတ်ဖြောင့်တန်းစွာကျင့်သုံးခြင်းဖြင့် ရဟန်းကိစ္စပြီးဆုံးသွားပေသည်။

(အင်္ဂုတ္တရ၊ တိကနိပါတ်၊ ကုသိနာရာဝဂ်၊ ဒုတိယ အနုရုဒ္ဓသုတ်)

အနုရုဒ္ဓါ၏ ဖြစ်အင်ကိုပြန်ကြည့်လျှင် နိုးလျက်နှင့် ဝေးနေခြင်းဟု ဆိုစရာပင် ဖြစ်၏။ သူသိလိုမြင်လိုသော နိဗ္ဗာန်တရားက အဝေးမှာမဟုတ်ဘဲ သူ့ အနီးနားမှာပင် ရှိနေ၏။ သိတတ် မြင်တတ်သော ဉာဏ်ဖြင့်ရှလျှင် အသိခံအမြင်ခံရန် အရန်သင့်ပင် ရှိနေ၏။ ငါတည်းဟူသော မာန်မာနနှင့် မရောယှက်ဘဲငြိမ်သက်စွာ တည်ရှိနေ၏။ တဏှာဒိဋ္ဌိဖြင့် မစွဲလမ်းမူ၍ အလုံးစုံသော အာသဝတရားတို့၏ အာရုံအဖြစ်မှ လွတ်နေသော သဘောပင် ဖြစ်ပေသည်။

http://www.dhammadownload.com

ဤသို့လွတ်နေသော်သဘောမှာ အနတ္တ သဘာဝထဲတွင် အပါအဝင်ဖြစ်၏။ အတ္တနှင့် မရောယှက်၊ သူ့သဘော သူ့လက္ခဏာအားဖြင့် လွတ်နေခြင်း ဖြစ်၏။ အနတ္တဖြစ်သော ထိုသဘောကိုပင် အတ္တအယူအစွဲဖြင့် 'တစ်သောင်းသော လောကဓာတ်ကို မြင်နိုင်စွမ်းရှိသော ငါသည် ဘာကြောင့် မမြင်နိုင်ရသနည်း' ဟု ငါတကော ကော်ကာ တွေးလိုက်မိ၍ နိဗ္ဗာန်နှင့်လွဲကာ မာန်မာနသံသရာလည်ခဲ့ရ၏။

နိဗ္ဗာန်သည် တည်ငြိမ်ခြင်း လက္ခဏာရှိ၏။ ထိုသို့ တည်ငြိမ်ခြင်းမှာလည်း ဖြစ်ခြင်း၊ ပျက်ခြင်း လက္ခဏာတို့နှင့် မရောယှက်၊ သူ့သဘော သူ့လက္ခဏာအတိုင်း တည်ငြိမ်ခြင်းသာ ဖြစ်၏။ တစ်စုံတစ်ခုသော အကြောင်းတရားဖြင့် ပြုပြင်ဖန်တီးထား၍ တည်ငြိမ်ခြင်း မဟုတ်ပေ။ အကြောင်းမပါ၊ အကြောင်းမလို၊ ဖြစ်ခြင်းမရှိ၊ ပျက်ခြင်းမရှိသော သဘောအားဖြင့် သူ့ အလိုလိုတည်ငြိမ်နေသော သဘောကိုပင် အတ္တအယူအစွဲဖြင့် 'ငါသည် မဆုတ်မနစ်သော လုံ့လဖြင့်တည်ငြိမ်အောင်အားထုတ်၍ အရယူလိုက်မည်' စသည်ဖြင့် တွေးလိုက်မိသဖြင့် ဥဒ္ဒစ္စ ရေလျဉ်ကြောမှာ မျော သွားရပေတော့သည်။

ကျွန်ုပ်တို့ သာသနာ့ဝေါဟာရအားဖြင့် နိဗ္ဗာန်ကို နိဿရဏ ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ နိဿရဏဟူသော ဝေါဟာရ တွေ့လာလျှင် နိဗ္ဗာန်ကို ကောက်ယူကြရ၏။ တဏှာဒိဋ္ဌိဖြင့် မစွဲလမ်းမူ၍ အလုံးစုံသော အာသဝတရားတို့၏ အာရုံအဖြစ်မှ လွတ်နေသော သဘောဖြစ်၍ ထိုအမည်ကို ရခြင်း ဖြစ်ပေသည်။

သူမပါ ငါမနှော၊ သူ့သဘော သူ့လက္ခဏာအတိုင်း လွတ်နေသောတရားကို ရရှိရေးအတွက် သူနှင့်ငါနှင့် ရောစွက်၍ တွေးတောမိသဖြင့် ငါ့စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတရားတို့မှ မလွတ်သေးပါကလားဟူသော သံသယ ကုက္ကုစ္စတွေ ဖြစ်ပွားလာကြရ၏။ ——

သံသယကုက္ကုစ္စ၊ ဥဒ္ဒစ္စနှင့် မာန်မာနတရားတို့က ခြားကွယ်၍ ထားသဖြင့် နီးကပ်စွာ ရှိနေခဲ့သော နိဗ္ဗာန်နှင့် ဝေးခဲ့ရ၏။ အရှင်သာရိပုတ္တရာ၏ ဩဝါဒအတိုင်း ဤတရားသုံးမျိုးကို ပယ်စွန့်လိုက်ခါမှ နီးကပ်စွာရှိနေသော နိဗ္ဗာန်တရားကြီးကို ဘွားခနဲတွေ့လိုက်ရပေတော့သည်။

ဤသို့သော လောကုတ္တရာ အသိဉာဏ်ကို မရသေးလျှင် ရရှိထားသော လောကီစွာန် အဘိညာဉ်တို့သည် ခိုင်မြဲမှု မရှိပေ။ လောကုတ္တရာ အသိဉာဏ် ရခါမှ ခိုင်မြဲ၍လာကြ၏။ အလိုရှိသည့်အခါတိုင်းမှာ ဝင်စား၍ ရကြ၏။ ထို့ကြောင့် လောကုတ္တရာ အသိဉာဏ်ဖြင့် ခိုင်မြဲ၍လာပြီဖြစ်သော ထိုဒိဗ္ဗစက္ခု အဘိညာဉ် ကြောင့်ပင်လျှင် သူ၏ နောင်တော်ကြီးဘုရားက ဇေတဝန်ဘွဲ့ထူး ပေးသနားတော်မူခဲ့ပေသည်။

(အဝုံတ္တရာဌကထာ၊ ဇေကနိပါတ်၊ အနုရုဒ္ဓါဝတ္ထု)

http://www.dhammadownload.com

စိတ်တူကိုယ်တူ လှမ်းခဲ့ကြသူများ

"သာသနာတော်ကို ကြည်ညိုသောစိတ်ဖြင့် လူ့ဘောင်စွန့်ခွာ လွတ်ကြောင်းရှာ လာခဲ့သော ရဟန်းသစ်သည် စင်ကြယ်သော သီလရှိ၍ မပျင်းရိသော မိတ်ဆွေ ကောင်းကို ဆည်းကပ်ရာ၏။

"သာသနာတော်ကို ကြည်ညိုသောစိတ်ဖြင့် လူ့ဘောင်စွန့်ခွာ လွတ်ကြောင်းရှာ လာခဲ့သော ရဟန်းသစ်သည် ရဟန်းတို့နှင့် အပ်စပ်သောအမှု၊ မအပ်စပ်သောအမှုတို့၌ လိမ္မာသည်ဖြစ်၍ သံဃာ့မထေရ်ကြီးများ၏ နောက်ပါးမှ လိုက်ပါရာ၏"

ဝိနည်းတော်အရာ လိမ္မာကျွမ်းကျင်သည်ဖြစ်၍ ဧတဒဂ်ဂုဏ်ထူးရ အရှင် ဥပါလိ၏ လက်သုံးစကားများ ဖြစ်ပေသည်။

ကျွန်ုပ်တို့ သာသနာတော်ကြီး စင်ကြယ်စေရေးအတွက် ပညာသည်အရေးကြီး၏။ ထို့အတူ စင်ကြယ်သော သာသနာတော်ကြီး အရှိန်မပျက်တည်တံ့ရေးအတွက် အကျင့်သီလ ဖြူစင်ဖို့လည်း အရေးကြီးလှပေသည်။ ရဟန်းတို့၏ ပါတိမောက္ခသံဝရ သီလကြီး ဖြူစင်ရေးအတွက် ဝိနည်းတော်ရှိသည့်အတိုင်း လိုက်နာကျင့်သုံးရပေသည်။ ဝိနည်းသည် သာသနာတော်၏ အသက်ပင် ဖြစ်ချေသည်။

ရဟန်းဘောင်ဝင်စအချိန်က အရှင်ဥပါလိသည် တောရဆောက် တည်ခွင့် ပြုပါရန် လျှောက်ထားဖူး၏။ လျှောက်ထားသည့်အတိုင်း ခွင့်ပြုလိုက်လျှင် တရားအသိ အမြင် လျင်မြန်မည်လည်း မှန်ပါ၏။ သို့ပါလျက် ဘုရားရှင်က ခွင့်ပြုတော် မမူခဲ့ ပေ။ မိမိအထံတော်မှာသာနေစေလျက် ဝိနည်းသိက္ခာပုဒ်များကို လေ့ကျက်မှတ်သား ရန် တာဝန်ပေးတော်မူ၏။ သိမြင်ရေး သာသနာတော်ကြီးကို ဝိနည်းသိက္ခာပုဒ်များ ကျင့်သုံးရေးဖြင့် ထောက်ကူပေးနိုင်ရန်ပင် ဖြစ်ပေသည်။

သိမြင်ရေးနှင့် ကျင့်သုံးရေး နှစ်ဖက်လုံးတွင် စံတင်လောက်သော အရှင် ဥပါလိ၏ ဝိနည်းဆိုင်ရာ ဆောင်ရွက်ချက်များကို သက်ဆိုင်သည့်နေရာများတွင် ကြားနာကြရပါဦးမည်။

(ဥပါလိထေရဂါထာ ပါဠိတော်နှင့် အဌကထာ)

သာသနာ့တာဝန်များ ထမ်းဆောင်ရာတွင် အရှင်ဥပါလိ၊ အရှင် အနုရုဒ္ဓါ တို့လောက် မထင်ရှားသော်လည်း အရှင်ကိမိလနှင့် အရှင် ဘဂုတို့သည်လည်း သာသနာ့ခရီးစဉ်ကို အပြီးအဆုံးအထိ လျှောက်ခဲ့ကြသူများ ဖြစ်ကြပါပေသည်။ တရားသဘင် ဆင်ယင်ကျင်းပရာတွင် ဘုရားရှင်၏ လက်ယာတော်က ဝန်းရံခစား ရသော မဟာသာဝက လေးဆယ်တွင် အပါအဝင်ဖြစ်ကြပေသည်။

အရှင်ကိမိလသည် များသောအားဖြင့် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယတို့နှင့် အတူ ပါစီနဝံသတောကျောင်းမှာ အနေများ၏။ လူသံသူသံတိတ်ဆိတ်၍ အေးချမ်း

http://www.dhammadownload.com

ငြိမ်သက်သောတောရကျောင်းတွင်အေးချမ်းငြိမ်သက်လှစွာသော အမြိုက်ချမ်းသာဖြင့် အတူတကွနေလာကြသော သီတင်းသုံးဖော်များကိုကြည့်ကာ ဤသို့ ဥဒါန်းကျူးတတ်ပေသည်။

"သကျတို့၏ သားကောင်းရတနာ သီတင်းသုံးဖော်တို့သည် များလှစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်ခွာလာခဲ့ကြကုန်၍ ကောင်းဆိုး ယုတ်မြတ် ဆွမ်းခံ၍ ရတတ်သမျှသော ဆွမ်းဘောဇဉ်တို့ဖြင့် ရောင့်ရဲကုန်လျက် ပါစိနဝံသတောကျောင်း၌ မွေ့လျော်ကြကုန်၏။

"မဆုတ်မနစ် အားသစ်သော လုံ့လဝီရိယတို့၏ သခင် အရှင်မြတ်တို့သည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ လောကီအာရုံ၊ ကာမဂုဏ်တို့နှင့် မရောမယှက် ဓမ္မသက်သက်ဖြစ်သော မွေ့လျော်ခြင်းဖြင့် တောကျောင်းမှာ စံပျော် နေကြလေကုန်၏"

(ကိမိလ ထေရဂါထာ)

အရှင်ဘဂုမှာလည်း သကျမင်းညီမင်းသား တို့၏ စည်းစိမ်ဥစ္စာကို စွန့်ရကျိုးနပ်သူ ဖြစ်ပါ၏။ ဘုရားရှင်ကိုယ်တော်မြတ် ချမှတ်တော်မူခဲ့သော သာသနာ့လမ်းကြောင်းကို အဆုံးတိုင် လျှောက်လာခဲ့ပြီးနောက် မိမိလျှောက်လာခဲ့သော ခရီးကို ပြန်လည်၍ ကြည့်ရှုကာ ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံးဖြင့် မကြာ မကြာ ဥဒါန်းကျူးတတ် ပါပေသည်။

"တရားနှလုံးသွင်းရင်း ငိုက်မျည်း၍လာသောကြောင့် ငါသည် ကျောင်းထဲမှ ထွက်၍ စင်္ကြံလျှောက်လိုက်ရာ ထိုစင်္ကြံဦးမှာပင် လဲကျ၏။

"ငါသည် ဖုန်မှုန့်များကို သုတ်သင်ကာ စင်္ကြံလမ်းပေါ်သို့ တစ်ခါပြန်၍ တက်၏။ နှစ်ပြန် သုံးပြန်လောက် လျှောက်မိလျှင်ပင် ငါ၏ အတွင်းစိတ်သန္တာန်သည် တည်ကြည်ငြိမ်သက်၍ လာ၏။

"ထိုအခြေအနေမှ အားပြု၍ ငါသည် အသင့်အားဖြင့် နှလုံးသွင်းနေ၏။ ထိုစဉ်တွင်လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်များကို ထင်းထင်းကြီးမြင်လာ၏။ ထိုအာရုံတို့၌ ငြီးငွေ့ခြင်း ဖြစ်ပေါ်လာ၏။

"ထိုမှ တစ်ဆင့်တက်၍ ငါ၏စိတ်သည် လောကီအာရုံ ကာမဂုဏ်တို့မှ လွတ်မြောက်ခဲ့ပေပြီ။ ဝိဇ္ဇာဉာဏ်သုံးပါးကို ရခဲ့ပေပြီ။ ဘုရားရှင်၏ အဆုံးအမတော်ကို ကောင်းစွာလိုက်နာ၍ ပြီးပေပြီ။ အို.... သီတင်းသုံးဖော်များတို့၊ တရားတော်၏ ကောင်းမြတ်သော ဂုဏ်ကို ရှုမြင်သုံးသပ်ကြပါကုန်လော့"

(ဘဂုထေရ ဂါထာများ)

ကျွန်ုပ်နှင့်အတူတကွ ရဟန်းပြုလာကြသော သီတင်းသုံးဖော်များအနက် ငါးပါးကို တင်ပြခဲ့ပြီးပါပြီ။ နောက်ဆုံးဖော်ပြရန် ကျန်နေသေးသော သတင်းသုံးဖော်

http://www.dhammadownload.com

မှာကား အရှင်ဒေဝဒတ်ပင် ဖြစ်ပါ၏။ အရှင်ဒေဝဒတ်ကား ယသော်ဓရာ၏ မောင် ဖြစ်သဖြင့် ဘုရားရှင်၏ ယောက်ဖဟောင်းလည်း ဖြစ်၏။ ကျွန်ုပ်ကဲ့သို့ပင် ဘုရားရှင်၏ တစ်ဝမ်းကွဲညီတော်လည်း ဖြစ်ပေသည်။ သို့သော် အရှင်ဒေဝဒတ်ကား ကျွန်ုပ်တို့နှင့် ကိုယ်သာတူ၍ စိတ်မတူပါချေ။

ရဟန်းပြုခါစက ရရှိထားသော လောကီစွာန်တန်ခိုးမျှဖြင့် ရဟန်းတို့ကျင့်ထုံးကို အဆုံးသတ်ကာ ရာဇဂြိုဟ်နန်းတွင်းမှာ ကျက်စား၍ နေပါပြီ။ ရာဇဂြိုဟ်၏ ထီးနန်းဆက်ခံရေးတွင် အလားအလာရှိသော အဇာတသတ်မင်းသားကို သူကောင်းကောင်းကြီး သိမ်းသွင်း၍ ထားနိုင်ပါပြီ။

ထို့ကြောင့်ပင် မဟုတ်ပါလော။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တစ်တွေ ကောသလတိုင်း သာဝတ္ထိမြို့တော်အနီး ဇေတဝန်ကျောင်းတော်ကြီးသို့ သွားကြရန် ပြင်ဆင်နေချိန်တွင် ထိုအရှင်ကား ဆွမ်းစားရာမှပင် ထမလာချေ။ အိမ်ရှေ့မင်း ပို့လွှတ်သော ဆွမ်းအုပ်ငါးရာကို သူ့ အသင်းအပင်းပေါင်းများစွာဖြင့် ပျော်ပျော်ကြီး စားနေဆဲသာ ဖြစ်ပါ၏။

ဘုရားရှင်၏ နောက်တော်ပါး၌ ကျွန်ုပ်တို့တတွေ အစီအရီ လိုက်ပါ၍လာကြ၏။ အရှင်ဒေဝဒတ်နှင့် အပေါင်းပါတို့သည်ကား ဆွမ်းစားကျောင်းမှာ စကား ကောင်းနေကြဆဲပါတကား။

(ဝိနည်းစူဠဝဂ်၊ သံဃာဘေဒကက္ခန္ဓက)

***

http://www.dhammadownload.com

ဇေတဝန်ကျောင်းတော်

ပထမကျောင်းရာမြေဖြစ်သော ဝေဠုဝန် ဥယျာဉ်မှာပင် ဗိမ္မိသာရမင်းသည် စုလစ်မွန်းခွန် တပ်သော တိုက်ကျောင်းကြီးဆောက်၍ လှူပါ၏။ ကျောင်းနှင့်ပတ်သက်သမျှ အသုံးအဆောင်များကိုလည်း လှူပါ၏။ တရားအသိလျှင် ရှေ့သွားရှိသော အဓိဂမသဒ္ဓါဖြင့် ဘုရားရှင်နှင့် ရင်းနှီးစွာ ဆက်ဆံကိုးကွယ်လာခဲ့သဖြင့် ဘုရားကျောင်းဒါယကာ ဘုရင်ကြီး ဗိမ္မိသာရဟူ၍လည်း ကျော်ကြားလှပါ၏။ သို့သော် ထိုကျောင်းဒကာကြီးထက် စောစီးစွာ ကျောင်းဆောက်လှူဒါန်းခွင့်ရသူတစ်ဦးကား ရှိနေပါသေး၏။

သစ်ပင်ရိပ်စသည်ကို ကျောင်းအိပ်ရာနေရာသဖွယ်ရောင့်ရဲ၍ နေလာကြသော ရဟန်းတို့ကို ရာဇဂြိုဟ်မြို့က ဝိသာလသူဌေးကြီးမြင်လေရာ၊ ဘုရားရှင်က ကျောင်းဆောက်ခွင့်ပြုလျှင် အသိပေးပါဟု ပန်ကြားခဲ့၏။ ဘုရားရှင်က ကျောင်းဆောက်ခွင့်ပြုတော်မူသည်တွင် ကျောင်းပေါင်းခြောက်ဆယ်ကို အဆောတလျင် ဆောက်ကာ ဘုရားရှင်ထံ အပ်နှံ၏။ ဘုရားရှင်က သာသနာတော်တွင်းသို့ ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့ဖြစ်သော အရပ်လေးမျက်နှာမှ ရှိရှိသမျှ သံဃာတော်အားလုံးထံ လှူဒါန်းရန် မိန့်တော်မူ၏။ မိန့်တော်မူသည့်အတိုင်း ဝိသာလသူဌေးက ရေစက်ချလှူဒါန်းရာတွင် ဘုရားရှင်က ကျောင်းအနုမောဒနာတရားများ ဟောကြားတော် မူပေသည်။ ခမ်းနားထည်ဝါသော တိုက်ကျောင်းကြီး မပြီးသေးမီတွင် ရဟန်းများ ချမ်းချမ်းသာသာ နေခွင့်ရကြပေပြီတည်း။

ထိုဝိသာလ သူဌေး၏နှမ ပုညလက္ခဒေဝီသည် အနာထပိဏ်သူဌေးနှင့် အကြောင်းပါ၏။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် ရောင်းရေးဝယ်တာကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယောက်ဖရှိရာ ရာဇဂြိုဟ်သို့ နှစ်စဉ်နှစ်တိုင်း ရောက်နေကျဖြစ်၏။ နှမနှင့်စပ်ပါမှ ယောက်ဖတော်ရသည် ဖြစ်စေကာမူဝိသာလသည် အနာထပိဏ်ကို ညီအစ်ကိုအရင်းတမျှ ချစ်ခင်၏။ အနာထပိဏ် ရောက်လာ

http://www.dhammadownload.com

သည်ကိုပင် အခြားကိစ္စများ မည်မျှပင် အရေးကြီးကြီး၊ ရှိသမျှကိစ္စများကို ကျောခိုင်းကာ အနာထပိဏ်ကိုသာ ခရီးဦးကြိုဆိုနေကျဖြစ်၏။ အရေးတယူပြုစုနေကျ ဖြစ်၏။

သို့ရာတွင် ယခုတစ်ခေါက် ရောက်လာစဉ်မှာတော့ အနာထပိဏ်သူဌေး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာရ၏။ ခါတိုင်းအခေါက်များ၌ မိမိကို ပျာပျာသလဲ ခရီးဦးကြိုဆိုနေကျဖြစ်သော ယောက်ဖတော်သည် ဝတ်ကျေ ဝတ်ကုန်မျှပင် ခရီးဦး ကြိုဆိုခြင်း မပြုပေ။ ခါတိုင်းလို အရေးတယူ အလေးမူဖို့ကား ဝေးလေစွ။

"အမောင်တို့၊ နက်ဖြန်နံနက် စောစောကြီးထကြ။ ယာဂုကျိုကြ။ ထမင်းအိုးရော ဟင်းအိုးရော ပြိုင်တူတည်ကြ။ အမဲသားငါး ဟင်းလျာများ ပြည့်စုံအောင် ဖန်တီး ထားကြ"

အိုးကြီး အိုးငယ် ဖိုခနောက်များကြားဝယ် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း မှာ၍ထား၍ မပြီးနိုင်ပါချေ။ ရှေးကနှင့်မတူ တစ်မူထူး၍နေသော ယောက်ဖတော်အား အနာထပိဏ်က ခပ်မဆိတ်ပင် အကဲခတ်၍ နေ၏။

သို့နှင့် အလုပ်သမားများအား ထောင့်စုံအောင် မှာကြား၍ ပြီးပေပြီ။ သမီး ယောက်ဖနှစ်ယောက်လည်း တွေ့ဆုံနှုတ်ဆက်၍ ပြီးကြလေပြီ။ ဤတွင် အနာထပိဏ်က စိတ်ထဲမှာ စနိုးစနောင့်ဖြစ်လိုက်ရသော ကိစ္စကို ဖွင့်ဟ၍ မေးလေတော့သည်။

"အသို့နည်း သူငယ်ချင်း။ ချက်စရာ၊ ပြုတ်စရာတွေများလှပါတကား။ မင်္ဂလာဆောင်များ ရှိလေသလား။ ယဇ်ပူဇော်ပွဲကြီးများ ရှိလေသလား။ သို့မဟုတ်လျှင် ဗိမ္ဗိသာရမင်းကြီးကို စစ်သည် ဗိုလ်ပါများနှင့်တကွ နက်ဖြန်နံနက်စာ သုံးဆောင်ဖို့ ဖိတ်ကြားထားပါသလား"

ဖြစ်နိုင်စရာရှိသော ကိစ္စများကို တန်းစီ၍ မေးလိုက်၏။ ဝိသာလက ယောက်ဖတော်ကြီး၏ မေးခွန်းကို ပြုံးပြုံးကြီးနားထောင်ကာ-

"မဟုတ်ပါဘူး သူငယ်ချင်း။ မင်္ဂလာဆောင်စရာလည်း မရှိပါ။ ဗိမ္ဗိသာရ မင်းကြီးကိုလည်း ဖိတ်ကြားမထားပါ။ သို့သော်လည်း ပူဇော်ပွဲကြီးတစ်ခုကိုတော့ ကျင်းပဖို့ ရှိနေပါသည်။ နက်ဖြန်နံနက် သည်အိမ်မှာ ဆွမ်းဘဉ်းပေးလာကြဖို့ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ထားသည် သူငယ်ချင်း"

"သူငယ်ချင်း၊ ဘုရားဟု ဆိုလိုက်သလား"

"ဆိုလိုက်သည် သူငယ်ချင်း"

"ဘုရား.... ဘုရား.... ဘုရား"

အနာထပိဏ်၏ နှုတ်ဖျားဝယ် သည်စကားလုံးများက တရွရွသီး၍ နေကြ၏။

"ဘုရား.... ဘုရား.... ဘုရား"

http://www.dhammadownload.com

ကြားချင်လွန်းလှသော သည်အသံ။ ရွှတ်ချင်လွန်းလှသော သည်စကားလုံး။ ယခုတော့ ချိုမြိန်လှသော သည်အသံကို နားဆင်လိုက်ရပြီ။ ချိုမြိန်လှသော သည်စကားလုံးများကို ရွှတ်ဆိုလိုက်ရပြီ။ မကြုံစဖူးထူးကဲလှသော ဆုလာဘ်ကြီးကို ယနေ့ လှလှကြီး ရလေပြီ။ သည်အထဲက မိမိစိတ်ဇောသန်လွန်း၍ နားကြားများ လွဲလေသလောဟု မဝံ့မရဲ ဖြစ်ရပြန်ကာ–

"သူငယ်ချင်း၊ 'ဘုရား' ဟု ဆိုလိုက်သလား"

တစ်ခါထပ်၍ မေးလိုက်ရသေး၏။

"ဆိုလိုက်သည် သူငယ်ချင်း၊ လူ့ဘောင်လောကမှာ ဘုရားဟူ၍ ပွင့်ထွန်း၍ လာခဲ့ပြီ။ သည်မြို့အနီးက ဝေဠုဝန်ကျောင်းတော်မှာ နေတော်မူလျက် လူတန်းစား ပေါင်းစုံတို့အား တရားရေအေးတိုက်ကျွေးတော် မူနေပြီ"

"ဘုရားဟူသောအသံကို ကြားဖို့ပင် အင်မတန်ခဲယဉ်းလှသည် သူငယ်ချင်း။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ထိုဘုရားရှင်ထံသို့ ယခုသွား၍ ဖူးနှိုင်ပါမည်လော"

"ညအချိန်ရောက်နေပြီ သူငယ်ချင်း၊ နံနက်ဖြန်ကျမှ အတူတူသွားကြပါစို့"

အချိန်မတော်ပြီဆို၍သာ နေလိုက်ရ၏။ အိပ်ချိန်ရောက်၍သာ အိပ်လိုက်ရ၏။ သူ့စိတ်ကတော့ အိပ်ရာထဲမှာ မရှိပေ။ နက်ဖြန်ခါ ဘုရားဖူးသွားရမည့် ဝေဠုဝန်ဥယျာဉ်သို့သာ ရောက်၍ နေ၏။ သူ့စိတ်များက စောလွန်းနေသဖြင့် နံနက်လင်းပြီမှတ်၍ သုံးကြိမ်တိုင်တိုင် အိပ်ရာမှ ထခဲ့မိ၏။ နောက်ဆုံးအကြိမ်မှာကား အနာထပိဏ်သည် အိပ်ရာထဲပြန်မဝင်နိုင်တော့။ အသာအယာ မျက်နှာသစ်ကာ ဝေဠုဝန်ဥယျာဉ်ဆီသို့ ထွက်လာခဲ့၏။

ဝိုးတဝါးကြယ်ရောင်ဖြင့် တစ်လှမ်းခြင်းလျှောက်လာခဲ့ရာ အနားရောက်ခါမှ သုသာန်ဖြစ်နေမှန်း သိရ၏။ မသွားအပ် မလာအပ်သောအရပ်သို့ အချိန်မတော် ရောက်လာခဲ့မိ၍ ကြက်သီးဖြန်းဖြန်း ထခဲ့ရ၏။ သို့သော် ဘုရားတည်းဟူသော အာရုံဖြင့် ကိုယ့်ကိုယ်ကို အားတင်းကာ ဆက်လျှောက်လာခဲ့ရာ ဝေဠုဝန် ဥယျာဉ်အနီးရှိ ယင်းတိုက်တောသို့ ရောက်လာပေသည်။ ထိုအချိန်တွင် အရှေ့လောကဓာတ်မှ ရောင်နီဦးတို့ ယှက်သန်းလာကြပေပြီ။ ထိုရောင်နီဦးတွင် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်သည် စောစောစီးစီးထကာ စင်္ကြံလျှောက်၍ နေပါပြီလေကော။

"ဘုရား.... ဘုရား.... ဘုရားရှင်များ ဖြစ်နေမလား"

တစ်စတစ်စအားကောင်းလာသောအလင်းရောင်ဖြင့် လူသူမနီး တောကြီးအလယ်က မိမိကိုစောင့်ကြိုနေသော ပုဂ္ဂိုလ်ကို စေ့စေ့စပ်စပ်အကဲခတ်လိုက်၏။ တည်ကြည်ခံ့ညားသော ရုပ်သွင်တွင် သိမ်မွေ့သောအမူအရာကို ရှုမြင်ရခြင်းအားဖြင့် မိမိကြားထားရသော စကားနှစ်လုံး၏ ပိုင်ရှင်ဖြစ်မှန်း သိလိုက်ပါပြီ။

http://www.dhammadownload.com

"ဘုရား.... ဘုရား.... ဘုရား"

ရွရွညင်သာ ရွတ်ဆိုလျက် အနာထပိဏ်သည် အသာအယာ ချဉ်းကပ်၍ လာ၏။ ဘုရားရှင်သည် စကြိုလမ်းမှ ဆင်းသက်၍ ခင်းထားသောနေရာမှာ ထိုင်တော်မူလျက်

"လာခဲ့ပေတော့ သုဒတ္တ။ လာခဲ့ပေတော့ သုဒတ္တ"

ရွေ့နှုတ်တော်မှ ထုတ်ဖော်ကာ ဖိတ်ခေါ်တော်မူလိုက်၏။

သုဒတ္တဟူသည်မှာ အနာထပိဏ်၏ ငယ်နာမည်ဖြစ်၏။ လူလားမြောက်၍ မိမိကိုယ်တိုင် စီးပွားဥစ္စာရှာဖွေကာ ခိုကိုးရာမဲ့သောသူဆင်းရဲတို့အား ထမင်းရိက္ခာများ ပေးတတ်သဖြင့် သုဒတ္တမှတစ်ဆင့် အနာထပိဏ်ဟု ကျော်စောလာရခြင်း ဖြစ်ပေသည်။

မိမိငယ်နာမည်ကို တရင်းတနှီး ခေါ်လိုက်သည်ကို ကြားရသည်နှင့် အနာထပိဏ်သည် ဝမ်းသာအားရဖြစ်ကာ ဘုရားရှင်၏ ခြေတော်အစုံဝယ် ဦးခိုက်ရှိခိုးလေတော့သည်။ အကြိမ်ကြိမ်အခါခါ အားပါးတရ ဦးခိုက်ရှိခိုးပြီးမှ–

"အရှင်ဘုရား၊ ချမ်းသာစွာ အိပ်ရပါ၏လော"

စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေရသော ကိစ္စတစ်ခုကို ဖွင့်ဟ၍ လျှောက်ထား လိုက်၏။

မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်တို့သည် ခမ်းနားလှသော တိုက်အိမ်ကြီးများတွင် လောကစည်းစိမ်ကို ခံစားလျက် ချမ်းသာစွာ အိပ်စက်နေကြရ၏။

ယခု သည်အရှင်မြတ်ကြီးမှာကား တိုက်မရှိ၊ အိမ်မရှိ၊ အမိုးအကာ ဗလာ နတ္တိ။ တောအလယ်မှာတစ်ပါးတည်း စကြိုကြွလျက်သာရှိကြ၏။ ညချမ်းအခါတုန်းက သည်အရှင်မြတ်သည် ချမ်းချမ်းသာသာ အိပ်မှ အိပ်ခဲ့ရပါ၏လော။

အနာထပိဏ်၏ သံသယမြူမှုန်ကို ဘုရားရှင်က ဓမ္မရေစင်ဖြင့် ဆေးကြော၍ ပေးတော်မူပေသည်။

"အိမ်ရှင်သူဌေး၊ အကြင်သူသည်။ ကိလေသာမီး ငြိမ်းပြီးသူဖြစ်၏။ မကောင်းမှုကို အပယ်ပြုပြီးသူဖြစ်၏။ ကာမဂုဏ်အာရုံတို့၌ မလိမ်းကျံ မကပ်ငြို။ ငြိမ်းချမ်းခြင်းသို့ ဆိုက်ရောက်သည်ဖြစ်၍ ဥပဓိမရှိတော့ပေ။ ထိုသူသည် အခါ ခပ်သိမ်း ချမ်းသာစွာအိပ်ရပေသည်။

"အိမ်ရှင်သူဌေး၊ အကြင်သူသည် ကပ်ငြိတတ်သော တဏှာအလုံးစုံကို ပယ်ဖြတ်၍ စိတ်ပုပန်ခြင်းကို ပယ်ဖျောက်၍ အေးရာငြိမ်းရာ နိဗ္ဗာန်သို့ စိတ်ဖြင့် ရောက်၍ ငြိမ်းချမ်း၏။ ထိုပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရပေသည်"

အနာထပိဏ်သူဌေးက စကားစပ်လာသည့်အတိုင်း ချမ်းသာစွာအိပ်ရ၏ဟု ဟောတော်မူခြင်း ဖြစ်၏။ ဣရိယာပုထ်လေးပါးတွင် အိပ်ခြင်းတစ်ခုကိုမှတ်၍

http://www.dhammadownload.com

ဆိုသော်လည်း သဘောအဓိပ္ပာယ်အားဖြင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းတို့မှာလည်း ချမ်းသာသည်သာ ဖြစ်ပေသည်။

ဤဒေသနာတော်အရ ဣရိယာပုထ်လေးပါးမှာပင် ချမ်းသာစွာနေရ၏ဟု သိရှိရ၏။ ဤတွင် ချမ်းသာခြင်းဟူသည် အဘယ်နည်းဟု မေးရန် ရှိလာပေသည်။ ချမ်းသာခြင်းဟူသည်မှာ အခြားမဟုတ်ပါချေ။ စိတ်ပူပန်မှု မရှိခြင်းပင် ဖြစ်၏။ တစ်ဖန် ထိုသို့စိတ်ပူပန်မှုကင်းခြင်းမှာ အဘယ်ကြောင့်နည်းဟု မေးစရာ ပေါ်လာပြန်သည်။ ကပ်ငြိတတ်သော တဏှာအလုံးစုံကို ပယ်ဖြတ်ပြီး ဖြစ်သောကြောင့်ဟူ၍ ဒေသနာတော်ကပင် အဖြေပေး၍ ထားပေသည်။ ပထမ-ဒေသနာတော်၏ သဘောအဓိပ္ပာယ်မှာလည်း ထပ်တူထပ်မျှပင် ဖြစ်ပေသည်။

"အေးရာ ငြိမ်းရာ နိဗ္ဗာန်သို့ စိတ်ဖြင့်ရောက်၍" ဟူသောပုဒ်ဖြင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါးကိုပြဆိုတော်မူ၏။ "စိတ်ပူပန်ခြင်းကိုပယ်ဖျောက်၍" ဟူသော ပုဒ်ဖြင့် ဒုက္ခသစ္စာကိုပြဆိုတော်မူ၏။ "ကပ်ငြိတတ်သော တဏှာအလုံးစုံကို ပယ်ဖြတ်၍"ဟူသော ပုဒ်ဖြင့် သမုဒယသစ္စာကို ပြဆိုတော်မူပေသည်။

သစ္စာလေးပါးဖြင့် တန်ဆာဆင်အပ်သော ဤဒေသနာတော်ဖြင့် အနာထပိဏ်သူဌေး၏ အရိယာဘဝသည် ဤနေရာမှပင် စတင်မွေးဖွားလာတော့သည်။ ဒေသနာတော်ပေါင်း မြောက်မြားစွာကို ဟောကြားရာဌာန သာစွအမွန် ဇေတဝန်ကျောင်းတော်၏ မူလအစသည်လည်း ဤနေရာမှပင် ဖြစ်ထွန်းလာခဲ့ပါ၏။

ထိုနေ့ထိုနေရာ၌ ဘုရားရှင်နှင့် တွေ့ဆုံရပုံသည် ကျွန်ုပ်တို့ ကျောင်းဒါယကာ အနာထပိဏ်သူဌေး ပြော၍မပြီး၊ ပြောပြီးရင်းပြောချင်နေသော ကိုယ်ပိုင်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပါ၏။ ဤဇာတ်လမ်းကို ကျွန်ုပ်က ဤသို့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခြင်းမှာ ကျောင်းဒါယကာကြီးက မကြာခဏ ပြောပြထား၍ ဖြစ်ပါသည်။

ဇေတဝန်ကျောင်းတော်၏ မူလအစ ဇာတ်လမ်းကို တစ်ဆင့်စကားများဖြင့် မှတ်တမ်းတင်ပြီးနောက် ယခု ကျွန်ုပ်တို့ကိုယ်တွေ့ ဇေတဝန်ကို တင်ပြပါတော့မည်။

ထိုနေ့ နံနက်စောစောက ဘုရားရှင်နှင့် တွေ့ဆုံပြီးနောက် ဝိသာလ သူဌေးပင့်ဖိတ်ထားခဲ့သဖြင့် ဘုရားရှင်နှင့် ကျွန်ုပ်အပါအဝင် ရဟန်းပေါင်းများစွာ ဝိသာလ၏ နေအိမ်သို့ ဆွမ်းစားသွားကြရ၏။ ဆွမ်းကိစ္စများအပြီးတွင် အနာထပိဏ်သူဌေးက သူနေထိုင်ရာ သာဝတ္ထိမြို့တော်သို့ ကြွရောက်၍ သံဃာတော်များနှင့် အတူတကွ ဝါဆိုတော်မူပါရန် ပန်ကြားလေရာ ဘုရားရှင်က-

"အိမ်ရှင် သူဌေး၊ ဘုရားရှင်တို့မည်သည် လူသံ သူသံ ဆိတ်ငြိမ်ရာဌာန၌ မွေ့လျော်ကြကုန်၏"

ကျောင်းဆောက်ရန် သင့်လျော်သော နေရာကို ညွှန်ကြားတော်မူခြင်းဖြင့် လက်ခံတော်မူလိုက်ပေသည်။

http://www.dhammadownload.com

ထိုနေ့က ဝန်ခံတော်မူခဲ့သည့်အတိုင်း ယခု ကျွန်ုပ်တို့ ဒေသစာရီ လှည့်ကြရပါပြီ။ ဘုရားရှင့် နောက်တော်ပါးက အစီအရီ လိုက်ပါလာခဲ့ကြရာတွင် တစ်ယူဇနာကွာဝေးသော စခန်းထောက် ရွာတိုင်း ရွာတိုင်း ရွာနှင့်မလိုက်အောင် ဆောက်လုပ်ထားသော ကျောင်းကြီးများကို တွေ့ကြရပေတော့သည်။

ရာဇဂြိုဟ်နှင့် သာဝတ္ထိသည် လေးဆယ့်ငါး ယူဇနာမျှ ကွာဝေး၏။ ကျွန်ုပ်တို့လည်း တစ်နေ့လျှင် တစ်ယူဇနာကျ ပုံမှန်လာခဲ့ကြရ၏။ စခန်းထောက်ရွာများသို့ ဆိုက်ရောက်တိုင်းပင် တစ်ညတာ တည်းခိုစရာ ကျောင်းကြီးများ အရန်သင့် ရှိနေကြသည်သာ ဖြစ်၏။ ဤသည်ကိုထောက်ခြင်းအားဖြင့် အနာထပိဏ်သူဌေး၏ အရှိန်အဝါကြီးမားပုံ၊ သူ့စကား အရာရောက်ပုံတို့ကို သိနိုင်ကြပေသည်။

(ဝိနည်းစူဠဝဂ် သေနာသနက္ခန္ဓက)

သို့နှင့် ကျွန်ုပ်တို့တတွေ ကောသလတိုင်း၏ မြို့တော်ကြီးသို့ ဆိုက်ရောက်လာကြ၏။ လူသံ သူသံ ရထားသံ မြင်းသံတို့ဖြင့် ဆူညံ၍နေသော ထိုမြို့ကြီးတွင် လူသုံးကုန်ပစ္စည်းမှန်က ဘာမဆို ဝယ်၍ ရနိုင်ပေသည်။ ဤသို့သော ဗျူဟာတ်ဖြင့် သာဝတ္ထိဟု အမည်တွင်လာခဲ့သော ဤမြို့ကြီးသို့ ကျွန်ုပ်တို့ ဆိုက်ရောက်လာရာတွင် ခမ်းနားသိုက်မြိုက်လှသော ကြိုဆိုပွဲကြီးနှင့် ကြုံရပေသည်။

ကျောင်းဒါယကာ သူဌေး၏သား ကာလသည် မိမိနည်းတူအဆင်တန်ဆာအပြည့်အစုံဆင်ယင်ထားသော လုလင်ပျိုငါးရာတို့နှင့် အတူတကွ အရောင်ငါးမျိုးပါသော တံခွန်များကို ကိုယ်စီကိုယ်င ကိုင်ဆောင်ကာ ရှေ့ဆုံးမှ ချီတက်၏။ သူတို့နောက်မှာကား သူဌေး၏ သမီးနှစ်ယောက် ဖြစ်သော စူဠသုဘဒ္ဒါနှင့် မဟာသုဒ္ဒါ။ သူတို့ကလည်း အပျိုဖော်ငါးရာနှင့်အတူ ရေပြည့်အိုး ကိုယ်စီရွက်လျက် လိုက်ပါကြ၏။ သူဌေးကတော် ပုညလက္ခဏဒေဝီသည် လက်ဝတ်တန်ဆာအပြည့်အစုံဖြင့် သမီးတို့နောက်က လိုက်ပါလာ၏။ သူ့နည်းတူဝတ်ဆင်လာကြသော အမျိုးသမီး ငါးရာတို့သည် ရတနာရွှေခွက်များကို ကိုင်ဆောင်လာကြပေသည်။ သူ့တို့နောက်မှာတော့ ကျောင်းဒါယကာ သူဌေးကြီးတို့ အလှည့်ဖြစ်၏။ အသစ်စက်စက် အဝတ်များကို ဝတ်ဆင်လာကြသော အမျိုးသား ငါးရာနှင့်အတူ ကြည်လင်ရွှင်ပျသော မျက်နှာဖြင့် ကျောင်းဒါယကာကြီး လိုက်ပါလာပေသည်။

ကျောင်းဒါယကာကြီးတို့၏ ပရိသတ်ကို ရှေ့သွားပြုကာ ဘုရားရှင်ကြွချီတော်မူရာတွင် ကျွန်ုပ်တို့ သံဃာတော်များလည်း အစီအရီ လိုက်ပါကြရ၏။

(အပါဒါန်အဋ္ဌကထာ၊ သန္တိကေနိဒါန်း)

ကြိုဆိုပွဲကြီး သိုက်မြိုက်စည်ကားသကဲ့သို့ပင် ကျောင်းဝင်းကြီး တစ်ခုလုံးမှာလည်း လှက်ညှိုးထိုးမလွဲဟု ဆိုရလောက်အောင် ကျောင်းအဆောက်အအုံများ

http://www.dhammadownload.com

အစီအရီ ရှိနေကြပါ၏။ ဘုရားရှင်နှင့်သံဃာတော်များအတွက် ကျောင်းတော်ကြီးများ၊ အုတ်တဲတိုင်းကြီးများ၊ တဲခါးမုခ်များ၊ စည်းဝေးရာဇရပ်များ၊ မီးတင်းကုတ်များ၊ ပစ္စည်းထားသိုရာ ကပ္ပိယကုဋိများ၊ ကုဋိအိမ်များ၊ စင်္ကြံလမ်းနှင့် စောင်းတန်းများ၊ ရေတွင်းနှင့် ရေတွင်းရုံများ၊ အမိုးအကာနှင့်တကွသော ရေချိုးရုံများ၊ ရေကန်များ၊ မဏ္ဍပ်များ၊ သူ့နေရာနှင့်သူ နေသားတကျ ရှိနေကြပေသည်။

(ဝိနည်း စူဠဝဂ်၊ သေနာသနက္ခန္ဓက)

ဤမျှများပြားလှသော ကျောင်းအဆောက်အအုံများတွင် ကောသလတိုင်း၏ အရှင် ပဿေနဒီကောသလမင်းကြီး၏ ကျောင်းတစ်ဆောင်ပါပေသည်။ ဇေတဝန် ကျောင်းတိုက်ကြီးအတွင်း၌ ကရေရိကုဋ်၊ ကောသမ္ဗကုဋ်၊ ဂန္ဓကုဋိနှင့် သလဠာဂါရ ဟူ၍ အဓိကရ ကျောင်းကြီးလေးကျောင်း ရှိရာတွင် သလဠာဂါရမှာ ပဿေနဒီ ကောသလမင်းကြီး၏ ကောင်းမှု ဖြစ်ပေသည်။

(ဒီဃနိကာယ်၊ မဟာပဒါနသုတ် အဋ္ဌကထာ)

ကျောင်းတိုက်အတွင်းမှာ ကောသလမင်းကြီး၏ ကောင်းမှုတစ်ခု ပါဝင်သကဲ့သို့ ကျောင်းအဝင် တဲခါးမုခ်ကြီးမှာလည်း ကောင်းမှုရှင်တစ်ဦးကို ကျောင်းဒါယကာကြီးက ခွင့်ပြုထားရ၏။ သူကား တန်ခိုးဩဇာအရှိန်အဝါကြီးသော ဇေတမင်းသားပင် ဖြစ်၏။ ဤဥယျာဉ်၏ ပိုင်ရှင်ဟောင်းလည်း ဖြစ်၏။ ထိုပိုင်ရှင်ဟောင်း၏ အမည်ကို အစွဲပြု၍ပင် သာသနာ့သမိုင်းဝင် ကျောင်းတော်ကြီးကို ဇေတဝန် ဘွဲ့ချီသမုတ်ကြရခြင်း ဖြစ်ပေသည်။

"လူသံ သူသံဆိတ်ငြိမ်ရာ ဌာနတို့၌ မွေ့လျော်ကုန်၏"ဟု ဘုရားရှင် မိန့်တော်မူချက်အရ သင့်တင့်လျောက်ပတ်သော ကျောင်းရာမြေကို ရှာဖွေရာတွင် အနာထပိဏ်သူဌေးသည် ဤဥယျာဉ်ကို မျက်စိကျမိ၏။

သာဝတ္ထိမြို့တော်၏ အနောက်တောင်၊ ကုလလေးတာ အပြင် ငါးရာအကွာ ရှိသော ဤဥယျာဉ်သည် မြေဆီ မြေသားကောင်း၏။ သစ်ပင်ပန်းမန် မျိုးစုံ၏။ ရေတွင်းရေကန်တို့ ပြည့်စုံ၏။ သွားလမ်း လာလမ်း သာယာ၏။ ဂုဏ်တော်မြတ် ဘုရား နှစ်သက်လောက်သော ကျောင်းရာမြေဖြစ်သည်မို့ အဖိုးအခမည်မျှပင် ကြိုးပါစေ၊ အရဝယ်ယူလှူဒါန်းမည်ဟု ဆုံးဖြတ်လိုက်၏။

သို့နှင့်ကျောင်းဒါယကာလောင်း သူဌေး အနာထပိဏ်သည် ဇေတမင်းသားထံ ချဉ်းကပ်ခဲ့၏။ ဥယျာဉ်တော်ကို ကျောင်းရာမြေပြုနိုင်ရေးအတွက် ဝယ်ယူလိုပါကြောင်း စကားကမ်းလှမ်းခဲ့၏။ ဤတွင် ဇေတမင်းသား၏ ဇာတိမာန်က စကားဆိုလာလေတော့သည်။

http://www.dhammadownload.com

သည်မြို့.သည်နယ်၊ သည်နိုင်ငံ၌ သူတို့နှစ်ဦးမှာ ထပ်တူထပ်မျှ နာမည်ကျော်ကြားသူများဖြစ်ကြ၏။ ဇေတမင်းသားက တန်ခိုးအာဏာနှင့် မျိုးရိုးဓာတိ၊ အနာထပိဏ်မှာတော့ ပစ္စည်းဥစ္စာနှင့် မိတ်ဆွေသင်္ဃာ။

ဤသို့ နာမည်တစ်လုံးနှင့် နေလာကြသူနှစ်ဦးတွင် ရောင်းသူနှင့် ဝယ်သူ မည်သူကပို၍ နာမည်ကြီးလာလေမည်နည်း။ ဧကန္တ ဝယ်သူက ပို၍နာမည်ကြီးလာပေမည်။ ရောင်းသူမှာ အသပြာများများရလေ ဝယ်ရသူ၏ ဂုဏ်သတင်းက ပို၍ ပျံ့.လေ။ "ဤရွှေ.ဤမျှပေးကာ သူမို့.ဝယ်နိုင်ပေသည်ဟု"ချီးကျူးသြဘာပေးကြပေမည်။ ထို့ကြောင့်အရောင်းအဝယ်စကား တစ်ခါတည်းလမ်းစပိတ်စေတော့ဟူသော သဘောဖြင့် "ဤဥယျာဉ်ကို ရွှေဂင်္ဂါးအပြည့်ခင်းပေးသော်မှမရောင်းနိုင်ပါ"ဟု တစ်ချက်လွှတ် ငြင်းဆိုလိုက်ပေသည်။

ဇေတမင်းသား၏ လမ်းပိတ်စကားသည် အနာထပိဏ်သူဌေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤငြင်းဆိုချက်စကားကို ကိုင်စွဲလျက် အနာထပိဏ်သူဌေးသည် တရားရုံးတော်သို့.တက်ခဲ့၏။ ပိုင်ရှင်မင်းသားက မိမိကို ရောင်းချပြီးခဲ့ပါပြီဟု လျှောက်လဲလိုက်၏။ ကောသလတိုင်း၏ တည်ဆဲဥပဒေများအရ တစ်စုံတစ်ခုသောအရာဝတ္ထုကို ပိုင်ရှင်က တန်ဖိုးဖြတ်လိုက်လျှင် အရောင်းအဝယ်မြောက်ပြီး ဖြစ်၏။ တရားသူကြီးက ဇေတမင်းသားကို စစ်ဆေးရာတွင် ရွှေဂင်္ဂါးအပြည့်ခင်းပေးသော်လည်း မရောင်းပါဆိုခဲ့ကြောင်း ထွက်ဆို၏။ ဤစကားသည် တန်ဖိုးဖြတ်ရာ ရောက်နေသဖြင့် တရားသူကြီးများက အနာထပိဏ်သူဌေးကို အနိုင်ပေးလိုက်ကြပေသည်။

တရားရုံးမှာ အနိုင်ရပြီးသည်နှင့် အနာထပိဏ်သူဌေးသည် ဘဏ္ဍာတိုက်ထဲမှ ရွှေဂင်္ဂါးများကို လှည်းပေါင်းများစွာဖြင့် ထုတ်ဝေကာ ဥယျာဉ်တော်အစပ်မှ စ၍ ခင်းစေ၏။ သစ်ပင်များရှိရာသို့ ရောက်လျှင် ရှိသမျှ သစ်ပင်တိုင်း၏ အခြေမှ လုံးပတ်ကိုတိုင်းယူကာ ကွင်းပြင်တစ်နေရာမှာအစားခင်း၍ပေး၏။ ရွှေဂင်္ဂါးပြားများကို တစ်ခုနှင့်တစ်ခု ကြားလပ်မရှိအောင် ခင်းပေးရသဖြင့် လှည်းပေါင်းများစွာဖြင့် တိုက်ယူလာသော ရွှေဂင်္ဂါး တစ်ဆယ့်ရှစ်ကုဋေလုံး ကုန်သွား၏။ တဲခါးပေါက်ပတ်ဝန်းကျင်၌ ခင်းစရာကွက်လပ် အနည်းငယ်မျှ ကျန်နေ၏။ အနာထပိဏ်သူဌေးသည် ထိုကွက်လပ်အတွက် ရွှေဂင်္ဂါးများကို နောက်ထပ် အယူခိုင်းလိုက်၏။

ဥယျာဉ်ပိုင်ရှင်ဟောင်း ဇေတမင်းသားသည် ရွှေဂင်္ဂါးများစတင်ခင်းပေးချိန်မှစ၍ သူဌေး၏ မျက်နှာကို အကဲခတ်နေ၏။ တစ်ဆယ့်ရှစ်ကုဋေတိတိများပြားလှသော ရွှေဂင်္ဂါးများကိုခင်းကာ မတန်တဆဝယ်ယူရသော်လည်း သူ၏ မျက်နှာကား တစ်ချက်ကလေးမျှ မညှိုးနွမ်းချေ။ သူပြုလိုသော ကုသိုလ်ထည်ကို စိတ်တိုင်းကျ ပြုခွင့်ရပြီမို့ ပျော်တပြုံးပြုံးဖြစ်လျက်သာ ရှိပေသည်။ သည်တစ်ဆယ့်ရှစ်ကုဋေဖြင့်

http://www.dhammadownload.com

မလောက်သေး၍ နောက်ထပ်အယူခိုင်းရာ၌လည်း တွန့်တိုသော အရိပ်အယောင်လုံးဝ မပေါ်လာပေ။

"သည်မျှလောက်များပြားလှသော ဥစ္စာများကို ရက်ရက်ရောရောသွန်ချ၍ လှူဒါန်းခြင်းမှာ ဇကန္တ ကြီးကျယ်မြင့်မြတ်သော အကျိုးကျေးဇူးရှိ၍သာ ဖြစ်ပေလိမ့်မည်"

သဒ္ဓါတရား ထက်သန်လှသော ကျောင်းဒါယကာကြီးကို အံ့ကဲခတ်ရင်း ဇေတမင်းသားသည် ဤသို့ တွေးတောမိကာ

"အိမ့်ရှင်သူဌေး၊ မခင်းပါနှင့်တော့။ သည်နေရာမှာ ရွှေဒင်္ဂါးများ မခင်းပါနှင့်တော့။ ကျွန်ုပ်၏ ကုသိုလ်ကောင်းမှုအဖြစ် သည်နေရာကို ပေးပါတော့"

"ပေးပါသည် အရှင့်သား"

ဤနိုင်ငံတော်တလွှား၌ ဇေတမင်းသားသည် ထင်ရှားကျော်ကြားသူဖြစ်၏။ သူလိုပုဂ္ဂိုလ်တစ်ယောက် သာသနာတော်ကြီး၌ ဒသင်္ဂလာလျှင် အကျိုးကျေးဇူးများနိုင်သည်ဟု နှလုံးပိုက်၍ ခွင့်ပြုလိုက်ခြင်း ဖြစ်ပေသည်။

အနာထပိဏ်သူဌေးသည် ကျောင်းတော်ကြီး၏ ဤသို့သော သမိုင်းအကြောင်းများကို ပြန်လည်လျှောက်ထားကာ ဆက်လက်၍

"တပည့်တော်၏ ခွင့်ပြုချက်အရ သူရဂိုဏ်းသောနေရာမှာ ဇေတမင်းသားက တံခါးမုခ်တစ်ခု ပြုလုပ်ထားပါသည် ဘုရား။ သို့ဖြစ်၍ ဤကျောင်းတော်ကိုလည်း မင်းသား၏ အမည်ဖြင့် ဇေတဝန် ဟူ၍ပင် ကမ္ဘည်းမော်ကွန်းထိုးလိုက်ပါသည်။ ဤကျောင်းတော်ကြီးကို မည်သို့လှူရပါမည်နည်း"

"အိမ့်ရှင်သူဌေး၊ ဤဇေတဝန်ကျောင်း တိုက်တာကို သာသနာတော်တွင်းသို့ ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့ဖြစ်သော အရပ်လေးမျက်နှာများမှာ ရှိရှိသမျှ သံဃာအား လှူလေလော့"

"ကောင်းပါပြီ ဘုရား"

ဘုရားရှင် မိန့်တော်မူသည့်အတိုင်း အနာထပိဏ်သူဌေးက ရွှေကရားဖြင့် ရေစက်သွန်း၍ လှူဒါန်းလိုက်ပေသည်။

ဤကျောင်းရေစက်ချပွဲ၌ ဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူခဲ့သော ကျောင်းအနုမောဒနာတရားမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"ကျောင်းဟူသည် အချမ်း အပူကို သက်သာစေ၏။ မှက်၊ ခြင်၊ ကင်း၊ သန်းတို့ကို ကာကွယ်တတ်၏။ မြွေနှင့်သားရဲတိရစ္ဆာန်တို့၏ ဘေးရန်ကိုလည်း ပယ်ဖျောက်တတ်၏။

"ကျောင်းဟူသည် သည်းထန်သော မိုးဒဏ်၊ လေဒဏ်၊ အရှိန်ပြင်းလှသော နေပူဒဏ်တို့ကို ကာကွယ်၍ ပေးတတ်၏။

http://www.dhammadownload.com

"ကျောင်းဟူသည် သံဃာတော်အရှင်မြတ်တို့၏ ချမ်းသာစွာ သီတင်းသုံးရန်၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများရန် ဖြစ်၏။

"ကျောင်းအလှူကို အမြတ်ဆုံးဟူ၍ ငါဘုရား ဟောကြားတော်မူ၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွား ဖြစ်ထွန်းမည့်အကြောင်းကို မြော်မြင်တတ်သော ပညာရှိသည် မွေ့လျော်ဖွယ်ကောင်းသော ကျောင်းတို့ကို ဆောက်လုပ်ရာ၏။ ထိုကျောင်း၌ သီရေး၊ မြင်ရေး၊ တရားပေးနိုင်သော ရဟန်းများကို တင်လှူကိုးကွယ်ကြရာ၏။

"တရားတော်အတိုင်း ဖြောင့်မှန်စွာ သီတင်းသုံးတော်မူကြသော ထိုရဟန်းတို့အား ကြည်လင်သော စိတ်စေတနာဖြင့် လေးပါးသော ပစ္စည်းတို့ကို ထောက်ပံ့လှူဒါန်း ကြရာ၏။

"ထိုကျောင်းနေ ရဟန်းတို့သည် မိမိတို့ ကျောင်းဒါယကာအား ဆင်းရဲဒုက္ခ ဟူသမျှမှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို ဟောကုန်ရာ၏။ ကျောင်းဒါယကာသည် မိမိဆရာများထံမှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို အသိအမြင် ပေါက်ရောက်သည်ဖြစ်၍ အာသဝတရားတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာငြိမ်းရာသို့ လက်ငင်း လက်တွေ့ရောက်နိုင်ပေတော့သတည်း"

ကျောင်းလှူရသောအကျိုးတရားအဖြစ်ဖြင့် လက်ငင်းဘဝမှာဇကန်ရရှိနိုင်သော အမြတ်ဆုံးချမ်းသာကို ဖော်ညွှန်းတော်မူခဲ့ပုံမှာ အားရစရာကောင်းလှပါပေသည်။

(ဝိနည်း စူဠဝဂ်၊ သေနာသနက္ခန္ဓက)

**

http://www.dhammadownload.com

အရှင်မဟာသာရိပုတ္တရာ၏ ကျေးဇူးသိစိတ်

ကျွန်ုပ်တို့ စိတ်နှလုံးကို ပွားများစေတတ်သော သီတင်းသုံးဖော် အရှင်မြတ်များက ကျွန်ုပ်ကို "ပိဋကတ်သုံးပုံဆောင်"ဟူသော ဂုဏ်ထူး ဘွဲ့ထူးဖြင့် ချီးမြှောက်ခဲ့ကြပါသည်။ "တရားဘဏ္ဍာတိုက်စိုး" ဟူ၍လည်း တစ်နည်းတစ်ဖုံ ဂုဏ်တင်၍ ပေးကြပါသေးသည်။

တစ်သက်တာပတ်လုံး လေ့လာဆည်းပူးလာခဲ့သော စာပေ ပရိယတ်များ အတွက် ထိုကဲ့သို့သော ဘွဲ့ထူး ဂုဏ်ထူးများကို ထိုက်တန်စွာရခဲ့သည် မှန်ပါ၏။ သို့ရာတွင် ဤသို့ရခဲ့ခြင်းမှာ ကျွန်ုပ်၏ စွမ်းအားသတ္တိ တစ်ခုတည်းကြောင့် မဟုတ်ပါ။ ဘုရားရှင်နှင့်တကွ တရားစစ်ဗိုလ်ချုပ်ကြီး ဖြစ်ပေသော အရှင်မဟာ သာရိပုတ္တရာတို့၏ ကျေးဇူးများကို ထိပ်ဆုံးက ဖော်ပြရပါလိမ့်မည်။

အနယ်နယ်အရပ်ရပ်၌ ပုဂ္ဂိုလ်အမျိုးမျိုးတို့အား ဟောကြားတော်မူခဲ့သော တရားတော်များကို ဘုရားရှင်က ကျွန်ုပ်ကို တစ်ဆင့် စိတ်ရှည် လက်ရှည် ပြန်လည်၍ဟောပြတော်မူခဲ့၏။ ဘုရားဟောဒေသနာတော်တို့၏ ခက်ရာခဲဆစ်များကို အရှင်မဟာ သာရိပုတ္တရာက ရှင်းလင်းဖွင့်ဆို၍ ပေးခဲ့၏။ ထိုအရှင်မြတ်ကြီးထံမှပင် အသစ်အသစ်သော တရားဒေသနာများကို ကြားနာခွင့် ရပြန်ပါသေးသည်။ ဉာဏ်ပညာအရာတွင် အလယ်အလတ်တန်းမျှသာရှိခဲ့သော ကျွန်ုပ်လို ပုဂ္ဂိုလ်မျိုးအဖို့ ဤကဲ့သို့သော အမှီကောင်းကြီးများသာ မရခဲ့ပါလျှင် သာသနာတော်၏ ထိပ်ဆုံး တန်းက ဘွဲ့ထူး ဂုဏ်ထူးကြီးများကို ဆွတ်ခူးနိုင်မည် မဟုတ်ပါချေ။

(အာနန္ဒထေရဂါထာ)

ရှေးနားကတင်ပြခဲ့သော အဂ္ဂသာဝကနှစ်ပါးတို့ ရောက်လာပုံအခန်းမှာ ထိုအရှင်မြတ်ကြီးအထံ၌ ကြားနာမှတ်သားရသည့်အထဲမှ ထုတ်နုတ်၍ တင်ပြခြင်း ဖြစ်ပေသည်။ ဤသို့ တစ်ဆင့်ကြား သုတစကားများကို အခြေခံပြီးနောက် ယခု ကိုယ်တိုင် ဒိဋ္ဌ တွေ့ထိ သိမြင်ခဲ့ရသော အကြောင်းများကို တင်ပြရပါတော့မည်။

http://www.dhammadownload.com

သာသနာ့အရိပ်အာဝါသကြီးအောက်၌ အရှင်မြတ်ကြီးနှင့် အတူတကွ နှစ်ပေါင်း လေးဆယ်ကျော် ဆက်ဆံနေထိုင်၍ လာခဲ့ရသည်နှင့်အမျှ အရှင်မြတ်ကြီး၏ ကျေးဇူးဂုဏ်တို့ကလည်း ပြောပြ၍ မကုန်နိုင်အောင် ရှိလာကြပေသည်။ ကျေးဇူးဂုဏ် အနန္တ များလှသည့် အထဲက ကျွန်ုပ် နှစ်လိုအားရ ကြည်ညိုလွန်းလှသော ကြောင်းခြင်းရာကို ပထမဦးစွာ တင်ပြပါမည်။

အယူအစွဲမျိုးမျိုးဖြင့် ကိုးကွယ်ရာ အသီးသီးရှိနေကြသော လူများစွာတို့သည် တောကိုလည်း ရှိခိုးကြ၏။ တောင်ကိုလည်း ပူဇော်ကြ၏။ နေ လ နက္ခတ် တာရာ တို့ကိုလည်း အရိုအသေပြုကြ၏။ ကမ္ဘာလောက သတ္တဝါအနန္တ တို့ကို ဖန်ဆင်း သည်ဆိုသော အရှင်သခင်များကိုလည်း မမြင်ရပါဘဲလျက် ကိုးကွယ် ဆည်းကပ်၍ နေကြ၏။ အရာဝတ္ထု တစ်ခုခုကို သတ်မှတ်၍မထားဘဲ အရပ်မျက်နှာကို ဦးခိုက် နေသူများကလည်း ရှိကြပေသေးသည်။

အရှင်မဟာသာရိပုတ္တရာသည် အယူအစွဲဟူသမျှ လုံးဝ ကင်းစင်တော်မူသော ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက စစ်စစ်ဧကန်ဖြစ်၏။ သို့ပါလျက် အရှင်မြတ်၏ ထူးခြားသော အပြုအမူတစ်ခုကား အတွေးရခက်စရာပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့ သိတင်းငယ် ရဟန်းများ လောကတွင် ဤအပြုအမူ တစ်ခုအတွက် တီးတိုး တီးတိုး သဖန်းပိုးဖြစ်နေကြရ၏။ သို့ဆည်းဆာကြီးထဲမှ မှားယွင်းသော အယူ အဆများက ယခုတိုင် ကျန်ရှိနေသေးသလောဟု တချို့က ထင်ကြေးပေးကြ၏။

အသိအမြင်မကျယ်၊ ရဟန်းသိက္ခာငယ်ရွယ်သူများအား သို့လော သို့လော ဖြစ်စေရန် ဖန်တီး၍ ပေးနေသော အပြုအမူကား အခြား မဟုတ်ပေ။ ညချမ်းကာလ အိပ်စက်ရာသို့ ဝင်ကြစို့ဆိုလျှင် အရှင်မဟာသာရိပုတ္တရာသည် အရှင်အဿဇိရှိရာ အရပ်၌ဘာနဆီသို့ ဦးသုံးကြိမ်ချကာ ထိုအရှင်ရှိရာကိုသာ ခေါင်းပြု၍ အိပ်စက်ခြင်း ပါတည်း။

လေးစားအပ်သော မထေရ်မြတ်ကြီးဖြစ်၍ သူ့ရှေ့မှာတစ်စုံတစ်ရာဝေဖန် ခြင်း မပြုရဲကြပါ။ ကွယ်ရာမှာသာ တစ်စတစ်စ စကားကျယ်ပြန့်၍ နေကြရာမှ နောက်ဆုံးတွင်ဘုရားရှင် ရွေနားတော်ထိပေါက်ကြား၍ သွားပေသည်။ ဤတွင် ဘုရားရှင်က ကာယကံရှင်ဖြစ်သော အရှင်သာရိပုတ္တရာကို ခေါ်တော်မူကာ သံသယ ဝင်နေကြသော ရဟန်းပရိသတ်ရှေ့မှောက်တွင် မေးမြန်းတော်မူရ၏။ အရှင်သာရိ ပုတ္တရာကလည်း ဟုတ်တိုင်းမှန်စွာ တင်လျှောက်ပေသည်။ ဤတွင် ဘုရားရှင်က ရဟန်းတို့ကို နှလုံးပြုစရာ တရားတစ်ပုဒ် ဟောထုတ်တော်မူပေသည်။

"သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ တရားတော်ကို အကြင်သူထံမှ ကြားနာရ၍ တရားအသိရရှိလာခဲ့၏။ မီးကို ကိုးကွယ်သော ဗြဟ္မဏတို့သည် မီးကိုနေ့စဉ်နှင့်အမျှ ပူဇော် ကိုးကွယ်နေကြဘိသကဲ့သို့ ထိုကျေးဇူးကို အစဉ်ထာဝရ ရှိခိုးဦးချအပ်ပေသည်"

(ဓမ္မပဒ ဗြာဟ္မဏဝဂ်၊ သာရိပုတ္တထေရဝတ္ထု)

http://www.dhammadownload.com

ပညာဂုဏ်ထူးဆောင် သာဝကကြီး၏ ကတညုတ မင်္ဂလာအတွက် အနုမောဒနာ တရားတစ်ပုဒ် ဟောထုတ်တော်မူရသော ဘုရားရှင်သည် တစ်ခါတုန်းကလည်း ဤအရှင်၏ ဤမင်္ဂလာအတွက်ပင် သာဓု ခေါ်ခဲ့ရဖူးပေသည်။

ရာဓအမည်ရှိသော ဗြဟ္မဏ အဘိုးအိုတစ်ယောက်သည် သာသနာ့ဘောင်သို့ ဝင်ရောက်လိုသဖြင့် ရဟန်းများထံ အသနားခံ၏။ အရွယ် ကောင်းသူများကို အလွယ်တကူ ရဟန်းပြုပေးခဲ့ကြသော ထိုရဟန်းတို့သည် ရာဓ အဘိုးအိုအား ပြုပေးချင်စိတ် မရှိကြပေ။ သည်အဘိုးအိုမှာ အားကိုးလောက်သော အရည်အချင်းဟူ၍ မရှိ။ ခရမ်းသီးပိန်ပိန်နှင့် ဓားတုံးတုံး ဥပမာကဲ့သို့ ဘယ်နေရာမှာမှ အသုံးချ၍ ရမည့်ပုံ မပေါ်။ သည်လို လူအို လူမင်း တစ်ယောက်အား သာသနာ့ဘောင်မှာ လက်ခံလိုက်လျှင် ငယ်ရွယ်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရုံသာ ရှိပေလိမ့်မည်။

ရဟန်းများတွေးထင်ထားသည့်အတိုင်းပင် ရာဓ အဘိုးအိုမှာလည်း ထိုင်စားလောက်သော ဥစ္စာထုပ်ဟူ၍ မရှိပေ။ ရှိသည့် သားမယားတို့ကလည်း သူ့ကို မကြည်ဖြူကြချေ။ လူအိုပေတုံး ထမင်းဖြုန်းဟုဆိုကာ အိမ်ထဲကပင် ဆွဲထုတ်ထားကြသေး၏။ သူ့ခမျာ သူတကာပေးသမျှနှင့် မဝတဝ စားသောက်နေရ၏။ သို့သော် ရာဓ အဘိုးအို ရဟန်းပြုလိုခြင်းမှာ ဤသို့သော ဆင်းရဲချို့တဲ့မှုကို ကြောက်ရုံ သက်သက်ဖြင့် မဟုတ်ပါ။ သာသနာတော်ကြီး၏ အဆုံးအမကို သက်တမ်းရှိသေးသမျှတွင် ခံယူလို ကျင့်သုံးလိုမှုလည်း ပါဝင်၍ နေပေသည်။ မိမိခံယူလိုသော ရဟန်းဘဝ၊ မိမိမြတ်နိုးလှသော ကျင့်ဝတ်သိက္ခာများကို ခံယူခွင့်၊ ကျင့်သုံးခွင့် မပြုကြသဖြင့် ရာဓ အဘိုးအိုမှာ မစားနိုင် မသောက်နိုင် ဖြစ်ရ၏။ အသားအရေများ ခန်းခြောက် ညှိုးမိုန်လာ၏။ သွေးအားနည်းသဖြင့် ဖြူဖပ်ဖြူရော်ဖြစ်လာ၏။ အသားအရေခန်းခြောက်လေ အကြောပြိုင်းပြိုင်းကြီးများက ထင်ပေါ်လာလေ။ သူ့တစ်ကိုယ်လုံးဝယ် ကွန်ယက်များဖြန့်ခင်းထားလေသလား အောက်မေ့ရပေသည်။

တစ်နေ့မှာတော့ သူ့အတွက် ကယ်ဖို့ကြိုလာသည်ဟူ၍ပင် ဆိုရပါတော့မည်။ စိတ်ထောင်းကိုယ်ကျေဘဝဖြင့် မသေရုံတစ်မည်သာ ရှိနေသော ထိုအဘိုးအိုသည် ဘုရားရှင်နှင့် တွေ့ဆုံခွင့်ရလိုက်၏။ ဗြဟ္မဏအဘိုးအို၏ သဒ္ဓါတရားကို သိထားပြီးဖြစ်၍ ဘုရားရှင်က ရဟန်းပြုပေးမည့် ပုဂ္ဂိုလ်များကို စုံစမ်းတော်မူရာ မည်သူမှ ခေါင်းမထောင်ကြပေ။ သူတို့ထဲတွင် ကျွန်ုပ်တစ်ပါး အပါအဝင်ဖြစ်သည်ကို ဝန်ခံရပါလိမ့်မည်။

သို့နှင့် ဘုရားရှင်သည် အရှင်မဟာသာရိပုတ္တရာကို ခေါ်တော်မူကာ–

"သာရိပုတ္တရာ၊ ဤဗြဟ္မဏ၏ ကျေးဇူးတစ်စုံတစ်ရာကို အောက်မေ့မိပါ၏လော"

http://www.dhammadownload.com

နောက်ဆုံး မျှော်လင့်ချက်တစ်ခုအဖြစ် မေးတော်မူလိုက်၏။

"အောက်မေ့မိပါသည် အရှင်ဘုရား။ ရာဇဂြိုဟ်မြို့တွင်းမှာ သွမ်းခံဝင်စဉ်က တပည့်တော်ကို ဆွမ်းတစ်ယောက်မ လောင်းဖူးပါသည်။ ဤကျေးဇူးကိုဆပ်သော အားဖြင့် မည်သူမျှ ပြုမပေးချင်သော ဤအဘိုးအိုကို တပည့်တော် တာဝန်ယူပြီး ရဟန်းပြုပေးလိုက်ပါမည် ဘုရား"

"သာဓု သာဓု သာဓု သာရိပုတ္တရာ။ သူ့ကျေးဇူးကို သိတတ်ပေစွ"

ပညာဂုဏ်ထူးရ သာဝကကြီးကို ဘုရားရှင်က သာဓု ခေါ်တော်မူကာ ရဟန်းခံမှုနှင့် ပတ်သက်သော ဝိနည်းပညတ်ချက်တစ်ခုကို ထပ်ဆင့်၍ ထုတ်ပြန်တော်မူပေသည်။

"ရဟန်းတို့၊ ယခင်က သရဏဂုံသုံးပါးတို့ဖြင့် ရဟန်းပြုပေးခြင်းကို ငါဘုရား ခွင့်ပြုထားခဲ့၏။ ထိုခွင့်ပြုချက်ကို ယနေ့မှစ၍ ငါ ဘုရား ပယ်ဖျက်လိုက်၏။ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ငါ ဘုရားခွင့်ပြု၏"

ကျွန်ုပ်တို့ သာသနာ့သမိုင်းတစ်လျှောက်ဝယ် ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ပထမဦးစွာ ရဟန်းပြုခွင့်ရသူကား အိုမင်းရွတ်တွ ထိုဗြဟ္မဏ သူဆင်းရဲကြီးပင် ဖြစ်ပါ၏။

ဗြာဟ္မဏ သူဆင်းရဲကြီး၏ ရဟန်းခံကိစ္စကို အရှင်သာရိပုတ္တရာ၏ မျက်နှာဖြင့် ရဟန်းများက ဝိုင်းဝန်း၍ ကူညီပေးကြပါ၏။ သို့သော် ရဟန်းပြုပေးပြီးသည့် နောက်မှာကား အရှင်မဟာ သာရိပုတ္တရာ၏ တာဝန်များချည်း ဖြစ်တော့၏။

"သက်တော်ခြောက်ဆယ် ဝါတော်တစ်"ဟု ဆိုလောက်သော ရာဓ ကိုယ်တော်ကြီးမှာ နေရာတကာ သူများနောက်ကချည်း ဖြစ်၏။ ရလာသမျှ လာဘ်လာဘများကို ထေရ်စဉ်ဝါလိုက် ဝေစုခွဲကြသောအခါ နောက်ပိတ်ဆုံး ပုဂ္ဂိုလ်ကြီးအတွက် အညံ့ဆုံးပစ္စည်းများသာ ကျန်တော့၏။ ဤတွင် အရှင်မဟာ သာရိပုတ္တရာက သက်ကြီးရွယ်အို ပုဂ္ဂိုလ်ကြီးအတွက် သင့်တင့်လျောက်ပတ်သော အိပ်ရာ နေရာနှင့် ခံတွင်းတွေ့မည့်အစားအသောက်များ ရရှိစေရန် သူ့ဝေစုကို ပေးရ၏။ သံဃာ့လာဘ်လာဘအဖြစ် မိမိရရှိသော ဝေစုကို တပည့်ကြီးထံပေးအပ်ကာ သူကိုယ်တိုင်ကား ဆွမ်းခံ၍ ဘုဉ်းပေးရပေသည်။

အထီးကျန် အဘိုးအိုတစ်ယောက်ကို ဤသို့ ဂရုတစိုက်ပြုစုပေးလိုက်သည့် အတွက် ငွေလဝန်းကြီးအနာဝယ် ကြယ်တာရာတစ်လုံး ထွန်းလင်းပေါ်ပေါက်၍ လာပေသည်။ မိုးကုန်မှ ထွန်ချရသည်ဖြစ်သော်လည်း ဆရာကောင်းတပည့် အရှင်ရာဓ၏ ထွန်ရေး ထွန်ကြောင်းများက ဖြောင့်တန်းကြပါပေသည်။ လှပကြပါပေသည်။ ခန္ဓဝဂ် ရာဓသံယုတ်ကို သင်အံ ကြားနာဖူးသူတိုင်းပင် ထိုထွန်ရေး ထွန်ကြောင်းများကို အားရ ကျေနပ်ကြပါလိမ့်မည်။

http://www.dhammadownload.com

ထိုရာဓသံယုတ်၌ နူးညံ့သိမ်မွေ့၍ လေးနက်လှသော တရားသဘောများကို တစ်ဆင့်ပြီး တစ်ဆင့် မေးမြန်းလျှောက်ထားသဖြင့် ဘုရားရှင်ကလည်း မေးသမျှကို ဆစ်ဆစ်ပိုင်းပိုင်း ဖြေတော်မူရပေသည်။

ဤသို့ ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကို တစ်ဆင့်ပြီးတစ်ဆင့် ပွင့်လင်းအောင် အကျိုးဆောင်ပေးနိုင်သဖြင့် စားရမဲ့ သောက်ရမဲ့ အိုမင်းမစွမ်း ဖြစ်လာခါမှ ရဟန်းပြုလာရသော ပုဂ္ဂိုလ်ကြီးသည် 'ပဋိဘာနေယျကဧတဒဂ်'ဂုဏ်ထူးကြီးကို ဆွတ်ခူးနိုင်ခဲ့ပါပေသည်။

ဤသို့အားဖြင့် ဆွမ်းတစ်ယောက်မ၏ ကျေးဇူးကိုပင် သိတတ်လှသော အရှင်မဟာသာရိပုတ္တရာသည် အမွန်မြတ်ဆုံးသော အမြိုက်ဩဇာကို ပေးခဲ့သည့် အရှင်အဿဇိအား အဘယ်မှာမေ့လျော့၍ ထားနိုင်ပါမည်နည်း။ အဘယ်မှာ အလေးမပြုဘဲ နေနိုင်ပါမည်နည်း။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ဥပစ္စာယဝတ္တု၊ အဝုံတ္တရအဌကထာ ရာဓထေရဝတ္တု)

သူမတူသော သည်းခံစိတ်

အရှင်အဿဇိရှိရာအရပ်သို့ ရှိခိုး၍ အိပ်စက်သော ထိုနမူနာကဲ့သို့ပင် ထိုအရှင်မြတ်ကြီးအပေါ် သံသယဝင်စရာကောင်းသော အချက်တစ်ခုလည်း ရှိပေသေးသည်။ အရှင်မဟာသာရိပုတ္တရာသည် တစ်ခါက တောရွာကြီးတစ်ရွာတွင် တပည့် ရဟန်းများစွာနှင့်တကွဝါဆို၏။ သီတင်းဝါလကျွတ်သောအခါ ဒါယကာ ဒါယိကာမများက ဝါဆိုခဲ့သော ရဟန်းများအား သင်္ကန်းများလှူဒါန်းနေကျ ဖြစ်၏။ ဝါဆိုခဲ့သော ရဟန်းများအား လှူဒါန်းသဖြင့် ဝါဆိုသင်္ကန်းဟု ဆိုနိုင်ပေသည်။

ထိုရွာရှိ ဒါယကာ၊ ဒါယိကာမများကလည်း အရှင်မဟာသာရိပုတ္တရာ အမှူးရှိသော သံဃာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းရန် စီမံကြပါ၏။ သို့ရာတွင် အရှင်မြတ်ကြီးက သင်္ကန်းပြီးအောင် မနေပေ။ ဝါကျွတ်သည် ဆိုလျှင်ပင် ဘုရားရှင်ရှိရာ ထွက်လာခဲ့၏။ "ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းလှူလာကြလျှင် ရဟန်းငယ်နှင့်သာမဏေများက ငါ၏ ဝေစုကို ယူလာခဲ့ကြ၊ သို့မဟုတ်ကောင်းမွန်စွာ သိမ်းဆည်း၍ သတင်းစကား ပို့လိုက်ကြ"ဟု မှာကြားခဲ့၏။

ထိုအမှာစကားသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘုရားရှင်ထံတော်ထိ ရောက်လာခဲ့၏။ သို့ရောက်လာရာ၌လည်း သတင်းစကားချည်း သက်သက်မဟုတ်ပေ။ "ယနေ့ထိအောင်ပင် သည်အရှင်မှာ ပစ္စည်းတဏှာ ရှိနေသေးသလော" ဟူသော သံသယ စကားများနှင့် အတူတကွ ဖြစ်၏။ အရှင်မြတ်ကြီးကတော့ ပတ်ဝန်းကျင်က မည်သို့ပင် ဝေဖန်နေပါစေ။ သူ့ဝသီအတိုင်း နကမွတိ၊ မတုန်

http://www.dhammadownload.com

မလှုပ်သာ ရှိဘိ၏။ သို့ရာတွင် အထင်မမှားထိုက်သော ပုဂ္ဂိုလ်အား အထင်မှားရာမှ စတင်၍ မပြုထိုက်သော အပြုမှား မပြောထိုက်သော စကားမှားများကို မပြုရ၊ မပြောရစေရန် ဘုရားရှင်က ဤသို့ကြားဝင်၍ ရပ်တော်မူပေသည်။

"အကြင်ပုဂ္ဂိုလ်သည် ဤဘဝနှင့်ပတ်သက်၍လည်း မတွယ်တာ။ နောင်ခါ ကာလ နောင်ဘဝများနှင့် ပတ်သက်၍လည်း မျှော်လင့်တောင့်တခြင်း မရှိ။ ကိလေသာမယှဉ်၊ စင်ကြယ်သော စိတ်နှလုံးရှိသော ထိုပုဂ္ဂိုလ်အား သူတော်စင် တစ်ပါးဟူ၍ ငါဘုရား ဟောကြားပေ၏"

ဝါဆိုသင်္ကန်းများနှင့် ပတ်သက်၍ အရှင်မြတ်ကြီး၏ ရည်ရွယ်ချက်မှာ ဒါယကာ၊ ဒါယိကာမများ၏ ကုသိုလ် ကောင်းမှုလည်း ဖြစ်ထွန်းစေ၊ ရဟန်းငယ်နှင့် သာမဏေငယ်များလည်း အဝတ်သင်္ကန်းပြည့်စုံစေဟူ၍သာ ဖြစ်၏။ သဘောမှန်ကို အမှန်အတိုင်း သိတော်မူသဖြင့် ဤကဲ့သို့ ဘုရားရှင် ရပ်တည်ပေးတော်မူခြင်း ဖြစ်ပေသည်။

(စမ္ဘပဒ၊ ဖြာဟ္မဏဝဂ်၊ သာရိပုတ္တထေရဝတ္ထု)

အမှန်စင်စစ်အားဖြင့် ရဟန်းဖြစ်၍ ဆယ့်ငါးရက်ကြာသောနေ့မှာပင် ထိုအရှင်မှာ ကိလေသာဟူသမျှ၏ ချုပ်ငြိမ်းရာကို မျက်မှောက်ပြုပြီး ဖြစ်၏။ အမြင့်မြတ်ဆုံးသော အသိဉာဏ်ဖြင့် အလိုအာသဝဟူသမျှကို ပယ်စွန့်ပြီး ဖြစ်၏။ သို့ရာတွင် အလိုအာသဝများနှင့် မရောမယှက် သဘာဝသက်သက်မျှသော ရုပ်နာမ် ခန္ဓာတို့၏ တောင့်တမှုကား ရှိနေဆဲသာ ဖြစ်ပေသည်။

သဘာဝသက်သက်မျှသာ ဖြစ်သော ထိုတောင့်တမှုကို တကယ်တမ်း နားလည်ထားသူများနှင့် ဆိုလျှင် ကိစ္စမရှိပါ။ စိတ်မချမ်းမြေ့စရာများ ဖြစ်ပေါ်၍ မလာနိုင်ပါ။ သဘာဝသက်သက်ကို သဘာဝသက်သက်မျှပါတကားဟု မသိတတ်သော ပုဂ္ဂိုလ်များနှင့် ကြုံမိလျှင်ကား ရာသက်ပန်ပြောဆို၍ မပြီးနိုင်သော ကိစ္စကြီးများ ဖြစ်လာကြရပါတော့သည်။

စကားစပ်လာသည့်အခိုက် ဆက်လက်၍ တင်ပြပါဦးမည်။ တစ်နေ့သဋ္ဌ ရဟန်းတစ်ပါးဆွမ်းခံပြန်အလာတွင် မုန့်ဆီကြော်တစ်ခုပါလာခဲ့၏။ အချို့ရည်များဖြင့် ပြည့်ဖောင်းနေသော ထိုမုန့်တွင် ထောပတ်နှံ့ကလည်း သင်း၍နေ၏။ မုန့်ရှင် ရဟန်းသည် သပိတ်ကို ဆွမ်းစားကျောင်းမှာထားကာ လက်စမသတ်ခဲ့ရသေးသော ဝေယျာဝစ္စကိစ္စ အလုပ်ဆီသို့သွား၏။ အရှင်မဟာ သာရိပုတ္တရာသည် မထေရ်ကြီးပင် ဖြစ်စေကာမူ သံဃာ့ဝေယျာဝစ္စ အလုပ်များကို ကိုယ်တိုင်ကိုယ်ကြပ် ဆောင်ရွက်လေ့ရှိ၏။ ရေခပ်ခြင်း၊ တဲမြက်လှည်းခြင်းမှစ၍ ဝစ္စကုဋီ သုတ်သင်ရှင်းလင်းရာတွင်ပင် မပါဘဲမနေပေ။ ထိုနေ့က ဆွမ်းခံမလိုက်ဘဲ ကျောင်းဝေယျာဝစ္စအမှု တော်တော်များများ ဆောင်ရွက်လိုက်ရ၍ ကိုယ်တော်မြတ်မှာ ဝမ်းဟာ၍ လာရ၏။ အစာ

http://www.dhammadownload.com

အာဟာရကို တောင့်တနေဆဲတွင် စားချင်စဖွယ် မုန့်တစ်ခုကို သပိတ်ဖုံးပေါ်မှာ အရန်သင့်ပင်တွေ့ရ၏။ သပိတ်ကိုကြည့်ခြင်းအားဖြင့်အကျွမ်းတဝင်ခင်မင်ရင်းနှီးသော ရဟန်း၏ ဥစ္စာဖြစ်ကြောင်း သိရ၏။ ထိုရဟန်းနှင့် ထိုအရှင်မြတ်ကြီးတို့ တစ်ပါးနှင့် တစ်ပါး ခွဲဝေမျှတ၍ စားသောက်နေကျလည်းဖြစ်၏။ သို့ဖြစ်၍ မိမိမွတ်သိပ်နေသည့်အခိုက် ဤမုန့်ကို ယူစားသော်လည်း မိမိအပေါ် ကြည်ဖြူမည်သာဟု သဘောပိုက်ကာ မုန့်တစ်ခုလုံးကို စားလိုက်မိတော့၏။

သို့နှင့် ကျွန်ုပ်တို့အားလုံး ဆွမ်းစားကျောင်းပေါ် တက်လာကြ၏။ သပိတ်ကိုယ်စီဖြင့် မိမိနေရာသို့ အသီးသီးထိုင်မိကြ၏။ ဆွမ်းခံမကြွသောအရှင်သာရိပုတ္တရာ၏ သပိတ်ထဲသို့ ကောင်းနိုးရာရာဆွမ်းနှင့် ဟင်းလျာတို့ကို တစ်ပါးပြီးတစ်ပါး ထည့်၍ ပေးကြ၏။ ထိုအခိုက်မှာပင် 'ငါမုန့်ကို မည်သူစားသနည်း'ဟူသော အသံမာမာကြီး မြည်ဟိန်းလာခဲ့၏။

"ငါ့ရှင်၊ ငါဆာဆာနှင့် စားလိုက်မိပါသည်။ ငါ့ရှင်ပစ္စည်းကို အကျွမ်းဝင်ခြင်းဖြင့် ယူစားလိုက်မိပါသည်"

တစ်ခွန်းတည်းသော မေးခွန်းအဆုံးမှာပင် အရှင်မဟာသာရိပုတ္တရာက ဝန်ခံလိုက်၏။ မေးသောအသံက တင်းမာခက်ထန်သည်နှင့်အမျှ ဖြေကြားသောအသံကား သာယာညင်းပျောင်း ရှိပါဘိ၊ ဤလို ထူးထူးခြားခြား စားသောက်ဖွယ်ရာတစ်ခုခု ရလာလျှင် အရှင်မြတ်ကြီးကို သူ့ထက်ငါလှူနေကျ ရဟန်းပရိသတ်သည် ထိုရဟန်း၏ အပြုအမူကြောင့် အထူးတဆန်းဖြစ်နေကျရ၏။

'သြော်.... စားရသည့်ပုဂ္ဂိုလ်က တယ်လွယ်လွန်းလှပါကလား။ စားကောင်းသောက်ဖွယ်မှန်လျှင် မကြိုက်သူရှိပါ့မလား"

ထိုစကားဆုံးသည်နှင့် ဆွမ်းစားကျောင်းတစ်ခုလုံး တိတ်ဆိတ်၍သွားပေသည်။

အရှင်မြတ်ကြီးအတွက် စိတ်မကောင်းခြင်း၊ ပြောရက်သော ရဟန်းအား မကျေနပ်ခြင်း၊ ပြောမိသူရဟန်း၏ နောင်တကြီးစွာ ပူပန်ခြင်း၊ ဤသို့သော ခံစားချက်များဖြင့် ပတ်ဝန်းကျင်ရဟန်းများ စိတ်နှလုံးတုန်လှုပ်နေဆဲတွင် အရှင်မြတ်ကြီး ကတော့ တည်ငြိမ်သော ဣန္ဒြေဖြင့် မိမိသပိတ်ထဲက ဆွမ်းများကိုသာ အေးဆေးသက်သာ ဘုဉ်းပေးလျက်ရှိပေသည်။ သို့သော် ထိုနေ့မှစ၍ ထူးခြားချက် တစ်ခုကား ပေါ်ပေါက်လာခဲ့၏။ အရှင်မဟာသာရိပုတ္တရာသည် ထိုကိစ္စနှင့် ကြုံသည်မှစ၍ ရာသက်ပန် မုန့်မစားတော့ခြင်းပင် ဖြစ်ပါ၏။ သတိသံဝေဂ ကြီးမား တော်မူပေစွ။

(ဧကနိပါတ်၊ ဝိသဝန္တဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု)

တစ်ရက်တာကိစ္စကြောင့် တစ်သက်လုံး မုန့်မစားဘဲနေခြင်းဖြင့် သည်ပုဂ္ဂိုလ်ကြီးသည် စိတ်ထိခိုက်လွန်းလေစွဟု ဆိုလိုလျှင် ဆိုနိုင်ပါ၏။ သို့သော် ထိုသို့ဆိုလာ

http://www.dhammadownload.com

သူအား အရှင်မြတ်ကြီး၏ တပည့်တစ်ဦးဖြစ်သော ကျွန်ုပ်ကလည်း အမှုတွဲတစ်ခုကို တင်ပြခြင်းဖြင့် ပြန်လည်ချေပရပါလိမ့်မည်။

ယခင်ကိစ္စများတုန်းက ငယ်ရွယ်သူများ၏ သံသယကိုဘုရားရှင် ဖြေရှင်းပေးတော်မူသည့်အတိုင်း ခပ်မဆိတ်ပင်နေ၍ရခဲ့၏။ ယခုတစ်ဖန်ကြုံလာရသောကိစ္စမှာကား ခပ်မဆိတ်နေ၍ မရနိုင်တော့ပါ။ ယခင်ကလိုကွယ်ရာမှာ စကားတင်းဆိုရုံမဟုတ်တော့ဘဲဘုရားရှင်ရှေ့တော်မှောက်တွင် အတိအလင်းစွဲချက်တင်သူရှိလာပြီမို့ ပရိသတ်အလယ်မှာ သံသယကင်းအောင် ကိုယ်တိုင်ကိုယ်ကြပ် ဖြေရှင်းရပါတော့သည်။

စောဒက ပုဂ္ဂိုလ်က.... မထင်ရှားသော ရဟန်းတစ်ပါး။

အမှုကား..... ရိုက်မှု

ရုံးတော်ကား..... ဘုရားရှင်ရှေ့တော်။

အမှုသွား အမှုလာကား ဤသို့တည်း။

ဘုရားရှင်နှင့် အတူတကွ ဝါဆိုရာမှ ဝါကျွတ်၍ အရှင်မဟာသာရိပုတ္တရာတစ်ပါးတည်း ဒေသစာရီလှည့်လည်ရန် ထွက်လာခဲ့ရာတွင် ရဟန်းများစွာတို့က လိုက်၍ပို့ကြ၏။ ထိုသို့ လိုက်ပို့ကြသည့်အထဲတွင် တရားလိုရဟန်းလည်းပါလာ၏။ ကျောင်းတော်မှ အတန်ငယ်ထွက်လာမိလျှင် အရှင်မဟာသာရိပုတ္တရာသည် လိုက်ပို့သော ရဟန်းများအား ပြန်လွှတ်၏။ ကိုယ်ပိုင်နာမည်၊ မျိုးရိုးနာမည်များဖြင့် တစ်ပါးချင်းကို နှုတ်ဆက်၏။ ကာရန်မသင့်ချင်တော့ ရဟန်းများစွာ၏ အမျိုးအမည်ကို သိပါလျက်နှင့် ထိုရဟန်း၏ အမျိုးအမည်ကိုကား မထေရ်ကြီး မမှတ်မိပေ။ ကျောင်းတိုက်တာတစ်ခုတည်းမှာ အတူနေလာခဲ့ပြီး ယခုမှ အမည်နာမမေးနေရန်လည်း မသင့်ချေ။ သို့ဖြစ်၍ ထိုရဟန်းကို နှုတ်မဆက်နိုင်ဘဲ အသာရှောင်၍သွားရ၏။ ဤသို့ရှောင်၍သွားခါမှ ကာရန်မသင့်သော ကိစ္စနှင့် ထပ်၍ကြုံလာရပြန်ချေသည်။

အမှန်အားဖြင့် ထိုရဟန်း၏အမည်ကို ကျွန်ုပ်ကိုယ်တိုင်လည်း စောစောက မသိခဲ့ပါ။ အမျိုးအမည်ကလည်း မထင်ရှား၊ အကျင့်သိက္ခာဉာဏ်ပညာအားဖြင့်လည်း တစ်စုံတစ်ရာ ထူးခြားမှု မရှိ။ နောက်ပြီး ရဟန်းပြုလာသည်ကလည်း ဘာမျှကြာသေးသည် မဟုတ်။ ဤသို့အားဖြင့် သိသင့်သိထိုက်သော ဂုဏ်အင်္ဂါများ မရှိသေး၍ မသိသေးသည်ကို ခွင့်လွှတ်စိတ် မွေးနိုင်စွမ်းကား မရှိပေ။ ရဟန်းပရိသတ်အလယ်မှာ မိမိတစ်ပါးတည်းကို နှုတ်မဆက်ဘဲကွက်ချန်ထားခဲ့ရမလားဟုမျက်နှာပျက်၍ နေခဲ့၏။ ဤသို့ ရှိနေဆဲမှာပင် အရှင်မြတ်ကြီး၏ နှစ်ထပ်သက်နံ့စွန်းက ထိုရဟန်း၏ပခုံးကို ထိပါး၍ သွားခဲ့ပေသည်။

တစ်ကြိမ်သောအခါက ဗြာဟ္မဏတစ်ဦးသည် အရှင်မဟာသာရိပုတ္တရာကို စိတ်ဆိုးမဆိုးသိလို၍ နောက်ကျောက တအားကုန်ရိုက်ခဲ့ဖူး၏။ မထေရ်မြတ်ကား

http://www.dhammadownload.com

စိတ်ဆိုးဖို့နေနေသာသာ ရိုက်သူ၏ မျက်နှာကို လှည့်၍ပင်မကြည့်ပေ။ အသည်းကြွေမတတ် ရိုက်ခတ်သည်ကို သည်းခံသူက ခံနိုင်ပါ၏။ သည်းခံစိတ် မကိန်းဝပ်လာသော ထိုရဟန်းမှာကား သင်္ကန်းစွန်းကလေးဖြင့် ထိမိသည်ကိုပင် အသည်းဆတ်ဆတ် နာခဲ့ပေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်မဟာ သာရိပုတ္တရာသည် ငါ အဂ္ဂသာဝကဟူသော မာန်မာနဖြင့် တပည့်တော်၏ ပခုံးစွန်းကို တိုက်ခိုက်ပါသည် ဘုရား...."

ပြင်းထန်လှသော ရန်ငြိုးဖြင့် ဘုရားရှင်ရှေ့တော်မှောက်မှာ စွဲချက်တင်လာပေတော့သည်။

သည်အမှု၏ အသွားအလာကို ဘုရားရှင် မသိဘဲမနေနိုင်။ ဧကန်တိတိသိတော်မူသည်ဖြစ်ပါလျက် အရှင်မဟာ သာရိပုတ္တရာကို ရှေ့တော်သို့ ပြန်လာရန် ခေါ်တော်မူလိုက်၏။ မိမိအပေါ် စွပ်စွဲလာသောအမှုကို မိမိဘာသာဖြေရှင်းရန် ဖြစ်ပေသည်။

ဘုရားရှင့် အမိန့်တော်ကို အရှင်မြတ်ကြီးထံသွားရောက် လျှောက်ထားပြီးနောက် ကျွန်ုပ်နှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် သော့ကိုယ်စီ ကိုင်စွဲလျက် ကျောင်းတံခါးများကို ဖွင့်ကြ၏။ အရာမ် တံခါးများကို ဖွင့်ကြ၏။

"အရှင်တို့ထွက်ကြလော့၊ အရှင်တို့ မြန်မြန်ထွက်ကြလော့။ အရှင်မဟာသာရိပုတ္တရာ၏ ရဲရဲတောက် ရှင်းလင်းချက်ကို ကြားနာရန် ထွက်ကြကုန်လော့"

ပွဲကြီးပွဲကောင်းတစ်ခု လက်လွတ်မသွားစေရန် ကျွန်ုပ်တို့က ကျောင်းပေါက်စေ့လှည့်၍ ခေါ်ကြရ၏။ ခေါ်ခဲ့သည့်အတိုင်းလည်း ဂန္ဓကုဋိတိုက်တော်အရှေ့တွင် သံဃာ့ပရိသတ်ကြီး တစ်ခဲနက်ဖြစ်လာ၏။ သံဃာ့ပရိသတ်ကြီးကို ရင်ဆိုင်ရရုံဖြင့်ပင် တရားလိုရဟန်း တုန်တုန်ခိုက်ခိုက် ဖြစ်နေပေပြီ။

"သာရိပုတ္တရာ၊ ဤရဟန်း လျှောက်ထားလာသည့်အတိုင်း သူ့ပခုံးကို တိုက်ခိုက်သည် မှန်ပါသလော"

သံဃာ့ပရိသတ် ရှေ့မှောက်တွင် ဘုရားရှင်က မေးစစ်တော်မူလိုက်၏။

တရားလိုရဟန်း၏ စွဲချက်ကို အရှင်မဟာသာရိပုတ္တရာက ဥပမာအမျိုးမျိုးဖြင့် ဖြေရှင်း လျှောက်ကြားပေသည်။

"လျှောက်ထားပါရစေ အရှင်ဘုရား၊ ပထဝီမြေကြီးပေါ်သို့စင်ကြယ်သော ပစ္စည်းကိုလည်း စွန့်ပစ်ကြပါကုန်၏။ မစင်ကြယ်သောပစ္စည်းကိုလည်း စွန့်ပစ်ကြပါကုန်၏။ ချေး၊ သေး၊ တံတွေးနှင့် သွေး၊ ပြည်တို့ကိုလည်း စွန့်ပစ်ကြပါကုန်၏။

http://www.dhammadownload.com

ထိုပစ္စည်းများ စွန့်ပစ်ခံရသော ပထဝီမြေကြီးသည် ငြီးငွေ့ခြင်း၊ ရွံကဲခြင်း၊ စက်ဆုပ်ရွံရှာခြင်း မရှိပါ ဘုရား။

"အရှင်ဘုရား၊ ခြေသုတ်ပုဆိုးသည် စင်ကြယ်သော ပစ္စည်းကိုလည်း သုတ်ရပါ၏။ မစင်ကြယ်သော ပစ္စည်းကိုလည်း သုတ်ရပါ၏။ ချေး၊ သေး၊ တံတွေးနှင့် သွေး၊ ပြည်တို့ကိုလည်း သုတ်ရပါ၏။ ထိုပစ္စည်းများကို သုတ်ရခြင်းဖြင့် ခြေသုတ်ပုဆိုးသည် ငြီးငွေ့ခြင်း၊ ရွံကဲခြင်း၊ စက်ဆုပ်ရွံရှာခြင်း မရှိပါ ဘုရား။

"အရှင်ဘုရား၊ ဒွန်းစဏ္ဍား လုလင်ငယ်သည်လည်းကောင်း၊ ဒွန်းစဏ္ဍား လုံမငယ်သည်လည်းကောင်း ခွက်လက်စွဲလျက် အဝတ်စုတ်များ ဝတ်ဆင်ကာ ရွာနိဂုံးသို့ ဝင်သောအခါတွင် နှိမ့်ချသော စိတ်ဖြင့်သာ ဝင်ကြရပါ၏ ဘုရား။

"အရှင်ဘုရား၊ ဦးချိုများဖြတ်ကာ ကောင်းစွာဆုံးမယဉ်ပါးပြီးသော ခိုင်းနွှာသည် လမ်းဆုံ လမ်းခွများသို့ သွားသောအခါ တစ်စုံတစ်ယောက်ကိုမျှ မကန့်ပါ။ တစ်စုံ တစ်ယောက်ကိုမျှ မဝေ့ပါ ဘုရား။

"ဤဥပမာများကဲ့သို့ပင် တပည့်တော်သည် အမျက်ဒေါသမပါသော စိတ်ဖြင့် နေခဲ့ပါ၏။ အကယ်၍ ဤကဲ့သို့သော ကာယဂတာ သတိမထားရှိသူဖြစ်ပါမူကား သိတင်းသုံးဖော်ဖြစ်သော ဤရဟန်းကို ထိပါးတိုက်ခိုက်၍ ခရီးထွက်ကောင်း ထွက်မိပါလိမ့်မည် ဘုရား"

စုဒိတက ပုဂ္ဂိုလ်က ဖြေရှင်းလျှောက်ထား၍ပြီးချိန်တွင် စောဒကပုဂ္ဂိုလ်သည် ဘုရားရှင့် ခြေတော်ရင်း ဝပ်စင်း၍ နေရလေပြီ။

မလိမ္မာ၍ တစ်ခါသာ မိုက်ခဲ့မိသော ထိုရဟန်းငယ်အား အရှင်မဟာသာရိပုတ္တရာက ခွင့်လွှတ်ပါ၏။ ခွင့်လွှတ်ရုံမက သူကပင် တစ်ကျော့ပြန်၍ တောင်းပန်လိုက်ပါသေး၏။

"အရှင်ဘုရား၏ အပြစ်ကို တပည့်တော် သည်းခံပါသည် ဘုရား။ ခွင့်လွှတ်ပါသည် ဘုရား။ အကယ်၍ တပည့်တော်မှာ အပြစ်ရှိရိုးမှန်ပါလျှင်လည်း အရှင်ဘုရားက သည်းခံတော်မူပါ ဘုရား"

မိမိအပေါ်တွင် မတရားအမှုဆင်ခဲ့သော ရဟန်း၏ ရှေ့မှောက်တွင် အပြစ်ဟူ၍ မြူမှုမတင်သော အရှင်မြတ်ကြီးက ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီလျက် ရှိသေစွာ ကန်တော့လျက်။

ထိုနေ့ ထိုအချိန်က ဤရုပ်ပုံ၊ ဤမြင်ကွင်းကို ကျွန်ုပ် တစ်သက်တာ မေ့ပျောက်၍ မရနိုင်တော့ပါ။

(အဝံတ္ထရ၊ နဝနီပါတ်၊ သီဟာဒသုတ်)

***

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံး

တစ်ယောက်သော သေသောက်ကြူးသူသည် အိမ်ဝင်းဝမှာနေ၍ မကြားဝံ့မနာသာ ဆဲဆို ကြိမ်းမောင်း၍ နေ၏။ အိမ်ထဲက လူမှာကား ဆဲလာသူ လူရမ်းကားကို တားမြစ်ခြင်း၊ ခုခံခြင်းမပြုဘဲကိုယ့်အလုပ်ကိုသာ ဂရုတစိုက် လုပ်ကိုင်၍နေ၏။ ဤတွင် ပျော့ညံ့သူနှင့် ခိုင်မာသူတို့၏ သရုပ်ပေါ်၍ လာပေပြီ။ မည်သူသည် ပျော့ညံ့၍ မည်သူက ခိုင်မာပါသနည်း။

နှိပ်စက်ကလူ ပြုမူလာကြသူများအား အရှင်မဟာသာရိပုတ္တရာ သည်းခံတော်မူခြင်းမှာလည်း နှလုံးစိတ်ထားပျော့ညံ့၍မဟုတ်ပါပေ။ မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ခိုင်မာလွန်း၍သာ ဖြစ်ပေသည်။ မိမိကိုယ်ကို ရာနှုန်းပြည့်အောင်မြင်ထားပြီမို့ အခြား တစ်ပါးက အနှောင့်အယှက်များအတွက် တုန်လှုပ်ခြင်းမရှိ၊ ပကတိ တည်ငြိမ်သော စိတ်နှလုံးတော်ဖြင့် သည်းခံနိုင်ခြင်းသာ ဖြစ်ပေသည်။

မိမိအပေါ် ထိပါးပုတ်ခတ်လာလေသမျှကို ခေါင်းငုံ့သည်းခံ၍ လာခဲ့သော ဤပုဂ္ဂိုလ်ကြီးသည် တရားတော်နှင့်ပတ်သက်လာလျှင်ကား အညံ့ခံခြင်း၊ ခေါင်းငုံ့ခြင်း အလျင်းမရှိပါချေ။ တရားတော်နှင့်ပတ်သက်၍ ထွက်ပေါ်လာခဲ့သော ရန်အန္တရာယ် ဟူသမျှကို ထောင်းထောင်းကျေညက်အောင် တိုက်ဖျက်သည်သာ ဖြစ်၏။ ထို့ကြောင့်ပင် "မဟာဓမ္မသေနာပတိ" ဟူသော ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချီးကျူးခြင်း ခံရပေသည်။ ဗုဒ္ဓမြတ်စွာ၏ ညာလက်ရုံးသဖွယ် အားကိုးခံရပေသည်။

ယခု တရားဗိုလ်ချုပ်ကြီး၏ သေနင်္ဂဗျူဟာ တစ်ရပ်ကို ရှုစားကြပါစို့။

တစ်ဖက်နှင့် တစ်ဖက် အပြိုင်အဆိုင် အနိုင်တိုက်ရသော စစ်မြေပြင်ကား အရှင်ယမက၏ စိတ်အစဉ်။ ထိုစိတ်အစဉ်တွင် မကြာမကြာ ဝင်ရောက်နှောင့်ယှက်လာသော ရန်သူကား အတ္တဒိဋ္ဌိ။

ဣသိပတန မိဂဒါဝုန်တောဌ် တရားဦး ဓမ္မစကြာ ဟောတော်မူပြီးလျှင် ဒုတိယ တရားတော်အဖြစ် အနတ္တလက္ခဏသုတ်ကို ဟောတော်မူခဲ့၏။ ခန္ဓာ

http://www.dhammadownload.com

ငါးပါး တရားအစုတွင် အတ္တဟူ၍ ရှုစရာမရှိပုံကို အမေးအဖြေ ပြုလုပ်၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ ဤသို့သော ဒေသနာတော်တို့ဖြင့် သာသနာတော်ကြီး၏ အရိုန်အဝါ တစ်ဟုန်ထိုး တိုးတက်လာခြင်းပင်ဖြစ်၏။ သို့ရာတွင် အနတ္တသာသနာတော်ကြီး၏ အရိပ်အာဝါသ အောက်တွင် အနတ္တဉာဏ် အမြင်မသန်သူများလည်း ရှိနေကြပေသည်။ အရှင်ယမကကား သူတို့အထဲက တစ်ပါးသာလျှင် ဖြစ်ပေသည်။

ရတနသုတ် ပါဠိတော်၌ ရဟန္တာပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဘုရားကိုယ်တော်မြတ် ပေးတော်မူခဲ့သော ဥပမာမှာ အင်မတန်မှ ဆိုလျော်လှပါ၏။ မီးစာလည်းကုန်၊ ဆီလည်းခန်းသဖြင့် လောင်စာမရှိတော့သော ဆီမီးသည် ဤနေရာ ဤဌာနမှာပင် ချုပ်ပျောက်၍ သွားရ၏။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ရုပ် နာမ် ခန္ဓာတို့မှာလည်း ဤသို့သာလျှင် ဖြစ်ပေသည်။

အများတကာတို့နည်းတူပင် ရဟန်းရဟန္တာပုဂ္ဂိုလ်တို့မှာလည်း အတိတ်ကာလက ပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများ ရှိကြ၏။ ထိုအတိတ်ကံတို့အပေါ်တွင် 'ငါ' ဟူ၍ လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍လည်းကောင်း စွဲလမ်းနေမှသာလျှင် သည်ကံများက အစွမ်းပြနိုင်၏။ အစွဲအလမ်းမရှိတော့လျှင် ထိုကံတို့သည် အစွမ်းမပြနိုင်ကြပေ။ ထို့ကြောင့် အတိတ်ကံများ ကုန်ပြီဟုဆိုရ၏။ သက်တမ်း မကုန်သေးမီ ကာလအတွင်း ပြုလေသမျှ အမှုကိစ္စကြီးငယ်များ အပေါ်မှာလည်း 'ငါ' ဟူ၍ မစွက်ဖက်လာတော့။ ထို့ကြောင့် ကံအသစ်များလည်း ဖြစ်မလာနိုင်။ အေးရာငြိမ်းရာ တရားကို လက်ငင်းလက်တွေ့ခံစားနေရပြီ ဖြစ်၍လည်း နောက်နောင် ဘဝများကို မျှော်လင့်နေစရာမလို။ ဘဝသံသရာတွင် အသစ် အသစ် ဖြစ်ပေါ်လာစေမည့် မျိုးစေ့များ ကုန်ခဲ့ပြီ။ ဘဝသံသရာ ရှည်လျားရ၍ အကိုင်းအခက်တွေ ပြန့်ပွားဖို့ စိတ်ဆန္ဒများ မရှိကြတော့ပြီ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ ရုပ် နာမ် ခန္ဓာတို့သည် အသစ်ဆက်စရာ မရှိတော့သဖြင့် ဤဘဝမှာပင် ချုပ်ငြိမ်း၍ သွားကြရပေသည်။

ဤသို့သော ဒေသနာတော်များနှင့်ပတ်သက်၍ ဘုရားရှင်ဟောတော်မူလိုရင်း အနက်အဓိပ္ပာယ်ထိအောင် သဘောဉာဏ် သက်ရောက်သူ၊ မသက်ရောက်သူဟူ၍ နှစ်မျိုးနှစ်စား ရှိခဲ့ပေသည်။ သဘောဉာဏ်သက်ရောက်သူတို့ထက် မသက်ရောက်သူတို့က အဆမတန် များပြား၏။ ထို့ကြောင့် လွယ်မယောင်နှင့် ခက်ခဲနက်နဲလှသော ထိုအချက်ပေါ်တွင် အရှင်ယမကလို ပုဂ္ဂိုလ် အယူမှားရခြင်းကို ကျွန်ုပ်အပြစ်မတင်လိုပါ။ ကျွန်ုပ်ထက် စောစီးစွာ အသိဉာဏ် ပေါက်ရောက်သွားပုံကို ချီးကျူးလိုစိတ်ဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။

ငြိမ်းလေသောမီး၏ ဥပမာဖြင့် ရဟန္တာတို့၏ ရုပ် နာမ် ခန္ဓာ အစသတ်ချုပ်ငြိမ်းပုံကို ဟောတော်မူခြင်းမှာ ပုဂ္ဂလဓိဋ္ဌာန်အရာ သိသာ မြင်သာအောင်

http://www.dhammadownload.com

ဟောတော်မူခြင်းသာ ဖြစ်၏။ အမှန်စင်စစ်အားဖြင့် အယူအစွဲ၊ အမျော် အကြောက် ဟူသမျှတို့မှ လွတ်မြောက်သည့် အရဟတ္တာမင်၊ အရဟတ္တဖိုလ်ဉာဏ်တို့ ဖြစ်ထွန်း ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ထိုရုပ်နာမ် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းကိစ္စ ကလည်း တစ်ပါတည်း ပြီးမြောက်ပုံကို ဟောတော်မူလိုရင်းသာ ဖြစ်ပေသည်။ ပုဂ္ဂလ ဓိဋ္ဌန်သဘော အသံထွက်မှာပါဝင်နေသော်လည်း ဓမ္မဓိဋ္ဌာန်သက်သက်ကို ကွက်ခနဲမြင်တတ်မှ တော်လိမ့်မည်။

အရှင်ယမကမှာ ဤသို့ မြင်နိုင်စွမ်း မရှိသဖြင့် ပုဂ္ဂလဓိဋ္ဌာန် အသံထွက်ပေါ်မှာ သောင်တင်ကာ "ရဟန္တာပုဂ္ဂိုလ်မှာ ရုပ်နာမ်ခန္ဓာ နောက်ထပ် ဆက်စရာ မရှိတော့လျှင် တစ်ခါတည်း ပြတ်သွားသည် မဟုတ်ပါလော"ဟု တစ်ဖက်စွန်းသို့ ရောက်ခဲ့ရပေသည်။

တရားဓမ္မရေးရာတွင် 'ပြတ်စွန်း'နှင့် 'ဆက်စွန်း'ဟူ၍ အစွန်းနှစ်ပါးရှိနေ၏။ သတ္တဝါ တစ်စုံတစ်ခု သေဆုံးပြီးနောက် ထိုသတ္တဝါသည်ပင် ဘဝသစ်တစ်ခု ကူးပြောင်းလာသည်ဟု ဆိုလျှင် 'ဆက်စွန်း'နှင့် ငြိနေပြီ ဖြစ်၏။ ဘဝသစ် မကူးတော့ပါ ဤဘဝ ဤမျှဖြင့် ပြီးပါပြီဆိုတော့လည်း 'ပြတ်စွန်း'နှင့် မလွတ်ပြန်ပေ။ အမှန်စင်စစ်အားဖြင့် ထိုအစွန်းနှစ်မျိုးလုံးသည်ပင် အတ္တဒိဋ္ဌိ၏ ကိုယ်စားလှယ်များ ဖြစ်ပေသည်။ မသေမီကာလအတွင်း သွားလာလှုပ်ရှား၍ နေကြသော ရုပ်နာမ် ခန္ဓာတို့ကို အတ္တအယူဖြင့် ဆက်စပ်၍ ထားခဲ့မိလေသောကြောင့်သာ ပြတ်စွန်းနှင့် ငြိကြရ၏။ အစကတည်းက "မဆက်"ဘဲ ထားလျှင်ကား "ပြတ်" နေစရာပင် မလိုတော့ပေ။ အရှင်မဟာသသာရိပုတ္တရာ၏ မေးခွန်းများ၌ ဤအချက်များ ထင်ရှားလာပါလိမ့်မည်။

သိသင့်သိထိုက်သော အခြေခံ အချက်အလက်များကို လမ်းခင်းပေးပြီးပြီမို့ အရှင်ယမကတို့၏ ဇာတ်လမ်း စပါတော့မည်။

အရှင်ယမကသည် ရတနာသုတ်ပါဠိတော်လာ ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ စသော ဒေသနာတော်များကို ကြားနာရပြီးနောက် အမြင်တစ်မျိုးပေါက်၍ လာခဲ့၏။ အခြား ရဟန်းများက မေးမြန်းလာသောအခါ သူ့အမြင်ကို ဤသို့ တင်ပြခဲ့၏။

"အာသဝကုန်ပြီးသော ရဟန်း၏ ကိုယ်ခန္ဓာသည် သေလျှင်ပြတ်သွား၏။ သေပြီးသည့်နောက် ဘာမျှ မရှိတော့ပေ။ ဘုရားရှင် ကိုယ်တော်တိုင်က ဤသို့ ဟောထားသော တရားကို ငါ ကိုယ်တိုင် ကြားနာခဲ့ရပေသည်"

သေပြီးသည်နောက် ဘာမျှမရှိတော့ဟု ဆိုလိုက်သည်နှင့် မသေခင်သွားလာ လှုပ်ရှားနေခိုက်မှာတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိနေသည်ဟု အယူရှိနေပုံကို ဝါရင့်

http://www.dhammadownload.com

ရဟန်းတော်များ ရိပ်မိကြပါပြီ။ ထို့ကြောင့် သူ့အမြင်ကို ပြောင်းလဲပစ်ရန် ချက်ချင်း လက်ငင်း တိုက်တွန်းကြပါ၏။ ဘုရားရှင် ကိုယ်တော်တိုင်က သူမြင်ထား သလို ဟောကြားမည် မဟုတ်ကြောင်း ငြင်းဆိုကြ၏။ သို့သော် သူ့အမြင်ကို အမှန်အတိုင်း ပြန်၍ မြင်စေရန်ကား ရဟန်းတော်ကြီးများ မစွမ်းနိုင်ကြပေ။ ထို့ကြောင့် ထိုအမှုကြီးမှာ တရားဗိုလ်ချုပ်ကြီး ရှေ့မှောက်သို့ ရောက်လာရပေသည်။

"ငါ့ရှင် ယမက၊ အာသဝကုန်ပြီးသော ရဟန်းသည် သေလျှင် ပြတ်သွား၏။ သေပြီးသည့်နောက် ဘာမျှမရှိတော့ပေ။ ဘုရားရှင်ကိုယ်တော်တိုင်က ဤသို့ဟောကြား ထားသော တရားကို ငါကိုယ်တိုင်ကြားနာခဲ့ရ၏။ ဤသို့အားဖြင့် ယုတ်ညံ့သော မှားယွင်းသော အမြင်ရှိနေသည် မှန်ပါသလော"

"မှန်ပါသည် အရှင်ဘုရား။ အာသဝကုန်ပြီးသော ရဟန်းသည် သေလျှင်ပြတ် သွား၏။ သေပြီးသည်နောက် ဘာမျှ မရှိတော့ပေ။ ဘုရားရှင် ကိုယ်တော်တိုင်က ဤသို့ဟောထားသောတရားကို တပည့်တော်ကိုယ်တိုင် ကြားနာခဲ့ရပါသည် ဘုရား"

အရှင်မဟာသာရိပုတ္တရာ၏ အမေးကို အရှင်ယမကက ရိုသေစွာ ဖြေကြား၏။ အရှင်ယမက၏ အဖြေစကားတွင် သူမြင်ထားသည်ကို ဝန်ခံခြင်းသာ ပါဝင်၏။ ထိုအဖြေကို ယုတ်ညံ့ပါသည်၊ မှားယွင်းပါသည်ဟူ၍ ဝန်ခံခြင်းကား မပါဝင်ပေ။ သူ့အမြင်ကို အမှန်အတိုင်းပြန်၍ မမြင်သေးသ၍ ဤသို့ပင် အခိုင်အမာ ရပ်တည် နေဦးမည် ဖြစ်ပေသည်။

ထို့ကြောင့် သူ့အမြင်ကို ယုတ်ညံ့ကြောင်း၊ မှားယွင်းကြောင်း မိန့်ဆိုမနေ တော့ဘဲ ဒန္ဓာငါးပါး တရားတို့ဖြင့် တစ်ခုချင်း တစ်ခုချင်း မေးခွန်းထုတ်ရပေတော့ သည်။

"ငါ့ရှင်၊ ရုပ်သည် မြဲသလား၊ မမြဲဘူးလား"

"မမြဲပါ ဘုရား"

"ဝေဒနာကော"

"မမြဲပါ ဘုရား"

"သညာကော"

"မမြဲပါ ဘုရား"

"သခ်ါရကော"

"မမြဲပါ ဘုရား"

"ဝိညာဉ်ကော"

"မမြဲပါ ဘုရား"

http://www.dhammadownload.com

သခ်ၤါရတရားဟူသမျှကို ခန္ဓာဖွဲ့လျှင် ဤငါးမျိုးသာရှိလေရာ၊ မြဲမြံခိုင်မာသော ခန္ဓာဟူ၍ တစ်ခုတလေမျှ မရှိပုံကို ကိုယ်တိုင်အဖြေခိုင်းကာ အဟ္ဘဒိဋ္ဌ အစိုင်အခဲကို အက်ကြောင်းပေးလိုက်ပြီးနောက်–

"ယခုမေးမည့် မေးခွန်းကို သင်မြင်သလို ဖြေစမ်းပါ။ မမြဲသော ထိုခန္ဓာငါးပါးကို သတ္တဝါဟူ၍ သင် ရှုပါသလား"

"သတ္တဝါဟူ၍ မရှုပါ ဘုရား"

"ခန္ဓာငါးပါး အထဲမှာကော ရှုစရာ ရှာတွေ့ပါသလား"

"ခန္ဓာငါးပါး ထဲမှာလည်း ရှုစရာ ရှာမတွေ့ပါ ဘုရား"

"ခန္ဓာငါးပါးထဲမှာ ရှာမတွေ့လျှင် ခန္ဓာငါးပါးကို ကြဉ်ဖယ်ထား၍ တခြားမှာကော ရှာတွေ့ပါသလား"

"တခြားမှာလဲ ရှာမ့တွေ့ပါ ဘုရား"

"သို့ဖြစ်လျှင် ခန္ဓာငါးပါး မဟုတ်သော သတ္တဝါကိုကော သင်ရှာတွေ့ပါသလား"

"ခန္ဓာငါးပါး မဟုတ်သော သတ္တဝါကို ရှာမတွေ့ပါ ဘုရား"

"ငါ့ရှင် ယမက၊ သင့်ကို အမျိုးမျိုး အဖုံဖုံလှည့်၍ မေးလာခဲ့ပြီ။ မေးတိုင်း မေးတိုင်းသော ပုစ္ဆာတို့တွင် သေစရာ သတ္တဝါ၊ မသေခင်က အသက်ရှင်နေသော သတ္တဝါကို သင်မပြနိုင်။ လက်ငင်း လက်တွေ့ဘဝမှာပင် သေစရာ ရှင်စရာ သတ္တဝါဟူ၍ လက်ဆုပ်လက်ကိုင် မပြနိုင်ပါဘဲလျက် သေလျှင် ပြတ်၏ဟူသော စကားကို သင်ဆိုထိုက်ပါသေးသလား"

ပစ်ကွင်းတည့်တည့်ကို အသေအချာ ချိန်ကိုက်၍ ပစ်လွှတ်လိုက်သော အမြောက်ဆန်ကြီးပင် ဖြစ်ပါ၏။ ဤအမြောက်ဆန်ကြီးနှင့် အမှန်ခံရပြီးသည့်နောက် ရှင်ယမက၏ စိတ်သန္တာန်တွင် အတ္တဒိဋ္ဌိအယူအစွဲတို့ နောက်ထပ်တစ်ဖန် တပ်စွဲလာစရာ မရှိတော့ပါ။ မိမိအမြင်ကို ဟုတ်တိုင်းမှန်စွာ မြင်လာပြီးချိန်တွင် ဆက်လက်၍ ဖုံးကွယ်စရာ မလိုတော့ပါ။

"အရှင်သာရိပုတ္တရာဘုရား၊ ဘုရားတပည့်တော်တွင် အသိအမြင် မစင်ကြယ်သေးခင်က ယုတ်ညံ့သော၊ မှားယွင်းသောအမြင် ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ယခု အရှင်ဘုရား၏ တရားတော်ကို ကြားနာရသဖြင့် ထိုယုတ်ညံ့လှသော ထိုအမြင်မှားကို ပယ်စွန့်ခဲ့ပါပြီ။ တရားကို တရားအတိုင်း၊ ထိုးထွင်း သိမြင်ခဲ့ပါပြီ ဘုရား"

http://www.dhammadownload.com

အရှင်ယမက၏ စိတ်သန္တာန်ဝယ် အတ္တဒိဋ္ဌိ၏ အရိပ်အရောင် မယှက်သန်း လာတော့သည်ကို အရှင်မြတ်ကြီး ရိပ်မိပြီ ဖြစ်ပါ၏။ သို့ရာတွင် မိမိတစ်ပါးတည်း ရိပ်မိရုံမျှဖြင့် မပြီးနိုင်သေးပေ။ အခြား ရဟန်းများကလည်း သည့်ထက်ပို၍ သဲ့သဲ့ယှင်းစေရန် ထပ်မံ၍ မေးပြရပါဦးမည်။ ဤမေးခွန်းနှင့် ဤအဖြေသည် သာသနာ့ သမိုင်းစဉ်တစ်လျှောက်၌ စံနမူနာတစ်ခုအဖြစ် ရပ်တည်၍ နေရစ်ပေလိမ့်မည်။

"ကဲ....ဆက်လက်၍ မေးကြပါဦးစို့။ ငါ့ရှင်ယမက၊အာသဝကုန်ပြီးသော ရဟန်းပုဂ္ဂိုလ်သေလွန်ပြီးသည်နောက် ဘာများဖြစ်သွားပါသနည်း။ အကယ်၍ တစ်စုံတစ်ယောက်သောသူက ဤကဲ့သို့ မေးမြန်းလျှင် အသင် မည်သို့ဖြေကြား မည်နည်း"

"တပည့်တော်၏ အဖြေက ဤသို့ဖြစ်ပါသည် ဘုရား။ အကြင် ခန္ဓာငါးပါး တရားအစုသည် အမြဲမရှိ။ အမြဲမရှိသဖြင့် ဆင်းရဲသော တရားအစု ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်ပါသည် ဘုရား"

ပုဂ္ဂိုလ် သတ္တဝါ မရောမယှက်၊ ဓမ္မဓိဋ္ဌာန် သက်သက်မျှသာဖြစ်သော ဤအဖြေသည် အနတ္တဝါဒ၊ ဗုဒ္ဓသာသနာတော်ကြီး တစ်ခုလုံးကို ကိုယ်စားပြု၍ နေပေသည်။

(ခန္ဓသံယုတ်၊ ယမကသုတ်)

***

http://www.dhammadownload.com

ညာလက်ရုံးကြိုး ဆန့်လိုက်ပြီ

များစွာသော သုတ္တန်ဒေသနာတော်တို့ဖြင့် ဘုရားရှင်သည် ဣန္ဒြေမျှတမှု၏ အကျိုးအာနိသင်ကို ညွှန်ပြတော်မူခဲ့၏။ ဣန္ဒြေငါးပါးရှိကြရာတွင် သဒ္ဓါနှင့် ပညာမျှတရန် လို၏။ ဝီရိယနှင့် သမာဓိလည်း ညီမျှမှ အကျိုးရှိ၏။ အပိုမရှိ အလိုသာရှိသော တရားတစ်ခုမှာကား သတိပင် ဖြစ်ပေသည်။

ကျွန်ုပ်၏ မျက်စိအောက်၌ သဒ္ဓါလွန်၍ တဏှာကျွန် ဖြစ်ရပုံတွေ များလှပေပြီ။ ဝီရိယမပါသော သမာဓိဖြင့် တသမ်းသမ်း တဝေဝေ ဖြစ်နေပုံတို့လည်း တွေ့ရပေါင်းများလှပေပြီ။ ကျွန်ုပ်ကိုယ်တိုင် ဝီရိယ တစ်ဖက်သတ်သမား ဖြစ်ခဲ့၍ တစ်ညလုံး ဒုက္ခရောက်ခဲ့ရပုံကို နောက်ပိုင်းမှာ တင်ပြပါဦးမည်။

သဒ္ဓါနှင့် ပညာ ညီမျှမှုကို ဆိုသော်ငြင့် အချို့က ပညာလွန်လျှင် သဒ္ဓါ တရားဆုတ်ယုတ်သွားတတ်ကြောင်း ပြောဆိုကြ၏။ အမှန်မှာ ဤသို့ မဟုတ်နိုင်ပါ။ မရသေးသော လောကုတ္တရာ အသိဉာဏ်ရရေးအတွက် ဤသာသနာတော်ကြီး အတွင်းသို့ သဒ္ဓါတရားဖြင့် ချဉ်းကပ်လာကြရ၏။ သဒ္ဓါကို အခြေခံ၍ ပညာစခန်းသို့ ဆိုက်လာကြရ၏။

ပညာ၏ အခြေခံအဖြစ် သဒ္ဓါတရားက ဤသို့ ကျေးဇူးပြုခဲ့သည် မှန်ပါ၏။ သို့သော် ပညာကို အလွန်အကျွံ ဖြစ်မသွားစေရန် သဒ္ဓါဖြင့် ထိန်းပေးနေစရာကား မလိုပါချေ။ ဟုတ်တိုင်းမှန်စွာ သိမြင်သော ပညာဟူသည် လွန်သည်ဟု မရှိစကောင်းပါ။ အကယ်၍ လွန်သွားသည် ဆိုလျှင်လည်း ထိုအမြင်သည် ပညာမြင် မဟုတ်တော့ဘဲ မိစ္ဆာမြင်သာ ဖြစ်ရပေတော့မည်။

ပညာဉာဏ် တကယ်တမ်း ထက်မြက်ရိုးမှန်လျှင် သဒ္ဓါတရားလည်း အထူးတလည် ခိုင်မြဲလာပုံကို အောက်ပါ အရှင်မဟာသာရိပုတ္တရာ၏ လျှောက်ထားချက်အရ သိနိုင်ကြပေသည်။

ဤဒေသနာတော်၌ အဓိက တင်ပြသွားသူမှာ အရှင်မဟာ သာရိပုတ္တရာဖြစ်၍ ဘုရားရှင်က တရားထောက် သဘောဖြင့်သာ ပါဝင်တော်မူပေသည်။

http://www.dhammadownload.com

နာဠန္ဒဖြို့၊ ဒုဿပါဝါရိက သူဋ္ဌေး၏ ဥယျာဉ်ကျောင်းမှာ နေတော်မူစဉ် ဤဒေသနာတော် ထွက်ပေါ်လာခဲ့ပေသည်။

"အရှင်ဘုရား၊ တရားသိမြင်သော ဉာဏ်အရာတွင် အရှင်ဘုရားထက် သာလွန်သော အခြားတစ်ပါးသော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည်လည်းကောင်း ရှေးကလည်း မရှိခဲ့။ နောက်နောင်လည်း ပေါ်လာစရာမရှိ။ ယခုလောလောဆယ်မှာလည်း မရှိနိုင်။ အရှင်ဘုရားအပေါ်၌ တပည့်တော် ဤသို့ပင် ယုံကြည်နေပါသည် ဘုရား"

"သာရိပုတ္တရာ၊ သင်ဆိုအပ်သော စကားသည် ကြီးမြတ်လှပါ၏၊ ခိုင်ခံ့လှပါ၏။ တိကျလှပါ၏။ ကေသရာဇာ ခြင်္သေ့မင်း ဟောက်သံကဲ့သို့ ရဲရဲတင်းတင်း ရှိပါဘိ။

"သာရိပုတ္တရာ၊ အတိတ်ကာလတုန်းက အရဟန္တ ဂုဏ်ထူးရသည့် ဘုရားရှင်ကိုယ်တော်မြတ်များ ပွင့်တော်မူခဲ့ကြပေပြီ။ ထိုဘုရားရှင်တို့သည် ဤသို့သော အကျင့်သီလ ရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့သော သဘောရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့သော ပညာရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့ ဈာန်ဝင်စားလေ့ ရှိကြကုန်၏။ ထိုဘုရားရှင်တို့သည် ဤသို့ လွတ်မြောက်တော်မူကြကုန်၏။ ဤသို့အားဖြင့် ထိုဘုရားရှင် အားလုံးတို့၏ စိတ်တော်ကို သင့်စိတ်ဖြင့် ပိုင်းခြား၍ သိထားပါသလော"

"မသိရပါ အရှင်ဘုရား"

"သို့ဖြစ်လျှင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်များ၏ စိတ်ကိုကော သင့်စိတ်ဖြင့် ပိုင်းခြား၍ သိထားပါသလော"

"မသိရပါ အရှင်ဘုရား"

"ယခုလက်ရှိ ငါ ဘုရား စိတ်ကိုကော"

"မသိရပါ အရှင်ဘုရား"

"သာရိပုတ္တရာ၊ ဤသို့အားဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘုရားရှင်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ မသိနိုင်ပါဘဲလျက် သင်သည် ကြီးမြတ်သော စကားကို ဆိုဘိ၏။ ကေသရာဇာခြင်္သေ့မင်း ဟောက်သံကဲ့သို့ ရဲရဲတင်းတင်းဆိုဘိ၏။ သင့်စကား၏ အခြေအနေ မည်သို့ရှိနေပါသနည်း"

"အရှင်ဘုရား၊ ဘုရားတပည့်တော်တွင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘုရားရှင်တို့၏ စိတ်တော်ကို ပိုင်းခြား၍ သိနိုင်စွမ်းမရှိပါဘုရား။ သို့ရာတွင် အရှင်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို နည်းနာခံကာ အစဉ် လျှောက်၍ သိနိုင်သော ဉာဏ်စွမ်းကား ရှိနေပါသည်။

http://www.dhammadownload.com

"ဥပမာတစ်ခု လျှောက်ထားပါရစေ ဘုရား။ ပြည့်ရှင်မင်းတို့၏ နယ်ခြားစောင့် မြို့တစ်မြို့ ရှိပါသည်။ ခိုင်ခံ့သော တံတိုင်းခြေ၊ ခိုင်မာသော တံတိုင်း၊ မြဲမြံသော တံခါးတိုင်၊ တံခါးရွက်ရှိသော ထိုမြို့၌ တံခါးတစ်ပေါက်သာ ရှိပါသည်။ မသိသူကို တားမြစ်၍ သိသူကိုမှ ဝင်ခွင့်ပြုခြင်းသည် တံခါးစောင့်တို့၏ ကာဝန်ဖြစ်ပါသည်။ ထိုမြို့၏ ကျွမ်းကျင်လိမ္မာသော တံခါးစောင့်သည် မြို့ပတ်လမ်းမှာ လျှောက်သွားသော အခါ တံတိုင်းအက်ရာကိုလည်း မမြင်။ တံတိုင်းအပေါက်ကိုလည်း ရှာမတွေ့။ ဤတွင် ထိုတံခါးစောင့်က ဤသို့ စဉ်းစားမိပါတော့သည်။

'ဤမြို့ထဲသို့ ဝင်လေသမျှ၊ ဤမြို့ထဲမှ ထွက်လေသမျှ သတ္တဝါတို့သည် တစ်ခုတည်းသော ဤတံခါးပေါက်မှသာ ဝင်ကြ ထွက်ကြကုန်၏'

"နည်းနာခံကာ အစဉ်လျှောက်၍သိနိုင်သော တပည့်တော်၏ ဉာဏ်စွမ်းကား ဤဥပမာအတိုင်းသာ ဖြစ်ပါသည် ဘုရား။

"အတိတ်ကာလက ဘုရားရှင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာစွမ်းအားကို လျော့ပါးစေတတ်ကုန်သော နိဝရဏ တရားငါးပါးကို ပယ်ကြကုန်၍ သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာထားကြကုန်၍၊ ဗောဇ္ဈင် တရား ခုနစ်ပါးတို့ကို နည်းမှန်လမ်းကျ ကျင့်သုံးကြကုန်၍၊ အတူမရှိ၊ သမ္မာသမ္ဗောဓိဆုကြီးကို ဆွတ်ခူးနိုင်ခဲ့ကြကုန်၏။ အနာဂတ်မှာ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်း ဤနည်းအတိုင်းသာ ဖြစ်တော်မူကြပါလိမ့်မည်။ ယခု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်း ရှေးရှေးက ဘုရားရှင်ကိုယ်တော်မြတ်များ အတိုင်းသာ ဖြစ်တော်မူပါသည်။

"ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်က အရှင်ဘုရားထံ ချဉ်းကပ်လာသောအခါ ရှင်တော်မြတ်ဘုရားက မြတ်သည်ထက် မြတ်အောင်၊ ထူးသည်ထက် ထူးအောင်၊ အဖြူအမည်း ကွဲပြားအောင်ပြု၍ ဟောကြားတော်မူပါသည်။ ရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားတပည့်တော် ပိုင်ပိုင်နိုင်နိုင် သိရပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၌ ယုံကြည်မှု ခိုင်မြဲလာပါသည် ဘုရား။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ကုသိုလ်တရားနှင့် ပတ်သက်၍ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်သည် အမြတ်ဆုံးဖြစ်ပါသည်။ ကုသိုလ်တရားဟူသည်မှာ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့ ဖြစ်ပါသည်။ ဤသာသနာတော်၌ ရဟန်းသည် အရဟတ္တဖိုလ်ကို ကိုယ်တိုင်ကိုယ်ကြပ်

http://www.dhammadownload.com

မျက်မှောက်ပြု၍ နေ၏။ အရဟတ္တဖိုလ်ရောက်အောင် ပို့ဆောင်နိုင်သော ကုသိုလ်တရားတို့ကို ဟောကြားတော်မူသောကြောင့် အရှင်ဘုရား၏ တရားဒေသနာသည် အမြင့်မြတ်ဆုံး ဖြစ်ပါသည်။ ထိုတရား ဒေသနာတော်ကို အရှင်ဘုရားသည် ကြွင်းမဲ့ညဿ သိတော်မူပြီးဖြစ်ပါသည်။ ထို့ထက်ပို၍ သိစရာ မရှိတော့ပါ။ အရှင်ဘုရား သိတော်မူသည်ထက် ပို၍ သိနိုင်သော အခြားတစ်ပါးက သမဏ၊ ဗြာဟ္မဏဟူ၍ မရှိနိုင်တော့ပါ ဘုရား။

"အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က အတိတ် အနာဂတ်က ဘုရားရှင် ကိုယ်တော်မြတ်များသည် အရှင်ဘုရားထက် သာလွန်ပါသလောဟု မေးလျှင် 'မသာလွန်ပါ'ဟူ၍ တပည့်တော်ဖြေပါမည်။ ယခု လောလောဆယ်တွင် အရှင်ဘုရားထက် သာလွန်သော အခြားတစ်ပါးက သမဏ၊ ဗြဟ္မဏများ ရှိပါသလောဟု မေးလျှင်လည်း ဤသို့ပင် ဖြေပါမည် ဘုရား။

"အကယ်၍ တစ်စုံတစ်ယောက်သောသူက 'အတိတ် အနာဂတ် ဘုရားရှင် ကိုယ်တော်မြတ်များသည် အရှင်ဘုရားနှင့်တူပါသလော'ဟု မေးလျှင် 'တူပါ၏'ဟု တပည့်တော်ဖြေပါမည်။ 'ယခု လောလောဆယ်တွင် အရှင်ဘုရားနှင့်တူမျှသော အခြားတစ်ပါးက သမဏ၊ ဗြာဟ္မဏများ ရှိနေပါသလော'ဟု မေးပါလျှင်ကား 'မရှိပါ'ဟု ဖြေကြားပါမည် ဘုရား။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤနေရာတွင် တပည့်တော်ကို မေးစရာရှိလာပြန်ပါသည်။ 'အရှင်သာရိပုတ္တရာသည် အချို့ကိုသာ ဝန်ခံ၍ အဘယ်ကြောင့် အချို့ကို ငြင်းဆိုရပါသနည်း' ဤသို့မေးလာကြလျှင် တပည့်တော်က ဤသို့ဖြေရပါမည်။ 'ငါ့ရှင်တို့၊ အတိတ်အနာဂတ် ဘုရားရှင်ကိုယ်တော်မြတ်တို့သည် တရားသဘောတွင် ငါတို့ဘုရားရှင်နှင့် ထပ်တူထပ်မျှ ဖြစ်တော်မူကြကုန်၏။ ဤကမ္ဘာမြေပြင်ပေါ်ဝယ် နှစ်ဆူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သည် မရှေးမနှောင်း မပွင့်ကောင်းပေ။ ဤသို့ အရှင်ဘုရား ဟောကြားတော်မူထားသည့် တရားတော်ကို ဘုရားတပည့်တော် ကိုယ်တိုင် ကြားနာရသောကြောင့် ဤသို့ ဖြေရှင်းရခြင်း ဖြစ်ပါသည် ဘုရား။

"ဘုရားတပည့်တော်အား သနားသဖြင့် ဖြေကြားတော်မူပါ အရှင်ဘုရား။ ဤကဲ့သို့ တပည့်တော် ဖြေကြားပါလျှင် အရှင်ဘုရား ဟောကြားသည်နှင့် ညီညွတ် ပါသလား ဘုရား"

"ညီညွတ်၏ သာရိပုတ္တရာ။ ငါ ဘုရား ဟောထားခဲ့သည့်အတိုင်းပင် ဖြစ်ပေသည်"

ဉာဏ်ပညာနှင့်အတူတကွပါလာခဲ့သော သဒ္ဓါတရားကို ဘုရားရှင်က အသိအမှတ် ပြုတော်မူလိုက်ပါ သတည်း။

(ဒီဃနိကာယ်၊ ပါထိကဝဂ်၊ သမ္မသာဒနိယသုတ်)

http://www.dhammadownload.com

ပြော၍ မကုန် ဆို၍မခန်း

"အာနန္ဒာ၊ သာရိပုတ္တရာကို သင်လည်း နှစ်သက်ပါ၏လော"

သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် တစ်နေ့သ၌ ဘုရားရှင်က ဤသို့ထုတ်၍ မေးတော်မူလိုက်၏။ အမှန်မှာ ဘုရားရှင်၏ ညာလက်ရုံးတစ်ဆူ အဖြစ် အားကိုးအားထားပြုနေရသော ပုဂ္ဂိုလ်မြတ်ကြီးအပေါ် မနှစ်သက်သူဟူ၍ မရှိနိုင်ပါ။ မကြည်ညိုသူဟူ၍ မရှိနိုင်ပါ။ ဘုရားရှင်ကို နှစ်သက်သူကြည်ညိုသူမှန်လျှင် သည်အရှင်မြတ်ကြီးကိုလည်း နှစ်သက်ပြီး ကြည်ညိုပြီးသား ဖြစ်ကြရပေသည်။

သို့ပါလျက် ဘုရားရှင်က တမင်တကာ ထုတ်ဟ၍ မေးတော်မူချေပြီ။ ဘုရားရှင်တို့၏ အပြုအမူဟူသမျှသည် ဉာဏ်ပညာ ရှေ့သွား ရှိကြသည်သာ ဖြစ်၏။ တစ်စုံတစ်ခုသော အမူကိစ္စကို ပြုလျှင် တစ်စုံတစ်ရာသော အကြောင်းအရာကို မေးမြန်း ဟောကြားလျှင် သက်ရောက်လာနိုင်မည့် အကျိုးဆက်များကို ထက်သန်လှသော ဉာဏ်ပညာဖြင့် နှိုင်းချိန်ဝေဖန်၍သာ ပြုတော်မူ၏။ ဉာဏ်ပညာနှင့်တကွ ဆက်စပ်လျက်ရှိသော စကားများကိုသာ မေးမြန်းခြင်း၊ ဟောကြားခြင်း ပြုတော်မူပေသည်။

ရှင်တော်မြတ်၏ အရိပ်အာဝါသအောက် ခိုကိုးလာခဲ့သည့် နှစ်လရာသီ အလိလိ ပြောင်းလာသည်နှင့်အမျှ ထုတ်ဟလိုက်သော စကားများ နောက်ကွယ်က အသံမထွက်သော လိုအင်ဆန္ဒများကို ကျွန်ုပ် ကြားသိ၍ လာနိုင်ပါပြီ။ ယခု ရွေးချုတ်တော်မှ ထုတ်ဟလိုက်သော မေးခွန်း၏ နောက်ကွယ်မှာလည်း အလိုတော်တစ်ခု တွယ်ကပ်လျက် ရှိပေသည်။

သို့ရာတွင် ကျွန်ုပ် လျှောက်ထားရမည့် စကားများမှာ ထိုအလိုတော်နှင့် လိုက်လျောရုံမျှသာ မဟုတ်ပါ။ ကျွန်ုပ်၏ စိတ်နလုံးအလိုနှင့်လည်း လုံးဝဥဿုံ ညီညွတ်ပြီး ဖြစ်နေပါသည်။

"အရှင်ဘုရား၊ မိုက်မဲသူ၊ ပြစ်မှားသူ၊ တွေဝေသူ၊ ဖောက်လွဲဖောက်ပြန် စိတ်မမှန်သူများမှ လွဲ၍ အရှင်သာရိပုတ္တရာကို မနှစ်သက်သူဟူ၍ မရှိပါဘုရား။

"အရှင်သာရိပုတ္တရာသည် ရှေ့နောက် မြော်မြင် ဉာဏ်အမြင်နှင့် ပြည့်စုံပါသည်။ မြင့်မြတ်သော ပညာ၊ ကြီးမားသော ပညာ၊ ရွှင်လန်းသော ပညာ၊ လျင်မြန်သော ပညာ၊ ထက်မြက်သောပညာ၊ မိစ္ဆာအယူဟူသမျှကို ဖောက်ခွဲနိုင်သော ပညာနှင့် ပြည့်စုံပါသည်။

"အရှင်သာရိပုတ္တရာသည် အလိုဆိုးမရှိသူဖြစ်ပါသည်။ ကောင်း ဆိုးယုတ် မြတ် ရတတ်သမျှဖြင့် ရောင့်ရဲတတ်ပါသည်။ ကာမဂုဏ်တို့မှ ကင်းဝေးပါသည်။ လူပေါက်သောက်တို့နှင့် ရောနှောခြင်း မရှိပါ။ မဆုတ်မနစ် အားသစ်သော စိတ်ဓာတ်ရှိပါသည်။

http://www.dhammadownload.com

"အရှင်သာရိပုတ္တရာသည် သီတင်းသုံးဖော်များက ပြောဆိုဆုံးမသော စကား ကိုလည်း လေးစားစွာ ခံယူပါသည်။ မကောင်းသော အယူအစွဲ၊ အကျင့်အကြံကို စစ်ကြောမေးမြန်းတတ်ပါသည်။ မကောင်းမှုဟူသမျှကို ရှုတ်ချတတ်ပါသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးကို မည်သူ မနှစ်သက်ဘဲ ရှိနိုင်ပါမည်နည်း အရှင် ဘုရား"

အလိုဆန္ဒနှစ်ရပ်တို့ တစ်ခဲနက် ဆက်စပ်လျက် ထွက်ပေါ်လာသော ဂုဏ်ကျေးဇူးများ ဖြစ်ကြပါပေသည်။ အရှင်မဟာသာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို အကြောင်းပြုလျက် ဤသို့သော ဂုဏ်ကျေးဇူးများ ထွက်ပေါ်လာသကဲ့သို့ပင် အရှင်မဟာ မောဂ္ဂလာန်စသော မထေရ်မြတ်ကြီးများနှင့် ပတ်သက်၍ မေးမြန်းတော် မူလျှင်လည်း လျှောက်ထားစရာ ဂုဏ်ကျေးဇူးများ အစီအရီ ရှိနေကြသည်သာ ဖြစ်ပေသည်။

(သဂါထာဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သုသီမသုတ်)

ဝါးတိုင်ထိပ်က စန္ဒကူးသပိတ်

အဘိညာဉ်စိုးသည့် တန်ခိုးသခင် အရှင်မဟာမောဂ္ဂလာန်၏ အကြောင်းကို တင်ပြမည်အပြုတွင် ကျွန်ုပ်၏ စိတ်အာရုံမှာ အရှင် ပိဏ္ဍောလဘာရဒ္ဝါဇနှင့် စန္ဒကူးသပိတ်တို့ ဝင်ရောက်လာကြပေသည်။

ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာနေတော်မူစဉ်က ဖြစ်၏။ အရှင်မဟာ မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒ္ဝါဇတို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ အတူတကွ ဆွမ်းခံဝင်လာကြရာ သူငှေ့ စ်ဦး၏ အိမ်ရှေ့တွင် လူအများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့ကြရ၏။ အိမ်ရှေ့က ကွက်လပ်မှာလည်း ဝါးအဆင့်ဆင့် စိုက်ထူကာ အထက်ဆုံး ဝါးလုံးဖျားတွင် စန္ဒကူးသပိတ်ကို ချိတ်ဆွဲထား၏။ နီးစပ်ရာ ဒါယကာတစ်ယောက်ကို မေးကြည့်ရာတွင် "ရဟန္တာများအတွက် သူဌေးကလှူဒါန်းထားပါသည်။ တန်ခိုးကြီးသော ရဟန္တာအရှင်မြတ်များကောင်းကင် ခရီးဖြင့် ကြွချီ၍ အလှူခံတော်မူကြရန် ဖြစ်ပါသည် ဘုရား"

"အခြား ပုဂ္ဂိုလ်များကော ကြိုးစားကြည့်ကြပါသလော"

စန္ဒကူးသပိတ်ကို စိတ်ပါဝင်စားနေပြီဖြစ်သော အရှင်ပိဏ္ဍောလက ဆက်၍ မေးလိုက်၏။

'ကိုယ့်ကိုယ်ကို ရဟန္တာဆိုသူတွေလည်း မရှားပါ ဘုရား၊ တန်ခိုးကြီးမား ပါသည်ဆိုသော ပုဂ္ဂိုလ်ကြီးတွေလည်း ရှိကြပါသည်။ တကယ့် လက်တွေ့နှင့် စစ်ကြည့်လိုက်တော့ ဘယ်ပုဂ္ဂိုလ်မှ မယူနိုင်သေးပါ။ သည်အထဲမှာ အင်မတန်

http://www.dhammadownload.com

ဉာဏ်များလှသည့် ပုဂ္ဂိုလ်ကြီးတစ်ပါး ကြွလာပါသေးသည်။ နောက်လိုက် နောက်ပါ ခြွေရံ သင်းပင်းများနှင့်တကွ သူဌေးကြီးဆီကြွလာပြီး သပိတ်ကို အလှူခံပါသည်။ သူဌေးကလည်း စောစောက စီစဉ်ထားသည့်အတိုင်း 'ဈာန်တန်ခိုးနှင့် မိုးပျံနိုင်လျှင် ယူပါတော့'ဟု လျှောက်ထားလိုက်ပါသည်။

'ဂိုဏ်းခေါင်းဆောင် ပုဂ္ဂိုလ်ကြီးက 'သည်လိုဆိုလျှင် ကောင်းပြီ၊ သည်ကနေ့ ငါ၏ တန်ခိုးကျွန်ုပါဒ်ကို ဖူးခွင့်ရကြပြီ'ဟု ခပ်တည်တည်ဆိုကာ ဟန်နှင့် ပန်နှင့် လှမ်းကြွလာပါသည်။ ဝါးတိုင်နားရောက်သောအခါ လက်နှစ်ဖက်ကိုမြှောက်၍ ထက်ကောင်းကင် ပြန်မည့် အပြုလိုက်မှာ သူ့တပည့်များက ဝိုင်း၍ ဆွဲထားလိုက်ကြပါသည်။ 'ဘာမဟုတ်သည့် သပိတ်ကလေး တစ်လုံးအတွက် လူတို့နှင့် မထိုက်တန်အောင် မြင့်မြတ်လှသော ဈာန်တန်ခိုးတွေ ပြတော်မမူပါနှင့် ဘုရား'ဟု တားမြစ်ကြပါသည်။ သူတို့လုပ်ဇာတ်ကြီးက ပေါလောဖြစ်နေသဖြင့် လူပုံအလယ် အရှက်ကွဲခံရခြင်းသာ အဖတ်တင်သွားရပါသည်။ လောကမှာ ရဟန္တာတွေ၊ တန်ခိုးရှင်တွေဟု ပါးစပ်ဖျားက အပြောများနေကြသော်လည်း လက်တွေ့နှင့် စပ်ကြည့်လိုက်တော့ အင်မတန်မှ ရှားလှပါသည် ဘုရား"

"ဒါယကာ၊ သင်ပြောသလိုမဟုတ်ပါ၊ တန်ခိုးကြီးသည့် ရဟန္တာပုဂ္ဂိုလ်များ ရှိကြပါသည်။ ယခု ငါ့ရှေ့က ပုဂ္ဂိုလ်ကြီးကို ရှုပါ။ သင့်မျက်စိရှေ့မှာပင် ဈာန် အဘိညာဉ်တန်ခိုးဖြင့် အလှူခံပြပါလိမ့်မည်"

ဒါယကာ၏ စကားကို ချေပရင်း အရှင်မဟာမောဂ္ဂလာန်ကို ရေလာမြောင်းပေး ပြုလိုက်၏။ အရှင်မဟာမောဂ္ဂလာန်က သူ့စကားကို လက်မခံဘဲ"သည်သပိတ်က ငါ့ရှင်အတွက်သာဖြစ်သည်။ ငါ့ရှင်လည်း ဈာန်အဘိညာဉ်ရ တန်ခိုးရှင်တစ်ပါးပင် မဟုတ်ပါလော"

စောစောကပင် စန္ဒကူးသပိတ်ကို စိတ်ဝင်စားနေပြီးဖြစ်သော အရှင်ပိဏ္ဍောလ သည် အရှင်မဟာမောဂ္ဂလာန်က နှစ်ခါထပ်၍ မတိုက်တွန်းရဘဲ တန်ခိုးပြလိုက်ပေ တော့သည်။ ရာဇဂြိုဟ်မြို့ပေါ်တွင် သပိတ်နှင့်တကွ သုံးပတ်တိတိ ပျံဝဲ၍ ပြလိုက်ပေသည်။ သူဌေးနှင့်တကွ မြို့သူမြို့သားတို့၏ ဩဘာသံက ပွက်ပွက်ညံ၍ သွားပါ၏။

အရှင်ပိဏ္ဍောလသည် ကောင်းကင်မှ ဆင်းသက်၍ သူဌေးရှေ့မှာ ရပ်လာ ၏။ သူဌေးက သပိတ်ကို လှမ်းယူကာ အဖိုးထိုက်တန်သော ခဲဖွယ်ဘောဇဉ်တို့ကို လောင်းလျက် အရှင်မြတ်ထံ ဆက်ကပ်လိုက်၏။ ကောင်းချီးဩဘာပေး၍ အားမရ နိုင်သော ပရိသတ်များက ကျောင်းတော်တံခါးဝထိအောင် လိုက်ပါ၍ လာကြပေ သည်။

တစ်စုံတစ်ခုသော စကားပြောစရာရှိလျှင် အကျိုးရှိမှ ပြောကြရမည်။ အကျိုးမရှိသောစကားကို ပြောနေမည့်အစား ဆိတ်ဆိတ်နေကြရမည်။ ဤကား

http://www.dhammadownload.com

ဘုရားရှင်၏ ဩဝါဒဖြစ်၏။ ဘုရားရှင်၏ စံနမူနာလည်း ဖြစ်၏။ တရားဟောစရာ၊ ဆွေးနွေးစရာ၊ ဝိနည်းပညတ်စရာမရှိလျှင် ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းကိုသာ နှစ်သက်တော်မူ၏။ တိတ်တိတ်ဆိတ်ဆိတ်နေတော်မူသော ဘုရားရှင်သည် ထိုအသံဗလံများကို ကြားလိုက်ရသည်နှင့် ကျွန်ုပ်ကို ခေါ်တော်မူလိုက်ပေသည်။

"အာနန္ဒာ၊ ကျောင်းတံခါးဝမှာ ဆူညံလှသော အသံကား အသို့နည်း"

အရှင်မဟာ မောဂ္ဂလာန်ထံမှ သည်အကြောင်းခြင်းရာကို ကြားရခါစဖြစ်၍ ကျွန်ုပ်က ဟုတ်တိုင်းမှန်ရာကို ချက်ချင်းလက်ငင်း လျှောက်ထားနိုင်ပေသည်။

"အာနန္ဒာ၊ ရဟန်းအားလုံးကို အစည်းအဝေးခေါ်လိုက်"

ဤကဲ့သို့ အမိန့်တော် ထုတ်ပြန်လိုက်သည်နှင့် ယနေ့အဖို့ ဝိနည်းပညတ်ချက် တစ်ခု ထုတ်ပြန်စရာရှိပြီဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး သတိပြုမိကြပါသည်။ သည်ကိစ္စ၏ အရင်းခံပုဂ္ဂိုလ် မည်သူဖြစ်သည်ဟု အထူးတင်ပြရန် လိုတော့မည် မထင်ပါ။

"ဘုရဒ္ဓါဇ၊ ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို စွာန်တန်ခိုးဖြင့် ပျံတက်၍ ယူသည် မှန်သလော"

မျိုးရိုးနာမည်နှင့် ငယ်နာမည်ဟူ၍ နှစ်မျိုးရှိရာတွင် ဘုရားရှင်က မျိုးရိုးနာမည်ကို ခေါ်တော်မူလေ့ရှိ၏။ လောကဓမ္မတာ ယဉ်ကျေးမှု ဓလေ့အရလည်း ဖြစ်ပါသည်။

"မှန်ပါသည် အရှင်ဘုရား"

အဖိုးမထိုက်လှသော သပိတ်ကလေး တစ်လုံးအတွက် တန်ခိုးပြာဋိဟာ ပြခဲ့သည့်အတွက် အရှင်ပိဏ္ဍောလအား အမျိုးမျိုးအဖုံဖုံ ရှုတ်ချတော်မူကာ–

'ရဟန်းတို့၊ လူတို့အား တန်ခိုးပြာဋိဟာကို မပြအပ်။ ပြသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ။

"ရဟန်းတို့၊ သပိတ်ကို ခွဲလိုက်ကြ။ အစိတ်စိတ်အမြွှာမြွှာခွဲ၍ မျက်စဉ်းကြိတ်စရာ အဖြစ်ဖြင့် ရဟန်းတို့အားပေးလိုက်ကြ။

"ရဟန်းတို့၊ သစ်သားသပိတ်ကို မဆောင်အပ်။ ဆောင်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"

ဝိနည်းပညတ်ချက်နှစ်ခုနှင့် အမိန့်တော်တစ်ရပ်တို့ တစ်ပြိုင်နက် ထွက်ပေါ်လာကြ၏။ ကောင်းချီးညြာသဲ့ တည်ညံဖြင့် ယူဆောင်ခဲ့ရသော သပိတ်သည် ထိုနေရာမှာပင် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားရရှာပေသည်။

(စူဠဝဂ်၊ ဒုဒ္ဒကဝတ္ထု ဒုန္ဒက)

အမှန်အတိုင်းဆိုရသော် ထိုစဉ်က သပိတ်ကလေးကို နမြောလှပါသည်။

http://www.dhammadownload.com

ပရိသတ်အလယ် ကဲ့ရဲ့ ရွှတ်ချခံခဲ့ရသော အရှင်ပိဏ္ဍောလကိုလည်း သနားမိပါသည်။ ရာဇဂြိုဟ်မြို့က ထင်ရှားလှသော သူဌေးတစ်ဦးသည် တန်ခိုးပြာဋိဟာကိုအကြောင်းပြု၍သာလျှင် သာသနာတော်ကြီးနှင့် အဆက်အသွယ် ဖြစ်၍လာ၏။ ဘုယ်နည်းနှင့်ပင် ရောက်ရောက်၊ သာသနာတော်ကြီးထဲသို့ တစ်ယောက်ရောက်လာလျှင် တစ်ယောက် တိုးတက်လာသည် မဟုတ်ပါလော။ သို့ပါလျက် ဤသို့သော စည်းရုံးမှုကို အဘယ့်ကြောင့် လက်ခံတော်မမူပါသနည်း။

ပယ်လှန်၍ မဖြစ်နိုင်သော အမိန့်တော်ကြီးမို့သာ နာခံလိုက်ရ၏။ စိတ်ထဲမှာတော့ ရှင်းရှင်းလင်းလင်း မသိနိုင်သေးပေ။ ထိုအချိန် ထိုကာလမှာ သာသနာတော်ရှေ့ဦးပိုင်းဖြစ်ရာ သီတင်းငယ်ဖြစ်သော ကျွန်ုပ်တို့တစ်တွေမှာ အရှင်မဟာမောဂ္ဂလာန်၏ လျှမ်းလျှမ်းတောက် တန်ခိုးပြာဋိဟာများကို အားကျနေဆဲသာ မဟုတ်ပါလော။

အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးပြာဋိဟာ

အရှင်မဟာသာရိပုတ္တရာသည် ပညာအရာ ဧတဒဂ်ရရှိသကဲ့သို့ အရှင်မဟာမောဂ္ဂလာန်မှာလည်း တန်ခိုးဣဒ္ဓိပါဒ် ကြီးမားသောအရာတွင် ဧတဒဂ်ရသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ အများတကာတို့ထက် ထူးကဲသာလွန်သော တန်ခိုး ဣဒ္ဓိပါဒ်ရသည် အားလျော်စွာ ဘုရားရှင်ကိုယ်တော်မြတ်က ဤဘွဲ့ထူး ဂုဏ်ထူးဖြင့် ထိုက်ထိုက်တန်တန် ချီးကျူး ဂုဏ်ပြုခဲ့ခြင်းလည်း ဖြစ်ပါ၏။

တရားမင်း ကိုယ်တော်တိုင် ချီးကျူးခဲ့သည့်အတိုင်း အရှင်မဟာ မောဂ္ဂလာန်သည် တန်ခိုးပြာဋိဟာ အမျိုးမျိုးတို့ဖြင့် အရှင်မဟာသာရိပုတ္တရာနှင့် ထပ်တူထပ်မျှ ထင်ပေါ်ခဲ့ပါ၏။ ကျော်ကြားခဲ့ပါ၏။ လေးစားကော်ရော် ပူဇော်ခြင်း အမျိုးမျိုးကို ခံယူခဲ့ရပါ၏။ သည်အရှင်မြတ်ကြီး၏ တန်ခိုးဣဒ္ဓိပါဒ်များကို သည်ကရှေ့တွင် ကျွန်ုပ်တို့ မည်သို့ မည်ပုံ ရှုမြင်ရပါတော့မည်နည်း။

သိက္ခာပုဒ် ပညတ်တော်မူတုန်းက လူများကိုသာ မပြရဟု ပါရှိပါ၏။ ရဟန်းအချင်းချင်း မပါရှိပါ။ သို့သော် ကျွန်ုပ်တို့ ရဟန်းများ အချင်းချင်းမှာဆိုလျှင် တန်ခိုးပြာဋိဟာ ပြရလောက်အောင် အကြောင်းကိစ္စပေါ်ပေါက်ဖို့ ခဲယဉ်းလှပါသည်။

တန်ခိုးပြာဋိဟာများကို အားကျမက်မောသောစိတ်ဖြင့် ထိုစဉ်က မရှင်းမလင်း ဖြစ်ခဲ့ရသော စိတ်အစဉ်မှာ တစ်စနှင့်တစ်စ ရှင်းလင်း၍လာရ၏။ ဤသို့ရှင်းလင်းလာသည့် အရပ်ဌာနကား နာဠန္ဒာမြို့ပင် ဖြစ်ပေသည်။

နာဠန္ဒာမြို့အနီး ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ နေတော်မူစဉ် ကေဝဋ္ဋအမည်ရှိသော သူဌေးသားတစ်ယောက်က ဤသို့လာ၍ လျှောက်ထား၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ ဤနာဠန္ဒမြို့သည် ပစ္စည်းဥစ္စာကြွယ်ဝပါသည်။ အစာရေစာ ပေါများပါသည်။ လူမျိုးပေါင်းစုံ စုပြုံနေထိုင်ရာ ဖြစ်ပါသည်။ ဤမြို့သူမြို့သား တို့သည် ဘုရားရှင် ကိုယ်တော်မြတ်အပေါ် ကြည်ညိုသဒ္ဓါ ပွားများသူတို့ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ဘုရားတပည့်တော် အခွင့်အရေးတစ်ခု တောင်းပါရစေ။ နာဠန္ဒ မြို့သူ မြို့သားများ ဘုရားရှင်အပေါ် အတိုင်းထက်အလွန် ကြည်ညိုသဒ္ဓါပွားများလာကြစေရန် တန်ခိုး ပြာဋိဟာပြမည့် ရဟန်းတစ်ပါးကို ရွေးချယ်ခန့်ထားတော်မူပါ ဘုရား"

"ကောဝဋ္ဋ၊ လူတို့အား တန်ခိုးပြာဋိဟာပြရန် ရဟန်းတို့အား ငါ ဘုရား မဟောကြားပေ"

သူဋ္ဌေးသား၏ လျှောက်ထားချက်ကို ဘုရားရှင်က ချက်ချင်းပင် ငြင်းဆိုတော် မူလိုက်၏။ သူဋ္ဌေးသားကလည်း ခွဲကောင်းကောင်းဖြင့် သုံးကြိမ်တိုင်တိုင် လျှောက်ထား၏။ ဘုရားရှင်ကလည်း သုံးကြိမ်စလုံးကို ပယ်တော်မူကာ တန်ခိုး ပြာဋိဟာပြခြင်း၏ အပြစ်များကို ဟောတော်မူရပေသည်။

"ကောဝဋ္ဋ၊

ဣဒ္ဓိပါဒပါဋိဟာရိယ = မြေလျှိုးမိုးပျံစသည်ဖြင့် အမျိုးမျိုး ဖုံဖုံ တန်ခိုး ဖန်ဆင်းခြင်း။

အာဒေသနာပါဋိဟာရိယ = သူတစ်ပါးစိတ်ကို အတတ်ဟောခြင်း။

အနုသာသနီပါဋိဟာရိယ = သူတစ်ပါး၏ စိတ်ကို မိမိ၏ စိတ်ဖြင့် ဆုံးမသွန်သင်ခြင်း ဟူ၍ တန်ခိုးပြာဋိဟာ သုံးမျိုးရှိပေသည်။

"ဤသို့သော တန်ခိုးပြခြင်းတို့ဖြင့် သာသနာတော်၌ သက်ဝင်ယုံကြည်ပြီးသား ပုဂ္ဂိုလ်များ ပို၍ ကြည်ညိုလာဖွယ်ရာရှိသည် မှန်သော်လည်း မသက်ဝင် မယုံကြည် သူတို့မှာကား လောကီ ဂန္ဓာရီအတတ်များဟု စွပ်စွဲစရာ မရှိပါလော"

"ရှိပါသည် အရှင်ဘုရား"

တစ်ဖက်သတ်အမြင်ဖြင့် တင်လျှောက်ခဲ့သော သူဋ္ဌေးသားသည် နှစ်ဖက် အမြင်ဖြင့် ရှင်းလိုက်မှသာ သဘောပေါက်၍ သွားပေသည်။

(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ကောဝဋ္ဋသုတ်)

တန်ခိုးပြာဋိဟာများအပေါ် အာသာမပြေနိုင်သေးသော ကျွန်ုပ်မှာ ထိုဒေသနာ တော်တို့ ကြားရခါမှ အာသာပြေသလောက် ဖြစ်သွားရ၏။ နောက်ပိုင်းကာလများတွင် လောကီစျာန် အဘိညာဉ်ရရှိသော အရှင်ဒေဝဒတ်၏ အဖြစ်အပျက်များ။ အဘိညာဉ်စိုးသည် တန်ခိုးသခင် အရှင်မဟာ မောဂ္ဂလာန် မရှုမလှ ပရိနိဗ္ဗာန်စံရ

http://www.dhammadownload.com

ပုံများကို တွေ့မြင်ရသောအခါ စောစောပိုင်းက စိတ်ဓာတ်များအတွက် ကြက်သီးဖြန်းဖြန်း ထခဲ့ရပေသည်။

ထို့ကြောင့် မိမိ၏ နောက်ဆုံးနေ့များကို လက်ချိုးရေတွက်၍ ရနေပြီဖြစ်သော ယခုလိုအခါမျိုး၌ ငယ်စဉ်ကာလက အားကျခဲ့ရသော တန်ခိုးပြခန်းများကို တင်ပြမနေလိုတော့ပါ။ အသက်တမ်းနှင့်အမျှ ကျွန်ုပ်၏ ကြည်ညိုသဒ္ဓါစိတ်ကို ပွားစေခဲ့သော ဒေသနာတစ်ပုဒ်ကိုသာ တင်ပြလိုပါသည်။

ဒေသနာတော်တစ်ပုဒ်ဟူ၍ ကျွန်ုပ်က အလေးအမြတ်နာမည်တပ်လိုက်ရသော်လည်း အရှင်မြတ်ကြီးကတော့ ဒေသနာတော်တစ်ပုဒ်အဖြစ်ဖြင့် တမင်တကာ စီစဉ်၍ ဟောခဲ့သည် မဟုတ်ပါ။ ရှင်သီဝလိ၏ မယ်တော် ခမည်းတော်များက ခုနစ်ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေးလိုသဖြင့် ယခင် ပင့်ထားပြီးဖြစ်သော မိမိ ပစ္စည်းလေးပါး ဒါယကာကြီးထံ ခွင့်ပန်ရင်းပြောကြားခဲ့ခြင်းသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့ သီတင်းသုံးဖော်များထဲက ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များတွင် အရှင်သီဝလိသည် တစ်ပါးအပါအဝင်ဖြစ်ပေသည်။ လာဘ်သပ်ပကာပေါများခြင်း အရာတွင် ဧတဒဂ်ဂုဏ်ထူးဆွတ်ခူးနိုင်ခဲ့သော ဤအရှင်မြတ်သည် မွေးဖွားစဉ်ကပင် ထူးခြားခဲ့သူဖြစ်ပါ၏။ သူများတကာ ဆယ်လပတ်ဝန်းကျင်သာ နေခဲ့ရသော အမိဝမ်းတိုက်တွင် ခုနစ်နှစ်တိုင်တိုင် နေထိုင်ခဲ့ရပေသည်။

သူ၏ မိခင် ကောလိယအမျိုးသမီး သုပ္ပဝါသာသည် မမွေးဖွားနိုင်သော ဝေဒနာဖြင့် ခုနစ်ရက်တိုင်တိုင် မိန်းမော၍ သွားခဲ့ရ၏။ သတိပြန်လည်လာချိန်တွင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ခြင်းဖြင့် သက်သာခွင့်ရခဲ့၏။ သုပ္ပဝါသာသည် ရတနာသုံးပါး၏ လက်ငင်း လက်တွေ့အကျိုးများကို ခံစားရသဖြင့် လင်ဖြစ်သူအား ဘုရားရှင်ထံ စေလွှတ်၏။ ဘုရားရှင့် ခြေတော်အစုံ ကြာပဒုံကို သူ့ကိုယ်စား ဦးခိုက်စေပြီးလျှင် ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားခိုင်း၏။

လင်ဖြစ်သူ ကောလိယအမျိုးသားက ဘုရားရှင်၏ ခြေတော်ရင်း ဝပ်စင်း၍ လျှောက်ထားလိုက်သည်တွင်–

"ကောလိယအမျိုးသမီး သုပ္ပဝါသာသည် ချမ်းသာစေသတည်း။ ရောဂါမရှိပကတိ ကျန်းမာစေသတည်း။ ရောဂါမရှိ ပကတိ ကျန်းမာသော သားကို ဖွားမြင်စေသတည်း"

ဘုရားရှင်က ဆုပေးတော်မူလိုက်၏။ ထိုအချိန်မှာပင် အိမ်မှာရှိရစ်သော သုပ္ပဝါသာသည် အောင်မြင်စွာ မီးဖွားခဲ့ပေသည်။ သီဝလိ၏ မိဘဆွေမျိုးများ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပေသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပိုမို၍ အားကိုးလာကြပေသည်။

http://www.dhammadownload.com

သပ္ပဝါသာတို့သားအမိ၏ ကျန်းမာ ချမ်းသာကြောင်းကို လျှောက်ထားရင်း သီဝလိ၏ ဖခင်သည် ကျောင်းတော်သို့ရောက်ပြန်ကာ ခုနစ်ရက်တိုင်တိုင် ဘုရား အမှုးရှိသော သံဃာတော်များအား ဆွမ်းလုပ်ကျွေးလိုကြောင်း လျှောက်ထား၏။

ထိုခုနစ်ရက်မှာပင် အခြားဒါယကာကြီး တစ်ဦးကလည်း စောစောက လျှောက်ထားပြီး ဖြစ်နေ၏။ ထိုသူမှာ အရှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေး ပစ္စည်းလေးပါး ဒါယကာ သူဌေးကြီးတစ်ဦးပင် ဖြစ်၏။ အရှင်မဟာ မောဂ္ဂလာန်ကို အကြောင်းပြု၍ ထိုသူဌေးကြီး ဆွမ်းကျွေးခဲ့ရပေါင်း များခဲ့ပေပြီ။ သပ္ပဝါသာတို့က ယခုမှ ကျွေးခွင့်ရကြ၏။ စိတ်စေတနာ အလွန်တရာ ထက်သန်နေကြ၏။ အလွန်တရာ ထက်သန်နေဆဲတွင် အပယ်ခံလိုက်ရလျှင် ရုပ်တည်ရာ မရနိုင်လောက်အောင် ရှိကြပေလိမ့်မည်။ ထို့ကြောင့် ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်အား ဆွမ်းဒါယကာကြီးထံ လွှတ်လိုက်၏။ ဒါယကာကြီးအတွက် ပေးသောရက်များကို သပ္ပဝါသာတို့ထံ လွှဲပြောင်းပေးရန် ပန်ကြားခိုင်းလိုက်ရ၏။

ဆွမ်းဒါယကာကြီးကလည်း အရှင်မြတ်ကြီး၏ ပန်ကြားချက်ကို မငြင်းဆန်ပါ။ သို့သော် အာမခံချက်သုံးခုကိုတော့ တောင်းဆိုပေသည်။

"အရှင်ဘုရား၊ အကယ်၍ အရှင်ဘုရားသည် ဘုရားတပည့်တော်၏ စည်းစိမ်ဥစ္စာ၊ အသက်နှင့် သဒ္ဓါတရား၊ ဤသုံးပါးသော တရားတို့ကို မပျက်စီးစေရပါဟု အာမခံနိုင်လျှင် တပည့်တော်၏ ရက်များကို သပ္ပဝါသာတို့ကို လွှဲပေးပါမည်။ တပည့်တော်က သူတို့ပြီးမှ ဆွမ်းလုပ်ကျွေးပါမည် ဘုရား"

ဒါယကာကြီး၏ တောင်းဆိုချက်မှာ တရားနှင့်အညီ ဖြစ်နေသဖြင့် အရှင်မြတ်ကြီးသည် ဈာန်အဘိညာဉ် တန်ခိုးများကို နှိုးဆော်လိုက်ရ၏။ အနာဂတ်ကာလကို လှမ်းမျှော်ကြည့်မြင်နိုင်သော အနာဂတဲသညာဏ်ဖြင့် ဆင်ခြင်လိုက်သောအခါ ထိုကာလများအတွင်း၌ ဒါယကာကြီး၏ စည်းစိမ်ဥစ္စာများ ပျက်စီးစရာ မရှိ။ အသက်အန္တရာယ် တစ်စုံတစ်ရာကိုလည်း မတွေ့မြင်။ ထို့ကြောင့် ဒါယကာကြီးထံ ဝမ်းမြောက်စွာ စကားပြန်ရပေသည်။

"ဒါယကာကြီး၊ ဒါယကာကြီး၏ စည်းစိမ်ဥစ္စာနှင့် အသက်တို့ကို အာမခံပါ၏။ လောလောဆယ်ကာလများအတွင်း၌ ပျက်စီးစရာ အကြောင်းမရှိသေးပါ"

"သဒ္ဓါတရား မပျက်စီးဖို့ကိုလည်း အရှင်ဘုရား၏ တန်ခိုးတော်ဖြင့် စောင့်ရှောက်ပေးတော်မူပါဦး ဘုရား"

"ဒါယကာကြီး၊ ဈာန်အဘိညာဉ်တန်ခိုးဖြင့် စည်းစိမ်ဥစ္စာကို အာမခံနိုင်ပါ၏။ အသက်ကို အာမခံနိုင်ပါ၏။ သို့ရာတွင် သဒ္ဓါတရား မပျက်စီးဖို့ကား အာမမခံနိုင်ပါ။ မိမိ၏ သဒ္ဓါတရားကို မိမိကိုယ်တိုင်က စောင့်ရှောက်ရန်သာ ရှိပေသည်"

http://www.dhammadownload.com

"ကောင်းပါပြီ ဘုရား၊ ကျန်နှစ်ပါးကို အရှင်ဘုရား အာမခံပါလျှင် သည်တစ်ပါးကို တပည့်တော်ကိုယ်တိုင် စောင့်ရှောက်ပါတော့မည်"

ဒါယကာကြီးက ကျေနပ်စွာ ခွင့်ပြုလိုက်သဖြင့် သုပ္ပဝါသာတို့ ဆွမ်းကုသိုလ်ယူနိုင်ခွင့် ရကြပေသည်။

အရှင်မဟာမောဂ္ဂလာန် ပြခဲ့ဖူးသော တန်ခိုးပြာဋိဟာများတွင် သာသနာတော်ကြီး တည်နေသမျှ ဥဒါန်းတွင်နေမည်ဖြစ်သော ဤစကားတစ်ခွန်းကိုလည်း စာရင်းသွင်းလိုက်ချင်ပါ၏။

(ဥဒါန်း၊ သုပ္ပဝါသာသုတ်)

**

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ၏ ကိုယ်စားလှယ်

'ရဟန်းတို့၊ ကဿပသည် ကောင်းဆိုးယုတ်မြတ် ရတတ်သမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်၏။ ရောင့်ရဲလွယ်ခြင်း၏ ကျေးဇူးကိုလည်း ဆိုလေ့ရှိ၏။ ပစ္စည်းလေးပါးကို အကြောင်းပြု၍ မသင့်လျော်သော အမူအကျင့်များကိုလည်း မကျင့်ပေ။ မရသေးသော ပစ္စည်းလေးပါးကိုလည်း တောင့်တခြင်း မရှိပေ။ ရရှိပြီးသော ပစ္စည်းလေးပါးတို့ကို မက်မောခြင်း၊ စွဲလမ်းခြင်း မရှိပေ။ ပစ္စည်းလေးပါးတို့ကို လက်ခံသုံးစွဲနေရခြင်းကိုပင် ဘေးဟု ရှုမြင်တတ်၏။ လွတ်မြောက်ရာကို ရှေးရှုသော ဉာဏ်ပညာဖြင့် ဆင်ခြင်၍သာ သုံးဆောင်တတ်၏"

(ကဿပသုတ်၊ သန္တုဋ္ဌိသုတ်)

ဒွေစန္ဒာလမင်းကြီး၏ အဆွေအရံ ကြယ်တာရာများထဲက တတိယကြယ်ပြောင်ကြီး၏ အခန်းကို ဤမိန့်ခွန်းတော်ကြီးဖြင့် ဖွင့်လှစ်လိုက်ပါ၏။

သာသနာတော်ထမ်း ရဟန်းများအတွက် အနည်းဆုံးသော လိုအပ်ချက်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း အိပ်ရာနေရာနှင့် ဆေး၊ ဤလေးပါးသောပစ္စည်းများပင် ဖြစ်၏။ သာသနာတော်ကို စိတ်အေးချမ်းသာ ထမ်းဆောင်နိုင်စေရန် ခွင့်ပြုတော်မူခဲ့သော ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ရဟန်းအများတို့ သဘောထားမှန်ကန်ကြစေရန် တတိယသာဝကကြီး၏ စံနမူနာကို ထုတ်ပြတော်မူပြီးနောက် ဆက်လက်၍-

"ရဟန်းတို့၊ လူတို့၏ စိတ်နှလုံးကို ပြုံးရွှင်စေတတ်သော ဒွေလမင်းကြီးသည် ထက်ကောင်းကင်ဝယ် လွတ်လွတ်လပ်လပ် သွားလာ၍နေသကဲ့သို့ ကဿပသည် ကိုယ်ရောစိတ်ပါ လွတ်လွတ်ကြီးခွာလျက် ဒါယကာ၊ ဒါယိကာမများထဲ ချဉ်းကပ်၏။ နေ့စဉ်နှင့်အမျှ ဆွမ်းခံရောက်သော်လည်း သူ့အဖို့ အားလုံး အသစ်ချည်းသာဖြစ်၏။

http://www.dhammadownload.com

အကျွမ်းတဝင် ခင်မင်ရင်းနှီးထားသော ဒါယကာ၊ ဒါယိကာမ ဟူ၍ မရှိပေ။ ငါ့ဒါယကာ၊ ဒါယိကာမဟူ၍ စွဲလမ်းထားခြင်းလည်း မရှိပေ”

ဒါယကာ၊ ဒါယိကာမတို့နှင့် ဆက်ဆံရေးမှာလည်း ငွေလမင်းကြီးနှင့် စံပြုတော်မူခဲ့ပေသည်။

(ကဿပသံယုတ်၊ စန္ဒူပမသုတ်)

ရဟန်းပရိသတ်အားလုံးအတွက် စံနမူနာအဖြစ်ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်က ထုတ်ဆောင်တော်မူရသောအရှင်မြတ်ကြီးသည်ကား အဂ္ဂသာဝကနှစ်ပါးနောက် များမကြာမီ ဝေဠုဝန်ကျောင်းတော်သို့ရောက်လာသူဖြစ်ပါ၏။ ဘုရားရှင်ကိုကိုယ်တိုင် ကိုယ်ကြပ် မဖူးရ မမြင်ရခင်ကပင် လောကမှာထင်ရှားရှိသော ရဟန္တာအရှင်မြတ် များကို ရည်စူး၍ ရဟန်းပြုလာခဲ့သည်ဟု ဆိုပါ၏။

အရှင်မြတ်ကြီး၏ ဘဝခရီးစဉ်တွင် ထူးခြားသော အကွေ့သုံးခုရှိသည်ကို ကျွန်ုပ်တို့ ကြားသိထားရ၏။ နှစ်ခုမှာ အိမ်ထောင်ရေးဖြစ်၍ ကျန်တစ်ခုကား ရဟန်းပြုပြီးချိန်၌ ဖြစ်ပေသည်။

အရှင်မဟာကဿပ ဟူသည်မှာ အရှင်မြတ်ကြီး၏ မျိုးရိုးနာမည်ဖြစ်၏။ သုံးမကုန် ဖြူန်းမကုန်အောင် ကြွယ်ဝချမ်းသာသော ဗြာဟ္မဏမဟာသာလမျိုးရိုးပင် ဖြစ်ပေသည်။ မဂဓတိုင်း မဟာတိတ္ထရွာကြီးက ကပိလဗြာဟ္မဏသည် သူ၏ ဖခင် ဖြစ်ပေသည်။အရှင်မြတ်ကြီး၏ ငယ်နာမည်ရှိပါသော်လည်း ကျွန်ုပ်သည်ထိုနာမည်ကို မခေါ်ဝံ့ပါ။ အရှင်မြတ်ကြီးအပေါ် ရိုသေလေးမြတ်သော စိတ်များက ထိုစကားလုံး များကို ဟန့်တား၍ ထားကြပေသည်။

ဗြာဟ္မဏနွယ်ဖွား အလောင်းလျာသတို့သား အသက်နှစ်ဆယ်ပြည့်ချိန်တွင် မိဘနှစ်ပါးတို့က အိမ်ထောင်ပြုရန် နားချကြ၏။ မျိုးနွယ်မပျက် စဉ်ဆက်ပြန့်ပွား ရေးကို တိုက်တွန်းကြ၏။ သို့သော် သတို့သားက လုံးဝ စိတ်မပါ။ သူစိတ်ပါသည်မှာ တောထွက်၍ ရဟန်းပြုရေးပင် ဖြစ်၏။

သားဖြစ်သူက မိမိ စိတ်သဘောရင်းကို အတိအလင်း ပြောပြပါသော်လည်း မိဘများက လက်မလျှော့ကြပေ။ အခွင့်သာတိုင်း အိမ်ထောင်ပြုရေးကိုသာ တိုက်တွန်း နေကြ၏။ သို့နှင့် သတို့သားသည် နားပူမှ အေးစေတော့ဟု ရွှေစင်ရုပ်တစ်ခုကိုပြကာ ဤသို့ဤပုံ လှမျိုးစုံသော မိန်းကလေးကိုရမှ ယူနိုင်မည်ဖြစ်ကြောင်း ပြောပြလိုက်ရ၏။

သတို့သားအနေနှင့် ဤလို မိန်းကလေးမျိုး လုံးဝ မရှိနိုင်ဟု ရဲဝံ့စွာ ပြောလိုက်ခြင်းဖြစ်၏။ သို့သော် သူ့အထင်နှင့် အမြင် တက်တက်စင်လွဲခဲ့ရပေသည်။

ရွှေစင်ရုပ်ကိုထမ်း၍ သတိုးသမီးလောင်းအရှာထွက်သွားကြသော ဗြာဟ္မဏ ရှစ်ယောက်တို့သည် အောင်မြင်သောမျက်နှာဖြင့် မဟာတိတ္ထရွာကြီးသို့ ပြန်လာကြ၏။

http://www.dhammadownload.com

မဒ္ဒရာဇ်တိုင်း၊ ကောသိယမျိုးနွယ် သူဌေးကြီး၏ သမီးပျို ဘဒ္ဒါသည် ရွှေစင်ရုပ်ထက်ပင် ချောမောလှပသည်ဖြစ်၍ ရွှေစင်ရုပ်ပေးအပ်ကာ စကားကမ်းလှမ်းထားခဲ့ကြောင်း ပြောပြကြ၏။

သတို့သား မည်သို့ပြုရမည်နည်း။ မိမိပြောထားသော စကားအရ ရွှေစင်ရုပ်ထက် ချောမောသူကိုလည်း တွေ့နေပေပြီ။ မျိုးရိုးနှင့် စည်းစိမ်ဥစ္စာတို့တွင်လည်း မိမိတို့နှင့် ထပ်တူထပ်မျှ ဖြစ်နေပေပြီ။ ဘဝခရီးစဉ်၌ မမျှော်လင့်သော အကွေ့တစ်ခုကိုတော့ ရောက်လာချေပြီ။ သို့သော် သူ့စိတ်က မလျှော့ချင်သေးပါ။ လူကြီးမိဘများကို ငြင်းဆန်၍ မရနိုင်သော်လည်း မိမိတို့ အချင်းချင်း ကြိုတင်အကြောင်းကြားလိုက်လျှင် သည်ကိစ္စကြီး ပျက်ပြယ်၍ သွားနိုင်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် သူ့ခန်းဆောင်ကို အလုပ်တိတ်ကာ သူ့အကြံအစည်ကို အကောင်အထည် ဖော်လိုက်၏။

"နှမ ဘဒ္ဒါ၊ မောင်ကြီးက ကြိုတင်သတိပေးလိုက်ပါသည်။ မောင်ကြီးသည် မကြာမီ ရဟန်းပြုတော့မည်ဖြစ်ပါ၏။ သို့ဖြစ်၍ နှမ ဘဒ္ဒါသည် မိမိနှင့် အမျိုးအနွယ် စည်းစိမ်ဥစ္စာ တူမျှသူ အခြားတစ်ယောက်နှင့်အိမ်ထောင်ပြုစေချင်ပါသည်။ နောက်မှ နောင်တ ရမနေစေရန် ဖြစ်ပါသည်"

ဤအမှာစကားကိုရေးကာ အလုပ်အရှိုပိတ်လျက် မဒ္ဒရာဇ် သမီးပျိုထံ အပို့လွှတ်လိုက်၏။ သို့သော် ဤအခါတွင်လည်း သူ မမျှော်လင့်သော ဘဝတစ်ကွေ့သို့ လျှောက်လာမိခြင်းသာ ဖြစ်ပေသည်။

သည်ကလွှတ်လိုက်သော စာပို့သမားသည် ဟိုကပို့လိုက်သော စာပို့သမားနှင့် လမ်းမှာဆုံမိ၏။ စာပို့ပုံထူးခြားလှသဖြင့် ပါလာသော စာလွှာနှစ်ခုလုံးကို ဖောက်၍ ဖတ်ကြ၏။ ဤတွင် မဒ္ဒရာဇ်သမီးပျို ဘဒ္ဒါထံမှလည်း သဘောထပ်တူဖြစ်သော စာကို ဖတ်ကြရပေသည်။

စာပို့နှစ်ဦးတို့သည် မူရင်းစာနှစ်စောင်လုံးကို ဖျောက်ဖျက်ပစ်ကာ မိမိတို့ဘာသာ မေတ္တာစာလွှာများရေး၍ ပို့ကြ၏။ သို့နှင့် သတို့သား သတို့သမီးနှစ်ယောက်တို့ တစ်အိုး တစ်အိမ်တည်းမှာ ဆုံလာကြရပေကော့သည်။

တစ်အိမ်တည်း၊ တစ်ခန်းတည်း၊ တစ်အိပ်ရာတည်းမှာ အတူနေခဲ့ကြသော်လည်း သူတို့နှစ်ယောက်ကား မောင်နှမအဖြစ်ထက် ပိုမလာကြပေ။ ညအိပ်ရာဝင်ရာတွင် ပန်းကုံးများချ၍ အိပ်ကြပေသည်။

မိဘများအလိုကျ ဟန်ဆောင်လင်မယားအဖြစ် နေလာခဲ့ကြရာ တစ်ချိန်တွင် မိဘများ ကွယ်လွန်သွားကြ၏။ ဤတွင် သတို့သားရော သတို့သမီးပါ မိဘများထားခဲ့သော လုပ်ငန်းဆောင်တာများကို ကြီးကြပ်ရပေတော့သည်။

တစ်နေ့သ၌ သတို့သားသည် လယ်ပွဲသို့သွားကြည့်ရာတွင် ထွန်ကြောင်းထဲမှ ပေါ်လာကြသော ပိုးကောင်များကို ကျီးငှက်များသုတ်၍ စားနေပုံကို မြင်လိုက်ရ၏။ "သူ့အသက်ကို ရက်စက်မည်မဟုတ် သတ်ဖြတ် စားသောက်သော ဤအရာတွင်

http://www.dhammadownload.com

မည်သူ့မှာတာဝန်ရှိပါသနည်း'ဟု မေးကြည့်သောအခါ "အရှင့်သားအတွက် လုပ်ဆောင်ရသော ကိစ္စဖြစ်၍ အရှင့်သားမှာသာ တာဝန်ရှိပါသည်"ဟု လယ်လုပ်သားများက အဖြေပေးကြ၏။

အမှန်မှာ ကျီးစားသောအမှုသည် ကျီး၏ အကုသိုလ်သာဖြစ်၏။ သူတို့ကို ကျီးစားပါစေဟု တမင်တကာ ပြုသည်မဟုတ်၍ လယ်လုပ်သားရော လယ်ပိုင်ရှင်ပါ အကုသိုလ် မဖြစ်နိုင်ပါ။ သို့သော် ဤသို့ ပြောလိုက်ခြင်းဖြင့်ပင် မြန်မြန်ကြီး ရဟန်းပြုဖြစ်အောင် တွန်းပို့ပေးရာ ရောက်သဖြင့် သူတို့အား အပြစ်တင်ရန် မရှိပါ။

လယ်လုပ်သားတို့၏ စကားသံဖြင့် သံဝေဂကြီးစွာရလာသောသတို့သားသည် ရှိရှိသမျှသော ပစ္စည်းများကို သတို့သမီးထံ အပ်နှံကာ သူကားရဟန်းပြုတော့မည်ဟု ဆို၏။ သတို့သမီးက ပစ္စည်းများကို လက်မခံပါလေ။ ဆန်စပါးများလှန်းရာတွင် သူ့မှာလည်း သံဝေဂရပြီးပင် ဖြစ်ပေသည်။

အခြားသော အရှင်များသည် မိမိ ရဟန်းပြုလာပြီးနောက် ကျန်ရစ်သော သားမယားတို့၏ ဖြားယောင်း သွေးဆောင်မှုကို ခံကြရ၏။ ကဿပန္ထယ်ဖွား အရှင်မြတ်ကြီးမှာကား ဤလိုဖြားယောင်းခံရစရာ မရှိတော့ပါ။ နှစ်ယောက်လုံး ရဟန်းပြုကာ တောမြို့ငလမ်းဝယ် အတူတကွ လှမ်းလာခဲ့ကြပေသည်။

လမ်းဆုံ လမ်းခွ တစ်ခုသို့ရောက်သောအခါ ရှေ့ကသွားနှင့်သော အရှင်မဟာကဿပသည် အသာရပ်၍ နေလိုက်၏။ အရှင်မ ဘဒ္ဒါနားသို့ ရောက်လာသည်နှင့်–

'ရှင်မ ဘဒ္ဒါ၊ ငါတို့များ ရဟန်းဘဝရောက်လာကြပေပြီ။ ရှေးယခင်ကဲ့သို့ အတူတကွ သွားနေကြရန် မသင့်ပြီ။ လမ်းကြောင်းနှစ်ခုအနက် ကြိုက်ရာလမ်းကို ယူပေတော့"ဟု မိန့်ဆိုလိုက်၏။

"အရှင်ဘုရားတို့သည် ယောကျ်ားသားဖြစ်၍ လက်ယာလမ်းကို ယူတော်မူပါ။ တပည့်တော်မှာ မိန်းမသားဖြစ်၍ လက်ဝဲလမ်းကို ယူပါမည် ဘုရား"

အရှင်မ ဘဒ္ဒါက လက်အုပ်ချီလျက် လျှောက်ထား၏။ ယခင်အခါများက ရည်ရွယ်ချက်မရှိသော ဘဝအကွေ့များသို့ ရောက်ခဲ့ကြရ၏။ ယခုတစ်ကွေ့မှာကား နှစ်ဦးလုံးက ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်ကာ လျှောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ ရည်ရွယ်ချက်ကိုယ်စီဖြင့် တခြားစီ လျှောက်လာကြခြင်း ဖြစ်ပေသည်။

(နိဒါနဝဂ်၊ ကဿပသံယုတ် အဋ္ဌကထာ၊ စီဝရသုတ်)

ဤကား အရှင်မဟာကဿပတို့ မောင်နှမနှစ်ယောက် ဤသာသနာတော်သို့ ချဉ်းကပ်လာပုံ ဖြစ်ပါ၏။ ရဟန်းပြုလာသည်မှ စ၍ ဘုရားရှင်နှင့် တွေ့ရပုံ

http://www.dhammadownload.com

ဇာတ်လမ်းစုံကိုလည်း အရှင်မြတ်ကြီးကိုယ်တော်တိုင်က ကျွန်ုပ်အား ဤသို့ ဆက်လက်၍ မိန့်ကြားခဲ့ပါသေးသည်။

"ငါ့ရှင် အာနန္ဒာ၊ ဆဲမုတ်ဆိတ်ကို ရိတ်ပယ်လျက် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ဆင်ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကူးပြောင်းလာချိန်မှစ၍ ငါသည် သမ္မာသမ္ဗုဒ္ဓ မြတ်လှစွာသော ဘုရားရှင်ကိုသာ ဆရာတင်ခဲ့၏။ ဘုရားရှင်မှ တစ်ပါး အခြား ဆရာ တစ်ဦးဦးကိုမျှ ငါ မဆည်းကပ်ခဲ့ဖူးချေ။

"ငါ့ရှင် အာနန္ဒာ၊ လူ့ဘောင်မှာနေစဉ်တုန်းက ငါသည် ဤသို့ကြံစည်မိခဲ့၏။ 'လူ့ဘောင်မှာနေရခြင်းသည် ကျဉ်းမြောင်းလှ၏။ ကိလေသာ မြူမှုန် မြူခိုးတို့ ယှက်သန်းရာဖြစ်၏။ ရဟန်းဘောင်ကား မြူမှုန်မြူခိုး မယှက်သန်းဘဲ ကျယ်ဝန်းလှ၏။ ကျယ်ဝန်းလှစွာသော ဤသာသနာတော်သည် အလုံးစုံ ပြီးပြည့်စုံ၏။ ထဲကဲ့ဝန်းကျင်မှ စင်ကြယ်၏။ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်လှ၏။ အိမ်မှူကိစ္စများကို ဦးစီးဦးကိုင်ပြုလျက် နေသောသူသည် ထိုသာသနာတော်၏ အဆုံးအမကို ကျင့်သုံးရန် မလွယ်ကူချေ။ ငါသည် ဆဲမုတ်ဆိတ်ကို ရိတ်ပယ်လျက် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းများကို ဝတ်ဆင်ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရသော်ကောင်းလေစွတကား'

"အာနန္ဒာ၊ ငါသည် ဤကဲ့သို့ကြံစည်ပြီးနောက် နူးညံ့သော အဓတ်ပုဆိုးများကို နှစ်ထပ်သင်္ကန်းပြုလျက် ရဟန်းပြုလာခဲ့၏။ လောကမှာထင်ရှား ရှိတော်မူကြသော ရဟန္တာသခင် အရှင်မြတ်များကို စိတ်ကူးဖြင့် ဦးတင်၍ လာခဲ့၏။

"ဤသို့ ရဟန်းပြုလျက် ခရီးရှည်ထွက်လာခဲ့ရာတွင် ရာဇဂြိုဟ်မြို့တော်နှင့် နာဠန္ဒမြို့တို့၏အကြားသို့ ရောက်ခဲ့၏။ ဗဟုပုတ္တအမည်ရသော ညောင်ပင်ကြီးနားသို့ လှမ်းလာခဲ့၏။ ထိုညောင်ပင်ကြီးအောက်ဝယ် ငါလှမ်းလာရာ ခရီးဆီသို့ လှမ်းလင့်၍ ကြည့်နေတော်မူသော ဘုရားရှင်ကို ငါ ဖူးမြင်လိုက်ရပေတော့သည်။

"ငါက ဆရာသခင် ဘုရားရှင်ကို ဖူးမြင်ရအောင်လာခဲ့၏။ ယခု ဘုရားရှင်ကို ဖူးမြင်ရပေပြီတကား။ ငါက လာခြင်းကောင်းသော ဘုရားရှင်ကို ဖူးမြင်ရအောင် လာခဲ့၏။ ယခု ဘုရားရှင်ကို ဖူးမြင်ရပေပြီတကား။ ငါက သစ္စာလေးတန် တရားမှန်ကို ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူသော ဘုရားရှင်ကို ဖူးမြင်လို၏။ ယခု ဘုရားရှင်ကို ဖူးမြင်ရပေပြီတကား။

"ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင်ကို ဖူးမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် စိတ်ကူးဖြင့် ဦးတင်၍လာခဲ့ရသော ဆရာတစ်ဆူဖြစ်မှန်း သိလိုက်ရ၏။ ထို့ကြောင့် ငါသည် ဘုရားရှင်၏ ခြေတော်အစုံ ကြာပဒုံတို့၌ ဦးခေါင်းစိုက်ကာ ဤသို့ တင်လျှောက်ခဲ့ပေသည်။

http://www.dhammadownload.com

'ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့်ဖြစ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့်ဖြစ်ပါ၏'

"အာနန္ဒာ၊ ဤသို့ ငါ လျှောက်ထားလိုက်သောအခါ ဘုရားရှင်က ပြန်၍ မိန့်တော်မူပေသည်။ 'ကဿပ၊ သင်ကဲ့သို့သော ယုံကြည်သဒ္ဓါ စိတ်စေတနာတို့ဖြင့် အလုံးစုံ ပြည့်ဝနေသော သာဝကတစ်ဦး၏ ဖူးမြော် ကန်တော့ခြင်းကို အကယ်၍ သီယောင် မြင်ယောင် ဆောင်သော ဆရာတစ်ဦးဦးက လက်ခံသာယာ ငြားအုံ။ ထိုဆရာ၏ ဦးခေါင်းသည် ထောင်းထောင်းပြတ်ကြွေ မြေသို့ကျလေရာ၏။ ကဿပ၊ သင်၏ဆရာ ငါတမူကား မသိမမြင်ဘဲလျက် သိယောင် မြင်ယောင် ဆောင်သူမဟုတ်။ အမှန်တကယ် သိသည်ဖြစ်၍၊ အမှန်တကယ် မြင်သည် ဖြစ်၍ သိသည် မြင်သည်ဟု ဝန်ခံ၏။ အသိအမြင်ဖြင့် ဆင်ခြင်၍ သင်၏ ဖူးမြော် ကန်တော့ခြင်းကို ခံယူ၏။ ထိုသို့ခံယူခြင်းကြောင့် ငါ၏ မွေးညင်း တစ်ပင်သော်မျှ တုန်လှုပ်ခြင်း မရှိချေတကား'

"ငါ့ရှင်အာနန္ဒာ၊ ဤသို့ မိန့်တော်မူလိုက်ပြီးနောက် ဘုရားရှင်က ငါ့ကို သြဝါဒစကားများ မိန့်ကြားတော်မူပေသည်။

'ကဿပ၊ သင်သည် မြင့်မြတ်သော အမျိုးဇာတ်ကြောင့် မာန်မာနကြီးခဲ့သူ ဖြစ်၏။ ထို့ကြောင့် အကြီး အငယ်၊ အရွယ် အလတ်ဖြစ်သော သိတင်းသုံးဖော်တို့၌ ပြင်းပြသော ရှက်ကြောက်ခြင်း ရှိစေရန် ကျင့်သုံးအပ်၏။

'ကဿပ၊ သင်သည် အကြားအမြင် ဗဟုသုတ ပေါများလှသူဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာရသောအခါ ကြားရ နာရသမျှကို တစ်လုံးမကျန် နားစိုက်၍ နှစ်နှစ်ခြိုက်ခြိုက် နာကြားနိုင်ရန် ကျင့်သုံးအပ်၏။

'ကဿပ၊ သင်သည် ရုပ်ရေရှုပကာယ လှုပတုံ့တယ်သူဖြစ်၍ မိမိကိုယ်ကို ပြန်၍ သာယာတတ်၏။ ထို့ကြောင့် သုခနှင့်တကွဖြစ်သော ကာယဂတာသတိကို မစွန့်မခွာ နေနိုင်ရန် ကျင့်သုံးအပ်၏'

"အာနန္ဒာ၊ ဤသို့ သြဝါဒပေးတော်မူခြင်းဖြင့်ပင် ငါ၏ ရဟန်းပြုခြင်းကိစ္စ ပြီးပြည့်စုံစေ၏။ ရဟန်းပြုပြီးနောက် ခုနစ်ရက်မျှသာ ကိလေသာတွေ့ မပယ်ရ မစွန့်ရသေးပါကလား ဟူသော အယူအစွဲတန်းလန်းဖြင့် တိုင်းသူပြည်သားတို့၏ ဆွမ်းဘောဇဉ်ကို စားခဲ့ရ၏။ ရှစ်ရက်မြောက်သောနေ့မှာကား အယူအစွဲဟူသမျှ ကင်းလွတ်ရာ အရဟတ္တဖိုလ်သည် ထင်ရှား ဖြစ်ပေါ်ခဲ့ပေပြီ။

"ထိုသို့ သြဝါဒပေးတော်မူပြီးနောက် ဘုရားရှင်သည် နေရာမှထ၍ လှမ်းကြွတော်မူလေရာ ငါလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပါ၏။ တစ်နေရာသို့ ရောက်၍ ခက်လက်ဝေဆာသော သစ်ပင်တစ်ပင်အောက်သို့ ချဉ်းကပ်တော်မူသော

http://www.dhammadownload.com

အခါ ငါသည် ငါ၏ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ခေါက်၍ ခင်းပေးကာ 'အရှင်ဘုရား၊ တပည့်တော်အား ရက်ရှည်လများ အကျိုးစီးပွား များစိမ့်သောငှာ ဤသင်္ကန်းပေါ်၌ ထိုင်တော်မူပါ ဘုရား'ဟု လျှောက်ထား၏။

"ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင်သည် ငါ၏ နှစ်ထပ်သင်္ကန်းကြီးပေါ်မှာ ထိုင်တော်မူလျက် သင်္ကန်းစ တစ်ဖက်ကို လက်တော်ဖြင့် သုံးသပ်တော်မူကာ 'ကဿပ၊ သင်၏ နှစ်ထပ်သင်္ကန်းက နူးညံ့လှပါတကား' ဟု မိန့်တော်မူလေရာ ငါက ဤသို့ ချက်ချင်း လျှောက်ထားပေသည်။

'အရှင်ဘုရား၊ တပည့်တော်အား သနားသောအားဖြင့် သည်နှစ်ထပ်သင်္ကန်းကို အလှူခံတော်မူပါ ဘုရား'

'ကဿပ၊ သင်၏ နှစ်ထပ်သင်္ကန်းကို အလှူခံသောအခါ ပိုက်ဆံလျှော်ဖြင့် ရက်လုပ်ထားသော ငါ၏ နှစ်ထပ်သင်္ကန်းဟောင်းကို သင် ဝတ်ရုံနိုင်ပါမည်လော'

'အရှင်ဘုရား၏ နှစ်ထပ်သင်္ကန်းဟောင်းကို တပည့်တော် ဝတ်ရုံနိုင်ပါသည် ဘုရား'

"အာနန္ဒာ၊ ဤသို့ လျှောက်ထားပြီးနောက် ငါ၏ အဝတ်ပုဆိုးသစ်ကို ချုပ်ထားသော နှစ်ထပ်သင်္ကန်းကြီးကို ဘုရားရှင်ထံ လှူဒါန်းကာ ငါမူကား ဘုရားရှင်၏ နှစ်ထပ်သင်္ကန်းဟောင်းကို ဝတ်ရုံလာခဲ့ပေသည်။

"ငါ့ရှင် အာနန္ဒာ၊ ဤသာသနာတော်ကြီးတစ်ခုလုံးဝယ် ဘုရားရှင်၏ နှစ်ထပ်သင်္ကန်းကြီးကို ဝတ်ရုံခွင့်ရသော ဩရသသားကြီးတစ်ပါးကို ဟုတ်တိုင်း မှန်စွာ ညွှန်ပြလိုပါလျှင် ငါ့ကိုသာ ညွှန်ပြရပေလိမ့်မည်"

ဤသို့အားဖြင့် သာသနာတော်တွင်းသို့ ဝင်ရောက်လာခဲ့ပုံ အတ္ထုပ္ပတ္တိ အလုံးစုံကို အရှင်မဟာကဿပက ကျွန်ုပ်အား မိန့်ကြားတော်မူပေသည်။

(နိဒါနဝဂ်၊ ကဿပသံယုတ် စီဝရသုတ်)

ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကိုယ်တိုင်လည်းကျင့်သုံး၍ သိတင်းသုံးဖော်များကိုလည်း ဟောကြား တိုက်တွန်းတတ်သဖြင့် ထိုအရာ ဌာနတို့တွင် 'ဧတဒဂ်' ဂုဏ်ထူးဆောင်ဘွဲ့ကို ဆွတ်ခူးနိုင်သော ထိုအရှင်မြတ်ကြီးအား–

"ကဿပ၊ ရဟန်းတို့ကို ဆုံးမလော့။ ရဟန်းတို့အား တရားဟောကြားလော့။ ရဟန်းတို့ကို ငါ ဘုရား ဆုံးမသကဲ့သို့ သင်လည်း ဆုံးမလော့။ ရဟန်းတို့အား ငါဘုရား တရားဟောကြားသကဲ့သို့ သင်လည်း ဟောကြားလော့"

ဤသို့လျှင် ဘုရားရှင်က မကြာမကြာ မိန့်တော်မူတတ်ပါ၏။ သာသနာတော်ကြီး တစ်ရပ်လုံးကို လွှဲအပ်တော်မူပါ၏။

အကယ်၍ အနာဂတ် သာသနာတော်ကြီးကို အဆောက်အအုံကြီးတစ်ခုအဖြစ် ရှုမြင်တတ်မည်ဆိုပါလျှင် ဤသို့ မိန့်ကြားတော်မူသောနေ့၊ သင်္ကန်းချင်း

http://www.dhammadownload.com

လဲလှယ်တော်မူသော နေ့များကပင် ထိုအဆောက်အအုံကြီးအတွက်စိုက်ထူထားခဲ့သော ပန္နက်တိုင်များကို တွေ့နိုင်ကြမည် ဖြစ်ပါသတည်း။

(နိဒါနဝဂ်၊ ကဿပသံယုတ်၊ ဩဝါဒသုတ်)

\+ \+ \+

ညီတော်နန္ဒနှင့် နတ်သမီးများ

"ဘယ်အခါ၌ ငါသည် တောရဆောက်တည်သော နန္ဒကို ရှုမြင်ရပါမည်နည်း။

"ဘယ်အခါ၌ ငါသည် ပုံသုကူသက်နုံး ဝတ်ဆင်မြှန်းသော နန္ဒကို ရှုမြင်ရပါမည်နည်း။

"ဘယ်အခါ၌ ငါသည် မျက်နှာကြီးငယ် မရွယ်မထောက် အိမ်ပေါက်စေ ဈွမ်းခံသော နန္ဒကို ရှုမြင်ရပါမည်နည်း။

"ဘယ်အခါ၌ ငါသည် ကာမဂုဏ်အာရုံ ခုံမင်ခြင်းမရှိသော နန္ဒကို ရှုမြင်ရပါမည်နည်း"

မိကွဲဖတူ ညီတော်ရင်းဖြစ်သော အရှင်နန္ဒအတွက် နောင်တော်ကြီး ဘုရား၏ ညည်းတွားသံများပင် ဖြစ်ပေသည်။

သာသနာတော်ကြီး၏ နောင်ရေးကို မျှော်တွေးလျက် သည်ညီဖွားကို ဘုရားရှင်၏ အမိန့်အာဏာတော်ဖြင့် ရဟန်းဘောင်သို့ သိမ်းသွင်း၍ ထားခဲ့ရပါ၏။ စိတ်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ရဟန်းအသွင်အပြင်ကိုကား ယူခဲ့ပါ၏။ သို့သော် အသွင်သာတူ၍ အမူကား ကွဲလွဲလှပေသည်တကား။

သူနှင့် သက်တူရွယ်တူ ရဟန်းများစွာတို့သည် တောကျောင်းမှာ စံပျော်ကြ၍ တရားဘာဝနာပွားများ၍ နေကြ၏။ ညီတော် နန္ဒကား ရွာနားကျောင်းမှ တစ်ဖဝါးမျှ မခွာနိုင်ပါလေ။

ပုံသုကူသက်နုံးဆိုသည်မှာ လူတို့က အသုံးမကျ၍ စွန့်ပစ်ထားသော အဝတ်စုတ်အဝတ်ဟောင်းများပင် ဖြစ်၏။ လူသေကောင်မှာပတ်လျက် သုသာန်၌ ပစ်ထားသော အဝတ်များ၊ လမ်းဆုံ လမ်းခွ အမှိုက်ပုံတို့၌ စွန့်ပစ်ထားသော အဝတ်စုတ် အဝတ်ဟောင်းများကို တစ်ထွာရရ၊ တစ်တောင်ရရ ရသမျှစုဆောင်း၍ သင်္ကန်းဖြစ်အောင် ချုပ်ကြရ၏။ အဝတ်သင်္ကန်းအတွက် မာန်မတက်ကြစေရန် စီမံထားတော်မူခြင်းဖြစ်ပေသည်။

ဤပုံသုကူ သင်္ကန်းတို့ကို ဝတ်ဆင်လျက် တရားကျင့်သုံးသော ရဟန်းအများအပြား ရှိခဲ့ပါ၏။ သို့သော် ညီတော်နန္ဒကား နလုံး မသတီစရာကောင်းလှသော

http://www.dhammadownload.com

သည်သင်္ကန်းများကို လက်ဖျားနှင့်မျှ မတို့ပါ။ သူ့မယ်တော်ကြီး ပို့ပေးလေသမျှ ကောင်းပေ့၊ ညွှန့်ပေ့၊ နုပေ့၊ လှပေ့ဆိုသော သင်္ကန်းများကိုသာ ဝတ်ဆင်တတ်ပေသည်။

အဝတ်သင်္ကန်း၌ အကောင်းဆုံးကိုသာ ရွေးချယ်ဝတ်ဆင်ခဲ့သော ညီတော် နန္ဒသည် အစားဘက်မှာကော မည်သို့ရှိမည်နည်း။ ဤမေးခွန်းအတွက် ခက်ခက်ခဲခဲ အဖြေရှာနေစရာပင် မလိုပါ။ သူဆွမ်းခံကြွသော အိမ်များကို ကြည့်ရုံဖြင့် သိနိုင်ပါ၏။ မင်းအိမ်၊ စိုးအိမ်၊ သူဌေးသူကြွယ်တို့၏ အိမ်၊ ဆွမ်းကောင်း ဟင်းကောင်း လောင်းနိုင်သော အိမ်များကိုမှ ဆွမ်းခံကြွ၏။ ပဲဟင်း၊ ချဉ်ရည်၊ ငရုတ်သီးထောင်း လောက် လောင်းနိုင်သည့် အိမ်များကိုကား ခြေဦးမျှ မလှည့်ပေ။

အကြောင်းဆိုက်လာသည့်အခိုက် ကိုယ့်ငါးချဉ် ကိုယ့်ဘာသာ ချဉ်လိုက်ရပါ ဦးမည်။ ကျွန်ုပ်၏ ညီတော်နန္ဒမှာ မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆုနှင့် ပြည့်စုံသူပင် ဖြစ်ပါ၏။ ကိုယ်နေ လက်ထား ယောကျ်ားချော ချောသူ ဖြစ်ပါ၏။ လူ့ဘဝတုန်းက လူ့အဆင် လူ့အသွင်ဖြင့် ရှုချင်စဖွယ်ရှိခဲ့သော နန္ဒသည် သင်္ကန်း ဝါဝါနှင့်ကျတော့လည်း ကြည့်၍ကောင်းသည်သာ ဖြစ်ပါ၏။ သက်တူရွယ်တူ အမျိုးသမီးများဆိုလျှင် သူ့မျက်နှာကို တစ်ခါကြည့်မိလျှင် နောက်တစ်ခါ ထပ် မကြည့်ဘဲမနေနိုင်။ မနေနိုင်၍ ကြည့်မိပြန်တော့လည်း အထပ်ထပ် အခါခါ။ ဘယ်နှစ်ခါကြည့်ကြည့် အကြည့်ခံနိုင်သော ရဟန်းပျိုတစ်ပါးပါပေတည်း။

ဤတွင် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးအပေါ် တိမ်းနိုင် ညွှတ်နိုင်ရန်လေ ကောဟု ထိုအမျိုးသမီးများအား အပြစ်တင်စရာတော့ မရှိပါ။ တင်ခြင်းတင်လျှင် ကျွန်ုပ်တို့ ညီတော် နန္ဒကိုသာ တင်ထိုက်၏။ ပင်ကိုရုပ်ရည် ချောမောရသည့် အထဲတွင် သူ့ကိုယ်သူပြုပြင်ထားပုံကလည်း စိတ်ကစားစရာပင် မဟုတ်ပါလော။

ရဟန်းတို့မည်သည် ကြောင့်ကြဗျာပါရ များလှသော ဆံပင်များကို ရိတ်ပယ်ထားကြရ၏။ တစ်ခါ ရိတ်၍ ရှည်လာပြန်သော ဆံပင်များကို လက်နှစ်သစ်အထိသာ ထားခွင့်ရှိ၏။ လက်နှစ်သစ် မရှိသည်ပင် ဖြစ်စေဦး။ အချိန်ကာလအားဖြင့် နှစ်လတာမျှသာ မရိတ်ဘဲထားခွင့်ရှိပေသည်။

ကျွန်ုပ်တို့ ညီတော်နန္ဒသည် ဤဝိနည်းတော်ကိုကား လိုလိုလားလား လိုက်နာပါ၏။ ဝိနည်းတော်ကို လိုက်နာသည့်နေရာတွင် သူများထက်ပင် သာလိုက်ပါသေး၏။ သူများတွေက တစ်လမှ တစ်ခါ နှစ်ခါ။ သူကတော့ တစ်လတည်းမှာပင် လေးခါ ငါးခါ။ သင်ဓုန်းကောင်းတိုင်း ခေါင်းရိတ်သူပင် ဖြစ်ပေသည်။

သည်တော့ စိမ်းမြမြ ဦးခေါင်းသည် ဝါဝင်းသော သင်္ကန်းရောင်နှင့် ပနံတင့်၍ နေပါ၏။ ကော့မျက်တောင်ဝယ် ညိုပြာရောင် မျက်စဉ်းများကွင်းထား သည်မို့ မျက်လုံးများက သောက်ရှူးကြယ်တမျှ ထွန်းပ၍ နေကြ၏။ သူကိုင်လာသည့်

http://www.dhammadownload.com

သပိတ်ကိုလည်း ကြည့်ပါဘိ။ သူများတွေလို သာမန် မြေသပိတ်ကို သူမသုံး။ အရောင်တဖိတ်ဖိတ်တောက်အောင် အထူးစီမံထားသော သံသပိတ်ကိုမှ သူ သဘောကျပေသည်။ တစ်ခါတစ်ရံ သူ့မျက်နှာပေါ်ဝယ် မှုန်နဲ့သာ ခပ်ရေးရေးကို ပုင့် တွေ့ရ မြင်ရ၊ ရှုလိုက်ရပါသေးသည်။ ဤကာမဂုဏ်အာရုံများမှ ညီတော်နန္ဒသည် ဘယ်အခါမှာ လွတ်မြောက်လာပေလိမ့်မည်နည်း။

(နိဒါနဝဂ်၊ ဘိက္ခုသံယုတ်၊ နန္ဒသုတ်နှင့် နန္ဒထေရဂါထာများ)

အများနည်းတူဖြစ်စေလိုသောဆန္ဒဖြင့် ဤသို့သော ညည်းတွားတော်မူလိုက်ရ၏။ သို့သော် နောင်တော်ကြီးဘုရားသည် သူ့ညီတော်အား တင်းတင်းမာမာကား မတားမြစ်သေးပေ။ နောင်တော်ကြီး ဘုရားက မျက်နှာသာပေးထားသည်မို့ ညီတော် နန္ဒကလည်း သူ့မူအတိုင်း ထင်ရာစိုင်းလျက်သာရှိ၏။ ဤသို့ စိတ်ရှိတိုင်း နေရပါလျက်၊ ဝတ်ရ ဆင်ရ စားသောက်ရပါလျက် သူ့စိတ်ထဲမှာ အားရတင်းတိမ်ခြင်း မရှိပေ။ ရွှေနန်းတော်မှာ စွန့်ခွာ၍ထားခဲ့ရသော .စည်းစိမ်များကိုသာ တမ်းတ မျှော်ခေါ်၍ နေတော့သည်။

"အသို့နည်း ငါ့ရှင်နန္ဒ၊ သာသနာတော်ကြီးမှာ ပျော်ပိုက်၍ရပါ၏လော...."

ညီတော်နန္ဒသွားလေရာတွင် ဤမေးခွန်းများက ထက်ကြပ်မကွာ လိုက်ပါလာကြ၏။ အတွင်းရှိက အပ မဆောင်နိုင်ဟူသော ဆိုရိုးစကားအတိုင်းပင် ဖြစ်ပေသည်။

သက္ကတို့၏ သားကောင်းရတနာတစ်ဦးဖြစ်သော ညီတော် နန္ဒသည် သာသနာတော်ဝယ် မွေ့လျော်၍ မရသော်လည်း မဟုတ်မမှန် ဟန်ဆောင်သော စကားကိုကား ပြောလိုသူမဟုတ်ပါ။ သို့သော် ဟန်မပါဘဲ မှန်ရာကို ပြောကြစို့ ဆိုတော့လည်း သူ့စိတ်ကို သူမပိုင်ပေ။ အမှန်အတိုင်း ပြောလိုက်မိ၍ ရွှေနားတော်ထိ ပေါက်ကြားသွားလျှင် ရှေ့တော်သို့ခေါ်၍ အမေးအမြန်း ခံရပေတော့မည်။

ညီတော်နန္ဒ၏ ဤသို့သော အခက်အခဲကို ရိပ်မိသဖြင့် ကျွန်ုပ်မှာ အသာကလေး နှုတ်ဆိတ်နေခဲ့ရ၏။ ကျွန်ုပ်က နှုတ်ဆိတ်နေစဉ်မှာပင် မေးသူများက မေးလိုက်ကြပေပြီ။ ညီတော်နန္ဒသည် တစ်ခွန်း နှစ်ခွန်းကို မသိကျိုးကျွန်ပြု၍ နေပါသေး၏။ သုံးလေးခွန်းကို ရောင်၍ တိမ်း၍ နေပါသေး၏။ ထို့ထက် လွန်ကဲလာသောအခါ၌ကား ခတ္တိယ မျိုးနွယ်တို့၏ စိတ်ဓာတ်ဖြင့် ဟုတ်တိုင်းမှန်စွာ ဝန်ခံလိုက်ပေတော့သည်။

"နန္ဒ၊ သာသနာတော်ကြီး၌ ငြိးငွေ့၏ ဆိုသည်မှာ မှန်၏လော"

စောစောက ထင်ထားခဲ့သည့်အတိုင်းပင် ရွှေနားတော်ထိ ပေါက်ကြားသွားပြီ ဖြစ်၍ နောင်တော်ကြီး ဘုရားက ရှေ့တော်မှောက်သို့ အရောက်ခေါ်၍ မေးတော့

http://www.dhammadownload.com

မူချေပြီ။ ဤသို့သော မေးခွန်းများကို ကြောက်လွန်းလှသဖြင့် အကြိမ်ကြိမ်အခါခါ ရှောင်ခဲ့ရ၊ တိမ်းခဲ့ရ၏။ ရှောင်၍ တိမ်း၍ မရနိုင်ခဲ့သော ယခု အခြေအနေမှာကား ကြောက်နေရုံမျှဖြင့် မပြီးနိုင်တော့ပါ။ မှန်ရာ ကန်ရာကိုသာ လျှောက်ထားရပါတော့မည်။

"မှန်ပါသည် အရှင်ဘုရား၊ တပည့်တော်သာသနာတော်ကြီးထဲမှာ နေရတာငြီးငွေ့လှပါပြီ၊ သာသနာ့တာဝန်ကြီးကို ထမ်းဆောင်ရန် မစွမ်းနိုင်တော့ပါ။ သိက္ခာချပြီး လူထွက်ပါရစေတော့ ဘုရား"

"နန္ဒ၊ အဘယ်ကြောင့် လူထွက်ချင်ရပါသနည်း"

ဖြစ်ကြောင်းကုန်စင် သိမြင်ပြီးဖြစ်သော်လည်း အကြောင်းရှိ၍မေးတော်မူရခြင်း ဖြစ်ပေသည်။

"တပည့်တော် သပိတ်ထမ်းလျက် နန်းတော်က ထွက်လာခဲ့စဉ်က သက္ကမင်းသမီး ဇနပဒကလျာဏီသည် ခေါင်းဖြီးနေဆဲဖြစ်ပါသည်။ တစ်ဝက်မျှ ဖြီးထားသော ဆံပင်များကို လက်တစ်ဖက်ဖြင့်သိမ်းဖယ်ကာ 'မောင်တော်ဘုရာ့၊ မြန်မြန်ကြီးသာ ပြန်ခဲ့ပါတော့'ဟု ကပျာကယာမှာခဲ့ပါသည်။ သည်အသံကို တပည့်တော် အချိန်ရှိသမျှ ကြားယောင်နေသဖြင့် လူထွက်ချင်ပါသည် ဘုရား"

"အင်း ဟုတ်ပေလိမ့်မည်။ ဟုတ်ပေလိမ့်မည်"

မိမိနှင့် အသွင်တူပါသော်လည်း အမူကွဲလျက်ရှိနေသေးသော ညီတော်အား ကရုဏာစိမ့်သော မျက်လုံးတော်ဖြင့် ရွှန်းရွှန်းစားစား ကြည့်တော်မူကာ–

'ကောင်းပြီ နန္ဒ။ သာသနာတော်ကြီးမှာ ငြီးငွေ့နေလျှင် ငါတို့များ ဒေသစာရီ လှည့်လည်ကြစို့။ သင်္ကန်း ပရိက္ခရာများကိုသာ အရန်သင့် ပြင်ဆင်ထားပေတော့"

ရယ်မလို ငိုမလိုမျက်နှာဖြင့် ညီတော်နန္ဒသည် ထံတော်ပါးမှ ထွက်ခွာသွား၏။ ညီတော်နန္ဒ၏ ဘဝခရီးတစ်ကွေ့သို့ကား ရောက်လာပြန်ချေပြီ။ ကျင်းပဆဲ မင်္ဂလာအခမ်းအနားမှ ကျောင်းတော်သို့ သပိတ်ထမ်းလျက် လိုက်ပါခဲ့ရတုန်းကလည်း ဤသို့သော မျက်နှာကို တွေ့မြင်ခဲ့ရ၏။ ဤသို့သော မျက်နှာဖြင့် မမျှော်လင့်သော ဘဝတစ်ကွေ့သို့ ရောက်လာခဲ့ရ၏။ ယခုတစ်ဖန် ကြုံလာရပြန်ချေပြီ။

သာသနာတော်ကြီးထဲမှာ မပျော်မွေ့တော့ကြောင်း ထုတ်ဖော် လျှောက်ထားလိုက်လျှင် ဇကန္တ လူထွက်ခွင့် ရတော့မည်ဟု မျှော်လင့်၍ နေခဲ့၏။ သို့သော် ဟိုစဉ်တုန်းကလည်း သူ့မျှော်လင့်ချက်နှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ရသည်ကို သူ မေ့နေမိ၍သာ ဖြစ်ပေသည်။

http://www.dhammadownload.com

အမှန်ဆိုသော် ညီတော်နန္ဒ၏ ဘဝတစ်သက်တာသည် သူ့မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် လုံးဝ မဟုတ်ပေ။ နောင်တော်ကြီးဘုရား၏ အလိုကျ သာသနာ့အဆောက်အအုံကြီး၏ အုတ်မြစ်တစ်ချပ်အဖြစ်ဖြင့်သာ ရပ်တည်သွားရမည် ဖြစ်ပေသည်။

မီးမကျက်သေး၍ ကျိုးချင်ပဲ့ချင်ဖြစ်နေသော ထိုအုတ်မြစ်တစ်ချပ်ကို ယခု မီးရှိန်ပြင်းပြင်းနှင့် တိုက်တော်မူချေပြီ။ သို့သော် ကျွမ်းကျင် လိမ္မာလှစွာသော နည်းပရိယာယ်ဖြင့် စိမ်ထားသော ထိုမီးရှိန်ကား သက်သောင့်သက်သာရှိလှပါပေသည်။

အတွေးစတဝေဝေဖြင့် ကျွန်ုပ်သည် ဘုရားရှင်၏ သပိတ် ပရိက္ခရာများကို ပြင်ဆင်၍နေမိ၏။ ညီတော်နန္ဒသည် မကြာမီ သပိတ် ပရိက္ခရာ အစုံအလင်ဖြင့် ဂန္ဓကုဋိတိုက်ထဲ ဝင်ရောက်လာ၏။ ဘုရားရှင်နှင့် အတူတကွ လိုက်ပါရမည် ဆိုတော့လည်း သူ့ခမျာ သိုသိုသိပ်သိပ်ရှိပါ၏။ မှုန်နှံ့သာ အခြယ်အမှုန်းများကို အသုံးမပြုဘဲ သင်္ကန်းများကို သပ်သပ်ရပ်ရပ် ဆင်မြန်း၍ လာပါ၏။ မိမိ စိတ် အလိုကျသောကိစ္စပင် မဟုတ်စေကာမူ နောင်တော်ကြီးဘုရား၏ အမိန့်တော်ကိုကား ရိုသေ လေးမြတ်စွာ လိုက်နာမြဲလိုက်နာ၍ နေပါပေသည်။

(ဥဒါန်း၊ နန္ဒသုတ်)

ထိုအခိုက်မှာပင် ကျွန်ုပ်၏ အခက်အခဲတစ်ခုကို သတိရလိုက်မိ၍ ကံကောင်းသည်ဟု ဆိုရပါတော့မည်။ အရှင်မဟာကဿပ၏ တပည့်တစ်ပါး ရဟန်းခံရာတွင် ရဟန်းလောင်းဆုံးမသူအဖြစ် တာဝန်ယူရန် အမှာစကား ရောက်ခဲ့၏။ ရဟန်းခံအစီအစဉ်အရ ရဟန်းလောင်းဆုံးမသော ပုဂ္ဂိုလ်သည် သံဃာ့ ပရိသတ်တွင် ကမ္မဝါစာရွတ်ဖတ်၍ ခွင့်တောင်းရ၏။ ဝိနည်းသုံးဝေါဟာရဖြင့် ဥတ်ထားသည်ဟု ဆိုရ၏။ ဤဥတ်မှ စ၍ ရွတ်ရ ဖတ်ရလေသမျှ ကမ္မဝါစာများတွင် ဥပဇ္ဈာယ်ဆရာ၏ အမည်အရင်းကလည်း ထပ်ကာ ထပ်ကာ ပါနေ၏။ ကျွန်ုပ်အဖို့ အခက်ကြုံရသည်မှာ ထိုဥပဇ္ဈာယ်ဆရာ၏ အမည်ရင်းကို ထုတ်ဖော်ရွတ်ဖတ်ရေးပင် ဖြစ်ပါ၏။

ဘဝတစ်သက်တာ အတွေ့အကြုံများကို ပြန်လည်တင်ပြရသော အခုလို အချိန်မျိုးမှ တစ်ပါး ထိုအရှင်မြတ်ကြီး၏ အမည်ရင်းကို တစ်ခါမျှ ထုတ်ဖော်ခေါ်ဝေါ်ခြင်း မပြုခဲ့ဖူးပါ။ အရှင်မြတ်ကြီးအပေါ်တွင် အစဉ်ထာဝရ ထားရှိခဲ့သော ရိုသေလေးမြတ်မှုများကြောင့် ထိုအမည်ရင်းကို ထုတ်ဖော်ခေါ်ဝေါ်ရန် နှုတ်မရဲနိုင်အောင် ဖြစ်နေရ၏။

http://www.dhammadownload.com

ဒေသစာရီ လှည့်လည်မည့်ဆဲဆဲဖြစ်သော ဘုရားရှင်ထံ ဤအခက်အခဲကို တင်ပြရာတွင်

"ရဟန်းတို့၊ ရဟန်းလောင်းဆုံးမရာတွင် အမျိုးအနွယ်၏ အမည်ဖြင့်လည်း ဆုံးမရန် ငါဘုရား ခွင့်ပြုတော်မူ၏"

ဝိနည်းဆိုင်ရာ ပညတ်ချက်တစ်ခုကို ရဟန်းအားလုံးအတွက်ပါ ထုတ်ဆင့်တော်မူပေသည်။ ဤပညတ်ချက်အရ အမျိုးအနွယ်အမည်ဖြင့် အရှင်မဟာ ကဿပဟု ခေါ်ဝေါ်ရသော ထိုအရှင်မြတ်ကြီး၏ အမည်ရင်းမှာ ပိပ္ပလိပင် ဖြစ်ပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ဥပသမ္ပဒကမ္မ)

သို့နှင့် ညီတော်နောင်တော် ဒွေးနှစ်ဖော်တို့သည် ဖေတဝန်ကျောင်းတော်မှ ထွက်ခွာသွားခဲ့ကြ၏။ ကျွန်ုပ်လည်း အရှင်မဟာကဿပရှိရာသို့ ထွက်ခွာလာခဲ့၏။ ရဟန်းခံကိစ္စများပြီးစီး၍ ဖေတဝန်ကျောင်းတော်သို့ ပြန်ရောက်ချိန်တွင်ကား သတင်းထူး တစ်ခုကို ကြားလိုက်ရပေတော့သည်။

"အာနန္ဒာ၊ ညီတော်နန္ဒသည် နတ်သမီးများကို ရလိုမှုကြောင့် ရဟန်းဘောင်မှာ နေပါသတဲ့။ ဘုရားရှင်ကလည်း ခိုခြေအဆင်းရှိသော နတ်သမီး ငါးရာရစေမည်ဟု အာမခံလိုက်ပါသတဲ့"

ကြားရသည့် သတင်းကတော့ မကြိုဖူးအောင်ပင် ထူးခြားလှပါဘိ၏။

သာသနာ့ဝန်ထမ်း ရဟန်းဟူသည်မှာ သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်သာ ဖြစ်၏။ ယခုတော့ ညီတော် နန္ဒသည် လူမင်းသမီးအာရုံကို စွန့်လွှတ်ကာ နတ်သမီးအာရုံကိုစွဲလမ်းတမ်းတ၍ နေပြန်ချေပြီ။ ဒယ်အိုးထဲမှာ ပူလှသည်ဟု မီးကျီခဲပေါ် ခုန်ချသည့် ငါးပမာပင် ဖြစ်ပေသည်။

ထားပါတော့။ နန္ဒလိုရဟန်းပျိုတစ်ပါးအဖို့ ကာမဂုဏ်ကို ကာမဂုဏ်တစ်မျိုးနှင့် လဲလှယ်၍ရသည်မှာအဆန်းမဟုတ်ပါ။ မယုံနိုင်လောက်အောင် ဆန်းနေသည်ကတော့ ဘုရားရှင်၏ အာမခံချက်ပင် ဖြစ်၏။ ဘုရားရှင်တို့၏ စကားမည်သည် ခုတစ်မျိုး တော်တော်ကြာတစ်မျိုး ပြောင်းလဲ၍ ရစကောင်းသည် မဟုတ်ပါချေ။ တံခါးတိုင်ကဲ့သို့ မြဲမြဲခိုင်ခိုင် ဆိုရသော စကားများသာ ဖြစ်ဘိ၏။ အကယ်၍ သာသနာတော်ကြီးထဲမှာ ဆက်လက်နေထိုင်ရမည့် အဖိုးအခအဖြစ်ဖြင့် ညီတော်က တောင်းခံလာလျှင် ဇကန် ပေးတော်မူရပေတော့မည်။ ဩော်.... ညီတော် နန္ဒနှင့် နတ်သမီး ငါးရာ။ ဖေတဝန်ကျောင်းတော်နှင့် နတ်သမီးငါးရာ။ ဘုရားရှင် ပေးတော်မူမည့် နတ်သမီး ငါးရာ။ တွေးကြည့်ရုံဖြင့်ပင် ကြက်သီးထစရာ ကောင်းလိုက်ပါဘိ။

http://www.dhammadownload.com

သို့သော် ကျွန်ုပ်၏ အံ့သြစိတ်များ မကြာခင် ပြေပျောက်၍ သွားရပါတော့သည်။ တကယ်ဆိုတော့ သာသနာတော်ကြီး၏ အုတ်မြစ်တစ်ချပ်ကို နည်းပရိယာယ်တစ်မျိုးဖြင့် မီးဖုတ်ပေးတော်မူလိုက်ခြင်းသာ တကား။

"ညီတော်နန္ဒသည် အခစားကြီးပါတကား။ ညီတော်နန္ဒသည် အမြတ်များများ ရအောင် ဝယ်နိုင်သည့် အဝယ်တော်ကြီး တစ်ပါးပါတကား"

ညီတော်နန္ဒသွားလေရာတွင် ဤစကားများက ထက်ကြပ်မကွာလိုက်ပါလာကြ၏။ သီတင်းသုံးဖော်များက ဤသို့ ခနိုးခနဲ ပြောကြလေလေ၊ ညီတော်နန္ဒမှာ အနေရအထိုင်ရ ကျဉ်းကျပ်လာလေလေ။ တစ်ခါ တစ်ခါ အကာအကွယ် ရလိုရငြားဟု ကျွန်ုပ်ထံ ချဉ်းကပ်လာပါ၏။ သို့သော် ကျွန်ုပ်ကလည်း သူ့ကို ချမ်းသာမပေးနိုင်ပါ။ ဘုရားရှင်၏ ရည်ရွယ်ချက်ကို ရိပ်စားမိပြီမို့ သူ့ချဉ်းကပ်လာသည်နှင့် တစ်ပြိုင်နက် အများနည်းတူ ဆိုလိုက်ရပေသည်။

သို့နှင့် ညီတော်နန္ဒမှာ ရဟန်းများအလယ် ထည်ထည်ဝါဝါ မနေနိုင်တော့ဘဲ လွတ်ရာကျွတ်ရာ ရှောင်ခွာ၍သွားရတော့၏။ အခစားကြီး၊ အဝယ်တော်ကြီးဟူသော ခနဲ့သံများက သူ့အတွင်းသန္တာန်မှ အရှက်အကြောက်တရားများကို နှိုးဆွ၍ ပေးလိုက်ပြီ မဟုတ်ပါလား။ လောကကြီး တစ်ခုလုံးကို စောင့်ရှောက်၍ထားသော တရားဟူသည် ဤအရှက်အကြောက် တရားနှစ်ပါးပင် မဟုတ်ပါလား။

လောကကြီးတစ်ခုလုံးကို စောင့်ရှောက်ထားကြသော တရားနှစ်ပါးက လောကသားတစ်ဦးဖြစ်သော ညီတော် နန္ဒကိုလည်း အပြည့်အဝ စောင့်ရှောက်၍ ထားကြပြီ ဖြစ်၏။ ထို့ကြောင့် အရှက်ကြီးစွာ ထွက်ခွာသွားခဲ့သော ညီတော်နန္ဒသည် နံနက်လင်းသည်နှင့် ရဟန်းပရိသတ်ထဲသို့ ရဲရဲဝံ့ဝံ့ပြန်လာပေသည်။ အခစားကြီး၊ အဝယ်တော်ကြီးဟူသော စကားများကို ပြိုးပြိုးကြီး ရင်ဆိုင်ကာ ဘုရားရှင် ရှေ့တော်ဆီသို့ တန်းတန်းမတ်မတ် ဝင်၍ လာပေသည်။

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ခိုခြေအဆင်းရှိသော နတ်သမီးငါးရာပေးမည်ဟု ဝန်ခံတော်မူခဲ့ပါသည်။ တပည့်တော်သည် ထိုဝန်ခံချက်မှ ဘုရားရှင်ကို လွတ်လိုက်ပါပြီ ဘုရား"

မနှိုင်းယှဉ်အပ်သော အမြိုက်ချမ်းသာကို ကိုယ်တိုင်ခံစားရပြီမို့ နတ်သမီးများ ရမည့် အခွင့်အရေးကို စွန့်လွှတ်နိုင်ပေပြီ။ သည်ညီတော်နှင့် ပတ်သက်၍ နောင်တော်ကြီးဘုရား၏ တောင့်တချက်များလည်း ပြီးပြည့်စုံကြပါတော့သည်။

"နန္ဒ၊ သင့်စိတ်သည် တစ်စုံတစ်ခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်၍နေ၏။ ထိုစဉ်ကပင် ငါသည် ထိုဝန်ခံချက်မှ လွတ်ပြီးဖြစ်နေပေပြီ"

http://www.dhammadownload.com

ညီတော်နောင်တော် ဒွေးနှစ်ဖော်တို့သည် လွတ်သူနှင့် လွတ်သူအဖြစ်ဖြင့် ဆုံစည်းမိကြသောခဏ၌ အောက်ပါ ဥဒါန်းစကားတော်ကို ကျွန်ုပ်တို့ ကြားနာကြရပါသတည်း။

"အကြင်ရဟန်းသည် ရုန်းထွက်ကျော်လွှားရန် ခက်ခဲလှသော ကာမဂုဏ်ရုံ့ညှဉ်တောကြီးကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့၏။

"အကြင်ရဟန်းသည် နှလုံးပူဆာ မခံသာအောင် ထိုးဆွတတ်သော ကာမဂုဏ်ဆူးငြောင့်များကို အကုန်အစင် ချိုးဖဲ့ဖျက်ဆီးနိုင်ခဲ့၏။

"မောဟကုန်ရာ နိဗ္ဗာန်သို့ အသိဉာဏ်ဖြင့် ကပ်ရောက်လေပြီးသော ထိုရဟန်းသည် ဆင်းရဲချမ်းသာအဖြာဖြာသော လောကဓံတို့ကြောင့် တုန်လှုပ်ခြင်းမရှိတော့ပြီတည်း"

(ဥဒါန်း၊ နန္ဒသုတ်)

***

http://www.dhammadownload.com

အောင်နိုင်သူ အရှင်သင်္ကိမဓိ

တောရကျောင်းပျော် အရှင်သင်္ကိမဓိသည် ထိုနေ့က ပထမအကြိမ်အဖြစ် ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့၏။ ဘုရားရှင်ထံ ဦးတင်ဝပ်ချကာ ကျွန်ုပ်တို့ကို အတန်အသင့် နှုတ်ဆက်ပြီးနောက် လူသူကင်းဆိတ်ရာသို့ထွက်သွားခဲ့၏။

အရိပ်အာဝါသကောင်းလှသော သစ်ပင်ရိပ်၌ အရှင်သင်္ကိမဓိ ထိုင်နေစဉ်တွင် သူ့မယားဟောင်းသည် သားငယ်ကိုရင်ဝယ်ပိုက်လျက်ရောက်လာ၏။ အရှင်သင်္ကိမဓိလှဴဘဝတုန်းက ကြိုက်နှစ်သက်တတ်သော အဝတ်အဆင်များကိုလည်း ဝတ်ဆင်ပြုပြင်၍ လာ၏။

"အရှင်ရဟန်း၊ သားသည်အမေဖြစ်သော တပည့်တော်မကို ပြုစုလုပ်ကျွေးပါလော့"

အရှင်သင်္ကိမဓိ၏ အနားသို့ကပ်၍ သနားစဖွယ် လျှောက်ထား၏။

သင်္ကိမဓိသည် မိမိ၏ မယားဟောင်း အဝေးမှ လာနေစဉ်တုန်းက လှမ်းမျှော်၍ မကြည့်ခဲ့ပေ။ မိမိရှေ့မှောက် နိုးကပ်စွာ ရောက်နေသည်တွင်ကား မမြင်ဘဲ မနေနိုင်။ မယားဟောင်းက လျှောက်ထားသော စကားတို့ကိုလည်း မကြားဘဲမနေနိုင်။ သို့သော် ထိုအဆင်း ထိုအသံတို့သည် အရှင်သင်္ကိမဓိအဖို့ အဆင်းနှင့် အသံမျှသာ ဖြစ်၏။ ထိုအဆင်း ထိုအသံတို့မှ ဆက်စပ်၍ ငါ့မယား၊ ငါ့သား ဟူသော အယူအစွဲတို့ မပေါ်လာကြပေ။ မြင်လျှင် မြင်ကာမတွ်၊ ကြားလျှင် ကြားကာမတွ်သာ နေတော့၏။ မယားဟောင်းလျှောက်ထားသော စကားတို့ကို ဝန်ခံစရာ မလို၍ ဝန်ခံခြင်းလည်း မပြု။ ငြင်းပယ်စရာမရှိ၍လည်း ငြင်းပယ်သော စကားကို မဆို။ မတုန်မလှုပ် ငုတ်တုတ်ထိုင်လျက်သာ ရှိဘိ၏။

မယားဟောင်း မလာခင်ကလည်း မိဘဆွေမျိုးများ ရောက်လာခဲ့ကြပြီ။ မိဘတို့၏ စည်းစိမ်ဥစ္စာများ ထိန်းသိမ်းရန် လူ့ဘောင်သို့ ပြန်ဆင်းခဲ့ပါဦးဟု လျှောက်ထားကြ၏။ အရှင်သင်္ကိမဓိမှာ 'ငါ့သား၊ ငါ့ဥစ္စာ'ဟူ၍ အယူအစွဲတွေ ပြင်းထန်လွန်း နေကြသူတို့အား တရားဟောလျှင် မောရုံသာရှိမည်မို့ ခပ်မဆိတ်

http://www.dhammadownload.com

နေခဲ့ရ၏။ သူတို့တုန်းက ဟန်မရ၍ နောက်တစ်ချို့ စစ်ဆင်သောသဘောဖြင့် မယားဟောင်းကို သားငယ်နှင့်တကွ လွှတ်လိုက်ကြခြင်းပင် ဖြစ်ပေသည်။

"အရှင်ဘုရား၊ သားသည်အမေဖြစ်သော တပည့်တော်မကို ပြုစုလုပ်ကျွေးပါလော့"

တစ်ကြိမ်လျှောက်သည်ကို မကြားဘူးထင်၍ ထပ်မံလျှောက်ထား၏။ သည်တစ်ကြိမ်ဖြင့် အားမရသေး၍ နောက်တစ်ကြိမ်ထပ်၍လျှောက်ပြန်၏။

ဘယ်နှစ်ခါလျှောက်လျှောက် အရှင်သင်္ကိမဓိကတော့ မတုန်မလှုပ်သာလျှင် ဖြစ်ဘိ၏။ ဤတွင် မယားဟောင်းသည် သားငယ်ကို အရှင်သင်္ကိမဓိရှေ့မှာ ချကာ–

'အရှင်ရဟန်း၊ ဤကလေးသည် အရှင်ရဟန်း၏ သားဖြစ်၏။ မိမိသားကို မိမိဘာသာ လုပ်ကျွေးပြုစုပေတော့"

ပြောပြောဆိုဆို ထွက်ခွာသွား၏။ သို့သော် တစ်ခါတည်း ထွက်ခွာလာခဲ့ခြင်းကား မဟုတ်ပါ။ သားသည် အဖေဖြစ်သော ထိုရဟန်း မည်သို့ရှိမည်ကို မလှမ်းမကမ်းမှ အကဲခတ်လျက်သာ ရှိပေသည်။ 'မယားစစ်ဆင်ရေး'ဖြင့် အခြေအနေ မလှသည်ကို 'သားစစ်ဆင်ရေး'ဖြင့် တစ်နည်း စမ်းသပ်လိုက်ခြင်းသာ ဖြစ်ပေသည်။

'မယားစစ်ဆင်ရေး'၌ အောင်ပွဲရခဲ့သော အရှင်သင်္ကိမဓိသည် 'သားစစ်ဆင်ရေး' မှာလည်း အလွယ်တကူအောင်ပွဲဆင်ခဲ့သည်သာ ဖြစ်ပါ၏။ သားသည်အဖေများ၏ နှလုံးအိမ်ကို ဆွတ်ပျံ့ကြည်နူးစေတတ်သော သားငယ်ရွေးသွေး ပုလုကွေးသည် သည်ဖခင်၏ နှလုံးအိမ်ကိုကား ဆွတ်ပျံ့ကြည်နူးအောင် မစွမ်းဆောင်နိုင်ပြီ။ သားသည် အဖေတို့၏ နှလုံးအိမ်ကို နာကျင်စေတတ်သော ကလေးငိုသံသည် သည်ဖခင်၏ နှလုံးအိမ်ကိုကား နာကျင်အောင် မတတ်နိုင်ပြီ။

"ဩော်.... သည်ရဟန်းသည် သားကိုလည်း မခင်တွယ်ပါကလား"

စစ်ဆင်ရေးအားလုံး ရှုံးနိမ့်ခဲ့သော မယားဟောင်းသည် သားငယ်ကို အသာချီကာ လာလမ်းအတိုင်း ပြန်သွားရပေတော့သည်။

လာစဉ်တုန်းက မျှော်လင့်တမ်းတခြင်း မရှိခဲ့သော အရှင်သင်္ကိမဓိသည် မယားဟောင်း ပြန်သွားသောအခါမှာလည်း လွမ်းဆွတ်ကြေကွဲမှု မရှိတော့ပါပြီတည်း။ အရှင်သင်္ကိမဓိ၏ အောင်ပွဲကို ကြားနာရသည့်အဆုံးဝယ် သည်အရှင်မြတ်သည် မိမိဘွဲ့နှင့် လိုက်လျောလေစွ တကားဟု ကျွန်ုပ်တို့ မှတ်ချက်ချကြရပါ၏။

(ဥဒါန်း သင်္ကိမဓိသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

\+ \+ \+

http://www.dhammadownload.com

အရှင်ရဋ္ဌပါလ၏ တရားလေးပုဒ်

မြေဆီသြဇာနှင့် ရာသီဥတုကောင်းလှသဖြင့် အမြဲတမ်းပင် ပြည့်လျှံသော ကျီများ ရှိနေသဖြင့် ထုလ္လကောဋ္ဌိကဟု အမည်ရသော ရွာကြီးသည် ကုရုတိုင်းအတွင်း၌ ထင်ရှားစွာရှိ၏။ ကုရုတိုင်း၏ အရှင် ကောရဗ္ယမင်းကြီး၏ ဥယျာဉ်တော်လည်း ထိုရွာအနီးမှာပင် ရှိပေသည်။ ထိုရွာကြီးသည် ကျွန်ုပ်တို့ သီတင်းသုံးဖော် အရှင်ရဋ္ဌပါလ၏ မွေးရပ်မြေလည်းဖြစ်ပါပေသည်။

ရဟန်းလောင်း ရဋ္ဌပါလသည် ထိုရွာကြီး၏ တန်ခိုးဩဇာ အကြီးမားဆုံး သူဌေးကြီးအိမ်တွင် ချမ်းသာစွာနေခဲ့ရ၏။ ရဋ္ဌပါလလူလားမြောက်၍ အိမ်ထောင်ကျပြီးခါစတွင် ဘုရားရှင် အမှူးရှိသော ကျွန်ုပ်တို့တစ်တွေ ထိုရွာကြီးသို့ ရောက်ခဲ့ကြ၏။ ဘုရားရှင် ဟောကြားသော တရားတော်ကို နာကြားရင်း ကျွန်ုပ်တို့နှင့်အတူ ရဟန်းပြုကာ လိုက်ပါလိုသဖြင့် ရဋ္ဌပါလသည် ဘုရားရှင်ထံ ဝင်ရောက်၍ ရဟန်းပြုခွင့်တောင်း၏။ သို့ရာတွင် မိဘများထံ ခွင့်မပန်ရသေးဟု ဆိုသဖြင့် ရဟန်းပြုခွင့်မရဘဲ အိမ်ပြန်သွားရပေသည်။

ရဋ္ဌပါလမှာ တစ်ဦးတည်းသောသားဖြစ်၍ မိဘများထံမှ ရဟန်းပြုခွင့် မရနိုင်ပါ။ တစ်ဦးတည်းသော သားကို မခွာရက်နိုင်သကဲ့သို့ ပေါကြွယ်လှသော ပစ္စည်းဥစ္စာတို့ကိုလည်း မင်းဘဏ္ဍာအဖြစ် မခံနိုင်ကြပါ။ ထို့ကြောင့် ရဟန်းမပြုဘဲ လူအဖြစ်နှင့် ကုသိုလ်ကောင်းမှုများပြုရန် ချော့မော့ တောင်းပန်ကြရ၏။ ရဋ္ဌပါလကား မိဘစကားကို လက်မခံနိုင်ပြီ။ သည်နေရာမှာ ရဟန်းပြုခွင့် ရချင်ရစေ။ သို့မဟုတ်ခဲ့လျှင် သည်နေရာမှာပင် သေပေစေတော့ဟု မြေကြီးပေါ် လဲအိပ်လိုက်၏။ အစာမစားဘဲ ဆန္ဒပြနေခဲ့၏။ ဤသို့ ခုနစ်ရက်တိတိ ဇွဲကောင်းကောင်းနှင့် တောင်းဆိုခဲ့၍ အရှင်ရဋ္ဌပါလဟူ၍ ဘွဲ့နာမံခံယူခွင့်ရလာပေပြီ။ အသွင်အပြင်သာမက အတွင်းသန္တာန်ပါ ပြောင်းလဲ၍ လာခဲ့ပေသည်။ ဤကဲ့သို့ ခိုင်မာထက်သန်သော သဒ္ဓါတရားဖြင့် ရဟန်းဘဝကို အရယူခဲ့သောကြောင့် သဒ္ဓါပဗ္ဗဇိတ ဧတဒဂ် ဂုဏ်ထူးဆောင်ဟူ၍လည်း ထင်ရှားကျော်ကြား၍ လာပေပြီ။

အရှင်သင်္ဂါမဇိနှင့် အရှင်ရဋ္ဌပါလတို့မှာ အာသဝကုန်ခန်းတာချင်း တူပါ၏။ မိဘဆွေမျိုးများနှင့် မယားတို့၏ ဖြားယောင်းခံရတာချင်းလည်း တူပါ၏။ သို့သော် တရားပေါက်သောနေရာချင်းက မတူပေ။ ဖြားယောင်းခံရသော နေရာချင်းလည်း မတူပေ။

အရှင်သင်္ဂါမဇိမှာ တောကျောင်း တစ်နေရာမှာ တရားပေါက်ကာ ဇေတဝန်ကျောင်းတော် ပြန်လာခါမှ ဖြားယောင်းခြင်း ခံရ၏။ အရှင်ရဋ္ဌပါလကား ဇေတဝန်ကျောင်းတော်မှာ တရားပေါက်ကာ ထုလ္လကောဋ္ဌိက ရွာကြီးသို့ ပြန်ရောက်ခါမှ ဖြားယောင်းခြင်းခံလိုက်ရပေသည်။

http://www.dhammadownload.com

ထိုရွာကြီးသို့ တစ်ခါတစ်ခေါက်ပြန်ရောက်သွားရာမှ ရရှိလာသော အတွေ့အကြုံများကို ကျွန်ုပ်တို့ ဓမ္မသဘင်၌ ထိုအရှင် တင်ပြခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"ဤရဟန်းသည် လူ့ဘောင်သို့ပြန်မဆင်းတော့ပြီ"ဟု စိတ်ချတော်မူသဖြင့် အရှင်ရဋ္ဌပါလအား ဘုရားရှင်က မိဘရပ်ထံပြန်ခွင့်ပြုလိုက်၏။ ခရီးအဆင့်ဆင့် လှမ်းလာခဲ့၍ ညနေချမ်းနေချိုချိုတွင် ထိုရွာကြီးသို့ ဆိုက်ရောက်လာခဲ့ပေသည်။

ဓာတိရပ်ရွာ ပြန်ရောက်လာသော်လည်း အရှင်ရဋ္ဌပါလသည် မိဘအိမ်သို့ တစ်ခါတည်း တန်းဝင်မသွားခဲ့ပါ။ ရွာနှင့် မလှမ်းမကမ်းမှာရှိသော ကောရဗ္ယမင်း၏ ဥယျာဉ်တော်သို့သာ ဝင်လာခဲ့၏။ ရဟန်းတို့နှင့် လျှောက်ပတ်ရာတွင် တစ်ည ကျိန်းစက်ပြီးမှ ဓာတိရွာသို့ ဆွမ်းခံဝင်ခဲ့ပေသည်။

အိမ်တွင် ခမည်းတော်ကြီးကိုယ်တိုင်ရှိနေပါ၏။ အလယ်ထပ် တံခါးပေါက်တွင် သူ့ဆံပင်များကို ဆတ္တာသည်က ရှင်းပေးလျက်ရှိပါ၏။ အပြင်တံခါးဝက ရဟန်း၏ အရိပ်ကို မြင်လိုက်သည်နှင့် သူ့နှုတ်ဖျားမှ ရုန့်ရင်းစွာသော စကားများ ထွက်ပေါ်လာပေသည်။

"ကျက်သရေမရှိသော ခေါင်းတုံးပြောင်ပြောင်နှင့် ရဟန်းယုတ်တစ်ယောက် ရောက်လာ ပြန်ပြီ။ ဤရဟန်းယုတ်တို့ပင် ငါ၏ ချစ်လှစွာသော တစ်ဦးတည်းသော သားကို ရဟန်းပြုကာ ခေါ်ဆောင်သွားကြသည် တကား"

သားအတွက် ရတက်ပွေနေသော သူဌေးကြီးသည် သားကိုယ်တိုင်ကို မြင်နေပါလျက် မမှတ်မိနိုင်အောင် ဖြစ်နေရ၏။ အရှင် ရဋ္ဌပါလမှာ မိဘအိမ် တံခါးဝမှ ဆွမ်းနှင့် ဟင်းများအစား ဆဲရေးကြိမ်းမောင်းသော စကားများကိုသာ ရရှိခဲ့ပေသည်။

ကောင်းဆိုးနှစ်တန် လောကဓံကို အပြည့်အဝ ခံနိုင်ရည်ရှိနေပြီဖြစ်သော အရှင်ရဋ္ဌပါလသည် အိမ်တံခါးမှ ပြန်မည်ဟု လှည့်လိုက်၏။ ထိုအခိုက်မှာပင် အစေခံမတစ်ယောက်ထွက်လာကာ တစ်ညဉ့်လွန်၍ သိုးစော်နံနေသော မုယောမုန့်ကို စွန့်ပစ်မည်ပြု၏။ ဆွမ်းတစ်ဇွန်းမျှ မရရှိသေးသော အရှင်ရဋ္ဌပါလသည် ဤယနေ့အဖို့ ဤမုန့်သိုးမျှသာ အလားအလာရှိတော့သဖြင့်

"နမ၊ ဤမုယောမုန့်ကို စွန့်ပစ်မည်ဖြစ်လျှင် ငါသပိတ်ထဲမှာ လောင်းလိုက်ပါလော့"

သာသနာ့ဝေါဟာရဖြင့် ယဉ်ကျေးစွာခေါ်လျက် သပိတ်ကို စောင့်ငဲ့ပေးလိုက်၏။

ရဟန်းဟူသည်မှာ သလုံးမြင်းခေါင်းနှင့် ရင်းနှီးကာ ဆွမ်းခံ၍ စားရ၏။ ဆွမ်းခံခြင်းဟူ၍ စကားအရာ ယဉ်ကျေးစွာသုံးကြရသော်လည်း အမှန်စင်စစ်အားဖြင့် တောင်းစားခြင်းသာ ဖြစ်၏။ ဝိနည်းတော်နှင့် လျော်းက်ပတ်စွာ ကွန္ဒြေသိက္ခာရှိရှိ

http://www.dhammadownload.com

အသက်မွေး ဝမ်းကျောင်းမှုပင် ဖြစ်၏။ ဆွမ်းခံသူရော ဆွမ်းလောင်းသူအတွက်ပါ သက်သာ လွယ်ကူစေသော အစီအမံတစ်ရပ်ပင် ဖြစ်ပါ၏။

ဤသို့ ဆွမ်းခံရာ၌ ကိုယ်ဖြင့်ရပ်၍ ဆွမ်းခံခြင်းကိုသာ ခွင့်ပြုထား၏။ နှုတ်ဖြင့် ဖွင့်ဟ၍ တောင်းခံခြင်းကို ခွင့်ပြုမထားပါ။ သို့ပါလျက် အရှင်ရဋ္ဌပါလက အဘယ့်ကြောင့် နှုတ်ဟ၍တောင်းရပါသနည်း။ တစ်စုံတစ်ယောက် သိမ်းဆည်းထားသောပစ္စည်း မဟုတ်တော့သောကြောင့် ဖြစ်ပေသည်။

အစေခံမသည် မုယောမုန့်ကို သပိတ်ထဲသို့ လောင်းထည့်ရင်း သူ့သခင်ဟောင်းကို ကောင်းကောင်းကြီး မှတ်မိလိုက်၏။ မှတ်မိသည့်အတိုင်း မိဘများထံ အလျင်အမြန် ပြောပြခြင်းဖြင့် အိမ်ကြီးကျွန်အဖြစ်မှ လွတ်လပ်ခွင့် ရသွားပေသည်။

အရှင်ရဋ္ဌပါလသည် တစ်နေ့တာအတွက် ရရှိလာသော အစာအာဟာရကို ဆွမ်းစားဇရပ်တစ်ခုတွင် ထိုင်၍ ဘုဉ်းပေး၏။ ဟိုစဉ်တုန်းက သူဌေးသားတစ်ယောက် အဖြစ်ဖြင့် အမြိန်အရသာများကိုသာ စားသောက်ခဲ့ရ၏။ ယခု ဘုရားသားတော် ဘဝတွင်ကား မုယောမုန့်သိုးကို စားနေရပေပြီ။ သို့သော် အရှင်ရဋ္ဌပါလ အဖို့ကား ထိုအစာအာဟာရနှစ်မျိုးအတွက် တစ်စုံတစ်ရာ ထူးခြားလာခြင်း မရှိပါ။ အစာအိမ်ထဲက ပါစက ဝမ်းမီးကို အစာကျွေးလိုက်ခြင်းသာ ဖြစ်ပေသည်။ မည်သည့်အစာပင် စားရ စားရ၊ ပါစက ဝမ်းမီးဒဏ် သက်သာခြင်းသာ အဓိက ဖြစ်ပေသည်။

တရားမြင်ပြီးသူက တရားနှင့်ယှဉ်၍ စားသုံးနေရာတွင် တရားမမြင်ရှာသေးသော ခမည်းတော်ကြီးမှာကား ရင်ဘတ်စည်တီး ဖြစ်ရပေသည်။

"အို.... ငါ့သား၊ ဖြစ်မှ ဖြစ်ရလေစွတကား။ ဖခင်တို့မှာ ပစ္စည်းဥစ္စာကြွယ်ဝပါလျက် အဘယ့်ကြောင့် မုယောမုန့်သိုးကို စားနေရပါသနည်း။ ထမင်းစားချိန်တွင် မိမိအိမ်သို့ သွားသင့်သည် မဟုတ်ပါလော"

"ဒါယကာကြီး၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ခွာရှောင်၍ ရဟန်းပြုလာသူတို့အား အဘယ်မှာ အိမ်ရှိပါမည်နည်း။ ရဟန်းတို့မည်သည်လည်း အိုးအိမ်မရှိသူများပင် ဖြစ်၏။ ဒါယကာကြီးတို့အိမ်သို့ ရောက်ခဲ့သော်လည်း ကန်တော့ဆွမ်းကလေးမျှ မရခဲ့ပါ။ ဆဲရေး ကြိမ်းမောင်းခြင်းသာ ရခဲ့ပါသည်"

ခမည်းတော်ကြီးက အမောတကာ လျှောက်ထားအပြီးတွင် သားရဟန်းကတော့ အေးဆေးစွာပင် ပြန်ပြောလိုက်ပေသည်။

"ပြီးခဲ့သည့်ကိစ္စ ပြီးပါစေတော့ ငါ့သား။ ယခု အိမ်သို့သွားကြစို့"

"မသွားလိုတော့ပြီ ဒါယကာကြီး။ ယနေ့အဖို့ ဆွမ်းကိစ္စ ပြည့်စုံသွားပေပြီ"

"သို့ဖြစ်လျှင် နက်ဖြန်နံနက်မှာ ဖခင်တို့အိမ်သို့ ဆွမ်းစားလာခဲ့ပါ"

အရှင်ရဋ္ဌပါလက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ပေသည်။

http://www.dhammadownload.com

နောက်တစ်နေ့နံနက်၌ "ဆွမ်းများပြင်ဆင်ပြီးပါပြီ"ဟု အကြောင်းကြားလာသည်တွင် အရှင်ရဋ္ဌပါလသည် သပိတ်သင်္ကန်းများ ပြင်ဆင် ဝတ်ရုံလျက် ခမည်းတော်ကြီးအိမ်သို့ လိုက်ပါသွား၏။ ခင်းထားသောနေရာ၌ ထိုင်မိလျှင် ခမည်းတော်က အရန်သင့်ပြင်ဆင်ထားသော ရွှေပုံ ငွေပုံများကို ဖွင့်လှစ်ပြကာ

"ငါ့သား၊ သည်ပစ္စည်းမှာ သင့်အမေဘက်က ပစ္စည်းမျှသာ ရှိသေးသည်။ အဖေဘက်က ပစ္စည်းတွေ တခြားမှာ ရှိသေးသည်။ ထို့အပြင် အဘိုးဆီက အမွေရသည့် ပစ္စည်းများသည်လည်း တသီးတခြား ရှိသေးသည်။ ဤပစ္စည်းများဖြင့် လူ့ဘောင်မှာ မကြောင့်မကြ မတောင့်မတ နေနိုင်ပါသည်။ ကုသိုလ်ကောင်းမှု ပြုလိုရာ ပြုနိုင်ပါသည်"

ခမည်းတော်ကြီးက မျှော်လင့်ချက်ကြီးစွာဖြင့် လျှောက်ထား၏။ ဤတွင် အရှင်ရဋ္ဌပါလက-

"ဒါယကာကြီး၊ စကားတစ်ခွန်းကို လက်ခံနိုင်မည်လော"

"လက်ခံနိုင်ပါသည်"

ခမည်းတော်ကြီးက ဝမ်းသာအားရဖြစ်ကာ ချက်ချင်းပင် ဝန်ခံလိုက်၏။

"သို့ဖြစ်လျှင် သည်ရွှေငွေများကို လှည်းဖြင့် တင်လိုက်ပါတော့"

"လှည်းနှင့် တင်ပြီးနောက် မည်သို့ ပြုရပါမည်နည်း"

"လှည်းနှင့် တင်ပြီးနောက် ဂင်္ဂါမြစ်ရေကြော မျှောလိုက်ပါလော့ ဒါယကာကြီး"

ခမည်းတော်ကြီး လက်လျှော့သွားချိန်တွင် မယားဟောင်းများက တစ်စခန်း ထလာကြပေသည်။ အရှင်ရဋ္ဌပါလမှာ အရှင်သင်္ဂါမဓိလို မယားတစ်ယောက်တည်း မဟုတ်ပေ။ မြို့သည်ထက်မြို့၊ ခိုင်သည်ထက် ခိုင်စေရန်ဟု မိဘများက မယားနှစ်ယောက် ရှာထားပေး၏။ မယားဟောင်း နှစ်ယောက်တို့သည် ရဋ္ဌပါလသတို့သားဘဝက နှစ်သက်ခဲ့ဖူးသော အဝတ်အဆင်များကို ဝတ်စားဆင်ယင်၍ အရှင်ရဋ္ဌပါလ၏ ခြေတစ်ဖက်စီကို ပွေ့ဖက်ကာ အရောတဝင်ပြုသောအားဖြင့်-

"အို.... အရှင့်သား၊ အရှင့်သားသည်နတ်သမီးများကို ရလိုသဖြင့် ရဟန်းပြုသည်ဟု ဆိုကြပါသည်။ ထိုနတ်သမီးများ၏ အဆင်းအရောင်သည် မည်သို့ ရှိပါသလဲ"

"နှမတို့၊ ငါသည် နတ်သမီးများကိုရလိုသဖြင့် ရဟန်းပြုခြင်း မဟုတ်ပါ"

လင်မယားဘဝတုန်းက "ရှင်မတို့"ဟု ခေါ်ခဲ့ရာ ယခုတော့ နှမတို့ဟု ခေါ်လိုက်ပေပြီ။ ဤစကားတစ်ခွန်းတည်းနှင့်ပင် သူတို့၏ မြူဆွယ်မှု နိဂုံးချုပ်ရပေတော့သည်။ ဤတွင် အရှင်ရဋ္ဌပါလက-

"ဒါယကာကြီး၊ ဆွမ်းကပ်စရာရှိလျှင် ကပ်ပါလော့။ ရွှေ ငွေ ဥစ္စာ၊ မာတုဂါမတို့ကို ပြ၍ မနှိပ်စက်ပါနှင့်တော့"

http://www.dhammadownload.com

"ချစ်သား ရဋ္ဌပါလ၊ ဆွမ်းများပြင်ဆင်ထားပြီး ဖြစ်ပါသည်။ စားပါလော့ ချစ်သား၊ စားပါလော့"

နောက်ထပ် နှိပ်စက်စရာလည်း မရှိတော့ပြီမို့ အရန်သင့်ပြင်ဆင်ထားသော ဆွမ်းများကို ကပ်ကြရပေတော့သည်။

ဆွမ်းကိစ္စများပြီးစီးသောအခါ အရှင်ရဋ္ဌပါလသည် နေရာမှထလျက် ခန္ဓာကိုယ်ကြီး၏ အသုဘကထာ ဂါထာများကို ရွတ်ဆိုကာ ဆက်လက်၍–

"မုဆိုးသည် ကျော့ကွင်းကို ထောင်ထားခဲ့၏။ သားသမင်သည်ကျော့ကွင်းကို မထိမူဘဲအစာရေစာ စားသောက်ကာ သမင်ဖမ်းသူတို့ငိုယိုနေကြစဉ်မှာပင် တောချုံကြားသို့ ဝင်သွားဘိသကဲ့သို့ ငါတို့သည်လည်း သေးလွတ်ရာသို့ ရောက်ခဲ့ကြကုန်၏"

ဤသို့ အဓိပ္ပာယ်ရှိသော ဂါထာကို ရွတ်ဆိုကာ ဥယျာဉ်တော်သို့ ပြန်လာခဲ့ပေသည်။

ကောရဗျမင်းကြီးသည် အရှင်ရဋ္ဌပါလကို ငယ်ရွယ်စဉ်ကတည်းက တူလို သားလို ချစ်ခင်လာခဲ့၏။ ယခင်ကတည်းက ခင်မင်ရင်းနှီးရှိခဲ့သည်တွင် ယခုလို အိုမင်းမစွမ်းဖြစ်လာသောအခါ သာ၍ပင် တွေ့ချင်နေ၏။ ရဟန်းဝတ်နှင့် အသွင်ပြောင်းနေမည့် သူ့ရုပ်သွင်ကို ရှုချင် မြင်ချင်စမ်းလှ၏။ ထို့ထက်ပို၍ သိချင်စိတ် စောနေသည်မှာကား ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုသွားရခြင်း၏ အကြောင်းများ ဖြစ်ပေသည်။

ယခုတော့ ကောရဗျမင်းကြီး၏ စိတ်ဆန္ဒများ ပြည့်ဝပါတော့မည်။ သူတွေ့ချင် မြင်ချင်နေသော အရှင်မြတ်က သူ့ဥယျာဉ်ထဲမှာ အရန်သင့် ရောက်နေပါပြီ။ ဥယျာဉ်စောင့်ထံမှ ဤသတင်းကို ကြားရသည်နှင့် အရှင်ရဋ္ဌပါလ ရှိရာသို့ အဆောတလျင် လာခဲ့၏။ တူအရွယ် သားအရွယ် အရှင်မြတ်အား နှုတ်ဆက်စကား ဆို၍ ရိုသေစွာထိုင်ပြီး ဆင်တင် ကော်ဇောကြီးကို ဖြန့်ခင်းကာ–

"အရှင်ဘုရား၊ ဤနေရာမှာ ထိုင်တော်မူပါ'ဟု လျှောက်၏။

"ပြည့်စုံပြီ မင်းကြီး။ သင်မင်းကြီးသာ ထိုင်ပါတော့"

ကိုယ့်နေရာနှင့်ကိုယ် ရှိနေပြီဖြစ်သော အရှင်ရဋ္ဌပါလက ကောရဗျမင်းကြီး၏ ဖိတ်ကြားချက်ကို ငြင်းပယ်လိုက်၏။ သစ်ရွက်ခြောက် မြက်ခြောက်များကို ညီညာစွာ စုပုံထားခြင်းဖြင့် ရဟန်းတိုင်းအဖို့ သွားလေရာ ထိုင်စရာအခင်းရှိပြီး ဖြစ်ပေသည်။

ကောရဗျမင်းကြီးသည် မိမိ ခင်းပေးထားသော ဆင်တင် ကော်ဇောကြီးပေါ်မှာ မိမိဘာသာ ထိုင်လျက်

"အရှင်ဘုရား၊ အိုခြင်း၊ နာခြင်း၊ ပစ္စည်းဥစ္စာဆုံးပါးခြင်း၊ ဆွေမျိုးဉာတကာ ပျက်စီးခြင်းဟူ၍ ဤလေးမျိုးသော ဆုတ်ယုတ်ခြင်းတို့ကြောင့်၊ လူများစွာတို့

http://www.dhammadownload.com

ရဟန်းပြုခဲ့ကြပါသည်။ အရှင်ဘုရားမှာမူကား အရွယ်အားဖြင့်လည်း နုပျိုပါသေး၏။ အနာဂင်းစွာ ကျန်းမာလျက်ရှိပါသေး၏။ ပစ္စည်းဥစ္စာ ဆုံးပါးခြင်းလည်း မရှိပါ။ ဆွေမျိုးဥာတကာ ပျက်စီးခြင်းလည်း မရှိပါ။ ဤသို့ အဘက်ဘက်က ပြည့်စုံနေပါလျက် အရှင်ရဋ္ဌပါလသည်မည်သို့သော တရားသဘောကို ရှုမြင်သုံးသပ်၍ ရဟန်းပြုတော် မူခဲ့ပါသနည်း"

"မင်းကြီး၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်သည် တရားလေးပုဒ်ကို ဟောကြားတော်မူခဲ့ပါသည်။ တရားလေးပုဒ်၏ အကျဉ်းချုပ်မှာ ဤသို့ ဖြစ်ပါသည်။

"လူ့ဘောင်လောကသည် အိုဘက် သေဘက်သို့သာ တစ်ရက်ပြီး တစ်ရက် ချဉ်းကပ်၍ လာ၏။ မြဲမြံခိုင်မာသော သဘောမရှိ။

"လူ့ဘောင်လောကသည် ဘေးရန်လုံရန် စောင့်ရှောက်နိုင်စွမ်း မရှိ။ စိတ်အလိုက္ခ စေစားနိုင်သော သဘောမရှိ။

"လူ့ဘောင်လောကသည် ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိ။ သေလျှင် အားလုံး ပစ်ထားခဲ့ကြရမည်သာ ဖြစ်၏။

"လူ့ဘောင်လောကသည် အမြဲတမ်း လိုနေလျက်သာ ရှိ၏။ မြင်းမိုရ်တောင်လောက် ပုံပေးသော်လည်း ရောင့်ရဲနိုင်ခြင်း မရှိ။ တဏှာ၏ ကျေးကျွန်သာ ဖြစ်၏။

"ဤသို့သော တရားလေးပုဒ်ကိုရှုမြင်သဖြင့် အသက်အရွယ်ငယ်စဉ်အခိုက်မှာပင် ရဟန်းဘောင်သို့ ဝင်လာခဲ့ပါသည်"

တရားလေးပုဒ်ကို အကျဉ်းချုပ်၍ ဟောကြားပြီးလျှင် အရှင်ရဋ္ဌပါလကလောကဥပမာ အဖြာဖြာဖြင့် အကျယ်ဖွင့်၍ ပြပေသည်။

ထုလ္လကောဋ္ဌိရွာအနီး ဥယျာဉ်တော်အတွင်းမှာတုန်းကကဲ့သို့ပင် ကျွန်ုပ်တို့၏ ဓမ္မသဘင်မှာလည်း သာဓုသံတည်ည ပေးကြပါပေသည်။

(မရွိမနိကာယ် ရဋ္ဌပါလသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

\+ \+ \+

အာဇာနည် အရှင်ပုဏ္ဏ

ကျွန်ုပ်တို့ မဇ္ဈိမဒေသ၌ အစဉ်အလာပြောကြားလာခဲ့ကြသော စကားတစ်ခုရှိ၏။ ဂင်္ဂါမြစ်၏ မြောက်ဘက်သားများသည် လိမ္မာယဉ်ကျေးကြ၏။ ဒါန သီလ စသည်ပေါင်းစု မြတ်ကောင်းမှုကို ပြုကြ၏။ တောင်ဘက်သားတို့ကား သူတို့၏ ဆန့်ကျင်ဘက်ဟု ဆိုကြပေသည်။

http://www.dhammadownload.com

ပူရဏကဿပ ဆရာကြီးသည် ဤအစဉ်အလာစကားကို အခြေခံပြုကာ မှတ်သားလောက်သော ဩဝါဒတစ်ခုကို တီထွင်၍ ထား၏။ သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲမိသော သူသည် ထိုအကုသိုလ်ပျောက်ရေးအတွက် အထူးတလည် ကြောင့်ကြနေရန်မလို။ ဂင်္ဂါမြစ်၏ တောင်ဘက်သို့ ကူးလိုက်လျှင်ပင် ထိုအကုသိုလ်ကံမှ ကွင်းလုံးကျွတ်လွတ်၏ ဟူသတည်း။

မည်သည့် အရပ်ဒေသမဆို လူဆိုးရော လူကောင်းပါ ရှိစမြဲဖြစ်သော်လည်း ထိုတောင်ဘက်မှာတော့ ရိုင်းစိုင်းသူတို့ဘက်ကတော်တော်ပင် အားကောင်းနေပါသည်။ ထို့ကြောင့် ပူရဏကဿပ ဆရာကြီးက အခြေအနေနှင့် လိုက်လျောသော ဩဝါဒကို ထွင်ထားခဲ့ခြင်း ဖြစ်ပါ၏။

(သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ် ပါဠိတော်နှင့် အဌကထာ)

မည်မျှပင် ရိုင်းစိုင်းသော စရိုက်ကြမ်းတမ်းသော အရပ်ပင် ဖြစ်ပါစေ၊ ထိုဒေသမှာ ဖွားမြင်သူများကတော့ မိမိတို့ဇာတိနယ်မြေကို ခင်တွယ်ကြသည်သာ။ ဤသို့ ခင်တွယ်ကြသည့်အထဲ၌ ကျွန်ုပ်၏ တရားပြဆရာနှင့် နာမည်တူအရှင်ပုဏ္ဏ မထေရ်လည်း အပါအဝင် ဖြစ်ပေသည်။

ဇေတဝန်ကျောင်းတော်ကြီးတွင် ကျွန်ုပ်တို့နှင့်အတူ မကြောင့်မကြ၊ မတောင့်မတ နေရသော်လည်း အရှင်ပုဏ္ဏ မပျော်မွေ့ပါ။ သူ၏ ဇာတိရပ်ရွာကိုသာ တမ်းတနေ၏။ ဂင်္ဂါမြစ်၏ တောင်ဘက်နယ် အပါအဝင် သုနာပရန္တ တိုင်းသို့သာ ပြန်ချင်နေ၏။ ဘုရားရှင်ထံမှ တရားတစ်ပုဒ် လက်ဆုပ်လက်ကိုင် မရသေး၍သာ သူကြိတ်မှိတ်၍ နေရ၏။ လက်ဆုပ်လက်ကိုင် တရားတစ်ပုဒ်ရသည်နှင့် ဇာတိရပ်ဌာန် ပြန်နိုင်မည့်အရေးကိုသာ သူတွေးတော၍ နေ၏။

ထိုနေ့မှာတော့ အရှင်ပုဏ္ဏ ဆုတောင်းပြည့်မည့်နေ့ပင် ဖြစ်ပါ၏။ နေ့လယ်နေ့ခင်း ကျိန်းစက်အပြီးတွင် ဂန္ဓကုဋီတိုက်အတွင်းသို့ ဝင်၍ ဘုရားရှင်ကိုဖူးမြော်ခွင့်ရခဲ့၏။ ရရှိသည့်အခွင့်အရေးကို အရှင်ပုဏ္ဏက လက်မလွှတ်တမ်း ဖမ်းဆုပ်လိုက်ပေသည်။

"တောင်းပန်ပါသည် အရှင်ဘုရား။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် တရားတစ်ပုဒ်ကို အကျဉ်းချုပ်၍ ဟောကြားတော်မူပါ ဘုရား"

အရှင်ပုဏ္ဏ၏ တောင်းပန်ချက်အရ ဘုရားရှင်က သစ္စာလေးပါး တရားအချုပ်ကို ဟောတော်မူလိုက်ပေသည်။

"ပုဏ္ဏ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် စိတ်ဖြင့် ကြံစည်အပ်သော အထွေထွေအာရုံများကို သာယာစရာ နှစ်သက်စရာ အဖြစ်ဖြင့် တွေးတော ကြံစည်သောသူအား သာယာနှစ်သက်ခြင်း ဖြစ်ပေါ်လာ၏။ ပုဏ္ဏ၊ သာယာနှစ်သက်ခြင်း ဖြစ်လာလျှင် ဆင်းရဲဒုက္ခဖြစ်ပေါ်၏ဟု ငါဘုရား ဟောကြား၏။

http://www.dhammadownload.com

"ပုဏ္ဏ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် စိတ်ဖြင့်ကြံစည်အပ်သော အထွေထွေအာရုံများကို သာယာစရာ၊ နှစ်သက်စရာ အဖြစ်ဖြင့် မတွေးတော မကြံစည်သောသူအား သာယာနှစ်သက်ခြင်းသည် ချုပ်၏။ ပုဏ္ဏ၊ သာယာနှစ်သက်ခြင်း ချုပ်လျှင် ဆင်းရဲဒုက္ခ ချုပ်၏ဟု ငါဘုရား ဟောကြား၏"

သစ္စာလေးပါး တရားအကျဉ်းချုပ်ကို ဤသို့ ဟောကြားတော်မူပြီးနောက် ဘုရားရှင်က ဆက်လက်၍

"ပုဏ္ဏ၊ ငါဘုရားထံမှ ဤအကျဉ်းချုပ် ဩဝါဒတရားကို နာကြားပြီးနောက် ဘယ်ဓနုပဒါမှာသွား၍ နေမည်နည်း"

ဓာတိရပ်ရွာကို ခင်တွယ်သော စိတ်သဘောထားကို သိထားပြီးသဖြင့် မေးတော်မူလိုက်ရာ–

"သုနာပရန္တ အမည်ရှိသော ဓနုပဒါသို့သွား၍ နေပါမည် ဘုရား"

"ပုဏ္ဏ၊ သုနာပရန္တ ဓနုပဒါသားတို့သည် ရိုင်းစိုင်းကုန်၏။ စရိုက်ကြမ်းကုန်၏။ အကယ်၍ သုနာပရန္တ ဓနုပဒါသားတို့က သင့်ကို ဆဲရေးကြ၊ ရေရွတ်ကြလျှင် သင်မည်သို့ သဘောထားမည်နည်း"

"အရှင်ဘုရား၊ အကယ်၍ သုနာပရန္တ ဓနုပဒါသားတို့က တပည့်တော်ကို ဆဲရေးကြ၊ ရေရွတ်ကြလျှင် 'ဩော်.... ဤသုနာပရန္တ ဓနုပဒါသားတို့သည် တော်ကြပေစွ။ ဩော်.... သုနာပရန္တ ဓနုပဒါသားတို့သည် အလွန်တော်ကြပေစွ။ သူတို့သည် ငါ့ကို လက်နှင့် မရိုက်ကြသေးပါကလား'ဟု သဘောထားပါမည် ဘုရား"

"ပုဏ္ဏ၊ အကယ်၍ သုနာပရန္တ ဓနုပဒါသားတို့က လက်နှင့်ရိုက်တော့ကော"

"အရှင်ဘုရား၊ ဤအခါတွင်လည်း 'ဩော်.... ဤသုနာပရန္တ ဓနုပဒါသားတို့သည် ငါ့ကို ခဲနှင့်မပေါက်ကြသေးပါကလား'ဟု သဘောထားပါမည် ဘုရား"

"ပုဏ္ဏ၊ အကယ်၍ ခဲနှင့်ပေါက်တော့ကော"

"အရှင်ဘုရား၊ ဤအခါတွင်လည်း 'ဩော်.... ဤသုနာပရန္တ ဓနုပဒါသားတို့သည် ငါ့ကို တုတ်နှင့် မရိုက်ကြသေးပါကလား'ဟု သဘောထားပါမည် ဘုရား"

"ပုဏ္ဏ၊ အကယ်၍ တုတ်နှင့်ရိုက်တော့ကော"

"အရှင်ဘုရား၊ ဤအခါတွင်လည်း 'ဩော်.... ဤသုနာပရန္တ ဓနုပဒါသားတို့သည် ငါ့ကို ဓားနှင့်မခုတ်ကြသေးပါကလား'ဟု သဘောထားပါမည် ဘုရား"

"ပုဏ္ဏ၊ အကယ်၍ ဓားနှင့် ခုတ်တော့ကော"

"အရှင်ဘုရား၊ ဤအခါတွင်လည်း 'ဩော်.... ဤသုနာပရန္တ ဓနုပဒါသားတို့သည် ဓားထက်ထက်နှင့် ငါ့အသက်ကို အသေမသတ်ကြသေးပါကလား'ဟု သဘောထားပါမည် ဘုရား"

http://www.dhammadownload.com

"ပုဏ္ဏ၊ အကယ်၍ ဓားထက်ထက်နှင့် အသေသတ်တော့ကော"

"အရှင်ဘုရား၊ ဤအခါတွင်လည်း 'ဘုရားရှင်၏ တပည့်သားအချို့သည် ကိုယ်နှင့် အသက်ကို စက်ဆုပ် ရွံရှာကြသဖြင့် မိမိတို့ကိုယ်တိုင် ဓားဖြင့် အဆုံးစီရင်ကြကုန်၏။ ငါ့မှာတော့ ကိုယ်တိုင် မစီရင်ရပါကလား' ဟု သဘောထားပါမည် ဘုရား"

အရှင်ပုဏ္ဏ၏ အာဇာနည်စိတ်ဓာတ်ကို ဘုရားရှင်က သာဓုခေါ်တော်မူကာ သုနာပရန္တ ဧနပုဒ်သို့ သွားခွင့်ပြုတော်မူလိုက်ပေသည်။

အာဇာနည် အရှင်ပုဏ္ဏသည် ဓာတိရုပ်ရှာရောက်ပြီးနောက် တစ်ထောင်မျှသော ဒါယကာ ဒါယိကာမများကို ကျွတ်တမ်းဝင်စေပြီးလျှင် ထိုဝါတွင်းမှာပင် ပရိနိဗ္ဗာန်ပြုသည်ဟု ကြားသိရပေသည်။

(သဋ္ဌာယတနသံယုတ်၊ ပုဏ္ဏသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

\+ \+ \+

အရှင်တိဿနှင့် ပတ္တမြားခိုးမှု

ကျွန်ုပ်တို့ တစ်တွေမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် နေ့စဉ်နှင့်အမျှ ဆိုသလို ဆွမ်းခံထွက်ရ၏။ တိဿအမည်ရသော မထေရ်တစ်ပါးမှကား ကျွန်ုပ်တို့လို ဆွမ်းခံထွက်စရာ မလိုပါ။ ကျောက်သွေးသမား ဓနိုးမောင်နှံက သူ့ကို ဖခင်အရာထားကာ နေ့စဉ်နှင့်အမျှ ဆွမ်းကပ်ခဲ့ကြပေသည်။ ယခုဆိုလျှင် တစ်ဆယ့်နှစ်နှစ်ပင် ပြည့်ခါနီးခဲ့ပေပြီ။

ဤလို ဆွမ်းခံမထွက်ရဘဲ 'သက်သောင့်သက်သာ စားသောက်ရသဖြင့် သူ့ကို ကံကောင်းလေစွဟု အချို့ရဟန်းများက အားကျကြ၏။ သူ့လို နေ့စဉ် ဆွမ်းဒါယကာ တစ်ယောက်ယောက် ပေါ်လာလေမလားဟု မျှော်တလင့်လင့် ရှိနေကြ၏။ သို့သော် ထိုတစ်နေ့က အဖြစ်ကို ကြားသိရချိန်မှာကား ကျွန်ုပ်တို့အားလုံး သတိသံဝေဂ ရမိကြပေသည်။

ထိုနေ့နံနက်တွင် အရှင်တိဿမထေရ်သည် နေ့စဉ် ကြွနေကျအတိုင်းပင် ဆွမ်းဒါယကာအိမ်သို့ ကြွသွား၏။ ဆွမ်းအမက အရန်သင့် ပြင်ဆင်ပြီးသော ဆွမ်းများကို လက်တော်ရောက် ဆက်ကပ်၏။ ကျောက်သွေးသမားက အမဲသားကို ချက်ပြုတ်ရန်ခုတ်ထစ်နေဆဲဖြစ်၏။ ထိုစဉ်အခိုက်မှာပင် ပဿေနဒိ ကောသလမင်းကြီး၏ နန်းတော်မှ ပတ္တမြားတစ်လုံးကို အလုပ်အပ်လာ၏။ ပတ္တမြားကို အရောင်အသွေးတောက်ပလာအောင် သွေး၍ ကြိုးတပ်စရာ အပေါက်ဖောက်ပေးရန် ဖြစ်ပေသည်။

http://www.dhammadownload.com

ကျောက်သွေးသမားသည် မင်းချင်းထံမှ ပတ္တမြားကို သွေးစွန်းသော လက်များဖြင့် ခံယူကာ အနားက သေတ္တာပေါ်မှာ တင်ထားလိုက်ပြီးလျှင် ခုတ်လက်စ အမဲသားများကို အပြီးအစီး ခုတ်ထစ်ကာ ဟင်းအိုးပြင်ဆင်၏။ ထို့နောက် လက်ဆေးရန် ထွက်ခွာခဲ့၏။ ရေအိုးက ပြန်လာချိန်မှာကား ကောသလ မင်းကြီး၏ အဖိုးတန် ပတ္တမြား မရှိတော့ပြီ။

အိမ်ထဲမှာ သေသေချာချာကြည့်လိုက်တော့ သူနှင့် အရှင်တိဿတို့ကလွဲ၍ မည်သူမျှ မရှိပေ။ ဓနိုးသည်လည်း ထိုခဏ၌ ကိစ္စတစ်ခုနှင့် တခြားအိမ် ထွက်သွား၏။ ပတ္တမြားလာပို့သော မင်းချင်းလည်း ပို့ပြီးပြီးချင်း ထွက်ခွာသွား၏။ သူတို့နှစ်ဦးကလွဲ၍ သက်ရှိသတ္တဝါဆို၍ အိမ်မှာ အလှမွေးထားသော ကြိုးကြာ တစ်ကောင်သာ ရှိပေသည်။ စဉ်းတိတုံးက အမဲသား အစအနများနှင့် သွေးစများကို ခြစ်ခြွတ် စားသောက်၍ နေပေသည်။

ကျောက်သွေးသမား၏ နှုတ်ပြင်၌ ဖောရွေးများသီးလာကြ၏။ ကောသလ မင်းကြီး ကိုယ်တော်တိုင်က ယုံမှတ်၍ အပ်နှံလာသော သည်ပတ္တမြားရတနာသည် ပျောက်ချင်းမလှ ပျောက်ခဲ့ရပေပြီ။ သည်အတွက် မည်သို့သော မင်းပြစ်မင်းဒဏ်များ သင့်လာချေမည်နည်း။ ဒဏ်မတပ်ဘဲ အလျော်ပေးရလျှင်လည်း တစ်သက်လုံး ကျွန်ခံ၍ ပေးဆပ်သော်မှ ကျေလိမ့်မည် မဟုတ်ပေ။

ဘယ်ဘက်ကမျှ သက်သာလမ်းမမြင်သော ကျောက်သွေးသမားသည် ဆွမ်းဘုဉ်းပေးပြီးစ အရှင်တိဿဆီသို့ လှမ်းကြည့်လိုက်၏။ တစ်ဆယ့်နှစ်နှစ် တိုင်တိုင် ဖခင်အရာထား၍ ကိုးကွယ်လာခဲ့သော ပုဂ္ဂိုလ်ကြီး၊ မိမိတို့အား မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်သည့် ဆရာကြီး။ သည်လိုပုဂ္ဂိုလ်မျိုးက သည်လိုအမှုမျိုးကိုတော့ မပြုတန်ရာဟု သူဝေဖန်ကြည့်မိ၏။ သို့ဖြစ်လျှင် ပတ္တမြားက ဘယ်ရောက်သွားသနည်း။

တစ်ဖက်တွင် လေးစားစိတ်၊ ကြည်ညိုစိတ်။ အခြားတစ်ဖက်တွင်မူ သောကဗျာပါဒ။ ကောင်းစိတ်နှင့် မကောင်းစိတ်တို့ အပြန်အလှန် ဆွဲနေသည်ကို အရှင်တိဿကား မသိရှာ။

"အရှင်ဘုရား၊ ပတ္တမြားကို ယူမိပါသလား"

အကျဉ်းအကျပ်ကျလာတော့လည်း မတတ်နိုင်ချေပြီ။ တစ်လျှောက်လုံးက လေးစားစွာ ကိုးကွယ်လာခဲ့သော ပုဂ္ဂိုလ်ကြီးကိုပင် ပြောင်ဖွင့်၍ မေးရတော့သည်။

"ဒါယကာ၊ ပတ္တမြားကို ငါ မယူပါ"

အရှင်တိဿကလည်း တိုတိုတုတ်တုတ်သာ ဖြေလိုက်၏။

"အရှင်ဘုရား၊ သည်အိမ်ထဲမှာ တပည့်တော်မှ လွဲ၍ အရှင်ဘုရား တစ်ပါးသာ ရှိပါသည်။ ယူခြင်းယူလျှင် အရှင်ဘုရားသာ ယူနိုင်ပါသည်။ တပည့်တော်ကို ပတ္တမြား ပြန်ပေးပါ ဘုရား"

http://www.dhammadownload.com

"ဒါယကာ၊ ပတ္တမြားကို ငါ မယူပါ"

"ပတ္တမြားကို သင်မယူလျှင် မည်သူလာယူမည်နည်း"

သောကမှ ဒေါသသို့ ကူးလာပြီ ဖြစ်၏။ ကောင်းစိတ်များ အပေါ်ဝယ် မကောင်းစိတ်များ ဖိစီးလာကြပြီ ဖြစ်၏။

"ကဲ.... သည်လောက် ဖုံးကွယ်နေလျှင် မဖုံးနိုင် မကွယ်နိုင်အောင် မေးရပေတော့မည်"

ငြိမ်သက်လှသော ကျွန်ုပ်ဖြင့် ထိုင်မြဲထိုင်လျက်သာရှိသော မထေရ်ကြီးအား အကြမ်းပတမ်းဆွဲကာ ကြိုးကောင်းကောင်းဖြင့် အိမ်တိုင်မှာ ချည်နှောင်လိုက်၏။ တခြားအိမ်မှ ပြန်လာသော ဇနီးသည်က တားသော်လည်း မရနိုင်တော့ပြီ။

"ကဲ.... ပတ္တမြားကို ပေးမည်လော။ ဟောသည်တုတ်နှင့် အရိုက်ခံမည်လော"

မာကျောလှသော တုတ်ကိုပြ၍ မေး၏။

"ဒါယကာ၊ ပတ္တမြားကို ငါ မယူပါ"

အရှင်တိဿကတော့ ယခင်အတိုင်းပင် ဖြေကြား၏။ မကြားချင်သော ဖြေကြားချက်ကို တစ်ခါထပ်ပြီး ကြားရသည်နှင့်တစ်ပြိုင်နက် ကျောက်သွေးသမား၏ လက်ထဲက တုတ်သည် အရှင်တိဿ၏ ဦးခေါင်းပေါ်သို့ ကျလာပေတော့သည်။ အရှင်တိဿ၏ ဦးခေါင်းမှ သွေးဖြိုင်ဖြိုင် ယိုစီးလာတော့သည်။

အမဲသား အစအနများကို ကောက်စားနေသော ကြိုးကြာသည် အရှင်တိဿထံမှ သွေးများကို လာ၍ သောက်၏။ ဤတွင် ဒေါသဖြင့် မွန်ထူနေသော ကျောက်သွေးသမားက 'သည်သတ္တဝါ လာရှုပ်ရန်ကော' ဟု ခြေနှင့်တအားကုန် ခတ်လိုက်၏။ ကြိုးကြာသည် ထိုနေရာမှာပင် သေလေသည်။

"ဒါယကာ ကြိုးကြာကို သေသေချာချာကြည့်ဦးလေ"

ဒဏ်ချက်ပေါင်းများစွာဖြင့် မူးချင်မေ့ချင်ဖြစ်နေသော အရှင်တိဿက သူ့ဆွမ်းဒါယကာကို အားယူ၍ တောင်းပန်၏။ ကျောက်သွေးသမားသည် ကြိုးကြာကို သေသေချာချာကြည့်ကာ–

"ရဟန်းကြီး၊ သည်ကြိုးကြာသေသကဲ့သို့ သင်လည်း သေရလိမ့်မည်"

"ငါ့ကိစ္စကို အသာထားပါ။ ကြိုးကြာ၏ စလုတ်ကိုသာ ခွဲ၍ ကြည့်ပါဘိ"

အရှင်တိဿက မိန့်ကြားသည့်အတိုင်း ကြိုးကြာ၏ စလုတ်ကိုခွဲကြည့်ရာတွင် ပျောက်သွားသော ပတ္တမြားကို တွေ့ရပါတော့၏။ သွေးလူးသောလက်ဖြင့် ကိုင်တွယ်ထားသော ပတ္တမြားကို သားတစ်အမှတ်ဖြင့် ကြိုးကြာမျိုထားခြင်းပင်တည်း။

ဤအဖြစ်မှန်ကို အရှင်တိဿက သေသေချာချာမြင်လိုက်ပါ၏။ သို့သော် ထုတ်ဖော်ပြောကြား၍ကား မဖြစ်နိုင်။ ပြောကြားလိုက်သည်နှင့် တစ်ပြိုင်နက် သည်ကြိုးကြာ အသတ်ခံရမည် ဖြစ်၏။ ယခုတော့ သေပြီးတူတူ မထူးတော့၍ ဖွင့်ပြောလိုက်ရပေတော့သည်။

http://www.dhammadownload.com

မိမိအသက်အတွက် သူတစ်ပါးအသက်သေမည့်ဘေးကို ရှောင်ရှားတော်မူခဲ့သော မတေရိမြတ်ကြီးအား ကျောက်သွေးသမားက ဝန်ချတောင်းပန်ပါ၏။ မထေရ်မြတ်ကြီးကလည်း ခွင့်လွှတ်ပါ၏။ သို့သော် ခါတိုင်းလို ဆွမ်းစားကား မကြွတော့ပါပြီ။

"ရဟန်းများအား တစ်ဖွန်း တစ်ယောက်မ လောင်းလှူရန် အိမ်တိုင်းမှာ ဆွမ်းများချက်ပါသည်။ ငါ့မှာ သွားနိုင်လာနိုင် ရှိနေသေးသမျှ ဆွမ်းခံ၍သာ စားတော့အံ့သတည်း"

ဤသို့ပြောဆိုကာ ဒါယကာအိမ်မှ ထွက်ခဲ့၏။ ရဟန္တာဖြစ်သော တိဿ မထေရ်သည် ထိုဒဏ်ရာများဖြင့်ပင် မကြာမီ ပရိနိဗ္ဗာန်ပြုရပေသည်။

အထင်လွဲ၍ အစွပ်စွဲခံရသော မထေရ်ကြီးအတွက် သံဝေဂဖြစ်ကြရသည်နှင့် အမျှ ခိုင်မာတည့်မတ်လှသော သူ၏ စိတ်ဓာတ်ကို ကျွန်ုပ်တို့ အလေးဂရုပြုလိုက်ကြရပါသတည်း။

(ဓမ္မပဒ ပါဠိဝဂ်၊ မဏိကာရကုလူပက တိဿထေရ်ဝတ္ထု)

***

http://www.dhammadownload.com

ရတနာစစ် ရတနာမှန်

ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံ၍ ထားပြီးပြီ ဖြစ်သော်လည်း ဘုရားရှင်သည် တစ်နေရာတည်း၌ အစွဲအမြဲ သီတင်းသုံးခြင်း မပြုသေးပါ။ သာသနာ့အဖွဲ့အစည်းကြီး စတင်ဖွဲ့စည်းစဉ်က ထုတ်ပြန်တော်မူခဲ့သော သာသနာပြု မိန့်ခွန်းတော်ကြီးအတိုင်းပင် ကိုယ်တော်တိုင်လည်း သာသနာပြုခရီးများကို မငြီးတမ်း ကြွချီ၍ နေပေသည်။

ဘုရားရှင်ကြွတော်မူရာ သာသနာ့နယ်မြေများထဲ၌ ဝေသာလီမြို့တော်လည်း အပါအဝင်ဖြစ်ပေသည်။ ဝေသာလီ၏ အာဏာစိုးပိုင်ရာ ဝဇ္ဇီတိုင်းသည် မဂဓ၊ ကောသလတိုင်း နိုင်ငံကြီးများအနီးရှိ တိုင်းငယ် ပြည်ငယ်ကလေးမျှသာ ဖြစ်၏။ သို့သော်လည်း တိုင်းပြည်ကလေးကို နိုင်ငံကြီးများက ချိုးနှိမ်၍ မရပါ။ တိုင်းပြည်၏ အချုပ်အခြာ အာဏာကို စုပေါင်းပိုင်ဆိုင်လာခဲ့ကြသော လိစ္ဆဝီအမျိုးသားများက အညီအညွတ် လက်တွဲ၍ သူတို့နိုင်ငံကို ကာကွယ်ထားနိုင်ကြပေသည်။

၁။ လိစ္ဆဝီ အမျိုးသားတို့သည် နိုင်ငံတော်အာဏာကို စုပေါင်းပိုင်ဆိုင်ကြသည့် အတိုင်း နိုင်ငံတော်နှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများအတွက် မကြာခဏ စည်းဝေးကြကုန်၏။

၂။ လိစ္ဆဝီတို့သည် အစည်းအဝေးများကို တညီတညွတ်ပြုလုပ်ကာ အစည်းအဝေးက ချမှတ်ပေးလိုက်သော လုပ်ငန်းများကို ညီညာဖြဖြဆောင်ရွက်ကြကုန်၏။

၃။ လိစ္ဆဝီတို့သည် ရှေးက မပြုလုပ်ခဲ့သေးသော အခွန်ကောက်ခြင်း၊ ဒဏ်ပေးခြင်းများကို မပြုလုပ်ကြပေ။ အမှုအခင်း တစ်ခုခု ပေါ်ပေါက်လာလျှင် ရှေးသူဟောင်းတို့၏ ထုံးတမ်းစဉ်လာ ဥပဒေအရသာ ဆုံးဖြတ် စီရင်ကြကုန်၏။

၄။ လိစ္ဆဝီတို့သည် လူကြီးသူမများကို လေးမြတ်ကြည်ညိုရိုသေကြကုန်၏။ လူကြီးသူမများ၏ စကားကို နာခံကြကုန်၏။

http://www.dhammadownload.com

၅။ လိစ္ဆဝီတို့သည် အမျိုးသမီးများကို နိုင်ထက်ကလူသိမ်းယူခြင်း မပြုကြကုန်။

၆။ လိစ္ဆဝီတို့သည် လူများစွာတို့ ကိုးကွယ်ဆည်းကပ်နေသော ဘာသာရေး အဆောက်အအုံများကို ရိုသေစွာ စောင့်ရှောက်ပေးကြကုန်၏။

၇။ လိစ္ဆဝီတို့သည် မိမိနိုင်ငံသို့ရောက်လာကြသော သာသနာပြု သူတော်စင်များကို ဝမ်းမြောက်စွာ ကြိုဆိုကြကုန်၏။ ရောက်နှင့်ပြီးသော သူတော်စင်များကိုလည်း တရားဥပဒေနှင့် လျော်ညီသော အစောင့်အရှောက်ကို ပေးကြကုန်၏။

ဝေသာလီသို့ရောက်ခိုက် ကျွန်ုပ် လေ့လာသုံးသပ်မိသမျှ လိစ္ဆဝီတို့၏ အလေ့အလာများပင် ဖြစ်ပါ၏။ ဤလို အလေ့အလာများဖြင့် ညီညာဖြဖြ ဆောင်ရွက်လာကြသူများသည် ပတ်ဝန်းကျင်နိုင်ငံကြီးများ၏ ကျူးကျော်ရန်စမှုကို မခံရစေရန် ကာကွယ်နိုင်ကြသည်မှာ ယုတ္တိတန်လှပါပေသည်။

(ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

နိုင်ငံနယ်ပယ် မကျယ်ဝန်းလှသော်လည်း သူတို့၏ မြို့တော်ကား ကြီးကျယ်လှပါ၏။ ခမ်းနားလှပါ၏။ မြို့တော်အမည် ဝေသာလီဟူသည်ကပင် ပြန့်ပြောသော၊ ကျယ်ဝန်းသော မြို့တော်ကြီးဟု အဓိပ္ပာယ်ရပေသည်။ လူနေအိမ်ခြေများ တစ်စ တစ်စ များပြားလာသဖြင့် မူလ တံတိုင်းပြင်ဘက်တွင် မြို့ကွက်များ အသစ်တိုးချဲ့ရ၏။ မြို့ကွက်များကို တံတိုင်းခတ်ပြီးခါမှ မနေလောက်၍ နောက်ထပ်တစ်ဖန် ချဲ့ရပြန်၏။ ဤသို့ဖြင့် ဝေသာလီသည် တံတိုင်းသုံးဆင့်ဖြင့် ခမ်းနားသော မြို့ကြီး ဖြစ်လာပေသည်။

(ပါရာဓိကကဏ္ဍ အဋ္ဌကထာ၊ မနုဿဝိဂ္ဂဟသိက္ခာပုဒ်အဖွင့်)

ဝေသာလီတွင် အိမ်ခြေတိုက်တာ စည်ကားသကဲ့သို့ အယူဝါဒ၏ အမျိုးမျိုး ရှိသော ဂိုဏ်းဆရာကြီးများလည်း ပေါများလှ၏။ အနည်းနှင့်အများဆိုသလို ကိုယ်ပိုင် ပရိသတ်များလည်း ရှိကြ၏။ ထိုပရိသတ်များက သူတို့ဆရာကြီးများကို ဘုရားဟူ၍ အမွှန်းတင်ကြပေသည်။ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကား ထိုမြို့၏ မျက်နှာဖုံးကြီးပင် ဖြစ်ပါ၏။

ဤသို့အယူဝါဒအမျိုးမျိုး၊ ဘုရားအမျိုးမျိုးရှိသော မြို့တော်ကြီးသို့ ကျွန်ုပ်တို့ ရောက်လာရခြင်းမှာ လိစ္ဆဝီအမျိုးသား မဟာလိ၏ ပင့်လျှောက်ချက်ကြောင့် ဖြစ်ပေသည်။ မဟာလိသည် ကျွန်ုပ်တို့ ကျောင်းဒကာမင်းကြီး ဗိမ္ဗိသာရနှင့်အတူ တရားမြင်ခဲ့သူဖြစ်၏။ မိမိမြင်ထားသော တရားကို မိမိသားချင်းများထံ ပျံ့နှံ့စေလိုသည်မှာ သဘာဝအတိုင်းပင် ဖြစ်ပေသည်။

ဘုရားရှင်၏ အမိန့်တော်ဖြင့် ကျွန်ုပ်သည် ဝေသာလီမြို့တော်၏ တံတိုင်းသုံးထပ်အတွင်း၌ ရတနသုတ်တရားတော်ကို လှည့်လည်ဟောကြား၏။ အယူဝါဒ

http://www.dhammadownload.com

အမျိုးမျိုး ဘုရားအမျိုးမျိုးတို့ဖြင့် အုတ်အရောရော ကျောက်အရောရောဖြစ်နေသော မြို့တော်ကြီးတွင် ကျွန်ုပ်က ရတနာအစစ်အမှန်ကို ထုတ်ဖော်ပြလိုက်ရခြင်းပင်ဖြစ်ပေသည်။

(ခမ္မပဒ၊ ပကိဏ္ဏကဝဂ်၊ ကိုယ်တော်ဖြတ်၏ ရွေးကဲ့ ဝတ္ထု)

\+ \+ \+

ခမည်းတော်အား နှုတ်ဆက်ခြင်း

ဘုရားရှင်ကြွတော်မူလာကြောင်း သတင်းကောင်းကို ကြားရစဉ်တုန်းက မဟာပဇာပတိ ဂေါတမီသည် သူ့သားတော်ဘုရားကို အမျိုးမျိုး ပုံဖော်၍ ကြည့်နေခဲ့၏။ သားတော်သည် မင်းသားဘဝတုန်းက ပြုတိုင်းယင်၍ ဆင်တိုင်းလှခဲ့သည်၊ ယခု ရဟန်းဝတ်နှင့်ကျတော့ လှမှ လှပါဦးမည်လောဟု တွေးတောခဲ့မိ၏။

သို့နှင့် ဘုရားရှင်သည် ကပိလဝတ်မြို့တော်သို့ ဆိုက်ရောက်တော်မူခဲ့၏။ နိဂြောဓုယျာဉ်တွင် ကျိန်းစက်တော်မူပြီး နောက်တစ်နေ့နံနက်တွင် ကပိလဝတ်မြို့တော်တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏။ ထိုမှ ခမည်းတော်ကြီး ပင့်ဆောင်သဖြင့် နန်းတော်တွင်းသို့ ကြွဝင်တော်မူပေသည်။

သံဃာတော်အတန်းကြီးကို ဦးဆောင်ကာ မနှီင်းယှဉ်အပ်သော ဗုဒ္ဓ၏ အသရေတော်ဖြင့် ကြွရှိတော်မူလာသော သားတော်ဘုရားကို တွေ့ရခါမှ မယ်တော်ကြီး၏ သို့လော သို့လော တွေးတောမှုများ ပြေပျောက်၍ သွားပေသည်။ ဟိုယခင် လူ့အသွင်တုန်းက ချစ်စရာ၊ ခင်စရာ၊ ယခု ရဟန်းဝတ်နှင့်ကျတော့ ကြည်ညိုစရာ၊ လေးစားစရာ။

တဏှာရာဂ မာန်မာနတို့မဖက်၊ တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် နန်းပလ္လင်ထက်တွင် ထိုင်နေတော်မူသော သားတော်ဘုရားကို ဖူးမြော်ရင်း သင်္ကန်းတစ်စုံ လှူလိုက်ချင်သော စိတ်စေတနာများ တဖွားဖွား ဖြစ်ပေါ်ခဲ့၏။

သို့သော် သားတော်နန္ဒနှင့် မြေးတော် ရာဟုလာတို့ကို မရှေးမနှောင်း ဆွဲဆောင် သိမ်းသွင်းခဲ့လိုက်ရသော ကိစ္စကြောင့် အထမမြောက်ခဲ့ပါချေ။ ခမည်းတော်ကြီးကဲ့သို့ ဘုရားရှင်ထံ ကိုယ်တိုင်သွား၍ မလျှောက်ထားခဲ့သော်လည်း သူ့ရင်ထဲက ခံစားချက်မှာလည်း ခမည်းတော်အောက် မလျော့နိုင်ပါ။ နောက်ပြီး ဘုရားရှင်ကလည်း ကပိလဝတ်မှာ ကြာကြာမနေခဲ့ပါ။ သူလာစဉ်က ရည်ရွယ်ထားခဲ့သည့်အတိုင်း သားတော်နှင့် ညီတော်ကို အပါခေါ်ကာ ကြွသွားတော်မူခဲ့၏။ ထို့ကြောင့် ထိုစဉ်က အထမမြောက်နိုင်ခဲ့ပါ။

http://www.dhammadownload.com

ယခုအခေါက်မှာတော့ ရည်မှန်းရင်းရှိသော သက်နိုးအလှူကို လှူဖြစ်ပါတော့မည်။ သားတော်နန္ဒနှင့် မြေးတော် ရာဟုလာတို့အတွက် ခံစားရလေသမျှ သောကပရိဒေဝ ဝေဒနာများသည် ခံစားရစဉ်က ပြင်းထန်ခဲ့သည် မှန်ပါ၏။ သို့သော် သည်ဝေဒနာများကို ကြာရှည်သဖြင့်ခံစား၍မနေရပါ။ ကိုယ်တိုင်နို့တိုက်၍ ထွေးပိုက် မွေးမြူလာခဲ့ရသော သားတော်ဘုရားအပေါ် ချစ်ခင်ကြည်ညိုမှုတို့က ထိုဝေဒနာတို့ကို မကြာမီမှာပင် တိုက်ဆုတ်ပစ်လိုက်ကြပေသည်။

ခမည်းတော်နှင့် မယ်တော်ကြီးတို့က ကိုယ်ခံတရားကိုယ်စီနှင့် ဖြေသိမ့်၍ ရကြသော်လည်း ယသော်ဓယာမှာတော့ ထောက်ရာတည်ရာ မရနိုင်သေးပါ။ သူ၏ မေတ္တာစေတနာကို အသိအမှတ်ပြုတော်မူသောအားဖြင့် ရှင်တော်ဘုရားသည် သူ့တိုက်ခန်းဆောင်သို့ ကြွရောက်တော်မူခဲ့ပါ၏။ သည်အတွက် ဝမ်းနည်းကြေကွဲမျက်ရည်ရွဲရင်းက နှစ်သိမ့်ကြည်နူးသည့် ဝေဒနာကိုပါ ပူးတွဲလျက် ခံစားခဲ့ရပါ၏။ ယခုတော့ နှစ်သိမ့်မှု၊ ကြည်နူးမှုဆိုတာတွေ မရှိကြတော့ပြီ။ နောက်ဆုံး အားထားစရာ သားတော်လေး ရာဟုလာပါ မရှိကြတော့ပြီမို့ ဝမ်းနည်းကြေကွဲမှုတို့သာ ရှိရစ်ကြပေတော့သည်။

မောင်တော် သိဒ္ဓတ္ထ တောထွက်သွားစဉ်တုန်းက သားတော်လေး မျက်နှာကြည့်ကာ ဖြေသိမ့်၍ ရပါသေး၏။ ယခုတော့ သည်သားတော်ကလေးကို မပိုင်ရုံမက ဆိုင်ရုံမျှပင် မဆိုင်ရတော့ပြီ။ သည်တစ်ခေါက် ဘုရားရှင်ကြွအလာတွင် သားတော် ရာဟုလာ မပါလာပါ။ ဝေသာလီမြို့တော်အနီးက မဟာဝုန်တောတွင် သူ့ဘထွေးတော်နှင့်အတူ နေရစ်ခဲ့ပေသည်။ ဤသည်မှာ မိမိနှင့် တွေ့ပြီး သံယောဇဉ် အမျှင်တန်းလာမည် စိုး၍ သူ့ခမည်းတော်က တမင်ချန်ထားခဲ့ခြင်း ဖြစ်သည်ဟု ယသော်ဓယာက အတပ်စွဲ၏။ မင်္ဂလာဆောင်နေဆဲအခွဲခံလိုက်ရသော ဇနပဒ ကလျာဏီမှာလည်း သူ့မောင်တော်အကြောင်း မေး၍ မြန်း၍ မပြီးနိုင်ပါချေ။

ကျွန်ုပ်မှာ နှမသည်တို့၏ စကားများကိုနားထောင်ရင်း သနားကရုဏာဖြစ်ရ၏။ ထို့ထက်ပို၍ကား မတတ်နိုင်ပါ။ သူတို့၏ စိတ်သန္တာန်ဝယ် သောကပရိဒေဝမီးများက အရှိန်ကောင်းနေဆဲ။ ကျွန်ုပ်မှာလည်း ဟောရေး ပြောရေး မကျွမ်းကျင်လှသေးသဖြင့် ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ထံတွင် နည်းနာခံနေရဆဲ ဖြစ်၏။ သို့ဖြစ်၍ အေးရာ ငြိမ်းရာ တရားကို မဟောရဲသေးဘဲ မောင်နှမချင်းသဘောဖြင့် စိတ်သက်သာရုံသာ ပြောပြရပေသည်။ ဤသို့ ပြောရင်းက ကျွန်ုပ်တို့ မောင်နှမတစ်တွေ သာသနာ့ အေးရိပ်အောက်မှာ ဆုံလာရလျှင် ကောင်းလေစွဟု တောင့်တမိပါ၏။

http://www.dhammadownload.com

ဆွေတော်မျိုးတော်များထဲသို့ ကျွန်ုပ် မကြာခဏ ရောက်နေရခြင်းမှာ ဘုရားရှင်အတွက် ရက်နေဆဲ သက်နှံးအတွက် ဖြစ်ပေသည်။ သားတော်ဘုရား ဝတ်ရုံရန်အတွက် မဟာပဇာပတိဂေါတမီသည် အသင့်ရှိပြီးသား အထည်ချောများကို မလှူချင်ပေ။ ဤသို့လှူလျှင် အလွယ်တကူလုပ်ရာရောက်မည်ဟု တွက်ဆ၏။ ထို့ပြင်တစ်ဝ မိမိကိုယ်တိုင် ကျွေးမွေးသုတ်သင်၍ လာခဲ့ရသော သားတော်ဘုရားကို မိမိကိုယ်တိုင် ရက်လုပ်သော သက်နှံးဖြင့် ဆင်မြန်းပေးလိုက်ချင်သော ဆန္ဒလည်း ရှိနေပေသည်။

ဤသို့သော ဆန္ဒဖြင့် အမျိုးကောင်းဝါများကို ရွေးကာ ကိုယ်တိုင်ဝါကြိတ်၏။ ကိုင်တိုင် ဂွမ်းဖတ်၏။ သေးမျှင်ချောမွတ်သော ချည်များကို ကိုယ်တိုင်ငင်၍ ယူ၏။ ငင်၍ရလာသောချည်များကို အဆင့်ဆင့်ပြုပြင်ကာ ကိုယ်တိုင် ရက်ကန်းရက်ခဲ့၏။ မဟာလေ့ကားပန်းကဲ့သို့ ဝင်းဝါ ထိန်လျှမ်းသော သက်နှံးဖြစ်အောင် ဆေးဆိုးခဲ့၏။

သက်နှံးဖြစ်အောင် ရက်လုပ်စဉ်က တပင်တပန်း ရက်လုပ်လာသကဲ့သို့ သက်နှံးလှူလာချိန်မှာလည်း တခမ်းတနား ရှိပါ၏။ မြို့တော်တွင်းမှ နိဂြောဓရုံကျောင်းတော်သို့အရောက် လမ်းတစ်လျှောက်လုံး အမျိုက်တလင်း လဲ့ကျင်းထားကြရ၏။ လမ်းဘေးမှာ ရေပြည့်အိုးများ အစီအရီထားကြရ၏။ တံခွန်ကုက္ကား မုလေးပွားဖြင့်တန်ဆာဆင်ကြရ၏။ လမ်းတစ်လျှောက်လုံး ပန်းမျိုးစုံ၊ အရောင်မျိုးစုံတို့ဖြင့် ထုံထုံသင်း၍ နေတော့၏။

မယ်တော်ကြီးက ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်မြူးနေဆဲတွင် ခမည်းတော်ကြီးမှာတော့ ရာဖေလွင်ထက်မှာပင် ရှိနေပေသည်။ အသက်အရွယ် ရှစ်ဆယ်ကျော်ကိုးဆယ်တွင်းရောက်နေပြီမို့ ဇရာဒဏ်ချက်ကို ကောင်းကောင်းကြီး ခံနေရပေပြီ။ သို့သော် ဇရာတရားသည် သူ၏ ရုပ်ခန္ဓာကြီးကိုသာ နှိပ်စက်နိုင်၏။ စိတ်သန္တာန်ကိုကား နှိပ်စက်၍ မရတော့ပါ။

ခန္ဓာကိုယ်ကြီးက အိုလမ်းနာလမ်းများမှ တစ်ဆင့် သေလမ်းသို့ တန်းတန်းမတ်မတ် သွားနေဆဲတွင် သူ့စိတ်ကတော့ အို, နာ, သေ လွတ်မြောက်ရာ တရားကြီးကို မျက်မှောက်ပြုထားပြီးဖြစ်၏။ သားတော်ဘုရားနှင့် သံဃာတော်များအား ဆွမ်းကျွေးခြင်း ကိစ္စမှလွဲ၍ ကျန်သမျှ လူမှုကိစ္စအဝဝကို လျစ်လျူရှုကာ ကိုယ့်တရားနှင့် ကိုယ်သာ နေတော့၏။

ကျွန်ုပ် တစ်သက်တာတွင် အိုက်ကောင်းသော ပုဂ္ဂိုလ်အမျိုးမျိုးကို လေ့လာသုံးသပ်ခဲ့ဖူးပါ၏။ အိုက်ကောင်းသူ၏ မျက်နှာတွင် အသားအရေများ တစ်စတစ်စ

http://www.dhammadownload.com

လျော့ပါးသွားသော်လည်း မိမိဘဝကို ကျေနပ်နှစ်သိမ့်သော အရိပ်အယောင်များသည်ကား သေသည့်တိုင်အောင် ယုက်သန်း၍နေကြ၏။ ဝင်ခါနီးနေ၏ ဆည်းဆာရောင်များဟုပင် ဆိုရပေတော့သည်။

ကျွန်ုပ်တို့ ဘကြီးတော်မှာလည်း အိုက်ကောင်းသူတစ်ဦးပင် ဖြစ်ပေသည်။ ဓမ္မတာ သဘာဝအတိုင်း သူ့လမ်း သူသွားနေသော ရုပ်ခန္ဓာကြီးအတွက် စိတ်ပျက်ခြင်း ညည်းညူခြင်းဟူ၍ လုံးဝ မပြု။ သားတော်ဘုရား ပေးအပ်ထားသည့် နိဗ္ဗာန်တရားကိုသာ အချိန်ရှိသမျှ အာရုံပြု၍နေ၏။

အစည်းအဝေးခန်းမဆောင်ထဲသို့ ကျွန်ုပ် ဝင်သွားသောအခါ ဘကြီးတော်သည် ရာဖပလွင်ထက်မှာ ငြိမ်သက်စွာ ထိုင်နေတတ်၏။ တရားတော်ကို နှလုံးသွင်းလျက် လက်ငင်း လက်တွေ့ ချမ်းသာကို ခံစား၍ နေတတ်၏။ ဤတွင် ကျွန်ုပ်က သူ့ကို အနှောင့်အယှက်မပြုတော့ဘဲ လွတ်ရာ ကျွတ်ရာ လှည့်လာခဲ့ရပေသည်။

ယခု သူတို့ သားတော်ဘုရားအတွက် သင်္ကန်းလှူပွဲကြီး ကျင်းပကြရပါတော့မည်။ လှူစရာသင်္ကန်းနှင့် သွားစရာလမ်းတို့က အရန်သင့် ရှိနေကြပါပြီ။ သို့ဖြစ်လျှင် မည်သူတွေသွား၍ လှူကြရမည်နည်း။

ဖြစ်များ ဖြစ်နိုင်မည်ဆိုလျှင် မဟာပဇာပတိဂေါတမီသည် ခမည်းတော်ကြီးကိုပါ ခေါ်ခဲ့ချင်လှ၏။ သို့သော် သူကိုယ်တိုင် မခေါ်ရက်၊ မခေါ်ရဲသကဲ့သို့ ကျွန်ုပ်ကလည်း အနှောင့်အယှက် မပြုလိုပါ။ အချိန်နှင့်အမျှ ဓရာတရား၏ ထောင်းထု နှိပ်စက်မှုကို ခံနေရသော ဘကြီးတော်အား ရရှိထားသော ဘရားနှင့်သာ နေမြဲတိုင်း နေစေချင်ပါသည်။

ဤသို့ဖြင့် သာသနာ့သမိုင်းတွင် ဥဒါန်းတွင်ရစ်မည့် သင်္ကန်းလှူပွဲကြီး၌ အမျိုးသမီးများချည်းသာ ပါဝင်ရ၏။ ရှေ့ဆုံးက ပဇာပတိဂေါတမီသည် သင်္ကန်းသေတ္တာကို ရွက်လျက်။ သက္ကမင်းသမီးများနှင့် အခြွေအရံများက အဆင်တန်ဆာအပြည့်အစုံ ဆင်ယင်ကြလျက်။ မြို့သူမြို့သားအပေါင်းတို့၏ ကောင်းချီးညြှာကို ခံယူလျက် သူတို့တစ်တွေ ကျောင်းတော်သို့ ရောက်လာကြပေသည်။

သင်္ကန်းအစ်မကြီး ပဇာပတိ ဂေါတမီသည် သားတော်ဘုရားကို ရိုသေစွာ ရှိခိုးဦးချလျက်

"အရှင်ဘုရား၊ အရှင်ဘုရားကိုရည်စူး၍ ဤသင်္ကန်းအသစ်ကို တပည့်တော်မကိုယ်တိုင် ချည်ငင်ခဲ့ပါသည်။ တပည့်တော်မကိုယ်တိုင် ရက်ကန်းရက်ခဲ့ပါသည်။ တပည့်တော်မအား သနားသောအားဖြင့် အလှူခံတော်မူပါ ဘုရား"

ရက်ပေါင်းများစွာ ကြိုးစားပမ်းစား လုပ်ဆောင်လာခဲ့ရသော သင်္ကန်းကို လက်နှစ်ဘက်နှင့် မြှောက်ချီလိုက်၏။ မြှောက်ချီပြီးနောက် သားတော်ဘုရား၏

http://www.dhammadownload.com

လက်တော်ထက်သို့ အားပါးတရ ဆက်ကပ်လိုက်ရန် ဖြစ်၏။ သို့သော် ထိုလက်တော်များက အလှူခံရန် ဖြန့်၍ လှမ်းလာခြင်း မရှိပါ။ ဒုးနှစ်ဘက်ပေါ်တွင် ပိပိရိရိ မှောက်လျက် အနေအထားတိုင်းသာ ရှိနေကြ၏။

မဟာပဇာပတိဂေါတမီက ဇွဲကောင်းကောင်းဖြင့် မြွောက်ချီထားစဉ်တွင်–

"ဂေါတမီ၊ သံဃာကို လှူလေလော့၊ သံဃာကိုလှူလျှင် ငါ ဘုရားကိုလည်း လှူပြီးပင် ဖြစ်တော့သည်"

လူ့လောက မြေမဟီဝယ် အကြီးဆုံး၊ အမြတ်ဆုံး၊ အလှူခံပုဂ္ဂိုလ် ဖြစ်တော်မူသော ဘုရားရှင်က မိန့်မြွက်တော်မူလိုက်ပေသည်။

ဤမိန့်ခွန်းသံကိုကြားရသည်နှင့် သင်္ကန်းအစ်မ မယ်တော်ကြီးကို မဆိုထားနှင့်၊ ကျွန်ုပ် ကိုယ်တိုင်ပင် ခေါင်းနပန်းကြီးသွားရပါ၏။ မိန့်ခွန်းသံ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်သေး၍ မျက်နှာတော်ကိုသာ အငေးသားကြည့်လျက် ဤသို့ လျှောက်ထားရပါ၏။

"အရှင်ဘုရား၊ ဘုရားရှင်သည် မဟာပဇာပတိဂေါတမီ၏ သင်္ကန်း အသစ်ကို အလှူခံတော်မူပါ။ မဟာပဇာပတိ ဂေါတမီသည် အရှင်ဘုရားအပေါ် အလွန်ကျေးဇူးများခဲ့ပါသည်။ ပခုံးလက်နှစ်သစ်ကလွဲဖြစ်အောင် ကျွေးမွေးပြုစုလာခဲ့ပါသည်။ ကိုယ်တိုင်နို့ချို တိုက်ကျွေးခဲ့ပါသည်။

"အရှင်ဘုရား၊ မဟာပဇာပတိ ဂေါတမီသည် ဘုရားရှင်အပေါ်တွင် ကျေးဇူးများသကဲ့သို့ ဘုရားရှင်သည်လည်း မဟာပဇာပတိ ဂေါတမီအပေါ် ကျေးဇူးများခဲ့ပါသည်။ ဘုရားရှင်ကို အကြောင်းပြု၍ မဟာပဇာပတိ ဂေါတမီသည် ရတနာသုံးပါးတွင် သင်္ဃဝင်ဆည်းကပ်လာခဲ့ပါသည်။ ဘုရားရှင်ကို အကြောင်းပြု၍ ကံငါးပါးကို စောင့်စည်း လုံခြုံစေခဲ့ပါသည်။ အရိယာတို့ ချစ်မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံခဲ့ပါသည်။

"အရှင်ဘုရား၊ ဘုရားရှင်ကို အကြောင်းပြု၍ မဟာပဇာပတိ ဂေါတမီသည် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူသော သစ္စာလေးပါးတွင် ယုံမှားခြင်းကင်း၍ ဉာဏ်မြင်ရှင်းခဲ့ပါသည်။ ဤသို့ပင် ဘုရားရှင်သည် မဟာပဇာပတိ ဂေါတမီအပေါ် ကျေးဇူးများခဲ့ပါသည် ဘုရား"

"ဟုတ်ပေသည် အာနန္ဒာ" ဟူ၍ ဘုရားရှင်က ကျွန်ုပ်၏ လျှောက်တင်ချက်လက်ခံပါ၏။ သို့သော် ဤသို့ လက်ခံခြင်းမှာ မယ်တော်ကြီး၏ သင်္ကန်းကို လက်ခံရန်အကြောင်းကား မဟုတ်ပေ။ ရတနာသုံးပါးသို့ သင်္ဃဝင်လာအောင် အကျိုးဆောင်ပေးသော ဓကျေးဇူးရှင်အား ကျေးဇူးတုံ့ပြန်ရေးနှင့်သာပတ်သက်ပေသည်။

http://www.dhammadownload.com

ရှိရိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပေးခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းလှူခြင်းဖြင့် ကျေးဇူးရှင်တို့အား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရန် မလွယ်ကူလှကြောင်း မိန့်တော်မူလိုက်ခြင်းသာ ဖြစ်ပေသည်။

သုံးကြိမ်တိုင်အောင် အပယ်ခံရပြီမို့ မယ်တော်ကြီးသည် သားတော်ဘုရားထံ လှူဒါန်းခွင့် မရတော့ဘဲ သံဃာတော်များကိုသာ လှူ၍ ပြန်သွားရ၏။

မယ်တော်ကြီး ပြန်သွားပြီးနောက် ကျွန်ုပ်သည် ဘုရားရှင် မိန့်ခွန်းတော်နှင့် ပတ်သက်၍ စဉ်းစားခန်းဝင်၍ နေမိ၏။ ကမ္ဘာမြေပြင်ပေါ်ရှိ အလှူခံ ပုဂ္ဂိုလ်တို့တွင် ဘုရားရှင်သာ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်ဖြစ်၏။ ပူဇော်အထူးကို ခံယူတော်မူထိုက်သဖြင့် အရဟံဟူသော ဘွဲ့နာမ်တော်ဖြင့် ထင်ရှားတော်မူသည်လည်း ဖြစ်ပါ၏။ သို့ပါလျက် သည်အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်က မိမိထံလှူဒါန်းလာသော အလှူဝတ္ထုကို သံဃာသို့ လွှဲပြောင်းပေးလိုက်၏။ ကိုယ်တော်မြတ်၏ ရည်ရွယ်ချက်သည် မည်သို့များ ဖြစ်ပါလိမ့်မည်နည်း။

သည်တုန်းက ကျွန်ုပ်မှာ အမြဲတမ်း အလုပ်အကျွေးနေရာကို မရသေးပေ။ ပယ်လည်းလေတန် ပန်လည်းလေးခု ဆုရှစ်ခုထဲက ယုံမှားသင်္ကာတစ်ခုခု ဖြစ်လာလျှင် အချိန်မရွေး ဘုရားရှင်ထံ ချဉ်းကပ်ခွင့်ကို တောင်းယူမထားရသေးပါ။ ထို့ကြောင့် ရှေ့ကြောင်း နောက်ကြောင်းများနှင့် နှိုင်းစာကာ မိမိဘာသာ အဖြေရှာယူရပေသည်။

စေ့စေ့တွေးတော့ ရေးရေးပေါ်လာပါပြီ။ ဇေတဝန်ကျောင်းတော်ကြီးကို ရေစက်ချစဉ်ကလည်း မိမိ ကိုယ်ပိုင်အဖြစ်ဖြင့် ဘုရားရှင် လက်ခံတော်မမူခဲ့ပါ။ သံဃာတော်အားလှူဒါန်းရန်သာ ညွှန်ကြားတော်မူခဲ့သည်။ ဤသို့ ညွှန်ကြားခြင်းမှာ သံဃာက မိမိထက်မြတ်သော အလှူခံဖြစ်ခြင်းကြောင့် မဟုတ်နိုင်ပါ။ မိမိတစ်ပါးတည်း ထက် အခွန့်ရှည်စွာ တည်ရစ်နေမည့် သံဃာ့အဖွဲ့အစည်းဖြစ်၍သာ ညွှန်ကြားတော် မူခြင်း ဖြစ်ပေလိမ့်မည်။

မှန်လှပါ၏။ ဘုရားရှင်သည် အသက်တမ်း အတိုင်းသာ နေတော်မူ၍ အချိန်တန်လျှင် ပရိနိဗ္ဗာန်ပြုတော် မူပေလိမ့်မည်။ ဘုရားရှင်၏ သာသနာတော်သည် သံဃာမှာ တည်ရစ်နေလိမ့်မည်။ မိမိထံလှူဒါန်းလာသော လှူဖွယ်ပစ္စည်းကို သံဃာထံ လွှဲပြောင်းလိုက်ခြင်းအားဖြင့် သံဃာဟူသည် ဘုရားနှင့်ထပ်တူ လှူစကောင်း၏ဟု နောင်လာနောက်သားတို့ သဘောပေါက်ကြပေလိမ့်မည်။ ဤသို့ သဘောပေါက်ကာ ပစ္စည်းလေးပါး လှူဒါန်းကြသဖြင့် သံဃာများသည် ပင်ပန်းဆင်းရဲခြင်း မရှိဘဲ သာသနာတော်ကြီးကို အခွန့်ရှည်စွာ ထမ်းဆောင်သွားကြပေလိမ့်မည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ပယ်မြစ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

(ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

http://www.dhammadownload.com

သင်္ကန်းအလှူနှင့် ပတ်သက်၍ ကျွန်ုပ်၏ အဖြေမှန်ကို ကိုယ့်ဘာသာ ရှာကြံ၍ ရခဲ့ပါ၏။ သို့သော် သည်တစ်ခေါက် ကပိလဝတ်မြို့တော်သို့ ကြွတော်မူလာခြင်း၏ ရည်ရွယ်ချက်ကိုကား ကျွန်ုပ် တွေးရဲမျှ မတွေးခဲ့မိပါ။ ကပိလဝတ်မှာ တုန်းက မတွေးခဲ့မိသော ထိုရည်ရွယ်ချက်ကို ဝေသာလီမြို့၊ ကုဋာဂါရကျောင်းတော်သို့ ရောက်၍ အတန်ကြာခါမှ ကြားရပေတော့သည်။

ဘုရားရှင်၏ ခမည်းတော်၊ ကျွန်ုပ်တို့၏ ဘကြီးတော် သုဒ္ဓေါဒန မဟာရာဇာသည် ထီးဖြူတော် အောက်ဝယ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ဘဝဇာတ်သိမ်း ဒုက္ခငြိမ်း၍ သွားချေပြီတဲ့။ တကယ်တော့ဖြင့် ယခုတစ်ခေါက် ကပိလဝတ်သို့ ကျွန်ုပ်တို့ ရောက်လာရခြင်းမှာ ခမည်းတော်ကြီးအား နောက်ဆုံး အကြိမ်အဖြစ်ဖြင့် နှုတ်ဆက်ရန်သာ ဖြစ်ပေသည်တကား။

(ဆေရိုဂါထာ အဋ္ဌကထာ၊ မဟာပဇာပတိဂေါတမီဝတ္ထု)

**

http://www.dhammadownload.com

ရောဟိဏီ အရေးတော်ပုံ

ခမည်းတော်ကြီး၏ အခြေအနေကို သေသေချာချာသိပါလျက် ဘုရားရှင်သည် ကပိလဝတ်သို့ ကြွတော်မမူခဲ့ပေ။ ဤကိစ္စကို ဟိုတစ်နှစ်က ကိစ္စနှင့် နှိုင်းယှဉ်ကြည့်ပါလျှင် ဉာဏ်နုသူများအဖို့ ဘုရားရှင်အပေါ် တစ်မျိုးတစ်မည် ထင်စရာရှိပေသည်။

ထိုအခေါက်က ရဟန်းအင်အား မများသဖြင့် နိဂြောဓရုံကျောင်းမှာ မနေဘဲ မဟာဝုန်တောကြီးထဲမှာ တောကျောင်းကလေးများဖြင့် နေခဲ့ကြ၏။ ဝေသာလီအနီးမှာ မဟာဝုန်တောကြီးတစ်ခု ရှိသကဲ့သို့ ကဲပိလဝတ်အနီးမှာလည်း ရှိပေသည်။ ဟိမဝန္တာတောင်စွယ်တစ်ခုနှင့် ဆက်စပ်နေသော သယံဇာတ တောကြီး ဖြစ်ပေသည်။

မြို့တွင်းသို့ ဆွမ်းခံကြရာတွင် သံဃာတော်များရှေ့မှာ ဘုရားရှင် ဦးဆောင် ကြွတော်မူနေကျ ဖြစ်သော်လည်း ထိုနေ့နံနက်မှာကား ကျွန်ုပ်တို့ချည်း လာခဲ့ကြရ၏။ ဘုရားရှင်သည် နံနက်စောစောကပင် တစ်ပါးတည်း ထွက်ကြွတော်မူ၏။ အကြောင်းထူး တစ်ခုခုရှိလျှင် ဤသို့ ကြွသွားနေကျ ဖြစ်၍ ကျွန်ုပ်တို့ အထူးအထွေ တွေးတောမနေကြပါ။ တွေးတောနေစရာလည်း မလိုပါ။ မြို့တွင်းသို့ ဝင်မိလျှင်ပင် ဖြစ်ကြောင်း ကုန်စင် ကြားသိရပါတော့သည်။

ကျွန်ုပ်တို့ သကျနိုင်ငံသည် လက်နက်နိုင်ငံကြီးများနှင်းက နိုင်ငံငယ်ကလေး မျှသာ ဖြစ်ကြောင်း တင်ပြခဲ့ပါပြီ။ ကျွန်ုပ်တို့နှင့် အလားတူ ပမာဏသေးငယ်၍ အုပ်ချုပ်ပုံစနစ်ချင်းလည်း တူသော အခြားနိုင်ငံငယ်ကလေးကား ကောလိယ ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် ရောဟိဏီ မြစ်ကလေး တစ်ခုသာ ခြားပေသည်။

နှစ်နိုင်ငံလုံး၏ စီးပွားရေးမှာ စိုက်ပျိုးရေးသာဖြစ်၍ မိုးဦးကျက ကြဲထားခဲ့သော ကောက်ပင်ပျိုများအတွက် ထိုမြစ်ငယ်ကလေးကို တမဲ့ဆည်ကာ အသက်ဆက်၍ ပေးခဲ့ကြရ၏။ ထိုနှစ် နယုန်လမှာတော့ မိုးဦး အလိုက်နည်း၍ ခါတိုင်းလောက် မြစ်ရေမလာပေ။ တစ်ဖက်ကို ရေသွင်းလိုက်လျှင် တစ်ဖက်အဖို့ လောက်လောက်ငင

http://www.dhammadownload.com

မရနိုင်တော့သော အခြေအနေ ဖြစ်လာ၏။ ရေအသွင်းရ ခက်နေသဖြင့် ကောက်ပင်ကလေးများ ညှိုးနွမ်း၍ လာကြရ၏။ ဤတွင် ကောလိယဘက်မှ လယ်သမားများက စတင်၍ အရေးဆိုကြ၏။

"ရောင်းရင်းတို့၊ သည်မြစ်ရေကို နှစ်ဖက်လုံးက ခွဲဝေယူကြလျှင် သင်တို့အတွက်လည်း မလောက်မင။ ငါတို့အတွက်လည်း မနှံ့မစွတ်။ ငါတို့ဘက်က ကောက်ပင်များမှာ ရေတစ်ခါသွင်းရုံနှင့် အောင်မြင်ပါလိမ့်မည်။ ထို့ကြောင့် ရေကို ငါတို့အတွက် လုံးလုံးပေးကြပါ"

ကိုယ့်ဘက် ကိုယ်ယက်သောအဆိုဖြစ်၍ ကပိလဝတ် လယ်သမားများက လက်မခံနိုင်ကြပါ။

"သင်တို့ ကျိုတွေမှာ စပါး ဆန်တွေ ပြည့်လျှံနေသောအခါ ငါတို့က သင်တို့ဆီ မျက်နှာငယ်ငယ်နှင့် လာဝယ်မနေနိုင်ပါ။ ငါတို့ ကောက်ပင်များမှာလည်း ရေတစ်ခါသောက်ရလျှင် အောင်မြင်မည်သာ ဖြစ်၏။ ထို့ကြောင့် သည်ရေကို ငါတို့ကို ပေးပါ"

"ငါတို့ မပေးနိုင်"

"ငါတို့လည်း မပေးနိုင်"

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ဖြစ်လာကြရာတွင် စိတ်မထိန်းနိုင်သူ တစ်ယောက်က တစ်ဖက်လူကို ကိုယ်ထိလက်ရောက် ရိုက်လိုက်ချေတော့၏။ ထိုမှ တစ်ယောက်နှင့် တစ်ယောက် မီးဆက်သွားကာ စည်းဝေးပွဲသည် ရိုက်ပွဲကြီး ဖြစ်သွားရပေတော့သည်။

ရိုက်ပွဲသည် လယ်သမားများမှာပင် ပြီးဆုံး၍ မသွားပါချေ။ တစ်စ တစ်စ ရန်မီးပွားလာကာ နှစ်ဖက်သော အမျိုးအနွယ်များကိုပါ ထိပါး၍ လာကြတော့၏။

"သင်တို့သည် ကပိလဝတ် မြို့သားများကို အားကိုး၍ ကြုံဝါးကြဘိ၏။ အိမ်ခွေး တောခွေးများကဲ့သို့ ကိုယ့်နှမ ကိုယ်ယူနေခဲ့ကြသော သူများကို ငါတို့က အရေးလုပ်ရမည်လော။ သူတို့၏ ဆင်တွေ မြင်းတွေ လက်နက်တွေကရော ငါတို့ကို ရန်မူနိုင်မည်လော"

သက္က အမျိုးသားအဖို့အသည်းစပ်ဖွယ် ကျွဲခတ်သကဲ့သို့ နာကျည်းစေသော စကားလုံးများဖြစ်ပါ၏။ ထို့အတူပင်

"သင်တို့သည် ကုဋ္ဌန္နနာသည်၏ သားများကို အားကိုးပြု၍ ရန်ထောင်နေကြဘိ၏။ သင်တို့၏ ဘိုးအေ ကုဋ္ဌန္နနာသည်ကြီးသည် ရပ်ရွာထဲမှာ နေစရာမရှိ၍ တောထဲထွက်ကာ ကလောပင်ခေါင်းထဲမှာ နေခဲ့ရ၏။ ဤအဆက်အနွယ်များ၏ ဆင်တွေ မြင်းတွေ လက်နက်တွေကို ငါတို့များ ကြောက်ရချိမ့်မည်လော"

http://www.dhammadownload.com

အမျိုးထိ၍ မချိအောင်နာသော စကားလုံးများပင် ဖြစ်ကြပါ၏။ ဟိုတစ်ချိန် တုန်းက အမှန်တကယ် ဖြစ်ပျက်ခဲ့သော ကိစ္စများပင် ဖြစ်စေကာမူ တစ်ဖက်နှင့် တစ်ဖက် ချိုးချိုးဖဲ့ဖဲ့ ပုံကြိုးချဲ့၍ ပြောကြသဖြင့် နှစ်ပြည်ထောင်လုံး ရန်မီးပွား လာကြရ၏။ ဟိုဘက်ကလည်း ခတ္တိယ။ သည်ဘက်ကလည်း မင်းမျိုး မင်းနွယ်။ နှစ်ဘက်စလုံးမှာ ရာဇမောန် တလူလူလွင့်နေသည်မို့ မကြာမီမှာပင် ရောဟိဏီမြစ်ကမ်း မှာ စစ်ဦးချင်း ဆုံမိကြပေတော့သည်။

"ထွက်ခဲ့ကြလော့။ နှမနှင့်ပေါင်းဖော်သူများ၏ စွမ်းအားသတ္တိကို သိစေရမည်"

"တက်ခဲ့ကြလော့။ ကလောပင်ခေါင်း အောင်းခဲ့သူများ၏ စွမ်းအားနှင့် ဓားကို ကြည့်ကြလော့"

ကြောက်ခမန်းလိလိ ကြိုးဝါးသံများဖြင့် စစ်ဦးချင်း တစ်စ တစ်စ နီးကပ် လာချေပြီ။ လက်နက်တစ်ကမ်း ရောက်သည်နှင့် မညှာတမ်း၊ မဆုတ်တမ်း ရက်ရက်စက်စက် ခုတ်ထစ်ပစ်ခတ်၊ ထိုးနှံကြိတ်ချေရန် လက်နက်များကို အရှန်သင့် ပြင်ထားကြပြီး ဖြစ်ပေသည်။ တိုက်ဆင်၊ တိုက်မြင်းတို့၏ ဟစ်ကြွေးသံတို့ကလည်း နားကွဲလုမတတ်။ ထိုသည့်အချိန်ကလေးအတွင်းမှာပင် နှစ်ဖက်သော စစ်ခေါင်းဆောင် တို့သည် မြစ်လယ်ခေါင်က သောင်ခုံထက်ဆီသို့ သတိထား၍ ကြည့်လိုက်မိကြ၏။

သည်မြစ်ကို နှစ်ဖက်စလုံးက ပိုင်ဆိုင်သဖြင့် သည်နေရာသည် နှစ်နိုင်ငံ၏ နယ်စပ်ဖြစ်၏။ သဲသဲမဲမဲ ဇွဲနပဲဖြင့် သူသေ ကိုယ်သေ သတ်ကြ ဖြတ်ကြမည့် နေရာဖြစ်၏။ အော်သံ ဟစ်သံ မြည်တမ်းသံများအဆုံးဝယ် သွေးချောင်းစီး၍ ကျန်ရစ်ခဲ့မည့် နေရာဖြစ်၏။ ဤနေရာ ဤဌာနတွင် သင်္ကန်းဝါဝါတစ်ခုက ရောက်နှင့်နေချေပြီကော။

"မင်းစိုးရာဇာ ဒါယကာအပေါင်းတို့...."

သင်္ကန်းဝါဝါမှ ထွက်ပေါ်လာသော အသံဖြစ်၏။ အသံသည် ပီပီသသနှင့် ကြည်မြလှ၏။ ဆင်သံ မြင်းသံ ကြွေးကြော်သံများကိုပင် ဖောက်ထွင်း၍ လာ၏။ သည်အသံကို ကြားရသည်နှင့် သက္ကာ စစ်သည်တော်အားလုံး၏ လက်နက်များ မြေပေါ်သို့ ရုတ်ခြည်း ကျသွားကြရ၏။

"တစ်မျိုးလုံး တစ်ဆွေလုံး၏ အထွဋ်မြတ်ဆုံး ဘုရားရှင် ရောက်လာပါပေါ့ ကလား။ ငါတို့၏ ဘုရားရှင် ရှေ့မှောက်တွင် ငါတို့သည် တစ်ဖက်သားကို ခုတ်ထစ် သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။ ကောလိယတို့က သတ်ချင် သတ်ပါစေ။ သတ်ရုံ အားမရ၍ မီးတင်၍ပင် ရှို့ပါစေ။ ငါတို့ကား စစ်မက်ပြိုင်ဆိုင် အနိုင် မယူကြပြီတည်း"

ဤသို့ တစ်ဖက်သတ် စစ်ပြေငြိမ်းလိုက်သည်နှင့် တစ်ပြိုင်နက် အခြား တစ်ဖက်ကလည်း လက်နက်ချပြီး ဖြစ်သွားပေသည်။

http://www.dhammadownload.com

လက်နက်မပါသော လက်အစုံတို့ဖြင့် ရိုသေစွာရှိခိုးလာကြသော စစ်သည်ဗိုလ်ပါ အပေါင်းတို့အား ဘုရားရှင်က–

"အသင်တို့ ဘာကို အကြောင်းပြု၍ စစ်မက်ကြီးစွာဖြစ်လာရပါသနည်း"ဟု မေးတော်မူရာ–

"ရဲအတွက်ဖြစ်ပါသည် ဘုရား"

"ရဲသည် မည်မျှ အဖိုးထိုက်ပါသနည်း"

"တစ်နှစ်စာစား၍ အနည်းငယ်မျှသာ ဖြစ်ပါသည် ဘုရား"

"နှစ်ဖက်သော စစ်သည်တို့၏ အသက်သွေးများကကော မည်မျှ အဖိုးထိုက်ပါသနည်း"

"အဖိုးဖြတ်၍ မရနိုင်ပါ ဘုရား"

"အနည်းငယ်မျှ အဖိုးထိုက်သော ရေကလေးအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများ အဆုံးရှုံးခံရခြင်းမှာ မသင့်လျော်လေစွ တကား"

နှစ်ဖက်သော စစ်သည်ဗိုလ်ပါတို့၏ ဦးခေါင်းများသည် ပိုမို၍ ညွတ်ကိုင်းလာကြ၏။ သည်ကျေးဇူးတော်ကို မည်သို့မည်ပုံ ဆပ်ကြရပါမည်နည်းဟု နှစ်ဖက်ခေါင်းဆောင်များ ညှိုနှိုင်းတိုင်ပင်ကြရ၏။ လက်နက်ချင်းဆိုင် အားချင်းပြိုင်ရန် ရောက်လာသူများ ခေါင်းဆိုင်ကာ ဆွေးနွေးကြသဖြင့် အဖြေတစ်ခု ရလာပေသည်။

ထိုအဖြေကား ရောဟိဏီ မြစ်ကမ်းတစ်ဖက်ဆီမှ အညီအမျှပါဝင်သော ရဟန်းငါးရာ ဖြစ်သတည်း။

ဤသို့အားဖြင့် ဆွေတော်မျိုးတော်များရှေ့မှ မားမားမတ်မတ် ရပ်တော်မူခဲ့သော ဘုရားရှင်သည် ခမည်းတော်ကြီး ချုပ်ငြိမ်းချိန်မှာကား မားမားမတ်မတ် ရပ်တော်မမူခဲ့ပါ။

မြစ်ကမ်းပါးနှစ်ဖက်၌ ဒီရေတက်သကဲ့သို့ ပြည့်လျှမ်းနေသည့် စစ်သည်များကို တစ်ပါးတည်းနှင့် တားဆီးတော်မူနိုင်ခဲ့သော ဘုရားရှင်သည် ခမည်းတော်ကြီးနှင့် ရှင်သေမင်းတို့၏ တိုက်ပွဲတွင်ကား ဝေးရာမှသာ မျက်နှာလွှဲ၍ နေတော်မူလိုက်ရပေသည်တကား။

(သုတ်မဟာဝဂ်၊ မဟာသမယသုတ် အဋ္ဌကထာ)

**

http://www.dhammadownload.com

သားတော် ရာဟုလာ

"သင့်မိဘများကို ချစ်၏ လော"

"သင့်သားသမီးများကို ချစ်၏ လော"

မိသားစု အသိုက်အဝန်းနှင့် နေထိုင်သူများကို တစ်စုံတစ်ယောက်က ဤသို့ မေးမြန်းပါလျှင် အားလုံးလိုလိုက ချစ်ပါသည်ဟူ၍ပင် ဖြေကြပါလိမ့်မည်။ မှန်ပါသည်။ တစ်ယောက်နှင့် တစ်ယောက် ချစ်နေကြ၍ မိသားစု အသိုက်အဝန်းသည် သာယာချမ်းမြေ့၍ နေရ၏။ တစ်ယောက်နှင့် တစ်ယောက် သွေးသားတော်စပ်ရုံက လွဲ၍ ချစ်ခြင်းမေတ္တာ မရှိကြပါလျှင် ထိုမိသားစုသည် နေ့တကျက်ကျက် ညတကျက်ကျက် ဖြစ်၍သာ နေပေလိမ့်မည်။ သည်ထက်သည် အခြေအနေဆိုးလာလျှင်မူ အသိုက်အဝန်းပါ ပြိုပျက်ဖို့ ရှိပေတော့သည်။

မိသားစု အသိုက်အဝန်းကို တည်တံ့စေသော၊ သာယာချမ်းမြေ့စေသော ထိုမိသားစုအချစ်ကို ဘုရားရှင်က ပြစ်တင်ဝေဖန်မှု ပြုတော်မမူပါ။ တာဝန်သိသိ ချစ်တတ်ကြရန် များစွာသော သုတ္တန် ဒေသနာတော်များကိုပင် ဟောကြားတော်မူခဲ့ပါ၏။

သို့ရာတွင် ဘုရားကိုယ်တော်မြတ်၏ ရည်ရွယ်ချက်မှာ လောကီနယ်ဘက်က ဤသို့သော မိသားစု အချစ်မျှသာ မဟုတ်ပါ။ သာသနာတော်ကြီး ထွန်းလင်းတောက်ပနေဆဲတွင် သာသနာတွင်း အချစ်ဖြင့် ချစ်တတ်ကြရန်လည်း ဟောကြားတော် မူပါ၏။

"အာနန္ဒာ၊ မိမိ၏ မိတ်ဆွေများ၊ ဆွေမျိုးဉာတကာများကို မေတ္တာရှေ့ထား၍ သနားလိုကြပါလျှင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၌ သက်ဝင်အောင် တိုက်တွန်းအပ်၏"

(အင်္ဂုတ္တရ၊ တိကနိပါတ်၊ နိဒေသကသုတ်)

http://www.dhammadownload.com

ဤဒေသနာတော်ကို ဟောကြားသည်မှာ မဟာဝုန်တောကြီးအတွင်းက ကုဋာဂါရကျောင်းတော်မှာဖြစ်၏။ အချိန်အခါအားဖြင့် ခမည်းတော်ကြီး ပရိနိဗ္ဗာန်ပြုကြောင်း သတင်းစကား ရောက်လာပြီးစ ဖြစ်ပေသည်။

ခမည်းတော်ကြီး ပရိနိဗ္ဗာန်စံချိန်က သူ့အနီးပါးဝယ် သားတော်ကြီးရော၊ သားတော်ငယ်ပါ ဘယ်သူမျှ မရှိကြ။ ရိုးတွင်းချဉ်ဆီထိအောင် ချစ်လှပါသည်ဆိုသော မြေးတော်ရာဟုလာလည်း မရောက်လာ။ ကျွန်ုပ် အပါအဝင် တူတော်များလည်း ဘုရားရှင်အပါးမှာပင် ရှိနေကြ၏။

ထင်ရှားလေသမျှ၊ ကျော်ကြားလေသမျှ၊ သက္ကအမျိုးသားတို့သည် ဘုရားရှင် နောက်တော်မှာချည်း ပါလာခဲ့ကြရာ ကပိလဝတ် နန်းတော်ကြီးမှာ ပျားကောင်မရှိတော့သော ပျားအုံနယ် ဖြစ်နေကြ၏။ သာသနာတော်က လက်မခံသေးသော အမျိုးသမီး တစ်သိုက်သာ သူ့အနားမှာ ရှိနေကြပေလိမ့်မည်။

ခမည်းတော်ကြီး၏ နောက်ဆုံးအချိန်တွင် ဘုရားရှင်သည် ကိုယ်တိုင်သော်လည်း ကြွသင့်၏။ ညီတော်များနှင့် မြေးတော်ကိုလည်း သူ့ကိုယ်စား လွှတ်ပေးသင့်ပါ၏။ သို့ပါလျက် ဆွေတော်မျိုးတော် ရဟန်းအားလုံးကမျက်နှာလွှဲရက်ကြဘိ၏။ ခမည်းတော်ကြီးအပေါ် မေတ္တာ ကရုဏာ မရှိကြလေရော့သလား။

စောစောက ကျွန်ုပ်တင်ပြခဲ့သော ဒေသနာတော်မှာ ဤသို့သော တီးတိုးစကား တို့အတွက် ဖြေရှင်းချက်ပင် ဖြစ်ပေသည်။ မှန်ပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ ခမည်းတော်ကြီး သက်ဝင်လာရသည်မှာ သားတော်ဘုရား၏ ကျေးဇူးဖြစ်၏။ ထူးမြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကို ထိုးဖြူတော်အောက်၌ ခံစားခွင့်ရခြင်းမှာ သားတော်ဘုရား၏ မေတ္တာလက်ဆောင်ပင် ဖြစ်၏။ ကျေးဇူးဂုဏ် အနန္တ ကြီးမြတ်လှစွာသော မွေးမိဘတို့အပေါ်ဝယ် မည်သူသည် ဤမေတ္တာလက်ဆောင်ထက် ပို၍ မြင့်မြတ်သော မေတ္တာလက်ဆောင်ကို ပေးနိုင်ပါမည်နည်း။

ဟိုယခင် တစ်ချိန်တုန်းက သုဒ္ဒေါဒန မဟာရာဇာသည် ၎င်းတော်ကလေးရာဟုလာအတွက် မျက်ရည်စက်လက် ကျခဲ့ရ၏။ မြေးကိုချစ်သော အချစ်သည် အရေကို ကျော်၊ အသားကိုဖောက်၍ ရိုးတွင်းချဉ်ဆီထိအောင် စိမ့်ဝင်ပါသည်ဟု လျှောက်ထားခဲ့၏။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော သောကမြူမှုန် လွှမ်းခြုံနေဆဲမို့ သားတော်ဘုရားကိုပင် ရှက်ရ ရွံ့ရကောင်းမှန်း မသိနိုင်ခဲ့။

ယခုနေသာ သူ့ဘိုးအေကြီး ရှိနေသေးလျှင် သည်မြေးကြီးအပေါ်ဝယ် တဏှာမပါသော သေတ္တာသန့်သန့်ဖြင့် ချစ်နေဦးမည် ဖြစ်ပါ၏။ အစေးတဏှာ မပါဝင်သဖြင့် ထိုအချစ်နောက်ဝယ် သောကမြူမှုန်တို့ လိုက်ပါစရာ မရှိပါ။ ဖခမည်းတော်၏ ဆုံးမစကားကို မြေဝယ်မကျလိုက်နာသော ရဟန်းသံဃာတို့၏ ချစ်မြတ်နိုးမှုကို ထိုက်ထိုက်တန်တန် ခံယူရသော မြေးတော်ကလေးကို ကြည်ညိုဖွယ်ရာတွေ့မြင်ရပေလိမ့်မည်။

http://www.dhammadownload.com

မိမိတို့ကျောင်းသို့ သားတော်လေးရာဟုလာ ရောက်လာလျှင် ရဟန်းတို့က အားရဝမ်းသာကြိုဆိုကြ၏။ ခုတင်ငယ်ကိုဖြစ်စေ၊ တန်းလျားငယ်ကိုဖြစ်စေ၊ အနိုးအနားမှာရှိသော အိပ်စင် တစ်ခုခုပေါ်တွင်ဖြစ်စေ၊ ဖျာသင်ဖြူးများ ခင်းပေးကြ၏။ တချို့က သင်္ကန်းများကို အထပ်ထပ်ခေါက်ကာ ခေါင်းအုံးစရာ ပေးကြ၏။ ဤသို့ ဂရုတစိုက်ပြုစုခြင်းမှာ ဘုရားရှင့် မျက်နှာတော်တစ်ခုတည်းကြောင့် မဟုတ်ပါ။ ရာဟုလာ၏ ဆိုဆုံးမ၍ လွယ်ကူသော စိတ်သဘောကလည်း အကြောင်းတစ်ခု ဖြစ်ပေသည်။

ရာဟုလာ၏ စိတ်ကို စမ်းလိုသဖြင့် ရဟန်းတို့သည် သူအဝေးကလာနေသည်ကို မြင်လျှင် တံမြက်ဆုပ်ကို ဖြစ်စေ၊ အမှိုက်တောင်းကိုဖြစ်စေ တော်ရာလျော်ရာ လွှင့်ပစ်ကြ၏။ ရာဟုလာ အနားရောက်လာသောအခါ ရဟန်းတစ်ပါးက "ငါ့ရှင်၊ ဤပစ္စည်းကို မည်သူ လွှင့်ပစ်ထားသနည်း" ဟု သိလျက်နှင့် မေးလိုက်၏။ အမေးခံရသော ရဟန်းက "အရှင်ဘုရား၊ ရာဟုလာသည် ဤနေရာမှာ လှည့်လည်တတ်ပါသည်။ သူလွှင့်ပစ်လေသလား မသိပါဘုရား" ဟု စကားစောင်း ပစ်လိုက်၏။ ဤတွင် ရှင်ရာဟုလာသည် "တပည့်တော်မလုပ်ရပါ ဘုရား" ဟု တစ်နေ့မျှ ပြန်မလျှောက်ပေ။ ရဟန်းများ လွှင့်ပစ်ထားလေသမျှ ပစ္စည်းများကို ကောက်ယူစုဆောင်းကာ နေရာတကျ ထားခဲ့သည်သာ ဖြစ်၏။ ထို့နောက် မိမိမှာ အဟုတ်တကယ် အပြစ်ရှိလေဟန်ဖြင့် ရဟန်းများကိုပင် တောင်းပန်လိုက်သေး၏။ "ငါကား ဘုရားရှင့် သားတော်"ဟူသော မာန်မာနမျိုးကို သူ့ဆီမှာ ရှာဖွေ၍ မရနိုင်ပါ။

သို့ဖြစ်၍ ရဟန်းဟူသမျှကို ရိုသေ ကိုင်းညွှတ်တတ်သော ရာဟုလာအား ရဟန်းများက လိုလိုချင်ချင် လက်ခံကြသည်မှာ မဆန်းတော့ပါ။ နောင်တော်ကြီးဘုရား၏ သားတော်၊ ကျွန်ုပ်၏ တူတော် ရှင်သာမဏေတစ်ပါး ရဟန်းတို့အလယ် မျက်နှာပွင့်လန်းနေသည်မှာ ပွင့်လန်းထိုက်၍ ပွင့်လန်းခြင်းပင် ဖြစ်ပေသည်။ သို့အတွက် ကျွန်ုပ် ဝမ်းသာအားရ ဖြစ်ခဲ့ရပုံကို ဖုံးကွယ်ရန် လိုမည် မထင်ပါ။

သို့နှင့် ကျွန်ုပ်တို့တစ်တွေ ဘုရားရှင့် နောက်တော်ပါးက တသိတတန်းကြီး လိုက်ပါရပြန်၏။ ဝေသာလီမှ ခရီးတစ်ထောက်အဖြစ် အာဠဝီမြို့သို့ ဆိုက်ရောက်လာကြ၏။

အာဠဝီမြို့အနီး အဂ္ဂါဠဝ အမည်ရသော ကျောင်း၌ စခန်းချ၍ နေကြရာ ညစဉ်ညတိုင်း တရားပွဲကြီးများ ကျင်းပကြရ၏။ ကျွန်ုပ်အပါအဝင် ဓမ္မကထိက ပုဂ္ဂိုလ်များက တစ်ပါးပြီး တစ်ပါး ဟောကြရ၏။ တရားပွဲသိမ်းသောအခါ ကျွန်ုပ်တို့ ဓမ္မကထိက ပုဂ္ဂိုလ်များသည် မိမိတို့ ကျောင်းများသို့ အသီးသီးပြန်၍ ကျိန်းစက်ကြ၏။ ဖြစ်သစ်စ ရဟန်းငယ်ကလေးများကား တရားပွဲကျင်းပရာ ဓမ္မာရုံ၌ပင် တရားနာလာကြသော ဒါယကာများနှင့်အတူ အိပ်နေရစ်ကြ၏။

http://www.dhammadownload.com

ငယ်ရွယ်သူများပီပီ စိတ်လွတ်ကိုယ်လွတ် အိပ်နေကြသော ထိုရဟန်းငယ်ကလေးများသည် စောစောနိုးသော ဒါယကာများ၏ဝယ် မဖွယ်မရာ ဖြစ်နေကြရ၏။ တချို့က တကျိကျိနှင့် သွားကြိတ်နေကြ၏။ တချို့ကတော့ ကယောက်ကယက်နှင့် ဟောက်သံပေးနေကြ၏။ စောစောက ကြည်ညိုလေးစားခဲ့လေသမျှ တစ်ညတာ အတူအိပ်မိသဖြင့် ကဲ့ရဲ့စရာ ဖြစ်လာရပေပြီ။

ဤဖြစ်ရပ်၏ အရင်းခံမှာ ဒါယကာများနှင့်အတူ အိပ်ခဲ့ခြင်းသာဖြစ်၍ ဘုရားရှင်က ပါစိတ်အာပတ်များတွင် အပါအဝင်ဖြစ်သော သဟသေယျ သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ ရဟန်းမဟုတ်သူမှန်လျှင် ရဟန်းတို့နှင့်အတူ တစ်မိုးတစ်ရာမ်တည်းသော ကျောင်း၌ ညအိပ်ခွင့်မရှိတော့ပြီ ဖြစ်ရာ ရာဟုလာ ဘယ်မှာသွား၍ အိပ်ရပါမည်နည်း။

အတူအိပ်နေကျ ရဟန်းများက သဟသေယျ သိက္ခာပုဒ် ပညတ်ထားပြီဟု ပြောလိုက်ရုံမျှဖြင့် ရာဟုလာသည် ကျောင်းထဲမှ ထွက်လာခဲ့၏။ ပြောကြားသော ရဟန်းကိုလည်းကောင်း၊ ပညတ်လိုက်သော သိက္ခာပုဒ်ကိုလည်းကောင်း တစ်စုံတစ်ရာ ပြစ်တင်ဝေဖန်ခြင်း မရှိ။ အဟုတ်တကယ်ပြောသည်လား၊ ကျိစယ်သည်လားဟု စကား၏ ရှည်မနေ။ ခါတိုင်းလို အတူတကွ ညအိပ်ခွင့်မရှိတော့ ဟူသော စကား တစ်ခွန်းတည်းဖြင့်ပင် ဖြောင့်ဖြောင့်တန်းတန်း ထွက်ခွာလာခဲ့၏။

အခြား သာမဏေငယ်များသာ ဤလို အကျဉ်းအကျပ်မျိုးနှင့် ကြုံရလျှင် နိုးစပ်ရာသို့လာ၍ အပူကပ်ကြမည် ဖြစ်၏။ အပူကပ်ရမည့် ပုဂ္ဂိုလ်များကလည်း အပြည့်အစုံ ရှိနေကြ၏။ သူ၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာသာရိပုတ္တရာသည် ဤကျောင်းမှာပင်ရှိ၏။ သရဏဂုံပေးသော အရှင်မဟာမောဂ္ဂလာန်လည်း အတူပါလာ၏။ ဘထွေးတော်စပ်သော ကျွန်ုပ်လည်း ရှိနေ၏။ ထို့ထက် သူ၏ ဖခမည်းတော် သီတင်းသုံးတော်မူရာ သီးသန့်ကျောင်းသည်လည်း မနီးမဝေးမှာပင်ရှိနေပါ၏။ သို့ပါလျက် ရာဟုလာသည် မည်သူ့ထံမှ မလာဘဲဘုရားရှင် အသုံးပြုတော်မူသော ကုဋိအိမ်ထဲမှာ တစ်ပါးတည်း အိပ်နေခဲ့၏။ နံနက်လင်း၍ ဘုရားရှင် ခေါ်၍ အမိန့်ရှိခါမှ ကျွန်ုပ်တို့ အကြောင်းစုံကို သိကြရပေတော့သည်။

ကုဋိအိမ်ထဲမှာ ရာဟုလာ တစ်ညအိပ်ခဲ့ခြင်းမှာ အိပ်ရကျိုးနပ်သည်ဟု ဆိုနိုင်ပါ၏။ ကုဋိအိမ်ထဲမှာ တစ်ညအိပ်ခဲ့ရသော ရာဟုလာကို အကြောင်းပြုကာ ရှင်သာမဏေများသည် နှစ်ညဉ့် သုံးညဉ့်မျှ ရဟန်းများနှင့်အတူအိပ်ခွင့်ရလာ၏။ သို့ဖြစ်၍ ဖြစ်သစ်စ ရှင်သာမဏေများက ရာဟုလာကို ကျေးဇူးတင်စရာ ဖြစ်ပါ၏။ သာသနာ့ဘောင်ရောက်လာခါစ အညွှန့်အညောက်ကလေးများကို ရေဖျန်းပေးလိုသော ကျွန်ုပ်တို့တစ်တွေလည်း ရာဟုလာ၏ ကျေးဇူးဂုဏ်ကို မေ့နိုင်မည် မဟုတ်ပါတည်း။

(ပါစိတ်၊ သဟသေယျသိက္ခာပုဒ်၊ ပါဠိတော်နှင့် အဋ္ဌကထာ)

http://www.dhammadownload.com

ရဟန်းများနှင့် အတူအိပ်ရန် နှစ်ည သုံးည ခွင့်ပြုချက်ရလာသည့်အခိုက်တွင် ရာဟုလာသည် ကျွန်ုပ်ထံသို့ ရောက်လာပါ၏။ သို့သော် သူလာခဲ့ခြင်းမှာ ဘထွေးတော်ဟူသော ဆွေမျိုးသံယောဇဉ်ကြောင့် ဟုတ်လိမ့်မည် မထင်ပါ။ သူသင်ကြားထားသော စာများကို အာဂုံပြန်၍ ပြလိုသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

သာမဏေဘောင် ရောက်လာသည့်အချိန်မှစ၍ ရာဟုလာကို သူ့ ခမည်းတော် ဘုရားက ကုမာရပဉ္ဍာမည်သော သုတ္တန်တစ်ခုကို နှုတ်တက်ချ၍ ပေးတော်မူ၏။ သည်သုတ္တန်ထဲက အနက်အဓိပ္ပာယ်များကို ရှင်ငယ်ရာဟုလာက အကုန်အစင် မသိနိုင်သေးသော်လည်း အထိန်းသဘောဖြင့် သင်ပေးတော်မူခြင်း ဖြစ်ပေသည်။ တောစကား၊ တောင်စကားတွေ ပြောနေမည့်အစား သိသင့်သိထိုက်သော တရား သဘောများနှင့် ယဉ်ပါးအောင် သွေးဆောင်ပေးသည့် သဘောလည်း ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ ရာဟုလာ ရောက်လာသည်ဆိုလျှင်ပင် ကျွန်ုပ်က သရဏဂုံသုံးပါးကို ထပ်၍ အရွတ်ခိုင်းရ၏။ သာမဏေများ ကျင့်သုံးရသော ဆယ်ပါးသီလကို စစ်ဆေးရ၏။ ထို့နောက်မှာကား ဘုရားကိုယ်တော်တိုင် သင်ကြားပေးခဲ့သော ကုမာရပဉ္ဍာ သုတ္တန်အလှည့်ဖြစ်ရာ ကျွန်ုပ်က ဘုရားရှင်ကိုယ်စား မေးခွန်းအဆင့်ဆင့် ထုတ်ပေးရ၏။

"ရာဟုလာ၊ တစ်ခုဟူသည် အဘယ်နည်း"

"သတ္တဝါဟူသမျှ အာဟာရမှာ တည်ကြောင်းပါ ဘုရား"

"နှစ်ခုဟူသည် အဘယ်နည်း"

"ရုပ်နှင့် နာမ်ပါ ဘုရား"

"သုံးခုဟူသည် အဘယ်နည်း"

"ဝေဒနာ သုံးပါးပါ ဘုရား"

"လေးခုဟူသည် အဘယ်နည်း"

"အရိယာသစ္စာ လေးပါးပါ ဘုရား"

"ငါးခုဟူသည် အဘယ်နည်း"

"ဥပါဒါနက္ခန္ဓာ ငါးပါးပါ ဘုရား"

ဆက်လက်၍ အတွင်း အာယတန ခြောက်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး၊ သတ္တဝါသ ကိုးပါး၊ ရဟန္တာဝုဂ္ဂိုလ်၏ အင်္ဂါဆယ်ပါးတို့ကို အမေးအဖြေ လုပ်ကြရပေသည်။

(နုဒ္ဒကနိကာယ်၊ ကုမာရပဉ္ဍာ)

ကျွန်ုပ်၏ သီတင်းသုံးဖော်များက ရာဟုလာ၏ စိတ်ကို စမ်းသပ်ခဲ့ကြကြောင်း ရှေ့နားမှာ တင်ပြခဲ့ပါပြီ။ ရဟန်းများက မိမိတာဝန်ဖြစ်လေဟန် စကားစောင်းပစ်ရာတွင် ပြန်လှန်ချေပခြင်း မပြုသည်ကိုလည်း သတိပြုမိကြလိမ့်မည်ထင်ပါ၏။

http://www.dhammadownload.com

မိမိအပေါ် မဟုတ်မဟတ် ပြောကြားလာပါလျက် အသာခေါင်းငုံ့နေခဲ့သော ရာဟုလာသည် မိမိကလည်း သူတစ်ပါးအပေါ် ထိုသို့ပင် ပြန်ပြောခဲ့ဖူးပါသလော။

ဤကဲ့သို့ မေးမြန်းသူတစ်ဦးဦး ရှိလာပါလျှင် ကျွန်ုပ်က ပြောခဲ့ဖူးပါသည်ဟု ရိုးသားစွာ ဖြေကြားရမည် ဖြစ်ပါ၏။ ဤသို့ ထုတ်ဖော် ပြောကြားလိုက်ခြင်းဖြင့် တူတော်မောင်၏ ဂုဏ်သိက္ခာကို ထိခိုက်သွားလိမ့်မည်ဟု ကျွန်ုပ် မယုံကြည်ပါ။ ဟိုတစ်ချိန်က အမှန်တကယ် ဖုံးကွယ်ခဲ့၊ လိမ်ညာခဲ့သည်ကို ထိန်ချန်ခြင်းကသာ ကျွန်ုပ်တို့ တူဝရီးနှစ်ဦးအတွက် အမည်းကွက်ကြီး ဖြစ်နေရစ်ပါလိမ့်မည်။

မှန်ပါသည်။ ဘုရားရှင့် အမိန့်တော်ဖြင့် ရှင်သာမဏေဘောင် ရောက်သည်တိုင်အောင်ပင် ရာဟုလာမှာ နွဲ့ဆိုးဆိုး၍ ကောင်းနေတုန်းဖြစ်၏။ သူ့ကို ဖခင်မျက်နှာ မမြင်ရရှာသော သားကလေးဟု သူ့မယ်တော်က ယုယခဲ့၏။ အဖမဲ့သားကလေးတစ်ယောက် အဖြစ်ဖြင့် စိတ်ဓာတ်မကျဆင်းစေရန်ဟု ဘိုးတော်ဘွားတော်များက အလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြ၏။ သူပြောသမျှကို သဘောကျကာ သူလုပ်လေသမျှကို ပြုံးပီတိဖြာခဲ့ကြ၏။ ဤလို အခြေအနေမျိုးမှ ထွက်လာခဲ့ရသော ကလေးငယ် တစ်ယောက်သည် ရုတ်တရက် ချက်ချင်း သူ့အမူအကျင့်ကို ပြင်နိုင်ရန် မလွယ်ပါ။ ကျွန်ုပ်တို့တစ်တွေကိုပင် လူကြီးမိဘများသဘောထားကာ နွဲ့ဆိုးဆိုး၍ နေခဲ့၏။ စားရေး သောက်တာမှာ ချေးများခဲ့၏။ သူ့အလိုအတိုင်း လိုက်ပါကြရအောင် ဟန်ဆောင်မျက်ရည်ကို သုံးခဲ့၏။ အပြစ်တင်စရာ အမူတစ်ခုခုကို ပြုပြီး၍ မေးလျှင် လှိုးလွဲရှောင်ဖယ်၍သာ နေတော့၏။

ဤသည်တို့မှာ လူကြီးမိဘများ၏ စေတနာ လွန်ကဲမှုကြောင့်သာ ဖြစ်၏။ ရာဟုလာ၏ ပင်ကိုစိတ်ကား မူရာမာယာလုပ်တတ်သူ မဟုတ်ပါ။ သည်းမခံနိုင်လောက်အောင် ဆိုးသွမ်းမှုများလည်း မရှိခဲ့ပါ။ တရားတစ်ကွင်း နားသွင်းရပြီးနောက် သူ့အမူအရာများ ပြောင်းလွဲသွားခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်ပါလိမ့်မည်။

နွဲ့ဆိုးဆိုးတတ်သော ရာဟုလာအား သူ့ခမည်းတော်က မူပြောင်းပေးတော်မူလိုက်သည်မှာ ဝေဠုဝန် ကျောင်းတော်မှာတုန်းက ဖြစ်ပေသည်။

တစ်ခုသော ညနေခင်း၌ ဘုရားရှင်သည် တစ်ပါးတည်း ဖိုလ်ဝင်စားရာမှ ထွက်ကြွတော်မူကာ သားတော် ရာဟုလာရှိရာ အမွှလဋ္ဌကကျောင်းသို့ ကြွရောက်တော်မူ၏။ အမွှလဋ္ဌကကျောင်းသည် ဝေဠုဝန်ကျောင်းတိုက်နှင့် တစ်စပ်တည်းဖြစ်သော်လည်း ရဟန်းများ အစဉ်ထာဝရ နေသော ကျောင်းမဟုတ်ပေ။ ပရိသတ်များကို ရှောင်ခွာ၍ ကိုယ့်တရားနှင့်ကိုယ် လွတ်လွတ်လပ်လပ် အေးချမ်းငြိမ်သက်စွာ နေလိုသော ရဟန်းတို့၏ ခိုလှုံရာဌာနဖြစ်၏။

ထိုကျောင်းသို့ ရာဟုလာ သွား၍နေခြင်းမှာ တကယ်တော့ဖြင့် အတုအမြင် အတတ်သင်ခြင်းသာ ဖြစ်၏။ ဤကျောင်းသို့သွား၍ အေးချမ်းစွာ နေထိုင်သော

http://www.dhammadownload.com

ရဟန်းများကို ဘုရားရှင်က ချီးကျူးစကား မိန့်ကြားတော်မူသည်ကို အားကျကာ ဘုမသိ ဘမသိနှင့် သွား၍နေခြင်းဖြစ်၏။ ဤလိုနေလိုက်လျှင် သူ့ခမည်းတော်က သူ့ကိုလည်း မြှောက်စားလိမ့်မည်၊ အရေးပေးလိမ့်မည်ဟု သူက မျှော်လင့်ခဲ့၏။ ဤသို့ ဟန်ဆောင်ပန်ဆောင်လုပ်ခြင်းမှာ အသံမထွက်သော မုသာဝါဒပင် ဖြစ်၍ ဤအပြုအမူကို အချိန်မီတားဆီးရန် ဘုရားရှင်ကြွတော်မူရခြင်း ဖြစ်ပေသည်။

ဘုရားရှင်ကြွတော်မူလာသည်ကိုအဝေးကပင် လှမ်းမြင်ရသဖြင့် ရာဟုလာသည် မိမိ၏ နေရာထိုင်ကို ဖုန်ခါလျက် အသစ်တစ်ဖန် ပြန်၍ ခင်းပေးထား၏။ ခြေဆေးရေကိုလည်း အရန်သင့် ခပ်ထား၏။ ခင်းထားသောနေရာ၌ ဘုရားရှင် ထိုင်မိသောအခါ ရာဟုလာသည် ပြည့်ဖြိုးသောခြေတော်အစုံ၌ ရေကြည်ရေအေးများ လောင်းကာ လက်နှစ်ဖက်ဖြင့် ပွတ်နယ်ဆေးကြော၍ ပေး၏။

ခြေဆေးခြင်း ကိစ္စများပြီးလျှင် ဘုရားရှင်သည် ရေအိုးထဲမှ ရေအနည်းငယ်ကို ခပ်ယူကာ ဤသို့ မိန့်တော်မူလိုက်၏။

"ရာဟုလာ၊ ခွက်ထဲက ရေကျန်အနည်းငယ်ကို မြင်၏ လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင်ဖြစ်သည် ရာဟုလာ။ သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရားသည် နည်းပါးလှ၏"

ထို့နောက် ခွက်ထဲက ရေကျန်အနည်းငယ်မျှကို မချွင်းမချန် သွန်ပစ်တော်မူကာ–

"ရာဟုလာ၊ ရေကျန်အနည်းငယ်ကို သွန်ပစ်လိုက်သည်ကို မြင်၏ လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင်ဖြစ်သည် ရာဟုလာ။ သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရားသည် တစ်စမကျန် သွန်ပြီး ဖြစ်၏"

ထိုမှတစ်ဖန် ဘုရားရှင်သည် ရေခွက်ကို မှောက်၍ ပြတော်မူလျက်–

"ရာဟုလာ၊ မှောက်လျက်ထားသော ရေခွက်ငယ်ကို မြင်၏ လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင်ဖြစ်သည် ရာဟုလာ။ သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရားသည် မှောက်လျက်ရှိနေ၏"

ထိုမှတစ်ဆင့် မှောက်ထားသော ရေခွက်ငယ်ကို ပြန်၍ လှန်တော်မူကာ–

"ရာဟုလာ၊ ဘာမျှမရှိတော့သော ရေခွက်ငယ်ကို မြင်၏ လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင်ဖြစ်သည် ရာဟုလာ။ သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရားသည် ဘာမျှ မရှိတော့ပေ"

http://www.dhammadownload.com

ခွက်ငယ်နှင့်ပတ်သက်သမျှ ဥပမာလေးမျိုးကို ပေးပြီးလျှင် ဘုရားရှင်သည် နောက်ထပ် ဥပမာတစ်ခုကို ဆောင်တော်မူပြန်၏။

"ရာဟုလာ၊ ပြည့်ရှင်မင်း၏ တိုက်ဆင်ကြီးသည် စစ်မြေပြင်၌ ရှေ့ခြေများဖြင့်လည်း တိုက်ခိုက်၏။ နောက်ခြေများဖြင့်လည်း နင်းခြေ၏။ ကိုယ်ရှေ့ပိုင်းဖြင့်လည်း တွန်းထိုး၏။ ကိုယ်နောက်ပိုင်းဖြင့်လည်း တွန်းလှဲ၏။ ဦးခေါင်းဖြင့်လည်း ခြိမ်းခြောက်၏။ နားရွက်များဖြင့်လည်း ကာကွယ်၏။ အစွယ်များဖြင့်လည်း ထိုးဆွ၏။ အမြီးဖြင့်လည်း ရိုက်ပုတ်၏။ ဤသို့ ရှိသမျှ ကိုယ်အင်္ဂါ အစိတ်အပိုင်းများက အလုပ်လုပ်ကြပါလျက် နှာမောင်းကိုကား ပါးစပ်ထဲထည့်၍ ငုံထားပါလျှင်ဤ တိုက်ဆင်ကြီးသည် သက်စွန့်ကြိုးပမ်း မတိုက်သေးဟု ဆိုရ၏။ အကယ်၍ နှာမောင်းကပါ တိုက်ပွဲဝင်ရာ ပါလာလျှင်ကား သက်စွန့်ကြိုးပမ်း တိုက်ခိုက်ပြီဟု ဆိုနိုင်၏။ နှာမောင်းကိုမှ ထိမည် ခိုက်မည် မကြောက်တော့သော တိုက်ဆင်ကြီးအဖို့ မလုပ်ဝံ့ မကိုင်ဝံ့သော ကိစ္စဟူ၍ မရှိနိုင်တော့ပေ။

"ထို့အတူသာပင် သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူအား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍ မရှိတော့ပေ။ ထို့ကြောင့် ဤသာသနာတော်တွင်း ဝယ် ရယ်မောပြောင်လှောင်သော သဘောဖြင့်ပင် မုသားစကား မပြောကြားမိအောင် စောင့်စည်းပါလော့"

ပရိယာယ်မပါ၊ မာယာမနှော ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆုံးမတော်မူပြီးနောက် ဆက်လက်၍–

"ရာဟုလာ၊ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်များကို လုပ်မည်ပြုသော အခါ၌ဖြစ်စေ၊ လုပ်နေဆဲမှာဖြစ်စေ၊ လုပ်ပြီးသောအခါမှာဖြစ်စေ ဤသို့စဉ်းစားဆင်ခြင်အပ်၏။ ဤငါ၏ အမှုသည် မိမိကိုယ်တိုင် ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော။ သူတစ်ပါး ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော။ မိမိ သူတစ်ပါး နှစ်ပါးစုံ ဆင်းရဲပင်ပန်းခြင်းငှာ ဖြစ်လေသလော။ ဤသို့ စဉ်းစားဆင်ခြင်၍ ဆင်းရဲစေကြောင်း မကောင်းသောအမှု ဖြစ်နေလျှင် ထိုအမှုကို တဇွတ်ထိုးစိတ်ဖြင့် မပြုလုပ်ပါလင့်။

"မိမိ သူတစ်ပါး နှစ်ပါးလုံးအား မပင်ပန်း မဆင်းရဲစေကြောင်း ကောင်းသော အမှု ဖြစ်ပါက ထိုအမှုမျိုးကိုသာ နေ့ရော ညပါ ကျင့်သုံး၍ နေပါလော့၊ ကောင်းမြတ် သော အမှုများကို ပြုလျက် နှစ်သက်ဝမ်းသာ ပျော်ပျော်ကြီးနေပါလော့ ရာဟုလာ"

အသိနှင့် ယှဉ်သော အကျင့်များဖြင့် ဘုရားသားတော် ပီသစေရန် ဟောကြားတော်မူသော ဒေသနာတော်များပင် ဖြစ်ပေသည်၊

(မရှိမပဏ္ဍာသာ၊ အမွလဋ္ဌိက ရာဟုလောဝါဒသုတ်
ပါဠိတော်နှင့် အဌကထာ)

http://www.dhammadownload.com

ထို့ပြင် သားတော်ရာဟုလာ သာသနာ့ဘောင်မှာ စိတ်နှလုံး တုံးတုံးချကာ နေထိုင်ရေးအတွက် မကြာခဏ ဟောကြားတော်မူခဲ့ရသော ဒေသနာတော်များလည်း ရှိပေသေးသည်။

* ကာမဂုဏ်ဟု၊ အာရုံငါးသွယ်
တပ်မက်ဖွယ်ကို၊ မတွယ်မကပ်
စိတ်ကိုဖြတ်၍၊ လူ့ဇာတ်ကိုခွာ
မြတ်သဒ္ဓါဖြင့်၊ ဤမှာဘဝ
ပစ္စက္ခတွင်၊ ဒုက္ခဆုံးရန်
စိတ်ရည်သန်လော့။ ။

* မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်
ဆရာမြတ်ကို၊ ဆည်းကပ်ရိုသေ
နေထိုင်ရန်မူ၊ လူသံမနှော
လူတောမထူ၊ ရိပ်ဌာနမ်းမြေ
တောခလေ့ဖြင့်၊ မွေ့မွေ့ပျော်စံ
ချင့်ချိန်ဉာဏ်ဖြင့်၊ သင့်ရုံမျှသာ
စားသောက်ရာ၏။ ။

* စားရေး ဝတ်ရေး၊ နေထိုင်ရေးနှင့်
ဆေးဝါးခေါင်းပါး၊ ပစ္စည်းများကို
ဘုရားတို့ထုံး၊ စိတ်နှလုံးဖြင့်
သုံးရုံသုံးပါ၊ မစွဲလာနှင့်
တဏှာရှေ့သွား၊ ခြေလှမ်းမှား၍
ပေါက်ပွားလာရ၊ လူ့လောကကို
ဤမျှနှင့်တန်၊ တစ်ဖန် ထပ်ကျော့
ဝင်မဆော့နှင့်၊ သော့သော့လျင်စွာ
ဝေးဝေးခွာလော့။ ။

ရင်အုပ်မကွာ ဆုံးမ၍ လာတော်မူခဲ့သော ဒေသနာတော်အချို့အဝက် ဖြစ်ပေသည်။

(သုဏ္ဏနိပါတ်၊ ရာဟုလာသုတ်)

http://www.dhammadownload.com

ဘုရားကိုယ်တော်မြတ် ဆုံးမတော်မူသည့်အတိုင်း ဤလူ့လောကကြီးထဲသို့ ရာဟုလာ ရောက်လာရသည်မှာ တဏှာရှေ့သွား ခြေလှမ်းမှား၍ပင် ဖြစ်သည်။ စမ်းတဝါးဝါးဖြင့် ရောက်လာရသော ရာဟုလာသည် သာမန် ကလေးငယ် တစ်ယောက်မျှသာ ဖြစ်၏။ သို့ရာတွင် သူ့ခမည်းတော်က ဤလောက မြေမဟီဝယ် သမ္မာသမ္ဗုဒ္ဓဟူသော ဘွဲ့တော်ကြီးဖြင့် တရားစည်မောင်း ရိုက်ညောင်းတော်မူခဲ့သော အခါမှာကား ဘုရားသားတော် ရာဟုလာဟူ၍ မျက်နှာပွင့်လန်း၍ လာခဲ့၏။

ထုံးတမ်းစဉ်လာ ဓမ္မတာအရ သူတို့နှစ်ဦးကို သားအဖဟုကား ဆိုရပါ၏။ သို့သော် ကျွန်ုပ်တို့ သာသနာ့မျက်စိနှင့် ကြည့်လျှင်ကား သျှောင်ထုံးကလေးနှင့် ရာဟုလာသည် ဘုရားရှင်နှင့် ဘာဆိုဘာမျှ မတော်သေးပါ။ သာသနာတော် တွင်းသို့ ရှင်သာမဏေအဖြစ်ဖြင့် ဝင်ရောက်လာခါမှ သားအဖ တော်စပ်လာကြ ပေသည်။

⁂

http://www.dhammadownload.com

ကောသလမင်းကြီး၏ သဒ္ဓါတရား

ငွေလဝန်းကြီး၏ ထံတော်ပါးက အရောင်အဝါတောက်ပသော ကြယ်တာရာကြီးများကို တော်တော်နုံအောင် တင်ပြခဲ့ပါပြီ။ ဤကြယ်တာရာများနည်းတူ တောက်ပလင်းထိန်သော အခြား ကြယ်တာရာများလည်း ရှိပါသေးသည်။ သို့ရာတွင် ထိုကြယ်တာရာကြီးများကို နောက်အခန်းများအတွက် ချန်ထားကာ သာသနာ့အကျိုးဆောင် လူပုဂ္ဂိုလ်ကြီးများကို ကြွားဦးမည်။

ပဿေနဒီကောသလမင်းကြီးသည် ရာဟုလာ၏ ဘဝတစ်ကွေ့ဝယ် အထောက်အကူပြုခဲ့သူဖြစ်၍ သားတော်ရာဟုလာအခန်းနှင့် တစ်ဆက်တည်း သူ့အကြောင်းကို တင်ပြလိုက်ရပေသည်။

"အရှင်ဘုရား၊ ဆိတ်ငြိမ်ရာ၌ တစ်ယောက်တည်း ကိန်းအောင်းစဉ်တွင် တပည့်တော် ဤသို့ စဉ်းစားမိပါသည်။ မည်သူသည် မိမိကိုချစ်၍ မည်သူသည် မိမိကိုယ်ကို မုန်းသနည်းဟု သုံးသပ်မိပါသည်။ ဤတွင် ကာယ၊ ဝစီ၊ မနောတို့ဖြင့် ဒုစရိုက်ပြစ်မှု ကျူးလွန်သူတို့သည် မိမိကိုယ်ကို မုန်းနေကြောင်း အဖြေပေါ်လာပါသည်။ သူတို့ကတော့ မိမိကိုယ်ကို ချစ်၍သာ ပြစ်မှု ကျူးလွန်ရပါသည်ဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။ အမှန်ကား ချစ်၍ မဟုတ်ပါ။ မုန်းသူတစ်ယောက်က မုန်းသူတစ်ယောက်ကို အကျိုးယုတ်အောင် ပြုကျင့်သကဲ့သို့ မိမိ အကျိုးယုတ်အောင် မိမိကိုယ်တိုင် ပြုသောကြောင့် မိမိကိုယ်ကို မုန်းရာရောက်ပါသည်။

"အရှင်ဘုရား၊ ကာယ၊ ဝစီ၊ မနောတို့ဖြင့်ကုသိုလ်ကောင်းမှုပြုသူများသည်ကား မိမိကိုယ်ကို ချစ်နေသူများ ဖြစ်ကြပါသည်။ သူတို့က သူတစ်ပါးလောက် မိမိကိုယ်ကို မချစ်၍ ကုသိုလ်ကောင်းမှု ပြုပါသည်ဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။ အမှန်မှာကား သူတစ်ပါးလောက် မိမိကိုယ်ကို မချစ်၍ မဟုတ်ပါ။ ချစ်သောသူတစ်ယောက်က ချစ်သောသူတစ်ယောက်ကို ကောင်းကျိုးဆောင်သကဲ့သို့ မိမိကောင်းကျိုးရှိအောင် မိမိကိုယ်တိုင် ဆောင်ရွက်သောကြောင့် သူတစ်ပါးထက် မိမိကိုယ်ကို ချစ်ရာရောက်ပါသည် ဘုရား"

http://www.dhammadownload.com

ရှေ့တော်မှောက်မှာ လျှောက်ထားခဲ့သော ပဿေနဒိ ကောသလမင်းကြီး၏ စကားများ ဖြစ်ပါ၏။ တရားလမ်းကြောင်းနှင့် ပတ်သက်၍ သူလက်လှမ်းမီသမျှ လျှောက်ထားခဲ့ခြင်း ဖြစ်ပေသည်။

(ကောသလသံယုတ်၊ ဝိယသုတ်)

"အရှင်ဘုရား၊ ဤလူ့ဘောင်လောကဝယ် စည်းစိမ်ချမ်းသာ ကြီးကျယ်စွာ ခံစားရပြီးနောက် မမေ့လျော့သူ၊ ကာမဂုဏ်အာရုံ မခုံမင်သူ၊ သူတစ်ပါးအပေါ် မတရားမှု မပြုကျင့်သူဟူ၍ အင်မတန် နည်းပါးလှပါသည်။

"စည်းစိမ်ချမ်းသာ ကြီးကျယ်စွာ ခံစားရပြီးနောက် မေ့လျော့သွားသူ၊ ရလေလိုလေ အိုတစ္ဆေဟု ဆိုရလောက်အောင် ကာမဂုဏ်အာရုံကို ရွေးကထက် ခုံမင်လာသူ၊ သူတစ်ပါးအပေါ် မတရားပြုကျင့်သူတွေကသာ ပေါများနေကြပါသည် ဘုရား"

ဤသို့လည်း ရဲဖန်ရဲခါ လောကသဘော၊ လူ့သဘောကို နှိုးနှောဖလှယ် တတ်ပါသေးသည်။

(ကောသလသံယုတ်၊ အပ္ပကသုတ်)

"အရှင်ဘုရား၊ ထူးမြတ်သော နန်းပြာသာဒ်ထက်မှာ မလွိကာ မိဖုရားကြီးကို 'မိမိကိုယ်ထက် ပို၍ ချစ်သောသူ ရှိပါသလား'ဟု တပည့်တော် မေးခဲ့ပါသည်။ ဤတွင် မလွိကာက မိမိကိုယ်ထက် ပို၍ ချစ်သောသူ မရှိပါ'ဟု လျှောက်ထားခဲ့ပါသည်။

"မလွိကာ၏ လျှောက်ထားချက်ကြောင့် တပည့်တော်၏ စိတ်ထဲမှာ မျက်ခနဲ ဖြစ်လိုက်မိပါသည်။ သို့ရာတွင် မလွိကာက တပည့်တော်နည်းတူ ပြန်မေးသည်တွင်ကား ထိုစိတ်ဝေဒနာ သက်သာ၍ သွားပါတော့သည်။ 'မလွိကာ မိမိကိုယ်ထက် ပို၍ချစ်သောသူမရှိပါ'ဟု ဟုတ်တိုင်းမှန်စွာပင် အဖြေပေးလိုက်ရပါသည်"

ဤသို့လည်း ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဖွင့်အံ့ လာတတ်ပေသေးသည်။

(ကောသလသံယုတ်၊ မလွိကာသုတ်)

ဤသို့အားဖြင့် ကိုယ့်စိတ်ထဲမှာ ရှိလေသမျှ ရင်းနှီးပွင့်လင်းစွာ လျှောက်လာခဲ့သော ပဿေနဒိ ကောသလမင်းကြီးသည် ဦးစွာပထမဘုရားရှင်နှင့် တွေ့ဆုံခဲ့စဉ်ကမူ ရှိခိုးဦးတင်ပြုခဲ့သူပင် မဟုတ်ပေ။ သူနှင့်ခင်မင်ရင်းနှီးသော အနာထပိဏ်သူဌေးနှင့်အတူ ကျောင်းတော်သို့ လိုက်ပါလာကာ နှုတ်ဆက်ရုံမျှသာ နှုတ်ဆက်လျက်–

"အရှင် ဂေါတမသည်လည်း အတုမရှိ မြင့်မြတ်လှစွာသော သမ္မာသမ္ဗောဓိ ဉာဏ်ကို ရခဲ့ပြီ ဟူ၍ ဝန်ခံပါသလော"ဟု လျှောက်ထားခဲ့၏။ သာသနာ့ပြင်ပက

http://www.dhammadownload.com

ပုဂ္ဂိုလ်များ ခေါ်သကဲ့သို့ပင် ဘုရားရှင်၏ အနွယ်တော်ဖြင့် ခေါ်ဝေါ်ခဲ့သည်ကို ကျွန်ုပ် သတိပြုလိုက်မိပေသည်။

ဤတွင် ဘုရားရှင်က

"မင်းကြီး၊ အတုမရှိ မြင့်မြတ်လှစွာသော သမ္မာသမ္ဗောဓိဉာဏ်ကို ရသော သူဟူ၍ ဟုတ်တိုင်းမှန်စွာပြောဆိုပါလျှင် ငါ ဘုရားကိုသာ ပြောဆိုရန် ရှိပေသည်"ဟု ပြတ်သားစွာ ဖြေတော်မူလိုက်၏။

ဖြေကြားသူဘက်က ပြတ်သားသည်ကဟုတ်ပါ၏။ မေးမြန်းသူကား ထိုအဖြေကြောင့် ပိုမို၍ တွေဝေသွားပုံရပေသည်။ သူ့စိတ်ထဲမှာ နှိုင်းစရာ ယှဉ်စရာတွေ ရှိနေ၍ပင် ဖြစ်ပါလိမ့်မည်။

"အရှင်ဂေါတမ၊ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယ ဗေလဋ္ဌပုတ္တ၊ ပကုဒ္ဓကစ္စာယန၊ အဇိတကေသကမ္ဗလဟူ၍ ဆရာကြီးခြောက်ဦးတို့ ရှိကြပါသည်။ သူတို့သည် ဗြာဟ္မဏမျိုးနွယ်မှ မွေးဖွား၍ ရဟန်းပြုလာကြပါသည်။ မြောက်မြားလှစွာသော တပည့် ပရိသတ်တို့ကိုလည်း နည်းပေးလမ်းညွှန် ပြုနေကြပါသည်။ ထင်ရှား ကျော်ကြား၍ ဂုဏ်သတင်းကြီးမားကြပါသည်။ ကိုယ်ပိုင် အယူဝါဒများကို တီထွင်ကြ၍ လူများစွာတို့က သူတော်သူမြတ်များဟု အသိအမှတ်ပြုခံရသူများ ဖြစ်ကြပါသည်။ အသက်ရော သိက္ခာပါကြီးရင့်ပြီးဖြစ်သော ထိုဆရာကြီးများကပင်လျှင် တပည့်တော်က တိုက်ရိုက်တွေ့ဆုံ၍ မေးသောအခါ အရှင်ဂေါတမကဲ့သို့ ဝန်မခံခဲ့ကြပေ။ အရှင်ဂေါတမမှာကား အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်ပါသေးသည်။ ရဟန်းပြုလာသော သိက္ခာဝါလည်း နုပါသေးသည်တကား"

အသက်သိက္ခာနှင့် အရိုန်အဝါကို အရည်အချင်းထက်ပို၍ လေးစားတတ်သော လူ့သဘောပင် ဖြစ်ပေသည်။

လူထဲက လူတစ်ယောက်အဖြစ်ဖြင့် သံသယဝင်နေသော ဘုရင်ကြီးအား လူတို့ထက် မြင့်မြတ်တော်မူသော မြတ်စွာဘုရားက ဆက်လက်၍ မိန့်တော်မူရပေသည်။

"မင်းကြီး၊ မင်းမျိုးမင်းနွယ်ကို ငယ်သည်ဟူ၍ မခန့်လေးစား မဆက်ဆံရာ။ နှိုင့်ထက်ကလူ မပြုရာ။ အကယ်၍ ပြုခဲ့မိပါလျှင် ထိုသူ မင်းဖြစ်လာသောအခါ ကြီးစွာသော ရာဇဒဏ်ဖြင့် လက်စားချေခြင်း ခံရတတ်၏။

"မင်းကြီး၊ မြွေကို ငယ်သည်ဟူ၍ မခန့်လေးစား မပြုရာ။ မြွေငယ်ငယ်ကလေးက ကိုက်သော်လည်း သေတတ်သည်သာ ဖြစ်၏။

http://www.dhammadownload.com

"မင်းကြီး၊ မီးကို အနည်းငယ်မျှသာဟူ၍ မခန့်လေးစား မပြုရာ။ လောင်စာနှင့် အရန်သင့်တွေ့လျှင် မဖြစ်စလောက်သော မီးပွားကလေးက မီးပုံကြီးဖြစ်လာတတ်၏။

"မင်းကြီး၊ သီလရှိသော ရဟန်းကို ငယ်သည်ဟူ၍ မခန့်လေးစား မဆက်ဆံရာ။ နိုင့်ထက်ကလူ မပြုရာ။ သားမယားမရှိ၊ ပစ္စည်းဥစ္စာမရှိ၊ ကိလေသာအရင်းအမြစ်များကို ပယ်နုတ်ကာ အတွယ်အတာမရှိသော ပုဂ္ဂိုလ်တို့ဖြစ်၍ ရှိသေလေးစားထိုက်ပေသည်"

အသက်သိက္ခာ ငယ်သော်ငြားလည်း အရည်အချင်းကြီးမားလျှင် လေးစားထိုက်ကြောင်း မိန့်တော်မူလိုရင်း ဖြစ်ပေသည်။ ထင်သာ မြင်သာသော လောကဥပမာများကြောင့် ပဿေနဒီကောသလမင်းကြီး အားရကျေနပ်ကာ သာဝကတစ်ဦးအဖြစ် ခံယူသွားခဲ့ပေသည်။

(ကောသလသံယုတ်၊ ဒဟရသုတ်)

သာဝကအဖြစ်ကို ခံယူပြီးနောက် ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ ကျောင်းတစ်ဆောင် ကုသိုလ်ပါဝင်ခဲ့၏။ အဓိကကျောင်းကြီးလေးဆောင်တွင် သလဋ္ဌာဂါရ ကျောင်းကြီးမှာ မင်းကြီး၏ ကောင်းမှု ဖြစ်ပေသည်။ ကျောင်းဒါယကာဖြစ်ရာမှ တစ်စတစ်စ ဘုရားရှင်နှင့် ရင်းနှီးလာကာ အကြောင်းအရာများကို ဆွေးနွေးလျှောက်ထားခဲ့၏။ ဘုရားရှင်၏ အရှိန်၊ ကျောင်းတော်၏ အရှိန်ဖြင့် ရောက်လာသည့်အခါတိုင်းမှာ စိတ်နှလုံးချမ်းမြေ့စွာ ရှိခဲ့ပေသည်။

သို့ရာတွင် တစ်ခါတစ်ခေါက် ရောက်လာစဉ်မှာကား အဆင်မပြေသော ဖြစ်ရပ်တစ်ခု ကြုံတွေ့လာခဲ့ရ၏။ ကောသလမင်းကြီးသည် လူကောင်ဝသည်နှင့်အမျှ အစားကြီးလှ၏။ အစားကြီးသည်နှင့်အမျှ လူကောင် ဝလှ၏။ အစားနှင့်အဝလိုက်တမ်းပြေးတမ်း ကစားရာတွင် ဆန်တစ်စိတ်ချက် ကုန်သည့်အဆင့်ထိ ရောက်လာ၏။ သူ၏ ဝမ်းဗိုက်ကြီးမှာလည်း မြင်မကောင်းကြည့်မကောင်းလောက်အောင် ဖောင်းစူလာ၏။ ထို့ပြင် ရေချိုးသောအခါတွင် ဖောင်းစူနေသော ဗိုက်ကြီးမှ ပတ်ပတ်လည်း အတွန့်အခေါက်များ တက်လာ၍ မြောင်းသဖွယ်ဖြစ်ကာ ရေများပင် တင်နေသည်ဟူ၏။

အစားကြီးတာ ရှိပါစေတော့။ အစာကျေညက်ပြီးသည့် အချိန်မှာ ရောက်လာလျှင် တော်ပါသေး၏။ သို့သော် ထိုနေ့က သူရောက်လာချိန်မှာ ညနေစာ စားပြီးချိန်ဖြစ်၏။ သူ့စိတ်ထဲမှာ လျှောက်ထားချင်သော အချက်ကလေးပေါ်လာ၍ ကျောင်းတော်သို့ လာခဲ့သော်လည်း ရှေ့တော်ရောက်လျှင်ကား သူဟန်မဆောင်နိုင်တော့ပေ။ ထမင်းဆိပ်တက်ကာ တသမ်းသမ်း တဝေဝေ ရှိနေသည့်

http://www.dhammadownload.com

အထဲ အဝအပြစ်းထားသော ဗိုက်ကြီးကလည်း တမှောင့် ဖြစ်နေ၏။ ဘုရားရှင့် ရှေ့တော်မှာဖြစ်၍ ဒူးချထိုင်လိုက်ရာတွင် ဗိုက်နှင့် ပေါင်နှင့်ထိကာ မသက်မသာ ဖြစ်နေ၏။

ဤတွင် ဘုရားရှင်က-

"အစား စားရာ၊ သတိပါ၊ တိုင်းတာသိတတ်စေ"

"ကျန်းမာ ချမ်းသာ သက်ရှည်ကြာ၊ အိုနာနောက်ကျပေ"

ပြုပြင်ရေး တရားတစ်ပုဒ်ကို မှတ်သားလွယ်အောင် ဆောင်ပုဒ်ပြုလုပ်၍ ဟောတော်မူရ၏။

ကောသလမင်းကြီး ကျောင်းတော်လာတိုင်း သုဒဿနမည်သော လုလင်လိုက်ပါနေကျဖြစ်၏။ မင်းကြီးသည် ဤမျှတိုတောင်းသော ဆောင်ပုဒ်ကိုပင် မကျက်မမှတ်နိုင်တော့ပြီမို့ သုဒဿနကို အရယူခဲ့ဖို့မှာကာ နန်းတော်သို့ပြန်သွား၏။

နောက်တစ်နေ့ ညနေစာ ပွဲတော်တည်ချိန်တွင် တာဝန်ပေးချက်အရ သုဒဿနလုလင်သည် အနားမှာ စောင့်လျက်ရှိ၏။ အစားမက်လှသော ဘုရင်ကြီးအား ဆောင်ပုဒ်ရွတ်၍ သတိပေးရန်ဖြစ်၏။ သို့သော် စားလျှင်စားခြင်းကား မရွတ်သေးပါ။ စားနေကျအတိုင်းစား၍ ကုန်ခါနီးကျမှ သတိပေးရ၏။ ဘုရားရှင်ကိုယ်တော်တိုင်က ရွတ်ရမည့်အချိန်အခါကို ညွှန်ပြပေးလိုက်သော ဆောင်ပုဒ်ကို ကြားနာလိုက်ရသည်နှင့် မင်းကြီးလည်း အာသာမပြေသေး၍ လှမ်းလင့်နေသော လက်ကို ရုပ်သိမ်း လိုက်ရပေသည်။

နောက်တစ်နေ့ ရောက်သောအခါ သည်ကနေ့ စားသမျှသာပြင်ဆင်ကာ ဆောင်ပုဒ်ကို ရွတ်ရပြန်၏။ မင်းကြီးကလည်း ဩဝါဒတော်ကို ရိုသေသောအားဖြင့် လက်ရုပ်ရပြန်၏။ ဤသို့ တစ်စထက် တစ်စ လျော့ချလာခဲ့ရာ တစ်ပြည်ချက်မျှ ဖြင့် တင်းတိမ်လာနိုင်၏။

အစား လျော့လိုက်သည်နှင့်အမျှ မင်းကြီး၏ ဗိုက်ကြီးလည်း လျော့ကျလာကာ ကြည့်ပျော်ရှုပျော် ဖြစ်လာ၏။ သွားလာ လှုပ်ရှားရ လွယ်ကူလာ၏။ ရှေ့တော်မှောက်မှာ သက်သောင့်သက်သာ ထိုင်နိုင်လာ၏။ မသမ်းမဝေဘဲ အချိန်ကြာကြာ ထိုင်၍ဆွေးနွေးနိုင်လာ၏။ ဘုရားရှင် အဆုံးအမတော်ဖြင့် လက်ငင်း လက်တွေ့ အကျိုးထူးခံစားရပြီဖြစ်သော ကောသလမင်းကြီးသည် မိမိ၏ ကိုယ်ခန္ဓာကို အားပါးတရ ပွတ်သပ်ကာ-

"ဘုန်းတော်ကြီးသော ဘုရားရှင်သည် ပြုပြင်ရေးနှင့် သိမြင်ရေးဟူသော အကျိုးစီးပွားနှစ်ခုလုံးဖြင့် ချီးမြှောက်တော်မူပါပေသည် တကား" ဟု အားရဝမ်းသာ ကြွေးကြော်ခဲ့ပေသည်။

(ကောသလသံယုတ်၊ ဒေဝဟပါကသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

http://www.dhammadownload.com

အစားလျော့၍ ဗိုက်လျော့သွားပြီဖြစ်သော ကောသလမင်းကြီးသည် စစ်ပွဲများကြဲလျှင် သူကိုယ်တိုင်ဦးစီး၍ တိုက်ခိုက်လာနိုင်သည့် အဆင့်ထိ ရောက်လာခဲ့၏။ တစ်နေ့တွင် မင်းကြီးသည် စစ်ပွဲတစ်ခုကို အောင်မြင်စွာဆင်နွှဲပြီး နန်းတော်သို့ တိုက်ရိုက်မပြန်သေးဘဲ ကျောင်းတော်သို့ ဝင်လာ၏။ သူဝင်လာချိန်သည် ဆွမ်းစားပြီးစဖြစ်၍ ဘုရားရှင်သည် ဂန္ဓကုဋီ ကျောင်းတံခါးကိုပိတ်၍ သက်သောင့်သက်သာ လျောင်းစက်နေခိုက် ဖြစ်၏။

ဝင်ရခက် ပြန်ရခက်ဖြစ်နေသော မင်းကြီးသည် ကျွန်ုပ်ထံသို့ အကူအညီတောင်းလာသဖြင့် ဘုရားရှင်ထံ ဝင်ရောက်နိုင်မည့် နည်းလမ်းများကို ညွှန်ကြားလိုက်ကြရ၏။

ကျွန်ုပ်တို့ ညွှန်ကြားသည့်အတိုင်း ကောသလမင်းကြီးသည် ဂန္ဓကုဋီကျောင်းတော် ဆင်ဝင်သို့ခြေဖော့နင်း၍ ဝင်ကာ တံခါးရွက်ကို အသာအယာခေါက်လိုက်၏။ တံခါးပွင့်သွားလျှင် မင်းကြီးသည် ခြေတော်အစုံ ကြာပဒုံတွင် ခေါင်းဖြင့် တိုးဝှေ့လျက် ခြေချောင်းကလေးများကို နမ်းစုတ်၏။ လက်များဖြင့်လည်း မြတ်နိုးစွာ ပွတ်သပ်၏။

"မင်းကြီး၊ အဘယ်သို့သော အကျိုးကျေးဇူးကို တွေ့မြင်ရ၍ ဤကိုယ်ခန္ဓာပေါ်မှာ ဤမျှလောက် ထူးထူးကဲကဲ ရိုသေလေးစားမှုပြုနေရပါသနည်း။ ချစ်ခင်မြတ်နိုးမှု ပြုနေရပါသနည်း"

ကောသလမင်းကြီး၏ သဒ္ဓါကြည်ညိုစိတ်များကို ငြိမ်သက်စွာခံယူရင်း ဘုရားရှင် မေးတော်မူလိုက်ရာ–

"အရှင်ဘုရား၊ ဘုရားရှင်သည် လူများစွာတို့၏ အကျိုးစီးပွား တိုးပွားစေရန် ဆောင်ရွက်တော်မူပါ၏။ လူများစွာတို့၏ ချမ်းသာသုခ ပြန့်ပြောစေရန် ဆောင်ရွက်တော်မူပါ၏။ လူများစွာတို့ကို ကောင်းမှုကုသိုလ်ဖြင့် မွေ့လျော်စွာတည်နေကြရန် ဟောကြားတော်မူပါ၏။ ဤသို့သော အကျိုးကျေးဇူးများကို တပည့်တော်ကိုယ်တိုင် တွေ့မြင်ရ၍ ဤမျှလောက် ထူးထူးကဲကဲ ရိုသေလေးစားမှု ပြုရပါသည် ဘုရား။ ချစ်ခင်မြတ်နိုးမှု ပြုရပါသည် ဘုရား"

ကောသလမင်းကြီးက အားပါးတရ လျှောက်ထားလိုက်၏။ ထိုအကျိုးကျေးဇူးများတွင် ဘုရားရှင်၏ ဩဝါဒဖြင့် ပေါ့ပေါ့ပါးပါးဖြစ်လာသော သူ့ခန္ဓာကိုယ်လည်း အပါအဝင် ဖြစ်ပေလိမ့်မည်။

(အဝိဒ္ဒူရ၊ ဒဿကနိပါတ်၊ ဒုတိယကောသလသုတ်)

\+ \+ \+

http://www.dhammadownload.com

ကျွန်ုပ်၏ သူငယ်ချင်း

ကောသလမင်းကြီးကဲ့သို့ပင် ဘုရားရှင်နှင့် ပထမဆုံးတွေ့စဉ်က ပေါ့ပေါ့ဆဆ သဘောထားခဲ့သူကား မလွမင်းသား ရောဇ ဖြစ်ပါ၏။ ကျွန်ုပ်၏ သူငယ်ချင်း ရောဇအကြောင်းကို ဤမှတ်တမ်း အစပိုင်းမှာ အရိပ်အမြွက်မျှ တင်ပြခဲ့ဖူးပါသည်။ လူ့ဘဝကတည်းက သူငယ်ချင်းရင်းချာ ဖြစ်ခဲ့သော ရောဇသည် ကျွန်ုပ် ရဟန်းပြုလာချိန်မှာလည်း အကျွမ်းတဝင် ခင်မင်ခဲ့ပေသည်။

ဤသို့ခင်မင်ခြင်းမှာ ပုဂ္ဂိုလ်ရေးရာအရသာ ဖြစ်၏။ အေးအတူပူအမျှ ပေါင်းသင်းဆက်ဆံလာခဲ့ကြသော ငယ်သူငယ်ချင်းအဖြစ်ဖြင့် ခင်မင်နေခြင်းသာ ဖြစ်၏။ စည်းစိမ်ဥစ္စာနှင့် တန်ခိုးအာဏာတို့ကိုသာ ဘဝ၏ ပန်းတုံးတိုင်အဖြစ် သတ်မှတ်ထားသော ရောဇသည် ကျွန်ုပ်တို့ သာသနာတော်ကြီးကို စိတ်ဝင်စားမှု မရှိသေးပါ။ တကယ်တော့ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်ပင် သူတို့နေရာ ကုသိနာရုံမြို့သို့ မရောက်သေးပါ။ ဘုရားရှင် မရောက်သေးသဖြင့် သူ့ဆီကို ကျွန်ုပ် ရဟန်းဝတ်နှင့် မရောက်ရသေးပါ။ သူ့ဆီက ပါးလိုက်သော စာများအရ လောကီရေးဘက်ကိုသာ အားသန်နေမှန်း သိထားသဖြင့် သွားလိုစိတ် မထက်သန်လှ၍လည်း ဖြစ်ပါသည်။

ဇေတဝန်ကျောင်းတော်မှာ တစ်ထောက်နားစဉ်တွင် သူ့ဆီက စာတစ်စောင် ရောက်လာပြန်ပါသည်။ မတွေ့မမြင်ရတာ ကြာပြီဖြစ်၍ တွေ့ချင်မြင်ချင်ရုံမျှမက အရေးကြီးလှသော ကိစ္စတစ်ခုကိုပါ သူငယ်ချင်းချင်း ခေါင်းချင်းဆိုင် တိုင်ပင်လို ပါကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားပေသည်။

ယခင်စာများတုန်းက ဘာသိဘာသာနေနိုင်ခဲ့သော်လည်း ယခုစာကိုကား မနေနိုင်တော့ပါ။ အရေးကြီးလှသော ကိစ္စတစ်ခုကို သူငယ်ချင်းချင်း တိုင်ပင်ချင်ပါသည်ဟူသော အကြောင်းပြချက်က ကျွန်ုပ် စိတ်နလုံးကို အရအမိ ဆုပ်ကိုင်လိုက်ပါပြီ။ ဘဝတစ်သက်တာအတွက် ရည်မှန်းချက်ချင်း မတူကြသော်ငြားလည်း သူငယ်ချင်းသည် သူငယ်ချင်းသာ ဖြစ်ပေသည်။ သူငယ်ချင်းအဖြစ်ဖြင့် အေးအတူပူအမျှ ဆက်ဆံလာခဲ့ကြသော မေတ္တာဓာတ်များသည် ယခုထိ ရှင်သန်နေဆဲ ဖြစ်ပေသည်။ ဘဝချင်း ခြားပါလျက် နေရာဌာန ဝေးကွာပါလျက် နှစ်ဦးသော ပုဂ္ဂိုလ်တို့ကို တစ်ခဲနက် ပေါင်းစပ်ထားနိုင်သော စွမ်းအင်မှာ မေတ္တာဓာတ်ပင် မဟုတ်ပါလော။

မေတ္တာဓာတ်၏ ရိုက်ခတ်မှုဖြင့် ကျွန်ုပ်သည် ဘုရားရှင်ထံ ဝင်လာခဲ့၏။ သူငယ်ချင်း၏ အမှာစာအရ ကုသိနာရုံသို့ သွားလိုပါကြောင်း လျှောက်ထား၏။ ဘုရားရှင်သည် သိမ်မွေ့သော အပြုံးတစ်မျိုးဖြင့် ကျွန်ုပ်အား သွားခွင့်ပြုတော်မူပေသည်။

http://www.dhammadownload.com

လမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်သည် ပြိုးမြမြမျက်နှာတော်ကို မကြာမကြာ မြင်ယောင်လာရ၏။ တစ်နေရာရာမှာ ဘုရားရှင် ပြိုးတော်မူလျှင် ပြိုးရခြင်း၏ အကြောင်းကို ကျွန်ုပ်က နှုတ်မဆိုင်းဘဲ မေးလျှောက်နေကျဖြစ်၏။ သည်တစ်ခါမှာကား ကျွန်ုပ် အားစေးထည့်ထားသလို နှုတ်ဆိတ်လျက် ထွက်လာမိ၏။ ဇေတဝန်ကျောင်းတော်နှင့် ဝေးလာခါမှ ပြိုးရခြင်း၏ အကြောင်းရင်းကို သိချင်မြင်ချင်စိတ် ပြင်းပြလာရ၏။

ရောဇ၏ စာထဲမှာ အရေးကြီးလှသော ကိစ္စဟု ပါခဲ့၏။ ထိုကိစ္စသည် တစ်စုံတစ်ခုသော သံဝေဂဖြင့် ကျွန်ုပ်နှင့်အတူ သာသနာ့အရိပ်ကို ခိုလှုံခြင်းလည်း ဖြစ်နိုင်၏။ သာသနာတော်ကြီးနှင့် ပတ်သက်၍ သိချင် ကြားချင်သော အချက်အလက်များလည်း ရှိနိုင်၏။ ဤအခြေအနေများသည် သာသနာတော်ကြီးအတွက် အားတက်စရာများ ဖြစ်ပါ၏။ သို့ပါလျက် ဘုရားရှင်ဘာကြောင့်များ ပြိုးတော်မူခဲ့ရပါသနည်း။

အတွေးနှင့် ဖြေရှင်း၍ မရနိုင်ခဲ့သောဤပြဿနာသည် အတွေ့နှင့်ကျခါမှ သူ့အလိုလို ပြေရှင်း၍သွားပါတော့သည်။ ထိုအခါ အပြုံးနောက်မှာ အပြုံးများ ဆင့်လာရပေါ်တော့သည်။

ကျွန်ုပ်က အရေးကြီးလှသော ကိစ္စကို ကိုယ့်ဘက်သို့ယက်၍ တွေးတောသလိုပင် သူငယ်ချင်း ရောဇကလည်း သူ့ဘက်က သူ့အမြင်ဖြင့် အရေးကြီးနေခြင်းသာ ဖြစ်ပေသည်။

ခင်မင်လှသော သူငယ်ချင်းနှစ်ယောက်မှာ တစ်ဦးက ဖန်ရည်ဆိုးသော သင်္ကန်းဝါဝါနှင့်။ တစ်ယောက်က ဖြူနီကြောင်ကျား အဝတ်များနှင့်။ တစ်ယောက်က ကိုယ့်ရုပ် ကိုယ့်ရွာမှာ အခြေတကျ။ တစ်ဦးသူကား ခြေသလုံးအိမ်တိုင်။ ဤသို့ဘဝချင်း ကွာခြားနေကြသော သူငယ်ချင်းနှစ်ဦးကို ရောဇက တစ်ခါတည်း ပေါင်းစပ်လိုက်ချင်၏။ ငယ်ရွယ်စဉ် ဟိုယခင်ကအတိုင်း ပြောမနာ ဆိုမနာဘဝဖြင့် နေထိုင်ချင်လှပါ၏။ နှစ်ပေါင်းများစွာ တောင့်တလာခဲ့လေသမျှကို ယနေ့တော့ အကောင်အထည် ဖော်လိုက်ပေပြီ။

"အရှင်ဘုရား၊ တပည့်တော်မှာ ချမ်းသာလေသမျှ သက်ရှိ သက်မဲ့ ဥစ္စာရတနာစုကို ကြည့်ရှုတော်မူပါ။ ဤဥစ္စာရတနာစုကို တပည့်တော်တို့ သူငယ်ချင်းနှစ်ဦးပိုင် အဖြစ်ဖြင့် ယနေ့မှစ၍ တပည့်တော် သတ်မှတ်လိုက်ပါပြီ။ ရှိရှိသမျှသော ဥစ္စာရတနာစုကို အညီအမျှခွဲယူ၍ တပည့်တော်တို့နည်းတူခံစားတော်မူပါ ဘုရား"

သူငယ်ချင်းရောဇ၏ အရေးကြီးလှသော ကိစ္စမှာ ကျွန်ုပ်အဖို့ အပြုံးဆေးတစ်ခွက်မျှသာ ဖြစ်ရပေသည်။

(ဒုကနိပါတ်ဇာတ် အဋ္ဌကထာ၊ ဝဏ္ဏနဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု)

http://www.dhammadownload.com

ဤရွေ့ဤမျှ သာသနာတော်နှင့် အလှမ်းဝေးလှသော ရောဇသည် သူတို့မြို့သို့ ဘုရားရှင် ကြွတော်မူသောအခါမှာကား တခမ်းတနား ကြိုဆိုဖော်ရပါပေသည်။ မြို့သူမြို့သားအားလုံး၏ ရှေ့ဆုံးမှာနေကာ အတက်ကြွဆုံး ကြိုဆိုသူလည်း ဖြစ်နေပေသည်။

ကျွန်ုပ်၏ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်က ယခုလို တက်တက်ကြွကြွ ကြိုဆိုဖော်ရသဖြင့် ကျွန်ုပ် ဝမ်းသာလှပါ၏။ သိတင်းသုံးဖော်များ အလယ်မှာ မျက်နှာပွင့်လန်းလှပါ၏။ ဘုရားရှင်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ရသေးသော်လည်း ကျွန်ုပ် အဟောအပြော ကောင်းသဖြင့် စိတ်ထားပြောင်းသွားခြင်း ဖြစ်မည်ဟု သိတင်းသုံးဖော်များက ထင်ကြေးပေးကြ၏။ သူတို့ ထင်ကြေးပေးကြလွန်း၍ ကျွန်ုပ် ကိုယ်တိုင်ပင် သူတို့ဘက်သို့ ပါချင်ချင် ဖြစ်လာမိ၏။ သို့သော် ဘုရားရှင် ရှေ့မှာသာ ဤအကြောင်းကို လျှောက်ထားလိုက်မိလျှင် အပြုံးခံရမည် မလွဲပါ-တည်း။

"သူငယ်ချင်း ရောဇ၊ ဘုရားရှင်ကို ကြိုဆိုသော အခမ်းအနားများက သိုက်မြိုက်လွန်းလှပါကလား"

ကြိုခန်း ဆိုခန်းများပြီး၍ ကျွန်ုပ်ထံ ရောက်လာသော သူငယ်ချင်းကို အားရဝမ်းသာ မေးလိုက်ရာ-

"သိုက်မြိုက်ရသည့်အကြောင်းက သည်လိုရှိပါသည် ဘုရား။ အမှန်အားဖြင့် တပည့်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုလှသည် မဟုတ်ပါ။ ဆွေမျိုးသားချင်းများကို မလွန်ဆန်၍သာ ကြိုဆိုရပါသည်။ ဘုရားရှင်ကို မကြိုဆိုလျှင် ဒဏ်ငွေငါးရာ တပ်စတမ်းဟု ကတိပြုထားကြသောကြောင့်သာ ဖြစ်ပါသည် ဘုရား"

သူငယ်ချင်းရင်းချာဖြစ်၍ ပွင့်ပွင့်လင်းလင်းလျှောက်ထားလိုက်သည် မှန်ပါ၏။ သို့ရာတွင် သည်စကားများကို ကြားလိုက်ရသော ကျွန်ုပ်မှာကား စိတ်မချမ်းမြေ့ပါ။ အရင်းချာဆုံးဖြစ်သော သူငယ်ချင်းတစ်ယောက်က သာသနာတော်ကြီးတစ်ရပ်လုံးကို ပစ်ပစ်ခါခါ ပြောရက်လေခြင်း၊ ကျွန်ုပ် မျက်နှာကိုမှ မထောက်ထားလေခြင်းဟု ယူကျုံးမရ စိတ်ဒုက္ခများ ဖိစီးလာကြ၏။

ကိုယ့်ထင်ချက်နှင့် ဝေးကွာလွန်းလှသော သူငယ်ချင်းအတွက် ဖိစီးလာကြသော ဤစိတ်ဒုက္ခများသည် သူငယ်ချင်းတို့၏ ချစ်ခြင်းမေတ္တာကိုကား ဟန့်တားနိုင်စွမ်း မရှိကြပါ။ ထိုမေတ္တာစွမ်းအားဖြင့် အချစ်ဆုံး သူငယ်ချင်း တစ်ယောက်ကို သာသနာတော်ကြီးနှင့် ရင်းနှီးအောင် လုပ်ယူရပါမည်။ ဤကိစ္စမှာ ကျွန်ုပ်၏ စွမ်းအားသက်သက်ဖြင့် လုံလောက်မည် မဟုတ်၍ ကျွန်ုပ်ထက် အဆတစ်ရာမက သာသော ဘုရားရှင်ထံ ချဉ်းကပ်ရပေသည်။

http://www.dhammadownload.com

"အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်း ရောဇသည် ထင်ရှားကျော်ကြား သော မလ္လမင်းသားတစ်ပါး ဖြစ်ပါသည်။ ဤသာသနာတော်၌ ဤလိုပုဂ္ဂိုလ်မျိုး သက်ဝင်ယုံကြည်လာလျှင် အကျိုးကျေးဇူးရှိပါသည်။ သို့ဖြစ်၍ ဤသာသနာတော်သို့ ရောဇ သက်ဝင်ယုံကြည်လာအောင် ပြုတော်မူပါ ဘုရား"

"အာနန္ဒာ၊ ဤကိစ္စအတွက် ငါ ဘုရားမှာ အခက်အခဲမရှိပေ"

ကျွန်ုပ်၏ လျှောက်တင်ချက်ကို လက်ခံတော်မူသဖြင့် ကျွန်ုပ်လည်းကျောင်း ခန်းထဲမှ ထွက်လာခဲ့၏။ တံခါးများကို အသာအယာ ပြန်စေ့ထားလိုက်၏။ ကျွန်ုပ် ထွက်လာပြီး သိပ်မကြာလိုက်ပါဘူး။ သာသနာတော်ကြီးတစ်ရပ်လုံးကို ပစ်ပစ်ခါခါ ပြောရက်ခဲ့သော ရောဇသည် ကျောင်းတော်သို့ သုတ်သုတ်ပျာပျာ ရောက်လာ၏။ သုတ်သုတ်ပျာပျာဖြင့် တွေ့သမျှ ကျောင်းများကို ဝင်ကြည့်လာ၏။

"အရှင်ဘုရား၊ ဘုရားရှင်ကို တပည့်တော် ဖူးချင်လှပါသည်။ ယခု ဘုရားရှင် ဘယ်မှာ ရှိတော်မူပါသလဲ"

တွေ့သမျှ ရဟန်းများကိုလည်း တမေးတည်း မေးလာ၏။ သူ့ခမျာနွားမကြီး ပျောက်၍ လိုက်ရှာနေသော နွားကလေးကဲ့သို့ ဖြစ်နေရှာပေသည်။ ဘာဝနာ အားကောင်းလွန်းလှသော ဘုရားရှင်၏ မေတ္တာဓာတ်များသည် သူ့ တစ်ကိုယ်လုံးကို စိုးမိုးလွှမ်းခြုံလာကြပေပြီတည်း။

ကျွန်ုပ်၏ တစ်သက်တာတွင် အားအရဆုံး၊ အကျေနပ်ဆုံး၊ အကြည်ညိုဆုံး သော တန်ခိုးပြာဋိဟာ တစ်ခုပင် ဖြစ်ပေသည်။

"ဒါယကာ ရောဇ၊ တံခါးပိတ်ထားသော ဤကျောင်းတွင် ဘုရားရှင် ရှိတော်မူပေသည်။ ဆင်ဝင်အောက်သို့ ခြေသံမကြားအောင် လျှောက်သွားကာ တံခါးကို ညင်ညင်သာသာ ခေါက်လိုက်ပါ။ သင့်ကို ဘုရားရှင်က ဝင်ခွင့်ပြုတော် မူပါလိမ့်မည်"

အနီးဆုံးကျောင်းရှိ ရဟန်းတစ်ပါးက ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံး ကာ ရောဇသည် ဘုရားရှင်ခြေတော်ရင်းသို့ ဝင်ရောက်ခွင့် ရသွား၏။ သည်တုန်းက ကျွန်ုပ်သည် ဘုရားရှင်အတွက် ချိုးရေ စီမံနေခိုက်ဖြစ်၍ အဝေးမှသာလျှင် လှမ်းကြည့်နေရ၏။ ချိုးရေများ ပြည့်စုံစေပြီး၍ ကျောင်းတော်ထဲ ဝင်လာသည် တွင်ကား

"အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို တပည့်တော်ထံမှသာ အရှင်မြတ်တို့ အလှူခံစေချင် ပါသည်။ တခြားသူများထံမှာ အလှူမခံစေချင်ပါ ဘုရား"

ထက်သန်လှသော သဒ္ဓါတရားဖြင့် လျှောက်ထားနေသည်ကို တွေ့ရ၏။ သူ့မျက်နှာ အမူအရာကို ကြည့်လိုက်သောအခါ ဝါကြွား ပလွားလိုသော အရိပ်

http://www.dhammadownload.com

အရောင်ကို မတွေ့ရပေ။ ဟောကြားတော်မူသော တရားတော်ကို အစဉ်လျှောက်လျက် အရိယာဉာဏ် အမြင်မှန်ရနေပြီဖြစ်ကြောင်း ကျွန်ုပ် ရိပ်စားမိပေသည်။

"ရောဇ၊ ကျင့်သုံးမှုလမ်း မဆုံးသေးသော အရိယာဉာဏ် ရပြီးသူတိုင်းသည် သင်ကဲ့သို့ပင် လျှောက်ထားလိုကြသည်သာ ဖြစ်၏။ သူတစ်ပါးထံမှ အလှူမခံစေချင်ကြပေ။ သိုဖြစ်၍ သင့်ထံမှလည်း အလှူခံကြပေလိမ့်မည်။ တခြားသူများထံမှလည်း အလှူခံကြပေလိမ့်မည်"

ထက်သန်လှသော သဒ္ဓါတရားကို မတိမ်းစောင်းရအောင် ပဲ့ကိုင် ထိန်းကျောင်း၍ ပေးတော်မူလိုက်ပေသည်။

ဘုရားရှင် မိန့်တော်မူသည့်အတိုင်းပင် ကုသိနာရုံ မြို့သူမြို့သား တို့သည် အလှည့်ကျဖြင့် ဆွမ်းကျွေးလျက်ရှိကြ၏။ ကောင်းမွန် မြိန်မြတ်သော ဆွမ်းခဲဖွယ်များ များစုံအောင် စီမံဆက်ကပ်နေကြ၏။ သူများတွေက အားပါးတရ ကျွေးမွေးနေကြစဉ် တွင် နောက်ကျမှ စာရင်းသွင်းလာရသော ရောဇမှာကား အလှည့်ကျလာမည့်နေ့ကို စောင့်ရဆဲဖြစ်၏။ စောစောစီးစီး အလှည့်တောင်းထားသူတွေက များပြားလှသဖြင့် ဘယ်ရက်မှာ အလှည့်လာမည်ဟုပင် မခန့်မှန်းနိုင်သေးပေ။ သို့နှင့် ရောဇသည် ဆွမ်းကျွေးရာသို့ လာ၍ ကြည့်၏။ ဆွမ်းခဲဖွယ်များတွင် အလှည့်မကျသေးလျှင် အခြားစားသောက်ဖွယ် တစ်မျိုးမျိုးဖြင့် ကြားဝင်နိုင်ရန် ဖြစ်၏။ သူ မျှော်လင့်ထားသည့်အတိုင်းလည်း တွေ့ရသဖြင့် ရောဇသည် ကျွန်ုပ်ထံ ချဉ်းကပ်လာကာ–

"အရှင်ဘုရား၊ ဤဆွမ်းစားကျောင်းမှာ တပည့်တော် လျှောက်ကြည့်ရာတွင် ကောင်းနိုးရာရာ စီမံထားသော ခဲဖွယ်ဘောဇဉ် အမျိုးမျိုးကို တွေ့ရပါသည်။ သို့ရာတွင် ထိုခဲဖွယ် ဘောဇဉ်များထဲမှာ ဟင်းရွက်သုပ်နှင့် မုန့်ခဲဖွယ်ကိုကား မတွေ့ရသေးပါ။ ဤအစားအစာနှစ်မျိုးကို စီမံ၍ ဆက်ကပ်ပါလျှင် ဘုရားရှင် အလှူခံပါမည်လား ဘုရား"

"ရောဇ၊ ဤအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားလိုက်ပါဦးမည်"

ကျွန်ုပ် အရေးမပိုင်သော ကိစ္စဖြစ်၍ ဤမျှသာ ပြောဆို၍ ဘုရားရှင်ထံ လျှောက်ထားရာ အပြစ်မရှိသော အစားအစာဖြစ်၍ ခွင့်ပြုမိန့်ကျလာပေသည်။

(ဝိနည်းမဟာဝဂ်၊ ဘေသဇ္ဇခန္ဓက၊ ရောဇမလ္လဝတ္ထု)

ကျွန်ုပ်၏ သူငယ်ချင်းကို အကြောင်းပြုကာ ကျွန်ုပ်၏ သိတင်းသုံးဖော်များ စားခွင့်ရသော အစားအစာ နှစ်မျိုးနှင့် ဆက်စပ်ကာ နောက်ထပ်ရလာသော အခွင့်များကို တင်ပြဦးမည်။

ကုသိနာရုံမှာ ရှိနေသည့်အခိုက် ရောဇသည် ရောင်းရေးဝယ်တာ ကိစ္စဖြင့် ခရီးထွက်ရန် ရှိလာသဖြင့် ခေါမတိုင်းဖြစ် အထည်စများကို ကျွန်ုပ်ထံ အပ်နှံထားခဲ့၏။

http://www.dhammadownload.com

သူ့အိမ်မှာ စိတ်မချ၍ မဟုတ်ပါ။ ကျွန်ုပ် အလိုရှိလျှင် အလွယ်တကူ အသုံးပြုနိုင်ရန် အပ်နှံထားခဲ့ခြင်းသာ ဖြစ်ပေသည်။

အပ်နှံစဉ်က သာမန်မျှသာ သဘောထား၍ လက်ခံခဲ့၏။ ယခု ဤအထည်စများဖြင့် သင်္ကန်းချုပ်ရန် စိတ်ကူးပေါ်လာသည်တွင်ကား သာမန်သဘောမျှဖြင့် မလုံလောက်သေးသည်ကို တွေ့ရ၏။ ဤအထည်များကို အပ်နှံထားခဲ့သော ရောဇသည် ကျွန်ုပ်၏ သူငယ်ချင်းရင်းချာဖြစ်၏။ ရှိရှိသမျှ စည်းစိမ်များကိုပင် တစ်ဝက်ခွဲ၍ ပေးဖူးသည်ဖြစ်၍ ဤအထည်လောက်ကိုဖြင့် ထည့်၍ တွက်လိမ့်မည်ပင် မထင်။ ကျွန်ုပ် အသုံးပြုလိုလျှင် ပြုနိုင်ပါသည် ဟူ၍လည်း မှာကြားခဲ့သေး၏။ သို့ရာတွင် "ပေးပါ၏၊ ယူပါ၏" ဟု တရားဝင်နှုတ်မြွက်ကာ အပေးအယူလုပ်မထားရသေးသဖြင့် တကယ်တမ်း သုံးကြစို့ဆိုတော့ မဝံ့မရဲ ဖြစ်လာရ၏။

ကိုယ့်ဘာသာကိုယ် မဆုံးဖြတ်တတ်သော ဤကိစ္စကို ဘုရားရှင်ထံတင်ပြရာတွင်–

"ရဟန်းတို့၊ တွေ့ဖူးမြင်ဖူးသော သူငယ်ချင်း မိတ်ဆွေလည်း ဖြစ်၏။ အတူတကွ စားသောက်နေထိုင်ဖူးသော သူငယ်ချင်း မိတ်ဆွေလည်း ဖြစ်၏။ အလိုရှိလျှင် အသုံးပြုပါဟူ၍ နှုတ်မြွက်ဖူးသည်လည်းဖြစ်၏။ ဥစ္စာရှင်သည်လည်း အသက်ရှင်နေဆဲဖြစ်၏။ ငါယူလျှင် ဥစ္စာရှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည်ဟူ၍ စိတ်ချယုံကြည်ရသူလည်း ဖြစ်၏။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အကျွမ်းဝင်၍ ယူခွင့်ကို ငါဘုရား ခွင့်ပြုတော်မူ၏"

အဲကျွမ်းဝင်သူ အချင်းချင်း၏ ပစ္စည်းရေးကိစ္စတွင် စိတ်အနှောင့်အယှက် ဖြစ်စရာ ရှိသမျှကို ပယ်ဖျက်ပေးလိုက်သော အမိန့်တော်ကြီးပင် ဖြစ်ပေသည်။

(ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဝိဿာသဂ္ဂါဟကထာ)

**

http://www.dhammadownload.com

ဆွေမျိုးရင်းချာ ဆေးဆရာ

ကျွန်ုပ်၏ စိတ်နှလုံးကို ပြုံးရွှင်နှစ်သိမ့်စေတတ်သော ဂုဏ်တော်အပေါင်းတွင် ယထာဝါဒီ တထာဂတရှိ ဂုဏ်တော်လည်း အပါအဝင်ဖြစ်၏။ နောင်တော်မြတ်၏ ထူးမြတ်သော ဂုဏ်တော်တစ်ပါးလည်း ဖြစ်၏။ အပြုနှင့် အပြော၊ အပြောနှင့် အပြု နှစ်ခုလုံး ညီညွတ်သည်၊ ကိုက်ညီသည်ဟု အဓိပ္ပာယ်ရပေသည်။

ရဟန်းပရိသတ်အား ကရုဏာတရားပွားများရန် ဟောကြားတော်မူခဲ့သော ဘုရားရှင်သည် ကိုယ်တော်တိုင်လည်း မွန်မြတ်သော မဟာကရုဏာဖြင့် ပြုစုတော်မူခဲ့ပေသည်။ တပည့်ပရိသတ်အားလုံးအတွက် မြင့်မြတ်သော စံနမူနာအဖြစ် ပြုတော်မူခဲ့သော ဓာတ်လမ်းတစ်ပုဒ်ကို ယခု တင်ပြလိုပါသည်။

မည်သည့်အရပ်ဌာနသို့ ရောက်သည်ဖြစ်စေ တစ်ရက်လျှင် နှစ်ကြိမ် သုံးကြိမ် ကျောင်းစဉ်လှည့်ခြင်းမှာ ကျွန်ုပ်၏ ဝတ္တရားတစ်ခု ဖြစ်၏။ ရဟန်းတို့၏ မသင့်လျော်သော အမူကိစ္စများ တွေ့ရလျှင် အချိန်မီ ပြုပြင်နိုင်ရေးအတွက် ရွေးနားတော်ကြား လျှောက်ထားနိုင်ရန်ဖြစ်ပေသည်။ အမှတ်တရဖြစ်ခဲ့သော ထိုနေ့မှာကား ကျွန်ုပ်ရှေ့တွင် ဘုရားရှင်ကိုယ်တော်တိုင် ပါလာခဲ့ပေသည်။

အစွန်အဖျားက ကျောင်းကလေတစ်ဆောင်နား ရောက်သော် ပုပ်ဟောင်ဟောင် အနံ့များရသဖြင့် ကျွန်ုပ်တို့ ခြေလှမ်းများ တန့်သွားကြ၏။ အနံ့အသက်ဆိုးရွားလှသော ကျောင်းကလေးထဲသို့ ဘုရားရှင် လှမ်းဝင်တော်မူသဖြင့် ကျွန်ုပ်လည်း ကပ်လျက်ပါသွား၏။ ကျောင်းကလေးထဲက မြေကြီးပေါ်မှာကား ဝမ်းရောဂါခံစားနေရသော ရဟန်းတစ်ပါးကို တွေ့ကြရပေသည်။

ရောဂါသည်ရဟန်း၏ အညစ်အကြေးများသည် သူ့နားမှာပင် ဗွက်ကြမ်းနေကြ၏။ သည်အထဲမှာပင် သူ့ဝေဒနာဖြင့် လူးလိမ့်နေရှာ၏။ သူ့ကို ပြုစုသုတ်သင်သူထား၍ ရေတစ်ခွက်မျှ ပေးမည့်သူ ရှိဟန်မတူပါ။

http://www.dhammadownload.com

"အာနန္ဒာ၊ ရေသွား၍ ခပ်ချေ။ ဤရဟန်းကို ရေချိုးပေးကြမှ ဖြစ်မည်"

"ကောင်းပါပြီ အရှင်ဘုရား"

အမိန့်တော်အရ ကျွန်ုပ်သည် ရေတစ်အိုးကို ထမ်းလာခဲ့ရ၏။ ရောဂါသည် ရဟန်းကို အညစ်အကြေးလွတ်ရာသို့ ပွေ့ချီကာ တိုင်တစ်လုံးမှာ မှီလျက်ထိုင်နိုင်ရန် ဆောင်ရွက်ပေးရ၏။ ထို့နောက် ဘုရားရှင်က ခေါင်းပေါ်မှ ရေများလောင်းပေးကာ ကျွန်ုပ်က သူ့ခန္ဓာကိုယ်မှ အညစ်အကြေးများကို သုတ်သင်ရှင်းလင်းကာ သူ့သင်္ကန်းများကိုလည်း လူသူလွတ်ရာ သွား၍ လျှော်ရန် အထုပ်ထုပ်၍ ထားလိုက်ရ၏။

ရေမိုးချိုးပြီးသော ရဟန်းကို သင်္ကန်းသစ်များ စည်းပေးပြီးနောက် ကျွန်ုပ်တို့သည် သူ့ခုတင်ပေါ် တင်ပေးကြ၏။ ဘုရားရှင်က ခေါင်းပိုင်းမှ မတော်မူ၏။ ကျွန်ုပ်ကား ခြေထောက်နှစ်ချောင်းကို ဆွဲလာရ၏။

ထိုနေ့က သံဃာ့အစည်းအဝေးတွင် ဘုရားရှင်ကိုယ်တော်တိုင် ထိုရဟန်း၏ ကိစ္စကို တင်ပြတော်မူပေသည်။

"ရဟန်းတို့၊ အစွန်အဖျားက ကျောင်းကလေးဝယ် ဝမ်းရောဂါခံစားနေရသော ရဟန်းတစ်ပါးကို သိကြပါသလား"

"သိကြပါသည် အရှင်ဘုရား"

"သူ့မှာ ပြုစုလုပ်ကျွေးသူ ရှိပါသလား"

"တစ်စုံတစ်ယောက်မျှ မရှိပါ ဘုရား"

"အဘယ့်ကြောင့် မရှိပါသနည်း"

"သူက မည်သူ့ကိုမျှ ပြုစုလုပ်ကျွေးခြင်း မရှိသောကြောင့် ဖြစ်ပါသည် ဘုရား"

"ရဟန်းတို့၊ သင်တို့ မမာမကျန်းရှိသောအခါ ပြုစုလုပ်ကျွေးမည့် မိခင်လည်း မရှိပေ။ ဖခင်လည်း မရှိပေ။ သို့ဖြစ်လျှင် သင်တို့အချင်းချင်း မပြုစုလျှင် မည်သူကလာ၍ ပြုစုပါမည်နည်း။

"ရဟန်းတို့၊ ငါဘုရားကို ပြုစုလိုသောသူသည် ဂိလာန ရဟန်းကို ပြုစုလော့"

သာသနာတော်ကြီး၏ သက်တမ်းကို နှစ်ပေါင်း ထောင်ပေါင်းများစွာ တိုးမြှင့်ပေးလိုက်သော ဩဝါဒ မိန့်ခွန်းတော်ကြီးတစ်ခုပင် ဖြစ်ပေသည်။ သာသနာတော်ကြီး တည်နေသည်နှင့်အမျှ လူတိုင်း လူတိုင်း ဘုရားရှင်ကို ပြုစုခွင့်ရကြရန် ခွင့်ပြုတော်မူလိုက်ခြင်း ဖြစ်ပေသည်။

ဂိလာနပုဂ္ဂိုလ်များကို ကရုဏာသန့်သန့်ဖြင့် ပြုစုလုပ်ကျွေးသောသူသည် ဘုရားရှင်၏အဆုံးအမကို လိုက်နာပြုကျင့်ခြင်းပင် ဖြစ်၏။ ဘုရားရှင်၏ အဆုံးအမကို

http://www.dhammadownload.com

လိုက်နာပြုကျင့်ခြင်းသည် ဘုရားရှင်အား ကိုယ်တိုင် ကိုယ်ကြပ် ပြုစုရသည်နှင့်မခြား ကုသိုလ်တရားပွားများနိုင်ပေသည်။

(ဝိနည်း၊ မဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဂိလာနဝတ္ထုပါဠိတော်နှင့် အဋ္ဌကထာ)

မှန်ပါသည်။ ဇာတိရပ်ရွာကို စွန့်ခွာ၍ မြို့တကာ၊ ရွာတကာ၊ တောတကာ၊ တောင်တကာ လှည့်လည်နေကြရသော ကျွန်ုပ်တို့အဖို့ သားချင်းဆွေမျိုးဟူ၍ ထာဝစဉ် ရှိမနေနိုင်ပါ။ သို့ဖြစ်၍ ကိုယ့်ရဟန်း သံဃာအချင်းချင်းကိုသာ မိသားစုသဖွယ် သဘောထားကြရ၏။ ကပ်ရောက်လာသော ရောဂါ ဝေဒနာတို့အတွက် ဘုရားရှင် ခွင့်ပြုတော်မူထားသော ဆေးဝါးများကို ရှာဖွေကာ ရဟန်းအချင်းချင်း ဆေးဆရာလုပ်၍ ကုသကြရ၏။

ဤသို့ ကိုယ့်အချင်းချင်း ဆွေမျိုးပြုနေကြသော ကျွန်ုပ်တို့အတွက် တက္ကသိုလ်ပြည်မှ ပြန်ရောက်လာသော ဆရာဇီဝကသည် ရဟန်းသံဃာ မဟုတ်သော ဆွေမျိုးတစ်ယောက်ဖြစ်လာပါ၏။

ဇာတိရပ်ထံဖြစ်သော ရာဇဂြိဟ်သို့ ပြန်ရောက်လာသည်နှင့် ဆရာဇီဝက၏ ဂုဏ်သတင်းများ တစ်ဟုန်ထိုး ပျံ့နှံ့လာ၏။ ဤသို့ပျံ့နှံ့လာခြင်းမှာ ဆေးကုကောင်းခြင်း တစ်ခုတည်းကြောင့် မဟုတ်ပါချေ။ မိဘသဖွယ်ကျေးမွေးပြုစုခဲ့ပေသော အဘယမင်းသား၏ ကျေးဇူးများကို ခရီးရောက်မဆိုက် တုံ့ပြန်ပေးဆပ်လိုက်ခြင်းလည်းပါဝင်ပေသည်။

တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးသည် ဇီဝကအပြန်တွင် စားရေရိက္ခာ အနည်းငယ်မျှသာပေးလိုက်၏။ မိမိ၏ အတတ်ပညာကို မိမိဘာသာ ရာနှုန်းပြည့် အသုံးချသွားနိုင်စေရန်ဖြစ်၏။ ဆရာကြီး ရည်ရွယ်ထားသည့်အတိုင်း ဇီဝက ကလည်း စွမ်းဆောင်နိုင်ပါ၏။ ခရီးကြားရှိ သာကေတမြို့တွင် သူဌေးကတော်ကြီး၏ နာတာရှည် ခေါင်းကိုက်ရောဂါကို ဆေးတစ်ခါထည့်ရုံဖြင့် ပျောက်အောင်ကုပေးခဲ့၏။

သူဌေးကတော်ကြီးသည် အင်မတန် စည်းကမ်းကြီးလှသည် ဆို၏။ တစ်စုံတစ်ခုသော ပစ္စည်းကိုမျှ အလဟဿ အဖြစ်မခံပေ။ မည်မျှ အဖိုးနည်းသော ပစ္စည်းဖြစ်စေ သူ့နေရာနှင့်သူ အသုံးချရမှ ကျေနပ်သူဖြစ်၏။ ခေါင်းကိုက်နာအတွက် ဆေးဝါး အဖုံဖုံနှင့် ရောစပ်ကာ နာခေါင်းမှ လောင်းထည့်သော ထောပတ်များကိုပင် ပါးစပ်မှ ပြန်ထွက်လာသောအခါ အခိုင်းအစေများက ဝါဂွမ်းများဖြင့် သုတ်ယူ၍ သိမ်းဆည်းထားကြရ၏။ အခိုင်းအစေများ ခြေထောက်နာလျှင် လိမ်းကျံရန်၊ မီးမွေးရာ၌ အသုံးပြုရန်ဟု ဆိုပေသည်။

ဤ၍ဤမျှ ဇယားကျလှသော သူဌေးကတော်ကြီးသည် ဆရာဇီဝကကိုကား ဆေးဖိုးဝါးခ ထိုက်ထိုက်တန်တန်ကြီး ပေးခဲ့ပါ၏။ သူဌေးကတော်ကြီး တစ်ဦးတည်း ကပင် ငွေလေးထောင် ပေးခဲ့၏။ ထို့နောက် သားက လေးထောင်၊ ချွေးမက

http://www.dhammadownload.com

လေးထောင်၊ သူဌေးကြီးကလည်း လေးထောင် ပေးခဲ့၏။ ဆရာဇီဝကသည် တစ်သောင်းခြောက်ထောင်သော ထိုဆေးဖိုးဝါးခများကို မွေးစားဖခင် အဘယမင်းသားအား တစ်ပြားမကျန် ပေးအပ်လိုက်ပေသည်။

အရွယ်ရောက်ချိန်မှာ ဆေးပညာဖြင့် ဂုဏ်ရှိန်မြင့်လာခဲ့သော ဆရာဇီဝကသည် တကယ်တော့ ပြည့်တန်ဆာမ တစ်ယောက်၏ သားဖြစ်ပေသည်။ ပြည့်တန်ဆာဆိုသော်လည်း သာမန် ကြေးစားထဲက မဟုတ်ပါ။ မြို့ပြ ပြည်ရွာ၏ အဆင်းတန်ဆာဖြစ်စေရန် ဘုရင့်အမိန့်တော်ဖြင့် ခန့်အပ်ထားရသော ပြည့်တန်ဆာဖြစ်၏။ တစ်ညတာ ကာလအတွက် ငွေတစ်ရာနှုန်း သတ်မှတ်ထားပေသည်။

ပြည့်တန်ဆာမ သာလဝတီသည် ဇီဝက ကိုယ်ဝန်ရှိသောအခါ လူတွေ့မခံဘဲ နေကာ မွေးဖွားလာသည်နှင့် အမှိုက်ပုံထဲမှာ သွားပစ်စေ၏။

ကံအားလျော်စွာပင် အဘယမင်းသားသည် စောစောစီးစီးအပြင်ထွက်လာရာ ကျီးတသောသော ဝိုင်းအုံနေသော ကလေးငယ်ကိုတွေ့ရသဖြင့် ကောက်ယူကျွေးမွေးထား၏။ ထူးထူးခြားခြား ကျီးတွေကြားမှာ အသက်ရှင်လျက် တွေ့ရသဖြင့် သူ့ကို ဇီဝကဟု အမည်မှည့်ခဲ့ကြပေသည်။ အသက်ဘေးမှ ကယ်တင်ရုံမက လူလားမြောက်အောင် ပြုစုလာခဲ့သော မွေးစားဖခင်ကို ဤလို ကျေးဇူးဆပ်လိုက်ရသဖြင့် ကြားရသူတိုင်းက သာဓုနမော် ခေါ်ကြရပေသည်။

ဆရာဇီဝက ရောက်လာပြီမို့ ကျွန်ုပ်တို့သည် ဆေးဝါးကိစ္စအတွက် ဗျာမများရတော့ပေ။ သည်ရောဂါနှင့် သည်ဆေး တည့်မှ တည့်ပါလောဟု စမ်းတဝါးဝါးဖြစ်နေစရာ မလိုတော့ပေ။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အားလုံး၏ ကျန်းမာရေးကိစ္စများကို ဆရာဇီဝကက တာဝန်ယူထားလိုက်ပြီဖြစ်၏။ ဘုရားရှင့်အပေါ် ကြည်ညိုလှသော သဒ္ဓါတရားမှ ရဟန်း သံဃာအထိ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။

(ဝိနည်း မဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဇီဝကဝတ္ထု)

ဘုရား ဆွေမျိုး သံဃာ့ဆွေမျိုး ဖြစ်နေသော ဆရာဇီဝကသည် ဗိမ္ဗိသာရမင်းကြီးထံမှာလည်း အမှုထမ်းနေရ၏။ မင်းကြီးနှင့်တကွ တစ်နှန်းတော်လုံးရှိလူနာများကို ဆေးဝါးကုသပေးနေရ၏။ ထို့ကြောင့် ဇီဝကမှာ ပြင်ပလူနာများအတွက် အလှည့်မပေးသာအောင် ဖြစ်နေရပေသည်။

ထိုစဉ်က ရာဇဂြိုဟ်မြို့တော်တစ်ဝန်းတွင် ကုဋ္ဌနူနာရောဂါများ ဖြစ်ပွားလျက်ရှိ၏။ ပြည်တည်သောအနာ၊ ပွေးနာ၊ ယားနာ၊ ချောင်းခြောက်ရောဂါနှင့် ဝက်ရူးပြန်ရောဂါတို့သည်လည်း အနှံ့အပြားဖြစ်ပွားနေကြ၏။ ဆရာဇီဝကထံ ဆေးကုသခံနိုင်ရေးအတွက် အခက်တွေ့နေသော ထိုလူနာတို့သည် နောက်ဆုံးတွင် ရဟန်းဘောင်သို့ စုပြုံ ရောက်လာကြတော့၏။ လူ့ဘဝမှာတုန်းက ခက်ခဲလေသမျှ ဂီလာနရဟန်းဘဝဖြင့် ဆေးကုသခွင့်ရနိုင်ရန် ဖြစ်ပေသည်။

http://www.dhammadownload.com

သူတို့ဘက်က အဆင်ပြေသည်ကား ဟုတ်ပါ၏။ ဆရာဇီဝကဘက်မှာကား တာဝန် မသေးလှပေ။ ဂီလာနရဟန်းများကို ဆေးဝါးကုသရသည်ဆိုသော်လည်း ဆေးကုသရုံသက်သက်နှင့် မပြီးနိုင်ပါ။ ဂီလာနရဟန်းတို့နှင့် သင့်တင့်လျောက်ပတ်သော ဆွမ်းများ ဆက်ကပ်ရသေး၏။ သူနာပြုရဟန်းများကိုလည်း ဆွမ်းကပ်ရသေး၏။ အရေးပေါ်ရောက်လာသော ဂီလာနရဟန်းများမှာ သဒ္ဓါသမားများ မဟုတ်ကြသဖြင့် ရသမျှနှင့် မတင်းတိမ်နိုင်ကြ။ ဟိုဟာ သည်ဟာ ထွေထွေရာရာ အတောင်းအရမ်း ထူပြောလှ၏။ သူတို့တောင်းလေသမျှကို လောက်ငအောင် ဖန်တီးပေးနေရသဖြင့် တစ်နေ့မှာ ရွှေနန်းတော်ကြီး၏ သတိပေးခြင်း ခံလိုက်ရ၏။ ရွှေနန်းတော်သို့ တာဝန်ကျနေသော အချိန်မှာ မရောက်နိုင်ခြင်းကြောင့် ဖြစ်ပေသည်။

တာဝန်ပျက်ကွက်မိသဖြင့် ပထမဦးစွာ မင်း၏ အမျက်သင့် ခံလိုက်ရပေပြီ။ သိုသော် ဆရာဇီဝကအဖို့ ဤမျှဖြင့် စိတ်ပျက်စရာ မဟုတ်သေးပါ။ သည့်ထက်ပို၍ စိတ်ပျက်စရာ ရှိပါသေးသည်။ ယင်းမှာ အခြားမဟုတ်ပေ။ ဆရာဇီဝကထံ ဆေးကုသခံပြီးမှ လူထွက်သွားကြသော ပုဂ္ဂိုလ်များပါတည်း။

ထက်သန်လှသော စေတနာ သဒ္ဓါတရားကို အစော်ကားခံရပြီဖြစ်၍ ဆရာဇီဝကသည် ဤကိစ္စကို ဘုရားရှင့်ရှေ့တော်အရောက် ပို့လိုက်ရတော့၏။ အနာမျိုးငါးပါး ကပ်ရောက်လာသူများအား ရဟန်းခံမပေးရန် လျှောက်ထားရတော့၏။ ဘုရားရှင် ကလည်း ဆရာဇီဝက လျှောက်ထားချက်ကို လက်ခံတော်မူပေသည်။ ထို့ကြောင့် ရဟန်းလောင်းများအား ရဟန်းခံမပေးမီမှာ ဤသို့သော ရောဂါများ ရှိ မရှိ ကျွန်ုပ်တို့ စစ်ဆေး မေးမြန်းကြရခြင်း ဖြစ်ပေသည်။

(စီနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ပဉ္စာဗာဓဝတ္တု)

ဆရာဇီဝက၏ လျှောက်ထားချက်အရ ကျွန်ုပ်တို့ ရဟန်း သံဃာများမှာ အမြင်သန့်ရှင်းသွားကြ၏။ လူမသတီစရာဘဝမှ လွတ်မြောက်လာကြရ၏။ ထို့ပြင်ကြည့်မကောင်း၊ ရှုမကောင်းလောက်အောင် ဟောင်းနွမ်း စုတ်ပြတ်နေသော ပုံသကူသင်္ကန်းကြီးများမှ လွတ်မြောက်ခွင့် ရခြင်းမှာလည်း ဆရာဇီဝက၏ ကျေးဇူးပင် ဖြစ်သည်။

သာသနာတော်ကြီးအတွက် ဤသို့သော ကျေးဇူးကို ပြုနိုင်ရေးအတွက် ဆရာဇီဝကသည် သက်ဦးဆံဖျား စွန့်စားခဲ့ရ၏။ စဏ္ဍပဇ္ဇောတမင်း၏ ဓားသွားအောက်မှ လက်မတင်ကလေး လွတ်မြောက်ခဲ့ရ၏။

အမှန်အားဖြင့် ထိုမင်း၏ ဘွဲ့မည်ရင်းမှာ ပဇ္ဇောတမင်းသာ ဖြစ်၏။ ဒေါသမျက်မာန်ပြင်းထန်ကာကြမ်းကြမ်းတမ်းတမ်းပြုမူတတ်သဖြင့် ဘွဲ့မည်ရင်းရှေ့မှာ စဏ္ဍဟူသော ဝိသေသနပုဒ်တစ်ခု တိုးလာရ၏။ အဝန္တိတိုင်းကို အစိုးရသည်ဖြစ်၍

http://www.dhammadownload.com

ဥဒ္ဒေနိမြို့တော်မှာ နန်းစိုက်ထား၏။ ဥဒ္ဒေနိမြို့တော်သည် ရာဇဂြိုဟ်မြို့တော်နှင့် သံတမန်ဆက်ဆံမှု ကောင်းမွန်ခဲ့ပေသည်။

စဏ္ဍပဇ္ဇောတမင်းက သံတမန်များမှတစ်ဆင့် ဗိမ္ဗိသာရမင်းထံ အကူအညီတောင်းသဖြင့် ဆရာဇီဝကသည် ဥဒ္ဒေနိမြို့တော်သို့ လိုက်ပါသွားရ၏။ ဆေးဘက်ဆိုင်ရာ ပညာကုန်တတ်မြောက်ပြီးသော ဆရာဇီဝကအဖို့ ရောဂါမျိုးစုံကို တုန်လှုပ်ရန် မရှိပါ။ သို့သော် သည်မင်း၏ ရောဂါအတွက်ကား တွေးရခက်ခက် ဖြစ်နေရ၏။

ပဇ္ဇောတမင်း၏ ကိုယ်လက်မျက်နှာ အခြေအနေများကို အကဲခတ်လိုက်ရုံဖြင့် သူတို့ဘာသာ အမည်မဖော်တတ်သော ရောဂါကို ဆရာဇီဝက သိလိုက်၏။ ရောဂါသိမှတော့ ဆေးလည်းရှိပြီးပင် ဖြစ်၏။ သို့သော် ဤဆေးကို တိုက်ရန် အရေးကား ခက်ခဲလှချေ၏။

သည်ရောဂါကို ကုသရေးတွင် ထောပတ်သည် အဓိကဆေးဘက်ဖြစ်၏။ သို့သော် ရောဂါရှင်က ထောပတ်ကို လုံးဝမကြိုက်။ အနံ့ကိုမျှ မခံနိုင်။ ဆေးကုခြင်း ကုလျှင် ထောပတ်မပါသောဆေးကိုသာ တိုက်ပါဟု အတိအလင်းပြောထားပြီးလည်း ဖြစ်ပေသည်။ ဆရာဇီဝက မည်သို့ ဆောင်ရွက်ရပါမည်နည်း။

ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင်က တာဝန်ပေး စေလွှတ်လိုက်သည်ဖြစ်၍ သည်ရောဂါကို ပျောက်အောင် မကုဘဲရာဇဂြိုဟ်သို့ မပြန်ရဲပါ။ ရောဂါပျောက်အောင် ကုကြစို့ဆိုတော့လည်း ရောဂါရှင်က ဆေးကိုလက်မခံ။ ဤတွင် ဆရာဇီဝက အကြံထုတ်ရတော့၏။ အသက်ဘေးနှင့်နီးလှသော အကြံဖြစ်၍ သိုသိုသိပ်သိပ် စီမံခဲ့ရ၏။ ထို့နောက် ဆေးကို ရုတ်တရက်မပေးသေးဘဲ ပဇ္ဇောတမင်းကြီးထံ ကြိုကြိုတင်တင် ခွင့်ပန်ခဲ့ပေသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့ ဆေးသမားများမှာ လိုအပ်သော ဆေးဖက်ပစ္စည်းများကို နက္ခတ်သင့်ချိန်မှာ ရှာဖွေကြရပါသည်။ နက္ခတ်သင့်ချိန်တွင် အခက်အခဲမရှိ ဆေးရှာထွက်နိုင်ရန် နှစ်သက်ရာ ယာဉ်တစ်ခုခုကို အသုံးပြုခွင့် ရချင်ပါသည်။ တံခါးများကိုလည်း အတားအဆီးမရှိ ထွက်ဝင်ခွင့် ရချင်ပါသည်။ နက္ခတ်သင့်ချိန်ကလေးကို လက်မလွှတ်စေရန် ကြိုက်ရာအချိန်မှာ ထွက်ခွင့် ဝင်ခွင့် ရပါရစေ"

"ဇီဝက၊ သင်လိုသမျှ ရစေ။ ယူစေ။ ထောပတ်မပါသော ဆေးကိုသာ စီရင်လော့"

လာမည့်ဘေးများအတွက် ပြေးပေါက်များဆင်ထားပြီးနောက် ဇီဝကသည် ချက်ထားသောဆေးကိုတိုက်ခဲ့၏။ တိုက်ပြီး၍ မကြာမီမှာပင် ဘဒ္ဒဝတီကာဆင်မကို စီး၍ ထွက်ခွာလာခဲ့၏။ ပဇ္ဇောတမင်းကြီးဝိုင်လေသမျှ ဆင်များထဲမှာ ခြေအမြန်ဆုံး ဆင်ကို ရွေးချယ်လာခဲ့ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

ဒေါသကြီးသောမင်း၏ မားသွားအောက်မှ အလွတ်ပြေးလာခဲ့သော ဆရာဇီဝကသည် ခရီးအကြာ ကောသမ္ဗီမြို့မှာ တစ်ထောက်နား၏။ စခန်းတစ်နေရာတွင် အရန်သင့်ပါလာသော နံနက်စာကို စားသုံးနေ၏။ ထိုစဉ်ခိုက်မှာပင် ဘုရင့်ခြေမြန်တော်ကာကသည် ဇီဝကရှေ့မှောက်သို့ မားမားမတ်မတ်ကြီး ရပ်လာပေတော့သည်။ ဘီလူးနှင့်စပ်ကာမွှေးထားလေသလားဟု ဆိုရလောက်အောင် သန်မာထွားကျိုင်းလွန်းလှသော လူသန်ကြီးတစ်ယောက်ပါပေတည်း။ လူကြမ်းကြီးတစ်ယောက်ပါပေတည်း။

"ဆရာဇီဝက၊ ပဇ္ဇောတမင်းက သင့်ကို ပြန်ခေါ်ခဲ့ရန် စေလွှတ်လိုက်သည်"

ကာကက တိုတိုနှင့်လိုရင်းကို ပြောပြလိုက်၏။ သည့်ထက်ပို၍ ပြောစရာ မလိုပါ။ အရန်သင့်ကိုင်ထားပြီးသော မားထက်ထက်ကိုကြည့်ရုံနှင့် ရှေ့လာမည့် အလားအလာများကို ဆရာဇီဝက မြင်လိုက်ပါပြီ။

ဤအခြေအနေကို စောစောကပင် ဆရာဇီဝကတွက်ဆထားပြီး ဖြစ်၏။ ဆေးဖက်ပေါင်းများစွာဖြင့် အနုပ္ပြောင်းအောင် ဘယ်လောက်ပင်ချက်ထားထား၊ လေချဉ်တက်လာသောအခါမှာကား ထောပတ်သည် ဇာတိပြလာမည်သာ ဖြစ်၏။ ဤတွင် စဏ္ဍပဇ္ဇောတမင်းသည် နာမည်နှင့်လိုက်အောင် ထောင်းခနဲ ဒေါသထွက်လာမည် ဖြစ်၏။ ထို့ကြောင့်ပင် ကြိုကြိုတင်တင် အခွင့်အရေးတောင်းကာ ဘေးလွတ်ရာသို့ ထွက်ခွာလာခဲ့၏။ ထောပတ်နှင့်ပတ်သက်၍ အတွက်အချက်မှန်ခဲ့သော ဆရာဇီဝကသည် ခြေမြန်တော်ကြီး ကာကကိုကား သတိမထားခဲ့မိပေ။

သတိမထားမိခဲ့သော လူ့ဘီလူးကြီးသည် ယခုတော့ မားတစ်လက်နှင့် အပါခေါ်နေချေပြီ။ မလိုက်ဘူးဆိုလျှင်သည်နေရာမှာပင် နှစ်ပိုင်းပြတ်သွားမည် ဖြစ်၏။ လိုက်ပါသွားပြန်လျှင်လည်း အသက်ရှင်လမ်း မမြင်ပါချေ။

"သင်ခေါ်ရာ လိုက်ခဲ့ပါမည် ကာက။ ခဏလေး ဆိုင်းပါဘိ။ စားလက်စ ထမင်းကို ပြီးအောင် စားပါရစေ။ သည်မှာ ထမင်းဟင်းတွေ အများကြီးရှိပါသေး၏။ သင်လည်း ဆာရော့မည်။ ငါနှင့်အတူ စားပါတော့လော"

လွတ်လိုလွတ်ငြား နည်းလမ်းရှာရှင်းက သေမင်းတမန် ကာကကို ဖိတ်ခေါ်လိုက်၏။ ဖိတ်ခေါ်သည့်အတိုင်း ကာကသာ တကယ်ဝင်စားလျှင် ဆရာဇီဝက လွတ်လမ်းရှိပါ၏။ သို့ရာတွင် ဤအရေးကို စဏ္ဍပဇ္ဇောတမင်းက ပြေးမြင်ထားပြီး ဖြစ်ချေပြီ။

"သည်းခံပါ ဆရာဇီဝက။ ပဇ္ဇောတမင်းက ကျွန်ုပ်ကို အသေအချာ မှာလိုက်ပါသည်။ ဆရာ့ဆီက ကျွန်ုပ် ဘာတစ်ခုမျှ စားသောက်ခွင့် မရှိပါ"

လွတ်လမ်းတစ်ခုကား ပိတ်သွားပြန်ချေပြီ။ သို့သော် ဆရာဇီဝကကား ကျွန်ုပ်မပျက်သေးပါ။ ထမင်းများစားသောက်ပြီးနောက် သျှိသျှားသီးတစ်လုံးကို ရေတစ်ခွက်နှင့် ကိုက်စားကာ–

http://www.dhammadownload.com

"ကာက၊ အလျင်အမြန်လိုက်လာရသည့်အတွက် သင်မောလှပြီ။ ဆာလည်း ဆာလှရော့မည်။ ရော့ သည်ဟာလေးများကို အဆာပြေစားပါ"

စားလက်စ သျှိသျှားသီးနှင့် သောက်လက်စ ရေခွက်ကို ကမ်းလှမ်းလိုက်၏။ လူကြမ်းကြီး ကာကကလည်း ကမ်းလှမ်းလာသမျှကို လက်ခံစားသောက်လိုက်၏။ ဆရာဇဝကိုယ်တိုင် စားသောက်လက်စဖြစ်သော ဤအသီးနှင့် ဤရေတွင် တစ်စုံတစ်ရာ အန္တရာယ်မရှိနိုင်ဟု သူ့ခမျာ ယုံကြည်ရှာပေသည်။

ကာက၏ ဝမ်းခေါင်ကျယ်ကြီးထဲရောက်သွားသည်နှင့်တစ်ပြိုင်နက် သျှိသျှားသီးနှင့် ရေများက အစွမ်းပြကြတော့၏။ သို့သော် သူတို့ကိုယ်တိုင် စွမ်းကြသည်ကား မဟုတ်ပါ။ လက်သည်းဖျားမှ တစ်ဆင့် မသိမသာထိုးထည့်လိုက်သော ဆေးက အစွမ်းပြလိုက်ခြင်း ဖြစ်ပေသည်။

ဝမ်းတဝေါဝေါသွားနေသော ကာကကို ဆင်မနှင့်တကွ ထားခဲ့ပြီးနောက် ဆရာဇဝကသည် ရာဇဂြိုဟ်မြို့တော်သို့ ဘေးမသီ ရန်မခ ပြန်ရောက်လာခဲ့၏။ လေချဉ်တက်စဉ်က အမိအရ အဖမ်းခိုင်းခဲ့သော ပဇ္ဇောတမင်းသည် ရောဂါပျောက်သွားချိန်မှာကား ဆရာ့ကျေးဇူးကို သိတတ်ပါပေသည်။ သိဝိတိုင်းဖြစ်အဝတ်အထည်ပေါင်း တစ်သောင်းတိတိ ဆေးကုခ ပေးလိုက်ပါပေသည်။

လူတို့ ရက်လုပ်နိုင်သမျှတွင် အကောင်းဆုံး အညွှန့်ဆုံး အဝတ်အထည်များဖြစ်၍ သာမန်လူတို့နှင့် မထိုက်တန်ဟု ဆရာဇဝက ဆုံးဖြတ်လိုက်၏။ တချို့ကို ဗိမ္မိသာရမင်းကြီးထံ ဆက်သွင်း၍ တချို့ကို ဘုရားရှင်ထံ ကပ်လှူရပေမည်။ သို့သော် တစ်ခုခက်နေသည်မှာ ထိုစဉ်က ဘုရားရှင်သည် ပုံသကူသင်္ကန်းကိုသာ ခွင့်ပြုထားသော်၏။ ဒါယကာ ဒါယိကာမတို့လှူဒါန်းသော သင်္ကန်းကောင်းများကို ခွင့်ပြုတော် မမူသေးပေ။ ရဟန်းများကို ခွင့်မပြုသေးသော သင်္ကန်းကောင်းများကို သူ့အတွက်လည်း အလှူခံတော်မူမည် မဟုတ်ချေ။

လှူခွင့် တန်းခွင့်ကို ချောင်းမြောင်းနေသော ဆရာဇဝကအဖို့ တစ်နေ့မှာကား အခါအခွင့် သင့်မြတ်လာခဲ့၏။ စမြင်းဒေါသ ထူပြောနေသော ဘုရားရှင်အား ဝမ်းသွားစေရန် ကုသပေးရာမှ အခွင့်အရေး ပေါ်လာခြင်း ဖြစ်ပေသည်။

စမြင်းဒေါသများ လျော့ဆင်းသွားရေးအတွက် ဆရာဇဝကသည် သောက်ဆေးစားဆေးများကို အသုံးမပြုပါချေ။ ဘုရားရှင် ကိုယ်တော်မြတ်အတွက် အထူးအစီအစဉ်ဖြင့် ရွှေဆေးများကို ကြာရွက်များမှာ သုတ်လိမ်းကာ–

"အရှင်ဘုရား၊ ဤ ပထမကြာရွက်ကို ဘုရားရှင် နမ်းရှုတော်မူလျှင် ဝမ်းဆယ်ကြိမ်သွားပါလိမ့်မည်။ ဒုတိယအရွက်နှင့် တတိယအရွက်တို့လည်း သည်အတိုင်းဖြစ်ပါသည် ဘုရား"

ဤသို့သော ဆေးညွှန်းများနှင့်တကွ ဘုရားရှင်ထံ ဆက်ကပ်လိုက်၏။

http://www.dhammadownload.com

ဆရာဇီဝက ညွှန်ကြားလိုက်သည့်အတိုင်း ပထမကြာရွက်ကို ဘုရားရှင် နမ်းရှုတော်မူရာ– ဝမ်းဆယ်ကြိမ်သွား၏။ ဒုတိယကြာရွက်ကြောင့်လည်း ဆယ်ကြိမ် တိတိပင် သွားရ၏။ တတိယကြာရွက် အလှည့်တွင်ကား တစ်ကြိမ်လျော့၍ နေတော့၏။ ဤတွင် ဘုရားရှင်က–

"အာနန္ဒာ၊ ရေနွေးချိုးရန် စီမံပေလော့"

ဤသို့ စေခိုင်းတော်မူပြီးလျှင် ရေဖောဖောချိုးလိုက်သဖြင့် ကျန်သေးသော ဝမ်းတစ်ကြိမ်သွားလိုက်ရ၏။ ဝမ်းအကြိမ်သုံးဆယ် သွားပြီးသည်နှင့် စမြင်းဒေါသ ဝေဒနာများလည်း ကင်းငြိမ်းသွားပေသည်။

ကျွန်ုပ်နှင့် စကားစပ်မိတိုင်း ဤအကြောင်းကို ဆရာဇီဝကသည် အားပါးတရ ပြောပြတတ်၏။ ဆေးကြာရွက်များ ဆက်ကပ်စဉ်က သတိမေ့နေခဲ့၍ နောက်ဆုံး အကြိမ်အတွက် ရေချိုးရန် မမှာခဲ့မိ။ ဤကဲ့သို့ မိမိ မေ့လျော့ခဲ့သည်ကို ဘုရားရှင်က အလိုလို သိတော်မူသဖြင့် ဆရာဇီဝကမှာ အားရဝမ်းသာ ဖြစ်နေရ၏။ ကြည်ညိုလက်စ ရှိပြီးသူတစ်ယောက်အဖို့ ကြည်ညိုစရာတွေ ထပ်ကာ ထပ်ကာ တွေ့လာရမည်ပင် ဖြစ်ပေသည်။

ဝမ်းသွားပြီးစ ဘုရားရှင်အား ဇီဝကသည် မွန်မြတ်လှသော ဆွမ်း ဘောဇဉ် တို့ကို ဆက်ကပ်ပြီးနောက်–

"အရှင်ဘုရား၊ တပည့်တော် ဆုတစ်ခုကို တောင်းပါရစေ"ဟု လျှောက်၏။

"ဇီဝက၊ ငါဘုရားမှာ ဆုပေးစရာ မရှိချေ"

ဘုရားရှင်က ထုံးစံအတိုင်းပင် မိန့်ကြားတော်မူလိုက်၏။ ဆရာ ဇီဝကသည် ဤထုံးစံကို သိပြီးဖြစ်၍ –

"အရှင်ဘုရား၊ မြို့စားရွာစားဆုများကို တောင်းလိုရင်း မဟုတ်ပါ။ သာသနာ တော်ကြီးအတွက်လည်း အကျိုးရှိ၍ အပြစ်ကင်းသော ဆုမျိုးသာ ဖြစ်ပါသည်ဘုရား"

"ဇီဝက၊ ဤသို့ဖြစ်လျှင် တောင်းလော့"

"အရှင်ဘုရား၊ ယခုထက်တိုင်အောင်ပင် ဘုရားရှင်သည် ပုံသကု သင်္ကန်း ကိုသာ ဆင်မြန်းတော်မူဆဲဖြစ်ပါ၏။ ရဟန်း သံဃာကိုလည်း ပုံသကူသင်္ကန်းကိုသာ ခွင့်ပြုတော်မူပါ၏။

"သည်က ရှေ့မှာကား တပည့်တော်၏ သိဝိတိုင်းဖြစ် ဤဝတ်စုံများကို ဘုရား ရှင် အလှူခံတော်မူပါ။ ဝတ်ရုံ သုံးဆောင်တော်မူပါ။ ရဟန်း သံဃာကိုလည်း ဒါယကာ ဒါယိကာမများ လှူဒါန်းသော သင်္ကန်းကောင်းများကို ဝတ်ရုံရန် ခွင့်ပြု တော်မူပါ ဘုရား"

သာသနာတော်ကြီး တစ်ခုလုံးအတွက် အကျိုးများလှသော ဆုတစ်ဆုပင် ဖြစ်ပေသည်။

http://www.dhammadownload.com

ယခင်က ဘုရားရှင် ဝတ်ရုံတော်မူခဲ့သော ပိုက်ဆံလျှော် ပုံသကူသင်္ကန်းကြီးသည် ယခု အရှင်မဟာကဿပဆီမှာ ရောက်နေပါပြီ။ အရှင်မဟာကဿပ၏ အဝတ်ကောင်းမှချုပ်ထားသော သင်္ကန်းသည် ဘုရားရှင်ကိုယ်ပေါ်မှာ ရှိနေပါသည်။ ပုံသကူသင်္ကန်းနှင့် လဲလှယ်ထားသဖြင့် ဤသင်္ကန်းကိုလည်း ပုံသကူသင်္ကန်းဟုပင် ဆရာ ဇီဝက အလေးအမြတ် ပြုခဲ့ရ၏။

ခမည်းတော်ကြီး သုဒ္ဓေါဒန မဟာရာဇာ မကွယ်လွန်မီကပင် ဤအကြောင်းခြင်းရာများ ဖြစ်ပေါ်ခဲ့သော်လည်း ထိုစဉ်က ဖော်ပြခွင့် မကြုံခဲ့ပါ။ သောက်ရှူးကြယ်ပြောင် အရှင်မြတ်များအကြောင်း တစ်ဆက်တည်း တင်ပြနေဆဲမို့ ချန်လှပ်ထားခဲ့ရ၏။ ယခုမှ သဲဃာ့ကိစ္စများကို တင်ပြရင်း အကြောင့်သင့်လာသဖြင့် တင်ပြလိုက်ရပေသည်။

ဆရာဇီဝကကား ကျွန်ုပ်တို့ တစ်တွေကို ဆေးကုသပေးရုံမျှ မဟုတ်ပါ။ ဆွမ်းကပ်ရုံမျှ မကသေးပါ။ သဲဃာ့ပရိသတ်ကြီး ကြည်ညိုဖွယ်ရာ ဖြစ်လာရန်လည်း ဆောင်ရွက်ခဲ့ပါသေး၏။ ဒါယကာ ဒါယိကာမများလည်း သင်္ကန်းလှူခွင့်ရစေရန်၊ ရဟန်းသဲဃာများလည်း သင်္ကန်းကိစ္စဗျာပါဒ မများစေရန် အကျိုးဆောင်ပေးခဲ့ပါသေး၏။

ဆရာဇီဝက၏ ဤသို့သော အကျိုးဆောင်မှုဖြင့်ပင် မယ်တော်ကြီး ပဇာပတိဂေါတမီသည် မိမိကိုယ်တိုင် ရက်လုပ်သောသင်္ကန်းများကို သဲဃာ့ထံ လှူဒါန်းခွင့် ရခဲ့ပေသည်။

(ဝိနည်းမဟာဝဂ်၊ ဓိဝရက္ခန္ဓက၊ ဇီဝကဝတ္ထု)

http://www.dhammadownload.com

မယ်တော်ကြီး ဂေါတမီ

မဟာပဇာပတိဂေါတမီ ထေရီမကြီးနှင့် ပတ်သက်၍ ကျွန်ုပ် ဘဝင်မကျနိုင်သော အသုံးအနှုန်းမှာ "မိထွေးတော်" ဟူ၍ပင် ဖြစ်၏။

မှန်ပါ၏။ အလောင်းတော်မင်းသားကို မဟာမာယာဒေဝီက မွေးထုတ်ခဲ့ရသဖြင့် သူ၏ ညီမတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီမှာ မိထွေးတော်သာ ဖြစ်ခွင့်ရှိပါ၏။ သို့သော် ထိုသည့် မိထွေးတော်ဘဝမှာ ဘာမျှ မကြာခဲ့ပါ။ အစ်မတော် မဟာမာယာဒေဝီ ကွယ်လွန်သည်နှင့် မိထွေးတော်ဘဝမှ မယ်တော်ဖြစ်လာခဲ့ပေသည်။ သားအရင်းဖြစ်သူ နန္ဒမင်းသားနှင့် ထပ်တူထပ်မျှ ပြုစုကျွေးမွေးခဲ့သဖြင့် မယ်တော်ကြီးဟူသော နာမည်ကို ထိုက်ထိုက်တန်တန် ခံယူခဲ့ရပေသည်။

တကယ်တော့ဖြင့် မဟာပဇာပတိ အရှင်မကြီးသည် ညီတော်နောင်ရင်းနှစ်ပါးမင်းတို့၏ မယ်တော်မျှသာ မဟုတ်သေးပါ။ ပရိသတ်လေးပါးတွင် အပါအဝင်ဖြစ်သော (ဘိက္ခုနီ) ရဟန်းမတို့၏ မယ်တော်ကြီးလည်း ဖြစ်ပါပေသည်။

ဘိက္ခုနီ သာသနာတော်ကြီးကို မယ်တော်ကြီးက ပင်ပန်းကြီးစွာ ခံယူ၍ မွေးထုတ်ပေးရာတွင် ကျွန်ုပ်ကလည်း အချက်အချာအကျဆုံးဖြစ်သော အကူအညီကို ပေးနိုင်ခဲ့ပါ၏။ သံဃာ့အကျိုး သယ်ပိုးဆောင်ရွက်ခဲ့ရသော တစ်သက်တာတွင် ထိုကိစ္စသည် ကျွန်ုပ် အားအရဆုံးဖြစ်ပါ၏။ အကျေနပ်ဆုံးဖြစ်ပါ၏။ အခြားတစ်ဖက်တွင်လည်း ထိုကိစ္စများကို အကြောင်းပြု၍ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးစ ကာလတွင် ကျွန်ုပ်မှာ သတိသံဝေဂ ရလာရပေသည်။

သတိသံဝေဂရသည်ဆိုရာ၌ အမျိုးသမီးများကို ကျွန်ုပ်ကဲ့သို့ သဘောမထားနိုင်သူများနှင့်သာ ဆိုင်ပါ၏။ ဤကိစ္စဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းနှင့် လုံးဝ မပတ်သက်ပါ။ ဤကိစ္စကို ဆောင်ရွက်ပေးခဲ့ရသည့်အတွက် ကျွန်ုပ်တစ်သက်တာတွင် နောင်တတစ်ဖန် ပူပန်ခြင်း မရှိခဲ့ပါ။ ဤကိစ္စကို တွေးမိတိုင်း နှစ်သိမ့်ကြည်နူးမိသည်သာ ဖြစ်ပါ၏။

http://www.dhammadownload.com

သို့ရာတွင် နှစ်သိမ့်ကြည်နူးဖွယ် ကိစ္စကို ဖော်ပြရာ၌ကား ကျွန်ုပ်သည် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များကို မလွဲသာ မရှောင်သာ အခြေခံရပါလိမ့်မည်။

"ခမည်းတော်ကြီး ငုတ်တုတ်မဲတဲ ရှိနေစဉ်တုန်းကတော့ တပည့်တော်မ ကိုယ့်စိတ်ကို ဖြေ၍ ရပါသည်။ တိုင်းရေး ပြည်ရေး လူမှုရေး ကိစ္စတွေမှာ သူ ကိုယ်တိုင် မပါဝင်နိုင်တော့သော်လည်း သည်အရိပ်ကြီး ရှိနေခြင်းကပင် တပည့်တော်မ အဖို့ အားကိုးတစ်ခု ဖြစ်ခဲ့ပါသည်။ ယခုတော့ သည်အရိပ်ကြီးက ကွယ်ပျောက်ခဲ့ပါပြီ။ သည်နန်းတော်ကြီးထဲမှာ အထီးကျန် မိန်းမသားတို့သာ ကျန်ရစ်ကြရပါတော့သည်။ လွတ်ရာ ကျွတ်ရာ ထွက်ခွာသွားလေသူများအတွက် မျက်ရည်စက်လက် လွမ်းသက် ရှည်နေကြသူများပင် ဖြစ်ပါသည် အရှင်ဘုရား"

စိတ်ထဲမှာ ကြိတ်ခဲ၍ထားခဲ့ရလေသမျှ မယ်တော်ကြီးက လျှောက်ထားလိုက်ပေသည်။

ယခင်တစ်ခေါက်က ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ကပ်လှူလာခဲ့သော သက်နန်းများကို ငြင်းပယ်တော်မူခဲ့သော ဘုရားရှင်သည် မယ်တော်ကြီး၏ လျှောက်တင်ချက်များကို စာနာစိတ်ဖြင့် လက်ခံကြားနာတော်မူပေသည်။

ဤအပြုအမူကို ထောက်သောအားဖြင့် ကိုယ်တော်မြတ်ကြီး၏ သာသနာပြု လုပ်ငန်းများသည် တစ်ဖက်သတ်သဘောမဟုတ်ကြောင်း ကျွန်ုပ်၏ နှမသည်များ သဘောပေါက်လာကြမည်ဟု မျှော်လင့်မိ၏။ သို့သော်လည်း သူတို့ခများ အလွမ်းဝေဒနာကို အဖော်ကောင်းလုပ်နေကြဆဲ ဖြစ်ပေသည်။ သူတို့၏ မျက်လုံး မျက်နှာ အမူအရာများမှတစ်ဆင့် သူတို့၏ စိတ်ဝေဒနာကို ရှုမြင်သုံးသပ်၍ ရနိုင်ပေသည်။ သည်ကြားထဲတွင် ရောဟိဏီ အရေးတော်ပုံအတွက် စာရင်းတိုးလာ ရသော မုဆိုးမ နှစ်ရာ့ငါးဆယ်ကလည်း ရှိနေပေ့သေးသည်။ အကယ်၍ ကောလိယ မြို့တော်ဘက်သို့ သွားမိလျှင်လည်း သူတို့နှင့်ဘဝတူမုဆိုးမနှစ်ရာ့ငါးဆယ်တို့က ကျွန်ုပ်ထံမှာ မျက်ရည်စက်လက်နှင့် စကားဆိုလာကြလိမ့်မည်သာ ဖြစ်ပါ၏။

ဘုရားရှင်နှင့် မယ်တော်ကြီးများ ရှေ့မှာမို့ သူတို့တစ်တွေ ဣန္ဒြေဆည်နေ ကြရ၏။ ကျွန်ုပ်တို့ချည်းသာဖြစ်လျှင် မေးခွန်းတွေ တစ်သီကြီး ထွက်လာကြမည် ဖြစ်၏။ မေးခွန်းတွေ အသချေ် အသချ်ာမေးလာကြစေဦးတော့။ ကျွန်ုပ်ဘက်က ဖြေစရာကား တစ်ခုတည်းသာ ရှိပါ၏။ ထိုအဖြေကား "သူတို့ ပြန်မလာကြတော့ပါ" ဟူ၍ပင် ဖြစ်ပေသည်။

ရောဟိဏီ အရေးတော်ပုံမှ ထွက်ပေါ်လာကြသော ရဟန်းငါးရာတို့သည် ဝင်လာစဉ်တုန်းကတော့ ဦးစီးခေါင်းဆောင်တို့၏ အမိန့်ကို မဖီဆန်ရဲ၍သာ ဝင်လာကြရ၏။ မိမိတို့ စိတ်သဘောဖြင့် လိုလိုချင်ချင် ဝင်လာကြခြင်း မဟုတ်သဖြင့် သာသနာ့ဘောင်တွင် မပျော်ရွှင်ကြပေ။ သည်ကြားထဲတွင် ကျန်ရစ်သူတို့ကလည်း စာနှင့်တစ်ဖုံ၊ လူကြုံနှင့်တစ်မျိုး တဖွဖွမှာကြားလျက် ရှိကြ၏။ "မောင်မောင်တို့၊

http://www.dhammadownload.com

မြန်မြန်ကြီးသာ ပြန်လာကြပါတော့။ မောင်မောင်တို့ မရှိလျှင် အိမ်မှုကိစ္စ ဘာ တစ်ခုမျှ မပြီးမြောက်တော့ပါ။ ဘာလုပ်၍ ဘာကိုင်ရမည် မသိတော့ပါ" ဟု သနား စဖွယ် လွမ်းစဖွယ် မှာကြားခဲ့ကြ၏။

ယခုတော့ သည်လွမ်းစာခွေတို့ ပို့စရာဌာန မရှိတော့ပါပြီ။ လွန်းစာခွေကို ဖတ်ကာ မျက်ရည်ကျခဲ့ရသော အရှင်တို့သည် ဤကိုယ်ခန္ဓာဖြင့်ပင် ဘဝခြား၍ သွားခဲ့ကြပါပြီ။ နောင်တော်မြတ်၏ ဓမ္မသာရ ဆေးတော်ကြီးကို စားသုံးရပြီမို့ လွမ်းဆွတ်ကြေကွဲရသော ကမ္ဘာနာကြီးမှ ကျော်လွှား၍ သွားနိုင်ကြပေပြီ။

(သုတ်မဟာဝဂ်၊ မဟာသမယသုတ် အဋ္ဌကထာ)

မုဆိုးမ အသစ်များအတွက် အားတက်စရာအဖြေ မပါလာသကဲ့သို့ပင် မုဆိုမဟောင်းမှာလည်း ကျွန်ုပ်ထံမှ တစ်စုံတစ်ရာ မျှော်လင့်ရန် မရှိပါ။

မှန်ပါသည် ယခုတစ်ခေါက်မှာလည်း ညီတော်နန္ဒနှင့် သားတော် ရာဟုလာတို့ မပါလာကြပါ။ ပုံသကူဈေးတင်ဆောင် ညီတော်နန္ဒသည် ယခု တောရဆောက်တည်သူ လည်း ဖြစ်နေပါပြီ။ သူ၏ ဆွမ်းခံရာမှာလည်း မြို့ကြီး ပြကြီးက အိမ်ကြီး အိမ်ကောင်းများ မဟုတ်တော့ပါ။ သူနေထိုင်ရာ တောကျောင်းကလေးအနီးက ခေါင်းပါးလှသော ရွာကလေး တစ်ရွာမျှသာ ဖြစ်၏။ ဟိုယခင်က သူ့နောင်တော်ကြီး ဘုရား တမ်းတမ်းတတ မိန့်တော်မူခဲ့သည့် အတိုင်းပင် ဖြစ်ပါ၏။ သားတော် ရာဟုလာမှာလည်း သူ့ဥဒ္ဓရယ် ဆရာများနှင့်အတူ ဇေတဝန်ကျောင်းတော်မှာ ကျန်ရစ်ခဲ့ပေသည်။

လူ့ဘောင်လောကဝယ် ထည်ထည်ဝါဝါ နေထိုင်ခွင့်မရှိတော့သော မိန်းမသား တို့၏ ဆွမ်းဘောဇဉ်များကို ကျွန်ုပ်တို့သည် ဆိတ်ငြိမ်စွာပင် စားခဲ့ကြ၏။ ထို့နောက် နိုက္ခေ ဥယျာဉ်ကျောင်းတော်သို့ ငြိမ်သက်စွာပင် လှမ်းလာခဲ့ကြ၏။ ကျောင်းတော်မှာ ဘုရားရှင် ကျန်ရစ်တော်မူသော တစ်နေ့ဝယ် ကျွန်ုပ်သည် ကပိလဝတ် နန်းတော်ကြီးက မုဆိုမများအား သကျအမျိုးသား ရဟန်းသစ် နှစ်ရာငါးဆယ်တို့၏ အဖြစ်မှန်ကို ဖွင့်အန်လိုက်ရပေတော့သည်။

မီးဟူသည် ဝေးသော်မှပူ၊ နီးမှပူဟု ဆိုစကားရှိခဲ့၏။ သည်စကားကို ပြောလိုက်လျှင် သည်အဖြစ်မျိုးနှင့် မုချကြုံရမည်ဟု စောစောကတည်းက ကျွန်ုပ် အတတ်သိခဲ့၏။ မျက်ရည်လည်ရွဲ ငိုပွဲဆင်နေကြသည့် နှမသည်များ၏ ရုပ်သွင်ကို ထိုစဉ်ကတည်းက မြင်နေခဲ့၏။ ယခု ဖြစ်အင်သည် ထိုစဉ်က မျှော်မှန်းထားသည့် အတိုင်းသာ ဖြစ်၏။ ယခု မြင်ကွင်းသည် ထိုစဉ်က မြင်ထားသည့် အတိုင်းသာ ဖြစ်၏။ သို့သော် ယခင်သည် ယခု မဟုတ်ချေတကား။

http://www.dhammadownload.com

သည်စကားကိုပြောလိုက်သဖြင့် သည်အဖြစ်မျိုးနှင့် ကြုံရလျှင် သည်မြင်ကွင်းများ မိမိရှေ့မှောက် ရောက်လျှင် မိမိ စိတ်ကို ဘယ်သို့ဘယ်ပုံ ဆောက်တည်ထားမည်၊ တင်းထားမည်ဟု ဟိုယခင်က အခိုင်အမာ ဆုံးဖြတ်ထားခဲ့၏။ ထိုသို့ ဆုံးဖြတ်ထားခဲ့သော ကိစ္စနှင့် ယခု မျက်နှာချင်းဆိုင် ကြုံရချေပြီ။ မယိမ်းမယိုင် ကြုံကြိုခိုင်ခိုင်ကြီး ထားလိုက်မည်ဟု ရည်မှန်းထားခဲ့သော ကျွန်ုပ်၏ စိတ်ဘဝင်သည် ယိမ်းယိုင်လှုပ်ခါ၍ လာရပေပြီ။ သီတင်းသုံးဖော်များသာ ပါမလာလျှင် သူတို့နှင့်အတူ ရောရှု ငိုမိမည်လား မဆိုနိုင်ပါ။

တကယ်တမ်းသာ ငိုဖြစ်ခဲ့လျှင်တော့ အကောင်းသားပင် ဖြစ်ပါ၏။ ဤသို့ ငိုလိုက်မိသဖြင့် သီတင်းသုံးဖော်များက ကဲ့ရဲ့သင်္ကြံဟ် အရိုအသေတန်သွားကြလျှင်လည်း ကိစ္စမရှိပါ။ စောစောစီးစီး ငိုလိုက်ရ၍ စိတ်နလုံး ပြေလျော့သွားလျှင် ညနေပိုင်းမှာပေါ်လာသော ကိစ္စအတွက် ကျွန်ုပ် စိတ်သက်သာရာ ရပါလိမ့်မည်။ သက်သောင့်သက်သာ ဗျာပါရ မများသော စိတ်ဖြင့် ချင့်ချိန်စဉ်းစားလိုက်ပါလျှင် ထိုညနေက ကိစ္စသည် ထိုညနေမှာပင်ပြီးစီးအောင်မြင်ခဲ့မည် ဖြစ်ပါ၏။ သို့ပါလျက် ကျွန်ုပ်သည် ထိုအခွင့်အရေးကို လက်လွတ်ခံခဲ့ရ၏။ မယ်တော်ကြီးတို့တစ်တွေအား သနားကြင်နာမိသော စိတ်များကြောင့်ပင် မသနားရာ၊ မကြင်နာရာ ရောက်ခဲ့ရပေသည်။

မယ်တော်ကြီး မဟာပဇာပတိဂေါတမီသည် မုဆိုးမအသစ် ငါးရာနှင့်အတူ ထိုညနေက ကျောင်းတော်သို့ ရောက်လာခဲ့၏။ သက္ယ ကောလိယ နှစ်ပြည်ထောင်က ဘဝတူအမျိုးသမီးများနှင့်တကွ စုပေါင်းလာကြခြင်းဖြစ်၏။ နံနက်ခင်းတုန်းက မချိတင်ကဲ ငိုပွဲကြီးဆင်ခဲ့ကြသော နှမသည်များသည် ယခု ညနေပိုင်းမှာတော့ မိုးဆန်းပန်းနှယ် ရွှင်လန်း၍ နေကြ၏။ ကိုယ်စီကိုယ်ငင ပြိုးမြမြဖြစ်နေသော မျက်နှာများပေါ်ဝယ် မျှော်လင့်ချက်ရောင်ခြည်သစ် တစ်ခုက ယှက်သန်းလျက်ရှိနေ၏။ နံနက်ခင်းတုန်းက သူတို့၏ အပူဒဏ် အဟပ်ခံခဲ့ရသော ကျွန်ုပ်သည်ပင် ယခု ညနေပိုင်းမှာတော့ သူတို့နှင့် အတူ ပြိုးရ ရွှင်ရ ပြန်ပေသည်။ အနှစ်နှစ် အလလက ကျွန်ုပ် မျှော်မှန်းထားခဲ့သော နေ့ထူးနေ့မြတ်သည် ယနေ့ပင် ဖြစ်နေသည် မဟုတ်ပါလော။

ဘုရား၌ သာသနာ့တော်ဝယ် ယနေ့ထိ ရဟန်းနှင့် သာမဏေများသာ ရှိသေး၏။ ဘိက္ခုနီခေါ် ရဟန်းမနှင့် သာမဏေမများကား မရှိသေးပါ။ အမျိုးသမီးများသည် ယနေ့ထိ သာသနာ့စည်းဝိုင်း အပြင်ဘက်မှာသာ ရှိနေကြသေး၏။ ကမ္ဘာလူဦးရေ၏ တစ်ဝက်ကျော်ရှိနေသော ထိုအမျိုးသမီးများ မရောက်လာမဝင်လာသေးသည့် ကျွန်ုပ်တို့ သာသနာ့နယ်ပယ်သည် ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သေးဘဲ ဖြစ်နေရ၏။ ယနေ့တော့ သည်တစ်ဖက်က ကွက်လပ်ကို

http://www.dhammadownload.com

ဖြည့်ဆည်းမည့်သူများ ရောက်လာကြချေပြီ။ လူ့ဘောင်လောကအတွက် အားကိုးစရာ ဘာတစ်ခုမျှ မရှိကြတော့ပါဘဲလျက် တက်တက်ကြွကြွရှိနေခြင်းမှာ သာသနာတော်ဘက်က မျှော်လင့်ချက်ကြောင့် ဖြစ်ပေလိမ့်မည်။

ဘိက္ခုနီ သာသနာ့သမိုင်းတွင် ဦးစွာပထမ မော်ကွန်းတင်ခံကြရမည့် အာဇာနည် အမျိုးသမီးများကို ကျွန်ုပ်သည် ဘုရားရှင့် ရှေ့တော်မှောက်သို့ ဝမ်းမြောက်ဝမ်းသာ ပို့ပေးလိုက်၏။ သကျအမျိုးသမီးများ ပီသစွာ သူများတကာထက် ဦးဦးဖျားဖျား ရောက်လာသူများအတွက် ရှင်တော်ဘုရား၏ ကောင်းချီးသြဘာသံကို ကျွန်ုပ် နာခံရပေတော့မည်။

ဘုရားရှင်၏ ခြေအစုံဝယ် လက်ကြာပဒုံ အသီးသီးကို ဆက်ကပ်ကြပြီး နောက် မယ်တော်ကြီးက ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား၊ သိရေး မြင်ရေး ကျင့်သုံးရေးနှင့်တကွ အရှင်ဘုရား ဟောကြား ပြသတော်မူသော သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက် ထမ်းဆောင်ရန် ခွင့်ပြုတော်မူပါ ဘုရား"

မိမိတို့အုပ်စု တစ်ခုတည်းအတွက် မဟုတ်ဘဲ အမျိုးသမီး အားလုံးကိုယ်စား လျှောက်ထားလိုက်ခြင်း ဖြစ်ပေသည်။

"ဂေါတမီ၊ သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတောင့်တပါလင့်"

နူးညံ့ချိုသာလှသော စကားလုံးများပင် ဖြစ်ပါ၏။ ခါတိုင်းအချိန်များ၌ ဤလို စကားလုံးလေးများကို ကြားနေရပါလျှင် အနားက တစ်ဖဝါးမျှ မခွာဘဲ ညလုံးပေါက် နေနိုင်ပါ၏။ သို့ပါလျက် သည်စကားလုံးလေးများ၏ ဒဏ်ကိုကား ကျွန်ုပ် မခံနိုင်ပါ။ နားထဲမှာ နူးညံ့ချိုသာသည်နှင့်အမျှ အသည်းနှလုံး တုန်လှုပ်ရသော စကားလုံးများပါပေတည်း။

ဘေးပန်းကအကျိုးဆောင်ရသော ကျွန်ုပ်ကပင် ဤ၍ဤမျှ တုန်လှုပ်နေလျှင် ကာယကံရှင်များမှာ မည်သို့ရှိချိမ့်မည်နည်း။ ငိုသူကငို၊ ရှိုက်သူကရှိုက်၊ တချို့မှာတော့ နားကြားများ လွဲနေသလားဟု ဟိုဟိုသည်သည် အကဲခတ်၍ နေကြရ၏။ သူတို့၏ နောက်ဆုံးအားကိုးရာ ပုဂ္ဂိုလ်ကြီးက ဤသို့ဤပုံ ပစ်ပစ်ခါခါ လုပ်လိမ့်မည်ဟူ၍ သူတို့ လုံးဝ မမျှော်လင့်ခဲ့ကြပါချေ။

မမျှော်လင့်သော စကားကိုပင် သုံးကြိမ်သုံးခါ ကြားကြရပြီမို့ ဇဝေဇဝါဖြစ်စရာ မလိုတော့ပါ။ မယ်တော်ကြီးက ဇွဲကောင်းကောင်းနှင့် သုံးကြိမ်သုံးခါ လျှောက်ထား သကဲ့သို့ပင် သူ့သားတော်ဘုရားကလည်း သုံးကြိမ်စလုံးကို ပယ်တော်မူလိုက်ပါချေပြီ။

http://www.dhammadownload.com

ပထမတစ်ကြိမ်ပယ်စဉ်တုန်းက တချို့ အမျိုးသမီးများ ငိုကြ၏။ ဒုတိယ အကြိမ်မှာ ကျန်အမျိုးသမီးများ အလှည့်။ နောက်ဆုံးအကြိမ်ကား မယ်တော်ကြီး တစ်ယောက်တည်းအတွက် ဖြစ်ပေသည်။

ယခင်တစ်ခါ သင်္ကန်းအလှူကို အပယ်ခံရစဉ်က ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရသည် မှန်ပါ၏။ သို့ရာတွင် ဤသို့ငြင်းပယ်ခြင်းမှာ သံဃာ့အဖွဲ့အစည်းကြီး ကာလတာရှည် တည်တံ့ခိုင်မြဲစေရန် ဖြစ်သည်ဟူ၍ တစ်ဖက်က ဖြေစရာ ရှိပါသေး၏။ ယခု ကိစ္စမှာကား ဖြေစရာ ဖျောက်စရာဟူ၍ လုံးဝ မရှိပါပေ။ ကျန်ရှိသေးသော ဘဝတစ်သက်တာအတွက် နောက်ဆုံးပိတ် မျှော်လင့်ချက်ဟူ၍ ဤတစ်နေရာတည်းသာ ရှိခဲ့ရာတွင် ယခု တစ်နေရာတည်းမှာပင် နေစရာ မရှိတော့ပါတကား။

လူများစွာတို့၏ အကျိုးစီးပွားများစိမ့်သောငှာ၊ လူများစွာတို့၏ ချမ်းသာသုခပွားစိမ့်သောငှာ ဖြစ်ထွန်းပေါ်ပေါက်လာရပါသည် ဆိုသော သာသနာတော်ကြီးသည် လူများစွာထဲက အမျိုးသမီးများကိုကား လက်မခံ ပယ်လှန်လိုက်ချေပြီ။ အပယ်ခံ အမျိုးသမီးတို့၏ နောက်ဆုံးအားကိုးရာကား တွေတွေစီးသော မျက်ရည်များပင် ဖြစ်ချေသည်တကား။ မယ်တော်ကြီး၏ လျှောက်ထားချက်ကို ပြတ်ပြတ်သားသား ပယ်ချတော်မူပြီးနောက် ဘုရားရှင်သည် ဝေသာလီမြို့သို့ ပြန်လှည့်တော်မူပေသည်။

မယ်တော်ကြီးတို့အပေါ် သနားကြင်နာသော စိတ်များက ဆို့ပိတ်ထားသဖြင့် ကျန်ပ်သည် ထိုစဉ်က အာစေးထည့်ထားသလို ဖြစ်နေခဲ့ရ၏။ အမျိုးသမီးများအား သာသနာတော်တွင်းသို့ ခိုလှုံခွင့်ရစေရန် နည်းပရိယာယ်တစ်ခုခုကို မရှာကြံနိုင်ခဲ့။ ဘတေစ်သက်တာတွင် စိတ်နလုံး ပျော့ညံ့မှုကြောင့် ဦးစွာပထမ ကြုံတွေ့ခဲ့ရသော ကျန်ပ်၏ ဟာကွက်တစ်ခုပင်ဖြစ်ပေသည်။ နောင်တော်မြတ်အပေါ် တွယ်တာလွန်းသောစိတ်များကြောင့်ကြုံခဲ့ရသောဟာကွက်များကိုနောက်ပိုင်းတွင်ကြားနာရပါဦးမည်။

သံတိမထားမိသည့်အခိုက် ကြုံကြိုက်ခဲ့ရသော ဟာကွက်ကို သတိလက်ကိုင်ခိုင်မြဲလာသောအခါတွင်ကား ပြည့်ပြည့်ဝဝကြီး ဖြည့်ရပါမည်။ ဖြည့်ရန် အခွင့်ကလည်း မကြာမီမှာပင် ပေါ်ပေါက်၍ လာပေသည်။

ကပိလဝတ်မြို့မှ ယူဇနာ ငါးဆယ်ကွာလှမ်းသော ဝေသာလီမြို့တော်သို့ မနေးလွန်း မမြန်လွန်းသော အစီအစဉ်ဖြင့်လာခဲ့ကြရာ ကျန်ပ်တို့ရောက်၍ မကြာလှသေးမီမှာပင် သာသနာ့မိခင်ကြီး လိုက်ပါလာခဲ့ပေသည်။ သူ့နောက်ပါးဝယ် ဟိုးယခင်က အတူလိုက်ပါလာဖူးသော အမျိုးသမီး ငါးရာလည်း အတူပါမြဲပါလာကြပေသည်။

http://www.dhammadownload.com

မယ်တော်ကြီး၏ မျက်နှာကိုမြင်ရတိုင်း အားရဝမ်းသာ ဖြစ်ခဲ့ရသော ကျွန်ုပ်သည် သည်တစ်ခါတွင်ကား စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတော့၏။ မယ်တော်ကြီးတို့၏ လက်ရှိအခြေအနေမှာ မရှုရက်စရာ မမြင်ရက်စရာပင် ဖြစ်ပါ၏။ အဓွန့်ရှည်စွာသော ခရီးကြမ်းကို မလှမ်းစဖူး လှမ်းလာခဲ့ကြ၍ သူတို့ခြေထောက်များ ရောင်ကိုင်းလျက်ရှိကြ၏။ တချို့မှာဆိုလျှင် သွေးရဲရဲ သံရဲရဲ။ တစ်ကိုယ်လုံးမှာလည်း မြူမှုန်တို့က ဖွေးဖွေးလှုပ်မျှ။ ဤရွှေ့ဤမျှ ညှိုးနွမ်းလှသော အခြေအနေကို ရှုမြင်ရသူသည် သိဟောင်းကျွမ်းဟောင်းမဟုတ်ပါက နှန်းတော်ထက်မှ ဆင်းသက်လာသူများ ဟူ၍ပင် ယုံနိုင်ဖွယ် မရှိပါချေ။

ထို့ထက်ပို၍ ဆိုးသည်ကား မိမိတို့ဘာသာ ဆံကေသာပယ်ချ၍ ဖန်ရေစွန်းသော အဝတ်များ ဝတ်ဆင်လာကြခြင်း ဖြစ်၏။ သားတော်ဘုရားက သုံးကြိမ်တိုင်တိုင် ပိတ်တော်မူခဲ့သော တံခါးတစ်ချပ်ကို သူတို့ဘာသာ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချ၍ တစ်ကျော့တစ်ဖန် တွန်းလာကြပြန်ခြင်း ဖြစ်၏။

ခိုင်မာလှစွာသော ဆုံးဖြတ်ချက်ဖြင့် ဇွဲနပဲကြီးစွာ လျှောက်လာကြသူများသည် ယခု ကုဋာဂါရကျောင်း တံခါးဝအရောက်တွင်ကား ဆက်လက်၍ မလှမ်းနိုင်ကြတော့ပါ။ ဤသည်မှာ ခြေထောက်များ နာကျင်၍သာ မဟုတ်ပေ။ စိတ်နောက်ကိုယ်ပါ လုပ်လာခဲ့မိသော ကိစ္စကြီးအတွက် ရတက်မအေးနိုင်ကြ၍လည်း ဖြစ်ပေလိမ့်မည်။

သူတို့တစ်တွေသည် နိုင်ငံတော်တစ်လွှား၌ ထင်ရှားသူများ၊ ကျော်ကြားသူများ ဖြစ်ကြ၏။ အရှင်သခင်နှင့်တကွ သားတော်များက စွန့်ခွာသွားကြသည့်တိုင် သူတို့၏ ကိုယ်ပိုင် ဂုဏ်သတင်းများက ပျံ့လွင့်နေဆဲပင် ဖြစ်၏။ သို့ဖြစ်၍ သူတို့တစ်တွေက ယခုလို ဇွတ်တရွတ်ပြုလုပ်ကြရာတွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့မည် မလွဲပါပေ။ သည်အကြောင်းကို တစ်ယောက်စကား၊ တစ်ယောက်နှားဖြင့် တစ်ပြည်လုံး သိကုန်ကြပေရော့မည်။

သူတို့ဘက်က တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် ရဟန်းမအသွင် ယူလာခဲ့ရာတွင် အကယ်၍ ဘုရားရှင်က ခွင့်ပြုတော်မူလျှင် တော်တော်ရှိပါ၏။ ကပိလဝတ်မှာ ကဲ့သို့ပင် ဆက်လက် ငြင်းဆန်မြဲ ငြင်းဆန်တော်မူလိုက်လျှင်ကား အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရချေတော့မည်။ ထို့ကြောင့်ပင် ကျောင်းထဲမဝင်ဝံ့ကြခြင်း ဖြစ်ပါ၏။ ထို့ကြောင့်ပင် အုတ်တံတိုင်းကို ကပိုကရိ မှီနေကြခြင်း ဖြစ်ပါ၏။ မျက်ရည်စက်လက် မသက်မသာ ဖြစ်ကြရခြင်းမှာလည်း ထိုအကြောင်းကြောင့်ပင် ဖြစ်ပါ၏။

"အရှင်ဘုရား အာနန္ဒာ၊ တပည့်တော်မတို့ကို သနားသောအားဖြင့် ကယ်တော်မူပါဦး။ တပည့်တော်မတို့မှာ ရှေ့ကိုလည်း မတိုးဝံ့ပါ။ နောက်ကိုလည်း မဆုတ်ရဲပါ။ မရှုသာ မရှိက်သာ အကျဉ်းအကျပ်ထဲ ရောက်နေပါပြီ ဘုရား"

http://www.dhammadownload.com

အသံထိန်း၍ ပြောနေသည့်ကြားကပင် မယ်တော်ကြီးမှာ ရှိုက်တစ်ဝက် ငင်တစ်ဝက် ဖြစ်နေရ၏။

ဘုရားရှင် ထံတော်ပါးဝယ် ရဟန်း၊ ရဟန်းမ၊ ဒါယကာ၊ ဒါယိကာမဟု၍ ပရိသတ်လေးပါး အစုံအလင် ရှိသင့်ပါလျက် ရဟန်းမများဘက်တွင် လစ်လပ်လျက် ရှိနေ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လစ်လပ်နေသော နေရာကို ဖြည့်ပေးနိုင်မည့် အခွင့်အလမ်း ပေါ်လာပေမည်။ ပေါ်လာသောအခါတွင် မိမိက အလိုက်သင့် အလျားသင့် ဘုရားရှင်ထံ လျှောက်ထားမည်။ လျှောက်ထား၍ အခွင့်ရလာသည်နှင့် တစ်ပြိုင်နက် မယ်တော်ကြီးထံ အလျင်အမြန်သတင်းပို့လိုက်မည်။ ဤကား ကျွန်ုပ်၏ ရည်မှန်းချက် ဖြစ်ပါသည်။ ကပိလဝတ်မှ ဝေသာလီသို့ လာခဲ့ရာ လမ်းတစ်လျှောက်မှာ ဤအကြောင်းများကိုပင် စဉ်းစား၍လာခဲ့၏။ ယခုတော့ မယ်တော်ကြီးတို့က သတင်းပို့ချိန်ကိုမျှ မစောင့်ကြချေ။ တစ်ဖက်ကမ်းသို့ စိတ်ချလက်ချ မတက်ရသေးပါဘဲလျက် ဖောင်ကို ဖျက်နှင့်ပြီးကြချေပြီ။ သို့ရာတွင် ကျွန်ုပ်အနေနှင့် မယ်တော်ကြီးနှင့် နှမတော်များကို ပြစ်တင်ရှုတ်ချမှုကား မပြုနိုင်ပါ။ ဆန္ဒစောလွန်းရန်ကောဟု စကား တင်း ဆိုရက်ပါ။ မနုဿတ္တ လူ့ဘဝကို ရလာကြတာချင်း တူပါလျက် သာသနာတော်တွင်းသို့ ဝင်ခွင့်မရှာကြသူများအတွက် ကရုဏာသက်မိခြင်းသာ ဖြစ်ပါသည်။

ဘုရားရှင် ကိုယ်တော်မြတ်အပေါ်၌ သူတို့သည် လေးမြတ်ကြည်ညို သဒ္ဓါပိုကြ၏။ တရားတော်ကိုလည်း ယုံကြည်ကိုးစားပြီး ဖြစ်ကြ၏။ ရဟန်း သံဃာ ဟူသမျှမှာလည်း သူတို့တူ၊ သူတို့သား၊ သူတို့၏ မောင်ဖွားများသာ ဖြစ်ကြ၏။ ရုပ်ရည်ရူပကာအားဖြင့် အပြစ်ဆိုစရာ မရှိ။ အကျင့်သိက္ခာဘက်က ကြည့်ပြန်တော့လည်း စံပြ အမျိုးသမီးများဖြစ်ကြ၏။ ဉာဏ်ပညာအရာမှာလည်း ဘုန်းသမ္ဘာရှင် မင်းယောကျ်ားတို့အောက် နိမ့်ကျခြင်း မရှိပါ။ သို့ပါလျက် သူတို့ခမျာ မြင့်မြတ်လှသော သာသနာတော်တွင်းသို့ ဝင်ရောက်ခွင့် မရနိုင်လောက်အောင် ကြီးမားလှသော အပြစ်ကား ရှိနေဘိ၏။ ထိုအပြစ်ကြီးကား မိန်းမသားများ ဖြစ်နေခြင်းပင်တည်း။

မိန်းမသားဟူသော အုပ်စုထဲတွင် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ကြီးသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိ၏။ ထို့နောက် မိမိတို့အပေါ် မကောင်းမြစ်ထာ၊ ကောင်းရာ ညွှန်လတ်၊ ဆိုဆုံးမတတ်ကြသော မိကြီး၊ မထွေး၊ ဒေါ်ကြီး၊ ဒေါ်လေးများ၊ ကလေး အရွယ် လူမမယ်ဘဝက မိမိကိုထိန်းသိမ်းယုယခဲ့သော အစ်မများ၊ မိမိက ထိန်းသိမ်းခဲ့ရသော နှမကလေးများ၊ ထို့ပြင်တစ်ဝ မိမိတို့ကိုယ်တိုင်က ဝါးဖတ်တော် ကစီနှစ်ဖြင့် လူဖြစ်အောင် မွေးမြူလာခဲ့ကြသော သမီးငယ်ထွေး လုံမလေးတို့ ပါဝင်လျက် ရှိကြ၏။

ကာမဂုဏ် အာရုံ မဖက်၊ မိသားစု အချစ်သက်သက်ဖြင့် ဆက်ဆံလာခဲ့ကြသော မိန်းမများသည် လောက လူ့ရွာတွင် အထင်အရှား ရှိနေကြ၏။ သို့ပါလျက်

http://www.dhammadownload.com

လောကလူ့ရွာသည် အင်မတန်မှ ခက်လှဘိ၏။ မိန်းမဟူသော အသံကိုကြားရသည်နှင့် တစ်ပြိုင်နက် သန့်စင်သော မေတ္တာရှင်များကို ကျော်လွှားကာ ကာမဂုဏ်အာရုံများကိုသာ ပြေး၍ မြင်တတ်ကြ၏။ အချို့သော ပုဂ္ဂိုလ်ကြီးများမှာဆိုလျှင် မိန်းမဟူသော စကားလုံးကိုပင် ရွံရှာစက်ဆုပ်ဖွယ် သဘောထား၍ ဝေးဝေးက ရှောင်ရှား၍ နေကြ၏။

ထားရာမှာနေ၍ စေရာသို့သွားခဲ့ကြရသော မိန်းမသားတို့ အပေါ်ဝယ် အခွင့်ထူးခံ မင်းယောကျ်ားတို့က အထင်သေး အမြင်သေး ဖြစ်သည်မှာ ရှိပါစေတော့။ လူ့အဆက်အနွယ်ပေါင်း မြောက်မြားစွာက ဆက်ကာ ဆက်ကာ ကျင့်သုံးလာခဲ့သော ဓလေ့ထုံးစံကြီးတစ်ခုကို ယခုချက်ချင်း တွန်းလှန်ပယ်ဖျက်၍ ရနိုင်မည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ စိတ်ထဲ၌ စလုံးစခု ဖြစ်ခဲ့ရသည်မှာ မိန်းမသားများအပေါ်ဝယ် မိန်းမသားများ ကိုယ်တိုင်ကပါ အထင်သေး အမြင်သေး ဖြစ်တတ်ကြခြင်းပင် ဖြစ်ပါ၏။

ဤသို့အားဖြင့် မိန်းမသားဟူသော မနုဿလူသားများကို ယောကျ်ားရော မိန်းမပါ လောက လူ့ရွာတစ်ခုလုံးက နိမ့်ကျသော အတန်းအစားအဖြစ် သတ်မှတ်ထားလေရာ မြင့်မြတ်လှစွာသော သာသနာတော်ကြီးနှင့် အလှမ်းကွာ၍ နေကြရ၏။ မချဉ်းသာမကပ်သာ အလှမ်းကွာ၍နေသော ဤခရီးတာကို မြေကြောရှုံ့၍ ပေးနိုင်သော ပုဂ္ဂိုလ်ကား ဤကမ္ဘာပေါ်တွင် ဘုရားရှင်တစ်ပါးတည်းသာ ရှိပေသည်။ ထိုတစ်ပါးတည်းသော ပုဂ္ဂိုလ်ကပင် အေးရာငြိမ်းရာ ခိုလှုံလာသူတို့အား ငြင်းပယ်၍ လွှတ်တော်မူခဲ့ပြီးပေပြီ။

ဤသို့ လွှတ်တော်မူရာတွင် မိန်းမသည် ခွေးထီးလောက်မျှ မမြတ်ဟူသော ရှေးရိုးစဉ်လာ အယူစွဲကြောင့် မဟုတ်နိုင်ပါ။ ထိုအယူစွဲဖြင့် ကဲ့ရဲ့ သင်္ကြိုဟ်စကားတင်းဆိုတတ်သော လောက လူ့ရွာကြီးနှင့် မဆန့်ကျင်လိုသောကြောင့်သာ ဖြစ်ပါလိမ့်မည်။ အရှိန်ကောင်းကောင်းနှင့် လှမ်းလာခဲ့ရသော သာသနာ့ခရီးစဉ်ကြီးကို မိန်းမသားတို့ကြောင့် မဖင့်မနှေးစေလိုသောကြောင့် ဖြစ်ပါလိမ့်မည်။

ကိုယ်တော်မြတ်၏စိတ်သဘောကို မဆန့်ကျင်လိုသော်လည်း ယခုတော့အရေးအခွင့်က ကြိုလာချေပြီ။ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေကြရသော မယ်တော်ကြီးနှင့် နှမသည်များအတွက် စွမ်းအားရှိသလောက် လျှောက်ထားရပေတော့မည်။

သို့ဖြစ်၍

"စိတ်ပျက်အားငယ်စွာ မျက်ရည်ကျမနေပါနှင့်တော့ ဒါယိကာမကြီး။ ဘုရားရှင် ထံတော်မှောက် ကျွန်ုပ်သွား၍ လျှောက်ထားပါဦးမည်။ ဤနေရာကပင် ခေတ္တခဏ စောင့်ဆိုင်း၍ နေကြပါဘိ"

http://www.dhammadownload.com

မယ်တော်ကြီးတို့တစ်တွေအား နှစ်သိမ့်စကားဆိုကာ ကျွန်ုပ်သည် ဘုရားရှင် ထံတော်မှောက် ဝင်ရောက်ခဲ့ပါ၏။ သင့်တင့်လျောက်ပတ်သောနေရာမှာထိုင်လျက် ရှိသေစွာ ဦးချကန်တော့ပြီးလျှင် သုံးကြိမ်သုံးခါ ပိတ်တော်မူပြီးသော တံခါးတစ်ရွက်ကို စတုတ္ထအကြိမ်မြောက် တွန်း၍ စမ်းလိုက်ရပေသည်။

"အရှင်ဘုရား၊ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် သကျ ကောလိယ နှစ်ပြည်ထောင်အမျိုးသမီးငါးရာတို့နှင့်တကွ ကျောင်းတော်တံခါးဝမှာ ရောက်နေပါပြီ။ ယူဇနာငါးဆယ် ခရီးကြမ်းကို လှမ်းလာရသဖြင့် ခြေထောက်များ ရောင်ကိုင်း၍ နေကြပါပြီ။ ဧသွေးသံရဲရဲ ဖြစ်နေကြပါပြီ။ တစ်ကိုယ်လုံးမှာ မြူအလိမ်းလိမ်း ကပ်လျက် ရှိကြပါသည်။ မိန်းမသားများအား ရဟန်းပြုခွင့်ပေး တော် မမူသဖြင့် ကိုယ်ရောစိတ်ပါ ဆင်းရဲခြင်းကြီးစွာ ခံစားလျက် မျက်ရည်အသွယ်သွယ် ကျဆင်း၍ နေကြရပါသည်။ အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ မိန်းမသားများအား သာသနာတော်ဝယ် ရဟန်းဝတ်ခွင့် ပြုတော်မူပါဘုရား"

"အာနန္ဒာ၊ သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတောင့်တပါလင့်"

ယခင်အကြိမ်များကဲ့သို့ပင် စတုတ္ထအကြိမ် တောင်းပန်လျှောက်ထားခြင်း မှာလည်း ညှင်သာသော စကားလုံးတို့ဖြင့် ပယ်ချခံလိုက်ရပေသည်။ သို့ရာတွင် ကျွန်ုပ်က လက်မလျှော့နိုင်သေးပါ။ မယ်တော်ကြီး မဟာပဇာပတိဂေါတမီတို့အတွက် သေရေးရှင်ရေး ကိစ္စကြီးဖြစ်နေသဖြင့် ပဋ္ဌမ၊ ဆဋ္ဌမအကြိမ်များအထိ ဆက်လက်၍ လျှောက်ထားပြန်ပေသည်။ သို့သော် ခဲလေသမျှ သဲရေကျပါတည်း။

နို့ချိုတိုက်ကျွေး မွေးမြူခဲ့သော မယ်တော်ကြီး၏ စိတ်ချမ်းသာရေးထက် သာသနာ့ခရီးစဉ် တွင်ကျယ်ရေးကိုသာ အလေးပြုတော်မူသော အရှင်မြတ်ကြီး ပါတကား။

ကိုယ်ရောစိတ်ပါ ဆင်းရဲကြီးစွာ ခံစားနေရသော မယ်တော်ကြီးအတွက် စိတ်မချမ်းမသာ ဖြစ်ရသည်နှင့်အမျှ တိကျခိုင်မာသော သာသနာပြုစိတ်ဓာတ်အတွက် ကျွန်ုပ် အားရကျေနပ်မိပါသည်။ ဤသို့သော သံမဏိစိတ်ဓာတ်ရှင်အား သမားရိုးကျ တောင်းပန်နည်းဖြင့် တောင်းပန်နေ၍ အကျိုးထူးလိမ့်မည် မဟုတ်ပါ။ သံယောဇဉ် ဟူသမျှ ပယ်ဖြတ်၍ ထားခဲ့ပြီး ဖြစ်သော အရှင်မြတ်ကြီးအား သံယောဇဉ် အမျှင် မပြတ်သော စကားတို့ဖြင့် အသနားခံ၍ မရနိုင်တော့သည့် အချိန်တွင် မရှောင်နိုင် မတိမ်းနိုင်သော စကားဖြင့် လျှောက်ထားရပါတော့မည်။

"အရှင်ဘုရား၊ မိန်းမသားတစ်ယောက်သည် ဘုရားရှင့် သာသနာတော်ဝယ် ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကို

http://www.dhammadownload.com

လည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါသလား အရှင်ဘုရား"

"အာနန္ဒာ၊ ထိုက်တန်ပါ၏"

မိန်းမသားတို့အား ခြောက်ကြိမ်တိုင်တိုင် ငြင်းပယ်တော်မူခဲ့သော ဘုရားရှင်သည် ဓမ္မဓိဋ္ဌာန် စကားကိုကား ချက်ချင်းလက်ငင်း ထောက်ခံတော်မူလိုက်ပေသည်။ ဤသည်မှာ ဘိက္ခုနီသာသနာ ပေါ်ထွန်းလာရေးအတွက် အစ တစ်စ ထွက်ကျလာခြင်းဖြစ်သဖြင့် ထိုအစကို ကျွန်ုပ်က လက်ရပိုင်ပိုင် ဤကဲ့သို့ ဆွဲကိုင်လိုက်ရပါတော့သည်။

"အရှင်ဘုရား၊ မိန်းမသားတစ်ယောက်သည် သာသနာတော်တွင်းဝယ် ရဟန်း ပြုသောအားဖြင့် ဖိုလ်လေးတန်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါလျှင် မယ်တော်ကြီး ပဇာပတိဂေါတမီကို ငဲ့ညှာတော်မူပါ။ မဟာပဇာပတိဂေါတမီသည် မယ်တော်ရင်း မဟာမာယာ ကွယ်လွန်ချိန်မှစပြီး အရှင်ဘုရားကို နို့ချိုတိုက်ကျွေးမွေးမြူခဲ့ပါသည်။ မြောက်မြားလှစွာသော ထိုဂုဏ်ကျေးဇူးတို့ကို ထောက်ထားသောအားဖြင့် တပည့်တော်တောင်းပန်ပါသည် အရှင်ဘုရား။ ဘုရားရှင့် သာသနာတော်ဝယ် မိန်းမသားများ ရဟန်းဝတ်ခွင့် ပြုတော်မူပါဘုရား"

"အာနန္ဒာ၊ မဟာပဇာပတိဂေါတမီသည် ဂရုဓံတရား ရှစ်ပါးကို လက်ခံခြင်းအံ့။ ထိုသို့ခံယူခြင်းသည်ပင်လျှင် သူ၏ ရဟန်းခံခြင်းကိစ္စ ဖြစ်စေသတည်း"

ရွှေတံခါးကြီး ပွင့်၍ သွားပေပြီ။

ရှိသမျှသော အကြည်ဉာဏ်ကို ထုတ်၍ ကျားကုတ် ကျားခဲ ကြိုးစား၍ ရလာခဲ့သော ဆုလာဘ်ကို မယ်တော်ကြီးထံသို့ အလျှင်အမြန် ယူလာခဲ့ရ၏။ ဘုရားရှင့် မိန့်ခွန်းတော်ကို တိုတိုတုတ်တုတ် ထုတ်ပြန်လိုက်ရ၏။

မိန့်ခွန်းတော်ကို ကြားနာလိုက်ရသည်နှင့် တစ်ပြိုင်နက် သူတို့အားလုံး၏ မျက်နှာဝယ် ပြုံးပန်းလှိုင်လှိုင် ပွင့်လာကြပေသည်။ မိုးဆန်းထားသော ပန်းဥယျာဉ်ပမာ မျက်ရည်မိုးတို့ စွတ်စိုထားသော မျက်နှာထက်မှ ငွေးငွေးစွင့်စွင့် ပွင့်နေကြသော အပြုံးပန်းများပင် ဖြစ်ပါ၏။

"အရှင်ဘုရား အာနန္ဒာ၊ ဦးခေါင်းလျှော်ပြီး၍ လှချင်ပချင် တန်ဆာဆင်ထားသော လှလင်ပျိုသည်လည်းကောင်း၊ မိန်းမပျိုသည်လည်းကောင်း၊ ကြာပန်းကို ဖြစ်စေ၊ စံပယ်ပန်းကိုဖြစ်စေ၊ စစ်သိမ်ပန်းကိုဖြစ်စေ ပန်းတစ်မျိုးမျိုးကို ရရှိသောအခါ လက်နှစ်ဖက်ဖြင့် တရိုတသေခံယူကာ ဦးခေါင်းတည်းဟူသော မြတ်အင်္ဂါထက်ဝယ် နှစ်သက်စွာ ပန်ဆင်ဘိသကဲ့သို့ တစ်သက်ပန်လုံး မကျူးလွန် မဖောက်ဖျက်ထိုက်ကုန်သော ဤဂရုဓံတရား ရှစ်ပါးတို့ကို တပည့်တော်မ ခံယူပါ၏ အရှင်ဘုရား"

http://www.dhammadownload.com

ရေစင်ရေချမ်း သွန်းလောင်းလိုက်ရသဖြင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာ လျှောက်ထားလိုက်သော စကားတို့ဖြစ်ကြပါသည်။

မဟာပဇာပတီ ဂေါတမီတို့အတွက် ဘုရားရှင် ပညတ်တော်မူလိုက်သော ဂရုဓံတရား ရှစ်ပါးကို မှာ–

၁။ ရဟန်းမသည်ဝါတစ်ရာပင်ရသည်ဖြစ်စေ။ ယနေ့မှဖြစ်သော ရဟန်းသစ်ကို ရှိခိုးရမည်။ ခရီးဦး ကြိုဆိုရမည်။ လက်အုပ်ချီရမည်။ အရိုအသေပေးရမည်။

၂။ ယူဇနာဝက်အတွင်း၌ ရဟန်းတစ်ပါးမှ မရှိသော ကျောင်းတွင် ဝါမဆိုရ။

၃။ ရဟန်း သံဃာထံသို့ လပြည့် လကွယ်နေ့တိုင်း ဥပုသ်အမေး သွားရမည်။ ဩဝါဒခံယူရန် သွားရမည်။

၄။ ဝါကျွတ်ပြီးသော ရဟန်းမသည် ရဟန်းနှင့် ရဟန်း မ သံဃာနှစ်ရပ်စလုံး၌ ကိုယ်တိုင်မြင်သော၊ တစ်ဆင့်ကြားသော၊ ယုံမှားသင်္ကာရှိသောအပြစ်အာပတ်များကို ထုတ်ဖော်ပြောဆိုရန် ပန်ကြားရသည်။

၅။ ဂရုက အာပတ်ကြီးများသင့်သော ရဟန်းမသည် သံဃာနှစ်ရပ်လုံး၌ ပက္ခမာနတ် ကျင့်ရမည်။

၆။ ဝိကာလ ဘောဇနတိုင်အောင် သိက္ခာပုဒ်ခြောက်ခုကို နှစ်နှစ်တိုင်တိုင် ကျင့်ခဲ့ပြီးသော သိက္ခာမာန်ကို သံဃာနှစ်ရပ်၌ ရဟန်းခံနိုင်ရန် ကြိုးစား အားထုတ်ရမည်။

၇။ မည်သို့သော အကြောင်းရှိသည်ဖြစ်စေ ရဟန်းမသည် ရဟန်းကို မဆဲရေးရ၊ ရေရွတ်တိုင်းထွာခြင်း မပြုရ။

၈။ ဤယနေ့မှအစပြု၍ ရဟန်းမတို့က ရဟန်းတို့အပေါ် ပြောဆိုခွင့် မရှိပေ။ သို့သော် ရှေးရှေးက မထေရ်များသည် ဤသို့သော သင်္ကန်းဆိုင်ရာ ကျင့်ဝတ်များကို ကျင့်သုံးကြပေသည်ဟူ၍ကား ရည်ညွှန်းပြောဆိုနိုင်ပေသည်။ ရဟန်းမများအပေါ်တွင်ကား ရဟန်းတို့က ပြောဆိုခွင့်ရှိပေသည်။

မယ်တော်ကြီးထံတွင် ဂရုဓံတရား ရှစ်ပါးကို သေချာဂဏ ပြောပြပြီးနောက် ကျွန်ုပ်သည် ဘုရားရှင် ထံတော်မှောက်သို့ ပြန်ဝင်ခဲ့ပြီး–

"အရှင်ဘုရား၊ မဟာဇာပတီ ဂေါတမီသည် ဂရုဓံတရား ရှစ်ပါးကို လက်ခံ လိုက်ပါပြီ" ဟု လျှောက်ထားလိုက်၏။

ဤတွင် မလွဲသာ မရှောင်သာ၍ ခွင့်ပြုလိုက်ရသော ကိစ္စအတွက် ဘုရားရှင်က ကျွန်ုပ်ကို သုံးမျိုးသော ဥပမာတို့ဖြင့် ပြစ်တင်ရှုတ်ချတော်မူပေသည်။ဤသို့သော ပြစ်တင်ရှုတ်ချသော စကားရပ်တို့ကြောင့် ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် အကုသိုလ် စေတသိက်များ ထကြွလာရန် အကြောင်းမရှိပါ။ ကိုယ်တော်တိုင်က စိတ်ပါ

http://www.dhammadownload.com

လက်ပါ မဟုတ်ပါဘဲလျက် ကျွန်ုပ်၏ လျှောက်ထားချက်ကို လက်ခံတော်မူသည့် အတွက် ဆထက်ထမ်းပိုးတိုး၍ ကြည်ညိုမိပေသည်။ မိန်းမသားတို့အပေါ် စာနာသော စိတ်ထားဖြင့် ရှုမြင်သုံးသပ်ရာတွင် ဘုရားရှင် ကိုယ်တော်တိုင်ကပါ ကျွန်ုပ်ရှေ့မှာ မားမားမတ်မတ် ရပ်တော်မူလာသဖြင့် ကျွန်ုပ် ဝမ်းသာအား‌ရ ဖြစ်မိပေသည်။

ကြည်ညိုခြင်း၊ ဝမ်းသာခြင်းစေတသိက်တို့ တစ်ကျော့စီ တစ်ပြန်စီ ဖြစ်ပေါ် နေကြဆဲတွင် ဝိနည်းတော်နှင့် သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှုတစ်ခုကို လည်း သုံးသပ်၍ နေမိ၏။ ယခင် ယခင် အခါများတုန်းက ဝိနည်းပညတ်ချက် တစ်ခုခု ထုတ်ပြန်တော်မူလျှင် တစ်စုံတစ်ခုသော ကျူးလွန်မှု ပေါ်ပေါက်ပြီးမှ ထုတ်ပြန်တော် မူခဲ့၏။ ယခု ထုတ်ပြန်တော်မူသော ဂရုဓံတရား ရှစ်ပါးကိုကား မည်သို့သော ကျူးလွန်မှုမျှ မရှိသေးမီကပင် ကြိုကြိုတင်တင် ထုတ်ပြန်တော်မူလေပြီ။

သို့ရာတွင် ဤကိစ္စအတွက် ကျွန်ုပ် ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာ မလိုပါ။

"အာနန္ဒာ၊ တစ်ဖက်ဆည်ကန်ကြီး၏ ကန်ဘောင်ကို ကန်ရေတွေ ကျိုးပေါက် ဆုံးရှုံးခြင်း မရှိသေးမီကပင် ကြိုတင်၍ ဆည်ဖို့ထား‌ရာဘိသကဲ့သို့ ရဟန်းမများအတွက် ရာသက်ပန် မကျိုးမပေါက် စောင့်ရှောက်ကြရန် ဂရုဓံတရား ရှစ်ပါးကို ကြိုကြိုတင်တင် ပညတ်၍ ထား‌လိုက်ရပေသည်"

ထူးခြား‌သော အပြုအမူအတွက် ကိုယ်တော်တိုင်က ဖြေရှင်း၍ ပေး‌တော်မူလိုက်ပြီ ဖြစ်ပါ၏။

(အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ ဂေါတမီသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

⁂

http://www.dhammadownload.com

သမီးတော်ဂေါတမီ

မယ်တော်ကြီး ပဇာပတိဂေါတမီသည် ဂရုဓံတရား ရှစ်ပါးကို ဦးထိပ်ရွက် ပန်ဆင်လိုက်သည့်အတွက် သူ့အဖို့ ရဟန်းခံခြင်းကိစ္စ ပြီးမြောက်သွားပါ၏။ သို့သော် သူ့နောက်မှာ လိုက်ပါလာသော သက္ကမင်းသမီးတို့အတွက်ကား ကျန်နေ သေး၏။ ဤအကြောင်းကို မယ်တော်ကြီးက ကျွန်ုပ်ထံ လာရောက်လျှောက်ထားရာ ကျွန်ုပ် အရေးမပိုင်သောကိစ္စဖြစ်၍ ဘုရားရှင်ထံ ပို့ဆောင်ပေးလိုက်ရ၏။ မိန်းမသားများ ရဟန်းပြုနိုင်ရန် ခွင့်ပြုချက်ရှိပြီမို့ သက္က မင်းသမီးများလည်း အတူတကွ လိုက်ပါ၍ လာကြပေသည်။

"အရှင်ဘုရား၊ တပည့်တော်မနှင့် အတူပါလာသော ဤသက္ကမင်းသမီးများကိစ္စကို မည်သို့ စီမံရပါမည်နည်း"

သာသနာတော်ကြီးတစ်ခုလုံးဝယ် တစ်ပါးတည်းသာ ရှိသေးသော ဘိက္ခုနီအရှင်မကြီး၏ လျှောက်ထားချက် ဖြစ်ပေသည်။ ဘုရားရှင်သည် အရှင်မကြီး၏ လျှောက်ထားချက်ကို လက်ခံတော်မူကာ အတူပါလာသော သက္က မင်းသမီးတို့ကို ရဟန်းတို့ထုံးစံအတိုင်း ရဟန်းခံရန် ဝိနည်းပညတ်ချက် ထုတ်ပြန်တော်မူပေသည်။

ဘိက္ခုနီသံဃာ၏ မူလအစဖြစ်၍ ရဟန်းတို့ထံမှာသာ စာစဖက်သတ် ရဟန်းခံလာကြပြီးသော အရှင်မတို့သည် မယ်တော်ကြီးထံ ပြန်လာကြ၏။ ရဟန်းများ၏ ချီးမြှောက်ကူညီမှုဖြင့် ရဟန်းမဘဝသို့ တရားဝင်ရောက်လာကြပြီမို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြ၏။ ခဏ္ဍသိမ်အတွင်းတွင် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံရသည်ကို ဝမ်းသာအားရပြောကြရင်း ဤအဆဲ၌ မယ်တော်ကြီး ပါမလာသည်ကို သံသယ ရှိလာကြ၏။

"တပည့်တော်မတို့တော့ ရဟန်းတို့ထံမှာ ရဟန်းခံခဲ့ရပြီ။ အရှင်မကြီးမှာ ရဟန်းမခံရသေးပါကလား"

http://www.dhammadownload.com

အချို့က ဤသို့ပင် ထုတ်ဖော်ပြောဆိုကြ၏။ ဘုရားရှင့် အမိန့်တော်ကို ကျွန်ုပ်ထံမှ သေသေချာချာ ကြားနာရပါလျက် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် သူတို့စကားကြောင့် ဇဝေဇဝါ ဖြစ်လာသေး၏။ ဤပြဿနာသည်လည်း ကျွန်ုပ်ထံသို့ တစ်ဆင့် ခုန်လာသည်ဖြစ်ရာ ကျွန်ုပ်ကလည်း အရေးအရာပိုင် ဖြစ်တော်မူသော ဘုရားရှင်ထံသို့ ပို့လိုက်ရပြန်ပေသည်။

"အာနန္ဒာ၊ ဂရုခံတရား ရှစ်ပါးကို ဦးထိပ်ပန်ဆင်လိုက်သည့် အချိန်မှစ၍ မဟာပဇာပတိဂေါတမီသည် ရဟန်းခံပြီး ဖြစ်ပေသည်"

စောစောက မိန့်ကြားခဲ့ပြီးသော စကားကိုပင် သံသယရှင်းအောင် ထပ်မံ၍ မိန့်ကြားတော်မူလိုက်ပေသည်။

(စူဋ္ဌဝဂ်ပါဠိတော်၊ ဘိက္ခုနီခန္ဓက၊ ပထမဘာဏဝါရ)

"ဂေါတမီ၊ 'ဤတရားတို့သည် ရာဂနှင့်တကွဖြစ်ခြင်းငှာ ဝဋ်တရားနှင့် စပ်ခြင်းငှာ ဝဋ်တရားတို့ပွားစေခြင်းငှာ အလိုတဏှာကြီးထွားခြင်းငှာ မရောင့်မရဲ သူ့ထက်ကဲခြင်းငှာ အပေါင်းအဖော်များကြား၌ ပျော်ပါးနေခြင်းငှာ လုံ့လမရှိ ပျင်းရိနေခြင်းငှာ လုပ်ကျွေးမွေးမြူရခက်ခြင်းငှာ ဖြစ်ကုန်၏'ဟု မိမိကိုယ်တိုင် သိမြင်ငြားအံ့။ 'ထိုတရားသည် ဘုရားရှင်ဟောကြားသော တရားတော် မဟုတ်၊ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော် မဟုတ်၊ ဘုရားရှင် ပေးသနားသော အဆုံးအမ မဟုတ်'ဟူ၍ ဧကန်မုချ မှတ်ယူရာ၏။

"ဂေါတမီ၊ 'ဤတရားတို့သည် ရာဂကင်းခြင်းငှာ ဝဋ်တရားကို ဖျက်ဆီးခြင်းငှာ အလိုတဏှာကင်းခြင်းငှာ သူ့ထက်မကဲ ရောင့်ရဲလွယ်ခြင်းငှာ အဖော်မမှီး တစ်ကိုယ်တည်းနေခြင်းငှာ မဆုတ်မနစ် အားသစ်ခြင်းငှာ လုပ်ကျွေး မွေးမြူ လွယ်ကူစေခြင်းငှာ ဖြစ်ကုန်၏'ဟု ကိုယ်တိုင် သိမြင်ငြားအံ့။ 'ထိုတရားသည် ဘုရားရှင်ဟောကြားသော တရားတော်ဖြစ်၏။ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော်ဖြစ်၏။ ဘုရားရှင် ပေးသနားသော အဆုံးအမဖြစ်၏'ဟူ၍ ဧကန်မုချ မှတ်ယူရာ၏"

မယ်တော်ကြီး ပဇာပတိဂေါတမီအား ဘုရားရှင် ဟောကြားခဲ့သော ဒေသနာတော် ဖြစ်ပေသည်။

အစ်မဖြစ်သူ မဟာမာယာဒေဝီ ကွယ်လွန်ပြီးချိန်မှစ၍ ၂၉ နှစ်တိုင်တိုင် ပြုစုလုပ်ကျွေးလာခဲ့ရသော မယ်တော်ကြီးအား ဟောကြားသော ဤဒေသနာတော်သည် တိုတိုကျဉ်းကျဉ်းကလေးသာ ဖြစ်နေပါ၏။ ဤသို့ဖြစ်ရခြင်းမှာ အသိဉာဏ်ရင့်သန်ပြီးသော မယ်တော်ကြီး၏ တောင်းဆိုမှုအရ ဖြစ်ပေသည်။

http://www.dhammadownload.com

ဘဝအတွေ့အကြုံ စုံလင်၍ အသိဉာဏ်ရင့်သန်ပြီးသော မယ်တော်ကြီးတို့လို ပုဂ္ဂိုလ်များအတွက် ဘယ်တရားနာရမည်။ ဘယ်အကျင့်ကျင့်ရမည်။ ဘယ်အဆုံးအမ လိုက်နာရမည်ဟူ၍ တစ်ခုချင်း အမည်နာမတွေ တပ်ပြနေစရာ မလိုပါ။ ကာယ ဝစီ မနောတို့ဖြင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံပြုလုပ်နေရသော ကံသုံးပါး အမှုကိစ္စများတွင် မိမိတို့ အဏ္ဏတ္တသန္တာန်ကို မိမိတို့ကိုယ်တိုင်က သတိသမ္မဇဉ်ဖြင့် ဆင်ခြင် သုံးသပ် လိုက်သောအခါ အကယ်၍ ထိုအမှုကိစ္စသည် ရာဂစသော ကိလေသာတို့ ဖြစ်လာစေကြောင်း မကောင်းသော အမှုကိစ္စဖြစ်လျှင် မိမိကိုယ်တိုင် သိမြင်ရမည်ဖြစ်၏။ ထိုအခါ မကောင်းမှုမှ မိမိက ရှောင်ကြဉ်ရမည် ဖြစ်၏။

အကယ်၍ အမှုကိစ္စတစ်ခုသည် ရာဂစသော ကိလေသာတို့ ကင်းကွာစေကြောင်း ကောင်းသော အမှုကိစ္စဖြစ်လျှင်လည်း မိမိကိုယ်တိုင် သိမြင်ရမည်သာ ဖြစ်၏။ ထိုအခါ ထိုကောင်းသော အမှုကိစ္စကို ဆက်လက်၍ ကြိုးကြိုးစားစား ပွားများရမည် ဖြစ်ပေသည်။

ကောင်းသောအမှု၊ မကောင်းသော အမှုတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာ သိပြီးလျှင် မကောင်းသော အမှုများကို ဆက်လက် မပြုမလုပ်ဘဲ ကောင်းသော အမှုကိစ္စများကိုသာ ဆက်လက်၍ ပြုလုပ်သွားခြင်းသည် ဘုရားရှင်၏ တရားတော်ဖြစ်၏။ ဘုရားရှင် ပညတ်သော ဝိနည်းတော်ဖြစ်၏။ ဤသည်လျှင် ဘုရားရှင်၏ အဆုံးအမ ဖြစ်၏။

ထိုတရား၊ ထိုဝိနည်း၊ ထိုအဆုံးအမတို့ကို တစ်ခဏအတွင်း လိုက်နာကျင့်သုံး လိုက်ခြင်းဖြင့် မဟာပဇာပတိ ဂေါတမီ၏ ရဟန်းကိစ္စ ပြီးဆုံး၍ သွားပေသည်။

(အဂုံတွရနိကာယ်၊ အဋ္ဌကနိပါတ်သံကိတ္တသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

ကံသုံးပါးအမှုကိစ္စများ၌ အပြစ်ဟူ၍ မြူမျှမရှိတော့သော အရှင်မကြီးသည် ဘုရားရှင့် ရှေ့တော်မှောက်မှ လက်အုပ်ချီလျက် ထွက်ခွာလာပြီးလျှင် ရဟန်းမများ ဥပုသ်ပြုရာသို့ ချဉ်းကပ်လာခဲ့၏။ ကြည်လင်ရွှင်ပျ ဝင်းဝင်းပ၍နေသော မျက်နှာကို ကြည့်ကာ တရားထူး တရားမြတ်ကို ရလာပြီဖြစ်ကြောင်း အချို့ရဟန်းမတို့သိကြ၏။ သိကြသည့်အတိုင်း ရိသေတုပ်ဝပ် ရှိခိုးကြကာ အထူးဆုံး အမြတ်ဆုံးနေရာကို ပေးကြ၏။

သို့ရာတွင် ထိုပရိသတ်ထဲမှာ သူတို့နှင့် မတူသူများလည်း ရှိနေကြ၏။ ထိုရဟန်းမတို့မှာ မဟာပဇာပတိဂေါတမီ တရားမြင်မူထက် မိမိတို့ကဲ့သို့ သိမ်ထဲမှာ ရဟန်းမခံခဲ့ရ၍ သူတို့ကဲ့သို့ ဥပဇ္ဈာယ် ဆရာပျူ၍ မရှိနိုင်။ ထိုသို့ မရှိနိုင်ခြင်းကိုပင် အပြစ်ကြီးတစ်ခုအဖြစ် ရှုမြင်ကာ-

http://www.dhammadownload.com

"မဟာပဇာပတိဂေါတမီအား ဥပဇ္ဈာယ်ဆရာဟူ၍ပင် ထင်ထင်ရှားရှား ညွှန်ပြစရာ မရှိပေ။ မိမိသင်္ကန်းကို မိမိဘာသာ ယူငင် ဝတ်ရုံလာခဲ့ရပေသည်"

ဤသို့ မကြာခဏ ပြောဆိုတတ်ကြ၏။ ထိုနေ့က ဥပုသ်ပြုရာတွင်လည်း တစ်ထောင့်တစ်နေရာမှ ပွစီ ပွစီဖြစ်လာကာ "သူများနည်းတူ ဥပဇ္ဈာယ်ဆရာဟူ၍ မရှိသော မဟာပဇာပတိ ဂေါတမီနှင့် အတူတကွ ဥပုသ်မပြုနိုင်ပါ"ဟု ဆိုလာသူများပင် ရှိကြ၏။

သို့နှင့် အတူတကွ ဥပုသ် မပြုလိုကြသော ရဟန်းမတို့သည် ခဏ္ဍသိမ်အပြင် ဘက်သို့ထွက်လာကာ ဘုရားရှင့်ရှေ့တော်မှောက်သို့ ဤအကြောင်းကို လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က–

"မဟာပဇာပတိဂေါတမီအား ငါဘုရားသည်ပင်လျှင် ဂရုဓံတရားရှစ်ပါးကို ပေးခဲ့၏။ ထို့ကြောင့် ငါ ဘုရားသည်ပင်လျှင် မဟာပဇာပတိ ဂေါတမီ၏ ကမ္မဝါဆရာလည်း ဖြစ်၏။ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်၏"ဟု မယ်တော်ကြီးဘက်က ခိုင်ခိုင်မာမာရပ်တည်၍ ပေးတော်မူပေသည်။

ဤသို့ ရပ်တည်ပေးရာမှ ဆက်လက်၍

"အကြင်သူသည် ကိုယ် နှုတ် စိတ် တို့ဖြင့် မကောင်းမှုကို မပြုလုပ်ပေ။ သုံးပါးသော ဒွာနတို့ဖြင့် မကောင်းမှုကို စောင့်စည်း၏။ ထိုသူကို သူတော် သူမြတ်ဟူ၍ ငါ ဘုရား ဟောကြားတော်မူပေသည်"

ဤသို့ တရားတစ်ပုဒ်ဟောထုတ်တော်မူလိုက်သဖြင့် မဟာပဇာပတိ ဂေါတမီအပေါ် ထားရှိခဲ့သော သံသယမြူမှုန်များ လွင့်စဉ် ပျောက်ကွယ်၍ သွားကြပေသည်။

(စမ္မပဒ အဋ္ဌကထာ၊ ဖြာဟ္မဏဝဂ်၊ မဟာပဇာပတိဂေါတမီဝတ္ထု)

အလောင်းတော် မင်းသားငယ်ဘဝက မယ်တော်ကြီး ဂေါတမီသည် မှက်၊ ခြင်၊ ယင် မသန်းရအောင် စောင့်ရှောက်ခဲ့၏။ ထိုနည်းမခြား အလားတူစွာပင် ဘုရားရှင်ကလည်း မယ်တော်ကြီးအပေါ် အထင်မှားမှု ဘေးရန် ဟူသမျှကို ပယ်ရှား၍ ပေးတော်မူပေသည်။

ဟိုယခင်က မဟာပဇာပတိ ဂေါတမီသည် မယ်တော်ကြီးဖြစ်ခဲ့၏။ ယခု ထိုမယ်တော်ကြီးသည်ပင် ရှုမငြီးသည့် သမီးတော်ဖြစ်လာရပေသည်။ ရှုမငြီးသည့် သမီးတော်ဖြစ်လာ၍လည်း သူ့ခမည်းတော်က ဘေးရန်ဟူသမျှကို ကာကွယ်၍ ပေးတော်မူရ၏။

သားငယ်ရွှေသွေး ပုလွေကွေးအား မယ်တော်ကြီးသည် နို့ချိုတိုက်ကျွေးမွေးမြူခဲ့၏။ ထိုနို့ချိုသည် တကယ်တော့ဖြင့် တစ်ခဏသာ အဆာပြေနိုင်၏။ ယခု ဘုရားရှင် တိုက်ကျွေးတော်မူသော တရားနို့ရည်မှာကား ဆာလောင်မွတ်သိပ်မှု ဟူသမျှကို အဆုံးတိုင် ပယ်ဖျောက်နိုင်ပေသည်။

http://www.dhammadownload.com

သား၊အမိ သား၊အဖ အပြန်အလှန်တော်စပ်၍ နေကြကုန်သော ကျေးဇူးရှင်ကြီး များကို ပြန်လည် သတိရတိုင်း ကျွန်ုပ်၏ စိတ်နှလုံးသည် ကြည်လင်နူးညှတ်ရပါ သတည်း။

(မဟာပဓာပတိဂေါတမီ ထေရုပဒါန်)

※※

http://www.dhammadownload.com

ပုဂ္ဂိုလ်မင်၍ တရားမြင်သည်

ဘိက္ခုနိသာသနာ စတင်ပေါက်ဖွားရာ ကုဋုဝဂါရကျောင်းတော်မှ တစ်ဖန် ဇေတဝန်ကျောင်းတော်သို့ ကျွန်ုပ်တို့ရောက်လာကြပါပြီ။ မဟာပဇာပတိဂေါတမီ အမှူးရှိသော ဖြစ်သစ်စ ရဟန်းမများလည်း ကျွန်ုပ်တို့နောက်ပါးက ပါလာခဲ့ပေသည်။

ကျွန်ုပ်၏ နှမသည် သက္ကမင်းသမီးများသည် သာသနာတော်တွင်းသို့ ရောက်လာကြသည်ကား မှန်ပါ၏။ သို့သော် သူတို့ခမျာ ယခုအချိန်အထိ ရဟန်းပြုရကျိုး မနပ်ကြသေးပါ။ သာသနာတော်ကြီး၏ အရိပ်အာဝါသကို အပြည့်အဝ ခိုလှုံခွင့် မရသေးပါ။ ထူးမြတ်သော တရားအသိ မကိန်းလာကြသေး၍လည်း ဖြစ်ပေသည်။

အသိမကိန်းသေး၍ အပူမငြိမ်းရှာကြသေးသော နှမများသည် ဇေတဝန်ကျောင်းတော်သို့ မျှော်လင့်ချက် တသီကြီးဖြင့် လိုက်ပါလာကြ၏။ သူတို့တစ်တွေ၏ မျှော်လင့်ချက်ကို ကျွန်ုပ် တပ်အပ်သေချာ ပြောပြနိုင်ပါ၏။ ရောဟိဏီ အရေးတော်ပုံမှ ရဟန်းဘဝရောက်ကာ တစ်ကြိမ်တစ်ခါမျှ မပေါ်လာကြသော သူတို့၏ မျက်နှာကို ဖူးရန်းနိုး၊ မြင်ရန်းနိုး မျှော်ကိုးစိတ်များပင် ဖြစ်ပေသည်။ သူတို့တစ်တွေ၏ လွမ်းသဝဏ်လွှာကို တုံ့ပြန်စာဆို၍ စာတစ်စောင်တလေမမျှ ပြန်ကြားဖော်မရကြသူများ အတွက် သူတို့ဘက်က သံယောဇဉ် မဖြတ်နိုင်ကြ။ အကယ်၍ မိန်းမသားတို့၏ ခံစားချက်ကို သက်သက်ညာညာ စဉ်းစားတတ်သော အလေ့အကျင့်သာ မရှိလျှင် ကျွန်ုပ်ကိုယ်တိုင်ကပါ သူတို့တစ်တွေကို ရှုတ်ချပြစ်တင် ပြုမိမည် ဖြစ်ပေသည်။

မျှော်တော်ဓောဖြင့် မောရပန်းရကောင်းမှန်း မသိခဲ့သော နှမများသည် ဇေတဝန်ကျောင်းတော် ဆိုက်ရောက်လာသည်နှင့် ခြေကုန်လက်ပန်း ကျကုန်ကြ၏။

http://www.dhammadownload.com

စကားမျှ ခပ်မာမာမပြောနိုင်။ သူတို့တစ်တွေ မျှော်ကိုးခဲ့ကြရသော ငွေလမင်းတို့ကို မဖူးတွေ့ရသောကြောင့် ဖြစ်ပါ၏။ သူတို့အတွက် ဇေတဝန်ကျောင်းတော်ကြီး တစ်ခုလုံးသည် လမိုက်ညသဖွယ် ဖြစ်၍ နေပေသည်။

သန်းခေါင်လကွယ် ဆောအုပ်လယ်၌ ကိုးကွယ်ရာမရကြသော ရဟန်းမများကို မယ်တော်ကြီး ဂေါတမီသည် ရှေ့တော်မှောက်သို့ ခေါ်ဆောင်ကာ-

"အရှင်ဘုရား၊ မသက်မသာ စိတ်ဗျာပါများနေကြသော ရဟန်းမများကို ဆုံးမတော်မူပါ။ တရားဓမ္မ ဟောပြတော်မူပါ ဘုရား"

သူ့နည်းတူစွာ ထောက်ရာတည်ရာ ရကြစေရန် အကျိုးဆောင်လိုက်ပါ၏။ အချို့ရဟန်းမများက သံသယတစ်ကွက်ဖြင့် သံဃာ့ကံပြုရာတွင် အဆက်အဆံ မပြုလိုဟု ဆိုခဲ့ကြသော်လည်း မယ်တော်ကြီးကတော့ သူတို့ကို စိတ်မကွက်ပါချေ။ မိမိကိုရှေ့တန်းတင်လျက် စိတ်တူကိုယ်မျှ လိုက်ပါလာကြသူအားလုံးကို မိခင်စိတ်ဓာတ်ဖြင့် ထပ်တူထပ်မျှ ကူညီစောင့်ရှောက်သည်သာ ဖြစ်ပေသည်။

ထိုအချိန်က ဝါရင့် မထေရ်ကြီးများသည် တစ်နေ့လျှင် တစ်ပါးကျ ရဟန်းမများကို ဆုံးမကြရ၏။ တာဝန်ကျသော မထေရ်ကြီးများသာ တစ်ပါးပြီး တစ်ပါး ဆင်းသွားကြရ၏။ နေ့ရက်တွေသာ တဖြည်းဖြည်း ပြောင်းလာကြရ၏။ သူ့သမီးတော်များ၏ မျက်စိများကား ပွင့်လင်း၍ မလာကြသေးပေ။ ချစ်ရ၊ ခင်ရ၊ လွမ်းခဲ့ရသော အရှင်ဟောင်း သခင်ဟောင်းတို့၏ မျက်နှာရိပ်များက သူတို့၏ မျက်စိကို ဖုံးထားကြသောကြောင့် ဖြစ်ပေသည်။

မျက်စိထဲက တိမ်သလွှာများကို ရှင်းလင်းသွားအောင် စွမ်းဆောင်နိုင်စရာ ရှိသော ပုဂ္ဂိုလ်တစ်ပါးကား ရှိပါ၏။ ထိုပုဂ္ဂိုလ်မှာ ရုပ်ရည်ရူပကာ သပ္ပာယ်သည်နှင့် အမျှ အဟော အပြောလည်း ကောင်းလှ၏။ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို အထူး အလေး ထား၍ ဝင်စားလေ့ရှိ၏။ ထိုအဘိညာဉ် တန်ခိုးဖြင့် တရားနာပရိသတ်၏ အထုံ ဝါသနာကို သိကာ သူတို့ သဘောသက်ဝင်လောက်သော ဟောကွက် ပြောကွက်များဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတတ်သူဖြစ်၏။ သာဝတ္ထိမြို့တော်သို့ ပထမ အကြိမ် ဘုရားရှင်ကြွတော်မူစဉ်ကပင် ရဟန်းဘောင် တက်ရောက်ကာ မကြာမီမှာပင် ရဟန်းကိစ္စပြီးဆုံးခဲ့သော သာဝတ္ထိ၏ သားကောင်းရတနာတစ်ဆူ ဖြစ်ပေသည်။

ယနေ့ ရဟန်းမတို့အား ဆုံးမရန်အလှည့်ကျသူမှာ ထိုအရှင်မြတ်ပင်ဖြစ်၏။ ထိုအရှင်မြတ်၏ ဂုဏ်သတင်းကို ကြားသိထားရပြီးပြီမို့ သည်နေ့သည်ရက်ကို ရဟန်းမတို့ အထူးမျှော်လင့်ထားကြ၏။ မိမိတို့ စိတ်နလုံးမှာ စူးဝင်၍ နေကြသော ဆူးငြောင့်များကို ထိုအရှင်မြတ်၏ ကူညီစောင်မမှုဖြင့် သည်ကနေ့ နုတ်နိုင် ပယ်နိုင်လိမ့်မည်ဟု အားခဲထားကြ၏။ သို့ပါလျက် သူတို့ခမျာ ခဲလေသမျှ သံရေကျ ဖြစ်ကြရပေတော့သည်။

http://www.dhammadownload.com

ထိုအရှင်မြတ်က ရဟန်းမများကို ဆုံးမခြင်း မပြုလိုပါတဲ့။ အားကိုးထိုက်သူ တစ်ဦးက အားကိုးမခံလိုသဖြင့် နောက်ဆုံးအားထားရာ ဘုရားရှင်ထံ ဝင်လာကြရခြင်း ပါတည်း။

"အာနန္ဒာ၊ ရဟန်းမများကို ဆုံးမရန် ယနေ့ မည်သူ့အလှည့်နည်း"

မယ်တော်ကြီး၏ လျှောက်ထားခြင်းကို လက်ခံခြင်း၊ ငြင်းပယ်ခြင်း ပြုတော်မမူသေးဘဲ ဘုရားရှင်က ကျွန်ုပ်ကို မေးတော်မူလိုက်၏။

"အရှင်ဘုရား၊ တာဝန်ကျသော မထေရ်ကြီးအား လုံး ဆုံးမ၍ ပြီးကြပါပြီ။ နောက်ဆုံးကျန်သူမှာ ဤအရှင် နန္ဒက ဖြစ်ပါသည်။ အရှင်နန္ဒကသည် ရဟန်းမတို့ကို ဆုံးမ သြဝါဒပေးရန် အလိုမရှိပါ ဘုရား"

အမေးတော်ရှိလာသည့်အတိုင်း ကျွန်ုပ်ဘေးမှာ ရှိနေသော အရှင်နန္ဒကကို ညွှန်ပြ၍ လျှောက်ထားလိုက်ရပေသည်။

ကျွန်ုပ်တို့ သိတင်းသုံးဖော် အရှင်နန္ဒကမှာ အဟောအပြောကောင်းသော်လည်း အခြားသူများက ခနိုးခနဲ ပြောစရာ ဆိုစရာဖြစ်လာမည့် ကိစ္စများကို ရှောင်ရှားတတ်ပေသည်။

"နန္ဒက၊ ရဟန်းမတို့အား ဆုံးမလော့။ အို....သူတော်ကောင်း၊ ရဟန်းမတို့အား တရားဓမ္မ ဟောပြပေတော့"

ဝါရင့် မထေရ်ကြီးများအား လုံးကို တာဝန်ပေးရာမှ ယခုတော့ သည်အရှင် တစ်ပါးတည်းကို တိုက်ရိုက်တာဝန်ပေးတော် မူချေပြီ။

"ကောင်းလှပါပြီ အရှင်ဘုရား"

ကိုယ်တော်တိုင်က အလေးအနက်ထားကာ တိုက်တွန်းတော်မူပြီမို့ အရှင်နန္ဒက မငြင်းသာပြီ။ ကျေးဇူးတော်သခင် အရှင်မြတ်ကြီး ကိုယ်တော်တိုင်က အထူးတလည် ပေးအပ်သောတာဝန်ဖြစ်၍ ခနိုးခနဲ ပြောမည့်ဆိုမည့်သူများလည်း ရှိလာတော့မည် မဟုတ်ဟု စိတ်ချသွားဟန်လည်း တူပါ၏။

သို့နှင့် ညနေချမ်းအချိန် ရောက်လာလျှင် အရှင်နန္ဒကသည် သပိတ် ပရိက္ခရာ အစုံအလင်ဖြင့် ရာဇိကာရုံကျောင်းတိုက်သို့ တစ်ပါးတည်းထွက်သွား၏။ ရာဇိကာရုံကျောင်းတိုက်မှာ ဇေတဝန်ကျောင်းတော်၏ အဝင်ဝမှာပင် ရှိ၏။ ကောသလမင်းကြီး၏ ကောင်းမှုဖြစ်၍ ဤအမည်ဖြင့် ကမ္ဘည်းတင်ရပေသည်။ ယခုတစ်ကြိမ်ဘုရားရှင် ပြန်ကြွလာရာတွင် ရဟန်းများပါ လိုက်ပါခဲ့၍ သူတို့အတွက် သီးသန့် နေစရာ ထိုင်စရာ အရန်သင့် ရှိနေပေသည်။

ရာဇိကာရုံကျောင်းတိုက်တွင် အရှင်နန္ဒက ဟောပြောခဲ့သော တရားသဘော တို့သည် ပရိသတ်အားလုံးအတွက် အကျိုးကျေးဇူးများလှသည်ဖြစ်၍ ကျွန်ုပ်က တစ်ဆင့် တင်ပြလိုက်ပါဦးမည်။

http://www.dhammadownload.com

အရှင်နန္ဒကာ ကြွလာသည်ကို အဝေးက လှမ်းမြင်လိုက်သည်တွင် ရဟန်းမ ပရိသတ်သည် ပျာပျာသလဲဖြစ်သွားကြ၏။ နေရာခင်းသူက ခင်းကြ၏။ ခြေဆေးရေ တည်သူက တည်ကြ၏။ သူတို့အားလုံးက မျှော်လင့် တောင့်တနေသော ဓမ္မကထိက အကျော်အမော်ဖြစ်၍ ဤ၍ ဤမျှ အားပါးတရဖြစ်နေကြရပေသည်။

အရှင်နန္ဒကသည် ခြေထောက်များကို ဖုန်ခါပြီးလျှင် ခင်းထားသော နေရာမှာ ထိုင်လိုက်၏။ စည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် ရဟန်းမ ပရိသတ်အားလုံးကို ခြုံငုံ၍ သုံးသပ်လိုက်၏။ တရားနာ ပရိသတ်၏ စိတ်ဓာတ်နှင့် ဟပ်မိသော တရားသဘောများကို ထိုတစ်ခဏအတွင်းမှာပင် ဆင်ခြင်မိပြီဖြစ်၍ ပရိသတ်ကို ဤသို့ နှုတ်ခွန်းစလိုက်၏။

"အို.... နှမတို့၊ သည်တစ်ခါဟောမည့် တရားသည်ကား မေး၍ မေး၍ ဟောရမည့် တရားဖြစ်၏။ မေးသောအခါတွင် သိသောသူများက သိသည့်အတိုင်း ဖြေဆိုကြပါ။ မသိသောသူများက မသိကြောင်းကို လျှောက်ထားကြပါ။ တစ်နေရာရာမှာ ယုံမှားသင်္ကာရှိလာလျှင် ကျွန်ုပ်ကိုသာ ပြန်၍ မေးကြပါ"

"အရှင်ဘုရား၊ ဤမျှလောက် စကားခံ၍ ဖိတ်မန္တ ကပြုလိုက်ခြင်းဖြင့်ပင် အရှင်ဘုရားကို တပည့်တော်မတို့ ကျေနပ်လှပါပြီ၊ အားရလှပါပြီ"

အရှင်နန္ဒကဏ၏ ကမ်းလှမ်းချက်ကို ရဟန်းမများက အားပါးတရ တုံ့ပြန်လိုက်ကြ၏။ ပုဂ္ဂိုလ်အပေါ် ခင်မင်ရင်းစွဲ ရှိနေပြီမို့ သူဟောမည့်တရားတို့ကိုလည်း လိုလိုချင်ချင် နာကြားကြတော့မည် ဖြစ်ပေသည်။

သာဓုသံတို့ ညံညံစီခဲ့သော ထိုတရားပွဲကြီးမှာ ဟောကြားချက်များကို သဘောထူရာတူရာ ပေါင်းစည်း၍ တင်ပြလိုက်ပါသည်။

"နှမတို့၊ ယခုမေးသော မေးခွန်းကို သင်တို့ သဘောပေါက်သည့်အတိုင်း ဖြေဆိုကြပါ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ မနောဟု ဆိုအပ်သော အတွင်း အာယတန ခြောက်ပါးသည် မြဲသလော၊ မမြဲသလော"

"မမြဲပါ အရှင်ဘုရား"

"မမြဲသော တရားသည် ချမ်းသာသလော၊ ဆင်းရဲသလော"

"ဆင်းရဲပါသည် အရှင်ဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်တတ်သော တရားကို ဤသည်ကား ငါ့ဥစ္စာတည်း၊ ဤသည်ကား ငါတည်း၊ ဤသည်ကား ငါ၏ အတ္တတည်းဟု ရှုမြင်ခြင်းငှာ သင့်ပါသလော"

"မသင့်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ်ကြောင့် မသင့်ပါသနည်း"

"အရှင်ဘုရား၊ ဤအတွင်းယာယတန ခြောက်ပါးတို့သည် ဖြစ်ပြီးသည့်နောက် ကုန်ခမ်း ကွယ်ပျောက်တတ်သော သဘောကြောင့် အမြဲမရှိဟူသော သဘောကို

http://www.dhammadownload.com

တပည့်တော်မတို့သည် စောစောကပင် ဟုတ်တိုင်းမှန်ရာ သိမြင်ထားကြပါပြီ။ ထို့ကြောင့် မရှုမမြင်သင့်ကြောင်း လျှောက်ထားပါသည် ဘုရား"

"သာဓု နှမတို့၊ သာဓုခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်ထားသော ဘုရားရှင့် တပည့်သား၏ အဖြေမှာ ဤသို့ပင် ရှိပေလိမ့်မည်"

ထိုမှဆက်၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အထွေထွေ အာရုံဟူ၍ အပြင်အာယတန ခြောက်ပါး။

မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိတွေ့သိ၊ တွေးကြံ ခဲစား သိ ဟူသော ဝိညာဏ်ခြောက်မျိုးတို့ကိုလည်း အမေးအဖြေ ပြုလုပ်ကြပြီးလျှင် ထိုတစ်ဆယ့်ရှစ်ပါး သော တရားသဘောတို့၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ ထင်ရှားစေရန် ဥပမာများကို ထုတ်ဆောင်ပေသည်။

"နှမတို့၊ ဥပမာအားဖြင့်တောက်လောင်နေသော ဆီမီးခွက်တွင် ဆီသည်လည်း အမြဲမရှိ။ မီးစာသည်လည်း အမြဲမရှိ။ မီးတောက်သည်လည်း အမြဲမရှိ။ မီးရောင် သည်လည်း အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏။

"နှမတို့၊ တောက်လောင်နေသော ဤဆီမီးခွက်တွင် ဆီသည်လည်း အမြဲမရှိ။ မီးစာသည်လည်း အမြဲမရှိ။ မီးတောက်သည်လည်း အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏။ သို့ရာတွင် မီးရောင်သည်ကား မြဲ၏။ ခိုင်၏။ ဖောက်ပြန်ခြင်း မရှိ။ ဤကဲ့သို့တစ်စုံတစ်ယောက်က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အရင်းခံဖြစ်သော ဆီ၊ မီးစာနှင့် မီးတောက်တို့သည်ပင် အမြဲမရှိကုန်။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကြသေး၏။ တစ်ဆင့်ခံဖြစ်သော အလင်းရောင်မှာကား ဆိုဖွယ်ရာမရှိတော့ပါ ဘုရား"

"နှမတို့၊ ဤဥပမာအထောက်အကူဖြင့် ဥပမေယျ တရားသားကို ဆက်လက် နာကြားကြပါကုန်လော့။

"နှမတို့၊ အတွင်းအာယတန ခြောက်ပါးတို့သည် အမြဲမရှိ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်ကုန်၏။ သို့သော် ထိုခြောက်ပါးသော အတွင်းအာယတန များကို အကြောင်းပြုကာ ခံစားလာရသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတို့သည်ကား မြဲကုန်၏။ ခိုင်ကုန်၏။ ဖောက်ပြန်ခြင်း မရှိကုန်။ ဤသို့ တစ်စုံတစ်ယောက်က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

http://www.dhammadownload.com

"အရှင်ဘုရား၊ အတွင်းအာယတန ခြောက်ပါးအပါအဝင် ဖြစ်သော အကြောင်းတရားအပေါင်းကို အစွဲပြု၍ ထိုအကြောင်း အားလျော်စွာ ဝေဒနာတို့ ပေါ်လာကြရပါသည်။ ထိုအကြောင်းတရားတို့ ချုပ်ပျောက်သဖြင့် အကြောင်းရှိမှ ပေါ်လာကြရသော ဝေဒနာတို့လည်း ချုပ်ပျောက်ကြရပါသည်။ ထို့ကြောင့် လက်မခံနိုင်ခြင်း ဖြစ်ပါသည် ဘုရား"

"သာဓု နှမတို့၊ သာဓုခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်ထားသော ဘုရားရှင် တပည့်သား၏ အဖြေမှာ ဤသို့ပင် ရှိရပေလိမ့်မည်။

"နှမတို့၊ ဥပမာ နောက်တစ်မျိုးသော်ကား အနှစ်ထည့်၍ ထီးတည်းမတ်မတ် တည်ရှိနေသော သစ်ပင်ကြီး၏ အမြစ်သည်လည်း အမြဲမရှိ။ ပင်စည်သည်လည်း အမြဲ မရှိ။ အခက်အရွက်များသည်လည်း အမြဲ မရှိ။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏။

"နှမတို့၊ ထိုသစ်ပင်ကြီး၏ အမြစ်သည်လည်း အမြဲမရှိ။ ပင်စည်သည်လည်း အမြဲမရှိ။ အရွက်အခက်တို့သည်လည်း အမြဲမရှိကုန်။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်ကုန်၏။ သို့ရာတွင် ထိုသစ်ပင်၏ အရိပ်သည်ကား မြဲ၏။ ခိုင်၏။ ဖောက်ပြန်ခြင်း မရှိ။ ဤသို့ တစ်စုံတစ်ယောက်က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြမည်လော"

'လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အရင်းခံဖြစ်သော အမြစ်၊ ပင်စည်နှင့် အခက်အရွက်များ သည်ပင် အမြဲမရှိကုန်။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကြသေး၏။ တစ်ဆင့်ခံ ဖြစ်သော အရိပ်မှာကား ဆို့ဖွယ်ရာ မရှိတော့ပါ ဘုရား"

"နှမတို့၊ ဤဥပမာဖြင့် ဤသို့သော ဥပမေယျ တရားသားကို နှိုင်းယှဉ် ကြည့်ကြရန် ဖြစ်၏။

"နှမတို့၊ အပြင်အာယတန ခြောက်ပါးတို့သည် အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်ကြကုန်၏။ သို့ရာတွင် အပြင်အာယတန ခြောက်ပါးတို့ကို အကြောင်းပြုကာ ခံစားလာရသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတို့သည်ကား မြဲကုန်၏။ ခိုင်ကုန်၏။ ဖောက်ပြန်ခြင်း မရှိကုန်။ ဤသို့တစ်ယောက်က ဆိုလာငြားအံ့။ ထိုစကားကို သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အပြင်အာယတန ခြောက်ပါးအပါအဝင် အကြောင်းတရား အပေါင်းကို အစွဲပြု၍ အကြောင်းအားလျော်စွာ ဝေဒနာတို့ ပေါ်လာကြရပါသည်။ ထိုထိုအကြောင်းတရားတို့ ချုပ်ပျောက်သဖြင့် အကြောင်းရှိမှ ပေါ်လာကြရသော

http://www.dhammadownload.com

ဝေဒနာတို့လည်း ချုပ်ပျောက်ကြရပါသည်။ ထို့ကြောင့် လက်မခံနိုင်ခြင်း ဖြစ်ပါသည် အရှင်ဘုရား"

"သာဓု နှမတို့၊ သာဓု ခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်ထားသော ဘုရားရှင့် တပည့်သား၏ အဖြေမှာ ဤသို့ပင် ရှိရပေလိမ့်မည်။

"နှမတို့၊ ဥပမာ နောက်တစ်မျိုးကို ထပ်၍နာကြားကြဦးလော့။ မိမိလုပ်ငန်းတွင် ကျွမ်းကျင်ပြီးဖြစ်သော နွားသတ်သမား၊သည်လည်းကောင်း၊ နွားသတ်သမား၏ တပည့်သည်လည်းကောင်း နွားမကိုသတ်ပြီးလျှင် ထက်လှစွာသော ဓားမြောင်ဖြင့် အတွင်းက အသားစုနှင့်အပြင်က အရေခွံတို့ကို မထိခိုက်စေဘဲ လှီးဖြတ်ရာ၏။ အတွင်းမှာ မြွေးယှက်တတ်သော အသား၊ အတွင်းက အကြော၊ အတွင်းက အဲနှောင်အဖွဲ့တို့ကို ထက်လှစွာသော ထိုဓားမြောင်ဖြင့်ပင် လှီးဖြတ်ရာ၏။ လှီးဖြတ်ပြီးသော အရေခွံတို့ဖြင့် ထိုနွားမကိုပင် ပြန်၍ဖုံးကာ ဤနွားမသည် ဤအရေနှင့် နဂိုပကတိအတိုင်း ဆက်စပ်သွားလေပြီဟူ၍ ဆိုလာငြားအံ့။ ထိုစကားကို သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား။ ဤကဲ့သို့ သူတို့က ဆိုသော်လည်း ထိုနွားမသည် ထိုအရေခွံနှင့် ဆက်စပ်ခြင်း မရှိပါ ဘုရား"

"နှမတို့၊ ဤဥပမာသည် ဤသို့သော ဥပမေယျ တရားသားကို အလွယ်သိနိုင်ရန် ဖြစ်ပေသည်။

"အတွင်းက အသားစုဆိုသည်မှာ အတွင်းအာယတန ခြောက်ပါး၏ အမည်ဖြစ်၏။

"အပြင်က အရေခွံဆိုသည်မှာ အပြင်အာယတနခြောက်ပါး၏ အမည်ဖြစ်၏။

"အတွင်းက မြွေးယှက်တတ်သောအသား၊ အတွင်းကအကြောနှင့် အတွင်းက အနှောင်အဖွဲ့ဆိုသည်မှာ တပ်နှစ်သက်တတ်သော ရာဂ၏ အမည်ဖြစ်၏။

"ထက်စွာသော ဓားမြောင်ဟူသည်မှာ အတွင်းက ကိလေသာ၊ အတွင်းက သံယောဇဉ်၊ အတွင်းက အနှောင်အဖွဲ့တို့ကို တိတိရိရိ ဖြတ်ချနိုင်သော မဂ်ပညာ၏ အမည်ဖြစ်ပေသည်။

"နှမတို့၊ အပြင်အာယတန ခြောက်ပါး၊ အတွင်း အာယတန ခြောက်ပါး တို့ကို ဓားသွားမထိစေမူ၍ အတွင်းက ကိလေသာ အနှောင်အဖွဲ့တို့ကို မဂ်ပညာ ဓားထက်ထက်ဖြင့် အချက်ကျကျ လှီးဖြတ်ရာတွင် ဤဗောဇ္ဈင်ခုနစ်ပါး၏ အထောက်အကူကို ရယူရာ၏။ ဗောဇ္ဈင်ခုနစ်ပါး ပွားများခြင်းဖြင့် အာသဝကုန်ခန်းရာ အရဟတ္တဖိုလ်ကို ဤဘဝ ဤခန္ဓာဖြင့်ပင် မျက်မှောက်ပြုနိုင်ရာ၏။

http://www.dhammadownload.com

ဗောဇျင်ခုနစ်ပါးဟူသည်ကား နိဗ္ဗာန်သို့ကိုင်းညွှတ်သော သတိသမ္ဗောဇျင်၊ ဓမ္မဝိစယသမ္ဗောဇျင်၊ ဝီရိယသမ္ဗောဇျင်၊ ပိတိသမ္ဗောဇျင်၊ ပဿဒ္ဓိသမ္ဗောဇျင်၊ သမာဓိသဗ္ဗောဇျင်နှင့် ဥပေက္ခာသမ္ဗောဇျင်တို့ဖြစ်ကြပေသည်"

တရားနာသူအားလုံး၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်၍ ဟောပြနိုင်သည်ဟူသော အရှင်နန္ဒက၏ ဂုဏ်သတင်းကို ယခု သူတို့ကိုယ်တိုင် တွေ့ကြကြုံကြရပေပြီ။ မြင်ချင်လှသော မျက်နှာများကို မမြင်ရသော စိတ်ဝိတက်ဖြင့် မသက်မသာ ဖြစ်နေကြသည်ကို သည်အရှင်မြတ်က မျက်လွှာတစ်ချက်ဝင့်၍ သုံးသပ်ကာမျှဖြင့် အတွင်းသိ အစင်းသိ ဖြစ်ခဲ့ဟန် တူပေသည်။ ယခုတော့ သည်အရှင်မြတ်၏ ကျေးဇူးဖြင့် သည်ဒုက္ခများက လွတ်မြောက်ခွင့် ရကြပေပြီ။

ဟိုယခင်အခါ မောင်နှံစုံအတူတကွ နေခဲ့ရစဉ်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မဝနိုင်အောင် ဖြစ်ခဲ့ကြ၏။ ခွန်းတုံ့ ခွန်းလှယ် ချစ်ကြည်စယ်ခဲ့ကြ၏။ အမွှေးအထုံ ရသာဘောဇဉ်၊ အတွေ့အထိ အာရုံတို့ကို အတူတကွ ခံစားခဲ့ကြရ၏။ မိမိတို့ စိတ်မနောဖြင့် ထွေထွေရာရာ ဝေဒနာများကို ခံစားခဲ့ကြ၏။ သူတို့၏ ကိုယ်ခန္ဓာတွင် ဖန်ရေသက်နံ့ ဝတ်ဆင်မြန်း၍ထားသော်လည်း စိတ်ခန္ဓာမှာကား ထိုသည့် ကာမဂုဏ်အာရုံတို့က ရစ်ပတ်ဖွဲ့နှောင်၍ ထားပေသည်။ ဤကာမဂုဏ်အာရုံတို့ကိုပင် အရှင်နန္ဒကက အတွင်းအာယတန အပြင်အာယတနနှင့် ဝိညာဉ်ခြောက်မျိုးတို့ဖြင့် ရည်ညွှန်းကာ ဟောကြားခဲ့ပေသည်။

ချစ်စရာ ခင်စရာ၊ လွမ်းစရာ ဆွေးစရာဟူသော ကာမဂုဏ်တို့မှာ အမှန်တော့ဖြင့် အရိပ်အယောင်မျှသာ ဖြစ်ပေသည်။ မသင့်မလျော်သော နှလုံးသွင်းမှုဖြင့် ချစ်တတ်၊ ခင်တတ်၊ လွမ်းတတ်၊ ဆွေးတတ်သော စေတသိက်များနှင့် အကျိုးအကြောင်းဆက်စပ်၍ နေကြ၏။ ထိုစေတသိက်များသည် စောစောက ဖော်ပြခဲ့သော အတွင်းအပြင် အာယာတနတို့ကြောင့် ဖြစ်ပေါ်လာကြရ၏။ အရင်းခံဖြစ်သော ထိုအာယတနတို့သည်ပင် အမြဲတစေ ရှိမနေနိုင်ကြရာ၊ ထိုစေတသိက်တို့သည်လည်း အမြဲရှိမနေနိုင်ကြတော့ပေ။ ထိုအခါတွင် ထိုစေတသိက်တို့နှင့် အကျိုးအကြောင်းဆက်စပ်နေသော ကာမဂုဏ်အာရုံ အရိပ်အယောင်တို့သည်လည်း သုဉ်းဆိတ်၍ သွားကြရပေတော့သည်။

ဤသို့ သုဉ်းဆိတ်၍ သွားရခြင်းမှာ အလယ်က အမြေးအယှက် အနှောင်အဖွဲ့များကို ဓားမြောင်ထက်ထက်ဖြင့် အချက်ကျကျ လှီးဖြတ်လိုက်သောကြောင့် ဖြစ်၏။ အရှင်နန္ဒက ညွှန်ပြသော ဥပမာအတိုင်း အတွင်းသားဟူသော အတွင်းအာယတနခြောက်ပါးကို ဓားသွားမထိခဲ့ပါ။အရေခွံတည်းဟူသောအပြင်အာယတန ခြောက်ပါးကိုလည်း ဓားရာ မပေးခဲ့ပါ။ အတွင်းသားနှင့် အရေခွံတို့ကို လုံးဝ ဓားမထိစေမူ၍ အလယ်က ကိလေသာတဏှာ အမြေးအယှက်၊ အနှောင်အဖွဲ့များကို

http://www.dhammadownload.com

လိုးဖြတ်ခြင်းသည်သာလျှင် မင်္ဂလာတည်းဟူသော ဓားထက်ထက်၏ အလုပ်ကိစ္စ ဖြစ်ပေသည်။

ဗောဇ္ဈင်ခြောက်ပါး၏ အကူအညီဖြင့် ဓမ္မဝိစယအမည်ရသော ဓားထက်ထက်သည် အလယ်က အမြွေးအယှက်၊ အနှောင်အဖွဲ့များကို လိုးဖြတ်လိုက်ပြီ ဖြစ်၍ ထိုအာယတန နှစ်မျိုးတို့မှတစ်ဆင့် ချစ်စရာ ခင်စရာတွေ ဖြစ်မလာနိုင်တော့ပေ။ လွမ်းစရာ ဆွေးစရာတွေ ထွက်မလာနိုင်တော့ပေ။ ဤတွင် ကာမဂုဏ်အာရုံတို့၏ ကင်းဆိတ်ရာမှန် အနိမိတ္တ အမည်ရသော နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် ကိုယ်စီကိုယ်င မျက်မှောက်ပြုကြရပေတော့သည်။

ဤတရားကို အရှင်နန္ဒကသည် လဆန်း ၁၄ ရက်နေ့တွင် ဟောကြားခဲ့၍ လပြည့်နေ့တွင်လည်း ဤတရားကိုပင် ထပ်မံဟောပြလိုက်သဖြင့် ရဟန်းမငါးရာလုံး အရဟတ္တဖိုလ်အထိ ဆိုက်ရောက်ကာ အားရကျေနပ်၍ သွားကြပေသည်။

ဓမ္မကထိက အကျော်အမော်တစ်ပါးဖြစ်သော အရှင်နန္ဒကသည် ရဟန်းမငါးရာလုံးတို့အား ကိုယ်ပိုင်ဉာဏ်ရောက် အလင်းပေါက်အောင် ဟောပြောပြနိုင်သဖြင့် ဘိက္ခုနောဝါဒက ဓတဒဂ် ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပေသတည်း။

(မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ နန္ဒကောဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ၊ အဝုတ္တရနိကာယ်၊ ဧကနိပါတ် အဋ္ဌကထာ၊ နန္ဒကထေရဝတ္ထု)

**

http://www.dhammadownload.com

အလှတွင် အယဉ်ဆင့်လေပြီ

ဝင္ဆုဝန်နန်းသို့ မြန်းခဲ့ပါ

အလှတွင် တန်းထိပ်မို့၊ နန်းတံဆိပ်စုဆို။
ဆန်းအနိပ်နပျိုကို၊ ရှလိုသူမေခင့်။
ဝင္ဆုဝန် ပန်းဥယျာဉ်ကို၊ မြန်းခုပင် ထွက်ကြအသင့်။
ပန်းစုံတဲ့ ဝင္ဆုမြို့၊ မေရှသာနိုင်ခွင့်။
ကြွေလှယိုင် ခါမသင့်လျှင်ဖြင့်၊ ကညာခင့်ရုံးမယ်၊
နတ်ဝတီ မမြင်ဖူးသည်သို့၊ ခင်တစ်ဦး ခေတ်နောက်ကျန်ဖွယ်။
ပန်းစုံတဲ့နန္ဒာနွယ်လို၊ ဖန်ခါခြယ် ဝင္ဆုဥဋ္ဌကိုမှ၊
မေသူရှု ခုဖြင့်ခါညီ၊ ဥယျာဉ်သာဆီ။
ရောက်ခါမှ မိုးဒေဝီလို၊ ဖြိုးဝေစီ ရွှင်မြူးလိမ့်လေး....။

နတ်ပြည်ထက်တစ်လေးသာ

၁ နန္ဒဝန်မှာလေ....
၂ စံအလွန် အဖော်တွဲပါလို့
ပျော်နွဲသူ ဒေဝါဝါတို့
ဒေသစာ လှူ့နယ်အမြန်းမှာလ
နန်းဥယျာဉ် ဝင္ဆုအတွေ့မတော့
ပျော်မွေ့ လွန်ကဲ။
မခွဲခွါသာ
အမြဲသာယာယာနဲ့
နတ်ဒေဝါ နန္ဒာမေ့ပါလို့
ဝေမြို့မှာ တွေမှိုင်၍သာပ
နန်းဝတီ မြန်းချိန်မေ့လို့ရယ်ကွယ်
ငြီးငွေ့နိုင်ပဲ။

http://www.dhammadownload.com

ကျွန်ုပ်တို့၏ သာသနာ့သမိုင်းစဉ်တွင် အရေးပါ အရာရောက်လှသော တေးသီချင်းများဖြစ်၍ အမှတ်တရ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ဘုရားရှင်နှင့် အတူတကွ ကျွန်ုပ်တို့တစ်တွေ ဤဥယျာဉ်မှာ နေလာခဲ့ကြ၏။ ဝေသာလီ၊ သာဝတ္ထိစသော မြို့ကြီးမြို့ငယ်နယ်ပေါင်းစုံသို့ ဒေသစာရီလှည့်လည်ကြရာမှ ရာဇဂြိုဟ်သို့ပြန်လည်ဆိုက်ရောက်လာလျှင် ဤကျောင်းတော်မှာသာ နေလာခဲ့ကြ၏။ ကျောင်းဒါယကာ ဘုရင်ဗိမ္ဗိသာရ၏ ကြောင့်ကြစိုက်မှု၊ ကျွန်ုပ်တို့တစ်တွေ၏ သေနာသနဝတ္တရားကျေပွန်မှုဖြင့် ဤဥယျာဉ်သည် ရွှေချင်စဖွယ်တင့်တယ်နေသည် မှန်ပါ၏။ သို့သော် ဤတေးသီးချင်းများ မပေါ်လာမီက ဤဥယျာဉ်သာယာပုံ၊ စည်ကားပုံ၊ ခမ်းနားပုံတို့ကို ဤရွေ့ ဤမျှ သတိမပြုမိကြပါ။ အစဉ်ထာဝရ နေလာကြရသော ရဟန်း သံဃာတော်များနှင့်တကွ မကြာခဏ ရောက်လာကြရသော ဒါယကာ ဒါယိကာမများပါ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရသော နေရာတစ်ခုဟူ၍ သာမန်မျှ သဘောပိုက်ခဲ့ကြ၏။

ယခုသော်ကား ဤတေးသီချင်းများက ကောင်းကောင်းကြီးအစွမ်းပြလိုက်ပါချေပြီ။ တေးသီချင်းများမှာ အသွားအလိုက်ကကောင်းကောင်း၊ တီးကြ မှုတ်ကြ၊ သီဆိုကြသော သဘင်သည်များကလည်း ပြည်သူ့အချစ်တော်များချည်းဖြစ်၍ ရာဇဂြိုဟ်မြို့တော်သူမြို့တော်သား တို့၏ နှုတ်ဖျားဝယ် ဤတေးသီချင်းများက လူးလာပျံဝဲ အသံမစဲသလောက် ဖြစ်နေကြပေသည်။

ဤသီချင်းများ၏ ဆွဲဆောင်မှုဖြင့် တစ်ခါတစ်ခေါက်မျှ မရောက်လာဖူးသော ချောင်ကြိုချောင်ကြားက ပုဂ္ဂိုလ်များပင် ရောက်လာကြ၏။ အချို့မှာ အခါခါ ရောက်ခဲ့ဖူးပြီဖြစ်ပါလျက် သီချင်းသံကြားခါမှ အားမလိုအားမရဖြစ်ကာ တမင်တကာ လာရောက်၍ ကြည့်ကြရ၏။ တချို့မူကား စာဆိုသလောက် ဟုတ်မှ ဟုတ်ပါ၏လော ဟူသော သံသယစိတ်ဖြင့် တိတ်တဆိတ်လာခဲ့ကြ၏။ ရှုတိုင်းသာလွန် ဝေဠုဝန်သည်ကား သူတို့၏ သံသယ မြူမှုန်ကို ရေစင်ရေကောင်းဖြင့် လောင်းချိုးပေးရန် အသင့်ပင် ရှိနေပေသည်။

နဂိုကမှ ပန်းရောင့်စုံ ပူးပွင့်ဝေဆာနေသည့် ကြားဝယ် မြို့သူမြို့သား တို့၏ အဝတ်အထည်၊ အဆင်းတန်ဆာမျိုးစုံတို့ပါ ရောစွက်လိုက်သဖြင့် ကျွန်ုပ်တို့ ကျောင်းဥယျာဉ်သည် ဆထက်ထမ်းပိုး တိုး၍ သာယာလာပေသည်။

ဝင်ထွက်လာသူတို့ များပြားလှသည်နှင့်အမျှ သံဃာတော်များအတွက် လာဘ်သပ်ပကာများလည်း ဝင်လာမစဲတသဲသဲဖြစ်လာကြပေသည်။ သူတို့တစ်တွေက လူဖော်တန်းဖော် ရကြပေသဖြင့် ကျွန်ုပ်တို့မှာ မတောင့်မတ၊ မကြောင့်မကြ နေထိုင် စားသောက်ကြရပါ၏။ လူသူ တန်းသူတို့၏ စေတနာ သဒ္ဓါတရား တို့ကို သာခုခေါ်ပါ၏။ မိမိတို့အပေါ် မေတ္တာရှေ့ထား၍ ရောက်လာကြသူတို့အား မေတ္တာစိတ်ဓာတ်ဖြင့် တုံ့ပြန်သမျှ ပြုကြရပါ၏။

http://www.dhammadownload.com

သို့သော် ဤပုံစံအတိုင်း ရက်ကလေး တော်တော်ညောင်းလာလျှင်ကား ကျွန်ုပ်တို့အဖို့ စိတ်အနှောင့်အယှက် ဖြစ်လာကြရပေတော့သည်။

သူတို့တစ်တွေ ရောက်လာကြခြင်းမှာ အချိန်အခါနှင့် သတ်သတ်မှတ်မှတ်မှတ် မဟုတ်ပေ။ သွားလာဝင်ထွက်၍ ကောင်းသော နံနက်ခင်းနှင့် ညနေချမ်းတို့မှာသာ မဟုတ်၊ နေ့လယ်ကြောင်တောင်ကြီးမှာလည်း ရောက်လာတတ်ကြ၏။ တစ်ယောက်စကား တစ်ယောက်နားမှာ ကြားကြရ၍ သုံးလေးယောက်မျှ စိတ်တူသဘောတူ ဖြစ်လာကြလျှင် ရောက်လာကြသည်သာ ဖြစ်၏။

သူတို့အဖို့မှာတော့ တစ်သုတ်ပြီး တစ်သုတ် အလဲအလှယ်နှင့်မို့ အကြောင်းထူးလိမ့်မည် မဟုတ်ပေ။ ဝင်လာမစဲ တသဲသဲ ရောက်လာကြသူများ၏ အဖူးအမြော်ခံကြရသော ကျွန်ုပ်တို့မှာကား တစ်နေ့ထက် တစ်နေ့ ဝန်တာလေးလုပါ၏။ လာလာသမျှ ပုဂ္ဂိုလ်များ ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ၊ ကျေနပ်မှု ရှိပါစေတော့ဟု ဆည့်ခံစကား ပြောကြရာတွင် တရားဓာတ် ကိန်းသူများပါလျှင် တော်ပါသေး၏။ သူတို့ကို တရားစကား တစ်လုံးစ နှစ်လုံးစ ပြောခွင့်ရ၍ စိတ်ဖြေစရာ ရှိပါသေး၏။ တရားဓာတ် ကိန်းဝပ်သူပါမလာသော နေ့များမှာကား အာပူလှ၍ ခါးညောင်းခံရခြင်းသာ အဖတ်တင်ပေသည်။

ခါတိုင်းအချိန်များ၌ လူသံ သူသံ ကင်းဆိတ်မှုကို နှစ်ခြိုက်တော်မူခဲ့သော ဘုရားရှင်သည် ဤဥယျာဉ်တော်မှာကား ရေငုံနှုတ်ပိတ်နေတော်မူဘိ၏။ ဝင်လာရောက်လာသူတို့ကိုလည်း မတားမြစ်။ ဆည့်ခံသော ရဟန်းတို့ကိုလည်း အပြစ်မဆို။ ကိုယ်တော်မြတ်၏ ထူးခြားသော ဤအပြုအမူသည် ထူးခြားသော အကြောင်းတစ်ခု ရှိ၍ပင် ဖြစ်ပေသည်။ ဤသို့သော အကြောင်းထူးကို ငဲ့၍ပင် ကျွန်ုပ်တို့ကလည်း ပရိသတ်တို့၏ ဒဏ်ကို စိတ်ရှည်လက်ရှည် ခံယူနေကြရခြင်း ဖြစ်ပေသည်။

ဆူသံပူသံ သည်းညည်းခံနေရခြင်း အကြောင်းသည်ကား ထူးလည်း ထူးခြားပါပေ၏။ အရေးပါ အရာရောက်သော ကိစ္စကြီးတစ်ခုလည်း ဖြစ်ပါပေ၏။ကျွန်ုပ်တို့ ရဟန်းလောကတွင် ပညာအရာ ဂုဏ်ထူးဆောင်အရှင်မဟာသာရိပုတ္တရာ ရှိနေသကဲ့သို့ ရဟန်းမလောကတွင် မရှိလာသေးပါ။ မယ်တော်ကြီးဂေါတမီအမှူးရှိသော ရဟန်းမလောက၏ လိုအပ်ချက်ကို ယခုကိစ္စများက ဖြည့်ဆည်းပေးကြရန် ရှိပေသည်။ သို့ဆိုလျှင် ရဟန်းမလောက၏ ဂုဏ်ထူးဆောင်လောင်းလျာကား မည်သူနည်း။ သူက ယခု ဘယ်မှာ ဘာလုပ်၍နေပါသနည်း။

သူသည်ကား ကျောင်းဒါယကာကြီး၏ မိဖုရားတစ်ဦးဖြစ်ပါလျက် ယခုထိ ကျွန်ုပ်တို့ ဝေဠုဝန်သို့ မရောက်ခဲ့သေးပါ။ ဘုရားရှင်နှင့်အတူ ကျွန်ုပ်တို့တစ်တွေ နှန်းတော်ရောက်သောအခါမှာလည်း သူကဖြင့် မျက်နှာပြဖော်မျှ မရပါ။ ကျောင်းဒါယကာဖြစ်သော မင်းကြီး ဗိမ္ဗိသာရနှင့် မိဖုရားခေါင်ကြီး ဝေဒေဟီတို့ကသာ အရန်သင့် ဆွမ်းလုပ်ကျွေးခဲ့ကြပေသည်။

http://www.dhammadownload.com

ဤကဲ့သို့ သူ့ကိုယ်သူ ကိုယ်ရောင်ဖျောက်၍ နေနိုင်ခဲ့သော်လည်း သူ့သတင်းများကိုကား လုံခြုံအောင် ထိန်းချုပ်ထား၍ မရနိုင်ပါ။ လူ့သတင်းမို့ လူချင်းဆောင်ရာပါခဲ့သည်သာ ဖြစ်ပေသည်။

သူတို့ အသိုက်အဝန်း၌ ကျွန်ုပ်တို့ နောင်တော်ဘုရားသည် အလှအပကို စက်ဆုပ်ရွံရှာသူ၊ အလှအပကိုဖျက်ဆီးချေမှုန်းတတ်သူ၊ အပြစ်ဟူ၍ မြူမျှရှာမရသော ကိုယ်ခန္ဓာကိုပင်လျှင် အပြစ်အနာအဆာ ရှာပြတတ်သူဖြစ်၍ နေ၏။ သူမတူသော အလှရတနာ ယသော်ဓရာကိုပင်လျှင် ပစ်ပစ်ခါခါ စွန့်ခွာ၍ လာခဲ့ခြင်းက ဤသို့သော ကောက်ချက်ကို အထောက်အကူပြု၍ ထား၏။ ထို့ကြောင့် ဤရွေ့ ဤမျှ နှလုံးသားခြောက်သွေ့နေသော ပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် သူချစ်မြတ်နိုးလှသော အလှဂုဏ်သိန် ညှိုးမှိန်သွားမည် စိုးရွံပါသတဲ့။ ထို့ကြောင့်ပင် တမင်ပုန်း၍ နေရှာပါသတဲ့။

ဟုတ်တော့လည်း ဟုတ်ပါ၏။ လောကီ မျက်စိနှင့်သာ ကြည့်ပါက အဖြစ်သည်းမှုကို အပြစ်ဆိုရန် မရှိပါချေ။ မိန်းမချော မိန်းမလှတို့ ထွက်ပေါ်ရာ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့တော်၏ အလှရတနာတစ်ဆူဖြစ်ကြောင်းကိုသာ သိကြလျှင် သည်ကိစ္စအတွက် ခွင့်လွှတ်နိုင်သူက များပါလိမ့်မည်။

လှဂုဏ်ထူးရှင် သည်မိန်းကလေးသည် မွေးဖွားလာသည့် အချိန်ကပင် ကံထူးခဲ့သူ ဖြစ်ပါ၏။ အမိဝမ်းတွင်းမှာ ခိုနေစဉ်က သူတို့နိုင်ငံသည် ကပ်ဘေးကြီးများ၏ အခြိမ်းအခြောက်ကို ခံနေခဲ့ရ၏။ သူ မွေးဖွားလာချိန်မှာကား ထိုကပ်ဘေးကြီးတို့ ငြိမ်းအေးသွားကြပေသည်။ ဘေးဘယာတို့ ဝေးကွာသွားသော ဤအကြောင်းနိမိတ်သည်ပင် ဤမိန်းကလေး၏ အမည်နာမ ဖြစ်လာရပေသည်။

လှလွန်းဆွေ မယ်ခေမာသည် ထိုအလှဂုဏ်ကို အကြောင်းပြု၍ပင် မာန်မာနကလည်း ကြီးလှသည် ဟူပါ၏။ ထိုမာန်မာနကို သာဂလမြို့တော်မှာတုန်းက ခမည်းတော် မဒ္ဒရာဇ်မင်းကြီးက မြေတောင်မြှောက်၍ ပေးခဲ့၏။ သမီးကညာရတနာကို ဘာမဆို အလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြ၏။ ယခု ဗိမ္မိသာရမင်းကြီး၏ နန်းတော်သို့ ရောက်လာပြန်တော့လည်း ရတနာရှိရာ ရတနာစုသည်သာ ဖြစ်၏။

ဗိမ္မိသာရ မင်းကြီးတွင် သက်တူရွယ်တူ ဝေဒေဟီ မိဖုရားကြီးရှိ၏။ သူကား နာမည်ကျော် အဇာတသတ်မင်းသား၏ မယ်တော်ဖြစ်ပေသည်။ မထင်ရှားသော အခြားမိဖုရားတို့လည်း ရှိကြသည်ပင်။ သို့ရာတွင် မင်းဧကရာဇ်တို့မည်သည် မိမိ၏ ဘုန်းသမ္ဘာတော်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဆက်သလာသော ရတနာမျိုးစုံတို့ကို ပစ်ပယ်ရိုးထုံးစံ မရှိပေ။ မယ်ခေမာဟု အမည်တွင်သော ဤရတနာလေးသည်ကား သက်မဲ့ရတနာမျိုးတို့ထက် အဆတစ်ရာမကသာအောင် အဖိုးထိုက်တန်၍ နေပေသည်။ အဖိုးထိုက်တန်သော ရတနာမို့ ဘုရင်ကြီးက ချစ်မြတ်နိုးလှသည် ဟူပါ၏။

http://www.dhammadownload.com

အလှရတနာတစ်ဆူကို လက်ရပိုင်ပိုင် သိမ်းပိုက်နိုင်သဖြင့် ကျွန်ုပ်တို့ ကျောင်းဒကာကြီးအဖို့ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် သူ့ကံမှာ တစ်ခုခုချို့တဲ့နေဟန် တူပါသည်။ သူကိုယ်တိုင်က ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်ပြီးသော ကျောင်းဒါယကာကြီး။ ဘုရားရှင့် ကျေးဇူးတော်ဖြင့် အေးချမ်းရာ တရားကြီးကိုပင် ကိုယ်တိုင်ကိုယ်ကြပ် ခံစားရပြီးသူ။ သို့ပါလျက် အလှအာရုံ ခုံမင်လာသည်နှင့် တစ်ပြိုင်နက် သူ့ခမျာ အခက်ကြုံရရှာတော့သည်။

သူသည် ရတနာသုံးပါးကို ကြည်ညိုသဖြင့် ဘုရားကျောင်းတော်သို့ မကြာခဏ သွားလိုသည်။ ထိုမှတစ်ဖန် မိဖုရားကလေး မယ်ခေမာကို ချစ်မြတ်နိုးလှသဖြင့် သူကလေးနှင့် အတူတကွ သွားလို၏။ ကျယ်ဝန်းလှသော မဂဓတိုင်းကြီး တစ်ခုလုံးကို အလိုပြည့်ခဲ့သော ဇကရာဇ်ဘုရင်ကြီးသည် သည်အလိုနှစ်ခုအနက် တစ်ခုကိုသာ ဖြည့်ဆည်းခွင့် ရပေသည်။

အလိုနှစ်ခုလုံးကို စိတ်တိုင်းကျ ဖြည့်စွက်နိုင်ရန်ကား မင်းအာဏာကို သုံးရပေတော့မည်။ မင်းဇကရာဇ်တို့၏ တာဝန်အရ ပြင်းထန်လှသော အမိန့်အာဏာများကို ပေးခဲ့ရဖူးသော်လည်း သည်မိဖုရားလေးကိုကား ဤသို့သော အမိန့်မျိုးကို မပေးရက်ပေ။ ဤသို့သော အာဏာမျိုးကို မသုံးရက်ပေ။ သူ့စိတ်သဘောနှင့် ဆန့်ကျင်သော အမိန့်သံ နာခံလိုက်ရလျှင် နေထိပန်းသို့ ညှိုးနွမ်းသွားရှာမည့် ဖြစ်အင်ကို သူမရှုရက် မမြင်ရက်ပေ။ သို့ဖြစ်၍ သူ့အလိုဆန္ဒလည်း ပြည့်ဝစေ၊ အလှပန်းကလေးလည်း လန်းဆန်းမြဲ လန်းဆန်းစေရန် ရာဖပရိယာယ် ရွေးဉာဏ်ခြယ် ရပေတော့သည်။

သူက သူ့တွက်ကိန်းနှင့်သူ ရွေးဉာဏ်ခြယ်သည်ကား ဟုတ်ပါ၏။ သူ့ရည်မှန်းချက် အောင်မြင်သင့်သလောက် အောင်မြင်သည်လည်း မှန်ပါ၏။ သို့သော်လည်း သူ့ပါရမီကို ကူညီ ဖြည့်ဆည်းပေးနေရသော ကျွန်ုပ်တို့ တစ်တွေကား မသက်သာလှပါ။ ဤဝတ္ထုအစမှာ ဖော်ပြခဲ့သော တေးသီချင်းများကို သူကိုယ်တိုင်က တစ်ဖက်လှည့်ဖြင့် စိမ်ထားခြင်းဖြစ်ရာ ကျောင်းတော်သို့ လူသွားလူလာ မစဲတမ်း ဖြစ်လာရပေသည်။

သူ့ပါရမီကို ကူညီဖြည့်ရသော ကျွန်ုပ်တို့မှာ ဖြည့်ရကျိုးနပ်သည်ဟု ဆိုရပါတော့မည်။ ကိုယ်ခန္ဓာ၏ အလှအပကိုသာ ကိုးကွယ်လာခဲ့သော မိန်းမပျို တစ်ယောက်အား ဆွဲဆောင်နိုင်သောအဈာမှာ လှပသော တေးသီချင်းပင် ဖြစ်၏။ လှပသောတေးသီချင်းများက ဆွဲဆောင်ခဲ့သဖြင့် လှလွန်းဆွေ မယ်ခေမာသည် ဝေဠုဝန် ဥယျာဉ်တော်သို့ လှမ်းလင့်လာခဲ့၏။ သစ်ပင်ပန်းမာန်ရေတွင်းရေကန်တို့၏ အလှ၊ တေးသွားအလှကို မလွန်ဆန်နိုင်၍သာ သူလှမ်းလာရ၏။ သည်ဥယျာဉ်တော်မှာ စံပျော်တော်မူသော ဘုရားရှင်ကိုကား သူတွေ့ချင်စိတ် မရှိသေးပေ။

http://www.dhammadownload.com

သည်တုန်းက ကျွန်ုပ် အပါအဝင် ရဟန်းအားလုံး မြို့တွင်းမှာ ဆွမ်းခံဝင်ခိုက်ဖြစ်၏။ ခါတိုင်းဆိုလျှင် သံဃာတော်တန်းကြီး၏ ရှေ့ဆုံး၌ အတုမရှိသော အသရေတော်ဖြင့် ဘုရားရှင်ပါ ဆွမ်းခံကြွနေကျ ဖြစ်၏။ ထိုနေ့မှာတော့ ကျွန်ုပ်တို့ချည်းသာ လာခဲ့ကြရ၏။ အကြောင်းထူးတစ်ခုခုရှိလျှင် ဤသို့နေခဲ့ရိုးထုံးစံရှိသည်မို့ သတင်းထူးခြင်း ထူးလျှင် မယ်ခေမာအတွက်သာ ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားလိုက်ပါ၏။

ခန့်မှန်းထားသည့်အတိုင်းလည်း ဆွမ်းခံအပြန်မှာ ဖြစ်ကြောင်းကုန်စင်ကို ဤသို့ကြားလိုက်ရပါ၏။ ခါတိုင်းနေ့များမှာလိုပင် ဆွမ်းခံပါသွားလိမ့်မည် ထင်၍ မယ်ခေမာသည် ဘုရားရှင်ကျောင်းတော်သို့ ချဉ်းကပ်လာခဲ့၏။ အရန်သင့်ဖွင့်ထားသော တံခါးမှ ကျောင်းထဲသို့လှမ်းဝင်မိသောအခါတွင်ကား မမျှော်လင့်သော မြင်ကွင်းနှင့် ပက်ပင်းတွေ့လိုက်ရပေတော့သည်။

အလှအပကိုရှုမှန်းသူ၊ အလှအပကို ဖျက်ဆီးချေမှုန်းတတ်သူ၊ ခန္ဓာကိုယ်တစ်ခုလုံးတွင် အပြစ်အနာအဆာကိုမှ မရအရ ရှာပြတတ်သူ၊ ထိုသူ ထိုအရှင်မြတ်၏ ခြေတော်ရင်းတွင် ရင်သပ်ရှုမော အံ့ဩဖွယ်ရာ အလှရတနာလေးတစ်ဆူ ရောက်ရှိနေပါပြီကော။

ဤကမ္ဘာမြေတွင် မိမိကိုယ်သာ အလှဆုံးဟု ထင်တစ်လုံးနှင့် နေခဲ့သော မယ်ခေမာသည် ယခုတော့ သူ့ထက်လှနေသူလေးကို ငေးနေရချေပြီ။ အလှဂုဏ်မျိုးရိုးဂုဏ်တို့ဖြင့် မာနတံခွန် တလူလူလွင့်ထူခဲ့သော မဒ္ဒရာဇ်တိုင်းသူသည် ယခုတော့ မိမိထက်မာနကြီးသူနှင့် တွေ့လိုက်ရချေပြီ။ မိမိကသာ မိမိထက်လှသူကလေးပါကလား၊ဟု တငေးတမောကြည့်နေရ၏။ ထိုမိန်းကလေးမှာမူကား မဂဓတိုင်းကြီး၏ မိဖုရားတစ်ပါးကို လှည့်၍မျှပင် မကြည့်ပေ။ ဘုရားရှင်ကိုသာ ရိုသေစွာ ယပ်ခတ်လျက်ရှိ၏။

မိမိတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အလှထူးကလေးသည် မယ်ခေမာကြည့်နေသည့် အချိန်မှာပင် တစ်စတစ်စ အလှပျက်၍လာ၏။ အိစက်ညက်ညောသော အသားအရေသည် ပတ်ကြားအက်လျက် ခက်ထရော်ကြမ်းစာမ်း၍လာ၏။ တောက်ပကြည်လင် အရည်ရွှန်းနေသော မျက်လုံးများသည် မွဲသိပ်ဟောက်ပက် ဖြစ်လာကြ၏။ မိန်းမတို့၏ အလှကျက်သရေဆောင် အသားအသွေးတို့ တွန့်ရုံ့တွဲကျလာကြ၏။ ရှုမဝသော အပျိုစင်ဘဝမှ တစ်ခဏချင်းဖြင့် ဒုက္ခိတ အမယ်အိုကြီး ဖြစ်သွားပေသည်။ ဆဲဖြူသွားကျိုး ခါးရိုးမခိုင်သော ကိုယ်ခန္ဓာဖြင့် တုန်တိ တုန်ခိုက် ဖြစ်၍နေပေသည်။

မမျှော်လင့်ဘဲတွေ့လိုက်ရသော အဖြစ်ဆိုးကြီးကြောင့် မယ်ခေမာသည် သည်းထိတ်ရင်ဖိုဖြစ်လာရ၏။ ဟိုစဉ်တုန်းကတော့ အလှသည်ပင် သခင်။ အလှ

http://www.dhammadownload.com

သည်ပင် အရှင်။ အလှသည်ပင် ကိုးကွယ်ရာ အားထားရာ။ ယခုတော့ မိမိ အားထားခဲ့သော အလှတောင်ထွတ်ကြီးက ဖြုန်းခနဲ ပြိုကျသွားချေပြီ။ မယ်ခေမာ ဘယ်မှာသွား၍ ခိုကိုးရပါမည်နည်း။

"အိုဘယ့် ခေမာ၊ ရှုစမ်းပါလော့"

သတိသံဝေဂစိတ်ဖြင့် ထိတ်လန့်တကြား ဖြစ်နေသော မယ်ခေမာအား ဘုရားရှင်က နှုတ်ခွန်းတော် သလိုက်ပါချေပြီ။

"အိုဘယ့် ခေမာ၊ စေ့စေ့နာလော့
ပညာမျက်ကန်း၊ လူအနှမ်းတို့
ချီးမွမ်းကြရာ၊ ဤခန္ဓာကား
ကျဉ်နာခံကက်၊ နှိပ်စက်တတ်စွာ
ဆိုးယုတ်မာ၏။
"နေ့စဉ်ရက်ဆက်၊ ထက်အောက်ဒွါရ
အမာဝမှ၊ ယိုကျဒီးဒီး
ပုပ်နံ့ပြီး၏။
"ငြီးငွေ့ထိုက်စွာ၊ ဤခန္ဓာဝယ်
သာယာဖွယ်တိ၊ ဘိတ်မရှိဟု
သတိထင်လာ၊ တည်ကြည်စွာဖြင့်
ဘာဝနာမှု၊ အသုဘသွင်
စိတ်မှာထင်လော့။
"ထို့ပြင်တစ်မူ၊ သူငါနှစ်ဝ
ကိုယ်ကာယဒ္ဒါ၊ နှစ်ခြိုက်တွယ်တာ
တဏှာမရှိ၊ မြတ်အသိဖြင့်
စိတ်၏ ငြိမ်းရာ၊ နားခိုပါလော့"

လှလွန်းဆွေ မယ်ခေမာအတွက် ဘုရားရှင် ပေးသနားတော်မူလိုက်သော ဆေးခါးကြီးတစ်ဖုံပင် ဖြစ်ပါ၏။ ခါးသီးလှသော ဆေးတော်ကြီးကိုမှ မယ်ခေမာသည် မလွဲမရှောင်သာ ကြိတ်မှိတ်၍ မျိုရရှာ၏။ မျိုချ၍ ဝမ်းတွင်းသို့ သက်ဆင်းသွား သောအခါမှာကား အဝင်ဆိုးလှသော ဆေးခါးကြီးသည် အမြိုက်သြဇာ နတ်သုဒ္ဓါ ဖြစ်လာခဲ့ပေသည်။

မလိမ္မာ တစ်ခါမိုက်စမြဲဆိုသည့်အတိုင်း ဟိုစဉ်တုန်းကတော့ တသသ အမွမ်းတင်လာခဲ့ရသော သည်အလှအပကလေးတွေ ညှိုးမှိန်သွားလေမည်လား၊ ဟု ဘုရားရှင်ကို ရှောင်နေခဲ့၏။ မရှောင်သာ၍ ယခုလို မျက်နှာချင်းဆိုင် တွေ့လိုက်ရသော အခါမှာမူ သူထင်သည့်အတိုင်း မဟုတ်ချေတကား။ သူ စိုးရိမ်ခဲ့သလို သူ့အလှ

http://www.dhammadownload.com

အပတို့သည် စိုးစဉ်းမျှ ညှိုးမှိန်ခြင်း မရှိကြချေတကား။ ဘုရားရှင် တိုက်တွန်းတော်မူသည့်အတိုင်း ထိုတစ်ခဏ ပွားများလိုက်ရသော အသုဘဘာဝနာ၏ ကျေးဇူးဖြင့် ရှေးကထက်ပင် အလှကျက်သရေ တင့်ဖြိုးဝေ၍ လာပေသေး၏။

အသုဘဘာဝနာဆိုသည်မှာ အရှင်အသေ နှစ်ထွေသော ရုပ်ကလာပ်တို့၏ ပျက်စီးယိုယွင်းပုံ အဆင့်ဆင့်ကို စူးစိုက်ကြည့်ကာ မိမိစိတ်တွင် ထိုအသုဘ နိမိတ်အာရုံများ ထင်ရှားလာအောင် ပွားများခြင်းပင်ဖြစ်၏။

ဤဘာဝနာသည် သမထ ကမ္မဋ္ဌာန်းလေးဆယ်တွင် အပါအဝင်ဖြစ်သဖြင့် ဝိပဿနာဘက်သို့ မကူးတတ်လျှင် လောကုတ္တရာစခန်းသို့ မတက်လှမ်းနိုင်ပါ။ အပြင်အပ အသုဘမှတစ်ဆင့် မိမိ၏ အတွင်းသဏ္ဌာန်မှ မတင့်တယ် မဖွယ်ရာသော သဘောတို့ကို ဝိပဿနာရှုပါမှ မဂ်အခြေ အဖိုလ်အခြေ ဖြစ်နိုင်ပေသည်။

ဤသို့ဆိုလျှင် မယ်ခေမာ ဝိပဿနာရှုရန် အတွင်းသန္ဌာန်က အသုဘ သဘောများကား အဘယ်နည်း။ အလှဂုဏ်ဝင့်သော မယ်ခေမာအဖို့ အလှပေါ်မှာ မှိတွယ်နေသော မာန်မာနများပင်ဖြစ်ပါလိမ့်မည်။ ငါလှသည်။ ငါတင့်တယ်သည်။ ငါ့ထက်ချောသူ ဘယ်သူမှမရှိဟု ဘယ်လောက်ပင် မာန်မူ၍ နေနေ။ ထိုသို့ မာန်မူနေခြင်းတို့သည်ပင် မတင့်တယ် မဖွယ်ရာသော အသုဘတရားကြီးများ ဖြစ်နေကြပေသည်။

ငါနှင့်ငါသာ နှိုင်းစရာရှိသည်ဟူ၍ တလူလူလွင့်နေသော မာနစေတသိက်ကို ကျွန်ုပ်တို့ သီတင်းသုံးဖော်များက လေတံခွန်နှင့် ပုံခိုင်းတတ်ကြ၏။ တလွင့်လွင့်တက်၍ နေသော လေတံခွန်သည် သူ့အစွမ်းသက်သက်ဖြင့် တက်နိုင်စွမ်းမရှိပါ။ တိုက်ခတ်နေသော လေက မြှောက်ပင့်ပေး၍သာ မြှောက်တက်နေရ၏။ လေကသာ မြှောက်မပေးလျှင် ထိုလေတံခွန်သည် မြေပြင်ပေါ်မှာသာ ကပ်လျက် ချပ်လျက် ရှိနေရပေလိမ့်မည်။

သခ်ံတနယ်မှာ အပါအဝင်ဖြစ်သော မာနစေတသိက်သည်လည်း ထို့အတူသာလျှင် ဖြစ်၏။ တင့်မောဖွယ်ရာ အလှရတနာဟူ၍ မိမိဘာသာ သတ်မှတ်၍ ထားခဲ့သော သဏ္ဌာန်နိမိတ်အရိပ်အရောင်များကို မိမိတို့ကိုယ်တိုင်က အဟုတ်ရှိ၊ တကယ်ရှိ အနေနှင့် ထင်မြင်နေတတ်ကြ၏။ အရိပ်ကို အကောင်ထင်ကာ ပြောင်းပြန်မြင်၍ နေကြသော အကြောင်းတရားတို့က မြှောက်ပင့်ပေးကြသဖြင့် လှဂုဏ်မာန်တို့ မြှောက်တက်၍ နေကြရ၏။ ထိုအကြောင်းတရားတို့ကသာ မြှောက်ပင့်မပေးပါလျှင် သူ့အစွမ်းသက်သက်ဖြင့် မြှောက်တက်မသွားနိုင်ပါ။

မြှောက်တက်လာသော မာန စေတသိက်သည် အကြောင်းတရားတို့၏ ပေါင်းဆုံ ပြုပြင်မှုကြောင့် ဖြစ်၏။ ချုပ်ငြိမ်းနေသော သဘောကား အသခ်ံတဓာတ်ကြီးဖြစ်၍ အကြောင်းတစ်စုံတစ်ရာ မလိုပါ။ အသခ်ံတဓာတ်ကြီးကို ဖြစ်ပေါ်စေနိုင်

http://www.dhammadownload.com

သော ဧနကဟိတ် ဟူ၍ မရှိပါ။ ချုပ်ငြိမ်းသောသဘောကို ကိုယ်တိုင် ကိုယ်ပိုင် အသိဖြင့် ချဉ်းကပ်ဆိုက်ရောက်စေနိုင်သော သမ္မာပကဟိတ်မျိုးသာ ရှိပေသည်။

လှလွန်းဆွေ မယ်ခေမာအား ဤသို့သော သမ္မာပကဟိတ်ဖြင့် နိဗ္ဗာန်အရောက် ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ဘုရားရှင်က အနိမိတ္တ ဘာဝနာကို ဟောပြတော်မူပေသည်။

"အိုဘယ် ခေမာ၊ လွတ်လမ်းရှာလော့။
ဘာဝနာမှု၊ ဉာဏ်ဖြင့်ရှုလော့။
သုဘသဘော၊ တင့်မောဖွယ်ရာ
မပါမရှိ၊ ပကတိကင်းဆိတ်
အနိမိတ်ကို၊ တိဟိတ်ယှဉ်ကာ
ပွားစမ်းပါလော့။
"ငါနှင့်ငါသာ၊ နှိုင်းစရာဟု
အနုသယ၊ မာန်မာနကို
ထကြွစေရန်၊ မကြဲမစည်
တည်ကြည်လှစွာ၊ ဘာဝနာဖြင့်
မာနပယ်ခွာ၊ ယဉ်ကျေးပါလော့။
"ယဉ်ကျေးသိမ်မွေ့၊ မြတ်ဓလေ့ဖြင့်
အတွေ့စိတ်တွင်၊ မာနစင်သော်
ဤတွင်ငြိမ်းချမ်း၊ မဂ်ဖိုလ်လမ်းသည်
ဖြောင့်တန်းသေချာပါသတည်း"

ဤသို့သော အမြိုက်ရေကောင်းဖြင့် သွန်းလောင်းလိုက်သည့်အဆုံးဝယ် မယ်ခေမာသည် ခြေတော်အစုံ ကြာပဒုံ၌ အကြိမ်ကြိမ်ဦးတိုက်၏။ အရိပ်ကို ရန်သူထင်၍ ပုန်းအောင်းနေမိသော အပြစ်များကို ဝန်ချတောင်းပန်၏။ ဤအရေးအခင်းကို မြင်တော်မူပြီးသော ဘုရားရှင်ကား မတောင်းပန်ခင်ကပင် ကျေနပ်ပြီးသားဖြစ်နေပေသည်။

ထို့ထက်ပို၍ ကျေနပ်စရာကောင်းသော ဖြစ်ရပ်ကိုကား ကျွန်ုပ်ကိုယ်တိုင် မြင်ရပါ၏။ မဂ်လေးတန် ဖိုလ်လေးဆင့်ဖြင့် အမြင့်ဆုံးသော ဉာဏ်အမြင်ကို ရရှိထားပြီးဖြစ်သော မယ်ခေမာသည် ဘယက်တန်ဆာ ဒွါဒရာများ ဝတ်ဆင်လျက် ကပင် သံဃာစာရင်းဝင် ဖြစ်နေပေပြီ။ ဤလိုအမြင့်ဆုံးသော ဉာဏ်အဆင့်သို့ ဆိုက်ရောက်ပြီးသူများသည် အတွင်းစိတ်ဓာတ်နှင့် လိုက်လျောညီထွေသည့် အဝတ်သက်နှံး ဆင်မြန်းပါမှ လောက လူ့ဘောင်ကို အကျိုးဆောင်ခွင့် ရကြ၏။

http://www.dhammadownload.com

ထို့ကြောင့် မယ်ခေမာသည် ကျောင်းဒါယကာကြီးထံ ခွင့်ပန်ကြားရန် နန်းတော်သို့ ပြန်သွားပေသည်။

ယခင်နှင့်မတူ တမူထူးခြားနေသော ဣန္ဒြေသိက္ခာကို မြင်ရရုံနှင့်ပင် ကျောင်းဒါယကာကြီးသည် ရာဇပလ္လင်ပေါ်မှ ဆင်းနေနှင့်၏။ မယ်ခေမာကို ခရီးဦး ကြိုဆိုရင်းက သူ့စိတ်ထဲမှာ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို ဖြစ်နေရ၏။

ဟိုယခင်က လှလွန်းဆွေ မယ်ခေမာသည် ဤနန်းဆောင်ထက်တွင် သူ စိတ်တိုင်းကျ ဝတ်စားဆင်ယင် အလှပြင်၍ နေခဲ့၏။ ယခုသော်ကား ဤနန်းတော် ထက်သို့ ဧည့်တစ်ဦးပမာ တစ်လှမ်းချင်း လှမ်း၍ လာနေချေပြီ။

"အရှင်မင်းကြီး၊ လောက ထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်လာခဲ့သော အရှင်မင်းကြီးက ခွင့်ပြုပါလျှင် ဘုရားကျွန်မ သာသနာ့ဘောင်မှာ ရဟန်းပြုပါရစေ"

အလှအပအား ကိုးဖြင့် နွဲ့ဆိုးဆိုး၍လာခဲ့သော ခင်ပွန်းသည်ကိုပင် သူစိမ်း ပြင်ပြင်ကဲ့သို့ ခေါ်ဝေါ်သုံးနှုန်းလိုက်ပေပြီ။

အိမ်ထောင်သည် အမျိုးသမီးများမှာ အမျိုးသားများကဲ့သို့ မိဘနှစ်ပါး ခွင့်ပြုရုံဖြင့် မလုံလောက်သေးပါ။ ကာမပိုင် လင်ယောကျ်ားကပါ မိဘနှစ်ပါးနည်းတူ ခွင့်ပြုပါမှ ရဟန်းပြုခွင့်ရကြပေသည်။

ရရှိထားသော ဝိပါက ဝဋ်ခန္ဓာကြီးကို သာသနာတော်ကြီးအတွက် အသုံးပြု နိုင်ရန် ခွင့်ပန်သူက ခွင့်ပန်လာချေပြီ။

ရေမြေသဘာဝ မျှတစိမ်းစိုသော အရပ်တွင် မိဘနှစ်ပါး၏ ကောင်းမွေများ ကိုသာ ဆက်ခံ၍ မွေးဖွားလာခဲ့သော မယ်ခေမာသည် ပင်ကိုအားဖြင့် ချောပြီး လှပြီးဖြစ်ပါ၏။ အချောအလှကို သဘောကျ ပြင်ဆင်နိုင်သဖြင့် သူ၏ ဂုဏ်သတင်းက ကျော်စောလှပါ၏။ သို့ရာတွင် ဟိုယခင်က ချောခြင်း လှခြင်းမှာ ရုပ်ခန္ဓာ၏ အလှသာ ဖြစ်ပါ၏။ မာန်မာနကို အလုပ်အကျွေးပြုရုံမျှသာ စွမ်းနိုင်သောအလှ၊ သန့်စင်မွန်မြတ်သော ချစ်ခြင်းမေတ္တာထက် တဏှာရာဂကို ဦးစွာပထမ ဖိတ်ခေါ် တတ်သော အလှသာ ဖြစ်ဘိ၏။ ယခုသော်ကား အလှတွင် အယဉ်ဆင့်၍ လာပေပြီ။

ဘုရားရှင် ခွင့်ပြုတော်မူလိုက်သော အသုဘဘာဝနာ၏ ကျေးဇူးဖြင့် မယ်ခေမာ၏ အလှသည် တဏှာရာဂ မဖက်သော စေတနာ မေတ္တာကို လက်ခံ ရရှိ၍ နေပေပြီ။

တိုင်းပြည်၏ဥသျှောင်ကိုင်ဖြစ်သော ကျောင်းဒါယကာကြီးသည် အဝန်းကျယ် လှသော မဂဓတိုင်းကြီး၏ သေရေးရှင်ရေး ကိစ္စများကိုပင် နေ့စဉ်နှင့်အမျှ အဆုံး အဖြတ်ပေးလာခဲ့ရ၏။ စိတ်နှလုံးတုန်လှုပ်ဖွယ်ရာ ကိစ္စကြီးများကိုပင် ခိုင်ကျည်သော စိတ်နှလုံးဖြင့် တည့်တည့်မတ်မတ် ကျင့်သုံးခဲ့ရ၏။ သို့သော် ထိုကိစ္စများသည်ကား

http://www.dhammadownload.com

တိုင်းရေးပြည်ရေး ကိစ္စများသာ ဖြစ်ဘို၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတိုင်း မလွဲမသွေ ဆောင်ရွက်ရသော တာဝန်များသာ ဖြစ်ဘို၏။

ယခု မယ်ခေမာ လျှောက်ထားလာသော ကိစ္စကား တိုင်းရေး ပြည်ရေး မဟုတ်ဘဲကိုယ်ရေးကိုယ်တာ ဖြစ်နေချေပြီ။ ကိုယ်ရေးကိုယ်တာမှ သာမညမဟုတ်။ နှလုံးသားကိစ္စ ဖြစ်နေချေသည်။

သာသနာ့အသိ၊ သာသနာ့အမြင်ကို ရရှိထားသော သာဝကတစ်ဦးပီပီ သူသည် သာသနာတော်ကြီးကို အလုပ်အကျွေးပြုလိုလှ၏။ ထိုသို့ပြုရာတွင် ချစ်လှစွာသော မိဖုရားလေး မယ်ခေမာလည်း ဖဝါးခြေထပ်လိုက်ပါလာစေလို၏။ ဤအလိုဆန္ဒအရ အုံနှင့်ကျင်းနှင့် ဝိုင်းဝန်းစီမံလိုက်သဖြင့် ဘုရားရှင်ကိုရှောင်နေခဲ့သော မယ်ခေမာသည် ဘုရားရှေ့တော်မှောက်သို့ ရောက်ရှိခဲ့ပါ၏။ ဤသို့ရှေ့တော်မှောက်သို့ ရောက်ပြီးလျှင် ယခင်က အမူအကျင့်ကို ပြုပြင်ကာ သာသနာပြုအမျိုးသမီးတစ်ယောက် ဖြစ်လာမည်ဟု မျှော်လင့်ခဲ့၏။ သူမျှော်လင့်ထားသည့်အတိုင်း မယ်ခေမာသည် သာသနာပြု အမျိုးသမီးတစ်ယောက်ကား ဖြစ်လာပါ၏။ သို့သော် သူနှင့်အတူလက်တွဲ၍ သာသနာပြုမည့်သူကား မဟုတ်တော့ပါ။ ချစ်ခင်ခဲ့သော ခင်ပွန်းလင်ကိုပင် လက်တွဲဖြတ်ကာ သူတစ်ဦးတည်း သာသနာပြုတော့မည်တဲ့။

သူက သံယောဇဉ်အမျှင်လေးကြားမှာ သာသနာ့အကျိုးကို သယ်ပိုးချင်သည်။ မယ်ခေမာကတော့သံယောဇဉ် အမျှင်တစ်ခုမျှ အကပ်မခံတော့ဘဲ လွတ်လွတ်ကျွတ်ကျွတ် သာသနာပြုချင်ပေပြီ။ တိုင်းပြည်ဥသျှောင်ကိုင် ဘုရင်ကြီးတစ်ပါးသည် သာသနာ့အာဏာနည်အမျိုးသမီးအား လက်အုပ်ချီလိုက်ရပေတော့သည်။

"အို....အရှင်မ ခေမာ၊ ကျွန်ုပ် ကျေနပ်စွာ ခွင့်ပြုလိုက်ပါသည်။ အရှင်မ၏ ရဟန်းပြုရေး ကိစ္စအဝဝ ပြည့်စုံပါစေမည်"

အရှင်သခင်အဖြစ်မှ ပစ္စည်းလေးပါး ဒါယကာကြီးအဖြစ်သို့ ချက်ချင်း လက်ငင်း ကူးပြောင်းလျက် ရှိသေစွာ လျှောက်ထားလိုက်ရပေသည်။

တိုင်းရေးပြည်ရေး ကိစ္စများကို တည့်တည့်မတ်မတ် ဆုံးဖြတ်လာခဲ့သော ဘုရင်ဗိမ္ဗိသာရသည် ကိုယ်ရေးကိုယ်တာ နှလုံးသား ကိစ္စကိုလည်း မှန်ကန်စွာ အဆုံးအဖြတ် ပေးလိုက်ပါပေသည်။

ဤဆုံးဖြတ်ချက်အရ ချစ်မြတ်နိုးလှစွာသော မိဖုရား မယ်ခေမာကို ရွှေဝါဖြင့် တင်လျက် ရဟန်းမများကျောင်းသို့ ပို့ဆောင်ပေးလိုက်ရ၏။ ရဟန်းမများထံမှာ သိမ်ဝင်ခဲ့ပြီးနောက် ကျွန်ုပ်တို့ထံမှာ တစ်ခါထပ်၍ ကဆောင်ရသေး၏။ မိန်းမသားများ၏ ရဟန်းခံပွဲမှာ ဤသို့ပင် နှစ်ကြိမ် နှစ်ခါ ကျင်းပကြရပေသည်။

အာဏာနည်စိတ်ဓာတ်အပြည့်ဖြင့် သာသနာ့ဘောင် ဝင်ရောက်လာသော အရှင်ခေမာကို ချီးကျူးရသည်နှင့်အမျှ ကိုယ်ရေးကိုယ်တာထက် ဘုရားရှင့်

http://www.dhammadownload.com

ရွေမျက်နှာကို အလေးထားပေသော ဘုရင်ကြီး ဗိမ္မိသာရကိုလည်း ကျွန်ုပ်တို့ တစ်တွေက သာဓုနုမော် ခေါ်ကြရပါပေသည်။

(ဧမာထေရီအပဒါန်)

တိတ်ဆိတ်သောနေရာ၌ မွေ့လျော်ခြင်းသည် ဘုရားရှင်တို့၏ အလေ့အလာ ဖြစ်ပါ၏။ သို့ပါလျက် ဝေဠုဝန် ဥယျာဉ်တော်တွင်ကား ဘုရားရှင်သည် မိမိ နှစ်ခြိုက်လှစွာသော အလေ့အလာကိုပင် ခေတ္တအားဖြင့် စွန့်လွှတ်၍ ထားတော်မူခဲ့ ရ၏။ သည်ကရှေ့မှာတော့ ဤသို့စွန့်လွှတ်ရန် မလိုတော့ပါပြီ။

ရှင်တော်မြတ် ငံ့လင့်တော်မူခဲ့သော ပညာဂုဏ်ထူးဆောင် ဖြစ်လာမည့် တပည့်မသည် ဤယနေ့မှာပင် သာသနာ့ဘောင်သို့ သက်ဝင်လာပြီဖြစ်ရာ လူဝင်လူထွက်ပေါများလှသော ဤဥယျာဉ်တော်မှ ခရီးထွက်ကြရပါတော့မည်။

လူသံသူသံ ဆူညံလှသော ဝေဠုဝန်ဥယျာဉ်တော်ကို စွန့်ခွာလာခဲ့ရာတွင် ဘုရားရှင်အဖို့ အခြားသော ရည်ရွယ်ချက်များလည်း ရှိတန်ရာပါ၏။ ဘုရားရှင် ကြွတော်မူလျှင် ကျွန်ုပ်တို့တစ်တွေလည်း နောက်တော်ပါးမှ ဖဝါးခြေထပ် လိုက်ပါရ ပေသည်။ ထိုအခါတွင် သာသနာ့ဘောင်အတွင်းမှ ကျွန်ုပ်တို့ နှမများသည်လည်း အစဉ်မပျက် လိုက်ပါ၍ လာကြပေသည်။ ဤတွင်မှ စွန့်ခြင်းကြီး တစ်ပါးကို အားခဲ၍ စွန့်ခဲ့ရပေသော ဘုရင်ကြီး ဗိမ္မိသာရအဖို့ နေသာထိုင်သာ ရှိလာပေလိမ့်မည်။ မြင်ရုံသာမြင်ရ၍ မကြင်ရသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ခွင့် ရပေလိမ့်မည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အတွေးအထင်မျှသာဖြစ်၍ ကံသေကံမ ဖြစ်ရမည်ဟု မဆိုနိုင်ပါ။ မမြင်ရခါမှ ပို၍ပင် လွမ်းနာကျဆွင့်လျှင်လည်း ကျနိုင်ပေသည်။ အချစ်ရှိလျှင် အလွမ်းရှိရမည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ သတ္တဝါဝေနေယျတို့ အကျိုးစီးပွားအတွက် ဘုရားရှင်ကား ဒေသစာရီ ကြွချီခဲ့ပြီဖြစ်၏။ ရောက်လေရာအရပ်တွင် တရားရသော မြို့ကသြဇာ အလှကြီးကို ပေးလျက် ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ဇေတဝန် ကျောင်းတော်တွင်ကား ဝေဠုဝန်မှာကဲ့သို့ မကြုံရတော့သဖြင့် အချိန်ကြာကြာ နေဖြစ်ကြပေသည်။

အရှင်မ ခေမာသည် ရာဇဂြိုဟ်မှ ထွက်လာစဉ်က ကျွန်ုပ်တို့နှင့် အတူ ဖြစ်၏။ သို့သော် ဇေတဝန်ကျောင်းတော်ထိအောင်ကား လိုက်ပါမလာပေ။ သာဝတ္ထိမြို့တော်နှင့် သာကေတအကြားမှာရှိသော တောရဏဝတ္ထုရွာတွင် အဖော် ရဟန်းများနှင့်အတူ ဝါကပ်ရန် နေရစ်ခဲ့ပေသည်။

တောရွာတစ်ရွာတွင် ဝါဆို၍နေသော်လည်း အရှင်မခေမာ၏ ဂုဏ်သတင်း ကား ဇေတဝန်ကျောင်းတော်ထိအောင် ပျံ့နှံ့၍လာပေသည်။ မွေးကြိုင်လှသော ဂုဏ်သတင်းများမှာ အရှင်မ၏ ရုပ်ရည်ရူပကာနှင့် မဆိုင်ပါ။ သားမြီးဖျားကို

http://www.dhammadownload.com

ခွဲခြမ်းစိတ်ဖြာနိုင်သော ဓားသွားတမျှ ထက်မြက်စူးရှလှသော ဉာဏ်ပညာနှင့်သာ ဆိုင်ပေသည်။

တိုင်းခန်းလှည့်လည်လာခဲ့သော ကောသလမင်းကြီးသည် သာကေတမြို့မှ သာဝတ္ထိမြို့တော်သို့ ထွက်လာခဲ့ရာတွင် တောရဏာဝတ္ထုရွာမှာ တစ်ညဉင်၍ အိပ်ခဲ့ရ၏။ ညအိပ်ရင်းက အရှင်ခေမာနှင့် တွေ့ဆုံကာ တရားစကား ဆွေးနွေးခဲ့ပြီး နောက် ဘုရားရှင်ထံ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးသည့်နောက်တွင် တစ်စုံတစ်ရာ ဖြစ်ပါသေးသလား"

ရှိသေစွာ ဦးချဝတ်ပြုပြီးသည်နှင့် ကောသလမင်းကြီးက ဤသို့လျှောက်ထား လိုက်၏။

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

မေးလျှောက်လာသော ပြဿနာကို ဘုရားရှင်က ချက်ချင်းငြင်းပယ်တော် မူလိုက်ပေသည်။

"သို့ဖြစ်လျှင် သတ္တဝါသည် သေလွန်ပြီးနောက် တစ်စုံတစ်ခုမျှ မဖြစ်တော့ ပြီလား အရှင်ဘုရား"

ငြင်းပယ်ပြီးသော ပြဿနာကိုပင် တစ်ဖက်သော ရှုထောင့်မှတစ်ခါထပ်၍ မေးပြန်၏။

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

ဘုရားရှင်ကတော့ ငြင်းမြဲသာ ငြင်းပယ်တော် မူပေသည်။ သို့ရာတွင် ပဿေနဒီ ကောသလမင်းကြီးက လက်မလျော့သေးဘဲ–

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးနောက် တချို့မှာဖြစ်၍ တချို့မှာ မဖြစ်ဘဲ နေပါသလား"

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးသည်နောက် ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟု ဆိုရပါမည်လား"

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

မေးမည့်မေးတော့လည်း လမ်းဆုံးအောင်ပင်မေးလိုက်ရ၏။ မေးလေသမျှ မှာလည်း ငြင်းပယ်ခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရ၏။

မဂဓ၊ ကောသလ၊ ဝဇ္ဇီစသော တိုင်းနိုင်ငံများဝယ် ဗုဒ္ဓသာသနာတော် ပွင့်လင်း ထွန်းကားနေသည်မှာလည်း မှန်ပါ၏။ သို့သော် အခြား အခြားသော အယူဝါဒရှင်တို့သည်လည်း မြို့ရွာနယ်ပယ်အနှံ့ ဖြန့်ကျက်လျက်ရှိကြပေသည်။ ကိုယ့်အသင်းအပင်းနှင့်ကိုယ် ဘုရားတစ်ဆူလုပ်နေကြသူများပင် ရှိကြပေသည်။

http://www.dhammadownload.com

ထိုသူ ထိုသူတို့၏ နယ်ပယ်၌ ဤပြဿနာများသည် အရေးပါသော သဘောတရားများ ဖြစ်နေကြ၏။ အယူဝါဒ မတူသူများနှင့်လည်း လည်းကောင်း၊ ဝါဒတူသူ အချင်းချင်းလည်းကောင်း ဤပြဿနာများကို မေးကြ မြန်းကြ ဆွေးနွေးကြ၏။ သို့ရာတွင် ယတိပြတ်အဖြေကား မရခဲ့ကြပေ။ ဤမေးခွန်းလေးခု ကြားမှာသာ ချာချာလည်၍ နေကြ၏။

အယူဝါဒရှင်တို့ကြားမှာ ရေပန်းစားနေသော ဤပြဿနာများသည် ယခု ဘုရားရှင်ထံ ရောက်၍ လာကြပေပြီ။

ဤပြဿနာတို့၏ ပင်ရင်းမူလမှာ သတ္တဝါတို့၏ ဘဝကူးပြောင်းမှုပင် ဖြစ်၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မှာကား သတ္တဝါဟူ၍ပင် မရှိပေ။ အကြောင်းတရားတို့ပေါင်းဆုံလာမှုကြောင့် ဖြစ်ပေါ်လာကြသော အကျိုးတရား အဆက်ဆက်သာ ရှိပေသည်။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတစ်ပါးဟူ၍ မရှိဘဲတရားသက်သက်မျှသာ ရှိပေသည်။

ဤသို့အားဖြင့် ငါမရ သူမရ အနတ္တသဘာဝကို ဟောကြားတော်မူခဲ့သော ဘုရားရှင်သည် အတ္တဝါဒမှာ အခြေခံလာသော ဤပြဿနာကို မည်သို့ အဖြေပေးရမည်နည်း။ ဖြေကြား၍ မဖြစ်နိုင်သော ပြဿနာများကို မဖြေကြားဘဲနေလိုက်ခြင်းသည်ပင် အကောင်းဆုံးသောအဖြေ ဖြစ်ပေသည်။

"အရှင်ဘုရား၊ ဤပြဿနာလေးပါးကို မဖြေကြားလိုဟု အဘယ့်ကြောင့် မိန့်တော်မူပါသလဲ"

အရိယာတို့၏ ဉာဏ်မြင်ဖြင့် တိုတိုတုတ်တုတ် ဖြေကြားလိုက်ခြင်းသည် အရိယာဉာဏ် အမြင်မသန်သေးသော ကောသလမင်းကြီးအတွက် ကျေနပ်လောက်သော အဆင့်သို့ ရောက်ဟန်မတူသေးပေ။ ထို့ကြောင့် ဤသို့မွှင့်လင်းစွာ မေးလျှောက်လိုက်ရခြင်း ဖြစ်ပေသည်။

"ကောင်းပြီ မင်းကြီး၊ ဤအဖြေကို လက်မခံသေးလျှင် ဥပမာပေး၍ မင်းကြီးကိုပင် ပြန်၍ မေးရပါဦးမည်။ ဤမေးခွန်းကိုအသင်မင်းကြီး စိတ်တိုင်းကျ ဖြေဆိုနိုင်သည်။ အသင်မင်းကြီးမှာ ဂင်္ဂါမြစ်ထဲက သဲလုံးများကို ဤရွေ့ ဤမျှဟု ဂဏန်းချ၍ ရေတွက်နိုင်သူရှိပါသလား"

"မရှိပါ အရှင်ဘုရား"

"သို့ဖြစ်လျှင် မဟာသမုဒ္ဒရာထဲက ရေများကို စိတ်တောင်း၊ ပြည်တောင်းတို့ဖြင့် ဤရွေ့ ဤမျှ ရှိပါ၏ဟု ခြင်တွယ်နိုင်သူရှိပါသလား"

"မရှိပါ အရှင်ဘုရား"

"မင်းကြီး အဘယ့်ကြောင့် မရှိပါသလဲ"

http://www.dhammadownload.com

"အရှင်ဘုရား မဟာသမုဒ္ဒရာသည် အလွန်တစ်ရာနက်ရှိုင်းလှပါ၏။ တိုင်းတာ၍ မရလောက်အောင် ကျယ်ဝန်းလှပါ၏။ မည်သည့်သတ္တဝါမျှ ထောက်ရာ တည်ရာ မရနိုင်ပါ။ ထို့ကြောင့် မခြိုင်တွယ်နိုင်ခြင်း ဖြစ်ပါသည် အရှင်ဘုရား"

"မင်းကြီး၊ ငါဘုရားသည် ဤဥပမာအတိုင်းပင်ဖြစ်ပေသည်။ သတ္တဝါဟူ၍ ပညတ်ရုံမျှ ပညတ်၍ ရနိုင်သော ခန္ဓာငါးပါးတို့အပေါ်၌ 'ငါ့ဟာ' ဟူ၍ စွဲလမ်းတတ်သော သမုဒယတဏှာကို ငါဘုရား ပယ်ခဲ့ပြီးပြီ။ အမြစ်ကို ဖြတ်ခဲ့ပြီးပြီ။ အငုတ်ပါမကျန် နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုခဲ့ပြီးပြီ။ မရှိလုံးလုံး သုဉ်းဆိတ်အောင် ပြုခဲ့ပြီးပြီ။ နောက်ထပ်တစ်ဖန် ဖြစ်ပေါ်ရန် မရှိတော့ပြီ။

"မင်းကြီး၊ ခန္ဓာငါးပါးတို့အပေါ်၌ သတ္တဝါဟူ၍ ခေါ်ဆိုပညတ်ခြင်းမှ လွတ်မြောက်ပြီးသော ငါဘုရား၏ ဉာဏ်တော်သည် မဟာသမုဒ္ဒရာကဲ့သို့ပင် နက်ရှိုင်းလှ၏။ မဟာသမုဒ္ဒရာကဲ့သို့ပင် ကျယ်ဝန်းလှ၏။ သာမန်ဉာဏ်မျိုးဖြင့် မိအောင်ထောက်၍ မရနိုင်ပေ။ ထိုဉာဏ်ကြီး၏ သခင် ငါဘုရားသည် သတ္တဝါသေလွန်ပြီးနောက် တစ်စုံတစ်ခုဖြစ်သည်ဟု ပြောဆိုရန် မသင့်ပေ။ သတ္တဝါသေလွန်ပြီးနောက် ဘာမျှ မဖြစ်တော့ဟူ၍လည်း ပြောဆိုရန် မသင့်ပေ။ တချို့ဖြစ်၍ တချို့ မဖြစ်ဟူ၍လည်း ပြောဆိုရန် မသင့်ပေ။ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ ပြောဆိုရန်လည်း မသင့်ပေ"

အတ္တ အယူအစွဲဖြင့် ပေါ်ပေါက်လာသော ပြဿနာများကို အနတ္တသဘော ဟောပြသော ဒေသနာတော်ဖြင့် ဘုရားရှင်က ဖြေရှင်း၍ ပေးတော်မူလိုက်ပေသည်။

ပဿေနဒီ ကောသလမင်းကြီးသည် ကိုယ်တွေ့ဉာဏ်မြင် ဒိဋ္ဌစင်သည့် အဆင့်သို့ကား မရောက်ပေ။ သို့သော် အခြားတစ်ပါးသော ဝါဒရှင်တို့ ယတိပြတ် ဖြေဆို၍ မရနိုင်ခဲ့သော ပြဿနာကြီးများကို အချက်ကျကျ ဖြေရှင်းပေးလိုက်ပုံကိုကား နှစ်ထောင်းအား‌ရ ရှိလှ၏။ ထို့ထက်ပို၍ နှစ်ခြိုက်စရာကောင်းသည်မှာကား ကိုယ်တော်မြတ်၏ ဖြေရှင်းပုံသည် တောရဏ္ဍဝတ္ထု ရွာမှာတုန်းက အရှင်မခေမာ ဖြေရှင်းခဲ့ပုံနှင့် တစ်သဝေမတိမ်း တူညီနေခြင်းပင် ဖြစ်ပေသည်။

(အဋ္ဌာယတနဝဂ်၊ အဗျာကတသံယုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

နောက်တော်ပါးက ဖဝါးခြေထပ် လိုက်ပါနိုင်စွမ်းရှိပေသော ဤအရှင်မအား ရှင်တော်မြတ်ဘုရားက ဉာဏ်ပညာကြီးကျယ်သော အရာ၌ "ဧတဒဂ်" ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလိုက်ခြင်းမှာ လျော်ကန်သင့်မြတ်လှပါပေသည်။

(အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ်)

**

http://www.dhammadownload.com

မည်သူ့နှမ်းသည် ပန်းကြာညို

အခြေအနေရ ပိတ်ပင်ထားတော်မူခဲ့သော ဘိက္ခုနီသံဃာတော်ခါးမုခ်ကို ကျွန်ုပ်သည် မရအရ ဖွင့်ပေးခဲ့၏။ အမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်ထူးကြီးကို ဓမ္မဓိဋ္ဌာန် စကားလုံးများသုံးကာ တောင်းဆို၍ ပေးနိုင်ခဲ့၏။ ဤလို တောင်းဆိုပေးခဲ့သဖြင့် ရှင်တော်မြတ်၏ အကြိမ်းအမောင်းများကို ခံယူခဲ့ရ၏။ သို့သော် ကျွန်ုပ်အဖို့ ဤကိစ္စအတွက် စိတ်ပျက်ရန်၊ စိတ်ကွက်ရန် လုံးဝ မလိုအပ်ပါ။ ငွေစနှာ လဝန်းကြီး၏ ထံတော်ပါးဝယ် မောင်ကြီး မောင်ငယ်များနှင့် အတူတကွ ထွန်းလင်းတောက်ပခွင့်ရလာကြသော ထေရီမယ် ငွေစင်ကြယ်များ ရှိနေကြပြီ မဟုတ်ပါလား။

ပထမဦးစွာ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီ။ သူ၏ နောက်မှာ သက္ယမင်းသမီး ငါးရာ။ ထို့နောက် မယ်ခေမာကဲ့သို့ ထင်ရှားကျော်ကြားသော အမျိုးသမီးများ။ သူတို့ သူတို့တစ်တွေသည် ကျွန်ုပ် ဖွင့်ပေးထားသော တံခါးမှ အစီအရီ ဝင်လာခဲ့ကြ၏။ ဝင်လာပြီးသည့် နောက်မှာလည်း ဘေးမသီ ရန်မခ သာသနာ့တာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့ကြပေသည်။

ဘေးရန်ကင်းကွာ တစ်သက်တာလုံး နေခွင့်ရခဲ့ကြသော ထိုအရှင်မများအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသော ကျွန်ုပ်သည် အရှင်မဥပ္ပလဝဏ်အလှည့် တွင်ကား ဝမ်းသာ ဝမ်းနည်း ဖြစ်ရပေတော့သည်။

အရှင်မဥပ္ပလဝဏ်သည် အရှင်မ ခေမာကဲ့သို့ အိမ်ထောင်သည်ဘဝမှ လာခဲ့သူ မဟုတ်ပါ။ အပျိုစင်ဘဝဖြင့် သာသနာ့ဘောင် ဝင်ရောက်လာသူဖြစ်ပေသည်။

ဥပ္ပလဝဏ် အပျိုစင်ဘဝဖြင့် နေလာခဲ့ခြင်းမှာ ဖူးစာရှင် မပေါ်ပေါက်၍ မဟုတ်ပေ။ သူလို မိန်းမပျိုတစ်ယောက်အဖို့ ဖူးစာရှင်မပေါ်ပေါက်မှာကို စိုးရိမ်စရာ မရှိပေ။ မျိုးရိုးအားဖြင့် သာဝတ္ထိမြို့တော်ကြီးမှာ ထင်ရှားသော သူဌေးကြီး ဇနိုးမောင်နှံတို့၏ တစ်ဦးတည်းသော သမီး။ အသားအရေမှာ ကြာညိုပန်း ဝတ်ဆံ

http://www.dhammadownload.com

ကဲ့သို့ တင့်တယ်၏။ မိန်းမတို့၏ ကြဲအင်လက္ခဏာ ပြည့်စုံ ကဲလုံလှ၏။ သည်ကြာညိုပန်း၏ သတင်းများက လေအောက် လေညာမရွေးတမ်း ပျံ့နှံ့၍နေလေရာ မင်းညီ မင်းသားများ၊ ဂုဏ်ရည်တူ သူဌေးသားများသည် ဉာဏ်ထက်ငါ စပ်လာ ဟပ်လာကြပေသည်။

စောစောပိုင်းတုန်းက မိဘနှစ်ပါးမှာ စန်းပွင့်လှသော သမီးကလေးအတွက် ဂုဏ်တဝင့်ဝင့် ဖြစ်မိ၏။ "သမီးလေးငယ်ပါသေးသည်၊ အိမ်ထောင်ရေးကိစ္စတွေ စိတ်ဝင်စားဦးမည် မဟုတ်သေးပါ'ဟု ဒိုင်ခံပြောနေရခြင်းကိုပင် အရသာတစ်ခု ထင်မှတ်ခဲ့ကြ၏။ တစ်စထက်တစ်စ များလာသောအခါမှာကား မိဘနှစ်ပါးလုံး ဘေးကျပ်နံကျပ် ဖြစ်လာကြရပေတော့သည်။

တောင်းလာကြသော သတို့သားတွေက အမြောက်အမြား။ ပေးစရာရှိသည်မှာကား သည်သမီးလေး တစ်ယောက်မျှသာ။ တစ်ယောက်ကိုပေးလိုက်လျှင် ကျန်လူများက မကျေမချမ်း ဖြစ်လာကြပေတော့မည်။ မကျေနိုင် မချမ်းနိုင်သူများသည် သူ့လို ကိုယ်လို သူဌေးများချည့်ဆိုလျှင်ကား ကိစ္စမရှိလှပါ။ ပစ္စည်းအားနှင့် ဖိလာလျှင် ပစ္စည်းအားနှင့် ခုခံနိုင်၏။ ဆွေသိုက်မျိုးသိုက်နှင့် ဝိုင်းဝန်းလာလျှင်လည်း သည်က ဆွေသိုက် မျိုးသိုက်ကလည်း ရေပက်၍ မဝင်အောင် ကာကွယ်ပေးကြမည်သာ။

သို့သော် သူတို့အထဲမှာ မင်းညီမင်းသားများ ပါနေသည့်အရေးကိုကား မိဘနှစ်ပါးတို့ စိတ်မအေးနိုင်ပါ။ သူတို့က သူဌေးသားများကဲ့သို့ ပစ္စည်းဂုဏ်၊ ဆွေမျိုးဂုဏ်ကို အားကိုးပြုနေသူများ မဟုတ်ပေ။ ပဿေနဒီကောသလမင်းကြီး၏ တန်ခိုးအာဏာနများကို တစ်စိတ်တစ်ဒေသရရှိထားကြသူများ ဖြစ်ကြ၏။ အချို့မှာ အင်မတန် ဓားထက်လှသည်ဟု ကျော်ကြား၏။ ဆွေအား မျိုးအား ပစ္စည်းအားကို အနှစ်တုန်သော်လည်း ဓားထက်ထက်ကိုကား ကျောချမ်းလှပါဘိ။

"အိုဘယ့် သမီးငယ် ဥပ္ပလဝဏ်၊ ဤမျှလောက်ဇာတ်ရှုပ်သည့် လူ့ဘောင်မှာ နေမည့်အစား သာသနာ့ဘောင် ဝင်ရောက်လျှင် မကောင်းပါလား"

ကြံရာမရသည့်အဆုံးဝယ် ဖခင်ကြီးက သမီးစိတ်ကို တိုးခေါက်ကြည့်ရတော့၏။ မိဘနှစ်ပါးလည်း အန္တရာယ်ကင်း၍ သမီးကလေးလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်မည့်လမ်းမှာ ဤတစ်လမ်းသာရှိတော့သည် မဟုတ်ပါလား။

"သာသနာ့ဘောင် ဝင်ရောက်ချင်ပါသည် ဖခင်"

စောစောကတည်းကပင် ရည်စူးရင်းရှိနေခဲ့သော ဥပ္ပလဝဏ်က ဖခင်ကြီး၏ အကြံပြုချက်ကို ဝမ်းသာအားရ လက်ခံလိုက်၏။ သို့နှင့် သာဝတ္ထိမြို့တော်ကြီးဝယ် ဥပ္ပလဝဏ်၏ ရဟန်းခံပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပကြရပေတော့သည်။

http://www.dhammadownload.com

အရှင်မ ဥပ္ပလဝဏ်သည် ရဟန်းပြု၍ မကြာမီမှာပင် ဥပုသ်အိမ်မှာ တာဝန်ကျခဲ့၏။ ဥပုသ်အိမ် သိမ်အပြင်မှာ သည်နေ့ ဥပုသ်ပြုလာကြမည့် အရှင်မများ ချမ်းသာစွာနေကြရန် တံမြက်လှည်းထား၏။ သောက်ရေများ ခပ်ထား၏။ နေရာထိုင်ခင်းများခင်းထား၏။ နေဝင်ချိန်ရောက်ပြီမို့ ဆီမီးခွက်များလည်း မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းထားရပေသည်။

ဥပုသ်ပြုရန်အရှင်မများ ရောက်မလာသေးမီအခိုက်တွင် အရှင်မ ဥပ္ပလဝဏ်သည် ဆီမီးတောက်ကို စူးစိုက်ကြည့်ကာ တေဇောကသိုဏ်းကို ပွားများနေ၏။ ဘဝအခြေခံကောင်းသူဖြစ်၍ တေဇောကသိုဏ်းဖြင့် လောကီဈာန်ကို ထိုခဏအတွင်းမှာပင် ရရှိ၏။ ထိုတစ်ခဏအတွင်းမှာပင် သမာပတ်မှတစ်ဆင့် ဝိပဿနာနယ်သို့ ကူးပြောင်းလာခဲ့၏။ သိတင်းသုံးဖော် အရှင်မများ ရောက်လာကြချိန်တွင်ကား အရှင်မ၏ ရဟန်းကိစ္စ ပြီးပြည့်စုံခဲ့လေပြီတည်း။

ဤအချိန်အထိ အရှင်မအတွက် ကျွန်ုပ်တို့ စိတ်ထိခိုက်ရသော ကိစ္စ မပေါ်ပေါက်သေးပါ။ အန္ဓဝန် တောအုပ်အတွင်းက ကျောင်းငယ်တစ်ခုဝယ် တောရဆောက်တည် နေချိန်တွင်မှ မကြားကောင်း မနာသာ သတင်းဆိုးကြီး ထွက်ပေါ်လာပေသည်။

(ဓမ္မပဒ အဋ္ဌကထာ၊ ဇာလဝဂ်၊ ဥပ္ပလဝဏ်ထေရီမ ဝတ္ထု)

အန္ဓဝန်တောအုပ်သည် သာဝတ္ထုမြို့တော်ဝန်းကျင် ဇေတဝန်ကျောင်းတော်၏ ကျောဘက်မှာ တည်ရှိ၏။ ဇေတဝန်ကျောင်းတော်နှင့်လည်း မနီးမဝေး၊ လူသံသူသံ တိတ်ဆိတ်ရာ ဌာနလည်းဖြစ်၍ စိတ်အေးချမ်းသာ တရားဘာဝနာ ပွားများနေလိုသူတို့၏ မှီခိုရာဌာန ဖြစ်ပေသည်။

ရှေးအခါက ဤနေရာ ဤဌာနသည် လူသူအရောက်အပေါက်နည်းသော တောကြီးမျက်မည်းဖြစ်ခဲ့သည် ဟူ၏။ ခိုးသားဓားပြ ထူပြောလှသည်ဟူ၍လည်း နာမည်ကြီးလှ၏။

တစ်နေ့သ၌ ဤတောကြီးထဲသို့ ယသောရတ မည်သော ဥပါသကာကြီး တစ်ယောက်တည်း ဝင်လာခဲ့၏။ သူကား ကဿပ မြတ်စွာဘုရား၏ တပည့်တစ်ဦးဖြစ်၍ အနာဂါမ်အဆင့် ရောက်နေသူဖြစ်၏။ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သူလည်း ဖြစ်၏။ ပရိနိဗ္ဗာန်စံဝင်ပြီဖြစ်သော ကဿပ မြတ်စွာဘုရား၏ စေတီတော်ကြီး ပြီးစီးရေးအတွက် ဓမ္မဒီပ်တစ်ခွင်လုံး လှည့်လည်၍ နိဗ္ဗာန်ဆော်လုပ်ရာမှ ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

ဤနေရာ ဤဌာနရောက်သည်နှင့် ဓားပြ ငါးရာတို့သည် ဥပါသကာကြီးကို ဝိုင်း၍ ဖမ်းလိုက်ကြ၏။ စေတီတော်ကြီးအတွက် လှူခဲ့လေသမျှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ပါလိမ့်မည်ထင်ကြ၍ ဖြစ်ပေသည်။ ရလာသမျှသော

http://www.dhammadownload.com

လူဖွယ်ဝတ္ထုများကို ဥပါသကာကြီးက ညမဆိုင်းဘဲ စေတီတော်ကြီးတည်ရာသို့ လှည်းကြိုနှင့် ပို့နေသည်ကို သူတို့ မသိကြလေတကား။

ဥပါသကာကြီး၏ ကိုယ်ပေါ်ဝယ် ဝတ်ဆင်ထားသော အဝတ်တစ်စုံမှလွဲ၍ ဘာမျှမရှိပေ။ သို့ဆိုလျှင် အသာတကြည် လွတ်လိုက်ပါတော့လား၊ လူနည်းစုက ဤသို့ သဘောရသော်လည်း လူများစုက နောက်ကြောင်းမလုံပေ။ "ဤဥပါသကာကြီးသည် မင်းပေါက်စိုးပေါက်ဖြစ်၏။ တို့တစ်တွေ မြို့ပေါ်သို့ အကြောင်းတစ်ခုခုဖြင့် ရောက်လာခိုက် ဥပါသကာကြီးနှင့် ဆုံမိလျှင် ခက်ချိမ့်မည်။ တို့တစ်တွေကို အကုန်ဖမ်းပြီး သေလမ်းပို့လိမ့်မည်"

ဤသို့ ပြောဆိုသူများကမျှားသဖြင့် သာသနာ့အကျိုးတော်ဆောင် ဥပါသကာကြီး အသတ်ခံခဲ့ရပေသည်။ သတ်မိသော ဓားပြတို့သည် တောအုပ်ထဲမှာပင် မျက်ကန်းဘဝ ရောက်ကြရ၏။ ထို့ကြောင့် သည်တောကို အန္ဓဝန်တောဟု ခေါ်တွင်ကြောင်း ရှေးသူဟောင်းတို့ ပြောရိုးဆိုစဉ် ရှိခဲ့ပေသည်။ သူကန်းတောဟု အဓိပ္ပာယ်ရပေသည်။

(မူလသဏ္ဌာန၊ ဝမ္မိကသုတ် အဋ္ဌကထာ)

မောဟသမား လူရမ်းကားတို့ လက်ချက်ဖြင့် ကဿပဘုရားရှင်၏ သာဝကကြီးတစ်ဦးသည် ဤတောထဲမှာ အသက်ဆုံးရှုံးခဲ့ရ၏။ ဤတောထဲမှာပင် ဂေါတမဘုရားရှင်၏ တပည့်မ တစ်ပါးလည်း တဏှာသမား လူရမ်းကား၏ အနိုင်ကျင့်မှုကို ခံခဲ့ရပါချေသည်။

နန္ဒမည်သော လုလင်သည် အရှင်မ ဥပ္ပလဝဏ်ကို လူ့ဘဝမှာကတည်းက တစ်ဖက်သတ် စွဲလမ်းလာသူဖြစ်၏။ ဆွေမကင်း မျိုးမကင်းထဲကလည်းဖြစ်၏။ လူ့ဘဝမှာတုန်းက ချစ်ခွင့်မသာခဲ့လေသမျှ ရဟန်းမ ဖြစ်လာချိန်မှာ အခွင့်ကြိုလာလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

သူမျှော်လင့်ထားသည့် အတိုင်းလည်း တစ်နေ့မှာတော့ အခွင့်ကြိုလာချေတော့သည်။ အရှင်မ ဥပ္ပလဝဏ်သည် အဖော်ရဟန်းမများနှင့်အတူ ဒေသစာရီလှည့်လည်ရာမှ မိဘရပ်ထဲ သာဝတ္ထိမြို့တော်သို့ ပြန်ရောက်လာ၏။ ထိုစဉ်က ရဟန်းမများ တောရဆောက်တည်ခွင့် ပြုထားသဖြင့် အရှင်မသည် မြို့နားကျောင်းတွင် မနေဘဲ အန္ဓဝန်တောကြီးထဲမှာ တောရဆောက်တည်၍ နေခဲ့၏။ တောရကျောင်းဖြစ်သည့်အတိုင်း အရှင်မ၏ ကျောင်းကလေးမှာ နေသာထိုင်သာမျှသာ ဖြစ်ပေသည်။

အရှင်မသည် သာဝတ္ထိမြို့တော်တွင် ဆွမ်းခံဝင်ကာ တောရကျောင်းကလေးသို့ ပြန်လာခဲ့၏။ စေ့ရုံသာစေ့ထားခဲ့သော ကျောင်းတံခါးကို တွန်းဖွင့်ကာ ပါလာသော သပိတ်ကို ခုတင်ခေါင်းရင်းမှာ အသာအယာချထားလိုက်၏။ လှမ်းလာခဲ့ရသော

http://www.dhammadownload.com

ခရီးတာမှာ တော်တော်ကွာလှမ်းသဖြင့် ခုတင်ပေါ်မှာ အပန်းဖြေ ထိုင်လိုက်ရ၏။ နေပူလယ်ခေါင်မှာ ခပ်ကြာကြာလျှောက်လာရာမှ ကျောင်းရိပ်ထဲသို့ ဝင်လာခဲ့ရာတွင် အရှင်မ၏ မျက်စိများက ရုတ်တရက် အသားမကျသေးဘဲ ဖြစ်နေကြရ၏။ မှုန်ရီဝိုးတဝါး ဖြစ်နေရ၏။ ထိုအခိုက်မှာပင် အကြံသမား နန္ဒသည် ခုတင်အောက်မှ ဘွားခနဲ ထွက်လာခဲ့ပေသည်။

ရုန်းရင်းဆန်ခတ်ဖြစ်ရပ်များ ငြိမ်သက်သွားချိန်တွင် အရှင်မ၏ တစ်နပ်စာ ဆွမ်းဘောဇဉ်တို့သည် ကျောင်းအနှံ့ ပြန့်ကြဲ၍ နေကြလေပြီတည်း။

(ဓမ္မပဒ အဋ္ဌကထာ၊ ဗာလဝဂ်၊ ဥပ္ပလဝဏ်ထေရီမဝတ္ထု)

ဤသတင်းဆိုးကြီးကို ကြားရခါမှ ကျွန်ုပ်သည် ကိုယ်ပြုမိခဲ့သော အမှုအပေါ်မှာ သို့လော သို့လော ဖြစ်လာရ၏။ ယောကျ်ားသားများနှင့် ဘဝအခြေအနေမတူသော အမျိုးသမီးများကို သာသနာတော်တွင်းသို့ ဖိတ်ခေါ်မိခြင်းသည် မှားများ မှားလေပြီလော။

သို့ရာတွင် သေသေချာချာ စဉ်းစားကြည့်ပြန်တော့လည်း ဤသဲ့သယတို့က ကာလကြာရှည် ရပ်တည် မနေနိုင်ကြပါ။ အားကောင်းမောင်းသန် ရဟန်းပျိုများသည်ပင် အသင်းအပင်းနှင့် အတင်းအဓမ္မ အဖျက်ဆီးခံခဲ့ရသော ဖြစ်ရပ်များ ပေါ်ထွက်ခဲ့ဖူးပေပြီ။ ကံမကောင်းအကြောင်းမလှလျှင် ရဟန်းမများသာမဟုတ် ရဟန်းများလည်း ကျိုးယုတ်ရှက်ကွဲ ဖြစ်ကြရပေသည်။

(ပထမပါရာဇိက သိက္ခာပုဒ်၊ ဘိက္ခုပဒဘာဏ်ကစတုက္က စသည်)

အတင်းအဓမ္မ ဖျက်ဆီးသူများနှင့် မလွဲမရှောင်သာ တွေ့ကြုံရသူများအဖို့ တစ်ခုတည်းသော အားကိုးရာကား မိမိစိတ်သာလျှင် ဖြစ်၏။ ဖျက်လိုဖျက်ဆီးပြုသူများသည် ခန္ဓာကိုယ်ကိုသာ အနိုင်အထက် ဖျက်ဆီး၍ ရနိုင်ကြ၏။ ကျောက်စာတိုင်ကဲ့သို့ ခိုင်မာသော စိတ်ဓာတ်ကိုကား ဖျက်ဆီး၍ မရနိုင်ပါ။ နိုင့်ထက်ကလူ မပြုနိုင်ကြပါ။

ထို့ကြောင့် အရှင်မ ဥပ္ပလဝဏ်၏ အမှုကို နားအဆင့်ဆင့်ဖြင့် ကြားသိတော်မူသော ဘုရားရှင်သည် 'ရဟန်းတို့၊ မသာယာသော ရဟန်းမအား အာပတ်မသင့်'ဟု အဆုံးအဖြတ်ပေးတော်မူလိုက်ပေသည်။

(ပထမ ပါရာဇိက သိက္ခာပုဒ်၊ ဝိနီတဝတ္ထု)

တစ်ဖက်သတ် အနိုင်ကျင့်ခံခဲ့ရသော တပည့်မတစ်ဦး၏ ရှေ့တွင် ဘုရားရှင်က ဤသို့ မားမားမတ်မတ် ရပ်တည်ပေးလိုက်သဖြင့် အရှင်မ၏ အကျင့်သိက္ခာ ကြာညိုပန်းသည် လန်းဆန်းမြဲ လန်းဆန်း၍ နေပေသည်။ ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်း လောကဝယ် အရှင်မ၏ အကျင့်သိက္ခာနှင့် ပတ်သက်၍ တစ်စိုးတစ်စိမျှ သံသယ

http://www.dhammadownload.com

မရှိကြပါ။ သို့သော် ဒါယကာ ဒါယိကာမများဘက်မှာကား ဤကိစ္စနှင့်ပတ်သက်၍ ပြောကြ ဆိုကြ ငြင်းခုံကြဆဲပင် ရှိနေပေသည်။

အရိယာဉာဏ် အမြင်မှန်ရရှိပြီးသူများသည် တစ်စုံတစ်ရာ သာယာတပ်မက်မှု မရှိခဲ့ပါဟု အရှင်မ ပြောပြချက်ကို ကျေနပ်စွာ လက်ခံနိုင်ကြ၏။ ပုထုဇဉ်များကား ဤစကားကို လက်ခံဖို့ခက်နေကြ၏။ သူတို့မျက်မြင်အားဖြင့် အရှင်မ ဥပ္ပလဝဏ်သည် ထင်းခြောက်လည်း မဟုတ်၊ တောင်ပို့လည်း မဟုတ်၊ သူ့လို ကိုယ့်လို သွေးနှင့် သားနှင့်ပင် ဖြစ်ပေသည်။ အရွယ်ကောင်းတုန်း ဆူဖြိုးတုန်းဖြစ်ပေသည်။ ဤအခြေ ဤအနေအရ တောလယ်ကောင်၌ နှစ်ကိုယ်တွေ့ကြရာတွင် မသာယာဘဲ နေနိုင်ချိမ့် မည်လော။ သူတို့ကိုယ် သူတို့စိတ်နှင့် နှိုင်းကြခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ ဇေတဝန်ကျောင်းတော်တွင် သီတင်းနေ့တိုင်း တရားပွဲရှိနေ၏။ ဓမ္မာရုံသို့ရောက်လာကြသော ဒါယကာ ဒါယိကာမများအား တာဝန်ကျသော ရဟန်းတစ်ပါးပါးက တရားပြသ ဆိုဆုံးမရ၏။ အကြောင်းကိစ္စတစ်စုံတစ်ရာ ထူးခြားလာသောနေ့တွင်ကား ဘုရားရှင်ကိုယ်တော်တိုင်ထွက်၍ ဟောတော်မူပေသည်။

ယနေ့လည်းအကြောင်းထူး၍ နေပေပြီ။ ရောက်လာကြသော တရားနာ ပရိသတ်များသည် သမီးတော် ဥပ္ပလဝဏ်နှင့် ပတ်သက်၍ နှစ်ဖက်နှစ်တန် ငြင်းခုံ၍ နေကြချေပြီ။ သံဃာ့ပရိသတ်၌ပေါ်ပေါက်လာစရာရှိသော သံသယတစ်ကွက်ကို ကြိုကြိုတင်တင် ပယ်ဖျက်တော်မူခဲ့သော သူ့ခမည်းတော်သည် ဒါယကာ ဒါယိကာမများ၏ သံသယ ချေးညှော်တို့ကိုလည်း ဆေးကြောသုတ်သင်၍ ပေးရပါဦးမည်။

ထို့ကြောင့် ယနေ့တရားပွဲတွင် တာဝန်ကျ ဓမ္မကထိက မဟောသေးမီ ဘုရားရှင်ကို ဦးစွာ ဖူးတွေ့ခွင့်ရကြပေသည်။ ရှင်တော်မြတ်၏ တရားတော်ကို ဦးဦးဖျားဖျား ကြားနာခွင့် ရကြပေသည်။

"အို....ဒါယကာ ဒါယိကာမ အပေါင်းတို့၊ သူတော် သူမြတ်၏ ဖြူစင်သော စိတ်ဓာတ်သည် ပိန်းကြာဖက်နှင့် သဏ္ဌာန်တူပေသည်။ မြည့်မြည့်ချွန်သော စူးဖျားနှင့်လည်း သဏ္ဌာန်တူပေသည်။ ပိန်းကြာဖက်ပေါ်ကျရောက်လာသော ရေစက်ရေပေါက်သည် ပိန်းကြာဖက်မှာ မကပ်မငြိ၊ ချက်ချင်းပင် လျှောကျသွားလေဘိ သကဲ့သို့၊ စူးဖျားပေါ်တင်လာသော မုန်ညင်းစေ့သည် ရပ်တည်ရာမရ၊ ခဏမဆိုင်း လိမ့်ကျသွားရလေဘိသကဲ့သို့ သူတော် သူမြတ်သည် မကောင်းသော လောကဓံနှင့် တွေ့ကြုံရသော်ငြားလည်း သူ၏ ဖြူစင်သော စိတ်ဓာတ်သည် ကာမဂုဏ် အာရုံတို့၌ ကပ်ငြိလိမ်းကျံခြင်းမရှိပေ။ ထို့ကြောင့် ဖြူစင်သောစိတ်ဓာတ် ရှိသူကို သူတော် သူမြတ်ဟူ၍ ငါဘုရား ဟောကြားတော်မူပေသည်"

http://www.dhammadownload.com

ဤဒေသနာတော်အဆုံး၌ လေပွေလေကြမ်း အယမ်းခံခဲ့ရသော ကြာညှိပန်းသည် ပို၍ပင် လန်းဆန်းလာပေသည်။

(ဓမ္မပဒ ဗြာဟ္မဏဝဂ်၊ ဥပ္ပလဝဏ်ထေရိမ ဝတ္ထု)

**

http://www.dhammadownload.com

တရားအလှူ ပေးဝေသူ

ယောက်ျားဘက်က နှစ်ဦး၊ မိန်းမဘက်က နှစ်ဦး၊ သူတို့နှစ်ဦး၏ ကံကြမ္မာသည် တော်တော်ကြီး တူနေပေသည်။

ယောက်ျားများက ဦးစွာပထမ ရတနာသုံးပါးနှင့် အကျွမ်းတဝင်ဖြစ်ခဲ့ကြ၏။ သာသနာ့အသိ သာသနာ့အမြင်ဖြင့် အရိယာစာရင်းဝင်နိုင်ခဲ့ကြ၏။ သူတို့နှစ်ဦး အသိထူး အမြင်ထူးများ ရရှိစဉ်က သူတို့၏ အိမ်ရှင်မများသည် သာမန် သူ့လို ငါ့လိုထဲကပင် ဖြစ်၏။ အသိထူးအမြင်ထူးကို ရဖို့ဝေးစွ။ ဘုရားကျောင်းကန်ကိုမှ အရောက်အပေါက် ရှိသူများ မဟုတ်ကြပေ။

သို့ရာတွင် ထိုအမျိုးသမီးနှစ်ဦးမှာ ပြာဖုံးနေသော မီးကျီခဲများသာ ဖြစ်သဖြင့် ပြာမှုန်များလွင့်စင်သွားသည်နှင့် ဝင်းဝင်းပြောင်ပြောင် တောက်လောင်၍ လာကြပေသည်။ ခင်ပွန်းသည်များ၏ အဆင့်ကိုပင် ကျော်လွန်ကာ အထွတ်အထိပ်သို့ ရောက်သွားကြပေတော့သည်။ တစ်ဦးသည် အရှင်မခေမာ၊ နောက်တစ်ဦးက ဓမ္မဒိန္နာ။ "ဧတဒဂ်"ဂုဏ်ထူးဆောင် ဓမ္မကထိက အကျော်အမော်။

နန်းတော်မှာ အိမ်တော်မှာ သည်အတိုင်းကျန်ရစ်နေသူများကတော့ ဗိမ္မိသာရမင်းနှင့် ဝိသာခသူဌေး။

ဘဝအကျိုးပေးခြင်း တူနိုင်လွန်းသော ထိုပုဂ္ဂိုလ်နှစ်ဦးသည် ရင်းနှီးခင်မင် အကျွမ်းဝင်သူများလည်း ဖြစ်ကြ၏။ သာသနာ့ အသိ အမြင် စတင်ရရှိခြင်းမှာလည်း တစ်ချိန်တည်းမှာပင် ဖြစ်ကြပေသည်။

အနော်မာသောင်ကမ်း၌ ရဟန်းအဖြစ် ခံယူပြီးလျှင် အလောင်းတော်သည် ရာဇဂြိုဟ်တွင်းသို့ ဆွမ်းခံဝင်ခဲ့၏။ ထိုစဉ်တွင် ထီးမွေနန်းမွေ ဆက်ခံရရှိပြီးခါစ ဗိမ္မိသာရမင်းနှင့် တွေ့ဆုံခဲ့၏။ ဗိမ္မိသာရမင်းက ပေးလှူသော လောကီစည်းစိမ်များကို ပယ်လှန်ကာ တောင်းပန်မှုတစ်ခုကိုကား လက်ခံခဲ့၏။ ရည်မှန်းချက် ပန်းတိုင်

http://www.dhammadownload.com

အရောက် ခရီးပေါက်ပြီးလျှင် သည်မြို့သည်ပြည်သို့ ပထမဦးစွာ ကြွတော်မူပါဟူသော တောင်းပန်မှုပင် ဖြစ်၏။

သည်တောင်းပန်မှုအရ ဘုရားရှင်သည် ပထမဦးစွာ ရာဖရိုဟ်ပြည်သို့ ကြွတော်မူခဲ့၏။ မိမိအပေါ် သွေးရင်းသားရင်းတမျှ ချစ်ခင်ကြည်ညိုလှသော မဂဓဘုရင်အား သစ္စာဉာဏ်မြင် နိဗ္ဗာန်ဝင် တရားတော်များဖြင့် အတုံ့အလှယ် မေတ္တာလက်ဆောင် ပေးတော်မူခဲ့၏။

ရှင်တော်မြတ်၏ ကမ်းလှဉ်လာသောလက်ကို ထိုနေ့က အရအမိ ဆုပ်ကိုင်ဖမ်းမိသူများတွင် သည်သူငယ်ချင်းနှစ်ဦးလည်း အပါအဝင်ဖြစ်ပေသည်။

အပူအဆွေး ဘေးအန္တရာယ်ဟူသမျှ၏ ကင်းလွတ်ရာ အမြိုက်ချမ်းသာကို ပေးသနားတော်မူခဲ့သော ကျေးဇူးရှင်ကြီးအပေါ် ဆထက်ထမ်းပိုးတိုး၍ ကြည်ညိုလာကြ၏။ ကြားရ နာရပြီးသော တရားကို ထပ်ကာထပ်ကာ ကြားနာ၍ မဝနိုင်အောင် ဖြစ်ကြရ၏။ ဖူးရ မြော်ရပြီးသော ရွှေမျက်နှာတော်ကို ဖူးမြော်၍ အားမရနိုင်အောင် ဖြစ်ကြ၏။

ကြားနာ၍မဝ၊ ဖူးမြော်၍အားမရနိုင်သော စိတ်ဖြင့် သူတို့နှစ်ဦး ကျောင်းတော်သို့ ရောက်လာကြသည်ကား မှန်ပါ၏။ သူတို့ နောက်ပါးတွင်ကား သူတို့ချစ်မြတ်နိုးသူများက မပါလာကြချေတကား။

မပါချင်တုန်းက ဖွတ်ပေ၍နေခဲ့သော မယ်ခေမာသည် ပါမည့်ပါတော့လည်း သူတို့ထက်ပင် ကျော်လွန်၍ သွားပေပြီ။ သည်အချိန်တွင်သူဌေးကတော်လေး ဓမ္မဒိန္နာကား သူ၏ ခန်းသဠာတွင် အလှပြုပြင်တန်ဆာဆင်၍ ကောင်းနေဆဲသာ ဖြစ်ပေသည်။

မယ်ခေမာကဲ့သို့ပင် ဓမ္မဒိန္နာသည်လည်းကျောင်းတိုက်သို့ လိုက်ပါတတ်သူမဟုတ်ပေ။ သို့ပါလျက် ဝိသာခသည် သူ့ဇနီးကို အပြစ်မယူချစ်ကြည်ဖြူသည်သာဖြစ်၏။ လောကအမြင်နှင့် ရှုဆင်ခြင်လျှင် ချစ်ထိုက်၍ ချစ်သည်။ ကြည်ဖြူထိုက်၍ ကြည်ဖြူသည် ဟူ၍ပင် ဆိုရပါတော့မည်။

ဘုရားကျောင်းတော်က ဝိသာခ ပြန်လာလျှင် အရန်သင့်ပွင့်လျက်ရှိနေသော လေသာပြတင်းကို တွေ့ရမြဲဖြစ်၏။ ထိုပြတင်း၌ မိမိအလာကို ကြိုဆိုနေသော အပြုံးမျက်နှာ။

ပြုံးမြဲမြံ မျက်နှာသည် မကြာမီ ထိုပြတင်းမှကွယ်ပျောက်ကာ လှေကားဦးမှာ ပေါ်လာပြန်၏။ ပြုံးမြဲမြံမျက်နှာမှချိုသာသော နှုတ်ခွန်းဆက်သံများ ထွက်ပေါ်လာ၏။ အမွေးနုံသာ လိမ်းခြယ်ထားသော လက်ဖဝါးသည် ဆွဲကိုင်လှမ်းတက်ရန် ကမ်းလှဉ်မြဲ ဖြစ်၏။

http://www.dhammadownload.com

ခါတိုင်း ခါတိုင်းနေ့များ၌ ဝိသာခသူဌေးသည် ထိုလက်နှစ်သွယ်ကို ဆွဲကိုင်မွှေ့ယမ်းလျက် လှေကားပေါ် လှမ်းတက်နေကျ ဖြစ်၏။ ချို့သာသော နှုတ်ခွန်းဆက်စကားများကို အတုံ့အလှယ် ရယ်မောပြောဆိုနေကျဖြစ်၏။ ကျောင်းတော်သွားရစဉ်က မအီမသာ ဟာတာတာဖြစ်ခဲ့ပုံ၊ အိမ်ပြန်ရောက်၍ ပြိုးမျက်နှာကို မြင်လိုက်ရခါမှ ရွှင်ပျပျဖြစ်လာပုံများကို ဝိသာခ၏ ကျောင်းတော်ပြန် လက်ဆောင်စကားများ ဖြစ်ပေသည်။ တရားစကား နားမဝင်သူကလေးကို သူနှင့်သင့်တော်ရာ စကားတို့ဖြင့် အလိုက်အထိုက် ပြောဆိုဆက်ဆံရခြင်း ဖြစ်ပေသည်။

သည်နေ့မှာတော့ ဝိသာခ၏ နှုတ်ဖျားမှ ဤလို စကားကလေးများ ထွက်ကျ မလာကြတော့ပြီ။ ကမ်းလင့်ထားသော လက်ကို ဆွဲကိုင်မွှေ့ယမ်းခြင်း မပြုတော့ပြီ။ မြတ်နိုးပျိုငှာ ကြိုဆိုလာသော ဇနီးသည်ကိုမှ အပြုံးလက်ဆောင် မတုံ့ပြန်တော့ပြီ။ အေးချမ်းသော မျက်နှာထား၊ တည်ငြိမ်သော ဣန္ဒြေဖြင့် သူ့ဘာသာ အိမ်ပေါ်တက်လာ၏။ ထူးခြားသော အမူအရာများကြောင့် ဓမ္မဒိန္နာ တအံ့တသြဖြစ်ရ၏။ ယူကျုံးမရ ဝမ်းနည်းလှသော 'လူစိမ်းကားကြီး'ကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။

ဓမ္မဒိန္နာ၏ မျက်စိထဲဝယ် ဝိသာခ၏ ရုပ်သွင်သည် ထင်ထင်ရှားရှား ရှိနေပါ၏။ အသွေးအသားနှင့် တည်ဆောက်ထားသော ကိုယ်ခန္ဓာတွင် ဘာတစ်ခုမျှ ပြောင်းလဲမသွားပါ။ ဘာတစ်ခုမျှ ယုတ်လျော့မသွားပါ။ ယခင် ယခင်က သူနှင့် ချစ်ခွန်းတုံ့တင် ပြောကြားလာခဲ့သော ရုပ်သွင်အတိုင်းသာရှိနေပါ၏။

တကယ်တော့ဖြင့် ဝိသာခထံတွင် ဓမ္မဒိန္နာ မမြင်သာသော ယုတ်လျော့ခြင်းကား ရှိနေပေပြီ။ သာမန်မျက်စိဖြင့်ကြည့်၍ မမြင်နိုင်သော ပြောင်းလဲမှုကား ရှိနေပေပြီ။ ထိုယုတ်လျော့မှု၊ ထိုပြောင်းလဲမှုကား ရုပ်ခန္ဓာနှင့်မဆိုင်ပေ။ စိတ်ခန္ဓာနှင့်သာ ဆိုင်ပေသည်။ သည်ကနေ့ နံနက်ခင်းက ရှေ့တော်မှောက်မှာ ကြားနာခဲ့ရသော တရားတော်က သူ့စိတ်ခန္ဓာကို အသစ်ပြောင်း၍ ပေးလိုက်ပေပြီ။ ကာမဂုဏ်အာရုံခုံမင်မှုမကင်းသော သောတာပန် သကဒါဂါမ်အဆင့်မှ အနာဂါမ်အဆင့်သို့ပို့ဆောင်ပေးလိုက်ပေပြီ။ လူ့အဝတ် လူ့အဆင်နှင့် အိမ်ပြန်လာသော ဝိသာခထံတွင် လူတို့၏ အာသာရမွှက်များ မရှိတော့ပါပြီတည်း။

ဖြစ်ကြောင်းကုန်စင် မသိနိုင်ရှာသေးသော ဓမ္မဒိန္နာသည် ထမင်းစားချိန်မှာလည်း စိတ်မချမ်းမသာ ဖြစ်ရပြန်၏။ ခါတိုင်းဆိုလျှင် ဝိသာခသည် ဇနီးသည်နှင့် မျက်နှာစုံညီ အတူတကွ စားနေကျဖြစ်၏။ သည်နေ့မှာတော့ ဣန္ဒြေကြီးတစ်ခွဲသားနှင့် သူတစ်ဦးတည်းသာ စား၏။ ဇနီးသည်ကို လာပါ စားပါဟူ၍ လောကွတ်စကားလေးများကိုမျှ ဆိုဖော်မရပေ။

http://www.dhammadownload.com

ထမင်းဝိုင်းမှာ အကဲခတ်၍ မရနိုင်သေးသော ဓမ္မဒိန္နာသည် ညချမ်းအချိန်ကို စောင့်မျှော်နေမိ၏။ မျှော်တော်မောနှင့် မောခဲ့ရသော်လည်း မောရကျိုးကား မနပ်ပါချေ။ အိပ်ရာဝင်ကြသောအခါ ဝိသာခသည် ခန်းသဠှာသို့ မဝင်လာပေ။ အခြား အခန်းလွတ်တစ်ခုကိုသာ သုတ်သင်ရှင်းလင်းကာ သာမန် သစ်သားခုတင်ဖြင့် အိပ်စက်ပေသည်။

မိန်းမသားတစ်ယောက်၏ အောင့်အည်းနိုင်စွမ်းသည် သည်နေရာမှာ ကုန်ခန်း၍သွားပေပြီ။ ထမင်းစားရာ တိတ်ဆိတ်စွာနေရာတို့တွင် ဝိသာခ အလိုက်ဘ လွတ်ရာကျွတ်ရာက ခွာနေနိုင်ခဲ့သော်လည်း ဤကိစ္စကိုကားသည်းခံ၍ မရတော့ပါ။ သူကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ၊ သူ့အိပ်ခန်းသို့လိုက်ပါမသွားဘဲ မနေနိုင်တော့ပါ။

"အို... ဓမ္မဒိန္နာ၊ အကာလ ညအခါကြီးမှာ ဘာအကြောင်းနှင့်ဝင်လာရပါသလဲ"

ဓမ္မဒိန္နာဝင်လာသည်နှင့် ဝိသာကသည် လျောင်းစက်ရာမှ ထ၍ မေးလိုက်၏။ စိတ်နောက်ကိုယ်ပါ ဝင်လာခဲ့မိသော ဓမ္မဒိန္နာသည် အိမ်ဦးနတ်အပေါ် ရိုသေကိုင်းညွတ်သူလည်းဖြစ်၍ ခုတင်ခြေရင်းက ဦးချကန်တော့လျက်-

"ဟုတ်ပါသည် အရှင့်သား၊ မကြိုက်မှန်း သိပါလျက် ဖွတ်တရွတ်ဝင်လာခဲ့မိပါသည်။ အရှင့်သားသည် ယခင်နှင့်မတူ တစ်မူထူးခြားလာသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ရှင်းရှင်းနှင့် ဘွင်းဘွင်းသိရအောင် ကျွန်မ မေးပါရစေ။ အရှင့်သားသည် အခြားသူ တစ်ယောက်ယောက်ကိုများ စိတ်ညွှတ်နေပါသလား"

"ဘယ်သူ့ကိုမှ စိတ်ညွှတ်မနေပါ ဓမ္မဒိန္နာ"

"သို့ဖြစ်လျှင် တစ်စုံတစ်ယောက်ဆီကများ သွေးခွဲစကားကြားခဲ့ရလေသလား"

"သွေးခွဲစကား မကြားခဲ့ရပါ ဓမ္မဒိန္နာ"

"သည်လိုမဟုတ်လျှင် ကျွန်မမှာကော အပြစ်တစ်ခုခု ရှိနေသရော့သလား"

"အပြစ်ဟူ၍ မြုမြွမရှိပါ ဓမ္မဒိန္နာ"

"အပြစ်ဟူ၍ မြုမြွ မရှိပါလျက် ဘယ့်အတွက်ကြောင့် စကားစမြည် မပြောရပါသလဲအရှင့်သား"

"ခက်လေစွ ဓမ္မဒိန္နာ၊ ခက်လေစွ"

အကြောင်းရင်းမှန် ပြောကြားရန် ဝန်လေးလှသဖြင့် ဝိသာခ ညည်းတွားလိုက်မိ၏။

ဓမ္မဒိန္နာဆိုသော သည်အမျိုးသမီးသည် အလှအပ ခံစားရုံမျှအပ တရားဘက်မှာ နားဝေးလှ၏။ တရားရေး နားဝေးလှသူတစ်ဦးအား သည်ကနေ့ ရရှိခဲ့သော တရားထူးကို မည်သို့များ နားလည်အောင် ပြောပြရပါမည်နည်း။

http://www.dhammadownload.com

သို့သော် ဤအခြေအနေရောက်မှတော့ မပြောချလည်း ပြီးတော့မည် မဟုတ်ပေ။ ရရှိခဲ့သော တရားထူးကို တတ်နိုင်သလောက်နားလည်အောင် ပြောပြပါမှ သူ့ခမျာ ရပ်တည်ရာ ရပေမည်။ သို့ဖြစ်၍-

"ဓမ္မဒိန္နာ၊ နားသောတဆင်လေတော့။ သည်ကနေ့ရရှိခဲ့သော တရားသည် လောကလူသား အများတကာတို့ မက်မောနေကြသော စည်းစိမ်ဥစ္စာ ရတနာတွေထက် မွန်မြတ်သောတရားဖြစ်သည်။ ကာမဂုဏ်ခံစားမှုမပါသော ချမ်းသာသုခဖြစ်သည်။ သည်ချမ်းသာသုခကို ကိုယ်တိုင်ကိုယ်ကြပ် ခံစားရပြီမို့ လောကီအာရုံကာမဂုဏ်တို့ကို ငါတို့များ မခုံမင်တော့ပြီ။ သို့ဖြစ်၍ သည်အိမ်မှာရှိသမျှ ပစ္စည်းများကို နှမဓမ္မဒိန္နာ တစ်ယောက်တည်းသာ အပိုင်ယူပါ။ ငါတို့၏ အမိ၊ ငါတို့၏ နှမအဖြစ်ဖြင့်သာ ဤအိမ်မှာနေပါ။ နှမ ပေးသမျှ ကျွေးသမျှဖြင့် ငါတို့များ ကျေကျေနပ်နပ် စားသုံးနေပါတော့မည်"

တရားရေး နားဝေးလေမည်လားဟု ဝိသာခက ဤစကားများကို ခပ်ဆဆ ပြောလိုက်ခဲ့ရ၏။ သို့ရာတွင် ဤစကားလုံးများက တိုက်လွှင့်ပေးလိုက်သဖြင့် ဖုံးနေသော ပြာမှုန်များ လွှင့်ကျသွားခဲ့ပြီ ဖြစ်၏။ ဓမ္မဒိန္နာမီးကျိခဲ့သည် ရဲရဲညီးညီး တောက်ပလာခဲ့ပြီ ဖြစ်၏။ ထိုမီးကျိခဲ့တစ်နေရာတွင် မာနမီးပွားလေး ကပ်ပါနေသည်ကို တွေ့နိုင်ကြပေသည်။

"အရှင့်သား၊ ဤသို့သော ချမ်းသာသုခကို ယောကျ်ားသားများသာ ရနိုင်ပါသလား။ မိန်းမသားများကော ရနိုင်ခွင့် ရှိကြပါသလား"

မီးပွားလေးမှထွက်လာသော အသံများဖြစ်ပေသည်။

"ဘယ့်နယ်များ ပြောလိုက်ပါသလဲ ဓမ္မဒိန္နာ။ အသိရှေ့သွား တရားကျင့်သုံးသည် ဤတရားကိုအမွေဆက်ခံခွင့်ရကြပေသည်။ အခြေခံဉာဏ်ပညာနှင့် ပြည့်ဝသူတိုင်း ရရှိနိုင်သော တရားပင် ဖြစ်ပေသည်"

"သို့ဖြစ်လျှင် ကျွန်မ ရဟန်းပြုပါရစေ"

"ကောင်းလှပြီ နှမ၊ ငါတို့များလည်း ဤလမ်းကိုပင် တိုက်တွန်းချင်သည်။ နှမ၏ သဘောဆန္ဒကို မသိရသေး၍ ခပ်မဆိတ် နေလာခဲ့ရပေသည်"

ဤသို့ဖြင့် ကျွန်ုပ်တို့ သာသနာတော်တွင် ငွေစင်ကြယ်တစ်လုံး ထွန်းသစ်လာပေသည်။

ရဟန်းခံပွဲကျင်းပစဉ်က ရာဇဂြိုဟ်တစ်မြို့လုံး ဟိုးလေးတကျော်ဖြစ်ခဲ့၏။ အခမ်းအနားများပြီးဆုံးသွားသော်လည်း အရှင်မထံမှာ ပရိသတ်များ မစဲသေးပါ။ ဝင်သူထွက်သူ၊ လှူဒါန်းလာသူများ တသဲသဲ တဖွဲဖွဲ ရောက်နေကြဆဲသာ ဖြစ်ပေသည်။

http://www.dhammadownload.com

လူ့ဘောင်လောကဓံ အနှောင်အဖွဲ့မှ ရုန်းထွက်လာသော အရှင်မအတွက် ဤလာဘ်လာဘများကို သာယာမက်မောရှိ မနေသာပါ။ ဤလာဘ်လာဘထက် အဆတစ်ရာမကသာသော ဆုထူးလာဘ်ထူးကြီးသည်သာ သူ၏ ရည်စူးချက်ဖြစ်၏။ ထို့ကြောင့် ဝင်သူ ထွက်သူ လှူဒါန်းသူ ပေါလှသော ရာဇဂြိုဟ်မြို့တော်ကို ခွာရှောင်ကာ မှထင်ရှားသော တောရွာတစ်ရွာသို့ တိမ်းရှောင်သွားရ၏။

ယခုတော့ သူရည်စူးခဲ့သော ဆုထူးလာဘ်ထူးကြီးများကို တစ်ပွဲ့တစ်ပိုက် သယ်ဆောင်လျက် ပြန်ရောက်လာပါပြီ။ အရှင်မ ရောက်လာ၍ မကြာမီ သူ၏ ပစ္စည်းလေးပါး ဒါယကာကြီးလည်း ရဟန်းမများကျောင်းသို့ ရောက်လာသည်ဟု သတင်းစကား ကြားသိရပေသည်။

ဓမ္မဒိန္နာအရှင်မ သာသနာ့ဘောင် ဝင်ရောက်လာရပုံကို ဒါယကာ ဝိသာခ ပြောပြချက်အရ ကျွန်ုပ်တို့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခဲ့၏။ ယခု တစ်ဖန် သူတို့ နှစ်ဦး၏ ဆွေးနွေးခန်းကို ဝိသာခ၏ အထောက်အကူဖြင့်ပင် တင်ပြရပါဦးမည်။ ဤအကြောင်းခြင်းရာများကို ဘုရားရှင်ထံ လာရောက်၍ လျှောက်ထားစဉ်က အပါးတော်တွင် ကျွန်ုပ်တို့ရှိနေကြသည် မဟုတ်ပါလား။

ဝိသာခက "ရဟန်းမများကျောင်းသို့ အဆောတလျင် သွားရောက်ခြင်းမှာ အရှင်မအပေါ် တစ်စုံတစ်ရာ တွယ်တာမှုရှိနေ၍ မဟုတ်ပါ"ဟု လျှောက်ထား၏။ အရှင်မသည်ရဟန်းခံပြီးသည်နှင့် မြို့ကြီးများကိုခွာ၍ တောရွာသို့သွားခဲ့၏။ ယခု ဘာမျှမကြာသေးမီမှာပင် တောရွာမှ မြို့ကြီးသို့ပြန်ကပ်လာခဲ့၏။ ဤအမှုအရာထူးကို ထောက်ချင့်လျက် "သာသနာ့ဘောင်မှာ ပျော်မှပျော်ပါမည်လား"ဟု ဒါယကာကြီး စိတ်ထဲမှာ သံသယတစ်ကွက် ဝင်လာမိ၏။

ဤသံသယကို ချေဖျက်ရန် အကောင်းဆုံးသော နည်းလမ်းသည်ကား အရှင်မနှင့် တိုက်ရိုက်တွေ့ဆုံရေးပင် ဖြစ်၏။ လေးနက်သော စကားတို့ကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းကြည့်ရေးပင် ဖြစ်၏။ တကယ်တမ်းသာ ကိုယ်ပိုင် ဉာဏ်ရောက် အသိပေါက်ခဲ့လျှင် ဤမေးခွန်းများကို ရဲရဲဝံ့ဝံ့ ဖြေနိုင်ပေလိမ့်မည်။ ဤသို့ ဖြေနိုင်၍ သာသနာ့ဘောင်မှာ ပျော်မွေ့ကြောင်းသိရလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရပေမည်။ ရပ်တည်ရာမရသောစိတ်ဖြင့် ပြန်လာပါမူကား ဘုရားကိုယ်တော်မြတ်ထံ လျှောက်ထားရန်ပင် ရှိတော့သည်။

ဤသို့ ရည်ရွယ်ထားခဲ့သည့်အတိုင်း ဝိသာခသည် အရှင်မ ဓမ္မဒိန္နာနှင့် တွေ့ဆုံလာပါ၏။ အရှင်မနှင့် တွေ့ဆုံပြီးနောက် ဘုရားရှေ့တော်မှောက်မှာ လျှောက်ထားလာပါ၏။ သို့ရာတွင် သူ့အရှင်မ သာသနာ့ဘောင်မှာ မပျော်မွေ့ကြောင်းများ မဟုတ်ပါ။ အရှင်မ ဓမ္မဒိန္နာထံတွင် သူမေးလျှောက်ခဲ့သော ပြဿနာများပင်

http://www.dhammadownload.com

ဖြစ်ပေသည်။ တရားဘက်တွင် ကျေကျေညက်ညက် အလေ့အကျက်ရှိထားသူတို့မှ လွဲ၍ သာမန်သိယောင်ကားတို့ မဖြေကြားနိုင်သော ဖြေကြားချက်များပင် ဖြစ်ပေသည်။ ထိုအမေးအဖြေကား-

"အရှင်မ၊ အဘယ်တရားသည် သုခဝေဒနာနှင့် တူညီပါသနည်း"

"ဒါယကာ ဝိသာခ၊ သုခဝေဒနာနှင့် တူညီသောတရားသည် ဒုက္ခဝေဒနာ ဖြစ်ပေသည်"

"အရှင်မ၊ အဘယ်တရားသည် ဒုက္ခဝေဒနာနှင့် တူညီပါသနည်း"

"ဒါယကာဝိသာခ၊ ဒုက္ခဝေဒနာနှင့် တူညီသောတရားသည် သုခဝေဒနာ ဖြစ်ပေသည်။

သုခသည် ဒုက္ခ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့အတူပင် ဒုက္ခသည်လည်း သုခ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဆန့်ကျင်ဘက်ဖြစ်ပုံချင်း တူညီ၍ တစ်နည်းအားဖြင့် သိလွယ် မြင်လွယ်ပုံချင်း တူညီပုံကို ဖြေကြားခြင်းဖြစ်ပေသည်။

"အရှင်မ အဘယ်တရားများသည် ဥပေက္ခဝေဒနာနှင့် တူညီပါသနည်း"

"ဒါယကာ ဝိသာခ၊ ဥပေက္ခာဝေဒနာနှင့်တူညီသော တရားသည် အဝိဇ္ဇာ ဖြစ်ပေသည်"

ပေါ်လွင်ထင်ရှားခြင်း မရှိ၊ သိရခက်၊ မြင်ရခက်ပုံချင်း တူညီပုံကို ဖြေကြားခြင်း ဖြစ်ပေသည်။

"အရှင်မ၊ အဘယ်တရားသည် အဝိဇ္ဇာနှင့် တူပါသနည်း"

"ဒါယကာ ဝိသာခ၊ အဝိဇ္ဇာနှင့်တူညီသော တရားသည် ဝိဇ္ဇာဖြစ်ပေသည်"

အဝိဇ္ဇာက မှောင်၍ ထားလေသမျှတွင် ဝိဇ္ဇာက ထိုမှောင်ကို ပယ်ဖျက် တတ်သောကြောင့် ထပ်တူပြုလိုက်ခြင်း ဖြစ်ပေသည်။

"အရှင်မ အဘယ်တရားသည် ဝိဇ္ဇာနှင့်တူပါသနည်း"

"ဒါယကာ ဝိသာခ၊ ဝိဇ္ဇာနှင့်တူသော တရားသည် ဖိုလ်လေးပါး ဖြစ်ပေသည်"

ဤနေရာ၌ ဝိဇ္ဇာမှာ သမ္မာဒိဋ္ဌိမဂ္ဂင်ပင် ဖြစ်၏။ သို့ဖြစ်၍ လောကုတ္တရာတရားချင်း တူညီပုံကို ဖြေကြားခြင်း ဖြစ်ပေသည်။

"အရှင်မ၊ အဘယ်တရားသည် ဝိမုတ္တိနှင့် တူပါသနည်း"

"ဒါယကာ ဝိသာခ၊ ဝိမုတ္တိနှင့် တူညီသော တရားသည် နိဗ္ဗာန်တရားဖြစ်ပေသည်။

အာသဝေါနှင့် မဆက်ဆံခြင်း၊ လောကုတ္တရာတရားများဖြစ်ခြင်း၊ အဗျာကတတရားချည်းဖြစ်ခြင်း ဤသုံးချက်လုံး တူညီနေသော တရားများ ဖြစ်ပေသည်။

http://www.dhammadownload.com

မေးလေသမျှ ပြဿနာတို့ကို အရှင်မ ဓမ္မဒိန္နာက ရဲဝံ့ပြတ်သားစွာဖြေဆိုပေသည်။ မေးမြန်းသည့်ဒါယကာ ဝိသာခကလည်း အားပါးတရ ကြားနာကာ နောက်ဆုံးမှာ အရေးပါဆုံးသော မေးခွန်းကို မေးလျှောက်လိုက်၏။

"အရှင်မ၊ အဘယ်တရားသည် နိဗ္ဗာန်နှင့် တူညီပါသနည်း"

"ဒါယကာ ဝိသာခ၊ သင့်မေးခွန်းများ နယ်ကျဲသွားကြပေပြီ။ အတူမရှိသော နိဗ္ဗာန်တရားကို အတူရှာ၍ ဖြေနေရလျှင် ဆုံးနိုင်တော့မည် မဟုတ်ချေ။

"ဒါယကာ ဝိသာခ၊ ဘုရားရှင်တို့၏ အဆုံးအမ သာသနာတော် တစ်ခုလုံးသည် နိဗ္ဗာန်မှာ အကျုံးဝင်၏။ နိဗ္ဗာန်သာလျှင် လားရာရှိ၏။ နိဗ္ဗာန်မှာပင် လမ်းဆုံး၏။ ထို့ကြောင့် နိဗ္ဗာန်နှင့်တူညီသော တရားကို မဖြေကြားနိုင်တော့ပါ။ ဤမျှဖြင့် မကျေနပ်နိုင်သေးလျှင် ဘုရားရှင်ထံ ချဉ်းကပ်ပါလော့။ ဘုရားရှင် ဖြေကြားတော်မူသည့်အတိုင်းသာ မှတ်ယူပါလော့"

အဖြေပေးစရာ အတူရှာ၍ မရတော့သည့်အဆုံးတွင် အရှင်မ ဓမ္မဒိန္နာက ဤပြဿနာကို ဘုရားရှင်ထံ လွှဲအပ်လိုက်ရတော့၏။ ဝိသာခမှ တစ်ဆင့် အရှင်မ ဓမ္မဒိန္နာ လွှဲအပ်လာသော ပြဿနာကို ဘုရားရှင်ကလည်း အရှင်မထံသို့ပင် ပြန်၍ လွှဲအပ်တော်မူလိုက်ပေသည်။

"ဝိသာခ၊ ဓမ္မဒိန္နာသည် ပညာကြီးပေစွ။ အကယ်၍ ဤပြဿနာတို့ကို ငါဘုရားထံ မေးမြန်းပါလျှင်လည်း ဓမ္မဒိန္နာ ဖြေကြားခဲ့သည့်အတိုင်းပင် ဖြေကြားရပေလိမ့်မည်။ ထိုပြဿနာတို့ အဖြေကို ဓမ္မဒိန္နာ ဖြေဆိုခဲ့သည့်အတိုင်းသာလျှင် စိတ်ချ လက်ချ မှတ်ယူပါလော့"

တပည့်မတစ်ဦး၏ သာဝကဉာဏ်ဖြင့် ဖြေကြားချက်ကို ဘုရားရှင်က မိမိနှင့် ထပ်တူ ပြုလိုက်ပါလေပြီ။

ဟိုစဉ်တုန်းက ဓမ္မဓိန္နာသည် "ဤသို့သော လောကုတ္တရာတရားကို သူတို့ ယောကျ်ားများသာ ရနိုင်သလော"ဟု မာနမီးပွားလေး ထွက်ခဲ့ရ၏။ ထိုမီးပွားလေး၏ တွန်းကန်မှုဖြင့် နေ့ချင်း ညချင်းရဟန်းပြုခဲ့၏။ အသိထူး အမြင်ထူး မရမနေ ရှာဖွေလာခဲ့၏။ ရှာဖွေသည့်အတိုင်းပင် မကြာမီ ရရှိလာခဲ့၏။ ထိုအသိထူး အမြင်ထူး၏ ကျေးဇူးဖြင့် နှိုက်နှက်ချွတ်ချွတ် မေးလာသမျှကို ဂဏသေချာစွာ ဖြေဆိုနိုင်ခဲ့၏။

အမှန်အားဖြင့် မာနဟူသည် အကုသိုလ်စေတသိက် တစ်လုံးမျှသာဖြစ်၏။ ကာယကံရှင်၏ စိတ်နှလုံးကို ပူပန်စေတတ်သော သဘောကြောင့် မီးဟူ၍ တင်စားကြရ၏။ သို့သော် ထိုမီးကို အထိန်းအချုပ်ဖြင့် နည်းမှန်လမ်းမှန်အသုံးပြုလိုက်သောအခါ ရွှေနှုတ်တော်မှ ထုတ်ဖော်ချီးကျူးမှုကို ခံယူရပေသည်။

http://www.dhammadownload.com

ဤသို့ထုတ်ဖော်ချီးကျူးကာ မိမိနှင့် ထပ်တူထပ်မျှ ပြုတော်မူလိုက်သဖြင့် အရှင်မ ဓမ္မဒိန္နာ၏ ဖြေကြားချက်သည် သာဝကဘာသိတ အဆင့်ထက် ကျော်လွန်ကာ ဗုဒ္ဓဘာသိတ စာရင်းဝင် ဖြစ်သွားတော့၏။

မင်းမှထမ်းတို့ ရေးသားသော စာလွှာတွင် ဘုရင့်တံဆိပ် ခတ်နှိပ်လိုက်သော အခါ ပြည်ထောင်ချင်းချင်း ဘုရင်မင်းတို့ ပေးရိုးစဉ်လာ သဝဏ်လွှာ ဖြစ်လာသကဲ့သို့ ပင်တည်း။

(မူလပဏ္ဏာသ၊ စူဠဓေဒလ္လသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

ဘုရားပေးသော မသေဆေး

အရှင်မ ခေမာ၊ အရှင်မဥပ္ပလဝဏ်၊ အရှင်မ ဓမ္မဒိန္နာ ဤထေရီသုံးပါးတို့သည် ဘဝအကျိုးပေးကောင်းသူများ ဖြစ်ကြ၏။ သဲဖြူခင်း၍ ရာဇမတ်ကာထားသော မင်းလမ်းတစ်လျှောက်တွင် တံခွန် ကုက္ကား မုလေးပွားတဝေဝေဖြင့် ကျောင်းတော်သို့ လာခဲ့ကြရ၏။ လာခြင်းကောင်းသော ရှင်တော်မြတ် ခြေရင်းသို့ ရွှေဝါကြိုးများစီး၍ ဝင်ရောက်ခဲ့ကြရ၏။

သို့ရာတွင် ကျွန်ုပ်တို့ သာသနာတော်ကြီးသည်ကား ဤလို တခမ်းတနား ဝင်လာသူများကိုသာ ကြိုဆိုသည် မဟုတ်ပါ။ အခမ်းအနားကို အသာထား။ လိုက်ပို့သူ နှုတ်ဆက်လာသူပင်မရှိသော အထီးကျန် အမျိုးသမီးများကိုလည်း နားခိုခွင့် ပေးခဲ့ပါ၏။

ပျော်တပြုံးပြုံးနှင့် ဝင်လာသူများကို ဝမ်းမြောက်ဝမ်းသာ မုဒိတာ ပွားကြရသကဲ့သို့ပင် မျက်ရည်စက်လက်နှင့် ရောက်လာကြသူများကိုလည်း ကရုဏာဗြဟ္မစိုရ်ဖြင့် ကြိုဆိုလက်ခံကြရပေသည်။

လူ့လောက မဟာသမုဒ္ဒရာဝယ် လောကဓံလှိုင်းများက တစ်လုံးပြီးတစ်လုံး ရိုက်ပုတ်လာကြသဖြင့် သူတို့ခမျာ ခြေကုန်လက်ပန်း ကျနေကြ၏။ ဘယ်နေရာမှ ထောက်ရာတည်ရာ ရှာမရခဲ့၍ အမောဆို့နေကြရ၏။ သူတို့ တွေ့ကြုံရသော လောကဓံတို့သည် သူတို့၏ ခံနိုင်ရည်စွမ်းအား ဟူသမျှကို အကုန်အစင် ဝါးမြိုပစ်လိုက်ကြပြီ ဖြစ်၏။ သည်ထက်အနည်းငယ်မျှ တိုးလိုက်လျှင် စုံးစုံးမြုပ်ဖို့သာ ရှိတော့၏။ ဤသို့သောအခြေအနေတွင် လှိုင်းအသင့် လေအသင့် အခွင့်ကလေး ကြုံလာသဖြင့် ကျွန်ုပ်တို့ရှိရာ ကျွန်းသာယာသို့ ဆိုက်ရောက်လာကြပေသည်။

ကျွန်းသာယာသည် ထိုဒုက္ခသည် အမျိုးသမီးတို့အား ထောက်ရာတည်ရာကို ပေးခဲ့၏။ အမောကို ပြေစေခဲ့၏။ အပူကို ငြိမ်းစေခဲ့၏။ ဆာလောင်မွတ်သိပ်မှု ဟူသမျှကို ဖြေဖျောက်ပေးခဲ့၏။

http://www.dhammadownload.com

ဆာလောင်မွတ်သိပ်မှု ဟူသမျှ ပြေပျောက်ရာ၊ အပူငြိမ်းရာ၊ အမောပြေရာ၊ ဓမ္မရသာ မြိုက်သြဇာကို ကိုယ်တိုင်ကိုယ်ကြပ်စား သုံးရပြီဖြစ်သော အရှင်မများသည် ကျွန်းသာယာထက်မှ မဟာသမုဒ္ဒရာကို လှမ်းမျှော်ကြည့်မိကြ၏။ သူတို့၏ မျက်စိအောက်တွင် မဟာသမုဒ္ဒရာ ရေပြင်ကျယ်သည် ပရမ်းပတာ လှုပ်ရှားမြဲ လှုပ်ရှားနေသည်ကို တွေ့ကြရ၏။ ထိုရေပြင်ကျယ်ထဲ၌ သူတို့သည် ယခင်က ကိုးကွယ်ရာမရ မျောပါခဲ့ရ၏။ ကယ်ပါ ယူပါ တစာစာ အော်ခဲ့ရ၏။ သေလုမျောပါး နစ်မွန်းခဲ့ကြရ၏။

သည်တုန်းက ဆင်းရဲ ပင်ပန်းခဲ့ရလေသမျှကို ပြန်လည်သုံးသပ်မိလေ၊ ကယ်တင်တော်မူခဲ့သော အရှင်မြတ်ကြီးအား ကျေးဇူးတင်လေ။

ကျေးဇူးရှင်ကြီး၏ ကျေးဇူးဂုဏ်အနန္တကို သူတို့သည် နေ့ရော ညပါ သတိရလျက် ရှိကြ၏။ သူတို့နှတ်ဖျားမှ တဖွဖွပြောကြားလျက် ရှိကြ၏။ ရှိခိုး ဦးချ မဝနိုင်အောင် ဖြစ်ကြရ၏။

ဤ၍ ဤမျှ ဂါရဝပြုရုံဖြင့် သူတို့ ကျေနပ်ကြပြီလော။ မကျေနပ်ကြသေးပါ။ သူတို့အပေါ်မှာရှိနေသော အရှင်မြတ်ကြီး၏ ကျေးဇူးတော်သည် ဟိမဝန္တာတောင်ကြီးလောက် ရှိနေ၏။ သည်ကျေးဇူးတော်ကြီးကို သူတို့က ဆီးစေ့လောက်ပင်ဖြစ်ပါစေ တတ်နိုင်သလောက်တော့ ကျေးဇူးတစ်ဖန် တုံ့ပြန်ချင်ကြပေသည်။

ကောင်းပါပြီ။ မိမိအပေါ် တင်ရှိခဲ့သော ကျေးဇူးတရားကို သိတတ် မြင်တတ် ပြန်၍ ဆပ်ချင်သောစိတ်ဓာတ်သည် ကတညုတမင်္ဂလာပင် ဖြစ်ပါ၏။ မင်္ဂလာပင်ဖြစ်၍ ဘုရားရှင်ကလည်း အပြစ်တင်တော်မူမည် မဟုတ်ပါ။ သို့သော်လည်း ထိုမင်္ဂလာကို ထိုအရှင်မတို့က ကာယက်မြောက် မည်သို့ ကျင့်သုံးရပါမည်နည်း။

မိန်းမသားများ ဖြစ်နေသဖြင့် ရှင်တော်မြတ်၏ ထံတော်ပါးဝယ် ခြေဆုပ်လက်နယ် ပြုချင်၍ မဖြစ်နိုင်။ ရေပူရေချမ်းကမ်းလှမ်းနေခွင့် မရှိ။ ပစ္စည်းလေးပါး ဖြင့် လှူဒါန်းရန်လည်း မဖြစ်နိုင်။ သူတို့ကိုယ်တိုင်က သူတစ်ပါးထံမှ လက်ဖြန့်ခံ၍ စားသုံးနေကြရ၏။ ဘဝခရီးကြမ်း လှမ်းလာခဲ့ရသူများမို့ သူတို့ခမျာ လာဘ်လာဘက ရှားပါးကြ၏။ သည်တော့ သူတို့အနေနှင့် အရှင်မြတ်ကြီးအပေါ် ကျေးဇူးတုံ့ပြန် ရန်မှာ အရှင်မြတ်ကြီး၏ သာသနာတော်ကို တစ်ထောင့်တစ်နေရာက ကျေးဇူး ဆပ်ရုံသာ ရှိတော့သည်။

သာသနာ့အကျိုး သယ်ပိုးသောအားဖြင့် သူတို့ရွေးချယ်လိုက်သော နည်းလမ်းသည် အင်မတန်မှ သင့်မြတ်လှပါ၏။ ကျွန်ုပ်တို့ဓမ္မသဘင်၌ လျှောက်ထား တင်ပြကြသော သူတို့ဘဝ ဓာတ်လမ်းတို့သည် သတိ သဝေဂရဖွယ် ကောင်းလှ ပါ၏။ ကျေနပ်နှစ်သက်ဖွယ်လည်း ကောင်းလှပါ၏။

http://www.dhammadownload.com

နလုံးရင်တွင်းက ပီတိသောမနဿစေတသိက်များဖြင့် စီကာစဉ်ကာ တင်ပြလာကြသည့်အထဲမှ ဇာတ်လမ်းတစ်ပုဒ်ကို ထုတ်နုတ်၍ ပထမဦးစွာ လက်ဆင့်ကမ်းလိုက်ရပါဦးမည်။

"အို.... အရှင်မြတ်အပေါင်းတို့၊ အို.... အရှင်မ အပေါင်းတို့၊ အရှင်မြတ်တို့၏ ခွင့်ပြုချက်အရ တပည့်တော်မ၏ ကိုယ်တွေ့ဇာတ်လမ်း ခရီးကြမ်းကို တင်ပြလိုပါသည် ဘုရား။

"တပည့်တော်မ၏ မိဘနှစ်ပါးသည် သာဝတ္ထိမြို့တော် အတွင်းက သူဌေးနှင့် သူဌေးကတော်များဖြစ်ကြပါသည်။ သူဌေးနှင့် သူဌေးကတော်ဟု ဆိုရသော်လည်း တပည့်တော်မ၏ မိဘများသည် နာမည်မျှသာ ဌေးကြသူများဖြစ်ပါသည်။ အဘိုးအဘွားများထားခဲ့သော ပစ္စည်းများ ဆုံးပါးပျက်စီးကုန်ကြပါပြီ။ ပစ္စည်းဥစ္စာ ချို့တဲ့စွာ နေလာခဲ့ရာမှ အချိန်တန် အရွယ်ရောက်သည့်အခါမှာကား အဟုယ်တကယ် ဌေးကြွယ်သော သူဌေးသားတစ်ဦးနှင့် ဖူးစာဆုံခဲ့ပါသည်။ သျှောင်နောက်ဆံထုံးပါမြဲ အတိုင်း ခင်ပွန်းသည်နောက် လိုက်ပါခဲ့ရပါသည်။

"ခင်ပွန်းသည် သူဌေးသားသည် တပည့်တော်မ၏ အသားအရေပါးလျားလှသော ကိုယ်ခန္ဓာကို အပြစ်မယူမငြူစူခဲ့ပါ။ ချစ်ခြင်းမေတ္တာကိုသာ အလေးအမြတ်ပြုခဲ့ပါသည်။ ပစ္စည်းဥစ္စာရှားပါးခဲ့သော ဘဝအခြေအနေကို ကဲ့ရဲ့စကား မဆိုခဲ့ပါ။ မျိုးရိုးဂုဏ်ကိုသာ ထောက်ထားခဲ့သူဖြစ်ပါသည်။

"သို့ရာတွင် သူ့အမေ သူ့အစ်မများနှင့် နှမတို့ကတော့ တစ်ယောက်မျှ မကြည်ဖြူကြပါ။ ပါးလျားသော ကိုယ်ခန္ဓာထက် ရှားပါးလှသော ဘဝအခြေအနေက ပို၍ နှာခေါင်းရှုံ့စရာ ဖြစ်ခဲ့ရပါသည်။ ခင်ပွန်းသည်ကိုယ်တိုင်က သူတို့ စက်ရိပ်က မလွတ်သေးသည်တွင် တပည့်တော်မ မည်သို့ တတ်နိုင်ပါမည်နည်း။ သမီးချင်းမစာ ညီအစ်မချင်းမစာ ပြောရက် ဆိုရက် နှုတ်စောင်းထက်ကြလေသမျှကို ခေါင်းငုံ့၍ ခံခဲ့ရပါသည်။

"သို့နှင့် တစ်နေ့မှာတော့ တပည့်တော်မအတွက် ကယ်တင်ရှင်တစ်ယောက် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုကယ်တင်ရှင်မှာ မိုးပေါက ဆင်းလာသည့် သိကြားမင်းကြီး မဟုတ်ပါ။ ဝိဇ္ဇာ ဇော်ဂျီ တပသီလည်း မဟုတ်ပါ။ အာဏာထန်ပြင်းလွန်းသည့် မင်းတစ်ပါးလည်း မဟုတ်ပါ။ သားငယ်ရွှေသွေး ပုလုကွေးသာ ဖြစ်ပါသည်။

"သားကလေး ရွှေတုံးပုလဲကို ဖွားမြင်ပြီးသည်နှင့် အိမ်သူအိမ်သားတို့၏ သဘောထားများ ပြောင်းလာကြပါသည်။ မျက်မှောင်ကြုတ်၍ နှုတ်ခမ်းစူ၍ ထားတတ်ကြသော မျက်နှာတို့တွင် ပြုံးပန်းလှိုင်လှိုင် ပွင့်လာကြပါသည်။ သူ့ထက်

http://www.dhammadownload.com

ငါသာ အပြစ်တင်စရာ ရှာလာခဲ့ကြသော နှုတ်ခမ်းများကလည်း ယခုတော့ ဖော်ဖော်ရွေရွေ ပြောတတ် ဆိုတတ်ကြပါပြီ။

"ဘွားအေကြီးနှင့် အဒေါ်များက သဲသဲတုန်မျှ ယုယနေကြသော်လည်း သားကလေးက နွဲ့ဆိုးဆိုး၍မလာပါ။ သူ့ပင်ကို သဘောအတိုင်း အေးဆေးစွာပင် နေခဲ့ပါသည်။ တစ်စတစ်စဖွံ့ဖြိုး၍လာသော သူ့ကိုယ်ခန္ဓာသည် ပွင့်အာမည့်ဆဲဆဲ ကြာဖူးငုံကြီးကဲ့သို့ အားရဖွယ် ကောင်းလှပါသည်။ ပြုံးတစ်မြှ သူ့မျက်နှာသည် တပည့်တော်မ၏ အသက်ပင် ဖြစ်ပါသည်။

"သားငယ်ရွေသွေး ပုလုကွေးသည် တပည့်တော်မကို အမှီပြု၍ ကြီးထွားလာရပါသည်။ ထို့အတူပင် တပည့်တော်မ၏ ဘဝတစ်သက်တာ သာယာဖြောင့်ဖြူးရေးမှာလည်း သည်သားကလေးကိုပင် အမှီအတွယ် ပြုရပါလိမ့်မည်။ သို့ဖြစ်၍ တပည့်တော်မသည် သားအဖြစ်ဖြင့်လည်း နှစ်နှစ်ကာကာ ချစ်ရပါသည်။ ရွေတောင်ကြီးကဲ့သို့လည်း အားကိုးတစ်ခု ပြုခဲ့ရပါသည်။

"တစ်နေ့မှာတော့ ရွေတောင်ကြီးသည် တအိအိ ပြိုကျသွားပါသည်။ လိုလေသေးမရှိ ပြုစုနေသည့်ကြားကပင် သူငယ်နာရောဂါ တစ်မျိုးဖြင့် သေဆုံးသွားရှာပါတော့သည်။

"သို့ရာတွင် သေဆုံးသည်ဆိုသော သဘောသည် မည်သို့ဖြစ်ပါသနည်း။ မိမိကိုယ်တိုင် ခဏာမစဲ သေပွဲဝင်နေရပါလျက် တပည့်တော်မသည် သေခြင်းဆိုသော သဘောတရားကို နားမလည်ခဲ့ပါ။ ဘဝတစ်သက်တာတွင် ပထမဦးစွာ ရှုမြင်ရသော ကိုယ်ပွားကလေးကိုသာ တင်းတင်းကျပ်ကျပ်ပွေ့ပိုက်ထားခဲ့ပါသည်။ ကမ္ဘာပေါ်မှာ လူတွေ ကုဋေကုဋာ ရှိနေပါလျက် သည်သားကလေးကိုမှရွေးပြီး ခေါ်ရလေသလားဟု ရှင်သေမင်းကို အခဲမကျေနိုင် ဖြစ်ရပါသည်။

"သူတို့ကတော့ သားကလေး သေရှာပြီတဲ့။ အချိန်ရှိခိုက် သုသာန်သို့ သွားပို့ကြရမည်တဲ့။ ပြောရက်ကြပါဘိ။ ဆိုရက်ကြပါဘိ။ သည်ကလေးအပေါ် သည်းတုန်အူတုန် ချစ်ခဲ့ကြသည် ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ကြပါလေစ။ သြော် သူတို့မှာတော့ ဝမ်းနှင့်လွယ်၍ မွေးရသည်မှ 'မဟုတ်ပါဘဲကလား။

"အမေ့အဖို့မှာတော့သားကလေးသည် အမေ့အသက်။ သားကလေးသည် အမေ့အသည်းနှလုံး။ ဘဝတစ်သက်တာ ပထမဦးစွာ ရလာခဲ့သော ရတနာပုလဲကဲ့။ သည်ရတနာ သည်အသည်းနှလုံးကို လူမနီးသည့် သုသာန်မြေသို့ မည်သူပို့နိုင်ပါ့မည်နည်း။

"သားကလေးကိုပိုက်ရင်း ငိုရှိုက်၍ နေတုန်းမှာပင် သူတို့ကတော့ သားကလေး အိပ်ခဲ့သည့် ပုခက်ကို ဖြုတ်လိုက်ကြပါပြီ။ ဆွေမျိုးနီးစပ်ထဲက

http://www.dhammadownload.com

လိုက်ပို့မည့်သူများလည်းရောက်လာကြပါပြီ။ ဤအချိန်တွင် မည်သို့မည်ပုံ ဖြစ်ပျက်လိုက်သည် မသိပါ။ အရိုးပဒေသာ ကိုယ်ခန္ဓာမှာ မည်သို့သော အားခွန်ဗလတွေဝင်ရောက်လာသည် မသိပါ။ သုသာန်သို့ပို့ရန် ဝိုင်းလာကြသူများလက်မှ သားနှင့်အတူ အတင်း ရုန်းထွက်ခဲ့ပါသည်။ သာဝတ္ထီမြို့တော်ကြီးအတွင်း မင်းလမ်းမတစ်လျှောက် ခြေဦးတည့်ရာ လျှောက်လာခဲ့ပါသည်။

"တပည့်တော်မ သွားလေရာသို့ သားကလေးက ခါတိုင်းလိုပင် သဘောကောင်းကောင်းနှင့် လိုက်ပါလာခဲ့ပါသည်။ သည်သားကလေးကိုပင် သူတို့ကတော့ သေပြီတဲ့။ သုသာန်သို့ပို့လိုက်ရမည်တဲ့။ လူပ်ရှားခြင်း၊ ငိုကြွေးခြင်း မရှိတော့သည့်အတွက် သူတို့ပြောသည့်အတိုင်း သေပြီဟု ဆိုကြပါစို့။ သို့သော် ဤသို့ဆိုရုံမျှဖြင့် သုသာန်မြေကို တစ်ခါတည်း ပို့ကြရမည်လော။ သေပြီးသော သားကလေးကို ပြန်ရှင်လာအောင် ကုစား၍ မဖြစ်တော့ပြီလော။

"ဖြစ်ရမည်။ ဖြစ်ကိုဖြစ်ရမည်။ သေခြင်းရှိလျှင် ရှင်ခြင်းလည်း ရှိရပေမည်။ ဤသာဝတ္ထီမြို့တော်ကြီးက တန်ခိုးရှင် တစ်ဦးဦးသည် သားကလေးကို ပြန်ရှင်လာအောင် ကုစားပေးနိုင်ရမည်။ ကယ်တင်ရှင် တစ်ယောက်ယောက်နှင့် တွေ့ရပေမည်။

'အစ်မကြီးရှင့်၊ သားကလေးကို ပြန်ရှင်လာအောင် ကုစားပေးပါ'

"လမ်းမှာ အရန်သင့်တွေ့ရသော အစ်မကြီးတစ်ဦးထံသို့ သားကလေးကို ထိုးအပ်လိုက်ပါသည်။ သားကလေး ပြန်ရှင်လာရေးအတွက်သာ သူ့လက်ထဲ ထိုးအပ်လိုက်ရပါသည်။ သားကလေးနှင့် ခေတ္တခဏ ကင်းကွာလိုက်ရရုံနှင့်ပင် ရင်ထဲမှာ နာကျင်စွာ ခံစားရပါသည်။

'ညြော် ဒုက္ခ ဒုက္ခ၊ ကိုယ့်စိတ်ကို အစိုးမရရှာသော မိန်းကလေးပါတကား'

"အစ်မကြီးက သားကလေးကို ဆီးကြို့မွေ့ပိုက်ခြင်း မပြုပါချေ။ တပည့်တော်မနှင့် သားကလေးကို တစ်လှည့်စီ ကြည့်ရင်းက စိတ်မချမ်းမြေ့ဟန်ဖြင့် ရေရွတ်၍သာ နေပါသည်။

"မှန်ပါသည်။ အစ်မကြီးရေရွတ်သည့်အတိုင်း တပည့်တော်မမှာ ထိုစဉ်က ကိုယ့်စိတ်ကိုယ် အစိုးမရသူတစ်ဦးသာ ဖြစ်ပါသည်။ စကားလုံးလှလှ မသုံးဘဲ တိတိကျကျ ပြောရလျှင် ရူးနေခြင်းပင် ဖြစ်ပါသည်။ သားရူး၊ အချစ်ရူး၊ သောကရူး ရူးနေခဲ့ပါသည်။

"သည်တုန်းကသာ ကိုယ့်ကိုယ်ကို ရူးနေမှန်းသိပါလျှင် သည်အစ်မကြီးထံမှာပင် လမ်းဆုံးခဲ့ပါလိမ့်မည်။ သို့ရာတွင် ရူးပြီဆိုမှတော့ မည်သူမျှ ကိုယ့်ကိုယ်ကို

http://www.dhammadownload.com

ရှူးနေမှန်း မသိနိုင်ကြပါ။ သို့ဖြစ်၍ တပည့်တော်မသည် အားကိုးသလောက်အရာ မရောက်သော အစ်မကြီးထံမှ ဖဲခွာလာခဲ့ပါသည်။

"သာဝတ္ထိ မြို့တော်အတွင်းက လမ်းတွေသာ တော်တော် စုံသွားပါသည်။ သားကလေးကို ကယ်တင်နိုင်သူနှင့်ကား မဆုံမိသေးပါ။ တွေ့ရဆုံရသူများတွင် တချို့က ကြင်ကြင်နာနာ ခေါင်းခါလိုက်သော်လည်း တချို့က မစာမနာ ရင့်သီးစွာပင် နှင်လွှတ်လိုက်ကြပါသေးသည်။

"နှင်လိုသူတို့ နှင်ပါစေ။ မောင်းလိုသူတွေ မောင်းကြပါစေ။ သားကလေး အတွက် ဆေးတစ်ခွက် ရလိုရငြား တပည့်တော်မ မရပ်မနားသွားခဲ့ရပါသည်။ နောက်ဆုံးမှာတော့ သားကလေး၏ ကုသိုလ်ကံဖန်လာပြီဟု ဆိုရပါတော့မည်။ မြို့အထွက်နားမှာတွေ့ရသော ဦးကြီးတစ်ယောက်သည် အခြားသူများလို ခေါင်းခါ၍ မပြဘဲ-

'ညော့် ဒုက္ခရောက်လာရှာသော သမီးကလေးပါတကား။ သင်တောင်းသော ဆေး ဦးကြီးဆီမှာတော့ မရှိပါ။ သို့ရာတွင် အားမငယ်နှင့်။ ဆေးပေးနိုင်သူကို သည်က ညွှန်ကြားလိုက်ပါမည်။ သည်လမ်းမကြီးအတိုင်း အနောက်တောင်အရပ်ကို တန်းတန်းမတ်မတ် လိုက်သွားပါ။ လမ်းဆုံးလျှင် ဇေတဝန်ကျောင်းတော်ကြီးကို တွေ့ရလိမ့်မည်။ ထိုကျောင်းတိုက်ကြီးထဲက တရားပလ္လင်တွင် ဂေါတမဗုဒ္ဓ အမည်ရသော ဆေးဆရာကြီးသည် လာသမျှ ဒုက္ခသည်အပေါင်းအား မသေဆေးများ ဝေငှလျက်ရှိပေသည်။ ထိုဆရာကြီးထံသို့သာ မြန်မြန်သွားပေတော့ သမီး'

"ဦးကြီးက သေသေချာချာ လမ်းညွှန်လိုက်သည့်အတိုင်း ဆရာသခင် ကျေးဇူးရှင်ကြီးနှင့် အရန်သင့် တွေ့ရပါသည်။ ဆရာကြီးက သားကလေးအတွက် မသေဆေးကို သို့သော် သူ့လက်ထဲမှာ မရှိသေးဟု ဆိုပါသည်။ သို့သော် ဆေးဖက်ဝင်သော ဗိန္ဓိဉ်ကို သိရပြီမို့ ဆရာကြီးထံမှ မရချင်နေပါစေ။ သာဝတ္ထိ မြို့တော်ကြီးထဲမှာ ရှာဖွေလျှင်အများကြီး ရနိုင်ပါသည်။

"မြို့တော်ကြီးထဲဝင်မိသည်နှင့် တပည့်တော်မသည် အစဆုံးတွေ့ရသော အိမ်ထဲသို့ဝင်ပြီး မုန်ညင်းစေ့ တောင်းခဲ့ပါသည်။ လိုအပ်သော မုန်ညင်းစေ့မှာ လက်နှစ်ချောင်းကော်ရုံမျှသာဖြစ်သော်လည်း သဘောကောင်းသော အိမ်ရှင်မက လက်တစ်ခုပ်စာ ပေးခဲ့ပါသည်။

"စေတနာနှင့် ပိုပိုသာသာပေးသည်ကိုကား ကျေးဇူးတင်ပါသည်။ သို့ရာတွင် ဆရာကြီးညွှန်ကြားလိုက်သော ဆေးပစ္စည်း ဟုတ် မဟုတ်ကို သိလိုသေးသဖြင့်-

'တစ်ခုမေးပါရစေ အစ်မကြီးရှင့်။ သည်အိမ်မှာ လူတစ်ယောက်တလေ ပျက်စီးခဲ့ဖူးပါသလား'ဟု မေးလိုက်ရပါသည်။

http://www.dhammadownload.com

"တပည့်တော်မ၏ အမေးစကားကြောင့် အိမ်ရှင်မမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာပါသည်။ ထို့နောက် တပည့်တော်မတို့ သားအမိကို စာနာစိတ်ဖြင့် သေသေချာချာကြည့်ကာ–

'အို မိန်းကလေးငဲ့၊ အိမ်မှန်လျှင် လူမသေဖူးသောအိမ်ဟူ၍ ရှိနိုင်ပါမည်လော။ သည်အိမ်မှ သေဆုံးသွားသူ တို့သည် တစ်ယောက်လည်း မက၊ နှစ်ယောက်လည်း မက၊ ဘယ်၍ ဘယ်မျှ ရှိသည်ဟူ၍ ပြောရန်ပင် ခက်လှသည်'

'သည်လိုဆိုလျှင် အခြားအိမ်ကို သွားပါရစေ အစ်မကြီး'

"လူသေစာရင်းချ၍ မပြီးနိုင်သော အစ်မကြီးကို စိတ်ပျက်ပျက်နှင့်နှုတ်ဆက်ကာ ထွက်လာခဲ့ပါသည်။ နောက်တစ်အိမ် တက်လိုက်ပြန်တော့လည်း ယခင်အိမ်နှင့် မခြားနားပါချေ။ သာဝတ္ထိမြို့တော်ကြီးက မင်းလမ်းမကြီးသာ တစ်ခေါက်ဆုံးသွားပါသည်။ လူမသေသောအိမ်ဟူ၍ လုံးဝ မတွေ့ရပါ။ တချို့က မိဘသေခဲ့သည်။ တချို့က မွေးချင်းပေါက်ဖော်များ သေခဲ့သည်။ တချို့ကတော့ သားသမီးများ ဆုံးပါးခဲ့သည်ဟု ဆိုကြပါသည်။

"တက်လိုက်သောအိမ်များက လူသေဖူးသောအိမ်များချည်း ဖြစ်နေသဖြင့် သားကလေးအတွက် ဆေးဖက်ဝင်သော မုန်ညင်းစေ့မှ ရပါမည်လားဟု စိုးရိမ်မကင်း ဖြစ်ခဲ့ရပါသည်။ တစ်စထက်တစ်စ လူသေဖူးသောအိမ်များချည်း တွေ့ရဖန်များလာသောအခါမှာကား စိုးရိမ်စိတ်များ လျော့ပါးသွားပါတော့သည်။ ထိုအခါတွင်မှ ဆေးဆရာကြီး၏ နည်းပရိယာယ်ကို သဘောပေါက်လာပါတော့သည်။

"တပည့်တော်မ၏ သားကလေး တစ်ယောက်တည်းသာ သေဘေးနှင့် တွေ့ရသလောဟု စောစောက နာကြည်းစိတ်များ မွေးခဲ့မိ၏။ ဤလိုဒုက္ခနှင့် တွေ့ကြုံရသူမှာ တပည့်တော်မတစ်ယောက်သာဟု အထင်ရောက်ခဲ့မိ၏။ ယခုတော့ ဆေးဆရာကြီး၏ ကျေးဇူးကြောင့် သည်နာကြည်းစိတ်များ ပြေပျောက်သွားကြပါပြီ။

"အနိစ္စသဘောဖြင့် ရွေ့လျောကြရသော ကိစ္စသည် တစ်အိမ်တည်း၏ ကိစ္စလည်းမဟုတ်။ တစ်ရွာတည်း၊ တစ်မြို့တည်း၏ ကိစ္စလည်းမဟုတ်ပါချေတကား။ သက်ရှိသတ္တဝါအားလုံး မသွေမုချ တွေ့ကြုံရမည့် ကိစ္စပါတကား။

"သည်လို ဒုက္ခမျိုးနှင့် တွေ့ကြုံနေရသည်မှာ သင်တစ်ယောက်တည်း မဟုတ်ပေ။ လူတိုင်း ကြုံနေရသော ကိစ္စသာ ဖြစ်သည်ဟု ရွှေနှုတ်တော်က ထုတ်ဖော်၍ကား မဆိုလိုက်ပါ။ သို့သော် တပည့်တော်မအဖို့ ဆိုလိုက်သည်ထက်ပင် ပို၍ အကျိုးသက်ရောက်ပါသည်။

"ချစ်သောသူများနှင့် ကွေကွင်းရသောဒုက္ခသည် အနိစ္စကြောင့်ဖြစ်ပါသည်။ ထိုအနိစ္စသည်ပင် မိမိတစ်ဦးတည်းနှင့် မဆိုင်။ အများပိုင် အနတ္တ ဖြစ်ပါသည်။

http://www.dhammadownload.com

သည်လက္ခဏာသုံးပါးကို သဘောပေါက်သည်နှင့် တပည့်တော်မသည် သား၏ ရုပ်ကလာပ်ကို လူသူကင်းရာသွား၍ သင်္ဂြိဟ်လိုက်ပါသည်။

"အကယ်၍ ကျေးဇူးတော်သခင် အရှင်မြတ်ကြီးသည် မိမိ၏တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သားကလေးပြန်ရှင်လာအောင် ကုစားပေးလိုက်သည်ဆိုပါတော့။ ဤအခါတွင် ဤဆေးသည် သားကလေးတစ်ယောက်တည်းအတွက်သာ အကျိုးရှိပါလိမ့်မည်။ ကျန်လူများအတွက် ဘာမျှ အကျိုးသက်ရောက်မည် မဟုတ်ပါ။

"လက္ခဏာသုံးခွင် အလင်းမြင်စေသော ဤဆေးတော်ကြီးမှာကား စားသုံးသူတိုင်းအတွက် မသေဆေးတစ်ဖုံ ဖြစ်ပါသည်။ သက်ရှိသတ္တဝါတိုင်းနှင့် မကင်းနိုင်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘာဝကို သဘာဝအတိုင်း သိမြင်ကာ ထိုသဘာဝ အပေါ်မှာ မသေစေလို၊ မကွေကွင်းလိုသော အလိုအာသဝများ မပါမရှိ၊ ပကတိအေးချမ်းသာယာသော စိတ်နှလုံးဖြင့် ကျင့်သုံးနေထိုင်တတ်လျှင် အသေ လွတ်ပြီးပင် ဖြစ်ပါတော့သည်။

"လူသစ် စိတ်သစ်ဖြင့် ဘဝသစ်သို့ ပြောင်းလာခဲ့ပြီဖြစ်သော တပည့်တော်မသည် နောက်ကြောင်းသို့ကား ပြန်မလှည့်တော့ပါ။ မသေဆေးကြီး ပေးသနားတော်မူခဲ့သော ကျေးဇူးရှင်ကြီးထံသို့သာ အရောက်ပြန်လာခဲ့ပါသည်။ ခင်ပွန်းသည်ထံ ခွင့်ပန်ကြား၍ ဇေတဝန်ကျောင်းတော်သို့ လှမ်းလာခဲ့ပါသည်။ မယ်တော်ကြီး မဟာပဇာပတိဂေါတမီကို ဥပဇ္ဈာယ်ပြုလျက် သာသနာ့ဝန်ဆောင်တစ်ဦး ဖြစ်လာခဲ့ပါသည်။

"သာသနာတော်ကြီး၏ ကျေးဇူးဖြင့် တပည့်တော်မသည် သံယောဇဉ်ဟူသမျှ ကုန်ဆုံးပြီမို့ လုံးလုံးကြီး စိတ်ချမ်းသာနေပြီဖြစ်ကြောင်း ရှိသေစွာ လျှောက်ထားပါသည် အရှင်မြတ်တို့ ဘုရား"

အရှင်မ ကိသာဂေါတမီ၏ လျှောက်ထားချက် အဆုံးဝယ် သာဓုခေါ်သံတို့ ညံညံစီ၍ သွားကြပါသတည်း။

(ကိသာဂေါတမီ ထေရီအပဒါန်)

⁂

http://www.dhammadownload.com

ကံဆိုးမလေး သွားလေရာ

လောကဓံ လှိုင်းများကြားမှ ကျွန်းသာယာဘက်သို့ တက်လှမ်းလာခဲ့သော အရှင်မ ကိသာဂေါတမီသည် ညံ့ဖျင်းသောသင်္ကန်းကို ဝတ်ရုံသောအရာဝယ် 'စတဒဂ်' ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဤအရှင်မနည်းတူလှိုင်းကြားလေကြားမှ လာခဲ့ရပြီးနောက် ဝိနည်းဆောင် စတဒဂ်ဖြင့် ဂုဏ်ရှိန်တောက်ပသော အရှင်မတစ်ပါးလည်း ရှိပါသေးသည်။

ကျွန်ုပ်တို့နှင့် စိတ်တူ ကိုယ်တူ လှမ်းလာခဲ့သော အရှင်ဥပါလိကဲ့သို့ပင် ဤအရှင်မသည်လည်း ဝိနည်းတော်အရာဝယ် ကျွမ်းကျင်လိမ္မာလှ၏။ စေ့စေ့စပ်စပ် ကျွမ်းကျင် လိမ္မာလှသောကြောင့်ပင် ဘုရားရှင်ကလည်း ဤဂုဏ်ထူးဖြင့် ထိုက်ထိုက်တန်တန် ချီးကျူးတော်မူခဲ့၏။

ရွှေနှုတ်တော်ကြာကုမုဒ်မှ ထုတ်ဖော်ချီးကျူးတော်မူသည်မို့ ဤအရှင်မ၏ အမည်သည် ဟိုးလေးတကျော် ဖြစ်လာခဲ့၏။ သာသနာတော်ကြီးနှင့် အတူတကွ နယ်လေးရပ် နယ်ရှစ်ရပ်သို့ ဖြန့်ကျက်လာခဲ့၏။ သို့ရာတွင် ဤဘွဲ့မည်မှာ မိဘများက အခမ်းအနားနှင့် ကင်ပွန်းတပ်ပေးလိုက်သော အမည် မဟုတ်ပါ။ မိမိဘာသာ စိတ်တိုင်းကျ ရွေးချယ်၍ မှည့်ခေါ်ထားသော အမည်လည်း မဟုတ်ပါ။ သာဝတ္ထိမြို့တော်သားများက ပြောင်လှောင်ရယ်မောရင်း ပေးထားခဲ့သော အမည်သာ ဖြစ်ပါသည်။ သာဝတ္ထိမြို့တော်သူများက မျက်နှာလွဲကာ နာခေါင်းရှုံ့ကာ ခေါ်တွင်လာခဲ့သော အမည်သာ ဖြစ်ပါ၏။ ထိုစဉ်တုန်းက အရှင်မ၏ အခြေအနေမှာလည်း ဤအမည်နှင့် အံဝင်ခွင်ကျ ရှိပါဘိ၏။

ဤအမည်ဖြင့် ထင်ထင်ရှားရှား လူသိများခဲ့သော ကံဆိုးမကလေးသည် တစ်နေ့မှာတော့ ကျွန်ုပ်တို့ကျောင်းတော်သို့ ရောက်လာခဲ့၏။ သူရောက်လာသည်မှာ တရားပွဲကြီး ကျင်းပနေချိန်။ ရဟန်းရှင်လူပရိသတ် စုံလင်နေချိန်။ သည်လို အချိန်အခါမျိုးမှာ အမြင်မတော် ပေါ်ပေါက်လာသော ကံဆိုးမလေးအား ပရိသတ်များ

http://www.dhammadownload.com

က အဟန့်အတားပြုခဲ့ကြ၏။ ခြိမ်းခြောက်မောင်းမဲပြုခဲ့ကြ၏။ ဟန့်တားခြိမ်းခြောက်၍ မရသောအခါတွင်ကား မျက်နှာလွဲသူလွဲကြ၏။ နှာခေါင်းရှဲ့သူ ရှဲ့ကြ၏။

ထောက်ရာတည်ရာ မရခင်က တရားနာပရိသတ်တို့ နှာခေါင်းရှဲ့ခံခဲ့ရသော ထိုအရှင်မသည် ယခုတော့ သာသနာတော်ကြီး၏ ကြယ်တာရာတစ်လုံး ဖြစ်နေပါပြီ။ ရောင်ဝါထိန်လင်းသော ငွေလမင်းကြီးအပါးဝယ် ဇာဒဂ်ဂုဏ်ရောင်ဖြင့် ထွန်းပြောင်နေပါပြီ။ သို့ဖြစ်၍ ဤအရှင်မ တရားဟောအလှည့်ကျသောနေ့များတွင်ဓမ္မာရုံနှင့် အပြည့် တရားနာပရိသတ်များ ရှိနေကြပေသည်။ ယခု ထိုအရှင်မ တရားစ၍ ဟောနေပါပြီ။

"လာခြင်းကောင်းသော အရှင်မြတ်တို့ ဘုရား၊ လာခြင်းကောင်းသော အရှင်မတို့ ဘုရား၊ သာသနာတော်ကြီး၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးရာတွင် တပည့်တော်မ၏ ဘဝဇာတ်လမ်းကို အသုံးပြုလိုပါသည်။ ကြည်သာအေးမြ၊ ဘေးမခသော ဂုဏ်ကျေးဇူးကို ပူလောင်ပြင်းပြ ဘေးများလှသော ဖြစ်ရပ်များနှင့် နှိုင်းယှဉ်၍ တင်ပြလိုရင်း ဖြစ်ပါသည်။

"ယခုအချိန်မှာ သာဝတ္ထိမြို့တော်ကြီးတွင် တပည့်တော်မ၏ ဆွေမျိုးရင်းချာ ဟူ၍ မရှိတော့ပါ။ သို့ရာတွင် တပည့်တော်မသည် ဤမြို့ကြီးမှာပင် သူဌေးသမီး တစ်ယောက် အဖြစ်ဖြင့် ဖွားမြင်ခဲ့သူဖြစ်ပါသည်။ တပည့်တော်မတို့မှာ မောင်နှမ နှစ်ယောက်သာ ရှိသည်ဖြစ်၍ မိဘများက တယုတယ အလိုလိုက်ကြပါသည်။ ဝတ်စားတန်ဆာ ရတနာတို့မှ စ၍ လိုအပ်သမျှ အသုံးအဆောင်များသည် တစ်ခွန်းဟရုံဖြင့် အရုန်သင့် ရောက်လာကြရပါသည်။

"အစပိုင်း၌ ချမ်းမြေ့သာယာစွာရှိခဲ့သော ဘဝဇာတ်လမ်းများသည် အလယ်ပိုင်း ရောက်လာလျှင်ကား ပူလောင်ပြင်းပြသော ဒုက္ခနှင့် တွေ့ရပါတော့သည်။ ဤ ဒုက္ခ၏ အကြောင်းရင်းကား တဏှာပေမ ချစ်ကိစ္စပင် ဖြစ်ပါသည်။

"မိဘများသဘောတူ စေ့စပ်ကြောင်းလမ်းထားသူမှာ ဂုဏ်ရည်တူ သူဌေးသား တစ်ဦး ဖြစ်ပါသည်။ တပည့်တော်မနှင့် တိတ်တဆိတ် ရည်ငံနေသူကတော့ ကိုယ့်အိမ်က ကျွေးကျွန်တစ်ယောက် ဖြစ်နေပါသည်။

"တစ်ယောက်နှင့် တစ်ယောက် အနေနီး၍ မီးကူးခဲ့ကြပြီးသည့်နောက် မိဘများသိသွားလေမည်လားဟု ကြိုးလန့်စာစား ဖြစ်ခဲ့ရပါသည်။ မဆိုကောင်း ဆိုကောင်း မိဘများသာ အချိန်မီသိခဲ့ကြပါမူ တပည့်တော်မတို့၏ ရှေ့ရေးကို မတွေးဝံ့ပါ။ ကိုယ့်အိမ်က ကျေးကျွန်တစ်ယောက်ကို ကိုယ်ပိုင်ဆိုင်သော ပစ္စည်းကဲ့သို့ ပြုလိုရာပြုခွင့်ရှိကြသော မိဘများသည် သူတို့၏ အခွင့်အာဏာကို အစွမ်းကုန် အသုံးပြုကြမည် မလွဲပါ။

http://www.dhammadownload.com

ဤဖြစ်ရပ်ကို သဘောတရားဖြင့် သုံးသပ်ကြည့်လျှင် အရင်းခံလက်သည်ကို အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ချစ်ခြင်းတဏှာ၏ စေ့ဆော်ချက်ကြောင့်ပင် ကွေကွင်းရမည့်အရေးကိုတွေး၍ ပူခဲ့ရပါသည်။ ချစ်သူနှင့်ပေါင်းသင်းလိုသော စိတ်များ ဖြစ်မလာခင်က ဆွေးစရာလည်း မရှိသေးပါ။ ပူစရာလည်း မရှိသေးပါ။

"ပူစရာမလို၊ ဆွေးစရာမလို အပျိုစင်ဘဝဖြင့် လွတ်လွတ်လပ်လပ်နေရခြင်းကို တပည့်တော်မသည် ချမ်းသာသည်ဟု မသိမြင်နိုင်ခဲ့ပါ။ ကိုယ့်ချစ်သူနှင့် အတူတကွ ပေါင်းသင်းရမှ ချမ်းသာမည်ဟု ထင်ခဲ့မိပါသည်။

"ချစ်သူနှင့်ပေါင်းသင်းလိုသော သဘောသည် သမုဒယသစ္စာဖြစ်ပါသည်။ သည်သစ္စာကို အခြေပြုကာ တပည့်တော်မတို့နှစ်ယောက် လွတ်ရာကျွတ်ရာ ထွက်ပြေးခဲ့ကြပါသည်။ မိဘတို့၏ အာဏာစက်လွတ်ကင်းရာ တောရွာတစ်ရွာတွင် တဲကုပ်တစ်လုံးထိုး၍ နေလာခဲ့ကြပါသည်။

"ကိုယ်ကြိုက်သည့် ဇာတ်လမ်းကို ကိုယ့်ဘာသာ ဖန်တီးခဲ့ကြပြီဖြစ်၍ တွေ့ကြုံရသော လောကဓံကို တပည့်တော်မတို့ ခံနိုင်ကြပါသည်။ ဆင်းရဲမှု ချို့တဲ့မှု ဟူသမျှသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရုံဖြင့် လွင့်စဉ် သွားကြရပါသည်။

"စောစောက လျှောက်ထားခဲ့သည့်အတိုင်း သမုဒယသစ္စာကိုအခြေပြုကာ တည်ဆောက်လာခဲ့သော ဤသစ္စာသည် ဒုက္ခသစ္စာမျှသာ ဖြစ်ပါသည်။ သည်အကြောင်းကိုပြုလျှင် သည်အကျိုးကား၊အဘယ်နည်းနှင့်မျှ ရှောင်လွှဲ၍ မရနိုင်ပါ။ တပည့်တော်မတို့သည် တစ်ခဏသာယာမှုကလေးများဖြင့် ဒုက္ခသစ္စာကို ရှောင်လွှဲ၍ ကြည့်ခဲ့ကြ၏။ ရှောင်လွှဲကြည့်၍ ခေတ္တခဏ ရသလိုလိုကား ရှိပါသည်။ သို့ရာတွင် သစ္စာထိုက်သော တရားကိုကား မည်သို့မျှ တော်လှန်နိုင်စွမ်း မရှိကြပါ။ သမုဒယသစ္စာ၏ အကျိုးတရားတို့ကို ဆိုးရွားစွာခံစားရပါတော့သည်။

"ဟိုယခင်က ချစ်သူနှင့် ပေါင်းနိုင်ရေးအတွက် မိဘများနှင့်ဝေးရာသို့ ပြေးခဲ့ကြ၏။ ယခု ချစ်သူနှင့် ပေါင်းရပြီးသည်တွင်ကား မိဘရပ်ဌာန် ပြန်ချင်လာပေပြီ။ စားဝတ်နေမှု အစုစုသော ဒုက္ခတို့ကိုအပြီးမပျက် သည်းခံနိုင်သော တပည့်တော်မသည် မိန်းမသားတို့၏ သဘာဝတစ်ခုကိုကား ကျော်လွန်နိုင်စွမ်းမရှိပါ။ ယင်းကိစ္စမှာ မိဘများ မျက်မှောက်တွင် သားဦးကလေးကို ဖွားမြင်လိုခြင်းပင် ဖြစ်ပါသည်။

"ယောက်မမြင်းစီးသည့်သမီးမိုက်ဟူ၍ မိဘများက မျက်နှာလွှဲထားသည်ကား မှန်ပါ၏။ သို့သော် နို့ချိုတိုက်ကျွေး မွေးမြူလာခဲ့သော သည်သမီးလေးတစ်ယောက် အတိဒုက္ခရောက်လာသည်ကိုကား သူတို့သည်အတိုင်းကြည့်နေနိုင်မည် မဟုတ်ပါ။ နောက်တစ်ခုက မိမိကိုယ်တိုင် သားသန္ဓေလွယ်ထားရချိန်တွင် မိဘများမျက်နှာကို တွေ့ချင် မြင်ချင်စိတ်များ ပြင်းပြနေပါသည်။

http://www.dhammadownload.com

"သားဦးသန္ဓေ တော်တော် ရင့်လာကတည်းက ဤအကြောင်းများကို ခင်ပွန်းသည်အား ပြောပြခဲ့ပါသည်။ မိဘရပ်ဌာန်လိုက်ပို့ရန် ပူဆာခဲ့ပါသည်။ တပည့်တော်မအတွက် အစစအရာရာ အလိုလိုက်၍ အကြိုက်ဆောင်ခဲ့သူသည် ဤကိစ္စတစ်ခုကိုကား ချက်ချင်းလက်ငင်း မဆောင်ရွက်ခဲ့ပါ။ နေ့ရွေ့ ညရွေ့ အချိန်ရွေ့၍သာ နေခဲ့ပါသည်။

"ဤလို ရွေ့ရန်ကောဟူ၍ သူ့အပေါ် အပြစ်တင်ရန်လည်းမရှိပါ။ ကျွန်ုပ်သော တံဆိပ်မည်းကြီးက သူ့ကျောပြင်မှာ အထင်းသားရှိနေပါသည်။ သမီးဟူသော သံယောဇဉ်ဖြင့် တပည့်တော်မကို ခွင့်လွှတ်ကြမည်ဖြစ်သော်လည်း သူ့ကိုကား တွေ့ရာသချိုင်း ဓားမဆိုင်းထဲက ဖြစ်ပါလိမ့်မည်။

"တရားခံရှာမရသော စိတ်ဒုက္ခများကို ကိုယ့်ဘာသာ ကြိတ်မှိတ်ခံစားရင်းဖြင့် သားသန္ဓေရင့်ကျက်လာပါသည်။ ရက်များမကြာမီ ဖွားမြင်မည့်အရိပ်နိမိတ်များ ပေါ်လာပါပြီ။ ဤတွင် တပည့်တော်မသည် ခင်ပွန်းသည်ကို အသိမပေးဘဲ တိတ်တဆိတ် ထွက်လာခဲ့ပါတော့သည်။

"မိဘများမျက်စိအောက်မှာ ဖွားမြင်မည်ဟု လာခဲ့ရာတွင် လမ်းမှာပင် ကိစ္စပြီးခဲ့ရပါသည်။ ခင်ပွန်းသည် လိုက်လာသည်နှင့်လည်း ကာရန်တသင့် ဖြစ်သွားပါသည်။ ဘဝတစ်သက်တာတွင်ရှေးဦးစွာ ရင်ဆိုင်ရသော အခက်အခဲတစ်ခုကို ကျော်လွှားနိုင်ပြီမို့ တပည့်တော်မတို့ ကိုယ့်အိမ်ကိုယ့်ရာ ပြန်လာခဲ့ကြပါသည်။ ဤအဖြစ်ကိုသာ မိဘများသိကြပါလျှင် ရင်နာမဆုံးဖြစ်ရှာကြပါလိမ့်မည်။

"လောကစကား အားဖြင့် သားတစ်ယောက်ဖွားမြောက်လာပြီဟု ဆိုရပါ၏။ တရားမျက်စိဖြင့်ကြည့်တတ်ပါလျှင်ကား ဒုက္ခပေါ်မှာဆင့်လာသော ဒုက္ခတစ်မျိုးမျှသာ ဖြစ်ပါသည်။ ဒုက္ခကို ဒုက္ခဟူ၍ မသိနိုင်သေးသည့် အချိန်တွင် တပည့်တော်မတို့သည် ဤသားကလေးအတွက် ပျော်တပြုံးပြုံးဖြစ်ကြရပါသည်။ သားကလေး၏ ရှေ့ရေးကို အမျိုးမျိုး စိတ်ကူးယဉ်ကြပါသည်။ စိတ်ကူးယဉ်သည့်အထဲ၌ မကောင်းသော ကိစ္စများ လုံးဝ မပါပါ။ ကောင်းပေ ညွှန့်ပေ့ဆိုသော ဆလားအလာများကိုသာ မျှော်မှန်းခဲ့ကြပါသည်။

"သားတည်းဟူသော ချစ်ခြင်းဖြင့် အကောင်းမျှော်သော ကိစ္စအတွက် တပည့်တော်မသည် ကိုယ့်ကိုယ်ကို အပြစ်မတင်လိုပါ။ သို့ရာတွင် အကောင်းမရှိသော ဒုက္ခဘုံကြီးထဲမှာ အကောင်းရှိလိမ့်မှန်းနှိ မျှော်ကိုးခြင်းကိုကား အပြစ်တင်ရပါလိမ့်မယ်။

"ဤသို့ အပြစ်တင်နိုင်ရေးအတွက် ပထမဦးစွာ အပြစ်ကို မြင်အောင် ရှုကြရပါမည်။ အပြစ်ကို မမြင်သေးသမျှ အပြစ်မတင်နိုင်ဘဲ အချစ်ဝင်၍သာ နေမိကြပါလိမ့်မည်။

http://www.dhammadownload.com

"အပြစ်မမြင်၍ အချစ်ဝင်ခဲ့သော တပည့်တော်မသည် နောက်ထပ် သားသန္ဓေကို လွယ်ခဲ့ရပြန်ပါသည်။ သည်တစ်ခါတော့ မိဘရပ်ထဲသို့ တစ်ယောက်တည်း မလာတော့ပါ။ မတ်တတ်သွားနိုင်ပြီဖြစ်သော သားကြီးနှင့်အတူ ထွက်လာခဲ့ပါသည်။

"သည်တစ်ခေါက်မှာလည်း အရင်တစ်ခေါက်နည်းတူ တောထဲမှာပင် ကိစ္စပြီးခဲ့ပါသည်။ သားတို့အဖေလည်း ယခင်အတိုင်းပင် အချိန်မိရောက်လာပါသည်။ သို့ရာဝယ်တွင် ယခင်တစ်ခေါက်အတွက် ထူးထူးခြားခြား တွေ့ကြုံရသည်မှာ မိုးကြီးသည်းထန်စွာ ရွာသွန်းခြင်းပင် ဖြစ်ပါသည်။

"မွေးဖွားပြီးစ သားသည်မိခင်အတွက် မိုးလေလုံခြုံရန် လိုပါသည်။ ကိုယ်တွင်းကိုယ်ပ အနွေးဓာတ်ရမှသာ ဖြစ်ပါသည်။ လူသူမနီး တောကြီး-မျက်မည်းထဲတွင် ဤအရာများအတွက် မည်သို့ဖန်တီးရပါမည်နည်း။

"ခင်ပွန်းသည်သည် လိုအပ်သော အရာများကိုလည်း ရှာဖွေချင်၊ သားနှင့် မယားတို့ကိုလည်း ပစ်မထားရက်ဖြင့် မချိနိုင် မချနိုင် ဖြစ်နေပါသည်။ နောက်မှ အနိုင်နိုင်အားတင်းကာ ဓားမတိုတစ်ချောင်းနှင့် ထွက်သွားပါတော့သည်။

"မှောင်တရီအချိန်က ထွက်သွားခဲ့သော ခင်ပွန်းသည်သည် မှောင်ကြီးကျ၍ ညအခါ ရောက်လာသော်လည်း ဖျပ်မလာပါ။ တပည့်တော်မမှာ သားကြီး သားငယ် လူမမယ်နှစ်ယောက်ကို ရင်အောက်မှာသွင်း၍ တစ်ညလုံးနေခဲ့ရပါသည်။

"သို့နှင့် မိုးစင်စင်လင်းခဲ့ပါသည်။ တစ်ညလုံး အားပါးတရ ရွာသွန်းလိုက်ရပြီမို့ မိုးရော်လေပါ စဲသွားကြပါပြီ။ သားကြီးကို လက်ကဆွဲကာ သားငယ်ကို ရင်မှာပွေ့၍ တဖြည်းဖြည်းလိုက်ရှာရာတွင် သားတို့အဖေကို တွေ့ရပါပြီ။ တစ်ကိုယ်လုံး ညိုမည်းနေပုံထောက်သော် မြွေကိုက်ခံသေဆုံးနေခြင်းပင် ဖြစ်ပါလိမ့်မည်။

"တရားအမြင်နှင့်ဆင်ခြင်တတ်ပါလျှင် ဤကိစ္စမှာ သဘာဝသက်သက်မျှသာ ဖြစ်ပါသည်။ ရရှိထားသော တရားကိုယ်တိုင်က သေသောမို့ သေသွားခြင်းသာ ဖြစ်ပါသည်။ သေသောမို့သေသွားသော ကိစ္စတွင် မည်သူ့ကို နစ်နာအောင် မည်သူ့ကို ငိုကြွေးအောင်ဟူသော ရည်ရွယ်ချက် လုံးဝ မပါပေ။ သို့ပါလျက် တပည့်တော်မသည် တော်ကြီးအလယ်မှာ သည်းထန်စွာ ငိုကြွေးခဲ့ရပါသည်။ သေတတ်သော သဘာဝအပေါ်မှာ မသေစေချင်သော အာသဝတရားတို့ကြောင့်ပင် ဖြစ်ပါသည်။

"ငါ့လင်ဟူသော အာသဝဖြင့် မည်မျှပင် ငိုကြွေးနေသော်လည်း သေလေပြီးသူကတော့ တုတ်တုတ်မျှ မလှုပ်လာတော့ပါ။ သဘာဝတရားသည် အာသဝ အလို နောက်သို့ တစ်ဆုံချည်မျှပင် လိုက်ပါမလာခဲ့ပါ။ သို့ဖြစ်၍ တပည့်တော်မသည် သွားလေသူ သူ့အလောင်းကို သစ်ရွက်သစ်ခက်များဖြင့် ဖုံးလွှမ်းကာ သာဝတ္ထိမြို့တော်ဆီသို့ မှန်းကာ ရှမ်းကာ ထွက်လာခဲ့ရပါသည်။

http://www.dhammadownload.com

"ကံဆိုးသူ သားအမိသုံးယောက် တရွေ့ရွေ့ လျှောက်လာခဲ့ကြရာတွင် ချောင်းငယ်တစ်ခုနားသို့ ရောက်လာကြပါသည်။ ညက ရွာထားလေသမျှ မိုးရေများက တရဟော စီးဆင်းနေကြပါသည်။ ကူးစရာသန်းစရာ တံတားတစ်ခုမျှ မရှိသဖြင့် တပည့်တော်မသည် သားကြီးကို ကမ်းပါးမှာ အသာချော့ထားကာ သားငယ်နှင့် အတူကူးခဲ့ရပါသည်။ သားငယ်ကို ကမ်းပါးတစ်ဖက်မှာ အဝတ်နှင့် ထွေးထားခဲ့ပြီး သားကြီးဆီသို့ တစ်ခေါက်ပြန်လာခဲ့ရပါသည်။ သားကြီးသားငယ်နှစ်ယောက်စလုံး အသက်ဆုံးရရှာသည်မှာ ဤအချိန်ကလေးမှာပင်ဖြစ်ပါသည်။

"သားငယ်ကလေးကို တပည့်တော်မသည် ပါလာသမျှ အဝတ်ကလေးများဖြင့် တယုတယ သိပ်ထားခဲ့ပါသည်။ မိုးကြားလေကြားမှာ အသက်နှင့်ရင်းကာ မွေးဖွားခဲ့ရသည်မို့ မခွဲနိုင် မခွာရက် ဖြစ်ခဲ့ရပါသည်။ သို့ရာတွင် ထက်ကောင်းကင်က စွန့်ညိုကြီးအတွက်ကား ဤသားငယ်သည် နီနီရဲရဲစားချင်စရာ အသားတုံးတစ်တုံးမျှသာ ဖြစ်ပါလိမ့်မည်။

"စွန့်ညိုကြီးက သူ့အစာ အသားတုံးကို တစ်ဟုန်ထိုးဆင်းပြီး သုတ်ချီသွားပါသည်။ သားသည်အမေဖြစ်သူ တပည့်တော်မမှာကား ရေထဲမှာ ဆွေ့ဆွေ့ခုန်၍ နေရပါတော့သည်။ သားကလေးကို ကုတ်ချီသွားသော ခြေသည်းကြီးများသည် တပည့်တော်မ၏ အသည်းနှလုံးကို ထိုးဆွဘီသကဲ့သို့ နာကျင်လွန်းလှပါသည်။ သားငယ်အပေါ် ချစ်မြတ်နိုးမှု အတိုင်းအတာသည့် အသည်းနှလုံးနာကျင်ရခြင်းနှင့် ထပ်တူညီမျှပင် ဖြစ်ပါလိမ့်မည်။

"စွန့်ညိုကြီးက သားငယ်လေးကို လွှတ်ချထားခဲ့လေမည်ဟု တပည့်တော်မသည် ရေထဲမှ လှမ်းအော်လိုက်ပါသည်။ လက်ခုပ်လက်ဝါးတီး၍ ခြောက်လှန့်ပါသည်။ လက်ခုပ်လက်ဝါးတီး၍ ခြောက်လှန့်လိုက်သည့်အတွက် စွန့်ညိုကြီးကား ဖြိုပင် မဖြိုပါ။ ကမ်းပါးမှာထားခဲ့သော သားကြီးမှာသာ ရေစီးရာ မျောပါသွားရှာပါတော့သည်။

"အမေက စွန့်ညိုကြီးကို လှမ်းခြောက်သည်။ သားအကြီးလေးက သူ့ကို လှမ်းခေါ်သည်ထင်၍ ရေထဲဆင်းလာရှာသည်။ သားကလေး၏ ဖြစ်အင်သည် မနုဿလူသား အများစု၏ ဖြစ်အင်ထက် ဘာများ ထူးပါသေးသနည်း။

"သားကလေးသည် အမေ့ လက်ခုပ်သံအကြားတွင် အကြောင်းရင်းမှန်ကို မသိဘဲ ရေထဲ ဆင်းလာခဲ့၏။ မနုဿလူသားအများစုမှာလည်း ဤလောက လူ့ပြည်သို့ ဘာမှန်း ညာမှန်းမသိ ဆင်းလာခဲ့ကြ၏။ အနည်းငယ်မျှသော သူတို့မှာ ပြောမည့် ဟောမည့် ပုဂ္ဂိုလ်များနှင့် ဆုံဆည်းကြ၍ ရပ်တန်းက ရပ်နိုင်ကြ၏။ အများစုမှာကား ရေနက်ရာသို့ ဆက်လက်၍ ဆင်းမြဲ ဆင်းနေကြပါသည်။

http://www.dhammadownload.com

'သေမင်းခေါ်ရာသို့ ဘာမသိ ညာမသိ လိုက်ပါနေကြသူများ အားလုံးအတွက် ထပ်တူထပ်မျှ ကရုဏာသက်နိုင်ရန်မှာ သည်တုန်းက တွေးရုံမျှပင် မတွေးမိခဲ့ပါ။ အများတကာ၏ အရေးထက် ကိုယ့်သားကလေးများအရေးကိုသာ အလေးထား၍ စဉ်းစားခဲ့ပါသည်။ စဉ်းစားခဲ့သည့်အလျှောက် ရင်ဘတ်စည်တီး ငိုပွဲကြီးဆင်ခဲ့ရပါသည်။

"ခင်ပွန်းသည်သည် တောထဲမှာ မြွေခဲ၍ သေပွဲဝင်ခဲ့ပြီ။ သားတစ်ယောက်ကို စွန့်ညှိကြီး ချီသွားခဲ့ပြီ။ သားအကြီးလေးမှာလည်း ရေစီးရာ မျောပါသွားခဲ့ပြီ။ မိန်းမသားတစ်ယောက်တည်းကို သည်ဒုက္ခများက အားမနာပါးမနာ ဝိုင်းအုံ၍ နှိပ်စက်ကြသည်။ ရက်ရက်စက်စက်ပြုခဲ့ကြသည်။ သင်းတို့တစ်တွေ သည့်ထက်ပို၍ နှိပ်စက်နိုင်ပါဦးမည်လော။

"ရှေ့အရေးကို ပြေးမကြည့်ရသေးသည်မို့ ကြုံရပြီးသော လောကဓံတို့ကို သို့ကလို ကြိုးဝါး၍ လာခဲ့မိပါသည်။ သို့နှင့် သာဝတ္ထိမြို့တော်ကြီးအနီးသို့ ရောက်လာပါတော့သည်။ မှိုင်းမှိုင်းညို့ညို့ မီးခိုးလုံးကြီးများတက်နေရာသို့ လှမ်းမျှော်၍ ကြည့်နေစဉ်တွင် ဦးကြီးအရွယ် လူကြီးတစ်ယောက်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလာပါတော့သည်။

"သည်ကရှေ့မှာတော့ တပည့်တော်မ၏ သတိတရားများ လွင့်စင်သွားကြပါတော့သည်။ ခင်ပွန်းသည်နှင့်သားနှစ်ယောက် သေဆုံးစဉ်က ကြံ့ကြံ့ခံနိုင်ခဲ့သေးသော တပည့်တော်မသည် မိဘနှစ်ပါးနှင့် မောင်ငယ်တို့ ဖြစ်အင်ကိုကြားရသောအခါ သွက်သွက်ခါမျှ ရူးသွားခဲ့ရပါတော့သည်။

"ရူးသွားရသည်ဆိုသော စကားမှာ ယခု သတိတရားရလာ၍ ပြောနိုင်ခြင်း ဖြစ်ပါသည်။ ရူးနေချိန်တုန်းကတော့ မိမိကိုယ်ကို ရူးနေသည်ဟု မဆိုနိုင်ပါ။ ရူးနေမှန်းကို မသိနိုင်ပါ။ ရူးသောသူများအတွက်အဓိကထား၍ ကုသရန်မှာ မိမိ ရူးနေကြောင်းကို မိမိဘာသာပြန်၍ သိနိုင်ရေးပင်ဖြစ်ပါသည်။မိမိရူးနေကြောင်းကို သိသောအသိ ပေါ်လာသည်နှင့် ရူးတုန်းက ရူးခဲ့သော စိတ်များ ချုပ်ငြိမ်းပြီး ဖြစ်သွားကြပါလိမ့်မည်။

"မိမိကိုယ်မိမိ ရူးနေမှန်းသိလိုက်ရသော အချိန်မှာကား ရှင်တော်မြတ်၏ ရှေ့တော်မှောက်မှာ ဖြစ်ပါသည်။ ပရိသတ်ဗိုလ်ပုံ အစုံအလင်ရှေ့မှာ ဖြစ်ပါသည်။

'အို....ဒုက္ခသည်မလေး ပဋ္ဌာစာရာ၊ အဘယ်ကြောင့် အကျိုးမရှိ ဆင်းရဲတွင်းနက်နေဘိသနည်း။ အို.... ပဋ္ဌာစာရာ၊ သင်သည် သင့်ကိုယ်ကို သင်တွေ့အောင် ရှာလေလော့'

"ရွှေနှုတ်တော်မှ ထုတ်ဖော်လိုက်သော စကားလုံးများသည် သောက ပရိဒေဝ တံတိုင်းကြီးများကို ထိုးဖောက်နိုင်စွမ်းရှိကြပါပေသည်။ မိန့်ကြားတော်မူသော

http://www.dhammadownload.com

စကားတော်အရ ကိုယ့်ကိုယ်ကို သတိနှင့် ယှဉ်ကြည့်လိုက်သည်တွင် မြင်မကောင်း ရှုမကောင်း ဖြစ်နေသည်ကို တွေ့ရပါတော့သည်။

"မောဟတည်းဟူသော အရူးရောဂါကြီးဦးစီးနေစဉ်က တပည့်တော်မတို့သည် လောဘနောက်သို့လည်း လိုက်မိကြပါသည်။ ဒေါသအလျောက်လည်း ကျူးလွန်ပစ်မှားခဲ့မိကြပါသည်။ ကျူးလွန်စဉ်၊ လိုက်ပါစဉ်က အဟုတ်ထင်လာခဲ့လေသမျှ အရူးပျောက်ခါမှ အရှက်ကြီးစွာ ရလာကြပါသည်။

"ရူးနေစဉ်က ခါးဝတ်ဗလာဖြစ်နေခဲ့သော တပည့်တော်မသည် လတ်တလော ပေါ်ပေါက်လာသော အသိတရားကြောင့် ရုတ်တရက် ထိုင်ချလိုက်ရပါတော့သည်။ ထိုအခိုက်တွင် တရားနာနေသော ဦးကြီးတစ်ယောက်က တဘက်ကြီးတစ်ထည် လှမ်းပေးလိုက်၍ အရှက်အကြောက်လုံစွာ တရားနာနိုင်ပါတော့သည်။ ဤတွင် ရှင်တော်မြတ်ဘုရားက မဟာကရုဏာပြဋ္ဌာန်းသော အသံတော်ဖြင့် ဤသို့ ဟောကြားတော်မူပါသည်"

'အို ဒုက္ခသည်မလေး ပဋာစာရာ၊ ကိုယ့်ဘဝဇာတ်လမ်းကို မှတ်တမ်းပြုကာ သင်စေ့စေ့နာလေလော့။ သင်သည် လင်ကို အားကိုးခဲ့၏။ သားများကို တွယ်တာခဲ့၏။ မိဘမောင်ဖွားတို့အရိပ်ကို ခိုလှုံမည်ဟု လှမ်းလာခဲ့၏။ သင်အားကိုးရမည့် သူများကား သင်၏ အားကိုးမှုကို မခံကြကုန်။ သင်အားကိုးပြုရန်ဟူ၍ လူ့ဘဝထဲ ရောက်လာကြသည်မဟုတ်ကုန်။ မရဏရှင်သေမင်းထံ အခွန်ဆက်သရန် ရောက်လာကြခြင်းသာ ဖြစ်ပေသည်'

ကံဆိုမသွားလေရာ မိုးလိုက်လို့ရွာဟူသော စကားမှာ အရှင်မပဋာစာရာ၏ ဘဝဇာတ်လမ်းနှင့် ဆီလျော်လှပါ၏။ မိုးထဲလေထဲမှာ ဒုက္ခမျိုးစုံ ကြုံတွေ့ရပြီးသည့် နောက်မှာလည်း မိုးတစ်မိုးနှင့် ကြုံရပေသေးသည်။ သည်မိုးကား သောက အပူဟူသမျှ အေးမြစေသော တရားမိုးပါတည်း။

ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူစဉ်က သောင်းသောင်းဖြဖြ ခေါ်ခဲ့ကြသော သာဓုသံများသည် ယခု အရှင်မပဋာစာရာ ဟောပြီးချိန်မှာလည်း ထပ်တူထပ်မျှ ပဲ့တင်ရိုက်ခတ်၍ လာကြပါ၏။

(ဝဋ္ဌာစာရာထေရီ အပဒါန်)

**

http://www.dhammadownload.com

လွမ်းဖာတ်သိမ်းချိန် မိုးလင်းချိန်

အမျိုးသမီးများ သာသနာ့ဝန်ထမ်းဆောင်ခွင့်ရရေးအတွက် အချက်အချာကျသော နေရာက ကျွန်ုပ် အကျိုးဆောင်ခဲ့ရ၏။ ကျွန်ုပ် အကျိုးဆောင်ခဲ့သည့်အတိုင်း ဧတဒဂ် ဂုဏ်ထူးဆောင်အရှင်မများ ပေါ်ထွက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။ သို့ရာတွင် ကျပ်ပြည့်တင်းပြည့် ဝမ်းသာသည်ဟူ၍ကား မဆိုနိုင်သေးပါ။ ရောက်လာပြီးသော အရှင်မများအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရဆဲတွင် မလာနိုင်သေးသူများအတွက် အောင့်သက်သက် ဖြစ်နေရပါပေသည်။

ဘိက္ခုနီသာသနာတော်ကြီး ပေါ်ထွန်းလာသည်နှင့် ဘဒ္ဒကာပိလာနီသည် ကျောင်းတော်သို့ ရောက်လာခဲ့၏။ ဟိုတစ်ချိန်က ဇနီးမောင်နှံနှစ်ယောက် လမ်းခွဲလာကြပြီးနောက် အရှင်မဟာကဿပသည် ဘုရားရှင်နှင့်တွေ့ဆုံခဲ့၏။ ဘဒ္ဒကာပိလာနီမှာကား ရဟန်းပြုခွင့် မရှိသေးသဖြင့် ပရိဗိုဇ် ရဟန်းကျောင်းတစ်ခုသို့ ချဉ်းကပ်ခဲ့ရ၏။

ပရိဗိုဇ်ဟူသည်မှာ လူ့ဘောင်မှ ထွက်ခွာလာခဲ့သော ရဟန်းတစ်မျိုးပင် ဖြစ်၏။ သာသနာတော်၏ ပြင်ပတွင် ကိုယ့်အယူဝါဒနှင့်ကိုယ် ကိုယ့်အသိုက်အဝန်းနှင့်ကိုယ် နေထိုင်ကြသော ပုဂ္ဂိုလ်များဖြစ်၏။ ဘဒ္ဒကာပိလာနီသည် ထိုပုဂ္ဂိုလ်တို့ကျောင်းတွင် အောင့်အည်းနေထိုင်ရာမှ အခွင့်ရသည်နှင့် အသော့အလျင် ပြေးလာခဲ့၏။

အရှင်မဟာကဿပ မျက်မှောက်ပြုသော နိဗ္ဗာန်ကို အရှင်မဘဒ္ဒကာပိလာနီလည်း မျက်မှောက်ပြုရပေပြီ။ အရှင်မဟာကဿပ ရရှိသော အရဟတ္တဖိုလ်ကို အရှင်မ ဘဒ္ဒကာပိလာနီလည်း ရရှိပေပြီ။ သာသနာ့ အရိပ်အာဝါသအောက်တွင် စင်ကြယ်သော စိတ်နှလုံးဖြင့် ပေါင်းဆုံလာကြခြင်းပင် ဖြစ်ပေသည်။

(ဘဒ္ဒကာပိလာနီထေရီ အပါဒါန်)

အရှင်မဘဒ္ဒကာပိလာနီတို့၏ ဇာတ်ပေါင်းခန်းကို ချီးမွန်းခန်းဖွင့်ကြလေတိုင်း ကျွန်ုပ်သည် သူတို့ကို အထူးတလည် မျှော်လင့်မိ၏။ တကယ်တော့ဖြင့် သည်

http://www.dhammadownload.com

တံခါးကြီးပွင့်လာလျှင် ပွင့်လာချင်း ဦးစွာပထမ သူတို့ ရောက်လာသင့်၏။ မယ်တော်ကြီး မဟာပဇာပတိဂေါတမီတို့နှင့်အတူ မပါလာနိုင်လျှင် ရှိပါစေ။ သူတို့ပြီးလျှင်ကား သည်ညီအစ်မတို့ အလှည့်ဖြစ်သင့်၏။ ဟိုတစ်ချိန်က သူတို့၏ ဇာတ်လမ်းတစ်စကို သတိရသူတိုင်းလည်း ကျွန်ုပ်နည်းတူပင် မျှော်လင့်မိကြပါလိမ့်မည်။

တစ်ယောက်သောသူသည် မတွယ်မတာ ပစ်ခွာသွားလေသူ၏ သတင်းများကို နားစွင့်နေခဲ့၏။ ကြားရသော သတင်းများအရ ပစ်ခွာသူ၏ အပြုအမူများကို အတုယူ၍ ပြုခဲ့၏။

အလောင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ်စွန့်ကာ ဖန်ရည်ဆိုး အဝတ်များ ဝတ်ဆင်နေပြီဟု ကြားသည့်အချိန်မှစ၍ သူကလည်း ဖန်ရည်ဆိုး အဝတ်များ ဝတ်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမပါ၊ နံနက်စာ တစ်ထပ်တည်းသာ စားတော့ကြောင်း သိရသည်တွင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲနေခဲ့၏။

အလောင်းတော်မင်းသားက ခုတင် ညောင်စောင်းမပါ မြေကြီးပေါ်မှာသာ အိပ်တော့သည်ဆိုသဖြင့် သူကလည်း ကြမ်းပေါ်မှာ အိပ်ခဲ့၏။

အလောင်းတော်မင်းသားသည် ပန်းနံ့သာ လိမ်းကျံခြင်းမရှိတော့သဖြင့် သူကလည်း မိန်းမသားတို့၏ သည်းခြေကြိုက် လိမ်းစရာ ခြယ်စရာများကို ပယ်စွန့်၍ ထားခဲ့၏။

သူများတွေက သာသနာ့အောင်လံကြီး တလူလူလွင့်ထူလာခါမှ ပျူပျူငှာငှာ ကြိုဆိုကြ၏။ သူကတော့ တောထဲတောင်ထဲမှာ ပင်ပန်းကြီးစွာ တရားရှာနေစဉ်တုန်းကပင် သာသနာ့အသွင်အပြင်ကို ဆင်မြန်းထားနှင့်ခဲ့ပေပြီ။ သာသနာ့အလေ့အလာများနှင့် အကျွမ်းတဝင်ဖြစ်နေခဲ့ပေပြီ။ သို့ပါလျက် ဦးစွာပထမ ဝင်လာကြသူများတွင် သူတစ်ယောက်ကား ပါမလာခဲ့ပေ။

နောင်တော်ဘုရားအပေါ်၌ သူ့ဘက်က မြတ်မြတ်နိုးနိုး ရှိခဲ့သလိုပင် နောင်တော်ဘုရားကလည်း သူ၏ စေတနာ သူ၏ မေတ္တာကို အသိအမှတ်ပြုတော်မူပါသည်။ အလေးအမြတ် ပြုတော်မူပါသည်။ သူ့ခန်းဆောင်သို့ တမင်တကာကြွလာ၍ ကန်တော့ခံတော်မူခြင်းဖြင့် သူ့အပေါ်မှာ စေတနာ မေတ္တာ ရှိမြဲရှိနေပုံကို ပြသတော်မူခဲ့ပါသည်။

ဤရွှေ့ဤမျှသော အတိုင်းအတာဖြင့် ရှင်တော်မြတ်၏ အရေးတယူအလေးမူခြင်း ခံခဲ့ရသော အမျိုးသမီးမှာ သူတစ်ဦးတည်းသာ ရှိပေသည်။ ထို့အတူပင် ရှင်တော်မြတ်အပေါ်မှာ သူတကာတို့နှင့်မတူ တမူထူးခြားသော မေတ္တာစေတနာထားခဲ့သူမှာလည်း သူတစ်ဦးသာ ရှိပါလိမ့်မည်။

http://www.dhammadownload.com

အပြန်အလှန် အလေးအမြတ်ပြုခဲ့သော မေတ္တာရှင်နှစ်ဦးတို့သည် ယခု ထက်တိုင် တစ်နယ်စိခြားနေဆဲဖြစ်၏။ ဘုရားရှင်သည် ဒေသစာရီ လှည့်လည်ရာမှ ယခု ဇေတဝန်ကျောင်းတော်တွင် တစ်ထောက်နားတော်မူလျက်ရှိ၏။ တစ်ဖက်သော မေတ္တာရှင်မှာကား ကပိလဝတ်မြို့တော်မှာ ရှိမြဲ ရှိနေ၏။

ဤမှာဘက်က မေတ္တာရှင်သည် သမ္မာသမ္ဗုဒ္ဓဟူသော ဘွဲ့နာမ်တော်ဖြင့် လောကဓာတ်တစ်ခွင်လုံးတွင် တရားစည်မောင်း ရိုက်မောင်း ကြွေးကြော်တော် မူလျက်ရှိ၏။ ဟိုတစ်ဖက်က မေတ္တာရှင်မှာကား ကပိလဝတ်နန်းတော်ဟောင်းကြီး ထဲမှာ ညိမသည်နှင့်အတူ တွယ်ကပ်နေဆဲဖြစ်၏။

အစ်မဖြစ်သူမှာ သားတစ်ယောက်ဖွားမြောက်ပြီးခါမှ အစွန့်အခွာခံခဲ့ရ၏။ ညိမဖြစ်သူမှာကား မင်္ဂလာဆောင်နေလျက်ကပင် အခွဲအခွာခံခဲ့ရ၏။ အစ်မ၏ စွန့်ခွာသူမှာ သူ့သဘောနှင့်သူ စွန့်ခွာသွားခဲ့၏။ ညိမ၏ စွန့်ခွာသွားသူမှာကား သူ့သဘောနှင့်သူ မဟုတ်ပါချေ။ နောင်တော်ကြီး၏ အမိန့်အာဏာကို မလွန်ဆန်ရဲ၍သာ ဖြစ်၏။

နောင်တော်သည် ညသန်းခေါင်မှာ ထွက်သွားခဲ့သဖြင့် မည်သူမျှ မသိလိုက်။ ညိတော်မှာကား နံနက်ခင်းမှာ ထွက်သွားရ၏။ ပရိသတ်ဗိုလ်ပုံ အားလုံးစုံ၏ ရှေ့မှာ ဖြစ်၏။

စွန့်ခွာသူနှစ်ဦးဘက်က ကွာခြားချက်များရှိသော်လည်း အစွန့်အခွာခံရသူများ ဘက်မှာကား ညီတူညီမျှပင် ဖြစ်ကြပေသည်။ မတွယ်မတာစွန့်ခွာသွားကြသူများ အတွက် ညီတူညီမျှ မျက်ရည်ကျခဲ့ကြရပေသည်။ မဆုံးနိုင်သော အလွမ်းဇာတ်လမ်းကို နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ခင်းနေခဲ့ကြရပေသည်။

အလွမ်းသည်မ နှစ်ယောက်တို့ အရှင်မြတ်တို့နှင့် ဝေးရာမှာ ချောင်ခိုနေကြခြင်းမှာ တမင်တကာ ချောင်ခိုနေချင်၍ကား မဟုတ်နိုင်ပါ။ အစွန့်အခွာခံရသည့် အတွက် ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရသည် မှန်သော်လည်း ညိတော် နောင်တော်တို့အပေါ်မှာ သူတို့၏ မေတ္တာ သူတို့၏ စေတနာများက မကုန်နိုင်မခမ်းနိုင်ကြပါ။ နီးနီးကပ်ကပ် ဆက်ဆံခဲ့ဖူးသည်ဖြစ်၍ ကျွန်ုပ် နှမသည်များ၏ စိတ်သဘောကို ကျွန်ုပ် ကောင်းကောင်းသိပြီး ဖြစ်ပေသည်။ ယခုအချိန်အထိ မပေါ်လာဘဲနေကြခြင်းမှာ အကြောင်းတစ်ခု ရှိနေ၍သာ ဖြစ်ပေသည်။ မတတ်သာ၍ ခပ်ခွာခွာနေကြခြင်းသာ ဖြစ်ပေသည်။

နောင်တော်မြတ်သည် တဏှာမဖက်သောမေတ္တာသက်သက်ဖြင့် ယသော်ဓရာ ခန်းဆောင်သို့ ကြွချီတော်မူခဲ့၏။ သောကမပါသော မဟာ ကရုဏာဖြင့် စိတ်တိုင်းကျ ကန်တော့ခြင်းကို ခံယူတော်မူခဲ့၏။

http://www.dhammadownload.com

ညီတော်မြတ်မှာလည်း အစပိုင်းမှာ သာသနာတော်၌ မပျော်ပိုက်ဘဲရှိခဲ့ရ၏။ သာသနာ့အသိအမြင် စင်ကြယ်လာသည့်အချိန်မှာကား အပြီးအပိုင် ဘဝခြား၍ သွားတော့၏။ ဇနပဒကလျာဏီဟူသော အမျိုးသမီးတစ်ယောက်ကို သူသတိရချင်ရဦးမည်ဖြစ်၏။ သူ့အာရုံထဲမှာ ပေါ်ချင်ပေါ်ဦးမည် ဖြစ်၏။ သို့သော် ထိုအာရုံထဲတွင် ချစ်စရာ၊ ခင်စရာ၊ လွမ်းစရာ၊ ဆွေးစရာများကား ပါလာနိုင်တော့မည် မဟုတ်ချေ။ သာမန်အမျိုးသမီးတစ်ယောက် အဖြစ်ဖြင့်သာ ရှုမြင်သုံးသပ်ပေလိမ့်မည်။

စွန့်ခွာသွားသူများဘက်က ပြတ်ပြတ်သားသားဖြစ်သွားကြချိန်တွင် ကျွန်ုပ်၏ နှမသည်များမှာကား အမျှင်တန်းနေကြဆဲဖြစ်၏။ အဝတ်သက်နီးဆင်မြန်းထားကြပြီး ဖြစ်သော သူတော် သူမြတ်များကိုပင် သူတို့၏ ဟိုတစ်ချိန်က မောင်တော်များအဖြစ်ဖြင့် ရှုမြင်နေခဲ့ကြ၏။ ဟိုတစ်ချိန်က အရိပ်များကို ယောင်ရမ်း ဖမ်းကိုင်နေခဲ့ကြ၏။

အလောင်းတော်ကို အတုယူ၍ ပြုမူခဲ့လေသမျှလည်း ယသော်ဓရာတွင် ထိုစဉ်ကတည်းက နိက္ခမဓာတ်ကိန်းဝပ်နေ၍ မဟုတ်နိုင်ပါ။ သူ့အလွမ်းဝေဒနာကို သူ့ဘာသာ ကုစားနေခြင်းဖြစ်ပါလိမ့်မည်။ လွတ်ရာကျွတ်ရာ စွန့်ခွာသွားလေသူနှင့် တစ်စုံတစ်ရာ ပတ်သက်နေသေးသယောင်ယောင် သူ့စိတ်ကို သူလှည့်စား၍ နှစ်သိမ့်နေခြင်းဖြစ်ပါလိမ့်မည်။

ယခုတော့ ဤလိုနှစ်သိမ့်၍ မရနိုင်ကြတော့ပြီ။ စွန့်ခွာသွားသူများသည် သူတို့၏ မောင်တော်များ မဟုတ်တော့ပြီ။ လောကလူသားအများစုတို့၏ ဆရာသခင် ကျေးဇူးရှင်ကြီးများ ဖြစ်နေကြပေပြီ။ သားတော်လေး ရာဟုလာသည်ပင် သူတို့ နောက်ပါးမှာ ဖဝါးခြေထပ် လိုက်ပါသွားပေပြီ။ မယားသံယောဇဉ်ကင်းစင်ပြီးသော ပုဂ္ဂိုလ်အား သားသံယောဇဉ်ဖြင့် အမျှင်တန်းလာစေရန်လည်း မတတ်နိုင်တော့ပါပြီ။

လက်ရှိအခြေအနေအရ သူတို့နှင့် အရှင်မြတ်များကြားဝယ် အတွယ်အတာ ဟူ၍ လုံးဝမရှိတော့ပေ။ နောက်နောင်လည်း ရှိလာတော့မည် မဟုတ်ပါပေ။ သို့ပါလျက် ကျွန်ုပ်၏ နှမများသည် ပစ္စုပ္ပန်ကိုလည်း ငြင်းဆန်ကြဘိ၏။ အနာဂတ်ကိုလည်း ကျောခိုင်းကြဘိ၏။ သူတို့ မျက်နှာမူနေသည်ကား ဟိုအတိတ်ဆီက အရိပ်များပင်ဖြစ်ပေသည်။ တရားသဘောဖြင့်သုံးသပ်ကြည့်ပါက အတိတ်ဟူသည်မှာ မရှိတော့သော တရားသာ ဖြစ်၏။ အကြောင်းအားလျော်စွာ ဖြစ်တုန်းက ဖြစ်ခဲ့ဖူး၍ ယခု လောလောဆယ်မှာကား ကင်းခဲ့ပြီ။ ရှင်းခဲ့ပြီ ဖြစ်၏။ အတိတ်က အကြောင်းတရားများကို မိမိက မည်မျှပင် တမ်းတနေသော်လည်း လွန်လေပြီးသော အတိတ်တရားတို့သည်ကား တစ်ကျော့တစ်ဖန် ပြန်လာကိန်း မရှိပေ။ အတိတ်ကို တမ်းတနေဆဲတွင် တမ်းတသောစိတ်များသာ ဖြစ်ပေါ်၍ နေကြမည်ဖြစ်၏။ တမ်းတလျှင်ဖြင့် လွမ်းရသော ဝေဒနာတို့မှ ရှောင်လွဲ၍ မရနိုင်ပါ။

http://www.dhammadownload.com

အလွမ်းပြေလေမည်လားဟု တမ်းတနေသမျှ အလွမ်းဝေဒနာတိုးစေဖို့သာ ဖြစ်ဘိ၏။ ဤဝေဒနာတို့၏ မြစ်ဖျားခံရာသည် သူတို့အပေါ် စိမ်းကားသွားလေသော မောင်တော်များသာ ဖြစ်ဘိ၏။ သို့ပါလျက် သူတို့ခမျာ စိတ်ထဲက မောင်တော်များကို သံယောဇဉ် မပြတ်နိုင်ကြရှာ။ ဤသို့ သံယောဇဉ် မပြတ်နိုင်၍ပင် ဘုရားရှင်ကို ခပ်ရှောင်ရှောင်နေလာခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ပရိသတ်ဗိုလ်ပုံအလယ်တွင် ဣန္ဒြေပျက်မည်စိုးသောကြောင့် ဖြစ်ပါလိမ့်မည်။

ကောင်းပါပြီ။ ကြေးနှင့်ရွှေကို ဂဟေမဆက်ထိုက်တော့၍ ခပ်ကွာကွာနေလာခဲ့သည်ကို ကျွန်ုပ် အပြစ်ဆိုစရာ မရှိပါ။ သို့ရာတွင် သည်တစ်ခါ ကပိလဝတ်ရောက်လျှင်မူ သူတို့ကို ကျွန်ုပ် မေးစရာတွေကား ရှိနေပေသည်။ မောင်နှမချင်းဖြစ်၍ 'ပွင့်ပွင့်လင်းလင်းမေးရပါလိမ့်မည်။

"ငါ့နှမ ယသော်ဓရာ၊ ငါ့နှမ ဓနပဒကလျာဏီ၊ သင်တို့ခင်းလာသော အလွမ်းဇာတ်ကြိုးများက ရှည်လှပြီ။ မျောလှပြီ။ ဇာတ်ခင်းသည်ဆိုရာတွင် အမှောင်ရိပ်လွှမ်းသည့် ညချမ်းအချိန်မျိုးများမှာသာ ကြည့်၍ ကောင်းသည်။ ယခုမိုးစင်စင်လင်းလာသည်အထိ သည်အလွမ်းဇာတ်ကြိုးက မသိမ်းနိုင်သေး။

"ငါ့နှမများတို့၊ သေသေချာချာ နားထောင်ကြစမ်း။ သည်အလွမ်းဇာတ်ကြိုး၏ အရင်းခံမှာ သင်တို့စိတ်ထဲက မောင်တော်များပင် မဟုတ်ပါလား။ ဟိုစဉ်တုန်းက အတုံ့အလှယ် ချစ်ကြိုးသွယ်ခဲ့ရသော အရိပ်နိမိတ်များပင် မဟုတ်ပါလား။ သည်အရိပ်နိမိတ်များနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေရင်းနှင့် အလွမ်းဇာတ်ကြိုး ပြီးဆုံးသွားမည်ဟု သင်တို့ ထင်နေကြလေသလား။

"ဇာတ်သိမ်းခြင်းဆိုသည်မှာ ကြည့်မကောင်းတော့သော ဇာတ်ထုပ်ကြိုးများကို ဆက်၍ မကတော့ခြင်း ဖြစ်၏။ အတိတ်အနာဂတ် ဇာတ်လမ်းများနှင့် အဆက်ဖြတ်ကာ ပစ္စုပ္ပန်သန့်သန့်မှာ ရပ်တည်ခြင်းဖြစ်၏။ ပစ္စုပ္ပန် သန့်သန့်မှာသာ ရပ်တည်နေလိုက်ပါက လွမ်းစရာလည်း မရှိပေ။ ဆွေးစရာလည်းမရှိပေ။ ဤအခြေအနေသို့ ရောက်ရှိရန် ချောင်ကြားကုပ်နေရုံဖြင့် သင်တို့ စွမ်းနိုင်ကြပါမည်လား။

"အတိတ်က အရိပ်များကို လိုက်ဖမ်းနေခြင်းဖြင့် သင်တို့သည် အလွမ်းဇာတ်ရှည်ကြီးမှာ မျောပါနေကြ၏။ ထိုဇာတ်မျောကြီးများမှ ကယ်ထုတ်နိုင်သူတို့မှာလည်း သင်တို့၏ မောင်တော်များမှတစ်ပါး အခြားသူမရှိနိုင်ပါ။ သို့ရာတွင် ထိုမောင်တော်များမှာ သင်တို့စိတ်ထဲက အရိပ်မောင်တော်များ မဟုတ်ကြပါ။ ယခုဇေတဝန်ကျောင်းတော်မှာ ရှိနေကြသော အရှင်မြတ်များသာ ဖြစ်ပေသည်။ ထိုမောင်တော်များ၏ သင်္ကန်းရိပ်တွင် အပြစ်ကင်းစင်သော နှမများအဖြစ်သို့ သင်တို့ မဝင်လာကြတော့ပြီလား"

http://www.dhammadownload.com

ကပိလဝတ်မှ ထွက်ခွာလာခဲ့သည်မှာ တော်တော်ကြာခဲ့ပါပြီ။ အချိန်ကြာလာသည်နှင့်အမျှ ပြောစရာတွေကလည်း တစ်သီကြီး ဖြစ်လာကြပေသည်။ သည့်ထက်ကြာလျှင် သည့်ထက်တိုးလာကြပေဦးမည်။

သို့ရာတွင် သည်မေးခွန်းများ သည့်ထက်တိုး၍ မလာနိုင်တော့ပါ။ စီစဉ်ထားပြီးသော မေးခွန်းများကိုပင် မေးမြန်းခွင့် မရလိုက်တော့ပါ။

'ထိုစဉ်က ကိုယ့်အကြောင်းနှင့်ကိုယ် ခပ်ရှောင်ရှောင်နေလာခဲ့သော နှမများသည် ယခု ဇေတဝန်ကျောင်းတော်သို့ လိုက်လာကြပါပြီ။ သူတို့ချစ်မြတ်နိုးသော မောင်တော်များရှိရာသို့ ညီအစ်မနှစ်ယောက် လက်တွဲ၍ ရောက်လာကြပါပြီ။

လွမ်းဇာတ်သိမ်းရန်အချိန်တန်၍ လမ်းမှန်သို့ လိုက်လာခဲ့ကြသော နှမများကို ကျွန်ုပ်နှင့် ရာဟုလာတို့က ကျောင်းတော်ဝက ကြိုဆိုလိုက်ကြရပေသည်။

(အင်္ဂုတ္တရ အဌကထာ၊ ဧကနိပါတ်၊ ဘဒ္ဒကစ္စာနာထေရိဝတ္ထု)

**

http://www.dhammadownload.com

ကန်တော့ခန်းမှ ဓာတ်ပေါင်းခန်းသို့

ဟိုယခင်က ကျွန်ုပ်တို့ နောင်တော်ကြီးဘုရားသည် ယသော်ဓရာ၏ ခန်းမဆောင်သို့ ကြွချီတော်မူခဲ့၏။ အများတကာတို့ထက် ထူးခြားသော စေတနာရှင် မေတ္တာရှင်သည် အများတကာတို့ထက် ထူးထူးခြားခြား ပူဇော်ကန်တော့လိုနေသည် ဖြစ်ရာ မဟာကရုဏာရှင်ကလည်း သူ့အလိုကို လိုက်လျောတော်မူခဲ့ရပေသည်။ ဆုံးခန်းတိုင် ရောက် တရားပေါက်ပြီးသော လောကုတ္တရာဉာဏ်ကြီးရှင်သည် လောကအကြောင်း ကိုကား ပစ်ပယ်တော်မမူပါချေ။ လောကကို လောကလိုသိ၍ လောကနှင့် လိုက်လျောစွာ ကျင့်သုံးတော်မူခဲ့သည်သာ ဖြစ်ပေသည်။

ဤသို့ လောကအလိုကိုလိုက်၍ အထိုက်အလျောက်ကျင့်သုံးတော်မူခဲ့ခြင်း သည်ပင် လောကုတ္တရာလမ်းစကို ခင်းပေးတော်မူလိုက်ခြင်းလည်း ဖြစ်ပါ၏။ ယသော်ဓရာတို့ညီအစ်မ ကျောင်းတော်အဝသို့ ရောက်လာခါမှ ကျွန်ုပ်သည် ဤ ဓာတ်လမ်းများကို ဆက်စပ်စဉ်းစားမိပါတော့သည်။

ဓာတ်ရည်မလည်ခင်တုန်းက အံ့သြစဖွယ်အတွေးကြွယ်ခဲ့ရသော ဓာတ်ကွက် များသည် ဓာတ်ရည်လည်လာချိန်မှာကား နှစ်သက်ဖွယ်၊ ကြည်နူးဖွယ် ဖြစ်လာကြပေသည်။

ယသော်ဓရာသည် ဟိုစဉ်တုန်းက သူများနည်းတူညီလာခံခန်းမသို့ မလာ ရောက်ခဲ့။ သကျတို့၏ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်အဖြစ်ဖြင့် ညီညာဖြဖြပူဇော်လာသူ တို့တွင် သူတစ်ယောက်ကား မပါဝင်ပေ။ သူ့မေတ္တာ၊ သူ့စေတနာ၏ တန်ဖိုးကို အားကိုးယုံကြည်စိတ်ဖြင့် သူ့ခန်းဆောင်ကပင် စောင့်စား၍ နေခဲ့၏။ ဤသို့ နောင်တော်ဘုရား၏ အကြွအလာကို စောင့်စားနေခဲ့သူသည် ယခုတော့ ညီမနှင့်အတူ နောင်တော်မြတ်ရှိရာ လိုက်ပါ၍ လာရချေပြီ။ ဟိုစဉ်တုန်းက မျက်ရည်လည်ရွဲငိုပွဲဆင်၍ ကန်တော့ခဲ့သူသည် ယခုတော့ ကြည်သာအေးမြ ဘေးမခသော မေတ္တာရှေ့ဖြင့် ပူဇော်ကန်တော့နိုင်ပေပြီ။

http://www.dhammadownload.com

အနော်မာသောင်သို့ နောင်တော်မြတ် ထွက်ခွာတော်မူပြီးနောက် ယသော်ဓရာသည် နောင်တော်မြတ်၏ အပြုအမူများကို အတုယူခဲ့ပါ၏။ နောင်တော်မြတ်ကဲ့သို့ ဖန်ရေဆိုးသော အဝတ်များ ဝတ်ခဲ့၏။ ညစာမပါ တစ်ထပ်စာသာ စားသောက်ခဲ့၏။ အတင့်အတယ် လိမ်းခြယ်ပန်ဆင်မှုများ မပြုတော့ဘဲ ခုတင်မပါ ကြမ်းပြင်ပေါ်မှာသာ အိပ်စက်ခဲ့၏။ သို့ရာတွင် ဤအပြုအမူတို့ဖြင့် အပူမငြိမ်းနိုင်ရှာပါ။ ဤအပြုအမူတို့သည် စွန့်လေသူ၊ ခွာလေသူအား ယူငင်တမ်းတသောစိတ်များ၏ အရိပ်နိမိတ်တို့ ဖြစ်လေရာ အယူမသိမ်းသမျှ အပူမငြိမ်းသည်မှာ သစ္စာတရား ဖြစ်ပေသည်။

ရှင်တော်မြတ်၏ အရိပ်အာဝါသအောက် ရောက်ပြီး၍ မကြာမီမှာပင် ယသော်ဓရာသည် ဤသစ္စာကို ပြောင်ပြောင်စင်စင် သိမြင်သွားပေသည်။ ဟိုယခင်က ပေါင်းဆုံချင်၍ ပြုခဲ့လေသမျှ ကွဲကွာရဖို့ချည်း ဖြစ်ခဲ့၏။ ပေါင်းဆုံချင်သော သမုဒယတို့ကြောင့် မပေါင်းရလေချင်း၊ မဆုံရလေချင်းဟူသော လွမ်းရ၊ ဆွေးရ စိတ်ဒုက္ခတို့ကိုသာ ခံစားခဲ့ရ၏။

ယခုတော့ ဤသစ္စာတရားတို့၏ အကြွင်းမဲ့ မှန်ကန်သော သဘောကို ယသော်ဓရာသိပေပြီ။ သမုဒယနှင့် အကြောင်းပြုပေးလေသမျှ ဒုက္ခမှလွဲ၍ အခြားလမ်း မရှိတော့ပြီ။ သို့ဖြစ်၍ ရွံ့စရာ၊ စက်ဆုပ်စရာကောင်းလှသော ဒုက္ခအပေါင်းမှ လွတ်မြောက်ရေးမှာလည်း ဤသမုဒယကို ပယ်စွန့်ခြင်းမှ တစ်ပါး အခြားလမ်း မရှိတော့ပြီ။

ဒုက္ခ၏အကြောင်းရင်းခံဖြစ်သော ဤသမုဒယသည်လည်း အကြောင်းကင်း၍ မဖြစ်နိုင်ပါချေ။ ဤအကြောင်းပြုလျှင် ဤအကျိုးပေါ်မည်ဟူ၍ အသိမပိုင်သေးသောကြောင့်သာ သမုဒယ ပွားစီးခဲ့ရ၏။ သမုဒယပွားစီးသဖြင့် ဒုက္ခကြီးစွာ ခံစားခဲ့ရ၏။ အကြောင်းမှန်ကို ဇကန်တိတိ အပိုင်သိလာပြီဖြစ်သော ယခုအခါတွင်ကား သမုဒယ မပွားစီးနိုင်တော့ပါ။ ပေါင်းဆုံချင်သောစိတ်များ ဖြစ်ပေါ်မလာနိုင်တော့ပါ။

ပေါင်းဆုံချင်သော သမုဒယကို ပယ်စွန့်လိုက်သည်နှင့် တစ်ပြိုင်နက်ကျွန်ုပ်၏ နှမသည် သည် သူမြတ်နိုးလှသော နောင်တော်ကြီးဘုရားနှင့် အတူတကွ ပေါင်းဆုံမိကြပေတော့သည်။ လွမ်းတ ပူဆွေး ငိုကြွေးရခြင်းမရှိသော သုခရိပ်မြုံမှာ ခိုလှုံခွင့်ရလိုက်ခြင်းသည် ကွဲကွာခြင်း မရှိနိုင်တော့သော ပေါင်းဆုံခြင်းပင် ဖြစ်ပေသည်။ မိမိချစ်သူ ခင်သူများနှင့် အစဉ်ထာဝရ မခွဲမခွာ ပေါင်းဆုံလိုသူတိုင်းသည် ထိုမေတ္တာရှင်တို့၏ စံနမူနာကို အရယူသင့်ကြပေသည်။

လေးစားအပ်သော အရှင်မြတ်ကြီးနှင့် ချစ်ခင်အပ်သော အရှင်မတို့နှင့် ပတ်သက်၍ ရှေ့အခန်းများမှာ အတော်များများ တင်ပြခဲ့ပါပြီ။ အချို့အကြောင်းအရာများမှာ သံသရာ ခဲ့ထွင်ရေးဘက်ကို အလေးသာသည်ဟု ထင်စရာ ရှိပါ၏။

http://www.dhammadownload.com

သို့သော် ကျွန်ုပ် တင်ပြလိုရင်းမှာ ထိုအကြောင်းအရာများ မဟုတ်ပါ။ သုခရိပ်မြုံမှာ ပေါင်းဆုံလာကြသော ဤအခန်း ပေါ် လွင်ထင်ရှားရေးအတွက် ထိုအကြောင်းအရာ တို့ဖြင့် အထောက်အကူပြုခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်း တွင် အမှတ်တရ တင်ပြလိုရင်းကား သည်ဇာတ်ပေါင်းခန်းသာ ဖြစ်ပေသည်။ သည်ဇာတ်ပေါင်းခန်းသည်ပင် ကြည်သာအေးမြ ဘေးမခသည့် မေတ္တာဇာတ်လမ်း၏ အစလည်း ဖြစ်ပါပေသည်။

ငယ်စဉ်ကတည်းက နှုတ်ကျိုးလာခဲ့သော ငယ်နာမည်ဖြင့် ယသော်ခရာဟူ၍ ခေါ်ဝေါ်လာခဲ့သော်လည်း ကျွန်ုပ်၏ သီတင်းသုံးဖော်များသည်ကား ကျွန်ုပ်၏ နှမ သည်ထေရီမကို ဤအမည်ဖြင့် မခေါ်ဝေါ်ကြတော့ပါ။ မယ်တော်ကြီးထံတွင် ရဟန်းခံပြီးသည့် အချိန်မှစ၍ အရှင်မ ဘဒ္ဒကစ္စာနာဟူ၍ မြတ်နိုးစွာခေါ်ဝေါ်၍ လာခဲ့ကြပေသည်။

အရှင်မဘဒ္ဒကစ္စာနာဟူ၍ သာသနာတော်တွင်း၌ ဂုဏ်သတင်းဝေဆာခဲ့ခြင်း တွင် ဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့ ပါကြပေမည်။ သို့သော် အဓိကကျသော အကြောင်းတရားတို့ကား သာသနာ့ဘောင် ရောက်ပြီးမှ ဖြစ်၏။ မဂ်လေးတန် ဖိုလ်လေးတန်ကို မပင်ပန်းဘဲ ရရုံမျှမက အဘိညာဉ်တန်ခိုးကြီးမားသော အရာတွင် လည်း 'ဧတဒဂ်' ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပါသေးသည်။ စိန်နားတောင်းက အရောင်တောက်ပသလောက် ကျွန်ုပ်နှမသည်၏ ပါးပြင်ကလည်း ဖြူစင်ဝင်းပြောင် ကြောင်းကို ကျွန်ုပ်က ဂုဏ်တင်လိုက်ရပါ၏။

(အဝိုတ္တရ အဌကထာ၊ ဧကနိပါတ်၊ ဘဒ္ဒကစ္စာနာထေရီဝတ္ထု)

**

http://www.dhammadownload.com

ရာဟုလာတို့ သားအမိ

ကျွန်ုပ်တို့ ရောက်လေရာအရပ်တွင် တရားသဘောနှင့် ပတ်သက်၍ မကျေညက်သေးသူများကို မကြာခဏ တွေ့ကြုံရတတ်၏။ များသောအားဖြင့် ရဟန္တာပုဂ္ဂိုလ်များနှင့် ပတ်သက်၍ အထင်မှား အမြင်မှား ဖြစ်နေတတ်ကြပေသည်။

ကျွန်ုပ်၏ သီတင်းသုံးဖော်များတွင် တချို့မှာ ရဟန္တာအဆင့်သို့ ရောက်ကြပြီဖြစ်၍ တချို့မှာကား သာမန်ရဟန္တာမျှ မဟုတ်ဘဲ အဘိညာဉ်တန်ခိုးရှင်များဖြစ်နေကြ၏။ အဘိညာဉ်ရ အရှင်တို့၏ တန်ခိုးပြာဋိဟာကို မြင်ရဖူးရသူတို့သည် ရှိသမျှ ကိစ္စအဝဝကို ထိုအဘိညာဉ်တန်ခိုးဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်မှတ်ကြ၏။ တချို့ကလည်း ဒုက္ခငြိမ်းရာ နိဗ္ဗာန်တရားကို ရပါလျက် နာကျင်ကိုက်ခဲမှု ဒုက္ခတွေရှိနေသေးသလောဟု စောဒကတက်ကြ၏။ တရားအရေး နားဝေးသူများကို ဖြေရှင်းရခက်ဘိတောင်း။

တကယ်တော့ နိဗ္ဗာန်တရားတော်ကြီးတွင် ဒုက္ခဟူ၍ မြူမျှ မရှိပေ။ ဒုက္ခဟူ၍ အရိပ်အယောင်မျှ မရှိပေ။ သို့သော် ထိုနိဗ္ဗာန်ကိုမျက်မှောက်ပြုသူတို့မှာကား ဒုက္ခအားလုံး မငြိမ်းနိုင်ကြပါ။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်များ ဖြစ်ကြသဖြင့် နာကျင်ကိုက်ခဲမှုကို မလွဲသာ မရှောင်သာ ခံကြရ၏။ ဆာလောင်မွတ်သိပ်မှုကြီးက ဖိစီးနှိပ်စက်သဖြင့် 'နံနက်တိုင်း ဆွမ်းခံထွက်နေကြရ၏။

သူတို့ရရှိခဲ့သော မဂ်တရားတို့သည် စိတ်ပူစိတ်ကြမ်း စိတ်သရမ်းဟူသော ကိလေသာတို့ကို ပယ်နိုင်၏။ ရုပ်ပူရုပ်ကြမ်း ရုပ်သရမ်းတို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခဝေဒနာတို့ကိုကား မဂ်ကလည်း မပယ်နိုင်။ ဈာန်အဘိညာဉ်တန်ခိုးဖြင့် တစ်ခါတစ်ရံ ကာကွယ်နိုင်ခဲ့သော်လည်း အခါခပ်သိမ်းကား မစွမ်းနိုင်ကြပေ။ ပုရိမတဏှာ၏ အကျိုးတရားတို့ကို ဆေးဝါးဓာတ်စာဖြင့် ပြုပြင်နိုင်သမျှ ပြုပြင်ကာ ပြုပြင်၍ မရသည်ကိုကား သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ သည်းခံကြရပေလိမ့်မည်။

(ဣတိဝုတ်၊ နိဗ္ဗာနဓာတုသုတ်၊ သဥပါဒိသေသနိဗ္ဗာန်အဝိုင်း)

http://www.dhammadownload.com

ဤသဘောသွားကို ဉာဏ်ကျက်စားမိလျှင် အရှင်မဘဒ္ဒကစ္စာနာ၏ ဖြစ်အင်ကို နားလည်နိုင်ပါလိမ့်မည်။ ခီပွါဘိည ဖတဒဂ်ရသည့် အရှင်မတစ်ပါး၊ပင် ဖြစ်ပါသော်လည်း သူ့ခမျာကာယိကဒုက္ခ မကင်းရှာပါ။ လူ့ဘဝမှာတုန်းက ရရှိထားသော လေနာရောဂါသည် အဘိညာဉ်တန်ခိုးရှင်ဘဝ ရောက်သည်အထိ လိုက်ပါလာ၏။ လူ့ဘဝတုန်းက ရောဂါနှင့်အတူ ဆေးလည်းရှိခဲ့၏။ လေနာရောဂါထက္ကြွလာသည်နှင့် သက်ဆိုင်ရာ ဓာတ်စာကိုလည်း လွယ်လင့်တကူ စီမံ၍ရခဲ့၏။ ရောဂါနှင့်သင့်သော ဓာတ်စာကိုစားရသဖြင့် ဝေဒနာဒဏ်ကိုကြာရှည်စွာ မခံစားရပေ။

ယခုတော့ အစားအစာနှင့် ပတ်သက်လာလျှင် မိမိဘာသာ စီမံဖန်တီးခွင့် မရှိတော့ပေ။ ဆင်းရဲချမ်းသာမရွေး အိမ်ပေါက်စေ့ ဆွမ်းခံ၍ ရသမျှဖြင့်သာ ရောင့်ရဲရ၏။ ဆွမ်းဒါယကာ ဒါယိကာမတို့ လောင်းသမျှတွင် သူနှင့် သင့်လျော်သည်လည်း ပါ၏။ မသင့်လျော်သည်လည်း ပါ၏။ ဒါယကာ ဒါယိကာမတို့ သဒ္ဓါ၍ လောင်းလှူသောဆွမ်းကို "ငါနှင့် မသင့်"ဟူ၍ ငြင်းပယ်ရန် မသင့်ပါ။ "ငါမှာ ဘာနှင့်သင့်၍ လောင်းလှူပါ"ဟူ၍ နှုတ်မြွက်၍ အလှူခံခွင့်လည်း မရှိပါ။ ဆွေမျိုးရင်းချာလည်း မရှိ။ ပစ္စည်းလေးပါး ဖိတ်ကြားထားသူလည်း မရှိသော တစ်ရပ်တကျေးတွင် အရှင်မခမျာ လေနာရောဂါကို မခံသင့်ဘဲခံစား၍ နေရပေသည်။ နဂိုက အနေအထားနူးညံ့ခဲ့သူဖြစ်၍လည်း မသင့်သော အစားအစာဒဏ်ကို သူများထက်ပို၍ ခံစားရဟန် တူပါသည်။

သည်အကြောင်းကိုသာ ကျွန်ုပ် စောစောသိရလျှင် သည်ဝေဒနာကို သည်လောက်ကြာကြာ မခံစားရပါ။ လူ့ဘဝမှာကတည်းက တရင်းတနှီးနေလာခဲ့၍ သည်ဝေဒနာနှင့် သင့်လျော်သော ဓာတ်စာကို ကျွန်ုပ် အတတ်သိပြီး ဖြစ်ပါသည်။ သို့ရာတွင် အရှင်မကလည်း ကျွန်ုပ်တို့ထံ သတင်းမပို့။ ရဟန်းမများအား ဆိုဆုံးမရန်အလှည့်မကြုံသေး၍ ကျွန်ုပ်ကလည်း သူတို့ရှိရာ သီးခြားကျောင်းသို့ မရောက်ဖြစ်ခဲ့။ သူတို့ကျောင်းမှ ညှိုးငယ်စွာပြန်လာသော ရာဟုလာကြောင့်သာ ကျွန်ုပ် သိခွင့်ရပေသည်။

ခမည်းတော်ဘုရား အမိန့်တော်ဖြင့် ရှင်သာမဏေဖြစ်လာခဲ့ရသော်လည်း ရာဟုလာမှာ မယ်တော်အပေါ်တွင်ကား သံယောဇဉ် မပြတ်နိုင်ရှာပါ။ ယခုတော့ သားရော မိခင်ပါ ဘဝတူဖြစ်လာကြပြီမို့ နေ့စဉ်နေ့တိုင်း တွေ့ဆုံခွင့် ရနေပေပြီ။ ကွဲကွာခဲ့ရသော အချိန်ကာလတွေ ကြာမြင့်သည်နှင့် ထေမိအောင် ရာဟုလာသည် မယ်တော့်ထံပါးတွင် ခပ်ကြာကြာလေး နေပြီးမှ ပြန်လာတတ်ပေသည်။

ရာဟုလာက မယ်တော်အဖြစ်ဖြင့်တွယ်တာနေခဲ့သော်လည်း မယ်တော်မှာကား သူ့မယ်တော်မဟုတ်တော့ပါ။ ရာဟုလာတစ်ပါးတည်းကိုသာ မဟုတ်။ သူနှင့် သက်တူရွယ်တူ လူငယ်လုံမငယ်အားလုံးကို မြင့်မြတ်သော ဗြဟ္မစိုရ်ဖြင့် ထပ်တူ

http://www.dhammadownload.com

ထပ်မျှ ချစ်တတ်နေပါပြီ။ ရာဟုလာတစ်ပါးတည်း၏ မိခင် မဟုတ်တော့ဘဲ လူငယ် လုံမငယ်အားလုံး၏ မိခင်ကြီးဟု ဆိုရပါတော့မည်။

မဟာမိခင်ကြီးက မိမိ၏ ဝေနာကို သမ္မဇဉ်ဖြင့်သည်းခံနေနိုင်သော်လည်း ရာဟုလာကား ဟန်မဆောင်နိုင်ရှာပါ။ ယခု ဆယ်ကျော်သက် အရွယ်တွင် အရပ်အမောင်း တော်တော်ထွက်လာသော်လည်း ငယ်မူငယ်သွေးကား မပျောက်သေးပါ။ သို့ဖြစ်၍ မယ်တော်၏ ရုပ်ဝေနာသည် သူ့စိတ်ပေါ်သို့ ကူးစက်လာနိုင်ခြင်း ဖြစ်ပေသည်။

ရာဟုလာတို့ သားအမိ၏ ဝေဒနာနှစ်မျိုးလုံးကို သိလိုက်ရသည်နှင့် ကျွန်ုပ်သည် စင်စင်ဆေးထားသော သပိတ်ကို လှမ်းကြည့်လိုက်မိ၏။ ရဟန်းတို့ အားအကိုးရဆုံးမှာ သည်သပိတ်ပင် မဟုတ်ပါလော။ သည်သပိတ်ဖြင့် ဝမ်းသမုဒ္ဒရာ အူအဂ်ါကို နေ့စဉ်အစာကျွေးနိုင်ခဲ့၏။ သည်သပိတ်ဖြင့်ပင် ရာဟုလာတို့ သားအမိကို ကူညီရပေဦးမည်။

သပိတ်သင်္ကန်းများ ဝတ်ရုံပြင်ဆင်၍ ကျောင်းသခင်မ်းထဲမှ ထွက်အလာတွင် ကျွန်ုပ်ထက်ဦးစွာ ထွက်ခွာသွားလေသူတစ်ဦး ရှိနေပါ၏။ ထိုသူကား အရှင်မဟာသာရိပုတ္တရာ ကိုယ်တော်ကြီးပါတကား။

"ရာဟုလာ၊ အရှင်မြတ်ကြီးထံ သည်အကြောင်းလျှောက်ထားခဲ့ပြီးပြီလား"

"ပြီးခဲ့ပါပြီ အရှင်ဘုရား"

"ကောင်းလေစွ ရာဟုလာ၊ ကောင်းလေစွ"

အရေးတစ်ခုံ ကြုံလာသည့်အခိုက် ဥပဇ္ဈာယ်ဆရာထံ ဦးစွာပထမ ချဉ်းကပ်ခဲ့သော တူတော်မောင်ကို ကျွန်ုပ်က သာဓုနမော ခေါ်လိုက်ရပေသည်။ သာသနာ့ဘောင် ရောက်လာသောအခါ သွေးသား သံယောဇဉ်ထက် ဆရာတပည့် ဆက်ဆံရေးကို ပို၍ အလေးထားရမှန်း သိတတ်သော ရာဟုလာပါပေ။

ဆွမ်းဘဉ်းပေးပြီးခါမှ တစ်ကျော့တစ်ဖန် ဆွမ်းခံထွက်သွားသော အရှင်မဟာသာရိပုတ္တရာသည် ခါတိုင်းဆွမ်းခံချိန်လောက်မကြာဘဲပြန်ရောက်လာခဲ့၏။ သပိတ်ထဲတွင်ကား သကြားနှင့် ရောမွှေထားသော သရက်သီးနှစ်များ။ ယသော်ဓရာဘဝက စားနေကျ ဓာတ်စာများပင် ဖြစ်ပေသည်။

အရှင်မဟာသာရိပုတ္တရာက သပိတ်ကို ရာဟုလာထံ ကမ်းလင့်နေဆဲမှာ နန်းတော်မှ မင်းချင်းတစ်ယောက် ရောက်လာ၏။ အကျိုးအကြောင်း မေးမြန်းကြည့်သောအခါ အရှင်မြတ်ကြီးနောက်က စုံထောက်ရန် လိုက်လာသည် ဟူပါ၏။

ဝေဒနာနှင့်သင့်လျော်သော ဓာတ်စာရရေးအတွက် အရှင်မဟာသာရိပုတ္တရာသည် မွန်းမတည့်မိအချိန်လုလျက် ကောသလမင်းကြီး၏ နန်းတော်သို့ ကြွရောက်ခဲ့၏။ ကာရန်တသင့်ပင် မှည့်ဝင်းသောသရက်သီးများ အပို့အဆက်

http://www.dhammadownload.com

ရောက်လာသဖြင့် သရက်သီးနှစ်များကို သကြားနှင့် ရောမွှေစေကာ သပိတ်မှာ လောင်းလှူခဲ့၏။ အလှူရှင် ကောသလမင်းကြီးသည် သရက်သီးဘောဇဉ်ကို နန်းတော်ထက်မှာပင် ဘုဉ်းပေးမည်ထင်ကာ နေရာထိုင်ခင်းများ ပြင်ဆင်စေ၏။ သို့သော် အရှင်မြတ်ကြီးကား သူစားသုံးရန်လာခဲ့ခြင်း မဟုတ်သဖြင့် သပိတ်ပိုက်ကာ ပြန်ကြွလာခဲ့ပေသည်။

ထူးခြားလှသော အပြုအမူကို သဘောမပေါက်သဖြင့် ကောသလမင်းကြီးက မင်းချင်းကို စေလွှတ်လိုက်ရာ အကြောင်းသိသောအခါတွင်ကား အရှင်မ ဘဒ္ဒကစ္စာနာ၏ ရာသက်ပန် သရက်သီးဒါယကာ ဖြစ်ရပေတော့သည်။

(တိကနိပါတ်၊ အဋ္ဌကထာတော်၏ ပစ္စုပ္ပန်ဝတ္ထု)

**

http://www.dhammadownload.com

လူမှုရေး ပညတ်တော်များ

သာသနာ့ဖခင်ကြီး၏ သားတော် သမီးတော်များအကြောင်းကို တော်တော်များများ တင်ပြခဲ့ပါပြီ။ လူဝတ်ကြောင်ဘဝဖြင့် သာသနာ့အကျိုး သယ်ပိုးကြသူအချို့နှင့်လည်း မိတ်ဆက်ပေးခဲ့ပါပြီ။ နောက်နောင်လည်း သက်ဆိုင်ရာအခန်းများ၌ ဤအရှင်မများ ပါလာကြပါဦးမည်။ အသစ် အသစ်သော အရှင် အရှင်မများနှင့်တကွ သာနာ့ အကျိုးဆောင်ကြီးများနှင့်လည်း တွေ့ဆုံကြရပါဦးမည်။

ဖော်ပြခဲ့ပြီးသော ရဟန်းပုဂ္ဂိုလ်များကို ရဟန်းဖြစ်ခဲ့ပုံများအရ စုပေါင်းလိုက်လျှင် ခုနစ်မျိုး ရှိနေပြီဖြစ်ကြောင်း တွေ့ကြရပါလိမ့်ဦးမည်။

ပဥ္စဝဂ္ဂိငါးဦး၊ အရှင်ယသနှင့်အပေါင်းအသင်းများမှစ၍ ရှေ့ပိုင်းက သာဝက ကြီးများသည် "ဧဟိဘိက္ခု" ဟူသော မိန့်ခွန်းတော်ဖြင့် ရဟန်းဖြစ်လာကြရ၏။

ရဟန်းများကိုယ်တိုင် တာဝန်ယူ၍ ရဟန်းခံပေးကြရန် အာဏာလွှဲအပ်တော်မူသည့်အတိုင်း ရှေ့ပိုင်းက ရဟန်းများသည် ဆရာရဟန်းထံတွင် သရဏဂုံ ပါဠိသုံးပုဒ်ကို လိုက်ဆိုခြင်းဖြင့် ရဟန်းဖြစ်လာကြရ၏။

"ကဿပ၊သင်သည် မြင့်မြတ်သော အမျိုးဇာတ်ကြောင့် မာန်မာနကြီးခဲ့သူ ဖြစ်၏။ ထို့ကြောင့် အကြီးအငယ် အရွယ် အလတ်ဖြစ်သော သီတင်းသုံးဖော်တို့၌ ပြင်းပြသောရှက်ကြောက်ခြင်း ရှိစေရန် ကျင့်သုံးအပ်၏"

ဤသို့ စသော ဩဝါဒ မိန့်ခွန်းတော်များဖြင့် ရဟန်းဖြစ်ခွင့် ရသူကား အရှင်မဟာကဿပ တစ်ပါးတည်းသာဖြစ်ပေသည်။

"သောပါက၊ ဥဒ္ဒါမာတကသညာ ဟူ၍လည်းကောင်း၊ ရူပသညာဟူ၍လည်းကောင်း ဤတရားနှစ်ပါးတို့သည် သဒ္ဓါရော အနက်ပါ ထူးလေသလော။ သို့မဟုတ် အနက်တူ၍ သဒ္ဒါမျှသာ ကွဲပြားပါသလော"

ဤသို့သော မေးခွန်းတော်ကို ကျကျနနဖြေဆိုနိုင်သဖြင့် ခုနစ်နှစ်သားအရွယ် သောပါက သာမဏေအား ဘုရားရှင်က ရဟန်းဘောင်သို့ တင်ပေးတော်မူခဲ့၏။

http://www.dhammadownload.com

ဂရုဓံတရား ရှစ်ပါးကို လက်ခံခြင်းဖြင့် ရဟန်းဖြစ်ခွင့်ရသူကား မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီဖြစ်၏။

အခြား ရဟန်းမများအားလုံးမှာ ရဟန်းများထံတွင် ဥတ်နှင့် ကမ္မဝါစာသုံးကြိမ်၊ ရဟန်းမများထံမှာ ထို့အတူလေးကြိမ်၊ ပေါင်းရှစ်ကြိမ်တိုင်တိုင် ကမ္မဝါစာရွတ်ဖတ်ပေးမှ ရဟန်းဘောင် ရောက်ခဲ့ကြရ၏။

ရဟန်းအများစုမှာ ဥတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ် ရွတ်ဖတ်ခံကာ ရဟန်းဘောင်ရောက်လာကြ၏။ အားကိုးရာမဲ့ ဗြဟ္မဏအဘိုးအိုဘဝမှ ရဟန်းပြုလာသော အရှင်ရာဓမှစ၍ ဤအစီအစဉ် အတည်ဖြစ်လာခဲ့ပေသည်။ သာသနာ့သမိုင်းစဉ် တစ်လျှောက်လုံး အသုံးပြုကြရမည့် အစီအစဉ်လည်း ဖြစ်ပေသည်။

ဖော်ပြခဲ့ပြီးသော ရဟန်းဖြစ်ပုံ ခုနစ်မျိုးတို့တွင် တချို့မှာ ဘုရားရှင်ထံမှာ ဖြစ်ကြ၏။ တချို့ကား ရဟန်းနှင့် ရဟန်းမများထံမှာသာ ဖြစ်၏။ သို့သော် ရဟန်းပြုပေးသူရော ရဟန်းအဖြစ်ခံယူသူရော နှစ်ဦးနှစ်ဖက် မျက်နှာစုံညီသာ အပေးအယူလုပ်ခဲ့ကြရ၏။ နောက်ဆုံးဖော်ပြမည့် ရဟန်းဖြစ်ပုံကား တစ်မူထူးခြားသည်ဟု ဆိုရပါမည်။ အန္တရာယ်နှင့်ရင်ဆိုင်နေရသော အမုကာသီ၏ အခြေအနေအရ အဝေးမှလူကြိုဖြင့် အမိန့်ပေး၍ ရဟန်းပြုပေးခဲ့ရသောကြောင့် ဖြစ်ပေသည်။

(ပါရာဇိကဏ် အဋ္ဌကထာ၊ ပထမပါရာဇိက၊ ပဒဘာဇနီအဖွင့်)

အမုကာသီ ပြည့်တန်ဆာမသည်ကား ကာသိတိုင်းအတွင်းရှိ ဇနပုဒ်များမှ တစ်နေ့တာ အခွန်ငွေတစ်ထောင်၏ တစ်ဝက်ကို နေ့စဉ်နေ့တိုင်း ရနေသူဖြစ်၏။ သို့သော်လည်း မိမိဘဝကို ငြီးငွေ့သည်ဖြစ်၍ ရဟန်းမများထံမှာ ရဟန်းခံခဲ့၏။ ဝိနည်းတော်အရ ဤသို့ ရဟန်းမများထံ ရဟန်းခံပြီးလျှင် ရဟန်းများထံ တစ်ခါထပ်၍ ခံယူရဦးမည်ဖြစ်၏။ အမုကာသီကလည်း ဘုရားရှင့် ရှေ့တော်မှောက်မှာပင် ခံယူလိုစိတ်ပြင်းပြနေ၏။ သို့သော် ဘုရားရှင်ရှိရာ အရောက်သွားနိုင်ဖို့ရာကား မလွယ်ကူပေ။

ယောကျ်ားများစွာတို့၏ နှစ်ခြိုက်မှုကို ခံယူခဲ့ရသော အမုကာသီသည် သင်္ကန်းဝတ်လာတော့လည်း စန်းမမှိန်သေးချေ။ သူ၏ ဖောက်သည်ဟောင်းများသည် သူ့အပေါ် စွဲလမ်းနေကြဆဲသာဖြစ်၏။ ရဟန်းမတို့ကျောင်းသို့ရောက်နေခိုက် သူတို့မကြာသာ မဖန်သာသော်လည်း လမ်းခရီးမှာကား သူတို့ စိတ်တိုင်းကျ ဖြစ်လာနိုင်ပေသည်။ ရမ္မက်ဖောအရှိန်ဖြင့် အနိုင်အထက်ပြုကျင့်ရန် သူအလာကို စောင့်ကြို၍ နေကြပေသည်။

လာလိုပါလျက်အလာခက်နေသော အမုကာသီ၏ အဖြစ်ကို သိဖော်မူလျှင် ဘုရားရှင်သည် ဖြစ်နိုင်မည့် နည်းတစ်မျိုးဖြင့် ရဟန်းခံခွင့် ပေးတော်မူရ၏။ ထိုနည်းကား လူကြိုလွှတ်၍ ရဟန်းခံပေးခြင်းတည်း။

http://www.dhammadownload.com

ဤခွင့်ပြုတော်မူချက်အရ ဇေတဝန်ကျောင်းတော်ရှိ ကျွန်ုပ်တို့သည် သိမ်ထဲမှာ စုဝေးကြလျက် အမှုကာသိအတွက် ရဟန်းခံ ကမ္မဝါစာများ ဖတ်ပေးကြရ၏။ ထို့နောက် ဤအကြောင်းကို ရဟန်းမတစ်ပါးကိုလွှတ်၍ အကြောင်းကြားရ၏။ ကျွန်ုပ်တို့ ကမ္မဝါစာရွတ်ပြီးချိန်သည်ပင် အမှုကာသိ၏ ရဟန်းမဖြစ်သောအချိန်ဟူ၍ အသိအမှတ်ပြုကြရပေသည်။

(ဝိနည်းစူဠဝဂ်၊ ဘိက္ခုနီ ခန္ဓကပါဠိတော်နှင့် အဋ္ဌကထာ)

လူမှုရေးကိစ္စထွေပြားလှသော တပည့်မများကို စောင့်ရှောက်ထိန်းသိမ်းတော်မူရသော ဘုရားရှင်မှာ သမီးများသော ဖခင်ကြီးနှင့် မခြားလှပါချေ။ တစ်ခါက ရွာထဲဝင်လာသော အရွယ်ငယ်ငယ် ရဟန်းမတစ်ပါးသည် ကာလသားပေါင်းစုံရှေ့တွင် အပေါ်ယံသက်နှံး လေအလှန်ခံလိုက်ရသဖြင့် အရှက်တကွဲဖြစ်ခဲ့ရဖူး၏။ ဤတွင် ဘုရားရှင်က–

"ရဟန်းမများ ရွာထဲသွားလျှင် ရင်စည်းအင်္ကျီ ဝတ်သွားရမည်" ဟူ၍ မိန့်ကြားတော်မူရ၏။

(ဘိက္ခုနီသုဒ္ဓပါစိတ်၊ သံကစ္ဆိကာ သိက္ခာပုဒ်)

တစ်ခါကလည်း ရဟန်းမများသည် လုံခြုံမှုမရှိသော အရပ်များသို့ အဖော်ကုန်သည်များမပါဘဲ ခရီးထွက်ကြရာ လူဆိုးလူသွမ်းတို့၏ အစော်ကားခံကြရ၏။ ဤတွင်လည်း သူတို့၏ ဖခင်ကြီးက–

"ရဟန်းမများသည် မိမိပြည်တွင်းမှာ ဖြစ်စေ၊ ပြည်ပမှာဖြစ်စေ အဖော်ကုန်သည်မပါလျှင် ခရီးမထွက်ရ"ဟု ပညတ်တော်မူရ၏။

(ဘိက္ခုနီသုဒ္ဓပါစိတ်၊ အဇ္ဈောဂဏ္ဍသိက္ခာပုဒ်နှင့် တိရောရဋ္ဌသိက္ခာပုဒ်)

လူတို့၏ သဒ္ဓါတရားမပျက်ပြားစိမ့်သောငှာ ဘုရားရှင်သည် ကိုယ်ဝန်ရှိသော အမျိုးသမီးနှင့် နို့စို့ကလေးရှိနေသော အမျိုးသမီးတို့ကို ရဟန်းပြုမပေးရန် ပညတ်တော်မူရ၏။ ထိုပညတ်ချက်မထုတ်ရသေးမီက ကိုယ်ဝန်နှင့်အမျိုးသမီးတစ်ယောက်သည် ရဟန်းဝတ်ပြီး၍ မကြာမီ သားဖွားခဲ့၏။ ဖွားလာသော သားအတွက် မည်သို့ဆောင်ရွက်ရမည်မသိသဖြင့် ရဟန်းမများမှတစ်ဆင့် ကျွန်ုပ်က ရွှေနားတော်ကြား လျှောက်ထားလိုက်ရ၏။ မဟာကရုဏာတော်ရှင်သည် ဖြစ်လာပြီးသော လူမှုရေးကိစ္စကို လျစ်လျူရှုတော်မမူဘဲ ဖွားလာသော သားကို သိ, ကြား, နားလည်သည့်တိုင်အောင် ကျွေးမွေးရန် ခွင့်ပြုတော်မူရပေသည်။

ဤကိစ္စသည် ဤမျှဖြင့် ပြီးပြတ်မသွားသေးပါ။ ကလေးငယ်ရှိသော ရဟန်းမသည် ကလေးတာဝန်ကို တစ်ပါးတည်းနှင့်မနိုင်မနင်း ဖြစ်နေပြန်သဖြင့် သူတို့ဖခင်ကြီးကပင် သူ့အတွက် ကူဖော်လောင်ဖက် ရဟန်းမတစ်ပါးကို ပေးကြရန်

http://www.dhammadownload.com

မိန့်ကြားတော်မူရပြန်၏။ ကူဖော်လောင်ဘက်ပေးရာတွင် စနစ်တကျပေးနိုင်ရန် ကမ္မဝါစာများကိုပါ သတ်မှတ်၍ ပေးတော်မူရပေသည်။

(ဝိနည်းစူဠဝဂ်၊ ဘိက္ခုနီခန္ဓက)

ဤရဟန်းမမှာ ပညတ်ချက် မထုတ်ပြန်ရသေးချိန်တွင် ကိုယ်ဝန် ထင်ထင်ရှားရှားနှင့် ဝတ်လာခဲ့သဖြင့် ကိုယ်ဝန်အတွက် ပြဿနာမတက်ခဲ့ပေ။ ပညတ်ချက် ထုတ်ပြန်ပြီးမှ ဝတ်လာသော ရဟန်းမတစ်ပါးမှာကား လူထွက်ရတော့ မတတ်ပင် ပြဿနာကြီးခဲ့ရပေသည်။

ဥပမာအသွယ်သွယ်ဖြင့် အဆန်းတကြယ် ဟောကြားရာတွင် ဧတဒဂ် ဂုဏ်ထူးရ အရှင်ကုမာရကဿပကို အကြောင်းပြု၍ ကုမာရကဿပ မယ်တော်ဟူ၍ နောင်အခါတွင်ထင်ရှားလာမည့် ဤရဟန်းမသည် ရာဇဂြိုဟ်မြို့က သူဌေးသမီးတစ်ဦး ဖြစ်၏။ အပျိုစဉ်ဘဝကတည်းက သာသနာတော်မှာ စိတ်ညွှတ်နေသော်လည်း ရဟန်းပြုခွင့် မရခဲ့ရှာ။ ချစ်မင်းသော သမီးကလေးတစ်ယောက်ဖြစ်၍ မိဘများက တားဆီးထားကြ၏။ သို့နှင့် မိဘအိမ်မှ လင့်အိမ်သို့ လိုက်ပါလာခဲ့ရာတွင် လင်ကို ကျေနပ်အောင်ပြောဆိုနားချကာ သာသနာ့ဘောင်အရောက်လာခဲ့၏။

မြတ်နိုးလှသော ဘဝကို ရပြီဖြစ်၍ အဖော်ရဟန်းများနှင့်အတူ ပျော်တပြိုးပြိုး ဖြစ်နေသော ထိုအရှင်မသည် တစ်နေ့သောအခါမှာကား ထိတ်လန့်ဖွယ်အခြေအနေကို တွေ့လိုက်ရပေသည်။

သည်အခြေ သည်အနေ ဘယ်တုန်းကဖြစ်လာခဲ့သည်ကို သူလည်း သတိမထား မိ။ ရဟန်းပြုပေးလိုက်သော အရှင်မများလည်း ဂရုမစိုက်မိကြ။ ယခု ဖုံးမရ ဖိမရ ဖြစ်လာခါမှ အားလုံးအထိတ်တလန့် ဖြစ်ကုန်ကြရတော့သည်။

ကာယကံရှင်အနေနှင့်ကတော့ သူ့သီလ လုံခြုံသည်ကို သိပေမည်။ သင်္ကန်းဝတ်နှင့် ငြိစွန်းလာရသည် မဟုတ်၍ လူ့ဘဝကပါလာခဲ့သော ဝန်ထုပ်ဝန်ပိုး ဖြစ်သည်ကို သူကိုယ်တိုင်သာ သိနိုင်ပေမည်။ ဘေးက အဖော်များမှာကား အနေအထိုင် ခက်လာကြရ၏။

သည်အရှင်မလေး၏ ဣန္ဒြေသိက္ခာကို ထောက်သောအားဖြင့် လူ့ဘဝကပါလာသော အထုပ်အထည်ဖြစ်မည်ဟူ၍ကား တွေးမိကြပါ၏။ သို့သော် တစ်ဖက်က တွေးပြန်တော့လည်း ကိုယ်ကကျူးလွှင် ကိုယ့်ဒူးကိုပင် ယုံရခက်လှ၏။ အကယ်၍ မိမိနှင့်အတူနေခါမှ ဖြစ်ပေါ်လာသည့် ကိစ္စဆိုလျှင် မိမိတို့ပါ အပြစ်မကင်း ဖြစ်ကုန်ကြရပေတော့မည်။ ရဟန်းမတို့၏ ခြောက်ခုမြောက် ပါရာဇိက သိက္ခာပုဒ်ကြီးနှင့် ငြိစွန်းကြရပေတော့မည်။

သို့နှင့် ရဟန်မများ မထွေးနိုင် မအန်နိုင်ဖြစ်နေသော ကိစ္စကြီးသည် အရှင် ဒေဝဒတ်ထံ ရောက်လာရတော့သည်။ ဝေဠုဝန်ကျောင်းတိုက်တွင် ဘုရားရှင်နှင့်

http://www.dhammadownload.com

ထင်ရှားသော သာဝကကြီးများ မရှိခိုက်မို့ သူက ဦးစီးဦးကိုင် ဖြစ်နေပေသည်။ အပေါင်းအဖော် ရဟန်းမများမှာလည်း ရာဇဂြိုဟ်ပြည်မှာ အစဉ်လိုလိုနေတတ်သော အရှင်ဒေဝဒတ်၏ ဘုန်းရိပ်ကို ခိုလှုံနေသူများ ဖြစ်ကြပေသည်။

"အရှင်ဘုရား၊ ဤရဟန်းမသည် လင်ကို မရအရတောင်းပန်၍ ရဟန်းပြုလာခဲ့ပါသည်။ ယခုရရှိနေသော ကိုယ်ဝန်သည် ရဟန်းဘဝမှာမှ ရလာလေသလား။ လူ့ဘဝက ပါလာခဲ့လေသလား။ တပည့်တော်မတို့ မဝေခွဲနိုင်ပါ။ အရှင်ဘုရား ဆုံးဖြတ်ရန် ဖြစ်ပါသည် ဘုရား"

ရဟန်းမများလျှောက်ထားချက်ကို နားထောင်ပြီးသည်နှင့် အရှင်ဒေဝဒတ်သည် ထူးထူးထွေထွေ စဉ်းစားမနေတော့ဘဲ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည်ဟူပါ၏။

"နှမတို့၊ ငါ၏ အသင်းအပင်းထဲမှာ မလှမပရှိနေလျှင် ငါ့ကိုပင် ထိခိုက်ပေတော့မည်။ သို့ဖြစ်၍ ရဟန်းမကို မြန်မြန် သင်္ကန်းချွတ်ပေးလိုက်ကြပေတော့"

အမှုသည်မှာ အပြစ်ရှိခြင်း မရှိခြင်းထက် သူ့ဂုဏ်သိက္ခာကို မထိခိုက်ရေးက အဓိက ဖြစ်နေပေသည်။

အရှင်ဒေဝဒတ်၏ အမိန့်တော်ကို အဖော်များက အမှုသည် ရဟန်းမထံ သယ်ဆောင်ကာ အမိန့်တော်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်ကြ၏။ ဤတွင် အမှုသည်ရဟန်းမက ဘုရားရှင်ရှေ့တော်မှောက်သို့ အယူခံဝင်ပါရစေဦးဟု အနူးအညွတ် တောင်းပန်သဖြင့် ရဟန်းမအဖြစ်ကို မဆုံးရှုံးဘဲ ရှိရ၏။ သင်္ကန်းကို ဆွဲချွတ်မိလျှင်ကား ရဟန်းမဘဝကို ဆုံးရှုံးသွားရပေလိမ့်မည်။

ဤသို့အားဖြင့် အမှုသည်ရဟန်းမသည် အရှင်ဒေဝဒတ်၏ ရုံးတော်မှတစ်ဆင့် ဘုရားရှင် ခြေတော်ရင်းသို့ ရောက်လာခဲ့၏။ အမှုသွား အမှုလာနှင့်တကွ အရှင်ဒေဝဒတ်၏ ဆုံးဖြတ်ချက်ကို တင်လျှောက်၏။ ဘုရားရှင်က ဤအမှုကို ဝိနည်းဆောင်တေဒဂ်ရ အရှင်ဥပါလိထံ လွှဲအပ်တော်မူလိုက်ပေသည်။

နောက်တစ်နေ့တွင် ဇေတဝန်ကျောင်းတော်သို့ ပရိသတ်အစုံအလင် ရောက်ရှိလာကြ၏။ ကျောင်းဒါယကာ အနာထပိဏ်၊ နောက်ပိုင်းမှာ ကျောင်းအစ်မကြီး ဖြစ်လာမည့် ဝိသာခါ၊ ထိုမှတစ်ပါး သာဝတ္ထိမြို့တွင် ကျော်ကြားသော သူဌေးကြီးများလည်း ရောက်လာကြ၏။ ဘုရားရှင် အမိန့်တော်ဖြင့် ကောသလမင်းကြီးလည်း အချိန်မီ ရောက်လာပေသည်။

ဤရဟန်းမ၏ အရေးသည် ရဟန်းသံဃာများနှင့်သာ သက်ဆိုင်၏။ သံဃာအချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ ဟုတ်တိုင်းမှန်ရာ ဆုံးဖြတ်လိုက်လျှင် ဤအမှုကိစ္စနှင့် ပြီးငြိမ်းသွားနိုင်၏။ သို့သော် သည်အမှုနှင့်ပတ်သက်၍ အရှင်ဒေဝဒတ်၏ ဆုံးဖြတ်ချက်က အကျော်တစော ထွက်နှင့်နေပြီဖြစ်ရာ သံဃာ့ပရိသတ်

http://www.dhammadownload.com

သက်သက်ဖြင့် ဆုံးဖြတ်လျှင် လူများကတစ်မျိုးတစ်မည်ထင်စရာရှိနေ၏။ အရှင်ဒေဝဒတ်က ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပါလျက် ဘုရားရှင်လက်ထက်တော် ရောက်ခါမှ မျက်နှာသာပေးခံရသည်ဟု ပြောစရာ ဆိုစရာများ ဖြစ်လာနိုင်၏။ ထို့ကြောင့် ဤအမှုကို လူသူပရိသတ်စုံရာတွင် စစ်ဆေးရခြင်း ဖြစ်ပေသည်။

တရားပလ္လင်ထက်တက်ပြီးသည်နှင့် အရှင်ဥပါလိ ဦးစွာပထမ မိန့်တော်မူလိုက်သည်မှာ ဝိသာခါကို ပရိသတ်ရှေ့ထွက်ခဲ့ရန် ဖြစ်၏။ အမျိုးသမီး၏ အမှုကိစ္စဖြစ်၍ ကျွမ်းကျင်လိမ္မာသောအမျိုးသမီး၏ အကူအညီဖြင့် အဆုံးအဖြတ်ပေးရပေလိမ့်မည်။

ဥပါလိက အမှုသည် ရဟန်းမ၏ ရဟန်းခံရက်ချုပ်ကို ဝိသာခါအား ပြောပြ၏။ ထို့နောက် ရှိနေသော ကိုယ်ဝန်သည် ရဟန်းခံရက်၏ ရှေ့မှာ စတင်ခဲ့သလော။ နောက်မှာ စတင်ခဲ့သလောဟု စစ်ဆေးစေ၏။ ဝိသာခါသည် ပေးအပ်သော တာဝန်ကိုလက်ခံကာ ပရိသတ်အလယ်တွင် ကန့်လန့်ကာများ ကာရံ၍ အမှုသည် ရဟန်းမ၏ ကိုယ်အင်္ဂါများကို စေ့စေ့စပ်စပ်စစ်ဆေးပြီးနောက် ပြုံးပြုံးရွှင်ရွှင် ပြန်ထွက်လာကာ–

"အရှင်ဘုရား၊ ရဟန်းမ၏ ကိုယ်ဝန်သည် ရဟန်းမခံမီက စတင်ခဲ့ကြောင်း ထင်ရှားပါသည် ဘုရား"

ပရိသတ်အားလုံး ကြားလောက်အောင် လျှောက်ထားလိုက်ပေသည်။

ဝိသာခါ၏ ဤသို့ လျှောက်ထားချက်ကြောင့်ပင် ဓမ္မကထိကအကျော် အရှင်ကုမာရကဿပ အလောင်းအလျှာသည် ကျောင်းထဲမှာ ဖွားမြင်ခွင့်ရခဲ့ပေသည်။

(ဇေနိုပါတ်ဇာတ် အဋ္ဌကထာ၊ သီလဝဂ်၊ နိဂြောဓဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု)

**

http://www.dhammadownload.com

ဝိသာခါ၏ ဆု ရှစ်မျိုး

ဝိသာခါတစ်ယောက် သာဝတ္ထိမြို့တော်ကြီးသို့ရောက်လာသည်မှာ ဤလိုပြဿနာများ ဖြေရှင်းရအောင် ရောက်လာလေသလောဟု ကျွန်ုပ်တို့ သိတင်းသုံးဖော်များ မကြာခဏ ပြောမိကြ၏။ ဝိသာခါကို သူ့ဘိုးအေနှင့်အတူ ဘဒ္ဒိယမြို့မှာ နေစဉ်ကတည်းက ကျွန်ုပ်တို့ သိပြီး ကျွမ်းပြီးဖြစ်ကြ၏။ ခုနစ်နှစ်သမီး အရွယ်ကပင် ထူးထူးခြားခြား တရားပေါက်ခဲ့သူလေး ဖြစ်၏။ ထိုနောက် ဖခင်ဖြစ်သူ ဓနဥယ သူဌေးနှင့်အတူ သာကေတမြို့သို့လိုက်ပါကာ ထိုမှ တစ်ဆင့် ခင်ပွန်းဖြစ်သူ ပုဏ္ဏဝမဏာ သတို့သားရှိရာ သာဝတ္ထိသို့ လိုက်ပါလာခဲ့ရပေသည်။

ဝိသာခါ သာဝတ္ထိမြို့တော်ဝင်ခန်းကို ယခုတိုင်ပြောစား၍ မဆုံးကြသေးပါ။ သုံးမကုန်လောက်အောင် ကြွယ်ဝသော သူဌေးသမီးပေမို့ သူ့မင်္ဂလာအခမ်းအနားများ ကြီးကျယ်လှသည်မှာ အဆန်းမဟုတ်ပါ။ မဆန်းသင့်ဘဲ ဆန်းနေသည်မှာကား ဝိသာခါတို့အိမ်သည် ကျွန်ုပ်တို့ ဆွမ်းခံ၍မရသောအိမ် ဖြစ်နေခြင်းပင်တည်း။

ဝိသာခါ၏ ယောကျ်မ မိဂါရသူဌေးသည် ကျွန်ုပ်တို့ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်သူ မဟုတ်ပါ။ သာသနာ့ပြင်ပက ပုဂ္ဂိုလ်များကို ကြည်ညိုရင်းစွဲ ရှိသူဖြစ်၏။ အိမ်ထောင်ဦးစီးတစ်ယောက်လုံးက တစ်ဖက်မှာ ယိမ်းနေသည်ဖြစ်ရာ တစ်အိမ်လုံးလည်း သူ့ဘက်ပါကြရပေသည်။ အလှူရေစက် လက်နှင့်မကွာခဲ့သော ဝိသာခါမှာ သည်အိမ်ရောက်ခါမှ အလှူအတန်း ပြတ်လတ်ရပေတော့သည်။

တစ်နေ့တွင် ကျွန်ုပ်တို့သိတင်းသုံးဖော်တစ်ပါးသည် ထိုအိမ်သို့ဆွမ်းဝင်ရပ်ခဲ့၏။ ဝိသာခါ ရောက်လာသည့်အတွက် မူပြောင်းလိုပြောင်းငြား ကင်းတိုးစမ်းသော သဘောပင် ဖြစ်သည်။ ကာရန်တစ်သင့်ပင် ထိုအချိန်တွင် မိဂါရ သူဌေးသည် နို့ထမင်းများကို မြိန်ယှက်စွာ စားလျက်ရှိ၏။ ချွေးမအလိမ္မာ ဝိသာခါကလည်း အနားက ယပ်ခတ်လျက်ရှိ၏။ သည်ကနေ့မှ ထူးထူးခြားခြား ဝင်ရပ်လာသော

http://www.dhammadownload.com

ရဟန်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သော်လည်း သူ အစိုးမပိုင်သောအိမ်ဖြစ်နေ၍ မည်သို့မျှ မတတ်သာ။ ယောကျ္ဍမကြီးကိုပြော၍လည်း ဖြစ်မည်မဟုတ်။ ဤတွင် ဝိသာခါသည် ရုတ်တရက်ဉာဏ်ကိုအသုံးပြုကာ နေရာမှ ဖယ်ပေးလိုက်ပေသည်။

ဝိသာခါ ဖယ်ပေးလိုက်သည်နှင့် မိဂါရသူဌေး၏ မျက်နှာနှင့် ရဟန်းတို့ကြားဝယ် အကာအကွယ်မရှိတော့ပေ။ မိမိအိမ်က မဆည်းကပ်ခဲ့သော်လည်း တွေ့နေကျ မြင်နေကျဖြစ်၍ ဆွမ်းရပ်လာသော ရဟန်းတစ်ပါးဖြစ်နေသည်ကို သူ မသိဘဲ မနေနိုင်ပေ။ သို့သော် လောင်းရန်ကား ဝေးလေစွ။ မော့၍မျှပင် မကြည့်ပါချေ။

"ကန်တော့ပါသေးသည် အရှင်ဘုရား။ တပည့်တော်၏ ယောကျ္ဍမ သူဌေးကြီးမှာ အစာဟောင်းကိုသာ စားပါသည်"

ဆွမ်းခံရဟန်းကို အားနာလှစွာဖြင့် ဝိသာခါက ကန့်တော့လိုက်ရ၏။ ကန်တော့ရင်းနှင့် သူ့ရင်ထဲမှာ မျိုသိပ်ထားရသော စကားလုံးများလည်း အန်ထွက်သွားကြရပေသည်။

အရသာခံ၍စားနေသော နို့ထမင်းပန်းကန်ကို သူဌေးကြီးသည် ချက်ချင်း မျက်နှာလွှဲလိုက်တော့၏။ ဒေါမနဿ ဝေဒနာများ ဖိစီးလာကြပြီမို့ အစားစား၍ မရနိုင်တော့ပြီ။ ရသာမျိုးစုံ စုပြုထည့်ထားသော နို့ထမင်းကို အရသာမခံနိုင်တော့ပြီ။ သူ့ရင်တစ်ခုလုံးဝယ် အသံမထွက်ဘဲ မြည်ဟည်းနေသော စကားလုံးများမှာ 'ယောကျ္ဍမမိဘ တစ်ယောက်လုံးကို ဤလို ရိုင်းပျ စော်ကားရသလော" ဟူသည်တို့ပင် ဖြစ်ပေသည်။

ဒေါသအမျက် ခြောင်းခြောင်းထွက်သဖြင့် မိဂါရသူဌေးသည် ချွေးမကို အိမ်ပေါ်မှတစ်ခါတည်း နှင်ချလိုက်၏။ သို့ရာတွင် ဤမျှဖြင့် ဝိသာခါ ထွက်မသွားနိုင်ပါ။ ယောကျ္ဍမအိမ်သို့ ပို့ဆောင်စဉ်က မိဘများသည် တစ်ယောက်တည်း ထားပစ်ခဲ့ကြသည်မဟုတ်ပါ။ သာဝတ္ထိမြို့ပေါ်က ထင်ရှားကျော်ကြားသော သူဌေးကြီးရှစ်ဦးကို မသင့်တော်တာများရှိပါက ပြောဆိုဆုံးမရန် အပ်နှင်းထားခဲ့သည်မဟုတ်ပါလော။

ဝိသာခါက ထိုအကြောင်းကို ထုတ်ဖော်ပြောကြားသဖြင့် ယောကျ္ဍမသူဌေးကြီးသည် သူဌေးကြီး ရှစ်ဦးထံချက်ချင်း လူလွှတ်၍ အကြောင်းကြား၏။ ခုံသမာဓိအရာမှာ တည်ကြသော လူကြီးများစုံလျှင် မိဂါရသူဌေးသည် ချွေးမ၏ ပြစ်မှုကို ရှင်းပြ၏။ ဤပြစ်မှုဖြင့် အိမ်ပေါ်မှ ချက်ချင်း ဆွဲထုတ်သွားကြရန်လည်း အရေးဆို၏။ သို့ရာတွင် အမှုသည်ဖြစ်သူ ဝိသာခါက ယောကျ္ဍမကြီး၏ စွဲချက်ကို သည်အတိုင်း ခေါင်းငုံ၍ မခံပါ။

"ဖခင် သူဌေးကြီးတို့၊ ကျွန်မ၏ စကားလုံးများသည် ယောကျ္ဍမကြီးပြောသကဲ့သို့ အသံထွက်သော်လည်း ဆိုလိုရင်းသဘောမှာ တခြားဖြစ်ပါသည်။

http://www.dhammadownload.com

ယောကျွမကြီးသည် ရှေးက လူကြီးသူမများထားခဲ့သော အမွေအနှစ်များကိုသာ စားသုံးခဲ့ပါ၏။ သို့သော် ကိုယ့်အိမ်ရှေ့မှာ ဆွမ်းရပ်လာသော ရဟန်းတစ်ပါးကိုကား မြင်ပါလျက် မျက်နှာလွဲ၍ နေခဲ့ပါသည်။ ဤသဘောကိုပြောခဲ့ခြင်းသာ ဖြစ်ပါသည်"

ဤသို့ ဟုတ်တိုင်းမှန်စွာ ဖြေရှင်းချက်ထုတ်နိုင်သဖြင့် ခုံသမာဓိလူကြီးများက ဝိသာခါကို အနိုင်ပေးလိုက်ကြရပေသည်။ နောက်ထပ် စွပ်စွဲလာလေသမျှလည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ပင် ဖြစ်သွားကြရပေသည်။

တမင်သက်သက် အပြစ်ရှာရန်ကောဟု ခုံသမာဓိလူကြီးများက မိဂါရ သူဌေးကြီးများကို အပြစ်ဆိုနေကြစဉ်တွင် ဝိသာခါသည် သူဌေးကြီး ရှစ်ဦးကို ဦးချကန်တော့ရင်း

"အို ကျေးဇူးရှင် ဖခင်ကြီးတို့၊ ယောကျွမသူဌေးကြီး နှင်ချစဉ်က ကျွန်မမှာ အပြစ်ရှိနေသလိုဖြစ်နေ၍ ဖခင်သူဌေးကြီးများထံ တိုင်တည်ဖြေရှင်းရပါသည်။ ယခုအခါ အပြစ်ဟူသမျှ မရှိပြီဖြစ်ပါ၍ ကျွန်မဘာသာ အိမ်မှ ဆင်းသွားပါတော့မည်"

သူဌေးကြီးများကို နှုတ်ခွန်းဆက်ပြီးနောက် သာကေတမှ လိုက်ပါလာကြသော အခြေအရံများကို ရထားအပြင်ခိုင်းလိုက်၏။ ဤတွင် မိဂါရ သူဌေး၏ ဝန်ချတောင်းပန်ခန်း ဖြစ်လာပေသည်။

ရယ်စရာဟုဆိုရမည်လား၊ ရွံစရာဟု ဆိုရမည်လား မသိပါ။ နောက်တစ်နေ့ နံနက်မှာကြွရသော အဖြစ်တစ်ခုကို တင်ပြပါဦးမည်။ ဝိသာခါ၏ တောင်းဆိုမှုဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော်များပါ သူတို့အိမ်မှာ ဆွမ်းလုပ်ကျွေးရာတွင် မိဂါရသူဌေးကြီး ပေါ်မလာပါ။ ဘုရားရှင်နှင့် မျက်နှာချင်းဆုံမည်စိုး၍ တော်ရာမှာ ချောင်ခိုနေခဲ့၏။ ထို့နောက် ဆွမ်းအနုမောဒနာပြုသောအခါမှာကား မနေသာတော့သဖြင့် တရားနာရန် ထွက်လာခဲ့၏။ သို့သော် သူများလို ရှေ့တော်မှောက်မှာ မြင်မြင်ထင်ထင် မထိုင်လာဘဲ ကန့်လန့်ကာကြားက နာကြားခဲ့၏။ တစ်ကြိမ်တစ်ခါ နာမိလျှင် နောက်တစ်ခါ ဆက်လက်၍မနာဘဲ မနေနိုင်လောက်အောင် စွမ်းဆောင်နိုင်သော တံခိုးတော်ကို သူ့ခမျာ မသိရှာလေတကား။

ကာထားသောကန့်လန့်ကာသည် သစ္စာလေးပါး တရားတော်ကို ဟန့်တားနိုင်ခြင်း မရှိသဖြင့် ထိုနေ့မှာပင် မိဂါရသူဌေးသည် သစ္စာဉာဏ်ဖြင့် နိဗ္ဗာန်သို့ ဝင်နိုင်ခဲ့၏။ ဤတွင်မှ ချွေးမအပေါ် မိခင်တမျှ အရေးပေးကာ တစ်အိမ်လုံးကို အပ်နှံပေတော့သည်။

(ဓမ္မပဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု)

ဝိသာခါ၏ လက်တွင်းသို့ တစ်အိမ်လုံးရောက်ရှိချိန်တွင် ကျွန်ုပ်တို့အတွက် အိမ်တံခါးကြီး ပွင့်လာပါတော့သည်။ ဆွေဝေး မျိုးဝေးနေလာရသော ရဟန်းများအဖို့

http://www.dhammadownload.com

ဆွေမျိုးအိမ်တစ်ဆောင် တိုးလာခြင်းပင် ဖြစ်ပေသည်။ သာဝတ္ထိမှာ သိတင်းသုံးသော ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမများမှန်လျှင် သူတို့အိမ်ဆွမ်းခံမရောက်ဖူးသူ ဟူ၍ မရှိပါ။ သဒ္ဒါ ဥစ္စာ နှစ်ပါးလုံးပြည့်စုံသော အိမ်ဖြစ်၍ လာလာ သမျှ ပုဂ္ဂိုလ်များကို ဖွယ်ဖွယ်ရာရာ လောင်းလှူပါပေသည်။

ဤသို့ဖြင့် ရက်လ နှစ်များ ပြောင်းရွှေ့လာပြီးနောက် တစ်နေ့သောအခါတွင် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တစ်တွေ သူတို့အိမ်သို့ ဆွမ်းစားသွားကြရ၏။ မကြာမကြာ ပင့်ကျွေးနေကျဖြစ်၍ ထူးဆန်းသည်ဟု မဆိုနိုင်ပါ။ အိမ်မှကိစ္စနည်းပါးသည့်အခိုက် ကပ်ချင် လှူချင်သော စေတနာအရ ကပ်လှူခြင်းသာ ဖြစ်ပေသည်။ သို့ရာတွင် ဤတစ်ခါ ဆွမ်းကျွေးပွဲကား ကပ်ချင်လှူချင်သော စေတနာချည်း မဟုတ်ဘဲ အခြား ရည်ရွယ်ချက်တစ်ခုလည်း ရှိနေပေသည်။

ဆွမ်းကိစ္စ ပြီးစီးချိန်တွင် ဆွမ်းအမဝိသာခါက သူ့ရည်ရွယ်ချက်ကို ဤသို့ လျှောက်ထားပါလေတော့သည်။

"အရှင်ဘုရား၊ ဘုရားရှင့်ထံတော်မှ ဆုရှစ်မျိုးကို တောင်းပါရစေ ဘုရား"

"ဝိသာခါ၊ ဘုရားရှင်တို့မှာ ပေးစရာ ဆု မရှိပေ"

"အရှင်ဘုရား၊ ၊ရွှေ ငွေ ကျောက်သံပတ္တမြားစသော ဆုမျိုး မဟုတ်ပါ။ သာသနာတော်နှင့် အပ်စပ်သော အပြစ်ကင်းသော ဆုများသာ ဖြစ်ပါသည် ဘုရား"

"သို့ဆိုလျှင် လိုရာဆုကို တောင်းပေတော့ ဝိသာခါ"

"အရှင်ဘုရား၊ တပည့်တော်မသည် သံဃာတော်အား မိုးရေခံသင်္ကန်းများ လှူလိုပါ၏။ ရောက်ခါစ ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ခရီးသွားမည့် ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ဖျားနေသော ရဟန်းများအား ဆွမ်းကပ်လိုပါ၏။ သူနာပြုရဟန်းများအား ဆွမ်းကပ်လိုပါ၏။ ဖျားနေသောရဟန်းများအား ဆေးဝါးကပ်လိုပါ၏။ အမြဲတစေ ယာဂု ကပ်လိုပါ၏။ ရဟန်းမများအား ရေသနပ်သင်္ကန်းများ လှူဒါန်းလိုပါ၏။ ဤဆု ရှစ်မျိုးပင် ဖြစ်ပါသည် ဘုရား"

"ဝိသာခါ၊ အဘယ်သို့သော အကျိုးကျေးဇူးများကို မြော်မြင်၍ ဤဆုများကို တောင်းပါသနည်း"

"အရှင်ဘုရား၊ ဤနေ့နံနက်ဆွမ်းကျက်ချိန်မှာသံဃာတော်များသွားပင့်ရန် ကျွန်မ တစ်ယောက်ကို လွှတ်လိုက်ပါသည်။ ကျွန်မ ပြန်လာသောအခါ သံဃာတော်များ ပါမလာပါ။ ကျောင်းမှာ ရဟန်းသံဃာတစ်ပါးမျှမရှိပါ။ ကိုယ်တုံးလုံးနှင့် အာဇီဝကများသာလျှင် မိုးရွာထဲမှာ ရေချိုးနေကြသည်ဟု ဆိုပါသည်။ ကျွန်မက အာဇီဝကတွေဟုဆိုသော်လည်း တပည့်တော်မ အကြောင်းမှန်ကို သိလိုက်ပါသည်။ ကိုယ်တုံးလုံး ရေချိုးခြင်းသည် လူမသတိစရာ ဖြစ်ပါသည်။ မိုးရေခံသင်္ကန်းလှူဒါန်းခွင့်ရလျှင် ဤအဖြစ်မျိုးကြုံရမည် မဟုတ်ပါ။

http://www.dhammadownload.com

"အရှင်ဘုရား၊ ဤမြို့သို့ရောက်ခါစ ရဟန်းသည် လမ်းမကျမ်းကျင်၊ ဆွမ်းခံအိမ်များ မမှတ်မိသဖြင့် ပင်ပင်ပန်းပန်း ဆွမ်းခံစားရပါသည်။ တပည့်တော်မ အိမ်မှာ ဆွမ်းစားခွင့်ရပါလျှင် မကြာမီ လမ်းကျွမ်းကျင်၍ ဆွမ်းခံအိမ်များမှတ်မိကာ ချမ်းသာစွာ ဆွမ်းခံနိုင်ပါလိမ့်မည် ဘုရား။

"အရှင်ဘုရား၊ ခရီးသွားမည့် ရဟန်းသည် ဆွမ်းခံဝင်နေရသဖြင့် ချိန်းထားပြီးသော လှည်းကြို လက်လွတ်သွားနိုင်ပါသည်။ ရည်မှန်းရာသို့ အချိန်မတော်မှ ရောက်သွားနိုင်ပါသည်။ ခရီးတစ်လျှောက်လုံး ပင်ပန်းပါလိမ့်မည်။ တပည့်တော်မ အိမ်မှာ ဆွမ်းစားခွင့်ရပါလျှင် ခရီးစဉ်တစ်လျှောက် အဆင်ပြေသွားပါလိမ့်မည် ဘုရား။

"အရှင်ဘုရား၊ ဖျားနာသော ရဟန်းများသည် သင့်လျော်သော ဆွမ်းဘောဇဉ်များ မဘုဉ်းပေးရလျှင် အနာရောဂါများ သည်းထန်လာပါလိမ့်မည်။ အသက်လည်း ဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ ဆွမ်းကို ဘုဉ်းပေးခွင့်ရပါလျှင် အနာရောဂါများ သက်သာပျောက်ကင်းပါလိမ့်မည်။ အသက်ဘေးကိုလည်း စိုးရိမ်စရာ မလိုတော့ပါ။

"အရှင်ဘုရား၊ သူနာပြုရဟန်းသည် ဆွမ်းခံထွက်နေရသဖြင့် ဖျားနာသော ရဟန်းအား နေမြင့်မှ ဆွမ်းကပ်နိုင်ပါလိမ့်မည်။ စားချင်သောက်ချင်တုန်းမှာ မစားရသဖြင့်ဖျားနေသော ရဟန်းများအားပြတ်နေကြပါလိမ့်မည်။ သူနာပြုရဟန်းများသည် တပည့်တော်မအိမ်မှာ ဆွမ်းစားခွင့်ရပါလျှင် ဖျားနေသော ရဟန်းများသည်လည်း အားပြတ်တော့မည် မဟုတ်ပါ ဘုရား။

"အရှင်ဘုရား၊ ဖျားနာသော ရဟန်းသည် သင့်လျော်သော ဆေးဝါးများ မရလျှင် ရောဂါသည်းထန်လာပါလိမ့်မည်၊ အသက်လည်း ဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ ဆေးကို အလှူခံခွင့်ရပါလျှင် ရောဂါများလည်း သက်သာလာပါလိမ့်မည်။ အသက်ဘေးကိုလည်း စိုးရိမ်စရာ မလိုတော့ပါ ဘုရား။

"အရှင်ဘုရား၊ ဘုရားရှင်သည် အန္ဓကဝိန္ဒမြို့၌ ဆယ်မျိုးသော အကျိုးကျေးဇူးတို့ကို မျှော်ကိုးတော်မူလျက် ယာဂုကို ခွင့်ပြုတော်မူခဲ့ပါသည်။ တပည့်တော်မ၏ ရာဂုကို သုံးဆောင်ရသော အရှင်များသည် ဆယ်မျိုးသော ထိုကျေးဇူးများကို ခံစားကြရပါလိမ့်မည် ဘုရား။

"အရှင်ဘုရား၊ ရဟန်းမတို့သည် အစီရဝတီမြစ်၌ ပြည့်တန်ဆာမများနှင့်အတူ ကိုယ်လုံးတီးဖြင့် ရေချိုးကြပါသည်။ ထိုအခါ ပြည့်တန်ဆာမများက သူတို့ကို ပြက်ရယ်စကား ဆိုကြပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုခြင်းသည် ဘာအကျိုးရှိမည်နည်း။ အရွယ်ကောင်းခိုက်မှာ ကာမဂုဏ်တွေခံစားပြီး အိုမင်းမစွမ်းဖြစ်ခါမှ ရဟန်းပြုလျှင် နှစ်ဖက်စလုံး အကျိုးမရှိပါလောဟု ပျက်စီးရာ ပျက်စီးကြောင်းသွေးဆောင် ဖြားယောင်းကြပါသည်။

http://www.dhammadownload.com

"အရှင် ဘုရား၊ အမျိုးသမီးများ ကိုယ်လုံးတီးရေချိုးခြင်းမှာ လူမသတိစရာ ဖြစ်ပါသည်။ တပည့်တော်မသာ ရေသနုပ်သက်နှံး လူခွင့်ရလျှင် ဤအဖြစ်မျိုး ကြုံရမည် မဟုတ်ပါဘုရား"

မြင့်မားလှစွာသော အမြော်အမြင်၊ ထက်သန်လှသော သဒ္ဓါတရားဖြင့် တောင်းဆိုလာသောဆုရှစ်မျိုးကို ဘုရားရှင်ကအနုမောဒနာပြုတော်မူကာ ထိုလူဖွယ် ဝတ္ထုတို့ကို အလှူခံရန်လည်း ရဟန်းတို့အား ခွင့်ပြုတော်မူခဲ့ပေသည်။

(ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဝိသာခါဝတ္ထု)

ဝိသာခါလျှောက်ထားသည့်အထဲတွင် ယာဂုအကျိုးဆယ်မျိုးမှာ ဘေသဇ္ဇ ခန္ဓကတွင် ခွင့်ပြုတော်မူခြင်း ဖြစ်၏။ ထိုစဉ်က ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့သည် ဗာရာဏသီပြည်မှ အနွှကဝိန္ဒမြို့သို့ ဒေသစာရီလှည့်လည်ခဲ့ကြရာ ကျွန်ုပ်တို့နောက်ပါးမှ ရိက္ခာလှည်းများလည်း လိုက်ပါလာကြ၏။ ဆန်၊ဆီ၊ ငရုတ်၊ ကြက်သွန်စသော စားသောက်ကုန်များ အပြည့်တင်ဆောင်လာကြကာ ရောက်လေရာအရပ်တွင် ဆွမ်း ချက်၍ ကပ်လာကြ၏။ ကျေးလက်တောရွာပေါင်းများစွာမှ လှည်းတပ်ကြီး ချီလာသည်မို့ အားလုံး လူခွင့်ရစေရန် အလှည့်ကျ လူဒါန်းရန် စီမံထားကြရ၏။

ဤသို့ နှစ်လတိုင်တိုင်ကြာလာသောအခါ ဗြာဟ္မဏ ဒါယကာတစ်ယောက် သည် ကျွန်ုပ်ထံသို့ ချဉ်းကပ်လာပြီး

"အရှင်ဘုရား၊ တပည့်တော်၏ အလှည့်ကျလိမ့်နိုးနိုးဖြင့် စောင့်လာခဲ့သည်မှာ နှစ်လတိုင်တိုင်ကြာလာခဲ့ပါပြီ။ယခုအထိ အလှည့်မကျနိုင်သေးပါ။ တပည့်တော် အိမ်မှာ တပည့်တော်တစ်ယောက်တည်းသာ ရှိပါသည်။ လူနည်းသလောက် လုပ်ငန်းဆောင်တာတို့က များလှပါသည်။ အလှည့်စောင့်နေရသည်နှင့် လုပ်ငန်း ဆောင်တာများ နောင့်နေးကုန်ကြပါပြီ။ ထို့ကြောင့် တပည့်တော် ဆွမ်းကပ်ရာ လျှောက်ကြည့်သောအခါ အခြားသော စားကောင်းသောက်ဖွယ်တို့ မျိုးစုံအောင် ပါကြသော်လည်း ယာဂုနှင့် ပျားရည်မုန့်ချိုတို့ကား မတွေ့ရပါ။

"အရှင်ဘုရား၊ ယာဂုနှင့် ပျားရည်မုန့်ချိုကို တပည့်တော်စီမံ၍ ဆက်ကပ်ပါ လျှင် ဘုရားရှင် ဘုဉ်းပေးတော်မူပါမည်လား ဘုရား"

"ကောင်းပြီ ဒါယကာ၊ ဘုရားရှင်ထံ လျှောက်ကြည့်လိုက်ပါဦးမည်"

ကျွန်ုပ် အရေးမပိုင်သော ကိစ္စဖြစ်၍ ဗြာဟ္မဏဒါယကာကို ဤမျှသာပြော ဆိုကာ ဘုရားရှင်ထံမှောက်သို့ သွားရောက်လျှောက်ထားလိုက်ရ၏။ ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် ဗြာဟ္မဏဒါယကာထံ အကြောင်းပြန်ရပေသည်။

နောက်တစ်နေ့နံနက် ယာဂုများဆက်ကပ်ရာတွင် အတိအလင်း ခွင့်ပြုချက် မထုတ်ပြန်ရသေးသော အစားအစာများဖြစ်နေ၍ ရဟန်းများ အလှူမခံဘဲ နေကြ၏။

http://www.dhammadownload.com

ဘုရားရှင်က အလှူခံနိုင်ကြောင်း မိန့်ကြားတော်မူခါမှ ရဟန်းအားလုံး အလှူခံ၍ ဘုဉ်းပေးကြရပေသည်။

ဤဆွမ်းကပ်ပွဲတွင် ဘုရားရှင်ဟောကြားတော်မူသော ယာဂုအကျိုးဆယ်မျိုးမှာ

၁။ ယာဂုလူသောသူသည် အသက်ကို လူရာရောက်၏။
၂။ အဆင်းကို လူရာရောက်၏။
၃။ ချမ်းသာခြင်းကို လူရာရောက်၏။
၄။ အားအစွမ်းကို လူရာရောက်၏။
၅။ ဉာဏ်ပညာကို လူရာရောက်၏။
၆။ ယာဂုသောက်ခြင်းဖြင့် အဆာပြေ၏။
၇။ ရေငတ်ပြေ၏။
၈။ ဝမ်းလေစုန်၏။
၉။ အစာဟောင်းများ ကင်းစင်သွား၏။
၁၀။ အစာသစ်များ ကျေညက်၏။

(ဝိနည်းမဟာဝဂ်၊ ဘေသဇ္ဇခန္ဓက၊ ယာဂုမဒုဂေါဠကာဒီကထာ)

ဤအချက်များကို ကြားဖူးနားဝရှိထားသဖြင့် ဝိသာခါက ထုတ်ဖော်လျှောက်ထားခြင်း ဖြစ်ပေသည်။ သာသနာ့အကျိုးဆောင် ဒါယကာ ဒါယိကာမများသည် ဝိနည်း ပညတ်တော်များကိုလည်း နားလည်ထားပါမှ ပိုမိုအကျိုးဆောင်နိုင်ကြောင်း နမူနာကောင်းတစ်ရပ် ဖြစ်ပါပေသည်။

**

http://www.dhammadownload.com

သာသနာ့အကျိုးတော်ဆောင်

ကျွန်ုပ်၏ ညီတော် အနုရုဒ္ဓါအကြောင်း တစ်စိတ်တစ်ဒေသကို ရှေ့ပိုင်းမှာ တင်ပြပြီးပါပြီ။ မရှိစကား မကြားစဖူးဟု ဥဒါန်းတွင်လောက်အောင် ဘဝအကျိုးပေးသန်ခဲ့သော ညီတော်သည် သင်္ကန်းဝတ်နှင့် ပတ်သက်လျှင်ကား သူ့လို ကိုယ့်လို့မျှသာ ရှိခဲ့ပါသည်။

အကယ်၍ သူကသာ လက်ခံမည်ဆိုပါလျှင် အဖိုးထိုက် အဖိုးတန် ပိုးဖဲကတ္တီပါ သင်္ကန်းများကို တစ်ထည်မက လဲလှယ်၍ ဝတ်နိုင်လောက်ပါ၏။ လူလိုတန်းလို ချစ်ကြည်ညိုသူတို့ ပေါများလှပါ၏။ သို့သော် ညီတော် အရှင်အနုရုဒ္ဓါသည် ထိုသင်္ကန်းကို လက်မခံပါချေ။ အရှင်မဟာကဿပ၏ နှမူနာအတိုင်း ပုံသကူသင်္ကန်းကိုသာ ဝတ်ရုံလာခဲ့၏။

အလိုနည်းသော နိမ့်ချသောသဘောဖြင့်သာ ဤသင်္ကန်းများကို ဝတ်ကြရ၏။ သင်္ကန်းများရရှိရေးကား မလွယ်ကူလှပေ။ သုသာန်တစ်စ သချိုင်းဝင်္ဘဖြစ်စေ၊ လမ်းခွလမ်းဆုံ အမှိုက်ပုံများ၌ဖြစ်စေ သူတကာတို့မလိုချင်၍ စွန့်ပစ်ထားသော အဝတ်စုတ်များကို တစ်ထွာရရ၊ တစ်တောင်ရရ၊ တစ်စချင်း တစ်စချင်း ကောက်ယူစုဆောင်းကာ ဆက်စပ်ချုပ်လုပ်ကြရ၏။ ရဟန်းဦးရေနည်းသေးသော အချိန်တုန်းကတော့ သင်္ကန်းစများ အလွယ်တကူရနိုင်ပါ၏။ တစ်စ တစ်စနှင့် ရဟန်းဦးရေ များလာသည်တွင်ကား ပုံသကူရရေးအတွက် အခက်တွေ့ရပေတော့သည်။ တချို့မှာ ပုံသကူသင်္ကန်းအတွက် သချိုင်းသို့ သွားရင်းက မသင့်မလျော်သော အဖြစ်များနှင့် ကြုံခဲ့ကြရဖူးပေပြီ။

ပုံသကူသင်္ကန်း ရှာမရ၍ အဝတ်သင်္ကန်း နွမ်းရိနေသော အနုရုဒ္ဓါသည် သည်ယနေ့မှာတော့ သင်္ကန်းစများ ရလာခဲ့ပေပြီ။ ရမည့်ရတော့လည်း အဖိုးထိုက် အဖိုးတန် အဝတ်စများ။ အလျားက တစ်ဆယ့်သုံးတောင်၊ အနံကလေးတောင်တိတိ။

http://www.dhammadownload.com

သူ့အဆိုအရ အစက ဤမြို့ ရှည်လျားမှန်း၊ ဤလို အဖိုးထိုက်တန်မှန်း မသိဟု ဆိုပါ၏။ လူသူပြတ်လတ်သောတစ်နေရာရှိ အမှိုက်ပုံတစ်ခုနား ချဉ်းကပ်ရာတွင် အမှိုက်ထဲမှာ တစ်စွန်းတစ်စ ပေါ်နေသည်ကို တွေ့မြင်ရာမှ ပုံသကူကောက်ယူလာခဲ့သည်ဟု ဆိုပေသည်။ မိမိတို့ကြည်ညိုသော ရဟန်းတစ်ပါး၏ အခက်အခဲကို တစ်စုံတစ်ယောက်က ဖြေရှင်းပေးလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ သင်္ကန်းစများကို တိတ်တဆိတ်ထားခဲ့သော အလှူရှင် မည်သူဖြစ်မည်နည်း ။ ဈာန်အဘိညာဉ် ဝသီဘော်ထုံလာခဲ့သော အနုရုဒ္ဓါကတော့ သိပေလိမ့်မည်။ ကျွန်ုပ်အဖို့ကား အဝတ်သင်္ကန်းနွမ်းနေသည့်အဖြစ်မှ ညီတော်တစ်ပါး သိတင်းသုံးဖော်တစ်ပါး ကင်းလွတ်သွားရ၍ ဝမ်းသာဖို့သာ ရှိပေသည်။

ထိုထက်ပို၍ ဝမ်းသာရသည်ကား ထိုပုံသကူသင်္ကန်း ချုပ်သောအခါမှာ ဖြစ်ပေသည်။ အရှင်မဟာကဿပသည် သင်္ကန်းအရင်းပိုင်းမှာ ကိုင်၍ ပေး၏။ အလယ်ပိုင်းအတွက်တာဝန်ယူသူကား အရှင်မဟာသာရိပုတ္တရာ။ အဖျားဘက်မှာတော့ ကျွန်ုပ်တာဝန်ဖြစ်၍ အရှင်မဟာမောဂ္ဂလာန်သည် လိုအပ်သမျှသော အပ်နှင့် အပ်ချည်များကို သွားချည်ပြန်ချည် ယူ၍ပေးနေ၏။ အခြားသော မထေရ်ကြီးများက အပ်ချည်များကို တစ်ပါးပြီးတစ်ပါး ကျစ်ပေးကြ၏။ ကျစ်ထားသော အပ်ချည်တစ်မျှင်တစ်မျှင် ဆုံးလေတိုင်း အပ်နဖားထိုးပေးသူကား သုံးလူ့ထွဋ်ထား ဘုရားရှင်ကိုယ်တော်မြတ်ပင် ဖြစ်ပါသတည်း။

မကြိုစဖူးထူးကဲလှသော သင်္ကန်းချုပ်ပွဲကြီးပါပေတည်း။

(ဓမ္မပဒ အဋ္ဌကထာ၊ အရဟန္တဝဂ်၊ အနုရုဒ္ဓါဝတ္ထု)

သံဃာ့အကျိုး သယ်ပိုးဆောင်ရွက်ရာတွင် ဘုရားရှင်ကိုယ်တော်တိုင်က ဤသို့ စံနမူနာပြုတော်မူခဲ့ပေပြီမို့ ကျွန်ုပ်အကျိုးဆောင်ခဲ့သည်များကို ဝမ်းပန်းတသာ့ကာ တင်ပြရပါတော့မည်။

စောစောက ဖော်ပြခဲ့သည့်အတိုင်း တစ်ထွာစ တစ်တောင်စ အဝတ်စုတ်မျာ့းကို သင်္ကန်းတစ်ထည်ဖြစ်အောင် ဆက်စပ်ချုပ်ကြသည်ကား မှန်ပါ၏။ သို့ဇသော် ရဟန်းများအဖို့ နမူနာယူစရာ ပုံစံဟူ၍ကား မရှိသေးပါ။ သို့ဖြစ်၍ ရလာသမျှ အဝတ်စများကို ဖြစ်တတ်သလို ကပိုကရို ချုပ်စပ်၍ ဝတ်ကြရပေသည်။

အလိုနည်းသောစိတ်၊ မာန်မာနကိုချိုးနှိမ်ထားသောစိတ်ဖြင့် ဤသင်္ကန်းများကို ဝတ်ဆင်ရာတွင် အရှင်မြတ်များ၏ စိတ်ဓာတ်ကို လူ့ဘဝမှာကတည်းက ကျွန်ုပ် ကြည်ညိုခဲ့ပါသည်။ သို့သော် သင်္ကန်းများကိုကား ကြည်ညိုခြင်း မရနိုင်ခဲ့ပါ။ ကျွန်ုပ်ကိုယ်တိုင် ရဟန်းပြုလာတော့လည်း ဤသင်္ကန်းကြီးများကို မနှစ်မြို့နိုင်ကြောင်း ရိုးသားစွာ ဝန်ခံလိုပေသည်။ သို့ရာတွင် ကျွန်ုပ် ကုသိုလ်ကံကောင်း

http://www.dhammadownload.com

သည်မှာ ဤလို ပုံမကျပန်းမကျ သင်္ကန်းကြီးများနှင့် ကြာရှည်ကြာများ မနေလိုက် ရခြင်းပင် ဖြစ်ပါ၏။

သင်္ကန်းများ ပုံကျပန်းကျဖြစ်ချင်လာသော တစ်နေ့၌ ဘုရားရှင်သည် ကျွန်ုပ်ကို နောက်ပါပြုလျက် ဒေသစာရီကြွချီတော်မူခဲ့၏။ ရာဇဂြိုဟ်မြို့တော်မှသည် ဒက္ခိဏာဂိရိဇနပုဒ်ဆီသို့ ဖြစ်ပါ၏။ ကျွန်ုပ်တို့ လာခဲ့ရာ လမ်းတစ်လျှောက်ဝယ် မဂဓတိုင်းသား တောင်သူလယ်သမားတို့၏ လယ်ကွက်များက မျက်စိတစ်ဆုံး ရှိနေကြ၏။ အခြေတကျ လုပ်ကိုင်လာခဲ့ကြသည်မို့ လယ်ကွက်များမှာ ကြည့်ပျော် ရွှင်ပျော် ရှိပါဘိ၏။

လေးထောင့်စပ်စပ် လယ်ကွက်များဝယ် အလျားရော အနံပါ ကန်သင်းများ ဖြောင့်တန်း၍ နေကြ၏။ အချို့ လယ်ကွက်များအတွင်းဝယ် ကန်သင်းများထပ်၍ ကန့်ထားကြ၏။ အချို့မှာ ဒေါင်လိုက်တွင်မက အလျားလိုက် ကန်သင်းများပါ ကန့်ထားကြသေး၏။ အတွင်းက ကန်သင်းနှစ်ခု ဆုံရာတွင် ကြက်ခြေခတ်သဏ္ဌာန် ဖြစ်နေပေသည်။ မိဘများလက်ထက်က တစ်ဦးတည်းလုပ်ခဲ့သော လယ်ကွက်ကို သားသမီးများက အမွေခွဲထားကြဟန်ရှိပေသည်။

"အာနန္ဒာ၊ မဂဓ လယ်သမားတို့၏ လယ်ကွက်များကို မြင်၏လော"

လယ်ကွက်များကို အားပါးတရမျှော်နေစဉ် ဘုရားရှင်က မေးတော်မူလိုက်၏။

"မြင်ပါသည် အရှင်ဘုရား"

သည်လယ်ကွက်များကို ရှုမျှော်လျက် စိတ်နလုံးကြည်နူးရာတွင် ဘုရားရှင်ပါ ပါနေပြီမို့ ကျွန်ုပ်က အားရဝမ်းသာ စကားပြန်ပေးလိုက်ရပါ၏။

"စနစ်တကျ ပြုလုပ်ထားသော လယ်ကွက်များကဲ့သို့ပင် ရဟန်းတို့၏ သင်္ကန်းများကို ပြုပြင်၍ ပေးနိုင်မည်လော"

"မှန်ပါ့။ ပြုပြင်၍ပေးနိုင်ပါသည် ဘုရား"

မဆွတ်ခင်က ညွှတ်ချင်နေသော ကျွန်ုပ်က အားပါးတရ လျှောက်ထား လိုက်ရပေသည်။ ပုံမကျ ပန်းမကျ သင်္ကန်းများကို ပြုပြင်ပေးလိုပါလျက် အမိန့်တော် ထွက်ကို စောင့်နေသည်တွင် ယခုတော့ စောင့်ရကျိုးနပ်ပြီ မဟုတ်ပါလော။

ဒေသစာရီ ခရီးအဆုံး၌ ရာဇဂြိုဟ်မြို့တော်သို့ ပြန်ရောက်လျှင် ကျွန်ုပ်၏ စိမ်ကိန်းကြီး စတင်ပါတော့သည်။

မဂဓ လယ်ကွက်များ၏ နမူနာအတိုင်း ကျွန်ုပ်သည် ရဟန်းတို့၏ သင်္ကန်းများကို ပုံစံချ၍ ပေးလိုက်၏။ လယ်ကွက်များမှာ ပတ်ပတ်လည် ကန်သင်းရှိသကဲ့သို့ သင်္ကန်းမှာလည်း အလျားရော အနံပါ အနားပတ်များ ထည့် ပေးလိုက်၏။ လယ်ကွက်ကြီးထဲမှာ ကန်သင်းများ အကန့်အကန့် ခြားထားသကဲ့သို့

http://www.dhammadownload.com

သင်္ကန်းမှာလည်း တလုပ်မြောင်းငယ်များထည့်ပေးလိုက်၏။ ကန်သင်းကန့်ထားသော အကန့်များကဲ့သို့ အိမ်ဝန်းကြီးနှင့်အိမ်ခွဲများ ထည့်ပေးလိုက်၏။ အိမ်ဝန်းကြီးနှင့် အိမ်ခွဲတို့ကို ဆက်စပ်ရန် အလယ်ခေါင်းနှင့် ခေါင်းရံတို့လည်း ပါစေရ၏။

ထိုပြင်တစ်ဝ လည်ပင်းနှင့်ထိရာ၊ ခြေသလုံးနှင့် တိုက်ခတ်ရာတို့တွင် သင်္ကန်းများ မကြာမီ ရိတတ်၊ စုတ်တတ်၏။ ထို့ကြောင့် ထိုနေရာများမှာလည်း အစပိုဖြင့် ထပ်၍ ချုပ်ပေးရပေသည်။

ဤသို့ စနစ်တကျပြုပြင်ပေးလိုက်သဖြင့် သင်္ကန်းများဖြန့်၍ လှမ်းထားရာတွင် ကြည်ညိုဖွယ်ရာ ဖြစ်လာကြ၏။ ဝတ်ရုံရာဌ်လည်း ပို၍ ခိုင်ခံ့လာကြ၏။

ဤပုံစံအတည်တကျဖြစ်လာပြီမို့ နောက်နောင်ချုပ်သော သင်္ကန်းများမှာလည်း အထည်ကြီးပင် ဖြစ်စေကာမူ ဓားလှီး ဓားဖြတ်ပြု၍ ပုံစံအတိုင်းချုပ်ကြရတော့၏။ ဤသို့ ပုံပြောင်းပေးလိုက်သဖြင့် လူတို့၏ အဝတ်အဆင်နှင့် ကွာခြားကာ ရဟန်းတို့နှင့်လည်း လျောက်ပတ်၏။ အထည်ကောင်းကို အပိုင်ပိုင်းဖြတ်ထားပြီးပြီမို့ ခိုးသားဓားပြတို့လည်း မက်မောဖွယ် မရှိတော့ပြီ။

သင်္ကန်းများတစ်စုံပြီးတစ်စုံ ချုပ်ပေးနေရ၍ ပင်ပန်းနွမ်းနယ်နေသော ကျွန်ုပ်အား ရှင်တော်ဘုရား၏ ချီးကျူးစကားများက သိတာရေချမ်း ဖျန်း၍ ပေးလိုက်ကြပါပေသည်။

(ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊
ဆိန္နစီဝရာနုဇာနနကထာ ပါဠိတော်နှင့် အဋ္ဌကထာ)

သံဃာ့အကျိုး သယ်ပိုးရာတွင် ဤလို ကိုယ်ဖိရင်ဖိ ဆောင်ရွက်ရသကဲ့သို့ တစ်ခါတစ်ရံတွင်ကား ခရီးသွားဟန်လွဲ သဘောဖြင့် ဆောင်ရွက်ခဲ့ရသော ကိစ္စများလည်း ရှိခဲ့ပါ၏။

ဝဂ္ဂုမုဒါ မြစ်ကမ်းပါးက ရဟန်းတို့သည် ငတ်မွတ်ခေါင်းပါးသည့်ကာလဝယ် စားပေါက်စားလမ်း ချောင်စေရန် မိမိတို့မှာ အဟုတ်တကယ်မရှိသော ဈာန်မဂ်ဖိုလ် တရားများကို ကြွားဝါပြောဆိုကြ၏။ ထိုရဟန်းတို့ကို အကြောင်းပြု၍ ဘုရားရှင်သည် စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ သိက္ခာပုဒ် ပညတ်ပြီးမှ ဤအမှုမျိုး ဆက်လက်ကျူးလွန်သူသည် သာသနာ့ဘောင်မှာ ရပ်တည်ခွင့် မရနိုင်တော့ပေ။

သိက္ခာပုဒ်က တားမြစ်လိုက်သဖြင့် အလိုဆိုးဖြင့် ပြောကြားသူများ ပပျောက်သွားပါ၏။ သို့သော် မရသေးဘဲလျက် ရပြီထင်၍ ပြောကြားမှုကား ရှိပေသေးသည်။ ပြောစဉ်တုန်းကတော့ မိမိတို့ စိတ်သန္တာန်ဝယ် ကိလေသာတွေ အဟုတ်တကယ်

http://www.dhammadownload.com

ကင်းစင်နေသယောင် ထင်ရ၏။ သို့သော် အကြောင်းတိုက်ဆိုင်လာသောအခါမှာကား ကိလေသာတို့က ဖြစ်ပေါ်၍ လာကြ၏။

လူသိရှင်ကြား ပြောကြားခဲ့မိသော စကားများအတွက် အခက်ကြုံနေရသော ထိုရဟန်းများအား ကျွန်ုပ်ကူညီရန်မှာ ရှေ့တော်မှောက်သို့ ဝင်ရောက်လျှောက်ထား ပေးခြင်းသာ ဖြစ်ပေသည်။

တစ်ခါတစ်ရံ ဤလို သဘောရိုးဖြင့် ပြောမှားမိသည်များလည်း ရှိတတ်သဖြင့် ဘုရားရှင်က ရသည်အထင် (အဓိမာန)နှင့် ပြောကြားမိသူများကို အလွတ်ထား၍ဟူသော နောက်ထပ်ပညတ်ချက်ကို မူလပညတ်ချက်ထဲမှာ ထည့်သွင်း ပေးတော် မူရပေသည်။

(စတုတ္ထပါရာဇိကသိက္ခာပုဒ် မူလပညတ်နှင့် အနုပညတ်)

ကျောင်းစဉ်လှည့်ခြင်း အလုပ်မှာ ကျွန်ုပ်၏ နေ့စဉ်ဝတ္တရား အလုပ်တစ်ခုဖြစ်ပါ၏။ တစ်ခါတစ်ရံ ဘုရားရှင်ကိုယ်တော်တိုင်ပါ၏။ တစ်ခါတစ်ရံ အခြား ရဟန်းတစ်ပါးပါး ပါလာတတ်၏။ အကြောင်းမည်ညာတ်၍ အခြားပုဂ္ဂိုလ်များ မပါနိုင်လျှင်လည်း ကျွန်ုပ်ကတော့ လှည့်မြဲလှည့်လည်သည်သာ ဖြစ်ပေသည်။

တစ်စထက်တစ်စ အရေအတွက်များပြားလာသော ရဟန်းပရိသတ်တွင် စရိုက် ဝါသနာအမျိုးမျိုး ရှိနေတတ်သဖြင့် မကြာခဏ လှည့်လည် စစ်ဆေးနိုင်မှ တန်ကာကျ၏။ ကျောင်းစဉ်လှည့်၍ စစ်ဆေးရာတွင် အများဆုံးတွေ့ရသော အမှုများမှာ သင်္ကန်းနှင့်ပတ်သက်၍ ဖြစ်နေတတ်ပေသည်။

ရဟန်းပေါင်းထောင်ချီ၍ရှိနေသော ကျောင်းတိုက်ကြီး၌ ဟိုနေရာ သည်နေရာတွင် သင်္ကန်းများတွေ့ရခြင်းမှာ အဆန်းမဟုတ်ပါ။ တချို့ ဆိုးပြီးခါစ၊ တချို့ လျှော်ပြီးခါစ၊ တချို့ ခွေးစွန်း ခွေးကွက်များ ခြောက်သွားစေရန်၊ အချို့ အနံ့ အသက်များပြေပျောက်စေရန် နေလှန်း၍ ထားကြရှိးရှိပါသည်။ သို့ရာတွင် ကျွန်ုပ်အဖို့ ထိုနေ့က အမြင်ဆန်းနေသည်မှာ ကျောင်းပေါင်းစုံတွင် လှန်းထားလေသမျှ နှစ်ထပ်သင်္ကန်းချည်း ဖြစ်နေ၏။ လှန်းထားသော နှစ်ထပ်သင်္ကန်းကြီးများမှာလည်း မှိုနှင့် ဖွေးဖွေး။ အကျိုးအကြောင်း စုံစမ်းလိုက်တော့ ခရီးထွက်နေကြသော ရဟန်းများက သွားလေရာရာ လာလေရာရာ အလေးမခံလို၍ ထားပစ်ခဲ့ကြသောဟူ၏။

ခက်ခက်ခဲခဲရှာဖွေဆည်းပူးထားရသော သင်္ကန်းကိုမှ သင်္ကန်းမမှတ်တတ်သော ထိုပုဂ္ဂိုလ်များကို ကျွန်ုပ် လျစ်လျူရှုမနေနိုင်ပါ။ ဘောင်တစ်ခုဖြင့်ကန့်သတ်ပေးတော် မူရန် ရွှေနှားတော်ကြား လျှောက်ထားရပါတော့သည်။ ဒုတိယ ကထိန သိက္ခာပုဒ်သည် တိစီဝရိတ်ခုတင်ဆောင် ပုဂ္ဂိုလ်များ ကိုယ့်သင်္ကန်းကို သင်္ကန်းမှတ်မှတ် ကိုယ်နှင့်

http://www.dhammadownload.com

မကွေမကွာ ရှိနေစေရန် ဘောင်ကန့်၍ ပေးထားပေသည်။ ဂိလာန ပုဂ္ဂိုလ်များကိုကား ထိုဘောင်မှ လွတ်လပ်ခွင့် ပေးတော်မူပါ၏။

(နိဿဂ္ဂိယပါစိတ်၊ ဒုတိယ ကထိနသိက္ခာပုဒ်)

ကျွန်ုပ်တို့ ရဟန်းလောကဌ် ကာလသင်္ကန်းနှင့် အကာလသင်္ကန်းဟူ၍ အချိန်အခါကိုလိုက်၍ သင်္ကန်းနှစ်မျိုးရှိ၏။ ကာလသင်္ကန်းဟူသည်မှာ ကထိန်မခင်းလျှင် သီတင်းကျွတ်လဆုတ် တစ်ရက်မှ တန်ဆောင်မုန်းလပြည့်ထိ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်ထိ ဤကာလအတွင်းလှူသော သင်္ကန်းဖြစ်၏။ သင်္ကန်းအလှူခံခွင့် ရှိသောအခါဌဲ့ လှူသောသင်္ကန်းဟု အဓိပ္ပာယ်ရ၏။ ထိုအခါဌဲ့အပဌဲ့ လှူလေသမျှကား အကာလ သင်္ကန်းဖြစ်ပေသည်။

သင်္ကန်းတစ်တည် မချုပ်လောက်သေးသော အကာလသင်္ကန်းစတစ်ခု ရပြီးနောက် ထည်လုံးပြည့်ဖြစ်လာရန် မျှော်လင့်ချက်ရှိလျှင် မချုပ်၊ မဆိုးသေးဘဲ ထားခွင့်ရှိ၏။ ဧတေဝန်ကျောင်းတော်က ကျွန်ုပ်၏ သီတင်းသုံးဖော်များသည် ထိုအချက်ကို အခွင့်ကောင်းယူကာ အကာလသင်္ကန်းများကို သင်္ကန်းတန်းမှာ ထုပ်၍ဆွဲထားကြ၏။ လျင်မြန်စွာ ချုပ်ဆိုးမှုမပြုဘဲ တစ်လကျော်အောင် ထားခဲ့ကြ၏။ ဘုရားရှင် ရည်ရွယ်တော်ရင်းနှင့် ကွာခြားနေသော ထိုအပြုအမူကို ကျွန်ုပ်က ရှေ့တော်အရောက် ပို့ဆောင်လိုက်သောအခါ နိဿဂ္ဂိအခန်းဌဲ့ တတိယကထိန သိက္ခာပုဒ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ရဟန်းတို့သည် အကာလသင်္ကန်းကို တစ်လ ထက်ပို၍ မထားရတော့ဘဲ မြန်မြန်ထက်ထက် သင်္ကန်းဖြစ်အောင် ကြိုးစားကြရပေတော့သည်။

(နိဿဂ္ဂိယပါစိတ်၊ တတိယကထိန သိက္ခာပုဒ်)

ဘုရားရှင်ကိုယ်တော်တိုင် ကျောင်းစဉ်လှည့်ရာ ပါလာသော ထိုနေ့က ကြိုရပုံမှာ အင်မတန်အရုပ်ဆိုးလှပါ၏။ တရားလက်လွတ် ငှက်တောင်ကျွတ်အဖြစ် ဖြင့် တစ်ညတာကုန်ဆုံးခဲ့ရသော ရဟန်းတို့၏ စိတ်အစဉ်က သူတို့၏ အိပ်ရာခင်းများမှာ အရိပ်ထင်၍ နေကြပေသည်။ သည်အိပ်ရာခင်းများကို မဖွတ်မလျှော်ဘဲ လူမြင်သူမြင်ခံကာ သူတို့မို့ လှန်းရဲကြပါပေ့။

သည်တစ်ခါတော့ ကျွန်ုပ်က လျှောက်နေစရာ မလိုတော့ပါ။ ကိုယ်တော်တိုင် အမြင်အတွေ့ ဖြစ်နေပါပြီ။ သို့ရာတွင် သန်တုန်းမြန်တုန်း ရဟန်းပျိုများအဖို့ သတိလက်လွတ်လျှင် လွတ်သလို တွေ့ကြုံရတတ်သော ကိစ္စမို့ ဘုရားရှင် ကိုယ်တော်မြတ်က ထူးထူးထွေထွေ ပြစ်တင်ရှုတ်ချတော်မမူဘဲ အိပ်ရာခင်းများ မလူးမပေစေရန် နိသီဒိုင်ကို ခွင့်ပြုတော်မူပေသည်။

http://www.dhammadownload.com

နိသီဒိုင်ဟူသည်မှာ လက်နှစ်ဖက်ပါသော အင်္ဂါသဏ္ဌာန်ဖြစ်၍ လက်နှစ်ဖက်ဖြင့် ခါးမှာစည်းကာအောက်သို့ တန်းလန်းကျနေသော အစကို နောက်သို့ဆွဲယူ၍ ခါးတောင်းကျိုက်ထားရန် ဖြစ်ပေသည်။

(ဒီနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက)

သံဃာ့အဖွဲ့အစည်း တည်တံ့ခိုင်မာရေးအတွက် ပြုပြင်ဖွယ် ကိစ္စများကို ကျောင်းစဉ်လှည့်ရင်း တွေ့ရတိုသကဲ့သို့ ဆွမ်းခံသွားရင်းလည်း တွေ့ကြုံရသည်သာ ဖြစ်၏။ သို့သော် သည်တစ်ခါ ပြုပြင်ရသည်မှာ ရဟန်းများဘက်က မဟုတ်ဘဲ ဘုရားရှင်ကိုယ်တော်တိုင် ဖြစ်၍ နေပေသည်။

သုဒ္ဓပါစိတ် အပါအဝင် ပရမ္မရဘောဇနသိက္ခာပုဒ်အရ ကျွန်ုပ်တို့ ရဟန်းများသည် ရှေးဦးစွာ ဖိတ်ကြားထားသော ဆွမ်းကိုပစ်ပယ်လျက် နောက်မှ ဖိတ်လာသော ဆွမ်းကို မစားရပေ။ မကျန်းမာသောအခါ၊ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်လုပ်သောအခါများ၌ကား ခြွင်းချက်ဖြစ်ပေသည်။

ကိုယ်တော်မြတ်အပေါ်၌ ကိုယ်လုံးပုံ၍ ယုံကြည်ထားကြသူများပီပီ ကျွန်ုပ်တို့သည် ပညတ်ထားသော သိက္ခာပုဒ်များကို တစ်သဝေမတိမ်း လိုက်နာကြပါ၏။ သို့လိုက်နာခဲ့သဖြင့် ရဟန်းရော၊ ဒါယကာများပါ နှစ်ဦးနှစ်ဝ စိတ်ချမ်းသာကြ၏။ စောစောတုန်းကတော့ ဆင်းရဲသား ဒါယကာတစ်ယောက်က ဆွမ်းစားပင့်ထား ပါလျက် ရဟန်းတို့က သင့်တင့်လျောက်ပတ်အောင် ကပ်နိုင်မည်မထင်၍ ရွာထဲမှာ ဆွမ်းခံ၍ စားထားကြ၏။ ကြိုးစားပမ်းစား ချက်ပြုတ်ထားရသော ဆွမ်းများကိုမူ တို့ကာပင့်ကာမျှ စားကြသဖြင့် သူဆင်းရဲဒါယကာမှာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရ၏။ ရဟန်းတို့မှာ စားရသည်နှင့် မကာမိအောင် ရှုတ်ချပစ်တင် ခံကြရ၏။ ယခုတော့ ရဟန်းရော ဆွမ်းဒါယကာများပါ စိတ်ချမ်းသာခွင့် ရကြပေပြီ။

သို့သော် လောကကြီးကား တော်တော်ခက်ဘိတောင်း။ ကြုံလာရသော ပြဿနာတစ်ခုကို သည်ပုံသည်နည်း ဖြေရှင်းပေးလိုက်၍ ပြေလည်သွားပြီဆိုလျှင်ပင် နောက်ပြဿနာက အရုန်သင့် ရှိနေချေပြီ။ ပရမ္မရဘောဇန သိက္ခာပုဒ်ကို စောင့်စည်းသောအားဖြင့် စိတ်အေးချမ်းသာ ဖြစ်နေရသော ကျွန်ုပ်ထံသို့ ပြဿနာတစ်ခုက ဝင်မိအောင် ဝင်လာခဲ့ပေသည်။

ထိုနေ့က ဘုရားရှင်သည် ကျွန်ုပ်ကို နောက်ပါခေါ်ကာ ဝေသာလီ မြို့တော်တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်၍သာ လိုက်ပါလာခဲ့ရ၏။ ကျွန်ုပ်မှာ သည်နေ့ နံနက်၌ ဆွမ်းစားတစ်ခုကို လက်ခံထားပြီးသား ဖြစ်၏။ ရှေးဦးစွာဖိတ်ကြားထားသော ဆွမ်းရှိပါလျက် ယခု ဆွမ်းများကို ခံယူ

http://www.dhammadownload.com

လျှင် အပြစ်မကင်းနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်သပိတ်ထဲ လောင်းမည်ပြုလာသော ဆွမ်းများကို တားမြစ်နေရ၏။ ဤတွင်ဘုရားရှင်က ကျွန်ုပ်၏ အခက်အခဲကို ဖြေရှင်းသောအားဖြင့် ရှေးဦးစွာဖိတ်ကြားထားသော ဆွမ်းကို အခြားရဟန်းတစ်ပါးပါးထံ လွှဲပြောင်းပေးလိုက်လျှင် ဝိနည်းအခေါ်အားဖြင့် ဝိကပွနာပြုလိုက်လျှင် နောက်ဆွမ်းကို ခံယူစားသောက်နိုင်သည်ဟု ပြင်ဆင်ချက် ထုတ်ပြန်တော်မူပေသည်။

(သုဒ္ဓပါစိတ်၊ ပရမ္ပရဘောဇန သိက္ခာပုဒ်)

စားရေးသောက်တာနှင့်ပတ်သက်၍ နောက်တစ်ခါ ပြဿနာကြုံရသော သိက္ခာပုဒ်ကား ပထမ ပဝါရဏာ သိက္ခာပုဒ်ဖြစ်၏။ ဤသိက္ခာပုဒ်အရ ရဟန်းများသည် အစားအစာတစ်ခုခုကို စားနေဆဲတွင် နောက်ထပ် ဆက်ကပ်လာသော အစားအစာများကို ပယ်လှန်မိလျှင် ဆက်၍ မစားရတော့ပေ။

ဤသိက္ခာပုဒ် ပညတ်ရခြင်းမှာလည်း ဗြာဟ္မဏ ဆွမ်းဒါယကာတစ်ဦး၏ သဒ္ဓါတရားကို ငဲ့ကွက်၍ ဖြစ်၏။ ဗြာဟ္မဏဒါယကာအိမ်မှာ ဆွမ်းစားကိစ္စပြီးစီးပါလျက် ရဟန်းများက အနီးအပါးက အိမ်များသို့ သွား၍ စားကြသေးရာ ဗြာဟ္မဏ ဆွမ်းဒါယကာ မကျေမနပ်ဖြစ်ခဲ့ရ၏။

ယခုတော့ ဤသိက္ခာပုဒ်ကျေးဇူးကြောင့် နှစ်ဦးနှစ်ဖက် စိတ်ချမ်းမြေ့စွာ ဆက်ဆံနိုင်ကြပါပြီ။ ရှင်တော်မြတ်၏ ရည်ရွယ်ချက်ကို သိပြီမို့လည်း မည်သည့် ရဟန်းကမှ မပယ်လှန်ပါ။ သို့ဖြစ်၍ ဂီလာနရဟန်းများက ပယ်လှန်လိုက်သော ကောင်းနိုးရာရာ အစားအစာများကို ကျောင်းတံတိုင်းဘေးမှာ သွား၍ သွန်ကြရပေသည်။

ဤသိက္ခာပုဒ်အတွက် ရဟန်းများဆီက တစ်စုံတစ်ရာ အသံထွက်မလာသော်လည်း ကျီးသံကား သောသောည်၍ လာပါ၏။ စွန့်ပစ်ထားသော အစားအစာများကို အုပ်နှင့်ဖွဲ့ကာ လုယက် စားသောက်နေကြခြင်း ဖြစ်ပေသည်။

အကြောင်းမရှိလျှင် တိတ်ဆိတ်စွာနေလေ့ရှိသော ဘုရားရှင်သည် ကျီးသံများကြောင့် ကျွန်ုပ်ကိုခေါ်၍ မေးတော်မူ၏။ ကျွန်ုပ်ကလည်း ပညတ်ချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြသော သီတင်းသုံးဖော်များအကြောင်းကို တင်လျှောက်ရ၏။ ဤတွင်ဘုရားရှင်က ဤအစားအစာအားလုံးကို တော်ပြီဟု နှုတ်မြွက်လိုက်လျှင် ဝိနည်းအခေါ်အားဖြင့် အတိရိက်ပြုလိုက်လျှင် စားခွင့်ရှိကြောင်း ထပ်လောင်းမိန့်မှာတော်မူပေသည်။

(သုဒ္ဓပါစိတ်၊ ပထမ ပဝါရဏာသိက္ခာပုဒ်)

http://www.dhammadownload.com

ကျွန်ုပ်အကျိုးဆောင်ပေးရသော သံဃာ့ကိစ္စများအနက် သတ္တရသဝဂ္ဂီ ရဟန်းငယ်ကလေးများ၏ ကိစ္စကား ရယ်ချင် ပြုံးချင်စရာပင် ဖြစ်ပါ၏။ ဆယ့်ခုနစ်ယောက်တိတိ အတူတကွ နေတတ်ကြသဖြင့် ဤအမည်တွင်နေခြင်း ဖြစ်၏။ ရဟန်းခံနိုင်သည့်အသက်ကို ယခုလို တိတိကျကျ မသတ်မှတ်၍သာ သူတို့လေးတွေ ရဟန်းဘောင် ရောက်လာကြရ၏။ တကယ်တော့ဖြင့် မိဘကို နွဲ့ဆိုးဆိုး၍ကောင်းတုန်း။ ဟိုဟာ သည်ဟာ ပူဆာ၍ကောင်းတုန်း ကလေးငယ်များသာ ဖြစ်ကြ၏။ သက်သောင့်သက်သာ အသက်မွေးနိုင်ရန်ဟု သူတို့ မိဘများက ရဟန်းဘောင် သွတ်သွင်းခဲ့ကြခြင်း ဖြစ်ပေသည်။

ကိုယ်တော် အရှင်မြတ်ကလေးတို့သည် ရဟန်းခံသည့် ညတုန်းကတော့ ဟုတ်တုတ်တုတ်ပင် ဖြစ်ပါ၏။ တန်းစေ့ ပန်းစေ့ ရဟန်းများနှင့် အတူတကွ အေးဆေးငြိမ်သက်စွာ ကျိန်းစက်တော်မူကြ၏။ သို့သော် နံနက်လင်းအားကြီးအချိန်မှာကား သူတို့ ဇာတိရုပ်ကို ပြကြတော့၏။ မိဘရင်ခွင်မှာ နေတုန်းကအတိုင်း အစားအစာကို တောင်းကြ၏။ ငိုသူက ငို၍ ယိုသူက ယိုကြ၏။ အိပ်ရာခင်းရှိသမျှ ရွှဲရွှဲစိုကာ တစ်ကျောင်းလုံး နှာခေါင်းပိတ်နေကြရ၏။

ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်းပင် နံနက်လင်းလျှင်ပင် ဘုရားရှင်၏ ခေါသံကို ကြားရ၏။ ကြားရသောအသံများအတွက် အမေးအမြန်း ရှိတော်မူသည်တွင် ကျွန်ုပ်က ပြည့်ပြည့်စုံစုံတင်လျှောက်ရ၏။ ဤတွင် အသက် နှစ်ဆယ်ပြည့်မှ ရဟန်းခံရန် သတ်မှတ်ချက် ထွက်ပေါ်လာပေသည်။

ဤဝတ္ထုအကြောင်းများ၌ ကျွန်ုပ်ဘက်က ထူးထူးခြားခြား ကြောင့်ကြစိုက်မှု ဟူ၍ မရှိပါ။ အမေးတော်ရှိသည့်အခါ အလိုက်သင့် လျှောက်တင်ရုံမျှသာ ရှိ၏။ သို့သော် သံဃာ့အဖွဲ့အစည်းပေါ်ဝယ် အစဉ်တစိုက်အကျိုးသက်ရောက်မှု ရှိသွားစေသော ဤအကြောင်းကိစ္စများတွင် ပါဝင်ပတ်သက်ခွင့်ရသဖြင့် ကျွန်ုပ်က အမှတ်တရ ဖော်ပြရခြင်း ဖြစ်ပေသည်။

(သုဒ္ဒပါဒိတ်၊ ဦးနဝိသတိဝဿသိက္ခာပုဒ်)

ကျွန်ုပ်ရရှိသော ဓာတဒဂ်ဂုဏ်ထူး ငါးမျိုးတွင် သတိကောင်းသူအဖြစ်လည်း ပါဝင်ခဲ့ပါ၏။ သို့သော် သတိကောင်းသော ဤဂုဏ်ထူးဆောင် ပုဂ္ဂိုလ်သည် တုစ်ကြိမ်က သတိမေ့လျော့နေခဲ့သဖြင့် ကျောက်ထီး တန္တု အလေးပြုလာခဲ့ရသော ဆရာသမားတို့၏ အငြိုအငြင်းကို ခံခဲ့ရပါ၏။ ဤသည်တို့မှာ နောက်နောင် သက်ဆိုင်ရာအခန်းကျမှ ပြည့်ပြည့်စုံစုံကြားနာကြရန် ဖြစ်၍ ယခု လောလောဆယ် ကြားနာရန်ကား ဝိနည်းပညတ်ချက်တစ်ခုနှင့် သက်ဆိုင်သော ကျွန်ုပ်၏ သတိမေ့မှုသာ ဖြစ်ပေသည်။

http://www.dhammadownload.com

ထိုတစ်နေ့က ကျွန်ုပ်သည် တစ်စုံတစ်ရာ စိတ်စောနေသဖြင့် နှစ်ထပ်သင်္ကန်းကြီးမပါဘဲ သာဝတ္ထိမြို့တွင်းသို့ ဝင်ခဲ့မိ၏။ ကျောင်းက ထွက်လာစဉ်က သတိမထားမိခဲ့။ မြို့တွင်းရောက်မှ သတိရ၏။ သို့သော် ပြန်ယူရန်လည်း မဖြစ်နိုင်တော့သဖြင့် သင်္ကန်းနှစ်ထည်တည်းနှင့် လာခဲ့ရင်း ဒါယကာအိမ်သို့ ဝင်ခဲ့ရ၏။

ကျောင်းသို့ ပြန်ဝင်လာရာတွင် ပညတ်တော်ကို ဖောက်ဖျက်မှုဖြင့် ရဟန်းများက ကျွန်ုပ်ကို ပြောကြ ဆိုကြ၏။ ဤတွင် သဲဃာ့ပရိသတ်အား လုံးကို သက်ညှာခွင့်ပေးသောအားဖြင့် နှစ်ထပ်သင်္ကန်းကြီးများ ချထားနိုင်သော အခွင့်ငါးမျိုးကို သတ်မှတ်၍ ပေးတော်မူပေသည်။

(ဝိနည်း မဟာဝဂ်၊ စီဝရက္ခန္ဓက)

တစ်ခါတုန်းကလည်း ကြုံခဲ့ရသေး၏။ ကျွန်ုပ်သည် မြို့တွင်းသို့ ပေါ့ပါးသော သင်္ကန်းများ ဝတ်ရုံ၍သွားရာ လေပြင်းတိုက်ခတ်ခိုက်နှင့် ကြုံသဖြင့် အရှက်တကွဲဖြစ်ခဲ့ရ၏။ ဤဖြစ်ရပ်ကား ပညတ်တော်ကို ချိုးဖောက်ခြင်း မဟုတ်၍ ရဟန်းများက အပြစ်မတင်ကြတော့ပါ။ သို့သော် တစ်ယောက်စကား တစ်ယောက်နားဖြင့် ဘုရားရှင် သိတော်မူသဖြင့် နောက်နောင် ဤလိုအဖြစ်မျိုးနှင့် မကြုံရစေရန် ဧကသိသင်္ကန်းများမှာ တပ်စရာ ကမ္မတ်အိမ်နှင့် ကမ္မတ်ကွင်းကို ခွင့်ပြုတော်မူပေသည်။

ဝိနည်း ပညတ်ချက်များနှင့်ပတ်သက်၍ ကျွန်ုပ် အကျိုးဆောင်ခဲ့သည်များကို တင်ပြခဲ့ပါပြီ။ ဤဝတ္ထုအကြောင်းများတွင် ကျွန်ုပ် တမင်တကာ ဆောင်ရွက်ရသည်လည်း ရှိ၏။ ပတ်သက်သည်ဆိုရုံမျှ ပတ်သက်သည်လည်း ရှိ၏။ သို့သော် သဲဃာ့နောင်ရေးမှာ အကျိုးသက်ရောက်မှုကား ရှိကြပေသည်။

ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းကို တင်ပြရာတွင် ပြည့်ပြည့်စုံစုံ ကြားနာနိုင်ကြရန် တမင်တကာ ဆောင်ရွက်ပေးပါလျက် အရာမထင်ခဲ့ရပုံများကိုလည်း ဇာတ်ကြောင်းလှန်ရပါဦးမည်။

ကာလန္ဒသူဌေး၏သား အရှင်သုဒိန်၏ မယားဟောင်းနှင့် ပေါင်းဖော်မှုကြောင့် ဘုရားရှင်သည် ပထမ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သိက္ခာမရဘဲ ဤသိက္ခာပုဒ်ကို ကျူးလွန်ကာ လူထွက်၍ သွားကြ၏။ သူတို့သည် လူ့ဘဝမှာ လွတ်လပ်ပျော်ရွှင်စွာ နေခဲ့ရာမှ တစ်စနှင့်တစ်စ ပစ္စည်းဥစ္စာ ပျက်စီးလာကြရ၏။ အားကိုးလောက်သော ဆွေမျိုးသားချင်းများလည်း သေဆုံးသွားကြ၏။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ အနာရောဂါ ထူပြောလာကြ၏။ ဤတွင်မှ သက်သောင့်သက်သာ နေလာခဲ့ရသော သာသနာတော်ကြီးကို သတိရကာ ကျွန်ုပ်ထံ ချဉ်းကပ်လာကြ၏။ သာသနာတော်တွင်း၌ အသစ်တစ်ဖန် ရဟန်းခံခွင့်ရအောင် လျှောက်ထားပေးပါမည့်အကြောင်း တောင်းပန်ကြ၏။

http://www.dhammadownload.com

ကျွန်ုပ်ကား လူသားအားလုံးတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနေကျဖြစ်၍ ဝဇ္ဇီတိုင်းသား ရဟန်းလူထွက်များ၏ ဆန္ဒကို ရှေ့တော်မှောက်သို့ အရောက်ပို့လိုက်ရ၏။ ဤတွင်ဘုရားရှင်က–

"အာနန္ဒာ၊ ဝဇ္ဇီတိုင်းသားတို့ကို အကြောင်းပြု၍ ငါဘုရားသည် သာဝကတို့အား ပညတ်ပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်း မပြုတော့ပြီ"

ကျွန်ုပ် လျှောက်ထားသည့်အတွက် ဘုရားရှင်သည် တချို့ သိက္ခာပုဒ်များကို သက်ညှာခွင့်ပေးတော်မူခဲ့သည် မှန်ပါ၏။ သို့သော် ဤသို့ ပေးတော်မူခဲ့ခြင်းမှာ လျှောက်ထားသူ ကျွန်ုပ်၏ မျက်နှာကြောင့် လုံးဝ မဟုတ်ပါ။ သံဃာ့အဖွဲ့အစည်းကြီး၏ မျက်နှာကြောင့်သာ ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းကြီး၏ နောင်ရေးအတွက်သာ ဖြစ်ပါသည်။ သည်အဖွဲ့အစည်းကြီး၏ အရှည်သဖြင့် တည်တံ့ခိုင်မြဲရေး မဟုတ်ပါက ကျွန်ုပ်တို့၏ လျှောက်ထားချက်ကိုပင် ပယ်ချတော်မူပေသည်။

(ပထမပါရာဇိက သိက္ခာပုဒ်၊ သဏ္ဌတဘာဏဝါရ၊
ဝဇ္ဇီပုတ္တကဝတ္ထု)

**

http://www.dhammadownload.com

သံဃာချင်း ဆက်ဆံရေး

သည်ကိစ္စအတွက် အဓိက တာဝန်ရှိသူများ၏ အမည်နာမများကို ထုတ်ဖော်လိုက်လျှင် တအံ့တသြဖြစ်မည့်သူ ရှိလိမ့်မည် မထင်ပါ။ သိက္ခာပုဒ် ပညတ်ယူရအောင် မဖွယ်မရာ ပြုခဲ့လေသမျှ အမှုများတွင် ထိုပုဂ္ဂိုလ်များ၏ ခြေရာလက်ရာက တစ်ဝက်လောက်ပါသည်ဟုပင် ဆိုလောက်ပေသည်။

သူတို့ခြောက်ယောက် သာသနာ့ဘောင် ဝင်လာခြင်းကပင် သဒ္ဓါကြောင့် မဟုတ်ပေ။ တောင်သူယာခုတ် အလုပ်များကို ပင်ပန်းကြီးစွာ လုပ်မနေရဘဲ အဲသက်မွေးဝမ်းကျောင်းမှု လွယ်ကူရုံမျှ သက်နှံးဝတ်လာကြခြင်းသာ ဖြစ်၏။ သို့သော်လည်း တစ်ဖက်ကလည်း သာဝတ္ထိမြို့တော်ကြီးသားပီပီ စဉ်းစားဉာဏ်သုံးတတ်ကြသူများဖြစ်၍ တော်ရာ လျော်ရာမှာ ရဟန်းမခံကြ။ ရှင်တော်မြတ်၏ လက်ရုံးနှစ်ဆူဖြစ်သော အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာ မောဟ္ဂလာန်တို့ထံမှာ ရဟန်းခံခဲ့ကြ၏။ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့သော် အားကိုးအားထား ပြုနိုင်လောက်သော ပုဂ္ဂိုလ်များကို တမင်တကာ ရွေးချယ်၍ ချဉ်းကပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

သူတို့ခြောက်ပါးမှာ တပူးတွဲတွဲနှင့် သွားလာတတ်၊ နေထိုင်တတ်ကြသဖြင့် ဆဗ္ဗဂို ရဟန်းများဟု သိတင်းသုံးဖော်များက ကင်ပွန်းတပ်ကြ၏။ ဆဗ္ဗဂို့တို့၏ အကြီးအမှူးများကား အရှင်အဿဇိနှင့် အရှင် ပုနဗ္ဗသုတို့ ဖြစ်ကြ၏။ သူတို့နှစ်ပါးပြီးလျှင် အရှင်မေတ္တိယနှင့် အရှင် ဘူမဇက။ နောက်တစ်တွဲမှာ အရှင် ပဏ္ဍုကနှင့် အရှင်လောဟိတက။ နှစ်ပါးတစ်တွဲကျ သုံးနေရာ သုံးဌာနခွဲ၍ ကျောင်းထိုင်ခဲ့ကြပုံများကို နောက်ပိုင်း တစ်နေရာကျမှ ဖော်ပြပါဦးမည်။

ဆဗ္ဗဂို့များအနက် ရှေ့လေးပါးမှာ ဆီသည်မ လက်သုတ်ဖတ်များပင် ဖြစ်၏။ သိက္ခာပုဒ်ပညတ်၍ မတားမြစ်ရသေးသော အမှုများကိုလည်း ကျူးလွန်ကြ

http://www.dhammadownload.com

၏။ ဝဇ္ဇီတိုင်းသား ရဟန်းများကဲ့သို့ တားမြစ်ထားပြီးသော အမှုများကိုလည်း သိက္ခာပုဒ်ကို မငဲ့မထောက် ကျူးလွန်ဖောက်ဖျက်ကြ၏။ နောက်နှစ်ပါးကား သူတို့နှင့် ရောတီရောရာဖြစ်ကာ မတားမြစ်ရသေးသောအမှုများကိုကား ကျူးလွန်ကြပါ၏။ တားမြစ်ထားပြီးသော သိက္ခာပုဒ်များကိုကား မဖောက်ဖျက်ခဲ့ကြပါ။ ထို့ကြောင့်ပင် ဘုရားရှင် ဒေသစာရီကြွချီရာသို့ သူတို့နှစ်ပါး လိုက်ပါနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

(သံဃာဒိသိသ်၊ ကုလဒူသကသိက္ခာပုဒ် အဋ္ဌကထာ)

ကျောင်းဒါယကာကြီး အနာထပိဏ်၏ ဧတဝဏ်ကျောင်းတော်ကို စတုဒ္ဒိသာသံဃိကအဖြစ်ဖြင့် ဘုရားရှင်အလှူခံတော်မူခဲ့သည် မှန်ပါ၏။ သို့ရာတွင် အစစအရာရာ ပြည့်စုံကုံလုံသော ထိုကျောင်းတော်မှာချည်း အစဉ်ထာဝရ ကျောက်ချ၍ကား နေတော် မမူသေးပါ။ လူများစု၏ အကျိုးစီးပွားများစိမ့်သောငှာ ဒေသစာရီလှည့်လည်ကြရမည်ဟု ကိုယ်တော်တိုင် မြွက်ကြားတော်မူခဲ့သော သာသနာပြုမိန့်ခွန်းတော်ကြီးအတိုင်း မိန့်ခွန်းရှင် ကိုယ်တော်တိုင်ကလည်း တစ်သဝေမတိမ်း လိုက်နာတော်မူလျက် ရှိပါသည်။ သည်လိုပုဂ္ဂိုလ်မွန် တစ်ပါးအတွက် "ပြောတိုင်း လုပ်၍ လုပ်တိုင်းပြောသည်" ဟူသော ဂုဏ်ပြုစကားများ ကြားရခြင်းမှာ ဆန်းသည်ဟု မဆိုနိုင်တော့ပါ။

စကားစပ်မိလာသည့်အခိုက် ဒေသစာရီလှည့်လည်ခြင်းနှင့် ပတ်သက်၍ ဝိနည်းဆိုင်ရာ ပြင်ဆင်ချက်အမိန့်တော်တစ်ခု ထုတ်ပြန်ရပုံကိုတင်ပြလိုပါသေးသည်။

ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာမှာ တောကျောင်းပျော် အရှင်ဗေဠသီသ ဖြစ်ကြောင်း တင်ပြခဲ့ပြီးပါပြီ။ ဤသို့ ဥပဇ္ဈာယ်ဆရာ ထား၍ခြင်းမှာ ရဟန်းခံကိစ္စ တစ်ခုတည်းအတွက် ရဟန်းခံသော တစ်ရက်တာအတွက် မဟုတ်ပါ။ ရဟန်းခံပြီးနောက် ဆယ်နှစ်ဆယ်ဝါတိုင်တိုင် အတူတကွ နေထိုင်ရန်ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ ညွှန်ပြသည့်အတိုင်း အပြစ်ကြီးအပြစ်ငယ်ဟူသမျှကို ရှောင်ရှားကာ ကြည်ညိုဖွယ် လေးစားဖွယ် နေတတ် ထိုင်တတ် ပြောဆိုတတ်ရေးအတွက် ဖြစ်ပေသည်။

ရဟန်းသစ်သည် အကယ်၍ အကြောင်းတစ်ခုခုကြောင့် ဥပဇ္ဈာယ်ဆရာနှင့် ကင်းကွာသွားပါက နိဿယည်းဆရာထံသို့ ချဉ်းကပ်ရ၏။ နိဿယည်း ဆရာဟူသည်မှာ ငါးဝါမရသေးသောရဟန်း၊ ငါးဝါရပြီးသော်လည်း ဝိနည်းအရာ ကျွမ်းကျင်သေးသော ရဟန်းတို့၏ အားထားမှီခိုရာ ဆရာသမား ဖြစ်၏။ ဝိနည်းအရာ ကျွမ်းကျင်လိမ္မာ၍ ဆယ်ဝါရပြီးသော ရဟန်းသည် နိဿယည်းဆရာ အဖြစ် ဆောင်ရွက်နိုင်၏။ ရဟန်းဖြစ်ခါစ ပုဂ္ဂိုလ်သည် ထိုနိဿယည်းဆရာ၏ ရှေ့မှောက်သို့ ဝင်ရောက်ကာ–

http://www.dhammadownload.com

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ့အရာ နေတော်မူပါ ဘုရား။ တပည့်တော်သည် အရှင်ဘုရား၏ အဆုံးအမ ဩဝါဒကို မှီခိုရှိ၍ နေထိုင်ပါမည် ဘုရား"

သင်္ကန်းကို လက်ကန်တော့တင်ကာ လက်အုပ်ချီမိုး ရှိခိုးလျက် ဤသို့ သုံးကြိမ်သုံးခါ နိသဇ္ဇဉ်ယူကြရ၏။ ဤတွင် နိသဇ္ဇဉ်းဆရာက –

"ကြည်ညိုဖွယ်ဖြစ်အောင် နေတတ်စေ"

မိမိ၏ တပည့်အဖြစ်အသိအမှတ်ပြုကြောင်း နှုတ်မြွက်၍ လက်ခံလိုက်ရ၏။ ဤသို့ အသိအမှတ်ပြုပြီးသော ဆရာတပည့်တို့သည် တစ်ညဉ့်တာမျှ ကျောင်းတိုက်တာသီးခြားနေခွင့် မရှိတော့ချေ။ နေ့မှာအကြောင်းအားလျော်စွာ လွတ်လပ်စွာ သွားခွင့်ရသော်လည်း ညအခါရောက်လျှင်ကား ဆရာရော တပည့်ပါ ကျောင်းတိုက်တစ်ခုထဲမှာ အတူတကွနေကြရ၏။ ညမှာ ကျောင်းတိုက်တာခြား၍ နေမိလျှင် ယူထားသော နိသဇ္ဇဉ်း ပျက်၏။ နိသဇ္ဇဉ်းပျက်မှုအတွက် သင့်လာသောအာပတ်ကို ဒေသနာကြားနာ၍ ကုစားကာ နိသဇ္ဇဉ်းထပ်၍ ယူရ၏။

(ဝိနည်း မဟာဝဂ်၊ မဟာခန္ဓက၊
အစရိယဝတ္တကထာ ပါဠိတော်နှင့် အဋ္ဌကထာ)

ဘုရားရှင်ကိုယ်တော်မြတ် ဝိနည်းပညတ်ချက် ထုတ်ပြန်တော်မူရခြင်းမှာ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲရေးအတွက် ဖြစ်ပေသည်။ အရေအတွက်များပြားရေးထက် အရည်အချင်းဘက်ကို အဓိကထားကာ စံပြပုဂ္ဂိုလ်များအဖြစ်ဖြင့် လောကလူသားတို့အား သာသနာ့အရိပ်အာဝါသအောက်သို့ စည်းရုံးသိမ်းသွင်းရန် ဖြစ်ပေသည်။ ဤသို့သောအခြေခံဦးတည်ချက်များကို ဆင့်ပွား၍ မိန့်ကြားတော်မူသော အကျိုးတရားမှာ–

၁။ တင့်တယ်ကောင်းမြတ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်လာစေရန်။
၂။ သံဃာများ ချမ်းချမ်းသာသာ နေနိုင်စေရန်။
၃။ အကျင့်သီလ ဖောက်ဖျက်သူများကို နှိမ်နင်းရန်။
၄။ အကျင့်သီလ ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်စေရန်။
၅။ လောလောဆယ် တွေ့ကြုံရသော ဆင်းရဲဒုက္ခတို့မှ လွတ်ကင်းစေရန်။
၆။ နောက်နောင်ခါ ပေါ်လာစရာရှိသော ဆင်းရဲဒုက္ခများကို ကြိုကြို တင်တင် ဖယ်ရှားထားရန်။
၇။ သာသနာတော်ကို မကြည်ညို၊ မသက်ဝင်လာသေးသူတို့ ကြည်ညို သက်ဝင်လာစေရန်။
၈။ ကြည်ညိုပြီး သက်ဝင်သူတို့ တိုး၍ ကြည်ညိုသက်ဝင်စေရန်။

http://www.dhammadownload.com

၉။ သာသနာတော်ကြီး အဝွန့်ရှည်စွာ တည်နေစေရန်။
၁၀။ ဝိနည်းစည်းကမ်းများကို ချီးမြှောက်၍ တန်ဖိုးရှိရှိ သိတတ်ကြစေရန်။
ဤဆယ်ပါးတို့ ဖြစ်ကြပေသည်။

(ပထမ ပါရာဓိကသိက္ခာပုဒ်)

ဤသို့သော ဦးတည်ချက်များဖြင့် ထုတ်ပြန်တော်မူခဲ့သော ဝိနည်းပညတ်ချက်များကို ကျွန်ုပ်တို့ ရဟန်းပရိသတ်က တစ်သဒ္ဓေမတိမ်းလိုက်နာကျင့်သုံးကြရပေသည်။ စာမရိမည်သော သားကောင်သည် မိမိအမြီးနှင့် တစ်စုံတစ်ခု ငြိတွယ်နေသောအခါ အမြီးဆံတစ်ခုမျှ အပြတ်ခံ၍ရုန်းကန်ခြင်း မပြုချေ။ မုဆိုးများ၊ တောရိုင်းတိရစ္ဆာန်ကြီးများ သတ်ဖြတ်၍ သေချင်သေပေစေတော့။ မိမိအင်မတန် မြတ်နိုးလှသော အမြီးဆံစများကိုကား အပြတ်မခံဘိသကဲ့သို့ ကျွန်ုပ်တို့ ရဟန်းများသည်လည်း မိမိအသက်ဘေးကို မျှော်တွေးကာ သိက္ခာပုဒ်ကို အပျက်မခံကြပါချေ။ ဤသို့ သိက္ခာပုဒ်ကို မြတ်နိုးခြင်းမှာ ဆရာသခင်ကျေးဇူးရှင်ကို မိမိအသက်ထက် လေးမြတ်ကြည်ညိုသောကြောင့် ဖြစ်ပါသည်။ ပညတ်ချက်ထုတ်ပြန်တော်မူခဲ့သော ကျေးဇူးရှင်ကြီး အပေါ်ဝယ် ဤသို့ကြည်ညိုလေးမြတ်မှု မရှိဘဲနှင့်လည်း ပညတ်ထားသော သိက္ခာပုဒ်များ မတည်တံ့နိုင်ပါ။ ဝိနည်းတော်အရာ၌ ဘုရားရှင်နှင့် ကျွန်ုပ်တို့တစ်တွေ ဆက်ဆံမှုတွင် ပုဂ္ဂိုလ်ခင်၍ တရားမင်သည်ဟု ဆိုစရာရှိပေသည်။

သံက္ဃာပုဒ်အားလုံးကိုခြုံ၍ကြည့်သော် ထုတ်ပြန်ထားသော သိက္ခာပုဒ်များသည် ရှင်တော်မြတ်ဘုရား ရည်မှန်းတော်မူခဲ့ရင်းအတိုင်း အကျိုးသက်ရောက်မှု ရှိကြပါ၏။ သို့သော် သိက္ခာပုဒ်တစ်ခုချင်းကို ခွဲခြား၍ ကြည့်ပါလျှင်ကား ရည်မှန်းရာသို့ အစဉ်တစိုက် ရောက်နေသည်လည်း ရှိ၏။ မရောက်တော့သည်လည်း ရှိ၏။ ရည်မှန်းရာသို့ စောစောက ရောက်ခဲ့ပါလျက် နောက်ပိုင်း၌ ဦးတည်ချက်မှ လမ်းပြောင်းသွားရသည်မှာ အဘယ်ကြောင့်ပါနည်း။ ဤသည်မှာ ရှင်တော်မြတ်၏ ချို့တဲ့ချက်ကြောင့်ကား မဟုတ်နိုင်ပါ။ ကာလ၊ ဒေသ၊ အခြေအနေ ပြောင်းလဲသွားမှုကြောင့်သာ ဖြစ်ပါသည်။

ဤအချိန် ဤအခါ ဤအရပ် ဤဒေသ၌ ဤသို့သော အကြောင်းကိစ္စကြောင့် ပညတ်တော်မူခဲ့ရသော သိက္ခာပုဒ်တစ်ခုသည် ထိုအချိန်အခါ ထိုအရပ်ဒေသက ထိုအကြောင်းကိစ္စအတွက် အကောင်းဆုံးသော ဖြေရှင်းချက်ပင် ဖြစ်ပါ၏။ သို့သော် အချိန်အခါဟူသည် အမြဲတစေပြောင်းလဲလျက်ရှိ၏။ အရပ်ဒေသမှာလည်း အမျိုးမျိုး အထွေထွေ။ အခြေအနေများလည်း အတည်ရှိမျိုး မဟုတ်ကြ။ ဤတွင် ပညတ်တော်မူထားခဲ့သော သိက္ခာပုဒ်များသည် အံမဝင် ခွင်မကျ ဖြစ်လာကြရ၏။ လက်ရှိအခြေအနေနှင့် နှိုင်းစာသော် တချို့ သိက္ခာပုဒ်များမှာ လျော့လွန်းနေ၏။

http://www.dhammadownload.com

တချို့ကား တင်လွန်းနေ၏။ မဇ္ဈိမဋီပဒါလမ်းကြောင်းမှ တိမ်းစောင်းနေသော ထိုသိက္ခာပုဒ်များတွင် လျော့လွန်းသည်များကို တင်းပေးကာ တင်းလွန်းနေသည်များကို လျော့ပေါ့ခွင့် ပေးတော်မူရပေသည်။ ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ပေးရသော သိက္ခာပုဒ်များတွင် နိဿယည်းယူခြင်း ကိစ္စလည်း အပါအဝင်ဖြစ်ပေသည်။

ဆိုခဲ့သည့်အတိုင်း ဘုရားရှင်သည် သီတင်းဝါလကျွတ်သည်နှင့် ခါတိုင်းလို ပင် ဒေသစာရီလှည့်လည်ရန် ကျွန်ုပ်အား ရဟန်းများထံ စေလွှတ်တော်မူ၏။ ဘုရားရှင် မိန့်မှာတော်မူသည့်အတိုင်း ကျွန်ုပ်က ကျောင်းပေါက်စေ့မျှ လှည့်လည်၍ ကြေညာရာတွင် ဘုရားရှင်နှင့်အတူ လိုက်ပါလိုသူမရှိသလောက် ဖြစ်နေပေသည်။

"ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင်က ဆယ်ဝါတိုင်တိုင် ဆရာသမားထံ နိဿယည်းယူ၍ နေရန်၊ ဆယ်ဝါပြည့်ပြီးမှ မိမိက နိဿယည်းပေးရန် ပညတ်တော်မူခဲ့၏။ ငါတို့ ခရီးထွက်ရလျှင် နိဿယည်းယူထားသော ဆရာများနှင့် ကင်းကွာမည်ဖြစ်၍ နောက်ထပ် နိဿယည်းဆရာ ရှာရတော့မည်။ ဤနိဿယည်းယူမှုက တုပ်နှောင်ထားသဖြင့် ငါတို့မှာ ခရီးတွင်မည်လည်း မဟုတ်ပေ။ ပြန်လာသောအခါ ကျပြန်တော့လည်း ဆရာရင်းများထံ နိဿယည်း ထပ်၍ ခံယူရပေဦးမည်။ ထို့ကြောင့် ငါတို့၏ ဥပဇ္ဈာယ်ဆရာများ လိုက်ပါလာလျှင် ငါတို့လည်း လိုက်ပါကြမည်။ ဥပဇ္ဈာယ်ဆရာများ မလိုက်လျှင်ကား မလိုက်လိုပါ။ ဥပဇ္ဈာယ်ဆရာများ မလိုက်ဘဲ ငါတို့ဘာသာလိုက်လျှင် ငါတို့မှာ စိတ်နေစိတ်ထား လျှပ်ပေါ်ရာ ရောက်ပါလိမ့်မည်"

ဘုရားရှင်ကို ပုဂ္ဂိုလ်ရေးအရ ကြည်ညိုမြတ်နိုးရာတွင် ယခုလိုကိစ္စမျိုးနှင့် ကြုံလာရသောအခါ နောက်တော်ပါးမှာ လိုက်ပါနိုင်ရေးထက် ပညတ်ထားသော သိက္ခာပုဒ်ကို ပိုမိုရှု၍ အလေးတားကြသူများ ဖြစ်ကြပါ၏။ ဤလို သီတင်းသုံးဖော်များနှင့် တစ်ဝါတွင်းလုံး အတူတကွ နေခဲ့ရသဖြင့် ကျွန်ုပ်၏ စိတ်နှလုံး ချမ်းမြေ့ခဲ့ရပါပေသည်။

ဤသို့ဖြင့် သည်တစ်ခါ ဒေသစာရီ လှည့်လည်ရာတွင် နောက်တော်ပါးမှာ ရဟန်းများစွာ မပါတော့ပေ။ ကျွန်ုပ်အပါအဝင် ရဟန်း လေးငါးပါးသာ မကွေမကွာ ပါလာကြပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ အဟုန္ဒရိကဝတ္ထု)

ခရီးစဉ်တစ်လျှောက်လုံး၌ ဘုရားရှင်သည် ဤအခြေအနေကို မည်သို့မျှ ဝေဖန်မှု ပြုတော်မမူပေ။ သို့သော် စိတ်ထဲမှာကား ပညတ်ထားသော သိက္ခာပုဒ်နှင့် လက်ရှိအခြေအနေကို နှိုင်းယှဉ်ဝေဖန်လျက်ပင် ရှိတော်မူနေလိမ့်မည် ဖြစ်ပါသည်။

http://www.dhammadownload.com

မှန်ပါ၏။ ကျွန်ုပ် ခန့်မှန်းထားသည့် အတိုင်းပင် ရာဇဂြိုဟ်မြို့တော် ပြန်ရောက်သောအခါ အဖြေပေါ်၍ လာပါတော့သည်။ သိက္ခာပုဒ်အတွက် အလိုက်ပါရာ ခက်နေကြသော ရဟန်းပရိသတ်ကို စုဝေးတော်မူစေကာ....

"ရဟန်းတို့၊ တတ်သိနားလည်သော ရဟန်းသည် ငါးဝါမျှသာ နိဿယည်းယူ၍ နေရမည်။ တတ်သိနားလည်သူ မဟုတ်လျှင်ကား ရာသက်ပန် နိဿယည်းယူ၍ နေရမည်"

လက်ရှိအခြေအနေနှင့် လျောက်ပတ်သော ပြင်ဆင်ချက်အမိန့် ထုတ်ပြန်တော်မူလိုက်ရပေတော့သည်။ နိဿယည်းမယူဘဲ မနေရသော နှစ်ကာလ အပိုင်းအခြားကွာခြား၍ သွားသော်လည်း သံဃာတော်များ ချမ်းသာစေရန်ဟူသော အခြေခံရည်မှန်းချက်ကြီးနှင့် ထပ်တူထပ်မျှဖြစ်ကြောင်း သိသာလှပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ နိဿယမုဒ္ဓနကကထာ)

တင်းထားရာမှ လျှော့ပေါ့ပေးလိုက်သော ဤပညတ်ချက်အရ ဤတစ်ခေါက် ဒေသစာရီ လှည့်လည်တော်မူရာတွင် နောက်ပါရဟန်းတွေ တသီတတန်းကြီး ဖြစ်လာပြန်ပေသည်။ စောစောက တင်ပြခဲ့သော ဆဗ္ဗဂ္ဂိရဟန်းသုံးတွဲမှ နောက်ဆုံးအတွဲဖြစ်သော အရှင်ပဏ္ဍုကနှင့် အရှင်လောဟိတကတို့ နှစ်ပါးလုံး ဤတစ်ခါတွင် အတူပါ၍ လာနိုင်ကြပေသည်။ ဘုရားရှင်ကို ကြည်ညိုစိတ်ဖြင့် နောက်တော်ပါးက လိုက်ပါခဲ့သည်ကား ဟုတ်ပါ၏။ သို့သော် ထိုပုဂ္ဂိုလ်နှစ်ပါးမှာ မထိုင်ခင်က ခြေဆင်းသူများပင် ဖြစ်ကြပေသည်။ သူတို့ကိုယ်တိုင်က ဝိနည်းနှင့် သုတ္တန်များကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မသင်ယူရသေးပါဘဲလျက် သူတို့နောက်ပါးမှာ တပည့်ပရိသတ်တွေ အစီအရီနှင့် ဖြစ်နေကြ၏။ မတတ်သူကို ဆရာတင်ထားမိကြသော ထိုရဟန်းငယ်ကလေးများအဖို့ အနေမတတ်၊ အထိုင်မတတ်ဖြစ်မည်ကိုကား အထူးဖော်ပြဖွယ် လိုမည် မထင်တော့ပါ။ ဆရာကောင်းတပည့် မဟုတ်သဖြင့် ပန်းကောင်း မပန်နိုင်သူများကို အထူးဖော်ပြဖွယ် မလိုသော်လည်း ထိုတပည့်မိုက်များကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်ကြီး တစ်ညတာ ဒုက္ခရောက်ခဲ့ရပုံကိုကား ဖော်ပြရပါဦးမည်။

သည်တစ်ခေါက် ဒေသစာရီ လှည့်လည်ခြင်း၏ ခရီးအဆုံးကား ဓေတဝန်ကျောင်းတော် ဖြစ်ပါ၏။ ခရီးစဉ် တစ်လျှောက်လုံးမှာ ချို့ချို့တဲ့တဲ့ နေလာခဲ့ရသည်နှင့် အမျှ အစစအရာရာ ပြည့်စုံကုံလုံသော ကျောင်းတိုက်တာကြီး အရောက်ဝယ် စိတ်ရော ကိုယ်ပါ ချမ်းသာစွာ ကျိန်းစက်ကြရပါ၏။ သို့သော် နံနက်လင်း၍ အရှင်မြတ်ကြီး၏ ဖြစ်အင်ကို ကြားကြရသောအခါမှာကား တစ်ညတာချမ်းမြေ့မှုကလေးပင် ကွယ်ပျောက်သွားရပါတော့သည်။

http://www.dhammadownload.com

"စကတည်းက အထင်သား"ဟု ဆိုလိုက်လျှင် သီတင်းသုံးဖော်များက ရယ်ကြမည်လား မသိပါ။ သို့သော် ကျွန်ုပ်ကတော့ ဤအတိုင်းပင် ပြောခဲ့ရပေသည်။ ဇေတဝန်ကျောင်းတော်နား ရောက်သည်ဆိုလျှင်ပင် သည်ရဟန်းကလေးများက ထေရ်ကြီးဝါကြီးသော ဆရာသမားသော မရှောင်၊ သံဃာအားလုံးကို တိုက်ခိုက်တိုးဝှေ့ကာ ရှေ့ရောက်ရေးကိုသာ သဲသဲမဲမဲ ကြိုးစားကြ၏။ နောက်ဆုံးတွင်ကား ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ရှေ့မှပင် အူယားဖားယား ပြေးသွားကြပေသေး၏။

သည်ရဟန်းငယ်ကလေးများ၏ ယောက်ယက်ခတ်ပုံကြောင့် တစ်ခုခုတော့ ဖြစ်တော့မည်ဟု ထင်ခဲ့မိပါ၏။ သို့သော် ထိုအထင်သည် ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် ကြာရှည်သဖြင့် မကိန်းအောင်းနိုင်ခဲ့ပါ။ သူတစ်ပါးအပေါ် အဆိုးမြင်ခြင်းကို လက်မခံတတ်သော ကျွန်ုပ်၏ ဝသီဘော်အတိုင်း မသိလိုက် မသိဘာသာပင် နေခဲ့မိပါ၏။

မသိလိုက် မသိဘာသာ နေလာခဲ့သော ထိုကိစ္စသည် ယနေ့နံနက်မှာတော့ ဟိုးလေးတကျော် ဖြစ်လာချေပြီတည်း။ မဖြစ်ဘဲ နေနိုင်ပါမည်လော။ ထိုကိစ္စအတွက် တစ်ညလုံး သစ်ပင်အောက်ထိုင်နေခဲ့ရသူမှာ အရှင်မဟာသာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင် ဖြစ်နေပါပကော။

ဒေသစာရီ ကြွချီကြသောအခါတိုင်း အရှင်မဟာသာရိပုတ္တရာသည် နောက်ဖျားမှာ ရှိနေတတ်၏။ အရှင်မြတ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် သံဃာများက အလေးအမြတ်ပြုကြသော်လည်း ဘုရားရှင့် အနီးအပါးက မလိုက်ပါတတ်ပေ။ သက်ကြီးရွယ်အို ရဟန်းများကို ကူညီဖေးမရင်း ဂီလာနရဟန်းများကို ပြုစုရင်း ဟိုနေစက်ဖျားက လိုက်ပါလာတတ်သည်သာ ဖြစ်၏။ အကယ်၍ တစ်ပါးလျှင် တစ်နေရာကျ မျှမျှတတ အသုံးပြုကြပါမူ ဤအရှင်မြတ်ကြီး သစ်ပင်အောက်မှာ ငုတ်တုတ်ထိုင်နေရမည် မဟုတ်ပါ။ မတုန်လှုပ်သော သဒ္ဓါတရားဖြင့် ဆောက်လုပ်ထားသော ဤကျောင်းတိုက်ဝယ် နောက်ဆုံးမှ ရောက်လာသည့် ပုဂ္ဂိုလ်တိုင်အောင် အိပ်ရာနေရာများ အလုံအလောက် ရှိနေပါ၏။ သို့ရာတွင် အရှင်ပဏ္ဍုကတို့၏ တပည့်များကတော့ မျှတသော စိတ်သဘော မရှိကြပါ။ ဘုရားရှေ့ သံဃာရှေ့ ဦးအောင်ပြေးကာ ရှိသမျှနေရာကို အပိုင်စီးကြတော့၏။ ကောင်းပေ့ဆိုသော ကျောင်း၊ ကောင်းပေ့ဆိုသော အိပ်ရာ နေရာများသည် သူတို့ ဆရာသမားနှစ်ပါးအတွက် ဖြစ်ကြရ၏။ ဆရာနှစ်ပါးမှ ပိုလျှံလေသမျှမှာ သူတို့အတွက်။ ကျန်ကောင်းကျန်ရာ နေရာများမှာမှ ကျန်သံဃာများ ကုပ်ကုပ်ကပ်ကပ် ကျိန်းစက်ကြရ၏။ နောက်ဆုံးမှရောက်လာသော အရှင်မဟာ သာရိပုတ္တရာအတွက်ကား ကျောတစ်နေရာစာမျှ မရှိတော့ချေ။

http://www.dhammadownload.com

သစ်ပင်အောက်တွင် တစ်ပါးတည်းငုတ်တုတ်ထိုင်နေခဲ့ရသော အရှင်မြတ်ကြီးသည် လင်းအားကြီး အချိန်ရောက်မှ ဘုရားရှင်၏ ချောင်းဟန့်သံကို ကြားလိုက်ရ၏။ စောစောထ၍ စင်္ကြံကွင်းလာသော ဘုရားရှင်ကို အတုံ့အလှယ် ချောင်းဟန့်သံပေးရ၏။ အရှင်မြတ်ကြီးနှစ်ပါးတို့ ဆုံဆည်းမိခါမှ ဖြစ်ကြောင်းကုန်စင် လျှောက်ထားရပေတော့သည်။

အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာပြီမို့ ဘုရားရှင်သည် သံဃာကုန်စည်းဝေးစေကာ အမှူသည် ရဟန်းငယ်များအား စစ်မေးတော်မူရ၏။ ဖုံး၍ ကွယ်၍ မရနိုင်သောနေရာဖြစ်၍ ရဟန်းငယ်များကလည်း ဟုတ်တိုင်းမှန်စွာ ဝန်ခံလျှောက်ထားကြရ၏။ ဤတွင် ဘုရားရှင်သည် ရဟန်းငယ်များအား အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ ရှုတ်ချတော်မူ၏ကာ

"ရဟန်းတို့၊ အိပ်ရာနေရာ၊ သောက်ရေ ချိုးရေ၊ ဆွမ်းခံဖွယ်တို့၌ အဘယ် ရဟန်းသည် ဦးစွာပထမ စားသုံးခွင့် ရထိုက်သနည်း"

ရဟန်းငယ်တို့ထံမှ အဖြေမှန်ရမည်မဟုတ်ကြောင်း ဘုရားရှင်ကောင်းကောင်း သိပြီး ဖြစ်ပါ၏။ သို့သော် အခြေခံအဖြစ်ဖြင့် စကားခင်း၍ ပေးတော်မူလိုက်ရပေသည်။

"ခတ္တိယမျိုးရိုးမှ ရဟန်းပြုလာသူရထိုက်ပါသည် ဘုရား"

"ဗြာဟ္မဏမျိုးရိုးမှ ရဟန်းပြုလာသူရထိုက်ပါသည် ဘုရား"

"သူဌေးမျိုးရိုးမှ ရဟန်းပြုလာရသူရထိုက်ပါသည် ဘုရား"

မေးခွန်းတော်အဆုံးဝယ် ဖြေကြားသံများက အစီအရီ ထွက်ပေါ်လာကြ၏။

(စူဠဝဂ်၊ သေနာသနက္ခန္ဓက)

ဘုရားရှင် ကိုယ်တော်တိုင် အဆုံးအဖြတ်ပေးမည့် ကိစ္စဖြစ်၍ ကျွန်ုပ်သည် မည်သို့မျှ ဝင်မလျှောက်ခဲ့ပါ။ တရားတော်ကို သဘောပေါက်ပြီးသား ပုဂ္ဂိုလ်ကြီးများက အဖြေရှင်များကို မသိမသာ အပြိုးမျက်နှာဖြင့်သာ ကြည့်နေကြရပေသည်။

ဟောပြောတော်မူခဲ့ဖူးသော ဒေသနာတော်တစ်ပုဒ်နှင့် ချိန်ထိုးကြည့်လိုက်သော အခါ ဤအဖြေရှင်များမှာ တကယ်ပင် ရယ်စရာ ဖြစ်နေကြပါ၏။

ဂင်္ဂါ၊ ယမုံနာ၊ သရဘူစသော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာသို့ မသက်ဝင်မိသာ မိမိတို့ အမည်နာမဖြင့် သီးခြားရပ်တည်ခွင့်ရကြ၏။ မဟာသမုဒ္ဒရာသို့ သက်ဆင်းမိချိန်တွင်ကား မိမိတို့၏ သီးခြားအမည်များကို ပယ်စွန့်ကာ မဟာသမုဒ္ဒရာဟူ၍သာ ခေါ်ရတော့၏။

ထိုအတူပင် လူတန်းစားအမျိုးမျိုးမှ ရဟန်းပြုလာကြသူများမှာလည်း သာသနာတော်အတွင်းသို့ မဝင်ရောက်မိသာ မိမိတို့မျိုးရိုးကို ကိုးစားခွင့်ရကြ၏။

http://www.dhammadownload.com

သာသနာတော်အတွင်းသို့ ရောက်လာချိန်တွင်ကား ခတ္တိယမျိုးရိုးဟူ၍လည်း မရှိတော့ပေ။ ဗြာဟ္မဏမျိုးရိုးဟူ၍လည်း မရှိတော့ပေ။ အားလုံးသာသနာတော်အတွင်းက ဘုရားရှင့် တပည့်များချည်း ဖြစ်ကြရ၏။

(ဥဒါန်းပါဠိတော်၊ ဥဃါသဏသုတ်)

ဤသို့ ဟောကြားထားသည့်ကြားကပင် ယခုလို မျိုးရိုးစွဲကလေးက ထွက်ပြူလာကြပေသေးသည်။

ဖြေကြားသံများက ဤမျှဖြင့် ပြီးဆုံးမသွားသေးပါ။ မျိုးရိုးဇာတိအစွဲများ နောက်ဝယ် ပုဂ္ဂိုလ်ရေးရာ အစွဲများက ထက်ကြပ်မကွာ လိုက်ပါလာကြ၏။ တချို့က သုတ္တန်ဆောင်ကို ထောက်ခံကြ၏။ တချို့က ဓမ္မကထိကကို အဆိုပြုကြ၏။ တချို့က ဈာန်အဆင့်ဆင့်ကို အမွမ်းတင်ကြ၏။ ထိုထက်အဆင့်အတန်းမြင့်လိုသူများကတော့ အရိယာပုဂ္ဂိုလ်များကို သူ့ထက်ငါ အသားယူ၍ တင်ပြကြ၏။ ပုဂ္ဂိုလ်ချင်း ယှဉ်ပြိုင်ကြစို့ ဆိုသောအခါ ရဟန္တာပုဂ္ဂိုလ်ချင်းပင် အတူတူမထားနိုင်ကြသေး။ ရဟန္တာပုဂ္ဂိုလ်ရိုးရိုးထက် တေဝိဇ္ဇရဟန္တာက သာသည်။ တေဝိဇ္ဇရဟန္တာထက် ဆဋဘိညရဟန္တာက သာသည် ဆိုကြ၏။

"ရဟန်းတို့"

ဘုရားရှင့် အမိန့်တော်သံကြောင့် စိတ်ကူးတည့်ရာလျှောက်ထားလေသမျှ အသံဗလံများ တိတ်ဆိတ်၍ သွားကြပေသည်။ ဝိနည်းပညတ်စရာရှိလေတိုင်း ဤလို တည်ငြိမ်ပြတ်သားသော အမိန့်တော်သံကို ကျွန်ုပ်တို့ နာခံကြရစမြဲဖြစ်ပေသည်။

"ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ အိပ်ရာနေရာ၊ သောက်ရေ၊ သုံးရေ၊ ဆွမ်းခံဖွယ်တို့၌ ဦးစွာပဏာမ စားသုံးခြင်းကို ထေရ်စဉ်ဝါလိုက် ငါဘုရား ခွင့်ပြုတော်မူ၏။ သို့ရာတွင် သံဃိကဖြစ်သော အိပ်ရာနေရာ သောက်ရေသုံးရေ၊ ဆွမ်းခံဖွယ်ကို ဝါကြီးသောရဟန်းက ဝါငယ်သော ရဟန်းကို မတားမြစ် မပိတ်ပင်ရ။ တားမြစ်ပိတ်ပင်သော် ဒုက္ကဋ်အာပတ် သင့်စေ"

အိပ်ရာနေရာကိစ္စနှင့် ဆက်စပ်၍ သံဃာများအချင်းချင်း အစဉ်ထာဝရ ဆက်ဆံသွားရန် မူတစ်ခုကိုပါ ချမှတ်တော်မူလိုက်ပေသည်။

(စူဠဝဂ်၊ သေနာသနက္ခန္ဓက ပါဠိတော်နှင့် အဋ္ဌကထာ)

ကျွန်ုပ်တို့တစ်တွေ သာသနာ့ဘောင် ဝင်ရောက်ကြရခြင်းမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် ဖြစ်ပါ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရာတွင်လည်း ရဟန္တာဟူ၍ ခေါ်ဆိုသမုတ်ခြင်း ခံနိုင်လောက်အောင် ဘာဝနာအားကောင်းဖို့ လိုပေသေး၏။ နိဗ္ဗာန်မမြင်ရသေးသူထက် နိဗ္ဗာန်မြင်ပြီးသူကို ပို၍ ချီးမွမ်းထိုက်ပါ၏။ သာသနာ့ဝန်ထမ်းအားလုံးက စံနမူနာယူထိုက်သူများလည်း ဖြစ်ကြပါ၏။

http://www.dhammadownload.com

သို့ရာတွင် သံဃာ့အဖွဲ့အစည်းကြီး တစ်ခုလုံးနှင့် ခြိုခြိုကြည့်သည်တွင်ကား ဤလို တရားမြင်ရေး၊ ကျင့်သုံးရေးကိုချည့် ဦးစားပေး၍မဖြစ်သေးပေ။ တရားမြင်ရေး ကျင့်သုံးရေးမှာ အမှန်အားဖြင့် သံဃာ့အဖွဲ့အစည်းနှင့် မသက်ဆိုင်ပေ။ မိမိတစ်ဦးချင်း ကျင့်သုံးရသော ကိစ္စဖြစ်၏။ တစ်နည်းအားဖြင့် တရားမြင်ရေး ကျင့်သုံးရေးမှာ ဓမ္မမိဒ္ဓာန်ဖြစ်၍ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲရေးကား ပုဂ္ဂလမိဒ္ဓာန် ဖြစ်ပေသည်။ ထို့ကြောင့် ဈာန်ရသော၊ တရားမြင်သော ပုဂ္ဂိုလ်များကို ကျော်လွှားကာ ရဟန်းသီကျွာကြီးသူများကို ဘုရားရှင်က ဦးစားပေး၍ ရွေးချယ်တော်မူလိုက်ပေသည်။ ခတ္တိယမျိုးရိုး စသည်တို့ကိုကား ထည့်၍ စဉ်းစားရန်ပင် မလိုပါချေ။

အငြင်းပွားဖွယ် ကိစ္စတစ်ခုကို ဖြေရှင်းနိုင်ရန် ဤသို့ မူတစ်ခု ချမှတ်ပေးသော်လည်း တကယ်တမ်းအားဖြင့် သံဃာ့အဖွဲ့အစည်းထဲတွင်အခွင့်ထူးခံ ပုဂ္ဂိုလ်သက်သက် ဟူ၍ မရှိပါချေ။ ကိုင်းနှင့်ကျွန်းပမာ အချင်းချင်းယှဉ်တွဲ၍ မှီခိုခြင်း တည်တံ့နေသူများပင် ဖြစ်ကြပေသည်။

ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ အခန်းတုန်းက ဥပဇ္ဈာယ်ဆရာများအကြောင်းကို တင်ပြခဲ့ပါပြီ။ ယခုအခန်းမှာကား နိဿယည်းဆရာလည်း အပါအဝင်ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာတို့အပေါ်၌တပည့်ရဟန်းက ပြုစုဆောင်ရွက်ရသော ဝတ္တရားတို့ ရှိကြပေသည်။

တပည့်သည် နံနက်စောစောထ ဖိနပ်ချွတ်၊ သင်္ကန်းများကို သပ်သပ်ရပ်ရပ် လက်ကန်တော့တင်ကာ ဆရာ့ထံချဉ်းကပ်၍ တံပူ ဆက်ကပ်ရ၏။ မျက်နှာသစ်ရေ ခပ်ပေးရ၏။ အိပ်ရာနေရာကို ပြင်ဆင်ခင်းပေးရ၏။ ယာဂုရှိလျှင် စင်စင်ဆေးထားသော ပန်းကန်ဖြင့် ဆက်ကပ်ရ၏။ ယာဂု ဘုဉ်းပေးပြီးလျှင် ဆရာ့ထံ သောက်ရေကပ်ကာ ပန်းကန်ကိုယူ၍ ဆေးရ၏။ ပန်းကန်ဆေးရာတွင် ထိသံခိုက်သံ မကြားစေရအောင် ဂရုစိုက်ရ၏။ ဆရာထသွားသော် နေရာထိုင်ခင်း ခေါက်သိမ်းရ၏။ ဆရာ့ကျောင်းဝန်းကျင်မှာ အမှိုက်သရိုက်များရှိသော် တံမြက်လှည်းကာ ကျဉ်းပစ်ရ၏။

ဆရာသည် ရွာထဲသို့ ဆွမ်းခံဝင်လိုပါလျှင် အသစ်လဲလှယ်စရာ သင်္ကန်းများ ယူပေးရ၏။ သပိတ်ကို စင်စင်ဆေးကာ ရေနှင့်တကွ ဆက်ကပ်ရ၏။ ဆရာက နောက်ပါ တပည့်အဖြစ် ခေါ်ယူလျှင် သင်္ကန်းကို သေသေသပ်သပ်ရုံကာ ဆရာ့နောက်ပါးက ဆွမ်းခံလိုက်ရ၏။

ဤသည်တို့မှာ ဆွမ်းခံဝင်ချိန်ထိ ပြုစုဆောင်ရွက်ရသော ဝတ္တရားအချို့ ဖြစ်ပါ၏။ ရွာထဲသို့ ဆွမ်းခံဝင်နေဆဲမှာလည်း ဆရာနှင့် မနီးလွန်း မဝေးလွန်းက

http://www.dhammadownload.com

လိုက်ပါရ၏။ ဆရာက တစ်စုံတစ်ယောက်နှင့် စကားပြောလျှင် တပည့်က ဝင်မစွက်ရပေ။ သို့သော် ဆရာက အာပတ်သင့်အံ့နိုးနိုး ပြောလာလျှင်ကား အချိန်မီ ဝင်၍ တားမြစ်ရပေမည်။ ဆရာရော တပည့်ပါ ဆွမ်းများ ပြည့်စုံကြလျှင် တပည့်က ဦးစွာပြန်နှင့်၍ နေရာထိုင်ခင်း ပေးထားရ၏။ ခြေဆေးရေ၊ ခြေဆေးခုံ၊ ခြေထောက်များ ပွတ်တိုက်စရာ အိုးခြမ်းကွဲတို့ကို အရန်သင့် ရှာပေးထားရ၏။ ဆရာကို ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းများ လှမ်းယူရ၏။ လဲစရာသင်္ကန်းယူပေး ရ၏။ ဆရာ့သင်္ကန်းများ စိုထိုင်းနေလျှင် နေပူမှာ ခေတ္တခဏ လှန်းထားရ၏။ နေပူမှာ ကြာရှည်မထားဘဲ သင်္ကန်းကိုခေါက်သောအခါ အလယ်က ခေါက်ရိုးပေါ်မှာ ထပ်ကာ ထပ်ကာကျ၍ နွမ်းရိမသွားစေရန် တစ်ဖက်မှာ လက်လေးသစ်အပိုထား၍ ခေါက်ရပေသည်။

ဆွမ်းခံဝင်ချိန်၊ ဆွမ်းခံပြန်ချိန်မှာကဲ့သို့ ဆွမ်းစားရာ၊ ရေချိုးရာ စသည်တို့မှာလည်း ပြည့်ပြည့်စုံစုံ ညွှန်ကြားထားပြီး ဖြစ်ပေသည်။

ဆရာရဟန်းအပေါ် တပည့်များက ဤသို့သော ဝတ္တရားများ ပြုစုသကဲ့သို့ပင် ဆရာရဟန်းကလည်း တပည့်များပေါ် ဤသို့ပင် ထပ်တူထပ်မျှ ပြုကြရပြန်ပေသည်။

ဆရာနှင့်တပည့် ဆက်ဆံရေးတွင် အခြေမတူသည့် အလျောက် ခြားနားချက်များ အတန်အသင့်ရှိပါ၏။ ယင်းတို့မှာ ဆရာက တပည့်ကို ဝိနည်းနှင့်သုတ္တန်များ သင်ကြားပေးရ၏။ တပည့်၏ သင်္ကန်းချုပ်ရေး၊ ဆိုးရေးစသော ကိစ္စများတွင် ကြောင့်ကြစိုက်ကာ ညွှန်ကြားရ၏။ တပည့်က ဆရာ၏သင်္ကန်းများကို လျှော်ပေးရ၏။ ဆိုးပေးရ၏။ ကိုယ်တိုင် မတတ်နိုင်သော် တတ်နိုင်သူကို တိုက်တွန်းပေးရ၏။

ဤသို့သော ဝတ္တရားအနည်းငယ်မှလွဲလျှင် ဆရာ့ဝတ်၊ တပည့်ဝတ်အများစုမှာ ထပ်တူထပ်မျှပင် ဖြစ်ပေသည်။

စားဝတ်နေရေး ကိစ္စများသာမက စိတ်ဓာတ်ပြုပြင်ရေး ကိစ္စများမှာလည်း အပြန်အလှန်ရိုင်းပင်းကူညီကြရပေသည်။ လူထွက်ချင်စိတ် ပေါက်လာလျှင် အချင်းချင်း ဖျောင်းဖျကြရ၏။ ယုံမှားသံသယဖြစ်လာလျှင် ပြေလည်အောင်ရှင်းလင်းပေးကြရ၏။ အယူအဆလွဲမှားနေလျှင် အမှန်ရောက်အောင် အကျိုးဆောင်ကြရ၏။ မလွဲသာမရှောင်သာ သင့်လာသော အာပတ်များကို ကုစားရာ၌ သံဃာ၏ အကူအညီရအောင် ဆောင်ရွက်ရ၏။ တစ်စုံတစ်ခုသော ပြစ်မှုဖြင့် သံဃာက ကံတစ်ခုခုပြုရန် ရှိလာသောအခါ လေးသောကံမှ ပေါ့သောကံသို့ ပြောင်းလဲပေးရန် ကြောင့်ကြစိုက်ရ၏။

http://www.dhammadownload.com

ဤသို့အားဖြင့် သံဃာအချင်းချင်း ဆက်ဆံရေးသည် တစ်လမ်းသွားစနစ် မဟုတ်ဘဲ အကြီးနှင့်အငယ်၊ အထက်နှင့်အောက် အပြန်အလှန် ကူညီရိုင်းပင်းရသော မိသားစုစိတ်ဓာတ်တွင် အခြေခံ၍နေပေသည်။

(ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ဥပရျာယဝတ္တကထာ၊
သဒ္ဒိဝိဟာရိက ဝတ္တကထာ)

**

http://www.dhammadownload.com

သံယာနှင့် ဒါယကာ၊ ဒါယိကာမ

ဒါယကာ၊ ဒါယိကာမများ ကျင့်ဝတ်ငါးပါး

၁။ မေတ္တာယှဉ်သော ကာယကံဖြင့် ဆက်ဆံခြင်း၊
၂။ မေတ္တာယှဉ်သော ဝစီကံဖြင့် ဆက်ဆံခြင်း၊
၃။ မေတ္တာယှဉ်သော မနောကံဖြင့် ဆက်ဆံခြင်း၊
၄။ လိုအပ်သမျှ အလှူခံကြရန် ဖိတ်ကြားထားခြင်း၊
၅။ လိုအပ်သမျှ လှူဒါန်းခြင်း၊

ရဟန်းသံယာများ ကျင့်ဝတ်ခြောက်ပါး

၁။ မကောင်းမှုကို တားမြစ်ခြင်း၊
၂။ ကောင်းမှုပြုရန် တိုက်တွန်းခြင်း၊
၃။ သနားကြင်နာ စိတ်စေတနာထားခြင်း၊
၄။ မကြားဖူးသော တရားထူးများဟောခြင်း၊
၅။ ကြားဖူးသော တရားကို အနက်အဓိပ္ပာယ် ကျေညက်အောင် ဟောကြားခြင်း၊
၆။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းများ ဟောကြားခြင်း၊

(ဒီဃနိကာယ်၊ ပါထိကဝဂ်၊ သိင်္ဂါလောဝါဒသုတ်)

ရဟန်းသံယာများနှင့် ဒါယကာ၊ ဒါယိကာမတို့၏ ဆက်ဆံရေးအတွက် သိင်္ဂါလ သူငယ်သားအား ဟောကြားတော်မူခဲ့သော ကျင့်ဝတ်များဖြစ်၏။ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အလုပ်ရှင်နှင့် အလုပ်သမားတို့၏

http://www.dhammadownload.com

ကျင့်ဝတ်များကိုလည်း ဤသူဌေးသားကိုပင် အကြောင်းပြု၍ ဟောတော်မူခဲ့ပေသည်။ သက်ဆိုင်ရာအခန်းများတွင် ဤကျင့်ဝတ်များကို တင်ပြရပါဦးမည်။

ကျန်ပဉ္စပ်တို့၏ အဓိကဦးတည်ချက်မှာ ဤဘဝ ဤခန္ဓာဖြင့်ပင် ဤသာသနာမှာ အပါလိုက်နိုင်ရေးသာ ဖြစ်၏။ ဤဘဝမှ သေလွန်ပြီးနောက် နတ်ပြည်၊ သုဂတိရောက်ရှိရေးမှာ အဓိက မဟုတ်ပါ။ သို့သော် အချို့သော ဒါယကာ၊ ဒါယိကာမများသည် တရားဘက်တွင် ဉာဏ်သက်ဝင်နိုင်စွမ်း မရှိကြပေ။ ဤဒါယကာ ဒါယိကာမများအတွက် နတ်ပြည်ရောက်ကြောင်း ကောင်းမှုကလေးများဖြင့် နှစ်သိမ့်မှုပေးထားကြရပေသည်။

ဤကျင့်ဝတ်များကို အတိုနည်းဖြင့် ချုံးလိုက်ပါသော် ဒါယကာ ဒါယိကာမများက တတ်အားသမျှ လှူဒါန်းကြ၍ ရဟန်းသံဃာတော်များက တရားပြသဆုံးမကြရန်ဟူ၍ ဖြစ်လာ၏။

ဤကျင့်ဝတ်များကို ထောက်သောအားဖြင့် နှစ်ဦးနှစ်ဖက် ဆက်ဆံရေးတွင် ရဟန်းသံဃာများက အပေါ်စီးရနေပါသလော။ ရဟန်းသံဃာများသည် မကောင်းမှုကို တားမြစ်ရာတွင် ပြောရုံ ဟောရုံထက်ပို၍ တစ်စုံတစ်ရာ အာဏာသုံးခွင့်ကော ရှိပါသေးသလော။ ထို့ပြင်တစ်ဝ ဒါယကာ ဒါယိကာမများကကော မိမိလှူဒါန်းနေရသော ရဟန်းသံဃာများအပေါ် တစ်စုံတစ်ရာ ပြောဆိုခွင့် မရှိတော့ပြီလော။

ဝိနည်းသိက္ခာပုဒ်များ ပညတ်ရခြင်း၏ အကြောင်းရင်းများကို ကြားဖူးနားဝရှိထားလျှင် ဤနောက်ဆုံးပြဿနာ ပြေလည်ပြီး ဖြစ်ပါလိမ့်မည်။ ရဟန်းများက မသင့်လျော်သော အမှုများ ပြုလုပ်ကြရာတွင် ဒါယကာ ဒါယိကာမများက သောသောညံမှု ကဲ့ရဲ့ ရွဲတ်ချကြ၏။ ကဲ့ရဲ့သံ ရွဲတ်ချသံတို့သည် ရဟန်းများမှတစ်ဆင့် ရွှေနားတော်အထိ ပေါက်ကြားသွားကြ၏။ ဤတွင် ဤသို့သော အပြုအမူမျိုးကို တားဆီးရန် သိက္ခာပုဒ်များ တိုးလာကြရပေတော့သည်။

ဤသို့အားဖြင့် ဒါယကာ ဒါယိကာမများသည် သာသနာတော်ကို စောင့်ရှောက်ကြ၏။ မတော်မသင့်ပြုကျင့်သော ရဟန်းများကို ကဲ့ရဲ့သင်္ကြိတ် အတင်းဆိုခြင်းသည် သာသနာတော်ကို စောင့်ရှောက်ခြင်းပင် ဖြစ်ပေသည်။

ဤသို့ဆိုကြသော သူများတွင် သဘောရိုးဖြင့် ဆိုကြသူများ ရှိသလို မနောဆိုးဖြင့် ဆိုလာသူများလည်း ရှိပေသည်။ သဘောရိုးဖြင့်ဆိုလာသော အမှုများကို အချိန်မီတားမြစ်ကာ မနောဆိုးဖြင့်ဆိုလာသော အမှုများတွင်ကား ဝိနည်းတော်အရ ကျနစွာ စစ်ဆေးရပေသည်။ ကျနစွာစစ်ဆေး၍ အပြစ်ရှိသူကိုကား ထိုက်ထိုက်တန်တန် အပြစ်ဒဏ် ခတ်ရတော့၏။ တစ်ခါတစ်ရံ ပြောဆိုလာသော တရားလိုသည်ပင် တရားခံဘဝရောက်ကာ ကျသင့်သောအပြစ်ဒဏ်ကို ခံသွားခဲ့ရ၏။

လိစ္ဆဝီအမျိုးသား ဝမ္ဘသည် ဤကဲ့သို့ ပစ်ဒဏ်ခံခဲ့ရသော ဒါယကာတစ်ယောက်ပင်ဖြစ်၏။ သာသနာတော်ကြီး တစ်ခုလုံးကို ကြည်ညိုသော ဒါယကာတစ်ယောက်

http://www.dhammadownload.com

ဖြစ်သော်လည်း အရှင်မေတ္တိယ၊ အရှင်ဘူမဇကတို့ထံ အဝင်အထွက်များခဲ့၏။ အဆက်အဆံများခဲ့၏။ ဒါယကာရင်း ဆရာရင်းများ ဖြစ်နေခဲ့ကြ၏။

တစ်နေ့သ၌ ဒါယကာရင်း ဝမှ သူတို့ကျောင်းသို့လာရာတွင် တစ်မူထူးခြားနေသည်ကို တွေ့လိုက်ရသည် ဆို၏။ ခါတိုင်းဆိုလျှင် သူတို့က အရင်ဦးအောင် နှုတ်ဆက်နေကျဖြစ်၏။ ထိုနေ့မှာကား နှုတ်ရွှင်သော အရှင်နှစ်ပါးသည် စကား မပြော တုတ်ိုဘော ဖြစ်နေကြ၏။ ဘာကိုများ မျက်ထားတော်ညို အလိုမကျ ဖြစ်နေကြပါလိမ့်။

"အရှင်ဘုရားတို့၊ တပည့်တော် ရှိခိုးပါ၏"

ဝမှသည် အရှင်နှစ်ပါးကို အကဲခတ်ရင်း ရှိခိုးလိုက်၏။ ကာယက်နှင့် အတူ ဝစီက်ပါ ရောစွက်ပေးလိုက်၏။ သို့သော် သူ့အရှင်များကား မျက်လွှာတော် မော်၍မျှပင် မကြည့်ကြသေးပါ။

တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ် ရှိခိုးပြန်ရာ၌လည်း ကိုယ်တော်များက တုတ်တုတ်မျှ မလှုပ်ကြပေ။ ဤတွင် ဒါယကာရင်းဖြစ်သူမှာ မနေသာတော့ဘဲ–

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့အပေါ်မှာ တပည့်တော် ဘာများ ပြစ်မှားမိပါသလဲ။ တပည့်တော်ကို ဘယ်အပြစ်ကြောင့် စကားမပြောဘဲနေကြပါသလဲ"

ဤသို့ ဒါယကာက မေးလျှောက်ခါမှ ဆရာများက အမိန့်တော်ရှိလိုက်ကြ၏။

"ဒါယကာ ဝမှ၊ မလွှအမျိုးသား အရှင်ဒဗ္ဗက ငါတို့ကိုနှိပ်စက်နေသည်ကို သင်သည် လျစ်လျူရှုရက်ဘိ၏။ ဤသည်လျှင် သင့်အပြစ် မဟုတ်ပါသလော"

"ဩော်.... သည်ကိစ္စအတွက်ပါကလား"

တည့်တည့် ဖွင့်ပြောခါမှ ဒါယကာ ဝမှ သဘောပေါက်သွားပေသည်။

(ဝိနည်းစူဠဝဂ်၊ ခုဒ္ဒကဝတ္ထုခန္ဓက)

မှန်ပေသည်။ အရှင်နှစ်ပါးဘက်ကကြည့်လျှင် ဤကိစ္စအတွက် ဒါယကာ ဝမှမှာ အပြစ်ရှိနေသည်ဟု ဆိုထိုက်၏။ အရှင်ဒဗ္ဗနှင့်ပတ်သက်၍ သည်အရှင်နှစ်ပါး အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ပါလျက် ရေငုံနှုတ်ပိတ်နေနိုင်ခြင်းသည် အပြစ်တစ်ခုပင် ဖြစ်သည် မဟုတ်ပါလော။

အရှင်မေတ္တိယတို့ မလိုတမာဖြစ်ခဲ့သော အရှင်ဒဗ္ဗသည် တကယ်တော့ဖြင့် သာသနာ့အာဇာနည်လေး တစ်ပါးဖြစ်၏။ ခုနစ်နှစ်သား အရွယ်ကပင် ရဟန်းဝတ်ကာ အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့သူဖြစ်၏။ ထိုစဉ်က ရဟန်းဝတ်ခွင့်အတွက် အသက်နှစ်ဆယ် ပြည့်ရမည်ဟု ပညတ်တော် မထုတ်ရသေးပေ။

http://www.dhammadownload.com

သိသင့်သိထိုက်သော နိဗ္ဗာန်တရားတော်ကြီးကို အမြင့်ဆုံးဉာဏ်ဖြင့် သိလိုက်ပြီးပြီမို့ သူ့ကိုယ်ရေးကိုယ်တာ လုပ်စရာဟူ၍ မရှိတော့ပေ။ အသိပြီးပြီမို့ အလုပ်လည်းပြီးသွားပေသည်။ သို့ဖြစ်၍ အရှင်ဒဗ္ဗသည် သံဃာတော်များ၏ အမှုကိစ္စများကို ဆောင်ရွက်ရပေသည်။ သံဃာတော်များ၏ အိပ်ရာနေရာကို ခင်းပေးကာ ပင့်လျှောက်လာသော ဆွမ်းစားကိစ္စများကိုလည်း ထေရ်စဉ်ဝါလိုက် စာရင်းအရ အလှည့်ကျ ထည့်ပေးရပေသည်။

ဤတာဝန်များကို အရှင်ဒဗ္ဗ လျှောက်ထားချက်အရ ဘုရားရှင်က ပေးတော်မူထားခြင်းဖြစ်၏။ သံဃာတော်များက ဥတ်ကမ္မဝါစာများဖြင့် တရားဝင် အသိအမှတ်ပြုထားကြရ၏။

ရဟန်းငယ်လေး၏ ဆောင်ရွက်မှုဖြင့် ရဟန်းသံဃာများသည် စိတ်တိုင်းကျ ကျိန်းစက်ခွင့်ရကြ၏။ ရဟန်းငယ်ကလေး၏ စီစဉ်ညွှန်ကြားမှုဖြင့် အလှည့်ကျ ဆွမ်းစားလိုက်နေကြရ၏။ စာရင်းနှင့် ဇယားနှင့် တိတိကျကျ ဆောင်ရွက်ပေးသဖြင့် သံဃာတော်ကြီးများက သာဓုနမော် ခေါ်ကြရပေသည်။

သံဃာတော်ကြီးများက ညီညာဖြဖြ သာဓုခေါ်ကြသော ဤကိစ္စသည် အရှင် မေတ္တိယတို့အတွက်မှာတော့ မကျေချမ်းစရာ ဖြစ်နေရ၏။ သူတို့မှာ ရဟန်းသိက္ခာလည်း အငယ်ဆုံးဖြစ်ကြ၏။ တစ်စုံတစ်ရာ ပြောစားလောက်သော အရည်အချင်းလည်း မရှိကြ။ သို့ဖြစ်၍ ထေစဉ်ဝါလိုက် စာရင်းချလိုက်သော အခါတိုင်း အညံ့ဆုံးသော အိပ်ရာ နေရာတို့သည် သူတို့အဖို့ ဖြစ်နေကြ၏။ အညံ့ဆုံးသော ဆွမ်းခဲဖွယ်တို့သည် သူတို့ဝေစုဖြစ်နေကြ၏။

စားကောင်းခြင်း မစားရ အိပ်ကောင်းခြင်း မအိပ်ရသော အရှင်မေတ္တိယတို့သည် တစ်နေ့နေ့မှာတော့ သူတို့အလှည့်ကျလာမည်ဟု မျှော်တလင့်လင့် နေခဲ့ကြ၏။ မျှော်လင့်ထားသည့်အတိုင်းလည်း တစ်နေ့မှာတော့ သူတို့အတွက် လာဘ်တိုက်လာပါ၏။ ဆွမ်းကောင်း ဟင်းကောင်းနှင့် ကျွေးမွေးတတ်သော ဒါယကာကြီး အိမ်တွင် နက်ဖြန်နံနက် သူတို့နှစ်ပါး ဆွမ်းစားကြွကြရတော့မည် မဟုတ်ပါလား။

ယခင်နေ့များတုန်းက အရှင်ဒဗ္ဗကို မကျေနပ်ခဲ့ကြသော အရှင်မေတ္တိယတို့သည် ထိုနေ့မှာတော့ အကျေနပ်ကြီး ကျေနပ်ကြရ၏။ နက်ဖြန်ခါ တွေ့မြင်ရမည့် စားကောင်းသောက်ဖွယ်များကို ကြိုကြိုတင်တင် မြင်ယောင်နေကြ၏။ ထိုအတွေးထိုအမြင်များဖြင့် အိပ်မပျော်နိုင်ဘဲ တစ်ညကုန်ခဲ့ကြရ၏။

သည်တစ်ခါ ကောင်းကောင်းကြီးစားရတော့မည်ဟု စောစောကြီး ကြွလာကြသော အရှင်နှစ်ပါးအား အစေခံမက တံခါးဝမှာ ကြိုလင့်လျက်ရှိ၏။ တံခါးဝက

http://www.dhammadownload.com

ခဲ့တစ်ခုမှာပင် အဝတ်ခင်းကာ "အရှင်ဘုရားတို့ ထိုင်ကြပါ'ဟု လျှောက်၏။ အရှင်မေတ္တိယတို့မှာ အောင့်သက်သက်ဖြင့်ပင် တံခါးဝမှာ ထိုင်ကြရပေသည်။

ခါတိုင်းနေ့များဆိုလျှင် သံဃာတော်များ ကြွလာသည်နှင့် ဆွမ်းဒါယကာကြီး ကိုယ်တိုင် သားမယားနှင့်တကွ တံခါးဝမှထွက်၍ ကြိုဆိုမြဲ ဖြစ်၏။ ယခု သူတို့ နှစ်ပါးတည်းကြွလာချိန်တွင်ကား ဆွမ်းဒါယကာများလည်းမပေါ်လာ။ ဆွမ်းအစ်မ လည်း မမြင်ရ။ သားသမီးများလည်း တစ်ယောက်မှ မပြူလာကြ။

"ဧကန္တ ဆွမ်းမကျက်သေး၍ ဖြစ်လိမ့်မည်"

ထူးခြားနေသော အခြေအနေကြောင့် စိတ်တထင့်ထင့် ဖြစ်နေရင်းက စိတ်သက်ရာကို ရွာခဲ့ကြ၏။ ရွာသော်လည်း အချည်းနှီးသာ ဖြစ်ရပါ၏။ နေရာခင်းပေးသော အစေခံမသည်ပင် ဆန်ကွဲထမင်း ပုန်းရည်ဟင်းဖြင့် သူတို့ကို ဆက်ကပ်လိုက်ပေသည်။

"နှမ၊ ငါတို့က ပင့်ဖိတ်၍ ကြွလာသူများဖြစ်သည်"

အရှင်မေတ္တိယတို့က ရလိုရငြား အရေးဆိုကြည့်ကြပါသေး၏။ သို့သော် အကြောင်းကား မထူးပါလေ။ "အရှင်သခင်ညွှန်ကြားထားသည့်အတိုင်း ကပ်ရပါသည်'ဟု အစေခံမက ဟုတ်တိုင်းမှန်စွာ လျှောက်ထား၏။ ဆဗ္ဗဂ္ဂိဂိုဏ်းဝင် သည်ရှင်နှစ်ပါး ဆွမ်းစားကြွမည်ကို ကြိုတင်သိသဖြင့် ဆွမ်းဒါယကာကြီးက ဤသို့ဆက်ကပ်ရန် မှာကြားထားခဲ့ခြင်း ဖြစ်ပေသည်။

"ယမန်နေ့က ဆွမ်းဒါယကာကြီး အရှင်ဒဗ္ဗထံ လာခဲ့သည်။ ဧကန္တ ဆွမ်းဒါယကာကြီး သဒ္ဓါပျက်အောင် အရှင်ဒဗ္ဗ နှောင့်ယှက်ခဲ့ပေပြီ"

ဆန်ကွဲထမင်း ပုန်းရည်ဟင်းများကို မနှစ်မြို့စွာ စားသောက်ရင်း မနှစ်မြို့စရာ အတွေးအခေါ်များ ပွားများ၍ နေကြ၏။ ထိုအတွေးကို စုဝေးလိုက်သောအခါ မှာကား လုပ်ကြံမှုကြီးတစ်ခု ဖြစ်ပေါ်လာတော့သည်။

"အရှင်ဘုရား၊ ဤအမှုသည် မသင့်လျော်ပါ။ ဤအမှုသည် မဖြစ်ထိုက်ပါ။ ယခင်က ဘေးမရှိခဲ့သော အရပ်တွင် ယခု ဘေးရှိလာပါပြီ။ ယခင်က နှိပ်စက်ညှဉ်းပန်းမှုမရှိသော အရပ်တွင် ယခု နှိပ်စက်ညှဉ်းပန်းမှု ရှိလာပါပြီ။ ယခင်က လေမတိုက်ခဲ့သော အရပ်တွင် ယခု လေမုန်တိုင်းကြီး တိုက်ခတ်လာပါပြီ။ ကြည်သာအေးမြခဲ့သော ရေသည် အလျှံပြောင်ပြောင်တောက်လောင်၍ နေလေယောင် တကား။ မလွှအမျိုးသား ဒဗ္ဗသည် တပည့်တော်မကို ကျူးလွန် ဖျက်ဆီးခဲ့ပါပြီ ဘုရား"

ဘုရားရှင်ရှေ့တော်မှောက်တွင် မေတ္တိယာအမည်ရှိ ရဟန်းမတစ်ပါး လျှောက်ထားလာခြင်း ဖြစ်ပေသည်။ မပြေနိုင်သော ရန်ငြိုးဖြင့် ခင်းလိုက်သော လုပ်ဇာတ်ကြီးကို

http://www.dhammadownload.com

ဘုရားရှင် သိတော်မူပြီးပင် ဖြစ်ပါ၏။ သို့ရာတွင် တိုင်ကြားသူ ရှိလာမှတော့ သက်ဆိုင်သူကို ခေါ်၍ စစ်ဆေးတော်မူရပါသည်။

"ဒဗ္ဗ၊ ဤရဟန်းမလျောက်ထားသည့်အတိုင်း ကျူးလွန်ဖျက်ဆီးမှုကို သင် ပြုမိလေသလား"

ရဟန်းပရိသတ်အလယ်တွင် အရှင်ဒဗ္ဗကို စစ်မေးတော်မူရပေသည်။

"အရှင်ဘုရား၊ တပည့်တော်ကို အရှင်ဘုရား သိတော်မူသည့်အတိုင်းပင် ဖြစ်ပါသည် ဘုရား"

ဖွဲ့ချက်အတိုင်း မဟုတ်မှန်ပါကြောင်း အရှင်ဘုရား သိတော်မူပြီး ဖြစ်ပါသည်ဟု လျောက်ထားလိုရင်း ဖြစ်၏။ သို့ရာတွင် ဤလိုနေရာမျိုးတွင် ဤလိုစကားများဖြင့် မပြီးနိုင်ပေ။ သံဃာ့ပရိသတ် အလယ်တွင် ဟုတ်လျှင် ဟုတ်ကြောင်း၊ မဟုတ်လျှင် မဟုတ်ကြောင်း အတည့်အလင်း ပြောဆိုရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်က–

"ဒဗ္ဗ၊ ပညာရှိတို့သည် ဤသို့ မတင်မကျ မဖြေကြားကြကုန်။ ရဟန်းမလျောက်ထားသည့်အတိုင်း ပြုမိလျှင် ပြုမိသည်ဟု လျောက်ထားလော့။ မပြုမိလျှင် မပြုမိဟု လျောက်ထားလော့"

"အရှင်ဘုရား၊ ကာမဂုဏ် မေထုန်အမှုကို တပည့်တော်သည် အိပ်မက်ပင် မမက်ခဲ့ဖူးပါ။ နိုးကြားနေစဉ်မှာကား အထူးဆိုဖွယ်ရာ မရှိတော့ပါ ဘုရား"

ရှင်းသွားပေပြီ။ ဟုတ်လိမ့်မိုးနိုးနှင့် ခင်းလာသော လုပ်ဇာတ်ကြီး ဘွားဘွား ပေါ်သွားသည်နှင့် အရင်းခံလက်သည်များလည်း ပေါ်လာကြပေပြီ။ ဤလက်သည်များကို အကြောင်းပြု၍ပင် "အခြားရဟန်းတစ်ပါးကို ရန်ပြုထား၍ အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း မပြုရ"ဟူသော သံဃာဒိသိသ် သိက္ခာပုဒ်တစ်ခု ပညတ်တော်မူလိုက်ပေပြီ။

(ပါရာဇိကကဏ္ဍ၊ ပထမဒုဋ္ဌဒေါသသိက္ခာပုဒ်)

အရှင်မေတ္တိယတို့သည် မိမိတို့ကြောင့် ထွက်ပေါ်လာသော ဤပညတ်တော်ကို ရိုသေစွာ လိုက်နာကြပါ၏။ သို့သော် ထုံးစံအတိုင်းပင် မပညတ်ရသေးသော အချက်ကိုကား ကြံကြံဖန်ဖန် ကျူးလွန်တတ်ကြသူများ ဖြစ်ကြပေသည်။

အရှင်ဒဗ္ဗကို တိုက်ရိုက်ကြီး စွပ်စွဲ၍ မအောင်မြင်သောအခါ သူတို့သည် တစ်မျိုးတစ်ဖုံ ကြံစည်ကြပြန်၏။ ယခင်အကြိမ်က မေတ္တိယာရဟန်းမကို စေခိုင်းခဲ့ကြ၏။ မေတ္တိယာနှင့် ဟန်မရသောအခါမှာ ရှေ့တော်မှောက်သို့ သူတို့ကိုယ်တိုင် ဝင်လာကြပေတော့သည်။ မေတ္တိယာနှင့် ကျူးလွန်နေသော ဒဗ္ဗကို သူတို့ကိုယ်တိုင် အမြင်အတွေ့ဖြစ်ပါကြောင်း လျောက်ထားကြပေတော့သည်။ သေသေချာချာ

http://www.dhammadownload.com

စစ်ဆေးကြည့်သောအခါတွင်ကား ဒဗ္ဗဆိုသည်ကား ဆိတ်ထီး၊ မေတ္တိယာဆိုသည်ကား ဆိတ်မ။ သူတို့ချင်း ဘာသာဘာဝပြုကျင့်ကြသည်ကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံကြပြန်ခြင်းပင်ဖြစ်၏။ ဤအကြိမ်မှာလည်း သံဃာဒိသိသ် သိက္ခာပုဒ်တစ်ခုဖြင့် တားမြစ်တော်မူလိုက်ရပေသည်။

(ပါရာဇိကကဏ္ဍ၊ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်)

နှစ်ကြိမ်တိုင်တိုင်ကြိုးစား၍ နှစ်ကြိမ်တိုင်တိုင် အရှက်ကွဲခဲ့ရသော အရှင်မေတ္တိယတို့သည် ဤမျှဖြင့် နောင်တတရား မရနိုင်ကြပါ။ အရှင်ဒဗ္ဗကို သာသနာ့ဘောင်မှ ဖယ်မထုတ်နိုင်မချင်း သူတို့ မကျေနပ်နိုင်ကြပါ။ ထို့ကြောင့် သူတို့ ဒကာရင်းထံမှာ စကားတစ်စ ပစ်ပေးလိုက်ကြခြင်း ဖြစ်၏။ ပစ်ပေးလိုက်သော စကားတစ်စကို ဒါယကာရင်း ဝမှ အရအမိ ဆွဲယူလိုက်ပါ၏။

"အရှင်ဘုရား၊ သည်ကိစ္စအတွက် တပည့်တော် ဘာများ ဆောင်ရွက်ပေးရမည်လဲ"

"ငါတို့များ စိတ်ချမ်းသာမှုကို သင်လိုလားရိုးမှန်လျှင် ယနေ့ပင် ဘုရားရှင်က ဒဗ္ဗကို နှင်ထုတ်တော်မူပေလိမ့်မည်"

ဒါယကာဘက်မှ လိုက်လျောလာချိန်တွင် ဆရာများက လိုရင်းအချက်ကို ထုတ်ဖော်ကြတော့၏။

အရှင်မေတ္တိယတို့၏ ညွှန်ကြားချက်အရ ဝမှသည် အရှင်ဒဗ္ဗအား မိမိမယားနှင့် သမုတ်လိုက်ပြန်၏။ သို့သော် ယခင်နှစ်ကြိမ်တုန်းကကဲ့သို့ပင် ယခု တတိယအကြိမ်မှာလည်း အရှင်ဒဗ္ဗမှာ ဘေးမသီ ရန်မခ ဖြစ်ရပြန်၏။

အပြစ်မရှိသူက အေးအေးလူလူနေရသော်လည်း ဆရာအတင်မှားခဲ့သော ဝမှမှာကား သောကစိတ်ပူဖြင့် ဗလောင်ဆူ၍နေပေသည်။

"ရဟန်းတို့၊ ထိုသို့သောအကြောင်းကြောင့် လိဿဝီအမျိုးသား ဝမှကို သပိတ်မှောက်ကဲ့ ပြုကြကုန်လော့။ ရဟန်းသံဃာသည် သူနှင့် မဆက်ဆံဘဲဖြင့် ထားပေလော့"

ဤသို့ မိန့်ကြားတော်မူရာမှ ဘုရားရှင်က ဆက်လက်၍ –

၁။ ရဟန်းတို့ လာဘ်လာဘမရအောင် ကြိုးစားခြင်း၊
၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်ရန် ကြိုးစားခြင်း၊
၃။ ရဟန်းတို့ နေစရာမရှိရန် ကြိုးစားခြင်း၊
၄။ ရဟန်းတို့ကို ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း၊
၅။ ရဟန်းအချင်းချင်း ရန်တိုက်ပေးခြင်း၊
၆။ ဘုရားရှင်ကို ကဲ့ရဲ့ ရှုတ်ချခြင်း၊

http://www.dhammadownload.com

၇။ တရားကို ကဲ့ရဲ့ရွတ်ချခြင်း၊

၈။ သံဃာကို ကဲ့ရဲ့ရွတ်ချခြင်းဟူ၍ သပိတ်မှောက်ထိုက်သော အင်္ဂါရှစ်ပါး ကို မိန့်ကြားတော်မူပေသည်။

လိစ္ဆဝီအမျိုးသား ဝဗုသည် အရှင်ဒဗ္ဗအား မိမိမယားနှင့် စွပ်စွဲခြင်းဖြင့် သပိတ်မှောက်ထိုက်သော အင်္ဂါတွေ တော်တော်များနေပြီ ဖြစ်၏။ ထို့ကြောင့် သံဃာ တော်များက ဝဗုကို သပိတ်မှောက်ကံပြုကြပေသည်။ သူနှင့် မည်သည့်ရဟန်းမျှ ဆက်ဆံပတ်သက်ခွင့် မရှိတော့ပေ။

သံဃာများ သဘောတူစိတ်တူပြုကြသော ဤသပိတ်မှောက်ကံတွင် ကျွန်ုပ် လည်း ပါဝင်ခဲ့ရပါ၏။ ပါဝင်ခဲ့ပြီးသည့်နောက် ဝဗုထံ အသိပေးရင်း ပြောဆိုရန်လည်း တာဝန်ယူရ၏။ ယူခဲ့သည့်အတိုင်း ဆွမ်းခံသွားရင်း ပြောပြလိုက်သည်တွင် ဝဗုမှာ မူးမေ့ကာလဲကျသွားတော့၏။ ခင်မင်ရာ နီးစပ်ရာနောက်သို့ လိုက်ပါမိခဲ့သော်လည်း သာသနာတော်ကြီးနှင့် အဆက်ပြတ်သွားရမည့် အရေးကိုကား သူ့ခမျာ ဝန်လေးနေရှာ ပေလိမ့်မည်။

ထိုနေ့ညမှာပင် ဝဗုသည် စိုစွတ်သော ဆံပင်၊ စိုစွတ်သော အဝတ်အစားတို့ဖြင့် ကျောင်းတော်သို့ ရောက်လာ၏။ သားချင်းပေါက်ဖော်များနှင့် မိတ်ဆွေများကိုပါ စုရုံးခေါ်လာကာ ဘုရားရှင်ခြေတော်အစုံကို ဦးခိုက်၍ ဝန်ချတောင်းပန်၏။ အဟုတ် တကယ် နောင်ကြဉ်သွားသည်ကို သိရှိတော်မူသဖြင့် ဘုရားရှင်က သပိတ်မှောက် ထားသော ကံကို ပြန်လည်ရုပ်သိမ်းရန် မိန့်ကြားတော်မူပေသည်။

(ဝိနည်းစူဠဂဂ်၊ ခုဒ္ဒကဝတ္ထုခန္ဓက)

ဤဝတ္ထုကို ထောက်သောအားဖြင့် ရဟန်းသံဃာများသည် ဒါယကာ ဒါယိကာမများထဲက စော်ကား မော်ကား ပြုသူများကိုသာ ဤကံဖြင့် တားမြစ်ရ၏။ သို့ရာတွင် မိမိအလိုမကျမှုဖြင့် မိမိနှင့် အယူအဆမတူရုံမျှဖြင့် ဘုရားရှင့် အာဏာ တော်ကြီးကို အသုံးပြုခွင့် မရှိပါချေ။

ရဟန်းသံဃာကို ထိပါးနှောင့်ယှက်လာသော ဒါယကာ ဒါယိကာမများကို ရဟန်းတို့ဘက်က သပိတ်မှောက်ကံ ပြုနိုင်သကဲ့သို့ ဒါယကာ ဒါယိကာမများ ဘက်ကလည်း ရဟန်းများကို ကံပြုခွင့်ရှိပေသည်။ ထိုကံကား အပွသာဒ ပဝေဒနီယကံ ဖြစ်၏။

"ရဟန်းတို့၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ဒါယကာတို့သည် အလိုရှိသော် မကြည်ညိုခြင်းကို ထင်ထင်ရှားရှား ပြကုန်ရာ၏။ အဘယ်အင်္ဂါရှစ်ပါး တို့နှင့်နည်း ဟူမူကား၊ လူတို့အား ပစ္စည်းဥစ္စာ မရခြင်းငှာ အားထုတ်၏။ လူတို့အား အကျိုးယုတ်စေရန်အား ထုတ်၏။ လူတို့ကို ဆဲရေး၏။ ခြိမ်းခြောက်၏။

http://www.dhammadownload.com

လူနှင့်လူချင်း ကုန်းတိုက်ပေး၏။ ဘုရားရှင်ကို ကဲ့ရဲ့ရွတ်ချ၏။ တရားတော်ကို ကဲ့ရဲ့ရွတ်ချ၏။ သံဃာကိုကဲ့ရဲ့ရွတ်ချ၏။ အကျွမ်းတဝင် အဆက်အဆံမပြုသင့်သော နေရာခြောက်မျိုးမှာလည်း ဝင်ထွက်ဆက်ဆံ၏။ ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ဒါယကာ၊ ဒါယိကာမတို့သည် အလိုရှိသော် မကြည်ညိုခြင်းကို ထင်ထင်ရှားရှား ပြကုန်ရာ၏"

(အဝုံတ္တရ၊ အင်္ဂကနိပါတ်၊ အပ္ပသာဒပဒေနိယသုတ်)

ရဟန်းသံဃာကို အကာအကွယ်ပေးတော်မူခဲ့သော ဘုရားရှင်သည် ဒါယကာ ဒါယိကာမများကိုလည်း ထပ်တူထပ်မျှ အခွင့်အရေး ပေးတော်မူပေသည်။

ဤအင်္ဂါရှစ်ပါးအနက် နောက်ဆုံးအင်္ဂါအရ အကျွမ်းတဝင် အဆက်အဆံ မပြုသင့်သော နေရာခြောက်မျိုးမှာ ပြည့်တန်ဆာမအိမ်၊ မုဆိုးမအိမ်၊ အပျိုကြီးအိမ်၊ နပုံးပုဏ္ဏားအိမ်၊ ရဟန်းမတို့၏ ကျောင်းနှင့် သေတင်းကုပ်များဖြစ်ကြ၏။

ဤနေရာ ဤဌာနများသို့ ရဟန်းများလုံးဝမသွားရ။ ဤပုဂ္ဂိုလ်များနှင့်လုံးဝ မဆက်ဆံရဟု မဆိုလိုပါ။ အခြားအိမ်များတွင် ဆွမ်းခံဝင်သကဲ့သို့ ဤအိမ်များကိုလည်း ဆွမ်းခံဝင်နိုင်ပါသည်။ ဤပုဂ္ဂိုလ်များကိုလည်း အခြားသော ဒါယကာ ဒါယိကာမများနည်းတူဆက်ဆံနိုင်ပါသည်။ သို့ရာတွင် လိုအပ်သော အတိုင်း အတာထက် ကျော်လွန်၍ ဆက်ဆံမိလျှင်ကား ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသော်လည်း သူတရာ အထင်လွဲစရာ ဖြစ်တတ်၏။ မတော်တလျော် အစွပ်စွဲခံရတတ်၏။ ထို့ကြောင့် အကျွမ်းတဝင် မဆက်ဆံသင့်သော ဌာနဟူ၍ ဘုရားရှင် ဟောတော်မူခြင်း ဖြစ်ပေသည်။

(အဘိဓမ္မာ၊ ဝိဘင်းပါဠိတော်)

အထက်ပါ အင်္ဂါရှစ်ပါးလုံးနှင့်သော်လည်းကောင်း၊ အချို့အဝက်နှင့်သော်လည်းကောင်း၊ ငြိစွန်းသောရဟန်းအား ဒါယကာ ဒါယိကာမတို့က အပ္ပသာဒပဒေနိယကံ ပြုနိုင်ပေသည်။ ဤကံကို ဒါယကာ ဒါယိကာမများက ပြုရာတွင် ရဟန်းများကဲ့သို့ ဥတ်ကမ္မဝါစာများ ရွတ်ဖတ်ရန်မရှိပါ။ ကံပြုထိုက်သော ရဟန်းကို နေရာမှ ထ မပေးခြင်း၊ ရှိမခိုးဘဲနေခြင်းဖြင့် ကံမြောက်ပြီး ဖြစ်ပေသည်။

(အဝုံတ္တရ၊ အင်္ဂကနိပါတ်၊ အပ္ပသာဒပဒေနိယသုတ် အဋ္ဌကထာ)

သပိတ်မှောက်ကံမှာတုန်းက ပြစ်မှားမိသော ဒါယကာက ဝန်ချတောင်းပန်သဖြင့် ရဟန်းများက သပိတ်လှန်၍ ပေးရ၏။ သပိတ်မှောက်ကံကို သပိတ်လှန်ကံဖြင့် ပယ်ဖျက်ပေးရ၏။ ယခု လူတို့ပြုသော ကံကိုကား မည်သူက မည်သို့ ပယ်ဖျက်ရပါမည်နည်း။ ဤအကြောင်းကို အရှင်သုဓမ္မနှင့် စိတ္တသူကြွယ်တို့အမှုဖြင့် စံနမူနာပြုနိုင်ပေသည်။

http://www.dhammadownload.com

အကျိုးအကြောင်း ဆက်စပ်နေ၍သော အရှင်သုဓမ္မနှင့် စိတ္တသူကြွယ်တို့ အမှုဟူ၍ ဆိုလိုက်ရ၏။ အရှင်သုဓမ္မအပေါ် အမှုပတ်လာအောင် စိတ္တသူကြွယ်အနေနှင့် တစ်စုံတစ်ရာ ကြိုးစားမှုမရှိခဲ့ပါ။ စိတ္တသူကြွယ်သည် အရှင်သုဓမ္မ၏ ကျောင်းဒါယကာ၊ ပစ္စည်းလေးပါး ဒါယကာကြီးပင် မဟုတ်ပါလော။

စိတ္တသူကြွယ်တို့၏ မစ္ဆိကာသဏ္ဍရွာကြီးသည် မဂဓတိုင်းထဲမှာ ရှိ၏။ စိတ္တသူကြွယ်သည် ထိုရွာမှာ အစဉ်အဆက် နေလာခဲ့ကြသော သူဌေးမျိုးရိုးမှ ဖွားမြင်ကာ မိဘအမွေကို တစ်ဦးတည်း အမွေခံခဲ့ရသူဖြစ်၏။ ပစ္စည်းအမွေမျှသာ မဟုတ်။ မဂဓတိုင်းတွင် ဘုရင် ဗိမ္ဗိသာရ၏ အသိအမှတ်ပြုမှုကိုပါ ဖခင်ကိုယ်စား ဆက်ခံခဲ့ရ၏။

ပဋ္ဌဝဂ္ဂိငါးဦးမှာ အပါအဝင်ဖြစ်သော အရှင်မဟာနာမ်သည် တစ်ခါက မစ္ဆိကာသဏ္ဍသို့ ကြွလာဖူး၏။ စိတ္တသူကြွယ်သည် အရှင်မဟာနာမ်ထံမှ အာယတနခြောက်ပါးကို ပရိကံပြု၍ ဟောသောတရားကို ကြားနာခွင့်ရခဲ့၏။ ဤတရားဖြင့် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့ရ၏။ လူဝတ်ကြောင် ဒါယကာတစ်ဦးအနေနှင့် အမြင့်ဆုံးသော အဆင့်ပင်ဖြစ်ပေသည်။ ဤကား စိတ္တသူကြွယ်အကြောင်း အမြွက်မျှသာဖြစ်၏။ စိတ္တသူကြွယ်၏ ပုဂ္ဂိုလ်အမျိုးမျိုးနှင့် တရားသဘောများ အကြိတ်အနယ် ဆွေးနွေးပုံများကို အကြောင်းသင့်သော တစ်နေရာမှာ တင်ပြပါဦးမည်။

(အဝိတ္ထရ အဋ္ဌကထာ ကေနိယါတ်၊ တေဒဂ္ဃဝဂ်၊ စိတ္တဂဟပတိဝတ္ထု)

တစ်နေ့သ၌ ကျွန်ုပ်တို့အပါအဝင် ရဟန်းသံဃာ တစ်ဆယ့်တစ်ပါးသည် မစ္ဆိကာသဏ္ဍရွာကြီးသို့ ဆိုက်ရောက်ခဲ့ကြ၏။ ခေါင်းဆောင်မှာ အရှင်မဟာသာရိပုတ္တရာဖြစ်၍ လိုက်ပါလာသူများမှာ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါနှင့် ရာဟုလာတို့အပါအဝင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များချည်း ဖြစ်ပေသည်။

နောက်နေ့နံနက်တွင် ကျောင်းဒါယကာ၏ ပင့်ဖိတ်ချက်ဖြင့် ကျွန်ုပ်တို့ တစ်ဆယ့်တစ်ပါး ဆွမ်းစားကြွကြ၏။ ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်သုဓမ္မကား လိုက်ပါ မလာပေ။ ခါတိုင်း အာဂန္တုသံဃာများကိုပင် ချိန်ရှိလျှင် စိတ္တသူကြွယ်သည် သူ့ကို ပန်ကြားပြီးမှ ပင့်နေကျဖြစ်၏။ ယခု ကျွန်ုပ်တို့ ရောက်လာသည်တွင်ကား ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းသဖြင့် ထိုအစဉ်အလာ ပျက်ကွက်သွားခဲ့မိသည်ဆိုပါ၏။ တမင်တကာ ဖျက်ပစ်သည်မဟုတ်။ သတိမေ့မိ၍ ပျက်ကွက်ရခြင်းသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဤကိစ္စကို အရှင်သုဓမ္မက လုံးဝ မကျေနပ်ပါချေ။ မိမိအပေါ် ကျောင်းဒါယကာက အကြည်ညိုပျက်လာ၍သာ ဤသို့ ပျက်ကွက်လာ

http://www.dhammadownload.com

သည်ဟု တစ်တစ်ချ စွဲယူထား၏။ ထို့ကြောင့် ကျောင်းဒါယကာက သုံးကြိမ် တိုင်တိုင် ပင့်ပါလျက် ဇွတ်အတင်း ငြင်းဆန်ခဲ့ပေသည်။

ကိုယ့်စိတ် ကိုယ့်မာန်ဖြင့် ဆွမ်းစားလိုက်ရန် ငြင်းဆန်ခဲ့သော အရှင်သုဓမ္မ သည် ကျွန်ုပ်တို့ ဆွမ်းစားနေစိုက်တွင်ကား လိုက်လာခဲ့၏။ ကျောင်းဒါယကာကြီးများ က ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော ဆွမ်းဟင်းများကို သေသေချာချာကြည့်၏။ မုန့်ပဲသရေစာများကိုလည်း စေ့စေ့စပ်စပ်လျှောက်ကြည့်၏။ စိတ်တိုင်းကျ ကြည့်ရှု ပြီးသည်တွင်ကား ဆွမ်းဒါယကာကြီးကို ဤသို့ဆိုလိုက်မိတော့၏။

"ဒါယကာ စိတ္တာ၊ သင်တို့ ချက်ပြုတ်ပြင်ဆင်ထားသော ဆွမ်းခဲဖွယ်တို့သည် များလှပါ၏။ အမျိုးအမည်လည်း စုံပါ၏။ သို့သော် မုန့်တစ်မျိုးကား လိုနေပေသေး သည်"

"မည်သည့် မုန့်များပါလဲဘုရား"

အရှင်သုဓမ္မ၏ ရည်ရွယ်ချက်ကို မစဉ်းစားမိသေးသဖြင့် စိတ္တာသူကြွယ်က ရိုသေစွာပင် မေးလျှောက်၏။

"ဒါယကာ စိတ္တာ၊ လိုနေသေးသောမုန့်တစ်မျိုးကား နှမ်းပျစ်ပင် ဖြစ်ပေသည်"

ဤစကားကို ပြောလိုက်သည်နှင့် စိတ္တာသူကြွယ်၏ အိမ်သူအိမ်သားများ မျက်နှာပျက်၍ သွားကြပေသည်။ စိတ္တာသူကြွယ်တို့ ဘိုးဘေးအစဉ်အဆက်ထဲတွင် တစ်ယောက်သောသူသည် မုန့်သည်ဖြစ်ခဲ့ဖူး၏။ ဤသည်ကို အတွင်းသိ အစင်းသိ ဖြစ်သော အရှင်သုဓမ္မက လူကြားထဲ အထုပ်ဖြေပြလိုက်ခြင်း ဖြစ်၏။ သူ့အပေါ် အကြည်ညိုပျက်ရန်ကော ဟူသော ရန်ငြိုးဖြင့် မျိုးရိုးဂုဏ် သေးသိမ်သွားအောင် ပုတ်ခတ်လိုက်ခြင်း ဖြစ်ပေသည်။

သို့ရာတွင် ဤသို့ ပုတ်ခတ်လိုက်သဖြင့် စိတ္တာသူကြွယ်မှာ မည်သို့မျှ မထိ ခိုက်ပါ။ ပုတ်ခတ်သူမှာသာ အရှက်တကွဲ ဖြစ်ရရှာပေသည်။

"အရှင်ဘုရား၊ ရှေးစကားတစ်ခုကို လျှောက်ထားပါရစေ။ ဒကွိဏာပထတိုင်း သား ကုန်သည်များသည် အရှေ့ဘက် တိုင်းနိုင်ငံများသို့ ကုန်ကူးသန်းသွားကြရာ အပြန်မှာ ကြက်မတစ်ကောင်ပါလာခဲ့ပါသည်။ ကြက်မသည် ကျီးကန်းတစ်ကောင် နှင့် အကြောင်းပါကာ သားကလေးတစ်ကောင်ဖွားမြောက်ခဲ့ပါသည်။ ထိုသားကလေး သည် ဖခင်ဘက်သို့လိုက်၍ မြည်သောအခါ အာကလိအောက်ဟု မြည်ပါသည်။ မိခင်ဘက်သို့လိုက်၍ မြည်သောအခါမှာကား အောက်ကလိအာဟူ၍ မြည်ပါသည်။

"ဤမိမစစ် ဖမစစ် သတ္တဝါကလေးကဲ့သို့ပင် အရှင်ဘုရားသည်လည်း ရတနာသုံးပါးနှင့် ပတ်သက်၍ ပြောစရာဆိုစရာစကားတွေ မြောက်မြားစွာရှိနေပါ လျက် ဘာမဟုတ်သော နှမ်းပျစ်ကလေးတစ်ခုကိုမျှ စကားလုပ်၍ ဆိုဘိသည်တကား"

http://www.dhammadownload.com

စိတ္တသူကြွယ်တို့ ဘိုးအေများထဲမှာ မုန့်သည်တစ်ဦးပါခဲ့ကြောင်း ပြောခဲ့တုန်းက ကိစ္စမရှိလှ။ ယခု အောက်ကလိအာ ပုံပြင်ကား အရှင်သုဓမ္မအဖို့ အထိနာလှ၏။ ငါကားရဟန်း၊ သူက ဒါယကာဟူသော အပေါ်စီးစိတ်ထားဖြင့် ပြောများမိသဖြင့် လူပုံအလယ်မှာ လှလှကြီး ခံသွားရရှာ၏။ စိတ္တသူကြွယ်အနေနှင့် ပြောသင့်ပြောထိုက်သော စကားများပင်ဖြစ်နေ၍ ကျွန်ုပ်တို့ကလည်း အသာကြည့်၍ နေလိုက်ကြရပေသည်။

အရှင်သုဓမ္မသည် မိမိအမှားကို ဤနေရာမှာမြင်ကာ ဤနေရာမှာပင် ပြင်လိုက်လျှင်ကား ကောင်းလေစွ။ သို့သော် ကျွန်ုပ်ဆုတောင်းက ပြည့်မလာပါ။ အမှားတစ်ခုကို ကျူးလွန်ထားပြီးသော အရှင်သုဓမ္မသည် နောက်ထပ် အမှားတစ်ခုကို ဆက်၍ ကျူးလွန်လိုက်ပါတော့သည်။

"ဒါယကာ စိတ္တ၊ သင်သည် ငါ့ကို ဆဲရေး၏။ ခြိမ်းခြောက်၏။ သို့ဖြစ်၍ သင့်ကျောင်းကို သင့်ဆီမှာ ငါ ပြန်အပ်ခဲ့ပြီ။ သင့်ကျောင်းမှာ ငါ မနေပြီ။ လွတ်ရာ ကျွတ်ရာ သွားတော့မည်"

စကားချင်းမယှဉ်သာသဖြင့် နိဂ္ဂဟနှင့်ကိုင်လိုက်ခြင်း ဖြစ်ပေသည်။ စိတ္တသူကြွယ်သည် သုံးကြိမ်တိုင်တိုင် တားပါ၏။ ပစ္စည်းလေးပါးကို ခါတိုင်းလိုပင် ထောက်ပံ့လှူဒါန်းမည် ဖြစ်ပါကြောင်း လျှောက်ထားပါ၏။ သို့ရာတွင် ကံအပြုခံချင်နေသော အရှင်သုဓမ္မကား သည်စကားများကို နားမဝင်တော့ပေ။ ဘုရားရှင်သိလျှင် စိတ္တသူကြွယ်အား အပြစ်တင်လိမ့်မည်အထင်ဖြင့် ဇေတဝန်ကျောင်းတော်သို့ အသော့်အလျင် ထွက်သွားတော့၏။

ကျွန်ုပ်တို့သည် မစ္ဆိကာသဏ္ဍတွင် ရက်အတန်ကြာဆက်လက်၍ နေခဲ့ကြ၏။ အရှင်သုဓမ္မ မရှိခိုက်တွင် ကျောင်းဟောင်းလောင်း ဖြစ်မနေစေရန် နေနိုင်သမျှ နေပေးတော်မူကြပါဟု ကျောင်းဒါယကာက လျှောက်ထားသောကြောင့် ဖြစ်ပေသည်။

ရက်အတန်ကြာလျှင် အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍသို့ ပြန်ရောက်လာ၏။ ဘုရားရှင်အမိန့်တော်အရ သံဃာများက သူ့ကို ပဋိသာရဏီယကံ ပြုလိုက်ကြရာ ထိုကံအရ စိတ္တသူကြွယ်ကို သူက တောင်းပန်ရမည် ဖြစ်ပေသည်။

ပဋိသာရဏီယကံမှ လွတ်မြောက်နိုင်ရေးအတွက် အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍသို့ ပြန်လာခဲ့ပါ၏။ သို့သော် ကျောင်းဒါယကာ ရှေ့မောက်သို့ကား မသွားရဲရှာ။ ကိုယ့်အပြစ်နှင့်ကိုယ် ရှက်ကြောက်အားနာ ဖြစ်နေရ၏။ အမိန့်တော်ကြီးနှင့် လာခဲ့သော ကိစ္စဖြစ်၍ ကျွန်ုပ်တို့လည်း မည်သို့မျှ အကြံမပေးသာပေ။

ဤသို့ဖြင့် မိမိကိုယ်ကို ရဲဆေးတင်၍ မပေးနိုင်တော့သော အရှင်သုဓမ္မသည် သာဝတ္ထိသို့ပြန်သွားရတော့၏။ ရက်အတန်ကြာလျှင် အရှင်သုဓမ္မကိုယ်စား ရဟန်း

http://www.dhammadownload.com

တစ်ပါး ရောက်လာ၏။ ကိုယ်စားလှယ်ဖြင့် တောင်းပန်ရန် ဘုရားရှင်က ခွင့်ပြုတော်မူလိုက်သည်ဟု ဆိုပါ၏။ မတောင်းပန်ခင်က ကျေနပ်နေပြီးသော စိတ္တသူကြွယ်သည် အရှင်သုဓမ္မ ပြန်ကြွလာပါရန် ထိုရဟန်းမှတစ်ဆင့် ထပ်မံ၍ ပင့်ဖိတ်လိုက်ပေသည်။

ငြင်းတုန်းကငြင်းခဲ့သော အရှင်သုဓမ္မသည် ဤပင့်ဖိတ်ချက်ကိုကား လက်ခံပါပေသည်။ မာန်မာနကိုချကာ ကောင်းမွန်စွာကျင့်သုံးလာသဖြင့် သံဃာများကလည်း ပဋိသာရဏီယကံမှ လွတ်ငြိမ်းခွင့်ပြုလိုက်ကြသည်ဟု ဆိုပါသည်။

အမှားတစ်ခုဖြင့် သတိသံဝေဂရပြီဖြစ်သော အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍ ကျောင်းမှာပင် ရဟန်းကိစ္စ ပြီးဆုံး နေအောင်မြင်ခဲ့ပေသည်။

(ဝိနည်း စူဠဝဂ်၊ ကမ္မက္ခန္ဓက၊ ပဋိသာရဏီယ ကမ္မကထာပါဠိတော်နှင့် အဋ္ဌကထာ)

ဤအမှုကို စံနမူနာယူကာ လူတို့ပြုထားသော အပြသာဒပဝေဒနီယကံ ပြေငြိမ်းရန်မှာလည်း ပြစ်မှားမိသောရဟန်းက တောင်းပန်ရပေလိမ့်မည်။ အမှားလမ်းသို့ နောက်ထပ်မလာတော့ဘဲ လမ်းမှန်အတိုင်း ကျင့်သုံးရပေလိမ့်မည်။

သံဃာချင်းဆက်ဆံရာတွင် တစ်လမ်းသွားစနစ် မရှိသကဲ့သို့ သံဃာနှင့် ဒါယကာနှင့် ဒါယိကာမ ဆက်ဆံရေးမှာလည်း တစ်ဖက်သတ်စနစ်မရှိပါ။ ပြီးခဲ့သော ကြောင်းခြင်းရာများကို သုံးသပ်ကြည့်လျှင် သံဃာနှင့် ဒါယကာ ဒါယိကာမများသည် အပြန်အလှန် ထိန်းချုပ်ပေးနေကြပုံကို တွေ့မြင်နိုင်ပေသည်။ တသွင်သွင်စီးဆင်းနေသော မြစ်ရေထဲ၌ ကျွန်းတစ်ခု ပေါထွန်းလျက်ရှိ၏။ ထိုကျွန်းတွင် ကိုင်းပင်များ ပေါက်မလာပါက မကြာမီ ရေတိုက်စားရာ ပါသွားမည်ဖြစ်၏။ သို့ဖြစ်၍ ကျွန်းမြေတည်တဲ့ရေးတွင် ကိုင်းပင်ကို အားကိုးထားရ၏။ ထို့အတူ ကိုင်းပင်များ၏ အားထားရာမှာလည်း ထိုကျွန်းမြေပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် ဒါယကာ ဒါယိကာမများသည် ကိုင်းနှင့်ကျွန်းတို့ ဖြစ်ကြပေသည်။

ကျွန်ုပ်တို့က ရဟန်းတို့ သိက္ခာပုဒ်များကို စောင့်စည်းကြရ၏။ လူတို့က လူနှင့်ဆိုင်ရာ သီလများကို စောင့်စည်းကြရ၏။ ကျွန်ုပ်တို့မှာ ပစ္စည်းလေးပါးအတွက် ကိုယ်တိုင်လုပ်ကိုင် ဖန်တီးခွင့်မရှိကြ၊ လူတို့မှာကား တရားသောနည်းလမ်းတို့ဖြင့် ရှာဖွေဖန်တီးခွင့် ရှိကြ၏။

ဤသို့သော အနေအထားကွဲပြားမှုအရ ကျွန်ုပ်တို့ကား အလှူခံပုဂ္ဂိုလ်ဟူ၍ ဖြစ်ကြရ၏။ လူတို့က လှူဒါန်းသူများ။ လှူဒါန်းသူနှင့် အလှူခံသူတွင် မည်သူက အပေါ်စီး ရပါသနည်း။

သာသနာ့ အရိပ်အာဝါသအောက်တွင် မည်သူမျှ အပေါ်စီး မရနိုင်ပါ။ မည်သူ့ကိုမျှ သာလွန်ထူးခြားသော အခွင့်အရေးကို ပေးတော်မမူခဲ့ပါ။

http://www.dhammadownload.com

"လုလင်၊ လူ၏မှားယွင်းသော အကျင့်ကိုလည်းကောင်း၊ ရဟန်း၏ မှားယွင်းသော အကျင့်ကိုလည်းကောင်း ငါဘုရား မချီးမွမ်းပေ။ လူဖြစ်စေ ရဟန်းဖြစ်စေ မှားယွင်းသော အကျင့်ကို ကျင့်ခြင်းဖြင့် လောကုတ္တရာကုသိုလ်ကို မဆည်းပူးနိုင်ပေ။

"လုလင်၊ လူ၏မှန်ကန်သောအကျင့်ကိုလည်းကောင်း၊ ရဟန်း၏ မှန်ကန်သော အကျင့်ကိုလည်းကောင်း ငါ ဘုရား ချီးမွမ်း၏။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မှန်ကန်သော အကျင့်ကို ကျင့်သုံးခြင်းဖြင့် လောကုတ္တရာကုသိုလ်ကို ဆည်းပူးနိုင်ပေသည်"

သုဘလုလင်အား ဟောကြားတော်မူခဲ့သော ဤဒေသနာတော်ဖြင့် ရဟန်းနှင့် လူနှစ်ဦးတို့သည် တူညီသောအကျင့်ရှိလျှင် သာသနာတော်ကြီး၏ အသီးအပွင့်ကို စားသုံးရာတွင် တူညီသော အခွင့်အရေးရှိကြောင်းကို ညွှန်ပြတော်မူခဲ့ပေသည်။

(မရှိမပဏ္ဍာသ၊ ဒြဟ္ဓဏဝဂ်၊ သုဘသုတ်)

ရဟန်းဘောင်ထိအောင် မတက်ရောက်နိုင်သော သူတို့လည်း နည်းမှန်လမ်းကျ ကျင့်သုံးတတ်ကြပါလျှင် ရဟန်းများနည်းတူ လောကုတ္တရာ ကုသိုလ်ကြီးကို ရယူပိုင်ခွင့် ရှိကြ၏။ ကောင်းစွာကျင့်သုံးလျှင် ရဟန်းတို့နှင့် ထပ်တူထပ်မျှ ရွှေနှုတ်တော်မှ ထုတ်ဖော်ချီးကျူးမှုကို ခံယူနိုင်ကြ၏။ ထို့ကြောင့် ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးအား ဘုရားရှင်က ဤသို့ ဟောကြားတော်မူပေသည်။

"အိမ်ရှင်သူဌေး၊ သင်တို့သည် ရဟန်းသံဃာအား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ ဆေးဝါးတို့ဖြင့် ပြုစုလုပ်ကျွေးကြကုန်၏။ ဤသို့ အလုပ် အကျွေးပြုရုံဖြင့် သင်တို့ အားရကျေနပ်မနေသင့်။ ထို့ကြောင့် ဤသာသနာတော်နှင့် ကြုံကြိုက်နေဆဲတွင် ရနိုင်သမျှ အချိန်များကို ပိုင်း၍ ပိုင်း၍ ကာမဂုဏ် အာရုံမဖက် ဓမ္မပီတိ သက်သက်ဖြင့် နေထိုင်နိုင်ရန် အလေ့အကျင့် လုပ်သင့်ကြပေသည်"

ဒါယကာ ဒါယိကာမတို့သည် ရဟန်းသံဃာ၏ အလုပ်အကျွေးဘဝဖြင့် လမ်းမဆုံးစေဘဲ သာသနာ့အရသာကို ရဟန်းသံဃာများနည်းတူ ရယူခံစားနိုင်ရန် လမ်းညွှန်တော်မူလိုက်ခြင်း ဖြစ်ပေသည်။

(အဝုံတ္တရ၊ ပဥ္စကနိပါတ်၊ စတုတ္ထပဏ္ဍာသက၊
ဥပါသကဝဂ်၊ ပီတိသုတ်)

**

http://www.dhammadownload.com

ကောသမ္မီ အရေးတော်ပုံ

ဤအခန်းကိုတော့ အကယ်၍ပေါင်း များစွာဖြင့် ဖွင့်လှစ်ရပါလိမ့်မည်။

အကယ်၍ အရှိန်အဝါကြီးလှသော အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့သာ ဘုရားရှင်နှင့်အတူရှိနေခဲ့ပါလျှင်၊

အကယ်၍ အရှင်မဟာကဿပကဲ့သို့ လေးစားလောက်သော မထေရ်ကြီးသာ ပါလာခဲ့လျှင်၊

အကယ်၍ ထိုနေ့ နံနက်က ကျွန်ုပ်သာ ကောသမ္မီသို့ အချိန်မီရောက်လာပါလျှင် ဤအခန်းကို မှတ်တမ်းတင်ရမည် မဟုတ်ပါ။ အသေအချာ ဆုံးဖြတ်ချက်ချတော်မူပြီးသောကိစ္စကို ကြားဝင်နှိုင်ခွင့် မရှိသော်လည်း ဆုံးဖြတ်ချက် မချသေးမီမှာကား ကျွန်ုပ်က နားဝင်အောင် ဖျောင်းဖျနိုင်လောက်ပါသည်။ အရှိန်အဝါကြီးသော မထေရ်ကြီးများ ရှိနေလျှင်လည်း သည်ရဟန်းတို့ သည်မျှလောက် ခေါင်းမာမနေနိုင်ကြပါ။

ကာရန် မသင့်ချင့်၍ဟုသာ ဆိုရပါတော့မည်။ ကောသမ္မီသို့ သည်တစ်ခေါက် ဘုရားရှင်ကြွတော်မူရာတွင် ဆိုခဲ့ပြီးသော မထေရ်ကြီးများ တစ်ပါးမျှ မပါလာကြပါ။ ကျွန်ုပ် ကိုယ်တိုင်မှာလည်း ခါတိုင်းလိုနောက်တော်ပါးက မလိုက်နိုင်ခဲ့ပါ။ ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာအရှင်ဗေလဋ္ဌသီသ နေထိုင်မကောင်းဖြစ်နေကြောင်းကိုကြားသိရသဖြင့် နောက်တော်ပါးမှ ခွဲထွက်ကာ အရှင်မြတ်ကြီး၏ တောရကျောင်းကလေးသို့ လာခဲ့ရ၏။ တစ်လနီးပါးမျှ ပြုစုလုပ်ကျွေးခြင်း အရှင်မြတ်ကြီး ကျန်းကျန်းမာမာ ဖြစ်လာသည်တွင် ကျွန်ုပ် ကောသမ္မီသို့ လိုက်လာခဲ့၏။ ယောသိတာရုံကျောင်းဝသို့ ရောက်လျှင်ပင် မကြာခဏသော သတင်းစကားကို ကြားလိုက်ရပါတော့သည်။

"အရှင် အာနန္ဒာ၊ အရှင်ဘုရားဖူးမြော်လိုသော ဘုရားရှင်သည် ယခုတော့ မရှိတော့ပြီ။ ကျောင်းအိပ်ရာ နေရာများကို ကိုယ်တော်တိုင် သိမ်းဆည်းကာ သပိတ် သင်္ကန်းများကိုလည်း ကိုယ်တော်တိုင် သယ်ပိုးလျက် ထွက်တော်မူသွားပေပြီ။ အလုပ်အကျွေး ရဟန်းကိုလည်း အသိမပေး၊ ရဟန်းသံဃာကိုလည်း

http://www.dhammadownload.com

မပန်ကြားဘဲ တစ်ပါးတည်း ထွက်သွားတော်မူပေသည်။ တပည့်တော်တို့ မည်သို့ ပြုရပါမည်နည်း"

သိဟောင်းကျွမ်းဟောင်း ရဟန်းတစ်ပါးက ဆီးကြိုပြောဆိုရင်း အကြံဉာဏ် တောင်းလိုက်၏။ ဤအဖြစ်ကို ကြားရသည်နှင့် ကျွန်ုပ်အဖို့ အထူးအထွေ တွေးတောဝေဖန်နေရန် မရှိပါ။ ထံတော်ပါးတွင် အနေကြာလာသည်နှင့်အမျှ ရှင်တော်မြတ်၏ စိတ်ဓာတ်ကို အကဲခတ်တတ်နေပါပြီ။ ထို့ကြောင့်–

"ငါ့ရှင်၊ ယခုကိစ္စတွင် ငါတို့ ပြုဖွယ်ကိစ္စ ဘာမျှမရှိပြီ။ ဤလိုထွက်ကြွတော်မူခြင်းမှာ အဖော်မမှီး တစ်ပါးတည်း နေလိုခြင်း၏ အထိမ်းအမှတ် ဖြစ်သည်။ မည်သူမျှ လိုက်ပါ မနှောင့်ယှက်သင့်ပေ"

အကြံဉာဏ်တောင်းလာသော ရဟန်းအား အကောင်းဆုံးသော အကြံဉာဏ်ကို ပေးလိုက်ရပေသည်။

(ဓနွသံယုတ်၊ ဓနွနိယဝဂ်၊ ပါလိလေယျကသုတ်)

အလိုတော်ကို သိပြီးဖြစ်၍သာ သည်ကျောင်းမှာ နေရစ်ခဲ့ရ၏။ ဖြစ်များ ဖြစ်နိုင်မည်ဆိုလျှင် ဤရဟန်းများနှင့် တစ်နာရီမျှ အတူမနေလိုပါ။ သူတို့မှာ ဖြစ်သစ်စ ရဟန်းငယ်ကလေးများလည်း မဟုတ်။ အသိအလိမ္မာ မရှိသည်လည်း မဟုတ်။ သူတို့၏ ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်တို့တွင် တစ်ပါးတည်းဝိနည်းဆောင်ဖြစ်၍ ကျန်တစ်ပါးက သုတ္တန်ဆောင်ဖြစ်ပေသည်။ သူတို့သည် မကောင်းမှုကို ရှက်တတ်သူ၊ ကျင့်ဝတ်သိက္ခာ လိုလားသူများဖြစ်ပါလျက် ဘုရားရှင်ထွက်သွားရသည်အထိ ပြုရက်ခဲ့ကြ၏။ မိမိတို့ အချင်းချင်းအပေါ် အညှဉ်းမခံလိုသော မာန်မာန၏ လက်ချက်များပင် ဖြစ်ပေသည်။

အရေးတော်ပုံကို စတင်ဖန်တီးခဲ့ကြသော ခေါင်းဆောင်နှစ်ပါးလည်း အစတုန်းကတော့ ရိုးရိုးသားသားပင် ဖြစ်ခဲ့ကြ၏။ သုတ္တန်ဆောင်ပုဂ္ဂိုလ် ကုဋီတက်ရာတွင် ရေဆေးခွက်ထဲကရေကို ကုန်အောင်မသုံးမီဘဲ ရေကျန်တန်းလန်းနှင့် ထားပစ်ခဲ့မိ၏။ သူ့နောက်မှ ကုဋီတက်လာသော ဝိနည်းဆောင်ပုဂ္ဂိုလ်သည် ကုဋီအိမ်မှ ဆင်းလာပြီးနောက်–

"ငါ့ရှင်၊ ခွက်ထဲကရေကို သင် ချန်ထားခဲ့မိသလား"ဟု မေးမြန်း၏။

"တင်ပါ့၊ တပည့်တော်ထားခဲ့မိပါသည်"

သုတ္တန်ဆောင် ပုဂ္ဂိုလ်ကလည်း သတိမေ့၍ ထားခဲ့မိသော ကိစ္စကို ချက်ချင်း ဝန်ခံလိုက်ပေသည်။

"သို့ဆိုလျှင် သည်အမှုကြောင့် အာပတ်သင့်နေသည်ကို သိပါသလား"

"တပည့်တော် မသိပါဘူးဘုရား"

http://www.dhammadownload.com

"မသိသော်လည်း အာပတ်သင့်နေပြီ ငါ့ရှင်"

'တင်ပါ၊ အာပတ်သင့်လျှင် ကုစားပါမည် ဘုရား'

ဝိနည်းဆောင်ပုဂ္ဂိုလ် အဆိုပြုလေသမျှကို သုတ္တန်ဆောင်ပုဂ္ဂိုလ်က လိုလိုချင်ချင် ပင် လက်ခံပေသည်။ ဤတွင် ဝိနည်းဆောင်ပုဂ္ဂိုလ်က အားနာသွားဟန်တူပါသည်။

"ငါ့ရှင်၊ တမင်တကာ စိတ်ပါ၍ ပြုသည်မဟုတ်ဘဲမတော်တဆ ပြုခဲ့မိလျှင်ကား အာပတ်မသင့်ပါ"

"တင်ပါ၊ သည်လိုဆိုလျှင် တပည့်တော်ကုစားဖို့ မလိုတော့ပါ ဘုရား"

အာပတ်သင့်သည်ဟူသော အဆိုကိုပင် လက်ခံခဲ့ပြီးဖြစ်၍ ပြင်ဆင်ချက် အဆိုအတွက်လည်း အခက်အခဲမရှိပါပေ။

စေတနာမပါလျှင် အာပတ်မသင့်ပါဟု ပြောခဲ့သော ပုဂ္ဂိုလ်သည် ဝိနည်း ကြောင်းကို သေသေချာချာ သုံးသပ်လိုက်သောအခါမှာကား မိမိပြင်ဆင်ချက် မှားသွားပြီဖြစ်ကြောင်း တွေ့လာရ၏။ အားနာတတ်သော စိတ်ကလေးကို မျက်နှာသာ ပေးလိုက်မိသည်နှင့် တစ်ပြိုင်နက် အမှားဘက်သို့ ပါသွားရပေသည်။

အားနာ၍ အမှားပါခဲ့သော ဤကိစ္စကို ခေါင်းဆောင်ပုဂ္ဂိုလ်ချင်း နှစ်ပါးတည်း တွေ့ဆုံ၍ ဖြေရှင်းလျှင် ချက်ချင်းပြေလည်သွားမည်သာ ဖြစ်ပါ၏။ သို့ပါလျက် ဝိနည်းဆောင်ပုဂ္ဂိုလ်သည် ဤသို့ မဖြေရှင်းနိုင်ခဲ့ပါ။ ခေါင်းဆောင်ပုဂ္ဂိုလ်ချင်း ဖြေရှင်းရမည့်အစား မိမိ၏ တပည့်များကိုသာ ပြောပြလိုက်မိ၏။ အမှားပေါ်မှာ အမှားထပ်ဆင့်လိုက်ခြင်းပါတည်း။

"ငါ့ရှင်တို့၊ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် မိမိမှာ သင့်လာသော အာပတ်ကိုမျှ မသိချေတကား"

ဆရာမှားသည့်နောက်သို့ တပည့်များက လိုက်ပါခဲ့ကြခြင်းပင် ဖြစ်ပေသည်။ သည်အမှားသည် တစ်ဖက် တပည့်များမှတစ်ဆင့် သုတ္တန်ဆောင် ပုဂ္ဂိုလ်ထံသို့ ဆိုက်ရောက်သွားပေတော့သည်။

"ဝိနည်းဆောင်ပုဂ္ဂိုလ်သည် စောစောက အာပတ်မသင့်ဟု ပြောထားပြီး ပါလျက် ယခုမှ အာပတ်သင့်သည် ဆိုလာပြန်၏။ စကား မတည် ယုံကြည်ထိုက်သူ မဟုတ်ချေတကား"

စောစောက ပျော့ပျောင်းခဲ့သော လေသံများ မာကျောလာကြပေပြီ။ တစ်ဖက်က မလုပ်သင့်တာကို လုပ်ခဲ့ပြီမို့ သူ့ဘက်ကလည်း မာနသံများ ထွက်လာရပေပြီ။

"အို....ငါ့ရှင်တို့၊ သင်တို့ဆရာ ဝိနည်းဆောင်ပုဂ္ဂိုလ်ကြီးသည် စကားမတည် ယုံကြည်ထိုက်သူ မဟုတ်ချေတကား"

http://www.dhammadownload.com

ဒေါသမီးတို့ပွားလာကြချေပြီ။ ပွားလာသည့်မီးကို ငြိမ်းသတ်မည့်သူကား မရှိ။ မီးလောင်ရာလေပင့်ပေးမည့်သူများချည်းသာ ရှိနေကြ၏။ လေပင့်သူများ၏ အကူအညီဖြင့် ဝိနည်းဆောင်ပုဂ္ဂိုလ်သည် သုတ္တန်ဆောင်ပုဂ္ဂိုလ်အား အာပတ်ကို ဝန်မခံမှုဖြင့် သံဃာ့ဘောင်မှ နှင်ထုတ်သော ဥပေက္ခပနိယကံ ပြု၏။ တကယ်ဆိုလျှင် ဤလို ကံပြုခံရပြီးသော ပုဂ္ဂိုလ်အား မည်သည့်ရဟန်းကမျှ အဆက်အသွယ် မပြုလုပ်ရတော့ပေ။ နှင်ထုတ်သောကံကို ပယ်ဖျက်ကာ ပြန်သွင်းသောကံကို မပြုမချင်း အထီးကျန်ဘဝဖြင့်သာ နေရပေသည်။

သို့ရာတွင် သုတ္တန်ဆောင် ပုဂ္ဂိုလ်မှာကား အထီးကျန် ဖြစ်မလာပါ။ တစ်ဖက်ကပြုသော ကံကို တရားမဝင်ကြောင်း၊ ဝိနည်းတော်နှင့် မညီကြောင်း ပြောပြကာ သိမ်းသွင်းနိုင်သဖြင့် သူ့ဆီမှာလည်း ရဟန်းပရိသတ် ဒုနှင့် ဒေး ရှိနေပေသည်။

နှင်ထုတ်ခံပုဂ္ဂိုလ်ကို ထောက်ခံသော ရဟန်းများက နှင်ထုတ်သောကံသည် ကံမမြောက်ပုံ၊ ဝိနည်းတော်နှင့်မညီညွတ်ပုံကို သွား၍ ပြောကြ၏။ ကံပြုသော ရဟန်းတို့ကလည်း ကံမြောက်ကြောင်း၊ ဝိနည်းတော်နှင့် ညီညွတ်ကြောင်း ပြောဆိုကြ၏။ နှင်ထုတ်ခံ ပုဂ္ဂိုလ်နှင့် ဆက်ဆံပေါင်းသင်းမှု မပြုကြရန် တားမြစ်၏။ တားမြစ်သော်လည်း မရနိုင်တော့ပါ။ သင်းကွဲစိတ်များ ပြင်းထန်လာကြပြီမို့ တစ်ဖက်က စကားကို ကျန်တစ်ဖက်က နားမဝင်နိုင်ကြတော့ပြီ။

ဤသို့ဖြင့် ဤအကြောင်းများ ရွေနားတော်ထိ ပေါက်ကြားသွားသည်တွင်–

"ရဟန်းသံဃာသည် သင်းကွဲခဲ့လေပြီတကား။ ရဟန်းသံဃာသည် သင်းကွဲခဲ့လေပြီတကား"

ဓမ္မသံဝေဂကြီးစွာဖြင့် နှစ်ကြိမ်တိုင်တိုင် ရေရွတ်တော်မူခဲ့သည်ဟူပါ၏။ ဘုရားဖြစ်တော်မူပြီးနောက် ကိုးဝါမြောက်တွင် ထွက်ပေါ်လာရသော ညည်းတွားသံတို့ ဖြစ်ပါ၏။

အမှန်အားဖြင့် သံဃာသင်းကွဲခြင်းဟူသည်မှာ သိမ်တစ်ခုတည်းတွင် ရဟန်းများ နှစ်စုခွဲ၍ ကံပြုကြခြင်းပင် ဖြစ်၏။ ယခုလို သင်းကွဲစိတ်များကို ဆက်လက်မွေးမြူထားကြလျှင်ကား သံဃာသင်းကွဲမှုသည် မလွဲမသွေ ဖြစ်ရတော့မည်မို့ ဘုရားရှင်က ကြိုတင်၍ ရေရွတ်တော်မူရပေသည်။

ထိုအချိန်ကသာ အပါးတော်မှာ ကျွန်ုပ်ရှိနေလျှင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရမည် မလွဲပါ။ ယခုလို တစ်ဆင့်စကား ကြားသိရခြင်းဖြင့်ပင် စိတ်ထိခိုက်ရပါသေးသည်။

နောက်ဆက်တွဲဖြစ်ရပ်များကား ထို့ထက်ပင် စိတ်ထိခိုက်စရာ ကောင်းပါသေးသည်။ ဘုရားရှင်သည် နှင်ထုတ်ကံပြုသော ရဟန်းများထံ ဦးစွာပထမ ကြွတော်မူကာ–

http://www.dhammadownload.com

"ရဟန်းတို့၊ ငါတို့တတ်သည်၊ ငါတို့သိသည်ဟူသော သဘောဖြင့် ထွေ့ကရာ မြင်ကရာ အကြောင်းကိစ္စတိုင်း၌ ရဟန်းတစ်ပါးကို နှင်ထုတ်ထိုက်သည်ဟု တစ်ထစ်ချ မှတ်ယူမထားကြနှင့်။ ရဟန်းတစ်ပါးကို နှင်ထုတ်ပြီးနောက် ထိုရဟန်းနှင့် လုံးဝ အဆက်အဆံမပြုဘဲ ထားလိုက်ခြင်းဖြင့် ရဟန်း သံဃာတွင် အငြင်းအခုန်များ ပေါ်ပေါက်လာပေလိမ့်မည်။ ကိုယ်လက်ထိပါး ခိုက်ရန် ပွားလာပေလိမ့်မည်။ သံဃာချင်းသင်းကွဲမှု ဖြစ်ပေါ်လာပေလိမ့်မည်။ ဤသို့ ကွဲပြားမည့်အရေးကို လေးစားစွာ ရှောင်လွှဲလိုသော ရဟန်းတို့သည် အာပတ်ကို ဝန်မခံလိုသော အကြောင်းကလေးမျှဖြင့် အာပတ်သင့်သော ရဟန်းကို နှင်ထုတ်ကံ မပြုသင့်ပေ"

ဤသို့မိန့်ကြားပြီးနောက် နှင်ထုတ်ခံပုဂ္ဂိုလ်ကိုထောက်ခံသော ရဟန်းများဆီသို့ ကြွတော်မူပြန်ကာ–

"ရဟန်းတို့၊ အာပတ်သင့်ပြီးပါလျက် အာပတ်မသင့်ဟုဆိုကာ မကုစားဘဲ နေသင့်သည်ဟု မထင်မှတ်ကြနှင့်။ ရဟန်းများက ရဟန်းတစ်ပါးကို နှင်ထုတ်ကံ ပြုပြီးနောက် ထိုရဟန်းနှင့် လုံးဝ အဆက်အဆံမပြုဘဲ ထားလိုက်ခြင်းဖြင့် ရဟန်းသံဃာတွင် အငြင်းအခုန်များ ပေါ်ပေါက်လာပေလိမ့်မည်။ ဤသို့ ကွဲပြားရမည့် အရေးကို လေးစားစွာ ရှောင်လွှဲလိုသော ရဟန်းသည် မိမိကိုယ်တိုင် အာပတ်မသင့်ဟု ယုံကြည်ထားသော်လည်း အာပတ်သင့်သည်ဟု ယုံကြည်ကြသော အခြားရဟန်းတို့ကို အလိုလိုက်၍ အာပတ်ကို ဒေသနာကြားသင့်၏"

နှစ်ဖက်သော ရဟန်းတို့ကို ထပ်တူထပ်မျှ မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

ဤတစ်ကြိမ်၌ကား ဘုရားရှင်သည် လိုက်နာသင့်သောအချက်များကိုသာ ညွှန်ပြ၍ သတိပေးတော်မူခဲ့၏။ လမ်းမှားလိုက်နေသော ရဟန်းများကို အာဏာသုံး၍ တားမြစ်တော်မမူပါ။ နှင်ထုတ်သော ရဟန်းတို့ကို "လုံလောက်သောအကြောင်းမဟုတ်ဘဲလျက် သင်တို့နှင်ထုတ်ကြသည်"ဟူ၍လည်းကောင်း၊ နှင်ထုတ်ခံပုဂ္ဂိုလ်၏ ဘက်သားတို့ကိုလည်း "သင်တို့ အာပတ်သင့်ကြပြီ"ဟူ၍လည်းကောင်း အတိအလင်း မိန့်ကြားခြင်း ပြုတော်မမူပါ။ တစ်ဖက်ကို မိန့်ကြားလျှင် အခြားတစ်ဖက်သို့ ပါလေပြီဟု နှစ်ဖက်စလုံးက အထင်မှားကြမည့် အရေးကို ရှောင်တိမ်းတော်မူရပေသည်။

ဤမှာဘက်အုပ်စုဝင် ရဟန်းများအတွက် မိန့်ကြားတော်မူခဲ့သော ဤဒေသနာတော်သည် ကျွန်ုပ်၏ ဟဒယ နှလုံးအိမ်မှာ ရာသက်ပန် စွဲမြဲခဲ့ပေသည်။ ဤသို့ စွဲမြဲနေခဲ့သောကြောင့်ပင် ကျွန်ုပ်နှင့် ပတ်သက်၍ သံဃာ့ချင်း သင်းကွဲရမည့် အရေးအခင်းကြီး တစ်ခုကို ကျော်လွှားနိုင်ခဲ့ပေသည်။ ဤအကြောင်းများကို ဤမှတ်တမ်းကြီး ပြီးခါနီးချိန်ကျမှ အကျယ်တဝင့် ကြားနာကြရပါလိမ့်မည်။

http://www.dhammadownload.com

ကျွန်ုပ်အပေါ် အကျိုးသက်ရောက်စေခဲ့သော ဤဒေသနာတော်သည်ကောသမ္ဗီရဟန်းတို့အတွက်ကား အရာမရောက်ပါချေ။ နှစ်ဦးနှစ်ဖက်လုံးကို မျှမျှတတ မိန့်ဟတော်မူသည်ကို နှစ်ဖက်လုံးကပင် မလိုက်နာကြပါချေ။ သိမ်တွင်းသိမ်ပြင် နှစ်ဌာနခွဲ၍ ကဲပြုကြရုံမျှမက ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အဆင့်သို့ ရောက်လာကြ၏။ ရဟန်းဝတ်နှင့် မသင့်လျော်သော စကားလုံးများကို သုံးလာကြ၏။ ကျောင်းတွင်သာမက ရပ်ထဲရွာထဲမှာပင် မဆင်ခြင်နိုင်အောင်ပင် ဖြစ်လာကြ၏။ နှစ်ဦးနှစ်ဖက် မျက်နှာချင်းဆုံမိလျှင် နေရာမရွေး ရန်ပွဲကြီးများဖြစ်မှာကြ၏။

ဤရန်ပွဲကြီးကိုထိန်းနိုင်မည်လားဟု ဘုရားရှင်က သူတို့ကို လူချင်းခွဲနေကြရန် မိန့်ကြားပါသေး၏။ သို့သော် ကောသမ္ဗီရဟန်းများကား ဆိုလေ ကဲလေ မာန်လေ ပြိုလေ။ ဘုရားရှင့်စကား လိုက်နာရေးထက် ကိုယ့်အုပ်စု အသာစီးရရှိရေးကိုသာ အလေးထားနေကြပေသည်။

ဖြစ်မှားလာသော ရန်ပွဲကြီးကို တားဆီးနိုင်သူတစ်ပါးမျှ မရှိပြီမို့ ရဟန်းတစ်ပါးသည် ဘုရားရှင်ထံဝင်၍ လျှောက်ထားရ၏။ ခါတိုင်းဆိုလျှင် ဘုရားရှင်ကြွလာလျှင် ဖြစ်မှာနေသော ရန်ပွဲကြီးများ ခေတ္တခဏ ရပ်နားကြသေး၏။ ထိုနေ့မှာကား ဘုရားရှင်ကို ရှေ့မှာထားလျက်ပင် မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်းနေကြ၏။ ကိုယ်ထိလက်ရောက် သတ်ပုတ်နေကြ၏။

"ရဟန်းတို့၊ တော်ကြ။ တန်ကြ။ ခိုက်ရန်ဒေါသ ဖြစ်မနေကြနှင့်။ ငြင်းလား ခုန်လား လုပ်မနေကြနှင့်"

ဆရာ့စကားကို နားထောင်မည်လားဟု တားဆီးတော်မူပါသေး၏။ သို့သော် ကျွက်ကျွက်ညံနေသော အသံတို့ကြားဝယ် ဆရာသမား၏ နားချသံသည် မတိုးသာအောင် ဖြစ်နေရ၏။

"အရှင်ဘုရား၊ ငံ့လင့်တော်မူပါဦး၊ ဘုရားရှင်သည် လက်ငင်း လက်တွေ့ချမ်းသာတရားကို ခံစားလျက် ကြောင့်ကြမဲ့သာ နေတော်မူပါ။ တပည့်တော်တို့ တစ်တွေမှာ ကိုယ့်အမှုနှင့်ကိုယ် တစ်နေ့တစ်နေ့မှာ အဖြေပေါ်လာကြပါလိမ့်မည် ဘုရား"

တပည့်ကြမ်းတို့ကြောင့် ပင်ပန်းတော်မူရသည်ကို မကြည့်ရက်သော ရဟန်းတစ်ပါးက လျှောက်ထားခြင်း ဖြစ်ပေသည်။ သို့သော် ဘုရားရှင်သည် ကြောင့်ကြမဲ့နေတော်မမူသေးဘဲ ရန်မလိုမှ ရန်ဖြို့ကြောင်း ဒီဃာဝုသတို့သားတို့၏ ထုံးဟောင်းသာဓကကို ပြတော်မူပေသည်။ ဘာကိုပင် ပြပြ၊ ဒေါသမာန တိမ်သလာများဖုံးလွှမ်းနေကြပြီဖြစ်၍ ကောသမ္ဗီရဟန်းတို့ မမြင်နိုင်ကြတော့ပါ။

ယခုတော့ သင်းတို့ ဘာများ တတ်နိုင်ကြပါသေးသနည်း။ ဘုရားရှင့် ရှေ့တော်မှောက်မှာ လူစွမ်းကောင်းကြီးတွေ လုပ်ခဲ့လေသမျှ ယခု ဒါယကာ ဒါယိကာမ

http://www.dhammadownload.com

များ၏ ဒဏ်ခတ်မှုကို ခံနေကြရပေပြီ။ "သင်းတို့ နိပ်စက်သဖြင့် ဘုရားရှင် ထွက်ကြွတော်မူရသည်" ဟု ဆိုကာ သူတို့ကို ဘယ်သူကမှ ရှိခိုးဦးတင် မပြုလုပ်ကြတော့ပြီ။ ခရီးဦးကြိုမပြုကြတော့ပြီ။ ရိသေလေးမြတ်မှုကို မပြုကြတော့ပြီ။ အိမ်ရှေ့မှာ ရပ်လာ၍မှ ဆွမ်းလောင်းမည့်သူ မရှိကြတော့ပြီ။ ဘုရားရှင်ကို အာခံနိုင်ခဲ့သူတို့သည် ထိုက်ထိုက်တန်တန် ဒဏ်ခတ်ကြသော ဒါယကာ ဒါယိကာမများကိုကား ဘာများ တတ်နိုင်ကြပါ့သေးသနည်း။

(ဝိနည်းမဟာဝဂ်၊ ကောသမ္ဗကခန္ဓက ပါဠိတော်နှင့် အဋ္ဌကထာ)

သူတို့ တတ်နိုင်သည်မှာ တစ်ခုသာရှိပေသည်။

"အရှင်အာနန္ဒာ၊ တပည့်တော်တို့ တောင်းပန်ပါသည်။ ဘုရားရှင်ရှိရာသို့ တပည့်တော်တို့သွား၍ ဝန်ချတောင်းပန်ကြပါတော့မည်။ ဘုရားရှင်ကို ပြန်ပင့်ပေးပါ အရှင်ဘုရား"

ခလုတ်ထိမှ အမိတသူများ ဖြစ်ပေသည်။ ဒါယကာ ဒါယိကာမတို့၏ ဒဏ်ချက်က တော်တော်ကြီးပင် ပြင်းထန်နေသည် မဟုတ်ပါလော။

"ငါ့ရှင်တို့၊ သည်မြို့၊ သည်ကျောင်းသို့ ဘုရားရှင် တော်တော်နှင့် ခြေဦးလှည့်တော်မူဦးမည် မဟုတ်ပေ"

ကျွန်ုပ်က ပြီးခဲ့သော ဖြစ်ရပ်ကို ထောက်ဆ၍ ပြောလိုက်ရာတွင်–

"ဧတဝန်ကျောင်းတော်ဖြစ်ဖြစ် ပင့်ပေးတော်မူပါ ဘုရား၊ တပည့်တော်တို့ ဧတဝန်ကျောင်းတော်လိုက်ပြီး ဝန်ချ ကန်တော့ကြပါမည်"

"ကောင်းပါပြီ ငါ့ရှင်တို့"

ကောသမ္ဗီရဟန်းတို့၏ စကားကို လက်ခံပြီးချိန်တွင် တောကျေးလက်မှာ ဝါဆိုခဲ့ကြသော ရဟန်းများလည်း ယောသိတာရုံကျောင်းသို့ ရောက်လာကြ၏။

"အရှင်အာနန္ဒာ၊ သည်ကျောင်းတော်မှာ ဘုရားရှင် ရှိတော်မူစဉ်က တပည့်တော်တို့ မကြာ မကြာ တရားနာခွင့်ရခဲ့ကြပါသည်။ ယခု တပည့်တော်တို့ တရားနာခွင့် မရခဲ့သည်မှာ ကြာလှပါပြီ။ ရွှေမျက်နှာတော်ကို ဖူးမြော်၍ တရားနာခွင့်ရအောင် အကျိုးဆောင်ပေးတော်မူပါ ဘုရား"

တောကျေးလက်ရဟန်းများကဲ့သို့ပင် သာဝတ္ထိမြို့တော်က ဒါယကာ ဒါယိကာမများကလည်း အမှာစာများ ပါးလိုက်ကြပေသည်။ ဤသို့ တောင်းပန်လာကြသည့်အတိုင်း ကျွန်ုပ်သည် တောကျေးလက်က ရဟန်းများနှင့်တကွ ပါလိလေယျတောဆီသို့ ထွက်ခွာလာခဲ့ပေသည်။

(ခန္ဓသံယုတ်၊ ခဇ္ဇနိယဝဂ်၊ ပါလိလေယျကသုတ်)

ဗာလကလောဏကရွာ အရောက်တွင် ကျွန်ုပ်တို့သည် အရှင်ဘဂုနှင့် တွေ့ဆုံကြရ၏။ အရှင်ဘဂုမှာကျွန်ုပ်နှင့် စိတ်တူကိုယ်တူရဟန်းပြုလာကြသည့်

http://www.dhammadownload.com

အထဲက တစ်ပါးဖြစ်၏။ သည်ရွာတွင်တစ်ပါးတည်း အေးချမ်းသာယာစွာ နေလာခဲ့ကာ တစ်ပါးတည်းကြွလာသော ဘုရားရှင်ကို ဝတ်ကြီးဝတ်ငယ် ပြုစုခွင့် ရလိုက်၏။ နောက်တစ်နေ့နံနက်တွင် ဗာလကလောဏကရွာအတွင်းသို့ ဆရာတပည့်နှစ်ပါး ဆွမ်းခံဝင်တော်မူကြကာ ဆွမ်းစားပြီးချိန်တွင်ဘုရားရှင် ခရီးဆက်လက်ထွက်ခွာတော်မူကြောင်း အရှင်ဘဂုက ပြောပြလိုက်ပေသည်။

ကျွန်ုပ်တို့လည်း အရှင်ဘဂုနှင့်အတူ ဆွမ်းခံဝင်ကာ ဆွမ်းစားအပြီးတွင် ခရီးဆက်လက်ထွက်ခွာခဲ့ကြ၏။ ပါစိနဝံသ တောအုပ်အဝင်တွင် တောစောင့်တစ်ယောက်နှင့် အရန်သင့်တွေ့ရ၏။ ဘုရားရှင်ဝင်လာစဉ်တုန်းက အကြောင်းမသိ၍ တားလားဆီးလား လုပ်ခဲ့ဖူးသော ထိုတောစောင့်သည် ကျွန်ုပ်တို့ကိုကား မတားဆီးတော့ပါ။ မတားဆီးရုံ သွန်သင်ပြသထားသော သူ့ဆရာသမားများထံသို့ သူကပင် လမ်းပြပို့ဆောင်၍ ပေးလိုက်ပါသည်။

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလဟူ၍ ကိုယ်ခန္ဓာသုံးခုရှိနေ၍သာ သူ့ဆရာသမားများဟူ၍ ဗဟုဝုစ်စကားကို သုံးလိုက်ရ၏။ စိတ်သဘောအားဖြင့် ကြည့်ပါမူ သူတို့သုံးပါးမှာ တစ်ပါးတည်းသာ ရှိနေပေသည်။ မိခင်ထံမှ စီးဆင်းလာသော နို့ရည်ထဲတွင် ဘယ်သင်းကားရော၊ ဘယ်သင်းကားနို့ဟူ၍ ခွဲခြား၍ မရနိုင်သကဲ့သို့ပင် အရှင်မြတ်တို့၏ စိတ်သဘောထားတို့ကလည်း တစ်ခဲနက်ပေါင်းစပ်လျက်ရှိကြ၏။ ဘယ်အရှင်၏ စိတ်သဘောထားကား ဘယ်သို့ဟူ၍ ခွဲခြား၍ မရနိုင်ပါ။ ထာဝရမေတ္တာဖြင့် မိမိစိတ်အလိုကို ဘေးဖယ်ထားကာ အခြားပုဂ္ဂိုလ်တို့အလိုကျ နေထိုင်လာခဲ့ကြသူများပါပေတည်း။

ကောသမ္မီရဟန်းတို့ကြားမှ ထွက်ခွာတော်မူခဲ့သော ဘုရားရှင်သည် သူတို့သုံးပါးနှင့် အတွေ့မှာကား သာဓုခေါ်တော်မူခဲ့သည် ဟူပါ၏။

အရှင်မြတ်သုံးပါးတို့ နေ့စဉ်နှင့်အမျှ နေထိုင်ကျင့်သုံးပုံများကို မြင်ရလျှင် ဘုရားရှင်နည်းတူအားလုံးက သာဓုခေါ်ကြရပါလိမ့်မည်။

ဦးစွာပထမ ဆွမ်းခံပြန်လာသူသည် ဆွမ်းစားကျောင်းတွင် နေရာခင်း၏။ ခြေဆေးရေ၊ ခြေဆေးပျဉ်ပြား၊ ခြေပွတ်စရာ အိုးခြမ်းကွဲတို့ကို အရန်သင့်ထား၏။ ဆွမ်းဦးထည့်စရာ ခွက်ကို အရန်သင့် တည်လင့်၏။ ဆေးကြော၍ ထား၏။ သောက်ရေ သုံးရေများခပ်ထား၏။ ထို့နောက် တစ်ပါးတည်းပင် အေးအေးဆေးဆေး စားသောက်ကာ ဆွမ်းစားကျောင်းမှ ဆင်းသွားခဲ့၏။

နောက်မှပြန်လာသော ပုဂ္ဂိုလ်သည် မိမိသပိတ်ထဲမှာ ဆွမ်းအားနည်းလာလျှင် ဆွမ်းဦးထည့်ထားသည်ကို ယူ၍ စား၏။ မိမိ သပိတ်ထဲမှာ ဆွမ်းပြည့်စုံလာခဲ့၍ မစားလိုလျှင် မြက်သစ်ပင် လွတ်ရာမှာဖြစ်စေ၊ ပိုးကောင်မရှိသော နေရာမှာဖြစ်စေ

http://www.dhammadownload.com

စွန့်ပစ် ဆေးကြောဓ၏။ နေရာများကိုရုပ်သိမ်းကာ ခြေဆေးရေအိုး၊ ခြေဆေးပျဉ်ပြား၊ ခြေပွတ်စရာ အိုးခြမ်းကွဲများကို သင့်ရာမှာ သိမ်းထား၏။ ဆွမ်းစားကျောင်းကို တံမြက်လှည်း၏။ သောက်ရေအိုး၊ ဆေးရေအိုး၊ ကုဋိရေအိုးများကို ရေမရှိလျှင် ခပ်ထည့်၏။ မိမိတစ်ပါးတည်း မစွမ်းနိုင်သော ကိစ္စဖြစ်လျှင် ဆူဆူညံညံ အသံမပြုဘဲ လက်ဟန် ဖြင့်သာ အကူအညီတောင်း၏။ ငါးရက်လျှင် တစ်ကြိမ်ကျ ညလုံးပေါက် တရား ဆွေးနွေးကြ၏။ ကောသမ္ဗီရဟန်းများသာ သူတို့နည်းတူ နေတတ်ကြလျှင် ကောင်းပေစွဟု ကျွန်ုပ် ဆုတောင်းလိုက်မိပေသည်။

(ဝိနည်းမဟာဝဂ်၊ ကောသမ္ဗကခန္ဓက)

\+ \+ \+

ပါလိလေယျက ဆင်ကြီး

ကျေနပ်ဖွယ်ကောင်းသော အရှင်မြတ်တို့ကို နှုတ်ဆက်ကာ ကျွန်ုပ်တို့သည် ပါလိလေယျက တောအုပ်သို့ ခရီးဆက်လာခဲ့ကြရပြန်၏။ ပါစိနဝံသ တောအုပ်နှင့် အလှမ်း မကွာလှသဖြင့် မကြာမီ ရောက်လာကြ၏။ ဘုရားရှင်၏ အလိုတော်ကို မသိရသေး၍ ပါလာသော ရဟန်းများကို တောစပ်မှာပင်ထားခဲ့ကာ ကျွန်ုပ် တစ်ပါးတည်း ဝင်လာခဲ့၏။ စိမ်းစိုသော သစ်ပင်ပန်းမန်တို့ဖြင့် နေချင့်စဖွယ် တင့်တယ်သာယာလှသော တောအုပ်အဝင်တွင် ကျွန်ုပ်သည် အန္တရာယ်ကောင်းကြီးနှင့် ဖြုန်းခနဲ ရင်ဆိုင်လိုက်ရပေသည်။

ခပ်ဝေးဝေးမှ လှမ်းမြင်ပါမူ ရှောင်နိုင်တိမ်းနိုင်ခွင့် ရပါသေး၏။ သူ့ခြေလှမ်းကို လွတ်အောင် မပြေးနိုင်သည် ရှိစေတော့၊ သစ်ပင်ကြီးကြီးမှာတက်နေလျှင် လွတ်စရာ ရှိပါသေးသည်။ ယခုတော့ သည်ကအဝင် သူကအစောင့် ဗြုန်းစားကြီး တွေ့ကြပြီမို့ မရှောင်နိုင်မတိမ်းနိုင်တော့ပြီ။ ကျွန်ုပ် အသက်သည် သဲသဲဆင်ကြီး၏ ခြေဖဝါးအောက်တွင်လည်းကောင်း၊ အစွယ်ဖျားတွင်လည်းကောင်း ပျောက်ပျက်ရပေတော့မည်။ သည်လိုမှ မဟုတ်သေးလျှင်လည်း သူကိုင်လာသော ထင်းချောင်းကြီးများဖြင့် ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ညက်ညက်ရိုက်ချေ အသေသတ်တော့မည်တည်း။

"ဟယ် ပါလိလေယျက၊ ပြန်လာခဲ့လေလော့။ ပြန်လာခဲ့လေလော့။ ဤရဟန်းကို မတားလေနှင့်။ ငါ၏ အလုပ်အကျွေးရဟန်းကို ကြိုဆိုလိုက်ပေတော့"

အသက်ဘေးနှင့် ရင်ဆိုင်နေရဆဲတွင် ကြားချင်လှသော အသံတော်ကို ကြားလိုက်ရပေသည်။ အသက်ဘေးမှ လွတ်ရုံမျှမက ကြားချင်လှသော အသံတော်ကို ကြားလိုက်ရသဖြင့် ကျွန်ုပ် ဝမ်းသာလှပေသည်။

http://www.dhammadownload.com

ပါလိလေယျက တောပျော်ဖြစ်၍ ပါလိလေယျက အမည်ရနေသောဆင်ကြီးသည် ဘုရားရှင့် အမိန့်တော်ဖြင့် ကိုင်ထားသော ထင်းခြောင်းကြီးကို လွှတ်ချကာ ကျွန်ုပ်၏ သပိတ် သင်္ကန်းများကို လှမ်းယူ၏။ သို့ရာတွင် ကျွန်ုပ်က မပေးဘဲ ကိုယ့်ဘာသာ ယူမြဲယူလာခဲ့၏။ ဆင်ကြီးကလည်း ကျွန်ုပ်နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပါ၏။ ရေပူရေချမ်းကမ်းသူ မရှိပါဘဲလျက် ဘုရားရှင်တစ်ပါးတည်း နေထိုင်တော်မူခြင်းမှာ ဤဆင်ကြီးရှိနေ၍ပါတကားဟု ကျွန်ုပ် သဘောပေါက်လာပေသည်။

ဘုရားရှင့် ရှေ့တော်မှောက်အရောက်တွင် ကျွန်ုပ်သည် ပါလာသော သပိတ်သင်္ကန်းများကို ထားစရာနေရာရှာဖွေရာ ဘုရားရှင်ထိုင်တော်မူသော ကျောက်ဖျာကြီးမှ လွဲလျှင် အားလုံး မြေပြင်ချည်း ဖြစ်နေသည်ကို တွေ့ရှိရ၏။ မြေကြီးပေါ်မှာ အပေရေခံ၍ မထားလိုလျှင် သည်ကျောက်ဖျာပေါ်မှာ တင်မှသာ ဖြစ်ပေမည်။ သို့သော် ကျွန်ုပ် မတင်ခဲ့ပါ။ သင်ယူလာခဲ့ပြီးသော ကျင့်ဝတ်များအရ မိမိ သပိတ်သင်္ကန်းတို့ကို မြေပြင်မှာပင် ချထားလျက် ခြေတော်အစုံကို ဦးခိုက်လိုက်ပါတော့သည်။ ဤတွင်ဆင်ကြီးကလည်း အားရ ကျေနပ်ဟန်ဖြင့် ကျွန်ုပ်အတွက် သောက်ရေခွက် ကမ်းလှမ်းလာပေသည်။

"အာနန္ဒာ၊ သင်တစ်ပါးတည်းလာခဲ့သလော"

ဆင်ကြီးပေးလာသော သောက်ရေခွက်ကို အားပါးတရမော့သောက်ပြီးချိန်တွင် ဘုရားရှင်က မေးတော်မူသဖြင့်–

"အဖော်ရဟန်းများ ပါပါသေးသည် အရှင်ဘုရား။ အရှင်ဘုရား၏ အလိုတော်ကို မသိရသေးသဖြင့် တောစပ်မှာပင် ထားခဲ့ပါသည်"

"အာနန္ဒာ၊ ရဟန်းများကို ခေါ်ပါဘိ"

ကြည်ဖြူစွာခွင့်ပေးတော်မူသဖြင့် ရှေ့တော်မှောက်သို့ရောက်လာကြသော ရဟန်းများအား ဘုရားရှင်က ဤသို့ ဟောကြားတော်မူပေသည်။

"ရဟန်းတို့၊ ရင့်ကျက်သောဉာဏ်ပညာ၊ ခိုင်မာသော သမာဓိနှင့် တရားကျင့်သုံးသော အဆွေခင်ပွန်းကောင်းကို ရလျှင် ထိုအဆွေခင်ပွန်းနှင့် ဝမ်းမြောက်ဝမ်းသာ ရာသက်ပန် ပေါင်းသင်းနေထိုင်ရာ၏။ အတွင်းအပ ဘေးရန်ဟူသမျှကို သတိတရားရှေ့မှာထားလျက် တွန်းလှန်ဖြိုဖျက်ရာ၏။

"ရဟန်းတို့၊ ရင့်ကျက်သော ဉာဏ်ပညာ၊ ခိုင်မာသော သမာဓိနှင့် တရားကျင့်သုံးသော အဆွေခင်ပွန်းကောင်းကို မရနိုင်ပါလျှင်ကား တစ်ပါးတည်းသာနေသင့်၏။ ရှေးက မင်းကောင်း မင်းမြတ်များသည် တစ်ပြည်လုံးကို စွန့်လွှတ်ကာ တောထွက်ကြသကဲ့သို့ အားအင်ခိုင်ဖြိုး ဆင်ပြောင်ကြီးသည် ဆင်အုပ်စုမှ ဖဲခွာလျက် တောနက်ထဲတွင် တစ်ကောင်တည်း ကျက်စားသကဲ့သို့ အေးဆေးသက်သာ နေထိုင်ရာ၏။

http://www.dhammadownload.com

"ရဟန်းတို့၊ အဖော်မမှီး တစ်ကိုယ်တည်းနေခြင်းသည် မြတ်၏။ လူမိုက်အပေါင်း ထောင်သောင်းမက ရှိသော်လည်း ပေါင်းသင်းထိုက်သူတစ်ယောက်မျှ မရှိပေ။ နက်လှစွာသော တောကြီးအလယ်၌ စွယ်စုံဆင်ပြောင်ကြီးသည် စိတ်လွတ်ကိုယ်လွတ်ကျက်စားနေဘိသကဲ့သို့ အဖော်မမှီးတစ်ပါးတည်းနေရာ၏။ မပြုထိုက်သော ဒုစရိုက်အမှုများကိုလည်း မိမိစိတ်ကို ပြုချင်လာအောင် သွေးဆောင်နိုးဆော်မှု မပြုသောအားဖြင့် ရှောင်ကြဉ်ရာ၏"

ဝိဝေကဓာတ် ကိန်းဝပ်ပြီးသော အရှင်များသည် ဤတရားဒေသနာတော်သုံးပုဒ်ကိုနာကြားရသဖြင့် ရဟန်းကိစ္စပြီးဆုံးသွားကြပေသည်။ အသိဉာဏ်မရှိသေးသမျှပြု၍ မပြီးနိုင်လောက်အောင် မြားမြောင်လှသော ရဟန်းကိစ္စတို့သည် အသိဉာဏ်ရလိုက်သည်နှင့်တစ်ပြိုင်နက် ပြီးပြည့်စုံ၍ သွားကြပေသည်။

အဖော်ရဟန်းတို့အတွက် လိုအပ်သောကိစ္စများ ပြီးစီးသွားသော်လည်း ကျွန်ုပ်အတွက်ကား မပြီးစီးသေးပါ။ ကောသမ္မီရဟန်းများနှင့်တကွ သာဝတ္ထိမြို့တော်က ဒါယကာ ဒါယိကာမများအတွက် ဆောင်ရွက်ရပါဦးမည်။ သို့ဖြစ်၍....

"အရှင်ဘုရား၊ သာဝတ္ထိမြို့တော်က ကျောင်းဒါယကာကြီးမှစ၍ သာဝကကြီးငယ်တို့က တစ်ဆင့်စကား လျှောက်ထားလိုက်ကြပါသည်။ သာဝကအများကုသိုလ်ပွားစေရန် သာဝတ္ထိမြို့တော်သို့ ဘုရားရှင်ကြွစေချင်ပါသည် ဘုရား"

"ကောင်းပြီ အာနန္ဒာ၊ သပိတ် သင်္ကန်းကို ယူပေတော့"

ကျွန်ုပ်လျှောက်ထားချက်ကို လက်ခံတော်မူလိုက်သည်နှင့် ကျွန်ုပ်တို့အားလုံး ခရီးထွက်ဖို့ ပြင်ဆင်ပြီးဖြစ်နေကြပါ၏။ ပါလိလေယျကဆင်ကြီးလည်း ကျွန်ုပ်တို့ဘေးက ကပ်ပါလာကာ ဘုရားရှင်၏ ရှေ့တော်ရောက်အောင် ထွက်သွားပြီး သူ့ကိုယ်ကြီးဖြင့် ကန့်လန့်ဆီး၍ တားလိုက်ပေသည်။

"ရဟန်းတို့၊ ပါလိလေယျဆင်ကြီးသည် သင်တို့အားလုံးကို သစ္စသီးဆွမ်းကပ်ချင်၍ဖြစ်သည်။ ဝါတွင်းသုံးလပတ်လုံး ဤဆင်ကြီးသည် ငါ့ကို ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သည်။ ရေပူရေချမ်း ကမ်းလှမ်းခဲ့သည်။ သစ်သီးကြီးငယ် ဆက်ကပ်ခဲ့သည်။ ဆွမ်းခံဝင်လျှင် ရွာနီးချုပ်စပ်အထိ သပိတ် သင်္ကန်းများကို လိုက်ပို့ပြီး ငါဘုရားပြန်လာသည်တိုင်အောင် စောင့်ကြိုနေခဲ့သည်။ သည်ဆင်ကြီး၏ သဒ္ဓါကြည်ညိုစိတ်ကို ချီးမွှောက်သောအားဖြင့် ငံ့လင့်ကြပေဦးလော့"

အမိန့်တော်အရ ကျွန်ုပ်တို့တစ်တွေ ရပ်တန့်နေကြသည်တွင် ဆင်ကြီးသည် နှာမောင်းကြီးကိုမြှောက်၍ အားရဝမ်းသာ ကြွေးကြော်လျက် တောတွင်းသို့ ပြေးဝင်သွား၏။

"အရှင်ဘုရား၊ ဆင်ကြီးက မနုဿလူသားတစ်ယောက်ကဲ့သို့ ဝတ်ကြီးဝတ်ငယ် ပြုစုသည်ကား ဟုတ်ပါပြီ။ သောက်ရေ သုံးရေကိုလည်း မြေအိုးနှင့်

http://www.dhammadownload.com

ခပ်ယူသည်ကိုလည်း သဘောပေါက်ပါသည်။ သို့ရာတွင် ဘုရားရှင် ရေနွေးနွေး ချိုးတော်မူလိုလျှင်ကား မည်သို့များ ပြုလုပ်ပါသလဲ ဘုရား"

နေရာသို့ပြန်လာရင်း ကျွန်ုပ်စိတ်ထဲမှာ မရှင်းလင်းသော အချက်တစ်ခုကို လျှောက်ထားလိုက်ရ၏။

"အာနန္ဒာ၊ သစ်ကိုင်းကို သစ်ကိုင်းနှင့်ပွတ်၍ မီးထွက်အောင်လုပ်ယူတတ်သော ဆင်ကြိုးအတွက် ရေနွေးရရန် မခက်ပါ။ ထွက်လာသော မီးဖွားကလေးမှ မီးဖိုကြီး ဖြစ်အောင် မွေးယူကာ မီးဖိုထဲသို့ ဦးစွာပထမ ကျောက်တုံးကြီးကို ထည့်၏။ မီးပူလာသော ကျောက်တုံးကြီးများကိုမှ တုတ်နှင့်ကော်ကာ လှိမ့်ကာ နီးစပ်ရာ ရေကန်ထဲသို့ ချပေး၏။ အနွေးဓာတ် ရ မရ သူ့နှာမောင်းဖြင့် စမ်းသပ်ကာ အရှန်သင့်ဖြစ်လျှင် ငါဘုရားထံလာ၍ အကြောင်းကြားပေတော့သည်"

သူ့တပည့်ကြီး၏ အရည်အချင်းများကို ဘုရားရှင်က စီကာပတ်ကုံး မိန့်ကြားတော်မူပေသည်။

"ဩော်.... လူသားတမျှ အသိဉာဏ်ကြီးလှသော ဆင်ကြီးပါတကား" ဟု ကျွန်ုပ်တို့အားလုံးက တညီတညွတ်တည်း ကောင်းချီးပေးလိုက်ကြရ၏။

လူသားတမျှ အသိဉာဏ်ကြီးသဖြင့် ဘုရားရှင် ချမ်းသာစွာနေခဲ့ရသည်ကို ကျွန်ုပ်တို့ သာဓုခေါ်ကြရပါ၏။ သဒ္ဓါကြည်ဖြူ၍ သူကပ်လှူသော သစ်သီးဆွမ်းများ ကလည်း အရသာရှိလှပါ၏။ သို့ရာတွင် လူသားတမျှ အသိဉာဏ်ကြီးလှသော ဆင်ကြီးသည် လူသားတမျှ သဲယောဇဉ်ကြီးနေခြင်းသည်ကား စိတ်မကောင်းစရာပင်။ ကျွန်ုပ်တို့ သစ်သီးဆွမ်းများ စားသောက်နေကြစဉ်မှာ သူ ရွှင်ရွှင်လန်းလန်းရှိနေပါသေး၏။ ဘုရားရှင်ကို သစ်ခက်တစ်ခုဖြင့် ယပ်လေခတ်လျက် ရှိပါ၏။ ဘုရားရှင်နှင့် တကွ ကျွန်ုပ်တို့တစ်တွေ ထိုင်ရာမှထလိုက်ကြသည်တွင်ကား ဆင်ကြီး၏ မျက်လုံးများ စိုရွှဲ၍ လာကြတော့၏။ မျက်ရည်တွေတွေစီးလျက် ဆင်ကြီးသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာ၏။ တောစပ်သို့ရောက်သည်နှင့် ဘုရားရှင့် ရှေ့တော်မှ ကာဆီး၍ ထားလိုက်ပေသည်။

"ပါလိလေယျက၊ ငါဘုရားသည် လူတို့၏ ချမ်းသာစီးပွား များစိမ့်သောဌာန ဒေသစာရီ ကြွချီတော်မူတော့မည်။ မတားလေနှင့်၊ မဆီးလေနှင့်တော့ ပါလိလေယျက...."

ကရဏာပြည့်ဝသော အသံတော်ကို ဆင်ကြီးသည် နားရွက်ကြီးများပေ၍ နားထောင်ကာ အသံတော်ဆုံးသည်နှင့် မြေပေါ်မှာ ဒူးထောက်၍ ဝပ်လိုက်၏။ မျက်ရည်တော်က်တော်က် ယိုလျက်ကပင် သူ့နှာမောင်းကြီးဖြင့် ဘုရားရှင် ခြေတော်အစုံကို ပူဇော်ကန်တော့၍ နေပေသည်။

http://www.dhammadownload.com

"ပါလိလေယျက၊ ချမ်းသာစွာ နေရစ်ခဲ့ပေဦးတော့"

ဦးကင်းတွင် လက်တော်ဖြင့် သုံးသပ်တော်မူကာ ဘုရားရှင် ထွက်ခွာတော်မူသည်တွင် ကျွန်ုပ်တို့ အားလုံးလည်း ဆင်ကြိုးကို ကိုယ်စီကိုယ်င နှုတ်ဆက်ခဲ့ကြ၏။ ကျွန်ုပ်တို့ တောတွင်းမှ ထွက်မိလျှင်ပင် ဝမ်းခေါင်းသံကြိုး မြည်ဟည်းလျက် ဆင်ကြိုး၏ အော်သံတစ်ချက်ကို ကြားလိုက်ရပေသည်။ နှလုံးကြေကွဲသေပွဲဝင်အံ့ဆဲဆဲ အသံကြိုးပါတည်း။

(ဓမ္မပဒ အဋ္ဌကထာ၊ ယမကဝဂ်၊ ကောကာသမ္မကဝတ္ထု)

\+ \+ \+

ကောသမ္မီအရေးတော်ပုံကြီး ပြီးဆုံးခြင်း

ပြန်လည်တွေ့ဆုံရန် မရှိတော့သော ဆင်ကြိုးကို ကျောခိုင်းမြှိုခိုင်းလျက် ကျွန်ုပ်တို့သည် ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်လာကြ၏။ မဖူးမမြင်ရတာကြာပြီဖြစ်သော ဘုရားရှင်ကို ဖူးမြင်ခွင့်ရကြသဖြင့် ကျွန်ုပ် မျက်နှာပွင့်လန်းခဲ့ရသည်ကို အထူးတင်ပြဖွယ် လိုမည် မထင်ပါ။

ကျွန်ုပ်တို့ရောက်၍ ရက်များမကြာမီတွင် ကောသမ္မီရဟန်းများလည်း သတင်းနာခံ၍ လိုက်ပါလာကြ၏။ သူတို့ သတင်းဆိုးများက ရပ်တကာ ရွာတကာ ဟိုးလေးတကျော်ဖြစ်နေရာ သူတို့ သတင်းကြားသည်နှင့် ဇေတဝန်ကျောင်းတော် တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြရ၏။

ကောသမ္မီရဟန်းများ ကျောင်းတော်သို့ ရောက်မလာမီ အရှင်မဟာသာရိပုတ္တရာသည် ဂန္ဓကုဋီတိုက်ထဲဝင်သွား၏။ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပစသော သာဝကကြီးများမှာလည်း ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်သွားကြ၏။ နောက်ဆုံးမှာ ကျွန်ုပ်နှင့် ရာဟုလာတို့အလှည့် ဖြစ်ပေသည်။

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္မီရဟန်းများ လိုက်လာကြပါပြီ။ ထိုရဟန်းတို့အပေါ် တပည့်တော်တို့ မည်သို့ ဆက်ဆံရပါမည်လဲဘုရား"

အားလုံး တစ်သံတည်းလျှောက်ထားကြရာ ဘုရားရှင်က....

"ရဟန်းတို့၊ ဓမ္မဝါဒီများဘက်က ရပ်တည်ကြကုန်လော့"

မိမိစကားကို နားမထောင်သူချင်း အတူတူမှာပင် ဓမ္မဝါဒီများကိုကား ပစ်ပယ်တော် မမူပါ။ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော်ကို ဝိနည်းတော် အတိုင်း လက်ခံကြသဖြင့် နှင်ထုတ်ကံပြုသူများသည် ဓမ္မဝါဒီများ ဖြစ်ကြပေသည်။ အာပတ်မသင့်ဟု ယုံကြည်ကြသူတို့လည်း အဓမ္မဝါဒီဟု ဆိုရသော်လည်း လုံးဝ

http://www.dhammadownload.com

မပေါင်းသင်းထိုက်သော ရဟန်းဆိုးတို့ကိုကား မဟုတ်ကြပါ။ ကောသမ္ဗီရဟန်းအားလုံးမှာ ခိုက်ရန်ဒေါသ ဖြစ်ပွားတတ်သည်မှလွဲ၍ အခြားကြီးကျယ်သော ပြစ်ချက်ကြီးများ မရှိကြ၍ ဃဋ္ဋီစာရင်းဝင်များပင် ဖြစ်ကြပေသည်။

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္ဗီရဟန်းများ လာနေကြပါပြီ။ ထိုရဟန်းတို့အပေါ် တပည့်တော်မ မည်သို့ဆက်ဆံရပါမည်လဲဘုရား"

ကျွန်ုပ်တို့နောက်မှာ လျှောက်ထားလာသူများကား မယ်တော်ကြီး ပဇာပတိဂေါတမီ ဖြစ်ပေသည်။

"ဂေါတမီ၊ နှစ်ဖက်စလုံးမှာ တရားနာပါ။ နှစ်ဖက်စလုံးမှာ နာကြားပြီးနောက် ဓမ္မဝါဒီများ၏ တင်ပြချက်ကို လက်ခံပါ"

သာသနာ့ဝန်ထမ်းအားလုံးအတွက် မိန့်တော်မူပြီးမှ တစ်ဖန်ထပ်၍-

"အိမ်ရှင်သူဌေး၊ နှစ်ဖက်စလုံးမှာ လူဒါန်းပါ။ နှစ်ဖက်စလုံးမှာ တရားနာပါ။ နှစ်ဖက်စလုံးမှာ နာကြားပြီးနောက် ဓမ္မဝါဒီများ၏ တင်ပြချက်ကို လက်ခံပါ"

ကျောင်းဒါယကာ အနာထပိဏ်သူဌေးကိုလည်း မိန့်ကြားတော်မူရ၏။ ဝိသာခါ လျှောက်ထားသည်တွင်လည်း ဤသို့ပင် မိန့်တော်မူပေသည်။

သို့နှင့်မရောက်ခင်က နာမည်ကြီးနေသော ကောသမ္ဗီရဟန်းများ ရောက်လာကြပါပြီ။ ကောသမ္ဗီမှာတုန်းက ဘုရားရှင်ကို အာခံရဲခဲ့ကြသော သူရဲကောင်းကြီးများသည် ဇေတဝန်ကျောင်းတော်မှာကား ခေါင်းကိုပင် မဖော်ရဲကြတော့ပါ။ ကဲ့ရဲ့သူ၊ ရွှတ်ချသူတို့ကြား၀ယ် မျက်နှာငယ်ကလေးများဖြင့် ဖြစ်နေကြရ၏။

သူများတွေက ကဲ့ရဲ့ရွှတ်ချရင်း အလုပ်ရှုပ်နေကြစဉ် အရှင်မဟာသာရိပုတ္တရာကား သူတို့အတွက် နေရာချထားရန် စဉ်းစားနေရ၏။ နာမည်ကြီးရဟန်းများဖြစ်၍ သူတို့ကို မည်သည့်ကျောင်းကမျှ လက်မခံလိုကြသဖြင့် ဘုရားရှင်ထံ ဝင်ခဲ့ရပေတော့သည်။

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္ဗီရဟန်းများ ရောက်လာကြပါပြီ။ ထိုရဟန်းတို့ကို မည်သို့ နေရာချထားရပါမည်လဲ ဘုရား"

"သာရိပုတ္တရာ၊ အားလပ်သောကျောင်းကို ပေးလိုက်ပါ"

"အရှင်ဘုရား၊ အားလပ်သောကျောင်း မရှိလျှင် မည်သို့ဆောင်ရွက်ရပါမည်လဲ ဘုရား"

"သာရိပုတ္တရာ၊ အားလပ်အောင်ပြုလုပ်၍ ပေးရမည်။ မည်သို့သော အကြောင်းနှင့်မျှ ထေရ်ကြီး ဝါကြီးရဟန်းအား အိပ်ရာ နေရာကို မတားမြစ်အပ်ပေ။ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"

"အရှင်ဘုရား၊ ပစ္စည်းလေးပါးကို မည်သို့ ဝေဖန်ရမည်လဲဘုရား"

http://www.dhammadownload.com

"သာရိပုတ္တရာ၊ ရဟန်းအားလုံးအား အညီအမျှ ခွဲဝေပေးပါ"

မလိမ္မာ၍ တစ်ကြိမ်တစ်ခါ မိုက်မှားမိသော တပည့် သာဝကတို့အပေါ် ကရုဏာတော်မပျက် မိန့်မြွက်တော်မူလိုက်ခြင်းပါတည်း။

ကရုဏာရိပ်မှာ ခိုလှုံလာကြပြီးနောက် သုတ္တန်ဆောင်ပုဂ္ဂိုလ်သည် မိမိမှာ အာပတ်သင့်နေကြောင်း သုံးသပ်ကာ ဝန်ချတောင်းပန်သောအားဖြင့် ကောသမ္မီ အရေးတော်ပုံကြီး ဇာတ်သိမ်းသွားပေသည်။

(ဝိနည်းမဟာဝဂ်၊ ကောသမ္မကခန္ဓက)

**

http://www.dhammadownload.com

ဆေးစားမှားသူများ

သမားတော်ကြီးတို့ဖော်စပ်သော ဆေးတို့သည် လောကသားတို့ကျန်းမာချမ်းသာကြစေရန်ဖြစ်၏။ ဖြစ်ပွားတတ်သော ရောဂါဝေဒနာတို့ကို ကုစားရန်ဖြစ်၏။ သို့ရာတွင် ဆေးကိုစားသုံးသူသည် သမားတော်ကြီးတို့၏ ရည်ရွယ်ချက်ကို သိထားရပေလိမ့်မည်။ စားသင့် စားထိုက်သော အတိုင်းအတာကို သိထားရပေလိမ့်မည်။ ရည်ရွယ်ချက်ကိုလည်း မသိ။ အတိုင်းအတာလည်း မရှိဘဲ စားသုံးကြလျှင်ကား ဆေးအတွက် ဝန်လေးနေကြမည်သာတည်း။

သမားတော်ကြီးများ ဖော်စပ်သော ဆေးကို အစားမှားသူများရှိသကဲ့သို့ ဘုရားကိုယ်တော်မြတ်၏ ဝိနည်းတော်ဆေးကို အစားမှားခဲ့ရသော ရဟန်းများကို တင်ပြခဲ့ပါပြီ။ ယခုတစ်ဖန် ကမ္မဋ္ဌာန်းဆေးတော်ကြီးကို အစားမှားသော ပုဂ္ဂိုလ်များကိုလည်း တင်ပြရပါဦးမည်။

ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့တော်အနီးက ကုဋာဂါရကျောင်းတော်ကြီး၌နေတော်မူစဉ် ဘုရားရှင်သည် ဆယ့်ငါးရက်တိုင်တိုင် တစ်ပါးတည်း ကိန်းအောင်းတော်မူခဲ့၏။ နေ့စဉ် ဆွမ်းပို့တာဝန်ကျသော ရဟန်းမှလွဲ၍ မည်သူ့ကိုမျှ ချဉ်းကပ်ခွင့်မပြုပေ။ ဤသို့ဆယ့်ငါးရက်မျှ မျက်နှာလွှဲတော် မူလိုက်စဉ်မှာပင် ရဟန်းပေါင်းများစွာ ခန္ဓာစဲ၍ သွားကြရပါပေသည်။

ရဟန်းများ ခန္ဓာစဲကြရခြင်းမှာ တစ်စုံတစ်ခုသော ကပ်ရောဂါကြောင့် မဟုတ်ပါ။ အစာရေစာငတ်မွတ်၍လည်း မဟုတ်ပါ။ ဓားထက်ထက်ဖြင့် မည်ဟ ရက်စက် သတ်ဖြတ်ကြသောကြောင့်သာ ဖြစ်ပေသည်။ ကံဆိုးရှာသော ရဟန်းများသည် ဓားထက်ထက်ဖြင့် အချင်းချင်းလည်း သတ်ကြ၏။ သူများက မသတ်လျှင် ကိုယ့်ကိုယ်ကိုလည်း သတ်သေကြ၏။ အချင်းချင်းကလည်း သတ်မည့်သူ မကျန်။ ကိုယ့်ကိုယ်ကို မသတ်ရဲကြလျှင်ကား မိဂလဏ္ဍိကထဲ အကူအညီတောင်းကြရတော့သည်။

http://www.dhammadownload.com

မဂလဏ္ဍိကသည် ရဟန်းတို့၏ သင်္ကန်းများကိုဝတ်ကာ ရဟန်းတို့နှင့်အတူ ကျောင်းမှာနေ၏။ သို့သော် သူသည် ရဟန်းလည်းမဟုတ်။ ရှင်လည်း မဟုတ်ပါ။ ဘုရားရှင် မျက်နှာလွှဲထားသည့်အခိုက် အခွင့်ကောင်းယူကာ ကပ်ရပ်နေထိုင်သူသာ ဖြစ်ပေသည်။ ရဟန်းတို့၏ ဆွမ်းကျန်ကိုစားကာ ရဟန်းတို့ စွန့်ပစ်ထားသော သင်္ကန်းကို ကောက်ဝတ်ထားသူသာ ဖြစ်ပေသည်။

မဂလဏ္ဍိကသည် ရဟန်းများကို နေ့စဉ်နေ့တိုင်း သတ်နေရ၏။ တစ်နေ့မှာ တစ်ပါးသတ်ရသည်လည်းရှိ၏။ နှစ်ပါးသတ်ရသည်လည်းရှိ၏။ အသေခံ ရဟန်းတွေ များသထက် များလာသောအခါတွင်ကား တစ်နေ့တည်းနှင့် အပါးခြောက်ဆယ် တိုင်တိုင် သတ်ပေးရပေသည်။

ရဟန်းများများ သတ်ရလေတိုင်း မဂလဏ္ဍိကသည် ပျော်တပြုံးပြုံးဖြစ်၍ နေ၏။ သူ့ဓားသွားမှာ အသက်ပါသွားသော ရဟန်းများက သူတို့ ပိုင်ဆိုင်လေသမျှ သင်္ကန်း သပိတ် ပရိက္ခရာများကို သူ့ဆီမှာ ပေးခဲ့ကြရ၏။ နောက်ပြီး ဤသို့ သတ်ဖြတ်ပေးလိုက်ခြင်းဖြင့် သံသရာမှ မကူးမြောက်နိုင်သေးသော ရဟန်းများအား အောင်မြင်စွာ ကူးမြောက်နိုင်အောင် အကျိုးဆောင်ပေးရာ ရောက်သည်ဟုလည်း ယူဆထားပေသည်။

သူ့အယူအဆနှင့်သူ ရဟန်းသတ်ပွဲကြီးကို အားပါးတရ ဆင်နွှဲနေခဲ့ကြသော မဂလဏ္ဍိကသည် သွေးစွန်းသော ဓားကြီးကို ဝင့်ကာ ဝင့်ကာ ကျောင်းပေါက်စေ့မျှ လှည့်လည်နေ၏။ သည်ကျောင်းက ပြီးပြန်တော့ ဟိုကျောင်းဝိုင်းဘက် ကူးပြန်၏။

"သံသရာမှ မကူးမြောက်နိုင်သေးသူ ဘယ်သူနည်း။ ဘယ်သူ့ကို ကူပေး ရမည်နည်း"

မေးရင်းရှာ၊ ရှာရင်းမေးလျက် အသက်ပေါင်းများစွာကို ပျော်ပျော်ကြီးသတ်၍ နေပေသည်။

သွေးစက်လက်နှင့် ဓားကြီးကိုမြင်ရတိုင်း ကျွန်ုပ် စိတ်နှလုံး တုန်လှုပ်မိပါ၏။ သူ့အသံကြီးသည်ကား ကျွန်ုပ်အဖို့ ငှက်ဆိုးထိုးသံတမျှ ဖြစ်ပါ၏။ သို့ပါသော်လည်း ကျွန်ုပ်မှာ သူ့ကို မတားဆီးနိုင်ပါ။ သံဃာအများစုက စိတ်တူသဘောတူ လက်ခံထားသော ကိစ္စကြီးဖြစ်၍ ကျွန်ုပ်ဘာမျှ မတတ်နိုင်ပါ။ ဘုရားရှင်ပေးတော်မူသော အသုဘကမ္မဋ္ဌာန်းကို အကြောင်းပြုကာ အစွန်းတစ်ဖက် ရောက်သွားသူများကို သနားရုံသာ တတ်နိုင်ပါတော့သည်။

တကျာရာဂ အနှိပ်စက်ခံရသူများအတွက် ဘုရားရှင်သည် အသုဘဘာဝနာကို ဟောတော်မူခဲ့၏။ အခါအခွင့်သင့်တိုင်း ကြိမ်ဖန်များစွာ ဟောတော်မူခဲ့၏။ အသင့်အတင့် နှလုံးသွင်းနိုင်သူမှန်လျှင် ဤကမ္မဋ္ဌာန်း ကျေးဇူးကြောင့် မိမိတို့

http://www.dhammadownload.com

ကိုယ်ခန္ဓာပေါ်မှာ သာယာတတ်၊ ကပ်ငြိတတ်သော တဏှာရာဂတို့ နှိပ်စက်မည့်ဘေးမှ ကင်းဝေးရာ ရနိုင်ခွင့်ရှိပေသည်။

သို့သော် ကျွန်ုပ်၏ သီတင်းသုံးဖော်များကား ဘေးကင်းရာတရား နှင့် လွဲ၍ သေပွဲသို့သာ ဝင်ကြ၏။ ရေမိုးချိုး၍ အတင့်အတယ် ပြုပြင်ခြယ်လှယ်ထားသော အပျိုလူပျိုများသည် မြေသေကောင်ပုပ်၊ ချေးသေကောင်ပုပ်များကို ရှုစရာ စက်ဆုပ်ကြသကဲ့သို့ပင် သူတို့ကလည်း သူတို့၏ ခန္ဓာကိုယ်ကြီးကို ရှုရာ စက်ဆုပ်၍ လာကြ၏။ ဤသည်လျှင် အလွဲလမ်းစကို နှင်းမိခြင်းပါတည်း။

(တတိယ ပါရာဇိက သိက္ခာပုဒ်နိဒါန်း)

ဘုရားကိုယ်တော်မြတ်ညွှန်ပြတော်မူသော အသုဘဘာဝနာမှာ ခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ရွံရှာစရာအဖြစ်တွင် လမ်းဆုံးသွားဖို့မဟုတ်ပါ။ တဏှာရာဂ လွမ်းမိုး၍ သာယာဖွယ် စုံမက်ဖွယ်ဖြစ်နေသော ခန္ဓာကိုယ်ကြီး၏ သဘောကို သတိပြုရုံမျှသာ ပြုကာ ခန္ဓာကိုယ်ကြီးထက် အဆများစွာသာလွန်၍ ရှုစရာကောင်းသော အတွင်းက အသုဘများကို ရှုမြင်နိုင်ကြရန် ဖြစ်ပေသည်။

မှန်ပါ၏။ ကျွန်ုပ်တို့ ခန္ဓာကိုယ်ကြီးတွင် ကိုးပေါက်သောဒွါရ၊ အနာဝတို့ ရှိနေကြပါ၏။ နောက်ပြီး မရေတွက်နိုင်အောင် မြားမြောင်လှစွာသော မွေးညင်းပေါက်များလည်း ရှိကြသေး၏။ ထိုအပေါက်ကြီး အပေါက်ငယ်ဟူသမျှမှ နေ့စဉ်နှင့်အမျှ ယိုကျနေသည်တို့မှာ မသတီစရာချည်း ဖြစ်ဘီ၏။ ဤသည်မှာ ခန္ဓာကိုယ်ကြီး၏ အပြစ်လော။

ခန္ဓာကိုယ်ကြီးထဲမှ အချိန်ရှိသမျှ အညစ်အကြေးများ စီးယိုထွက်ကျနေခြင်းမှာ မည်သူ့ကိုမျှ နှိပ်စက်ရန် မဟုတ်ပေ။ မည်သူ့ကိုမျှ နှလုံးမသတီအောင် လုပ်နေခြင်း မဟုတ်ပေ။ ကိုက်စား၀ါးမြိုထားခဲ့သော အစာရေစာများထဲက ခန္ဓာကိုယ်အတွက် အသုံး၀င်သော ပစ္စည်းများကို လက်ခံထားကာ အသုံးမကျတော့သော အမှိုက်သရိုက်များကို စွန့်ထုတ်လိုက်ခြင်းသာ ဖြစ်ပေသည်။

သူ့သဘော သူ့သဘာဝ သူ့ကိစ္စ သူဆောင်ရွက်နေသောခန္ဓာကိုယ်ကြီးကို သဘောပေါက်ပါလျှင် ကျွန်ုပ်တို့သည် ဤခန္ဓာကိုယ်ကြီးကို စွဲမက်နေစရာလည်း မလိုပေ။ စက်ဆုပ်နေစရာလည်း မလိုပေ။ စက်ဆုပ်ရွံရှာသော်လည်း ပဟာနကိစ္စဖြင့် ပယ်၍ရနိုင်သော တရားလည်း မဟုတ်ပေ။ ပရိညာကိစ္စဖြင့် ပိုင်းပိုင်းခြားခြား သိထားရုံမျှသာ အသုံးကျသော ခန္ဓာကိုယ်ကြီး ဖြစ်၏။

ပုရိမတဏှာကို အကြောင်းပြု၍ မလွဲသာ မရှောင်သာ ရရှိထားသော ဤခန္ဓာကိုယ်ကြီးမှာ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်။ ကုသိုလ် အကုသိုလ်မှ လွတ်သော အဗျာကတ တရားသာ ဖြစ်၏။ ဓာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသော ဘေးဒုက္ခတို့၏ အစုအပုံသာ ဖြစ်ဘီ၏။

http://www.dhammadownload.com

ပုရိမတဏှာကို အကြောင်းပြု၍ ယခု ဒုက္ခမျိုးစုံ ကြုံတွေ့နေရသကဲ့သို့ပင် ယခု အလိုတဏှာနှင့် တောင့်တပါလျှင်လည်း ဒုက္ခမျိုးစုံကို တောင်းဆိုရာသာ ရောက်ပေလိမ့်မည်။

ဤသဘောတရားကိုသိသဖြင့် ဘုရားစသော အရိယာ သူတော်စင်တို့သည် ဒုက္ခမျိုးစုံ စုပြုံနေသော ခန္ဓာကိုယ်ကြီးကို ဟုတ်တိုင်းမှာစွာ ရှုမြင်ကာ နောက်ထပ် တစ်ဖန် တောင့်တခြင်းမရှိဘဲ နေတော်မူကြ၏။ ဤလိုနေခြင်းသည်ပင် လက်ငင်း လက်တွေ့ ဒုက္ခလွတ်ကြောင်းဖြစ်၏။ သူတော်သူမြတ်တို့၏ ရှာမှီးခြင်းလည်း ဖြစ်၏။

(မူလသဏ္ဌာသ၊ ပါသရာသိယုတ်)

အစွန်းနှစ်ဖက်သို့ မကပ်ရောက်သော ဤလမ်းစဉ်အတိုင်းသာ ပွားများကြပါလျှင် ထိုအရှင်တို့မှာ ယခုလို အစုလိုက်အပြုံလိုက် သေပွဲဝင်ရန် မရှိပါ။ ဒုက္ခကင်းကွာ ဘယာမရှိ အေးမြခြင်းအတိပြီးသော သမဏာစည်းစိမ်များကို မြိန်မြိန်ကြီး ခံစားနေကြရမည်သာ ဖြစ်ပါ၏။ သို့ပါလျက် သူတို့ခမှာ ဤသာသနာတော်ကြီးနှင့် လွဲကြရရှာပေသည်။

ခန္ဓာကိုယ်ကြီးအပေါ်၌ သာယာစုံမက် တပ်နှစ်သက်ခြင်းသည် တစ်ခုသော အစွန်းဖြစ်၏။ ထိုအစွန်းမှ လွတ်စေရန် စက်ဆုပ်ရွံရှာ၊ မသတီစရာတွေကိုချည်း ထပ်ကာတလဲလဲ တွေးတောနေတော့ကော လွတ်ပါမည်လော။ သာယာစုံမက်ခြင်းသည် အစွန်းတစ်ခု ဖြစ်သကဲ့သို့ပင် ရွံရှာစက်ဆုပ်ခြင်းသည်လည်း ဒေါသတစ်မျိုးသာ ဖြစ်နေ၍ အခြားသောအစွန်းတစ်ခုမျှသာ ဖြစ်ပေသည်။ သာယာစုံမက်ခြင်းကြောင့် ဆင်ရဲဒုက္ခ တွေ့ကြုံရသကဲ့သို့ပင် စက်ဆုပ်ရွံရှာ မသတီစရာကိုချည်း တွေးတောနေခြင်းသည်လည်း ဒုက္ခဖြစ်စေကြောင်း မကောင်းမှုတစ်ခုသာ ဖြစ်ပေသည်။

ကျွန်ုပ်၏ သီတင်းသုံးဖော်များမှာ ပထမအစွန်းကလွတ်အောင် ထူးထူးခြားခြား အားထုတ်ကြပါ၏။ အားထုတ်မှုတွင်ဉာဏ်အမြင် မယှဉ်တွဲမိကြသဖြင့် နောက် တစ်စွန်းနှင့် ကြုံကြရရှာပေသည်။ အပြင်အသုဘမှတစ်ဆင့် အတွင်းအသုဘသို့ ကမ္မဋ္ဌာန်း မပြောင်းမိခဲ့ကြသဖြင့် အလောင်းချင်း ထပ်ခဲ့ကြရပေသည်။

သို့နှင့် တစ်ဆယ့်ငါးရက်စေ့သော် ဘုရားရှင်သည် ရဟန်းတို့၏ အဖူးအမြော်ခံတော်မူပါ၏။ သို့သော် အဖူးအမြော် ရောက်လာသည့် ရဟန်းဦးရေက အနည်းငယ်မျှသာ။ ဤတွင် ကျွန်ုပ်က ရက်ပေါင်းများစွာ မျှိုသိပ်လာခဲ့ရသော စကားများကို ရှေ့တော်မှောက်မှာ လျှောက်ထားလိုက်ရပေသည်။

"အရှင်ဘုရား၊ အစုလိုက် အပြုံလိုက် သေပွဲဝင်ခဲ့ရသော ရဟန်းတို့ကို အကြောင်းပြု၍ တပည့်တော် တောင်းပန်ပါရစေ။ အသုဘကမ္မဋ္ဌာန်းမှတစ်ပါး အခြားသော ကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ် ရောက်အောင် ပို့ဆောင်တော်မူပါဘုရား"

http://www.dhammadownload.com

ကျွန်ုပ်၏ လျှောက်ထားချက်ကို ဘုရားရှင်က လက်ခံတော် မူပါပေသည်။ သတိသမ္ဗဇ္ဈင် မယ့်ဉ်မိလျှင် အကျိုးနည်းရတတ်သော အသုဘကမ္မဋ္ဌာန်းမှ အာနာပါန ကမ္မဋ္ဌာန်းသို့ လွှဲပြောင်း၍ ပေးတော်မူပေသည်။ ထို့နောက် လူသားတို့၏ အသက်ကို မသတ်ရန် သေကြောင်းမကြံရန် တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူ ပေသည်။

(တတိယ ပါရာဇိက သိက္ခာပုဒ်နိဒါန်း)

**

http://www.dhammadownload.com

ရာဟုလာတို့ သားအဖ

လေရောဂါကို ခံစားနေရသောမယ်တော်အတွက် သရက်သီးဓာတ်စာကို သားတော် ရာဟုလာသည် မရရအောင်ရှာဖွေခဲ့၏။ သို့ရာတွင် သူကိုယ်တိုင် ဆွမ်းခံမလိုက် ဖြစ်သော နေ့မှာကား သူ့ဆီသို့ ဆွမ်းတစ်ပွဲစာမျှပို့မည့်သူမရှိပါချေ။ နံနက်မှသည် ညနေစောင်းတိုင်အောင် ရာဟုလာ တစ်ပါးတည်းသာ အခန်းအောင်း၍ နေရပေသည်။

ထိုနေ့ကား ရာဟုလာ၏ ဘဝလမ်းကြောင်း တစ်ချိုးတစ်ဆစ်ပြောင်းလဲသော နေ့ ဖြစ်၏။ မယ်တော်ဆီမှာတစ်လှည့်၊ ခမည်းတော်ဆီမှာ တစ်ခါ ဆည်းကပ် ဖူးမြော်ရင်း၊ ပြုစုလုပ်ကျွေးရင်းဖြင့် ရာဟုလာ ၁၈ နှစ်သား ဖြစ်လာပေပြီ။ ဖအေတူ မအေတူ သားဖြစ်၍လည်း လှပရွှန်းစို ကြည်ညိုဖွယ် ဖြစ်ပါပေသည်။ ထိုနေ့နံနက် ဆွမ်းခံဝင်ရာတွင် ဘုရားရှင်သည် ရာဟုလာ တစ်ပါးတည်းသာ နောက်ပါခေါ်လျက် ကြွတော်မူ၏။ ဤသို့ ထူးခြားသော အပြုအမူတစ်ခုခု ရှိလာလျှင် ထူးခြားသော ရည်ရွယ်ချက်တစ်ခုခု ရှိ၍သာဖြစ်ကြောင်း ကျွန်ုပ်တို့ သိပြီးဖြစ်၍ နောက်ချန်၍ နေရစ်ခဲ့ကြ၏။

ရှေ့သွားနောက်လိုက် ညီလှသော အရှင်နှစ်ပါးတို့သည် ကျွန်ုပ်တို့ရှေ့မှ တရွေ့ရွေ့ ထွက်ခွာတော်မူကြ၏။ ရွှေရောင်ဝင်းသည့် လောင်းလှေကြီးနှင့် လောင်းလှေငယ်တို့သည် ရေအိုင်ကြီးအတွင်းမှာ ရှေ့ဆင့် နောက်ဆင့် လှော်ခတ်သွားကြသကဲ့သို့ပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့၏ ဟဒယနှလုံးအိမ်ကို ဆီစိမ်၍ ပေးလိုက်သော မြင်ကွင်းတစ်ခုပင် ဖြစ်ပါ၏။

ကျွန်ုပ်တို့တစ်တွေက ရွှေလောင်းနှစ်စင်းလုံးကို ကြည်ညိုအားရလျက်ရှိရာတွင် ရွှေလောင်းငယ်သည် သူ့ရှေ့က ရွှေလောင်းကြီးကို တစိမ့်စိမ့်ကြည့်ရာမှ သူ့လက် သူ့ခြေများကိုလည်း ကြည့်ရှုရပေသေးသည်။ ဖြူဝင်း ရွှန်းစိုသော အဆင်းရောင်အောက်က အသားအရေပြည့်ဖြိုးသော သူ့လက် သူ့ခြေများကို ကြည့်ရင်း

http://www.dhammadownload.com

သူ့တစ်ကိုယ်လုံးကို ပုံဖော်၍ ကြည့်သွားဟန်တူပါသည်။ ကိုယ့်ရုပ်ရည်ရူပကာကို ကိုယ့်ဘာသာ စိတ်ဝင်စားနေတတ်သော အရွယ်မျိုးပင် မဟုတ်ပါလော။

"တဏှာရှေ့သွား၊ ခြေလှမ်းမှား၍
ပေါက်ဖွားလာရ၊ လူ့လောကကို
ဤမျှနှင့်တန်၊ တစ်ဖန်တစ်ကျော့
ဝင်မဆော့နှင့်...."

ဤသို့ ဟိုတစ်ခါက ဆုံးမတော်မူခဲ့ဖူး၏။ ဆုံးမစကားကို နာယူလွယ်ခဲ့သော ရာဟုလာသည် ကိုယ့်ရုပ်ရည်ကို ကိုယ်ပြန်ချစ်နေသဖြင့် မေ့လျော့သွားဟန်တူပါသည်။

သွားစဉ်တုန်းက ရှေ့ဆင့် နောက်ဆင့် လိုက်ပါသွားသော ရာဟုလာကို ကျွန်ုပ်တို့သည် လမ်းခုလတ်မှာတွေ့ကြုံကြရ၏။ ရှေ့က ကြွတော်မူသော ဘုရားရှင်သည် သာဝတ္ထိမြို့တော်ထဲမှာ ဆွမ်းခံနေတော်မူပေရော့မည်။ ရာဟုလာကား သစ်ပင်ရင်းမှာ တစ်ပါးတည်းထိုင်လျက် ရှိနေ၏။ ရှင်ပြုခါစ အချိန်တုန်းကသာ ဤအနေမျိုးကြုံရလျှင် ခမည်းတော်ကိုစိတ်ကောက်၍ ချန်နေရစ်ခဲ့သည်ဟု ထင်စရာရှိပါ၏။ သို့သော် ယခု ရာဟုလာသည် ရှင်ငယ်ကလေး မဟုတ်တော့ပြီ။ မကြာမီကာလအတွင်းမှာ ရဟန်းအဖြစ်ခံယူတော့မည့်သူဖြစ်နေ၏။ ပင်ကိုယ်ဓာတ်ခံကောင်းမွန်၍ အရွယ်ရောက်ပြီးသော သာမဏေတစ်ပါးတည်း ကျန်ရစ်သည်မှာ တစ်စုံတစ်ခုသော သံဝေဂစိတ်ကြောင့်ပင် ဖြစ်စရာရှိပေသည်။

နောက်တော်ပါးက ဖဝါးခြေထပ် လိုက်ပါခဲ့ပါလျက် မသင့်မတင့် နှလုံးသွင်းနေသော ရာဟုလာကို ဘုရားရှင်က သည်အတိုင်း လွှတ်ပေးထားလိမ့်မည် မဟုတ်ပါ။ ရတနာမျိုးစုံ စုပြုံတင်ဆောင်လာသော လှေကြီးတွင် ရေဝင်ပေါက်တွေ့ပါက ချက်ချင်းလက်ငင်း ဖာထေးလိုက်ရသကဲ့သို့ ရာဟုလာ၏ နှလုံးသွင်းမှားမှုကိုလည်း ချက်ချင်းလက်ငင်း ပိတ်တော်မူမည်သာ ဖြစ်၏။ ခန္ဓငါးခု အစုအဝေးသာဖြစ်သော ဤခန္ဓာကိုယ်ပေါ်ဝယ် 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍လည်းကောင်း မရှုထိုက် မစွဲလမ်းထိုက်သည်ကို ဟောပြတော်မူမည်သာ။

ဤတွင် ရာဟုလာသည် ခိုးထုပ် ခိုးထည်နှင့်တကွ သွေ့ခြောက်ဆွဲ၍ အဖမ်းခံလိုက်ရသော ခိုးသူကဲ့သို့ပင် သတိသံဝေဂကြီးစွာ ရပေလိမ့်မည်။ သတိသံဝေဂနှင့်အတူ နာယူလွယ်သော သဘောများလည်း ကပ်ပါလာသဖြင့် သစ်ပင်ရင်းမှာ ချန်နေရစ်ဟန်တူပေသည်။

ကျွန်ုပ်တို့ ဆွမ်းခံပြန်လာသောအခါတွင်ကား သစ်ပင်ရင်းမှာ ရာဟုလာ မရှိတော့ပါ။ လမ်းခုလတ်က ပြန်သွားရသည်ဖြစ်ရာ သူ့သပိတ်ထဲမှာ ဆွမ်းတစ်ဖွန်းမျှပါသွားမည် မဟုတ်ပါ။

(သဇ္ဇာယတနသံယုတ် ရာဟုလော ဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

http://www.dhammadownload.com

ဆွမ်းစားကျောင်းပေါ်မှာ သီတင်းသုံးဖော်များနှင့်အတူ ဆွမ်းစားနေရင်း ကျွန်ုပ်စိတ်များက ရာဟုလာထံ ရောက်နေကြ၏။ ကျောင်းခန်းတွင်းမှာ တရားနှလုံးသွင်းလျက် ငြိမ်သက်စွာထိုင်နေသော ရာဟုလာသည် သည်ကနေ့အဖို့ ဆွမ်းတစ်လုတ်မျှ မစားရသေးပါ။ သူ့ဆီ ဆွမ်းသွားပို့ရန် ခိုင်းတော်မူမည်လားဟု လည်တဆန့်ဆန့် လှမ်းကြည့်ရသော်လည်း ဘုရားရှင်ကား မည်သို့မျှ မိန့်တော်မမူပါချေ။ ဘုရားရှင် မိန့်တော်မမူဘဲနှင့်လည်း ကျွန်ုပ်တို့ မပို့ရဲပါ။ ရာဟုလာ ဆွမ်းမစားရသေးသည်ကို ဘုရားရှင်လည်း သိတော်မူမည်သာ။ သိပါလျက်နှင့် နှုတ်မမြွက်ဘဲ နေတော်မူခြင်းမှာ အကြောင်းတစ်ခုခု ရှိ၍သာ ဖြစ်ပါလိမ့်မည်။

ဆွမ်းစားတုန်းက တန့်နံ့တွေးလာခဲ့သော ထိုအကြောင်းကို ညနေချမ်းကျမှ ကျွန်ုပ် သိရပေတော့သည်။ ထိုနေ့နံနက်က ရာဟုလာသည် ဆွမ်းတည်းဟူသော ဘောဇဉ်ကို မစားရသော်လည်း ထို့ထက်မွန်မြတ်သော ဘောဇဉ်တစ်မျိုးကိုကား စားခဲ့ရပေသည်။ ထိုဘောဇဉ်ကိုပေးသော ပုဂ္ဂိုလ်ကား သူ၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာ သာရိပုတ္တရာပါတည်း။

နံနက်ခင်းတုန်းက ဆွမ်းခံထွက်ကြရာတွင် အရှင်မြတ်ကြီးသည် သူ့ထုံးစံအတိုင်း နောက်ချန်၍ နေရစ်ခဲ့၏။ ကျွန်ုပ်တို့ ထွက်လာချိန်တွင် ကျောင်းများကို လျှောက်၍ ကြည့်နေရစ်၏။ အမှိုက်သရိုက်ရှိလျှင် လှည်းကျင်းသုတ်သင်ရန်နှင့် အထားအသိုမတတ်သော အသုံးအဆောင်များကို နေရာတကျ သိမ်းထားပေးရန် ဖြစ်ပေသည်။

သစ်ပင်ရင်းမှာတရားနှလုံးသွင်းလျက် မလှုပ်မယှက်ထိုင်နေသော ရာဟုလာကို ကျွန်ုပ်တို့သည် အသာရှောင်၍ လာခဲ့ကြ၏။ သူ၏ ခမည်းတော်ကိုယ်တိုင်က ပေးထားခဲ့သော တရားဖြစ်၍ ကျွန်ုပ်တို့က တစ်စုံတစ်ရာ ဝင်မစွက်သင့်၍ ဖြစ်ပေသည်။ သို့ရာတွင် အရှင်မဟာသာရိပုတ္တရာကား သူ၏ ဥပဇ္ဈာယ်ဆရာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ကဲ့သို့ အသာအယာ ရှောင်မလာဘဲ အနာပါနကမ္မဋ္ဌာန်းကို ပေးလိုက်သည်ဟူပါ၏။ မိမိ၏ ထွက်သက် ဝင်သက်တွင် အစဉ်သတိပြု၍ ကြည့်ရှုဆင်ခြင်ရသော ကမ္မဋ္ဌာန်းပင် ဖြစ်ပေသည်။

ရာဟုလာသည် ဆွမ်း ခဲဖွယ် ဘောဇဉ်အစား အာနာပါန ဘောဇဉ်ဖြင့် ငြိမ်သက်စွာနေခဲ့ပြီးလျှင် ညနေချမ်းကျခါမှ ဘုရားရှင်ထံ ချဉ်းကပ်လာခဲ့၏။ ဤတွင် ကျွန်ုပ်နှင့်အတူ ဆုံမိကာ နံနက်ကအကြောင်းများကို ဆွေးနွေးမိကြခြင်း ဖြစ်ပေသည်။

ဥပဇ္ဈာယ်ဆရာ၏ အမိန့်အရ ရာဟုလာသည် အာနာပါန ကမ္မဋ္ဌာန်းဖြင့် တစ်နေကုန်နေခဲ့သော်လည်း လိုအပ်သော ပန်းတိုင်သို့ကား ရောက်ခဲ့ဟန် မတူပါ။ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ သူ့စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေသည်ကို မေးလျှောက်ပါတော့သည်။

http://www.dhammadownload.com

"အရှင်ဘုရား၊ အာနာပါန ကမ္မဋ္ဌာန်းကို အကျိုးကျေးဇူး ကြီးမားစေရန် မည်သို့ ပွားများရပုံသလဲ ဘုရား"

သားဖြစ်သူက သူသိနေလိုသော အကြောင်းအရာကို မေးလျှောက်လိုက်၏။ သို့ရာတွင် သူ၏ ခမည်းတော်ကား သားတော်ရာဟုလာ၏ အလိုသို့ မလိုက်ပါချေ။ သားဖြစ်သူ မေးလျှောက်သော ကမ္မဋ္ဌာန်းပွားများနည်းကို ဖြေကြားတော်မမူဘဲ ထိုထက်အရေးကြီးသော ကမ္မဋ္ဌာန်းကိုသာ ဟောကြားတော်မူပေသည်။

"ရာဟုလာ၊ သင်သည် ငါဘုရား၏ ကိုယ်တော်နှင့် ဆက်စပ်ကာ 'ငါ လည်း လှပတင့်တယ် ရှုမောဖွယ်ရှိပေစွ' ဟု ကိုယ့်ကိုယ်ကို ပြန်ချစ်နေခဲ့၏။ သင် ချစ်နေသော ကိုယ်ခန္ဓာသည်ကား အမှန်အားဖြင့် ဆဲပင်၊ မွေးညှင်း စသော ရွံရှာဖွယ် အစုအဝေးတို့သာ ဖြစ်ဘိ၏။ အရင်းအမြစ်ကို စစ်ဆေးလျှင် ပထဝီဓာတ်နှင့် အာပေါဓာတ်ကို တွေ့ရ၏။ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့က လွှမ်းခြုံရစ်သိုင်းကာ အာကာသဓာတ်များ ခြားလျက်ရှိ၏။ ဓာတ်ကြီး၄ပါး၊ အစုအဝေးသာဖြစ်သော ဤခန္ဓာကို 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍လည်းကောင်း စွဲလမ်းစရာ မရှိကြောင်းကို သင်ကောင်းကောင်း သိမြင်ထိုက်၏။

"ရာဟုလာ၊ အညစ်အကြေးများနှင့် ပတ်သက်ဆက်ဆံရသောအခါ မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးတို့သည် ရွံရှာစက်ဆုပ်ခြင်းမရှိ၊ ပကတိ အတိုင်းပင်နေကြသကဲ့သို့ မိမိစိတ်ကိုလည်း ဓာတ်ကြီးလေးပါးနှင့်အလားတူ စာည်ငြိမ်စွာထား၍ ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်းဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ"

တဏှာရာဂ ဗွက်တောထဲသို့မျက်စိလည်ကာ လျှောက်သွားမိခဲ့သော ရာဟုလာအား မဟာကရုဏာတော်ဖြင့် လမ်းကြောင်းပေါ် ဆွဲတင်တော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ **(မန္ဒိမပဏ္ဏာသ၊ မဟာရာဟုလောဝါဒသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)**

လမ်းကြောင်းမှန်သို့ ပြန်ရောက်လာသော ရာဟုလာသည် အသက်နှစ်ဆယ် ပြည့်သည်တွင် ရဟန်းဘဝ ရောက်လာခဲ့၏။ ရဟန်းဖြစ်စ ရာဟုလာ၏ မျက်နှာ သွင်ပြင်သည် ကြည်လင် သန့်ရှင်းလှ၏။ ဖခမည်းတော်ထံမှ ခံယူရရှိခဲ့သော အဆုံးအမတို့ဖြင့် သာသနာ့ဘောင်မှာ မွေ့လျော်နေကြောင်း သက်သေကောင်းပင် ဖြစ်ပေသည်။ အရဟတ္တဖိုလ်အထိ ဆိုက်ရောက်စေနိုင်သော အခြေခံစိတ်ဓာတ်များ တဖျပ်ဖျပ်နှင့် နိုးကြားတက်ကြွနေပုံရပေသည်။

ငွားငွားဖွင့်ဖွင့် ပွင့်ရမည့်ရက်ကို ငုံလင့်နေခဲ့သော ရာဟုလာ ကြာပဒုံသည် တစ်ခုသော နေ့လယ်ခင်းတွင် နေရောင်ခြည်နှင့် အသင့် တွေ့ဆုံလိုက်ရပေသည်။

နေမင်း၏ အဆွေဖြစ်သော ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် အန္ဓဝန်တောသို့ ကြွတော်မူ၏။ ရာဟုလာသည်လည်း နိသီဒိုင်ကို ပခုံးတင်လျက်

http://www.dhammadownload.com

နောက်တော် ပါးက ထက်ကြပ်မကွာ လိုက်ပါသွား၏။ ဟိုတစ်ခါ ဆွမ်းခံသွားတုန်းက ကဲ့သို့ပင် သူ့ရှေ့က တရွေ့ရွေ့ကြွသွားနေသော ရွှေတောင်ကြီးကို တစိမ့်စိမ့်ကြည့်လျက် ပါသွား၏။ သို့ရာတွင် ထိုရွှေတောင်ကြီးမှ တစ်ဆင့် သူ့လက် သူ့ခြေများ ကိုကား မကြည့်တော့ပါ။ ရွှေတောင်ကြီးနှင့် ဆက်စပ်ကာ ရွှေတောင်ကလေး၏ လှပတင့်တယ် ရှုမောဖွယ်အာရုံကိုလည်း ခုံမင်ဟန် မတူတော့ပါ။ နောက်တော်ပါးက လိုက်ပါရင်း တစိမ့်စိမ့် ကြည့်နေခြင်းမှာလည်း ငါ့ဖခမည်းတော် ဟူသော အတွယ်အတာကြောင့် ဟုတ်တော့မည် မထင်ပါ။ ပွင့်ခါနီးဆဲဆဲ အားခဲနေသော အသီဉာဏ်ကို ပွင့်လင်းအောင် အလင်းရောင်ပေးလတ္တံ့သော ကျေးဇူးရှင်ကြီးအဖြစ်ဖြင့် ကြည်ညိုလေးစားမှုသာ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့ စိတ်နှလုံးကို ရှင်ပြုစေတတ်သော ရာဟုလာ၊ ဆရာသမားတို့ ဆုံးမစကားကို တစ်သဝေမတိမ်း ခံယူတတ်သော ရာဟုလာ၊ သာသနာတော်ကြီး တစ်ခုလုံးက အရေးပေးထားပါလျက် ရောင့်တက်မာန်မူခြင်းကင်းမဲ့ခဲ့သော ရာဟုလာ၊ ထိုရာဟုလာသည် သူလိုကိုယ်လို အသီဉာဏ်ဖြင့် နောက်တော်ပါးမှ လိုက်ပါသွား၏။ အန္ဓဝန်တောအတွင်းမှ ပြန်လာသောအခါတွင်ကား ခမည်းတော် သားတော် နှစ်ပါးလုံးသည် အရဟတ္တဖိုလ်အားဖြင့် အဆင့်ချင်းတူညီ၍ လာကြပေတော့သည်။

ရာဟုလာအား အရဟတ္တဖိုလ်သို့ရောက်အောင် ခေါ်ဆောင်တော်မူသောတရားကို ဟိုတစ်ခါက အစပျိုးတော်မူခဲ့၏။ ရရှိထားသော ခန္ဓာကိုယ်ပေါ်မှာ 'ငါ'ဟူ၍လည်းကောင်း၊ 'ငါ့ဟာ'ဟူ၍လည်းကောင်း ယူစရာ ရစရာ မရှိပုံကို ဟောကြားတော်မူခဲ့၏။ ထိုသဘောများ ထင်ရှားလာစေရန် ဓာတ်ကြီးလေးပါးနှင့် အာကာသကောင်းကင်ကို ဥပမာပေးတော်မူခဲ့၏။

ယခု အန္ဓဝန်တောအတွင်းမှာလည်း ထိုတရားသဘောတို့ကိုပင် ခြောက်မျိုးငါးပုံပုံကာ အသေးစိတ်၍ ဟောပြတော်မူခဲ့ပေသည်။

ဝက္ခု၊ ရူပါရုံ၊ ဝက္ခုဝိညာဉ်။ ဖဿနှင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို တစ်ပုံတည်းပြု၍ ဝက္ခုမှာ ငါးပုံ၊ ထို့အတူပင် သောတ ဃာန ဇိဝှာ၊ ကာယနှင့် မနေဒ္ဓါရတို့မှာလည်း ငါးပုံစီ စိတ်ဖြာပေးတော်မူ၏။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားဖြင့် ဣန္ဒြေငါးပါး ရင့်ကျက်နေပြီဖြစ်သော ရာဟုလာသည် အသေးစိတ်၍ မေးမြန်းတော်မူလေသမျှကို အချက်ကျကျ ဖြေဆိုရင်း နှလုံးသွင်း၍ နေခဲ့၏။ ထိုတရားအဆုံးမှာပင် သူ၏ ရဟန်းကိစ္စလည်း ပြီးဆုံးသွားခဲ့သည် ဟူပါ၏။

(သဇ္ဈာယတနသံယုတ်၊ ရာဟုလောဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

ငယ်စဉ်တုန်းက ရာဟုလာသည် မိမိတစ်ဦးတည်းသာလျှင် ဘုရားရှင်သားတော်ဖြစ်သည်ဟု ထင်မှတ်ခဲ့၏။ ယခု ရဟန်းကိစ္စ ပြီးစီးချိန်မှာကား ဖခမည်း

http://www.dhammadownload.com

တော်ကြီးထံတော်ပါးဝယ် သားတော်တွေ မရေမတွက်နိုင်အောင် ရှိနေသည်ကို တွေ့လိုက်ရ၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ငါ့သွေးငါ့သား' ဟူသော သဘောဖြင့် ထူးထူးခြားခြား အခွင့်အရေးပေးတော်မူခြင်း မဟုတ်ပါ။ မြောက်မြားလှစွာသော သားတော်များနှင့် ထပ်တူထပ်မျှ ဖခမည်းတော်၏ ဓမ္မအမွေကို ပေးတော်မူခြင်းသာ ဖြစ်ပေသည်။

ယခု ရရှိလိုက်သောအမွေသည် ဟိုယခင်တစ်ခါက သူ့မယ်တော်အတောင်း ခိုင်းလိုက်သော အမွေများထက် အဆရာထောင်မက သာလွန်မြင့်မြတ်လှပေသည်။ ဤအမွေကိုရသဖြင့် ဘဝတစ်သက်တာတွင် ပူစရာမလို နဂိုပကတိအတိုင်း စိတ်နှလုံး အေးချမ်းစွာ နေနိုင်သွားပေတော့သည်။ သုံး၍မကုန်ပေး၍လည်း မကုန်နိုင်သော ရတနာရွှေအိုးကြီးများကို သည်တစ်ခါတော့ မတောင်းဘဲနှင့် ရခဲ့ပါပြီ။ ထို့ကြောင့်–

"ရစ်မသည် မိမိဥကို မခွဲမခွာ အမြဲတမ်း စောင့်ရှောက်နေဘိသကဲ့သို့ စာမရိမည်သော သားသည် မြီးဆံတစ်မျှင်မျှ မကျွတ်ရအောင် စောင့်ရှောက်ဘိသကဲ့သို့ ဉာဏ်ပညာရင့်ကျက်၍ အကျင့်သီလ ပြည့်စုံကုံလုံတော်မူသော ရဟန်းမြတ်သည် ငါ့ကို စောင့်ရှောက်တော် မူခဲ့လေပြီ တကား"

ဤသို့အားဖြင့် ရာဟုလာက မကြာခဏ ကျူးရင့်သီဆိုတတ်ပေသည်။

(ရာဟုလထေရာပဒါန်)

ဖခမည်းတော်၏ အမွေကို လက်ဝယ်ပိုင်ပိုင် ရလေပြီးသော ရာဟုလာသည် ဆရာသမားတို့၏ အဆုံးအမကို ချက်ချင်းလက်ငင်း နာယူကျင့်သုံးခဲ့သဖြင့် အကျင့်သိက္ခာ ချစ်မြတ်နိုးသော အရာဝယ် စတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့ပေသည်။

(အဋ္ဌကထာ၊ ဧကနိပါတ်၊ ရာဟုလဝတ္ထု)

***

http://www.dhammadownload.com

ညီတော် တိသ

သွေးသားရင်းချာရာဟုလာ၏ လာခြင်းကောင်းပုံ ဇာတ်လမ်းစုံကို မှတ်တမ်းတင်ပြီး နောက် ယခုကျွန်ုပ်တို့ သွေးချင်းထဲမှ အခြားတစ်ဦးကို ပွဲထုတ်ပေးရပါဦးမည်။ သကျဂုဏ်ရောင်ထွန်းပြောင်စေခဲ့သော ဩဒန ညီအစ်ကိုငါးယောက်တွင် 'အမိတာ' ဟူသော ညီမထွေးတစ်ယောက်ရှိခဲ့ရာ ထိုညီမထွေးသည် ကျွန်ုပ်တို့၏ ပွဲတိုင်းကျော် ကိုယ်တော်ကြီး တိသ၏ မယ်တော်ပါပေတည်း။ သို့သော် သူ့သားတော်ကြီး သင်္ကန်းဆီးသည်ကိုကား သူ့ခမျာ ဖူးမြင်မသွားလိုက်ရပါချေ။

တိသသည် ကျွန်ုပ်တို့ ညီတော်ဖြစ်သော်လည်း အသက်အရွယ်အားဖြင့် ပြောလောက်အောင် ကွာခြားလှသည် မဟုတ်ပါ။ ကျွန်ုပ်နှင့် ကစားဖော် ကစားဖက် ဖြစ်၍ တစ်သိုက်တစ်ဝန်းတည်းနေလာခဲ့ကြသော မိဘများ၏ အရိပ်အာဝါသတွင် အတူတကွ ကြီးပြင်းလာခဲ့သူပင်ဖြစ်ပါ၏။

ဤသို့ လူ့ဘဝတုန်းက အတူတကွနေလာခဲ့သော တိသသည် ကျွန်ုပ်တို့ ရဟန်းဘောင် ဝင်လာသော အချိန်မှာကား လက်တွဲဖြုတ်၍ နေရစ်ခဲ့၏။ ညီတော်နန္ဒ၊ ညီတော်ဘဒ္ဒိယ၊ ညီတော်အနုရုဒ္ဓါမှစ၍ ထင်ရှားကျော်ကြားသော သကျအမျိုးသားများ ရဟန်းပြုလာကြတုန်းကလည်း သူ မပါလာ။ သူ့တူကလေးရာဟုလာ ရှင်ပြုတုန်းကလည်း သင်ခုန်းစားကလေးမျှ သွေးပေးဖော်မရခဲ့။ ထို့နောက် မဟာပဇာပတိ ဂေါတမီတို့တစ်တွေ ထွက်လာကြတုန်းကလည်း သူ့မှာတော့ အခြေအနေမပျက်။ သို့သော် အစဉ်ထာဝရ တည်တံ့လိမ့်မည်ဟု ထင်ထားခဲ့သော စည်းစိမ်ဥစ္စာတို့က သူ့ကို စွန့်ခွာသွားကြသည်တွင်ကား သူရပ်တည်ရာမရတော့ပါ။ ပစ္စည်းမရှိလျှင် သားမယားကပင် မလေးစားချင်တော့ပေ။ ရှိတုန်းက ရှိသလောက် ဂုဏ်မောက်ခဲ့ပြီမို့ ယခုတော့ လှလှကြီး ဒဏ်ခံရချေပြီ။ အဟုတ်တကယ် ကရဏာသက်စွာ မေးလာမြန်းလာသည်ကိုပင် သူကတော့ လက်စားချေကြသည်ဟု ထင်ခဲ့၏။ သည်တော့ ကျယ်ပြောလှစွာသော လူ့ဘောင်လောကကြီးတွင် သူ့အတွက် တစ်နေရာစာ ကလေးမျှ မရှိတော့ချေ။

http://www.dhammadownload.com

ကောင်းပါပြီ။ သင်္ခါနှင့်လာလာ၊ ဘယာနှင့်လာလာ၊ လာသမျှကို ကျွန်ုပ်တို့ သာသနာတော်ကြီးက ကြိုဆိုလက်ခံလျက်သာ ရှိပါသည်။ လာခဲ့စဉ်က အကြောင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကိစ္စမရှိပါ။ အရေးကြီးလာသည့်အခိုက် သာသနာ့အရိပ် ခိုလှုံရကောင်းမှန်း သိလျှင်ပင် တော်လှပါပြီ။ သာသနာ့ဘောင် ရောက်ပြီးနောက်ကောင်းကောင်းမွန်မွန်နေသွားလျှင် သာသနာတော်ကြီးအတွက်ရော သူ့အတွက်ပါ ကောင်းဖို့သာ ဖြစ်ပါသည်။

သို့ရာတွင် လာခြင်းမကောင်းခဲ့သော ကျွန်ုပ်တို့ညီတော်သည် နေတော့လည်း ကောင်းကောင်း မနေတတ်ပါချေ။ ကျွန်ုပ်တို့ သာသနာ့ဘောင်တွင် လူ့ဘောင်လောက၏ အရှိန်အဝါဖြင့် အခွင့်ထူးခံ ပုဂ္ဂိုလ်ဟူ၍ လုံးဝမရှိပါ။ မျိုးရိုးဇာတိ၊ စည်းစိမ်ဥစ္စာ၊ အတတ်ပညာတို့သည် သာသနာ့ဘောင်မှာ မည်သို့မျှ အရာမရောက်ပါ။ နောက်ဆုံး ဗျာန်မင်္ဂိုလ်ရသောရဟန်းတို့သည်ပင် သံဃာအချင်းချင်း ဆက်ဆံရေးတွင် အခွင့်အရေး ထူးခြားမလာနိုင်ပါ။ ရှိခိုးခြင်း၊ နေရာခင်းခြင်း၊ ခရီးဦးကြိုပြုခြင်း စသည်ဖြင့် သံဃာချင်းချင်းပြုကြသော ဝတ်ကြီးဝတ်ငယ်များကို ထေစဉ်ဝါလိုက်သာ ခံယူခွင့်ရှိပေသည်။

ဘုရားရှင်ခွင့်ပြုတော်မူခဲ့သည့်အတိုင်း ဝတ်ကြီးဝတ်ငယ်ပြုမှုကို မထေရ်ကြီးများက ခံယူကြရာတွင် ခံယူသူရော ပြုစုသူပါ ကုသိုလ်ပွားကြရပါ၏။ သို့သော် ခံယူခွင့်မရှိသူက အလိုက်ကန်းဆိုးမသိဘဲခံယူရန် ဟန်ဆောင်လိုက်သည်တွင်ကား ဇေတဝန်ကျောင်းတော်တစ်ခွင်လုံး ပွက်ပွက်ညံ၍ သွားရပါတော့သည်။ ဤမျှ စကားကြောင်းလိုက်ရုံဖြင့် တရားခံ မည်သူဖြစ်မည်ကို ကျွန်ုပ်၏ ပရိသတ်များ ရိပ်မိကြပါရော့မည်။

မှန်ပါသည်။ ရှင်တော်မြတ်၏ ညီတော်၊ ကျွန်ုပ်တို့၏ ညီတော် တိဿသည် လူ့ဘောင်လောကမှာတုန်းက ဆောင့်ကြွားကြွားနေလာခဲ့သလိုပင် သာသနာတော်တွင်း ကျတော့လည်းအပိုးမသေပါ။ လောလောဆယ်မှာ အခြေအနေအရ သင်္ကန်းဝတ်လာရသဖြင့် ကျောင်းတော်မှာရှိသမျှ ရဟန်းများသည် သူရှိခိုးစရာ ဦးချ ဒူးချ အရှိအသေပြုစရာချည်း ဖြစ်နေ၏။ သို့သော် သူက ရှိမခိုးချင်။ ဦးချ ဒူးချ အရှိအသေမပြုချင်။ "ငါသည်ကား ဘုရားရှင့်ဆွေမျိုးရင်းချာ"ဟူသော မာန်မာနဖြင့် မျက်နှာပြောင်တိုက်၍ နေခဲ့၏။

ဤသို့ နေလာခဲ့ရုံဆိုပါက တစ်စုံတစ်ရာ ပြဿနာပေါ်လာမည် မဟုတ်ပါ။ ရဟန်း သံဃာတော်များမှာ သူ့အပြုအမူကို မနှစ်မြို့သော်လည်း မည်သို့မျှ ကဲ့ရဲ့ရွဲတ်ချခြင်း မပြုကြပါ။ ဘုရားရှင့် မျက်နှာတော်ထောက်၍ ခံပ်မဆိတ်နေခဲ့ကြပေသည်။ တစ်နေ့နေ့ သူ့နောင်တော်ကြီးဘုရား ကြားသိခါမှ ပြုပြင်ပေးတော်မူလိမ့်

http://www.dhammadownload.com

မည်ဟု နှလုံးပိုက်၍ ထားကြပေသည်။ ဤသို့ နှလုံးပိုက်ထားသည့်ကြားကပင် ပြဿနာက ပေါ်မိအောင် ပေါ်လာခဲ့ပေပြီ။

ကျွန်ုပ်တို့ ညီတော် တိဿသည် သူများကိုသာ ရှိမခိုးချင်သည်။ သူများ ရှိခိုးတာကိုတော့ ငမ်းငမ်းတက် ခံယူတော်မူချင်လှ၏။ သံဃာချင်း တွေ့ဆုံမိသည် ဆိုလျှင်ပင် သူက ထေရ်ကြီး ဝါကြီးသဖွယ် တင်ပျဉ်ချိတ်တော် မူလိုက်ပြီဖြစ်၏။ သို့သော် ဇေတဝန်ကျောင်းနေ ရဟန်းများက သူ့လိုအင်ကို ဖြည့်မပေးကြပါ။ သူ့ရဟန်းခံရက်စွဲကို သိထားကြ၍ ပြုံးမျက်နှာကိုယ်စီဖြင့် ရှောင်၍ ရှောင်၍သာ သွားခဲ့ကြ၏။ ကျောင်းနေရဟန်းများက ဤသို့ ရှောင်နိုင်ကြသော်လည်း အကြောင်း မသိရှာကြသေးသော အာဂန္တုရဟန်းများသည်ကား တိဿရှေ့မှာ ရိုရိုသေသေ ထိုင်လာကြရပေတော့သည်။

နေရာကား ဇေတဝန်ကျောင်းတော်အလယ်၊ အာဂန္တုရဟန်းများကို လက်ခံရာ၊ လာလာသမျှ ပရိသတ်တို့အား တရားဟောရာ ဓမ္မာရုံကြီး၏ ဦးထိပ်ပိုင်းတွင် ခုံညားစွာခင်းကျင်းထားသော နေရာ။ ထိုနေရာထက်ဝယ် ရင့်ကျက်သော ဣန္ဒြေ တော်ကြီးဖြင့် ခပ်တည်တည်ထိုင်နေသည်ကား ကျွန်ုပ်တို့၏ ကိုယ်တော်ကြီး တိဿ။

တော်ပါသေးသည်။ အာဂန္တုကိုယ်တော်များက အမေးအမြန်းစောသွားကြ၍ ရှိခိုးဦးချ မပြုလိုက်ကြရပါ။ မတန်မရာ တက်ထိုင်နေသော ကိုယ်တော်ကြီး တိဿကို တရားပလ္လင်မှ နှင်ချကာ ပြစ်တင်ကြိမ်းမောင်းရုံဖြင့် ကိစ္စပြီးသွားကြပါပေသည်။

တရားလိုလုပ်ရမည့် ရဟန်းများက ဤသို့ရပ်တန်းက ရပ်သွားကြပါလျက် တရားခံဘက်က မကျေအေးနိုင်သေးပါ။

"ငါတို့က ရေမြေရှင်။ ငါတို့က မင်းမျိုးမင်းနွယ်။ ငါတို့လို ပုဂ္ဂိုလ်မျိုးကို သင်းတို့လို အုတ်ကြွားမှာပေါက်သည့် မြက်ခြောက်လူတန်းစားများက ရာရာစစ ငေါက်ရသလား။ ငမ်းရသလား။ သင်းတို့တစ်အုံလုံး၊ တစ်ပြိုးလုံး သာသနာကြီးထဲက အခုချက်ချင်း ထွက်သွားစေရမည်"

ရှူးရှူးရှာရှာရေရွတ်လျက် တိဿသည် ဘုရားရှင်ရှိရာ လှမ်းထွက်သွားပါ၏။ ငါတည်းဟူသော မာန်မာနဖြင့် သူတစ်ပါးကို ရန်လုပ်နေသည့် ကြားကပင် မျက်ရည်တသွင်သွင် စီးခဲ့ရ၏။ သူတစ်ပါးကို ရန်လုပ်မည်ဟု ရည်ရွယ်ခဲ့သော သူ့ဒေါသ၊ သူ့မာနသည် ဦးစွာပထမ သူ့ကိုပင် ရန်လုပ်၍ နေချေပြီ။

"တိဿ၊ ဘယ်အတွက်ကြောင့် မျက်ရည်စက်လက် မသက်မသာ ဖြစ်ရပါသနည်း"

ဖြစ်ကြောင်းကုန်စင် သိမြင်တော်မူပြီးသော ဘုရားရှင်က အမှုမှန်ထင်ရှားလာစေရန် မေးတော်မူလိုက်ရ၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ တောရွာဇနပုဒ်မှ ရောက်လာကြသော ဤရဟန်းများသည် တပည့်တော်ကို ငေါက်လားငမ်းလား ပြုကြပါသည်။ ဓမ္မာရုံပေါ်ကလည်း တပည့်တော်ကို နှင်ချကြပါသည် ဘုရား"

တိသကဒိုတစ်ဝက် ရှိုက်တစ်ဝက်ဖြင့် လျှောက်ထား၏။ အာဂန္တုရဟန်းများမှာလည်း သူ့နောက်က ထက်ကြပ်မကွာပါလာကြ၍ အလွယ်တကူလက်ညှိုးထိုး၍ ပြနိုင်ပေသည်။

မခံမရပ်နိုင်လွန်းသဖြင့် မျက်ရည်စက်လက်ဖြစ်ခဲ့ရသော တိသသည် အာဂန္တုရဟန်းများနှင့်အတူ ရှေ့တော်မှောက်ရောက်လာရခြင်းကိုကား တိတ်တခိုး ဝမ်းသာနေပုံရ၏။ လူ့ဘောင်လောကဝယ် ညီတော်သူနှင့် တစိမ်းတရံဆံတို့ ခိုက်ရန်ဒေါသဖြစ်ကြလျှင် ညီဘက်ကကူကာ တစိမ်းလူကို ရန်မူစမြဲဖြစ်ရာ သူ့နောင်တော်ကြီးကလည်း သူ့ဘက်က လိုက်ပါ၍ တစိမ်းရဟန်းကို အပြတ်အသတ် နှိမ်နင်းတော်မူလိမ့်မည်ဟု မျှော်လင့်ထားဟန်တူ၏။ သို့သော် သူ့နောင်တော်ကြီး ဘုရားသည် လူ့ဘောင်လောကအတွင်းက သာမန်လူသားတစ်ယောက် မဟုတ်တော့ပြီ။ လောကမှလွတ်မြောက်ရာ လောကုတ္တရာ တရားရှင်ကြီး ဖြစ်နေပေပြီ။ ဆွေစွဲမျိုးစွဲကို မဆိုထားနှင့် မိမိရုပ်နာမ်ခန္ဓာမှာပင် အစွဲမဝင် စိတ်ကြည်လင်နေသူသည် ညီတစ်ပါး အတွက် တစိမ်းရဟန်းများကို နှိပ်စက်ကလူပြုပါမည်လော။ တကယ်တော့ဖြင့် သာသနာ့အရိပ်အာဝါသအောက် ရောက်လာသူတိုင်းသည် ဘုရားရှင်၏ သွေးသားရင်းချာချည်း မဟုတ်ပါလော။

"တိသ၊ သင့်ထက်ကြီးသော ဤအာဂန္တုရဟန်းတို့ကို ခရီးဦးကြို ပြုခဲ့ပါ၏လော"

အာဂန္တုရဟန်းများကို မည်သို့မျှ အပြစ်တင်တော်မမူဘဲ ညီတော်တိသ၏အပြစ်များကိုသာ ထင်ရှားအောင် မေးခွန်းထုတ်တော်မူပေသည်။

"တပည့်တော် မပြုခဲ့ပါ ဘုရား"

အထင်အမြင်နှင့် လွဲသွားပြီဖို့ တိသက စိတ်ပျက်အားငယ်စွာ လျှောက်လိုက်ရ၏။

"အာဂန္တုရဟန်းတို့၏ သင်္ကန်း ပရိက္ခရာတို့ကိုကော ဆီး၍ ယူခဲ့ပါ၏လော"

"မယူခဲ့မိပါ ဘုရား"

"အာဂန္တုရဟန်းများကို သောက်ရေ သုံးရေ ဆက်ကပ်ခဲ့ပါ၏လော"

"မဆက်ကပ်ခဲ့ပါ ဘုရား"

"နေရာထိုင်ခင်း ပြင်ဆင်ပေးခဲ့ပါ၏လော"

"နေရာထိုင်ခင်း ပြင်ဆင်မပေးခဲ့ပါ ဘုရား"

http://www.dhammadownload.com

"လက်အုပ်ချီမိုး ရှိခိုးခဲ့ပါ၏လော"

"လက်အုပ်မချီခဲ့ပါ၊ ရှိမခိုးခဲ့ပါ ဘုရား"

တိသဿမှာ သံဃာ့ကျင့်ဝတ်ဟူ၍ ဘာတစ်ခုမျှ မဆောင်ရွက်ခဲ့သဖြင့် အမေးတော်ရှိသမျှကို ခေါင်းငုံ့လျက်သာ ဖြစ်နေရပေတော့သည်။

"တိသ၊ သာသနာ့ဝန်ထမ်း ရဟန်းမှန်လျှင် ဤကျင့်ဝတ်များကို သိတတ် ရမည်။ ကျင့်သုံးရမည်။ ဤကျင့်ဝတ်များကို မကျင့်သုံးလျှင် ကျောင်းထဲမှာ မနေ သင့်ပေ။ အပြစ်ကျူးလွန်ထားသော သင်ကိုယ်တိုင်က အပြစ်မရှိသော ဤရဟန်းများ ကို ရိုသေစွာရှိခိုး၍ ဝန်ချတောင်းပန်လော့"

အမှုသွား အမှုလာအရ တိကျစွာချမှတ်တော်မူလိုက်သော ဤအမိန့်တော်ကို ညီတော်တိသသည် လွယ်လင့်တကူမလိုက်နာခဲ့ပါ။ တောကျေးလက်ရဟန်းများကို အခဲမကျေနိုင်သဖြင့် နောင်တော်ကြီးဘုရား၏ အမိန့်တော်ကိုပင် ဖီဆန်နေခဲ့၏။ ဤတွင်ဘုရားရှင်က ရန်လိုက ရန်ပိုပုံ၊ ရန်မလိမ္မ ရန်မပြိုပုံတို့ကို ဝတ္ထုသက်သေများနှင့် တကွ တရားပြတော်မူရ၏။ ဤတွင်မှ သူ၏ အမှုကိစ္စများ ပြေငြိမ်းသွားကြပေတော့ သည်။

(ခမ္မပဒ အဋ္ဌကထာ၊ ယမကဝဂ်၊ တိသဿထေရဝတ္ထု၊
နိဒါနဝဂ်၊ ဘိက္ခုသံယုတ်၊ တိသသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

တရားတစ်ကွင်း နားသွင်းလိုက်ရသဖြင့် တိသသည် ရဟန်းတို့၏ ကျင့်ဝတ် များကို အထိုက်အလျောက် ကျင့်သုံးလာပါ၏။ အကြီး၊ အငယ်၊ အလယ်၊ အလတ် ရဟန်းအပေါင်းနှင့် သင့်မြတ်စွာနေတတ်လာပါ၏။ သို့သော်လည်း သူ့စိတ်နှင့်သူကား သင့်မြတ်စွာ မနေနိုင်သေးပါ။ သာသနာ့ဘောင်ဝင်ရောက်လာချိန် ကပင် သဒ္ဓါသန့်သန့်နှင့် မဟုတ်ခဲ့ပေ။ ယခု သူ့နောင်တော်ကြီးဘုရား၏ တရား ဒေသနာ ကြားနာရသည်တွင်မှ သဒ္ဓါဓာတ်ကလေး ကွန့်မြူးလာပါ၏။ ထိုသဒ္ဓါတွင် ပညာပါယှဉ်လာလျှင်ကား အစဉ်ထာဝရ ခိုင်မြဲသွားပါလိမ့်မည်။ သို့ရာတွင် ထိုစဉ်ခိုက်မှာကား ပညာမဖက် သဒ္ဓါသက်သက်မျှသာ ရှိသေးသဖြင့် သူ့ခမျာ ယောက်ယက်ခတ်၍ နေရပေသည်။

"အရှင်ဘုရားတို့၊ တပည့်တော်၏ ကိုယ်ခန္ဓာသည် လေးလံသကဲ့သို့ ဖြစ် နေပါသည်။ အရပ်လေးမျက်နှာတို့ကိုလည်း အမှတ်အသား မပြုနိုင်တော့ပါ။ တရား စာပေသင်ယူခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများလည်း မပြုနိုင်တော့ပါ။ တပည့်တော်၏ စိတ်သည်လည်း တွန့်တိုဆုတ်နစ်လျက် ရှိနေပါသည်။ သာသနာ့ တာဝန် ထမ်းဆောင်ခြင်းဖြင့် တရားရမှ ရပါမည်လားဟု နှလုံးနှစ်ခွ သံသယဖြစ်နေ ပါသည် ဘုရား"

http://www.dhammadownload.com

မငြိမ်မသက် ယောက်ယက်ခတ်နေသော တိသ၏ လက်သုံးစကားများဖြစ်ပေသည်။ စောစောကလို အပိုးမသေသော အပြုအမူများ မရှိတော့သော်လည်း ဤညည်းခြင်းကို ထပ်ကာတလဲလဲ ကြားနေသဖြင့် ရဟန်းများမှာ နားငြီး၍ နေကြရပေသည်။

ယခု ညီတော်တိသသည် ဘုရားရှင် ဟောကြားတော်မူသောတရားဒေသနာများ အပေါ်မှာကား တစ်စုံတစ်ရာ သံသယမဖြစ်မိ။ ပုဂ္ဂိုလ်ကိုလေးစားသဖြင့် တရားကိုလည်း လေးစားပြီးဖြစ်၏။ သို့သော် ဤတရားကို ငါ ရမှ ရပါ့မလားဟု 'ငါ'နှင့် စပ်၍ တွေးတောလိုက်မိသည်တွင်ကား သံသယဝင်လာရပေတော့သည်။ တရားကို တရားအတိုင်း သန့်သန့်ရှင်းရှင်း မရှုမမြင်တတ်သေးသမျှ၊ ရှုတတ် မြင်တတ်အောင် သင်ကြားပေးသော ဆရာသမား၏ ဩဝါဒကို ကိုယ်ပိုင်ဉာဏ်ဖြင့် မခံယူနိုင်သေးသမျှ ဤသို့သော သံသယ ဝင်္ကပါတွင် ချာချာလည်နေကြရမည် ဖြစ်ပေသည်။

ညီတော်တိသသည် သူမပါ ငါမနော၊ သူ့သဘောအတိုင်းရှိနေသော တရား အပေါ်မှာ 'ငါ'စွက်ကာ တွေးမိသဖြင့် သံသယဝင်လာရချေပြီ။ 'တရားကို ငါ ရမှ ရပါ့မလား'ဟူသော သံသယအတွေးကို သာမန်သုံးသပ်လျှင် မိမိကိုယ်ကို သံသယဝင်သည်ဟု ထင်စရာရှိ၏။ သို့သော် သေသေချာချာ သုံးသပ်ကြည့်လျှင်ကား ဤတရားကို ငါမှ ရပါ့မလားဟု တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် သာသနာတော်ကြီး တစ်ခုလုံးကိုပါ သံသယဝင်ရာ ရောက်သွား၏။ သာသနာ့နယ်မြေအတွင်းသို့ ချင်းနင်းဝင်ရောက်ရေးမှာ 'ငါ' တံခါးရွက်ကို အောင်မြင်စွာတွန်းဖွင့်နိုင်ဒရုပင် မဟုတ်ပါလော။

သာသနာ့ဝန်ထမ်း ရဟန်းပြုခြင်းမှာ ဤဘဝ ဤခန္ဓာဖြင့် ဤသာသနာမှာ အပါလိုက်နိုင်ရေးအတွက်သာ ဖြစ်၏။ ကျွန်ုပ်တို့ညီတော် တိသသည် 'ငါ' တံခါးရွက်ကို ကိုယ့်ဘာသာဆွဲပိတ်မိသဖြင့် သာသနာ့ဘောင်မှာ မပျော်နိုင်အောင် ဖြစ်လာရခြင်းမှာ အဆန်းမဟုတ်ပါ။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာရသော အကျိုးတရားမျှသာ ဖြစ်ပေသည်။

သူ့ရှေ့မှာပိတ်ထားသော 'ငါ' တံခါးရွက်ကို ကျွန်ုပ်တို့တစ်တွေကလည်း ဝိုင်းဖွင့်ပေးကြပါ၏။ စွမ်းအားရှိသလောက် အထောက်အကူပေးကြပါ၏။ သို့သော် ကာယကံရှင်ကိုယ်တိုင်က သူ့တံခါးရွက်ကို ကန့်လန့်ထိုးကာ ပိတ်ထားသဖြင့် အရာမရောက်နိုင်ပါချေ။ ကျွန်ုပ်တို့အချင်းချင်း သံသယရှင်းအောင် မစွမ်းဆောင်နိုင်သည့် အဆုံးဝယ် ဘုရားရှင်ထံ သတင်းပို့ကြရပေတော့သည်။

အချိန်မရောက်ခင်က လျစ်လျူရှုနေတော်မူခဲ့သော ဘုရားရှင်သည် အချိန်အခါရောက်လာသည်နှင့် သူ့ညီတော်ကို ခေါ်တော်မူကာ....

"တိသ၊ ရဟန်းတို့လျှောက်ထားတိုင်း မှန်သလော"ဟု စစ်မေးတော်မူရာ....

http://www.dhammadownload.com

"မှန်ပါသည်ဘုရား၊ တပည့်တော် သာသနာ့ဘောင်မှာ မပျော်မွေ့ပါ။ တပည့်တော် တရားရမှ ရပါ့မလားဟုလည်း သံသယ ဖြစ်နေပါသည် ဘုရား"

ညီတော်တိသဿက မကွယ်မထောက် လျှောက်ထားလိုက်၏။ ရှေ့တော်မှောက်သို့ ရောက်သည့်တိုင်အောင် 'ငါ'တံခါးရွက်က ကန့်လန့်ခံနေတုန်းပင် ဖြစ်ပေသည်။

ညီတော်တိသ၏ စိတ်ထဲမှာ အရာရာ 'ငါ'ပါ၍ ရှုပ်ထွေးနေသော်လည်း တကယ်တော့ဖြင့် 'ငါ' ဟူ၍ စွဲလမ်းစရာ ဘာတစ်ခုမျှ ရှိသည် မဟုတ်ပေ။ တရားသိသည်၊ တရားရသည် ဆိုရာ၌လည်း တရားကိုသူက၊ ငါက သိသည် မဟုတ်။ သူက ငါက ရသည် မဟုတ်။ တရားကို တရားကသာသိ၍ တရားရသည်ဆိုရာ၌လည်း တရားသာလျှင် ရှိပေသည်။ တစ်နည်းအားဖြင့် အသိခံထဲမှာ သူငါမနှော တရားသဘောသက်သက်သာ ရှိသကဲ့သို့ အသိဉာဏ်ထဲမှာလည်း သူမပါ ငါမစွက် တရားသဘောသက်သက်သာ ရှိပေသည်။

တရားကို တရားအတိုင်း အမြင်မရှင်း၍ ရင်တွင်းမှာ ပူလောင်နေသော ညီတော်တိသအား သူ့နောင်တော်ကြီးဘုရားက ခန္ဓာငါးပါးကို အခြေပြုကာ အမြင်ရှင်း၍ ရင်တွင်းမှာအေးမြစေရန် တရားပြတော်မူရပေသည်။

"တိသ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့်ဝိညာဏဟူသော ခန္ဓာငါးပါးတို့ အပေါ်ဝယ် တွယ်တာကပ်ငြိမှု မကင်းပါလျှင် ထိုခန္ဓာငါးပါးတို့ ဖောက်လွဲဖောက်ပြန်ဖြစ်သောအခါ စိုးရိမ်ပူဆွေး၊ ငိုကြွေးရခြင်း၊ ဆင်းရဲခြင်းပြင်းစွာ စိတ်ဝေဒနာကို ခံစားရခြင်းတို့ ဖြစ်ပေါ်လာကြသည် မဟုတ်လော"

"ဖြစ်ပေါ်လာကြပါသည် ဘုရား"

"သာဓု သာဓု သာဓု တိသ"

ငါမဟုတ်သော ခန္ဓာငါးပါးကို ငါလုပ်မိ၍ 'ငါဒုက္ခ'နှင့် တွေ့ရပုံကို ဟုတ်တိုင်းမှန်စွာ အဖြေပေးလိုက်သည့်အတွက် ဘုရားရှင်က သာဓုခေါ်တော်မူကာ–

"တိသ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏဟူသော ခန္ဓာငါးပါးတို့ အပေါ်ဝယ် တွယ်တာကပ်ငြိမှုကင်းရှင်းပါလျှင် ထိုခန္ဓာ ငါးပါးတို့ ဖောက်လွဲဖောက်ပြန် ဖြစ်သောအခါ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ဆင်းရဲပြင်းစွာ စိတ်ဝေဒနာ ခံစားရခြင်းတို့ ဖြစ်ပေါ်လာကြဦးမည်လော"

"ဖြစ်ပေါ်မလာကြတော့ပါ ဘုရား"

"သာဓု သာဓု တိသ"

ငါမဟုတ်သော ခန္ဓာငါးပါးကို ငါ မလုပ်လျှင် 'ငါဒုက္ခ'မှ ကင်းလွတ်ပုံကို ဖြေကြားလိုက်သည်တွင်လည်း ဘုရားရှင်က သာဓုခေါ်တော်မူကာ ဆက်လက်၍

"တိသ၊ ခန္ဓာ ငါးပါးတို့သည် နိစ္စလော၊ အနိစ္စလော"

"အနိစ္စ ဖြစ်ပါသည် ဘုရား"

http://www.dhammadownload.com

"တိသ၊ ခန္ဓာငါးပါးလုံး အနိစ္စဖြစ်လေသောကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အနီးအဝေးဟူ၍ တစ်ဆယ့်တစ်ပါးသော အခြင်းအရာတို့ဖြင့် ပေါင်းစည်းထားသော ခန္ဓာငါးပါးတို့အပေါ်ဝယ် ဤခန္ဓာငါးပါးသည် 'ငါ'မဟုတ်၊ ဤခန္ဓာငါးပါးသည် 'ငါ၏ အတ္တ' မဟုတ် ဟူ၍ ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် ရှုမြင်အပ်၏။

"တိသ၊ ဤကဲ့သို့ ရှုမြင်သော ငါဘုရား၏ တပည့်သည် ခန္ဓာငါးပါးဌဲ့ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်ခြင်းကင်းရာ နိဗ္ဗာန်ကို မြင်၏။ နိဗ္ဗာန်မြင်သော မဂ်ဉာဏ်နောက်ဝယ် လွတ်မြောက်ပြီးသော ဖိုလ်ဉာဏ်ပေါ်လာ၏။ ဖိုလ်ဉာဏ်ပေါ်လာပြီးနောက် မိမိ၏ ဖိုလ်ဉာဏ်ကို ပြန်လည်သုံးသပ်သော ပစ္စဝေက္ခဏာဉာဏ်ပေါ်လာ၏။ မဂ်လေးတန် ဖိုလ်လေးဆင့် မြင့်မြတ်သော အရိယာဉာဏ်ရပြီးသော် ပဋိသန္ဓေနေစရာကုန်ပြီ။ ကျင့်စရာရှိသမျှ ကျင့်ပြီးပြီ။ ပြုစရာရှိသမျှ ပြုပြီးပြီ။ နိဗ္ဗာန်ရရေးအတွက် အခြားတစ်ပါး ပြုစရာ၊ ကျင့်စရာ မရှိတော့ပြီဟု ဟုတ်တိုင်းမှန်စွာ သိလေတော့၏"

ဤတစ်ခါ သာဓုခေါ်သူမှာ ညီတော် တိသဖြစ်၏။ နောင်တော်ဘုရား၏ မေးခွန်းများကို ဖြေကြားရင်း 'ငါ'ဒုက္ခအပေါင်းမှ လွတ်မြောက်ရာလမ်းစကို မြင်လိုက်ရပြီ မဟုတ်ပါလော။

"တိသ၊ လမ်းကျမ်းကျင်သူ၊ လမ်း မကျမ်းကျင်သူဟူ၍ ယောကျ်ားနှစ်ယောက် ရှိကြ၏။ လမ်းမကျမ်းကျင်သူသည် လမ်းကျမ်းကျင်သူထံ ချဉ်းကပ်၍ လမ်းခရီးကို မေးမြန်းရာ 'အို မိတ်ဆွေ၊ လာပါလှည့်။ ဤသည်ကား သင်သွားလိုရာ ရောက်သောလမ်းတည်း။ ထိုလမ်းအတိုင်း အတန်ငယ်သွားမိလျှင် လမ်းနှစ်ခွကို တွေ့လိမ့်မည်။ လမ်းနှစ်ခွရှိရာတွင် ဝဲလမ်းကိုမလိုက်ဘဲ ယာလမ်းအတိုင်းလျှောက်သွားပါ။ ယာလမ်းအတိုင်း အတန်ငယ်လျှောက်မိလျှင် တောနက်ကြီးကိုတွေ့ရလိမ့်မည်။ ထိုမှတစ်ဖန် အတန်ငယ်သွားမိလျှင် ရွံ့ဗွက်ကြီးကို တွေ့ရလိမ့်မည်။ ရွံ့ဗွက်ကြီးကို ရှောင်ကွင်း၍ အတန်ငယ်သွားမိပြန်လျှင် ချောက်ကမ်းပါးကြီးကို တွေ့ရပါလိမ့်မည်။ ချောက်ကမ်းပါးကြီးကို ကွေ့ရှောင်၍ အတန်ငယ် ဆင်းသွားမိပြန်လျှင်ကား မွေ့လျော်ဖွယ်ကောင်းသော မြေညီပြင်ကို တွေ့ရပေလိမ့်မည်"

လမ်းစကိုမြင်ထားပြီးဖြစ်သော တိသအား နောင်တော်ကြီးဘုရားက လမ်းကြောင်း တစ်ခုလုံးကို မျက်ဝါးထင်ထင်မြင်အောင် ပြတော်မူရပေသည်။ သို့ရာတွင် ဤလမ်းမှာ တကယ်လျှောက်ရမည့်လမ်း မဟုတ်သေးပါ။ သိလွယ်မြင်လွယ်အောင် ဆောင်ယူထားသော ဥပမာတစ်ရပ်သာ ဖြစ်ပေသည်။ သို့ဖြစ်၍–

"တိသ၊ ဤဥပမာကို တရားသဘော ထိုးထွင်းသိမြင်စေရန် ငါဘုရား ပြဆိုထား၏။ ဥပမာ ဥပမေယျနှစ်ထွေ နှစ်ရပ် ယှဉ်စပ်၍ သိရန်ကား ဤသို့ဖြစ်၏။ လမ်းမကျမ်းကျင်သူဟူသည်မှာ ပုထုဇဉ်ပုဂ္ဂိုလ်တည်း။ လမ်းကျမ်းကျင်သူ

http://www.dhammadownload.com

ဟူသည်မှာ ကိလေသာတို့မှ ဝေးကွာပြီးသော ငါ ဘုရားတည်း။ လမ်းနှစ်ခွဟူသည်မှာ သို့သော သို့လော တွေးတောနေတတ်သော ဝိစိကိစ္ဆာတည်း။ လက်ဝဲလမ်းဟူသည်မှာ မဂ္ဂင်ရှစ်ပါး၏ ဆန့်ကျင်ဘက် မိစ္ဆာမဂ္ဂင်ရှစ်ပါးတည်း။ လက်ယာလမ်းဟူသည်မှာ သမာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးတည်း။ တောနက်ကြီးဟူသည်ကား အဝိဇ္ဇာ။ အမြင်ပသာဒမှာ လှပသော်လည်း ကျမီလျှင် စုံးစုံးမြုပ်သွားတတ်သော ညွန်ပျောင်းအိုင်ကား ငါးဝအာရုံ ကာမဂုဏ်တည်း။ ဦးစောက်ပြောင်းပြန် သည်းအူလန်လျက် ကျတတ်သော ချောက်ကမ်းပါးဟူသည်မှာကား ခြောင်းခြောင်းထွက်သောအမျက်ဒေါသတည်း။ မွေ့လျော်ဖွယ်ကောင်းသော မြေညီပြင်ဟူသည်ကား ထိုဒေါသ၊ ထိုကာမ၊ ထိုဝိစိကိစ္ဆာတို့၏ လွတ်မြောက်ရာ နိဗ္ဗာန်ဖြစ်ပေသတည်း။

"တိဿ၊ သာသနာတော်မှာ ပျော်ပျော်ကြီးနေစမ်းပါလော့။ နိဗ္ဗာန်ရောက်ရန် နည်းလမ်းမှန်ကို သေချာကျန ညွှန်ပြထားသော ငါဘုရား၏ အဆုံးအမ၊ ငါဘုရား၏ ချီးမြှောက်မှုဖြင့် သာသနာ့တာဝန်ကို ပျော်ပျော်ကြီး ထမ်းစမ်းပါလော့"

"မှန်ပါ တပည့်တော် ပျော်ပျော်ကြီး ထမ်းပါတော့မည်ဘုရား"

ဒေဉနာတော်အဆုံးဝယ် ညီတော်တိဿက ပြုံးရွှင်စွာ လျှောက်ထားလိုက်ပေသည်။ သာသနာ့ဘောင်မှာ မပျော်ပိုက်တော့သော ညီတော်တိဿကို နောင်တော်ဘုရားကြီးသည် မပျင်းပါနှင့်ဟု ဆိုတော်မမူ။ တန်ခိုးအာဏာများကိုလည်း အသုံးပြုတော်မမူ။ "တရားကို ငါရမှ ရပါ့မလား" ဟူသော ငါစွဲ၊ ငါဒုက္ခမှ လွတ်မြောက်ရာသို့ လမ်းညွှန်ပြတော်မူလိုက်ခြင်းဖြင့် ညီတော် တိဿအား သူ့နောက်ပါးမှ ဖဝါးခြေထပ်ကပ်ပါလာအောင် ခေါ်ဆောင်တော်မူလိုက်ပေသည်။

ညွှန်ပြတော်မူသော လမ်းကြောင်းအတိုင်း မဆုတ်မနစ် အားသစ်သော စိတ်နှလုံးဖြင့် ရွှင်ပြုံးစွာ လျှောက်လာသည်တွင်ကား နောင်တော်ကြီးဘုရား မျက်မှောက်တွင် လောကုတ္တရာ အသိမြတ်ဖြင့် ချဉ်းကပ်လာသော ညီတော်တစ်ပါး တိုးပွား၍လာပေသည်။

(ဓနုသံယုတ်၊ ထေရဝဂ်၊ တိဿသုတ်
ပါဠိတော်နှင့် အဋ္ဌကထာ)

***

http://www.dhammadownload.com

နောင်တော်ကြီး မဟာနာမ်

ကျွန်ုပ်တို့ညီတော်၊ နောင်တော်များတွင် နောင်တော်ကြီးမဟာနာမ်သည် အကြီးဆုံးဖြစ်၏။ ကပိလဝတ်မြို့တော်သို့ ဦးစွာပထမ ဘုရားရှင်ကြွလာစဉ်ကပင် ဒဿနဉာဏ် အမြင်မှန်ရခဲ့သူ ဖြစ်၏။ ယခု သောတာပန်မှ တစ်ဆင့်တက်၍ သကဒါဂါမ်အဆင့်သို့ ရောက်နေပေပြီ။

(သုဒ္ဓပါဓိတ်၊ မဟာနာမသိက္ခာပုဒ် အဋ္ဌကထာ)

သူ၏ ညီတော်ရင်းချာ အနုရုဒ္ဓါ သာသနာ့ဘောင် ရောက်လာရာတွင် သူ့ကျေးဇူးမကင်းဟု ဆိုရပါမည်။ လုပ်ကိုင်၍ မပြီးနိုင်၊ မဆုံးနိုင်သော လူ့လောက၏ လုပ်ငန်းဆောင်တာများကို သူ့ဆီမှ ကြားသိရ၍ သံဝေဂဖြစ်ကာ အနုရုဒ္ဓါသည် ကျွန်ုပ်တို့နှင့် အတူပါလာခြင်း ဖြစ်၏။ သို့သော် သူ့ကို ရဟန်းဘဝရောက်အောင် အကျိုးဆောင်လိုက်သော နောင်တော်ကြီးကိုယ်တိုင်ကား လူ့ဘောင်လောကမှ မခွာနိုင်ပါချေ။ ဘုရားအမှူးရှိသော သံဃာတော်များအား ပြုစုလုပ်ကျွေးသော ဒါယကာကြီးတစ်ဦးအဖြစ်ဖြင့်သာ နေထိုင်ခဲ့ပေသည်။

ဘုရားရှင်နှင့် တပည့်သံဃာများ ကပိလဝတ်မှာရောက်လာကြပြီဆိုလျှင် နောင်တော်ကြီးသည် အိမ်မှုကိစ္စများကို ဂရုမစိုက်တော့ပေ။ နံနက်ခင်းမှာ သံဃာတော်များ၏ ဆွမ်းကိစ္စနှင့် ပြီးစီးခဲ့၍ ညနေခင်းမှာကား နိဂြောဓာရုံ ကျောင်းတော်သို့ နေ့စဉ်လိုလို ရောက်လာတတ်၏။ သူရောက်လာပြီဆိုလျှင်လည်း မေးစရာ လျှောက်စရာ စကားလက်ဆောင်တစ်ခုခု ပါလာသည်သာ ဖြစ်ပေသည်။

"အရှင်ဘုရား၊ ဥပါသကာဖြစ်ရေးအတွက် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

သုံးကြိမ်သုံးခါ ရှိသေစွာ ဝတ်ပြုပြီးသည်နှင့် ပါလာသော စကားလက်ဆောင်ကို နောင်တော်ကြီးကဆက်ကပ်လိုက်လေသည်။

"မဟာနာမ်၊ သရဏဂုံသုံးပါး တည်ဆောက်ခြင်းဖြင့် ဥပါသကာဖြစ်နိုင်ပေသည်"

http://www.dhammadownload.com

ပထမဦးစွာ ဆက်ကပ်လာသော စကားလက်ဆောင်ကို ဤသို့သော အဖြေစကားဖြင့် ဘုရားရှင် လက်ခံတော်မူလိုက်သည်တွင် နောက်ဆက်တွဲစကားလက်ဆောင်များ အစီအရီ ထွက်ပေါ်လာကြပေသည်။

"အရှင်ဘုရား၊ သီလရှိသောဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်းရှိရပါမည်နည်း"

"မဟာနာမ်၊ ငါးပါးပဉ္စသီ ခါးဝတ်ထည်ကဲ့သို့ မြဲမြံစွာ ဆောက်တည်ခြင်းဖြင့် သီလရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား၊ သဒ္ဓါရှိသော ဥပါသကာဖြစ်ရန် အဘယ်သို့သောအရည်အချင်းရှိရပါမည်နည်း"

"မဟာနာမ်၊ ငါဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်ခြင်းဖြင့် သဒ္ဓါရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား၊ စွန့်ကြဲတတ်သော ဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

'မဟာနာမ်၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ဝန်တိုပိတ်ပင်ခြင်းကင်းစွာ နေထိုင်လျက် ပေးကမ်းစွန့်ကြဲမှု၌ မွေ့လျော်ခြင်းဖြင့် စွန့်ကြဲတတ်သော ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား၊ ပညာရှိသော ဥပါသကာဖြစ်ရန် အဘယ်သို့သောအရည်အချင်းရှိရပါမည်နည်း"

"မဟာနာမ်၊ နိဗ္ဗာန်ထိသိမြင်နိုင်သော အရိယာဉာဏ် အမြင်မှန်ရခြင်းဖြင့် ပညာရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

(မဟာဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာနာမသုတ်)

ကျောင်းတော်သို့လာလေတိုင်း စကားလက်ဆောင်တစ်ခုခု ပါလာတတ်သော နောင်တော်ကြီးသည် ထိုနေ့ညကလည်း သူ့ထုံးစံကို မဖျက်ခဲ့ပါပေ။ ပါနေကျ လက်ဆောင်ကို ပါအောင် သယ်လာသည်သာ ဖြစ်၏။ သို့ရာတွင် ထိုညနေက ပါလာသော လက်ဆောင်မှာ ယခင်လက်ဆောင်များနှင့် မတူပါ။ ယခင်နေ့များမှာကဲ့သို့ သိလိုရာ အချက်အလက်တို့ကို ကောက်ကာငင်ကာ မေးရုံမျှ မဟုတ်တော့ဘဲ ကပိလဝတ်မြို့တော် အတွင်းက ပြဿနာတစ်ခုလည်း အဆစ်ပါလာခဲ့ပေသည်။

"အရှင်ဘုရား၊ ယနေ့ တပည့်တော်တို့ဆွေမျိုးထဲက သရဏာနိ သေဆုံးရာတွင် ဈာပနကိစ္စအတွက် စုဝေးရောက်လာသူများက ကဲ့ရဲ့သရော်ကြပါသည်။ 'အချင်းတို့ အံ့ဖွယ်ရှိပေစွ။ အချင်းတို့ မဖြစ်စဖူး ထူးကဲပေစွ။ ယခုအခါမှာ သောတာပန်မတည်သောသူဟူ၍ မရှိနိုင်တော့ပြီ။ သရဏာနိလို လူစားမျိုးကိုပင် ဘုရားရှင်က

http://www.dhammadownload.com

သောတာပန်ဖြစ်ပြီ အပါယ်တံခါးပိတ်ပြီဟု မိန့်မြွက်တော်မူခဲ့သော်၏။ သရဏာဂမနိကား သိက္ခာပဒရှိ၊ သီလမရှိ၊ သောက်သောက်စားစား လူမင်းသားတစ်ယောက်သာတည်း'ဟု စကားတင်း ဆိုကြပါသည့် ဘုရား"

သောတာပန်၏သဘောမှန်ကို ကျေကျေညက်ညက် သဘောမပေါက်ကြသော သူများ၏ စကားလက်ဆောင်ကို တစ်ဆင့် ကပ်လှူလိုက်ခြင်းပင် ဖြစ်ပေသည်။

သောတာပန်ဟူသည် ဦးစွာပထမ အရိယာစာရင်းဝင်သူဖြစ်၏။ သံသရာတစ်လျှောက်လုံးက မသိနိုင် မမြင်နိုင်ခဲ့သော နိဗ္ဗာန် တရားတော်မြတ်ကြီးကို ဦးစွာပထမ မြင်လိုက်ရပြီမို့ သူ့ကို သောတာပန်ဟု ဆိုရ၏။ အထွတ်အမြတ်ဆုံး နိဗ္ဗာန်တရားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကြပ် သိမြင်ထားသော ဉာဏ်ကို အကြောင်းပြုကာ ထိုဉာဏ်၏ အရှင်ကိုလည်း အရိယာပုဂ္ဂိုလ်ဟူ၍ ခေါ်ဆို ပညတ်ရပေသည်။

အရိယာပုဂ္ဂိုလ်ဟူသည်မှာ သိန်းသန်းကုဋေ မရေတွက်နိုင်သော လူများစုထဲတွင် မပြောပလောက်သော လူနည်းစုကလေးသာ ဖြစ်၏။ ရှားရှားပါးပါး ဘုရားရှင့် လက်ထက်တော်မှာမှ ပေါ်လာကြသဖြင့် ရတနာဟူ၍ အမြတ်တနိုး တန်ဖိုးထားကြရ၏။ ဤတွင် တန်ဖိုးကြီးလှသော ရတနာများအားလုံးသည် အပြစ်အနာအဆာ ကင်းကြပါ၏လော။

သူတို့တစ်တွေ ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုခဲ့ကြသော နိဗ္ဗာန်သည် ဒုက္ခချုပ်ရာ အမှန်တရားဖြစ်၏။ သစ္စာထိုက်သော တရားဖြစ်၍ မည်သူ့ကိုမျှ မျက်နှာမလိုက်ပါချေ။ သူ့ဆီမှာ ခိုလှုံလာသူဟူသရွေ့အား ချမ်းသာစေကြောင်း အရိပ်ကောင်းကို ပေးတတ်သည်သာ ဖြစ်၏။ သူ့ဆီမှာ တစ်ခဏခိုလှုံလျှင် တစ်ခဏ ချမ်းသာ၏။ ကြာကြာခိုလှုံလျှင် ကြာကြာချမ်းသာ၏။ ကြာကြာခိုလှုံရာမှ ဘာဝနာအားကောင်းသွားလျှင် လောကခံဟူသမျှကို မတုန်မလှုပ် ခံယူနိုင်စွမ်း ရှိလာ၏။ ဤသို့ ပုဂ္ဂိုလ်အသီးသီး၏ ဘာဝနာစွမ်းအားအလျောက် လောကခံ ခံနိုင်စွမ်းအား ကွာခြားကြသော်လည်း နိဗ္ဗာန်ကို အာရုံပြုနေဆဲ ကာလအတွင်းမှာကား ငါ သူတစ်ပါး ခွဲခြားမှု မရှိတော့ပါ။ ငါ သူတစ်ပါး မခွဲခြားသောစိတ်ဖြင့် အရိယာပုဂ္ဂိုလ် အသီးသီးတို့ မျက်မှောက်ပြုကာ ခံစားရသော အမြိုက်ရသာသည် ထပ်တူထပ်မျှ အေးမြသည်သာ ဖြစ်ပေသည်။

အေးမြလှစွာသော အမြိုက်ရသာသည် အရသာဟူသမျှတွင် အမွန်မြတ်ဆုံးဖြစ်၏။ မနှိုင်းယှဉ်အပ်သော အစွမ်းသတ္တိလည်း ရှိ၏။ မင်္ဂလာအသီးသီးတို့၏ ကိလေသာ ပယ်သတ်ခြင်းကိစ္စမှာ ဤအစွမ်းသတ္တိကို အမှီပြု၍ ပြီးမြောက်ရ၏။ သို့ရာတွင် ဤအစွမ်းသတ္တိသည် မိမိထံ မချဉ်းမကပ်လာသော စိတ်များကိုကား မည်သို့မျှ အကျိုးမပြုနိုင်ပါ။ ခက်လက်ဝေဆာလှသော ညောင်ပင်ကြီးသည် မိမိအောက်မှာ မခိုမဝင်လာသူတို့အား သူတို့ သွားလေရာနောက်သို့တကောက်ကောက်

http://www.dhammadownload.com

လိုက်၍ အရိပ်မပေးနိုင်သကဲ့သို့ပင် ဖြစ်၏။ သွားလေသူ သရဏာနိအတွက် ပြဿနာတက်ရခြင်းမှာ ဤသဘောပင် ဖြစ်ပေသည်။

သရဏာနိသည် တစ်ရံရောအခါက ဤညောင်ပင်ရိပ်မှာ အေးမြစွာ ခိုလှုံခဲ့ဖူး၏။ ဤသို့ပင် တစ်ကြိမ်တစ်ခါ ခိုလှုံခဲ့ဖူးသည်ကို အခြေပြုကာ ဆက်ကာဆက်ကာ နားခိုပါလျှင် ရာသက်ပန် အေးမြသွားမည် ဖြစ်ပါ၏။ ယခုလို ကွယ်လွန်သည့်အခါမှာလည်း ခြောက်ပစ်ကင်းသော သူတော်စင် တစ်ပါးအဖြစ်ဖြင့် အားပါးတရ ဝိုင်းဝန်း ပူဇော်ကြမည်သာ ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့၏ သရဏာနိကား အေးမြစွာသော ညောင်ရိပ်သာမှာ ကြာရှည်စွာ မနားခိုခဲ့ပေ။ ဒဿနဉာဏ်နောက်မှာ ဘာဝနာကိစ္စ ထပ်ကြပ်မကွာ ပါမလာခဲ့ပေ။ ထို့ကြောင့် သူ့တစ်သက်တာမှာ ကိလေသာ အပူဒဏ်တို့ကို မကြာခဏ ခံစားလာရ၏။ ကိလေသာအရင်းခံသော လူကဲ့ရဲ့စရာအဖြစ်များနှင့် ကြုံလာခဲ့ရ၏။ ထို့ကြောင့် သူကွယ်လွန်သောအခါ ပြဿနာများ တန်းလန်း ကျန်နေခြင်းလည်း ဖြစ်ပေသည်။

ပြဿနာဟူသမျှ၏ အရင်းခံမှာ အဝိဇ္ဇာတရားပင်ဖြစ်၍ မသိသေးသည်နှင့် အမျှ တစ်ရစ်ပတ်ပတ် ရှုပ်ထွေးတတ်ပေသည်။

ဟုတ်တိုင်းမှန်စွာမသိ၍ ရစ်ပတ်လာသော ပြဿနာများတွင် အချို့မှာ ကြောင်းခြင်းရာကိုယ်၌က သိမ်မွေ့၏။ အသိရခက်၏။ အချို့အကြောင်းအရာများကား အသိရခက်လောက်အောင် မဟုတ်ပါ။ စေ့စေ့စပ်စပ် မသုံးသပ်မဝေဖန်ဘဲ အလျင်စလို ပြောဆိုကြ၍သာ ပြဿနာ မဖြစ်သင့်ဘဲ ဖြစ်ကြရပေသည်။ ယခု သရဏာနိ၏ ကိစ္စကား တရားသဘောနှင့် ပတ်သက်၍လည်း သိမ်မွေ့၏။ အသိရခက်၏။ ထိုအပေါ်မှာ အလျင်စလို ပြောဆိုခဲ့ကြ၍လည်း ပြဿနာပို၍ ကြီးလာရပေသည်။

မိမိဉာဏ်မမီသော ပြဿနာကို အလျင်စလို မပြောဆိုကြသေးဘဲ ဘုရားရှင်ထံ လျှောက်ထားကြလျှင်ကား ဤပြဿနာ၏ အဖြေကို ရေလည်စွာ ကြားနာကြရပါလိမ့်မည်။ အကြောင်းတစ်ခုနှင့် ကျောင်းတော်လာရန် အခက်အခဲရှိနေလျှင်လည်း ကိစ္စမရှိပါ။ ဤသို့သော ပြဿနာကို သိမ်မွေ့စွာ အဖြေပေးနိုင်သော ဒေသနာတော်များ ထင်ရှားစွာ ရှိနေပါပြီ။

"ထိုသောတာပန် ပုဂ္ဂိုလ်သည် ဒဿနဉာဏ် အမြင်မှန်ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် သုံးပါးသော တရားတို့ကို ပယ်စွန့်ပြီး ဖြစ်၏။ သုံးပါးသောတရားတို့ကား ခန္ဓာငါးပါးကို 'ငါ'ဟု စွဲယူသော သက္ကာယဒိဋ္ဌိ၊ သစ္စာလေးပါး စသည်၌ ယုံမှားတတ်သော ဝိစိကိစ္ဆာ၊ ပညာမပါ၊ မချမ်းသာသော အကျင့်များဖြင့် နိဗ္ဗာန်ချမ်းသာ ခံစားရမည်ဟု ယူစွဲသော သီလဗ္ဗတပရာမာသဒိဋ္ဌိ တို့ပင်တည်း။ ထိုသောတာပန်ပုဂ္ဂိုလ်မှာ ကိလေသာ အကြွင်းအကျန် ရှိသေးသော်လည်း အပါယ်လေးပါးမှ လွတ်ပြီဖြစ်၏။ အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊

http://www.dhammadownload.com

သက်တော်ထင်ရှား ဘုရားရှင်အား သွေးထွက်သံယိုဖြစ်အောင်ပြုခြင်း၊ သံဃာ သင်းခွဲခြင်းဟူသော အာနန္တရိယ ကံကြီးငါးပါးနှင့် နိတဘမိစ္ဆာဒိဋ္ဌိဤကြောက်ပါးသော တရားတို့ကိုလည်း မပြုတော့ပြီတည်း။

"ထိုသောတာပန်ပုဂ္ဂိုလ်သည် ကာယ ဝစီ မနောသုံးပါးသော ဒွါရတို့ဖြင့် မကောင်းမှုကိုကား ပြုပါသေး၏။ သို့ရာတွင် ထိုသောတာပန်ပုဂ္ဂိုလ်သည် ထို မကောင်းမှုကို ဖုံးလွှမ်းခြင်း မပြုတော့ပါ။ ထိုသဘောကို နိဗ္ဗာန်မြင်ပြီးသော ဘုရားရှင် ကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့ပေသည်။

"မြေ၌ မြဲမြံစွာ စိုက်ထားသော တံခါးတိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာကြသော လေတို့ကြောင့် မယိမ်းမယိုင်ဘိသကဲ့သို့ အရိယာသစ္စာ လေးပါးတို့ကို ကိုယ်တွေ့ဉာဏ်မြင် အသိယှဉ်ပြီးသော သောတာပန် သူတော်ကောင်း ကို တံခါးတိုင်နှင့် တူ၏ ဟူ၍ ငါဘုရား ဟောကြားတော်မူပေသည်"

ရတနသုတ်တော်လာ ဤဒေသနာတော်တို့သည် ဤပြဿနာအတွက် အချက်ကျသော ဖြေရှင်းချက်များ ဖြစ်၏။ နိဗ္ဗာန်တည်းဟူသော ညောင်ရိပ်သာမှ ထွက်ခွာသွားသဖြင့် ကိလေသာ အပူဒဏ်ကို ခံစားရသော်လည်း သောတာပန်ပုဂ္ဂိုလ် သည် အရိယာဇာတ်ကိုကား စွန့်ခွာမသွားတော့ပါ။ တရားသဘောနှင့်ပတ်သက်၍ သူ့မှာ ယုံမှားသက်ာ ဖြစ်စရာ မရှိတော့ပါ။ ပြုပြင်၍ မရနိုင်သော ပြစ်မှုကြီး ခြောက်မျိုးကိုလည်း မပြုမှားတော့ပါ။ ဤသည်မှာ တစ်ကြိမ်တစ်ခါ မျက်မှောက်ပြုခဲ့ ရသော နိဗ္ဗာန်တရားတော်ကြီး၏ အာနိသင် ဖြစ်ပေသည်။ မျက်စိအပေါ်မှာ တိမ်သလာ အမြွေးအယှက်တို့ မရှိတော့သဖြင့် သူ့အဖို့ နိဗ္ဗာန်နှင့်ပတ်သက်၍ အတွေးခက်စရာလည်း မရှိတော့ပါ။ တစ်ကြိမ်တစ်ခါ ခံစားရဖူးသော အမြိုက်ရသာကို စိတ်ညွှတ်ရုံဖြင့် ရရှိခံစားနိုင်ပေသည်။ သောတာပန်ပုဂ္ဂိုလ်၏ နိဗ္ဗာန်နှင့် ပတ်သက်၍ ထိုကဲ့သို့ အသိခိုင်မြဲသော သဘောကိုပင် ဘုရားရှင်က တံခါးတိုင်နှင့် ဥပမာ ပြုတော်မူခဲ့ပေသည်။

နောင်တော်ကြီး မဟာနာမ်က ဤပြဿနာကို တစ်ဆင့်လျှောက်ထားနေခြင်း မှာ ရတနသုတ်ဒေသနာတော်တို့ကို သတိမပြုမိ၍လေလား။ သို့မဟုတ် ရွှေနှုတ်တော်မှ ဖွင့်ဟလာမည့် ဒေသနာတော်တို့ကို ကြားနာချင်သေး၍လားမသိပါ။ မည်သို့ပင်ဖြစ်စေ သူလျှောက်ထားသဖြင့် ကျွန်ုပ် ထိန်းသိမ်းထားသော ဘဏ္ဍာတိုက်ကြီးတွင် ရတနာ တစ်မျိုးကား တိုးပွားလာရသည်သာ ဖြစ်ပေသည်။

ဘုရားရှင်သည် နောင်တော်ကြီးထံမှ တစ်ဆင့်ပါးလိုက်သော စကား လက်ဆောင်ကို လက်ခံတော်မူကာ–

"မဟာနာမ်၊ သက္ကအမျိုးသား သရဏဂုံသည် ရတနာသုံးပါး၌ ဆည်းကပ် သောဥပါသကာ ဖြစ်နေသည်မှာ ကြာခဲ့ပြီ။ သူသည် ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်သူဖြစ်၏။ ထိုသူသည် အဘယ်မှာ အပါယ်လားပါမည်နည်း"

http://www.dhammadownload.com

ဤသို့ မိန့်တော်မူကာ သရဏာဂမနိနှင့် ထပ်တူ အပါယ်လေးပါးလား ရန်မရှိတော့သော အရိယာပုဂ္ဂိုလ်များကို စာရင်းချ၍ ပြတော်မူရ၏။ ထိုမှဆက်လက်၍ မိန့်ကြားတော်မူသည်မှာ–

"မဟာနာမ၊ သိလွယ် မြင်လွယ်အောင် ပမာဆောင်၍ ပြရသော် လယ်မြေကလည်း ညံ့လှစွာ၏။ မျက်နှာပြင်ကလည်း မညီမညွတ်။ ဆားပေါက်၏။ သစ်ငုတ်ခလုတ်များ တင်းကြမ်းရှိနေ၏။ ထိုလယ်မြေညံ့မှာ ကြဲချသောမျိုးစေ့ကလည်း အကျိုးအကြေ၊ အဆွေးအအောက်ဖြစ်၏။ လေပူနေပူမိထား၏။ အနှစ်အသား မရှိ။ လုံခြုံစွာ သိမှီးထားခြင်းမရှိ။ လယ်မြေ နူးနပ်သွားအောင် မိုးကလည်းမရွာ။ ဤအခြေအနေတွင် ဤမျိုးစေ့သည် အပင်ပေါက်ကာ ရှင်သန်ကြီးထွားပါမည်လော"

"ရှင်သန်ကြီးထွားခြင်း မဖြစ်နိုင်ပါ ဘုရား"

"မဟာနာမ၊ ဤဥပမာအတိုင်းသာလျှင် မှတ်ယူသင့်၏။ သာသနာတော်ပြင်ဘက်က တရားများသည် လယ်မြေညံ့နှင့် တူ၏။ ထိုတရားကိုလိုက်နာကျင့်သုံးသူတို့ကား မျိုးစေ့ညံ့များ ဖြစ်ကြပေသည်"

"မှန်ပါ၊ သဘောပေါက်ပါပြီ အရှင်ဘုရား"

"မဟာနာမ၊ ထိုမှအပြန် နှိုင်းယှဉ်ရန်ရှိသည်မှာ လယ်မြေကလည်းကောင်းလှ၏။ မျက်နှာပြင်ကလည်း ညီညွတ်၏။ ဆားပေါက်ခြင်းလည်းမရှိ။ သစ်ငုတ်ခလုတ်ကိုလည်း ကုန်စင်အောင် တူးပြီးဖြစ်၏။ ထိုလယ်ကောင်းမှာကြဲချသော မျိုးစေ့ကလည်း အကောင်းစားဖြစ်၏။ ကျိုးခြင်း ကြေခြင်း၊ ဆွေးခြင်း အောက်ခြင်းမရှိ။ လေပူနေပူ အမိမခံရ။ အနှစ်အသားပြည့်၏။ လုံခြုံစွာ သိမှီးထားအပ်၏။ လယ်မြေ နူးနပ်သွားအောင် မိုးကြီး သည်းစွာရွာ၏။ ဤအခြေအနေတွင် ဤမျိုးစေ့သည် အပင်ပေါက်ကာ ရှင်သန်ကြီးထွားပါမည်လော"

"မှန်ပါ၊ ရှင်သန်ကြီးထွားပါလိမ့်မည် ဘုရား"

"မဟာနာမ၊ ဤဥပမာအတိုင်းသာလျှင် မှတ်ယူသင့်၏။ သာသနာတော်တွင်းက တရားသည် လယ်မြေကောင်းနှင့် တူ၏။ ထိုတရားကို လိုက်နာကျင့်သုံးသူတို့ကား မျိုးစေ့ကောင်းများ ဖြစ်ကြပေသည်။ ဤသို့ လယ်မြေကောင်းနှင့် မျိုးစေ့ကောင်းတို့ ဆုံဆည်းကြရာဝယ် သရဏာဂမနိသည် သေခါနီးအချိန်တွင်ကား သီလသိက္ခာနှင့် ပြည့်စုံခဲ့ပေသည်"

နိဗ္ဗာန်တရားကို မျက်ဝါးထင်ထင်မြင်ခဲ့ပြီးသော သရဏာဂမနိသည် တစ်လျှောက်လုံး မေ့မေ့ပျောက်ပျောက်နေလာခဲ့၏။ အဆိုးလောကဓံများ၏ အရိုက်အပုတ်မခံရဘဲ သက်သောင့်သက်သာ နေလာခဲ့သဖြင့် နိဗ္ဗာန်တရားကို အားကိုးရန် သတိမပြုခဲ့မိ။ နိဗ္ဗာန်တရားကို မေ့လျော့၍ ရခဲ့သော်လည်း မရဏရှင်သေမင်းကိုကား သူမေ့ထား၍ မရပါ။ ကိုယ့်ကိုယ်ကိုသေဦးမည်မထင်ဘဲ သေပွဲဝင်ကြရသောလူများစွာတို့နည်းတူပင်

http://www.dhammadownload.com

သရဏာနိ၏ ရှေ့မှောက်သို့လည်း မရဏရှင်သေမင်းက မမျှော်မလင့် မခေါပင့်ရာဘဲ ရောက်လာတဲ့ချေပြီ။

အခြားလောကဓံများမှ သက်သာခွင့်ရခဲ့သော သရဏာနိအား ဤလောကဓံကြီးကတော့ သက်ညှာခွင့် ပေးတော့မည်မဟုတ်ချေ။ မျက်ရည်စက်လက်နှင့် တောင်းပန်သော်လည်း သနားလိမ့်မည် မဟုတ်ပေ။ သူ့အချိန် နာရီစေ့သည်နှင့် တစ်ပြိုင်နက် သူ့တစ်ကိုယ်လုံးကို ဝါးမျိုတော့မည် ဖြစ်၏။ ဘယ်မှာပြေးပြေး အေးလမ်း မမြင်တော့ခါမှ သရဏာနိသည် အားကိုးရာရှာခဲ့၏။

သူလိုချင်ရာရာကို ဘာမဆို ပေးနိုင်ကြသော ရွှေ ငွေ ရတနာများသည်လည်းကောင်း၊ သူ့အလိုလိုက်၍ သူ့အကြိုက်ဆောင်ခဲ့ကြသော အိမ်သူအိမ်သားများသည်လည်းကောင်း ဤစစ်ပွဲတွင် ပါဝင်ကူညီခွင့် မရကြပါ။ ဤကမ္ဘာမြေပြင်၌ သူ့ကို ကူညီနိုင်မည့်သူမှာ သူမှတစ်ပါး အခြား မရှိတော့ပါ။ သူ့စိတ်သန္တာန်ဝယ် တစ်ကြိမ်တစ်ခါက အေးမြငြိမ်သက်စွာ ခံစားခဲ့ရဖူးသော နိဗ္ဗာန်မှ တစ်ပါး အခြားအားကိုးရန် မရှိတော့ပါ။

ဤနိဗ္ဗာန်တရားကိုလည်း သူကိုယ်တိုင် မျက်မှောက်ပြုခဲ့ပြီးဖြစ်၍ သို့လော သို့လော တွေးတောနေရန် မရှိတော့ပါ။ ကြုံလာရသော ဘေးဒုက္ခကြီးနှင့် နှိုင်းယှဉ်ခါမှဘေးရန်ကင်းကွာ မြို့က်ချမ်းသာ၏ ဂုဏ်ကျေးဇူးကို သူကောင်းကောင်းကြီး သတိရလာပေလိမ့်မည်။ ဤသို့ သတိရလာခြင်းသည်ပင် မိုးကြီးသည်းထန်စွာ ရွာချလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

လယ်မြေကောင်းမှာ ကြဲချထားသော မျိုးစေ့ကောင်းသည် မိုးရွာလျှင် အပင်ပေါက်လာသကဲ့သို့ သရဏာနိ၏ သီလသိက္ခာတို့လည်း ပြည့်ပြည့်ဝဝ ရှင်သန် ကြီးထွားလာကြပေလိမ့်မည်။ သောတာပတ္တိဖိုလ်ပညာနှင့် ယှဉ်စပ်သဖြင့် ထိုသီလကို အဓိသီလဟု ခေါ်ဆိုရပေလိမ့်မည်။

နောင်တော်ကြီးအား ဟောကြားသော တရားဒေသနာ ရတနာတို့ကို ဤသို့လျှင် ကျွန်ုပ်ဘာသာ အကဲခတ်၍ ကြည့်နေမိပေသည်။

(မဟာဝဂ်၊ သောတာပတ္တိသံယုတ်၊ ပထမ ဒုတိယ သရဏာနိသုတ်များ)

နောင်တော်ကြီး မဟာနာမ်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းများကို ပြန်ပြောင်း တင်ပြရာတွင် ပွဲတိုင်းကျော် ကိုယ်တော်များအကြောင်းလည်းမပါလျှင် မဖြစ်သေးပါ။ နောင်တော်ကြီးကလည်း လူကြီးပီပီ မသင့်တာ၊ မတော်တာမြင်လျှင် ရေငုံနှုတ်ပိတ်မနေတတ်။ ပြောခွင့် ဆိုခွင့်ရှိတိုင်း ပြောတတ် ဆိုတတ်၏။ အခြားတစ်ဖက်တွင် ဆဗ္ဗဂ္ဂိရဟန်းများကလည်း ပြောစရာနှင့် ဆိုစရာချည်း။ သင်္ကန်းဝတ်ပုံ၊ ရုံပုံများက မသေသပ်။ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတို့ကလည်း ရဟန်းတို့နှင့်

http://www.dhammadownload.com

လားလားမျှ မသင့်လျော်။ မသင့်မလျော်လုပ်မိ၍ အပြောအဆိုခံရသည်တွင် မိမိကိုယ်ကို ပြုပြင်သွားကြလျှင်ကား ကောင်းလေစွ။ သို့ရာတွင် ဆဗ္ဗဂ္ဂိတို့ကား ပြုပြင်ဖို့ နေနေသာသာ၊ အပဲ့မှာ ဆားထိသကဲ့သို့ ထွန့်ထွန့်လူး၍ သွားကြ၏။ ငါတို့ကို စီးစီးပိုးပိုး ပြောရန်ကောဟု ရန့်ငြိုးများထားလာကြ၏။ တွေ့တိုင်း မြင်တိုင်း ပြောစရာဆိုစရာကိုမှ ကြဲကြဲဖန်ဖန် တွေ့တတ်၊ မြင်တတ်သော ဒါယကာကြီးအား လှလှပပ လက်စားချေရန် အချက်ကို ရှာကြ၏။ ဤတွင် နောင်တော်ကြီး၏ နေ့စဉ်နေ့တိုင်း ပြုနေကျ အလှူဝတ်တစ်ခုကို တွေ့လာကြရပေသည်။

(သုဒ္ဒပါဒိတ်၊ မဟာနာမ သိက္ခာပုဒ်)

ဤအလှူဝတ်သည် ဝေရဉ္ဇာမှာ ဝါကပ်ခဲ့ရခြင်းနှင့် ဆက်စပ်လျက်ရှိ၏။ ဝေရဉ္ဇာဗြာဟ္မဏကြီး၏ လျှောက်ထားချက်အရ သူ့မြို့မှာ ဝါကပ်ခဲ့ရာ ကျွန်ုပ်တို့သည် ဒုဿိက္ခန္ဓ ရကပ်ကြီးနှင့် တိုးခဲ့ရ၏။ စိုက်လေသမျှ ကောက်ပင်များ ပိုးကျကုန်သဖြင့် လယ်တောတစ်ခွင်ဝယ် ကောက်ရိုးမျှင်များသာ ရှိကြ၏။ မြို့သူမြို့သားတို့မှာ ကျန်ကောင်းကျန်ရာ စားရေရိက္ခာကလေးများကို စာရေးတံချ၍ ဝေပုံကျရသမျှလေးကိုသာ မသေရုံ စားနေကြရ၏။ ဤအခြေအနေတွင် ကျွန်ုပ်တို့ မြို့ထဲမှာ ဆွမ်းခံရန် မဖြစ်နိုင်သဖြင့် မြင်းကုန်သည်တို့ထံ ချဉ်းကပ်ကြရပေသည်။

ဥတ္တရာပထတိုင်းသား မြင်းကုန်သည်တို့သည် ရောင်းစရာမြင်းငါးရာနှင့်တကွ ကျွန်ုပ်တို့နည်းတူ ဝေရဉ္ဇာမှာ မိုးခိုနေကြရ၏။ တစ်မိုးတွင်းလုံး စတည်းချနေကြရမည်ဖြစ်၍ မြင်းစာ၊ လူစာ၊ ရိက္ခာအပြည့်အစုံ ပါလာကြ၏။ သို့ရာတွင် ရဟန်းသံဃာများနှင့် နေဖူးနေစ မရှိကြသေးသဖြင့် ဆွမ်းလာရပ်ကြသော ကျွန်ုပ်တို့အား ဆွမ်းကိုမလောင်းဘဲ မုယောဆန်များကိုသာ တစ်ပါးလျှင် တစ်စလည်ကျလောင်းလှူကြ၏။ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်၊ တစ်ဝါတွင်းလုံး လောင်းလှူကြခြင်း ဖြစ်ပေသည်။

အကျဉ်းအကျပ် ကာလမျိုးတွင် ဤရွေ့ဤမျှ သဒ္ဓါတရားအားကြီးစွာ လောင်းလှူကြသဖြင့် ကျွန်ုပ်တို့ကလည်း မည်သို့မျှ မဝေဖန်ဘဲ လှူသမျှသာခံယူလာခဲ့ကြ၏။ ခံယူလာပြီး၍ ကျောင်းပြန်ရောက်လျှင်ကား ကျောက်ဆုံသံတို့ ညံညံစီကြပြီ ဖြစ်ပါ၏။

ရလာသော မုယောဆန်တို့ကို ကျွန်ုပ်တို့မှာ သည်အတိုင်းစား၍လည်း မဖြစ်။ ဆွမ်းဖြစ်အောင် ချက်ကြစို့ဆိုတော့လည်း ရဟန်းများမို့ကိုယ်တိုင်ချက်ခွင့်မရှိ။ ဤတွင်စား၍လည်း ဖြစ်စေ၊ အပြစ်လည်းလွတ်စေဟု ကျောက်ဆုံမှာ အမှုန့်ကြိတ်၍ စားသောက်ကြရပေသည်။

http://www.dhammadownload.com

ကျွန်ုပ်သည် ရလာသော မုယောဆန် တစ်စလယ်ကို အများနည်းတူအမှုန့်ကြိတ်ကာ မိမိအတွက်အနည်းငယ်ချန်၍ ဘုရားရှင်ထံ ဆက်ကပ်ရ၏။ မြိန်မြတ်သော ခဲဖွယ်ဘောဇဉ်များဘဉ်းပေးရစဉ်ကကဲ့သို့ပင် ဘုရားရှင်သည် မုယောဆန်မှုန့်ကိုလည်း ငြိမ်သက်စွာ ဘဉ်းပေးတော်မူပေသည်။

(ပါရာဓိကကဏ္ဍ၊ ဝေဿာကဏ္ဍ)

ဝေဿာမှာတုန်းက ဤသို့ စားရေးသောက်တာ ချို့တဲ့ခဲ့ရသည်ကို ကာမိစေရန် နောင်တော်ကြီးသည် ဘုရားရှင်ထံခွင့်ပန်၍ သံဃာတော်များအား လေးလတိုင်တိုင် အထူးတလည် ပြုစုလုပ်ကျွေး၏။ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ ဟူ၍ ငါးပါးသော ဆေးပစ္စည်းတို့ကို အလိုရှိတိုင်း အလှူခံ၍ ဘဉ်းပေးကြရန် လျှောက်ထား၏။ ရဟန်းများသည် စောစောပိုင်းမှာ အပ်မအပ် မသိသေး၍ အလှူမခံဘဲ နေကြသေး၏။ နောက်မှ ဘုရားရှင် ကိုယ်တော်တိုင်က လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ကြားခြင်းကို အလှူခံခွင့်ပြု၏ဟု အမိန့်တော်ရှိသဖြင့် အလှူခံကာ ဘဉ်းပေးကြပေသည်။

ခွင့်ပြုတော်မူချက်အရ မိမိနှစ်သက်ရာကို အလှူခံကာ ဘဉ်းပေးကြသော်လည်း နောင်တော်ကြီး၏ ဆေးပစ္စည်းများက မကုန်နိုင်မခန်းနိုင်ပါ။ ရဟန်းများဘဉ်းပေးသည်က ခပ်နည်းနည်း။ နောက်ထပ် ရောက်၍ ရောက်၍လာသော ဆေးပစ္စည်းများက အလျှံပယ်။ ဤတွင် နောင်တော်ကြီးသည် နောက်ထပ် လေးလလှူခွင့်ရရန် လျှောက်ရ၏။ ထို့နောက် လေးလနှင့်လည်း အရာမထင်သေး၍ ရာသက်ပန် လှူခွင့်ရရန်လျှောက်ထားရပြန်၏။ ဤလျှောက်ထားချက်ကို ခွင့်ပြုတော်မူခါမှဆဗ္ဗဂ္ဂိတို့ အတွက် အကွက်ဆိုက်လာကြပေတော့သည်။

ပြောခဲ့လေသမျှ၊ ဆိုခဲ့လေသမျှကို သည်တစ်ခါ လှလှကြီး လက်စားချေမည်ဟု သူတို့သည် သပိတ်ကိုယ်စီဖြင့် ပစ္စည်းလေးပါး ဒါယကာကြီးထံချဉ်းကပ်လာကြ၏။ "ဒါယကာကြီး၊ ထောပတ်တစ်စိတ်သား အလိုရှိပါ၏" ဟု မြွက်ဆို၏။ တကယ်အသုံးလို၍ ဆိုလျှင် ထောပတ်တစ်စိတ်သား တောင်းရန် မရှိပါ။ တစ်ကွမ်းစားမျှ ကုန်အောင်ဘဉ်းပေးနိုင်သော ရဟန်းပင် မရှိပါ။ သို့ပါလျက် ဤကဲ့သို့ မတန်တဆ တောင်းခြင်းမှာ သက်သက် အရွဲ့တိုက်လိုက်ခြင်းသာ ဖြစ်ပေသည်။

ဆဗ္ဗဂ္ဂိတို့၏ တုန့်ပြန်မှုကို အရိယာသာဝကကြီးက ကောင်းကောင်းကြီး ရိပ်မိပါလိမ့်မည်။ သို့သော် သန္ဓါလက်ကိုင် ခိုင်မြဲပြီးဖြစ်၍ အလှူခံပုဂ္ဂိုလ်တို့ကို မည်သို့မျှ မဝေဖန်ဘဲ "အရှင်ဘုရားတို့၊ ယနေ့ အရှင်ဘုရားတို့ အလှူခံသလောက် မရှိသေး၍ ခွင့်လွှတ်တော်မူပါဘုရား၊ အလုပ်သမားများသည် နွားခြံသို့ ထောပတ်ယူရန် သွားနေကြဆဲဖြစ်ပါသည်။ ရောက်လာသည့်အခါမှ လှူဒါန်းပါရစေဘုရား"

http://www.dhammadownload.com

အလှူရှင်က ချေချေငံ့ လျှောက်ထားသည်ကိုပင် အလှူခံပုဂ္ဂိုလ်များက လက်မခံနိုင်ကြပါ။ နောင်တော်ကြီး လျှောက်ထားချက်ကို ခါးသီးစွာ ငြင်းပယ်လျက်–

"ဒါယကာကြီး လှူချင်တန်းချင်စိတ် အဟုတ်တကယ် မရှိပါဘဲလျက် တော်စွ လျော်စွ ဖိတ်ကြားထားဘိ၏။ ဖိတ်ကြားထားသည့် ပစ္စည်းကိုလည်း မလှူပါချေတကား" ဟု ကဲ့ရဲ့ရွတ်ချကြ၏။ သူ့ထက်ငါ ဝိုင်း၍ ရန်တွေ့ကြတော့၏။

ဤအကြောင်းခြင်းရာ ရွေနှားတော်ထိ ပေါက်ကြားသွားချိန်တွင်ကား–

"ကျန်းမာသော ရဟန်းသည် တစ်ဖန်ဖိတ်ကြားခြင်း၊ အမြဲတမ်းဖိတ်ကြားခြင်း မရှိလျှင် လေးလအတွင်း ဆေးပစ္စည်းများကို အလှူခံခွင့်ရှိ၏။ ထိုကာလထက်ပို၍ အလှူခံလျှင် ပါစိတ်အာပတ်သင့်၏"

နောင်တော်ကြီး မဟာနာမ်ကို အကြောင်းရင်းခံကာ ပညတ်တော်မူရသဖြင့် ဤသိက္ခာပုဒ်ကို 'မဟာနာမသိက္ခာပုဒ်'ဟူ၍ အမှတ်အသား ပြုကြရပေသည်။

(သုဒ္ဓပါစိတ် မဟာနာမသိက္ခာပုဒ်)

ဆိုခဲ့ပြီးသည့်အတိုင်း နောင်တော်ကြီးသည် ခမည်းတော်ကြီးရှိစဉ်ကပင် ဘုရားရှင်ထံ ရင်းနှီးစွာ ချဉ်းကပ်လာခဲ့၏။ သွေးသားနီးစပ်မှုကြောင့် မဟုတ်ဘဲ ကျေးဇူးရှင်မို့ ကျေးဇူးတင်သော သဘောဖြစ်၏။ ယခုတော့ ကပိလဝတ်နန်းတော်ကြီးမှာ ခမည်းတော်ကြီး မရှိတော့ပြီ။ သူ့ကိုယ်စားထမ်းရွက်နေသည့် ဘဒ္ဒိယလည်း ရဟန်းပြုပြီးလေပြီ။ သို့ဖြစ်၍ ကျန်ရစ်သော ဆွေမျိုးတော်ထဲမှာ ကျွန်ုပ်တို့ နောင်တော်ကြီးသာ မားမားမတ်မတ် ရှိပေတော့သည်။

သကျတို့၏ ရှေ့က မားမားမတ်မတ် ရပ်တည်ပါသော်လည်း သကျတို့၏ ကံကြမ္မာကို မတော်လှန်နိုင်သော နောင်တော်ကြီး၏ ဖြစ်ရပ် ဇာတ်လမ်းများကို နောက်ပိုင်းအခန်းများကျမှ တင်ပြရပါဦးမည်။

⁂

http://www.dhammadownload.com

အာနန္ဒာဗောဓိ

ငွေလမင်းကြီးကို ဗဟိုပြု၍ ကြယ်တာရာကဲ့သို့ ထင်ရှားသော အရှင်မြတ်များ အကြောင်း တော်တော်စုံအောင် တင်ပြခဲ့ပါပြီ။ မောင်တော်များနှင့် ထပ်တူထပ်မျှ သာသနာ့တာဝန် ထမ်းဆောင်နေကြသော နှမသည်များ၏ အာဇာနည်စိတ်ဓာတ်ကို လည်း ဖော်ကျူးခဲ့ပါပြီ။ သာသနာ့အကျိုးတော်ဆောင် ဒါယကာကြီး၊ ဒါယိကာမကြီး များ၏ ဂုဏ်ကျေးဇူးကိုလည်း ထုတ်ဖော် ချီးကျူးခဲ့ပါပြီ။ ထိုပုဂ္ဂိုလ်အပေါင်းနှင့် ထပ်တူထပ်မျှ ကျွန်ုပ် ချစ်မြတ်နိုးရပါသော အရာတစ်ခုကို ယခု ကျွန်ုပ် တင်ပြပါဦးမည်။ ထိုအရာကား ကျွန်ုပ် စိုက်ပျိုးထားသော ဗောဓိပင် ဖြစ်ပါသည်။

ဤဗောဓိပင် စိုက်ပျိုးရန် အကြောင်းဖန်လာသည်ကား ဤသို့ဖြစ်၏။ အစစအရာရာ ပြည့်စုံစွာ ရှိနေသော်လည်း ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှာချည်း စွဲမြဲ၍ မနေပါ။ ဝေနေယျအပေါင်းအား တရားဖြင့်ချီးမြှောက် နိုင်ရန် နယ်တကာ ရပ်တကာ လှည့်လည်တော်မူသည်သာ ဖြစ်၏။ ဘုရားရှင်ကြွတော်မူလျှင် သံဃာတော်များလည်းအတူပါသွားကြ၏။ ဤတွင် ဇေတဝန် ကျောင်းတော်ကြီးသည် ဟာတိဟာတာ ကျန်ရစ်ခဲ့၏။ သံဃာတော်များရှိစဉ်က စိုပြည်ခဲ့သလောက် သံဃာတော်များ မရှိသည်နှင့် ခြောက်သယောင်းသွားတော့၏။ ကျောင်းတော်သို့ လာနေကျ ဒါယကာ ဒါယိကာမများမှာ မလာဘဲ မနေနိုင်၍သာ လာကြရ၏။ လာခဲ့ပြန်သော်လည်း စိတ်မချမ်းမြေ့ပါ။ ကျောင်းထဲရောက်၍ ပန်းနံ့သာပူဇော်ရာ ရှာမတွေ့။ ဘုရားရှင်ကိုယ်စား ကိုးကွယ်ရာဟူ၍ ဘာမျှမရှိ။ ပါလာသော ပန်းနံ့သာများကို ဂန္ဓကုဋိတိုက်ဝမှာ စုပြုံ၍ ထားခဲ့ကြရ၏။ အမြတ်တနိုးယူလာကြရသော ပူဇော်ဖွယ် ပစ္စည်းများကို ထိုက်ထိုက်တန်တန် မပူဇော်ရဘဲ ဖြစ်ကတတ်ဆန်း ပစ်ထားခဲ့သဖြင့် သူတို့ ကျေနပ်မှု မရနိုင်ကြပါ။

ဒါယကာ ဒါယိကာမအပေါင်းကို ကိုယ်စားပြု၍ ဤအကြောင်းများကို ကျောင်းဒါယကာကြီး အနာထပိဏ်က စီကာပတ်ကုံးလျှောက်ထား၏။ ကျောင်း

http://www.dhammadownload.com

ဒါယကာကြီးသည် ကျွန်ုပ်နှင့် ခင်မင် ရင်းနှီး၏။ ကျွန်ုပ်ကလည်း ဘုရားရှင်နှင့် အနီးစပ်ဆုံး ဖြစ်၏။ ထို့ကြောင့် ဒါယကာ ဒါယိကာမတို့၏ လိုလားချက်ကို ရွေးနှုတ်တော်မြွန်မြွန်ပေါက်လေအောင် ကျွန်ုပ်ထံ လျှောက်ထားလာခြင်းဖြစ်ပေသည်။

အားကိုးတကြီးနှင့် လျှောက်ထားလာသည့်အတိုင်း ကျွန်ုပ်ကလည်း ဘုရားရှင်ထံ ချက်ချင်းပင် ဝင်ရောက်ကာ–

"အရှင်ဘုရား၊ အလေးအမြတ်ပူဇော်ရသော စေတီသည် မည်မျှရှိပါသနည်း"ဟု လျှောက်ထားလိုက်၏။ လိုရင်းကို မလျှောက်သေးဘဲ အခြေခံမှ စတင်လိုက်ရခြင်း ဖြစ်ပါသည်။

"အာနန္ဒာ၊ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီသုံးမျိုး ရှိပေသည်"

ဘုရားရှင်ကလည်း သိလိုရာကို ဖြေကြားတော်မူပါသည်။ ဤတွင် ကျွန်ုပ် အားတက်သရော်ဖြစ်ကာ–

"အရှင်ဘုရား၊ သက်တော်ထင်ရှားရှိတော်မူစဉ်မှာ စေတီအားလုံးကိုတည်ထား၍ ရနိုင်ပါမည်လော"

"အာနန္ဒာ၊ စေတီအားလုံးကို မရနိုင်ပါ။ ဓာတုစေတီသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးမှ ဖြစ်နိုင်၏။ ဥဒ္ဒိဿစေတီကလည်း ယခုအခါ အထည်ဝတ္ထု မထင်ရှားသေး၍ လေးစားလောက်အောင် မရှိသေးပါ။ ငါဘုရား အသုံးပြုခဲ့သော မဟာဗောဓိပင်ကား ငါဘုရားရှိစဉ်မှာလည်း စေတီထိုက်နေ၏။ လေးမြတ်ကော်ရော်ပူဇော်ထိုက်၏"

"အရှင်ဘုရား၊ အရှင်ဘုရားနှင့်တကွ သံဃာတော်ကြီးများ ကြွသွားကြသော အခါ ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာမရှိဖြစ်ရစ်ပါသည်။ မဟာဗောဓိပင်မှ မျိုးစေ့ကိုယူဆောင်၍ ဇေတဝန်ကျောင်းတော် တံခါးအနီးမှာ တပည့်တော် စိုက်ပျိုးပါရစေ ဘုရား"

"ကောင်းပြီ အာနန္ဒာ။ စိုက်ပျိုးပေလော့။ ဤသို့ဆိုလျှင် ဤဇေတဝန်ကျောင်းတော်တွင် ငါးဘုရား အမြဲတမ်းရှိနေကဲ့သို့ စိုစိုပြည်ပြည်ဖြစ်ရစ်ပေလိမ့်မည်"

ဤသို့ ခွင့်ပြုမိန့်ကျလာသဖြင့် ကျွန်ုပ်သည် ဗောဓိပင် စိုက်ပျိုးရေးကို လုံးပန်းရတော့သည်။ ကောသလမင်းကြီး၊ ကျောင်းဒါယကာကြီး အနာထပိဏ်၊ ဝိသာခါနှင့်တကွ လက်လှမ်းမီသမျှသော ဒါယကာ၊ ဒါယိကာမများထံ အကူအညီတောင်းရတော့သည်။ သူတို့၏ အကူအညီဖြင့် ဇေတဝန်ကျောင်းတော် တံခါးအနီး၌ ဗောဓိပင် စိုက်ပျိုးရန် ကျင်းတူးခြင်းကိစ္စ ပြီးစီးသွားပေသည်။ မဟာဗောဓိပင်မှ မျိုးစေ့ရရေးအတွက် အရှင်မဟာမောဂ္ဂလာန်ကို ပန်ကြားရပေသည်။

အရှင်မဟာမောဂ္ဂလာန်သည် မဟာဗောဓိပင်ထက်မှ သူ့အလိုလိုကြွေကျလာသော အသီးမှည့်ကို မြေမရောက်ခင် သင်္ကန်းနှင့် ခံယူ၍ ကျွန်ုပ်ထံ ပေးခဲ့၏။

http://www.dhammadownload.com

မျိုးစေ့ရလာသော ထိုနေ့တွင် ဗောဓိပင်စိုက်ပျိုးပွဲ ကျင်းပရန် ကောသလမင်းကြီးအား အကြောင်းကြားရပေတော့သည်။

အစီအစဉ်ချမှတ်ထားသည့်အတိုင်း နေချိုသောညနေခင်းတွင် ကောသလမင်းကြီး ရောက်လာ၏။ ဗောဓိပင်စိုက်ပျိုးပွဲကို ဂုဏ်ပြုသောအားဖြင့် အခြွေအရံပရိသတ်များ ခါတိုင်းထက်ပို၍ သိုက်မြိုက်လှ၏။ ဝိသာခါနှင့် ကျောင်းဒါယကာကြီး အနာထပိဏ်တို့လည်း မိသားစု အစုံအလင်၊ ဝတ်စားတန်ဆာ အစုံအလင်ဖြင့် ရောက်ရှိလာကြ၏။

ပရိသတ်ဗိုလ်ပုံ စုံလင်သောအခါ ကျွန်ုပ်သည် အသင့်တူးထားသော ကျင်းထဲသို့ ရွှေဖျဉ်းအိုးကြီးကို ချလိုက်၏။ ရွှေဖျဉ်းအိုးကြီးထဲသို့ နံ့သာပေါင်းစုံထုံမွှမ်းသော ရွှံ့မြေများကို ထည့်လိုက်၏။ ထို့နောက် ဗောဓိသီးကို ချလိုက်ရန် ကိစ္စကိုကား ကျွန်ုပ် ကိုယ်တိုင် မဆောင်ရွက်တော့ပါ။ ဒါယကာ ဒါယိကာမများ ကိုးကွယ်ရန် စိုက်ပျိုးရသည်ဖြစ်၍ ဒါယကာ ဒါယိကာမအပေါင်း၏ အကြီးအမှူးဖြစ်သော ကောသလမင်းကြီးထံ ကမ်းလှမ်းလိုက်၏။ ကမ်းလင့်သော ဗောဓိသီးကြီးကို မင်းကြီးက လက်လှမ်း၍ ယူပါ၏။ သူ့လက်ထဲမှာ အတန်ကြာ မ,ချီထား၏။ သို့နောက် သူကိုယ်တိုင် မစိုက်ပျိုးဘဲ အနာထပိဏ်သူဌေးထံသို့ တစ်ဆင့် ကမ်းလှမ်း လိုက်ပါတော့သည်။

ဗောဓိသီးကို မ,ချီထားဆဲ တစ်ခဏ၌ မင်းကြီး၏ မျက်နှာကို ကျွန်ုပ် အကဲခတ်လိုက်မိ၏။ ဗောဓိပင်စိုက်ပျိုးပွဲမို့ တခမ်းတနား လာခဲ့ရသော်လည်း သူ့အတွင်းစိတ်မှာကား တစ်စုံတစ်ခုအတွက် အတွေးခက်နေဟန် တူပေသည်။ ကျယ်ပြောလှစွာသော ကောသလတိုင်းကြီးတစ်ခုလုံးကို သိမ်းကျုံးအုပ်စိုးနေရသော ဘုရင်ကြီးဖြစ်ပါလျက် အနာထပိဏ်သူဌေးလက်သို့ တစ်ဆင့်ပြောင်းလိုက်ခြင်းကြောင့် ကျွန်ုပ် စိတ်တဲမှာ အတွေးတစ်ခု ဝင်လာခဲ့၏။

သူဌေးစည်းစိမ်နှင့် မင်းစည်းစိမ် ချိန်စက်ကြည့်ကြစို့ဆိုလျှင် မင်းစည်းစိမ်က မနှိုင်းယှဉ်လောက်အောင် သာလွန်၏။ သို့သော် မင်းစည်းစိမ်တို့မည်သည် ကြာရှည်လေးမြင့် တည်ချင်မှ တည်၏။ တိုင်းခြားမင်းတို့က ကျူးကျော်တိုက်ခိုက်၍ ဖြစ်စေ၊ ကိုယ့်သွေးကိုယ့်သားထဲမှ ပုန်ကန်ထကြွ၍ဖြစ်စေ ထီးနန်းလက်လွတ်ဖြစ်ရတတ်၏။ ပြည့်ရှင်မင်းတစ်ပါး ထီးနန်းလက်လွတ်သွားသည်ဆိုလျှင် အသက်ပါဆုံးရှုံးဖို့က များပေသည်။

သူဌေးစည်းစိမ်မှာ မင်းစည်းစိမ်လောက် မကြီးကျယ်သော်လည်း ထာဝစဉ်တည်တံ့နိုင်၏။ သားစဉ်မြေးဆက် အမွေဆက်ခံကာ သည်ထက်တိုးပွားအောင် ကြဆောင်နိုင်ကြ၏။ တကယ်လာသမျှ မင်းတို့မှာလည်း တိုင်းပြည်၏ ကျိသဖွယ်

http://www.dhammadownload.com

ဖြစ်သော သူဌေးတို့ကို နှိပ်စက် ဖျက်ဆီးရိုး မရှိပေ။ စည်းစိမ်နှင့် ထိုက်တန်သော အဆောင်အယောင်များနှင့် ချီးမြှင့်ကြသည်သာ ဖြစ်၏။ ဤသို့ မင်းကြီးသည် အနာထပိဏ် သူဌေးလောက် မိမိစည်းစိမ်ကို တည်တံ့မည်မဟုတ်ဟု ထိုစဉ်ကပင် တွေးနေမိဟန် တူပါသည်။ ကျွန်ုပ်၏ အတွေး မှန် မမှန်ကိုကား နောက်ပိုင်းကျမှ သိကြရပါလိမ့်မည်။

လိုရင်းကို ဆိုရသော်ကား အနာထပိဏ်သူဌေးသည် ကောသလမင်းကြီး လက်ထဲမှ ဗောဓိသီးကို လှမ်းယူလျက် ရွှေခွက်ထဲက ရွှံ့မြေကိုယက်ကာ ဗောဓိစေ့ကို စိုက်ပျိုးလိုက်ပါ၏။ ထိုတစ်ခဏဝယ် တူရိယာ ငါးမျိုးတို့၏ အသံများ တစ်ပြိုင်နက် ထွက်ပေါ်လာတော့သည်။ ကျွန်ုပ် ကိုယ်တိုင်ကြီးမှူး၍ စိုက်ပျိုးခဲ့ပါသဖြင့် ထိုမျိုးစေ့မှ ပေါက်လာသော အပင်ကို 'အာနန္ဒာဗောဓိ'ဟူ၍ အများက သမုတ်ကြပေသည်။ ဘုရားရှင်ကလည်း ဗောဓိပင်ကို အဘိသိက်သွန်းသော သဘောဖြင့်ထိုဗောဓိပင်ပျိုအောက်ဝယ် ညလုံးပေါက် ဖလသမာပတ် ဝင်စားနေတော်မူခဲ့ပေသည်။

ကောသလမင်းကြီးကိုယ်တိုင် ကြီးမှူးကျင်းပသော ဗောဓိပူဇော်ပွဲကြီးကား ခြိမ့်ခြိမ့်သည်းမျှ စည်းကားပါသတည်း။

(တေရသကနိပါတ်၊ ကလိင်္ဂဗောဓိဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု)

**

http://www.dhammadownload.com

ပုဗ္ဗာရုံကျောင်းတော်

ကျွန်ုပ်တို့ သာသနာတော်ကြီးကား ထောက်ပံ့လှူဒါန်းသူဟူသမျှတွင် ဧတဝဂ်ကျောင်း ဒါယကာကြီးသည် အထင်ရှားဆုံးဖြစ်၏။ သာသနာတော်ကို ကြည်ညိုမြတ်နိုးသော ပုဂ္ဂိုလ်တို့တွင် ကျောင်းဒါယကာကြီးထက် ပို၍ကြွယ်ဝသူ၊ တန်ခိုးအာဏာ ထက်မြက်သူတွေ ဒုနှင့်ဒေး ရှိကြသည်ပင်။ သို့သော် သူတို့ သူတို့ တစ်တွေသည် ကျောင်းဒါယကာကြီး၏ သဒ္ဓါတရားကိုကားအမီမလိုက်နိုင်ကြပါ။ ကျောင်းဒါယကာကြီးလောက် မြောက်မြောက်မြားမြား မလှူဖြစ်ခဲ့ကြပါ။ ထို့ကြောင့်ပင် ကျောင်းဒါယကာကြီး အနာထပိဏ်အား ဘုရားရှင်ကိုယ်တော်တိုင်က လှူဒါန်းမှုဌ္ဌ မွေ့လျော်သူတို့တွင် အသာဆုံးသော ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခဲ့ပေသည်။

ဧတဝဂ်ကျောင်းဒါယကာကြီး အနာထပိဏ်သည် လှူဒါန်းသူဟူသမျှတွင် အသာဆုံးဖြစ်သကဲ့သို့ ပုဗ္ဗာရုံ ကျောင်းအစ်မကြီး ဝိသာခါသည်လည်း သဒ္ဓါကြည်ဖြူလှူဒါန်းလေ့ရှိသော ဒါယကာမများတွင် အသာဆုံးဖြစ်သဖြင့် ဧတဒဂ်ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဤသို့ ဆွတ်ခူးနိုင်ခြင်းမှာ ပုဗ္ဗာရုံ ပြာသာဒ်ကျောင်းကြီး ဆောက်လုပ်၍ ကျောင်းတင်ပွဲကြီး ခြိမ့်ခြိမ့်သည်းမျှ ကျင်းပ၍ စိတ်ကူးထားလေသမျှ ဒါန ဝတ္ထုများကို ပြည့်ပြည့်ဝဝ စုံစုံလင်လင် လှူဒါန်းနိုင်၍ ဖြစ်ပေသည်။

(အဝုံတွာရ ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ် အဋ္ဌကထာ)

ပုဗ္ဗာရုံပြာသာဒ်ကျောင်းတော်ကြီးကို အကြောင်းပြု၍ ဝိသာခါသည် ဒါန ဂုဏ်ထူးဆောင်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့၏။ သို့ရာတွင် ဤသို့သောဆုကို ဆွတ်ခူးနိုင်ရန် နိဒါန်းပျိုးလိုက်သည်မှာကား ဧတဝဂ်ကျောင်းတော် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် သူတို့အိမ်သို့ နေ့စဉ်နေ့တိုင်း ဆွမ်းခံရောက်ကြ၏။ ထို့အတူပင် ဝိသာခါသည်လည်း ကျွန်ုပ်တို့ ကျောင်းတော်သို့ နေ့စဉ်လိုလို

http://www.dhammadownload.com

ရောက်လာမြဲဖြစ်၏။ ဘုရားရှင့်ရှေ့တော်မှောက်တွင် သူကိုယ်တိုင်ပန်ဆင်ထားခဲ့သော ဆုရှစ်ခုကို ဖြည့်ဆည်းရန် ဖြစ်ပေသည်။ သံဃာတော်များအတွက် လိုအပ်ရာရာ လှူဒါန်းနိုင်ရန် ဖြစ်ပေသည်။

ကျောင်းတော်သို့ လာသောအခါတွင် ဝိသာခါသည် လက်ချည်းသက်သက် လာခဲ့သည် မရှိပေ။ နံနက်ခင်းမှာဆိုလျှင် စားသောက်ဖွယ်တစ်မျိုးမျိုး ပါလာတတ်၏။ ညနေခင်းမှာတော့ ပန်းနံ့သာနှင့် အပ်စပ်သော အဖျော်များ။ ယုတ်စွအဆုံး သာမဏေငယ်များအတွက် အဆာပြေစေရန် တင်လဲခဲများ ပါလာတတ်ပေသည်။

ဤကဲ့သို့ လှူဒါန်းစရာမျိုးစုံဖြင့် လာတတ်သော ဝိသာခါသည် ထိုနေ့မှာတော့ လှူဖွယ်ပစ္စည်းများသာမကဘဲ အထုပ်တစ်ခုကိုပါ ယူလာခဲ့၏။ ယူလာသည်ဆိုသော်လည်း သူကိုယ်တိုင်တော့ မဟုတ်ပါ။ အတူပါလာသော ကျွန်မက သယ်လာရခြင်း ဖြစ်ပါသည်။

ပစ္စည်းအထုပ်အပေါ် ကျွန်မက ဂရုတစိုက်ရှိပုံ၊ လေးလေးတွဲ့တွဲ့ရှိနေပုံကို ထောက်၍ ဝိသာခါ ဝတ်နေကျ မဟာလတာ အဆင်တန်ဆာ ဖြစ်ပါလိမ့်မည်။ ပွဲလမ်းသဘင်တစ်ခုခု သွားမည်ပြုပြီးခါမှ မသွားဖြစ်ဘဲ ကျောင်းတော်ဆီသို့ လာခဲ့ဟန် တူပေသည်။ ခမ်းနားလွန်း၊ ထည်ဝါလွန်းသော အဆင်တန်ဆာဝတ်ဆင်လျက် ကျောင်းထဲဝင်ရန် မသင့်၍ ချွတ်၍ ထုတ်လာခဲ့ဟန် တူပေသည်။

ဝိသာခါသည် ဦးစွာပထမ ကျွန်ုပ်၏ရှေ့မှာ ဦးချအရိုအသေပြုပြီးမှ ဘုရားရှင်တော် ရှိတော်မူရာ ဂန္ဓကုဋီတိုက်ထဲ ဝင်သွားခဲ့၏။ ကျွန်ုပ်လည်း သံဃာ့ကိစ္စတစ်ခုခု ဆောင်ရွက်ရန် ထွက်လာခဲ့၏။ ဆောင်ရွက်ရန်ရှိသော ကိစ္စကို ကျေကုန်အောင် ဆောင်ရွက်ပြီးမှ ဘုရားရှင်ထံ ပြန်လာခဲ့ရာ စောင်းတန်းတစ်နေရာတွင် ရဟန်းများ ဝိုင်းအုံနေသည်ကို တွေ့ရ၏။ အများနည်းတူ ဝင်၍ ကြည့်လိုက်သော အခါတွင် ဝိသာခါ၏ ပစ္စည်းထုပ်ပါတကား။

ကာလတန်ဖိုးအားဖြင့်ကိုးကုဋေထိုက်သည်ဟု ဆိုကြသော ဤအဆင်တန်ဆာထုပ်ကို ပစ္စည်းရှင်ရော၊ ထိန်းသိမ်းသူရော မေ့ထားခဲ့ကြ၏။ ကျောင်းမှာရှိသော ရဟန်း သာမဏေအပေါင်းသည် ဝိသာခါအိမ်သို့ ဆွမ်းခံရောက်ကြသည်သာ ဖြစ်၏။ ဝိသာခါထံမှ ပစ္စည်းလေးပါးကို အလှူခံရဖူးသူချည်း ဖြစ်၏။ သို့အတွက် မိမိတို့ ဆွမ်းအမ၏ ပစ္စည်းကို မပျောက်မရှစေရန် ထိန်းသိမ်းလိုစိတ် ရှိကြပါ၏။ သို့ပါလျက် သည်ရတနာထုပ်ကို မည်သည့်ရဟန်းမျှ မတို့မထိရဲပါချေ။

ရတနာထုပ်ကိုမြင်သည်နှင့် ကျွန်ုပ်သည် ဟိုတစ်နေ့က ဇာတ်ကြောင်းတစ်ခုကို ပြေး၍ သတိရလိုက်၏။ ကျွန်ုပ်တို့ သီတင်းသုံးဖော် ရဟန်းတစ်ပါးသည် အစီရဝတီ

http://www.dhammadownload.com

မြစ်ထဲသို့ တစ်ပါးတည်းသွား၍ ရေချိုးခဲ့၏။ သူ့ရှေ့မှာ ပုဏ္ဏားတစ်ယောက်လည်း ရေချိုး၍ တက်သွား၏။ ရဟန်းသည် ရေချိုးပြီး၍ တက်လာသောအခါ ကမ်းပါးတစ်နေရာတွင် ငွေဒင်္ဂါးထုပ်ကို တွေ့လိုက်ရ၏။ ရဟန်းသည် ပုဏ္ဏားနှင့် အသိအကျွမ်းဖြစ်၍ မပြောက်ရစေလိုသော စေတနာဖြင့် ကောက်၍ယူလာခဲ့၏။ အတန်ကြာလျှင် ဥစ္စာရှင်ပုဏ္ဏားသည် ကပျာကယာပြန်လာကာ....

"အရှင်ဘုရား၊ ငွေထုပ်ကို တွေ့မိပါသလား"ဟု မေး၏။

"တွေ့ခဲ့ပါသည် ဒါယကာ။ ဟောသည်အထုပ်ပဲ မဟုတ်ပါလော"

ရဟန်းကလည်း ချက်ချင်းပင် သူ့ဥစ္စာကို ပြန်ပေးလိုက်၏။

ပုဏ္ဏားသည် အထုပ်ကို မြေပေါ်မှာ ဖြန့်ခင်းကာ ငွေဒင်္ဂါးများကို တစ်ပြားချင်း ရေတွက်ကြည့်၏။ ငွေဒင်္ဂါးပြား ငါးရာတိတိကို အပြည့်အစုံပြန်ရပါလျက်ပုဏ္ဏား၏ မျက်နှာကြည်ကြည်သာသာ ဖြစ်မလာဘဲ....

"အသင်ရဟန်း၊ တပည့်တော်၏ ငွေဒင်္ဂါးများသည် ငါးရာမဟုတ်။ တစ်ထောင် ဖြစ်သည်"

ပြောပြောဆိုဆို ရဟန်းကို ရိုက်မောင်း ပုတ်မောင်း ပြုတော့မည်ကဲ့သို့ ထ၍ ရပ်လိုက်၏။

"ပုဏ္ဏား၊ သင်ထားခဲ့သည့်အတိုင်းသာ ဖြစ်သည်။ သင့်ဥစ္စာထုပ်ကို ငါ ဖြေမကြည့်မိပေ"

စေတနာကြောင့် ဓေနုဖြစ်ရသော ရဟန်းမှာ ဤမျှသာ ဆိုနိုင်တော့သည်။ စေတနာနှင့် ဆောင်ရွက်ရသော ကိစ္စတစ်ခုအတွက် ပါရာဇိကအာပတ်ကြီးဖြင့် အခြိမ်းခြောက်ခံလိုက်ရသဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်ရရှာပေသည်။

"ရဟန်း၊ ကွယ်ရာမှာဖြစ်သည်ဟု သင်ဖုံးကွယ်၍ ရမည်လော။ သည်အိတ်ထဲမှာ အစက ငွေဒင်္ဂါး တစ်ထောင်တိတိ ရှိခဲ့သည်"

အကျိုးသင့် အကြောင်းသင့် ရှင်းပြသည်ကိုပင် ပုဏ္ဏားက လက်မခံပါချေ။ သူ့ဥစ္စာ တစ်ဝက်တိတိ လျော့နေကြောင်းကိုသာ ဇွတ်မှိတ်၍ ဆိုနေဘိ၏။

တကယ်တော့ဖြင့် သူ့အိတ်ထဲမှာ ငွေဒင်္ဂါး ငါးရာသာ ရှိခဲ့ပေသည်။ မေ့ထားခဲ့သော ငွေဒင်္ဂါး ငါးရာကို အပြည့်အစုံပြန်ရသဖြင့် ဒေါသဖြစ်စရာ မရှိပါ။ ဒေါသဖြစ်စရာ မရှိသော်လည်း လောဘက ဖြစ်နေနှင့်ပြီ။ မတရား လိုချင်သော လောဘဓောကြောင့် ဒေါသဖြစ်ဟန်ဆောင်လိုက်ရခြင်း ဖြစ်ပေသည်။

လူမှုဆက်ဆံရေးအရ ထုံးစံတစ်ခု ဖြစ်နေသည်မှာ တစ်စုံတစ်ယောက် မေ့လျော့ထားခဲ့သော ဥစ္စာကို ကောက်ယူသိမ်းဆည်းထားသူအား ဥစ္စာရှင်က ငွေတစ်ရာလျှင် ငါးကျပ်နှုန်း လက်ဆောင်ပြန်ပေးရ၏။ ယခု ရဟန်းကောက်ယူထား

http://www.dhammadownload.com

သည်မှာ ငါးရာဖြစ်၍ နှစ်ဆယ့်ငါးကျပ်တိတိ ပေးရန်ရှိ၏။ သို့သော် ရဟန်းက သည်ငွေကို ရစကောင်းသည် မအောက်မေ့ပါ။ ရဟန်းတစ်ပါးအဖို့ ရွှေငွေပစ္စည်း အလှူခံခွင့်လည်း မရှိပါ။ အသိအကျွမ်း၏ ပစ္စည်းမို့ စေတနာနှင့် ကောက်ယူသိမ်းဆည်းထားခြင်းသာ ဖြစ်၏။ သို့ပါလျက် ပုဏ္ဏားက ရဟန်း၏ စေတနာကို နားမလည်ပေ။ ပေးသင့်ပေးထိုက်သော ငွေနှစ်ဆယ့်ငါးကျပ် မပေးဘဲ နေနိုင်ရေးကိုသာ သူတွေး၏။ တွေးသည့်အတိုင်းလည်း ရဟန်းပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ခဲ့ပေသည်။

ကျေးဇူးရှင်ကို ကျေးစွပ်လိုက်သော ပုဏ္ဏားကို လူမှုရေးအရ အပြစ်တင်ထိုက်၏။ ထို့အတူပင် စေတနာကောင်းနှင့် ကောက်ယူသိမ်းဆည်းခဲ့သော ရဟန်းမှာလည်း အပြစ်တင် မလွတ်နိုင်ပါ။ ရဟန်းတို့နှင့် မအပ်စပ်သော ရတနာပစ္စည်းကို ကောက်ယူခဲ့သည်အတွက် ဘုရားရှင်ကိုယ်တော်တိုင်က သူ့ကို ရွှတ်ချ ပြစ်တင်တော်မူကာ....

"ရတနာ တစ်မျိုးမျိုးကိုလည်းကောင်း၊ ရတနာဟု သမုတ်ထားသော ပစ္စည်းကိုလည်းကောင်း တောင်းယူသော ရဟန်းအား ပါစိတ်အာပတ် သင့်စေ"

နောက်နောင်တွင် ဤလိုအဖြစ်မျိုးမကြုံစေရန် ရတနသိက္ခာပုဒ်ကို ထုတ်ပြန်တော် မူလိုက်ပေသည်။

ဤပစ္စည်းရှင် ဝိသာခါမှာ ယခင်ပုဏ္ဏားနှင့် တခြားစီဖြစ်ပါသည်။ ကျောင်းတော်မှာ မေ့ကျန်ထားခဲ့သော ဒါယကာ ဒါယိကာမများ၏ ပစ္စည်းတို့ကို ကျွန်ုပ်ပင် တာဝန်ယူ၍ ထိန်းသိမ်းပေးခဲ့သည်ကို ဝိသာခါလည်း သိပြီးဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကျောင်းတိုက်ထဲမှာ မေ့ကျန်ထားခဲ့၍လည်း ကျွန်ုပ်တို့မှာ တာဝန်ရှိနေ၏။ တာဝန်ရှိနေသည်ကို သိသော်လည်း ချထားပြီးသော အရံအတားကိုကား ကျွန်ုပ် မကျော်လွှားရဲပါ။ အခြား ရဟန်းများထဲမှလည်း ဖောက်ဖျက်ရဲသူပေါ်မလာပါ။ ပေါ်မလာ၍ သည်အတိုင်း ပစ်ထားရန်ကလည်း ခက်လှ၏။ ဝိသာခါသည် ကျွန်ုပ်တို့ အားလုံးအပေါ်မှာ မိခင်တမျှ ပြုစုစောင့်ရှောက်လာခဲ့သည် မဟုတ်ပါလား။

ဘေးကျပ် နံကျပ် ဖြစ်နေသော ဤအခြေအနေမှ လွတ်မြောက်ရန်ကား ရှေ့တော်မှောက်သို့ဝင်ရောက်မှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့အား လုံးဝင်ရောက်၍ လျှောက်ထားကြရာတွင် ဘုရားရှင်က မူလပညတ်တော်မှာ ထပ်ဆင့်၍ ပညတ်ပေးတော်မူပါသည်။ထပ်ဆင့်ပညတ်တော်ကြောင့် ကျောင်းတိုက်တာအတွင်းမှာ မေ့ကျန်ခဲ့သော ပစ္စည်းများကို ကျွန်ုပ်တို့ ကောက်ယူသိမ်းဆည်းခွင့်ရလာပေသည်။ နောင်အခါ အနာထပိဏ်သူဌေးကြီး၏ လုပ်သားကြီး မေ့ထားခဲ့သော ပစ္စည်းနှင့်

http://www.dhammadownload.com

ပတ်သက်၍ တည်းခိုရာဌာနအတွင်းက ပစ္စည်းများကိုလည်း သိမ်းဆည်းထားခွင့် ရလာပြန်ပေသည်။

(သုဒ္ဒပါစိတ်၊ ရတနသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ၊
ခမ္မဝဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု)

ခွင့်ပြုတော်မူချက်အရ ဆွမ်းအစ်မဝိသာခါ၏ပစ္စည်းထုပ်ကို ကျွန်ုပ်ကောက်ယူသိမ်းဆည်း ထားလိုက်ပါပြီ။ သို့ရာတွင် ဤမျှဖြင့် ကျွန်ုပ်တာဝန် မပြီးဆုံးသေးပါ။ ပစ္စည်းထုပ်ကို ပစ္စည်းရှင်ထံ အပ်နှံပြီးခါမှ တာဝန်ကုန်ဆုံးမည်ဖြစ်၏။ ကံကောင်းချင်တော့ ကျွန်ုပ် သိမ်းဆည်းထား၍ မကြာသေးမီမှာပင် ပစ္စည်းထိန်း အမျိုးသမီး ရောက်လာ၏။ လာကတည်းက ပစ္စည်းထုပ်အတွက်ဖြစ်ကြောင်းသိသဖြင့် ကျွန်ုပ်က ပစ္စည်းထားရာသို့ ညွှန်ပြလိုက်ရ၏။ သို့ရာတွင် အမျိုးသမီးက ပစ္စည်းထုပ်ကို မယူသေးဘဲ

"အရှင်ဘုရား၊ သခင်မ ဝိသာခါက မှာလိုက်ပါသည်။ ကျောင်းတော်မှာ မေ့ထားခဲ့သော မဟာလတာ အဆင်တန်ဆာကို အရှင်ဘုရားလက်တော်နှင့် သုံးသပ်မိလျှင် ပြန်မယူဘဲ လှူထားခဲ့ရန် ဖြစ်ပါသည် ဘုရား"

"ခက်လေစွ နမ၊ ခက်လေစွ"

ဝိသာခါ၏ စေတနာသဒ္ဓါတရားကို သာဓုခေါ်ရမည် ဖြစ်ပါလျက် ကျွန်ုပ်မှာ စိတ်လေးစွာ ရေရွတ်နေရ၏။ အမျိုးသမီးမှာလည်း သူ့သခင်မ မှာလိုက်သည်မှ လွဲ၍ လုပ်ပိုင်ခွင့် မရှိသဖြင့် လျှောက်ထားပြီးသည်နှင့် ပြန်သွားတော့၏။ သို့သော် တော်ပါသေးသည်။ ဝိသာခါက လွတ်လိုက်၍ပင် အမျိုးသမီး ပြန်ရောက်လာကာ....

"အရှင်ဘုရား၊ သည်ကဲ့သို့သော အဆင်တန်ဆာကို အရှင်ဘုရားတို့ သိမ်းဆည်းနေရလျှင် တာဝန်ကြီးတစ်ခု ဖြစ်နေပါလိမ့်မည်။ သို့ဖြစ်၍ ဤအဆင်တန်ဆာကို ရောင်းချပြီး သာသနာတော်မှာ အကျိုးများမည့် ကောင်းမှုတစ်ခုခု ပြုပါလိမ့်မည် ဘုရား"

သည်တစ်ခါတော့ ကျွန်ုပ် စိတ်အနှောင့်အယှက်ကင်းစွာ သာဓုခေါ်နိုင်လာပါပြီ။

ဤသို့ဖြင့် ပုဗ္ဗာရုံပြာသာဒ် ကျောင်းတော်ကြီးဆောက်လုပ်ရန် လုပ်ငန်းများ စတင်လာပါတော့သည်။ တကယ်တော့ဖြင့် ဝိသာခါသည် အနာထပိဏ်သူဌေးကဲ့သို့ ကျောင်းတိုက်တာကြီးတစ်ခု ဆောက်လုပ်၍ လှူဒါန်းရန် စိတ်ကူးရှိခဲ့ဖူးပေသည်။ သို့ရာတွင် တစ်ဖက်ကလည်း . ငယ်ရွယ်တုန်းမို့ ပွဲလမ်းသဘင်များသို့လည်း ရောက်ရသေး၏။ သူ့လို ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်အဖို့ ဖိတ်ကြားသူ

http://www.dhammadownload.com

တွေက များလှပါဘိ။ သွားစရာ ပွဲလမ်းတွေက ပေါလှပါဘိ။ ဤလို မေ့တစ်ခါ ပေါ်တစ်လှည့် ဖြစ်နေဆဲတွင် ကျောင်းတော်မှာ အဆင်တန်ဆာ မေ့ကျန်ခဲ့ခြင်းက သူ့စိတ်ကို အပြီးအပိုင် အဆုံးအဖြတ်ပေးလိုက်ဟန် တူပါသည်။

ဤသို့ဖြင့် သံဃာတော်ပေါင်း တစ်ထောင်ကျော် နေထိုင်နိုင်သော ကျောင်းတိုက်တာကြီးသည် ကိုးလအကြာတွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါကြီး ပြီးစီး၍ ကျောင်းတင်ပွဲကြီး ခြိမ့်ခြိမ့်သည်းမျှ ကျင်းပကြပေသည်။

(စမ္မပဒ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု)

**

http://www.dhammadownload.com

အပြင်အပက ရဟန်းများ

ပုဗ္ဗာရုံကျောင်းတင်ပွဲကြီး ပြီးစီးသည့်နောက် သည်ကျောင်းတော်မှာဟောကြားခဲ့သော ဒေသနာတစ်ပုဒ်ကို အမှတ်တရ ဖော်ပြရပါဦးမည်။

ပုဗ္ဗာရုံကျောင်းတိုက်ထဲက အဓိကရ အဆောက်အအုံမှာ အခန်းပေါင်း မြောက်မြားစွာ ဖွဲ့စည်းထားသော နှစ်ထပ် ပြာသာဒ် ကျောင်းတော်ကြီး ဖြစ်၏။ ထိုကျောင်းတော်ကြီး၏ အချက်အချာ အကျဆုံးသောနေရာတွင် ဘုရားရှင်၏ ဂန္ဓကုဋိတိုက်ခန်းရှိ၏။ ထိုတိုက်ခန်း၏ ယာဘက်၊ ဝဲဘက်ခန်းများကား အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်တို့ သီတင်းသုံးရာ ဖြစ်ပေသည်။

ပုဗ္ဗာရုံ ကျောင်းတိုက်တာကြီးတစ်ခုလုံးကို ခြုံ၍ အပြင်တံတိုင်းခတ်ထားသကဲ့သို့ ထိုပြာသာဒ်ကျောင်းတော်ကြီးကိုလည်း တံတိုင်းခတ်ထား၏။ လေးဘက်လေးတန်မှာ တံခါးမုခ်များ တပ်ဆင်ထား၏။

ထိုညနေက ဘုရားရှင်သည် အရှေ့ဘက် တံခါးမုခ်၏ အပြင်ဘက် ညောင်စောင်းပေါ်မှာ သီတင်းသုံးတော်မူခဲ့၏။ ကျောင်းတော်ရိပ်မဟာ သက်သောင့်သက်သာ သီတင်းသုံးတော်မူခိုက်တွင် ပဿေနဒီကောသလမင်းကြီး ရောက်လာခဲ့၏။ ရှေ့တော်မှောက်တွင် ရိုသေစွာ ရှိခိုးကန်တော့၍ မိမိနေရာမှာ ထိုင်မိပြီးသည့်နောက် ကောသလမင်းကြီး၏ မျက်နှာသည် အရှေ့ဘက် ကျောင်းဝင်းတံခါးပေါက်ဆီသို့ ရှေးရှုသွား၏။ ကောသလမင်းကြီး မျက်နှာမူရာသို့ ကျွန်ုပ်တို့ပါ လိုက်၍ ကြည့်မိသောအခါ ပြိုးချင်စရာကောင်းသော မြင်ကွင်းကို မြင်ကြရပေသည်။

အိမ်ထောင်သားမွေး ခြနှယ်မြွေးသော ဘုံဘဝထဲမှ အလွတ်အကျွတ်ရုန်းထွက်လာခဲ့သော ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် ပဗ္ဗဇိတ အနွယ်ဝင်တို့ဖြစ်ကြ၏။ ကိုယ်ပိုင်ဥစ္စာ လယ်ယာချောင်းမြောင်းမရှိဘဲ ဒါယကာ ဒါယကာမတို့က သဒ္ဓါကြည်ဖြူ ပေးလှူသမျှဖြင့် အသက်မွေးမြူနေသူများ ဖြစ်ကြ၏။ သားမယား အိုးအိမ် ဟူ၍ မရှိဘဲ ရပ်တကာ နယ်တကာ လှည့်လည် ဟောပြောနေသူတို့ ဖြစ်ကြ၏။

http://www.dhammadownload.com

သံသရာဝဋ်မှ လွတ်ရာလွတ်ကြောင်း တရားဟောင်းပင် မဟုတ်စေကာမူ မိမိယုံကြည်ရာကို စိုက်လိုက်မတ်တတ် ကျင့်သုံးလာခဲ့သော သူတို့၏ ဇွဲသတ္တိသည် ချီးမွမ်းစရာဖြစ်ပါပေသည်။

သို့ပါလျက် သူတို့ကိုမြင်လိုက်တိုင်း ကျွန်ုပ်တို့မှာ ချီးမွမ်းဖို့ထက် ပြုံးဖို့ကို ဦးစားပေးမိကြ၏။ သူတို့၏ အသွင်အပြင်နှင့် သူတို့၏ နေပုံထိုင်ပုံတို့ကလည်း ပြုံးချင်စရာ ကောင်းပါဘိ။

ကိုယ်တော်မြတ်၏ သပ္ပာယ်ပုံကဖြင့် မျိုးစုံလှပါပေသည်။ ဆံကေသာက လက်လေးသစ်၊ မုတ်ဆိတ် ဗရပျစ်။ ဝတ်ရုံထားသည့် သင်္ကန်းကြီးများကလည်း မည်းနိုင်သမျှ မည်းကြပါ၏။ ညစ်နိုင်သမျှ ညစ်ကြပါ၏။ မည်းညစ်ညစ် သင်္ကန်းကြီးများကြား၌ နိကြောင်ကြောင် အဆင်းဖြင့် ဖွာလန်ကြဲကာ ပေါ်ထွက်နေသည်ကား ချိုင်းမွေးကြိုးများ ဖြစ်ပါ၏။ ခြေသည်း လက်သည်းကြိုးများကလည်း ကြက်ခြေထောက်နှင့် အပြိုင်အဆိုင်။ ကိုယ်ပေါ်က ချေးများကိုပင် ရေချိုး၍ သုတ်သင်လေ့မရှိသော ကိုယ်တော်ကြိုးများအဖို့ သွားမတိုက်သည့်အတွက် အပြစ်တင်ရန် မရှိပါ။ ကိုယ်ပေါ်မှာရော၊ သွားပေါ်မှာရော အညစ်အကြေး ထူနိုင်သလောက်ထူပါမှ တကယ့်သူတော်စင် စာရင်းဝင်နိုင်သော ဟူ၏။

ကျွန်ုပ်တို့ဘက်က အကြည့်ရ အမြင်ရ ဆိုးနေသော်လည်း သူတို့ဘက်ကတော့ ဤလိုနေနိုင်လေ ဂုဏ်ရှိလေပင်။ တကယ်တော့ဖြင့် သူတို့၏ စေတနာရင်းမှာလည်း ဆိုးရွားသည်တော့ မဟုတ်ပါ။ ရေမချိုးဘဲ၊ သန့်ရှင်းရေး မလုပ်ဘဲ နေကြသည်မှာ ပိုးမွှားများကို သနားသောစိတ်ဖြစ်၏။ ကိုယ်ခန္ဓာပေါ်မှာ အိမ်ခြေရာခြေတည်ကာ သားစဉ်မြေးဆက် နေလာကြသော ပိုးမွှားများကို မနှိပ်စက်လို၍ မဖျက်ဆီးလို၍ ဖြစ်၏။ မူရင်းစေတနာကောင်းပါလျက်စေတနာနောက်မှာ ဉာဏ်ပညာကပ်လျက်မပါကြသဖြင့် ညစ်တီးညစ်ပတ် ဖြစ်နေကြရရှာပေသည်။ ပိုးမွှားများကို မနှိပ်စက်လိုမှုကြောင့် ကိုယ့်ကိုယ်ကို နှိပ်စက်သည့် တစ်ဖက်စွန်းသို့ ရောက်မှန်းမသိ ရောက်နေကြရရှာပေသည်။

မည်းလှစွာသော ညစ်လှစွာသော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ရသေ့များသည် ပုပ္ပာရုံ ကျောင်းဝင်းဝမှ အစုလိုက်အပြုံလိုက် ဖြတ်ကျော်သွားကြ၏။ သူတို့နောက်မှာ နိဂဏ္ဌများ၊ ကိုယ်တုံးလုံး ကိုယ်တော်များ၊ ခါးဝတ်တစ်ထည်သာ ဝတ်ဆင်သော ကိုယ်တော်များ၊ ပရိဗိုဇ်များသည် ကိုယ့်အစုနှင့်ကိုယ် အစဉ်မပျက် လိုက်ပါလာကြ၏။ တစ်စုတစ်စုလျှင် ခုနစ်ပါးစီ ခုနစ်ပါးစီ ပါလာကြပေသည်။ ထိုင်ခုံငယ်၊ သုံးခွတောင်ဝှေး၊ ဥဒေါင်းတောင်၊ မြေသပိတ်၊ အိတ်ငယ်၊ ရေကရား စသော သူတို့၏ ပရိက္ခရာများသည်လည်း ထမ်းပိုးမှာ တိုးလို့တွဲလောင်း ချိတ်ဆွဲလျက် ပါလာကြပေသည်။

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့အဖို့ ပြုံးရုံသာ ဖြစ်ကြ၏။ သို့သော် ပဿနဒီကောလသမင်းကြီးကား ကျွန်ုပ်တို့လို မပြုံးနိုင်ပါ။ ထိုပုဂ္ဂိုလ်များသည် သူ့အဖို့ပြုံးစရာရယ်စရာ မဟုတ်။ ရိုသေမြတ်နိုး ရှိခိုးအပ်သော ပုဂ္ဂိုလ်များ ဖြစ်နေပေသည်။ ထို့ကြောင့်ပင် ကျောင်းဝင်း တံခါးအနီးထိ လျှောက်သွားကာ ယာဘက်ခူးဖြင့် မြေမှာထောက်လျက် လက်အုပ်ချီမိုး ရှိခိုးကာ....

"အရှင်ဘုရားတို့၊ တပည့်တော်သည် ပဿေနဒီ ကောသလမင်းကြီး ဖြစ်ပါသည် ဘုရား"

သုံးကြိမ်တိုင်တိုင် လျှောက်ထားလိုက်၏။ သည်တွင် မကသေးဘဲ ဘုရားရှင့် ရှေ့တော်မှောက်မှာလည်း....

"အရှင်ဘုရား၊ လောကမှာရှိကြသော ရဟန္တာနှင့် အရဟတ္တမဂ်ရောက်ဆဲ ပုဂ္ဂိုလ်တို့တွင် ထိုပုဂ္ဂိုလ်တို့လည်း အပါအဝင် ဖြစ်ပါသည်ဘုရား"

သူ့ကိုယ်တော်များကို အားပါးတရ ချီးကျူးလိုက်ပါသေးသည်။

ရုတ်တရက်အားဖြင့် ကျွန်ုပ် မင်တက်မိ၍ သွားရပါသည်။ လုံးဝ မျှော်လင့်မထားသော အပြုအမူကို မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားရပါသည်။

ဘုရားရှင်နှင့် စတင်တွေ့ဆုံစဉ်က ကောသလမင်းကြီးသည် ပူရဏကဿပစသော ဆရာကြီးခြောက်ဦး၏ အကြောင်းကို စကားစပ်၍ လျှောက်ထားခဲ့ဖူး၏။ ထိုဆရာကြီးများသည် ဘုရားရှင်ထက် အသက်ရော သိက္ခာပါကြီးကြ၏။ တပည့်ပရိသတ် တောင့်တင်းလှ၏။ "ထိုဆရာကြီးများက မိမိကိုယ်ကို ဘုရားဟု ဝန်မခံကြပါဘဲလျက် ငယ်ရွယ်သူဖြစ်သော အရှင်ဘုရားက ဘုရားဟု ဝန်ခံပါသလော" ဟု လျှောက်ထားခဲ့၏။

တပည့်ပရိသတ် မြောက်မြားစွာဖြင့် အရှိန်အဝါကြီးလှသော ဆရာကြီးခြောက်ဦးက ဘုရားဟု ဝန်မခံရဲကြသည်ကို သိပြီးဖြစ်ပါလျက် အရှိန်အဝါမရှိသော ထိုပုဂ္ဂိုလ်များကိုမှ ကောသလမင်းကြီးက ရဟန္တာများဟု လျှောက်လာပြန်၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့သည် မိမိတို့နိုင်ငံမှာ ရှိကြသော ဘာသာရေးအဖွဲ့အစည်း အမျိုးမျိုးတို့ကို စောင့်ရှောက်အားပေးရစမြဲ ဖြစ်၏။ ထိုပုဂ္ဂိုလ်တို့ဆိုသွား၍ ရှိခိုးပူဇော်ခြင်းမှာ ဤသို့သော တာဝန်ဝတ္တရားအရ ဖြစ်ကောင်း ဖြစ်ပေမည်။ သို့သော် ဘုရားရှင်၏ ရှေ့တော်မှာ ထိုပုဂ္ဂိုလ်များကို ချီးကျူးထောမနာပြုလိုက်ခြင်းကား အဘယ်ရည်ရွယ်ချက်ကြောင့်ပါနည်း။

ထူးခြားလှသော အပြုအမူကြောင့် ကျွန်ုပ် အတွေးရကျပ်နေဆဲတွင် ဘုရားရှင်က ကောသလမင်းကြီး၏ လျှောက်ထားချက်ကို ငြိမ်သက်စွာနားဆင်တော်မူပြီးခါမှ တည်ငြိမ်လှစွာသော အသံတော်ဖြင့် ပြန်လည်မိန့်ကြားတော်မူပေသည်။

http://www.dhammadownload.com

"မင်းကြီး၊ သင်တို့လို အိမ်ထောင်သားမွေး ခြနယ်မြေးနေသူတို့အဖို့ ရဟန္တာပုဂ္ဂိုလ် ဟုတ် မဟုတ်ကို သိနိုင်ရန် မလွယ်ပေ"

ထူးခြားလှသော အပြုအမူကြောင့် ကျွန်ုပ်၏ ရင်ထဲမှာ အတွေးများစွာ ယောက်ယက်ခတ်နေဆဲတွင် တည်ငြိမ်လှစွာသော အသံတော် ပေါ်ထွက်လာခဲ့၏။ တည်ငြိမ်လှစွာသော အသံတော်က ဆက်လက်၍....

"မင်းကြီး၊ အကျင့်သီလ ရှိမရှိကို ပေါင်းသင်းဆက်ဆံကြည့်မှ သိနိုင်၏။ သီလစင်ကြယ် မစင်ကြယ်ကို ရှေ့စကားနှင့် နောက်စကား ညီညွတ်မှု ရှိ မရှိကို ထောက်ချင့်၍ သိနိုင်၏။ ဉာဏခွန်အား ရှိ မရှိကို ဘေးအန္တရာယ်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင် မစွမ်းဆောင်နိုင်ကိုကြည့်၍သိနိုင်၏။ လောကုတ္တရာအသိဉာဏ် ရှိ မရှိကို ဆွေးနွေး မေးမြန်းကြည့်၍ သိနိုင်၏။ ဉာဏ်ပညာ မပြည့်ဝလျှင် မသိနိုင်ပေ"

တည်ငြိမ်သော အသံတော်အဆုံးဝယ် ကောသလမင်းကြီး၏ ကောင်းချီးပေးသံများ ထွက်၍ပေါ်လာ၏။ သူ့မျက်နှာကြီးသည်လည်း မိုးဆမ်းပန်းသို့ လန်းဆန်းလျက် ရှိနေ၏။ စိတ်ရောကိုယ်ပါ လန်းဆန်းနေသော ကောသလမင်းကြီးသည် ရထားပေါ်ရောက်သည်တွင်လည်း ဘုရားရှင်ရှိရာသို့ လှမ်း၍ လက်အုပ်ချီလိုက်ပါသေးသည်။

အခြားသော ဂိုဏ်းဂဏများအပေါ် မနာလို ဝန်တိုစိတ် မရှိခြင်းသည် အပြုံးပန်းကို ရေဖျန်း၍ ပေးလိုက်ပါလိမ့်မည်။ အခြားသော သမဏဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ကို ထိပါးပုတ်ခတ်မှု မရှိခြင်းသည် ကောသလမင်းကြီး၏ လက်အုပ်ကြာပဒုံထဲမှာ ပါဝင်ပေလိမ့်မည်။ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြောင်းကို အတွင်းကျကျ မသိရသေးဘဲ အကြည်ညိုစောလျှင် မှားယွင်းတတ်သော သဘောကိုသာ ဟောပြတော်မူလိုက်သဖြင့် ကောသလမင်းကြီး နှစ်ခြိုက်ကျေနပ်သွားခြင်း ဖြစ်ပါလိမ့်မည်။

ယခုတော့ ကျွန်ုပ် သဘောပေါက်သွားပါပြီ။ ကျွန်ုပ် ရင်ထဲက အတွေးဂယက်များ ငြိမ်သက်၍ သွားကြပါပြီ။ တကယ်တော့ဖြင့် ကောသလမင်းကြီးက ဘုရားရှင်ရှေ့တော်မှောက်၌ လျှောက်ထားခဲ့ခြင်းသည် ရှင်တော်မြတ်၏ စိတ်အလိုကို စမ်းကြည့်ခြင်းသာ ပါတကား။

(သဂါထာဝဂ်၊ ကောသလသံယုတ်၊ သတ္တဇဋိလသုတ်
ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

နိဂဏ္ဌ ဆရာ တပည့်များ

ဆရာကြီးခြောက်ဦးတို့သည် ကောသလမင်းကြီးရှေ့မှာ ဘုရားဟု ဝန်မခံခဲ့ကြဟု ဆို၏။ အဘယ့်ကြောင့် ဝန်မခံသည်ကိုမူ သူတို့ကိုယ်တိုင်မှ တိတိကျကျ သိကြပေလိမ့်မည်။ သို့ရာတွင် သူတို့၏ သာဝကများသည်ကား ဤသို့ ဝန်မခံဘူးဆိုကာ မျှဖြင့် သူတို့ဆရာကြီးများအပေါ် ဝယ် ကြည်ညိုကိုးစားမှု လျော့ပါး မသွားခဲ့ပါ။ ဤကိစ္စနှင့် ပတ်သက်၍ သူတို့ ဆရာကြီးများ၏ ဖြေရှင်းချက်က အရန်သင့် ရှိနေပါပြီ။

"တပည့်တို့၊ ငါတို့က ဘုရားဟု ဝန်ခံလိုက်လျှင် ကောသလမင်းကြီးသည် ဘုရားနှင့်ဆိုင်သော ပြဿနာတို့ကို မေးပေလိမ့်မည်။ မေးလာသော ပြဿနာကို ငါတို့က ဘုရားဉာဏ်ဖြင့် ဖြေဆိုသော်လည်း မင်းကြီး နားလည်မည် မဟုတ်ပေ။ သူ့ဘာသာ ဉာဏ်မမီ၍ နားမလည်ရာမှ ငါတို့အပေါ် စိတ်ပြစ်မှား၍ လာပေလိမ့်မည်။ သည်အခါတွင် မင်းကြီးမှာ အကုသိုလ်များစွာ ဖြစ်ရှာပေလိမ့်မည်။ ဤသို့ မင်းကြီးအပေါ် သနားကြင်နာ၍ပင် ငါတို့က အဖြေမပေးခဲ့ကြခြင်း ဖြစ်ပေသည်"

နဂိုကတည်းက ကြည်ညိုရင်း၊ လေးစားရင်း ရှိပြီးဖြစ်သော တပည့် ပရိသတ်သည် ဤဖြေရှင်းချက်ကို ခွင့်ချက်မရှိ လက်ခံကြ၏။ သူတို့ဆရာကြီး များ၏ စကားကို လုံးဝဥဿုံ ယုံကြည်ကြ၏။ ထို့ကြောင့် ပရိသတ် အသီးသီးသည် သိုက်သိုက်ဝန်းဝန်း ရှိမြဲရှိနေကြပေသည်။ ကိုယ့်ဘုရားနှင့်ကိုယ်၊ ကိုယ့်တရားနှင့်ကိုယ် ကြည်ညိုဆည်းကပ်လျက် နေကြပေသည်။

(သဂါထာဝဂ်၊ ကောသလသံယုတ်၊ ဒဟရသုတ် အဋ္ဌကထာ)

တရားအမြင် စင်ကြယ်သည် မစင်ကြယ်သည်ကို တစ်ပိုင်းထား၍ကြည့်သော် ထိုဆရာကြီးတို့သည်လည်း ကျွန်ုပ်တို့လိုပင် ပဗ္ဗဇိတအနွယ်ဝင်များပင် ဖြစ်၏။ အိုးအိမ်ထောင် မရှိ။ လယ်ယာခြောင်းမြောင်း မရှိ။ မိမိတို့နှင့် မကွဲမကွာအတူပါ လာသော ပရိက္ခရာတို့ဖြင့် အတိုင်းတိုင်း အပြည်ပြည် လျှောက်သွားနေကြ၏။

http://www.dhammadownload.com

ရပ်တကာ ရွာတကာ လှည့်လည်နေကြ၏။ ရောက်လေရာအရပ်တွင် လက်သုံး ဟောမြဲထုံး တရားကို ဟောကြားကြ၏။ အယူအဆ မတူမျှသူချင်း ဆုံမိကြသောအခါ အချင်းချင်း နှိုးနှောကြည့်ကြ၏။ မတူညီသော ဝါဒများကို ညှိနှိုင်း၍ ကြည့်ကြ၏။ သူ့ဘက် ကိုယ့်ဘက် အလျှော့အတင်း လုပ်ကြည့်ကြ၏။ ဤသို့ လုပ်ကြည့်ရာမှ နှစ်ဂိုဏ်းက တစ်ဂိုဏ်းတည်း ပူးပေါင်းသွားတတ်၏။ သို့သော် ဤအဖြစ်မျိုးမှာ ရှားပါးလှ၍ တရားဆွေးနွေးရာမှ ငြင်းခုံပွဲကြီး ဖြစ်ရသည်က များပေသည်။ ဘယ်သူ့ဘက်မှ အလျှော့မပေးနိုင်ကြ၍ ဖြစ်ပေသည်။

မပြီးနိုင်မဆုံးနိုင်သော ဝါဒစစ်ပွဲများကို သားစဉ်မြေးဆက် ဆင်နွှဲလာခဲ့ကြသော ပုဂ္ဂိုလ်များသည် သာသနာတော်ကြီး ပေါ်ထွန်းလာပြီးသည့်နောက်တွင် ကျွန်ုပ်တို့ ဘက်သို့ မျက်နှာမူလာကြ၏။ သူတို့ထက် အသက်ရော သိက္ခာပါ ငယ်သေး နုသေးပါလျက် သူတို့၏ အရှိန်အဝါကို ကျော်လွှားသွားသော ဘုရားရှင်အား သူတို့၏ အဓိကပြိုင်ဘက်အဖြစ် သဘောထားလာကြ၏။ ဝါဒချင်းပြိုင်၍ အနိုင်ယူရန် ကြိုးစားလာကြ၏။ သို့ရာတွင် ထိုခေါင်းဆောင် ဆရာကြီးများ ကိုယ်တိုင်ကား ဘုရားရှင်နှင့်လာ၍ မတွေ့ဆုံကြပါ။ ကိုယ့်အကြောင်းနှင့်ကိုယ် ခပ်ခွာခွာနေကြသူများ ထံသို့ဘုရားရှင်ကလည်း ကြွသွားတော်မမူပါ။ သို့ရာတွင် သူတို့နှင့် ကျွန်ုပ်တို့ကြားဝယ် အဆက်အသွယ် ပြတ်သည်ဟုကား မရှိပါ။ မြေချင်းဆက်၍ ရေချင်းဆက်နေသော ဤမဇ္ဈိမဒေသဝယ် ဝါဒရှင်များအချင်းချင်း တစ်နည်းနည်းနှင့် ဆက်သွယ်နေကြ သည်သာ ဖြစ်ပေသည်။

'ဘုရား'ဟူသော ဘွဲ့နာမ်ဖြင့် ထင်ရှားကျော်ကြားသော ဆရာကြီးခြောက်ဦး အနက် ကျွန်ုပ်တို့နှင့် အဆက်အသွယ်အများဆုံးမှာ နိဂဏ္ဌ ဆရာကြီးဖြစ်၏။ ကျွန်ုပ်တို့ နှစ်ဘက်ကြား တံတားခင်းပေးသူတစ်ဦးကား လိစ္ဆဝီအမျိုးသား အဘယ ဖြစ်၏။ သို့သော် အဘယသည် ကျွန်ုပ်တို့ ဘက်သား မဟုတ်။ နိဂဏ္ဌ ဆရာကြီး၏ တပည့်တစ်ဦး ဖြစ်၏။

သူတို့ဘက်က ကြည့်သော် ကျွန်ုပ်၏ နောင်တော်မြတ်သည် 'နောက်မှ ပေါ်ထင် ရွှေကြာပင်' ဖြစ်နေပါလိမ့်မည်။ အရှိန်အဟုန်နှင့် ထင်ပေါ်လာသည့် ရွှေကြာပင်ကို ဝါရင့်သမ္ဘာရင့် တရားဆရာကြီး နိဂဏ္ဌက ဝါဒချင်းပြိုင်၍ အနိုင်ယူချင်ပါလိမ့်မည်။ ကျွန်ုပ်တို့ ကျောင်းသို့ အဘယ ထူးထူးခြားခြား ရောက်လာခြင်းသည် ဤသို့သော ခြေလှမ်းများ၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါလိမ့်မည်။

သူနှင့် အတူပါလာသော ပဏ္ဍိတမင်းသားကား ကျွန်ုပ်တို့ သာသနာမှာ သက်ဝင်သူ ဖြစ်၏။ ယုံကြည်မှုချင်း မတူကြသော်လည်း သူငယ်ချင်းတို့၏ ချစ်ခြင်း မေတ္တာကား ဆက်လက်ရှင်သန်လျက်သာ ရှိ၏။ ထို့ကြောင့်ပင် အဘယ

http://www.dhammadownload.com

ကျွန်ုပ်တို့ ကျောင်းတော်သို့လာရာတွင် ရှေ့ဆောင်ရှေ့ရွက် ပြုလာခဲ့ခြင်းဖြစ်၏။ တစ်ဖက်သို့ တိမ်းညွတ်နေသော သူ့သူငယ်ချင်းသည် ကျွန်ုပ်တို့နှင့် တွေ့ဆုံပြီး သည်ဘက်သို့ ပြန်လာပါမည်ဟု မျှော်လင့်ထားသလား မဆိုနိုင်ပါ။

မည်သို့ပင် ဖြစ်စေ၊ အဘယသည် ကျွန်ုပ် ရှေ့မှောက်တွင် သူ့သူငယ်ချင်းနည်းတူ ရှိခိုးဖော်ကား ရပါ၏။ လူမှုဆက်ဆံရေးတွင် လိမ္မာယဉ်ကျေးသူဖြစ်သည့် အတိုင်း သူမေးလိုရာ ပြဿနာကို လိမ္မာယဉ်ကျေးစွာပင် မေးလျှောက်ပါပေသည်။

"အရှင်ဘုရား၊ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် ကြွင်းမဲ့ညဿဲ့ အလုံးစုံကို သိမြင်နိုင်သော သဗ္ဗညုပုဂ္ဂိုလ်ဟူ၍ ဝန်ခံပါသည်။ သွား, ရပ်, အိပ်, နိုး အမျိုးမျိုးသော အချိန်တို့တွင် အစဉ်အမြဲ သိလျက် မြင်လျက်သာ ရှိနေသည်ဟုဆိုပါသည်။ ထိုဆရာကြီး၏ ဝါဒမှာ ဤသို့ ဖြစ်ပါသည်။ ဘဝ ဘဝကပါလာသော ကံတို့ကင်းစင်သွားစေရန် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော အကျင့်ကိုကျင့်ကြရပါသည်။ အသစ် အသစ်သော ကံတို့ကိုလည်း မပြုပါ။ ဤသို့အားဖြင့် ကံကုန်သောကြောင့် ဒုက္ခကုန်ပါသည်။ ဒုက္ခကုန်သောကြောင့် ဝေဒနာကုန်ပါသည်။ ဝေဒနာကုန်လျှင် ဒုက္ခဟူသမျှ ကုန်ဆုံးပါလိမ့်မည်။ ဤသည်လျှင် ဆင်းရဲဒုက္ခဟူသမျှမှ လွတ်မြောက်စေကြောင်း အကျင့်ကောင်းဖြစ်သည်ဟု ဟောကြားပါသည်။ ဤသို့သောအကျင့်နှင့် ပတ်သက်၍ ဘုရားရှင်သည် မည်သို့ မိန့်တော်မူပါသလဲ ဘုရား"

(အင်္ဂုတ္တရ၊ တိကနိပါတ်၊ အာနန္ဒဝဂ်၊ နိဂဏ္ဌသုတ်)

အဘယ၏ လျှောက်ထားသံကို နာခံရင်း ကျွန်ုပ်သည် သဗ္ဗညုပုဂ္ဂိုလ်ဆိုသော နိဂဏ္ဌဆရာကြီး၏ ဖြစ်အင်ကို ပြေးမြင်လိုက်မိ၏။ ကြွင်းမဲ့ညဿဲ့ အလုံးစုံကို သိပါသည်ဆိုသော ထိုဆရာကြီးသည် လူမရှိသော အိမ်ကိုလည်း ဆွမ်းခံဝင်ခဲ့ဖူး၏။ လူရှိပါလျက် ဆွမ်းမရခဲ့သည်လည်း ရှိ၏။ ခွေးကိုက်ခံရသည့်အခါလည်း ရှိ၏။ ကြမ်းတမ်းလှသော ဆင်များ၊ မြင်းများ နွားများနှင့်လည်း လမ်းမှာ ဆုံရဖူး၏။ ယောကျ်ား မိန်းမတို့၏ အမျိုးအမည်ကိုလည်း မေးကြည့်ရ၏။ ရွာနာမည်နှင့် လမ်းတို့ကိုလည်း မေးကြည့်မှ သိရ၏။ သဗ္ဗညုပုဂ္ဂိုလ်ကြီးဖြစ်ပါလျက် အဘယ့်ကြောင့် ဤသို့ ဖြစ်ရပါသနည်းဟု မေးကြည့်သောအခါ "ဤသို့ မလွဲမသွေဖြစ်ကိန်းကြုံနေရ၍ ဖြစ်ရပါသည်"ဟု သူက ဖြေကြားပေသည်။

(မချိမပဏ္ဏာသ၊ သန္ဓကသုတ်)

သူ့အဆိုနှင့် သူ့ဝန်ခံချက် မဟပ်ပုံကို တွေး၍ ပြုံးချင်ချင် ဖြစ်မိသော်လည်း သူ၏ ရည်ရွယ်ချက်ကိုကား ပြက်ရယ်မပြုနိုင်ပါ။ အခြားသော အချက်များသည် ကျွန်ုပ်တို့ သာသနာတော်ကြီးနှင့် မနီးစပ်သော်လည်း မကောင်းမှုကို ပယ်စွန့်ခြင်း ဟူသော အချက်တစ်ခုမှာကား သာသနာတော်ကြီးနှင့် လာ၍ ဟပ်မိနေပေသည်။

http://www.dhammadownload.com

ကောင်းပါပြီ။ သာသနာတော်ကြီးနှင့် မဟပ်မိသော အချက်များကို အမှားစာရင်းသွင်းပြီးပါလျက် သာသနာတော်ကြီးနှင့် ဟပ်မိနေသော ဤတစ်ချက်ကိုပါ အဘယ်ကြောင့် အမှားစာရင်းထဲ ထည့်ရပြန်ပါသနည်း။ ဤသို့မေးလာသူရှိပါက ကျွန်ုပ်မှာ ဖြေရန် အသင့်ရှိနေပါသည်။ ရည်ရွယ်ချက် မှန်ခြားသော်လည်း ကျင့်သုံးပုံ မမှန်သောကြောင့် ဖြစ်ပေသည်။ ကျင့်သုံးပုံ မမှန်ခြင်းမှာလည်း အသိအမြင် မသန့်ရှင်းသောကြောင့် ဖြစ်ပေသည်။

သူတို့ ရည်ရွယ်ချက်မှာ မကောင်းမှုကို ပယ်စွန့်ရန် ဖြစ်ပါ၏။ သို့ရာတွင် သူတို့မှာ အကုသိုလ်ကို ဓမ္မသန့်သန့် အဖြစ်ဖြင့် မသိမမြင်နိုင်ကြပေ။ သတ္တဇဝမနော တရားသဘောသက်သက်မျှသာပါကလားဟု သဘောမပေါက်ကြပေ။ ပိုင်သူဆိုင်သူ အတ္တဟူ၍ မြဲမြံမရှိသော၊ ပြုသူမရှိ၍ ပြုခြင်းကြိယာ သက်သက်မျှသာဖြစ်သော တရားပါကလားဟု မခံယူနိုင်ကြပေ။

ဤသို့ မခံယူနိုင်ကြ၍ပင် ပြုခြင်းကြိယာ သက်သက်မျှသာဖြစ်သော အကုသိုလ်တရားအပေါ်မှာ ပြုသူကိုဖန်တီးကြ၏။ ပိုင်သူဆိုင်သူအတ္တဟူ၍ မြဲမြံမရှိသော အနတ္တတရားအပေါ်ဝယ် အတ္တအယူဖြင့် ပိုင်သူဆိုင်သူ လုပ်လာကြ၏။ သတ္တဇဝမနော တရားသဘောသက်သက်မျှ အပေါ်ဝယ် သတ္တတွေ ဇဝတွေ သယ်ယူလာကြ၏။ ဤသို့ဖြင့် 'ငါပြုသော' 'ငါပိုင်သော' အကုသိုလ်ကို ပယ်စွန့်ရန် ပင်ပန်းဆင်းရဲသော အကျင့်မျိုးစုံကို ကျင့်ကြရ၏။ အကုသိုလ်မျိုးစုံကို ပြုခဲ့ပြီး ယခုထက်တိုင် အသက်ရှင်နေသော၊ နောက်နောင်လည်း ရှင်နေဦးမည်ဖြစ်သော သတ္တဇဝကို အမျိုးမျိုးအဖုံဖုံ ဒဏ်ခတ်ကြရ၏။ သူတို့က တရားခံအဖြစ်ဖြင့် သတ္တဇဝကို သည်းကြီးမည်းကြီး ဒဏ်ခတ်ကြသော်လည်း ဒဏ်ခတ်စရာသတ္တဇဝကား မရှိပေ။ မရှိသော သတ္တဇဝကိုယ်စား ဒဏ်ခတ် ခံနေရသည်ကား ဝိပါကဝဋ်ခန္ဓာကြီးသာတည်း။ အကုသိုလ်မဟုတ်သော အဗျာကတ ခန္ဓာကြီးသာတည်း။

အကုသိုလ်ကို ပယ်စွန့်ခြင်းဟူသည်မှာ နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် အကုသိုလ်ပေါင်း ကြွေးဟောင်း အနန္တကို ပယ်စွန့်ခြင်းဟူသော ပဟာနကိစ္စလည်း တစ်ပါးတည်း ပြီးစီးသွားပုံကို ပြဆိုထားခြင်းသာ ဖြစ်၏။ တစ်နည်းအားဖြင့် ပယ်အပ်သော အကုသိုလ်တွေကို ဟိုလိုသည်လို တွေးတောနေမည့်အစား ပယ်အပ်သော ဉာဏ်ပေါ်ရေးသာ လိုရင်းဖြစ်၏။ ဉာဏ်ရောက်လျှင် အကုသိုလ်ကံဟူသမျှ ပျောက်ကြရမည်သာ။

သို့ရာတွင် နိဂဏ္ဌဆရာကြီးတို့မှာ ဉာဏ်မဖက်ဘဲ ကံပယ်ရေးသက်သက်ကိုသာ အလေးထား၍ နေကြ၏။ ကံပယ်ရေးသက်သက်လုပ်နေသော သဘော သည်ပင် ကံပါကလား၊ ကံပေါ် ကံဆင့်နေခြင်းပါကလားဟူ၍လည်း ဉာဏ်မရှိ၍

http://www.dhammadownload.com

မသိကြပေ။ အသိအမြင် မစင်ကြယ်ကြပေ။ ထို့ကြောင့်ပင် သာသနာတော်ကြီးနှင့် တစ်စိတ်တစ်ဒေသ တူမျှနေသော ရည်ရွယ်ချက်ကိုပင် အမှားစာရင်းထဲသွင်းကြရပေသည်။

(သီလက္ခဝဂ်၊ သာမညဖလသုတ်၊
နိဂဏ္ဌနာဋပုတ္တဝါဒ အဖွင့် အဋ္ဌကထာနှင့် ဋီကာ)

နိဂဏ္ဌဆရာကြီး၏ ဝါဒကို ဤသို့သော ခြေခြေမြစ်မြစ်နားလည်ထားပါလျှင် အဘယအဖို့ သာသနာတော်ကြီး၏ အပြင်ဘက်မှာ ရောက်နေရန် မရှိပါချေ။ သို့ရာတွင် သူ့ခမျာ အသက်အရွယ်က နုသေးသည်။ တရားဓမ္မ လေ့လာလိုက်စား ခါစတွင်မှ နိဂဏ္ဌဆရာကြီးများနှင့် ဆုံဆည်းခဲ့ရသည်။ နိဂဏ္ဌဆရာကြီးသည်သူ့လိုပင် လိစ္ဆဝီအမျိုးသား ဖြစ်၏။ သူ့လိုပင် ဝေသာလီ မြို့တော်ဖွားလည်း ဖြစ်၏။ ထို့ကြောင့် နိဂဏ္ဌဆရာကြီး၏ အရှိန်အဝါသည် အဘယအပေါ် ဘက်ပေါင်းစုံက လွှမ်းခြုံလျက် ရှိနေပါလိမ့်မည်။

ငယ်ဆရာကြီးအဖေါ်မှာ အစွဲနာလှသော အဘယအား ငယ်ဆရာကြီး၏ အဖြစ်မှန်များကို ပြောပြလိုက်လျှင် ဆတ်ဆတ်ခါမျှ နာသွားရာမည် ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုအမည်ခံ ဆရာကြီး၏ ကိုးရိုးကားရား ဖြစ်ရပုံကို ကျွန်ုပ် ထုတ်ဖော် မပြောတော့ပါ။ သူ့တရား အမှားစာရင်း ဝင်နေကြောင်းကိုလည်း စကားမစပ်တော့ပါ။ သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက် ဘုရားရှင် ချမှတ် တော်မူခဲ့သော လမ်းစဉ်သုံးရပ်ကိုသာ ကျွန်ုပ် ဟောခဲ့ရ၏။ သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော တရားတို့ကိုသာ အကျယ်ဝေဖန်၍ ပြခဲ့ရ၏။

ကျွန်ုပ် တရားအချတွင် အဘယသည် တွေ၍ နေ၏။ ရှေ့တူရွှမှာသာ ငေးစိုက်၍ နေ၏။ သူ့ဆရာကြီး၏ တရားကို ကျွန်ုပ်တို့ သာသနာတော်ကြီး၏ လမ်းစဉ်သုံးရပ်နှင့် နှိုင်းယှဉ်ပြီး သုံးသပ်နေဟန် တူပါသည်။

"သူငယ်ချင်း အဘယ၊ အရှင်အာနန္ဒာ ဟော်ကြားသော တရားကို အဘယ့်ကြောင့် သာဓုမခေါ်ဘဲ နေပါသလဲ'

သူငယ်ချင်း၏ မျက်နှာကို အားမလိုအားမရဖြစ်မိသဖြင့် ပဏ္ဍိတက သတိပေးလိုက်ရ၏။ ဤသို့ သတိပေးလိုက်ခါမှ အဘယ ဆတ်ခနဲဖြစ်သွားကာ–

"ဘယ်မှာ သာဓုမခေါ်ဘဲ နေပါမည်လဲ သူငယ်ချင်း ပဏ္ဍိတ။ အရှင်အာနန္ဒာ ဟောကြားသော တရားကို ဘယ်သူက သာဓုမခေါ်ဘဲ နေပါမည်လဲ သူငယ်ချင်း။ သာဓုမခေါ်ဘဲ နေလျှင် ကျွန်ုပ်၏ ဦးခေါင်းသည် မြေမှာ ကြွေကာကျမည် မလွဲပါ"

http://www.dhammadownload.com

သူငယ်ချင်းရှေ့မှာမို့ အားနာပါးနာ သာဓုခေါ်လိုက်ရသော အဘယသည် ရိုးရိုးတန်းတန်း သာဓုမခေါ်ဘဲ ထေ့သံငေါ့သံကလေးများ စွက်လိုက်ပါသေး၏။ သူတွေးစဉ်က ဝါဒနှစ်ရပ်ကို နှိုင်းယှဉ်သုံးသပ်နေရော့လားဟု ကျွန်ုပ်ထင်စားခဲ့မိ၏။ သို့သော် ကျွန်ုပ် အထင်လွဲခဲ့ပေပြီ။ အဘယတွေ့၍ ငေးနေသည်မှာ ဘာတွေ ညာတွေမှ နှိုင်းယှဉ်စဉ်းစားနေ၍ မဟုတ်ပေ။ သူ့ဆရာကြီး၏ ဝါဒကို ထောက်ခံချက် မပေးလိုက်သဖြင့် ကျွန်ုပ်အပေါ် မကျေမနပ် ဖြစ်နေခြင်းသာပါတကား။

(အဝုံတွရ၊ တိကနိပါတ်၊ အာနန္ဒာဝဂ် နိဂဏ္ဌိသုတ်)

**

http://www.dhammadownload.com

အပါယ်ဘေးက ဝေးလိုလျှင်

လိစ္ဆဝီအမျိုးသား အဘယ ရောက်လာတုန်းက ကင်းတိုးစမ်းရုံမျှဖြင့် ပြီးခဲ့၏။ သူတို့ ဝါဒနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဘက်က ဘယ်လို အသံထွက်မည်လဲဟု တီးခေါက်ကြည့်ရုံသာ ဖြစ်ခဲ့၏။ ဝါဒတိုက်ပွဲဆင်သည့် အဆင့်သို့ကား မရောက်ခဲ့ချေ။

ဤမျှဖြင့် ပြီးခဲ့ရခြင်းတွင် အကြောင်းအမျိုးမျိုး ရှိနိုင်ပေသည်။ ရောက်လာသူ အဘယသည် ကျွန်ုပ်နှင့် ယှဉ်ပြိုင်နိုင်လောက်အောင် အရည်အချင်းမရှိသေး၍လည်း ဖြစ်နိုင်၏။ အခြား မြို့ရွာများမှာကဲ့သို့ သာဝတ္ထိမြို့တော်တွင် သူတို့၏ ဂိုဏ်းဝင်များ မပါသေးသောကြောင့်လည်း ဖြစ်နိုင်၏။

နာဠန္ဒာမြို့ကား သူတို့အပေါင်းအသင်းတွေများလှ၏။ မြို့ပေါ်တွင်မက ပတ်ဝန်းကျင် ကျေးရွာများမှာလည်းရှိကြ၏။ ရွာသူကြီးများပင် နိဂဏ္ဌ ဆရာကြီးများကို ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်လျက်ရှိကြ၏။ ထို့ကြောင့် ဤမြို့မှာ ဝါဒတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခဲ့ပေသည်။

ထိုစဉ်က ဘုရားရှင်နှင့် ကျွန်ုပ်တို့တစ်တွေ ထိုမြို့ရှိ ပါဝါရိက သူဋ္ဌေး၏ သရက်တောကျောင်းမှာ နေခဲ့ကြ၏။ နိဂဏ္ဌဆရာကြီးသည်လည်း သူ့တပည့် နိဂဏ္ဌ ပရိသတ်နှင့်အတူ အုတ်အုတ်ကျက်ကျက် ရောက်လာခဲ့၏။ ကာရန်မသင့် ချင်တော့ ကျွန်ုပ်တို့ ရောက်နေခိုက်တွင် နာဠန္ဒတစ်ဝိုက်မှာ ဒုဇ္ဇိကွန္တ ရကပ်ကြီး ဆိုက်ရောက်လျက်ရှိပေသည်။ ပတ်ဝန်းကျင်တစ်ပြင်လုံးရှိ ကောက်ပင်များ ကောက်နာကျကုန်သဖြင့် ရှိရှိသမျှ စားနပ်ရိက္ခာများကို မဝေရာမျှတ၍ စားနေကြရ၏။ ဤသို့သော အခြေအနေဆိုးကိုပင် နိဂဏ္ဌ အသိုက်အဝန်းက တိုက်ကွက်တစ်ခုအဖြစ် ဖြင့် အသုံးချခဲ့ပါပေသည်။

"အရှင်ဘုရား၊ အရှင်ဘုရားသည် မြောက်မြားလှစွာသော ဒေသနာတော်တို့ ဖြင့် ဒါယကာ ဒါယိကာမတို့အား ငဲ့ညှာထောက်ထားမှုကို ချီးမွမ်းတော်မူသည်မှာ ဟုတ်မှန်ပါသလား"

http://www.dhammadownload.com

ယဉ်ယဉ်ကလေးနှင့် စတင်လိုက်သော တိုက်ပွဲတစ်ခု ဖြစ်ပါ၏။ ဤတိုက်ပွဲ၌ ရှေ့တန်းသို့တက်၍ ကိုယ်တိုင် တိုက်လာသူမှာ အသိဗန္ဓကပုတ္တမည်သောရွာသူကြီး တစ်ဦးဖြစ်၏။ ကိုယ်တိုင် မတက်တိုက်ဘဲ နောက်တန်းမှနေ၍ညွှန်ကြားသူကိုကား ကျွန်ုပ် ဖော်ပြရန် လိုမည်မထင်ပါ။

"ဟုတ်ပေသည် ရွာသူကြီး။ ငါဘုရားသည် မြောက်မြားလှစွာသောဒေသနာတော်တို့ဖြင့် ဒါယကာ ဒါယိကာမတို့အား သနားကြင်နာ ငဲ့ညှာထောက်ထားမှုကို ချီးမွမ်းခဲ့ပေသည်"

တိုက်ပွဲဆင်လာမှန်း သိလျက်ပင် ဘုရားရှင်က စင်း၍ အဖြေပေးတော်မူလိုက်၏။

"ဤသို့ သနားကြင်နာ ငဲ့ညှာတော်မူရှိးမှန်ပါလျှင် ငတ်မွတ်ခေါင်းပါးနေသော ဤမြို့တွင် သံဃာပေါင်း မြောက်မြားစွာနှင့် အဘယ့်ကြောင့် ဆွမ်းခံရက်ပါသလဲ။ ဤသည်မှာ ဒါယကာ ဒါယိကာမများ သေကြေပျက်စီးအောင် ပြုကျင့်ခြင်းပင် မဟုတ်ပါလော။ ဒါယကာ ဒါယိကာမတို့ကို မငဲ့မကွက် နှိပ်စက်ခြင်းပင် မဟုတ်ပါလော"

ဘုရားရှင်၏ စကားတစ်စကို အမိဖမ်းကာ စနစ်တကျ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေသည်။ သည်ဘက်ကို တိုက်ခိုက်ရင်း ကပ်ကြီးဆိုက်နေသော ဒါယကာ ဒါယိကာမ အပေါင်းကိုလည်း သူ့ဘက်ကို ညွှတ်ပါလာအောင် စည်းရုံးလိုက်ပါသေးသည်။

"ရွာသူကြီး၊ အိမ်သူအိမ်သားများအတွက် ချက်ထားပြီးသော ထမင်းထဲမှ တစ်လုတ်စာကို လောင်းလှူကာမျှဖြင့် ဆုတ်ယုတ်ပျက်စီးသွားသော ဒါယကာ ဒါယိကာမဟူ၍ မရှိခဲ့ဖူးပေ။ စင်စစ်သော်ကား စည်းစိမ်ဥစ္စာ ရွှေ ငွေ ရတနာ ပြည့်စုံသူတို့သည် ဒါနအကျိုး ခံစားနေရသူတို့သာ ဖြစ်ကုန်၏။ တစ်ဖွန်း တစ်ယောက်မမှ စ၍ သဒ္ဓါတတ်အားသမျှ လောင်းလှူခဲ့သော ဒါန၏အကျိုးတို့လည်း ဖြစ်ကုန်၏။ သစ္စာ၏ တန်ခိုးရှိန်စော် အာနုဘော်တို့လည်း ဖြစ်ကုန်၏။ တရားနှင့် လျော်ညီစွာ ကျင့်သုံးလာခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးတရားတို့လည်း ဖြစ်ကုန်၏"

ထွေး၍မရနိုင်၊ မျိုချ၍မကျနိုင်သော အရိုးစသဖွယ် ဖန်တီးပေးလိုက်သော ပြဿနာကို ဘုရားရှင်ကတော့ တည်ငြိမ်စွာပင် အဖြေပေးတော်မူပါသည်။

"ရွာသူကြီး၊ ဒါယကာ ဒါယိကာမတို့ ဥစ္စာပစ္စည်းပျက်စီးရသောအကြောင်းတို့မှာ ရှစ်မျိုးရှိပေသည်။ တရားမစောင့်သော မင်း၊ သူခိုး၊ ဓားပြ၊ မီးနှင့်ရေတို့က ဖျက်ဆီးခြင်း၊ မြေမှာမြှုပ်ထားသော ဥစ္စာကို နေရာရွှေ့သွား၍ ရှာမတွေ့တော့ခြင်း၊ လုပ်ငန်းဆောင်တာများ မှားယွင်းချွတ်ချော်ခြင်း၊ မိသားစုထဲမှာ ဟော့ဟော့ရမ်းရမ်း

http://www.dhammadownload.com

ဖြုန်းတီးသူပေါ်လာခြင်းနှင့် နောက်ဆုံး ရှစ်ခုမြောက်အကြောင်းကား အနိစ္စသဘောပင် ဖြစ်ပေသည်။

"ရွာသူကြီး၊ ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းဥစ္စာပျက်စီးရာတွင် ဤအကြောင်းရှစ်ပါး ထင်ရှားစွာ ရှိနေပါလျက် ဒါယကာ ဒါယိကာမများသေကြေအောင် ပြုကျင့်သည်၊ မင်္ဂလာကို နှိပ်စက်သည်ဟု ငါဘုရားကို သင် ဆိုသင့်ပါသလော"

"မဆိုသင့်ပါဘုရား။ တပည့်တော် ပြစ်မှားမိသည်ကို ခွင့်လွှတ်၍ တပည့်တော်အား အရှင်ဘုရား၏ တပည့်တစ်ယောက်အဖြစ် အသိအမှတ်ပြုတော်မူပါဘုရား"

အပေါ်ယံ ယဉ်ကျေးမှုဖြင့် စတင်ခဲ့သော တိုက်ပွဲတစ်ခုသည် အတွင်းယဉ်ကျေးမှုဖြင့် ပြီးဆုံးသွားပေသည်။

(သင်္ဂာယတနဝဂ်၊ ဂါမဏိသံယုတ်၊ ကုလသုတ်)

ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သူအဖြစ် လျှောက်ထားခြင်းသည် သရဏဂုံဆောက်တည်ခြင်း တစ်မျိုးပင် ဖြစ်၏။ သို့ရာတွင် ထိုနေ့က အသိဇန္ဓကပုတ္တ ဆောက်တည်သွားခဲ့ခြင်းမှာ ဒိဋ္ဌသရဏဂုံ မဟုတ်သေးပေ။ တရားသဘောကို ကိုယ်တိုင် ကိုယ်ပိုင် မသိရသေးသမျှ ဘုရားရှင် ကိုယ်တော်တိုင်၏ ရှေ့တော်မှောက်မှာ ဆောက်တည်သော်လည်း ဒိဋ္ဌသရဏဂုံ မဖြစ်နိုင်ပေ။ သုတသရဏဂုံအဆင့်မှာသာ ရှိပေသည်။

အသိဇန္ဓကပုတ္တသည် ဘုရားရှင့်အပေါ် ပုဂ္ဂိုလ်ရေးအရ ကြည်ညိုသွားခဲ့၏။ မိမိက စကားတစ်စကို အမိဆွဲ၍ တိုက်ပွဲဝင်ခဲ့သော်လည်း ဘုရားရှင်က ပြန်၍ ဒဏ်မခတ်ပုံ၊ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ရန် အကွက်ဆင်လာသော ပြဿနာကို အကျိုးသင့် အကြောင်းသင့် ဖြေရှင်းပေးလိုက်ပုံမှာ ကျေနပ်လောက်စရာပင် ဖြစ်ပါပေသည်။

သာသနာ့ဘောင်တွင် မသက်ဝင်သေးသူများနှင့် စာလျှင် သုတသရဏဂုံသည် အဆင့်အတန်း မြင့်လှပါ၏။ သို့သော် သုတမှ ဒိဋ္ဌသို့ မရောက်သေးသမျှ စိတ်မချရသေးပေ။ ဖွဲ့ပုံပေါ်မှာ စိုက်ထားသော တုတ်ကဲ့သို့ လေတစ်ချက်လှုပ်ရုံနှင့် လဲကျသွားနိုင်ပေသည်။ ထို့ကြောင့်ပင် ဘုရားရှင်က သူနှင့် နောက်တစ်ခါဆုံလာရာတွင်....

"ရွာသူကြီး၊ နိဂဏ္ဌနာဋပုတ္တသည် သူ့တပည့်များကို ဘယ်ကဲ့သို့ တရားဟောပါသလဲ"ဟု ထုတ်ဖော်၍ မေးတော်မူရ၏။

"အရှင်ဘုရား၊ သက်သတ်ခိုးမှု၊ ကာမေသုနှင့် မုသားပြောဆိုခြင်းတည်းဟူသော မကောင်းမှုပြုသူတိုင်းသည် တစ်ယောက်မကျန် အပယ်ကျရပါသည်။ အနေများရာကို လိုက်၍ ကျရောက်ရပါသည်။ နိဂဏ္ဌဆရာကြီးသည် ဤသို့ ဟောကြားပါသည် ဘုရား"

http://www.dhammadownload.com

နိဂဏ္ဌဆရာကြီး၏ တရားဒေသနာတို့ထဲက ကြားနာနေကျဖြစ်၍ နားရည်ဝသော တရားတစ်ကွက်ကို အသိဗန္ဓကပုတ္တက လျှောက်ထားပေသည်။

"ရွာသူကြီး၊ အနေများရာကိုလိုက်၍ ကျရောက်ရသည်ဟူသော နိဂဏ္ဌနာဋပုတ္တ၏ စကားမှန်ခဲ့လျှင် ဤလောကဝယ် တစ်စုံတစ်ယောက်မျှ အပယ်ကျရန် မရှိတော့ပေ"

ဟိုနေ့တုန်းက အသိဗန္ဓပုတ္တသည် သည်ဘက်က စကားတစ်စကို အမိဆွဲ၍ တိုက်ပွဲဝင်ခဲ့၏။ ယနေ့တော့ သူ့အတိုက်ခံလှည့်ကြွေချေပြီ။ အနေများရာလိုက်၍ ကျရောက်ရသည်ဟူသော စကားတစ်ခွန်းက မိမိတို့ဝါဒကို ဖျက်လိုဖျက်ဆီး ပြုနေပါလျက် ဝါဒရှင်များကိုယ်တိုင်က ဖျက်ဆီးမှန်း မသိကြချေ။ ဤစကားတစ်ခွန်းကို အဆွဲအကိုင် ခံရလိမ့်မည်ဟုလည်း မထင်ခဲ့ချေ။ မမျှော်လင့်သောအချက်ကိုမှ အဆွဲအကိုင် ခံလိုက်ရသဖြင့် သူ့ခမျာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရှာပေသည်။ ထိုစဉ်အခိုက်မှာပင် ဘုရားရှင်က

"ရွာသူကြီး၊ ငါဘုရား မေးမြန်းသည့် ပုစ္ဆာကို သင်သဘောပေါက်သလို ဖြေနိုင်သည်။ တစ်စုံတစ်ယောက်သောသူသည် သက်သတ်ခိုးမှု၊ ကာမေသုစသော မကောင်းမှုများကို ပြု၏။ နေ့မှာဖြစ်စေ၊ ညမှာဖြစ်စေ အချိန်နှင့် အချိန်ချင်း နှိုင်းယှဉ်ကြည့်လျှင် မကောင်းမှုပြုသောအချိန်နှင့် မပြုသောအချိန် ဘယ်သင်းက များပါသနည်း"

"မပြုသောအချိန်က များပါသည်ဘုရား"

အသိဗန္ဓကပုတ္တမှာ မိမိ အရေးမလှတော့သည်ကို သိသော်လည်း မလွှဲသာ, မရှောင်သာတော့သဖြင့် စင်း၍ အဖြေပေးလိုက်ရသည်။

"ရွာသူကြီး၊ နိဂဏ္ဌနာဋပုတ္တ ဟောကြားထားသည့်အတိုင်း အနေများရာကို လိုက်၍ ကျရောက်ရမည်ဆိုလျှင် ဤပုံစံအရ အပါယ်ကျမည့်သူဟူ၍ ရှိနိုင်ပါဦး မည်လော"

"မရှိနိုင်တော့ပါ ဘုရား"

ဤသို့ မိန့်တော်မူရခြင်းမှာ နိဂဏ္ဌဆရာကြီး၏ အဆို ယုတ္တိမတန်ပုံကို သိစေလိုသော ဖြစ်၏။ မကောင်းမှုမပြုသောအချိန်က ပြုသောအချိန်ထက်များရုံမျှဖြင့် အပါယ်တံခါး ပိတ်ပြီဟု မဆိုလိုပေ။ စင်စစ်အားဖြင့် အပါယ်တံခါး ပိတ်ခြင်း မပိတ်ခြင်းသည် အချိန်အပိုင်းအခြားနှင့် ဘာမှ မဆိုင်ပေ။ အနတ္တတရားကို အနတ္တတရားအတိုင်း သိမှု မသိမှုနှင့်သာ ဆိုင်ပေသည်။ တစ်ခါက ပြုမှားခဲ့သော အကုသိုလ်တရားအပေါ်ဝယ် သတ္တဖီဝမနော၊ ပိုင်သူဆိုင်သူမရှိ၊ ပြုသူလုပ်သူမရှိ၊ ပြုခြင်းကြိယာမျှသာ ရှိပါကလား၊ဟု သဘောမပေါက်၊ ဉာဏ်မရောက်သေးသမျှ အပါယ်တံခါး မပိတ်နိုင်ပေ။ ထို့ကြောင့်....

http://www.dhammadownload.com

"ရွာသူကြီး၊ 'သက်သတ်ခိုးမှု၊ ကာမေသုစသော မကောင်းမှုပြုသူတိုင်းသည် ခြွင်းချက်မရှိ၊ အပါယ်ကျ၏'ဟု တရားဆရာကြီးတစ်ဦးက အယူရှိ၏။ တစ်စုံတစ်ယောက်သောသူသည် ထိုဆရာကြီးအပေါ်၌ သက်ဝင်ယုံကြည်၏။ ထိုဆရာကြီး၏ အယူကို လက်ခံစွဲမြဲထား၏။ ထိုသူသည် ဤသို့ စဉ်းစားမိရာ၏။

'ငါ့ဆရာကြီးသည် မကောင်းမှုပြုတိုင်း ခြွင်းချက်မရှိ အပါယ်ကျ၏ဟု ဟောကြား‌ခဲ့၏။ ငါသည်လည်း သက်သတ်ခိုးမှု ကာမေသု စသော မကောင်းမှုကို ပြုမှား‌ခဲ့၏။ ငါသည် အပါယ်လေးပါး ကျတော့မှာပါကလား။ ငရဲကြီး ရှစ်ထပ်မှာ ချိုးကပ်ရတော့မှာပါကလား'

"ရွာသူကြီး၊ ထိုသူသည် ဤသို့သော အတွေးကြောင့် ဤသို့သော အစွဲအလမ်းကို မစွန့်လွှတ်နိုင်လျှင် ငရဲသို့ ဧကန်မုချ ကျတော့မည်သာတည်း"

နိဂဏ္ဌဆရာကြီး၏ လောင်းရိပ်မှ ကောင်းကောင်း မလွတ်ချင်သေးသော အသိဗန္ဓကပုတ္တအား သည်တစ်ခါတော့ တိတိလင်းလင်း မိန့်တော်မူလိုက်ပေပြီ။

နိဂဏ္ဌဂိုဏ်းဝင်များသည် မိမိကိုယ်ကို အမျိုးမျိုးအဖုံဖုံနှိပ်စက်ညှဉ်းပန်းခြင်းဖြင့် အပါယ်တံခါးပိတ်ရန် ကြိုးစားကြ၏။ ကြိုးစားမှုတွင် ဉာဏ်ယှဉ်ထားလျှင်ကား အပြစ်ဆိုရန် မရှိပါ။ ဉာဏ်ယှဉ်လျှင် အပါယ်လွတ်ရေးအတွက် ဤမျှလောက် ဒုက္ခရောက်ရန် မရှိပါ။ အပါယ်လေးပါး မကျရောက်လိုလျှင် အပါယ်ကျစေကြောင်း မကောင်းမှုကို မပြုဘဲ ကုသိုလ်တရားများပွားများနေရုံမျှသာ ရှိပေသည်။ အပါယ်လွတ်ရာကိုသိ၍ သိသလို ကျင့်သုံးနေထိုင်သွားရန်သာ ရှိပေသည်။

သို့ရာတွင် သူတို့ခမျာ ဤလိုသိခွင့် မကြုံရကြပေ။ အပါယ်လွတ်အောင် ကျင့်နေသည့်ကြားကပင် အပါယ်မျိုးစေ့ကို စိုက်ပျိုးမိလျက်သားဖြစ်နေ၏။ "ငါလုပ်ခဲ့သော မကောင်းမှုကြောင့် ငါ အပါယ်ကျရတော့မည်" ဟူသော 'ငါ' စွဲနှင့် 'ငါ့ဟာ' အစွဲသည်ပင် အပါယ်မျိုးစေ့ ဖြစ်နေပေသည်။

ဤသို့အားဖြင့် အသိဗန္ဓကပုတ္တ ရွာသူကြီးအား အပါယ်ကျစေကြောင်း မကောင်းသော အစွဲတရားကို ပြတော်မူပြီးလျှင် အပါယ်မှ လွတ်ကြောင်း နည်းလမ်းကောင်းကို ဆက်လက်၍ ညွှန်ပြတော်မူပေသည်။

"ရွာသူကြီး၊ ငါဘုရားသည် သက်သတ်ခိုးမှု၊ ကာမေသုစသော မကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟောကြား၏။ ဤတွင် ငါဘုရားအပေါ်မှာ ကြည်ညိုလေးစားသော တပည့်သည် ဤသို့ စဉ်းစားမိရာ၏။

'ဘုရားရှင်သည် မကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟောကြား‌တော်မူခဲ့၏။ ဘုရားရှင် ဟောကြားသည့်ကြားကပင် ငါပြုမိခဲ့သော မကောင်းမှုတို့ကား ဤရွှေ့ဤမျှ ရှိနေချေပြီ။ မကောင်းမှုဟူသည်မှာ ပြုစဉ်ကလည်း မကောင်းပါ။ ပြုပြီးချိန်မှာလည်း မကောင်းပါ။ ထိုမကောင်းမှုများကို အကြောင်းပြု၍ နှလုံးမသာ

http://www.dhammadownload.com

ဖြစ်နေလျှင် ပြုမိပြီးသား မကောင်းမှုတို့က ပယောက်သွားမည် မဟုတ်ပေ။ မကောင်းမှုပေါ်တွင် မကောင်းမှုတို့သာ ထပ်ဆင့်၍ လာပေလိမ့်မည်'

"ရှာသူကြီး၊ ထိုသူသည် ဤသို့ဆင်ခြင်း၍ မကောင်းမှုကို ပယ်စွန့်၏။ နောက်နောင်မှာလည်း မကောင်းမှုမှ ရှောင်ကြဉ်၏။ ဤသို့အားဖြင့် မကောင်းမှုမှ လွတ်မြောက်နိုင်ပေသည်"

ပြုမိခဲ့သော မကောင်းမှုတွေကြောင့် အပယ်ကျမည့်အရေးကို တွေးကြောက်နေမည့်အစား လက်တွေ့လွတ်မြောက်နိုင်သော နည်းကို ညွှန်ပြတော်မူလိုက်ခြင်း ဖြစ်ပေသည်။ ကြောက်စရာ မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သိမြင်ပြီးနောက် အပါယ်ရောက်စေကြောင်း မကောင်းမှုတို့ကို မပြုဘဲ ကုသိုလ်တရားနှင့် နေတတ်သူတိုင်း အပါယ်ဘေးမှ လွတ်မြောက်နိုင်ပေသည်။

ဤသို့ လွတ်မြောက်နိုင်သော လမ်းပေါ်မှာ ရောက်လာပြီးနောက် မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဘာဝနာများ ပွားများခြင်းဖြင့် အကုသိုလ်ဟူသမျှကို တစ်စမကျန် ပယ်စွန့်ရန် မိန့်ကြားတော်မူပေသည်။

ဤဒေသနာတော်အပြီးတွင်လည်း အသိဗန္ဓုကပုတ္တသည် ထပ်မံ၍ သရဏဂုံ ဆောက်တည်ပါသေးသည်။ သည်တစ်ခါတော့ ဒီဋ္ဌသရဏဂုံ ဖြစ်နိုင်လောက်ပါပြီ။

(သဋ္ဌာယတနဝဂ်၊ ဂါမဏိသံယုတ်၊ သစ်ခမ္မသုတ်)

**

http://www.dhammadownload.com

မလုပ်ဝါဒနှင့် အလုပ်ဝါဒ

ကျေးဇူးရှင်ကြီး၏ ဖြစ်တော်စဉ်များထဲက ရှေ့ပိုင်းတစ်နေရာကို ကျွန်ုပ်တို့ ပရိသတ်များ သတိရကောင်း ရကြပါလိမ့်မည်။ ဓမ္မစကြာတရား ဟောပြတော်မူရာတွင် ကာမဂုဏ်အာရုံ ခံစားမှုနှင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှုဟူသော အယုတ်တရား နှစ်ပါးကို ရှောင်ဦးစွာ ဟောကြားတော်မူခဲ့၏။ ထိုတရားနှစ်ပါးတွင် ကာမဂုဏ်အာရုံ ခံစားခြင်းအတွက် (ဟီနော) ယုတ်ညံ့လှစွာသောဟူသည့် ဝိသေသ စကားလုံးကို အသုံးပြုတော်မူသော်လည်း မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှုတွင်ကား ဤစကားလုံးကို ရှောင်ကွင်း၍ ထားခဲ့ပေသည်။

ကာမဂုဏ်အာရုံ ခုံမင်လိုက်စားနေခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးကွာစေကြောင်း ဖြစ်၏။ မိမိကိုယ်ကို နှိပ်စက်ညှဉ်းပန်းခြင်းသည်လည်း ထို့အတူပင် ဖြစ်၏။ အယုတ်တရား နှစ်ပါးစလုံးမှာပင် လောကုတ္တရာအကျိုးစီးပွားနှင့် လုံးဝ မစပ်ဆိုင်ပေ။ သို့ပါလျက် ဘုရားရှင်သည် ကာမဂုဏ်အာရုံ ခံစားမှုကိုသာ ယုတ်ညံ့လှစွာဟူသော စကားလုံးကို သုံးတော်မူခဲ့၏။ မိမိကိုယ်ကို ညှဉ်းပန်းမှုအတွက်ကား ထိုစကားလုံးကို ရှောင်ရှားတော်မူခဲ့၏။ ဤသို့ ရှောင်ရှားခဲ့ရခြင်းအကြောင်းကား ယခု တင်ပြနေဆဲဖြစ်သော နိဂဏ္ဌဆရာကြီးအား ငဲ့ညှာတော်မူခြင်းပင် ဖြစ်ပေသည်။

နိဂဏ္ဌဆရာကြီး၏ ဂုဏ်သိက္ခာကို ချိုးဖဲ့ဖျက်ဆီးရန် စိတ်မသန်သဖြင့် ဘုရားရှင်ဘက်က နှုတ်စောင့်စည်းတော်မူခဲ့ပါ၏။ ဆရာကြီး၏ ကျင့်စဉ်များနှင့် ပတ်သက်လျှင် လိုအပ်သမျှထက်ပို၍ ပြစ်တင်ရှုတ်ချမှု မပြုဘဲ နေတော်မူခဲ့ပါ၏။ သို့ရာတွင် ဟိုတစ်ဖက်ကား ဘုရားရှင်နှင့် မတူပါချေ။

ဘဝအသရေ့် ကမ္ဘကမ္ဘာက ပါလာကြသော အကုသိုလ်များကိုပယ်သတ်ရန် ဘုရားရှင်သည် သူတို့ကဲ့သို့ ဆောင့်ကြောင့်ထိုင်သော အကျင့်ကို မကျင့်။ ကျင့်ရန်လည်း ဟောကြားတော်မမူ။ ကိလေသာ ငြိမ်းရေးအတွက် သူတို့လို အရှင်လတ်လတ်

http://www.dhammadownload.com

ကျပ်တင်ခံရသော အကျင့်များကို မကျင့်။ သာဝကတို့ကျင့်ရန်လည်း ဟောကြားတော်မမူ။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ သူတို့ကဲ့သို့ အလုပ်မရှိတော့ပြီလော။

သူတို့မှာ ရှိသကဲ့သို့ ကျွန်ုပ်တို့မှာလည်း အလုပ်ရှိပါသည်။ သို့သော် ကျွန်ုပ် တို့၏ အလုပ်သည် သူတို့ အလုပ်နှင့် မတူပါ။ သူတို့ကဲ့သို့ ကိုယ့်ကိုယ်ကို နှိပ်စက်သော အလုပ်မျိုး မလုပ်ပါ။ အလုပ်ရှေ့မှာ ဉာဏ်ပညာဦးစီးထားသဖြင့် သမ္မာဝါယာမဟု အမည်တပ်ထားရပေသည်။

မဂ္ဂင်ရှစ်ပါးတွင် အပါအဝင်ဖြစ်သော ဤမဂ္ဂင်၏ ရှေ့၌ သမ္မာ သဒ္ဒါ ကပ်ပါနေခြင်းမှာ အဓိပ္ပာယ်အပြည့်နှင့် ဖြစ်၏။ ဝါယာမဟူသော စကား၏ အဓိပ္ပာယ်မှာ အလုပ်ဖြစ်၏။ သို့သော် ထိုအလုပ်သည် သာမန်အလုပ်မျိုး မဟုတ်ပါ။ ဉာဏ်မပါ၊ ဗလာသက်သက် သူများခိုင်းတိုင်း လုပ်နေရသော အလုပ်မျိုး မဟုတ်ပါ။ ကိုယ့်စိတ်သန္တာန်ပြန်ကာကြည့်၍ မှန်စွာသိသော ဉာဏ်ဦးစီးထားသော အလုပ်ဖြစ်ပေသည်။

ဝိပဿနာကို အခြေခံ၍ ဟုတ်တိုင်းမှန်စွာ ရှုမြင်တတ်သော ဉာဏ်၏ ရှေ့တော်မှောက်တွင် နိဗ္ဗာန်တရားကြီးသည် အသိခံ အမြင်ခံရန် အရန်သင့်ရှိနေပါ၏။ ဉာဏ်၏ရှေ့မှာ ထင်ရှားစွာရှိသော ဤနိဗ္ဗာန်တရားသည် ယခုမှ ဘွားခနဲ ပေါ်လာသည် မဟုတ်ပါ။ ဘယ်ကစ၍ ဘယ်မှာဆုံးသည်ဟု မရှိပါ။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောမရှိမှု၍ ကိလေသာဟူ အပူခပ်သိမ်းတို့၏ ငြိမ်းအေးသော သဘောဖြစ်၏။ အစဉ်ထာဝရ တည်ရှိနေသော ဤနိဗ္ဗာန်ကို ဉာဏ်မပေါ်မီက မသိနိုင်၊ မမြင်နိုင်။ ဉာဏ်ပေါ်လာမှသာ ဘွားခနဲ မြင်လိုက်ရတော့သည်။ အရှိ အမှန်တရားအပေါ်မှာ ဤသို့ အသိဉာဏ် ရောက်လိုက်သည်နှင့် တစ်ပြိုင်နက် အကုသိုလ်ပေါင်း ကြွေးဟောင်း အနန္တ တို့လည်း ကင်းလွတ်ပြီး ဖြစ်သွားပေသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဉာဏ်သည် မဂ်ဉာဏ်ဖြစ်၏။ မဂ်ဉာဏ်၏ အရင်းခံအကျဆုံးသော ကိစ္စသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတည်းဟူသော သဆွိကရဏာ ကိစ္စသာဖြစ်၏။ ဤကိစ္စကို ပြုလိုက်သည်နှင့် တစ်ပြိုင်နက် အခြားကိစ္စ သုံးခုတို့လည်း ပြီးစီးသွားကြ၏။ ထိုကိစ္စတို့မှာ....

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း = ပရိညာကိစ္စ။

သမုဒယသစ္စာနှင့်တကွ သက်ဆိုင်ရာ ကိလေသာတို့ကို ပယ်စွန့်ခြင်း = ပဟာနကိစ္စ။

အေးရာကိုသို၍ အေးသလို ဆက်လက်ကျင့်သုံး ပွားများခြင်း = ဘာဝနာကိစ္စတို့ ဖြစ်ပေသည်။

ဤသို့အားဖြင့် သမ္မာဝါယမဟူသော အလုပ်သည်ဉာဏ်ပညာရှေ့သွားရှိသဖြင့် လုပ်သင့် လုပ်ထိုက်သော ကိစ္စများကို တစ်ချက်တည်းဖြင့်ပြီးစီးအောင် လုပ်လိုက်၏။

http://www.dhammadownload.com

ဉာဏ်ဦးစီးကာ အချက်ကျကျ လုပ်လိုက်သည့်အတွက် အတောမသတ် တရစပ် နှိပ်စက်တတ်သော ကိလေသာတို့မှ လွတ်ငြိမ်းခွင့်ရသည်ကို မိမိတို့ကိုယ်တိုင် သိကြရ၏။ တရားတော်၏ သန္တ ရသကို မြိန်ရှက်စွာ ခံစားကြရ၏။

သို့ရာတွင် သာသနာ့ပြင်ဘက်က ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ ခံစားရသော သန္တ ရသကို နားမလည်။ ကိလေသာမှ လွတ်ငြိမ်းမှုကို သဘောမပေါက်ကြ။ သူတို့ သဘောပေါက်နေသည်မှာ သူတို့လို အပင့်ပန်းခံ၍ မလုပ်ဘဲ နေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်ပင် နိဂဏ္ဌဆရာကြီး၏ တပည့်တစ်ဦးသည် ရှေ့တော်မှောက်သို့ ဝင်ရောက်ကာ....

"အရှင်ဘုရား၊ ရဟန်းဂေါတမသည် မလုပ်ရဟဲ့သော ဝါဒရှိ၏။ မလုပ်ရေး တရားကို ဟောကြား၏။ မလုပ်ရေးတရားဖြင့် တပည့်များကို ဆုံးမ၏။ ဤသို့ဖြင့် တပည့်တော် တစ်ဆင့်စကား ကြားဖူးပါ၏။ တပည့်တော် ကြားခဲ့ရသည့်အတိုင်း ဟုတ်သည် မဟုတ်သည်ကို အမိန့်တော်ရှိပါဘို့။ တပည့်တော်တို့အနေနှင့်တော့ ဘုရားရှင်ကို မစွပ်စွဲလိုပါ ဘုရား" ဟု လျှောက်ထားခဲ့ပေသည်။

ကျွန်ုပ်တို့ နေထိုင်ရာ ကုဋာဂါရကျောင်းတော်သို့ လာ၍ လျှောက်ထားသူမှာ သီဟ စစ်သူကြီးဖြစ်၏။ လိစ္ဆဝီအမျိုးသား အားလုံး၏ ကိုယ်စား ဝဇ္ဇီတိုင်းက စစ်ရေးစစ်ရာ ကိစ္စများကို တာဝန်ယူဆောင်ရွက်နေရသူ ဖြစ်ပေသည်။

သီဟစစ်သူကြီးသည် ဝေသာလီမြို့တော်ထဲမှာ နေပါလျက် ကျွန်ုပ်တို့ ကျောင်းတော်သို့ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးချေ။ သို့ဖြစ်၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို သူသည် တစ်ဆင့်စကားဖြင့်သာ ကြားခဲ့ရ၏။ လွတ်တော်ထဲမှာ စည်းဝေးလာသော လိစ္ဆဝီတို့ထံမှ ကြားရပြီးနောက် ကျောင်းတော်သို့လာမည် ပြင်ပြန်တော့လည်း သူ့မှာ လာခွင့်မသာခဲ့။ ကျွန်ုပ်တို့ ကျောင်းတော်လာတော့မည် ပြင်လိုက်သည်နှင့် သူ့ဆရာကြီးက တားမြစ်လိုက်သည် ဟူပါ၏။

တားမြစ်ရာမှာ အသုံးပြုသည့် စကားတို့ကို ယခု လျှောက်ထားသည့်စကားထဲမှာပင် ကျွန်ုပ် သဲလွန်စ တွေ့ထားပါသည်။ နိဂဏ္ဌဆရာကြီးအနေနှင့် သူ့ကျင့်စဉ်နှင့် မတူလျှင် ရန်သူဟု သတ်မှတ်ထားပြီးဖြစ်ရာ ရန်သူ့ဘက်သို့ သူ့တပည့်တစ်ဦး ပဲ့ပါသွားမည့်အရေးကို ရင်လေးရှာပေလိမ့်မည်။

သဒ္ဓါနောက်မှာ ပညာ ကပ်မလာသေးသော သီဟစစ်သူကြီးအားသူ့ဆရာကြီး သည် တစ်ကြိမ် တားမြစ်၍ရပါ၏။ နှစ်ကြိမ်မြောက်လည်း တားမြစ်နိုင်စွမ်းရှိပါသေး၏။ သုံးကြိမ်မြောက်တွင်ကား သူတားမြစ်ခွင့် မရှိတော့ပါ။ ယခင်အခေါက်များကဲ့သို့ သူ့ထံမှာ ပန်ကြားမနေတော့သောကြောင့် ဖြစ်ပါ၏။

သီဟစစ်သူကြီး လျှောက်ထားချက်ကို ဘုရားရှင်သည် ငြိမ်သက်စွာ နားဆင်တော်မူပြီးလျှင်....

http://www.dhammadownload.com

သီဟ၊ ငါဘုရားကို (အကိရိယဝါဒီ) 'မလုပ်ရဝါဒရှိသူ' ဟူ၍လည်း အကြောင်းအားလျော်စွာ ခေါ်လိုက ခေါ်ဆိုနိုင်ပေသည်။

"သီဟ၊ ငါဘုရားသည် ကာယ၊ ဝစီ၊ မနောအားဖြင့် သုံးပါးသော ဒုစရိုက်များနှင့်တကွ အကုသိုလ် အမှုမိုက်ဟူသမျှကို မလုပ်ရဟု ဟောကြား၏။ ထို့ကြောင့် ငါဘုရားကို 'မလုပ်ရဝါဒရှိသူ' ဟူ၍ ခေါ်လိုက ခေါ်ဆိုနိုင်ပေသည်။

"ထိုမှ တစ်ဖန် ငါဘုရားသည် ကာယ၊ ဝစီ၊ မနောအားဖြင့် သုံးပါးသော သုစရိုက်များနှင့်တကွ ကုသိုလ်ကောင်းမှု အစုစုကို လုပ်ရမည်ဟု ဟောကြား၏။ ထို့ကြောင့် ငါဘုရားကို (ကိရိယဝါဒီ) 'အလုပ်ဝါဒ ရှိသူ'ဟူ၍လည်း ခေါ်လိုက ခေါ်နိုင်ပေသည်"

သာသနာပြုပုဂ္ဂိုလ်တိုင်း ရာသက်ပန် မှတ်သားထိုက်သော စကားတော်များ ဖြစ်ပါ၏။ တစ်ဖက်သားက အားနှင့်ဖိ၍ စွပ်စွဲလာသော စကားကိုပင် ဘုရားရှင်သည် ပြတ်ပြတ်တောင်းတောင်း မငြင်းပယ်ဘဲ အလိုက်သင့် ဖြေကြားတော်မူပုံမှာ အတုယူဖွယ် ကောင်းလှပါ၏။ သီဟစစ်သူကြီး၏ အမေးကို ဖြေဆိုတော်မူရင်း အကျိုးရှိ၍ ဟုတ်မှန်သော စကားကို သူတစ်ဖက်သား နားဝင်ချောအောင် ပြောတတ်စေရန် ကျွန်ုပ်တို့အား သွန်သင်လိုက်ခြင်း ဖြစ်ပါ၏။

ဆုံးမသွန်သင်ရာတွင် အထူးအမြတ်ဆုံး ဖြစ်တော်မူသော ဘုရားရှင်၏ ရှေ့တော်မှောက်၌ သီဟစစ်သူကြီးသည် ရိုသေစွာ ရှိခိုးလျက် ဘုရားရှင်တပည့်သား တစ်ဦးအဖြစ် ခံယူပါကြောင်း လျှောက်ထားလိုက်၏။ ဤတွင် ဘုရားရှင်က....

"သီဟ၊ ဆင်ဆင်ခြင်ခြင် ပြုပါဦး။ သင်ကဲ့သို့ ထင်ရှားသူ၊ ကျော်ကြားသူ တစ်ဦးသည် ဆင်ဆင်ခြင်ခြင် ပြုနိုင်မှ ကောင်းပေသည်"

အခြားတစ်ဖက်မှ မိမိဘက် ကူးပြောင်းလာသူကိုပင် အားတက်သရော လက်မခံသေးဘဲ ဤသို့ မိန့်တော်မူရာတွင်....

"အရှင်ဘုရား၊ ဤသို့ မိန့်ကြားတော်မူသဖြင့် တပည့်တော် ပို၍ပင် ကြည်ညိုပါသည် ဘုရား"

သဒ္ဓါပေါမှာ သဒ္ဓါဆင့်၍ ပွင့်ဖူးရန် အသင့်ငုံလင့်နေသော ကြာပဒုမ္မာသည် တရားတည်းဟူသော နေအရောင်ကြောင့် ထိုနေရာမှာပင် ငွားငွားစွင့်စွင့် ပွင့်လာပါတော့သည်။

တရားအသိနှင့်ယှဉ်သော အဓိဂမသဒ္ဓါဖြင့် သီဟစစ်သူကြီးသည် နောက်တစ်နေ့နံနက်တွင် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့ကို ဆွမ်းပင့်၍ကပ်၏။ ခါတိုင်းနေ့များ၌ နိဂဏ္ဌာဆရာကြီးနှင့် သူ့ဂိုဏ်းဝင်တပည့်များသာ ဝင်ခဲ့ ထွက်ခဲ့ကြသော တံခါးပေါက်သို့ ယနေ့ ဘုရားရှင် ဝင်တော်မူလိုက်ပေပြီ။ ဘုရားရှင်၏ နောက်ပါ သံဃာတော်များလည်း ထောရ်စဉ် ဝါစဉ်လိုက် ဝင်ခဲ့ကြပေပြီ။ မွန်မြတ်လှစွာသော

http://www.dhammadownload.com

ဘောဇဉ်များကို ကျွန်ုပ်တို့ ငြိမ်သက်စွာ စားသောက်နေကြစဉ် ဝေဿလီမြို့တော်၏ လမ်းမများမှ ကြွေးကြော်သံများ ကြားကြရပေသည်။

"အို.... ဝေဿလီမြို့တော်သူ မြို့တော်သားအပေါင်းတို့၊ ဤနေ့၌ သီဟ စစ်သူကြီးသည် ရဟန်းဂေါတမအတွက် ဆူဖြိုးလှသော အမဲကောင်ကို သတ်ဖြတ်၍ ဆွမ်းကျွေး၏။ ရဟန်း ဂေါတမကလည်း မိမိကို ရည်ရွယ်၍ မိမိကို အကြောင်းပြု၍ သတ်ဖြတ်သောအသားကို စားသောက်ဘိသည်တကား"

မစားရတော့သည့် အမဲကို သဲနှင့် ပက်နေကြခြင်းသာ ဖြစ်ပေသည်။ သီဟ စစ်သူကြီးကဲ့သို့ ထင်ရှားကျော်ကြားသော၊ တန်ခိုးအာဏာကြီးမားသော လူနိုင်တန်းနိုင်စွမ်းရှိသော ဒါယကာတစ်ယောက်ကို လက်လွတ်ခံလိုက်ရသည့်အတွက် သူ့ခမျာ အခံရခက်ရှာပေလိမ့်မည်။

မခံချင်စိတ်တို့ဖြင့် သူတို့တစ်တွေ ပေါက်တတ်ကရ လျှောက်အော်နေကြသော်လည်း ကျွန်ုပ်တို့မှာ ဆွမ်းစားမပျက်ပါ။ ကျွန်ုပ်တို့ဘက်က ငြိမ်သက်စွာ ဘုဉ်းပေးနေကြသကဲ့သို့ပင် ဆွမ်းဒါယကာကြီးမှာလည်း အနည်းငယ်မျှ ဣန္ဒြေမပျက်ပါ။ ဤဆွမ်းကျွေးပွဲအတွက် ဆွမ်းဒါယကာကြီးသည် ပုံသကူသားကိုရှာ၍ ချက်ပြုတ်စီမံထား၏။ ကျွန်ုပ်တို့ကလည်း ဤအကြောင်းကို ကောင်းကောင်းသိပြီး ဖြစ်၍ သံသယကင်းစွာ စားသောက်နိုင်ကြခြင်း ဖြစ်ပေသည်။

(အဝံတွရ၊ အဋ္ဌကဒိုပါတ်၊ သီဟသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

အမှားလမ်းမှ အမှန်လမ်းသို့

နိဂဏ္ဌဆရာကြီးသည် နောင်တော်မြတ်ထက် အသက်ကြီး၏။ ရဟန်းသိက္ခာလည်း ကြီး၏။ နောင်တော်မြတ်ထက် စောစီးစွာပင် သူ့ဝါဒကို တိုင်းနိုင်ငံနှံ့ ဖြန့်ကျက်ထားပြီးဖြစ်၍ အနယ်နယ်အရပ်ရပ်တွင် သူ့တပည့်တွေ၊ ဒါယကာတွေ ပေါလှပေသည်။ သူတို့အထဲက ထင်ရှားသူသုံးဦးမှာ ဝေသာလီတွင် သီဟစစ်သူကြီး၊ နာဠန္ဒာမြို့တွင် ဥပါလိသူကြွယ်၊ နောက်တစ်ဦးကား ကျွန်ုပ်တို့ မွေးရပ်မြေက ဖြစ်ပေသည်။

မွေးရပ်မြေသို့ ပထမဦးစွာ နောင်တော်မြတ်ပြန်ကြွလာစဉ်က ဆွေစုံမျိုးစုံလာ၍ ကန်တော့ကြ၏။ ဟောကြားသော တရားတော်ကို နာခဲ့ကြ၏။ နောင်တော်မြတ်နှင့် ကျွန်ုပ်တို့၏ ဘထွေးတော် ဝပ္ပလည်း ထိုပရိသတ်ထဲမှာ ပါဝင်ခဲ့ပါ၏။ သို့သော်လည်း သူ့ခမျာ တရားမပေါက်ခဲ့ရှာ။ တရားသိရေး ကျင့်သုံးရေးကို စိတ်မဝင်စားဘဲ ဆွေဘုရား၊ မျိုးဘုရားအဖြစ်သာ သူများနှင့် ရောရှိ ပါလာခဲ့ကြခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ သာသနာတော်ကြီးသည် ဘုရားရှင်ကြွချီလာခါမှ ကပိလဝတ်မြို့တော်မှာ စတင်ထွန်းကားလာခဲ့၏။ နိဂဏ္ဌဆရာကြီး၏ ဝါဒကား ထို့ထက် စောစီးစွာကပင် ရောက်နေနှင့်ပြီ ဖြစ်၏။ ဝပ္ပလို ထင်ရှားသော သကျအမျိုးသားများပင် နိဂဏ္ဌတပည့်အဖြစ်ကို လိုလိုလားလား ခံယူခဲ့ကြ၏။ ဘုရားရှင့်ရှေ့မှာ ပထမအကြိမ် တရားနာစဉ်က ကျွတ်တမ်းမဝင်ခဲ့သည်မှာ အခြားတစ်ဖက်သို့ စိတ်ညွှတ်နေ၍ ဖြစ်ပါလိမ့်မည်။

သည်တုန်းက ပရိသတ်များကို ဟောရသဖြင့် ဘုရားရှင်သည် သူ့ဘထွေးတော်ကို ကယ်ခွင့်မကြုံခဲ့ပေ။ ဘထွေးတော်၏ စိတ်ဓာတ် မရင့်ကျက်သေး၍ လွတ်ပေးထားခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ သည်တုန်းက ဘုရားရှင်ကို ရှိခိုးလျက် ဝတ်ချလျက် သူ့ဆရာကြီးကို လက်လွတ်မခံခဲ့သော ဘထွေးတော်သည် အချိန်တန်တော့လည်း လက်လွတ်ရသည်သာ ဖြစ်ပါသည်။

ဘထွေးတော်နှင့် ဦးစွာပထမ တရားဆွေးနွေးသူမှာ အရှင်မဟာမောဂ္ဂလာန် ဖြစ်၏။ အရှင်မဟာမောဂ္ဂလာန်တင်ပြသော တရားသဘောကို ဘထွေးတော်က

http://www.dhammadownload.com

သူ့ဆရာကြီးထံမှ ရရှိထားသော နည်းနိဿယဖြင့် ဖြေဆို၏။ သူတို့နှစ်ဦး၏ စကားသည် ဤမျှဖြင့် ရပ်တန့်သွားချိန်တွင် ဘုရားရှင် ကြွတော်မူလာခဲ့ပေသည်။

ယခင်တုန်းက ကျွန်ုပ်တို့၏ ဘထွေးတော်သည် နိဂဏ္ဌဆရာကြီးကို ကြည်ညိုခဲ့၏။ ဘဝ ဘဝက ပါလာခဲ့သော အကုသိုလ် အနန္တကို ပယ်သတ်ရန် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော အကျင့်ဖြင့် ပြင်းထန်စွာကျင့်နိုင်မှ ဖြစ်မည်ဟု တစ်ထစ်ချ မှတ်ယူခဲ့၏။ ဆရာ့တပည့် ပီသစွာ ပင်ပန်းကြီးစွာ အားမထုတ်နိုင်သေးသော်လည်း ဤလမ်းမှ လွဲ၍ အခြားလမ်းမရှိဟု ဆုံးဖြတ်ထားခဲ့၏။

ယခု ဘုရားရှင်နှင့်မျက်နှာချင်းဆိုင် တွေ့ဆုံရသည်တွင်ကား သူ့ဆုံးဖြတ်ချက်ကို ပြင်ရပေပြီ။ အကုသိုလ်ပေါင်း ကြွေးဟောင်းအနန္တမှ လွတ်မြောက်ရေးအတွက် အကျိုးဝိပါက် ခန္ဓာကြီးကို နှိပ်စက်နေရန်မဟုတ်။ အကြောင်းဖြစ်သော ကိလေသာခန္ဓာတို့၏ လွတ်ရာကိုသိ၍ သိသလို နေထိုင်သွားခြင်းသာ ဖြစ်ကြောင်း သဘောပေါက်သွားပေပြီ။ ဆရာကြီးထံမှာလို စမ်းတဝါးဝါးနှင့် အရမ်းသွားမနေရတော့ဘဲ ကိုယ်ပိုင် ကိုယ်တိုင် သိမြင်သော သောတာပန်အဆင့်သို့ ရောက်ရှိသွားပေပြီ။

(အဝံတွရ၊ စတုက္ကနိပါတ်၊ ဝပ္ပသုတ်)

ဝေသာလီမြို့တော်သား သီဟစစ်သူကြီးနှင့် ကျွန်ုပ်၏ ဘထွေးတော် ဝပ္ပတို့သည် နိဂဏ္ဌဆရာကြီး၏ ဒါယကာရင်းများ ဖြစ်ခဲ့ကြ၏။ ထို့အတူပင် နာဠန္ဒာမြို့တော်သား ဥပါလိသူဌေးသည်လည်း နိဂဏ္ဌဆရာကြီး၏ လက်ရုံးတစ်ဆူ ဖြစ်ပေသည်။ ဥပါလိ၏ ဝင်းတံခါးသည် နိဂဏ္ဌ ဆရာတပည့်များအတွက် အမြဲတစေ ဖွင့်ထား၏။ ဥပါလိ၏အိမ်ဂေဟာသည် နိဂဏ္ဌ၏ ပရိသတ်ကြီးအဖို့ သောက်၍ ချိုး၍ မကုန်နိုင်သော ရေချိုတွင်းသဖွယ် ဖြစ်ပေသည်။

အကယ်၍သာ နိဂဏ္ဌဆရာကြီးသည် တပည့်ကြီး ဒီဃတပဿီ၏ စကားကို လက်ခံခဲ့လျှင် ခပ်တိုင်းရသော ဤရေချိုတွင်းကို လက်လွတ်ခံရမည် မဟုတ်ပါ။ သူနှင့်တကွ သူ့ပရိသတ်ကြီးပါ ရာသက်ပန်သောက်သုံးသွားကြရမည် ဖြစ်ပေသည်။

မိမိကိုယ်တိုင် ဘုရားတစ်ဆူ သတ်မှတ်ထားသော နိဂဏ္ဌဆရာကြီးသည် သူ့တစ်သက်တာတွင် ဘုရားရှင်နှင့် တစ်ခါမျှ မျက်နှာချင်း မဆုံဘူးပေ။ တင့်တယ်လှစွာသော ရူပကာယကျက်သရေတော်ကို မဖူးမြင်ရပေ။ လွတ်မြောက်ရာ စခန်းဆီသို့ ကျွမ်းကျွမ်းကျင်ကျင် ပို့ဆောင်နိုင်သော ဒေသနာတော်ကို မကြားနာရဖူးချေ။ သူ့တပည့် ဒီဃတပဿီကား သူ့လို မဟုတ်ပေ။ ကျွန်ုပ်တို့ရှိရာသို့ ရံဖန်ရံခါ ရောက်လာတတ်၏။ ဘုရားရှင်နှင့် စကားစမြည် ပြောဆိုတတ်၏။

http://www.dhammadownload.com

နောက်ဆုံးအခေါက် ရောက်လာစဉ်က ဘုရားရှင်နှင့် သူတို့ ဆွေးနွေးခဲ့ကြသည်မှာ ကံသုံးပါးဆိုင်ရာဖြစ်၏။ ဤသည်မှာ ကျွန်ုပ်တို့ သာသနာ့ဝေါဟာရအားဖြင့် သုံးနှုန်းလိုက်ခြင်းသာ ဖြစ်၏။ နိဂဏ္ဌဂိုဏ်းဝင် ဒီဃသပသီကား ကျွန်ုပ်တို့ကဲ့သို့ သုံးနှုန်းခြင်းမပြုဘဲ....

"အရှင်ဂေါတမ၊ နိဂဏ္ဌာဆရာကြီးသည် ကံဟူ၍ ဟောကြားလေ့မရှိပါ။ ဒဏ်ဟူ၍သာ ဟောကြားလေ့ရှိပါသည်" ဟု လျှောက်၏။

ဘုရားရှင်သည် ဒီဃတပသီ၏ အဆိုကို လိုက်လျောတော်မူကာ....

"တပသီ၊ နိဂဏ္ဌာဆရာကြီးသည် မကောင်းမှုဖြစ်ပေါ်ရေးအတွက် အဘယ်မျှသော ဒဏ်တို့ကို သတ်မှတ်ပါသနည်း"

"ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ ဒဏ်သုံးပါးကို သတ်မှတ်ပါသည်"

"ထိုဒဏ်သုံးပါးသည် အတူတူလော၊ တခြားစီလော"

"တခြားစီ ဖြစ်ပါသည်"

"တခြားစီဖြစ်သော ဤဒဏ်သုံးပါးတွင် ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နိဂဏ္ဌာဆရာကြီး သတ်မှတ်ပါသနည်း"

"ကာယဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ သတ်မှတ်ပါသည်"

"တပသီ၊ ကာယဒဏ်ဟု ဆိုပါသလား"

"အရှင်ဂေါတမ၊ ကာယဒဏ်ဟု ဆိုပါသည်"

အရေးကြီးသော အဆစ်အပိုင်းသို့ ရောက်လာပြီဖြစ်၍ ဘုရားရှင်က သုံးကြိမ်သုံးခါ ထပ်၍ မေးတော်မူပေသည်။

ဒီဃတပသီကလည်း သုံးကြိမ်တိုင်တိုင်ပင်ဝန်ခံလျှောက်ထားကာဘုရားရှင်ကို တုံ့ပြန်၍ မေးမြန်းပေသည်။

"အရှင်ဂေါတမ၊ မကောင်းမှုဖြစ်ပေါ်ရေးအတွက် အရှင်ဂေါတမသည် အဘယ်မျှသောဒဏ်ကို သတ်မှတ်ပါသနည်း"

"တပသီ၊ ငါဘုရားသည် ဒဏ်ဟူ၍ ဟောကြားလေ့ မရှိပေ။ ကံဟူ၍သာ ဟောကြားလေ့ရှိပေသည်"

"သို့ဖြစ်လျှင် မကောင်းမှု ဖြစ်ပေါ်ရေးအတွက် အရှင်ဂေါတမသည် အဘယ်မျှသော ကံကို သတ်မှတ်ပါသနည်း"

"ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးကို သတ်မှတ်ပေသည်"

http://www.dhammadownload.com

"ကံသုံးပါးသည် အတူတူလော၊ တခြားစီလော"

"တခြားစီ ဖြစ်ပေသည်"

"တခြားစီဖြစ်သော ဤကံတို့တွင် ဘယ်ကံကို အပြစ်အကြီးဆုံးဟူ၍ အရှင်ဂေါတမ သတ်မှတ်ပါသနည်း"

"မနောကံကို အပြစ်အကြီးဆုံးဟူ၍ သတ်မှတ်ပေသည်"

"မနောကံဟု ဆိုပါသလား အရှင်ဂေါတမ"

"တပသီ၊ မနောကံဟု ဆိုပေသည်"

ဒီဃတပဿီကလည်း ဘုရားရှင်ကဲ့သို့ ဤစကားကို သုံးကြိမ် သုံးခါ အတည်ပြုချက်ရယူ၏။ ထို့နောက် ဤစကားကို ဆက်လက်၍ မဆွေးနွေးဘဲ ကျောင်းတော်မှ ပြန်သွားပေသည်။ သူ့ဆရာကြီးထံ တစ်ဆင့်တင်ပြရန် ဖြစ်ပေလိမ့်မည်။

တရားသဘောရေးရာ ကွာခြားမှုရှိသော်လည်း ဒီဃတပဿီသည် ဘုရားရှင်၏ အရှိန်အဝါကိုကား ကောင်းကောင်းအကဲခတ်မိ၏။ ဘုရားရှင်၏ တရားသဘောကို လက်မခံနိုင်သေးသော်လည်း တင့်တယ်လှစွာသော ရုပ်သွင်တော်ကိုကား မဖူးဘဲ မနေနိုင်။ တစ်ကြိမ်တစ်ခါ ဖူးမြင်ပြီးနောက် ထပ်ကာထပ်ကာ ရောက်လာခြင်းက ဤအဖြစ်ကို သက်သေထူလျက်ရှိ၏။ ထို့ပြင် ဦးတည်ထားရာသို့ မရောက်ရောက်အောင် ပို့ဆောင်နိုင်သော ဒေသနာစွမ်းအားကိုလည်း ရိပ်စားမိ၏။ သို့ရာတွင် သူ့ခမျာ ဆရာဟောင်းနှင့် ပတ်ဝန်းကျင်ဟောင်းကို သံယောဇဉ် မဖြတ်နိုင်ရှာပါ။ ထို့ကြောင့်ပင် စကားလက်စမသတ်ဘဲ ကျောင်းတော်မှ ပြန်သွားရပေသည်။

ဤသို့ ကိုယ်တိုင်ကိုယ်ကြပ် လေ့လာဖူးသူက တားမြစ်ပါလျက် နိဂဏ္ဌ ဆရာကြီးသည် ဒါယကာရင်း ဥပါလိကို လွှတ်ပေးခဲ့၏။ ယခင်တစ်ခါ အသိဗန္ဓုက ပုတ္တကို လွှတ်ခဲ့တုန်းကလည်း ဒါယကာတစ်ယောက် ဆုံးရှုံးခဲ့ဖူး၏။ ဤသည်ကို အမှတ်သညာမထား၍လား။ သို့မဟုတ် ရွာသူကြီးထက် မြို့သားသူဌေးက စကားရေးသာမည်ဟု တွက်ဆ၍လား။ မည်သို့သော အမြော်အမြင်နှင့် လွှတ်သည်ဖြစ်စေ ဥပါလိတစ်ယောက် ကျွန်ပ်တို့ ကျောင်းတော် ရောက်လာခြင်းက ကောင်းသောလာခြင်းပင် ဖြစ်ပေသည်။

ကောင်းသောလာခြင်းဖြင့် ရောက်လာခဲ့သော ဥပါလိသည် ဘုရားရှင့်ရှေ့တော်အရောက်တွင် အရိုအသေမပေးဘဲ မနေနိုင်။ ရှိခိုးဦးချ မပြုဘဲ မနေနိုင်။ ရုပ်သွင်တော်ကို ဖူးမြင်ရရုံနှင့်ပင် အလိုလို ကိုင်းညွတ်ပြီးသားဖြစ်သွားရ၏။ ကိုင်းညွတ်

http://www.dhammadownload.com

သော လေသံဖြင့် ဒီဃတပဿီနှင့် ဆွေးနွေးခဲ့သော အကြောင်းခြင်းရာများကို မေးလျှောက်၏။ ဘုရားရှင်ကလည်း စောစောက ဆွေးနွေးခဲ့သော အကြောင်းခြင်းရာများကို ပြန်လှန်သည် မိန့်ကြားတော်မူလိုက်၏။

"အရှင်ဘုရား၊ တပဿီ၏ တင်ပြချက်သည် ကောင်းလေစွ။ ဆရာကောင်းတပည့် ပီသပေစွ။ ကြီးမားလှသော ကာယဒဏ်နှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ သေးနုပ်လှသော မနောဒဏ်သည် အဘယ်မှာ အရာရောက်ပါဦးမည်နည်း။ စင်စစ်အားဖြင့် မကောင်းမှု ဖြစ်ပေါ်ရေးတွင် ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံး ဖြစ်ပါပေသည်"

သူ့ဆရာကြီး၏ ဩဝါဒကို ယုံကြည်ချက်အပြည့်ဖြင့်လျှောက်ထားလိုက်၏။ ဤတွင် ဘုရားရှင်က....

"အိမ့်ရှင် သူဋ္ဌေး၊ စကားသစ္စာ တည်ကြည်ကြမည်ဆိုလျှင် ဤအကြောင်းခြင်းရာနှင့်ပတ်သက်၍ သင်နှင့် ငါတို့ ဆွေးနွေးရန် ရှိပေသည်"

"အရှင်ဘုရား၊ တပည့်တော်သည် စကားသစ္စာ တည်ကြည်စွာ ရှိပါမည်"

ဤသို့ ဝန်ခံကတိ ထားခဲ့သည်ကြားကပင် ဥပါလိသည် နှစ်ကြိမ်တိုင်တိုင် ပြောင်ငြင်းခဲ့သေး၏။ ရှောင်၍ တိမ်း၍ မရနိုင်တော့သော အခြေအနေရောက်ပါလျက်နှင့်ဝန်ခံချက်မပေးဘဲ နေခဲ့၏။ "ဤသို့နေခဲ့ခြင်းမှာ ဘုရားရှင်ကို မကြည်ညိုး၍ မဟုတ်ပါ။ ဟောကြားသော တရားတော်ကို လက်မခံနိုင်၍ မဟုတ်ပါ။ ချက်ကျလက်ကျ တင်ပြတော်မူသော ဥပမာများကို ထပ်ကာထပ်ကာ ကြားနာလိုရှိသာဖြစ်ပါသည်"ဟု ဥပါလိက လျှောက်ထားခဲ့ပေသည်။

ဥပါလိ နှစ်သက်စွာ ကြားနာခဲ့ရသော ဥပမာများအနက်မှ တစ်ခုကို ဖော်ပြရသော်....

"အိမ့်ရှင်သူဋ္ဌေး၊ နိဂဏ္ဌဆရာကြီးသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မုသားပြောဆိုခြင်း၊ ကာမဂုဏ်ငါးပါးခံစားခြင်းတို့မှ ရှောင်ကြဉ်လျက် စတုယာမသံဝရအကျင့်ကို ကျင့်၏။ နည်းမျိုးစုံဖြင့် မကောင်းမှုကို တားမြစ်၏။ ထိုဆရာကြီးသည် အမှတ်တမဲ့သွားလာရင်း သေးငယ်လှစွာသော သက်ရှိသတ္တဝါများကို နင်းခြေမိ၏။ သတ်ဖြတ်မိ၏။ ဤအမှုအတွက် နိဂဏ္ဌဆရာကြီးသည် မည်သို့သော အကျိုးတရားကို သတ်မှတ်ပေးပါသနည်း"

"အရှင်ဘုရား၊ နိဂဏ္ဌဆရာကြီးသည် စိတ်စေတနာမပါဘဲ အမှတ်တမဲ့ ဖြစ်သွားမိသော အမှုကို အပြစ်ကြီးသည်ဟု မသတ်မှတ်ပါ ဘုရား"

"အိမ့်ရှင်သူဋ္ဌေး၊ အကယ်၍ စိတ်စေတနာ ပါခဲ့လျှင်ကော"

http://www.dhammadownload.com

"အရှင်ဘုရား၊ စိတ်စေတနာပါရိုးမှန်လျှင် အပြစ်ကြီးပါသည် ဘုရား"

"စိတ်စေတနာကို နိဂဏ္ဌာဆရာကြီးသည် မည်သည့်ဒဏ်မှာ သတ်မှတ်ပါသနည်း"

"မနောဒဏ်မှာ သတ်မှတ်ပါသည် ဘုရား"

ဤသို့ဖြင့်ပင် ဥပါလိ၏ မာနတံခွန် လျှောကျခဲ့ရပေသည်။ မာနမကူကြည်ဖြူသော စိတ်နှလုံးဖြင့် ဆက်လက်ကြားနာရသဖြင့် 'ဥပါလိ' ဟူသော အမည်ဖြင့် အရိယာတစ်ယောက် စာရင်းတိုးလာရပေသည်။

(မရှိမပဏ္ဏာသ၊ ဥပါလိသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

***

http://www.dhammadownload.com

အမျိုးခြောက်ပါး ခွဲခြားရာတွင်

မကောင်းမှုကို ပယ်စွန့်ရန်ဟူသော ဦးတည်ချက်ဖြင့် နိဂဏ္ဌဆရာကြီး၏ ဝါဒသည် ကျွန်ုပ်တို့ သာသနာတော်ကြီးနှင့် တစ်စိတ် တစ်ဒေသ တူညီကြောင်း တစ်နေရာမှာ တင်ပြခဲ့ပြီ ဖြစ်၏။ ထို့ပြင် နိဂဏ္ဌဂိုဏ်းဝင်များသည်လည်း ကျွန်ုပ်တို့နှင့်အဆက်အဆံ၊ အထိအတွေ့များကြ၏။ ထို့ကြောင့် ထိုဂိုဏ်းနှင့် ပတ်သက်သော ဖြစ်ရပ်ဓာတ်လမ်းများကို တော်တော်စုံအောင် ပြလိုက်ရပေသည်။

အခြားသော ဂိုဏ်းဂဏများမှာမူ ကျွန်ုပ်တို့နှင့် တူညီသော သဘောဟူ၍ မရှိပါ။ သို့သော် သူတို့သည် ကျွန်ုပ်တို့နှင့်အတူ ဤမြေ ဤရေကိုပင် အခြေခံကာ မိမိတို့ယုံကြည်ရာ သာသနာကို ပြုစုပျိုးထောင်နေကြ၏။ ထို့ကြောင့်ပင် အယူဝါဒ မတူပါဘဲလျက် သူတို့နှင့် ကျွန်ုပ်တို့ တွေ့ကြုံ ဆုံစည်းကြ၏ရ၏။ ပုဂ္ဂိုလ်ချင်း တွေ့ဆုံမှုနောက်ဝယ် တရားသဘောချင်း နှီးနှောဖလှယ်မှုက ထပ်ကြပ်မကွာ လိုက်ပါလာ၏။ ဤသို့ နှီးနှောရာမှ ကြားနာခဲ့ရသော အယူဝါဒ တစ်ရပ်ကို ရှေ့တော်မှောက်မှာ ကျွန်ုပ် လျှောက်ထားခဲ့ဖူးပေသည်။

"အရှင်ဘုရား၊ ပူရဏကဿပ ဆရာကြီးသည် အမည်းမျိုး၊ အညိုမျိုး၊ အနီမျိုး၊ အဝါမျိုး၊ အဖြူမျိုး၊ အထူးအဖြူမျိုးဟူ၍ အမျိုးခြောက်ပါးကို ခွဲခြားသတ်မှတ်ပါသည်။

"ထိုခြောက်မျိုးတို့တွင် မုဆိုး၊ တံငါ၊ ခိုးသူ၊ ခိုးသူသတ်၊ ထောင်အမှူထမ်းများမှစ၍ ရုန့်ရင်းကြမ်းတမ်းသော အမှုများပြုရသူများကို အမည်းမျိုးဟု သတ်မှတ်ပါသည်။

"အသက်မွေးမှု ပင်ပန်းဆင်းရဲသော ရဟန်းများနှင့် ကမ္မဝါဒသမားများကို အညိုမျိုးဟု သတ်မှတ်ပါသည်။

"အရှက်လုံရုံမျှ အဝတ်စကလေးကို ခါးရှေ့မှာ တွဲလွဲချထားသောနိဂဏ္ဌများကို အနီမျိုးဟု သတ်မှတ်ပါသည်။

"အဝတ်မပါသော တက္ကဒွန်းများ၏ တပည့်ဖြစ်သော ရပ်သူရွာသားများကို အဝါမျိုးဟု သတ်မှတ်ပါသည်။

http://www.dhammadownload.com

"အာဇီဝက အန္တယ်ဝင် ယောကျ်ား မိန်းမများကို အဖြူမျိုးဟု သတ်မှတ်ပါသည်။

"ဝစ္ဆအန္တယ်ဖွား နန္ဒ၊ သဲကိစ္စအန္တယ်ဖွား ကိသနှင့် မက္ခလိဂေါသာလတို့ကို အထူးအဖြူမျိုးဟု သတ်မှတ်ပါသည် ဘုရား"

နောက်ဆုံးစာရင်းမှာပါသော နန္ဒနှင့် သဲကိစ္စတို့မှာ ပူရဏဆရာကြီး၏ အသင်းအပင်းထဲက ဖြစ်ပါသည်။ မက္ခလိ ဂေါသာလ ဆရာကြီးသည်လည်း သူနှင့် ဝါဒချင်းတူသူ ဖြစ်ပါသည်။ ကောင်းတာလုပ်လုပ် မကောင်းတာလုပ်လုပ် ကုသိုလ် အကုသိုလ်မဖြစ်ဟူသော အယူဝါဒရှင်ကြီးပင် ဖြစ်ပါသည်။ သူ့ဝါဒနှင့် ဆင်တူ၍ သူကြည်ဖြူသော ပုဂ္ဂိုလ်များ ဖြစ်နေသောကြောင့်ပင် အထူးအဖြူမျိုးထဲ ထည့်ထားပုံကို သဘောပေါက်သင့်ပါသည်။

ဤအမျိုးခြောက်ပါးကို သတ်မှတ်ထားခြင်းဖြင့် ကျွန်ုပ်တို့အဖို့ အကျိုးကျေးဇူး တစ်စုံတစ်ရာ ဖြစ်လာရန်မရှိပါ။ သို့ရာတွင် ဤအမျိုးခြောက်ပါးကို ရှေ့တော်မှောက်တွင် လျှောက်ထားလိုက်ခြင်းမှာကား သာသနာတော်ကြီး တစ်ခုလုံးအတွက် အကျိုးကျေးဇူး ကြီးမားလှပေသည်။

"အာနန္ဒာ၊ ဤသို့ အမျိုးခြောက်ပါး သတ်မှတ်ရန် ပူရဏကဿပအား ကမ္ဘာလောကကြီးတစ်ခုလုံးက ခွင့်ပြုထားပါသလော"

ကျွန်ုပ်၏ လျှောက်ထားချက်ကို ဤသို့ တုံ့ပြန်တော် မူလိုက်ခြင်းကပင် ဒေသနာတော်တစ်ပုဒ်ကို စတင်လိုက်ခြင်းဖြစ်၍ ကျွန်ုပ်က 'ခွင့်ပြုမထားပါဘုရား' ဟု ဝမ်းပန်းတသာ လျှောက်ထားလိုက်ရ၏။

"အာနန္ဒာ၊ လှည်းသမားများ ခရီးသွားရင်း နွားသေရာတွင် နွားရှင်အား နွားသစ်ဝယ်ရာ၌ အထောက်အကူဖြစ်စေရန် ကျန်လူများက နွားသေကိုဖျက်ကာ ဝေစုခွဲ၍ ဝယ်ယူကြရ၏။ ဤတွင် ဝယ်စရာကြေးငွေ မတတ်နိုင်၍ ငြင်းပယ်နေသော သူအားလည်း အတင်းအကျပ် ဝေစုခွဲ၍ ပေးတတ်ကြ၏။ ပူရဏကဿပ၏ အမျိုးခြောက်ပါး သတ်မှတ်ခြင်းမှာလည်း ဤသို့သာ ဖြစ်၏။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်မရဘဲ မိမိသဘောသက်သက်မျှဖြင့် သတ်မှတ်ထားခြင်းသာ ဖြစ်၏။

"အာနန္ဒာ၊ ငါဘုရားသတ်မှတ်သော အမျိုးခြောက်ပါးကိုကောင်းမွန်စွာနာယူပေလော့။ ငါဘုရား ဟောကြားအံ့"

"ကောင်းပါပြီ အရှင်ဘုရား"

http://www.dhammadownload.com

"အာနန္ဒာ၊ အမည်းပေါ်မှာ အမည်းဆင့်သောအမျိုး၊ မည်းရာမှ ဖြူလာသော အမျိုး၊ မည်းရာမှ အမည်းအဖြူလွတ်ရာ နီဗွာန်ရောက်သောအမျိုး၊ ဖြူရာမှ မည်းလာသော အမျိုး၊ အဖြူပေါ် အဖြူဆင့်သော အမျိုး၊ ဖြူရာမှ အမည်းအဖြူလွတ်ရာနိဗွာန်ရောက်သော အမျိုးဟူ၍ အမျိုးခြောက်ပါး သတ်မှတ်ထားပေသည်။

"အာနန္ဒာ၊ ဤလောက၌ အချို့သောသူသည် ဆင်းရဲနွမ်းပါးသော အမျိုး၌ လူဖြစ်လာရ၏။ အရုပ်ဆိုးအကျည်းတန် ဖြစ်ရ၏။ ထိုသူသည် မပြုထိုက်သော ဒုစရိုက်အမှုတို့ကို ပြုသောအားဖြင့် အမည်းပေါ်မှာ အမည်းဆင့်သော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သော သူသည် ပြုထိုက်သော သုစရိုက်အမှုတို့ကို ပြုသောအားဖြင့် မည်းရာမှ ဖြူလာသောအမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သောသူသည် သာသနာ့ဝန်ထမ်း ရဟန်းဘဝသို့ တက်ရောက်ကာ နည်းမှန်လမ်းကျ ကျင့်သုံးသဖြင့် နိဗွာန်ကို မျက်မှောက်ပြုရ၏။ ထိုသူသည် မည်းရာမှ အမည်းအဖြူလွတ်ရာ နိဗွာန်ရောက်သော အမျိုးထဲပါဝင်ရ၏။

"အချို့သောသူသည် ချမ်းသာကြွယ်ဝသော အမျိုး၌ လူဖြစ်လာရ၏။ ရွှေချင်စဖွယ် တင့်တယ်ထည်ဝါသော ကိုယ်ခန္ဓာရှိ၏။ ထိုသူသည် မပြုထိုက်သော ဒုစရိုက်များကို ပြုသောအားဖြင့် ဖြူရာမှ မည်းလာသော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သောသူသည် ပြုထိုက်သော သုစရိုက်များကို ပြုသောအားဖြင့် အဖြူပေါ် အဖြူဆင့်သော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သောသူသည် သာသနာ့ဝန်ထမ်း ရဟန်းပြုကာ နည်းမှန်လမ်းကျ ကျင့်သုံးခြင်းဖြင့် နိဗွာန်ကို မျက်မှောက်ပြုရ၏။ ထိုသူသည် အမည်းအဖြူလွတ်ရာ နိဗွာန်ရောက်သော အမျိုးထဲ ပါဝင်ရပေသည်"

ပူရာဏကဿပ ဆရာကြီး၏ အမျိုးခြောက်ပါး ခွဲခြားနည်းမှ လမ်းခွဲကာ တစ်မျိုးတစ်ဖုံ ခွဲခြား၍ ပြတော်မူလိုက်ခြင်း ဖြစ်ပေသည်။ ဦးတည်ချက်မရှိသော ခွဲခြားနည်း၏ နေရာတွင် ဦးတည်ချက်အခိုင်အမာရှိသော ခွဲခြားနည်းကို အစားထိုး၍ ပေးတော်မူလိုက်ခြင်း ဖြစ်ပေသည်။

လောကလူသား အများစု၏ အလိုအရ ဆင်းရဲနွမ်းပါးခြင်း၊ အရုပ်ဆိုး အကျည်းတန် ဖြစ်ရခြင်းမှာ အလိုမရှိအပ် မနှစ်သက်အပ်သောကြောင့် အမည်းဟု ဆိုရ၏။ ချမ်းသာကြွယ်ဝခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပခြင်းတို့ကား အလိုရှိအပ်၊ နှစ်သက်အပ်သောကြောင့် အဖြူများ ဖြစ်ကြ၏။

http://www.dhammadownload.com

ဤသို့အားဖြင့် လူတစ်ယောက်၏ မည်းခြင်းဖြူခြင်းကို လောကသဘောအရ ပစ္စည်းဥစ္စာဖြင့် သတ်မှတ်ထား၏။ အဆင်းရုပ်ဝါဖြင့်ခွဲခြားထား၏။ ဤခွဲခြားနည်းသည် လောကလူသား အများစု၏ သဘောထားအပေါ် အခြေပြုလျက် ရှိ၏။ ပူရဏကဿပ ဆရာကြီးကဲ့သို့ အခြားသော ဂိုဏ်းဂဏများ၊ အခြားသော ဝါဒရှင်များ၏ အမည်နာမကို တပ်မထားသဖြင့် ပုဂ္ဂလဓိဋ္ဌာန်သဘောကင်းစင်နေ၏။

ဗုဒ္ဓမြတ်စွာ၏ ခွဲခြားနည်းအရ ကံအားလျော်စွာ အမည်မျိုးမှာ ဖြစ်လာရသော လူများအတွက်လည်း စိတ်ပျက်အားငယ်ရန် မရှိပါချေ။ မည်မျှပင် မည်းညစ်သော ဘဝကို ရောက်နေစေကာမူ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်များကို ကြိုးစား၍ ပြုလျှင် ဖြူစင်သောဘဝသို့ ရောက်နိုင်ပေသည်။ ထို့ထက် စွမ်းနိုင်လျှင် အမည်းအဖြူကင်းရာ နိဗ္ဗာန်တရားတော်ကိုပင် မျက်မှောက်ပြုနိုင်ပေသည်။

ထို့အတူပင် ကံကောင်းထောက်မ၍ အဖြူမျိုးမှာ လူဖြစ်လာသူများလည်း ငါတကောကောရန် မရှိချေ။ မည်မျှပင် ဖြူစင်သောဘဝသို့ ရောက်နေစေကာမူ မပြုသင့် မပြုထိုက်သော မကောင်းမှု အကုသိုလ်များကို ပြုမှားမိလျှင် မည်းညစ်သော ဘဝသို့ ချက်ချင်းလက်ငင်း ရောက်သွားတော့၏။ ဖြူစင်သော ဘဝကလေးကို ရနေသည့်အခိုက် ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်များကို ပြုပါမှ အဖြူပေါ် အဖြူဆင့်နိုင်ကြပေလိမ့်မည်။ ထို့ထက် စွမ်းနိုင်ပါလျှင် အမည်းအဖြူမှ လွတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့်မြင့်မြတ်သော သာသနာတော်မှာ အပါလိုက်နိုင်ကြမည် ဖြစ်ပေသည်။

အမျိုးခြောက်ပါး ခွဲခြားရာတွင် ဘုရားရှင်သည် ဦးစွာ ပထမ လောကသဘောကို လိုက်လျော၍ ပေးတော်မူလိုက်၏။ ထို့နောက်မှ လောကသဘောကို ဓမ္မသဘောဖြင့် ထိန်းကွပ်၍ ထားတော်မူပုံမှာ လေးနက်လှပါပေသည်။

(အဝုံတ္တရ၊ ဆက္ကနိပါတ် ဆဋ္ဌာဘိစာတီသုတ်)

ကျွန်ုပ် အနှစ်သက်ဆုံးသော ဓမ္မလက်ဆောင်တစ်ခုကို ပူရဏကဿပ ဆရာကြီး၏ အမျိုးခြောက်ပါး ခွဲခြားနည်းနှင့် ဆက်စပ်၍ ဘုရားရှင်ထံတော်မှကျွန်ုပ် ရရှိခဲ့၏။ ဤလက်ဆောင်ကို ပေးတော်မူရာတွင် ဘုရားရှင်သည် ပူရဏကဿပ ဆရာကြီး၏ ဝါဒကို ဝေဖန်တော်မူခဲ့၏။ ဤသို့ ဝေဖန်တော်မူခြင်းမှာ ပူရဏကဿပ ဆရာကြီး၏ ဝါဒတစ်ခုကို ကျွန်ုပ်က ပိုင်းပိုင်းခြားခြား ထင်ရှားစွာ လျှောက်ထားခဲ့သောကြောင့် ဖြစ်၏။ ဤသို့ ပိုင်းပိုင်းခြားခြားမလျှောက်ထားဘဲ ဝါဒ အားလုံးကို သိမ်းကျုံး၍ လျှောက်ထားရာတွင်ကား ဝေဖန်မှု ပြုတော်မမူပါ။

http://www.dhammadownload.com

သည်တစ်ခါ သာသနာ့ပြင်ပက ဝါဒများကို သယ်ဆောင်လာသူကား ကျွန်ုပ်မဟုတ်ပါ။ ကြောင်ကြောင်ကျားကျား အသားအရေရှိသော 'ကောဇ္ဈ'ဟူသော ပုဏ္ဏားတစ်ယောက်သည် ကျွန်ုပ်တို့ရှိရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာလျက်....

"အရှင်ဘုရား၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ စသော ဆရာကြီးများ၏ ဝါဒများသည် သံသရာမှ လွတ်မြောက်ကြောင်း ဟုတ်သည် မဟုတ်သည် ခွဲခြား၍ မိန့်ကြားတော်မူပါ ဘုရား"

ဘုရားရှင့် ရှေ့တော်မှောက်ဝင်ရောက်လျက် သူသိလိုရာကို မေးလျှောက်လိုက်၏။ သင်္ကန်းရောင် ထိန်ထိန်ဝင်းသော သာဝတ္ထိမြို့တော်ကြီးမှာ ထိုဆရာကြီး၏ တပည့်သာဝကများလည်း ရှိနေကြသည်သာ။ ဤပုဏ္ဏားသည် ထိုပုဂ္ဂိုလ်များနှင့် သူ့ဘက် ကိုယ့်ဘက် အနိုင်အထက် ငြင်းခုံရာမှ ဘုရားရှင်ထံ စစ်ကူတောင်းရန် ရောက်လာဟန်တူပေသည်။ ငြင်းခုံမှုကို ဝေးဝေးကရှောင်ရှားတော်မူသော ဘုရားရှင်သည် ပုဏ္ဏား၏ လျှောက်ထားချက်ကို လက်ခံတော်မမူဘဲ....

"ပုဏ္ဏား၊ ဤစကားများကို ထားပါတော့။ သင့်ကို ငါဘုရား တရားဟောအံ့။ တရားကိုသာ ကောင်းမွန်စွာ နာကြားပေတော့။ နှလုံးသွင်းပေတော့"

ဤသို့ စကားလမ်းကြောင်း ပြောင်းတော်မူကာ တရားတစ်ပုဒ်ကို ဟောထုတ်တော်မူပေသည်။

ထိုနေ့က ဟောတော်မူသော တရားတော်မှာ ဥပမာအဆင့်ဆင့် ငါးခုမျှ ပါဝင်၏။ ဥပမာအဆင့် ငါးဆင့်သည် သစ်ပင်ပေါ်မှာချည်း အခြေခံထား၏။ ပထမဦးစွာ ကိုင်းဖျားကိုင်းနှား၊ ထို့နောက် အပွေး၊ အခေါက်၊ အကာနှင့် အနှစ်တို့ အစဉ်အတိုင်းပါရှိ၏။

ဤဥပမာ ငါးဆင့်ကို ဥပမေယျ ငါးဆင့်နှင့် ယှဉ်လိုက်သောအခါ....

ကိုင်းဖျားကိုင်းနှားနှင့် ဘုန်းကြီးခြင်း။

အပွေးနှင့် သီလ။

အခေါက်နှင့် သမာဓိ။

အကာနှင့် အောက်မဂ်၊ အောက်ဖိုလ်။

အနှစ်နှင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်။

http://www.dhammadownload.com

အနှစ်ကို အလိုရှိသော ယောကျ်ားသည် ကိုင်းဖျားကိုင်းနား၊ အပွေးအခေါက်နှင့် အကာတို့မှာပင် တင်းတိမ်မနေဘဲ အနှစ်ထိအောင် ထွင်းဖောက်၍ ယူရဘိသကဲ့သို့

သာသနာ့ဝန်ထမ်း ရဟန်းဘောင်တက်လာသူတို့သည်လည်း ဘုန်းကြီးခြင်း၊ သီလစင်ကြယ်ခြင်း၊ သမာဓိတည်ကြည်ခြင်းနှင့် အောက်မဂ်၊ အောက်ဖိုလ်ဖြင့်တင်းတိမ်အား၍ မနေကြဘဲ အရဟတ္တဖိုလ်အရောက် ထွင်းဖောက်နိုင်ကြရမည်ဖြစ်ကြောင်း ဟောကြားတော်မူပေသည်။

အရဟတ္တဖိုလ် အထွတ်တပ်ထားသော ဤဒေသနာတော်သည် အခြေခံဉာဏ်ပညာ မရင့်မာသေးသော ပုဏ္ဍားအဖို့ သရဏဂုံ တည်ရုံမျှသာ စွမ်းဆောင်နိုင်ပေသည်။

(မချိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠသာရောပမသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

အကျင့်ထဲမှာ အသိပါပါစေ

တရားကျင့်သုံးရေးနှင့်ပတ်သက်၍ တက်တက်ကြွကြွ လုံ့လဝီရိယရှိကြစေရန် ဘုရားရှင် မကြာခဏ မိန့်မှာတော်မူခဲ့၏။ ကျူပင် ကျူရိုးနှင့် ဆောက်လုပ်ထားသော တဲအိမ်ကို ဆင်ပြောင်ကြီးသည် စိစိညက်ကြေ နင်းချေဘိသကဲ့သို့ ကိလေသာတည်းဟူသော ရန်စွယ်အပေါင်းကိုလည်း မကြောက်မရွံ့ နောက်မတွန့်သော လုံ့လဝီရိယဖြင့် နင်းချေဖျက်ဆီးကြရန် တိုက်တွန်းတော်မူခဲ့၏။ ဤသို့ တိုက်တွန်းတော်မူသဖြင့် ကျွန်ုပ်တို့ သာသနာ့ဘောင်ဝယ် အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ပေါက်၍ လာပေသည်။ ပိတ်ဆို့ကာဆီးတတ်သော တရားဟူသမျှမှလွတ်လွတ်ကျွတ်ကျွတ်ကြီး ရုန်းထွက်နိုင်ကြသော လောကုတ္တရာ သူရဲကောင်းတွေ များပြား၍လာပေသည်။

ဤတွင် တစ်ခုမေးရန် ရှိလာပါသည်။ မတွန့်မဆုတ် မတုန်လှုပ်သော လုံ့လဝီရိယဖြင့် တရားအားထုတ်သူတိုင်း လွတ်ရေးကျွတ်ရေး ရကြသလောဟု စောကြောရန် ရှိလာပါသည်။ ဤသို့ စောကြောလာပါက လွတ်သူကျွတ်သူရှိသလို မလွတ်ကျွတ်သူများလည်း ရှိနေပါသည်ဟု ဟုတ်တိုင်းမှန်စွာ အဖြေပေးရပါလိမ့်မည်။

ထိုအဖြေပေါ်မှာမှတစ်ဖန် "လုံ့လစိုက်တာချင်းတူပါလျက် အဘယ့်ကြောင့် အချို့က တစ်လစ် ကျန်ရစ်ပါသနည်း" ဟု ထပ်ဆင့်၍ မေးလာပါမူ "အကျင့်ထဲမှာ အသိမပါ၍" ဟု ဖြေကြားရပါလိမ့်မည်။

မှန်ပါသည်။ အရိုကြေကြေ အရေခန်းခန်း၊ မတွန့်တမ်း၊ မဆုတ်တမ်း အားထုတ်ကြသူများမှာ ကျွန်ုပ်တို့ သာသနာတော်တွင်းမှာသာ ရှိသည် မဟုတ်ပါ။ အပြင်ဘက်မှာလည်း အမြောက်အမြား ရှိနေပါသည်။ လုံ့လဝီရိယအရာမှာ ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်းများထက် သာသည်ဟူ၍ပင် ဆိုနိုင်ပါသေးသည်။ သာမန်လူသားတို့ ခံစားနိုင်စွမ်း မရှိသော ဆင်းရဲဒုက္ခများကို ခံစား၍ ဇွဲတင်းတင်းနှင့် အပြင်းအထန် အားထုတ်နေကြသူများရှိပါသည်။ စောစောက အခန်းများတုန်းက တင်ပြခဲ့သော နိဂဏ္ဌရဟန်းများသည် အပြင်းအထန်အားထုတ်မှုတွင် စံနမူနာတင်ရသူများ ဖြစ်ကြပေသည်။

http://www.dhammadownload.com

တကယ်တော့ဖြင့် သူတို့သည် ရှာမှ ရှားသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သက်သောင့်သက်သာ ထည်ထည်ဝါဝါ နေလိုကြသော လောကအလယ်မှာသူတို့က ပင်ပန်းမှုကိုမှ တမင်တကာ ရှာကြံကြ၏။ အဝတ် သက်နံးမှာ ကြမ်းပေ့ ညံ့ပေ့ ဆိုသည်ကိုမှ ကြံဖန်၍ ဝတ်ကြ၏။ သူတို့ထက် အဆင့်အတန်းမြင့်သူများကား အဝတ်မပါ၊ ကိုယ်တုံးလုံး နေကြ၏။ အစားအသောက်မှာလည်း ကြမ်းပေ့ ညံ့ပေ့ ဆိုသည်ကိုမှ ရှာကြံ၍ စားကြ၏။ ထိုသို့သော အစာမျိုးကိုပင် အငတ်ခံ၍ ကျင့်ကြသေး၏။ ဒုက္ခမျိုးစုံကို ဖွဲ့တင်းတင်းနှင့် ပြင်းပြင်းထန်ထန် အားထုတ်ပုံများကို ကျွန်ုပ်၏ ပရိသတ်များ တွေ့ဖူးမြင်ဖူးကြပြီးဖြစ်၍ လုံးစေ့ပတ်စေ့ တင်ပြမနေလိုပါ။ သည်အကြောင်းများကို တင်ပြခြင်းဖြင့် ပီတိသောမနသ ဖြစ်စရာလည်း မရှိပါ။ ထို့ကြောင့် သူတို့နှင့်ပတ်သက်၍ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဒေသနာတော် တစ်ပုဒ်ကိုသာ တင်ပြပါတော့မည်။

ဤဒေသနာတော်ကို ဦးစွာပထမ ဟောကြားသည့်ဌာနကား ဂိဇ္ဇကုဋ်တောင် ဖြစ်ပေသည်။ ဤတောင်၏ တောင်ထွဋ်များသည် လင်းတခေါင်းနှင့် တူသဖြင့် ဤနာမည်တွင်နေခြင်း ဖြစ်၏။ ဤတောင်မှာ သစ်ပင်တောတောင် မထူထပ်၍ လူသွားလူလာ မရှိသလောက်ဖြစ်၏။ တောင်ယာပဲခင်း လုပ်ကိုင် စား၍လည်း မဖြစ်နိုင်။ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတို့၏ သီးသန့်နေရာသဖွယ် ဖြစ်နေပေသည်။ လူသူပရိသတ် ကင်းဆိတ်ရာ၌ အေးချမ်းစွာ နေတော်မူလိုလျှင် ဘုရားရှင်သည် ထိုနေရာသို့ ကြွတော်မူနေကျ ဖြစ်၏။ ဤသို့ ကြွတော်မူ၍ပင် ကျွန်ုပ်တို့အားလုံး ယူကျုံးမရ ဖြစ်ကြရသော ကိစ္စကြီးတစ်ခုကိုကား သူ့အခန်းကျမှ တင်ပြရပါဦးမည်။

ဂိဇ္ဇကုဋ်တောင်အနီးဝယ် ဣသိဂိလိမည်သော တောင်တစ်လုံးလည်းရှိ၏။ ထိုတောင်၏ လိုဏ်ဂူတစ်ခုထဲသို့ တောနေရသေ့ရဟန်းများ ဝင်ရောက်ကြရာတွင် အဝေးမှ ကြည့်နေသူများအဖို့ တောင်ကြီးက ရသေ့ရဟန်းများကို မျိုနေကြသကဲ့သို့ ထင်ကြရ၏။ ထို့ကြောင့် ထိုတောင်ကို ဣသိဂိလိဟု အမည်ပေးထားကြ၏။ ထိုတောင်ခြေရှိ နက်မှောင်သော ကျောက်ဖျာကြီးပေါ်မှာကား တစ်ဖက်စွန်းရောက် ပုဂ္ဂိုလ်များ ရှိနေကြသည်။

နိဂဏ္ဍဂိုဏ်းဝင်ဖြစ်သော ထိုရဟန်းတို့သည် ထိုင်ခြင်းဣရိယာပုတ်ကိုလုံးဝ ပယ်စွန့်ကာ မတ်တတ်ရပ်လျက်သာ နေကြ၏။ ဣရိယာပုတ် မပြောင်းမရွှေ့ရသဖြင့် ပြင်းစွာသောဒုက္ခဝေဒနာများကို ခံစားနေရ၏။ သို့သော် ဒုက္ခကို သူတို့က မညည်းညူကြပေ။ အနာခံမှ အသာစံရမည်ဟု နာဋုပုတ္တဆရာကြီး ဟောပြထားသည့် အတိုင်း ဒုက္ခခံစားရေး ကျင့်စဉ်ကို ဖွဲ့ကောင်းကောင်းနှင့် ကျင့်လျက်ရှိကြပေသည်။ ဤသို့ ဆင်းရဲကြီးစွာ ဝေဒနာခံစား၍ ကျင့်ခြင်းဖြင့် ဘဝ ဘဝကပါလာသော ကံဟောင်းများကို ချေဖျက်ရန် ဖြစ်ပေသည်။

http://www.dhammadownload.com

တစ်ဖက်စွန်းရောက်ပုဂ္ဂိုလ်များရှိရာသို့ ညချမ်းအခါမှာ ဘုရားရှင်ကြွသွားတော်မူခဲ့၏။ ဆရာ့စကားကို လေ့နံ့မားထစ် မှတ်ယူထားသော ထိုရဟန်းတို့အား မေးခွန်းများ ထုတ်တော်မူခဲ့၏။

"ငါ့ရှင် နိဂဏ္ဌာတို့၊ သင်တို့သည် ရှေးရှေးဘဝများမှာ မုချဇကန် ဖြစ်ခဲ့ဖူးကြသည်ဟု ကိုယ့်ကိုယ်ကို သိနိုင်ကြကုန်သလော"

"အရှင်ဂေါတမ၊ ငါတို့ မသိနိုင်ကြပါ"

တရားရေးရာ အယူအဆ မတူညီကြသော်လည်း ပုဂ္ဂိုလ်ရေးအရ ဘုရားရှင်ကို လေးစားကြသဖြင့် ဟုတ်တိုင်းမှန်စွာ ဖြေကြားကြပေသည်။

"ငါ့ရှင် နိဂဏ္ဌာတို့၊ သင်တို့သည် ရှေးရှေးဘဝများတုန်းက မကောင်းသောကံများကို ဇကန်မုချ ပြုခဲ့ကြဖူးသည်ဟု သင်တို့ကိုယ်တိုင် သိနိုင်ကြကုန်သလော"

"အရှင် ဂေါတမ၊ မသိနိုင်ကြပါ"

"ဤသို့ဆိုလျှင် ရှေးရှေးဘဝတုန်းက မည်သို့ မည်သို့သော မကောင်းမှုကို ပြုခဲ့ကြသည်ဟု သင်တို့ သိနိုင်ကြကုန်သလော"

"ငါတို့ မသိနိုင်ကြပါ"

"ဤသို့ ဆင်းရဲကြီးစွာ ခံစားသော အကျင့်ဖြင့် မကောင်းသောကံတွေ မည်ရွေ့မည်မျှ ချေဖျက်ပြီးပြီ။ နောက်နောင် ချေဖျက်စရာကံတွေ မည်မျှလောက် ကျန်သေးသည်။ မည်မျှလောက် ကံတွေကို ချေဖျက်ပြီးလျှင် ဒုက္ခဇာတ်သိမ်းချုပ်ငြိမ်းမည်ဟု သင်တို့ သိနိုင်ကြကုန်သလော"

"ငါတို့ မသိနိုင်ကြပါ"

"နောင်ခါကာလ နောင်ဘဝကို ရည်စူး၍ မကောင်းမှုကို ချေဖျက်နေသော သင်တို့သည် ယခု မျက်မှောက်ဘဝမှာပင် မကောင်းမှုတို့ ပျောက်ကင်းခြင်းကို သိနိုင်ကြကုန်သလော။ ကောင်းမှု၏ ပြည့်စုံခြင်းကို သိနိုင်ကြကုန်သလော"

"မသိနိုင်ကြပါ အရှင်ဂေါတမ"

မေးလေသမျှကို နိဂဏ္ဌတို့က ခေါင်းယမ်း၍သာ ဖြေကြပေသည်။ ဤသို့အားဖြင့် သူတို့၏ အကျင့်များသည် မှောင်ထဲသို့ ရှမ်း၍ ခဲပစ်သူနှင့်မခြားတော့ပါ။

ဤမေးခွန်းများကို အကြောင်းပြုကာ ဘုရားရှင်က ဘဝသံသရာကို ပစ်ပယ်သည်။ ကံကို ပစ်ပယ်သည်ဟု ကောက်ချက် မချမိကြရန် သတိပြုကြစေလို၏။ 'မစ္ဆိုမပဋိပဒါ'ဟူသော လမ်းစဉ်ကို ဘုရားရှင်ချမှတ်တော်မူခဲ့၏။ ထိုလမ်းစဉ်ပါ ဉာဏ်အမြင်ဖြင့် ရှုမြင်ပါသော် ယခု ဘဝကြုံလေသမျှ ရှေးကံကြောင့်ချည်းဟု ရှေးကံကို တစ်ထစ်ချ စွဲယူထားခြင်းသည်လည်းကောင်း၊ ပစ်ပယ်ခြင်းသည်လည်းကောင်း တစ်ဖက်စွန်းရောက် တရားများသာ ဖြစ်နေကြပေသည်။

http://www.dhammadownload.com

ဤမေးခွန်းများ ထုတ်တော်မူရခြင်းမှာ ကိုယ်တိုင် မသိပါဘဲလျက် ပြောသံကြားနှင့် ဒုက္ခများနေရပုံကို ထင်ရှားလာစေရန်သာ ဖြစ်၏။ ကိုယ်တိုင် မသိနိုင် မမြင်နိုင်ပုံကို ထင်ရှားလာစေရန် ဆစ်၍ ဆစ်၍ မေးတော်မူရခြင်းဖြစ်၏။ ဆရာစွဲ ဂိုဏ်းစွဲ မနာသေးသူများဖြစ်ပါက ဤမေးခွန်းများဖြင့်ပင် ကျွတ်တမ်းဝင်နိုင်လောက်ပေသည်။ မိမိကိုယ်တိုင် မသိနိုင် မမြင်နိုင်သော ကိစ္စများကို အသာထား၍ သိနိုင် မြင်နိုင်သော အကျင့်ကိုသာ ပွားများ ကျင့်သုံးနိုင်လောက်ပေသည်။

အကုသိုလ်ကံများ ပပျောက်ရေး၊ ကုသိုလ်ကံတို့ ပြည့်စုံရေးအတွက် ကျွန်ုပ်တို့ အခြေပြုရမည်မှာ ဤမျက်မှောက်ဘဝပင် ဖြစ်၏။ အတိတ်က ဘဝတွေ အသချေအနန္တ ရှိချင်ရှိပါစေ၊ မရှိချင်နေပါစေ။ လွန်လေပြီးသော ကိစ္စများကို ကျွန်ုပ်တို့ မည်သို့မှ မတတ်နိုင်ပါ။ ထိုကိစ္စများနှင့် ပတ်သက်၍ ရှိမရှိ စဉ်းစားနေခြင်းဖြင့် လည်းကောင်း၊ ရှိမရှိ ငြင်းခုန်နေခြင်းဖြင့်လည်းကောင်း အကျိုးစီးပွားဖြစ်ထွန်းလာမည် မဟုတ်ပါ။ အယူအဆ မတူသူနှင့် တွေ့လျှင် ရန်မီးပွားစေရန်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဘုရားရှင်က နိဂဏ္ဌတို့အား ယခု မျက်မှောက်ဘဝမှာပင် မကောင်းမှုတို့၏ ပျောက်ကင်းခြင်း၊ ကောင်းမှုတို့၏ ပြည့်စုံခြင်းကို သိစေလို၍ မေးစစ်တော်မူခြင်း ဖြစ်၏။

ကျွန်ုပ်တို့ ပြုပြင်နိုင်စွမ်းရှိသော ဘဝသည် ပစ္စုပ္ပန်ဘဝသာ ဖြစ်၏။ ကာမဝစရကုသိုလ်ဖြင့် အနာဂတ်သံသရာကို ပြုပြင်နိုင်သည်ဟု ဆိုရသော်လည်း ကတိမြဲသောအဆင့်သို့ မရောက်သေးသမျှ စိတ်မချရသေးပါ။ အနာဂတ်ဘဝနှင့် ပတ်သက်၍ စွဲလမ်းခြင်းသည်လည်း အတိတ်ကို စွဲလမ်းသကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပစ္စုပ္ပန်ဘဝ၊ ယခု ပစ္စုပ္ပန် တစ်ခဏ၌ မိမိစိတ်သန္တာန် ပြန်ကာကြည့်ကြလျှင် လောဘ၊ ဒေါသ စသော မကောင်းစိတ်များ ဖြစ်ပေါ်နေလျှင်လည်း ဖြစ်ပေါ်နေသည့်အတိုင်း ရှုမြင်မိကြမည် ဖြစ်၏။

ဘာဝနာဉာဏ် အထွတ်အထိပ် မရောက်သေးပါက မည်သူ့မှာမဆိုမကောင်းစိတ်များ ဖြစ်ပေါ်နေကြသည်သာ။ သို့ရာတွင် တစ်ဦးနှင့် တစ်ဦး တူကြမည် မဟုတ်ပေ။ သတိကပ်၍ ကြည့်တတ်သူများအဖို့ မကောင်းစိတ်ကို မကောင်းစိတ်မှန်း သိလိုက်သည်နှင့် တစ်ပြိုင်နက် မကောင်းစိတ်အစဉ် ရပ်တန့်သွား၏။ မကောင်းစိတ်များနေရာတွင် ကောင်းစိတ်များ ဝင်ရောက်လာ၏။ သတိကပ်၍ ကြည့်တတ်လျှင် ကြည့်တတ်သည်နှင့်အမျှ မကောင်းစိတ်များမှ လွတ်မြောက်နိုင်ခွင့်ကို မြန်မြန်ကြီး ရနိုင်ကြ၏။ မကြည့်တတ်သူများမှာကား မကောင်းစိတ်နောက်မှာ မကောင်းစိတ်များသာ အတောမသတ် ဖြစ်ပေါ်လာကြပေလိမ့်မည်။

http://www.dhammadownload.com

ဤသို့ လွတ်မြောက်ခွင့်ရခြင်းသည် မကောင်းမှုကို စွန့်ပစ်ခြင်း ဖြစ်၏။ ကောင်းမှုကုသိုလ်၏ ပြည့်စုံခြင်းလည်း ဖြစ်၏။ ဤသို့သော ဝိပဿနာစခန်း တက်လှမ်းမိလျှင် သည်ထက်သည် အဆင့်အတန်း မြင့်မားရန်သာရှိကြပေတော့သည်။

သို့ပါလျက် ဆရာစွဲ၊ ဂိုဏ်းစွဲနာသော နိဂဏ္ဌိများကား ဘုရားရှင့်အာဘော်ကို မရိပ်မိကြပါ။ မသေမချင်း ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေရသော ဒုက္ခမှ ကယ်တင်ရန် ကြွလာသော ကျေးဇူးရှင်ကို ကျေးဇူးတင်ရကောင်းမှန်း မသိပါ။ ထို့ကြောင့် ဘုရားရှင်က သူတို့ကို မညှာမတာ မိန့်တော်မူရ၏။

"နိဂဏ္ဌတို့၊ သင်တို့သည် ရှေးဘဝတုန်းက ဘာတွေဖြစ်ခဲ့သည်။ ဘာတွေ ပြုခဲ့သည် ဟူ၍ပင် သင်တို့ကိုယ်တိုင် မသိ။ မသိပါဘဲလျက်နှင့်လည်း ပြုခဲ့မိသော မကောင်းမှုတွေ ကင်းပြတ်ရန်ဟု ဆင်းရဲကြီးစွာ ဝေဒနာခံစား၍ ကျင့်နေကြဘိ၏။ ဤသည်ကို ထောက်၍ဆိုရလျှင် လောကဌ် ကြမ်းတမ်း ယုတ်မာသောသူ၊ မညှာရက်စက် သူ့အသက်ကို သတ်ဖြတ်သူတို့သည် လူ့ဘဝ ရလာကြပြီးလျှင် သင်တို့ နိဂဏ္ဌများထံမှာ ရဟန်းပြုလာကြလေယောင် တကား"

အသိခေါက်ခက် အဝင်နက်သူများမို့ နာလောက်အောင် မိန့်တော်မူလိုက်ရပေသည်။ အတိတ်က မကောင်းသော ကံများကို ချေဖျက်ရန် ဆင်းရဲကြီးစွာ ဝေဒနာခံစား၍ ကျင့်နေရပါသည်ဆိုသော သူတို့အား ဤသို့ မှတ်ချက်ချရန်မှတစ်ပါး အခြားလမ်း မရှိပါချေ။

ဘုရားရှင် မိန့်တော်မူသည်မှာ သူတို့ဘာသာ အမှားမှန်းသိ၍ သည်ဒုက္ခမှ လွတ်မြောက်နိုင်ကြရန် ဖြစ်ပါ၏။ သို့သော် မလွတ်ချင်၍ ဇွတ်အပင်ပန်းခံနေကြသူတို့ကား မဟာကရုဏာတော်ကို ခံယူနိုင်စွမ်း မရှိကြပါ။ သူတို့၏ အယူဝါဒကို သူတို့ ကျင့်သုံးပုံဖြင့် ကာကွယ်၍ မရနိုင်တော့သည်တွင် အခြားက အထောက်အကူကို လှမ်း၍ ယူကြပေတော့သည်။

"အရှင်ဂေါတမ၊ အရှင်ဂေါတမသည် မည်သို့ပင် အပြစ်တင်သော်လည်း အနာခံမှ အသာစံရသော လမ်းစဉ်ကား ဟုတ်မှန်မြဲ ဟုတ်မှန်နေသည်သာ ဖြစ်၏။ အရှင်ဂေါတမ အလိုကျအတိုင်း ချမ်းသာစွာ ကျင့်သုံးခြင်းဖြင့် ချမ်းသာရာကို ရမည်ဆိုပါက မဂဓတိုင်းကြီးသခင် ဘုရင်ဗိမ္ဗိသာရသည် ချမ်းသာခြင်းကို ရပေရာ၏။ စစ်တပ်ကြီးစွာ အခိုင်အမာရှိသော ဗိမ္ဗိသာရမင်းကြီးသည် အရှင်ဂေါတမထက် ချမ်းချမ်းသာသာ နေထိုင်ပေရာ၏"

ဗိမ္ဗိသာရမင်းကြီး၏ ချမ်းသာသော အကျင့်ဆိုသည်မှာ မင်းကြီးကိုယ်တိုင်ရှိထားသော သောစာပတ္တိမဂ်ဖိုလ်ကို ဆိုလိုခြင်း မဟုတ်ပါ။ မဂ်တရား ဖိုလ်တရားကို သူတို့က အသိအမှတ်မပြုပါ။ အနာခံမှ အသာစံရသည်ဟူသော သူတို့ဝါဒကို အသေဆုပ်ကိုင်ထားရန် လောကုတ္တရာ ချမ်းသာနှင့် ကာမဂုဏ် ချမ်းသာကို ရောထွေးပစ်လိုက်ခြင်းသာ ဖြစ်ပေသည်။

http://www.dhammadownload.com

ချမ်းသာသောအကျင့်ဖြင့် ချမ်းသာခြင်းကို ရနိုင်သည်ဆိုခြင်းမှာ ကာမဂုဏ် ချမ်းသာကို ခံစား၍ ကျင့်ရန် မဟုတ်ပါ။ ကာမဂုဏ်အာရုံဟူသည်မှာ ခံစားစဉ် တစ်ခဏ၌ ချမ်းသာသည်ဟု ထင်ရသော်လည်း တကယ်တမ်း ချမ်းသာသည် မဟုတ်ပါ။ ထင်ရုံသာထင်ရသော တစ်ခဏ ချမ်းသာလေးနှင့် မမျှလောက်အောင် မြားမြောင်လှသော ဒုက္ခတွေအတွက် လမ်းခင်းပေးခြင်းသာ ဖြစ်၏။ နိဂဏ္ဌတို့၏ အနာခံလမ်းစဉ်မှာကား ထို့ထက်ပင် ဆိုးသေး၏။ ကျင့်နေဆဲမှာလည်း အလွန်တရာ ဆင်းရဲလှ၏။ နောက်နောင်မှာလည်း ချမ်းသာဖို့ လမ်းမမြင်ပါချေ။

ထို့ကြောင့် ဘုရားရှင်ညွှန်ပြတော်မူလိုသော လမ်းစဉ်ကား ထိုအစွန်းနှစ်ဖက် အနက် ဘယ်ဘက်ကိုမှ မချဉ်းကပ်သော မချိမပဋိပဒါလမ်းစဉ်ဖြစ်၏။ ထိုလမ်းစဉ် အတိုင်း မကွေ့မကောက် တောက်လျှောက်လာခဲ့ပြီမို့ စိတ်ချမ်းသာခြင်းတို့၏ အထွတ်အထိပ်သို့ ရောက်တော်မူခဲ့ပေပြီ။

ဤအကြောင်းကို အထင်အရှားပြတော်မူလိုသဖြင့် ဘုရားရှင်က နိဂဏ္ဌတို့၏ ဆင်ခြေကို တစ်မျိုး ပြင်ပေးတော်မူလိုက်ရ၏။ သူ့ဘာသာ အခြေမခိုင် ယိမ်းယိုင် နေပြီးသော ဆင်ခြေကို ချေဖျက်မနေတော့ဘဲ လိုအပ်ရာသို့သာ ပဲ့ကိုင်၍ ပေးတော် မူလိုက်ရ၏။

"နိဂဏ္ဌတို့၊ သင်တို့သည် တစ်ဖက်သတ်အားဖြင့်အဆောတလျင်မဆင်ခြင်ဘဲ စကားဆိုခဲ့ကြဘိ၏။ စင်စစ်မှာမူ ဤသို့ မဆိုသင့်ပေ။ ဗိမ္မိသာရမင်းကြီးနှင့်အရှင် ဂေါတမတို့တွင် အဘယ်သူက ပို၍ ချမ်းချမ်းသာသာ နေရသနည်းဟုသာ ငါ့ကို သင်တို့ မေးသင့်ပေသည်"

"ကောင်းပါပြီ အရှင်ဂေါတမ။ အရှင်ဂေါတမကိုပင် ငါတို့မေးပါ၏။ ဗိမ္မိသာရမင်းကြီးနှင့် အရှင်ဂေါတမတို့တွင် အဘယ်သူသည် ပို၍ ချမ်းချမ်းသာသာ နေရပါသနည်း"

ဘုရားရှင် ပဲ့ကိုင်ရာသို့ နိဂဏ္ဌများ ပါလာကြပေပြီ။

"ငါ့ရှင် နိဂဏ္ဌတို့၊ ဤမေးခွန်းအတွက် သင်တို့ကိုပင် ပြန်၍ မေးပါဦးအုံ။ သင်တို့ကြိုက်သလို ဖြေကြားကြပါ။ ဗိမ္မိသာရမင်းကြီးသည် ကိုယ်မလှုပ်ရှား စကားမပြောဘဲ ခုနစ်ရက်ပတ်လုံး ချမ်းသာသက်သက် ခံစား၍ နေနိုင်ပါမည်လော"

"မနေနိုင်ပါ အရှင်ဂေါတမ"

ထိုမှ တစ်ရက်ချင်း လျှော့၍ လျှော့၍ မေးရာတွင်လည်း ထို့အတူပင် ဖြေကြားရ၏။ ဤတွင် ဘုရားရှင်က ဆက်လက်၍....

"ငါ့ရှင် နိဂဏ္ဌတို့၊ ငါသည်ကား ကိုယ်မလှုပ်ရှား စကားမဆိုဘဲ ချမ်းသာ သက်သက်ချည့် ခုနစ်ရက်တိုင်တိုင် ခံစား၍ နေနိုင်၏။ ဤသို့ဆိုသော် ဗိမ္မိသာရမင်းနှင့် ငါတို့တွင် ဘယ်သူက ပို၍ ချမ်းချမ်းသာသာ နေရပါသနည်း"

http://www.dhammadownload.com

"အရှင်ဂေါတမ၊ မဂဓတိုင်းကြီးရှင်၊ စစ်တပ်ကြီးစွာ အခိုင်အမာရှိသော ဗိမ္ဗိသာရမင်းကြီးထက် အရှင်ဂေါတမက ပို၍ ချမ်းချမ်းသာသာ နေရပါသည်"

ကလသိဂိလိတောင်ခြေက နက်မှောင်သော ကျောက်ဖျာထက်ဝယ် ဤသို့သော ဖြေကြားသံထွက်ပေါ်စဉ်က သာခုခေါ်မည့်သူတစ်ယောက်မျှမရှိပေ။ ငြင်းကွက်မမြင်၍ ထောက်ခံချက် ပေးလိုက်ရသော်လည်း သူတို့တစ်တွေက သူတို့ဝါဒကို အသေအလဲ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားကြသည်သာ ဖြစ်၏။

ထိုစဉ်က သာခုခေါ်သံ မထွက်ခဲ့သော ထိုဒေသနာတော်သည် မွေးရပ်မြေ ရောက်ခါမှ သာခုသံဖြင့် အဆုံးသတ်ရ၏။ နိဂြောဓရုံ ကျောင်းတော်ရောက်ခိုက် နောင်တော်ကြီး မဟာနာမ်အား နောက်ကြောင်းပြန်၍ ဟောကြားသံအဆုံးဝယ် နောင်တော်ကြီးနှင့်တကွ ကျွန်ုပ်တို့တစ်တွေ သာခုနမော် ခေါ်လိုက်ကြပေသည်။

ဆရာစွဲ၊ ဂိုဏ်းစွဲနာလှသော နိဂဏ္ဌာတို့အတွက် အကျိုးသက်ရောက်မှုမရှိခဲ့သော ဤဒေသနာတော်သည် ကျွန်ုပ်တို့ သာသနာတော်ကြီးအတွက်ကား အကျိုးကျေးဇူးကြီးမားလှပါ၏။ အတိတ်က၊ အတိတ်အကြောင်းများကို အသေအလဲစွဲယူကာ ပစ္စုပ္ပန်တရားလမ်းကြောင်းမှ တိမ်းစောင်းမည့်ဆဲဆဲ ဖြစ်နေသူတို့အား မတိမ်းမစောင်း ရအောင် ထိန်းကျောင်းပေးသောကြောင့် ဖြစ်ပါသတည်း။

(မူလပဏ္ဏာသ၊ စူဠဒုက္ခက္ခန္ဓသုတ်)

**

http://www.dhammadownload.com

မဆုံးနိုင်သော စစ်ပွဲများ

ဣသိဂိလိတောင်ခြေက နိဂဏ္ဍပရိဗိုဇ်များသည် နာဋပုတ္တဆရာကြီး၏ ဩဝါဒကို တစ်သဝေမတိမ်း လိုက်နာလျက်သာရှိကြ၏။ ဤသို့သော အကျင့်ဖြင့် ကံဟောင်းတွေကို ဘယ်ရွေ့ဘယ်မျှပယ်ပြီးပြီ၊ နောက်ထပ်မည်မျှ ပယ်ရဦးမည်ဟု ကိုယ်ပိုင်ကိုယ်တိုင် မသိကြသော်လည်း စွဲလမ်းထားပြီးသော အလေ့အကျင့်ကို မဖျောက်နိုင်ကြပေ။ သို့ရာတွင် သူတို့ဂိုဏ်းဝင်အားလုံး သူတို့လိုချည်းမဟုတ်ကြပါ။ အသေအလဲဇွဲကောင်းကောင်းနှင့် အားထုတ်မှုထက် ဝါဒစစ်ပွဲဆင်နွဲရခြင်းကို ပို၍ နှစ်သက်သူများလည်း ရှိနေပါ၏။ သူတို့ထဲက အထင်ရှားဆုံးမှာ သစ္စက ပရိဗိုဇ်ဖြစ်ပေသည်။

အခြားသော ပရိဗိုဇ်များသည် နိဂဏ္ဍအယူဝါဒကို ကြိုက်နှစ်သက်၍ နိဂဏ္ဍဂိုဏ်းဝင်အဖြစ် ခံယူခဲ့ကြ၏။ သစ္စကမှာကား ဤသို့ခံယူနေရန် မလိုပါ။ လူ့လောကအတွင်းသို့ ဆင်းသက်လာစဉ်ကတည်းက နိဂဏ္ဍဂိုဏ်းထဲမှာ ပါဝင်ပြီးဖြစ်၏။ သူ၏ မိခင်ရော ဖခင်ပါ နိဂဏ္ဍပရိဗိုဇ်များ ဖြစ်သောကြောင့်တည်း။

ဝေသာလီမြို့တော်အတွင်း၌ နိဂဏ္ဍဂိုဏ်းဝင် ပရိဗိုဇ်ယောကျ်ားနှင့် မိန်းမတို့ ဝါဒပြိုင်ပွဲကျင်းပရာ နှစ်ယောက်လုံး ပညာရည်တူဖြစ်နေကြ၏။ ဤတွင် လိစ္ဆဝိမင်းသားတို့က သူတို့နှစ်ယောက်လုံးကို တခြားသို့ မသွားရအောင် အိမ်တစ်ဆောင်ဆောက်ပေးကြ၏။ အိမ်တစ်ဆောင်တည်းမှာ အတူနေရာက အိမ်ထောင်သည်ဘဝရောက်ကာ နာမည်ကျော် သစ္စကကို မွေးဖွားလာပေသည်။ သူ့အထက်မှာလည်း သမီးလေးယောက် ပေါက်ဖွားလာခဲ့သေးသည်။

မိစစ်ဖစစ် ဖြစ်ကြသည့်အတိုင်း သမီးလေးယောက်တို့မှာလည်းဝါဒရေးရာတွင် နာမည်ကြီးသူများဖြစ်ကြ၏။ ချိန်တန်ရွယ်ရောက် လူလားမြောက်ကြပြီမို့ ရွာတကာ ရပ်တကာလှည့်၍ ဝါဒပြိုင်ပွဲ ဆင်နွဲရန် မိဘများထံခွင့်ပန်ကြ၏။ ဤတွင် မိဘများက သူတို့ကို ဝါဒချင်းပြိုင်၍ အနိုင်ရသည့်သူသည် လူဝတ်ကြောင်ယောကျ်ား

http://www.dhammadownload.com

တစ်ယောက်ဖြစ်ပါက မယားအဖြစ်ဖြင့် ရာသက်ပန် ပြုစုလုပ်ကျွေးရန်၊ အကယ်၍ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ပါက သူ့တပည့်အဖြစ်ဖြင့် ရဟန်းပြုကြရန် မှာလိုက်ကြ၏။

ရှေးသူဟောင်းတို့၏ စကားစဉ်အရ ဤဓမ္မဒီပါကျွန်းမြေတွင် သပြေပင်သည် အထွတ်မြတ်ဆုံးဖြစ်၏။ ကျက်သရေမင်္ဂလာရှိသော သစ်ပင်ဟုသမုတ်ကြ၏။ သပြေထွန်းသော ကျွန်းဖြစ်၍ ရှေးအစဉ်အဆက်ကတည်းက ဓမ္မဒီပါဟုခေါ်လာကြ၏။ ထို့ကြောင့် ညီအစ်မလေးယောက်တို့သည် ကျွန်း၏ အထိမ်းအမှတ်ဖြစ်သော သပြေခက်ကို ကိုင်ဆောင်ကာ သာဝတ္ထိမြို့တော်ဆီသို့ လာခဲ့ကြပေသည်။

မြို့သို့ဖြစ်စေ၊ ရွာသို့ဖြစ်စေ ဝင်ရောက်တော့မည်ဆိုလျှင် သူတို့သည် ရွာတံခါးဝတွင် ပါလာသော သပြေခက်ကို စိုက်ထောင်ထားခဲ့ကြ၏။ ဤသည်မှာ ဤမြို့. ဤရွာ ဤပတ်ဝန်းကျင်ကို စိန်ခေါ်လိုက်ခြင်းပင် ဖြစ်၏။ သူတို့နှင့် ဝါဒချင်းပြိုင်ရဲသူရှိပါက ဤသပြေခက်နှင့် နင်းချေဖျက်ဆီးရန် ဖြစ်ပေသည်။

အခြားအခြားသော မြို့.ရွာများတုန်းက ဘေးမသီ ရန်မခဲ့သော သပြေခက်သည် သာဝတ္ထိမြို့.တော်မှာကား အနှင်းအချေခံလိုက်ရ၏။ နှင်းချေရန် စေခိုင်းလိုက်သူကား တရားစစ်သူကြီး အရှင်မဟာသာရိပုတ္တရာပါတည်း။

တလူလူတလွင့်လွင့် ပါလာခဲ့သော သပြေခက်သည် အနှင်းအချေခံလိုက်ရသကဲ့သို့ ဝင့်ဝင့်ထည်ထည် စွာကျယ်ကျယ်နိုင်လှသော ညီအစ်မများမှာလည်း လူပရိသတ်အလယ်မှာ အရှုံးကြီး ရှုံးသွားကြရပေသည်။ သို့ရာတွင် အရှုံးသည် သူတို့အဖို့ အဖိုးအနှုံ့ ထိုက်တန်လှသော ဆုထူးဆုမြတ်ဖြစ်ပါသည်။ မိဘများမှာကြား လိုက်သည့်အတိုင်း ညီမလေးယောက်လုံး သာသနာတော်တွင် ဝင်လာကြကာ ရဟန္တာ အရှင်မကြီးများ ဖြစ်သွားကြပေသည်။

ညီအစ်မလေးယောက်လုံး၏ မောင်ငယ်ဖြစ်သော သစ္စကမှာမူ အစ်မများထက် ဝါဒပညာ သာလွန်ထက်မြက်၏။ အစ်မများလို ရုပ်တကာ ရွာတကာ မလှည့်ဘဲ ဝေသာလီမြို့.တော်မှာ အခြေကျကျ နေထိုင်၏။ မင်းသားငယ်များအား ပညာသင်ပေးနိုင်သူဖြစ်၍ မျက်နှာပွင့်လန်းလှ၏။ တစ်ဖက်သားတို့ ကြားမဝင်နိုင်အောင် စီကာပတ်ကုံး ပြောဆိုတတ်၏။ သူ့ကို ယှဉ်ရဲသူမတွေ့.လေတိုင်း "ငါပညာရှိ" ဟူသော စကားလုံးကို တွင်တွင်ကြီး သုံးတတ်၏။ နက္ခတ်ပညာအခြေခံ၍ သူဟောကိန်း ထုတ်လေသမျှလည်း မှန်ကန်သည်ကများသဖြင့် လူအပေါင်း၏ ကောင်းချီးပေးမှုကိုလည်း ခံယူရပေသည်။

ဘဝအကျိုးပေးသန့်၍ ဟန်ကျပန်ကျ ဖြစ်နေသော သစ္စကကို ကျွန်ုပ်တို့က မနာလိုဝန်တိုဖြစ်ရန် လုံးဝမရှိပါ။ သူ့မှာ အကျိုးပေးသန့်နေသဖြင့် ကျွန်ုပ်တို့အဖို့ ထိခိုက်နစ်နာဖွယ်လည်း လုံးဝ မရှိပါ။ သို့သော် ကျွန်ုပ်တို့ဘက်က အမြင်ဖြင့် ရယ်ချင် ပြုံးချင်စရာ အချက်တစ်ခုကား ရှိပါ၏။ ထိုအချက်ကား အခြားမဟုတ်

http://www.dhammadownload.com

ပါ။ သူ့ဇိုက်မှာ ပတ်ထားသော သံပြားခွေကြီးပင် ဖြစ်ပါသည်။ ပညာမျိုးစုံ စုပြုံသိသိပ်ထားသော သူ့ဇိုက်ကြီးမှာ ပညာတွေ ပွားသည်ထက်ပွားလာသဖြင့် ကွဲထွက်သွားမှာ စိုးသောကြောင့် ဤသံပြားခွေကြီး ပတ်ထားရသည်ဟု ဆိုပေသည်။ ထွင်သည့်သူကလည်း ထွင်ပါပေ့။ ယုံသည့်သူကလည်း ယုံပါပေ့ဟုသာ ဆိုရပါတော့မည်။

သံခွေစွပ် ပညာရှိကြီးသည် တစ်နေ့မှာတော့ အရှင်အဿဇိနှင့် တွေ့ဆုံခဲ့၏။ အရှင်အဿဇိက ဝေသာလီမြို့တော်ထဲ ဆွမ်းခံအလာ၊ သစ္စကက အညောင်းပြေလမ်းလျှောက်ရင်း မျက်နှာချင်းဆိုင်မိကြ၏။ ဤတွင် သစ္စကသည် အရှင်အဿဇိအား နှုတ်ဆက်စကား ပြောကြားပြီးလျှင်....

"အို အဿဇိ၊ ရဟန်းဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ဆုံးမပါသနည်း။ များသောအားဖြင့် အဘယ်သို့ ဟောကြားပါသနည်း"ဟုမေးမြန်း၏။

အရှင်မဟာသာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်အား ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိသော ဂါထာဖြင့် သစ္စာလေးပါးအကျဉ်းတရားကို ဟောကြားခဲ့သော အရှင်အဿဇိသည် သစ္စကကိုလည်း အကျဉ်းနည်းဖြင့်သာ ဟောကြားခဲ့ပေသည်။

"အဂ္ဂိဝေဿန၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် အမြဲမရှိကုန်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် အတ္တမဟုတ်ကုန်။ ဤသို့ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား ဆုံးမတော်မူ၏။ များသောအားဖြင့် ဤသို့ ဟောကြားတော်မူ၏"

အဂ္ဂိဝေဿနဟု ဦးစွာပထမ ခေါ်လိုက်သော အာလုပ်ပုဒ်မှာ သစ္စက၏ မျိုးနွယ်အမည် ဖြစ်ပေသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ လက္ခဏာသုံးပါး ထင်ရှားစွာ ရှိပါလျက် အရှင်အဿဇိသည် ဒုက္ခကို တမင် ချန်ထားခဲ့၏။ ဒုက္ခလက္ခဏာကို သစ္စက ကြားပါက သည်အကွက်က လက်ကြားလျှို့လာမည် ဖြစ်၏။ လောကုတ္တရာ စိတ်တို့၏ အထွတ်အထိပ် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကိုပင် ဖြစ်ပျက်နှစ်ဝ သင်္ခါရသဘောမကင်းသေးသောကြောင့် ဒုက္ခစာရင်းသွင်းကြရသေး၏။ ကျွန်ုပ်တို့အားလုံး၏ နောက်ဆုံးပန်းတိုင်မှာလည်း အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်၏။ ဤတွင် ကတ်သီးကတ်သပ် စကားတတ်လှသော သစ္စကသည် ကျွန်ုပ်တို့အားလုံးကို စကားတစ်လုံးတည်းဖြင့် ထိုးနှက်တော့မည် ဖြစ်၏။ "ရဟန်းဂေါတမ၏ တပည့်သာဝက အားလုံးသည် ဒုက္ခအတွက် ကျင့်သုံးနေကြသည် တကား"ဟု ဝေသာလီတစ်မြို့လုံးကြားအောင် ပြောတော့မည် ဖြစ်၏။ ထို့ကြောင့် ဒုက္ခကို ချန်ထားခဲ့ရသည်ဟု အရှင်အဿဇိက တစ်ဆင့် မိန့်ကြားခဲ့ပေသည်။

အဂ္ဂိဝေဿန အနွယ်ဝင် ပညာရှိကြီးသည် အရှင်အဿဇိစကား ဆုံးသည်နှင့်....

http://www.dhammadownload.com

"အဿဇိ၊ သင်တို့ဆရာ ရဟန်းဂေါတမသည် သာဝကတို့ကို ဤသို့ဆုံးမဘိ၏။ ဤစကားသည် မကြားကောင်း မနာသာပါကလား။ ငါတို့သည် ရဟန်းဂေါတမနှင့် တစ်ကြိမ်တစ်ခါ တွေ့ချင်စမ်းပါဘိ။ ရဟန်းဂေါတမနှင့်အပြန်အလှန် စကားပြောချင်စမ်းပါဘိ။ မှားယွင်းသော သူအမြင်ကို စင်ကြယ်အောင် ချွတ်ပေးချင်စမ်းပါဘိ"

အရှင်အဿဇိထံမှ တစ်ဆင့်စကားကြားရရုံနှင့်ပင် ဘုရားရှင်အပေါ် အထင်သေးသော မျက်နှာထားဖြင့် ရှဲ့ရှဲ့မဲ့မဲ့ကြီး ပြောကြားနေသည့် သူ့ရုပ်သွင်ကိုကျွန်ုပ်မြင်ယောင်မိပါသည်။

စင်စစ်အားဖြင့် သစ္စကသည် ဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်သုံးလို၍ မေးခြင်း မဟုတ်ပါ။ ဘုရားရှင်နှင့် ဝါဒပြိုင်ပွဲ ဆင်နွှဲလို၍သာ ဖြစ်ပါသည်။ အရှင်အဿဇိသည် သာသနာတော်မှာ ထင်ရှား ကျော်ကြားသူဖြစ်၏။ အရှင်မဟာသာရိပုတ္တရာသည် သူ့ရှိရာအရပ်သို့အမြဲတမ်း ခေါင်းပြွတ်ကျိန်းစက်ရ၏။ သာသနာတော်တွင်းက တရားသဘော ဟူသမျှကို ကျွမ်းကျင်နှံ့စပ်၏၊ ဤသို့သော ရဟန်းတစ်ပါးထံမှ ကြားသိရသော အချက်အလက်ကို အသေချည်ကာ ဝါဒတင်၍ စစ်ပွဲဆင်တော့မည် ဖြစ်ပေသည်။ အပွဲပွဲမှာ အနိုင်ကြွလာခဲ့သော နည်းစနစ်ဖြင့် ဤတစ်ပွဲမှာလည်း အောင်လံလွှင့်နိုင်မည်ဟု မျှော်လင့်ပေလိမ့်မည်။

ထိုနေ့ နေ့လယ်တွင် ဘုရားရှင်သည် မဟာဝုန်တောကြီးထဲသို့ ကြွရောက်တော်မူ၏။ ရေပူရေချမ်း ကမ်းလှမ်းရန် ကျွန်ုပ်လည်း လိုက်လာခဲ့၏။ ပရိသတ်တစ်သိုက်ကြီးနှင့် သစ္စကရောက်လာမည့် အရေးကို မြင်တော်မူပြီးဖြစ်၍ ဘုရားရှင်က ဤနေရာမှ ဖောင့်နေတော်မူခြင်း ဖြစ်ပေသည်။ ပါလာသမျှပရိသတ်ကြီးအတွက် နေစရာ ထိုင်စရာ ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန် ဖြစ်ပေသည်။

ကျွန်ုပ်တို့စောင့်နေရာသို့ သစ္စက လိုက်လာခဲ့ပါပြီ။ သူ့နောက်မှာလည်း လိစ္ဆဝီမင်းသား ငါးရာမျှ ပါလာကြ၏။ သူတို့ဆရာကြီးက ပွဲကြီး ပွဲကောင်းကြည့်ရှုရန် လှုံ့ဆော်စည်းရုံးသဖြင့် ပါလာကြခြင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် သူတို့အထဲမှာ စကားနှစ်မျိုး ထွက်နေ၏။ တချို့က ဘုရားရှင်အပေါ် သစ္စက အနိုင်ရလိမ့်မည်ဟု ထင်ကြေးပေးကြ၏။ တချို့ကတော့ သစ္စကလို လူစားမျိုးက ဘုရားကို နိုင်မည်လောဟု တင်းတင်းမာမာ ငြင်းဆိုနေကြ၏။

ရှေ့တော်မှောက်သို့ ရောက်သောအခါ အချို့သော လိစ္ဆဝီမင်းသားတို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးကြ၏။ တချို့ကတော့ ရှိမခိုးဘဲ နှုတ်ဆက်စကားဆိုကြ၏။ တချို့က သူများလို ထိခြင်းငါးပါးဖြင့် ရှိမခိုးဘဲ လက်အုပ်ချီရုံချီကြ၏။ တချို့မှာတော့ ဘာဆိုဘာမှ မပြုဘဲ ငုတ်တုတ်ထိုင်နေကြ၏။ ရတနာသုံးပါးအပေါ် ထားရှိသော စိတ်သဘောထား ခြားနားမှုအရ ဖြစ်ပေသည်။ သူတို့၏

http://www.dhammadownload.com

ခေါင်းဆောင်ကြီး သစ္စကက ဘုရားရှင်ထံ လက်အုပ်မှ မချိကြောင်းကိုကား အထူးတင်ပြရန် လိုမည် မဟုတ်တော့ပါ။

အားလုံး နေသားတကျ ဖြစ်သောအခါ သစ္စက တစ်စခန်းထပါတော့သည်။

"အရှင်ဂေါတမ၊ အရှင်က ခွင့်ပြုပါလျှင် ပြဿနာတစ်ခု မေးချင်ပါသည်"

လိစ္ဆဝီမင်းသားတို့ ရှေ့မှောက်တွင် ဦးခေါင်းမော့မော့ ရင်ကော့ကော့ဖြင့် တိုက်ပွဲခေါ်သံ ပေးလိုက်ပါ၏။ ယဉ်ကျေးသော အမူအရာကို တမင်လုပ်ထားသည့်ကြားကပင် သူ့မျက်နှာမှာ မခန့်လေးစား သဘောထားပုံက ပေါ်လွင်နေပေသည်။ သိမ်မွေ့သောလေသံနှင့် တမင်ပြောနေသည့်ကြားကပင် သူ့လေသံမှာ တင်းတင်းမာမာ ရှိနေပေသည်။

"အဂ္ဂိဝေဿန၊ သင် မေးလိုလျှင် မေးပါလော့"

တင်းမာသော လေသံကို ဘုရားရှင်က တည်ငြိမ်စွာပင် တုံ့ပြန်တော်မူပေသည်။ ဤတွင် သစ္စကသည် ဟန်ဆောင်ပန်ဆောင်လုပ်မနေတော့ဘဲ သူ့စိတ်ထဲမှာရှိသည့်အတိုင်း မောက်မောက်မာမာပင် မေးမြန်းပါတော့သည်။ မောက်မာသောအမေးနှင့် တည်ငြိမ်သောအဖြေတို့မှာ အရှင်အဿဇိနှင့် တွေ့စဉ်အတိုင်းပင် ဖြစ်ပေသည်။

ဤတွင် သစ္စက၏ မျက်နှာကြီး ပြုံးယောင်ယောင် ဖြစ်လာကာ....

"အရှင်ဂေါတမ၊ ဥပမာတစ်ခုကို ဆောင်လိုပါ၏"ဟု လျှောက်၏။

အရှင်အဿဇိ ဖြေကြားခဲ့သော စကားကို အသေကိုင်ကာ အနိုင်ယူရန် စိမ်ထားပါမှ ဘုရားရှင်ကလည်း သည်အတိုင်းဖြေလိုက်သဖြင့် သစ္စကကြီး အားပါးတရ ဖြစ်သွားဟန် ရှိပေသည်။ ထို့ကြောင့်ပင် ကိုဇ်ရောနှတ်ပါ တက်ကြွနေခြင်း ဖြစ်ပါလိမ့်မည်။

"အရှင်ဂေါတမ၊ မျိုးစေ့ဟူသမျှ၊ သစ်ပင်ဟူသမျှတို့သည် မြေကိုမှီ၍ မြေမှာတည်၍ ရှင်သန်ကြီးထွားကြရ၏။ ကာယစွမ်းအားဖြင့် ပြုအပ်သမျှ အမှုကိစ္စတို့ကိုလည်း မြေကိုမှီ၍ မြေမှာတည်၍ ပြုလုပ်ကြရ၏။ ထို့အတူပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို အတ္တဟူ၍ စွဲယူသော ပုဂ္ဂိုလ်သည် မိမိ စွဲယူသော ခန္ဓာငါးပါးမှာ တည်၍ ကုသိုလ် အကုသိုလ်တို့ကို ပြုလုပ်ရသည် မဟုတ်ပါလော။

"အရှင်ဂေါတမ၊ အတ္တဟူသည်မှာ သာမန်မျက်စိဖြင့် မြင်ရသည်ကား မဟုတ်ပါ။ သို့သော် ဤသို့သော ဥပမာ သာဓကတို့ဖြင့် ပြုလေသမျှ၊ လုပ်လေသမျှ အမှုကိစ္စတို့၏ နောက်ကွယ်မှာ အတ္တဟူ၍ အခိုင်အမာရှိနေကြောင်းကိုကား အထင်အရှား သိနိုင်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါမှန်သမျှတို့သည် အတ္တ၏ အလိုကျ၊ အတ္တ၏ အမိန့်အာဏာအရ ပြုမူလှုပ်ရှားနေကြပါသည်။ သို့ပါလျက် အရှင်ဂေါတမသည် ထင်ရှားရှိနေသော အတ္တကို ငြင်းပယ်ကာ အနတ္တဟူ၍ ဖွတ်တရွတ် ဟောပြောနေဘိသည် တကား"

http://www.dhammadownload.com

အနတ္တသာသနာတော်ကြီးကို ဖြိုလဲနိုင်ရန် အတ္တလက်နက်ကြီးကို အချက်ကျကျ အသုံးပြုလိုက်ရသဖြင့် သစ္စကကြီး ကျေနပ်နေပေသည်။

သူ့လက်နက်မှာ တကယ်လည်း အားကိုးလောက်ပါပေသည်။ ဆိုလိုသော အနက်သဘောနှင့် ပေးထားသော ဥပမာတို့ အံဝင်ခွင်ကျရှိပါပေသည်။ အကျိုးအကြောင်း ဆီလျော်ပါပေသည်။ သာမန် ပုဂ္ဂိုလ်များအဖို့ သူ့အဆိုကို ချေဖျက်ရန် မလွယ်ပါ။ ဤသို့ တွက်မိကြသဖြင့် သူ့ဘက်တော်သားတို့ ပျော်တပြုံးပြုံး ဖြစ်နေကြပေသည်။

"အဂ္ဂိဝေဿန၊ ခန္ဓာငါးပါးကို အတ္တဟူ၍ သင်ဆိုပါသလော"

အောင်ပွဲခံရပြီဟူသော အသိဖြင့် မိန့်မိန့်ကြီးပြုံးနေသော သစ္စကသည် ဘုရားရှင့် အမေးစကားကြောင့် ရုတ်တရက် ကြောင်သွားရ၏။ ပြီးမှ သတိရ၍ ဣန္ဒြေဆည်ကာ....

"အရှင်ဂေါတမ၊ ခန္ဓာငါးပါးကို အတ္တဟူ၍ ကျွန်ုပ်ယူပါ၏။ ပါလာသော ဤလူအပေါင်းလည်း ဤသို့ပင် အယူရှိကြပါ၏"

အမေးကို အဖြေပေးရာမှာပင် ရိုးရိုးစင်းစင်း အဖြေပေ။ ပါလာသော ပရိသတ်ကို အဖော်ညှိလိုက်ပါသေး၏။ သူ့အဆိုမှာ အပြစ်တင်ရက်စရာတစ်ခုခု ပေါ်လာလျှင် သူ့တစ်ယောက်တည်းကို မဲ၍ မဖိနိုင်ရန် အင်အားစုထားခြင်း ဖြစ်ပါလိမ့်မည်။ သူများအပေါ် ထိုးစစ်ဆင်နိုင်သည်နှင့်အမျှ သူ့ဘက်ကိုလည်း ကာကွယ်တတ်လှပါပေသည်။ သို့သော် သူ့ခြေလှမ်းကို အထင်းသား အရှင်းသား မြင်ထားပြီးသော ဘုရားရှင်က သူ့အဖြေကို လက်ခံတော်မမူပါ။

"အဂ္ဂိဝေဿန၊ ပါလာသောလူအပေါင်းကို မေးသည် မဟုတ်။ သင့်တစ်ယောက်တည်းကိုသာ မေးခြင်းဖြစ်၏။ ထို့ကြောင့် သူများကို ဆွဲမထည့်ဘဲ ကိုယ့်ဝါဒကိုသာ သင်ဖြေရှင်းလော့"

"အရှင်ဂေါတမ၊ ခန္ဓာငါးပါးကို အတ္တဟူ၍ ကျွန်ုပ် ယူပါ၏"

မတတ်သာတော့သည့် အဆုံးတွင် ရိုးရိုးပင် အဖြေပေးလိုက်ရ၏။ ဤသို့ဖြေရ၍လည်း သူ့မျက်နှာ မပျက်သေးပါ။ သူ့ဝါဒကို သူ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားနိုင်သေး၏။ သူ့ကိုယ်သူ ကျေနပ်၍ နေနိုင်သေး၏။ သို့သော် ဘုရားရှင်က သူ့ကို ကြာရှည်သဖြင့် ကျေနပ်ခွင့် ပေးတော်မမူပါ။

"အဂ္ဂိဝေဿန၊ ဤနေရာမှာ သင့်ကို ပြန်မေးဦးအုံ။ ဤမေးခွန်းကို သင်ကြိုက်သလို ဖြေနိုင်ပါသည်။ ကောသလ၊ မဂဓတိုင်းကြီးများကို အစိုးရသော မင်းဧကရာဇ်များသည် သတ်သင့်သူကို သတ်ရန်၊ နှိပ်စက်သင့်သူကို နှိပ်စက်ရန်၊ ပစ္စည်းဥစ္စာဆုံးရှုံးသင့်သူကို ဆုံးရှုံးစေရန်၊ နှင်ထုတ်သင့်သူကို နှင်ထုတ်ရန် အာဏာရှိကြပါသလော"

http://www.dhammadownload.com

"ရှိပါသည် အရှင်ဂေါတမ၊ ထိုမင်းဧကရာဇ်များကို မဆိုထားပါ၊ ငှင့်။ စုပေါင်းအုပ်ချုပ် မင်းလုပ်ရသော လိစ္ဆဝီမင်း၊ မလ္လမင်းများပင် ထိုသို့သော အာဏာများ ရှိနေပါသည်"

ပင်ရင်းဖြစ်သော အတ္တ၊ အနတ္တမှတစ်ဆင့် တိုင်းရေးပြည်ရေးဘက်ရောက်သွား သဖြင့် သစ္စကက ပေါ့ပေါ့ပင် အဖြေပေးလိုက်၏။ သို့သော် ဘုရားရှင်တို့မည်သည် ကြောင်းကျိုးဆက်စပ်မှုမရှိသော စကားမျိုးကို ဆိုလေ့မရှိ။ တိုင်းရေးပြည်ရေးပင် ဖြစ်စေကာမူ ယခုဆွေးနွေးနေသော ပြဿနာနှင့် တစ်နည်းတစ်ပုံဆက်စပ်၍သာ နေပါလိမ့်မည်။ သံခေါ်ပြားနှင့် စွပ်ထားရလောက်အောင် အပြည့်အသိပ်ရှိနေသော ပညာများသည် ဤအကြောင်းကိုတော့ သိနိုင်စွမ်း မရှိပါချေတကား။

"အဂ္ဂိဝေဿန၊ ရုပ်ကို ငါ၏ အတ္တတည်းဟု သင်ဆိုခဲ့၏။ အတ္တအလိုက္ခ အတ္တ၏ အမိန့်အာဏာအရ ပြုမူလှုပ်ရှားနေရသည်ဟုလည်း သင်ဆိုခဲ့၏။ ဤသို့ ဆိုလျှင် အတ္တဟု ယူစွဲထားသော ထိုရုပ်၌ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် သင် အာဏာထားနိုင်ပါမည်လော"

သစ္စက မည်သို့ ဖြေပေလိမ့်မည်နည်း။

အတ္တ၊ အနတ္တပြဿနာနှင့် မဆိုင်ဘူးထင်မှတ်၍ အလိုက်သင့် အဖြေပေးခဲ့ပြီးလျှင် အရေးမကြီးဘူးထင်မှတ်၍ အပိုအမိုလေးပင် ဖြည့်စွက်လိုက်သေး၏။ ယခုတော့ ကိုယ့်သတ်မည့် လက်နက်ကို ကိုယ်တိုင်သွေးပေးမိသလို ဖြစ်သွားပေပြီ။

အထင်အရှား ပြောကြားပြီးသော စကားကိုလည်း ပြန်နုတ်ပယ်ရန်မလွယ်ကူ။ ရှေ့စကားကို နုတ်ပယ်ရန် မလွယ်ကူ၍ နောက်စကားကို ငြင်းပယ်ရန်ကလည်း အခက်။ မိမိက အတ္တဟုယူစွဲထားသော ရုပ်ကို ကိုယ်ဖြစ်စေချင်သလိုဖြစ်နိုင်ပါသည်ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် ပရိသတ်အားလုံး၏ မျက်လုံးများက သူ့ဆီသို့ စုပြုံလာကြတော့မည် ဖြစ်၏။ အကျည်းတန်သော ခန္ဓာကိုယ်ကိုကြည့်ကာပြက်ရယ် ပြုကြတော့မည် ဖြစ်၏။

"အဂ္ဂိဝေဿန၊ ရုပ်ကို ငါ၏ အတ္တတည်းဟု သင်ဆိုခဲ့၏။ အတ္တ၏ အလိုက္ခ အတ္တ၏ အမိန့်အာဏာအရ ပြုမူလှုပ်ရှားနေရသည်ဟုလည်း သင်ဆိုခဲ့၏။ ဤသို့ဆိုလျှင် အတ္တဟု ယူစွဲထားသော ထိုရုပ်၌ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် သင် အာဏာထားနိုင်ပါမည်လော"

စကားတိတ်ဆိတ် နှုတ်ပိတ်နေသော သစ္စကအား နောက်တစ်ကြိမ်ထပ်၍ မေးတော်မူရ၏။ ရုံးနေပြီဖြစ်ပါလျက် ဝန်ခံရခက်နေသော သစ္စကကား နှုတ်ဆိတ်မြဲဆိတ်လျက်သာ ရှိနေ၏။ ဤတွင် ဘုရားရှင်က ရှင်းလင်းပြတ်သားလှသော အသံတော်ဖြင့်....

"အဂ္ဂိဝေဿန၊ ယခု ချက်ချင်း ဖြေကြားလော့။ ယခုအခါ နှုတ်ဆိတ်နေခွင့် မရှိတော့ပြီ။ ကြောင်းကျိုးဆီလျော်သောမေးခွန်းကို ငါဘုရားကသုံးကြိမ်တိုင်အောင်

http://www.dhammadownload.com

မေးပါလျက် အဖြေမပေးဘဲ နေခြင်းအံ့။ ထိုသူ၏ ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲလိမ့်မည်တည်း"

ဘုရားရှင်ကတော့ အနာဂတ်ကြိယာပုဒ်ဖြင့် မိန့်ကြားတော်မူလိုက်၏။ သို့သော် သစ္စကမှာကား ယခုချက်ချင်းပင် ခေါင်းခုနစ်စိတ် ကွဲရတော့မတတ် အကြောက်ကြီးကြောက်သွားရရှာ၏။ တစ်ကိုယ်လုံး တုန်လှုပ်ကာ ချွေးသီးချွေးပေါက်ကြီးများ ကျလာ၏။ ပြုံးကျယ်နေသော မျက်လုံးကြီးများဖြင့် ထိတ်လန့်တကြား ကြည့်နေပုံကို ထောက်သဖြင့် ကြောက်စရာ လန့်စရာ အာရုံတစ်ခုခုကို မြင်နေရဟန် တူပါသည်။

ကြံလာရသော ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သူကား သူအနိုင်ကျင့်ရန် စိတ်ကူးခဲ့သော ဘုရားရှင်သာ ဖြစ်၏။ ထို့ကြောင့် ဘုရားရှင့် ခြေတော်ရင်းသို့ အားကိုးတကြီး ချဉ်းကပ် တိုးဝင်ကာ....

"အရှင်ဂေါတမ၊ ကျွန်ုပ်ကို မေးတော်မူပါ။ ကျွန်ုပ် အဖြေပေးပါတော့မည်" ဟု လျှောက်ရ၏။ ဤတွင် ဘုရားရှင်က သုံးကြိမ်မြောက် ထပ်၍ မေးတော်မူရပေသည်။

"အဂ္ဂိဝေဿန၊ ရုပ်ကို ငါ၏ အတ္တတည်းဟု သင်ဆိုခဲ့၏။ အတ္တအလိုကျ အတ္တ၏ အမိန့်အာဏာအရ ပြုမူလှုပ်ရှားနေရသည်ဟုလည်း သင် ဆိုခဲ့၏။ ဤသို့ဆိုလျှင် အတ္တဟု ယူစွဲထားသော ထိုရုပ်၌ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် သင် အာဏာထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန၊ စဉ်းစားပါဘိ။ စဉ်းစဉ်းစားစား ဖြေကြားပါဘိ။ သင်၏ ရှေ့စကားနှင့် နောက်စကားသည် မညီညွတ်ပါတကား"

ယခုတော့ သစ္စကဘက်က ကျသမျှဒဏ် ငုံခံဖို့သာ ရှိပါတော့သည်။ ဘုရားရှင်က စဉ်းစားဖို့ မိန့်ကြားသော်လည်း သစ္စကမှာ စဉ်းစားရန် အခွင့်မရှိတော့ပါ။ မေးတော်မူသမျှကို စင်း၍ ဖြေရုံသာ ရှိပါတော့သည်။

"အဂ္ဂိဝေဿန၊ အတ္တဟု ယူစွဲထားသော ဝေဒနာမှာကော ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် အာဏာထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"သညာမှာကော ထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"သင်္ခါရမှာကော ထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"ဝိညာဉ်မှာကော ထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန၊ ဤသို့ဆိုလျှင် ခန္ဓာငါးပါးတို့သည် မြဲသလော၊ မမြဲသလော"

http://www.dhammadownload.com

"မမြိပါ အရှင်ဂေါတမ"

"မမြိသော ခန္ဓာငါးပါးသည် ချမ်းသာသလော၊ ဆင်းရဲသလော"

"ဆင်းရဲပါသည် အရှင်ဂေါတမ"

"မမြိသော၊ ဆင်းရဲသော ခန္ဓာငါးပါးကို 'ငါ့ဟာ' ဟူ၍လည်းကောင်း၊ 'ငါ'ဟူ၍လည်းကောင်း၊ 'ငါ၏ အတ္တ' ဟူ၍လည်းကောင်း ရှုမြင်ထိုက်ပါသလော"

"မရှုမြင်ထိုက်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန၊ အကြင်သူသည် ဒုက္ခကို တွယ်တာလျက် ဒုက္ခသို့ ကပ်ရောက်လျက် ဒုက္ခတွင်းသို့ သက်ဆင်းနေလျက်ပင် ဒုက္ခကို 'ငါ့ဟာ'တည်း၊ 'ငါ'တည်း၊ 'ငါ၏အတ္တ'တည်းဟု ရှုမြင်၏။ ဤသို့ဆိုလျှင် ထိုသူသည် ဒုက္ခကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြား၍ သိနိုင်ပါမည်လော။ ဒုက္ခကုန်ရာ မြတ်ချမ်းသာတရားသို့ မိမိစိတ်ကို ဆောင်ပို့၍ကော နေနိုင်ပါမည်လော"

"မသိနိုင်ပါ၊ မနေနိုင်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန၊ ဤသို့ဆိုလျှင် သင်သည် ဒုက္ခကို တွယ်တာလျက် ဒုက္ခသို့ ကပ်ရောက်လျက် ဒုက္ခတွင်းသို့ သက်ဆင်းလျက်ကပင် ဒုက္ခကို 'ငါ့ဟာ'တည်း၊ 'ငါ'တည်း၊ 'ငါ၏အတ္တတည်း'ဟု ရှုမြင်ရာ ရောက်နေသည် မဟုတ်ပါလော"

"ရှုမြင်ရာရောက်ပါသည် အရှင်ဂေါတမ"

"အဂ္ဂိဝေဿန၊ ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာဖွေလိုသော ယောကျ်ားသည် ထက်ဝန်းသောဓားမကို ကိုင်စွဲလျက် တောသို့ ဝင်ရာ၏။ တောထဲ၌ ဖူးတံမထွက်သေးသော ငှက်ပျောပင်နုနုကို တွေ့မြင်ပြီးလျှင် အရင်းမှ ဓားဖြင့် ခုတ်လဲရာ၏။ အဖျားကို လှီးဖြတ်ရာ၏။ တစ်ဖတ်ချင်း တစ်ဖတ်ချင်း ခွာကြည့်ရာ၏။ ငှက်ပျောဖတ်များသာ ခွာ၍ ကုန်လေရာ၏။ ထိုယောကျ်ားသည် အကာကိုမျှ ရမည် မဟုတ်။ အနှစ်ကိုကား ဆိုဖွယ်ရာ မရှိပြီတည်း။

"အဂ္ဂိဝေဿန၊ ဤဥပမာအတိုင်းပင် သင်၏ ဝါဒ၌ ငါက စိစစ်သော် မေးမြန်းသော် သင်သည် အနှစ်မပါ ဗလာချည်းသက်သက် ဖြစ်လေစွတကား။ အနိုင်မရှိ အရှုံးကြီး ရှုံးဘိသည်တကား။

"အဂ္ဂိဝေဿန၊ ဝေသာလီ၏ ပရိသတ်ဗိုလ်ပုံအလယ်တွင် သင်ကြွားကြွား ဝင့်ဝင့် ဆိုခဲ့ဖူး၏။ သဲဃာထဲမှာဖြစ်စေ၊ ခေါင်းဆောင်ဆရာကြီးထဲမှာ ဖြစ်စေ၊ ဘုရားဟု ဝန်ခံထားသော ပုဂ္ဂိုလ်ကြီးထဲမှာဖြစ်စေ ငါ့စကားဒဏ် ခံနိုင်သူဟူ၍ မရှိချေ။ ငါက စကားစဉ်ဖြင့် ဝါဒတင်လိုက်သော် မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်သူဟူ၍ မရှိချေ။ ချိုင်းကြားက ခွေးမထွက်သူဟူ၍ မမြင်ဖူးချေ။ အသိစိတ်မရှိသော တုံးတိုင်ကိုပင် ငါက စကားစဉ်ဖြင့် ဝါဒတင်လိုက်သော် ယိမ်းယိုင်လှုပ်ရှားလာရသေး၏။ အသက်ရှိသော လူသားမှာကား ပြောစရာ မရှိပြီ'ဟု ကြိုးဝါးခဲ့၏။

http://www.dhammadownload.com

"အဂ္ဂိဝေဿန၊ ယခု ကြည့်လော့။ သင့်မှာသာ နဖူးမှကျလာသော ချွေးသီး ချွေးပေါက်တို့သည် အပေါ်ရုံကို ဖောက်၍ မြေကြီးတိုင်ရောက်ကုန်၏။ ငါဘုရား၏ ကိုယ်မှာကား ချွေးတစ်စက်မျှ မရှိချေတကား"

အခွင့်ကြုံလာတော့လည်း ပြည့်ပြည့်စုံစုံကြီးပင် မိန့်တော်မူရပေတော့သည်။ ဧကသီ သင်္ကန်းကို အတန်ငယ်လှပ်ကာ ရွှေအဆင်းသို့ဝါဝင်းသော အသားတော်ကို ပြတော်မူလိုက်ရပေသည်။

အတ္တနှင့် အနတ္တတို့၏ တိုက်ပွဲတစ်ခုသည် ဤနေရာမှာပြီးဆုံး၍သွားပါ၏။ အတ္တသည် မရှုမလှုရုံးနိမ့်သွား၍ အနတ္တက အောင်ပွဲလှလှကြီး ခံလိုက်ရ၏။ သို့သော် အတ္တသည် ဤနေရာမှာ ရုံးနိမ့်သွားသော်လည်း နောက်တစ်ပွဲ မနွဲ့ဘဲ နေတော့မည်ကား မဟုတ်ပါ။ သည်နေရာမှာ အရေးနိမ့်လျှင် ဟိုတစ်နေရာက ခေါင်းထောင်လာဦးမည်သာ ဖြစ်၏။ ကမ္ဘာမှာ လူဟူ၍ ရှိနေသေးသည်နှင့်အမျှ အတ္တသမား အစားစားတို့သည် သစ္စာက၏ ဥပမာမျိုးကို ရေလဲနှင့်သုံးနေကြဦးမည်သာ ဖြစ်၏။ သစ္စာက၏ အကြောင်းပြချက်ကို လက်နက်သဖွယ် ဆက်ကာ ဆက်ကာ အသုံးပြုနေကြဦးမည်သာ ဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့ အဆက်အနွယ်တို့ကလည်း ဤသို့သော အနတ္တဒေသနာတော်ကြီးဖြင့် အချက်ကျကျ ချေဖျက်ကြရဦးမည်သာ ဖြစ်သတည်း။

(မူလပဏ္ဏာသ၊ စူဠသစ္စကသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

***

http://www.dhammadownload.com

အမှောင်ခွင်း၍ အလင်းဆောင်သည်

ဂိုဏ်းဆရာကြီးအသီးသီး၏ အယူအဆ ဝါဒပေါင်းစုံကို စာရင်းချကြည့်ပါလျှင် အတိတ်အကြောင်းကို စွဲယူသော ဒိဋ္ဌိ ၁၈ မျိုး၊ အနာဂတ်အကြောင်းကိုစွဲယူသော ဒိဋ္ဌိက ၄၄ မျိုး။ ပေါင်း ၆၂ မျိုးအထိ ရှိနေသည်ကို တွေ့ရ၏။ ၆၂ မျိုးသော ထိုဒိဋ္ဌိတို့ကိုပင် ဘုရားရှင်က အကုန်အစင် ဟောပြထားပြီးဖြစ်ရာ ဘယ်ဂိုဏ်း ဆရာကြီးကပင် ဟောဟော ဤဒိဋ္ဌိနယ်ပယ်က မလွတ်နိုင်တော့ပါ။ ဥပမာအားဖြင့် ကန်နှင့်အပြည့် ပိုက်ကြီးဖြန့်၍ အုပ်ထားလိုက်သောအခါ ကန်ထဲမှာ ရှိရှိသမျှ ငါးတို့သည် ပိုက်ထဲမှာပင် ငုပ်ကြရ၊ ပေါ်ကြရသကဲ့သို့ပင် ဖြစ်ပေသည်။

ဒိဋ္ဌိ ၆၂ မျိုးကို တစ်ခုချင်း တစ်ခုချင်း ဝေဖန်၍ ပြတော်မူထားသဖြင့် ကျွန်ုပ်တို့အဖို့ အကျိုးကြီးမားလှပါ၏။ ရဟန်းငယ် ရှင်ငယ်များအား ဝါဒမျိုးစုံတို့ နောက် မျက်စိလည်၍ ပါမသွားရအောင် ဤဒေသနာတော်များက တားဆီး၍ ထားပေသည်။

ဤမျှလောက် အကျိုးကြီးမားလှသော ဒေသနာတော်များကြား နာရန် ဖန်ဘီး လိုက်သူကား သုပ္ပိယတို့ ဆရာတပည့် ဖြစ်ပါ၏။ ထိုနေ့တုန်းက ကျွန်ုပ်တို့သည် ဘုရားရှင် နောက်တော်ပါးက အစဉ်လိုက်ပါလာခဲ့ကြ၏။ ရာဇဂြိုဟ်မြို့တော်တွင် ဆွမ်းခံဝင်၍ ဆွမ်းစားပြီးနောက် နာဠန္ဒာမြို့ဆီသို့ ခရီးရှည်ထွက်လာခဲ့ကြ၏။ ရှေ့ဆုံးမှာ ဘုရားရှင်ကိုယ်တော်တိုင်ရှိနေသည်မို့ သံဃာတန်းကြီးတစ်ခုလုံး တိတ်ဆိတ်စွာ လိုက်ပါလာကြမည်ကို အထူးတင်ပြရန်လိုမည်မထင်ပါ။ သို့သော် သံဃာတန်းကြီး နောက်ဖျားမှာကား ဆူဆူညံညံအသံများ ထွက်ပေါ်လျက် ရှိပေသည်။

ဆူညံဆူညံ ပြောလာသူတို့မှာ ကျွန်ုပ်တို့ ရဟန်းပရိသတ်ထဲက မဟုတ်ပါ။ ကျွန်ုပ်တို့ ခရီးစဉ်အတိုင်း ဖဝါးခြေထပ် လိုက်ပါလာသော သုပ္ပိယ ပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ စောင့်စည်း၍ သိက္ခာရှိစွာ

http://www.dhammadownload.com

လှမ်းကြွလျက်ရှိသော ရဟန်းပရိသတ်ကိုလည်းကောင်း၊ မနှိုင်းယှဉ်အပ်သော ဂုဏ်ကျက်သရေဖြင့် တည်ကြည်ခံ့ညားစွာ ဦးဆောင်လှမ်းကြွတော်မူနေသော ဘုရားရှင်ကိုလည်းကောင်း သုပ္ပိယတို့ လှမ်းမျှော်၍ မကြည့်ဘဲ မနေနိုင်ပါ။ အကယ်၍ သူ့စိတ်သန္တာန်မှာ အခုအခံများ ရှိမနေနှင့်ပါက အခွင့်ကြုံ၍ တွေ့ဆုံရသော ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးမိပေလိမ့်မည်။ တည်ကြည်ငြိမ်သက်၍ ကျက်သရေရှိစွာ ကြွလှမ်းလာသော သံဃာပရိသတ်ကို ကြည်ညိုသဒ္ဓါ ပွားများမိပေလိမ့်မည်။ သို့ရာတွင် သူ့ခမျာ ဤသို့သော ဆုထူးဆုမြတ်ကို ခူးဆွတ်ခွင့် မသာခဲ့ပေ။ သူ့စိတ်သန္တာန်မှာ ကြိမ်ဖန်များစွာ ပေါ်လာကြသော အခုအခံများက မွန်မြတ်လှသော ထိုအခွင့်အရေးကို တားဆီးပိတ်ပင်၍ ထားကြဟန်တူပါသည်။

သူသည်ကား သိဒ္ဓတ္ထဦးဆရာကြီး၏ တပည့်တစ်ဦးဖြစ်၏။ အရှင်မဟာသာရိပုတ္တရာတို့ ခွဲထွက်လာကတည်းက သူ့ဆရာကြီး၏ အသိုက်အအုံ နည်းပါးလာခဲ့၏။ ဘုရားတည်းဟူသော ရတနာ အစစ်အမှန် ထွန်းကားလာပြီမို့ ဂိုဏ်းဂဏာ၏ အရိုန်အဝါ လျော့ကျလာခဲ့၏။ ဤသို့သော အကြောင်းများကြောင့် သူ့စိတ်သန္တာန်မှာ အခုအခံများ ဖြစ်ပေါ်ခဲ့ပေလိမ့်မည်။

ဤသို့ဖြင့် သုပ္ပိယသည် ကျွန်ုပ်တို့နောက်မှာ လိုက်ပါရင်း ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစကား ပြောကြားလျက်ရှိ၏။ တရားတော်ကို ကဲ့ရဲ့ ရွဲတ်ချလျက်ရှိ၏။ သံဃာတော်များကို စော်ကား ပုတ်ခတ်လျက်ရှိ၏။ သုပ္ပိယ၏ စကားကို ကျွန်ုပ်တို့နည်းတူ ဘုရားရှင်လည်း ကြားပါလိမ့်မည်။ သို့ပါလျက် ဘုရားရှင်၏ ခြေလှမ်းများက ရပ်တန့် မသွားကြပါ။ မနေးမမြန် ခပ်မှန်မှန် လှမ်းကြွလျက်သာ ရှိကြ၏။ မျက်နှာတော်သည် ရှေ့တူရူသို့သာ ဦးတည်လျက်ရှိ၏။ အကြောင်းရှိလျှင် ကြည်လင်စွာ ကြားနာရတတ်သော အသံတော်သည် ယနေ့တော့ တိတ်ဆိတ်လျက် ရှိပါဘိ၏။ ရှေ့ဆုံးက အသံတော်တိတ်ဆိတ်နေသဖြင့် ကျွန်ုပ်တို့ အားလုံးလည်း ဝစီတံခါး ပိတ်ထားရခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့က စကားမဆို ရန်မလိုကြသော်လည်း သုပ္ပိယကို ဆန့်ကျင်သူ တစ်ယောက်ကား ရှိနေပါ၏။ သာမန်မျှသာ ဆန့်ကျင်သူမဟုတ်။ ဆရာဖြစ်သူနှင့် ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်နေသူ ဖြစ်ပါသည်။ ထိုသူမှာ အခြား မဟုတ်။ သုပ္ပိယ၏ အတူနေတပည့် ဗြဟ္မဒတ်လုလင် ဖြစ်ပေသည်။ သုပ္ပိယက ရတနာမြတ်သုံးပါးကို ချိုးချိုးဖဲ့ဖဲ့ ပြောဆိုနေရာတွင် ဗြဟ္မဒတ်လုလင်က ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူးထုတ်ဖော်၍ နေပေသည်။ ဥပမာအားဖြင့် ဆိုရသော် ဆရာဖြစ်သူက သစ်သားကြမ်းပြင်ဝယ် အဆိပ်ငြောင့်များ စိုက်ထောင်ထား၍ တပည့်ဖြစ်သူက ရွှေငွေ ကျောက်သံပတ္တမြား စီခြယ်ထားသော စို့ဖြင့် ထွင်းထုတ် နုတ်ပစ်သကဲ့သို့ ဖြစ်နေပေသည်။

http://www.dhammadownload.com

ဤသို့ဖြင့် အမွေလဒ္ဓိကာ ဥယျာဉ်သို့ ကျွန်ုပ်တို့ ဆိုက်ရောက်လာကြ၏။ နေဝင်ခါနီးပြီမို့ဥယျာဉ်ထဲက မင်းကွန်းမှာပင် ညအိပ်ရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်တို့နှင့် အတူတူပင် သုပ္ပိယတို့ ဆရာတပည့်များလည်း ညအိပ်တည်းခိုကြ၏။ ကိုယ့်နေရာနှင့် ကိုယ် ကျိန်းစက်ရန် ပြင်ဆင်ပြီးချိန်တွင် လမ်းမှာတုန်းက ကြားခဲ့ရသော စကားသံများကို တစ်ကျော့တစ်ဖန် ကြားကြရပြန်ပေသည်။ တစ်မိုးတစ်ရာမ်ထဲမှာ ကျိန်းစက်တော်မူသော ဘုရားရှင်လည်း ကြားရပါလိမ့်မည်။

ဘုရားရှင်အဖို့ နားမှာကြားရသော အသံသည် နားမှာပင် လမ်းဆုံးသွားပါလိမ့်မည်။ နားကကြားရသောအသံကို အကြောင်းပြု၍ စိတ်တော်တုန်လှုပ်လာရန် အကြောင်းမရှိပါ။ အားကောင်းလှစွာသော ဘာဝနာဖြင့် လွှမ်းခြုံထားသောစိတ်တော် အစဉ်သည် ပကတိကြည်လင်လျက်သာ ရှိပေလိမ့်မည်။ သို့သော် ကျွန်ုပ်မှာကား ဘုရားရှင့် ခြေတော်ရာကို ထပ်တူထပ်မျှ မနင်းနိုင်သေးပါ။ ဘာဝနာ စွမ်းအား၏ အထွတ်အထိပ်သို့မရောက်သေးပါ။ ထို့ကြောင့် သူတို့နှစ်ဦး၏ စကားလုံးများနှင့်အတူ ကျွန်ုပ်၏ စိတ်နှလုံးများ ယိမ်းယိုင် လှုပ်ရှားလာရပါသည်။ အထူးသဖြင့် ကျွန်ုပ် ချစ်မြတ်နိုးလှစွာသော နောင်တော်မြတ်အား ပြောကြားသော စကားလုံးများနှင့် ပတ်သက်၍ အခံရခက်လှပါသည်။ ထိုမှတစ်ဖန် ဗြဟ္မဒတ်လှလင်၏ ချီးမွမ်းသံများ ကြားရသည်တွင်ကား ကျွန်ုပ် အားရကျေနပ်ရပြန်ပေသည်။

ဤသို့နှစ်ဖက် နှစ်တန် အပြန်အလှန် ခံစားရသူမှာ ကျွန်ုပ်တစ်ပါးတည်းတော့ မဟုတ်ပါ။ ဘာဝနာကိစ္စ မပြီးဆုံးသေးသော ရဟန်းများလည်း ကျွန်ုပ်နည်းတူ ခံစားရကြောင်း နံနက်လင်းခါမှ သိရှိရပါသည်။ ဥယျာဉ်အတွင်းရှိ ဇရပ်ကြီး၌ စည်းဝေးလာကြသော ရဟန်းများလည်း ဤအကြောင်းကိုပင် ပြောဆိုကြပေသည်။

ဤတွင် ဘုရားရှင်သည် ကျွန်ုပ်တို့ထံ ကြွတော်မူကာ သုပ္ပိယတို့ ဆရာတပည့် ပြောကြားချက်များနှင့် ပတ်သက်၍ တစ်သက်တာ မှတ်သားလောက်သော မိန့်ခွန်းတော်ကို မြွက်ကြားတော်မူပေသည်။

"ရဟန်းတို့၊ သူတစ်ပါးတို့တွင် ငါဘုရား၏ အပြစ်ကိုဖြစ်စေ၊ တရား၏ အပြစ်ကိုဖြစ်စေ၊ သံဃာ၏ အပြစ်ကိုဖြစ်စေ ပြောကြဆိုကြလျှင် သင်တို့သည် ထိုစကားအပေါ်မှာ ရန်မျက်သိုခြင်း၊ နှလုံးမသာခြင်း၊ အခံရခက်ခြင်း မဖြစ်ကြစေနှင့်။ ထိုတရားတို့ဖြစ်ပွားလျှင် သင်တို့မှာသာ အန္တရာယ်ဖြစ်ရာ၏။

"ရဟန်းတို့၊ သူတစ်ပါးတို့က ငါဘုရား၏ အပြစ်ကိုဖြစ်စေ၊ တရား၏ အပြစ်ကိုဖြစ်စေ၊ သံဃာ၏ အပြစ်ကိုဖြစ်စေ ပြောကြဆိုကြရာ၌ သင်တို့ကလည်း ရန်မျက်သိုကြလျှင် နှလုံးမသာယာကြလျှင် အခံရခက်နေကြလျှင် သူတစ်ပါးတို့၏ စကားအမျိုးမျိုးကို အကောင်းအဆိုးခွဲခြား၍ သိနိုင်ကြပါမည်လော"

"မသိနိုင်ကြပါ အရှင်ဘုရား"

http://www.dhammadownload.com

"ထို့ကြောင့် သင်ရဟန်းတို့သည် အပြစ်ပြောလာသူတို့အပေါ် ရန်မျက်သိုခြင်း၊ နှလုံးမသာခြင်း၊ အခံရခက်ခြင်း မဖြစ်စေဘဲ မဟုတ်မမှန်သည်ကို မဟုတ်မမှန်မှန်း သိအောင် ဖြေရှင်းကြရမည်။ 'ဤစကားသည် ဤသို့သော အကြောင်းကြောင့် မဟုတ်မမှန်။ စင်စစ်အားဖြင့် ဤအပြစ်သည် ငါတို့မှာ မရှိ'ဟု အတိအလင်း ဖြေရှင်းကြရမည်"

မလိုလားသူတို့၏ ပုတ်ခတ်စွပ်စွဲသူများနှင့် ပတ်သက်၍ တစ်ဖက်စွန်းမရောက်သော ညွှန်ကြားချက်ဖြစ်ပါ၏။ စွပ်စွဲမှုဟူသမျှနောက်သို့ မိမိတို့က ကောက်ကောက် ပါအောင်လိုက်ကာ စိတ်မချမ်းမသာ ဖြစ်နေလျှင် အစွန်းတစ်ဖက် ရောက်ကြမည် ဖြစ်၏။ တစ်ဖန် 'ဘယ်သူတွေ ဘာပဲပြောပြော ကိုယ်မဟုတ်လျှင် ပြီးစတမ်း"ဟူသော သဘောဖြင့် လုံးဝ နှုတ်ဆိတ်နေလျှင်လည်း အကျိုးမရှိသေးပါ။ ဟုတ်၍ နှုတ်ဆိတ်နေသည်ဟု အများတကာ အထင်မှားစရာ ဖြစ်လာနိုင်၏။ အခြားတစ်ဖက်က သည့်ထက် ရောင့်တက်လာနိုင်၏။ ထို့ကြောင့် ခိုင်မာသော အကြောင်းပြချက်နှင့် မဟုတ်မှန်သည်ကို မဟုတ်မှန်ကြောင်း ဖြေရှင်းကြရန် မိန့်ကြားတော်မူရပေသည်။

ပုတ်ခတ်စွပ်စွဲမှုများနှင့် ကြုံသောအခါ လိုက်နာရန်အချက်များကို ညွှန်ကြားတော်မူပြီးနောက် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးရာ၌ လိုက်နာကြရမည့် အချက်များကိုလည်း ဆက်လက်၍ ညွှန်ကြားတော်မူရပေသည်။

"ရဟန်းတို့၊ သူတစ်ပါးတို့က ငါဘုရား၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ၊ တရား၏ ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကိုဖြစ်စေ ချီးကျူးပြောဆိုကြလျှင် သင်တို့သည် ထိုစကားတို့အပေါ်မှာ နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်စေနှင့်။ ထိုတရားတို့ဖြစ်ပွားလျှင် သင်တို့မှာသာ အန္တရာယ် ဖြစ်ရာ၏။

"ရဟန်းတို့၊ သူတစ်ပါးတို့က ငါဘုရား၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ၊ တရား၏ ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သံဃာ၏ဂုဏ်ကျေးဇူးကိုဖြစ်စေ ချီးကျူးပြောဆိုရာ၌ သင်တို့ကလည်း နှစ်သက်နေကြလျှင် ဝမ်းသာနေကြလျှင် စိတ်တက်ကြွနေကြလျှင် သူတစ်ပါးတို့၏ စကားအမျိုးမျိုးကို အကောင်းအဆိုးခွဲခြား၍ သိနိုင်ပါဦးမည်လော"

"မသိနိုင်ကြပါ အရှင်ဘုရား"

"ထို့ကြောင့် သင်ရဟန်းတို့သည် ချီးကျူးပြောဆိုလာသူတို့အပေါ် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်စေဘဲ ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း ဝန်ခံကြရမည်။ 'ဤစကားသည် ဤသို့သောအကြောင်းကြောင့် ဟုတ်မှန်၏။ စင်စစ်အားဖြင့် ဤသို့သော ဂုဏ်ကျေးဇူးသည် ငါတို့မှာ ထင်ရှားရှိ၏' ဟု အတိအလင်း ဝန်ခံကြရမည်'

http://www.dhammadownload.com

ဘုရားရှင်မိန့်တော်မူသည့်အတိုင်း မိမိတို့မှာ အဟုတ်တကယ် ထင်ရှားရှိသော ဂုဏ်ကျေးဇူးကို ဝန်ခံခြင်းဖြင့် ကြည်ညိုသဒ္ဓါဖြင့် ချဉ်းကပ်လာသော ပရိသတ်များ ခိုင်ခိုင်မြဲမြဲ စိတ်ရဲကြမည် ဖြစ်ပေသည်။

ဤသို့ ဗြဟ္မဒတ်လုလင်က ချီးကျူးသော စကားနှင့် အနုသန္ဓေဆက်စပ်ကာ ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးကို အဆင့်ဆင့်သော သီလဂုဏ်တို့ဖြင့် ဟောကြား တော်မူ၏။ သီလဂုဏ်မှတစ်ဆင့် ပညာဂုဏ်များကို ပြဆိုရာတွင်ကား ဉာဏ်တော်ကွန်ယက်အတွင်းမှာ သက်ဝင်နေသော မိဿာဒိဋ္ဌိများကို အကျယ်ဝေဖန်၍ ပြတော်မူပေသည်။

အကျယ်အားဖြင့် ၆၂ ပါးတိတိရှိသော မိဿာဒိဋ္ဌိတို့ကို တစ်ပြုလုံး အမြစ်ပြုတ်အောင် ပယ်သတ်နိုင်သော တရားကား ဟုတ်တိုင်းမှန်စွာသိမြင်နိုင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်၏။ မျိုးမည်စုံစွာသော အစွဲများတို့ဖြင့် ခုက္ခကြီးစွာ တွေ့ကြုံနေရသော သတ္တဝါများကို မြင်ရလေလေ၊ ကျွန်ုပ်ကိုယ်တိုင် ရရှိထားသော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ကျေးဇူးတင်လေလေ။

အမျိုးမျိုးအဖုံဖုံ ယူကြ စွဲကြလေသမျှသည် အတ္တဟူသော အယူအစွဲအပေါ်မှာ အခြေခံသည်ချည်းဖြစ်၏။ အတ္တဟူ၍ စွဲယူသော မိဿာဒိဋ္ဌိသည် တကယ်စင်စစ် အားဖြင့် အနတ္တသာ ဖြစ်၏။ သည်မိဿာဒိဋ္ဌိသည် 'ငါ' ဟူ၍ လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍ လည်းကောင်း တွေးကြံ ဖန်တီးတတ်၏။ သို့သော် ဤသို့ တွေးကြံဖန်တီးမှုပြုတတ်သော မိဿာဒိဋ္ဌိမှာကား ငါစွမ်းသတ္တိကြောင့်ဖြစ်သည်မဟုတ်ပါ။ ငါတည်းဟူသော တရားတစ်ခုသည်ပင် မုချစကန်မရှိသော တရားဖြစ်၍ မိဿာဒိဋ္ဌိဖြစ်စေနိုင်သော အကြောင်းတရားများတွင် မပါဝင်ပါ။ ဆရာကောင်းထံနည်းမခံခြင်း၊ အလွဲအမှား တရားကြားနာမှတ်သားရခြင်းစသော အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်လာရ၏။ ဤသို့ဆိုလျှင် 'ငါ' မဟုတ်သော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ထိုအကျိုးတရားတို့သည် 'ငါ' ဟူ၍ ဖြစ်နိုင်ပါမည်လော။ ဤသို့ 'ငါ' လုပ်သောစိတ် ကိုယ်တိုင်ကပင် 'ငါ' မဟုတ်ပါကလားဟု သိမြင်လိုက်ခြင်းသည်ပင် မိဿာဒိဋ္ဌိဟူသမျှကို စတင် ဖြိုခွင်းလိုက်ခြင်း ဖြစ်ပါ၏။

သမ္မာဒိဋ္ဌိ အလင်းရောင်ဖြင့် မိဿာဒိဋ္ဌိ အမှောင်ဓာတ်များကို ပယ်ရှား၍ ပေးခဲ့ပေသော ကျွန်ုပ်၏ ဆရာ အရှင်ပုဏ္ဏအား ဤနေရာမှ လက်အုပ်ချီမိုး ရှိခိုးလိုက်ရပါ၏။

(သီလကွန္ဒဝဂ်၊ ဗြဟ္မဇာလသုတ်၊ ပါဠိတော်နှင့် အဋ္ဌကထာ)

***

http://www.dhammadownload.com

အမြတ်ဆုံး တရားနှစ်ပါး

ကျွန်ုပ်တို့ပတ်ဝန်းကျင်က အယူအဆမတူမျှသော ပုဂ္ဂိုလ်တို့အကြောင်းကို တော်တော်စုံအောင် တင်ပြခဲ့ပါပြီ။ သူတို့၏ အယူဝါဒမျိုးစုံကိုလည်း သာသနာ့ အသိအမြင်ဖြင့် ဝေဖန်သုံးသပ်၍ ပြခဲ့ပါပြီ။

တင်ပြခဲ့ပြီးသော ပုဂ္ဂိုလ်တို့အား လုံးလိုလို သမဏ အနွယ်ဝင်များဖြစ်ကြ၏။ ကိုယ်ပိုင်အိုးအိမ်၊ ကိုယ်ပိုင်ပစ္စည်းဟူ၍ မရှိဘဲ ဒါယကာ ဒါယိကာမတို့ထံ အလှူခံ၍ စားသောက်နေသူတို့ ဖြစ်ကြ၏။ ကျွန်ုပ်တို့ သာသနာတော်ကြီး ပေါ်ထွန်းလာချိန်တွင် သူတို့၏ အရှိန်အဝါသည် ယခင်ကလောက် မတောက်ပနိုင်တော့ပါ။ သို့သော် သူတို့အုပ်စုနှင့် သူတို့ အစဉ်မပျက် ရပ်တည်လျက်ကား ရှိပေသည်။ ထို့ကြောင့် နောက်နောင် အကြောင်းသင့်သောအခါ သူတို့အကြောင်းကို ထပ်မံ တင်ပြရပါဦးမည်။

နိဂဏ္ဌများ၊ အခြားသော ပရိဗိုဇ်များကဲ့သို့ အိုးအိမ်လယ်ယာ မစွန့်ခွာဘဲ အယူတစ်ခု လက်ကိုင်ပြုထားကြသူတို့ကား ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားတို့ဖြစ်ကြ၏။ သူတို့၏ ဝါဒကို ဦးစွာပထမ မျိုးစေ့ချပေးခဲ့သူတို့ကား တကယ့် သူတော်စင် ရသေ့ကြီးများဖြစ်ကြ၏။ ရှေးဦးပထမ ပေါ်ထွန်းခဲ့သော ဗြာဟ္မဏဂိုဏ်းဝင်တို့မှာ သူတော်စင်များသာ ဖြစ်ကြ၏။ သားမယား၊ အိုးအိမ်စည်းစိမ်ဥစ္စာ ဘာတစ်ခုမျှ အတွယ်အတာမထားဘဲ တရားနှင့် ပျော်ခဲ့ကြသူများ ဖြစ်၏။

သို့သော် ကျွန်ုပ်တို့လက်ထက် တွေ့ကြုံရသော အဆက်အနွယ်များ၏ အကျင့်သိလကား အခြားသူများထက်သာသည်ဟု မပြောနိုင်ပါ။ သူများနည်းတူ သူတို့လည်း သားနှင့် မယားနှင့် ဖြစ်ကြ၏။ အိုးတွေ အိမ်တွေ ပိုင်ဆိုင်ကြ၏။ တချို့မှာ ကျိုကျိုတက်ချမ်းသာသော စည်းစိမ်ရှင်ကြီးများ ဖြစ်ကြ၏။ သူတို့လောက် မကြွယ်ဝသူတို့မှာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြ၏။ တချို့တလေမှာ မွေးမြူရေး လုပ်ကြ၏။ အနည်းငယ်မျှသော ပုဏ္ဏားတို့ကား ရွာတကာ ရပ်တကာလှည့်လည်၍

http://www.dhammadownload.com

အလှူခံစားသောက်ကြ၏။ သူတို့နောက်ပိုင်းမှာကလည်း သားမယားများရှိနေကြပေသည်။

ဤသို့အားဖြင့် ပုဏ္ဏားတို့သည် အကျင့်သီလအားဖြင့် လည်းကောင်း၊ အသက်မွေးမှုအားဖြင့် လည်းကောင်း အခြားမျိုးနွယ်များနှင့် မထူးခြားလှပါ။ လူထဲက လူများဖြစ်ပါလျက် သူများနှင့် ထူးခြားအောင် ဖန်တီးပေးသည်မှာကား ဝေဒကျမ်းဂန်များဖြစ်ပေသည်။

ဝေဒကျမ်းဂန်များ၏ အရိုန်အဝါဖြင့် သူတို့သည် သူတို့၏မျိုးရိုးမတိမ်ကောအောင် စောင့်စည်းကြ၏။ အခြားမျိုးနွယ်များနှင့် မရောမယှက် မဆက်ဆံဘဲ သီးသန့်နေထိုင်ကြ၏။ ဖန်ဆင်းရှင်၊ တန်ခိုးရှင် နတ်ဗြဟ္မာများကို ကိုးကွယ်တင်မြှောက်ကြ၏။ တမလွန် မျှော်လင့်ချက်ဖြင့် ယစ်ပူဇော်ကြ၏။ ကျူးလွန်မိသောမကောင်းမှုကို ရေမှာမျှောကြ၏။ ထို့ပြင် လောကဆိုင်ရာ အသိပညာဟူသမျှကို လည်း ဝေဒကျမ်းများမှ ရရှိကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ခေတ်အခါအရ သူတို့သည် ပညာတတ်လူတန်းစားများ ဖြစ်နေကြပေသည်။

ဤအခြေအနေများမှာ ကိုယ့်ဝါသနာနှင့်ကိုယ်၊ ကိုယ့်ပတ်ဝန်းကျင်နှင့်ကိုယ် လေ့လာကျင့်ကြံနေခြင်းဖြစ်၍ ကျွန်ုပ်တို့က ရှုတ်ချပစ်တင်နေရန်မလိုပါ။ ဤသို့သော အလေ့အကျင့်များကြောင့်လည်း ကျွန်ုပ်တို့အဖို့ ထိခိုက်နစ်နာရန် အကြောင်းမရှိပါ။ သို့သော် သူတို့ဘာသာ ယူရုံ၊ စွဲရုံမျှမက အခြားသူများအပေါ် စော်ကားရာရောက်သော အယူတစ်ခုက ရှိနေဘိ၏။ ထိုအယူကား သူတို့ကိုယ်သူတို့ ဇာတ်ကြီးသည်ဟု ယူစွဲထားခြင်းပင် ဖြစ်ပေသည်။

ဇာတ်ကြီးသည်ဟု ယူစွဲရာ၌ သူတို့ကိုယ်သူတို့ အမွမ်းတင်ရုံသက်သက်သာ ဆိုပါက အပြစ်တင်ရန် မရှိပါ။ သို့သော် သူတို့က ဤမျှနှင့် မကျေနပ်ပါ။ သူတို့ကို ဗြဟ္မာမင်းကြီး၏ ပါးစပ်မှ ပေါက်ဖွားလာသူဟု ဆိုကာ အခြားသူများကိုတော့ ဗြဟ္မာမင်းကြီး၏ ခြေဖျားမှ ပေါက်ဖွားလာသူများဟု ဆိုကြ၏။ မိမိကိုယ်ကို ဗြဟ္မာမင်းကြီးနှင့် ပင်း၍ ချီးမွှောက်ကာ မျိုးရိုးမတူသူများကို နှိမ့်ချလိုက်ခြင်းပင် ဖြစ်ပေသည်။

သောဏဒဏ္ဍပုဏ္ဏားသည် ဤမျှလောက် ယုတ္တိမတန်သောအစွဲအလမ်းမျိုးကို လက်မခံပါ။ သို့သော် သူများနည်းတူပင် မျိုးရိုးစင်ကြယ်မှုကိုကား အထွတ်အမြတ်ထား၏။ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက် မပျက်မကွက် မျိုးရိုးမပျက် ဆင်းသက်လာရုံမျှမက မျိုးရိုးနှင့်ပတ်သက်၍ လုံးဝ အမည်းစက် မထင်ခဲ့၍ ဂုဏ်ယူမဆုံးဖြစ်နေပေသည်။

မျိုးရိုးဂုဏ်ကြီးလှသော သောဏဒဏ္ဍသည် ပစ္စည်းဥစ္စာကြွယ်ဝ၏။ ဝေဒကျမ်းစာများကို နှုတ်တက်ရွတ် ရွတ်ဖတ် သရဇ္ဈယ်နိုင်၏။ အလင်္ကာ၊ သဒ္ဒါ၊ ရာဇဝင်ဟူသော ကျမ်းဂန်များကို တစ်ဖက်ကမ်းခတ်တတ်မြောက်၏။ ယောဂျဉ်းပိပိ

http://www.dhammadownload.com

ခန့်ခန့်သန့်သန့် ချောမွေ့သူ ဖြစ်၏။ ညင်ညင်သာသာ စကားပြောတတ်၏။ တပည့်ပေါင်းများစွာ၏ ဆရာကြီးဖြစ်၏။ ဘုရားရှင်ထက် အသက်ကြီး၏။ မဂဓတိုင်းရှင် ဘုရင်ကြီးဗိမ္ဗိသာရကိုယ်တိုင်က လေးစားကြည်ညိုသဖြင့် စမ္ပာမြို့ကို အပိုဇ်စား ပေးထားရ၏။ နာမည်ကြီးသော အမ္ဗဋ္ဌ၏ဆရာ ပေါရက္ခရသာတိ ပုဏ္ဏားကြီးသည်ပင် သောဏဒဏ္ဍကို အလေးအမြတ်ထားရပေသည်။

ဤရွေ့ ဤမျှ အရှိန်အဝါ ကြီးလှသဖြင့် သောဏဒဏ္ဍမှာ ဘုရားရှင့် ရှေ့တော်သို့ တော်တော်နှင့် မရောက်လာနိုင်ပေ။ သူ့လက်အောက်မှရှိကြသော ပုဏ္ဏားများက ဝိုင်းဝန်း တားဆီးခြင်းကို ခံနေရ၏။ အင်မတန်မှ အရှိန်အဝါကြီးလှ သော သောဏဒဏ္ဍ ဆရာကြီးက ဘုရားရှင်ထံ ဝင်ရောက် ဖူးမြော်လျှင် ဘုရားရှင်ဘက်က ဂုဏ်တက်ကာ သူတို့ဆရာကြီး ဂုဏ်နိမ့်သွားမည် ထင်နေကြ၍ ဖြစ်ပေသည်။

မိမိဘက်က လိုက်ပါ၍ ပြောကြမှန်းသိသော်လည်း သောဏဒဏ္ဍက သူတို့ စကားများကို လက်မခံပါ။ မိမိတွင် ရှိရှိသမျှသော ဂုဏ်များထက် ဘုရားရှင့် ဂုဏ်တော်များက သာလွန်ပုံကို အကျယ်တဝင့် ရှင်းပြလိုက်၏။ ဤတွင် တားမြစ်သော ပုဏ္ဏားငါးရာပါ သူနှင့်အတူတူ လိုက်ပါကြရပေတော့သည်။

ဘုရားရှင့် ဂုဏ်တော်ကို ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် ဂဂ္ဂရာ ရေကန် အနီးသို့လာခဲ့ပါ၏။ ကျွန်ုပ်တို့ရှိရာ တောရကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါ၏။ သို့ပါလျက် ကျောင်းထဲရောက်ခါမှ သောဏဒဏ္ဍမှာ မျက်နှာ ခပ်ပျက်ပျက် ဖြစ်လာရ၏။ ခပ်မှန်မှန်လှမ်းလာခဲ့သော ခြေလှမ်းများပင် တုံ့နှေး လေးဖင့်လာကြ၏။ လာစဉ်တုန်းက ရွှင်လန်းခဲ့ပါလျက် ရှေ့တော်မှောက်ရောက်ခါမှ ညှိုးနွမ်းသွားရသည်မှာ အဘယ်အကြောင်းကြောင့် ပါနည်း။

"ပုဏ္ဏား၊ ပုဏ္ဏား ဟူ၍ အများက ခေါ်နိုင်ရန် အဘယ်မျှသော အင်္ဂါများ ရှိရပါမည်နည်း။ မိမိကိုယ်ကို ပုဏ္ဏားဟူ၍ အမှန်အကန်ခေါ်ဆိုနိုင်ရန် မည်မျှသော အင်္ဂါနှင့် ပြည့်စုံရပါမည်နည်း"

ကျွန်ုပ် အဖြေရှာနေဆဲတွင် ဘုရားရှင်က မေးခွန်းထုတ်တော်မူလိုက်ပါပြီ။ ဤမေးခွန်းကို ကြားလိုက်ရခါမှ သောဏဒဏ္ဍပုဏ္ဏားကြီး၏ မျက်နှာသည် ညှိုးနွမ်း ရာမှ လန်းဆန်း၍ လာပေသည်။ ဤတွင် ကျွန်ုပ် စမ်းတဝါးဝါးနှင့် ရှာဖွေနေရသော အဖြေလည်း ဘွားခနဲ ပေါ်လာပါပြီ။

ထက်သန်သော သဒ္ဓါစိတ်ဖြင့် ချဉ်းကပ်လာခဲ့ရသော်လည်း သောဏဒဏ္ဍမှာ ဘုရားရှင်နှင့် စကားပြောရန် မဝံ့မရဲ ဖြစ်နေပါလိမ့်မည်။ သူ မဖြေနိုင်သော အချက်အလက်များကို ဘုရားရှင်က မေးတော်မူလျှင် ပရိသတ်အလယ် အရှက်ကွဲမှာ

http://www.dhammadownload.com

ကြောက်နေပါလိမ့်မည်။ ယခု သူပိုင်ပိုင်ကြီးဖြေနိုင်သော မေးခွန်းကြောင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာပုံကို ထောက်၍ စောစောက မျက်နှာညှိုးခဲ့ရပုံကို ကျွန်ုပ် အလွယ်တကူ မှန်းဆနိုင်ပါပြီ။ တစ်ဖက်သား၏ အခက်အခဲကို ချက်ချင်းသိ၍ ချက်ချင်း ဖြေရှင်းပေးနိုင်စွမ်းသော ဉာဏ်တော်ကို ကျွန်ုပ် အလေးအမြတ် မှတ်တမ်းတင်လိုက် ရပေသည်။

"အရှင်ဘုရား၊ ပုဏ္ဏားဟူ၍ အများက ခေါ်နိုင်ရန် မိမိကိုယ်ကို ပုဏ္ဏား ဟူ၍ အမှန်အကန်ခေါ်နိုင်ရန် အင်္ဂါငါးပါးနှင့်ပြည့်စုံရပါသည်။ ထိုအင်္ဂါငါးပါးတို့မှာ.... မျိုးရိုးစင်ကြယ်ခြင်း၊ ဝေဒကျမ်းဂန် တတ်ကျွမ်းခြင်း၊ အဆင်းသဏ္ဌာန်လှပချောမော ခြင်း၊ သီလလုံခြုံခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းတို့ ဖြစ်ပါသည် ဘုရား"

သူပိုင်နိုင်သော အချက်များဖြစ်၍ သောဏဒဏ္ဍပုဏ္ဏားကြီးက ရဲရဲကြီး ဖြေကြားလိုက်၏။ ဤတွင် ဘုရားရှင်က သူ့အဖြေကို ထပ်၍ဆင့်၍ မေးတော်မူလိုက် ပြန်ပေသည်။

"ပုဏ္ဏား၊ ထိုအင်္ဂါငါးပါးတို့တွင် တစ်ပါးပါးကို ချန်လှပ်၍ ကျန်သော အင်္ဂါလေးပါးဖြင့် ပုဏ္ဏားဟူ၍ ခေါ်နိုင်ပါသေးသလော"

"ခေါ်နိုင်ပါသေးသည် ဘုရား၊ အဆင်းလှခြင်းကို ချန်လှပ်၍ကျန်အင်္ဂါလေးပါး ဖြင့်လည်း ပုဏ္ဏားဟု ခေါ်နိုင်ပါသေးသည် ဘုရား"

ဘုရားရှင် လမ်းကြောင်းပေးရာနောက်သို့ သောဏဒဏ္ဍပုဏ္ဏားကြီး လိုက်ပါ လာခဲ့ပေပြီ။

"ပုဏ္ဏား၊ ထိုလေးပါးသော အင်္ဂါတို့တွင်လည်း တစ်ပါးပါးကိုချန်လှပ်ထား၍ ရပါဦးမည်လော"

"ရပါသေးသည် အရှင်ဘုရား၊ ဝေဒကျမ်းကို ချန်ထား၍ ရနိုင်ပါသေးသည်"

အစွဲတစ်ခု အခြေပြုထားပြီဖြစ်သော ပုဏ္ဏားတစ်ယောက်အား ရုတ်တရက် ဆန့်ကျင်ဘက် ဟောမချလိုက်သေးဘဲ တဖြည်းဖြည်း ဆွဲဆောင်လာပုံမှာ အတုယူဖွယ် ကောင်းလှပါသည်။

"ပုဏ္ဏား၊ ထိုအင်္ဂါသုံးပါးတွင်လည်း တစ်ပါးပါးကိုချန်လှပ်ထား၍ ရပါဦးမည် လော"

"ရပါသေးသည် အရှင်ဘုရား၊ မျိုးရိုးကို ချန်လှပ်ထား၍ ရနိုင်ပါသေးသည်"

အဆင်းလှခြင်းနှင့်ဝေဒကျမ်းစာကို ချန်လှပ်စဉ်ကတည်းက မကျေမနပ်ဖြစ်နေ ခဲ့သော ပုဏ္ဏားပရိသတ်သည် မျိုးရိုးကို ချန်လှပ်ထားလိုက်သည်တွင်ကားပွက်ပွက်ညံ၍ လာကြပါတော့သည်။

http://www.dhammadownload.com

"ဆရာ သောဏဒဏ္ဍ ဤသို့ မဆိုပါနှင့်။ ဆရာသောဏဒဏ္ဍ ဤသို့မဆိုပါနှင့်။ ဆရာသည် ပထမဦးစွာ အဆင်းလှခြင်းကို ပစ်ပယ်၏။ နောက်တစ်ခါ ဝေဒကျမ်းကို ပစ်ပယ်၏။ ယခု မျိုးရိုးကို ပစ်ပယ်လိုက်၏။ ဆရာသည် ရဟန်းဂေါတမ၏ ဝါဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားချေပြီတကား"

သူတို့တန်ဖိုးထားသောအချက်များကို သူတို့ဆရာကြီးက တန်ဖိုးမထားသဖြင့် အကျောက်အကန်ငြင်းဆန်ကြခြင်း ဖြစ်ပေသည်။ ဤတွင် ဘုရားရှင်က....

"ပုဏ္ဏားတို့၊ သောဏဒဏ္ဍပုဏ္ဏားကို ငါဘုရားနှင့် စကားမပြောတတ်ဟု သင်တို့ယူဆလျှင် သောဏဒဏ္ဍပုဏ္ဏား အသာနေစမ်းပါ။ သင်တို့နှင့်သာ ငါဘုရား စကားပြောအံ့။ သို့မဟုတ် သောဏဒဏ္ဍ ပုဏ္ဏားသည် ဗဟုသုတရှိ၏။ ပညာဉာဏ်ကြီးမား၏။ ငါဘုရားနှင့် စကားပြောနိုင်စွမ်းရှိ၏ဟု သင်တို့ ယုံကြည်ကြလျှင် သင်တို့ အသာနေလိုက်ကြ။ သောဏဒဏ္ဍနှင့်သာ ငါဘုရား စကားပြောလိုသည်"

"အရှင်ဘုရား ဆိတ်ဆိတ်နေတော်မူပါ။ ထိုပုဏ္ဏားတို့ကို တပည့်တော်ဘာသာ ချက်ကျလက်ကျ ချေပလိုက်ပါမည်"

နှုတ်သရမ်းသော ပုဏ္ဏားတို့အတွက် သောဏဒဏ္ဍပုဏ္ဏားကြီးရုက်သွားဟန် ရှိပါသည်။ ထို့ကြောင့်ပင် ဘုရားရှင်ကို တားမြစ်ကာ သူ့ပရိသတ်ကို သူ့ဘာသာ နှိမ်နင်းရန် ဟန်ပြင်လိုက်ရပါတော့သည်။

"ဆရာတို့၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ငါ၏တူ အင်္ဂလုလင်ကို သင်တို့ မြင်ကြပါ၏လော"

"မြင်ပါသည် ဆရာကြီး"

"ဤလုလင်သည် အကယ်၍ သူ့အသက်ကို သတ်ငြားအံ့။ သူ့မယားကို ပြစ်မှားငြားအံ့။ မဟုတ်မမှန်သော စကားကို ပြောဆိုငြားအံ့။ သေအရက်များ သောက်စားငြားအံ့။ ဆရာတို့ ဤသို့ သီလကျိုးပေါက်သည်ရှိသော် လှပသောအဆင်း၊ ဝေဒကျမ်းစာနှင့် မျိုးရိုးဇာတိတို့သည် အရာရောက်ပါဦးမည်လော"

ဤသို့အချက်ကျကျ ငြိမ်းသတ်လိုက်သဖြင့် ပူညံပူညံအသံများတိတ်ဆိတ်သွား ရ၏။ ဤတွင်မှ ဘုရားရှင်က စောစောက စကားကို ပြန်ကောက်တော်မူကာ....

"ပုဏ္ဏား၊ ထိုနှစ်ပါးသော အင်္ဂါတို့တွင်ကော တစ်ပါးပါးကို ချန်ထား၍ ရပါဦးမည်လော"

"မရနိုင်တော့ပါ အရှင်ဘုရား၊ လက်တစ်ဖက်ဖြင့် အခြားလက်တစ်ဖက်ကို ဆေးကြောရသကဲ့သို့၊ ခြေတစ်ဖက်ဖြင့် အခြားခြေတစ်ဖက်ကို ဆေးကြောရသကဲ့သို့ ပညာကို သီလဖြင့် ဆေးကြောရပါသည်။ သီလကို ပညာဖြင့် ဆေးကြောရပါ

http://www.dhammadownload.com

သည်။ သီလရှိသော ပုဂ္ဂိုလ်မှာ ပညာရှိပါသည်။ ပညာရှိသော ပုဂ္ဂိုလ်မှာ သီလရှိပါသည်။ သီလနှင့် ပညာကို လောကဋ္ဌအမြတ်ဆုံးဟု ဆိုထိုက်ပါသည် ဘုရား"

သောဏဒဏ္ဍပုဏ္ဏားကြီး လျှောက်ထားသော ဤစကားကို ဘုရားရှင်ကလည်း ထောက်ခံချက် ပေးတော်မူပေသည်။ ထို့ကြောင့် ဘုရားရှင့် စကားအဖြစ် လေးလေးမြတ်မြတ် မှတ်ယူနိုင်ပါပေသည်။

ဤဒေသနာတော်ကို ကြားနာရသဖြင့် သောဏဒဏ္ဍ ပုဏ္ဏားကြီးမှာ တစ်မင်္ဂတစ်ဖိုလ် ရမသွားရှာပါ။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော ဥပါသကာ အဖြစ်ကိုကား ခံယူသွားပေသည်။

အနီးအပါးမှာ တရားနာနေသော ကျွန်ုပ်အဖို့ကား အဆင်းဂုဏ်၊ ပညာဂုဏ်၊ မျိုးရိုးဂုဏ်မောက်သူတို့အတွက် အချက်ကျကျ ဆုံးမနိုင်သော ဒေသနာတော်တစ်ပုဒ် ရလာသဖြင့် မပျောက်မပျက်ရအောင် ကျက်မှတ်၍ ထားလိုက်ရပါပေသည်။

(သီလက္ခန္ဓဝဂ်၊ သောဏဒဏ္ဍသုတ်)

⁂

http://www.dhammadownload.com

နမောတဿကို မကြားချင်သူ

ရှေ့အခန်းမှာတုန်းက ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားအများစု၏ မျိုးရိုးဇာတိအစွဲအလမ်းတစ်ခုကို တင်ပြခဲ့၏။ လောကီထုပွတ် လူတို့ဇာတ်ကို ခြေခြေမြစ်မြစ်လေ့လာထားသူမှန်သမျှ ထိုအယူအစွဲ ယုတ္တိမတန်ပုံကို သဘောပေါက်ကြပါလိမ့်မည်။ ထို့ကြောင့် သမာသမတ်သဘောထားရှိသော ဗြာဟ္မဏနွယ်ဖွားတို့က ထိုအယူအစွဲကို လက်မခံကြပါ။ အစွဲသန်လွန်းသော ပုဏ္ဏားတို့လည်း မကြာမီသူတို့လို သဘောပေါက်လာကြလျှင် ကောင်းလေစွ။ သို့သော် ဓနဥ္ဇာရီ မျိုးနွယ်တို့၏ အယူအစွဲကို စဉ်းစားမိသောအခါတွင်ကား ထိုတောင့်တချက်ကို ကျွန်ုပ် စွန့်လွှတ်လိုက်ရပါတော့သည်။

ဗြာဟ္မဏနွယ်ဖွား အများစုကြီးက မိမိကိုယ်ကို ဗြဟ္မာကြီး၏ ခံတွင်းမှ ပေါက်ဖွားလာသည်ဟု ဆိုကြ၏။ ဓနဥ္ဇာနီ နွယ်ဖွားတို့ကား သူတို့ထက်သာပေသေးသည်။ အခြားပုဏ္ဏားများလို ခံတွင်းမှပေါက်ဖွားလာသည် မဟုတ်ဘဲ ဦးခေါင်းထိပ်မှ ဖောက်၍ ထွက်လာကြသောဟူ၏။ ထို့ကြောင့် ပုဏ္ဏားတကာတို့ထက် သူတို့က မြင့်မြတ်သည်ဟု သတ်မှတ်ထားကြပေသည်။ ထိုမျှလောက် အစွဲအလမ်းကြီးလွန်းလှသော အမျိုးအနွယ်ထဲမှ ပုဏ္ဏေးမကြီးတစ်ယောက် ကျွန်ုပ်တို့ သာသနာတော်သို့ သက်ဝင်လာခြင်းကား ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုဟုသာ ဆိုရပါတော့မည်။

မျိုးရိုးအမည်ကို အထွတ်အမြတ်ထား၍ ခေါ်ဝေါ်ရသော လောကထုံးစံအရ ထိုဒါယကာမကြီးကို "ဓနဥ္ဇာနီ"ဟုပင် ကျွန်ုပ်တို့ ခေါ်ဝေါ်ကြရပါသည်။ သူ၏ခင်ပွန်းသည်ကား ဘာရဒွါဇ။ မျိုးရိုးအမည်ပင် ဖြစ်၏။ ပုဏ္ဏေးမကြီးသည် အရိယာဉာဏ် အမြင်သန့်ပြီးသော သာဝကတစ်ယောက်ဖြစ်၏။ ပုဏ္ဏားကြီးကား ရတနာသုံးပါးနှင့် ပတ်သက်လာလျှင် လေသံမျှပင် မကြားလိုသူပါတည်း။

အရိယာစာရင်းဝင်ပြီးသော ဒါယိကာမကြီးသည် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အား မကြာမကြာပင့်ဖိတ်၍ ဆွမ်းကျွေးတတ်၏။ သဒ္ဓါရော ဥစ္စာပါ ပြည့်စုံကုံလုံလှသဖြင့် စားကောင်းသောက်ဖွယ် မျိုးစုံစွာ စီမံချက်ပြုတ်၍ ကပ်တတ်၏။

http://www.dhammadownload.com

ဤသို့သော နေ့များမှာဆိုလျှင် ပုဏ္ဏားကြီးသည် အိမ်မှာ မနေနိုင်တော့ပေ။ နံနက်လင်းကတည်းက တော်ရာ လျော်ရာ ရှောင်ခွာ၍ နေခဲ့၏။

ရတနာသုံးပါးကို ပုဏ္ဏားကြီးက မျက်နှာလွဲနေသော်လည်း ပုဏ္ဏေးမကြီးက တော့ သူ့အသင်းအပင်းများကို မပစ်ပယ်ပါ။ သူတို့အလှည့်ကျသောနေ့တွင် ငါးရာမျှသော ပုဏ္ဏားတို့အား ရေမရောသော နို့ဃနာတို့ဖြင့် ကျွေးမွေးပြုစု၏။ သာသနာတော်ကို ကြည်ညိုသော်လည်း ခင်ပွန်းသည်၏ အသင်းအပင်းများကို ဝန်တိုခြင်းမရှိပါ။ လင့်အလိုလိုက်၍ အကြိုက်ဆောင်ရသောမယားတို့ဝတ္တရားဘက်က ကြည့်ကြည့်၊ သတ္တဝါအနန္တအပေါ်မှာ တူညီမျှသော မေတ္တာစေတနာ ထားရှိရသော ဘုရားတပည့်မတစ်ယောက် အနေနှင့် ကြည့်ကြည့် အကြည့်ခံနိုင်သော စံပြဒါယိကာမကြီးပင် ဖြစ်ပါပေသည်။

ဤသို့အဖက်ဖက်မှ အရည်အချင်း ပြည့်ဝလှသော ဒါယိကာမကြီးမှာ ပုဏ္ဏားကြီး အမြင်အားဖြင့် ချို့တဲ့ချက်တစ်ခုကား ရှိနေပေသည်။ ထိုအချက်ကား အခြား မဟုတ်ပါ။ မကြာခဏ ဘုရားရှိခိုးတတ်ခြင်းပင် ဖြစ်၏။ သူ့ဘုရားရှိခိုးမှာ အကျယ်တဝင့် မဟုတ်ပါ။ အကျဉ်းချုပ်မျှဖြစ်၍ သုံးကြိမ်သုံးခါပြန်၍ ရွတ်ဆိုရပေသည်။ အလေးအမြတ်ပြုသော သဘောလည်း ပါပေသည်။ ကိလေသာဟူသမျှမှ ဝေးကွာတော်မူပြီးထသော သစ္စာဇေးတန် တရားမှန်ကို ဆရာမကူသယမျှဉာဏ်ဖြင့် သိတော်မူပြီးသော ထိုဘုရားရှင်အား ရှိခိုးပါ၏ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဒါယိကာမကြီးသည် ထိုဘုရားရှိခိုးကို ရပ်လျက်လည်း ရှိခိုး၏။ ထိုင်လျက်လည်း ရှိခိုး၏။ နာချေ၍ ချောင်းဆိုးပြီးသောအခါမှာပင် ရှိခိုးတတ်သေးသည်ဟူပါ၏။ ဒါယကာမကြီးဘက်က နှစ်သက်မြတ်နိုးလှ၍ ရွတ်ဆိုသော ဤအသံသည် ပုဏ္ဏားတို့အဖို့ကား မကြားကောင်း မနာသာ အသံဆိုးကြီး ဖြစ်နေရ၏။ သူတို့လို ဗြဟ္မာကြီးကို မကိုးကွယ်သော၊ သူတို့လို ယဇ်ပူဇော်မှု မပြုသော၊ သူတို့လို မကောင်းမှုမျှောချရေးအတွက် တစ်ရက်နှစ်ခါ ရေမချိုးသော၊ သူတို့လို ဦးစွန်းဆံမြီတ် မထားသော ရဟန်းများ ဦးပြည်းများကို မြင်ရခြင်းသည် သူတို့အဖို့ အမင်္ဂလာဖြစ်၏။ ရဟန်းတို့နှင့် ပတ်သက်သော အသံကို ကြားရခြင်းသည် သူတို့၏ ဂုဏ်ကျက်သရေယုတ်လျော့စေဖို့ ဖြစ်သည် ဟူ၏။ ထို့ကြောင့် ပုဏ္ဏားတို့အား နို့ဃနာထမင်းကျွေးမွေးလှည့်မရောက်မီ တစ်နေ့တွင် ပုဏ္ဏားကြီးကဒါယိကာမကြီးနှင့်တိုင်ပင်ရင်း....

"အို ရှင်မ၊ ရှင်မသည် ဘာကိစ္စကိုပဲလုပ်လုပ် ဦးပြည်းရဟန်း ဂေါတမကို ရှိခိုး၏။ သည်အသံကို ငါတို့ ပုဏ္ဏားများက လုံးဝ မကြားချင်။ သို့ဖြစ်၍ ပုဏ္ဏားအများနှင့် ငါတို့အကြား ကွဲပြားအောင် မလုပ်ပါနှင့်၊ နက်ဖြန်တစ်နေ့တာလောက် ရှိမခိုးဘဲ နေစမ်းပါ"

ပုဏ္ဏားကြီးနားချသည်ကို ဒါယကာမကြီးက လက်မခံပါ။

http://www.dhammadownload.com

"ရတနာသုံးပါးအသံ မကြားချင်၍ မလာလျှင်လည်း မတတ်နိုင်ပါ။ ကျွန်မအနေနှင့် ဘုရားရှင်ကို သတိရတိုင်း မရှိခိုးဘဲ မနေနိုင်ပါ"

"အို ရှင်မ အိမ်ခြေတစ်ရာရှိသော ရွာ၏ တံခါးမကြီးကိုပင် အလွယ်တကူ ပိတ်နိုင်ကြသေး၏။ ပုဏ္ဏားများ စားသောက်နေဆဲမှာ လက်နှစ်ချောင်းပိတ်ရုံနှင့် ဖြစ်နိုင်သော သင့်ပါးစပ်ကို ပိတ်မထားနိုင်တော့ပြီလော"

"အို အရှင်၊ ကျွန်မ ပိတ်မထားနိုင်ပါ"

ပုဏ္ဏားကြီး ပြောလေသမျှ သဲထဲသွန်သော ရေပမာ ဖြစ်ကုန်ရ၏။ အစစ အရာရာ လင့်အလိုလိုက်၊ လင့်အကြိုက် ဆောင်ခဲ့ပါလျက် ဤတစ်ကွက်ကျခါမှ တင်းခံနေသဖြင့် ပုဏ္ဏားကြီး ဒေါသထွက်လာကာ....

"ကဲ....ရှင်မ၊ သည်တစ်ခါတော့ အကြောင်းသိကြရစိမ့်မည်။ ညည်းဖြဖြ ပုဏ္ဏားတွေ ထိုင်လာကြတုန်းမှာ ဦးပြည်း ရဟန်းယုတ်ကို ရှိခိုးသံကြားလျှင် သင့် တစ်ကိုယ်လုံးကို သည်ဓားနှင့် နုပ်နုပ်စဉ်းတော့မည်။ ဟောသည်မှာ သည်ဓားကို ကြည့်ထားစမ်း"

ခေါင်းအုံးဘေးက ဓားကိုဆွဲယူကာ ဒါယိကာမကြီး၏ မျက်နှာရှေ့မှာ ဝင့်ပြလိုက်၏။

ဒါယိကာမကြီးလည်း ဝင်းဝင်းလက်လက် အသွားထက်သောဓားကိုကြည့်ပါ၏။ မြင်ပါ၏။ သည်ဓားနှင့် တစ်ချက်ခုတ်လိုက်ရုံနှင့် အသက်ခန္ဓာ ဆုံးရှုံးရတော့မည်ကို သိပါ၏။ သို့သော် ပုဏ္ဏားကြီး၏ အလိုကိုကား မလိုက်လျောနိုင်ပါ။ သာသနာတော်ကို မိမိအသက်ထက် မြတ်နိုးသော ဘုရားသမီးတော် မဟုတ်ပါလော။

"အို အရှင်ပုဏ္ဏား၊ စဉ်းလိုလျှင်စဉ်းပါ။ ပြုလိုရာ ပြုပါလော။ ဘုရားရှင့် သာသနာတော်နှင့်ကား ကျွန်မ ခွဲခွာ၍ မနေနိုင်ပါ"

ဒါယိကာမကြီး စကားဆုံးသည်နှင့် ပုဏ္ဏားကြီး၏ လက်ထဲက ဓားထက်ထက် သည် ဒုတ်ခနဲ အသံမည်သွား၏။ ဒါယိကာမကြီး၏ ကိုယ်ပေါ်သို့ ကျလာ၍ မဟုတ်ပါ။ ပုဏ္ဏားကြီးက စိတ်ပျက်လက်ပျက်နှင့် အိပ်ရာပေါ် ပစ်ချလိုက်၍ ဖြစ်ပါသည်။ တကယ်တမ်းကျတော့ ပုဏ္ဏားကြီးသည် ဒါယိကာမကြီးကို နှိပ်စက် ကလူပြုံ့ခဲ့သည် မဟုတ်ပါ။ ဓနဥာနီ အမျိုးက သူတို့ ဘာရဒွါဇအမျိုးထက် အဆင့်မြင့် နေသည် မဟုတ်ပါလော။

ကြိုတင်ဖိတ်ကြားထားသည့်အတိုင်း နောက်တစ်နေ့တွင် သူတို့အိမ်သို့ ပုဏ္ဏားငါးရာ စုဝေးလာကြ၏။ နွားချေးစိမ်းစိမ်း လိမ်းကျံထားသော မြေပြင်ထက်ဝယ် ရေမစွက်သောနို့ယနာထမင်းများကို မြို့နယ်ကစွာစားသောက်နေကြ၏။ထိုစဉ်ခိုက်တွင် သူတို့မကြားချင်ဆုံးသော အသံဆိုး ကြီးကို နားနှင့်ဆတ်ဆတ် ကြားလိုက်ကြရပေသည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

http://www.dhammadownload.com

ဤအသံကို မကြားချင်ဘူးဆိုမှ သုံးခါတိုင်တိုင် ကြားကြရ၏။ ဒါယိကာမကြီးသည် အိမ်ရှင်မတို့ ဝတ္တရားရှိသည့်အတိုင်း ခင်ပွန်းသည်၏ အသင်းအပင်းများကို မငြီမငြင် ပြုစုပါ၏။ ဧည့်သည်တို့ကို လေးစားသောသဘောဖြင့် အဝတ်သစ်များ ဝတ်ဆင်ထား၏။ လက်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထား၏။ ပုဏ္ဏားတို့ ထမင်းခွက်ထဲသို့ နို့ဃနာ ထမင်းများကို ရွှေဇွန်းနှင့် လိုက်ထည့်ပေးနေစဉ် ခလုတ်တိုက်မိ၍ လဲကျ၏။ သို့သော် သတိကောင်းသူဖြစ်၍ နို့ဃနာခွက် မဖိတ်စဉ်ရအောင် ထိန်းကာ မြေပေါ်မှာ ထိုင်ချလိုက်နိုင်၏။ ခလုတ်တိုက်သောဒဏ်၊ လဲကျသောဒဏ်ကြောင့် အခံရခက်ရာတွင် ဘုရားရှင်ကို တမ်းတမိ၏။ ဤတွင် ပုဏ္ဏားငါးရာအလယ်မှာ ဝေဠုဝန် ကျောင်းတော်ရှိရာသို့ လှမ်း၍ လက်အုပ်ချီကာ ပုဏ္ဏားတို့နားခါးလှသော စကားလုံးများကို ရွတ်ဆိုလိုက်ခြင်း ဖြစ်ပေသည်။ ထိုစဉ်ခိုက်တွင် တချို့ပုဏ္ဏားများက စားပြီးကြပြီ။ တချို့မှာ စားဆဲ။ တချို့မှာ နှိုက်ခါစ။ တချို့ရှေ့မှာတော့ ယခုမှ စားစရာ ချခါစ ရှိသေး၏။ ဤသို့သော မင်္ဂလာအခါကောင်းတွင်မှ မကြားစကောင်းသော အသံဆိုးကြီးကို ကြားလိုက်ရသဖြင့် ထမင်းဝိုင်းကြီး ပျက်သွားရပေတော့သည်။ လေးသံကြား၍ လှစ်ခနဲ ပျံပြေးသော ကျီးများကဲ့သို့ ပုဏ္ဏားများ သောသောရုတ်ရုတ် ပြန်ပြေးကြပေတော့သည်။

"အို.... ရှင်မ၊ ယမန်နေ့က ဤဘေးကိုမြင်၍ ငါတို့များ တားခဲ့ပါ၏။ တားပါလျက်က ယခုတော့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရပါပကော"

ဒါယိကာမကြီးကို စိမ်းစိမ်းကြည့်လျက် ပုဏ္ဏားကြီးက ရေရွတ်ကြိမ်းမောင်းလိုက်၏။ သည့်ထက်ကား သူဘာမှ မစွမ်းနိုင်ပါ။ သူ့ထက် မျိုးရိုးမြင့်မြတ်သော ဒါယိကာမကြီးကို စိတ်ရှိတိုင်း လက်စားမချေဝံ့သော ပုဏ္ဏားကြီး၏ ဒေါသသည် ဘုရားရှင်ထံသို့ ဦးလှည့်လာတော့၏။ သမီးတော်ကိုမျှ အနိုင်ကျင့်၍ မရခဲ့သော ပုဏ္ဏားကြီးသည် သူ့ခမည်းတော်ကိုကော အနိုင်ယူ၍ ရပါဦးမည်လော။

ဒေါသမျက်မာန် ပြင်းထန်နေဆဲမို့ ဤသဘောကို ပုဏ္ဏားကြီး မရိပ်မိရှာ။ ဒါယိကာမကြီး၏ သတိပေးစကားများကို နားမဝင်ရှာ။ သူမျှော်လင့်ထားသည်မှာ အစွန်းနှစ်ဖက် မလွတ်သော သူ့ပြဿနာထဲမှာ မလှုပ်သာ မယှက်သာ ပိတ်မိနေသော ဘုရားရှင်ကို တစ်မျိုးပြီးတစ်မျိုး စကားလုံးများဖြင့် ထိုးဆွနေရခြင်း ဖြစ်၏။ ဤသို့သာ စိတ်ရှိလက်ရှိ နှိပ်စက်ခန်း ဖွင့်လိုက်ရပါလျှင် သူ့အသင်းအပင်းများကလည်း သူ့ကို ပြန်၍ ဆေးဖော်ကြောဖက် လုပ်လာကြမည် မဟုတ်ပါလော။ သူ့အပေါ်မှာ စိတ်ဆိုးခဲ့ကြသည်နှင့်အမျှ ဝါဒသူရဲကောင်းကြီးအဖြစ်ဖြင့် သြဘာပေးကြမည်. မဟုတ်ပါလော။

သူ့ဟန်ပန် သူ့လေသံများကို ထောက်၍ သူ့အတွင်းစိတ်ဓာတ်ကို ကျွန်ုပ်အကဲခတ်၍ ရှုပါသည်။ ရှေ့ပိုင်းက ကြောင်းခြင်းရာများကိုတော့ ကျွန်ုပ်တို့ ဆွမ်းအမကြီးထံမှ ကြားရသည့်အတိုင်း အကြောင်းသင့်ရာက တင်ပြခဲ့ရပါသည်။

http://www.dhammadownload.com

ဘုရားရှင် ရှေ့တော်မှောက်၌ ဒေါသကို အနိုင်နိုင်ထိန်း၍ တင်ပြသော ဝါဒမှာ ဤသို့ ဖြစ်၏။

"အို အရှင်ဂေါတမ၊ ဘာကိုဖြတ်လျှင် ချမ်းသာစွာ အိပ်ရသနည်း။ ဘာကို ဖြတ်လျှင် မစိုးရိမ် မပူဆွေးရသနည်း။ အရှင်ဂေါတမ သတ်ဖြတ်လိုသည်ကား အဘယ်နည်း"

ထိန်း၍ ပြောနေသည့်ကြားကပင် သူ့လေသံများ တစ်စထက်တစ်စ ပြင်းထန်လာသည်ကို ကျွန်ုပ် အကဲခတ်မိပါသည်။ တကယ်တော့ဖြင့် သူသည် ဘုရားရှင်ကို တွေ့ကရာ စကားလုံးများဖြင့် ဆဲရေးကြိမ်းမောင်းလိုလှ၏။ သို့သော် ဤသို့ကား သူမစွမ်းသာ။ တိုင်းရောပြည်ပါ မြို့ရွာမကျန် ပူဇော်ဆည်းကပ်နေကြသော ပုဂ္ဂိုလ်ကြီးဖြစ်၍ ဝစီကံမြောက် ဆဲရေးကြိမ်းမောင်းမှုများ မပြုဝံ့ပါ။ သို့ဖြစ်၍ နှစ်ဖက်စွန်းမလွတ်သော ပြဿနာများကိုသာ ကြံစည်၍ လာခဲ့ရ၏။

သူ့ဘက်ကသာ သူပြဿနာကို ဟုတ်လှပြီထင်နေ၏။ ဤသို့သော ပြဿနာကိုသာမက ဘုရားရှင်၏ အဖြေကိုပါ ကျွန်ုပ်တို့ ကြားခဲ့ဖူးပြီဖြစ်၏။ သူ့စိတ်ကူးထဲမှာတော့ ဘုရားရှင်က "မည်သူ့ကို သတ်ဖြတ်လိုသည်" ဟု ပုဂ္ဂလဓိဋ္ဌာန်သဘောဖြင့် ဖြေကြားတော်မူလျှင် "သင်သည် သင်မနှစ်သက်သူတိုင်းကို သတ်လိုပါသလော၊ လူ့လောကကြီးကို သတ်ဖြတ်ဖို့ သင် လူဖြစ်လာသလော။ ဤသို့ဆိုလျှင် သင့်မှာ ရဟန်းပြု၍ ဘာအကျိုးရှိဦးတော့မည်နည်း" ဟု ပက်ပက်စက်စက် ဆိုလိုက်ရန် မျော်လင့်နေပါလိမ့်မည်။ တစ်ဖန် "ဘာကိုမှ မသတ်ဖြတ် လို"ဟု ဆိုပါကလည်း "သင်သည် ရာဂ စသည်ကို မသတ်ဖြတ် မစွန့်ပယ်တော့ပြီ လော။ ဤသို့ဖြစ်လျှင် အဘယ်ကြောင့် ရဟန်းပြုနေရပါသေးသနည်း"ဟု ပိုင်ပိုင်ကြီးဆိုလိုက်ရန် ရည်သန်နေပါလိမ့်မည်။ သူရည်သမျှကား ဘာတစ်ခုမျှ အကောင်အထည် ပေါ်လာရန် မရှိပါ။

"ပုဏ္ဏား၊ အမျက်ကို ဖြတ်လျှင် ချမ်းသာစွာ အိပ်ရ၏။ အမျက်ကိုဖြတ်လျှင် မစိုးရိမ် မပူဆွေးရပေ။ ငါဘုရား ပယ်သတ်လိုသည်ကား အမျက်တရားတစ်ပါးပင် ဖြစ်ပေသည်"

မေးသူဘက်က တကယ့်အခက်အခဲကြီးလုပ်ထားသော ပြဿနာကို ဘုရားရှင်က လွယ်လွယ်ကလေးသာ ဖြေကြားတော်မူလိုက်ပေသည်။ ဤသို့ဖြင့် ပုဏ္ဏားကြီးက အားကိုးတကြီး ကိုင်စွဲ၍ ပစ်လွှတ်လိုက်သော လက်နက်ကြီးများ ပျက်စီးသွားရပေတော့သည်။

အမျက်ဒေါသ၏ ကျေးကျွန်အဖြစ်ဖြင့် မတန်မရာ ယှဉ်ပြိုင်လာသော ပုဏ္ဏားကြီးကို ဘုရားရှင်က မဟာကရုဏာ လွှမ်းခြုံထားသော အသံတော်ဖြင့် ဖြေကြားတော်မူပါ၏။ ကရုဏာဟူသည် ဒုက္ခိတသတ္တဝါတို့အပေါ် ဖြန့်ကြက်တည်နေသော ဗြဟ္မစိုရ်တရားဖြစ်ရာ ထိုကရုဏာ စေတသိက်၏ ဖြန့်ကြက်တည်ရှိရာ

http://www.dhammadownload.com

ပုဏ္ဏားကြီးသည် ထိုဒုက္ခိတသတ္တဝါ ဖြစ်နေရှာပေသည်။ ထိုဒုက္ခကို ဘုရားရှင်က လုပ်ပေးထားသည်လည်း မဟုတ်။ ကျွန်ုပ်တို့တစ်တွေက လုပ်ပေးထားသည်လည်း မဟုတ်။ သူ၏ မသင့်သော နှလုံးသွင်းမှုကြောင့်သာ ဆင်းရဲနေရခြင်း ဖြစ်ပေသည်။

အမျက်ဒေါသ ယှက်သန်းနေသော မျက်စိဖြင့် ကြည့်သဖြင့် ဘုရားရှင်၏ ရုပ်သွင်တော်သည် သူ့အဖို့ အမျက်ထွက်စရာဖြစ်နေဘိ၏။ သဒ္ဓါကြည်ညိုဆည်းကပ်လိုသောသူအဖို့ကား ဤရုပ်သွင်တော်သည် အလွန်တရာ နှစ်သက်ဖွယ်သော အာရုံဖြစ်၏။ ဤသည်မှာ ဘုရားရှင်၏ ရုပ်သွင်တော်က ပြောင်းလွဲသွား၍ မဟုတ်ပါ။ စိတ်သဘောထားကွဲပြားသည်နှင့်အညီ အရိပ်နိမိတ်များ ထွက်ပေါ်လာရခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပရိယတ် သဘောအားဖြင့် အမည်တပ်ပေးရလျှင် အမျက်ထွက်စရာ အရိပ်နိမိတ်ကို ပဋိဃနိမိတ် ခေါ်ရ၍ ချစ်ခင်တွယ်တာ မက်မောစရာ ဟူသော အရိပ်နိမိတ်ကိုကား သုဘနိမိတ်ဟု ခေါ်ရပေသည်။

သတ္တဝါအများတို့ မဆင်းရဲသင့်ဘဲ ဆင်းရဲနေသည်မှာ အရိပ်ကို အကောင်ထင်နေကြ၍သာ ဖြစ်၏။ ပဋိဃနိမိတ်ဟူသည်မှာ တကယ်တော့ အရိပ်မျှသာဖြစ်၏။ အမျက်ထွက်တတ်သော စိတ်ကို ကြဉ်ထား၍ အမျက်ထွက်စရာဟူ၍ တစ်မျိုးတစ်ဖုံ ရှိနေသည် မဟုတ်ပါ။ အမျက်ထွက်စရာဟူသည် အမျက်စိတ်တည်းဟူသော အကောင်၏ အရိပ်မျှသာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အရိပ်ပေါ်မှာ မဲနေမည့်အစား အကောင်ပေါ်မှာ သတိကပ်၍ သုံးသပ်ကြရန် လိုပါသည်။

ပုဏ္ဏားကြီး စိတ်ထဲမှာတော့ နှစ်ဖက်စွန်းထွက်နေသော ပြဿနာကို တင်ပြလိုက်လျှင် ဘုရားရှင်သည် မမျိုနိုင် မထွေးနိုင် ဒုက္ခရောက်သွားလိမ့်မည်ဟု ထင်နေပါလိမ့်မည်။ သို့သော် သူ၏ အမျက်စိတ်သည် ပဋိဃနိမိတ်ဖြစ်သော အရိပ်ကိုကား မည်သို့မျှ ဆင်းရဲသွားအောင် မတတ်နိုင်။ အမျက်စိတ်၏ မိုခိုရာ မိမိ၏ ဟဒယနှလုံးအိမ်ကိုသာ လောင်မြိုက်နေ၏။ ထို့ကြောင့်ပင် သူ့လေသံများ ခက်ထန်လာရ၏။ ကွန်ဖြေဆည်ထားသည့်ကြားက ကတုန်ကယင် ဖြစ်လာရ၏။ ဤသို့ မရှမလှ ဒုက္ခခံနေရသည်မှာ မသင့်တင့်နှလုံးသွင်းမှုကြောင့် ဖြစ်ပေသည်။

အရိပ်ကို အကောင်ထင်နေခြင်းသည် မသင့်တင့်သော နှလုံးသွင်းမှုဖြစ်၏။ ထိုနှလုံးသွင်းမှုကြောင့်လည်း အကောင်တို့သည် အသစ်အသစ် ပေါက်ဖွားလာကြရ၏။ ပေါက်ဖွားပြီးနောက် အတောမသတ်နိုင်အောင် ကြီးထွားလာရ၏။ ပေါက်ဖွားလာပြီးသောအကောင်များ မကြီးထွားလာစေရန်၊ပေါက်ဖွားမလာသေးသော အကောင်များ ပေါက်ဖွားမလာစေရန်ကား အရိပ်ကို ဖောက်ထွင်း၍ အကောင်ကို လက်ရဖမ်းနိုင်ရမည် ဖြစ်ပေသည်။ မသင့်တင့်သော နှလုံးသွင်းမှုကြောင့် ကိုယ်တိုင် ဆင်းရဲနေရသည်ကို သိရမည် ဖြစ်ပေသည်။ အမျက်ထွက်သော အခါတုန်းက ဆင်းရဲဒုက္ခကြီးစွာခံစားနေရသည်နှင့် နှိုင်းယှဉ်ကာ ဒေါသအမျက် မထွက်သောအခါ

http://www.dhammadownload.com

ဆင်းရဲမရှိ ပကတိအတိုင်း ချမ်းသာစွာ နေခဲ့ရသည်ကို မျက်ဝါးထင်ထင် သိမြင်လာကြရမည် ဖြစ်ပေသည်။

ဤသို့ အမျက်ဒေါသကို ပညာဖြင့် ဖြတ်တတ်ပါလျှင် သွားရင်းလည်း ချမ်းသာ၏။ ရပ်လျက်လည်း ဘေးကင်း၏။ ထိုင်နေစဉ်မှာလည်း အေးမြ၏။ အိပ်စက်ရာတွင်လည်း ငြိမ်းချမ်း၏။ ပုဏ္ဏား၏ အမေးစကားနှင့် လိုက်လျောအောင် ချမ်းသာစွာအိပ်ရ၏ဟု ဘုရားရှင် ဖြေကြားတော်မူရာတွင် ဤသို့ ဣရိယာပုထ် လေးမျိုးစလုံး အကျုံးဝင်၍ နေပေသည်။

အမျက်ဒေါသမရှိ ပကတိ အေးငြိမ်းရာသို့ ရောက်ရာ ရောက်ကြောင်း တရားကောင်းကို ဘုရားရှင်က ဟောကြားတော်မူ၏။ ဘုရားရှင်ဟောကြားတော်မူသော တရားတော်ကို ဘာရဒွါဇ ပုဏ္ဏားကြီးကလည်း လွယ်လင့်တကူကြည်ဖြူစွာ လက်ခံခဲ့၏။ ဤသို့ဖြင့် နမောတဿအသံကို နားကြားပြင်းကတ်ခဲ့သောပုဏ္ဏားကြီး တစ်ယောက် ကျွန်ုပ်တို့ သာသနာ့ဘောင်အတွင်း ရောက်လာခဲ့ပေသည်။

ဘာရဒွါဇ ရဟန်းကြီးသည် မကြာမီကာလမှာပင် စိတ်ညစ် စိတ်ဆွေးစိတ်ဘေး ဟူသမျှ ကင်းကွာ၍ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်သွား၏။ ဤသို့ဖြစ်ရသည်မှာ ဘုရားရှင် ဟောပြတော်မူခဲ့သည့်အတိုင်း ခန္ဓာမှာ မှန်စွာပြနေသော တရားကို သတိကပ်လျက် သုံးသပ်ပွားများသော ဘာဝနာ၏ ကျေးဇူးကြောင့် ဖြစ်ပေသည်။

(သဂါထာဝဂ်၊ ဗြာဟ္မာဏသံယုတ်၊ ဓနဉ္ဇာနီသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

**

http://www.dhammadownload.com

တရားသော စစ်ပွဲများ

နမောတဿဆိုလျှင် လေသံမျှမကြားချင်သော အစ်ကိုကြီးတစ်ယောက် ကျွတ်တမ်းဝင်သွားချိန်တွင် သူ့ညီများသည် ဒေါသပုန်ထလျက်ရှိကြ၏။ သူတို့အမြင်အားဖြင့် ဘုရားရှင်သည် သူတို့၏ အသင်းအပင်းကို ဖြိုခွင်းပြီးလျှင် မိမိအသိုက်အအုံကြီးမွားအောင် လုပ်သွားဖြစ်၏။ ထို့ကြောင့် ညီများထဲက အကြီးဆုံးပုဏ္ဏားတစ်ယောက်သည် ကျောင်းတော်သို့ ဒေါနှင့်မောနှင့် ရောက်လာကာ ဘုရားရှင်ကို မကြားဝံ့မနာသာ ဆဲရေးပါတော့သည်။ မျိုးရိုးအမည်ဖြင့် ဘာရဒွါဇဟုပင် ခေါ်တွင်နေသော ထိုပုဏ္ဏားကို ယခင် ဘာရဒွါဇနှင့် ကွဲပြားစေရန် ယာယီအားဖြင့် အက္ကောသဘာရဒွါဇဟူ၍ ကျွန်ုပ်တို့နာမည်တပ်ထားကြပါသည်။

ဆဲရေးတတ်သော ဂုဏ်သကတ်ကြောင့် အက္ကောသဘာရဒွါဇအမည်ရသော ပုဏ္ဏားသည် ဘုရားရှင်ကို အမျိုးမျိုးအဖုံဖုံ ဆဲရေး၏။ စိတ်ကူး၍ ရနိုင်သမျှ စကားလုံးမျိုးစုံဖြင့် ရေရွတ်၍ မင်းပြစ်မင်းဒဏ်ဖြင့် ခြိမ်းခြောက်၏။ သူ့ဘက်က ဆူပွက်နေသည်နှင့်အမျှ ဘုရားရှင် နှုတ်တော်ကား တိတ်ဆိတ်လှစွာ၏။ ကျွန်ုပ်တို့အားလုံးမှာလည်း ဘုရားရှင်မျက်နှာကဲကိုကြည့်ကာ နှုတ်ဆိတ်လျက်သာနေကြရ၏။ နှုတ်ဖျားမှာ တိတ်ဆိတ်နေသော်လည်း စိတ်ထဲကတော့ ငြိမ်သက်လှသည်မဟုတ်ပါ။ အဆဲသန်လှသော ပုဏ္ဏားကို ကျောင်းထဲက ဆွဲထုတ်ချင်စိတ်များပင်ပေါ်ပေါက်မိ၏။ သို့သော် ကျွန်ုပ်တို့စိတ်ထဲက အမျက်သည် အပြင်သို့ထွက်ချိန် မရလိုက်တော့ပါ။ မနောက်မှတစ်ဆင့် ကာယက်သို့ ကူးချိန် မရနိုင်တော့ပါ။ ဆဲစကားမျိုးစုံအသုံးပြုပြီး ပုဏ္ဏားကြီးက နောက်ထပ် စကားလုံးအသစ် ရှာဖွေနေဆဲတွင် ဘုရားရှင်၏ မိန့်တော်သံ ထွက်လာပါတော့သည်။

"အို.... ပုဏ္ဏား၊ သင့်အိမ်သို့ မိတ်သင်္ဃာဧည့်သည်များ၊ ဆွေမျိုးသားချင်းဧည့်သည်များ တစ်ခါတစ်ခါ အလည်လာကြပါသလော"

ဟိုတစ်ဖက်က ဒေါသတွေ မာန်တွေပြင်းပြသည်နှင့်ဆန့်ကျင်ဘက်အသံတော်ဖြစ်ပါ၏။ တည်ကြည် အေးမြလှသော အသံတော်၏ အလွမ်းမိုးခံလိုက်ရသဖြင့် ပုဏ္ဏား၏ လေသံ လျော့သွားကာ–

"အရှင်ဂေါတမ၊ တစ်ခါတစ်ခါ ဧည့်သည်များ အလည်လာတတ်ကြပါသည်"

http://www.dhammadownload.com

"ဧည့်သည်များလာသောအခါ စားဖွယ်သောက်ဖွယ်များကျွေးမွေးပါသလော"

"ကျွေးမွေးပါသည် အရှင်ဂေါတမ"

"အိုး.... ပုဏ္ဏား၊ အကယ်၍ ဧည့်သည်များက လက်မခံကြလျှင် ထိုစားဖွယ်သောက်ဖွယ်တို့သည် မည်သူ့ဥစ္စာ ဖြစ်ပါသနည်း"

"အရှင်ဂေါတမ၊ ဧည့်သည်တို့က လက်မခံလျှင် တပည့်တော်ကျွေးမွေးသော စားဖွယ် သောက်ဖွယ်များသည် တပည့်တော်၏ ဥစ္စာသာ ဖြစ်ပါသည်"

"ပုဏ္ဏား၊ ဤဥမမာအတိုင်းသာမှတ်လေလော့။ သင်သည် ငါ့ကို မဆဲရေးသင့်ပါဘဲလျက် ဆဲရေးဘိ၏။ မချုပ်ချယ်သင့်ပါဘဲလျက် ချုပ်ချယ်ဘိ၏။ မငြင်းခုံထိုက်ပါဘဲလျက် ငြင်းခုံဘိ၏။ သင်၏ ဆဲရေးစကားများကို ငါတို့များ လက်မခံပါ။ ထို့ကြောင့် သင့် ဆဲရေးစကားသည် ငါတို့ထံမရောက်။ သင့်ဥစ္စာဖြစ်၍ သင့်ဆီကိုသာ ရောက်ချေပြီတည်း"

အဆဲသန်လွန်းလှသော ပုဏ္ဏား ခေါင်းငိုက်စိုက်ကျသွားပါချေပြီ။ တင်းထားလေသမျှ မာန်တွေ လျော့ကျသွားချေပြီ။ ကျောင်းတော်သို့လာစဉ်တုန်းကတော့ မဆဲရလျှင် မနေနိုင်။ ဆဲရမှ အေးမည်ဟူသော ဟန်ပန်မျိုးနှင့် ဖြစ်၏။ ယခုတော့ ဆဲရာမှ ရင်ပူ၍ လာရချေပြီ။ အဆဲခံရသူက မခံယူသဖြင့် သူ့ဥစ္စာကို သူပြန်၍ ယူနေရချေပြီ။

ဤတွင်တစ်ခု နားထွေးစရာ ဖြစ်နေပါသည်။ ဒေါသတကြီးဖြင့်ဆဲရေးသော အသံတို့ကို ဘုရားရှင် နားနှစ်ဖက်မှ မကြားဘဲ မနေနိုင်ပါ။ နားနှင့်ဆတ်ဆတ်ကြားနေရပါလျက် ထိုဆဲသံကို လက်မခံဘဲ မည်သို့ နေနိုင်ပါမည်နည်း။ ဤသို့သော အရေးကို မမေးမီက ကြိုတင်သိတော်မူသဖြင့် ဘုရားရှင်က ဆက်လက်၍ ဖြေရှင်းတော် မူထားခဲ့ပါပြီ။

"ပုဏ္ဏား၊ အကြင်သူသည် ဆဲရေးသူကို ပြန်၍ ဆဲရေး၏။ ချုပ်ချယ်သူကို တုံ့ပြန်ချုပ်ချယ်၏။ ငြင်းခုံသူကို အားကျမခံ ပြန်လည်ငြင်းခုံ၏။ ထိုသူသည် အတူစားသည် မည်၏။ အတုံ့အလှယ် ကျွေးမွေးသည် မည်၏။ ငါတို့သည် သင် ပုဏ္ဏားနှင့် အတူလည်း မစားကြ၊ အတုံ့အလှယ်လည်း မကျွေးမွေးကြပေ။ ထို့ကြောင့် သင်ဆဲရေးသော စကားသည် ငါတို့ထံမရောက်။ သင့်ဥစ္စာဖြစ်၍ သင့်ဆီသို့သာ ရောက်ချေပြီတည်း"

ဆဲရေးခြင်းကို လက်မခံဟူသည်မှာ မကြားရအောင် နားပိတ်နေခြင်းကို မဆိုလို ဆဲရေးသူကို တုံ့ပြန်၍ မဆဲရေးဘဲ အဆဲအေးသော စိတ်နှလုံးဖြင့် ကျင့်သုံးရန်သာ ဖြစ်ပေသည်။ ဤသို့သော ဆုံးမစကားကို အခြေခံ၍ ကျွန်ုပ်တို့ သာသနာတော်ဝယ် ဘာရဒွါဇ ရဟန္တာကြီးတစ်ပါး ထပ်၍ တိုးလာပြန်ပေသည်။ တရားတော်ကိုနာကြားပြီးချိန်မှစ၍ အကျွေးသဟူသော အထူးပြုနာမ်ပုဒ် ပြုတ်ကျသွားပေတော့သည်။

http://www.dhammadownload.com

အဆဲသန်သူ ဘာရဂွါဇနောက် ဆဲလာပြန်သူ တစ်ယောက်မှာလည်း ဘာရဂွါဇ မျိုးနွယ်ထဲကပင် ဖြစ်၏။ သူ့ကိုလည်း မတင့်မတယ် မဖွယ်ရာသော အပြုအမူများကို အစွဲပြုကာ အသုန္ဒရိက ဘာရဂွါဇဟု ကျွန်ုပ်တို့ ယာယီအားဖြင့် ခေါ်ထားကြရပေသည်။

နာမည်နှင့်လိုက်အောင်ပင် အသုန္ဒရိကဘာရဂွါဇသည် ဘုရားရှင်ကို ရိုင်းစိုင်းစွာ ဆဲရေး၏။ ဘုရားရှင်သည်ကား နဂိုမူအတိုင်းသာ ရှိတော်မူ၏။ နောက်ထပ် သိတင်းသုံးဖော်တစ်ဦး တိုးလာဦးမည်မို့ ကျွန်ုပ်တို့တစ်တွေကလည်း ယခုတော့ စိတ်မလှုပ်ရှားတော့ပါ။ ဘယ်အချိန်မှာ ဘယ်ကဲ့သို့ ကျုတ်တမ်းဝင်သွားမည်နည်း ဟုသာ သိချင်စိတ်စောနေကြ၏။

ဆဲရေးတိုင်းထွာလေသမျှကို ဘုရားရှင်က တစ်ခွန်းမှ ပြန်၍ မိန့်တော်မမူဘဲ ဆိတ်ဆိတ်နေတော်မူ၏။ သူ့အစ်ကိုလတ်တုန်းကကဲ့သို့ ဥပမာပြ၍ နာ:ချတော်မမူချေ။ ဤတွင် အသုန္ဒရိကဘာရဂွါဇသည် အား:တက်သရောဖြစ်ကာ "အသင် ရဟန်း၊ သင်ရှုံးပြီ။ အသင်ရဟန်း၊ သင်ရှုံးပြီ"ဟု ကြွေးကြော်လိုက်၏။ တကယ် တော့ဖြင့် 'သင်ရှုံးပြီ' ဟူသော ကြွေးကြော်သံသည်ပင် သူရှုံးစေရန် ဖန်တီးလိုက်ခြင်း ဖြစ်ပေသည်။

"ပုဏ္ဏား၊ ကြမ်းတမ်းယုတ်မာ ဆဲဆိုလာသောသူကို သူမိုက်ကသာ အောင်နိုင်သည်ဟု ထင်မှတ်၏။ အမှန်မှာမူ ထိုအောင်ပွဲသည် သူ့အတွက် မဟုတ်ပေ။ ပညာဖြင့် ဆင်ခြင်၍ သည်းခံနိုင်စွမ်းသောအာဇာနည်ပုဂ္ဂိုလ်၏ အောင်ပွဲသာလျှင် ဖြစ်ပေသည်။

"ပုဏ္ဏား၊ အကြင်သူသည် အမျက်ထွက်သူအား တုံ့ပြန်၍ အမျက်ထွက်၏။ ထိုသို့ အမျက်ထွက်ခြင်းဖြင့် ထိုသူသည် ပထမ အမျက်ထွက်သူထက် ပို၍ ယုတ်မာ၏။ အမျက်ထွက်သူကို တုံ့ပြန် ရန်မူခြင်း မရှိသော သူသည်ကား အောင်နိုင်ခဲသော စစ်ပွဲကြီးကို အောင်နိုင်သူဖြစ်၏။

"ပုဏ္ဏား၊ အကြင်သူသည် သူတစ်ပါးက အမျက်ထွက်သည်ကို သိပါလျက် တုံ့ပြန်၍ အမျက်မထွက်။ စိတ်ငြိမ်သက်စွာ ရှိ၏။ ထိုသူသည် မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးဆောင်သူ ဖြစ်ပေသည်"

ဤဒေသနာတော်အဆုံးတွင်လည်း အသုန္ဒရိကဟူသော ဝိသေသနနာမ်ပုဒ်ကြီး ပြုတ်ကျသွားပြန်၏။ ဤဒေသနာတော်သည် ရဟန္တာကြီး တစ်ပါး တိုးပွားလာစေသော ဒေသနာတော်တစ်ပုဒ် ဖြစ်ရုံမက ထစ်ခနဲရှိလျှင် စိတ်ဆိုးချင်တတ်သော ပုဂ္ဂိုလ်များအတွက် စိတ်ငြိမ်ဆေးတစ်ခွက်လည်း ဖြစ်ပါပေသည်။

ဘုရားရှင်ကို ဆဲရေးသော မကောင်းမှုကြောင့် ဘာရဂွါဇနွယ်ဖွား ပုဏ္ဏား တစ်ယောက်ကို အသုန္ဒရိကဟု ယာယီနာမည်တပ်ခဲ့ရ၏။ သို့သော် သူ့ကိုယ်သူ သုန္ဒရိကဟု နာမည်တပ်ထားနှင့်သော ဘာရဂွါဇတစ်ယောက်မှာလည်း ကောင်းသည်

http://www.dhammadownload.com

ဟု မဆိုနိုင်ပါ။ သုန္ဒရိက မြစ်နားမှာ ယဇ်ပူဇော်နေကျဖြစ်သောကြောင့်သာ ဤနာမည် တပ်ထားရခြင်း ဖြစ်၏။ သူသည်လည်း ဘုရား တရား ကြည်ညိုသူ မဟုတ်ပါ။ သူတို့ ကိုးကွယ်သည်မှာ သူတို့ တစ်ခါမျှမမြင်ဖူးသော ဗြဟ္မာကြီးသာ ဖြစ်ပါသည်။ ဗြဟ္မာကြီးကို ရည်စူး၍ ထောပတ်ထမင်းဖြင့် ယဇ်ပူဇော်ခြင်းသည် သူ၏ နေ့စဉ်ကျင့်ဝတ် ဖြစ်ပေသည်။

ထိုနေ့က သုန္ဒရိကသည် ထုံးစံအတိုင်း သုန္ဒရိက မြစ်နားဝယ် ယဇ်မီးပူဇော်ပြီး နောက် ယဇ်ပူဇော်ရာမှ ကြွင်းကျန်သော ထောပတ်ထမင်းကို ကျွေးမွေးရန် ဗြာဟ္မဏ အမျိုးတူတစ်ယောက်ကို ရှာဖွေရင်း ဘုရားရှင်ထံ ရောက်လာခဲ့၏။ သို့သော် သူသည် ဘုရားရှင်မှန်းသိ၍ မဟုတ်ပါ။ သစ်ပင်ရင်းဝယ် ဖန်ရည်ဆိုးသော အဝတ်ဖြင့် ခေါင်းပါခြုံထားသော ပုဂ္ဂိုလ်တစ်ဦးအမှတ်ဖြင့် ချဉ်းကပ်လာခြင်းသာ ဖြစ်၏။

ထိုစဉ်က ဘုရားရှင်ခေါင်းပါခြုံ၍ ထားတော်မူခြင်းမှာ အကြောင်းနှစ်မျိုး ကြောင့်ဟု ကျွန်ုပ်တို့ သဘောပေါက်ထားကြ၏။ ဆောင်းနှင်းဒဏ်ခံနိုင်ရေးသည် ပထမအကြောင်းဖြစ်၍ သုန္ဒရိက ချဉ်းကပ်လာရေးသည် ဒုတိယအကြောင်း ဖြစ်၏။ ဦးပြည်းရဟန်းဆိုလျှင် မတွေ့ချင် မမြင်ချင်သော သုန္ဒရိကသည် စောစောကသာ အဖြစ်မှန်သိလျှင် ဝေးဝေးက ရှောင်သွားတော့မည် မဟုတ်ပါလော။

ဘုရားရှင်မှန်း မသိသဖြင့် သုန္ဒရိကသည် ယဇ်ကြွင်းထမင်းကို တစ်ဖက်၊ ရေကရားကို တစ်ဖက်ကိုင်လျက် ချဉ်းကပ်လာခဲ့၏။ အနားရောက်မှ ဘုရားရှင်က ခေါင်းပါခြုံထားသော သင်္ကန်းကို ဖွင့်၍ ကြည့်တော်မူလိုက်ရာ "ဦးပြည်းရဟန်းပါကလား၊ ဦးပြည်းရဟန်းပါကလား" ဟု ပုဏ္ဏား၏ နှုတ်မှ ရေရွတ်သံများ ထွက်ပေါ်လာကြ၏။ ရွံရှာစက်ဆုပ်စွာ ရေရွတ်လျက် ပုဏ္ဏားသည် နောက်ပြန်လှည့်မည် ပြုသေး၏။ သို့သော် အကြံတစ်ခု ပေါ်လာသဖြင့် ရုတ်တရက် မပြန်ဖြစ်သေးဘဲ "....အရှင်၊ အရှင်သည် မည်သည့်မျိုးနွယ်မှာ ဖြစ်ပါသနည်း" ဟု မေးလိုက်၏။ ဦးပြည်းခေါင်းတုံးနှင့် ပုဏ္ဏားအချို့ ရှိတတ်၍ မေးစစ်ရခြင်း ဖြစ်ပေသည်။

"အို.... ပုဏ္ဏား၊ အမျိုးအနွယ်ကို မမေးပါနှင့်။ အကျင့်ကိုသာ မေးပါ။ ထင်းဆိုလျှင် မည်သို့သောထင်းကဖြစ်ဖြစ် မီးတောက်နိုင်သည်သာ ဖြစ်၏။ သင်တို့က အမျိုးယုတ်ညံ့သည်ဟု သတ်မှတ်ထားသော သူတို့သည်လည်း ပညာရှိများ ဖြစ်နိုင်၏။ တည်ကြည်သူများ ဖြစ်နိုင်၏။ အာဇာနည် ပုဂ္ဂိုလ်ထူးများ ဖြစ်နိုင်၏။ မကောင်းမှုမှ ရှက်တတ်သူများ ဖြစ်နိုင်၏"

ကိုယ့်အမျိုးမှ အမျိုးဟု စွဲလမ်းထားသည်ကို ဘုရားရှင်က ဦးစွာပထမ ဖြိုခွင်းတော်မူလိုက်ရ၏။ ဤတွင်မှ ပညာအခြေခံရှိပြီးဖြစ်သော သုန္ဒရိက ကျေနပ်သွားကာ ယဇ်ကြွင်းထမင်းကို ဘုရားရှင်ထံ ဆက်ကပ်၏။ သို့သော် ဘုရားရှင်က

http://www.dhammadownload.com

အလှူခံတော်မမူပါ။ ခိုက်ခိုက်တုန်မျှ ချမ်းအေးလှသော ဆောင်းဒဏ်ကိုသည်းခံ၍ ထိုင်နေတော်မူခြင်းမှာ သူ့ယဖိုကြွင်းထမင်းကို ခံယူရန် မဟုတ်ပါ။ မမြင်ရသော ဗြဟ္မာကြီးအား ရည်မှန်း၍ အကျိုးမဲ့စွာ ယဖိုပူဇော်ရသော ဒုက္ခမှ ကယ်တင်ရန်သာ ဖြစ်ပေသည်။

ဘုရားရှင်က လက်ခံတော်မမူသဖြင့် သုန္ဒရိကသည် ယဖိုကြွင်းထမင်းကို ပိုးကောင် မွားကောင်မရှိသော ရေထဲမှာသွား၍ သွန်လိုက်ရ၏။ ထောပတ်နှင့် မတည့်သော ပိုးကောင်မွားကောင်များရှိနေပါက သေကြေပျက်စီးကြမည်ဖြစ်၍ ဘုရားရှင်က ညွှန်ကြားတော်မူထား၍ ဖြစ်ပေသည်။

ရေထဲမှာ သွန်လိုက်သည်နှင့် ယဖိုကြွင်း ထမင်းသည် တစိတ်စိတ်မြည်ကာ အခိုးအလျှံများ ထလာတော့၏။ တစ်နေကုန် အပူပေးထားသော သံတွေခဲကို ရေထဲမှာပစ်ချလိုက်သကဲ့သို့ ဖြစ်၏။ မမြင်စဖူး ထူးကဲလှသော မြင်ကွင်းကြောင့် သုန္ဒရိက ထိတ်လန့်တကြား ဖြစ်သွားရ၏။ ကြက်သီးမွေးညင်း ထသွားရ၏။ သည်တွင်မှ ဘုရားရှင်ကို အားကိုးရမှန်း သိလာကာ အနားမှာ ထိုင်လာသဖြင့် ဘုရားရှင်က ကျွတ်တမ်းဝင် တရားတော်ကို ဟောတော်မူရပေတော့သည်။

"ပုဏ္ဏား၊ သင်သည် ယဖိမီးပူဇော်ကာမျှဖြင့် ငါ့မှာ မကောင်းမှုဟူသမျှ စင်ကြယ်ပြီဟု မယူမှတ်နှင့်။ ထိုယဖိမီးပူဇော်ခြင်းသည် အပြင်အပမှာသာရှိသေး၏။ မှန်လှ၏။ အပြင်အပမှာသာ ယဖိမီးပူဇော်၍ စင်ကြယ်လိုသော သူကို ပညာရှိတို့က မကောင်းမှုမှ စင်ကြယ်သည် မဆိုကြကုန်။

"ပုဏ္ဏား၊ ငါသည် အပြင်အပက ယဖိမီးပူဇော်ခြင်းကိုပယ်၍ အတွင်းသန္တာန်၌ သာလျှင် ဉာဏ်မီးကို ထွန်းလင်းတောက်ပစေ၏။ အမြဲတစေ တောက်ပနေသော ဉာဏ်မီးဖြင့် အမြဲတစေ တည်ကြည်နေသော သမာဓိဖြင့် ရဟန္တာဖြစ်သော ငါ ဘုရားသည် မြတ်သောအကျင့်ကို ကျင့်သုံးလျက်ရှိပေသည်"

ဤသို့သော ဒေသနာတော်ဖြင့် သုန္ဒရိကသည် အပြင်အပက ယဖိမီးပူဇော်မှုဟူသမျှကို ပယ်စွန့်ကာ ဉာဏ်မီးတောက်ပသော ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်လာပြန်ပေသည်။

ဤသို့ဖြင့် ဘာရဒွါဇ ညီအစ်ကိုများ ကျွတ်တမ်းဝင်သွားရပုံမှာ ဘုရားရှင့် ရှေ့တော်မှောက် ရောက်လာကြခြင်းမှာ အခြေခံလျက် ရှိ၏။ လာစဉ်က ဒေါနှင့် မောနှင့် ဖြစ်သော်လည်း သူတို့စိတ်ဓာတ်နှင့်ဟပ်မိသော တရားတော်တစ်ပုဒ်ကို ကြားနာရသည်နှင့် ကိလေသာဝဋ်မှ လွတ်မြောက်ခွင့်ရသွားကြ၏။ သူတို့တစ်တွေ ကျောင်းတော်လာမိ၍ ကျွတ်တမ်းဝင်ရပုံကို အားကျကာ ကျွန်ုပ်၏ ဆွမ်းဒါယကာ ပုဏ္ဏားတစ်ယောက်သည်လည်း ဇေတဝန်ကျောင်းတော်ရောက်လာလျှင်ကောင်းလေစွဟု တောင့်တမိ၏။ မကောင်းမှုပင် ဖြစ်လင့်ကစား မြန်မြန်ကျွတ်တမ်းဝင်နိုင်ရန် သူတို့လို အမျက်ထွက်ပါစေတော့ဟု ဆုတောင်းမိ၏။

http://www.dhammadownload.com

သို့သော် သင်္ဂါရဝ အမည်ရသော ထိုပုဏ္ဏားသည် ဘာရဒွါဇ ညီအစ်ကိုများကဲ့သို့ ဘုရားရှင်ကို အမျက်မထွက်။ ကျောင်းတော်သို့လည်း မလာခဲ့။ နံနက်တစ်ခါ ညနေတစ်ခါ ရေချိုးသောကျင့်ဝတ်ဖြင့် ကိုယ့်ဘာသာကျေနပ်ကာ သာဝတ္ထိမြို့တော်တွင်းမှာ နေထိုင်လျက်ရှိ၏။ ထိုပုဏ္ဏားမှာ ကျောင်းတော်သို့မလာသော်လည်း ကျွန်ုပ်နှင့် အကျွမ်းတဝင်ကား ရှိပါ၏။ တရားတော်ကို လက်မခံသေးသော်လည်း ကျွန်ုပ်တို့ကိုကား ဆွမ်းလောင်းဖော်ရပါ၏။ ထို့ကြောင့် သူ့အတွက် ငဲ့ကွက်ကာ သူ့အိမ်သို့ ဘုရားရှင်ကို ပင့်ချီ၍ သွားကြရပေသည်။

သင်္ဂါရဝပုဏ္ဏား၏ အိမ်ဦးခန်းမှာ ထိုင်တော်မူပြီးလျှင် ဘုရားရှင်က စကားစ၍ မေးမြန်းတော်မူလိုက်၏။

"အို.... ပုဏ္ဏား၊ သင်သည် ရေချိုးခြင်းဖြင့် မကောင်းမှုမှ စင်ကြယ်၏ဟု အယူရှိ၏။ ရေချိုးခြင်းဖြင့် မကောင်းမှုမှ စင်ကြယ်၏ဟု ယုံကြည်၏။ နံနက်တစ်ခါ ညနေတစ်ခါ နေ့တိုင်းရေချိုးသော ကျင့်ဝတ်ကို ကျင့်နေသည်ဟု ကြား၏။ ကြားသည့်အတိုင်း မှန်ပါ၏လော"

"မှန်ပါသည် အရှင်ဂေါတမ"

"ပုဏ္ဏား၊ ဤသို့သော ကျင့်ဝတ်ဖြင့် မည်သို့သော အကျိုးတရားများရနိုင်ပါသနည်း"

"အရှင်ဂေါတမ၊ နေ့ခင်းမှာပြုမိသော မကောင်းမှုများကို ညနေခင်းမှာ ရေချိုးခြင်းဖြင့် မျှောလိုက်နိုင်ပါသည်။ ညကာလမှာပြုမိသော မကောင်းမှုများကို နံနက်ခင်း ရေချိုးခြင်းဖြင့် မျှောလိုက်နိုင်ပါသည်။ ဤသို့ဖြင့် မကောင်းမှုဟူသမျှ စင်ကြယ်ခြင်းအကျိုးရှိပါသည်"

သူ့အယူအဆကို ရိုးသားစွာပင် တင်ပြလိုက်၏။ ဘုရားရှင်က သင်္ဂါရဝ၏ ရေချိုးကျင့်ဝတ်ကို ရှုတ်ကျကဲ့ရဲ့မှု မပြုဘဲ သာသနာတော်အတွင်းက ရေချိုးနည်းတစ်နည်းကို ထုတ်ဖော်တော်မူပေသည်။

"ပုဏ္ဏား၊ ပညာရှိတို့ ရေချိုးရာကား တရားတည်းဟူသော ရေအိုင်တည်း။ ထိုရေအိုင်ဝယ် သီလသည် ရေချိုးဆိပ်ဖြစ်၏။ အနောက်အုတ်ကျူ လုံးဝကင်းစင်၏။ သူတော်ကောင်းတို့နှစ်ထောင်းအားရ ချိုးမွမ်းကြ၏။ ထိုရေအိုင်ဝယ် ရေချိုးကြသော သူတော်ကောင်းတို့သည် ကိုယ်ပေါ်မှာ ရေမစိုဘဲ သံသရာတစ်ဖက်ကမ်းသို့တက်လှမ်းနိုင်ကြပေသည်။

ဘာရဒွါဇတို့ အဆင့်လောက် မရောက်သော်လည်း ကျွန်ုပ်၏ ဆွမ်းဒါယကာ သင်္ဂါရဝသည် သာသနာတော်ကို ကြည်ညိုဆည်းကပ်သူတစ်ဦးကား ဖြစ်လာခဲ့ပေသည်။

http://www.dhammadownload.com

ဆိုခဲ့ပြီးသော ပုဏ္ဏားများကို ပြန်လည်သုံးသပ်ကြည့်ပါက မာဂဓ၊ ကောသလ တိုင်းကြီးများကဖြစ်ကြောင်း သိနိုင်ပါသည်။ ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားတို့သည် ထိုနိုင်ငံကြီးများ၌သာ ရှိကြသည်မဟုတ်။ ကျွန်ုပ်တို့ ဓာတိဌာနေ သက္ကတို့နယ်မြေ မှာလည်း ရှိကြသည်သာ ဖြစ်၏။ အခြားနိုင်ငံက ပုဏ္ဏားများကဲ့သို့ပင် ကျွန်ုပ်တို့ နယ်မြေက ပုဏ္ဏားများကလည်း ကိန်းကြီးခန်းကြီး နိုင်ကြသည်သာ ဖြစ်၏။ သူတကာနှင့် မရောစွက်ဘဲ သူတို့ချည်း သီးသန့်နေကြသည်သာ ဖြစ်၏။ ဗြာဟ္မဏမျိုးနွယ် သူဌေးသူကြွယ် အများစုတို့နေထိုင်ရာကား ခေါမဒုဿရွာကြီး ဖြစ်ပေသည်။

ထိုရွာကြီးနှင့်ပတ်သက်၍ အမှတ်တရတင်ပြရမည့်နေ့တစ်နေ့ကား မိုးဦးကျ ရာသီမှာ ကြုံခဲ့ရ၏။ ထိုနေ့တုန်းက ဘုရားရှင်နှင့် ကျွန်ုပ်တို့ ခေါမဒုဿရွာတွင်းသို့ ဆွမ်းခံဝင်ခဲ့ရာ ရွာလယ်အရောက်တွင် မိုးကလေး တဖြောက်ဖြောက်ရွာချလာ၏။ ဤတွင် ဘုရားရှင်သည် ခေတ္တမိုးခိုရန် အစည်းအဝေးခန်းမကြီးသို့ ကြွဝင်တော်မူရာ ကျွန်ုပ်လည်း နောက်တော်ပါးမှ လိုက်ပါခဲ့၏။ အစည်းအဝေးခန်းမထဲတွင်ကား ခေါမဒုဿရွာ၏ မျက်နှာဖုံး ပုဏ္ဏား သူဌေးသူကြွယ်များ အပြည့်အသိပ်ရှိနေကြ၏။ ရွာရေးရပ်တာ ကိစ္စတစ်ခုအတွက် မျက်နှာစုံညီ အစည်းအဝေးထိုင်နေကြခြင်း ဖြစ်ပေသည်။

မင်းညီမင်းသားဘဝတုန်းကသာဆိုလျှင် သူတို့သည် ကျွန်ုပ်တို့ကို ပျာပျာသလဲ ခရီးဦး ကြိုဆိုကြမည် ဖြစ်၏။ သူ့ထက်ငါသာ နှုတ်ဆက်လာကြမည် ဖြစ်၏။ ယခုတော့ ကျွန်ုပ်တို့က ခန္ဓာမပြောင်းဘဲ ဘဝပြောင်းခဲ့ကြပြီမို့ သူတို့သည် နေရာမှ မထတော့ပါ။ တစ်စုံတစ်ယောက်ကမျှ နှုတ်မဆက်လာတော့ပါ။ တချို့များဆိုလျှင် မျက်နှာလွဲ၍ပင် နေလိုက်ပါသေး၏။ တချို့ကတော့ ကျွန်ုပ်တို့ ဝင်လာရာသို့ မနှစ်မြို့သော မျက်လုံးများဖြင့် ကြည့်ကာ "ဦးပြည်းခေါင်းတုံးနှင့် ရဟန်းယုတ်တို့သည် အစည်းအဝေးသဘောကို နာမလည်ကြချေတကား" ဟု ပစ်ပစ်ခါခါ ရေရွတ်လိုက်ကြ၏။

ယခင်က ကျွန်ုပ်တို့ကို ရိုသေဦးညွှတ်ခဲ့ကြခြင်းမှာ ကျွန်ုပ်တို့ ပိုင်စိုးသော နယ်မြေပေါ်မှာ နေကြရသောကြောင့်ဖြစ်၏။ ဓာတိမာန်တွေ၊ ပညာမာန်တွေမည်မျှပင် ပြင်းထန်ကြပါစေ၊ သက္ကတို့နယ်မြေပေါ်မှာ နေကြလေသမျှ သက္ကတို့ရှေ့မှောက်မှာ ဦးညွှတ်ကြရသည်သာဖြစ်၏။ ကျွန်ုပ်တို့ ကိုယ်တိုင်ပင် အာဏာပိုင်စိုးသူအဖြစ် ဖြင့် သူတို့၏ ဦးညွှတ် အရိုအသေပေးခြင်းကို ခံခဲ့ရ၏။ ယခုသော်ကား ကျွန်ုပ် တို့သည် ရွေးကနှင့် မတူတော့ပြီ။ သက္ကမျိုးနွယ်တို့၏ အခွင့်အာဏာဟူသမျှကို စွန့်လွှတ်ထားခဲ့ကြပေပြီ။ ငါပိုင်သည် ငါဆိုင်သည် ဟူသော မာန်မာနကိုခွာချပြီး၍ သူတို့အိမ်ရှေ့မှာ မျက်လွှာချလျက် ဆွမ်းရပ်နေကြရပြီ။ သူတို့ပေးဆပ်မြဲ အခွန်

http://www.dhammadownload.com

ဘဏ္ဍာများအစား သူတို့ သဒ္ဓါသမ္ပ လောင်းလှူကြသော ဆွမ်းတစ်ဇွန်းစာစီကို စုဆောင်း၍ စားသောက်နေကြရပြီ။

ကောင်းပါပြီ။ ကိုယ့်သဘောနှင့်ကိုယ် လွတ်ရာကျွတ်ရာ စွန့်ခွာခဲ့ကြပြီမို့ သူတို့ သဘောထားပြောင်းသွားသည့်အတွက် ကျွန်ုပ်တို့ဘက်က စိတ်ထိခိုက်ရန် မရှိပါ။ လောကသဘော လူ့သဘောသည် ဤသို့ပါတကား၊ ဟု သံဝေဂယူရန်သာ ရှိပါသည်။ သို့ပါလျက် ဤနံနက်မှာတော့ သူတို့အပေါ် ကျွန်ုပ် စိတ်ခုမိပေသည်။ ကျွန်ုပ် ချစ်မြတ်နိုးလှသော နောင်တော်မြတ်ကိုပါ သိမ်းကျုံး၍ ဦးပြည်းရဟန်းယုတ်ဟု ရေရွတ်လိုက်သောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ် စိတ်ထဲ၌ ချစ်ခြင်း သမုဒယကို အကြောင်းပြု၍ စိတ်ခုမိသော ဒုက္ခကရားတို့ ပွားစီးနေခိုက်ဝယ် ဘုရားရှင်ကတော့ အစည်းအဝေးခန်းမထဲသို့ တည်ငြိမ်စွာပင် ကြွဝင်တော်မူခဲ့၏။ ဤသို့ဆိုပြန်တော့လည်း ပုဏ္ဏားတို့ မနေသာပါ။ ယခင်က ရိသေဥာဏ်လာခဲ့သော အရှိန်အဝါ၊ ယခုမှာကား ရိသေလေးစားလောက်သော ဣန္ဒြေတော်၊ ဤအကြောင်းနှစ်ခု ပေါင်းစုလာခိုက်မို့ အစည်းအဝေးသဘာပတိသည် နေရာမှ ဖယ်ပေးရတော့၏။ ထိုနေရာတွင် အဖိုးထိုက်တန်သော ကမ္ဗလာကို ခင်းပေးကြရတော့၏။ ဘုရားရှင်သည် သဘာပတိနေရာမှာထိုင်တော်မူလိုက်၍ စည်းဝေးလာကြသော ပုဏ္ဏားပရိသတ်အားလုံးကို ကရုဏာမျက်လုံးဖြင့် သိမ်းကျုံး၍ ကြည့်တော်မူကာ....

"ပုဏ္ဏားတို့၊သူတော်ကောင်းတစ်ယောက်မျှ မပါဝင်သော အစည်းအဝေးသည် စည်းဝေးရာ မရောက်ပေ။ တရားကို တရားအတိုင်း မဟောတတ်၊ မပြောတတ် သူတို့သည်လည်း သူတော်ကောင်းများ မဟုတ်ပေ။ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ခွာ၍ ထိုကိလေသာတို့၏ ကုန်ရာကုန်ကြောင်း တရားကောင်းကို ဟောပြနိုင်စွမ်းသော ပုဂ္ဂိုလ်တို့သာလျှင် သူတော်ကောင်းများဖြစ်ကြပေသည်"

ကျွန်ုပ်၏ စိတ်ဒုက္ခနှင့်ရင်းနှီး၍ အရယူခဲ့သော ဓမ္မရတနာတစ်ဆူပါပေတည်း။ ဤရတနာကို ဖူးတွေ့ရခါမှ မခန့်လေးစားပြုခဲ့ကြသော ပုဏ္ဏားတို့ ခံ့ညားလာကြပေသည်။ သရဏဂုံသုံးပါးကို လေးစားစွာဆောက်တည်၍တပည့်ခံလာကြပေသည်။

ဤသို့အားဖြင့် ဘုရားရှင်သည် တရားသောစစ်ပွဲကို တစ်ပွဲပြီး တစ်ပွဲ ဆင်နွှဲတော်မူခဲ့ရ၏။ ပူရဏကဿပ အစရှိသော ဆရာကြီးများ၏ တပည့်များ၊ နိဂဏ္ဌရဟန်းများ၊ သစ္စကစသော ပရိဗိုဇ်များ၊ မာန်မာနခက်ထန်သော ပုဏ္ဏားများနှင့် ဝါဒစစ်ပွဲများ ဆင်နွှဲတော်မူရ၏။ စစ်ပွဲတိုင်းမှာပင်ဘုရားရှင်သည် တရားသောနည်းဖြင့်သာ အောင်ပွဲခံတော်မူခဲ့ရ၏။ ဤသို့ အပြင်အပက ပုဂ္ဂိုလ်များနှင့်

http://www.dhammadownload.com

ပတ်သက်၍ အောင်ပွဲများကိုချည့် ဆက်ကာဆက်ကာ ခံယူတော်မူခဲ့ရသော ဘုရားရှင်သည် မိမိ၏ သာသနာတော်တွင်းက ဆူးငြောင့်ခလုတ်တစ်ခုကိုကား အကြောင်းအမျိုးမျိုးကြောင့် လျစ်လျူရှုတော်မူထားရဆဲ ဖြစ်၏။ ဘုရားရှင် လျစ်လျူရှုထားသည်ကို အခွင့်ကောင်းယူကာ ထိုဆူးငြောင့်ခလုတ်ကလည်း ရနိုင်သမျှသော အသင်းအပင်းများကို စည်းရုံးသိမ်းသွင်းလျက် ရှိပေသည်။

(သဂါထာဝဂ်၊ ခြာဟ္မဏသံယုတ်၊ ဓနဉ္ဇာနိသုတ်၊ အက္ကောသသုတ်၊ အသုန္ဒရိကသုတ်၊ သုန္ဒရိကသုတ်၊ သဂ်ါရဝသုတ်၊ ဓေါဓုသသုတ် ပါဠိတော်များနှင့် အဋ္ဌကထာ။)

ဝဏ္ဏသီရီ

ဤတွင် ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း ပထမတွဲ ပြီးဆုံးပါပြီ။ ဒုတိယတွဲ ဆက်လက် ဖတ်ရှုပါ။

http://www.dhammadownload.com

ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း ပထမတွဲ
အကွဲရာစဉ်အညွှန်း

(က)

ကဆုန်လပြည့် ဗုဒ္ဓနေ့ ၃၄
ကတည်တမင်္ဂလာ ၁၂၉–၂၂၂
ကထာဝတ္ထုဆယ်ပါး ၁၀၆
ကပိလဝတ္ထုမြို့တော် ၆
ကာကာ၊ ခြေမြန်တော် ၂၂၆
ကာမတဏှာ ၄၄
ကာလ၊ သူဌေးသား ၁၂၂
ကာဠဒါယီအရှင် ၆၃
ကိမိလအရှင် ၉၀၊ ၁၁၄၊ ၃၇၄
ကိသ၊ သံကိစ္စနွယ်ဖွား ၄၅၀
ကိသာဂေါတမီ၊ ကဗျာရှင် ၁၈
ကိသာဂေါတမီ၊ အရှင်မ ၂၉၅
ကုမာရကဿပမယ်တော် ၃၂၀
ကောရဗျမင်းကြီး ၁၇၇
ကောလိတ ၅၆
ကောလိယနိုင်ငံကလေး ၁၄၉
ကောသလမင်းကြီး ၁၂၃၊ ၂၀၈၊ ၁၆၉၊ ၃၁၅၊ ၄၁၅၊ ၄၂၅
ကောသမ္ဗီရဟန်းများ ၃၆၇၊ ၃၇၉
ကံဟောင်းချေရန် ဒုက္ခခံသူများ ၄၅၆

http://www.dhammadownload.com

(ခ)

ကဏ္ဍကမြင်း	၂၁
ကျွေးပုဏ္ဍား	၄၅၃
ကျောင်းအနုမောဒနာတရားတော်	၁၂၆

(ခ)

ခေမာ၊ အရှင်မ	၂၅၇
ချမ်းသာစွာအိပ်ရသူ	၁၂၀

(ဂ)

ဂရုဓံတရားရှစ်ပါး	၂၄၁

(င)

ငြိမ်းလေသောဆီမီးဥပမာ	၁၃၈

(စ)

စူဠသုဘဒ္ဒါ	၁၂၂
စေတီသုံးမျိုး	၄၁၃
စဏ္ဍပဇောတမင်း	၂၂၅
စန္ဒကူးသပိတ်	၁၄၈
စိတ္တသူကြွယ်	၃၆၂

(ဆ)

ဆရာရဟန်းတို့၏ ဝတ္တရားများ	၃၅၁
ဆန္နအမတ်	၂၂
ဆဗ္ဗဂ္ဂီရဟန်းများ	၃၄၁၊ ၄၀၈

(ဇ)

ဇနပဒကလျာဏီ	၈၂၊ ၁၆၆၊ ၃၀၇
ဇီဝက၊ သမားတော်	၂၂၀
ဇေတမင်းသား	၁၂၃
ဇေတဝန်ကျောင်းတော်	၁၂၁

(တ)

တတိယပါရာဇိကသိက္ခာပုဒ်	၃၈၆
တပည့်ရဟန်းတို့၏ ဝတ္တရားများ	၃၅၀
တောလားကဗျာများ	၆၅

http://www.dhammadownload.com

(ဂ)

တန်ခိုးပြာဇိုဟာတို့၏ အပြစ်များ ၁၅၂
တိသ၊ ညီတော် ၉၊ ၃၉၄
တိသ၊ အရှင် ၁၈၈

(ဒ)

ဒါယကာတို့၏ ကျင့်ဝတ်ငါးရပ် ၃၅၃
ဒါယကာတို့၏ ပန်းတုံးတိုင် ၃၆၆
ဒေဝဒတ် ၉၀၊ ၁၁၆၊ ၃၂၁
ဒီဋ္ဌ ၆၂ မျိုး ၄၇၃
ဒီဗစကျွဉ်းဏ် ၃၃၊ ၁၁၁
ဒုက္ကရစရိယာအကျင့်များ ၃၀
ဒုက္ခသစ္စာ ၄၃

(ဓ)

ဓနဥာနိန္ဒယ်ဖွား ၄၈၅
ဓောတောဒန ၈
ဓမ္မစကြာတရားတော် ၄၁
ဓမ္မဒိန္နာ၊ အရှင်မ ၂၇၉

(န)

နမောတဿမကြားချင်သူ ၄၈၃
နိဂဏ္ဌနာဋပုတ္တဆရာကြီး ၄၂၈
နိဂဏ္ဌရဟန်းများ ၄၅၆
နိရောဓသစ္စာ ၄၄
နန္ဒက၊ အရှင် ၂၅၀
နန္ဒ၊ ညီတော် ၉၊ ၈၀၊ ၁၆၃
နန္ဒ၊ ဝဿန်ယ်ဖွား ၄၅၀
နန္ဒလုလင် ၂၅၅
နန္ဒိယ၊ အရှင် ၃၂၄
နိဗ္ဗာန်နှင့်တူသောတရား ၂၈၆
နိသဿယညီးယူခြင်း ၃၄၃

http://www.dhammadownload.com

(ပ)

ပဋ္ဌာစာရာ၊ အရှင်မ	၂၉၆
ပဋိသာရဏီယက်	၃၆၄
ပထမပါရာဇိကသိက္ခာပုဒ်	၃၃၉
ပဓာနိယင်္ဂတရားငါးပါး	၄၀
ပရိဗိုဇ်ရဟန်းများ	၄၃၂
ပါလိလေယျကဆင်ကြီး	၃၇၅
ပူရဏကဿပ	၄၄၉
ပဥ္စဝဂ္ဂီရဟန်းများ	၂၇၊ ၃၂၊ ၃၆၊ ၄၇
ပညလက္ခဏဒေဝီ	၁၁၇၊ ၁၂၂
ပဏ္ဍိတမင်းသား	၄၂၇
ပဏ္ဍုက၊ အရှင်	၃၄၆
ပိဏ္ဍောလဘာရဒ္ဒါဇ၊ အရှင်	၁၄၈
ပုဏ္ဏ မန္တာဏီပုတ္တ၊ အရှင်	၉၆၊ ၁၀၆
ပုဏ္ဏ၊ အာဇာနည်၊ အရှင်	၁၇၈
ပုဏ္ဏားတို့၏ အင်္ဂါငါးပါး	၄၈၀
ပုဗ္ဗာရုံကျောင်းတော်	၄၁၇
ပုဗ္ဗေနိဝါသဉာဏ်တော်	၃၃
ပျက်စီးကြောင်းရှစ်ပါး	၄၃၄

(ဗ)

ဗေလဋ္ဌသီ၊ အရှင်	၁၀၂
နောဓိညောင်ပင်	၃၄
ဗိမ္မိသာရမင်း	၂၃၊ ၅၀၊ ၂၂၅၊ ၂၇၉
ဗုဒ္ဓဘာသိတဒေသနာစာရင်းဝင်ခြင်း	၂၈၇
ဗြဟ္ဓဏနွယ်ဖွားများ	၄၇၇
ဗြဟ္ဓဒတ်လုလင်	၄၇၃

http://www.dhammadownload.com

(ဘ)

ဘဂု၊ အရှင် ၉၀၊ ၁၁၅၊ ၃၇၃
ဘဝတဏှာ ၄၄
ဘာရဒွါဇပုဏ္ဏားများ ၄၀၅
ဘုရားရှင်တို့၏ အစဉ်အလာ ၇၁
ဘုရားရှင်တို့၏ အမျိုးအနွယ် ၇၅
ဘုရားရှင်တို့၏ မဖြေကြားသောပြဿနာ ၂၅၀
ဘုရားရှင်တို့၏ ကိုယ်စားလှယ် ၁၅၆
ဘုရားရှင်တို့၏ သားကြီးဩရသ ၁၆၂
ဘုရားရှင်၏ သားတော် ၂၀၇
ဘုရားရှင်၏ အရိပ် ၁
ဘုရားအမိန့်တော်ဖြင့် မွေးဖွားလာသူ ၁၅၃
ဘူမဇကာ၊ အရှင် ၃၁၆
ဘဒ္ဒကစ္စနာ၊ အရှင်မ ၃၁၂၊ ၃၁၄
ဘဒ္ဒါ၊ အရှင်မ ၁၉၅၊ ၃၀၄
ဘဒ္ဒိယ၊ အရှင် ၈၀၊ ၉၀၊ ၁၀၉
ဘိက္ခုနီများ ပေါ်ထွန်းလာခြင်း ၂၃၀

(မ)

မသေဆေးများဝေငှသူ ၂၉၃
မဟာကဿပ၊ အရှင် ၈၈၊ ၁၅၇
မဟာဓမ္မသေနာပတိ ၁၃၃
မဟာနာမ်၊ နောင်တော်ကြီး ၉၊ ၆၀၂
မဟာနာမ်၊ အရှင်၊ ပဉ္စဝဂ္ဂီ ၃၆၂
မဟာပဇာပတိဂေါတမီ ၉၊ ၂၄၊ ၆၂၊ ၁၈၇၊ ၂၃၀၊ ၂၄၄
မဟာမာယာဒေဝီ ၈
မဟာမောဂ္ဂလာန်အရှင် ၅၆၊ ၈၈၊ ၁၅၁၊ ၃၄၄
မဟာသာရိပုတ္တရာအရှင် ၅၆၊ ၈၈၊ ၁၁၁၊ ၁၂၇၊ ၁၃၇၊ ၁၄၁၊ ၁၄၅၊ ၁၄၅၊
၂၄၇၊ ၃၀၉၊ ၃၄၄
မဟာသုဘဒ္ဒါ ၂၂၀
မိဂလဏ္ဍိက၊ ရှင်ယောင် ၈၈၂
မိဂါရသူဌေး ၃၂၃

http://www.dhammadownload.com

(မ)

မကွလိဂေါသာလ ၄၅၁
မဂ္ဂသစ္စာ ၄၁
မဂ္ဂင်ရှစ်ပါး ၄၂
မဏ္ဍိမပဋိပဒါ ၄၂
မလ္လိကာမိဖုရားကြီး ၂၀၉
မိတ်ဆွေကောင်းနှင့်ပေါင်းသင်းခြင်း ၉၃
မေတ္တိယ၊ အရှင် ၃၅၁

(ယ)

ယသော်ဓရာ ၁၁၊ ၁၇၊ ၂၄၊ ၆၄၊ ၇၂၊ ၇၇၊ ၈၃၊ ၃၀၅၊ ၃၀၈
ယသောရတ ဥပါသကာ ၂၇၄
ယာဂုံ၏ အကျိုးဆယ်ပါး ၃၂၉
ယေဓမ္မာ ဟေတုပ္ပဘဝါဂါထာ ၅၈

(ရ)

ရဟန္တာ ၆၀ ၄၈
ရဟန်းတို့၏ ဆွေမျိုးရင်းချာ ၂၂၂
ရဟန်း သံဃာတို့၏ကျင့်ဝတ်ခြောက်ပါး ၃၅၃
ရာဓ၊ အရှင် ၁၂၉
ရာဟုလာ၊ သားတော် ၁၇၊ ၆၄၊ ၈၃၊ ၈၆၊ ၃၁၃၊ ၃၈၇
ရောဓ၊ မလ္လမင်းသား ၁၁၊ ၂၁၄
ရောဟိနီအရေးတော်ပုံ ၁၉၄
ရဿပါလအရှင် ၁၇၃

(လ)

လောကပါလတရားနှစ်ပါး ၁၆၉
လောဟိကတာ၊ အရှင် ၃၄၆
လိဿဝီတို့၏ ကြီးပွားကြောင်းခုနစ်ပါး ၁၈၅

(ဝ)

ဝိနည်းတော်၏ ဦးတည်ချက်ဆယ်မျိုး ၃၄၃
ဝိဘဝတဏှာ ၄၄
ဝိသာခါသူဌေး ၂၇၉
ဝိသာခါ၊ ကျောင်းအမကြီး ၃၂၁၊ ၄၁၆

http://www.dhammadownload.com

ဝိသာခါ၏ ဆုရှစ်မျိုး ၃၂၃
ဝိသာလသုတ္တေး ၁၁၇
ဝေရဉ္ဇပုဏ္ဏားကြီး ၄၀၉
ဝေသာလီမြို့တော် ၁၈၆
ဝေဠုဝန်ကျောင်းတော် ၅၀၊ ၂၅၇
ဝဏ္ဏကေါဇ္ဇ၊ အရှင် ၁၀၀
ဝဇ္ဇီတိုင်း ၁၈၅
ဝမ္မ၊ လိစ္ဆဝီအမျိုးသား ၃၅၃
ဝပ္ပ၊ ဘထွေးတော် ၄၄၄

သပိတ်မှောက်ကံ ၃၅၉
သမုဒယသစ္စာ ၄၄
သရဏာနိ၊ သကျမင်းသား ၄၀၄
သာဝတ္ထိမြို့တော် ၁၂၁
သီဝလိ၊ အရှင် ၁၅၃
သုဇာတာသုတ္တေးသမီး ၃၄
သုဒိန်၊ အရှင် ၃၃၉
သုဓမ္မ၊ အရှင် ၃၆၁
သောဏဒဏ္ဍပုဏ္ဏားကြီး ၄၅၈
သောတာပန်ပုဂ္ဂိုလ်တို့၏အင်္ဂါ ၄၀၄
သောပါကသာမဏေ ၃၁၅
သဏ္ဌောဒနံ ၈
သကျတို့၏ ရာဇာ ၈
သကျမျိုးနွယ် ၅
သကျအမည်တွင်လာပုံ ၇
သင်္ဂါမဓီ၊ အရှင် ၁၅၁
သင်္ဂါရဝပုဏ္ဏား ၄၉၅
သစ္စကပရိဗ္ဗိဇ် ၄၆၂
သစ္စကဲ့၏ နှမများ ၄၆၃
သဏ္ဌရသကဗျာ ၂၀

http://www.dhammadownload.com

သန္နိဓိကာရသိက္ခာပုဒ် ၁၀၃
သမ္မဥ္ဇုပုဂ္ဂိုလ် ၄၂၈
သိဒ္ဓည်းဆရာကြီး ၅၇
သီဒူတ္တမင်းသား၏ စည်းစိမ် ၁၀
သုက္ကောဒန ၈
သုဒ္ဓေါဒန ၈၊ ၂၄၊ ၆၁၊ ၇၃၊ ၁၈၉၊ ၁၉၃
သုန္ဒရိကဘာရဒွါဇ ၄၉၂
သုပ္ပိယပရိဗိုဇ် ၄၇၃

အကိရိယဝါဒီ ၄၄၁
အစာဟောင်းကိုစားသူ ၃၂၄
အဇာတသတ်မင်းသား ၁၁၆
အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၅
အနာထပိဏ်သူဌေး ၁၁၇
အနုရုဒ္ဓါ၊ အရှင် ၉၊ ၉၀၊ ၁၁၁၊ ၃၃၀၊ ၃၅၄၊ ၄၀၂
အပါယ်လွတ်ရန်နည်းလမ်းမှုန် ၄၃၃
အဘယမင်းသား ၂၂၃
အဘယ၊ လိဿဝီအမျိုးသား ၄၂၇
အမိတာ ၈
အမိတောဒန ၈
အမျိုးခြောက်ပါးခွဲခြားပုံနှစ်မျိုး ၄၄၉
အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် ၁၉၂
အယုတ်တရားနှစ်ပါး ၄၁
အသိဓန္နကပုတ္တ ၄၃၄
အသုန္ဒရိကဘာရဒွါဇ ၄၉၂
အာနန္ဒာဗောဓိ ၄၁၂
အာဠာရကာလာမ ၂၈
အာသဝက္ခယဉာဏ် ၃၃
အိုက်ကောင်းသူ ၁၈၉
အက္ကောသဘာရဒွါဇ ၀၉၀

http://www.dhammadownload.com

အဂ္ဂသာဝကနှစ်ပါး	၅၆
အဂ္ဂိဝေဿန	၄၆၄
အညာသိကောဏ္ဍည၊ အရှင်	၂၇၊ ၁၀၇
အမုကာသီ၊ အရှင်မ	၃၁၈
အနုဝန်တောအုပ်	၂၇၄
အပ္ပသာဒပဝေဒနီယကံ	၃၆၀
အဿဇိ၊ အရှင်၊ ပဉ္စဝဂ္ဂီ	၅၇၊ ၄၆၄
ဥဒကရာမပုတ္တ	၂၈
ဥပက	၃၇
ဥပတိဿ	၅၆
ဥပါလိသူဌေး	၄၄၁
ဥပါလိ၊ အရှင်	၉၀၊ ၁၁၄၊ ၃၂၁
ဥပါသကာ၏ အရည်အချင်းများ	၄၀၃
ဥပဇ္ဈာယ်ဆရာ	၁၀၂
ဥရုဝေလကဿပ၊ အရှင်	၅၁
ဦးစားပေးထိုက်သောရဟန်း	၃၄၉
ဥပေက္ခာပနိယကံ	၃၇၀
ဥပဠဝဏ်၊ အရှင်မ	၂၇၂
ဩက္ကာကမင်းကြီး	၆

http://www.dhammadownload.com

လတ်တလောရရှိနိုင်သည့်
စာပေလောက စာအုပ်များ

၁။	မိုးမိုး(အင်းလျား)	မှတစ်ဆင့်	၂၅၀
၂။	မိုးမိုး(အင်းလျား)	ဝတ္ထုတိုများ ၁	၃၀၀
၃။	ချစ်ဦးညို	တိုးတက်ခြင်း ဆုတ်ယုတ်ခြင်း	၂၅၀
၄။	ခင်(တိုင်းရင်းမေ)	ချက်နည်းပြုတ်နည်း	၄၀၀
၅။	တိုက်စိုး	မဂ်လာနှင့် အခြားအစမ်းစာများ	၄၀၀
၆။	ညွှန့်ဝေမိုး	အတိုကောက်ဝေါဟာရများ	၇၅၀
၇။	ခင်မောင်တိုး(မိုးမိတ်)	ကျွန်တော့်အမေရိက	၆၀၀
၈။	သော်တာဆွေ	ကျွန်တော့်ဘဝဇာတ်ကြောင်း ၁၊ ၂၊ ၃	၁၀၀၀
၉။	ဦးနု	ကာမတဏှာ	၈၅၀
၁၀။	ဦးလှမင်း	ခေါင်းဆောင်မှုပညာ	၃၀၀
၁၁။	ငွေဥဒေါင်း	ဗုဒ္ဓစာပန်းချီ (ဆဋ္ဌမတွဲ)	၄၀၀
၁၂။	နေမျိုးထွန်း	တစ်မိနစ်အရောင်းလူသား	၂၅၀
၁၃။	ချိုချိုအေး	မော်ဒယ်အက်ဆေး	၂၅၀
၁၄။	ချိုချိုအေး	ဂုဏ်ထူးမြန်မာစာ စာစီစာကုံး	၃၀၀
၁၅	ဒေါ်သင်းသင်းလှိုင်	အလင်းလက်ဆောင်	၃၀၀
၁၆။	ဒေါ်နုကြည်	စကားပုံစာစီစာကုံး	၂၅၀
၁၇။	ဦးအောင်ကျော်	Beautiful English	၂၀၀
၁၈။	ညွှန့်ဝေမိုး	ဂုဏ်ထူးရှင်များ၏ ပေးစာများ	၃၅၀
၁၉။	ချိုချိုအေး	ဂုဏ်ထူးမြန်မာစာ(အဋ္ဌမတန်း)	၃၀၀
၂၀။	ဇော်မျိုးညွှန့်	ဂုဏ်ထူးရှင်မြန်မာစာစီစာကုံး	၂၅၀
၂၁။	မောင်ပေါ်ထွန်း	ခေတ်သစ်ရောင်းဝယ်ရေးဗျူဟာ	၂၀၀
၂၂။	သက်လုံ	စေ့ထားသောတံခါးများ ပ	၃၀၀
၂၃။	အဏ္ဍဝါစိုးမိုး	ဒုက္ခရသဝတ္ထုတိုများ	၃၅၀

http://www.dhammadownload.com

၂၄။	ပါရဂူ	အရန္ဓတိုတယ်	၂၀၀
၂၅။	ခင်မောင်တိုး	ဘဝနေ့စဉ်ရှင်သန်ရေး	၄၀၀
၂၆။	မန်းတင်	မီးလျှံနှင့်ရေသီတာ	၃၅၀
၂၇။	မသွယ်	လက်ဆောင်ထုပ်ပိုးနည်း	၂၅၀
၂၈။	နေမျိုးထွန်း	အာနိုး(သို့)ကိုးတောင်ကျား	၃၅၀
၂၉။	ဝဏ္ဏသီရိ	သုတ္တန်တရားတော်များ	၃၀၀
၃၀။	ခင်မောင်ညို	နိယာမဗဟိုပြုခေါင်းဆောင်မှု	၃၅
၃၁။	စိုးသန်း	အလွယ်ဆုံးအင်္ဂလိပ်စကားပြော	၁၅၀
၃၂။	အရှင်သေဋ္ဌိလ	ဓမ္မပဒ	၁၅၀
၃၃။	စိုးမင်းဦး	ဖြစ်တည်မှုပတနှင့် သိစိတ်အစဉ်	၁၅၀
၃၄။	မင်းလှအောင်ကြီး	ပဋ္ဌာန်းဒေသနာတော်နိဒါန်း	၃၀၀
၃၅။	စိုးသိဏ်း	ရောခံရေစီးကြောင်း	၂၀၀
၃၆။	မောင်မျက်ရှင်	စေတမန်မိုးတိမ်	၁၅၀
၃၇။	နုနုစန်းစန်းအေး	အဓိပတိဟင်းချက်နည်း	၅၀၀
၃၈။	မြသန်းတင့်	မိန်းမတို့အကြောင်း ၁	၃၅၀
၃၉။	မြသန်းတင့်	မိန်းမတို့အကြောင်း ၂	၃၅၀
၄၀။	တက်တိုး	လက်ရွေးစင်ပုံပြင်	၂၀၀
၄၁။	ဒေါက်တာမတင်ဝင်း	ကြီးပွားထူးချွန်သူတို့နှင့်အလုပ်	၄၀၀
၄၂။	မိုးမိုး(အင်းလျား)	မဂ္ဂင်းဝတ္ထုရှည် ၁	၄၀၀
၄၃။	ဆုရစာရေးဆရာများ	၉၉၊ ဝတ္ထုတိုပြိုင်ပွဲ	၂၀၀
၄၄။	မိုးမိုး(အင်းလျား)	မီးရောင်အောက်ကိုဝင်လျှင်	၃၅၀
၄၅။	မိုးမိုး(အင်းလျား)	မသုဝမွှာရီ	၃၀၀
၄၆။	ဆုရစာရေးဆရာများ	၉၈၊ ဝတ္ထုတိုပြိုင်ပွဲ	၃၀၀
၄၇။	မိုးမိုး(အင်းလျား)	မဂ္ဂင်းဝတ္ထုရှည် ၂	၄၀၀
၄၈။	မိုးမိုး(အင်းလျား)	ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ	၃၅၀
၄၉။	ချစ်ဦးညို	လောကဓံနှင့်လမ်းလျှောက်ထွက်	၂၀၀
၅၀။	ခင်ဆွေဦး	မိန်းမနှင့်	၂၅၀
၅၁။	မိုးမိုး(အင်းလျား)	ဝတ္ထုတို ၂	၃၀၀
၅၂။	မိုးမိုး(အင်းလျား)	ဂျီး	၄၀၀
၅၃။	ခင်မောင်သန်း	လူ့သဘာဝနှင့်စိတ်ပညာ	၅၀၀
၅၄။	အောင်လင်း	ဝတ္ထုတိုများ	၄၀၀
၅၅။	အောင်သင်း	အမွေ	၂၅၀

http://www.dhammadownload.com

၅၆။	အောင်သင်း	လက်ခံလိုက်စမ်းပါ	၂၀၀
၅၇။	တက်တိုး	အချစ်နဲ့စိတ်ပညာ	၅၀၀
၅၈။	သက်လုံ	သားငယ်ရွယ်လူး သိစေဦး	၄၀၀
၅၉။	ဇာနည်	ကမ္ဘာကိုဖန်တီးသူများ	၇၀၀
၆၀။	ဆူဒိုနင်	သားသမီးငယ်ထိန်းကျောင်းခြင်း	၄၅၀
၆၁။	ဆူဒိုနင်	တွေးတောဆင်ခြင်မှုအနုပညာ	၅၀၀
၆၂။	မောင်မောက်စိစဉ်	ပန်းပွင့်ကောင်းကင်	၁၅၀
၆၃။	Dr.အောင်သန်း	ကျန်းမာရေးဆိုင်ရာနေ့ထူးများ	၁၂၅
၆၄။	တက်တိုး	သောက ကင်းဝေးနေနိုင်ရေး	၁၂၀၀
၆၅။	ဦးနု	မိတ္တဗလဒီကာ	၁၃၅၀
၆၆။	ရွှေဥဒေါင်း	တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ် ပတ္တဲ့ နှင့် ဒုတ္တဲ့	၁၅၀၀
၆၇။	ဝဏ္ဏသီရိ	ညီတော်အာနန္ဒာတစ်သက်တာ မှတ်တမ်း ပ နှင့် ဒုတ္တဲ့	~~၁၅၀၀~~
၆၈။	မင်းလူ	အက်ဆေးချစ်သူ	၃၅၀
၆၉။	ချစ်ဝင်းညွှန့်	အောင်မြင်ရေးအတွေးအခေါ် ၅၀	၂၀၀
၇၀။	ချစ်ဝင်းညွှန့်	မိမိအစွမ်းကိုယုံကြည်ပါ	၂၅၀
၇၁။	ရွှေဥဒေါင်း	အကြံဉာဏ်ဖြင့်ကြီးပွားရေး	၂၅၀
၇၂။	စိုးသိဏ်	ရောခံကြွယ်ပွင့်တို့ရုပ်ပုံလွှာ	၃၀၀
၇၃။	ဒဿနမြဝင်း	ရသပညာနိဒါန်း	၂၀၀
၇၄။	မင်းသူရိန်	အောင်သပြေ	၁၅၀
၇၅။	မောင်ခင်မင်	စကားပြေသဘောတရား	၅၀၀
၇၆။	မိုးမိုး(အင်းလျား)	ပျောက်သောလမ်းမှာစမ်းတဝါး	၃၅၀
၇၇။	ဆုရစာရေးဆရာများ	၉၇၊ ဝတ္ထုတိုပြိုင်ပွဲ	၃၀၀
၇၈။	နေဝင်း(လန်ဒန်)	မြန်မာ့ဆေးမြီးတိုများ	၃၀၀
၇၉။	သာဓု	လူဝါးဝတယ်	၇၀၀
၈၀။	ရွှေဥဒေါင်း	ရှုပနန္ဒီ ရှုပကလျာဏီ	၉၀၀

စာပေလောက ၁။ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတား။ ရန်ကုန်။ ၂၈၅၁၆၆
စာပေလောက ၂ အမှတ် ၄၇၈၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။ ၂၈၃၃၇၃
စာပေလောက ၃၊ အမှတ် ၁၄၊ လှည်းတန်း ၁ လမ်း၊ ကမာရွတ်၊ ရန်ကုန်။
စာပေလောက ၄၊ အမှတ် ၄၂ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
စာပေလောက ၅ အမှတ် ၉၆-၉၈၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ ၇၂၁၁၇
စာပေလောက ၆၊ အထက ၁ ရွှေ့ ရန်ကင်းလမ်းမ၊ ရန်ကင်း၊ ရန်ကုန်။

http://www.dhammadownload.com

[တစ်အုပ် ၄၀၀၀ ကျပ်]

http://www.dhammadownload.com

